# တိပိဋကဓရ

# ကာဗျမာလာ

ဒုတိယ အကြိမ်

တိပိဋက=နိကာယ ဥပဋ္ဌာက အဖွဲ့ကထုတ်ဝေသည် ။

# တိပိဋကဓရ

# [illegible]

ဒုတိယ အကြိမ်

[ တိ=နိ ပုံနှိပ်ထုတ်ဝေရေး ၁-နှစ်ပြည့် အထိမ်းအမှတ် ]

တိပိဋကနိကာယ ဥပဋ္ဌာက အဖွဲ့

## တိ=နိ ထုတ်ဝေပြီးစာအုပ်များ

၁။ မေတ္တာဘာဝနာ
၂။ အန္တရာယ်မရောက်ဂါထာ
၃။ သီလပေးအကျယ်
၄။ တိပိဋကဓရ ဓမ္မလက်ဆောင်
၅။ တိပိဋကဓရ ကာဗျမာလာ


### ပုံနှိပ်မှတ်တမ်း

ပထမအကြိမ်=၁၉၈၉၊ ဩဂုတ်
ဒုတိယအကြိမ်=၁၉၉၀၊ ဩဂုတ်
စောင်ရေ=၃၀၀၀

### ဓမ္မဒါန

### ခွင့်ပြုချက်များ

စာမူခွင့်ပြုချက်အမှတ် ၁၄/၉၀(၁)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၃၆/၉၀(၁)

### မျက်နှာဖုံးပန်းချီ

မြန်မာ့ရိုးရာဒီဇိုင်း-မောင်အေးမြင့်

### ပုံနှိပ်ထုတ်ဝေ

ရန်ကုန်မြို့၊ ဒဂုန်မြို့နယ်၊ စကားဝါလမ်း၊ အမှတ် ၁၂၊
ဃာယီပုံနှိပ်ခွင့်အမှတ် ၂၇၄၊ တိ=နိဥပဋ္ဌာကပုံနှိပ်တိုက်တွင်
တိပိဋက=နိကာယ ဥပဋ္ဌာကအဖွဲ့ အကျိုးတော်ဆောင်
ဦးမောင်မောင်ကြီး က ပုံနှိပ်၍

ရန်ကုန်မြို့၊ ဒဂုန်မြို့နယ်၊ စကားဝါလမ်း၊ အမှတ် ၁
တိပိဋက=နိကာယ ဥပဋ္ဌာကအဖွဲ့ ဥက္ကဋ္ဌကြီး
ကင်းလွတ်ခွင့် အမှတ် (၁၄/၉၀)(၁)
အထူးကု ဆရာဝန်ကြီး ဦးသာလှ က
ထုတ်ဝေသည်။

# တိပိဋကဓရ ကာဗျမာလာ

## အမှာစာ

ဤတိပိဋကဓရ ကာဗျမာလာကျမ်းကို အသစ်တစ်ဖန် ပြန်လည် ပုံနှိပ်ရာ၌ ပထမအကြိမ်အတိုင်း ဒုတိယအကြိမ် အဖြစ် ပုံနှိပ်ခြင်း မဟုတ်ပါ၊ ဖြည့်စွက်၍ ပုံနှိပ်ထားခြင်း ဖြစ်ပါသည်။ ဤသို့ ဖြည့်စွက်ပုံနှိပ်ရခြင်းမှာလည်း ဤ ကျမ်းစာအုပ်ကို လိုသားတောင့်တသူ များလာခြင်း၊ တိပိဋကဓရ ဆရာတော်၏ စာတော်များ ကြွင်းကျန်လျက် ရှိနေသေးခြင်း၊ ဤစာကြွင်း စာကျန်များကို ဖြည့်ဆည်း ပေးနိုင်မည့်သူ ထင်ရှား ရှိနေသေးခြင်းကြောင့် ယခု ကဲ့သို့ ပြန်လည်ပုံနှိပ်ရာတွင် လသာတုန်း ဗိုင်းငင်သည့် သဘောဖြင့် ဖြည့်စွက် ပုံနှိပ်ခြင်း ဖြစ်ပါသည်။

ယခုကဲ့သို့ အသစ်တစ်ဖန် ဖြည့်စွက်ပုံနှိပ်ရာတွင် မူရင်း စာများကို တစ်လုံးတစ်ပါဒမျှ နုတ်ပယ်ခြင်း မပြုဘဲ၊ အမျိုး တူရာ တူရာကို စု၍ ကဏ္ဍခွဲခြင်း၊ တိပိဋကဓရ ဆရာတော်၏ စာမူများ ဖြည့်စွက်ခြင်းဖြင့် ကောင်းရာ တွင် မွန်အောင် စွမ်းဆောင်ထားပါသည်။

ဤသို့ ဖြည့်စွက်ပုံနှိပ်ရာတွင် တိပိဋကဓရဆရာတော်၏ စာမူများ မပျောက်မပျက်စေချင်သည့် စေတနာ ဆန္ဒ တူညီမျှဒေဟော်မူကြသဖြင့် အကြံကောင်း ဉာဏ်ကောင်း များပေး၍ စီစဉ်ညွှန်ကြားတော်မူသည့် မင်းကွန်း ဓမ္မ နာဒတိုက်၊ တိုက်ကြပ်ဆရာတော် အရှင် ဝေပုလ္လာစာရကို လည်းကောင်း၊ ယခင် တိပိဋကဓရ ကာဗျမာလာကျမ်းကို စီစဉ်စဉ်ကကဲ့သို့ စာမူများ စုဆောင်းချီးမြှင့်တော်မူသော ရွှေဘုံသာ တောင်ရင်း ဦးကောဏ္ဍညကို လည်းကောင်း၊ တိပိဋကဓရ ကာဗျမာလာဟူ၍ ကျမ်း တစ်စောင်ဖြစ် အောင် ပြုစုတော်မူခဲ့သော နိကာယ မဉ္ဇရီ ကျမ်းပြု သာသနာ့ အလင်းရောင် အရှင်ပညာဒီပကို လည်းကောင်း ကျေးဇူးတင်ပါသည်။

တိပိဋကဓရ ဆရာတော်ဘုရားကြီး၏ စာမူများ လက် ဝယ်ရှိသူများက ကျေးဇူးပြုပါလျှင် ဝမ်းမြောက်စွာဖြင့် ဖော်ထုတ်ပုံနှိပ်မည် ဖြစ်ပါကြောင်း သတင်းကောင်း ပါးလိုက်ပါသည်။

မောင်ကွန်းထိန်း
တိပိဋက=နိကာယ ဥပဋ္ဌာကအဖွဲ့
ရန်ကုန်ဌာနခွဲ

အမှာစာ
**စာနိဒါန်း** ၁
ကတညုတ ကတဝေဒီ ၅
နိဒါန်းခေါ်ပြု ရတုကေပိုဒ်

တိပိဋကဓရ ကာဗျမာလာ

ယပ်နထောင် သုဝဏ္ဏသာမ တရားချီး ၁၂
အာသီသ တေးထပ် ၂၀
သီရိပေပုလ္လ တိုက်ကျောင်း ရေစက်ချ တေးထပ် ၂၂
သမ္မာသတိဆရာတော်၏ ဇာတာတော်ဘွဲ့-
၈၀-ပေါ် တေးထပ် ၂၃
အာစရိယ ထောမနာဘွဲ့ ခေတ်ဆန်းကဗျာ ၂၅
မနောမယထူပါ ဝန္ဒနာ ၃-ဂါထာနှင့်
ရတုပိုဒ်စုံ ၂၈
မောဂ္ဂလ္လာန် ဆိုဝါအပြီး-
ပတ္တိဒါန အမျှဝေ တေးထပ် ၃၄
ဥပသမ္ပဒမင်္ဂလာဘွဲ့ တေးထပ် ၃၅
ဥပသမ္ပဒမင်္ဂလာ သြဘာစာတမ်း ၃၇
အာစရိယဂုဏ ကိတ္တန တေးထပ် ၅၃
ဗုဒ္ဓပူဇနီယ ပတ္ထနာ ရစနာ ဂါထာတော်များ ၅၄
မနောမယစေတီ ဆွမ်းကပ်ပွဲ-
ပတ္တိဒါနကထာ ရတုပိုဒ်စုံ ၅၈
ကဆုန်ညောင်ရေသွန်းဘွဲ့ စည်တော်သံ ၆၁

ကဆုန်ညောင်ရေသွန်းပွဲ ၈၀-ပေါ်တေးထပ် ၆၅
သတိပေးဆုံးမသော ၈၀-ပေါ် တေးထပ် ၆၆
တမ်းချင်း ဘောလယ်ကဗျာများ ၆၇
ဗျာပနသဘင် ၈၀-ပေါ်တေးထပ်နှင့်-
သိင်္ဂါသံ ငိုချင်းရှည် ၇၀
ကရဝိက်ဖောင်တော်လားနှင့် လှေတော်သံ ၇၅
ဒေါင်း ရွှေဥ နေတစ်ဆူတေးထပ် ၈၁
မျိုးချစ်စိတ်ဓာတ် မြတ်ဆန္ဒ ၈၃
သာသနာနုဂ္ဂဟ....ထောမနာစာတမ်း ၈၄
အမေကြွမ်း၏....အလှူတော်များဩဘာစာတမ်း ၉၄
ဆဋ္ဌသံဂါယနာ....ထောမနာစာတမ်း ၁၀၂
ရွှေရေးဆောင် မော်ကွန်း သံပိုင်းစာ ၁၀၈
ရွှေရေးဆောင်.... မင်္ဂလာ ရတုပိုဒ်စုံ ၁၁၇
မိုးမိတ်စေတီထီးတော်တင်=
မင်္ဂလာ ထောမနာစာတမ်း ၁၂၃
မိုးမိတ်စက်တော်ရာစေတီ အုတ်မြစ်ချပွဲ=
မင်္ဂလာ ရတုပိုဒ်စုံ ၁၂၉
ဖြစ်ဓတော်ပေါင်းချုပ် ဘုရားရှိခိုး လင်္ကာ ၁၃၁
မိုးမိတ်စက်တော်ရာစေတီ အုတ်မြစ်ချ-
မင်္ဂလာ ထောမနာစာတမ်း ၁၃၄
ရွှေဘုန်းပွင့်စေတီ ထီးတော်တင်-
၈၀-ပေါ် တေးထပ် ၁၄၂
မနောမယချောင် မီးစက်ဖွင့်ပွဲ-
ထောမနာစာတမ်း ၁၄၄

မင်းတေဇစေတီ အုတ်မြစ်ချပွဲ မင်္ဂလာရတုပိုဒ်စုံ ၁၄၉
ငင်း လူးတားညှပ် ထပ်တွန့် ၈၀-ပေါ် ၁၅၂
ဝမ္မိကသုတ် မြန်မာပြန် လင်္ကာ ၁၆၂
စူဠကမ္မ ဝိဘင်္ဂသုတ် မြန်မာပြန် သံပေါက် ၁၆၄
အနာထပိဏ္ဍိကောဝါဒသုတ် မြန်မာပြန်လင်္ကာ ၁၆၅
အာသီဝိသောပမသုတ် မြန်မာပြန်လင်္ကာ ၁၆၈
ဖိပဿနာရှုနည်း လင်္ကာ ၁၇၀
မေတ္တာပွားနည်း မြန်မာပြန် ဆောင်ပုဒ်များ ၁၇၂
ထိနမိဒ္ဓပျောက်ကြောင်းလင်္ကာ ၁၇၄
သပ္ပုရိသဒါန ငါးပါး ၁၇၇
ကျောင်းလှူအကျိုး ၇၁ပါး တရားလင်္ကာ ၁၈၀

ထေ၀မနာ ပဋ္ဌနာရစနာ ဂါထာတော်များ

မနောမယစေတီတော်နှင့်-
ဓမ္မနာဒ ဆရာတော်မွေးနေ့ဂါထာတော်များ ၁၈၃
မစိုးရိမ်....ပူဇာဂါထာများ ၁၈၇
နာနာကုလ ပဗ္ဗဇ္ဇမင်္ဂလာ ထေ၀မနာစာတမ်း ၁၉၉
ဗုဒ္ဓသာသနာနုဂ္ဂဟသမိုင်း ၂၀၆
ကျောင်းနှင့် အင်္ဂျင်စက်အလှူ အမျှဝေစာတမ်း ၂၀၉
ကျေးဇူးရှင်ကြီးများ ၂၁၃
ရှင်ဓောပုစေတီတော် ပြုပြင်ရာ၌
သမ္မာဒေဝနတ်တိုင် ၂၁၅
ဓမ္မာစရိယသုံးပါး ချီးကျူးဂုဏ်ပြုသောဂါထာ ၂၁၇
ဗြာဟ္မဏခေါ်ကြောင်း ၂၂၂
ဘူမိရာမကျောင်းက ဂါထာပါဌ်အနက် ၂၂၃

အရှင်မဟာ ဗုဒ္ဓဃောသ၏ဆုတောင်း ၂၂၆
နမော ဗုဒ္ဓါယ သိဒ္ဓမ်အတွက် ဖြေရှင်းချက် ၂၃၁
ဝဏ္ဏအခန်း ၂၄၀
ဝမ်းတွင်းသိမ်တော် ဝိနယာနုဂ္ဂဟပူဇာစာတမ်း ၂၄၅
ပဒုမာဘိတ္ထဝ ဂုဏဝဏ္ဏနာ ဂါထာပါဌ်အနက် ၂၅၃
သံယုတ်အဋ္ဌကထာလာ နတ်သားများ လျှောက် ၂၅၇
ရောင်ခြည်တော်ခြောက်ပါး ဘုရားရှိခိုး ၂၆၅
ဘုန်းတော်ခြောက်ပါး ဘုရားရှိခိုး ၂၇၂
ပဋ္ဌနိကာယ သာသနာ့ဗိမာန်တော်-
ရေစက်ချစာတမ်း ၂၇၉
နမက္ကာရ ဘုရားရှိခိုး ဆယ်ဂါထာပါဌ်အနက် ၂၈၅
ဒိဝါ တပတိ ဂါထာပါဌ်အနက် ၃၀၉
သာနုသာမဏေ စိတ္တနိဂ္ဂဟ ဂါထာပါဌ်အနက် ၃၁၅
ရဟန်းတော်ဆယ်ပါးအား ဩဝါဒ ၃၁၇


## တိပိဋကဓရနှင့် ဆဋ္ဌသံဂါယနာ


ဝိနယ မဟာဝဂ္ဂ အဋ္ဌကထာ ဝိသောဓနဂါထာ ၃၂၁
ဝိနယ ဝဇိရ ဗုဒ္ဓိဋီကာ ၃၃၄
တေရသကဏ္ဍဋီကာ ၃၄၁
ဝိမတိဋီကာ ၃၄၄
ဝိနယမဟာဝဂ္ဂ မြန်မာပြန် ပြင်ဆင်ချက် ၃၄၇
တိပိဋကဓရ၏ အမျှဝေ စကားစဉ် ၃၅၂
ဩသာန သောဓေယျကပ္ပတ္တ
ဆရာတော်များထံ...အကြံပေးလွှာ ၃၆၀
တိပိဋကဓရ ကြွေးကြော်သံ ၃၆၂

| | |
|---|---|
| သာသနာ့ကောင်ဆယ်သို့ ပြန်ပေးစာ | ၃၇၂ |
| ဆဠ္ဌသံဂါယနာ....ဖွင့်ပွဲ....ထောမနာစာတမ်း | ၃၇၈ |
| ညောင်ရမ်းဆရာတော်....၏- | |
| ဂုဏာဘိကိတ္တန သံဝေဂဂါထာ | ၃၈၆ |
| ဗုဒ္ဓဘာသာ အမျိုးသမီးအဖွဲ့ကြီး၏ | |
| ကျေးဇူးတင် နိဂုံးစကား | ၃၉၈ |
| ဝင်း မြန်မာပြန် | ၄၀၀ |
| ဓမ္မပူဇာ ပဋိသံယုတ္တ ဝေဒလ္လကထာ | ၄၀၃ |
| ဗောဓိဉာဏ် ဆုတောင်းရေစက်ချ | ၄၀၈ |
| ဩဘာသဒ္ဒါနဉတ္တိ | ၄၁၀ |
| တဘိယ သန္နိပါတ အခမ်းအနားဖွင့် ဩဘာစာ | ၄၁၁ |
| သမ္မုတိဉတ် | ၄၁၆ |
| သမ္မုတိကထာ | ၄၁၇ |
| ဩကာသဒ္ဒါနဉတ္တိ | ၄၁၈ |
| ဓမ္မပူဇာ ရောစနကထာ | ၄၁၉ |
| ဓမ္မပူဇာ လျှောက်ကြားလွှာ | ၄၂၅ |
| ရေစက်ချ | ၄၃၀ |
| လင်္ကာ ထေရာနံ ဓမ္မပူဇာ သီသညုတ္တ ကထာ | ၄၃၇ |
| ထုတိ ဝေဒလ္လ ဇေယျမင်္ဂလာ ဂါထာများ | ၄၄၀ |
| အယ်ဒီတာ ဦးဘသန်းထံ ပြန်ကြားစာ | ၄၄၄ |
| ကြားညွန်လျှောက်ထား သံဃာအား | ၄၄၈ |
| တိပိဋကဓရ ဆွမ်းဆန်တော် အလှူ | |
| အကြောင်းအရာ စာတမ်း | ၄၅၅ |
| မန္တလေးမြို့ ငွေရတုပူဇာ ဩဝါဒနှင့် ရေစက်ချ | ၄၅၉ |

အဂ္ဂမဟာပဏ္ဍိတ ဆွမ်းဆန်တော်-
လှူဒါန်းသော စာတမ်း ၄၈၆
တိပိဋကကျောင်း ရေစက်ချစာတမ်း ၄၈၉
အနုဗလပ္ပဒါန သာရဏီယ ကထာ ၄၉၅
တိပိဋကကျောင်း အဆောက်အအုံနှင့်-
ပိဋကတ်စာအုပ် ရေစက်ချ ၅၀၃
အဘိဓဇ ဆွမ်းဆန်တော်လှူစာတမ်း ၅၁၁

အဘိဓမ္မာအခါတော်နေ့နှင့် စပ်ဆိုင်ရာများ

အဘိဓမ္မာနေ့နှင့် စပ်လျဉ်း၍ ပြန်ကြားစာ ၅၁၄
အဘိဓမ္မာအကြောင်း သိကောင်းစရာ-
ဒေသနာနှင့် ဓမ္မပူဇာ ဂါထာဗန္ဓများ ၅၂၅
အဘိဓမ္မာအခါတော်နေ့အကြောင်း-
လျှောက်တင်သံ ၅၅၆
မြော်ချင့်ပဏာ ကန်တော့လွှာ ၅၆၀
သမ္မာဒေဝ နတ်ဗြဟ္မာများကို ပင့်ဖိတ်ခြင်း ၅၆၂
အဘိဓမ္မာ အမေးအဖြေနှင့် ကျူးရင့်သံ ၅၆၅
ရေစက်သွန်းချ စာတမ်း ၅၉၂
ဆုတောင်းမင်္ဂလာ ၅၉၄
သဒ္ဓမ္မာဒနီယ သြဝါဒကထာ မိန့်ခွန်း ၅၉၇
၂၂-ကြိမ်မြောက် အဘိဓမ္မာအခါတော်နေ့
အခမ်းအနားဖွင့် ၆၀၇
အဘိဓမ္မာစာအောင်ဆုနှင်း-
မော်ကွန်းတင် ဂါထာများ ၆၀၉
ယ... လက်ဆောင်စာ ၆၁၇

၂၆-ကြိမ်မြောက် အဘိဓမ္မာအခါတော်နေ့....
သမ္မောဒနီယ သြဝါဒကထာ ၆၆၅
၁၅-ကြိမ်မြောက် သြဝါဒါစရိယ ပူဇော်ပွဲ....
သြဝါဒကထာ ၆၇၉
တာဝတိံသာ ဘုရားပင့် ၆၉၁
၂၂-ကြိမ်မြောက် သြဝါဒါစရိယ ပူဇော်ပွဲ....
သြဝါဒကထာ ၆၉၄
၂၄-ကြိမ်မြောက် သြဝါဒါစရိယ ပူဇော်ပွဲ....
သြဝါဒကထာ ၇၁၀

## ပကိဏ္ဏက ကဏ္ဍ

မဟာစည်....သိမ်တော်ကြီး သိမ်အောင်မင်္ဂလာ
မော်ကွန်းစာ ၇၃၁
မန္တလေးမြို့ သာသနာ့တက္ကသိုလ် ဓမ္မဓရ သာသန
သောဘိဏီ သိမ်အောင်ကျောက်စာ ၇၄၇
ရန်ကုန်မြို့ တိပိဋကကျောင်း
တိပိဋကဓမ္မဝိလာသိနီ သိမ်အောင်စာ ၇၆၈
နိကာယ်....ဒုတိယအကြိမ် ဆုနှင်းသဘင်=
အနုဗလပ္ပဒါန သြဝါဒကထာ ၇၉၁
ကထိနာနုမောဒနာ ဂါထာပါဠိအနက် ၈၁၁
၃၃ ကြိမ်မြောက် တိပိဋကဓရရွေးချယ်ပွဲ....
အနုဗလပ္ပဒါန သာရဏီယကထာ ၈၁၇
စုပေါင်းအလှူပွဲကြီးတွင် ၅-ကြိမ်မြောက်
ပူဇာသဘင်....အနုမောဒနာ ဂါထာဂီတိပါဠိ
နိဿယများ ၈၂၆

ပုံ‌တောင်းဆရာတော် ဦးတုဇ ရုပ်ကလာပ်တော်ချ
သံဝေဂ ၄-ဂါထာ　၈၃၄
ကိုသာဂေါတမီ သံဝေဂဂါထာ　၈၃၉
အရှင်နာရဒမထေရ်၏....သံခေပဝဏ္ဏနာ-
မဟာထေရုပ္ပတ္တိ ဧထာမနာစာတမ်း　၈၄၂
ဂုဏာနုဿရဏ ညည်းချင်းဂါထာပါဠိအနက်　၈၅၁
အရှင်ကုဏ္ဍကမထေရ်၏ သာမုက္ကံဋ္ဌနံ-
အခမ်းအနားဖွင့် မမ္ဗဂီတိဂါထာ　၈၅၃
တောင်ဘီလူးချောင် ဆရာတော်၏-
ဂုဏာသံကိတ္တ သံဝေဂဂါထာများ　၈၇၂
ကျေးဇူးရှင် ဦးပဏ္ဍာယ်ဆရာတော်အား-
သံဝေဂ တမ်းချင်း သုံးဂါထာ　၈၇၉
ဇေယျသိန်ဆရာတော်၏ ဂုဏသံကိတ္တ-
သံဝေဂ ဂါထာများ　၈၈၄
ညောင်ရမ်းပါဠိတက္ကသိုလ်....ဘဒ္ဒန္တ-
လက္ခဏာဘိဝံသ၏ ဂုဏဝဏ္ဏနာသံဝေဂ　၈၉၇
စိုးရိမ်ဆရာတော်ဘုရားကြီး၏ ဂုဏဝဏ္ဏနာ-
သံဝေဂ မမ္ဗဂီတိဂါထာများ　၉၀၇
မလှိုင်ခေါ် ပန်းလှိုင်မြို့၏ပန်းတစ်ပွင့်-
ကြွေလင့်ခဲ့လေပြီ　၀၁၉
အရှင်ကောဏ္ဍည အရှင်သူရိယ ရက်ချုပ်စာတမ်း　၉၁၇
လေးဆစ်....　၉၂၁
တရားတော်င်း　၉၂၁

မာတိကာ စာမျက်နှာ

တိပိဋကရေမည်တွင် သာသနာ့နတ်သစ်ပင် ၉၂၆
အဘိဓမ္မာ ပြန့်ပွားရေးအသင်း....ခြိမ့်မွှမ်းလှာ ၉၃၃
ပဲခူးမြို့မ ဆရာတော်ကြီး၏–
အဘိဓဇမဟာရဋ္ဌဂုရု ဂုဏပူဇာ ၉၄၆
မိုးမိတ်စက်တော်ရာစေတီ–
ရွှေထီး အထွတ်တော်တင် မင်္ဂလာ ရတုပိုဒ်စုံ ၉၅၃
သုတ္တုဒ္ဒေသဥပုသ် ပုဗ္ဗပရိကံ ၉၅၆

နောက်ဆက်တွဲ

မင်းကွန်းဆရာတော်ဘုရားကြီး၏ ထေရုပ္ပတ္တိ
လင်္ကာ ၉၉၇
တိပိဋကဓရ....ပဋ္ဌာနသီသ ၉၈၄
ဇာတာတော်တေးထပ် ၉၈၅
ဗိဇာယန မင်္ဂလာစာတမ်း ၉၈၆
ဖူးပွင့်ဝေဆာ ရတုပိုဒ်စုံ ၉၈၈
မင်းကွန်းဆရာတော် ၇၄-နှစ်မြောက်
ဂုဏာဘိတ္ထဝ ပူဇာ....ဂါထာ ၉၉၂
တိ=နိသာသနာပြုအဖွဲ့ကြီး၏ ဆောင်ရွက်
အောင်မြင် အောင်သဘင်ရတု ၁၀၀၂
တိပိဋကဓရ....ထေရဂုဏ်ရည်....တေးထပ် ၁၀၀၇
အရှင်ဝါယာမိန္ဒ၏ ထေရုပ္ပတ္တိ....ရတု ၁၀၁၀
ပိဋကစေတီတော် ရွှေထီးတော်တင်ပွဲမော်ကွန်း ၁၀၁၃
အဘိယာစန ကထာ ၁၀၁၇
တိပိဋကဓရ ကာဗျမာလာ မော်ကွန်းသံပိုင်း ၁၀၁၉

❀

# ပြင်ဆင်ချက်

| စာမျက်နှာ | ကြောင်းရေ | မှား | မှန် |
|---|---|---|---|
| ၃၂၁ | ၃ | ဝိသောဓနဂါထာ | ဝိသောဓနကထာ |
| ၃၅၂ | ၂ | တိပိဋ္ဌဘာဓရ၏ | တိပိဋ္ဌကဓရ၏ |
| ၃၆၂ | ၁ | တိပိဋ္ဌကဓိရ | တိပိဋ္ဌကဓရ |
| ၅၂၅ | ၁၃ | ဂါထာဗန္ဓများ | ဂါထာဗန္ဓများ |
| ၈၁၇ | ၄ | ၄၄-ကြိမ် | ၃၃-ကြိမ် |

အမှားအယွင်းများကို သည်းခံဖတ်ရှုတော်မူကြပါ။

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

# မြင့်မြတ်စေတနာ ထက်သန်စွာဖြင့် ကျောက်စာမော်ကွန်း ပေါ်ထွန်းရန်ငှာ သဒ္ဓါပွင့်လန်း

## စာနိဒါန်း

ဤ မဟာထေရ+အာစရိယဂုဏ်ရည် '**တိပိဋကဓရ ကာဗျမာလာ**' ကျောက်စာတော် ပေါ်ထွန်းရန် အကြောင်းရင်း နိဒါန်းသည်ကား တိပိဋက=နိကာယ သာသနာပြုအဖွဲ့ကြီး၏ဥက္ကဋ္ဌ ဝဏ္ဏကျော်ထင် ပါမောက္ခ အထူးကုဆရာဝန်ကြီး ဦးသာလှသည် ကျေးဇူးတော်ရှင် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ အဘိဓဇ မဟာရဋ္ဌဂုရုဘွဲ့ တံဆိပ်တော်ရ ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ ဆရာတော်ဘုရားကြီး၏ အရွယ်တော် ငယ်စဉ်အခါ သာမဏေဘဝမှစ၍ ထူးခြားလှစွာသော ပါရမီတော်သမ္ဘာရ တိက္ခ+ဇဝန+ဂမ္ဘီရ စသော ပဋိဘာနဉာဏ် ဆန်းကျယ် ထက်သန်စွာ ရေးသားသီကုံးတော်မူခဲ့သည့် လက်ရာမွန် အနုသုခုမ စာပေတို့ကိုစုပေါင်း၍ မော်ကွန်းကျောက်စာ

တော် ထွင်းထုပူဇော်ရန်၊ ကျေးဇူးရှင် တိပိဋကဓရ ဆရာတော်ဘုရားကြီး၏ လက်ရာမွန် စာပေတို့ကို စုဆောင်းရေးသား ရိုက်နှိပ်ပေးပါရန် စာရေးသူ (သာသနာ့အလင်းရောင် အရှင်ပညာဒီပ)အား တာဝန်ပေးလျှောက်ထားပါသည်။

စာရေးသူသည် မဆွတ်ခင်ကပင် ညွတ်လျက် ရှိပါတော့၏။ မိမိ အလွန် မြတ်နိုးလှသည့် တိပိဋကဓရ ဆရာတော် ဘုရားကြီး၏ လက်ရာမွန် အနုပညာ စာပေတို့ကို စုပေါင်း၍ မော်ကွန်းတင် ကျောက်စာ ထွင်းထုပူဇော်ရန် ဟူသော တိ=နိ ဥက္ကဋ္ဌ ဆရာဝန်ကြီး ဦးသာလှ၏လျှောက်ထားချက်ကိုအလွန်လျှင် အားရနှစ်သက် ရွှင်လန်းဝမ်းမြောက်စွာဖြင့်မဆိုင်းမတွ ချက်ချင်းပင် တာဝန်ယူ လက်ခံလိုက်ပါတော့၏။

စာရေးသူသည် မိမိပိုင်ဆိုင်သည့် အဖိုးတန်အမွေဆိုင် ရတနာပစ္စည်းတို့ကို ရန်သူမျိုးငါးပါး ကင်းစေရန် ဘဏ်တိုက်ကြီး၌ လုံခြုံစွာ သိမ်းဆည်းထားရမည့်ကဲ့သို့ အလွန်လျှင် ဝမ်းသာရွှင်လန်းစွာဖြင့် မိမိကိုယ်တိုင် အမြတ်တနိုးရှိသေစွာ စုဆောင်း သိမ်းဆည်းထားခဲ့သည့် တိပိဋကဓရ ဆရာတော်ဘုရားကြီး ငယ်ရွယ်စဉ်အခါ သာမဏေ ဘဝ ၁၄-နှစ်သားမှစ၍ သီကုံး ရေးဖွဲ့တော် မူခဲ့သည့် ယခင်ရှေးခေတ် ယပ်ထောင်တရားချီးမှစ၍ တေးထပ် အဖြာဖြာ ဩဘာစာ၊ ကဗျာ ရတု၊ မော်ကွန်းကျောက်စာ၊ လင်္ကာ သံပိုင်း၊ သမိုင်း၊ ဘွဲ့၊ ကြိုး၊ ဒွေးချိုး၊ လေးချိုး၊ အမျိုးမျိုး ဉာဏ်ကြွယ်၊ ဘောလယ်, စည်တော်သံ၊ မကျန်စေရ ကာဗျ ပဋိဘာန် ခေတ်ဆန်းဉာဏ်ဖြင့် သီကုံးရေးဖွဲ့တော်မူခဲ့သည့်

နွဲ့နှောင်းသာယာ အလင်္ကာဂုဏ်အင် စုံလင်ခန့်ညားလှစွာသော အနုသုခုမ စာပေများနှင့် တကွ အရာဌာန အားလျော်စွာ ရေးဖွဲ့တော်မူသည့် ပါဠိဘာသာ ဂါထာဗန္ဓ+စုဏ္ဏိယစသည့် အလီလီအဝဝ အလွန်လျှင် နက်နဲသိမ်မွေ့ဆန်းကြယ်လှစွာသော ဂါထာပါဠိ အနက် များစွာတို့ဖြင့်ဆဋ္ဌသံဂါယနာ တင်စဉ်အခါက တာဝန်တော်ကျရာ ပါဠိဝိသောဓကအဖြာဖြာ သြသာနသောဓကအရာတွင် ပါဠိတော် အဋ္ဌကထာတို့၌ နက်နဲသိခက် ပါဠိပို ပါဠိပျက်များနှင့် ကွယ်ဝှက်သည့် အဓိပ္ပာယ် အချက်အလက်တို့ကိုကွက်ကွက်ကွင်းကွင်း ပဋိဘာန ကဝိဉာဏ် ထက်သန် ထင်လင်း အသိဉာဏ်ရှင်းစွာဖြင့် ပါဠိရင်းပုဒ်မှန် ဘုရားရှင်၏ဟောကြားတော်မူလိုရင်း ဖြစ်သည့် မုခပါဠိကို ထုတ်ပြန်ညွှန်ပြ ဝိသောဓန တာဝန်တော် အရပ်ရပ်တို့ကို အထပ်ထပ် အခါခါ ရဲရဲရင့်ရင့် အံ့အား သင့်လောက်အောင်ကျွမ်းကျင်စွာဆောင်ရွက်တော်မူခဲ့ပုံ စသည်တို့ကိုကျေးဇူးရှင်တိပိဋကဓရ ဆရာတော်ဘုရားကြီး၏ တပည့်ကြီးများဖြစ်ကြသည့် 'ကတညုတ ကတဝေဒီ မင်္ဂလာ မှတ်တမ်း' တွင် ဖော်ပြ ပါရှိသည့် ဆရာတော် အရှင်မြတ်များနှင့်ရှေးမိ ခေတ်မီတပည့်များ၏ အကူအညီတို့ကို ရယူပြီးခါကျေးဇူးတော်ရှင် တိပိဋကဓရ ဆရာတော် ဘုရားကြီး၏လက်ရာမှန် ဖြစ်သည့်အနုသုခုမစာပေတို့ကို ခေတ်အဆက်ဆက်ပြောင်းလဲခဲ့သဖြင့် အပြည့်အစုံ ရှာဖွေ၍မရနိုင်ပါသော်လည်း ရနိုင်သမျှကို ရှာဖွေစုဆောင်းပြီးလျှင် ပန်းမျိုးစုံ အဖူးအပွင့်တို့ကိုလှပစွာ သီကုံးသကဲ့သို့ ဆရာတော်ဘုရားကြီး၏ သက်တော် ရွယ်တော် အစဉ်အရ ရေးဖွဲ့တော်မူသည့် ပန်းငုံပန်းဖူး ပန်းပွင့်တို့အသွင် အနုသုခုမ

စာစဉ်ကို အစဉ်မပျက် သီကုံးလျက်' မဟာယေရ-အဘ်**စ**ရိ ယ ဂုဏ်ရည် '**တိပိဋကဓရ ကာဗျမာလာ**' ဟူသောအမည် ဖြင့် ကျောက်စာတော် ထွင်းထု ပူဇော်ရန်စုဆောင်းသီကုံး ရေးသားပြီးလျှင် ဂဏ္ဏာကျော်ထင် ပါမောက္ခ အထူးကု ဆရာဝန်ကြီး ဦးသာလှ၏ အစီအစဉ် အရ ဝမ်းမြောက် ဝမ်းသာ သဒ္ဒါရှင်လန်း ကုသိုလ်ရှင်'( - - - ) တို့က ဓမ္မဒါနအဖြစ် **တိပိဋကဓရ ကာဗျမာလာ** ကမ္ဘာ တည် မော်ကွန်းကို ကျောက်စာတော် ထွင်းထု ပူဇော်ကြ ပါသတည်း။

ဤကောင်းမှု အဖို့ဘာဂကို
အနန္တစကြဝဠာ များစွာနတ်လူ
ကြည်ဖြူနူးမော် သာဓုခေါ်ကြပါစေကုန်သတည်း။

❀

# ကတညုတ ကတဝေဒီ

## မင်္ဂလာအစဉ် မှတ်တမ်းတင်

ဤ 'တိပိဋကဓရ ကာဗျမာလာ' ကျောက်စာတော် စာမူတို့ကို စုဆောင်းရာဝယ် ကျေးဇူးတော်ရှင် တိပိဋကဓရ ဆရာတော်ဘုရားကြီး၏ လက်ရာမှန် စာပေ မူရင်းတို့ကိုရရှိရန် အတွက် အဘက်ဘက်က ကူညီအားပေးတော်မူကြပါသော တိပိဋကဓရ ဆရာတော်ဘုရားကြီး၏ လက်ရင်းတပည့်ကြီးများ ဖြစ်တော်မူကြသည့် သာသနဓဇသိရီ ပဝရဓမ္မာစရိယ ဗဟိုသံဃာ့ဝန်ဆောင် မေမြို့ ရတနာမာရ်အောင် ဆရာတော် ဦးပညာသီဟ၊ တောင်ရင်း ရွှေဘုံသာဆရာတော် ဦးကောဏ္ဍညသိရီ (သာ-သိ-ဓ)၊ မင်းကွန်းတောင်ရိုး မဟာဓမ္မနာဒတိုက် တိုက်အုပ် ဆရာတော် ဦးသုစိတ္တ (သာ-သိ-ဓ)၊ ၎င်းတိုက်ကြပ် ဆရာတော် ဦးစန္ဒာသိရိ (သာ-သိ-ဓ)၊ ၎င်း အရှင် ဝေပုလ္လာစာရ (သာ-သိ-ဓ၊ ဂဏဝါစက) အရှင်မြတ်တို့အား လည်းကောင်း၊ မင်းကွန်းတောင်ရိုး ရန်ကုန် အိမ်ကြီးချောင် သစ္စဝါဒီ ပါဠိဋီကာကျမ်းပြု ရွှေတံဆိပ်ရ ပဏ္ဍိတမာနိဒီဃဒဿီ ကောမာရိက ဗြဟ္မစာရိနီ ထေရီမယ်အသွင်

သာသနာ့ဗိခင် သီလရှင်ဆရာကြီး ဒေါ်ဓမ္မစာရီ ၏ ညီမတော် ဖွားဖွားလေး ဒေါ်ကုန္ဒစာဂီ၊ ဒေါ်ကုန္ဒသိရီ စသော အာစရိယ ဂုဏာမာမကတပည့်ကြီးငယ် အပေါင်းတို့အား လိုက်လှဲ ဝမ်းမြောက်လှစွာ ကျေးဇူး တင်ရှိပါကြောင်း ဤ 'တိပိဋကဓရ ကာဗျမာလာ' မော်ကွန်းကျောက်စာ၌ မှတ်တမ်းတင် ဂုဏ်ပြုပါသတည်း။

နိကာယမဏ္ဍရိကျမ်းပြု

သာသနာ့အလင်းရောင်

**အရှင်ပညာဒီပ**

တိပိဋကကျောင်းတော်

အမှတ် ၁၂-စကားဝါလမ်း၊

ရန်ကုန်မြို့။

❀

ဖြ❀ထ်းနို

# နိဒါန်းခေါ်ပြု ရတုကေမိုဒ်

ဘုရား-တရား-သံဃာ အားဖြင့်၊ သုံးပါး ရတနာ၊ မြတ်မွန်စွာကို၊ သဒ္ဓါရိုကျိုး၊ လွန်မြတ်နိုးလျက်၊ ရှိခိုးပြီးခါ၊ သာသနာသည်၊ ရောင်ဝါထိန်လက်၊ ငါးထောင်ဝက်တွင်၊ ပေါ်ထွက်ပျံ့ရာ၊ ပြည်မြန်မာ၌၊ သံဂါဆဋ္ဌ၊ သဘာယဝယ်၊ ပထမသံဂါ၊ တင်စဉ်ခါက၊ ထေရာဘုန်းရှိ၊ ဥပါလိဖြင့်၊ မြတ်ဘိငါးတန်၊ ညီအာနန်တို့၊ ဖန်ဖန်နှစ်ထွေ၊ ဖြေဆိုပေသည့်၊ စေ့ရေထူးခြား၊ ကဲ့အလားသို့၊ နှစ်ပါးဝန်တာ၊ တစ်ပါးသာလျှင်၊ သုံးဖြာပိဋကာ၊ ပါဝစနကို၊ အဋ္ဌကထာ၊ ဋီ ဋီကာမှ၊ မဟာထေရ၊ ပုစ္ဆက၏၊ ဉာဏတိက္ခ+ဂမ္ဘီရဖြင့်၊ မေးသမျှကို၊ မပိုလိုဘဲ၊ ဖြေဆိုတိကျ၊ ဝိသဇ္ဇလျှင်၊ ခဏမဆိုင်း၊ မြင်းကောင်းစိုင်းသို့၊ ဟုတ်တိုင်းကျမ်းလာ၊ တည်ငြိမ်စွာဖြင့်၊ သံသာချိုမြ၊ နာ မဝအောင်၊ သရဘညာ၊ နည်းစုံဖြာလျက်၊ ဖန်ဝါဂူပေါက်၊ ခြသေ့ဟောက် သို့၊ မကြောက်လန့်ထိတ်၊ ခြသေ့စိတ်ဖြင့်၊ ရဲစိတ်ညီမျှ၊ တိပိဋကဓရ-ဓမ္မဘဏ္ဍာ-ဂါရိက၏၊ ဂုဏ်ဝါပိသ၊ ပါကဋလျှင်၊ ဓမ္မနာဒ၊ ဖန်ဂူဝမှ၊ သီဟနာဒ၊ ကြုံးသံပသို့၊ တေဇလျှံကြွ၊ ဝိစိတ္တတွင်- သာရတဖြာ- ဘိဝံသာဟု၊ အဂ္ဂါ-ဘိဓဇ၊ မြတ်ထေရ၏၊ ငယ်စွာ့ပျိုမျှစ်၊ ဆယ့်လေးနှစ်ဟု၊ ပွင့်သစ်ဉာဏ၊ ချိန်ကာလမှ၊ အစပြုကာ၊ ဆန်းကြွယ်

ဗွ၁လျှင်၊ ဂါထာဗန္ဓ၊ ကဗျာစသား၊ ဉာဏ်ထောက်ရှု၊
ရေးစီပြုသည့်၊ အနုပညာ၊ အဖြာဖြာတို့၊ သာယာပင်မြင့်၊
ရှုတိုင်းတင့်သည့်၊ ဖူးပွင့်ကြိုင်စွာ၊ ရနံ့ဖြာလျက်၊ ခိုင်ညွှာ
မှကြွေ၊ ပန်းထွေထွေသို့၊ သုတ်လေပြေညှင်း၊ ဆောင်ယူ
သွင်း၍၊ ပင်ရင်းမှပျောက်၊ ထိုထိုရောက်သည့်၊ ကြိုင်
လှောက်သင်းထုံ၊ ပန်းမျိုးစုံကို၊ ခိုင်ငုံဖူးပွင့်၊ အဆင့်ဆင့်
လျှင်၊ အသင့်စုရုံး၊ ပန်းသီကုံးသို့၊ နှလုံးကြည်မြ၊ ပန်လိုကြ
သည့်၊ သုတကာမိ-ဂဝေသီတို့၊ လီလီအကျိုး၊ အမျိုးမျိုးကို၊
မြော်ကိုးရည်ဆ၊ **ဦးသာလှ** ဟု၊ **ဝဏ္ဏစကျော်ထင်**၊ ဂုဏ်အင်
ပါမောက်၊ ဉာဏ်မြော်ထောက်လျက်၊ မြကျောက်အပြင်၊
မော်ကွန်းတင်၍၊ ကြည်ရွှင်သဒ္ဓါ၊ သာသနာဝယ်၊ ကမ္ဘာ
တည်သမျှ၊ '**မဟာ တိပိဋကစရ-ကာဗျမဉ္ဇရီ**'၊ ရွှေကြိုး
သီသည့်၊ ခိုင်ညီတင့်ဆန်း၊ ပွင့်စုံပန်းသည်.... လန်းဆန်း
ကြိုင်လှိုင် ငုံခိုင်မြတ်ပန်း သင်းပျံ့တည်း။

သာသနာ့အလင်းရောင်

အစအဆုံး တစ်သုံးလုံး၊ သတ်စေ့နှုတ်သုံးချက်ညီ၊ အာသာဝတီဝတ်ဆံ။

❀

# တိပိဋကဓရ ကာဗျမာလာ

## တိပိဋကဓရလောင်းလျာ
## လက်ရာမွန်အနုပညာစာပေများ

တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့ဘံဆိပ်တော်ရ ဓမ္မနာဒ ဆရာတော် လောင်းလျာ ရှင်ဝိစိတ္တသာရသည် သက်တော်ငယ်ရွယ်စဉ်အခါ ရှင်သာမဏေဘဝကစ၍ ကဗျာလင်္ကာစသော အနုပညာစာပေတို့ကို မြတ်နိုးစွာ လေ့လာဆည်းပူးလျက် စာအံ့စာကျက် မပျက်စေရဘဲ အားလပ်ချိန်ကို အသုံးပြုကာ ပါသနာအလျောက် ကဗျာ၊ လင်္ကာ၊ စကားပြေ၊ အနုပညာစာပေတို့ကို ရေးသားလေ့ ရှိပါသည်။

ဥပဇ္ဈာယ် ဆရာဖြစ်တော်မူသော မြင်းခြံမြို့ မင်းကျောင်းတိုက် စာချဆရာတော် ဦးသောဘိတ အရှင်မြတ်သည် သာမဏေကလေး ရှင်ဝိစိတ္တသာရအား ကဗျာဉာဏ်ရင့်သန်စေရန် အတန်တန်အားပေး ချီးမြှောက်တော်မူပါသည်။ ဥပဇ္ဈာယ် ဆရာတော် သည် ၁၄-နှစ်သား မျှသာရှိသေးသည့် တပည့်ကလေး ရှင်ဝိစိတ္တသာရ၏ အနုပညာစာပေ အရေးအသား ဉာဏ်သွားညဏ်ရည်ကို သိတော်မူ၍တစ်နေ့သောအခါ ရှင်ဝိစိတ္တသာရ အား 'ယပ်ထောင်တရုးချီး' တစ်ပုဒ် ရေးရန် ခိုင်းစေတော်မူပါသည်။

တရားချီးဟူသည်မှာ ရှေးခေတ်က ယပ်ထောင်တရားဟောကြားရာတွင် သက်ဆိုင်ရာ တရားကို မဟောကြားမီ တရားပလ္လင်ခံ အချီးအနေဖြင့် ဘုရားရှင်၏ ဂုဏ်တော်စသည်ကို ချီးကျူးဖွဲ့ဆိုလျက် ထိုသို့သောအကြောင်း ဂုဏ်တော်အပေါင်းတို့နှင့် ပြည့်စုံတော်မူပါသော သုံးဘုံမကိုဋ္ဌ သုံးတိုက်လုံးထိပ်တင် သဗ္ဗညု မြတ်စွာဘုရား သခင်သည်.... ဟု လေရှည်ရှည် လေမှန်မှန်ဖြင့် တရားချီးကို ရွတ်ဆိုဟောကြားပြီးမှ လိုရာတရားကို ဆက်လက် ဟောကြားတော် မူကြပါသည်။

ရှေးခေတ်က

ကျပင်းတရားစာ

ရှိမ်းမကား တရားစာ

ရေစကြိုတရားစာ

စသည်ဖြင့် ယပ်ထောင် တရားစာအုပ် များသည် အရေးအသား ချောမွေ့ပြေပြစ်လှစွာ ဟောကြားသူကြားနာရသူတို့ လိုက်လှဲစွာ နှစ်ခြိုက်ကြသည်ဖြစ်၍ ထိုယပ်ထောင်စာအုပ်များ အလွန်လျှင် ခေတ်စားလှပေ၏။ ၁၄-နှစ်သားမျှသာ ရှိသေးသည့် ရှင်ဝိစိတ္တသာရသည် ထိုစဉ်အခါက နာမည်ကြီး၍ ခေတ်စားနေသည့် အထက်ပါစာအုပ်များကို အားကျနည်းခံ ကဗျာဉာဏ် ထက်သန်စွာ လက်သံပြောင်ပြောင်ဖြင့် သုဝဏ္ဏသာမဇာတ်တော်ကြီးကို လိုရင်း အကျဉ်းချုပ်လျက် တရားချီး တစ်ပုဒ်ကို ယပ်ထောင် လေသွားဖြင့် ဖွဲ့နွဲ့ရေးသားပြီးလျှင် ကျေးဇူးရှင် ဥပဇ္ဈာယ် ဆရာတော်အား ရိုသေစွာ ဆက်ကပ်

လေသည်။ ဆရာတော်ဘုရားသည် ငယ်ရွယ်သူ တပည့်ကလေး ရှင်ဝိစိတ္တသာရ ရေးသားဆက်ကပ်သည့် တရားချီးကို ဖတ်ရှုရသောအခါ ဝမ်းမြောက်ဝမ်းသာ ရွှင်ပျသောမျက်နှာဖြင့် အခါခါ ချီးကျူးတော်မူလေသည်။

တိပိဋကလောင်းလျာ ငယ်ရွယ်စဉ်အခါ သာမဏေဘဝနှင့် ရဟန်းပျိုဘဝက ဖွဲ့နွဲ့ရေးသား သီကုံးခဲ့သည့် ဂါထာဗန္ဓ အနုပညာ စာပေတို့သည်ကား တန်ဖိုး သိသလောက် တန်ဖိုးရှိသော စာပေများ ဖြစ်ပါသည်။ စာရေးသူသည် ထိုအဖိုးတန်စာပေတို့ကို ရှာဖွေစုရုံး၍ မပျောက်မပျက်ပါစေရန် ပန်းသီကုံးသကဲ့သို့ အရွယ်တော် အစဉ်အတိုင်း သီကုံးရေးသားပြီးလျှင် မဟာထေရ အာစရိယဂုဏ်ရည် 'တိပိဋကဓရ ကာဗျမာလာ' ဟူသော အမည်ဖြင့် ဤ မြကျောက်ထက်၌ မော်ကွန်းတင်အပ်ပါသည်။ သုတေသီပညာရှင်တို့သည် တိပိဋကဓရ ဆရာတော်ဘုရား၏ဂမ္ဘီရ တိက္ခ ဇဝန အနုသုခုမဉာဏ် ငယ်ရွယ်စဉ်အချိန်က စ၍ အရွယ်နှင့် မမျှအောင် ထက်သန်ပုံတို့ကို စိမ့်ယုံကြည်နူး ကာချီးကျူးဝမ်းသာ အားကျဖွယ်ရာပင် ဖြစ်ပါတော့၏။

၁၄-နှစ်သား သာမဏေ ရှင်ဝိစိတ္တသာရ၏ အရွယ်နှင့် မမျှအောင် အဓိပ္ပာယ်စာသား ရှည်လျားလှစွာ အလင်္ကာဂုဏ်ရသ ပြည့်ဝစုံလင် ဤ သုဝဏ္ဏသာမ တရားချီးကို စိတ်ပါဝင်စားစွာ ဖတ်ရှုနေစဉ် စာရှုသူ၏ စိတ်အစဉ်သည် မြိုင်ရဂုံတောတန်းနှင့် မိဂသမ္မတာ မြစ်ကမ်းသို့ ရုတ်တရက် ရောက်ရှိနေပေလိမ့်မည်။

❀

# ယပ်ထောင် သုဝဏ္ဏသာမ တရားချီး

**ပဏာမလေးဆစ်**

တုမရ-သုဂတသမ္ဗုဒ္ဓါ။
ဟောမြွက်ကြား တရားရွှေစာနှင့်
ထေရ်ဆရာ သံဃာများကိုကွယ်
ဦးချသေချာ။
သို့ပြီးခါ-ဒေသနာတရား။
အချီးကို ဆက်ကာရေးမယ် ကွယ်....
ဘေးပျောက်စေသား။ ။

**မဟာဗောဓိသတ္တေန မဟာပဒေါနံ နိဗ္ဗတ္တံ တဓော ပဥ္စာယ**=စရှိ မြွက်ဖော် ဒေသနာတော်နှင့် လျော်ညီစွာ မဟာသမ္မတ ရာဇပဝေဏီ ဆင်းသက်ချီ၍ သာကီယနွယ် စင်ကြယ်မျိုးပေါင်း ရှစ်သောင်းသော မင်းတို့၏ ထိပ်ခေါင်တင် ဗောဓိသတ်လောင်းဗုဒ္ဓင်သည် မွန်ရှည်များစွာ သံသရာက ပတ္တနာဆု သဗ္ဗညုတ သုံးလူ့ဘအဖြစ်ကို နှစ်သက်စွာပန်ဆင်၍၊ ဆယ်အင်သော ဇာတက သုံးကြိမ် မြောက် ဘဝတွင် ဒုကူလနှင့် ပါရိကာ နှစ်ဖြာထူးခြား တောမြိုင်ဖျား၌ သိကြားညွှန်ပြ ချမ်းသာစွာ ဖွားမြင်ရ

သည့် သုဝဏ္ဏသာမဟု နာမည်တော်ထင်ရှား တန်ခိုးဟုန်
တောက်ကြွားသည့် တစ်ယောက်သား ဖြစ်တော်မူခဲ့ရာ
တွင်၊ မဟာမေရု နှိုင်းတုမရကြီးမားလှ ကျေးဇူးဂုဏ် မိဘ
တော်နှစ်စုံကို ကြည်ယုံကော်ရော် ညဥ့်သော် ညဥ့်လိုက်
နေ့သော် နေ့တာ သားတို့၏ ဝတ်ငါးဖြာကို ပါရမီ ဝီရိယ
ပုဗ္ဗင်္ဂမရှေ့ထား၍ ကြိုးစားအားထုတ် လုပ်ကျွေးတော်
မူသောအခါ၊ ဗာရာဏသီ ဌာနီပိုင်ကြွား ပီဠိယက္ခမင်း
တရားသည် **မိဂါသ** သမင်သား၌ စားချင်သောအာသာ
လောဘရမ္မက် ကြီးစွာဖြင့် ရှစ်ဖြာပလ္လင် ဘုံနန်းခွင်ကို
မိခင်ထံ အပ်ထားခဲ့၍ ငါးပါးသော လက်နက်အစုံဖြင့်
ရဂုံမြိုင်ရပ် မှိုခိုကာကပ်ပြီးလျှင် တွေ့လတ်သမျှ သမင်
များကို ညှဥ်းဆဲကာ သတ်စား၍ အစဥ်အား လာလတ်
သော်၊ အလောင်းတော်မြတ်စွာ နေ့စဥ်ပင် ရေခပ်လာ
သည့် မိဂသမ္မတာမည်လတ် မြတ်သောင်ခုံ ကမ်းစပ်သို့
ချဥ်းကပ်ကာ ဆိုက်ရောက်လေလျှင်၊ သမင်တို့၏ခြေရာကို
သေချာစွာမြင်သဖြင့် သစ်ပင်သစ်ခက် သစ်ရွက်အပေါင်း
ကို အောင်းစရာ အုံလုပ်၍ ထူထပ်သည့် ခြုံပိတ်ပေါင်းကာ
ချောင်းလျက် နေလေသည်။

ပရမေထွတ်ထား သုံးလူ့ရှင် လောင်းဘုရားသည် မိဘ
နှစ်ပါး ပျော်စံရာ သင်္ခမ်းကျောင်း ဘုံရိပ်သာ၌ ဓမ္မတာ
ဝတ္တရားကို ပြုပြင်တော်မူပြီးလျှင်၊ ရသမျှ သစ်သီးလုံးနှင့်
သုံးလောက်အောင် ပြည့်စုံစေပြီးမှ နှစ်ဖြာမိဘ ဦးချ
ညွှတ်လျှိုး ဆယ်လက်စုံထိပ်မိုး၍ ရှိခိုးပူဇော် ကန်တော့ခဲ့
ပြီးလျှင်၊ များစွာသောင်းသောင်း သမင်ပေါင်း ခြံရံ
ကာလျက် သန့်မာသော သမင်နှစ်စီး၏ ကျောရိုးပေါ်၌
ရေအိုးကို တင်ပြီးသော် လက်ယာဘက် လက်တော်ဖြင့်

အမြဲပင် စွဲကိုင်ကာတင့်တယ်စွာ ကာယိန္ဒြေ ကြယ်တွေ ရုံဝန်း ငွေစန္ဒာလမင်းသို့ သန့်ရှင်းဘိ လက္ခဏာ ရွှေရုပ် ထုပမာလို သာယာသော ဆိပ်ကမ်းသို့ မပင်မပန်း ရောက် ရာတွင်၊ ဘုရင် ပိဋ္ဌိယက္ခလည်း အ သင့် ပင် မျှော် ဆ ၍ အလောင်းတော်ကို မြင်ရလျှင် သမင်ကိုမျှ မပစ်အားဘဲ၊ နဂါးလေလော၊သိကြားလေလောဟု တွေးတော သံသယ နှစ်ဝသော အာဝဇ္ဇန်း သဘောဖြင့်ဝုဋ္ဌောတိုင် မရောက် လာ တဒါရုံဘဝင်မကျ သုဝဏ္ဏသာမ ဘုရားအလောင်း ၌သာ အကြောင်းကို သိချင်လှသော လောဘအရှိန် ကြောင့် အကြိမ်ကြိမ် အရှိန်နှင့် ပစ်သောမြားကို အား နည်းအောင်ပြုပြီးမှ သိရအောင် မေးမည်ဟုစိတ်ကူးဘိ တရားလွန် အဆိပ်လူးမြားချွန်ဖြင့် ဘုရားရှင် အလောင်း မင်း ရေအိုးကိုအပင့်တွင် မယုတ်မလွန်စွာ အသင့်ဆွဲ၍ လက်ဝဲဘက် နံတောင်ကို ပစ်ရာတွင် လက်ယာဘက် နံ တောင် အောက် က မြား ဖောက် ၍ ထွက် လေ သော်၊ ရွှေသိင်္ဂီအဆင်း များလှစွာသော သမင်မင်းတို့သည် လည်ချင်းယှက်ပြန် လွမ်းဘွဲ့ဖန်၍ ငိုယိုသံဆူလှိုက် အရှိုက် အငင်ကြီးနှင့် ကျေးဇူးရှင် မြတ်ဆရာ လောင်းသုဝဏ် သူတော်စွာကို မခွာနိုင်မခွဲရက် သေရမည့်ဘေး အတွက် ကြောင့် ရတက်မအေး လွန်စွာပင်ပူဆွေး လျက် လွတ်ရာသို့ ပြေးလေသော် ပရမေလောင်းတော်ဘုရား သုံး လူ့ ရှင် ထိ်ာထ ားသည် မြားမှန်သည့်ဒဏ်ချက် မည်မျှပင်ကျင်နာ ရက်သော်လည်း သတိကိုမပျက်စေရ ပခုံး၌ရှိသော ရေအိုး ကို အသာချပြီးလျှင်၊ သန့်ရှင်းစွာကြည်ဖြူ ဆိပ်ကမ်းစပ် သဲသောင်ငူတွင် မလဲအောင် တည်တော်မူပြီးမှ၊ အနန္တ ကျေးဇူးတော်ပိုင် မိဘတော်နှစ်ဆိုင်တို့ နေထိုင်ရာအရပ်

ကျောင်း၌ ဦးခေါင်းတော် တည်ထား၍ အလျားလိုက် လျောင်းတော်မူပြီးလျှင်၊ ကြီးမားသော မြားဒဏ်ချက်မှ ယိုယွက်သောသွေးခင်းကို ခံတွင်းဖြင့် ရေငုံထွေး မေတ္တာ တော်ရေစင်အေးဖြင့် ပစ်သူကို မေးရာတွင်....

ရာဇာဥက္ကဌ ပိင္ဂိယက္ခမင်းသည် ချဉ်းကပ်ကာ လာ၍၊ ဗာရာရပ်၌သန် ပြည်ပူရီကို ထီးစည်ခရိုင် နိုင်ငံစိုးငြား မင်းအဖြစ်ကို ပြောကြား၍ ဘုရားအလောင်း ဗုဒ္ဓကို ဇာတိကို မြွက်ကြားတော်မူပါဟု သော့မကြာခဏ အဘ ယာစက စကား လျှောက်ပန်ကြားလေသော်၊ သုံးဘုံသူ့ ဆံကော လောင်းသုဝဏ် ပရမေသည် မိန့်ချွေသာကြည် မြွက်ဟတော်မူသည်မှာ....

'လူ့ပြည်တွင်ထင်ရှား၊ နွယ်မျိုးမှန် သာကီဖွားသည် အဘကား ဒုကူလ၊ ကိုးလကိုလွယ် ဆယ်လဝယ်ဖွား၊ ဖဝါး လက်နှစ်လုံး၊ ပခုံးလက်နှစ်သစ်က၊ ချစ်ကြည်မြတ်လေး၊ နို့ချိုကျွေး၍၊မွေးမြူသည့်မြတ်မယ်တော်၊ ပါရိက အမည် ကျော်သည်။ ငါ့အမည်နာမကို ထင်ရှားစွာထုတ်ပြလျှင် သုဝဏ္ဏသာမဟု သုံးလောကဘုံခွင်တွင် လူရှင်အများ သိကြသည်။ စံပယ်ဇလပ် ပန်းမြတ်ခတ္တာ၊ဇီဇဝါ ကြက်ရုံး၊ ဂမုန်း အင်ကြင်း၊ပျံ့သင်းကြည်အေး၊ ရနံ့မွှေးလျက်၊မြတ် လေးပုန်းညက်၊ ပန်းပေါင်းယှက်သည့်၊စုံမြိုင်နက်ရဂုံတွင်၊ မိခင်နှင့်ဘခင် မျက်မမြင်ရသော့ မြတ်နှစ်ပါးကို မခြားနေ့ ည ရသမျှသစ်သီးနှင့် မွေးမြူ၍နေရပါသည်။ ယခုလို အခါသင်မင်းကြီးပြုမိသည့် အပြစ်တာကို ဗျာပါမကင်း ပြုသည့်အတွက်ကြောင့် မြားမှန်ချက်ဒဏ်ရာကို ပြင်းထန် စွာခံရခြင်းမှာလည်း သံသရာရေယမုန်တွင် စုံဆန်လူးလာ၊ ပဋိအတွင်းမှ မကင်းသမျှ အခါဝယ် သူ-ငါကအစ များ

လှံအသွေး၊လူတတွေတို့၊ မနေသာ မရှောင်သာ၊မမြှောင်သာ မကပ်သာ၊ ဤဒုက္ခဝေဒနာကို ခံရမြဲမမွတာ ဖြစ်ချေသည်။ ထိုဒုက္ခဝေဒနာထက် အနဂ္ဃကျေးဇူးရှင် မိဘတော်ရဲသွေ့ရှင်တို့မှာ တစ်နေ့ဖို့ သုံးလောကရုံ သစ်သီးအစာရှိတုံချေသည်။ ငွေသဲသောင်ဖြူဖွေး၊ ဤမြစ်ဆိပ်ကမ်းသာမှ ထမ်းဆောင်လာ ရေအေးလည်း တစ်ရွေးသားမျှမရှိပါ။ ငါမရောက်က သောက်ကြရမည် မဟုတ်။ အထီးကျန်သော မျက်မမြင် မိဘနှစ်ဖြာတို့သည်လည်း ညဥ့်ကင်းနေကာ၊ ကြရ၍ မေ့သည်းချာ သာမဟု တောင့်တန္တတ်ချိုငိုယိုလျက် နှလုံးသား ပြိုကွဲမည့်အချက်ကို....

အလောင်းတော် မြွက်ဟ မြည် တမ်း တော် မူသောခဏ၌၊ဗာရာဏာအောင်ချာ ဧကရာဇ်မင်းရာဇာလည်း ပြုမိသည့်အပြစ်တာကို ဗျာပါမကင်း နောင်တတစ်ဖန် ပူပန်ခြင်းနှင့် လွန်မင်းစွာ ထိတ်လန့်တုန်လှုပ်၍ စိတ်သောကမသက်သာ သို့ဖြစ်သည့် ခြင်းရာကြောင့်....

'မဟာပုရိသ၊ လေးဝ အာဇာဝင်၊သီလကို နေ့စဉ် သုံးသည့်၊ရသေ့ ဘုန်းထေရ်ရှင်ငယ်၊ စိတ်ထဲမှာ မပူပန်နှင့်၊ သင်၏ကိုယ်စား၊ သင့်မိဘနှစ်ပါးကို၊ သင်နှင့် မခြား၊ အလားတူစွာ ငါကား လုပ်ကျွေးပါမည်။ သင့်မိဘပျော်စံရာ ဌာနကိုသာ ညွှန်ပါ....'

ဟု သာယာဖြောင်းဖြ ကရုဏာသံနှင့် လျှောက်ပန်ခသော်....

'ပြည်ကြီးရှင်ရာဇာ၊ ငါတမူကား ရန်ငူ သနင်း၊ သင်မင်းကြီးပစ်ရက်သည့် မြားမှန်ချက် ဒဏ်ရာ လွန်မင်းစွာ

ကျင်နာ၍မနေသာလျှ၊ မိနှင့် ဘကို စွန့်ပစ်ပယ်ခွာ၊ ဘဝတစ်ပါးသို့ သွားရမည်မှာလည်း အမှန် စင်စစ် ဖြစ်ပေသည်။ ကျေးဇူးတော်ရှင် မိဘတော် သခင်တို့ ပျော်ရွှင်ချမ်းသာ နေကြသည့် သခ်မ်းဝါလည်း၊ငါ၏ ဦးခေါင်းတည်လျောင်းရာ ဌာနမှ ဖြောင့်လှစွာ သွားလတ်သော် တစ်ကောသခြား အရပ်တွင် တပ်အပ်သေချာ တွေ့ယိမ့်မည်....'

ဆို၍ ဝမ်းတွင်းက တလျှပ်လျှပ်၊ မြားဆိပ်တွေ တက်လတ်သော်၊ရွှေမျက်နှာညို ပြော၊ တိမ်ဖုံးသည့် လ ပမာလို၊ မရှုသာ မမြင်ဝံ့၊ရွှေနှုတ်တော် လေသံမလွှင့်ဘဲ၊ တွန့်လိုတွန့် ခွေလိုခွေ၊ သေသေငယ်ဇော်နှင့် မိန်းမော၍ အနေတွင်၊ ဗာရာဏာပြည့်ရှင် ပိဋ္ဌယက္ခာဘုရင်လည်း သူတော်စင်ရသေ့မြတ်အား၊ငါကား လက်ဆယ်ဖြာ ထိပ်တွင်တင်ကာ ဂါရဝပုဗ္ဗင်နှင့် သုံးကြိမ်ပင် ရှိခိုးခဲ့ပြီးလျှင်၊ မရွှင်သော မျက်နှာနှင့် ပြင်းထန်စွာ ငိုကြွေး၍၊ အလောင်းတော် ညွှန်ပေးသော လမ်းဖြင့် ဖြောင့်တန်းစွာ လာလတ်သော်၊ သူတော်မြတ် သူတော်စင်၊ ဒုကူလ နှင့် ပါရိကာအရှင်တို့ ကြည်ရွှင်စွာ ပျော်မြန်း ကျောင်းတော်ဘုံသခ်မ်းသို့ ပင်ပန်းစွာဆိုက်ရောက်လေလျှင်၊မိဘတော်နှစ်ပြင် ရသေ့မြတ် သူတော်စင်တို့ ကြောင်းအင်ကို လျှောက်ပန်သည်မှာ....

'မဟာပထဝီ ပမာမှီလျက် ဇာနည်ဥက္ကဋ္ဌ သီလတော်မပျက် မပေါက်ရအောင် ဆောက်တည်တော်မူလေ့ ရှိကြသည့် ရသေ့မြတ်အရှင် သူတော်စင်တို့ ဘုရား။ ။အရှင်တို့ သက်လျှာ ရတနာတစ်ပါး သုဝဏ္ဏသာမ အရှင့်သားကို ကျွန်ုပ်တရားလစ်၍ မြားပစ်ချက်ဒဏ်ရာကြောင့် မနေသာ

ပင်ပန်း၍ သေရွာသို့ မြန်းရှာရလေပြီ။ သားသက်ဝေ သူ ကလေးလို ကျွန်ုပ်ပင် စောင်မပေး၍ တစ်သက်လုံး လုပ်ကျွေးပါမည်။'

သို့ကလို ဝန်ခံရာတွင် သီလဝန် ပုဂ္ဂိုလ်ကျော် ကျေးဇူးရှင် မိဘတော်တို့သည်လည်း မကြည်ရွှင် ရွှေမျက်နှာနှင့် တစာစာ ငိုကြွေး၍ သားတော်လေးရှိရာ ရပ်ဒေသာသို့ ယခုပင်မကြာ ပို့ဆောင်၍ပေးပါဟု သာယာညွှတ်ပျောင်း ခွင့်ပန်တောင်းသော်၊ ကျောင်းတော်မြတ် ဘုံသာ ရွှေ သခ်မ်းဝိဟာမှ ဆောင်ယူကာပင့်ခေါ် မိဂသမ္မတာ မြစ်တော်သို့ ရောက်လေသော်၊ လွန်ခဲ့သော ခုနစ်ဘဝ ခြားက ဘုရားလောင်း၏အမိ ဖြစ်ခဲ့ဖူး၍၊ အထူးပင် စောင့်ရှောက် ကြည့်ရှုကာ နေစပါလည်း ဒေဝါရိပ်စံ နတ်တို့၏ဘုံဗိမာန် ဝယ် ခြံရံသင်းပင်း နတ်သမီး အများခပင်းတို့ပါ ပျော်ပါးခြင်းလွန်စွာကြောင့် ပမာဒါသတိ မေ့လျော့ကာ နေဘိသည့် ဗဟုသုန္ဒြီမည်တွင် နတ်သမီးဒေဝီခင်ပါ နှစ်ဖြာ သော မယ်တော် ခမည်းတော် ဒုကူလ ပါရိက ပေါင်းဆုံကြ သုံးဖော် မိဘတော်တို့သည် အလောင်းတော် ရသေ့ မြတ်အထံ၌ ခြံရံဝန်းခ သားတော်၏ လုပ်ကျွေးပုံ အဝဝ တို့ကို ချီးပင်ငိုကြွေးခြင်း တည်းဟူသော စေတနာ သစ္စာ စကားကြောင့်၊ ဘုရား အလောင်း သုဝဏ္ဏသာမဝယ် တက်သမျှ မြားဆိပ်တွေ အကုန်ပြယ်၍ ငွေသငယ်ဇောနှင့် မြောရာမှထ၊ နှစ်ဝသော မိဘတို့မှာလည်း စက္ခုတော် ပသာဒ အလင်းကိုရကြ၍၊ မဟာပုရိသ အလောင်းတော် သုဝဏ္ဏသာမသည် ဗာရာဏသီပိုင်နင်း ပီဠိယက္ခမင်းအား တရားရေအေး အမြိုက်ဆေးဖြင့် တိုက်ကျွေးပဲ့ပြင် သွန်သင်ဆုံးမ ဩဝါဒဖြင့်....

**အကုသလကို ရှားစေရမည်၊**

**ကုသလကို ပွားစေရမည်၊**

သို့စသည်ရှုံးပေါင်း တရားတော် ဥပဒေကောင်းဖြင့် သောင်းလောကဓာတ်ဘုံဝယ် ရိုက်တီးကာ တုန်သည့်နှယ် အသွယ်သွယ်အဝဝ ဟောပြတော် မူလေသည်။

ဤသို့လျှင် ကျေးဇူးတော်ရှင် မိန္နှင့်ဘတို့ကို နေ့ညဉ့်မယွင်း လုပ်ကျွေးတော်မူခြင်းတည်း ဟူသော ဝီရိယ ပါရမီ၊ မြားမှန်သည့်ဒုက္ခဒဏ်ကို ပြင်းထန်စွာ ခံရငြားသော်လည်း တရားတော်ကို လက်မလွှတ် မချွတ်မယိုင် လက်ကိုင်ပြု၍ ခိုင်ခိုင်မတ်မတ်ကြီး သည်းခံတော်မူခြင်းတည်း ဟူသော ခန္တီပါရမီ၊ ဗာရာဏပြည့်ရှင် ပိင်္ဂိယကို ဘုရင်အား ကြည်ရွှင်နှုတ်ခွန်း တရားတော်ဖြင့် ဆုံးမတော်မူခြင်း တည်းဟူသော ပညာပါရမီ၊ ဤသုံးပါးသော ပါရမီနှင့်တကွ ကျင်လည်ဟိုင်းသော ဘဝသံသရာဝယ် 'သဗ္ဗံ ဓမ္မံ ဇာနာတိ သဗ္ဗညူ၊ သဗ္ဗံ ဓမ္မံ ဇာနနသီလော ဝါ သဗ္ဗညူ၊ သဗ္ဗညုဘာဝေါ သဗ္ဗညုတာ၊ သဗ္ဗညုတံ ဉာဏံ သဗ္ဗညုတဉာဏံ၊ ဝစနတ္ထကြံအပ်သည့် ဉာဏ်မြတ်တော် သဗ္ဗညုတ ရခြင်း၏ အကြောင်းရင်းမူလကိုသာ ကမ္ဘာ မခြား ကြိုးစားတော်မူ၍ သုံးဘုံသူဦးနှိမ် သမ္မာသမ္ဗုဒ္ဓ အစစ် ဓမ္မရာဇ်ဖြစ်တော်မူသည့် သုဂတ မာရဇိန်သည်....

(လိုရာတရားကို ဆက်ပါ။)

ဒေါ်သ ပဟာယ လေးဆစ်

စကားထောက်များပေသည့်
စာသားကိုတဲ့ ပြင်ဆင်ပါ။
စာစီပုံရိုင်းသံဟဲ့လို့ မတွေးကြပါနဲ့၊

ဆရာထေရ်ခိုင်းတဲ့ အရေးကြောင့်ဗျာ၊
ရေးရ တစ်ခါ။ ။
မတတ်တတတ် ကျုပ်ခမျာ၊
အနုတ်ပါဗျာ့ စာအသွား။
အမှားတွေ့လျှင်ဖြင့်
ကြားဖြည့်ကာ ပြင်ဆင်ထည့်ပါလို့
တရားမွေ့သူ ထေရ်ရှင်ကဝိတို့ရယ်....
ရှုကြည့်စေသား။ ။

ရှင်ဝိစိတ္တသာရ
၁၂၈၇-ခုနှစ်၊ ဝါဆိုလဆန်း ၈-ရက်။

❀

၁၉-နှစ်သား ရှင်ဝိစိတ္တသာရ အထံမှ သာသနာ့မိခင် ဆရာကြီး
ဒေါ်ဓမ္မစာရီ အထံသို့ ပေးသည့်
ဆွေးမြေ့နေသော မူရင်း စာရွက်ကလေး
၁၂၉၂-ခု၊ ကဆုန်လဆန်း ၁၂-ရက်၊
မင်္ဂလာ ကြာသပတေးနေ့တွင်
ပဋ္ဌာန်း ဒေသနာတော်ကြီးကို ဟောဆိုရာ

**အာသီသ တေးထပ်**

တာဝတိံ အာလိန်ဖျား၊
မာဃိန်သိကြား စံရာ၊
အယုတ္တ နန်းအောင်ချာဝယ်၊
မြကျောက်ဖြာ ပဏ္ဍု။
သန္တုဿိ နတ်ဒေဝါကို၊
မိပတျာ ချီးမြှောက်တင်ပြု။ ။

မြို့ကျက်ရသ မြတ်ဓမ္မကို
မိန့်ဟာချွေ ဗျာမှူ။
ဘိဓမ္မာ ကျမ်းအစုစုတွင်ဖြင့်
ပဋ္ဌာန်းဟု သညာ။ ။

လူ့ထိပ်တင် အရဟံသနင်းရယ်၏၊
ဉာဏ်တွင်း၌ မြူးလောက်ပေတာ။ ။

ကြုံခဲ့စွ ဒေသနာကို
တို့သူငါ သဒ္ဓါမြတ်ပေမို့။
ခါမလပ် ဟောကြကုန်ပေ
ပြီးမြောက်အောင်စေ။ ။

ခုပုည အမျှဝေတယ်
ရပါစေ ဘုံသုံးသူတို့လေး။
ခုပုည ဣဒ္ဓိကံရယ်
နိဗ္ဗာဉာဏ် ရကြောင်းပါကွယ့်လေး။ ။
ခုပုည ဓမ္မအဟုန်ရယ်
ဘဝအဖုံဖုံ ဖြစ်ကောင်းကြုံဖို့လေး။ ။

(ပြီးပါပြီ)

ဖျာစေရ

တော် ခလိတဂါကျ သောစော်ဟိ

မေမောတာ

❀

ကာ ဗျ ဿ ဿ တိ=နိ❀၂၁
၂၂၄၂၈

၁၂၉၂-ခုနှစ်၊ မန္တလေးမြို့၊ ကင်းဝန်မင်းကြီးတိုက်၊
သီရိဝေပုလ္လတိုက်ကျောင်း
ရေစက်ချပွဲကြီး၌ ရေးသားအပ်သော

## ၇၀-ပေါ်တေးထပ်

ကံရောင် ဉာဏ်ရောင် ကြံဆောင်သမျှ၊
အလျှံပြောင်စွာ စန်းနှင့်ပမာ။
ရန်အောင် အမရ နန်းမြင့်သာကို၊
လျှမ်းတင့်ဖြာဖြာ ပွင့်စေမှန်း။ ။

မဟာပုဇ္ဇ၀ သဒ္ဒါဉက္ကဋ္ဌ
နှစ်ဖြာနုဂုဟာ လှူဇောရှင်တယ်၊
လှူရောရှင်ပါ ခေါ်ကြ သာဓုပန်း။ ။

ဖွေယူချိန်ဆ ဝေဘူစိန်အကြွ
နေသူရိန်ဘမျှ မှတ်ကြောင်းစုံတယ်၊
လျှပ်မောင်းခြုံကာ ဖြာဆင့်လျှမ်း။ ။

မြတ်ကျောင်းဘုံသာ သာတင့်ဆန်းလို့၊
သမ္မာပွင့်လန်း ခါခွင့်တော်။ ။

ဒေါ်မိမိနှယ် မှူးဆောင်မြင့်လို့၊
ဦးခင်မောင်နှင့် ဒေါ်ကျော့ တူစုံနှစ်ဖော်။ ။

ရိပ်ဖြူခေမ နိဗ္ဗူပြေ အမတ
စိတ်တူခြွေဆ ရည်ဆုမျှော်တယ်၊
ဤကုသလော် ဘုန်းဂုဏ်အနန္တမို့၊
သုံးဘုံစံသမျှ အရခြွေညွှန်းကာ၊
အမျှချွေခွန်းပြော။ ။

ယှဉ်ကာအညီပြု ယခင်အခါ အတီတ
လင်္ကာဒီပ ကျွန်းဥက္ကာငယ်၊
မင်းဒုဋ္ဌဂါ လှူကြီးသာလို့လေး။ ။
မြတ်အလှူ ဝံရံပဝရ နတ်လူအနန္တ
ပတ်ကူရံခ ထုတိငြာတယ်၊
ရစိပြဟ္မဏာ လှူဆဲအခါသို့လေး။ ။
အကြောင်းအရာ သိစရာ့
အပေါင်းရတနာ ရှိသမျှ
အလောင်းအလျာ ဝိသယ့် အလှူအစဉ်အလာကို။
ဇမ္ဗူမင်္ဂလာ ဥဒါန်းဓပြောင်ဖို့လေး။ ။

ရှင်ဝိစိတ္တသာရ

ဝက်ချက်ရွာ သမ္မာသတိဆရာတော်ဘုရားကြီး၏
ဇာတာတော်ဘွဲ့

## ၈၀-ပေါ်တေးထပ်

သဟာသ်ကော ရာဒ္ဓယ
ဇောတာလီသ ခါခိုက်ကြုံ၊
အဟောပါရမီဖျော့ သာလှိုက်ထုံတယ်၊
သမ္ဘာကိုက်ငုံ သူမြတ်ဘုရား။ ။
အာသဋ္ဌီစက် ပေါ်ထွန်းဖြာတယ်၊
ကျော်စွန်းပုဏ္ဏမာ ဆယ် သုံး ဆင်နေ့အား။
ညဉ့်ဿဋ္ဌီတွက် တစ်ချက်ခါဝံယ်
အထက်ဝလာ စည်းစိမ်များ။ ။
မမက်ဆံလွှာ ငြီးထိန်ပွားလို့၊
မီးရှိန်အလား ကိုယ်တော်ထင်။ ။

ပြိုသည်စက်ခွင် ဗျာဒေ္ဓကျားနှင့်၊
ကြွက်မြွေနဂါး ပျော်ပါးခိုလို့ဝင်။ ။
ပူးကေသရ သိဟ်၌ရွှင်သည်၊
ပြောင်ဆဒ္ဒန်ဆင် ဂဠုန်မင်းတို့၊
မေထုန်စက်ကြောင်း ယှဉ်တွဲပူးဆုံကာ၊
ဟိုင်းနတ် စံဗြိစ္ဆာ။
မိန်နေလဂ်မို့ စံဘက်မယှဉ်သာသည်၊
ဉာဏ်စက်ပညာ ကွန့်မြူးမယ် ဘုရားလေး။ ။

## ရင်း တေးထပ်ရိုး

ဇောတာလီ ဒွေး သဟာ၊
သေဟာသ် ခါမို့၊
ရှေးဘာဝ ပါရမီငယ်၊
သမ္ဘာဆီ မှန်၍။
ပုန်းညက်ပန်း ငုံတံဖြာတယ်၊
ယုန်စန္ဒာ ဘောနည် ဆင်နေ့။ ။
စက်ဘာကျော် ဂဠုန်ဆင်၊
မေထုန်တွင် ရွှင်မွေ့၊
သိဟ်ဘုံတွင် တွေ့တာတော့
ခြင် ခြသေ့် ပူးပင်။
ဇာတာတော် အခြေစစ်၊
ကေရာဇ် ကိန်းရှုနှင့်နှင်၊
ဟိုင်းရာဇ ဗြိစ္ဆာရွှင်တယ်၊
ပြိုသည်ခွင် စက်အသွားမှာတော့၊
ကြွက်နဂါး စန်းနှင့်ယှဉ်လာ၊

လျှမ်းတင့်ပညာ။
မိန်လင်္ဂါမို့ လျှံညီဖြာတယ်၊
ပဏ္ဍိတာမှန်ကင်း ဘုရား့လေး။ ။

သမ္မာသတိဆရာတော်ဘုရားကြီး၏ အမိန့်အရ
သာမဏေ ရှင်ဝိစိတ္တသာရ ရေးသားဆက်သွင်းပါသည်ဘုရား။
၁၂၉၂-ခု သီတင်းကျွတ်လပြည့်ကျော် ၅-ရက်

❀

၁၂၉၂-ခု ဝါဆိုလဆန်း တိပိဋကလောင်းလျာ
သာမဏေ ရှင်ဝိစိတ္တသာရ သီကုံးရေးသားအပ်သော
ဓမ္မနာဒတျောင်းတိုက်တော်ဘွဲ့ နှင့်
အာစရိယ ယောမနာဘွဲ့

**ခေတ်ဆန်းကဗျာ**

(**ခြေဆင်း**) ပတ်ခွေရန်ငူခင်တန်းတွေနဲ့၊ နတ်ဝေယံ အတူပင်လျှမ်းလိုက်ပုံက၊ ဂူဝင်မှန်းစရာ့ ကမ္ဗောဇာန်းအရ ခြွေ၊ အိုကွယ်....ကျူအင်ပန်းအကြွတွေနဲ့ လွမ်းစရာ့မြေ။

ချောက်တစ်ဝှန်းဆီက၊ ပန်းတောက်ပန်းတွေ တလှိုင်လှိုင်ကြူလို့၊ မြိုင်အငူ ကမ်းပါးယံ တကျောမှာကွယ်၊ တောကျက်သရေ။

အလျှုံလျှိုမဟီတဝိုက်ဆီက၊ ဘိုကရို ညာစိမ်အကိုက်ငဲ့ပြင် အလိုလို ရာသီအကြိုက်ပေပ၊ ခါမိုလိုက်ပွင့်တံဝေ။ ညွှန့်လျှံ တဝေဝေပနှင့် ဝတ်ပါတနိုင်း။ အိုကွယ်.... အမွှန်စမွှကွန် ဖွေဖို့ကွယ်၊ မင်္ဂလာစစ်ကိုင်း....။

မှိုင်းလို့ငဲ့ရီ....။ နေလိုလက်တဲ့ သမ္ဘာဝသီ ရွှေဘို ဆက်ကွယ်၊ သာကီ ၊အကျိုးမျှော်ရည် ဘိုးတော်တည် ခြေဘ်.... အတုလရွှေစေတီ။

ညာစီတန်းသွဲ့ ဝနာမဟီ ခြေညွှန်းပါခဲ့သည်၊ ယာယီ နန်းနဲ့စံတည် ရွှေကျွန်းရွာတွဲ့မည် (၂)။ မြေချာမဟီ ဇေယျာပထပီ အဖေဟာဝတပါ တောရတောင်ရိပ်မှီ(၂)။ တရားသံဝေစီ ဘောရီညှင်းသလို နတ်မင်းတို့ ဖန်ဆင်းပုံသို့ ညီ၊ အမတဘာဂကွယ်၊ ငဲ့မျှော်ကာရည်၊ မမွှနာဒတဲ့ တွဲ့တော်သာသည်(၂)။

(**အအုပ်**) ဘမ္ဘာဘုန်းပဝရ လူ့တန်းဦ ထင်သည်၊ ကမ္ဘာလုံးဘုရား ဥဒါန်းတော်တွင်မည်။ မြန်တိုင်းဗွေမဟီ နေခြည်ပန်းလို့ ထွန်းတောက်ပါလိမ့်မည်။ နောက်နောင် ဆီ တောက်ပြောင်ထွန်းဖို့ရည်။ ။

အဋ္ဌဝီဘုရားကိုတည် မနောမယစေတီ၊ အသီတိ သား တို့ဟည်၊မနောမယစေတီ(၂)။ ဓာတ်ပေါင်း မွေပေါင်း ကေပေါင်းစုခဲ့သည်၊ မစေစေတီ၊ တန်ခိုးတော်ဖြာခဲ့သည်။ အကျဉ်းချုံ့စီပြမည်၊ နဝင်းစုံ့ညီခဲ့သည်၊ ဂဋ္ဌမှကျော်လုံး တော်ဘုန်းကြဲခဲ့သည်။ မလေ့တော်အတိုင်းဗျ အမွှန်သဒ္ဒါ ရွှင်ကြည်၊ နေ့နေ့တိုင်းပ ဝန္ဒနာတင်ချီ(၂)။

(**အအုပ်**)သမ္ဘာဘုန်းပဝရ..........ထွန်းဖို့ရည်။

နဝရတ်နှစ်တမျှ သော်လွင်ဖြာရည်၊ လျှပ်စစ်က ဘော်လင်ဒါမည်(၂)။ ဖူးမြင်သူငေးရအောင် ဦးသွင်သေဠေးက ပူဇော်ပါသည်–ပူဇော်ပါသည်၊ တစ်တိုက်လုံးမကြွင်းအောင် လင်းရောင်ဖြာခဲ့သည်၊ ပတ်ခွေရံခသည်၊ မြတ်ရေကန်က နှစ်လီ(၂)။ တိုင်းကဝိတန်ဆောင် ဘုန်းရောင်ပသည်၊ အတိုင်းမသိအောင် သုံးဆောင်ရသည် (၂)။ သတပတ်ရေပေါ်ညာစီ– နဝရတ်တမျှ ရေတော်သာကြည်(၂)။ နတ်ခပင်းတောင် ပျော်စံလောက်ပါသည်၊ တရားတက်စရာ ဆရာက သဒ္ဒါမျှစုံညီ၊ တရားဘက်က ပါကဋ္ဌစုံညီ (၂)။ အဟောသိခရရည်၊ ဗောဓိပင်က တစ်လီ၊ ဖြူးသစ်ကြွယ်လျှံ ထူးဝေကြွသည်၊ မျိုးစစ်နွယ်မှန်ဖူးစေကြသည်။

(**အအုပ်**) သမ္ဘာဘုန်းပဝရ..........ထွန်းဖို့ရည်။

အကြံနော်သာသည်၊ မြန်ပေါ်နဂရာပြည်၊ စံသော်ရှာမမီ၊ ရောင်မျိုးစုံ မှန်ခြယ်စီ၊ နိဗ္ဗာန်ဘုံချွေကာရည်၊ ဖိတ်လျှံစုံ ဝေဘာဂီ၊ တန်ခိုးတင့် စတိုးနှင့် မိုးမြင့်တိုက်တစ်လီ၊ တို့ဘုရာ့သာသနာ မြူခွာပစီ၊ မြို့မဒါယကာလှူဒါနတည်(၂)။မြတ်သဒ္ဒါပန်းက စန်းတမျှ ဖြာခဲ့သည်၊ ဘုန်တော်ကြည်၊ ဆရာတော်မထေရ်၊ နှလုံးတော်ကြည်၊ ဆရာတော်ထေရ်၊ နှုန်းသော်မမီ ဆရာတော်ထေရ်။

ဓလေ့ အထအလာကွယ့် ဉာဏ် ဉာဏ်တော်ဝသီ၊နေ့ညာဝါနဲ့ ရွှင်ရွှင်ပျော်သည်။ (၂)။ ဘုန်းရိပ်မှီ တပည့်အပေါင်းတို့ သောင်းသောင်းဖျဖျ ပဏာမနဲ့ ဂါရဝတင်ချီ၊ ပါကဋ္ဌကွယ့် စာချသခင်မထေရ်၊ စိတ်တော်သာကြည်(၃)။ နေတ္တိနည်း (၃) ကစ္စည်းထေရ် ကြိုက်ညီ၊ ခက်ဆစ် မွှက်လစ် တက်သစ် နေသို့တည်။

(အအုပ်) သမ္ဘာဘုန်းပဝရ..........ထွန်းဖို့ရည်။

သာရဘာဏီ-မာနဟာယီ-စာဂကာရီ-
ပမာယ ဟောမ ကေသရီ၊
ပိယဝါစီ-ထိရဘာဂီ-သီလစာရီ-
န္တာစေရော ဟောတု သုန္ဒရီ။

ဩြော်....တောင်းဆုချွေကြ ချွေကြသည်၊ မူလဋ္ဌီကာ ခက်ဆစ်ပေါင်းကို ကောင်းကောင်းဖြေတဲ့ ထေရ်၊ ဗုဒ္ဓ သာသနာ နေဝါရောင်ညီ ထွန်းတောက်ပါစီ၊ စေတနာ ပြောင်ကြည်(၂)။ သဒ္ဓါအရှိန့် ပါဠိကျော်တဲ့ ထေရ်၊ ယုံမှားသကာ ပယ်ဖျောက်ခွာသည်၊ ဉာဏ်စက်ဝရဇီ ပတ် ဝန်းရံကာ တပည့်အပေါင်းစုံညီ၊ တို့ဆရာထေရ် (၂)။ မြန်မာပြည် ဘုန်းရောင်ဝေလို့ ဝေလို့ကြည်၊ စံစံရည် နှုန်းဆောင်နေသို့ နေသို့အတည်၊ သက္ကတ ဗင်္ဂလီ ဆင်ဟဠ္ဌိ တခန်းငဲ့ပြင် ကလာပ်ကျမ်း တတ်စွမ်းပါတဲ့ ထေရ်၊တန်ခိုး တော်ရှိန်ညီ၊ မျိုးတော်သိင်္ဂီ၊ တန်ခိုးတော်ထိန်ကြည်၊ မူအရှိပြရလျှင် ပုရိသအာဇာနည်။

(၂အအုပ်) သမ္ဘာဘုန်းပဝရ..........ထွန်းဖို့ရည်

(အချ) သမ္ဘာဓိပရဝ လျှင်လျှင်သာသည်၊ သာရိတမျှ ပဉ် ပညာအဆီ၊ မဟာကဝိဓဇသခင် သခင်ဆရာထေရ်၊ ကဗျာ ၈ က ရွှင်ရွှင်သာကြည်၊ ခပင်းသိစရာ တွေးတွေး ပြီး အကျဉ်းအရှိမျှရေးတဲ့ တေးဘွဲ့ဂုဏ်တော်အဆီ။

(ဤတွင် ပြီးပါပြီ)

ရှင်ဝိစိတ္တာသာရ
ဓမ္မနာဒကျောင်းတိုက်၊

၁၂၉၂-ခုနှစ်၊ တော်သလင်းလဆန်း ၂-ရက်နေ့
ကျေးဇူးရှင် ဓမ္မနာဒ ဆရာတော်ဘုရားကြီး၏
သက်တော် ၄၅-နှစ်ပြည့် မွေးနေ့မင်္ဂလာ အထိမ်းအမှတ်၊
နှစ်စဉ် ကျင်းပမြဲဖြစ်သည့် မနောမယစေတီတော်
ဆွမ်းတော်ကြီး ကပ်လှူပူဇော်ပွဲ၌ ဖတ်ကြားအပ်သော
တိပိဋကဓရလောင်းလျာ (ရှင်ဝိစိတ္တသာရ)
သီကုံးရေးသားသည့်

မနောမယထူပါ ဝန္ဒနာ ၃-ဂါထာနှင့်
ရတုပိုဒ်စုံ

၁။ ဓမ္မာသင္ဂီ သုနက္ခတ္တ၊ သံယုတ္တာသ ဇိနိန္ဒုနော။
သံဃာတာရက မာလိဿ၊ ယတ္ထုဂ္ဂတေ ဝိဇာယိ တံ။ ။

၂။ ကတွာ ထေရဿ သညံ တံ၊ ကာလံ ဇုဒ္ဓဿ သာဒရံ။
ပသီဒေါဒကပုပ္ဖဋ္ဌ၊ ဓာတုဂ္ဂိံ ဒေမ တေ မယံ။ ။

၃။ မနုညပူဝသူပေတိ၊ နာဠိကောရိကဘောဇနံ။
တေန ဟောမ စက္ကေ သုက္ကော၊
စန္ဒောဝ သုဒိတောဒိတာ။

၁။ ဓမ္မာသင္ဂီ သုနက္ခတ္တ သံယုတ္တာသ=တရားဆယ်လီ
အာသင်္ဂြိုဟ်၌ နက္ခတ်စက်မင်းနှင့် နီးချဉ်းပတ်ဝင် ကောင်းစွာ
ယှဉ်ထသော။ သံဃာတာရကာ မာလိဿ = ရှစ်ဆူသံဃာ
အရိယာဟု တာရာရစ်သန်း ခိုင်ပန်းအဝန်းလည်း ရှိထ
သော။ ဇိနိန္ဒုနော=ဘုရားရှင်တူ စင်ပြူထိန်လင်း ရွှေ
လမင်းကြီး၏။ ဥဂ္ဂတေ=ဝန်းကျင်ပ,ပြောင် အမိုက်မှောင်
ဖျက် ထွန်းတက်ရာဖြစ်ပေသော။ ယတ္ထ=အကြင်သုမင်္ဂလာ

ညီညွတ်စွာသော အခါကောင်း အခါမြတ်၌။ တံ ထေရံ= ထိုငါတို့ဆရာ မဟာထေရ်မြတ်သည်။ ဝိဇာယိ=မာတာ မိခင် မိးသန့်စင်၍ ဖွားမြင်တော်မူလေပြီ။

၂။ ထေရသ=ငါတို့ဆရာ မဟာထေရ်မြတ်၏။ တံ ကာလံ=မီးရှူးသန့်စင် ဖွားမြင်လေရာ ထိုမင်္ဂလာအခါ တော်ကို။ သညံ့ ကတွာ=နှစ်တိုင်းမကွာ မြဲပါစေမှု အမှတ် ပြု၍။ ဗုဒ္ဓသ=သုံးဘုံလောက ဓမ္မမြုတေ ကျက်သရေစု သဗ္ဗညု ဘုရားရှင်အား။ သာဒရံ=သက္ကစ္စဒါန ရဖို့အနေ ရှိသေကောင်းမွန်စွာ။ ပသီဒေါဒကပုပ္ဖဥ္စ=အထူးသန့်စင် ကြည်လင်အေးမြ ရေနှင့် တကွသော ပန်း ကို လည်း ကောင်း။ ခာတွဂ္ဂိဥ္စ=တင့်ဆန်းလျှံညီး ခာတ်မီးခာတ်ပန်း ကိုလည်းကောင်း။

၃။ မနုညပူဝသူပေဟိ= နှစ်သက်စဖွယ် သွယ်သွယ် များစွာ မုန့်ပဲဟင်းလျာတို့နှင့်တကွ။ နာဠိကေရိက ဘောစနဥ္စ=အုန်းနို့ ရောဖြွမ်း ထုံသင်းမွှမ်းသည့် အုန်းဆွမ်း ဘောဇဉ်ကို လည်းကောင်း။ တေ မယံ=ထို ကျွန်ုပ်တို့ သည်။ ဒေမ=သဒ္ဓါရွှင်ကြူ စင်စင်ဖြူလျက် ပူဇော် လှူဒါန်းကြပါကုန်၏။ တေန=ထိုသည့်ပုည ကုသလအဟုန် အစွမ်းဂုဏ်ကြောင့်။တေ မယံ=ထိုကျွန်ုပ်တို့သည်။စက္ကေ= ဘုရားရှင် သာသနာ အာဏာတော် စက်အတွင်း၌။ သုက္ကော စန္ဒောဝ=ရောင်ရှင်ဝန်းပ ထွန်းတက်ကြွသည့် လ၏အသွင်။ သုဒိဒ္ဒတာဒိတာ=အလွန်အကြူး ရွှင်ရွှင်မြူး လျက် တိုးတက်ပွားစီးကုန်သည်။ ဟောမ=ဖြစ်ကြရပါစေ ကုန်သား။

# ရတုမှိုင်းစုံ

**မနောမယာ**၊ ဘွဲ့တော်သာသည့်၊ စေတျာဃရ၊ ထွတ် သကျမူ၊ ကမ္ဘာ့မှောင်ချွေ၊ ရွှန်းရွှန်းဝေသား၊ သေခွေ ခြင်းရာ၊ စိစစ်မှာပိမ့်၊ ဒီပါသောင်းထိုက်၊ ဦးတိုက်ခိုက် တည့်၊ မကိုဋ္ဌသရဖူ၊ ပွားပြန့်လူ၍၊ သယမ္ဘူဉက္ကာဋ္ဌ၊ ရိုးတော်ဓာတ်နှင့်၊ မြတ်မွေသီရိ၊ မဟေသီတို့၊ စေတီ ဘောဂ၊ စုံမြောက်စွာ့ရှင့်၊ သဇ္ဇနမော်၊ မြတ်သူတော်တို့၊ ဖူးမြော်စိမ့်ငှာ၊ ဌာပနာ၍၊ သဒ္ဓါငွားငွား၊ ပွားထက် ပွားအောင်၊ ထက်ဖျားတတိယာ၊ ပစ္စယာ၍၊ သတ္တာလေး ဆိုင်၊ မြိုက်ပန်းခိုင်ကို၊ ကိုယ်တိုင်စွမ်းအား၊ လက်တော် ထား၍၊ သုံးပါးလောင်မီး၊ နှောင်အိမ်ကြီးမှ၊ သီးသီး များဟူ၊ ဝေနေလူကို၊ နိဗ္ဗူသောင်ခွင်၊ ကယ်မျှတ် တင် သား၊ တကျော့ကုံရာ၊ ထွတ်မြတ်စွာမှ၊ မဟာဂေါတမ၊ ရှင် တော်ကျအောင်၊ အဋ္ဌဝီသံ၊ စောဘုန်းလျှံတို့၊ နှိုင်းစံမဟဲ့၊ ကိန်းမွေ့ခဲ့ရှင့်၊ တလှဲ့ထိုနောက်၊ နှစ်ဆင့်မြောက်မူ၊ မိန့် သောက်ရွှေစက်၊ ဧတဒဂ်ဟု၊ ချွေမြွက်ဂုဏ်သ၊ ရဟန္တာ လျှင်၊ ဒသ လေးလီ၊ သမညီတည့်၊ တလီထိုမှ၊ ဟောဋ္ဌိမဟု၊ ပထမ ပစ္စယာ၊ ဘုံဆင့်မှာမူ၊ သင်္ချာထို့တွင်၊ လေးဆယ်ပင် တည့်၊ အရှင်မောဃရာဇ်၊ တစ်ဆူချစ်လျှင်၊ မိန့်လစ်ဘွဲ့သ၊ ဧတဒဂ်ရရှင့်၊ သေသကြွင်းဘိ၊ ပကတိသာ၊ ပေါင်းစုကာ လျှင်၊ ရာပေါ ရှစ်နင်း၊ ကျေနဝင်းနှင့်၊ ရှိန်ပြင်းဂုဏ်မြတ်၊ နတ်ထက်နတ်တို့၊ သတ်မှတ်ကိန်းယူ၊ နန္ဒမူသို့၊ ဂူတော် ထိုမျှ၊ သာမောဖွာ့ရှင့်၊ ဖူးကြဗိုလ်လူ၊ ဟိန္ဒုဂူလည်း၊ ကြည် ဖြူရွှင်လန်း၊ ရေထိပန်းသို့၊ လဆန်းတူစွာ၊ ဘေးရန် ကွာသား၊ ကူဋ္ဌာမယ၊ စေတိယသို့၊ ထက်ဝမိုးရပ်၊ ဗြဟ္မာ

နှုတ်လည်း၊ မလပ်ချိန်ခါ၊ ဦးညွတ်လာသည်။ ။ **သဒ္ဓါ ကြည်လင် များသောကြောင့်။**

**ဓမ္မောသထာ**၊ မြိုက်ရသာတည့်၊ မင်္ဂလာအောင်စည်၊ ဆော်ရွှမ်းလည်သား၊ အတီတခို၊ ကျွန်းသီဟိုဠ်တွင်၊ ဗဟို မှန်ကင်း၊ လျှံလက်လင်း၍၊ ရဲခြင်းလွန်စွာ၊ ပိဋကာဝယ်၊ ဝိသာဂုဏ်မွန်၊ ချွန်ထက်ချွန်လျက်၊ ဝှန်ဘာဝင်ခိုက်၊ ဂယက် ဆိုက်မျှ၊ တက်လှိုက်တောဇာ၊ နှိုင်းဖက်ကွာသား၊ မဟာ ဝိဟာရ၊ ကဲ့တမျှသို့၊ မမ္မနာဒါ၊ မြတ်ရာ မာတင်၊ ဂဏာ မောက္ခ၊ စုံပေါက်ပြရှင့်၊ နယမိန့်ဖော်၊ ကုတ်ကော်ခဲခက်၊ မိပ္ပာယ်နက်ကို၊ ကြံသက်ဉာဏ်ထား၊ စိန်ရည်သွားဖြင့်၊ ပိုင်းခြားသွယ်သွယ်၊ ယုံမှားပယ်၍၊ ဘုန်းကြွယ်စံနှင်း၊ တုဆွယ်ကင်းသား၊ ဖောက်ထွင်းပညာ၊ ကျင့်သိက္ခာမူ၊ စာမရီတပဲ၊ သက်စွန့်ရဲရှင့်၊ အံ့အဲမဆုံး၊ ကဝိဘုန်း၏၊ မိန့်ဆုံးဖော်ပြ၊ သြဝါဒကို၊ တစ်စမကျန်၊ ကျင့်ဆောင် ဖန်လျက်၊ ဝန်းရံခလျှား၊ တပည့်များနှင့်၊ တရားဖွေမှာ၊ တိရတနာကို၊ ဘိမာနစစ်၊ ဖြစ်ကြီးဖြစ်လျက်၊ တက်သစ် နေမင်း၊ ကယ်မသွင်းသည့်၊ ရှိန်ပြင်းတေဟုန်၊ ချောင် ရန်ကုန်မှ၊ လုံးစုံပေါ်ယယ်၊ အသွယ်သွယ်သား၊ ကြီးငယ် မစောင်း၊ တပည့်ပေါင်းတို့၊ နှစ်ထောင်းအားရမ်း၊ သင် ပုတ်ဆွမ်းနှင့်၊ ရေချမ်းကြက်လျှာ၊ စုံစီမွှာ၍၊ မာလာ သောက၊ ဟောဝတတည့်၊ ဒေါနနှင်းဆီ၊ သရဖီလည်း၊ ထုံကြည်ကြက်ရုံး၊ ခိုင်ဂမုန်းနှင့်၊ တောလုံးနံ့မျှ၊ ပါမောဇ္ဇ တည့်၊ ဆရာ့ပါရမီ၊ ကြာမရှည်ပင်၊ ပြည့်ညီစေသော၊ မြတ်သဘောဖြင့်၊ မနောမယ၊ စေတီယတွင်၊ ဒေဝပြဟ္မာ၊ ဝိုင်းညီညာသို့၊ အခါဇေယျု၊ အောင်ကိန်းကြုံလျက်၊ မသုဉ်ဥပဒ်၊ ဆွမ်းတော်ကပ်ရှင့်၊ သဟာယ်ကော၊ ရာဇ္ဇယနှင့်၊

ဒသကိုးဖြာ၊ နှစ်ခုသာလျှင်၊ ဇေယျာသက္ကရာဇ်၊ သျှန္တီခေတ်၌၊ ကြိမ်လစ်သစ်ဆင်း၊ တော်သလင်း၏၊ လမင်းစန်းတက်၊ ဆန်းနှစ်ရက်ဟု၊ မဟာဂ်ပဝရ၊ အောင်ဇေယျတည့်၊ မင်္ဂလာ့မင်္ဂလာ၊ နေဒိဝါသည်၊ ၊**မဟာထေရ်ရှင်ဖွားသောကြောင့်**။ ။

**အဟောတာ**၊ ကြုံခဲစွာသား၊ ဇေယျာသီရိ၊ မန်းပူရိမှ၊ ပစ္ဆိမုတ္တရ၊ နောက်မြောက်ကျဝယ်၊ ရော့ရုံခြား၊ တောင်ကမ်းပါးနှင့်၊ မြောင်ကြားဂနိုင်၊ ပင်ချင်းဆိုင်၍၊ အခိုင်ယှက်နှော၊ ပန်းစုံပြောသား၊ တောနက်ရှည်လျား၊ ရဂုံဖျားဝယ်၊ သိကြားဗြဟ္မာ၊ ဖြစ်စေကာလည်း၊ ကြံရာနက်နဲ၊ ပြုနိုင်ခဲရှင့်၊ စိတ်ဇွဲထက်ချုန်၊ မြို့ရန်ကုန်၌၊ တိဂုံထူပ၊ ဝေါပကတည့်၊ ထိုမှတစ်ဖန်၊ တိုင်းလန်ဒန်မှ၊ ဒေသန္တရ၊ အိန္ဒိယနှင့်၊ ရဋ္ဌအင်္ဂလန်၊ နိုင်နိုင်ငံတိုင်း၊ ဂုဏ်ပျံ့လျှံမွှေး၊ စက်သေဋ္ဌေးဟု၊ နီးဝေးဝန်းကျင်၊ ကျော်ကြားထင်သား၊ ဦးသွင်ဒါယကာ၊ သူတော်စွာလျှင်၊ ငါပင်ရှေ့သွား၊ တည်ထောင်ထားအံ့၊ ငါ့အားဗိုလ်လူ၊ နည်းစံယူ၍၊ အတူမသွေ၊ ပြုကြစေမည်၊ စိတ်ဝယ်ရည်လျက်၊ စန္ဒီစက်ဝန်း၊ သော်တာစန်းသို့၊ ရစ်သန်းရောင်ဝါ၊ နေ့ပမာတည့်၊ ရတနာဓာတ်စက်၊ လျှာဒါန်းဆက်ရှင့်၊ အချက်ပဘာဝ၊ ယင်းကိုစလျက်၊ မူလကြောင်းယူ၊ ခုခါမူကား၊ ဝေဘူစိန်နှုန်း၊ တစ်တောင်လုံးကို၊ မှောင်ဖုံးကင်းကွာ၊ လင်းစိမ့်ငှာလျှင်၊ သဒ္ဒါပွားမြဲ၊ သူတော်ဇာတ်တို့၊ စိတ်ဓာတ်ထက်စွာ၊ သူ့ထက်ငါလျှင်၊ ဆိုင်ရာသီးသီး၊ လှူတော်ပြီး၍၊ တောင်ကြီးကျက်သရေ၊ ရွှန်းရွှန်းဝေခဲ့၊ ကဝေညဏ်ရှင်၊ မူလထွင်လျက်၊ စီစဉ်ချက်ကြောင့်၊ ဆက်လက်နောက်ပွား၊ ဒကာများ၏၊ စိတ်အားစေတနာ၊ လှုံ့ဆော်

ကာလျှင်၊ သူသာအစစ်၊ ဖြစ်ကြီးဖြစ်၍၊ သနစ်ပုံကြား၊ ရှေ့ဆောင်လားတည့်၊ ရည်သွားဖန်သစ်၊ သို့အင်ဖြစ်ကြောင့်၊ လျှပ်စစ်ဘိုးဘိုး၊ သမိုင်းထိုးခဲ့၊ မညှိုးနောက်နောင်၊ ကြံတိုင်းအောင်လိမ့်၊ တောတောင်ရေမြေ၊ ထက်ဘုံနေသား၊ တွက်ရေများစွာ၊ သာသနာနှင့်၊ ကမ္ဘာလောကဓာတ်၊ တစ်သောင်းရပ်မှ၊ နတ်နှင့်ပြဟ္မာ၊ ထပ်ဆင့်ကာလျှင်၊ သက်ရာကျော်ရှည်၊ တည်ကြောင်းရည်၍၊ ဝစီဖော်လင်း၊ မေတ္တာသွင်းလိမ့်၊ ကောင်းခြင်းမင်္ဂလာ၊ ဝှဲချီးညာသည်၊ ၊၀နာ၁စည်ပင် ပွားသော‌ကြောင့်။ ။

(လွန်ခဲ့သော ၅၃-နှစ်ကျော်မှ မူရင်း လက်ရေးမူ စာအဆွေး)

❀

ရှင်ဝိစိတ္တသာရသည် ၁၂၉၂-ခုနှစ်၊ တန်ခူးလ
နှစ်ဆန်း ၁-ရက်နေ့မှစ၍ ကျေးဇူးရှင် ဓမ္မနာဒ
ဆရာတော်ဘုရားကြီး အထံတော်၌ မောဂ္ဂလ္လာန်ကို
ဆို၀ါဖြင့် တက်လာခဲ့ရာ တန်ဆောင်မုန်းလဆန်း ၅-ရက်
စနေနေ့၌ ပြီးဆုံးအောင်မြင်သည် ဖြစ်၍
ဝမ်းမြောက်ဝမ်းသာ ဝါသနာအလျောက်
အောက်ပါ ပတ္တိဒါန အမျှဝေ တေးထပ်ကို ရုတ်တရက်
ရေးစပ်ကာ အမျှဝေလိုက်သည်မှာ....

**ပတ္တိဒါန အမျှဝေ တေးထပ်**

ရန်မသီ ဘေးမခ၊
အေးမြဖို့ ဖြစ်လာ၊
ဒွေးနှစ်ဝ နှစ်ကောမှာ၊
ပရစ်ဒွေ့ညာ ပွင့်ဖူး။

ခဝဲပွင့် ပတ်လှည့်ကာငယ်၊
ကြွတ္တိကာ မိုးဝပျော်မြူး။
စန်းစန္ဒ ပွားတက်လုံတယ်၊
နဂါးစက်ခုံ သာမြူး။
ငါးရက်ကြုံ အခါထူးတွင်မှ၊
သဒ္ဒါထူး ကြည်ကြည်။
မောဂ္ဂလ္လာန် စိတ်ရှိမှန်းပါလို့၊
သိဒ္ဓိပန်း ခူးဆွတ်ပိုင်ပြီ။
ကတိနှင့် တပည့် အလီလီမှာ၊
ပီတိမို့ ဖရဏာလွှမ်းတဲ့ပြင်၊
သဒ္ဒါပန်း နဂို့နဂို၊
ပို့ထက်သာ ပို။
ဤကောင်းမှု အမျှဆိုတယ်၊
ရစေလို နတ်ပေါင်းကွယ့်လေး။ ။

ရှင်ဝိစိတ္တသာရ
၁၂၉၂-ခု တန်ဆောင်မုန်း လဆန်း ၅-ရက်။

❀

၁၂၉၂-ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၅-ရက်နေ့
ရှင်ဝိစိတ္တသာရ ရဟန်းအဖြစ်သို့ ရောက်ရှိသည့်

ဥပသမ္ပဒမင်္ဂလာဘွဲ့ တေးထပ်

သာသနာ အရှိန်တင့်စေဖို့၊
အချိန်သင့်ခါမီ၊
စိန်ဆင့်တဲ့ မြရတီလို၊
ရှု့မမီ လွန်ရှား။

ထေရ်ဝိနှင့် ဒကာ့ ဒကာတွေမှာ၊
သမ္ဘာ့ သမ္ဘာ ရှေးကလွန်များ။
ပိဋကတ် မြေမဟီမှာ၊
ကေသရီအလား။

ထေရ်မထေရ် မထေရ် ဘုရားရယ်တို့၊
တညီသား ကြွမော်။

သာသနာ မဟီနှုံ့တဲ့ပြင်၊
အရှည်ခံ့ စိတ်ကရည်ရော်။

ပဗ္ဗဇ္ဇ ဇယုဿဝေါကို၊
နရုတ္တမော် ဓမ္မက္ခန်အတိုင်းသာပ၊
ဌာန်ကရိုဏ်း ပီပြင်သာယာ၊
ရွတ်ဖတ်ညီညာ။

သာသနာ့ ပွင့်ဩဘာကို၊
ပင့်ထောက်ကာ မြှောက်ပွဲပလေး။ ။

အရှင်ဝိစိတ္တသာရ
၁၃-နှောင်း၊ ၁၂၆၂။

## အရှင် ဝိစိတ္တသာရ၏ (ကိုယ်တိုင်ရေး)-

# ဥပသမ္ပဒမင်္ဂလာ ဩဘာစာတမ်း

ဇယံ ဂတော ယော မာရဿ၊
ဝိဝိဓာ-နေက-မာကုလံ။
တိလမတ္တံ-ပျ-ခေဒေန၊
သောမံ ဒေတု ဇိနော ဇယံ။ ။

၁။ ။မင်္ဂလာယှက်ရုံ၊ ရန်လုံဗောဓိ၊ သီရိနဂိုရ်၊ ဗဟိုခရိုင်၊ မြေမဏ္ဍိုင်၌၊ လေးခိုင်သော- သစ္စာပန်းတို့ကို လက်လှမ်းကြည်နူး၊ အရခူးလျက်၊ ငါးဦးသော မာရ်စစ်မက်ကို၊ လက်နက်မစွဲ၊ အောင်ပွဲဝင်ကာ၊ ဇေယျာတိဇေယျက္က၌၊ သုံးလောကကေသရီ၊ မဟေသီခေါင်ချုပ်၊ နရုတ္တမ၊ အနုတ္တရ ဘဂဝါ၊ မဟာအတုလ၊ တြိဘဝပုင်္ဂဝေါ၊ အောင်လံတော်စိုက်ထူ၍၊ ခြောက်ဆူရောင်ခြည်၊ အလီလီဖြင့်၊ မဟီတလင်၊ မြေအပြင်မှ၊ ကောင်းကင်-ရေနေ၊ များဗိုလ်ခြေတို့အား၊ အောင်မြေနက်သန်၊ နေရဗာန်သို့၊ ဖောင်ပျံမဂ္ဂင်ဖြင့်၊ ပို့တင်ဆောင်ယူတော်မူတတ်သော၊ ဂုဏ်တော်မြတ်အရ....

'သတ္တေ ဝိနေတီတိ ဝိနာယကော'....

ယော ဘဂဝါ = အကြင် ဘုန်းတော်ခြောက်ဆိုင် အောင်လံတိုင်ကို ကိုယ်ပိုင်လက်ထား မြတ်ဘုရားသည်။ သတ္တေ = ဘဝကြီးငယ် အသွယ်သွယ်၌ ငြိတွယ်တဏှာ သတ္တဝါအပေါင်းတို့ကို။ ဝိနေတိ=ဓမ္မပဒေသ ညွှန်ပြသွန်သင် ပြည်နိဗ္ဗူသောင်ခွင်သို့ ဆောင်တင်ကယ်ပို့တော်မူတတ်၏။ ဣတိ = ဤသို့သော ဝစနတ္ထ ဗျုပ္ပတ်အရကြောင့်။ ဝိနာယကော=ဝိနာယက မည်တော်မူ၏။....

ဤသို့ထုတ်ပြ၊ အက္ခရစိန္တကာ၊ မြတ်ဆရာတို့၊ သဒ္ဒါဝုဒ်ပါဌ်၊ ရုပ်ဓာတ်အရှိ၊ ဗျုပ္ပတ္တိဝိဂြိုဟ်၊ လှစ်ဆိုအပ်သည်နှင့် လျော်စွာ–ဝိနာယက၊ ဘွဲ့တော်သအပ်သည့်၊ မကုဋ္ဌပဝရာ၊ ငါတို့၏ စောမြတ်စွာသည်.... ဝါလေးဆယ့်ငါး၊ တရားရေအေး၊ အမြိုက်ဆေးကို၊တိုက်ကျွေးပွဲ့ပြင်၊ အောင်ပွဲကြီးယင်လျက်၊ ဆုံးခွင်သမယ၊ ပစ္ဆိမဥ္၊ ခန္ဓပရိနိဗ္ဗာန်၊ ဒုတိယနေရဗာန်ကို၊ စံလွန်တော်မူဆဲအခါ၊ အနာဂတ၊ ဝေနေယျတို့၏အကျိုး၊ ပွားတိုးစည်ပင်ရာ၊ မဟာကရုဏာတော်၊ လှုံ့ဆော်ရကား၊ ကိုယ်စားတော်အရာ၊ ဓမ္မက္ခန္ဓာပေါင်း၊ ရှစ် သောင်း လေး ထောင် ကို၊ ငါးထောင်သာသနာ၊ အခါမြင့်တည်၊ အရှည်တံ့စား၊ ထားတော်မူခဲ့ပေသတည်း....။

၂။ ။ယင်းသို့ ထားတော်မူရာ၊ သာသနာတော်အဖူး၏၊ ခလုပ်ဆူးအသွင်၊ ငြောင့်တံကျင်သဖွယ်၊ မိစ္ဆာနတ်တို့ကို၊ ရှင်းပယ်တားဟန့်လျက်၊ ပွားပြန့်စည်ပင်ရန်အကျိုးငှာ၊ အရှင်မဟာကဿပ၊ အရဟန္တကို၊ ဥက္ကဋ္ဌအမှူးတင်၍၊ ငါးရာသော ရဟန္တာအရှင်တို့၊ စိစစ်ညှိနှိုင်း၊ ရွတ်ဆိုလိုင်းလျက်၊ တိုင်းမဂဓ-ရဋ္ဌသိခရာ၊ အဇာတသတ်၊

စောနေနတ်သည်၊ ထက်မြက်သောသဒ္ဓါဥက္ကဋ္ဌဖြင့်၊ ဓမ္မာ နုဂ္ဂဟာခြိမ့်သဲ၊ ပထမ သံဂါယနာတင်ပွဲကို၊ ဆင်နွဲတော် မူသတည်း....။

၃။ ။ထိုမှ ဆက်လျှောက်၊ သဗ္ဗညု ထွတ် ဘုန်းလျှံ-ပရိနိဗ္ဗာန်- စံတော်မူပြီးသည့် နောက်၊ နှိုင်းထောက် တွက်ဆ၊ နှစ်ပေါင်း တစ်ရာ (၁၀၀)အကျတွင်၊ မဟာ ယသ ရဟန္တာအရှင်ကို၊ဥက္ကဋ္ဌတင်မြှောက်ကာ၊ ရာခုနစ်လီ၊ ရဟန္တာမထေရ်တို့၊ တူညီရံဝိုင်း၊ ဌာန်ကရိုဏ်းဖြင့်၊သံလှိုင်း ဆိုရွတ်၊ ဝေသာလီပြည်အလုံးကို ရွှေဘုန်းတော် တောက် ပသည့်၊ ကာဠာသောက မင်းမြတ်သည်၊ နောက်ထပ် တစ်ဖန်၊ မဟာဇေယျသဝ၊ ဒုတိယ သံဂါယနာတင်ပွဲကို၊ ဆင်နွဲတော် မူပြန်သတည်း....။

၄။ ။ထိုမှတစ်ဖြာ၊ သာသနာ လျှံတောက်၊(၂၃၅) နှစ်ရာသုံးဆယ့်ငါးနှစ် အရောက်၌၊ ထက်-အောက်ဖွံ့ဖြိုး၊ မြေ-မိုးတစ်ယူဇနာ၊ အာဏာတော် စိုးရှသည့်၊ ပါဋလိ ပုတ္တရာဇာ၊ မဟာပုညဇိဒ်၊ ထူးနိမိတ်ဖြင့်၊ ဂုဏ်ဟိတ် မိပတိ၊ ဘုန်းရောင်ငြိလျက်၊ ရဝိစက္ကရတ်၊ နေနတ်နွယ်လာ၊ သီရိဓမ္မာသောက၊ နရိန္ဒသည်၊ မဟာမောဂ္ဂလိပုတ္တ၊ တိဿ မည်ထူး၊ ရဟန္တာအရှင်မှူးကို၊ အဦးတင်မြှောက်၊ တစ် ထောင်သချာ - ရဟန္တာ ဘုန်းရှိန်တောက်တို့၊ သုံးကြိမ် မြောက် သံဂါယနာတင်ပွဲကြီးကို၊ ဆင်နွဲတော် မူပြန် သတည်း....။

၅။ ။ထိုမှဆက်ကာ၊ သာသနာ ခေတ်၊ (၂၅၆) နှစ်ရာငါးဆယ့်ခြောက် နှစ် သို့ အကျတွင်၊ လင်္ကာဒီပ၊ သီဟဠ၌၊ သာသနာ့ဒါယကာ၊ သဒ္ဓါတိဿ မင်းကြီး၏ သားတော်၊ တေဇော်ရဲငြိ၊ ဝဋ္ဋဂါမဏိ ဟု၊ ဘုန်းရှိနရိန္ဒာ၊

နွယ်လာနေနတ်၊ ယင်းမင်းမြတ်၏လက်ထက်တွင်၊ အဆက်ဆက်သာသနာ၊ အခါတော်ရှည်လျား၊ စည်ကားပွားပြန့်ရန်၊ ငါးရာသော အရဟံတို့၊ ဝိုင်းရံစုရုံး၊ တူညီသော စိတ်နှလုံးဖြင့်၊ သုံးလူ့ ဖဘဂဝန်၊ မမှကွန် ရွှေစကားကို၊ ပေထက်သို့ရေးတင်ကာ၊ 'ပေါတ္ထကာရုဠ္ဌ'၊ ဘွဲ့ ပုံ ဥက္ကဋ္ဌ၊ သမုတ်ရသည့်၊ စတုတ္ထ သံဂါယနာတင်ပွဲကို၊ ဆင်နွှဲတော်မူကြပြန်သတည်း....။

၆။ ။ဤသို့ဆက်လျှောက်၊ အထောက်ထောက် အခါခါ၊ ရဟန္တာတို့သည်၊ သာသနာတော်မြတ်ကြီးကို၊ သိမ်းဆည်းစောင့်ရှောက်တော်မူကြ၍၊ အစဉ်အတိုင်း တိမ်းယိုင် ကိုင်းစောင်းခြင်းမရှိ၊ အကျွန်ုပ်တို့၏ မြန်မာနိုင်ငံတိုင်အောင်၊ ကြွခိုင်မတ်မား၊ ကျောက်စာတိုင် အလားကဲ့သို့၊ ထွန်းကားစည်ပင်ကာ၊ ရတနာပုံ၊ မြေယခုံဟု၊ ဇေယျုပူရိန်၊ ဝတီ အလား၊ သိကြားမင်းစံရာ၊ အမရာဝတီ၊ နေပြည်တမျှ၊မန်းအောင်မြေ ပဝရကို၊ ပထမ ဦးချိ၊ မြို့နန်းတည်လျက်၊ မဟီအင်ူ၊ ဤဇမ္ဗူတွင်၊ ရည်တူဖက်ကင်း၊ အမင်းမင်းတို့ထက်၊ ရှိန်ပြင်းသောရာဇဂုဏ်၊ ဝသုန်မဆန့်၊ ဘဝဂ်နှံ့မျှ၊ ပြန့်ကျော်သောသမ္ဘာတော်၊ အာဏာတော်စူးရှသော၊ အရှင် ဘဝရှင်မင်းတုန်းမင်းတရားကြီး၏လက်ထက်တော်၌၊ အဆက်ဆက်သော ရာဇဝင်တွင်၊ တစ်ကြိမ်တစ်ခါပင် မကြုံစဖူး၊ ထူးကဲသောသဒ္ဒါအရှိန်၊ နတ်လက်နက် ဝရဇိန်သို့၊ စောမုနိန်သာသနာဝယ်၊ အခါမြင့်ထွေ၊ ကမ္ဘာပင် ကြေသော်လည်း၊ မကျေဥဒါန်း၊ လူ့ထံ- နတ်ဘောင်- ကြာတိုင်းပင်ပြောင်စိမ့်မည်၊ မြင့်ခေါင်သောစိတ်မှန်းဖြင့်၊ ဆန်းနုသော ကျောက်အပြင်ဝယ်၊ သန့်စင်ပီသစွာ၊ အက္ခရာပုဒ်ဗျည်း၊ သိပ်သည်း

ငြိသံခွဲ၊ တစ်လုံးတစ်ပါဒမျှလည်း အကျအယွင်း မရှိစေရ။ သာသနာ့ကျက်သရေ၊ ကမ္ဘာလုံးတည်စေ- ဟု၊ ရွှေဉာဏ်လေးနက်၊ အမြင်တော် ထက်လှ၍၊ **သေလဗ္ဗရမည်တွင်**၊ ပဉ္စမသံဂါယနာတင်၊ ပွဲသဘင်ကို၊ နွဲဆင်တော်မူပြုန်သတည်း....။

၇။ ။ကိုအခါမှ စ၍၊ မြန်မာ့ နွယ် ဘုန်း၊ မိုးနှယ် ချုန်းသို့၊ ယှဉ်နှုန်းဖက်ကွာ၊ သာသနာတော် အဝှန်း၊ နေဝါ လဝန်းမကာ၊ တောက်ပ စည်ပင်ရာ၊ ယင်းအခါ၌၊ **'မဟာဇောတိကာရာမ'**၊ သာသနာ့ တံခွန်ဆောင်၊ အခေါင်ဒိပတိ၊အောင်ဗောဓိဘုကြီး၊ပွင့်လုနီးပမာ၊မဟာပညာဝန်၊ သီလဝန်တမွှတ်၊ အထွတ်ရတနာ၊ အရှင်သာရိပုတ္တရာ တမျှ၊ စူးရှသောဉာဏ်အမြင်၊ **'အရှင်စံကျောင်းဆရာတော်ဘုရားကြီး'**မှ၊ ပေါက်ဖွားနွယ်လာ၊ ထေရာဝံသ၊ ပဒီပ အစစ်၊ ရတနာပုံမြို့တော်မှ၊အနောက်မြောက်အကျ၊ မင်းကွန်းမြေဌာန၌၊ ထူးလှစွာသော၊ မဟာဉာဏ်၊ အာဇာနည်ဘွား၊ ဘုရင့်၏ပညတ်အရှိကို၊ ပကာတိသော၊ သဇ္ဇနဘာဂ်၊ ဝသီဘော်အလေ့ သဘောဖြင့်၊ နေ့ရောညဉ့်ပါ၊ စေတျာဃရ၊ ဗောဓိယင်္ဂဏမှစ၍၊ အဝဝသော အကျင့်ဝတ်တို့ကို၊ ယွင်းချွတ်ခြင်းမရှိစေရ၊ဓမ္မဂဗ္ဘာ၊အလီလီ၌လည်း၊ ကေသရီအလား၊ ပေါက်ဖွားနှုနယ်၊ ငယ်ရွယ်စဉ်ကပင်၊ လူရှင်ပရိသတ်တို့အလယ်၌၊ အံ့ဖွယ်ထူးဆန်း၊ ရဲစွမ်းသတ္တိဖြင့်၊ ကဝိတ်ဂွန်၊ အရည်ချွန်လျက်၊ ကဲလွန်သောဝီရိယတန်ခိုးဖြင့်၊ ကြိုးပမ်းအားသွန်ကာ၊ သဒ္ဒါ-သဂြိုဟ်၊ ထိုထိုကျမ်းဂန်၊ ဂန္ထန္တရ၊ နယသာဂရ၊ အဋ္ဌကထာ-အနု၊ မဓုရောပြွမ်း၊ အခန်းခန်းတို့၌၊ ကမ်းခတ်မြောက်ဆုံး၊ ဗျာကရဏ်းအဟန်တန်၊ အဘိဓာန်အဝဝ၊

မဂဓအရှိရှိ၊ နေတ္တိပိဋ္ဋ၊ တစ်ဆူပါမောက်၊ စုံပေါက်ကဲလွန်
ပညာဝန်ထူးဟိတ်ဖြင့်၊ ပိဋကတ်သိဒ္ဓိကြီး၊ အပြီးကြီး ပြီး
လျက်၊ ခိုမှီးထံပါး၊ တပည့်များကိုလည်း၊ ကြီးပွားစေလို
ခြင်း၊ မူလရင်းသဒ္ဒါအရှိဖြင့်၊ ပါဠိ–အဋ္ဌကထာ–ဋီကာ
အခန်းခန်းတို့ကို၊ အားပမ်းစိုက်ထုတ်၊ နေ့ရောညဉ့်ပါ–
အခါကို မယုတ်စေဘဲ၊ မဟုဿဝ၊ ဓမ္မစာ သဘင်ပွဲကို၊
ဆင်နွဲပို့ချ၊ ကြုံးပတ္ထုံမြည်ရာ၊ သညာအနွတ္တာဖြင့်၊ ပါကဋ္ဌ
ထင်ရှား၊ **'အရှင် ဓမ္မနာဒတိုက် ဆရာတော်ဘုရား'** ၏၊
ထံပါးစက်မို၊ ဘုန်းတော်ရိပ်လှုံ ခိုလျက်....

ထိုထိုများစွာ၊ ကျမ်းစာအမျိုးမျိုးတို့ကို၊ အားကြိုး
မာန်တက်၊ နှစ်သက်မြတ်နိုးစွာ၊ လေ့လာသင်ကြား၊ သာ
သနာတော်ကြီး၏ အကျိုးစီးပွားကို၊ သက်စွန့်ကြိုးပမ်း၊
ထမ်းဆောင်မည်ဟူသောစိတ်ထားတို့၊ အသင့် ပွားစီး
လျက် ရှိနေပေသော မြင်းခြံမြို့အပိုင်၊ တစ်တိုင်ခန့်အကွာ၊
ကျည်းပင်ရွာလျှင်၊ ဖွားရာဇာတိရှိသော၊ **ရှင်ဝိစိတ္တသာရ**
အား၊ ယခုအခါ၊ ရိုသေစွာ ပင့်လျှောက်ချက် အရ၊
ကြွရောက်တော် မူကြကုန်သော၊ မဟာထေရ် ဘုရားတို့
သည်၊ သနားငဲ့ညှာ၊ သာသနာတော်၏၊ ကြီးပွားရာကို၊
ထောက်စာ ရှုမြော်တော် မူကြသောအားဖြင့် လည်း
ကောင်း၊ ဘုရားရှင်အမိန့်တော်ကို၊ ကော်ရော်လေးမူ၊
တူမျှသောစိတ်နှလုံး၊ ရှိတော်မူကြသည် ဖြစ်၍ လည်း
ကောင်း၊ ဥတ္တိစတုဿကမ္မဝါစာ၊ ဘုရားရှင့်ဒေသနာကို၊
ဆယ်ဖြာသောပဉ္စုန တို့ဖြင့်၊ နှိုင်းညှိစုံစီ၊ တစ်ထပ်တည်း
ညီစေလျက်၊ မဟိမဏ္ဍလင်– ရဇတာစလ– အရည်ာရာမ
သိမ်အပြင်၌၊ ပွဲတင်သိတမျှ၊ ရွတ်ဖတ်သရဇ္ဈာယ်တော်
မူကြ၍၊ ပုဂ္ဂလသမ္ပတ္တိ၊ ဝတ္ထုသမ္ပတ္တိ၊ ကမ္မဝါစာသမ္ပတ္တိ၊

သီမာသမ္ဗုတ္တိ=ကျမ်းရှိအလာ၊ အင်ငါးဖြာဖြင့်၊ သာသနာ နှစ် ၂၄၇၄-ခု =လူတို့ဝေါဟာ၊ ကောဇာသက္ကရာဇ် ၁၂၉၂-ခု၊ ဥတုဂိမှာန၊ တန်ခူးလဦ၊ ဒေါန-နှင်းဆီ၊ သရဖီ-ရင်ကတ်၊ ပန်းမြတ်အင်ကြင်း၊ အစုံခင်းလျက်၊ ထုံသင်းယှက်ရုံ၊ ပန်းမျိုးစုံတို့၊ ရဂုံဟေမာ၊ ညီညာစွင့်စွင့်၊ အပွင့်ကြီးပွင့်တုန်း၊ တောလုံးသာယာ၊ ဘဂဝါသုဂတ၊ သုံးလောကဦးနှိမ်ကို၊ သုခမိန်ဖွားဖက်တော်-ကာဠုဒါယီ အမတ်ကျော်၊ လျှောက်ဖော်ပင့်ဖိတ်ချက်အရ၊ ကပိလ ဝှာနီ၊ နန်းအောင်ချာသိင်္ဂီသို့၊ စက်ချီကြွမြန်းတော်မူရာ၊ အခါကိန်းမြတ်၊ ထိမ်းအမှတ်ဖြင့်၊ လျှောက်ပတ်သာယာ၊ မင်္ဂလာသျှတ္တိ၊ အချိန်ကောင်းကြိုက်ညီလျက်၊ဆန်းခြောက် ရက်၊ တနင်းလာနေ့နံနက်၊ စက် ၈—ရှစ်နာရီ၊ နှစ်ဖဝါး-တစ်ဖီလာအချိန်တွင်၊ သာကီဝင်ဇာတ်၊ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ယောက်ပင့်တင်မလျက်၊ သာသနာ့ အဘိသိက်ပန်းကို၊ ဆင်မြန်းစေတော်မူကြကုန်သတည်း။

၈။ ။၎င်းရှင်ဝိစိတ္တသာရ၏၊ သာသနာ့အဘိသိက် ပန်းကို၊ ဆင်မြန်းသောကာလ၊ ထူးမြတ်သော အခါ သမယ၌၊ စတုကအင်္ဂုတ္တိုရ်၊ မိန့်ဆိုဖော်ပြချက်အရ၊ သာ သနသောဘဏာပုဂ္ဂိုလ် လေးဦးတို့တွင်၊ အစဉ့်မကွာ၊ ပါဝင်ပြီးဖြစ်ပါသော၊ ရာဇာဂါရ၊ ဂူကလေးချောင် ဌာန၌၊ ယထာသတ္တိ, ယထာဗလ; ပရိယတ္တိဓရ, ပဋိပတ္တိ မာမက၊ အာစာရသမင်္ဂီ၊ ဥပ္ပလဝဏ်ထေရီတမျှကဲ့သို့၊ ဝမ္မကျင့်မှီး၊ ဆရာကြီးနှင့်ရင်းနှီးသောမေတ္တာ၊ ငယ်စဉ် အခါမှစ၍၊ ယခုတိုင်ကျအောင်၊ တူမျှသောစိတ်ထား၊ ဂင်္ဂါရေ,ယမုနာရေ=နှစ်ပါးကဲ့သို့၊တသားတည်းညီညွတ် လျက်၊ ကြည်ဆွတ်သဒ္ဓါ၊ မြဲမြံသော ဒါယကာ-ဒါယိ

ကာမ ဖြစ်ကြပါကုန်သော...ဟံသာဝတီ၊ ပူရိနက်သန့်၊ မြေချက်မှန်တွင်၊ ဘေးရန်ကုန်ကင်း၊ အကြောင်းရင်းကို၊ စွဲတင်းမှည့်ခေါ်ရာ၊ 'မဟာဒဂုံ=မြို့ရန်ကုန်'၌၊ သုံးဘုံလုံး ဦးခိုက်ရာ၊ မဟာတိကုမ္ဘစေတီတော်ကြီး၏၊ ထိန်ညီးလျှံပ၊ အနဂ္ဃရတနာ၊ ဘဏ္ဍာတော်ဂေါပက၊ ဘွဲ့ဂုဏ်သ-လျက်၊ ကိုး၄ာနကိုးတိုင်း၊ ကွန့်လှိုင်းတေဇာ၊ မဟာဗောဓိရုက္ခ၊ ပရိဘောဂစေတီတော်ဒါယကာ၊ ဟစ်ဖြာထိုမှ၊လောက၏ ဖွယ်ရာ၊ များစွာသောဂုဏ်ထူးတို့ဖြင့်၊ချီးကျူးတင်မြှောက် ရာ၊ မဟာဇောတိက၊ ကဲ့တမျှလျှင်၊ ပါကဋပုံ့မွှေး၊ 'စက် သေဌေး-ဦးသွင်'နှင့်၊ ငါးအင်တစ်မည်၊ ရှစ်လီတစ်မျိုး၊ ကိုးပါးတစ်ဆင့်၊ ဝတ်အကျင့်တို့ကို၊ အသင့်စောင့်ထိန်း၊ 'သေဌေးကတော် - ဒေါ်ဒေါ်သိန်း'ပါ၊ တိမ်းပါးခြင်း မရှိ၊ဖ-မိတို့၏စကားကို၊ မှတ်သားလိုက်နာ၊အရာရာတို့၌၊ လိမ္မာပွန်းတီး၊ သား-သမီးတို့က၊ ပွားစီးသာသနာ၊ ငါး ထောင်ကြာအောင်၊ ထောရာဝံသ၊ ပရမ္ပရအဆက်၊ မပျက် ပွားလူး၊ ဆက်ကူးတည်စေရန်၊ ရည်သန်သောအားဖြင့် လည်းကောင်း....

> ယော တု ပုတ္တံ ဝါ ဓီတရံဝါ၊
> ပဗ္ဗဇ္ဇာပေသိ သာသနေ။
> သော သာသနဿ ဒါယာဒေါ၊
> ဟောတိ နော ဒါယကော အပိ။
> အတ သာသနဒါယာဒ-
> ဘာဝ+မိစ္ဆံ မဟီပတိ-

ကျမ်းရှိအလာ၊ သာသနာ့ ဒါယကာ၊ သာသနာ့ ဒါယာဒ၊=ယင်းနှစ်ဝတွင်၊ သာသနာ့ဒါယာဒအဖြစ်ကို၊ စင်စစ်လိုလားတော်မူသော—သီရိဓမ္မာသောကမင်းကြီး၏

ထုံးကို၊ ပုံနှုန်းစံပြုကာ၊ သာသနာ့ဒါယာဒ အဖြစ်ကို၊ စင်စစ် ရလိုကြောင်း၊ မဟာဇ္ဈာသယ-သမ္မာဆန္ဒကောင်းတို့ဖြင့်၊ ထုံပေါင်းအပ်သည်ဖြစ်ရကား၊ ဤမည်သောအခါ၊ စေတနာသမဂ္ဂီ၊ အညီကြီးညီကြလျက်၊ နှစ်လိုသော-နဂ္ဂဟာဖြင့်၊ ဥပသမ္ပဒ၊ သကျာဘိသေကမင်္ဂလာ၊ သညာတင့်ကဲ၊ မဟာပူဇာဝပူဇော်ပွဲကို၊ ဆင်နွဲကျင်းပ၊ ရွက်ဆောင်ကြပါသတည်း....။ ။

၉။ ။ ဤသည့်ပုည၊ ကုသလတို့၏၊ အဖို့အစုကို၊ ယခု ကြွရောက်ကူညီ၊ အတ္ထက္ခာယီဂိုဏ်းဝင်၊ သူတော်စင်ပရိသတ်တို့မှစ၍၊ သုံးလောကဗိုလ်ခြေ၊ များဝေနေနှင့်၊ ရေ-မြေ-တော-တောင်၊ အခေါင်သမုဒ္ဒရာ၊ သာသနာနှင့်၊ ကမ္ဘာစောင့်ကြပ်၊ နတ်အပေါင်းတို့အား လည်းကောင်း....၊ မိ-ဖ-ဆရာ၊ ဉာတကာနှင့်၊ ဣန္ဒာသက္ကာ၊ ယမရာဇာ၊ မဟာပထဝီ၊ ဤမြေစောင့် နတ်မင်းမှ စ၍၊ ခပင်းများတောင်း၊ ဝေနေယျအပေါင်းတို့ အားလည်းကောင်း....ကောင်းမြတ်သော ပတ္တိဒါန၊ မဟာကုသလဖြင့်၊ အမျှရကြစေ၊ ပေးဝေပါ၏....၊ ထိုထိုပြောထူ၊ များဗိုလ်လူတို့သည်၊ အတူအမျှ၊ ရကြီးရကာ၊ ထောမနာသုတိ၊ တုမရှိသော၊ ရစိရဝစနာ၊ ဗြဟ္မာအင်္ဂါနိဿ၊ ကရဝိက်ငှက်မင်း ကျူးရင့်သည့်တရားသည်၊ မဟိသိမ့်ဘနန်း၊ သာဓုအနုမောဒနာ၊ မင်္ဂလာစာတမ်းကို၊ ရွတ်မန်းဟစ်ကြွေး၊ ကြံရာတိုင်း အောင်မှုအရေးဖြင့်၊ အောင်ဆုကြီး ပေးကြပါစေသောဝ်....။ ။

ရဟန်းဖြစ်စ ရှင်ပိဋိတ္တသာရကို ဥပဇ္ဈာယ် ဆရာက ဥပသမ္ပဒအောင် သြဘာစာ ရေးဆက်သရန် တိုက်တွန်းသဖြင့် ဤသို့ ရေးသားဆက်ပါသည်။

(ထို့နောက် ဓမ္မနာဒဆရာတော် အရှင်ပညာ စက္ကမထေရ်က တပည့် အရှင်ဝိစိတ္တသာရအား 'ယခု သီကုံးရေးသား ဖတ်လျှောက်အပ်သော ဩဘာစာ အလိုက် မင်္ဂလာပိုဒ်စုံ ရတုကိုလည်း ဖွဲ့ဆိုရေးသားရန်' တိုက်တွန်းတော်မူပြန်ပါသည်။ ထို့ကြောင့် အရှင်ဝိစိတ္တသာရသည် ဖော်ပြလတ္တံ့ပါ မင်္ဂလာပိုဒ်စုံရတုကို ဖွဲ့ဆို ရေးသားပြန်ပါသည်။)....

## မင်္ဂလာပိုဒ်စုံ ရတု

၁။ ။**နှုန်းပါစံ့ငှာ၊** ဖက်ကင်းကွာသား၊ မင်္ဂလာမဏ္ဍိုင်၊ မြေခရိုင်၌၊ လေးခိုင်သစ္စာ၊ မြိုက်ပန်းဝါကို၊ အသာကြည်ဖြူ၊ လက်ရချူ၍၊ သိမ့်ဆူမြေမိုး၊ ဘဝင်ကျိုးမှု၊ ဆော်နိုး ရိုက်ခြိမ်း၊ သောင်း တိုက် ယိမ်း အောင်၊ ခပ်သိမ်းထိုထို၊ များလူဗိုလ်အား၊ ရွှေကိုယ်တော်တိုင်၊ အရပိုင်တည့်၊ လက်ကိုင်နိစ္စ၊ မြိုက်ဆငှလျက်၊ ကာလထွက်ဖွဲ့၊ ကျယ်မချဲ့သား၊ လေးဆဲ့ ငါးဝါ၊ စေ့သော ခါ၌၊ မဟာပုရိတ္တမ၊ နန်းဌာနသို့၊ ဒုတိယနိဗ္ဗာန်၊ ခါမပြန်ဘဲ၊ စံလွန်မည်ပြု၊ သဗ္ဗညုလျှင်၊ ကရုဏာတော်၊ နှိုးပင့်ဆော်၍၊ ကိုယ်တော်အစား၊ ထွက်ပိုင်းခြားတည့်၊ တရားရှစ်သောင်း၊ ဓာတ်ပေါင်းရှစ်စိတ်၊ ပရိက္ခရာ၊ မဟာဗောဓိ၊ စရှိများမြောင်၊ အဆောင်ဆောင်ကို၊ ငါးထောင်နှစ်ပေါင်း၊ ရှည်ကြာညောင်းအောင်၊ တည်ကြောင်းချွေဟ၊ ဗျာဒိတ်သလျက်၊ လောကာဥကင်၊ နိဗ္ဗာန်ဝင်သော်၊ သုံးခွင်ပိဋကတ်၊ ပရိယတ်ကို၊ သတ်မှတ်ညှိနှိုင်း၊ ရွတ်ဆိုလှိုင်း၍၊ တိုင်း မဂဓို၊ ရာဇဂြိုဟ် နှင့်၊ နဂိုရ်အောင်ချာ၊

ပြည့်ဝေသာဝယ်၊ အဇာတသတ်၊ စောနေနတ်နှင့်၊ မင်း
မြတ်ကာဠော၊ လက်ထက်ခါတွင်၊ မဟာကဿပ၊ ထေရ်
ယသတို့၊ ပထမ–ဒုတိယာ၊ နှစ်ကြိမ်ခါလျှင်၊ သံဂါတင်
မြောက်၊ ယင်းမှနောက်ဝယ်၊ ဘုန်းတောက်နရိန္ဒာ၊ မင်း
ဓမ္မာ၏၊ စံရာဘူမိ၊ ပါဋလိပုတ်၊ ပြည်ကြီးသိင်္ဂါ၊ မဇ္ဈိမာ
တွင်၊ ထေရာဓိပတိ၊ မောဂ္ဂလိ ပုတ်၊ ဂိုဏ်းကြီးဆရာ၊
ရဟန္တာလျှင်၊ သံဂါတင်မြောက်၊ သုံးကြိမ်မြောက်တည့်။
ထို့နောက်ဆက်ကာ၊ ကျွန်းလင်္ကာဋ္ဌ၊ သဒ္ဓါတိဿ၊ ဘူပါလ
၏၊ သားလှရွှေလှော်၊ တုမပေါ်သား၊ တောဇော်လျှံပ၊
ကဲသွန်ရှသည့်၊ ဝဋ္ဋဂါမဏိ၊ ဘုန်းရောင်ငြိလျက်၊ ရဝိစက္က
ရတ်၊ နေနွယ်နတ်လျှင်၊ သဟာယ်သချ်ာ၊ ရဟန္တာတို့၊ ညီညာ
စုရုံး၊ တူနှလုံးဖြင့်၊ ထွတ်ဘုန်းဘဂဝါ၊ ဒေသနာကို၊ ပေမှာ
ရေးနှိပ်၊ ယင်းနိမိတ်ကြောင့်၊ ဂုဏ်ပိတ်ထောမနာ၊ တစ်
ဩဘာတည့်၊ ပေါတ္ထကာရုဠ်၊ သောင်းလုံးတုန်မျှ၊ ဘွဲ့ပုံ
ဉက္ကဋ္ဌ၊ သမုတ်ရသည့်၊ စတုတ္ထ သံဂါ၊ တင်ပြီးခါလျှင်....၊
ခိဏာသဝေါ၊ ထေရ်ဘုန်းမော်တို့၊ အံ့အော်အံ့ချီး၊ သာ
သနာကြီးကို၊ အပြီးထိန်းကာ၊ အစဉ်လာသော်....၊ မြန်မာ
အောင်မြေ၊ တို့ကျွန်းဗွေလည်း၊ ဆောင်လေယူဖြန့်၊ ပန်း
စိုင်သန့်သို့၊ စည်ပြန့်သာသနာ၊ ပွင့်ဆဲခါဝယ်၊ ရတနာ
ပုံမည်၊ မန်းအောင်ပြည်ကို၊ ထောင်တည်အာဒိ၊ စော
ဘုန်းရှိလျှင်၊ ရဝိ–သသီ၊ ယှန်စဉ်နှင့်၊ ဂိရိဗဟို၊ ယုဂန္ဓိုရ်
ပါ၊ မြင့်မိုရ်စက္ကဝါ၊ ကပ္ပါလက်၊ သသက် တို့၊ ထွန်းပ
ရောင်ငြို၊ တည်နေဘိသို့၊ တိပိဋကာ၊ ဒေသနာကို၊ သာ
သနာငါးထောင်၊ ကြာတိုင်းပြောင်၍၊ မြင့်ခေါင်ထိုမျှ၊
တည်စေဆလျက်၊ ကမ္ဘာ့ကျက်သရေ၊ ရွှန်းရွှန်းဝေသား၊
ရွှေညာဏ်နတ်စက်၊ အမြင်ထက်၍၊ 'သေလက္ခရ'၊ ရေးထု

သလျက်၊ ပဥ္စမသဘင်၊ သံဂါတင်ခဲ့....။ တိုင်းခွင်ဆင့်ဆင့်၊ ဂုဏ်ရောင်မြင့်လျက်၊ ဘုန်းနှင့်လက်ရုံး၊ စိတ်နှလုံးတို့၊ ယှဉ်သုံးဖက်ရှောင်၊ အရည်ပြောင်၍၊ အခေါင်သာသနာ၊ ညွှန့်လန်းဖြာသည်....။ ။**မဟာနေရှုတ် ပွင့်သို့ကို**။ ။

၂။ ။**သုံးဘုံဆံညွှာ**၊ ၊သာသနာလည်း၊ အခါခေတ်ကြိုက်၊ နဝင်းဆိုက်၍၊ သိုက်နှင့်အည်၊ မော်ကွန်းမှီလျက်၊ မဟီမြေဘောင်၊ သရေဆောင်သား၊ ဖန်ရောင်ခြုံလွှမ်း၊ ပြည့်တင်းကျမ်းမျှ၊ ထိန်လျှမ်းသာယာ၊ ယင်းသည့်ခါဝယ်၊ '**မဟာဇောတိက**'၊ အာရာမဟု၊ကမ္ဘာ့တန်းဆောင်၊ ရွှန်းရွှန်းပြောင်၍၊ အခေါင်မိပတိ၊ တုမရှိသား၊ ဗောဓိဆုတောင်း၊ ပွင့်လုညောင်းမျှ၊ '**စံကျောင်းဆရာ ထေရ်မဟာ**'မှ၊ နွယ်လာဝံသ၊ ပဒီပတည့်....။ ထိုမှစဉ်လျှောက်၊ တံခွန်ဆောက်၍၊ ဝှန်တောက်ဆူဝေ၊ မန်းအောင်မြေမှ၊ တောင်ခွေရစ်ခ၊ နောက်မြောက်ကျဝယ်၊ ရေဘ့ရံဝိုက်၊ လှုံဦးခိုက်၍၊ သုံးတိုက်လူဗိုလ်၊ ဖူးကြလိုသား၊ သွေးချိုဆန္ဒ၊ အာလယဖြင့်၊ ဆဋ္ဌနတ်ဆွေ၊ ကုန်းဘောင်နေလျှင်၊ သေဉ်ခြေအပြင်၊ ဘူတလင်ဘွဲ၊ ဖြူစင်ညစ်ကွာ၊ သစ်သစ်ဝါသား၊ သဒ္ဓါစက်တော်၊ အနဋ္ဌေါဖြင့်၊ ခေတ်တော်ကေသီ၊ မွေ့သရီကို၊ စေတီထူပါ၊ နှိုင်းမရာအောင်၊ ညီညာဗိုလ်ခွင်၊ ဖြဖြရွှင်လျက်၊ ဝေဟင်ထိဘနန်း၊ တည်ဖန်ဆန်း၍၊ ပတ်ဝန်းကြည်ရေ၊ လယ်ကျွန်းမြေတွင်၊ ရဝေကွန်းပြောက်၊ စံနန်းဆောက်၍၊ နန်းညှောက်ညွန့်လျှာ၊ ဥပရာနှင့်၊ ဗိုလ်ပါစုံလင်၊ ညီလာယင်သည့်၊ ပျော်ရွှင်မွေ့ရာ၊ နိမိတ်လာဖြင့်၊ '**ရာဇာဂါရ**'၊ သမိုင်းသလျက်၊ကာလခုတိုင်၊ ကြံ့ကြံ့ခိုင်သား၊ ဂနိုင်ဟေမာ၊ မြိုင်ကြီးကာသည့်၊ ရိပ်သာဌာနေ၊ '**မင်းကွန်းမြေ**'ဝယ်၊မဟေဒ္ဒိပဒုတ်၊ ခေါင်

နရုဘ်၏၊ ရွှေနှုတ်မြွက်သံ၊ စီစီညံမျှ၊ 'ဓမ္မံ နဒတိ'၊ ဗျူပွတ်
ရှိဖြင့်၊ တိ ပိဋကာ၊ နှစ်သာရကို၊ နေ့ညမတိမ်း၊ အောင်စည်
ဟိန်းသို့၊ မြည်ခြိမ်းတွန်ရာ၊ တသ္မာလျှင်၊ သညာနွတ္ထ၊
ပါကဋတည့်၊ 'ဓမ္မနာဒါ'၊ဘွဲ့ခရာဖြင့်၊ကမ္ဘာတန်းဆောင်၊
ပြောင်ကြီးပြောင်သား၊ ဘုန်းရောင်အလျောက်၊ ထွန်း
ပေါ်ပေါက်၍၊ မှန်ကျောက်ရိပ်ခြုံ၊ လျှပ်နှယ်စုံသား၊
ရွှေဘုံဝိဟာ၊ တိုက်အာရာတွင်၊ သဘာဥက္ကဋ္ဌ၊ ထူးဂုဏ်
မြတ်ဟု၊ ပိဋကတ္တယာ၊ ကျမ်းရွှေစာဘည့်၊ ဝိဇ္ဇာလမ်းကြီး၊
ကမ်းခတ်ပြီးသား၊ ဘုန်းမီးနေဝါ၊ ထေရ်မဟာ၏၊ ရွှေ
ကြာပဒုံ၊ စက်ရိပ်လှုံ၍၊ လုံးစုံခြင်းရာ၊ ကျမ်းအလာဠ္ဌ၊ဆရာ
လက်ဆုပ်၊ နယမုဋ္ဌကို၊ ပျပ်တုပ်ကျိုးနွံ၊ ရအောင်ခံ၍၊
နက်စံပညာ၊ သဒ္ဒါသမ္ပတ်၊ စက္ကရတ်ဖြင့်၊ သတ်မှတ်လေး
ဖြာ၊ ကျမ်းဠ္ဌလာသား၊ အင်္ဂါဝိရိ၊ လိုက်နာဘိ၍၊ သု-စိ-
ပု-ဘာ၊ လေးအင်္ဂါလည်း၊ ညီညာစုံစေ့၊ ချက်တိုင်းတွေ့
အောင်၊ လောက်လွေ့ရည်ချင်း၊ အကြောင်းရင်းကြောင့်၊
ထိန်လင်းဟေဇာ၊ မြတ်ဆရာတို့၊ သဒ္ဒါဂုဏ၊ 'ဝိစိတ္တ'ဟု၊
နာမလှစ်မွေ့၊ သာမဏေအား၊ ရှိသေလေးနက်၊ လျှောက်
ပန်ချက်ကြောင့်၊ ရွှေစက်ညီဖြ၊ မြန်းချိကြွသား၊ ဝယ-
ဂုဏာ၊ ပညာ-သီလ၊ အာစာရနှင့်၊ ဝိနယဂရု၊ ကြီးထု
ဓိပတိ၊ ကဝိကေသရီ၊ မဟာထေရ်တို့၊ မြှောက်ချီပ-ကာ၊
ကရုဏာဖြင့်၊ ဆယ်ဖြာဗုဒ္ဓိ၊ မိကြီးမိလျက်၊ ဥတ္တိစတုတ္ထာ၊
ကမ္မဝါဟု၊ ဘဂဝါမန္တန်၊ ဂါထာပံ့ကို၊ ဌာန်ရှိကရိုဏ်း၊
သံညို့နှိုင်း၍၊ ရွတ်လိုင်းညီညာ၊ တောလုံးသာအောင်၊
'ရဇတာစလင်'၊ သိမ်အပြင်ဝယ်၊ ပဥ္စသမ္ဗန္ဓာ၊ ပြည့်အင်္ဂါ
ဖြင့်၊ အခါသက္ကရာဇ်၊ ကော်နှင့်ဒွယ၊ နော-ဒွ ကြံုလာ၊
နှစ်ကောဇာဝယ်၊ မဟာမုနိန်၊ စောဘုန်းရှိန်ကို၊ သုခမိန်

ဖွားဖက်၊ လျှောက်ပန်ချက်ကြောင့်၊ ကနက် ရိပ်သာ၊ ‘ကပိလာ’ဟု၊အောင်ချာပူရီ၊ နန်းသိင်္ဂီသို့၊ စက်ချီကွန့်မြူး၊ ထိမ်းမှတ်ထူးဖြင့်၊ တန်ခူးမာသ၊ ဆန်းပက္ခ၌၊ ဆဋ္ဌစုံစေ့၊ ကျွားမင်းနေ့ဝယ်၊ မရွှေ့ရှစ်လီ၊ စက်နာရီမှ၊ ကျော်ညီ ဆယ့်ငါး၊ မိနစ်အားတည့်၊ ဖဝါးထွက်စစ်၊ တစ်ဆယ့်တစ် နှင့်၊ ကျော့လစ်သင်္ချာ၊ တစ်ဖီလာ ဟု၊ မင်္ဂလာသျှန္တိ၊ ကိန်း နှင့် ညီလျက်၊ ဤ ပဗ္ဗဇ္ဇ၊ မဟုဿဝ ကို၊ ဥက္ကဋ္ဌသဒ္ဓါ၊ ချီးမြှင့် ဖြာသည်၊ ၊အခါဇေယျုံသင့်လိုကို။ ။

၃။ ။လုံးစုံကြီးရှူ၊ ၊အင်ပြည့်တာတည့်၊ ဇေယျာစက္ကိ၊ နဝင်းငြိလျက်၊ သိဒ္ဓိခရိုင်၊ အောင်ပန်းခိုင်ကို၊ အပိုင်လက် ရောက်၊ ဆုထူးပေါက်သို့၊ မင်းမြှောက် ကကုဓာ၊ဆင်တန်း ဆာဟု၊ သညာတံဆိပ်၊ ဘွဲ့ပုံနှိပ်၍၊ ပရိက္ခရာ၊ စုံလင်စွာ လျှင်၊ ပြဟ္မာညှောင်ရေ၊ သွန်းလောင်းချေမှ၊ အောင်ဇေ ယျတု၊ ငွေခရုဖြင့်၊ ဇမ္ဗူမင်္ဂလာ၊ သာ့ထက်သာအောင်၊ သာသနာ့ညွန့်လန်း၊ ဘိသိက်ပန်းကို၊ ဆင်မြန်းဝတ်ဆင်၊ ဤသဘင်၌၊ စတုကင်္ဂုတ္တရ၊ ကျမ်းဝယ်ပြသား၊ သာသန သောဘာ၊ ပုဂ္ဂလာ ဟု၊ သင်္ချာ အပြား၊ ယင်းလေးပါး တွင်၊ တစ်ပါးအဝင်၊ သူတော်စင်တို့၊ အကြင်ထုံးတမ်း၊ ကျင့်လုပ်ငန်းကို၊ ကြိုးပမ်းတကုတ်၊ စိုက်အားထုတ်လျက်၊ နိရုဓ်သောင်ခွင်၊ နန်းရိပ်လွင်ကို၊ မဂ္ဂင်ရှစ်ဆင့်၊ ရိပ်ထီး ဖွင့်၍၊ မလင့်ရှေးရှု၊ ရောက်လိုမှုဖြင့်၊ ဓမ္မပဒေ၊ အထွေထွေ ဝယ်၊ မသွေဆံမျှ၊ ရဲရင့်စွရှင့်၊ ဥပ္ပလဝဏ်၊ ထေရီမွန်သို့၊ ထက်ချွန်ဉာဏ်သွား၊ နတ်စက်လားလျှင်၊ တရားကျင့်မို့၊ ဘွဲ့ဘညီဖြင့်၊ မဟီပတ်ဝန်း၊ ထက်အောက်ထွန်း၍၊ မင်း ကွန်းမည်ဆောင်၊ တောရဘောင်ဝယ်၊ ‘ဂူချောင်’ ဌာန၊ ကန္ဒရ၌၊ ဓမ္မမာမက၊ အာစာရသမင်္ဂီ၊ စဥ်အညီကို၊ ဝသီ

ထုံမှီး၊ ဆရာကြီးနှင့်၊ ရင်းနှီးမေတ္တာ၊ ငယ်စဉ်ခါမှ၊ မကွာ
ခုတိုင်၊ ကျောက်စာတိုင်သို့၊ မယိုင်လှုပ်ရှား၊ ကြံ့ကြံ့မား၍၊
တသားညီညာ၊ အရာရာ၌၊ ဂင်္ဂါ-ယမုနာ၊ ရေနှစ်ဖြာသို့၊
ဒကာ-ဒကာမ၊ ဖြစ်ကုန်ကြလျက်၊ မြန်မာ့ နွယ် ဖွား၊
သူကောင့်သားတို့၊ ပျော်ပါးရိပ်မြုံ၊ သာမျိုးစုံသား၊ ဒဂုံ
သိခရိန်၊ မြေရန်နှိမ်ဝယ်၊ ဝတိန်ခေါင်ထိပ်၊ နန်းဘုံရိပ်မှ၊
ဒေဝိဿရ၊ ဝါသဝနှင့်၊ ဗြဟ္မာ့ဗြဟ္မာ၊ ညီတညာလျှင်၊
ပဏာဖူးတိုက်၊ ဦးတင်ခိုက်သည့်၊ မကိုဋ္ဌလျှံလူ၊ သယမ္ဘူတို့၊
လေးဆူဓာတ်စုံ၊ ပေါင်းစုဆုံသား၊ တိကုံထူပါ၊ စေတီ
ယာ၏၊ ဘဏ္ဍာ ဂေါပက၊ ဘွဲ့ချီသလျက်၊ ပါဠိလိပုတ်၊
ပြည်ပုရုတ်ဝယ်၊နရုက္ကဋ္ဌာ၊ ရိပ်ဖြူကာသား၊မမ္မာသောက၊
စောနရသို့၊ ဌာနကိုးပိုင်း၊ ကိုးရပ်တိုင်း၌၊ ကုန်ဂိုလ်ဆိုင်း
တေဇာ၊ လေးသစ္စာကို၊ ချွေကာသုံးဆောင်၊ ငွေရိုးရောင်
ဖြင့်၊ ပြောင်ပြောင်ရဲငြိ၊ပင်ဗောဓိဟု၊ ပရိဘောဂ၊ စေတိယ
ဒါယကာ၊ တစ်သညာတည့်၊ တစ်ဖြာထိုမှ၊ ခေတ်ကာလ၌၊
ဇောတိကသေဋ္ဌိ၊ ကဲ့တရှိလျှင်၊ လောကီ ကျေးဇူး၊ ဂုဏ်
ထူးထူးဖြင့်၊ ချီးကျူးနက်လေး၊ ဂယက်ပြေးမျှ၊ **'သနေ္ဓး
ဦးသွင်'**၊ သူတော်စင်နှင့်၊ ငါးအင်တလီ၊ ရှစ်လီတစ်မျိုး၊
ကိုးပါးတစ်ဆင့်၊ ဝတ်အကျင့်ကို၊ နေ့ည၌ စောင့်ထိန်း၊
သူတော်ကိန်းဖြင့်၊ **'ဒေါ်သိန်း'**တွင်မည်၊ ဖြောင့် တည်
ကြည်လျက်၊ ဂုဏ်ရည်နိတုံ၊ မိတ်နှံ့စုံတို့၊ သည်းအုံရင်နှစ်၊
ရွှေလှော်ရစ်သို့၊ ကျစ်လျစ်သိပ်သည်း၊ ဖ-မိ-နည်းကို၊
စောင့်စည်းလိုက်နာ၊ အရာရာ၌၊ လိမ္မာပွန်းတီး၊ သား-
သမီးပါ၊ ပွားစီးသာသနာ၊ ရှည်အခါလျှင်၊ ငါးရာ ဆယ်
ဆင့်၊ မြင့်ထက်မြင့်အောင်၊ ရည်ဆုဆောင်၍၊ ယခေါင်
ပဝေ၊ တိုင်းမဇ္ဈေ၌၊ မိုးမြေထက်အောက်၊ အာဏာ

တောက်သား၊ ဘုန်းညှောက်ဓမ္မာ၊ အသောကာလျှင်၊ သာသနာအမွေ၊ ဆုယူချွေဖို့၊ နှစ်ထွေနဂ္ဂဟာ၊ ပစ္စယ-ဓမ္မာ၊ စုံညီညာဖြင့်၊ စေတနာသမင်္ဂီ၊ အမျှညီလျက်၊ ဆယ်လီပုညာ၊ ကိရိယ-ဟု၊ ဥက္ကဋ္ဌသမ္ဘာ၊ ဆုကြီးသာသည်၊ ၊ **သဗ္ဗညုမြင်လိုကို**။ ။

ပြစ်တင် ဂရဟာ၊ ဒေါသ ပါ၊
ပညာရှိတို့ မြင်စေသော်။
လိုလျှင်ဖြည့်စွက်၊
ပိုလျှင်ဖျက်
အချက်ကျကျ ဖတ်စေသော်။ ။

**ဦးဝိစိတ္တ**
ဓမ္မနာဒတိုက်
အနောက်ဘက် မင်းကွန်း
**မန္တလေးမြို့**

❀

## အာရိယဂုဏကိတ္တန တေးထပ်

ပိဋကတ်ရွှေစာ ဂီရာဝစနာ၊
အမှီ ဋ္ဌကထာ ဆုံးစမွေ။
ဋီကာနယ လုံးဝကျေတယ်၊
ဘုန်းဖျာ့ပရမေ သာကီမြင့်။
ပုဒ်နေဝါကျ ပါဠိဆန်းကြုံလျှင်၊
မှတ်တမ်းစုံလင် တော်လို့ ညွှန်းလို့ဖွင့်။
ဇာတိမူလ ရှိစိတ်နေမှာ၊
ကပိထိပ်ဖွေ့ ဝေလျှံတင့်။
တိဟိတ်သန္ဓေ ရွှေဉာဏ်ရင့်၍၊
မြေမဏ္ဍလင့် တစ်ဥကင်။
ဘုန်းတော် ကံတော် စံသော်မရ၊
ဇမ္ဗော်နဒ လျှော်စစ် ရွှေနှစ်သွင်။ ။
ရာဇာဂါရ သေလာတစ်ခွင်မှာ၊
ရွှေစာသဘင် မြိုင်မြိုင်ဖွင့်လို့။
အဆိုင်ဆိုင်တင့် တောင်မင့်ကျက်သရေ၊
ရောင်ပွင့်ယှက်ယှက်ဝေ။
နေ့ညဥ့်တိုင်းပ ကန်တော့စိတ်ခြွေတယ်။
အကျော့ထိပ်နေ စက်ပန်းလွှာဖို့လေး။ ။

❀

အရှင်ဝိစိတ္တသာရ ရဟန်းဖြစ်စ
ဝါမရမီ ရေးသားသည့် ၁၂၉၃-ခုနှစ်၊
မင်းကွန်း ဓမ္မနာဒကျောင်းတိုက် ပစ္ဆိမဒိသာ
ကျွန်းမြင့်ဝေယံ အပူဇော်ခံလျက်ရှိသော
မနောမယ စေတီတော်မြတ်နှင့်

ဓမ္မနာဒ ဆရာတော်ဘုရားကြီး၏ မွေးနေ့
အလှူတော်မင်္ဂလာ

## ဗုဒ္ဓပူဇနီယပတ္ထနာ ရစနာ ဂါထာတော်များ

ရာဇာဂါရေ မဟာရညော၊
မန္တလာ ပစ္ဆိမုတ္တရေ။
ဓမ္မနာဒမှိ နာမေန၊
စေတိယံ တံ မနောမယံ။

ရာဇာဂါရေ=ဘိုးတော်ဘုရင် ကြည့်ရှင်စံမြန်း ခေတ္တနန်းကို မှတ်တမ်းရည်ညွှန်း မင်းကွန်း အမည်ရှိထသော။ မန္တလာ=မန္တလဟု ဘွဲ့ရတွင်မည် မင်းနေပြည်မှ။ ပစ္ဆိမုတ္တရေ=အနောက်မြောက်ယွန်း အဍထောင့်စွန်းလည်း ဖြစ်ထသော။ မဟာရညော=တောင်မြောင်ချောင်ပတ် ထပ်ထပ်

ရစ်သွယ် ကျယ်ပြန့်သောတောကြီးအလယ်၌။ ဓမ္မနာဒမို= စာချစာအံ တရားသံတို့ ဖန်ဖန်ခေါက်ခေါက် ဟိန်းဟောက်ကြုံးပရာ ဓမ္မနာဒ နာမတွင်ဟည်း တိုက်တော်ကြီး၌။ တံ စေတိယံ=ရှုတိုင်းသပ္ပာယ် တင့်တယ်လျောက်ပတ် ထိုစေတီတော်မြတ်သည်။ နာမေန=ခေါ်ဝေါ်စရာ မင်္ဂလာကြိုက်ညီ ဘွဲ့တော်အမည်အားဖြင့်။ မနောမယံ= ပတ္တမြားအသွင် ကျောက်မျက်ရှင်သို့ လိုအင်ဆန္ဒ ဟူသမျှတို့ အရမနှေး ပေးတော်မူတတ် ဗျူပွတ်အရ အနွတ္ထကြောင့် 'မနောမယ' တွင်ညီ မြတ်စေတီ မည်တော်မူပါပေ၏ ဘုရား။

ဒိဗ္ဗန္တံ ဝိဂ္ဂဟိ စက္ကေဟိ၊
သောဘေန္တံ သေလမုဒ္ဓနိ။
နဝင်္ဂ္ဂသတံ လုတ္တံ၊
သမ္ပတ္တာနံ မနောဟရံ။

တံ စေတိယံ=ထိုမနောမယ မြဘွဲ့သညီ စေတီတော်မြတ်သည်။ ဝိဂ္ဂဟိ စက္ကေဟိ=ထင်လင်းသတ်မှတ် နှစ်ရပ်သော စက်တို့ဖြင့်။ ဒိဗ္ဗန္တံ=ရှုချင်စဖွယ် တင့်တယ်တောက်ပတော် မူပါပေ၏။ သေလမုဒ္ဓနိ=ဂူချောင်အဝင် တောင်ထိပ်ပြင်၌။သောဘေန္တံ=ရှုတိုင်းတင့်တယ် အလွန်သပ္ပာယ်တော်မူပါပေ၏။ နဝင်္ဂ္ဂ သတံ လုတ္တံ=ဂြိုဟ်စဉ်ခပင်း တစ်ရာ့ရှစ်နဝင်းလည်း ကျေတော်မူပါပေ၏။သမ္ပတ္တာနံ= ရောက်လာကုန်သူ နတ်နှင့်လူတို့၏။ မနောဟရံ = စိတ်နှလုံးကို ယူကျုံးတော် မူနိုင်ပါပေ၏။

အာစေရောဒယကာလောတိ၊
သော ကတ္တာန လက္ခဏံ။

သမင္ဂါ သမစ္ဆန္ဒာ စ၊
မယံ ဘန္တေ ယယာသကံ။

သမိဟာ ဒေမ ခါတ္တဂ္ဂိံ၊
နာဋ္ဌိကေရိက ဘောဇနံ၊
ဝဏ္ဏာ ဂန္ဓ ရသော ပေတံ၊
ပုပ္ဖဒါမာဒိ ဝါရိတံ။

ဘန္တေ=သုံးလူ့သခင် ရှင်ပင်မြတ်ဘုရား။ မယံ=တပည့်တော်တို့သည်။ ဧသော=နှစ်‚လ‚ရက်ဖြင့် ချင့်တွက်တူရာ ဤအခါသည်ကား။အာစရော ဒယကာလောတိ=ငါတို့ဆရာ ကောင်းစွာကြည်လင် မီးသန့်စင်သော အခါတော်ပါပေတည်းဟု။ လက္ခဏာံ=မင်္ဂလာကျက်သရေ တိုးတက်စေ၍ ထွေထွေတင့်ဖြိုး ကုသိုလ်မျိုးကို ကြိုးပမ်းနိုင်ကြောင်း ကောင်း မြတ်သော အမှတ် လက္ခဏာ ကို။ ကတွာန=ဒဲလေးဂရုပြုပြီး၍။ သမင္ဂါ= ကိုယ်နှင့် ရောပြွမ်း ဝန်ထမ်းခိုင်ကျည် ညီညွတ်ကြကုန်လျက်။ သမစ္ဆန္ဒာ စ=စိတ်ထားမထောင့် ဖြူဖြောင့်ပျမ်းမျှ ဆန္ဒတူညီစွာ သာလျှင်။ ယထာသကံ = စာသင်သားတို့၏ စွမ်းအားအလိုက်နှင့် ညီစွာ။ သမိယာ=မပြီးမဆုတ် အားထုတ်ကြ ပါကုန်၍။ ပုပ္ဖဒါမာဒိ ဝါရိတံ=ပန်းဆိုင်းစသည် အလီလီဖြင့် ခြယ်စီခြံရံအပ်ထသော။ ဝဏ္ဏာ ဂန္ဓ ရသော ပေတံ= အဆင်း-အနံ့-သင်းပျံ့လှစွာ အရသာလည်း ရှိထသော။ နာဋ္ဌိကေရိကဘောဇနံ=အုန်းနို့ ရောပြွမ်းဒန်ပေါက်ဆွမ်းကိုလည်းကောင်း။ ခါတ္တဂ္ဂိဥ္စ = တောက်လျှံ ထိန်ညီး

ခါတ်မီး ခါတ်ပန်းကို လည်းကောင်း။ ဒေမ=သဒ္ဒါ တင့်ဆန်း လန်းကြီးလန်းလျက် လှူဒါန်းဆက်ကပ်ပါကုန်၏ ဘုရား။

ပသန္နေ ဥဂ္ဂတေ့ လေခေ၊
ကထေန္တေ ပိဋကတ္တယံ။
သီလံဝ သက္ကုဏေယျာမ၊
အကိစ္ဆံ တသ တေဇသာ။

တသ=သဒ္ဒါရွှန်းစိုထိုကုသိုလ်၏။ တေဇသာ=တန်ခိုးရှိန်စော် အာနုဘော်တော်ကြောင့်။ မယံ=တပည့်တော်တို့သည်။ ပိဋကတ္တယံ=အဋ္ဌကထာနှင့်တကွ သုံးဝသော ပိဋကတ်တော်ကို။ပသန္နေ စ=သိရလိုမှု ကြည့်ရှုသောအခါ၌လည်းကောင်း။ ဥဂ္ဂတေ့ စ=နှုလုံးအစဉ် စွဲထင်မြင်အောင်သင်ယူသော အခါ၌လည်းကောင်း။ လေခေ စ=ကြံဖန်မနေး ရေးသော အခါ၌လည်းကောင်း။ကထေန္တေ စ=နာလိုသူအား ဟောကြားသော အခါ၌ လည်းကောင်း။ အကိစ္ဆံ = မငြိုမငြင် မပင်ပန်းပဲ။ သက္ကုဏေယျာမ= လောက ပဏ္ဍိတ် ကဝိတ်တစ်ဆူ ထိုသူတို့လား ဉာဏ်ရေး ပါ၍ စွမ်းအား နိုင်ရပါလို၏ ဘုရား။ ။

၁၂၉၃ခု ၊ တော်သလင်းလဆန်း -၂ ရက်၊
ဓမ္မနာဒ ဆရာတော်ဘုရားကြီးမွေးနေ့

❀

## မင်းကွန်းတောင်ရိုး ဓမ္မနာဒ အရည၀ါသီ
## မဟာထေရ် ဘုရား ဖွားတော်မူသောနေ့တွင်
## နှစ်စဉ် ကျင်ပသော မနောမယ စေတီတော်
## ဆွမ်းကပ်ပွဲကို ချီးကျူး ဖွဲ့သီအပ်သော
# ပတ္တိဒါနကထာ မင်္ဂလာ ရတုပိုဒ်စုံ

ကုန်းမြင့် မြေမှန်၊ ဘူနက်သန်တည့်၊ အင်ကြွန်ပြည့်ညီ၊ ဓရဏာ၀သံ၊ အင်္ဂီရသ၊ ဂုဏ်ထူးခသည့်၊ လောကလုံးနတ်၊ ဘုရားမြတ်၏၊ မွေဓာတ်တော်စုံ၊ အဖုံဖုံကို၊ လုံခြုံလှစွာ၊ ဌာပနာ၍၊ ဖူးလာကုန်သူ၊ ဟိန္ဒူလည်း၊ ကြည်ဖြူရွှင်မော၊ လိုပြည့်သောဟု၊ မနောမယာ၊ ဘွဲ့တော်သာလျက်၊ ထူပါ အမော်၊ စိန္တေယျော်ကို၊ အဟော်နဂ္ဃိ၊ ဖန်ဆင်းရှိခဲ့၊ ယင်းသည့်ပုဗ္ဗ၊ ယာဘက်ကမူ၊ ဘုရ့ သားကြီး၊ တို့ဘုန်း ထီးလျှင်၊ ထံနီးခိုလှုံ၊ တပည့်စုံတို့၊ ပတ်ခြုံရံကာ၊ မြိုက် ရသာဟု၊ ဓမ္မာသဘင်၊ စာပွဲယင်လျက်၊ နေ့တွင် နေ့ဝါ၊ ညဉ့်အခါလည်း၊ ညဉ့်ဝါပို့ချ၊ နာယူကြ၍၊ ဓမ္မနာဒါ၊ ဘွဲ့ခရာဖြင့်၊ မင်္ဂလာတိုက်ကြီး၊ သောင်းတိုက်ဟည်းမျှ၊ ပုံမှီးတူစွာ၊ ကျမ်းနှင့်စာသော်၊ ရူဌာမဏိ၊ ထွတ်စေတီနှင့်၊ သိမ်ရိမလ္လာလင်၊ မြေအပြင်ဝယ်၊ သဘင်သုဓမ္မာ၊ ကဲ့သို့သာ သည်၊ ။ပမာနှိုင်းချင့်ဆို ဘုရား။

**သုံးဆင့်ဝေယံ၊** အမြင့်ခံတည့်၊ ရှုဖန်တိုင်းလျှင်၊ စိတ်ဝမ်းရွှင်လျက်၊ ကြည်လင်မြသား၊ ရည်ရှုပွားရှင့်၊ ဘုရားစောထွတ်၊ နှစ်ကျိပ်ရှစ်နှင့်၊ တုလွတ်နောက်ပါ၊ ရဟန္တာမူ၊ သင်္ချာရှစ်ဆယ်၊ ပတ်ရံခြယ်သား၊ မိုးလယ်အသွင်၊ ရှုတိုင်းယဉ်ရှင့်၊ ထိုအင်ကြောင်းတွက်၊ လျှောက်လွှာဆက်မူ၊ မဟာဂိပညာဝန်၊ သီလဝန်ဟု၊ ထေရ်မွန်မြတ်ဖျား၊ တို့ဘုန်းဘုရားကို၊ မီးဖွားသန့်ရာ၊ ဤနေ့ခါဝယ်၊ ရသာထုံမွှမ်း၊ အရဏ်ဆွမ်းနှင့်၊ စုံကမ်းမြိုင်ရိုး၊ တောင်လုံးကြိုးမျှ၊ ပန်းမျိုးညှာခိုင်၊ လှိုင်ကြီးလှိုင်လျက်၊ အခိုင်ယှက်ရုံး၊ စေတီလုံးကို၊ ပိတ်ဖုံးဘနန်း၊ ဆက်လှူဒါန်းရှင့်၊ တင့်ဆန်းသိင်္ဂါ၊ ဝတိံသာမှ၊ သူဇာသက်ထား၊မိုးသိကြားလျှင်၊နောက်ပါးကျွန်ယုံ၊ ဝိသကြုံနှင့်၊ အာရုံမျှော်မှန်း၊ ဘုန်းတော်စွမ်းကြောင့်၊ ဖန်ဆန်းသည့်ယောင်၊ လျှပ်ပန်းရောင်တို့၊ ပြောင်ပြောင်ထွန်းညို၊ ရွှန်းရွှန်းအိလျက်၊ ကျွန်းကြီး ရန်နှိမ်၊ စေတီအိမ်ဝယ်၊ ကြိမ်ကြိမ်ညီညာ၊ ရှိဦးမြှာသည်၊ ၊**သဒ္ဒါလှိုင်းတင့်ပို ဘုရား။**

**ဘုန်းပွင့်ထေရ်ပန်၊** တကယ့်ဉာဏ်တည့်၊ မျိုးမှန်ကျက်သရေ၊ ဝေထက်ဝေအောင်၊ တေတေဇဝန့်၊ မြတ်ကောင်းညွှန့်လျှင်၊ အဓွန့်ရှည်ကြာ၊ သာသနာလည်း၊ နေဝါလနှယ်၊ ထွန်းစိမ့်ရွှယ်လျက်၊ အံ့ဖွယ်ဖွံ့ဖြိုး၊ ကုသိုလ်မျိုးကို၊ စိုက်ပျိုးယူဆောင်၊ ခုတိုင်အောင်လျှင်၊ မြားမြောင်ခပဲ၊ ရေဖို့ခဲရှင့်၊ တင့်ဝဲဤနေ့၊ ယခုဖြေ့သည့်၊ မြူတေ့တန်ဆောင်၊ မြိုက်လက်ဆောင်နှင့်၊ အခေါင်ကုသိုလ်၊ ဥဒါဟိုကို၊ များဗိုလ်လူပေါင်း၊ ဖြင်သောင်း သောင်း တို့၊

ရေချမ်းတော် ဆက်လှူကပ်တယ်၊
စိတ်ဓာတ် သန့်ရှင်း။ ။

၃။ ပါရမီ နှိုးတဲ့အလားပေပ
ကိုးဆယ့်ငါးငယ်တည့် သက္ကရာ။
ဝိသာခါ နက္ခတ်ပန်းငယ် စန်းနှင့်ယှဉ်ကာ။
အို....ပုဏ္ဏမာ စုံစွာပ ပြည့်ဖြိုး။
လကဆုန် ညောင်ရေပွဲကို၊ ခါကြ တစ်မျိုး။ ။

၄။ အခါတော် သက္ကရာဇ်ပြောင်းပြန်တော့
ရွက်သစ်လောင်းပုံက မြရောင်လို။
အရိုးတော် ငွေရောင်ဟပ်တယ်၊
လျှပ်လျှပ်ရွှန်းစို။
အကြည်ညို ပိုမိုထက် ပိုကဲ။
ဦးတိုက်လျှင် ဖူးခိုက်ပင် သဒ္ဓါပွားတယ်၊
အားရနိုင်ပဲ။ ။

၅။ ထက်အောက်နယ် ဂယက်ပြေးပါဘိ၊
ဧကသေဌေး ဘွဲ့ဂုဏ်အင်။
ရွှေတိဂုံ ဘဏ္ဍာထိန်းရယ်၊
ထိန်းသူတော်စင်။
ထူးတလင် ဦးသွင်နှင့် ဒေါ်သိန်း။
မြို့ကမျိုးမှန် စိုက်ပျိုးကာ သဒ္ဓါသန်လို့၊
နာဂတံ လှူရှင်များရယ်၊
အားကျဖို့ကိန်း။ ။

၆။ လူ့ထွတ်သျှောင် တ သာကီယ်နွှင့်၊
အပွရာဇ်ပလ္လင်ဗွေ။
ငါးမာရ်စွယ် ရန်ပယ်ဟန့်တယ်၊
မီးသန့်ခဲ့ပေ။
မြတ်ညောင်ရေ အောင်ဇေဖျာ့ ရည်စူး။
သူ့ထက်ငါ လုယက်ကာ အပြိုင်သွန်းတယ်၊
ထွန်းထိန်လို့ မြူး။ ။

၇။ အေးညောင်ရေ အေးအောင်သွန်းပါပေါ့၊
အေးတောင် ကျွန်းငယ်တည့် ဇမ္ဗူမြေ။
အေးကြည်ကာ အေးဒါနကို
ပွားကြပါစေ။
အေးစိမ့်ချွေ အေးစေဖျာ့ ရည်ညွှန်း။
အေးအောင်စည် အေးအောင်ကြွေးတယ်၊
အေးဖို့ဆော်ရွှမ်း။ ။

၈။ စက်မြေညီ ကုန်းခေါင်မြင့်ဆီက၊
ဘုန်းရောင်တင့်ပါဘိ ပင်ရွှေညောင်။
ဖူးလာသူ သဒ္ဓါပွားလို့ရယ်၊
အားရနိုင်ပေါင်။
စိမ်းလဲ့မှောင် ညိုရောင်က တစ်မျိုး။
ရှစ်မျက်နှာ ကြည်ညိုစိတ်ကယ်၊
ဖိတ်ဖိတ်သာ တိုး။ ။

၉။ ဆ ဌာနေ ဘုန်းရောင်လျှပ်ပါဘိ၊
ကုန်းဘောင်နတ် နရာသိရ်။

မြတ်ဘိုးတော် ပျော်စံမြန်းတယ်၊
ဆန်းတင့် မဟိန်။
ညွှန့်ဘူမိန် တူချိန်ဖို့စံရှား။
ရွှေကွန်း တသညာနှင့်၊
ပညဝါ ပုဂ္ဂိုလ်ပေါင်းငယ်၊
အောင်းမွေ့ ပျော်ပါး။ ။

၁၀။ ပုထိုးတော် နောက်တောင်ယွန်းမှာတော့၊
တောက်ပြောင်ရွှန်းပါတဲ့ မြေမဟီ။
မျိုးစစ်မှန် ဗောဓိပွားကို၊
ထားစိုက်ဖန်တည်။
ရှိဦးငယ်ချီ ကြည်ကြည်ကြအများ။
သုံးပွင့်ဆိုင် လျှပ်နွယ်ခတယ်၊
ထွန်းပရောင် ကြွား။ ။

၁၁။ မင်္ဂလာအောင်စည်ရွှမ်းပါပေါ့၊
အောင်ဒီပကျွန်းငယ်တည့် ဇမ္ဗူမြေ။
အောင်သြဘာ အောင်စေကြောင်းငယ်၊
လောင်းတဲ့အောင်ရေ။
အောင်ဟိတ်ကယ်ချွေ အောင်ဇေယျာ စိတ်ထား။
ဘဝဂ်တိုင် အောင်သံပေးတယ်
ဘောပရန်ရှား။ ။

## အရှင်ဗိစိတ္တသာရရေး

### ငါးပါးမာရ်အောင် ကဆုန်ညောင်ရေ ရွှေကွန်းမြေ

### ၇၀-ပေါ် တေးထပ်

ယောင်နေ မှောင်ချွေ သျှောင်ကေသခင့်၊
ညောင်ရေအမြင့် ဗွေနန်းပလ္လင်၊
အောင်စေအသင့် ရွှေကွန်းပြင်မှာ၊
ရေသွန်းသဘင် ပူဇော်နွှဲ။
ဟစ်ချီကြိမ်းပ စစ်သည် ယိမ်းမက၊
ရှစ်ဒိ ဟိန်းကြွ မာရ်ယုတ်တမာကို၊
သမ္ဗုဒ္ဓဇယာ တို့ဘုရား အောင်တဲ့ပွဲ။ ။
ကမ္ဘာ့ဝဲ့တမံ နံ့သာကြဲဖြန့်၊
သဒ္ဒါထဲသန့် ဖြူစောရှင်တယ်၊
လူရောရှင်ပါ အံ့မစဲ။
ဒေဝါနမိန့် အပြိုင်ကြဲလို့၊
နိုင်ပဟဲ-နိုင်ပဟဲ ဆိုသည့် ပမာ။ ။
ယစ်ခုံ-ထစ်ခြုံ-ရှစ်ဘုံလျှိုးမျှ၊
ပဇ္ဇုန်မိုးနတ် စွေဖြိုးသွန်းလို့ရွာ။
ဗောဓိမဟာ မဟာ-မောဠိနရာ နရ-
စောဇိနာ ပဝရ ဘူမိပထဗျာဝယ်၊
ဖြူထီးဝဲယာ အောင်လံလွှင့်လို့၊
အောင်သံဖြာဆင့် ဌာန်ကရိုဏ်း ခေါင်ကနေ၊
ကြံတိုင်း အောင်ကြစေ။
မြန်နယ် အစိအင ရန်စွယ် မငြိရ၊
ရန်စွယ်ရှိသမျှ ကုန်အောင်ချွေမယ်၊
ကဆုန်ညောင်ရေ အောင်ပွဲပါ ဘုရာ့လေး။ ။

❀

၁၂၉၉-ခုနှစ်၊ တော်သလင်းလဆန်း ၉-ရက်နေ့
၁-နာရီအချိန် ပထမ ဓမ္မနာဒ ဆရာတော် ဘုရားကြီး
သက်တော် ၅၉-နှစ်၊ သိက္ခာတော် ၄၀-အရတွင်
ဘဝနတ်ထံသို့ ပြောင်းကြွ စံဝင်တော်မူစဉ်အခါက
သာသနာ့မိခင် ဆရာကြီး ဒေါ်ဓမ္မစာရီ၏ညီမတော်
ဖွားဖွားလေးခေါ် ဒေါ်ဥက္ကဋ္ဌစာဂီသည်
ခဏ ခဏ ငိုငိုနေသည်ဖြစ်၍
တိပိဋကဓရလောင်းလျာ ရဟန်းပျိုဘဝ
အရှင်ဝိစိတ္တသာရာဘိဝံသက သတိပေးဆုံးမအပ်သော

**ခန္ဓသံယုတ်ကျမ်းလာ ဒေသနာတော်အရ**

**၁၀-ပေါ် တေးထပ်**

ဥပါဒ်နောက်တွင် ဌီဘင်ဆက်လို့
ဒီတွင် တစ်သက် ချုပ်ဟန်လာ၊
စီစဉ်မပျက် ရုပ်နာမ် နှစ်ဖြာကို
သမုဋ္ဌာန်ပါ ဝေဖန်ချင့်။ ။
ရုပ်ံ ဤရုပ် ရေမြှုပ်ဟန်ကို၊
ရွှေနှုတ်တော်သံ မြွက်ကျမ်းမြွော်ဖို့သင့်။ ။
ဝေဒနာ ရေပွက် စကပ်ခါငယ်၊
တံလျှပ်သညာ ဟောဆိုဖွင့်။ ။
နာမ်ဓာတ်သညာ ငှက်ပျောလို တမင့်ဟု၊
သဘောယိုမယွင့် သိလျက်ကို။

မျက်လှည့်သည်နှယ် အလိမ်အဝါပေါ၊
ဝိညာဏကျော မနောစိတ် အလို။ ။
ခန္ဓသံယုတ် ကျမ်းဂန်အဆိုကို၊
လမ်းမှန်နဂို မြင်ပါလျက်နှင့်။ ။
သခင်ဆရာအတွက် ဘယ်ကြောင့် ကိုယ်ဆွေးပွေ၊
ကွယ်ထောင့် ငို၍နေ။ ။
အနိစ္စ, ဒုက္ခ, အနတ္တ အနေကို၊
မပြတ်ဆချေ အို....စောပါဗျလေး။ ။
ကြုံမြဲမှန်စွာ့ သံသရပဝေကို၊
ဓမ္မအခြေ အို....ဟောပါဗျ လေး။ ။
မချမ်းမြေ့ ကျွမ်း၍ လွမ်းငွေ့ပွေလျှင်၊
နွမ်းခွေ့ တစ်ခွေ အို....မောမှာပ လေး။ ။

**ဦးဝိစိတ္တသာရာဘိဝံသ**
၁၂-၆-၉၉

❁

၁၂၉၉-ခုနှစ်၊ နတ်တော်လဆန်း ၁၃-ရက်နေ့
ဥပဇ္ဈာယ်ဆရာ ပထမ ဓမ္မနာဒဆရာတော်ဘုရားကြီး၏
အန္တိမအဂ္ဂိစျာပန သာဝုကိဋ္ဌန သဘင်ပွဲ၌
သမ္မာသတိဆရာတော်၏ ညွှေ့ခံမဏ္ဍပ်အတွက်
သီကုံး ဖွဲ့ဆိုအပ်သော
**တမ်းချင်း ဘောလယ်ကဗျာများ**

၁။ ကိုးမျက်ရောင်ရှိန် ရောင်ရှိန်၊
ဝေဝေ ထိန်လျှမ်းပါဘိ၊
ဗေ္ဗဝတီ ကြင့်န်းဆီက မြန်းခုခါနေဘ်၊
ရှုဘုရာ့ထေရ်မော် ထေရ်မော်၊

ပူဇော်ပုံ ထူးတယ်လေး....
ဦးတင်လို့မျှော်။ ။

၂။ တေဇာရောင် မြူးပါလို့ ဖူးညွှတ်ကော်ရော်၊
ထေရ်ဘုန်း ဇမ္ဗူကျော်လို့ ပူဇော်လိုရေး၊
အို-ထံတျာတေးငယ်နှင့် ကြွေးညံ့စီစီ၊
များတပဲ့စုံညီ အဥ္စလီ ရှိုင်းတယ်လေး....
ကိုင်းသွတ်ကြပြီ။ ။

၃။ ဇေယျာမြေတိုင်းဆီက စိုင်းတိုင်ပင်ညီ၊
ရွှေချက်ရွှာမယ်နဲ့ ဆရာတော်ဘုရား၊
အို-သာကီဖွား ငယ်က
ထားစိတ်တော်ရှင်၊
ကျိန်းဖျာ့ သခင်-သခင်၊
ယဉ်ယဉ်အောင် နွဲတယ်လေး....
လွှဲခုခါပင်။ ။

၄။ နတ်ညီလာ ကျင်းပါလို့ ဆင်းသက်အရှင်၊
လူ့နန်းဘုံတစ်ခွင်က ကုန်စင်မကြွင်း၊
အို-အလှူစာရင်းကိုတော့ သွင်းရွှေလွှာပေ၊
ထွန်းတင့်သရေ-သရေ၊
အို-ကွန်းမြင့် ရဝေ ရဝေ၊
စေတီ ပွဲစခန်းကိုလေး....
မှန်းမျှော်ကြပေ။ ။

၅။ တပဲ့တွေ ချုံးလှုပါပေါ့ဘုရား ဘုန်းသမုဆွေ၊
မြိုက်ဆေး ဓမ္မာရေအေးနဲ့ စာပေအရှင်း၊

အို....ဆရာတော် လင်းပါမှ တင်းနိုင်လိမ့်ထင်၊
ခုဖြင့် မရှင်-မရှင်၊
အရှင်ကို လွမ်းတယ်လေး....
နွမ်းခွေလို့ပင်။ ။

## ဒွေးချိုး ငိုချင်း

နှုန်းလျက်သာမှိန်၊
ဘုန်းတွတ်တာ ပွေဟုန်ရှိန်ကြောင့်၊
ငွေယုန်အိမ် ရာဟု ဖမ်းသလိုပ၊
ရှင်လန်းနိုင်ပဲ။
တအားနွဲ့ပြီ ဘုရား၊
ထားခဲ့သူ တပည့်ရဟန်းတို့၊
ရှိပန်းပဏာ ချွေလို့၊
ဆရာထေရ် ရှိယောင်ကိုးပါလို့၊
အထက်ဆီ လက်ချီကာသာ မိုးရတော့၊
ဆရာတော်ဘုရား....စိုးဗျာထုကဲ။ ။

အရှင်ဝိစိတ္တသာရာဘိဝံသ

၁၄-ရက်နေ့ ဗျာပနသဘင် အခမ်းအနား၌

**၈၀-ပေါ် တေးထပ်နှင့်**

မမ္မနာဒဆရာတော်ဘုရားကြီး၏ ထေရုပ္ပတ္တိ

**သိင်္ဂါသံ ငိုချင်းရှည်**

ပြိုးပြက်ရောင်ရှိန် ထိန်ဝါလျှပ်၊
စိန်ကြာ ပြာသာဒ် ပြဒုဗ္ဗေ၊
ကဝိန္ဒာနတ် သမုထေရ်ငယ်၊
ခုနေ မှုပွေ လူ့ပြေတလွှား။ ။

နတ်ပေါင်းရံခ ယာဉ်ကြော့စံငယ်၊
လျှင်သော့အမြန် ကြွမြန်းပါလှဲ့ ဘုရား။ ။

အဆွေးနယ်ခဲ့တဲ့ တပဲ့ထိုထိုမှာ၊
တကယ့်ကို ဘုရာ့ ပွေပွေများ။ ။

ဖွဲ့ကာ ငိုကာ ထေရ်ထေရ် ဘုရားကြောင့်၊
မနေမနား ဗျာလှိုင်ပို။ ။

ကိုယ်ရောနှုတ်ပါ နှလုံးယိုင်ပျော့လို့၊
အဆုံးတိုင် ကန်တော့ ရှိပန် ဝန္ဒနာပို။ ။

အို...ဘုန်းဖျော့ ဘုန်းဖျော့ ချုံးချငိုတယ်၊
အဆုံးအမကို နာယူမဟဲ့လို့၊

ဆရာတစ်ဆူရဲ့ ရွှေစက်ပါဒခြေ၊
ခွေလျက်သာပနေ....။ ။
ကံဆိုးဖန်တဲ့ တပဲ့တွေကို၊
တအားနဲ့ခွေ ပြုစွမ်းပေ ဘုရာ့လေး။ ။
မခွဲရက်ကြလျက် ခွဲထွက်ချေပြီ၊
အသဲပျက်ကြွေ၊
အို....လောင်ကျွမ်းပြီ ဘုရာ့လေး။ ။

မေရှင်ယမ်မှရာဇာ....။ ဆယ်ပြန်ငယ်သာ မြေချာပံသု နှုန်းပုံစံပြုသော်လဲ ဆုံးမှုမမြင်၊ အို....ဂုဏ်တော်အထူး ကုန်ကုန်နိုင်ဘူးသာပ ကျေးဇူးရှင်လေ တည့်မှ ကျေးဇူး ရှင်။ ဘဝင်ငယ်လှိုက်လှဲ့ လွန်ကြေကွဲ ဝမ်းထဲမကြည်၊ ဘုန်းတော်မြတဲ ဇာနည်ကို သည်ဆီရပ်နှယ် ကြဲရွယ်စိတ် ရည် အို....ဆယ်စုံလက်ကယ်နှင့် ဦးယှက်ခါချီ၊ မိုးရပ်ဆီ လေတည့်မှ မိုးရပ်ဆီ။

ခန္တီနှလုံး ကြံစည်သုံးပါတဲ့ ထေရ်ဘုန်းထွတ်တင်၊ ဝေဒနာပြင်း ဒေသနာရင်းငယ်နှင့် တင်းစိတ်တော်ရှင်၊ အို....ရံတပည့်များ စုံကြည့်လို့ ထားကြတဲ့လို့ ခံစားသည့် သွင်၊ ကြံရတဲ့ မျက်မြင်နှယ် ဘဝင်တုန်လှုပ် စိတ်ကိုသာ အနိုင်ချုပ်ရတော့ ငုတ်တုတ်ခွေယိုင်၊ ငေးကာ မှိုင်လေ တည့်မှ ငေးကာမှိုင်....။

မဏ္ဍိုင်ဂုဏ်ရှင် ဘုန်းသခင်ငယ်.... သုံးခွင် ပိဋကတ် ကမ်းတိုင်အောင် ခတ်ပါလို့ နှံ့စပ်စုံလင်၊ အာသာတော် လေ့ စာပျော်မွေ့ပါလို့ နေ့ရက်ကုန်စင်၊ အို....မဟာသတိ သမာဓိရယ်က ဇာနည့်ထွတ်တင်၊ (ဆရာတော်ဘုရား) ကြီးခိုင်စင်လေတည့်မှ ကြီးခိုင်စင်....။

လူတွင် လူမြတ်၊ နတ်တွင် နတ်မှူး၊ သခင်ဘုရာ့ အောင်
နိမိတ်ကို အောင်အတိတ်ကြူးလိုက်တဲ့ ဖူးလက်ဟင်မျှော်၊
ထိုဘုံမြင့် ဝတီ ပေါ်မှာ ရှိန်တောဖော် သမ္မာတင့်ပါလို့
သခင့်ဉာဏ်ရောင်....၊ မဟာဗောဓိရည် မြရောင်ခြည် ဟပ်
သလိုပ လျှပ်လျှပ်သာပြောင်၊ နတ်တို့ဘောင်လေတည့်မှ
နတ်တို့ဘောင်...။

တန်ဆောင်ဆီမီး လောင်ညှိသီးသလိုပ ဖြည့်ဆည်း
စုလင်၊ ဆရာဘုရာ့ဂုဏ်အင်ကို စုံအလင် စာမဖွဲ့နိုင်ပေ
မယ့် နာလွယ်ရုံသာ-၊ သဟင်းဆာ ဟွေး အကျဉ်းမျှရေးရန်ဖို့
ပေးပိမ့်ငှါ...ခွင့်ပန်ထွာလေတည့်မှ ခွင့်ပန်ထွာ။ ။

မဟာထေရ်ခေါင် ကျွန့်ဦးသျှောင်မူ ထောင်မှာကေ
ရာဒွယနှင့် ဇယဆယ်ဖြာ ခုနစ်သာ၊ ကောဇာသက္ကရာဇ်
ကန်ရာသီတွင်း တော်သလင်း ရေခင်း လသာခေတ်ဝယ်၊
ဆန်းသစ်စဉ္စီ နှစ်ရက်နေ့ ညဥ့်နာရီတွင်၊ ပါရမီတော်
မြောက် သာသနာတော်ကို ကိုယ်တိုင်သာ မြောက်မယ့်
ရယ်လို့ သင်္ဂ ရောက်လူ့ခွင်...ပည ပြိုက်ကြီး တိုင်ယိပ်တွင်
စီးပါလို့ မီး သန့်စင်လေတည့်မှ မီးသန့်စင်...။

ကြည်လင်မိဘ ဒွိနှစ်ပ ရှိသမျှမျိုးဆွေ....၊ ပြစ်ဆာမသိုး
ချစ်သဒ္ဒါ တိုးသည့်ပြင် မေတ္တာမိုး ရွေလို့မှ မပြေခင်တွင်း၊
အရှယ်တော်စစ် ခုနစ်နှစ် သက္ကရာဇ် ချဉ်းတဲ့လျှင် ဦးရီး
ဘုန်းမော် အာသာတော်လေ့ စာပျော်မွေ့ပါတဲ့ မဟာ
ထေရ့် ထံတော်ရင်းပယ်၊ ရွယ်တော်နှင့်မျှ သင်သင်
အံအံ အမြင်သန် ပင်တိုင်ဉာဏ်ဗလဖြင့် ရမှမဋ္ဌု၊ သူငယ်
သင်ရိုး ကျင်ဂလယ်ဒိုးကဲ့ယို့ ကြိုးစားကော် မှုလေတည့်မှ
ကြိုးစားတော်မှု....။

၆ ဆောက်ဦး ကံရင်း သမ္ဘာလင်း လျှံဝင်းတောက်ထိန်၊ သျှုငယ်ဘော်ဇာစ် ရွက်တော်စစ်က ဆယ်နှစ်သားအချိန်တွင်၊ သာမကျောဘုံ သက်ရောက်လှုံ ဉာဏ်ဂုဏ်ကွန့်မြူး ပညာချက်ကုန် စက်အဟုန်နှယ် ထက်မြက်ပုံ ထူးသော်ကြောင့် ချီးကျူးဘွဲ့တော်.... ဗျူပွတ် ကျော်လေ တည့်မှ ဗျူပွတ်ကျော်....။

အဟော်ငယ်တည့် အံ့မူး၊ နတ်ရော ပြဟ္မာ ထပ်လောကာ ဩဘာခြိမ့်ကျူးပါလို့ ဉာဏ်ထူးသခင်....၊ တစ်ဆယ့်ခုနစ်နှစ် လွန်ပျိုမျစ် ထိုနှစ်လောက် အဝင်တွင်၊ သင်စမှတ်ရိုး ပိဋကတ်သုံးဆိုင် နှုန်းမပြိုင် အဆုံးတိုင် ကြိုးမဟဲ့ရယ်လို့ မညှိုးတေဇော်၊ ရတနာပုံနန်း ဘုံကြငှန်း ယုန်စန်းသို့ ထင်ပေါ်သည့် နှစ်ဖော်ပဏ္ဍိတ် ရွှေရေးဆောင်စံ အခေါင်ဉာဏ် ညောင်ကန် သခင့်ထံရိပ်ဝယ်၊ နိဿရည်းခံယူ ပညာထွတ်ဖူး ညွတ်ညွတ်သ‌ာနူးပါလို့ ဆွတ်ခူးတော်မူလေတည့်မှ ဆွတ်ခူးတော်မူ....။

ငယ်မူရယ်ပျောက် နှစ်ဆယ်မြောက်ဝယ်၊ ရွှယ်တော်ဆင့်လျှံ မထေရ်တော်ကြီး ဇာနည်ထီးတို့ ပင့်ချီးဝန်းရံ ပဥ္စင်းခံယူလျှင်၊ သူဇံပတိ နှလုံးအိမ်ဆီထိသို့ ပီတိနူမော်၊ ကောင်းချီးခေါ်လေတည့်မှ ကောင်းချီးခေါ်....။

ဉာဏ်တော်ငယ်တည့် ထိန်ဝင်း၊ ဋီဘင်ဆက်ဆံ ပဥ္စကွန်ကို မြင်ထက်သန် လင်းသော်ကြောင့် ရွှေမင်းကွန်းညာ၊ သံဝါမန္တော မလ္လာငယ် ပေါပါတဲ့ တောရပ်သာဝယ်၊ ခုနစ်ဝါကစ ဓာတ်ကမ္ဗဋ္ဌာန်း မပြတ်မှန်းတဲ့ပြင် မြတ်

ကျမ်းဂန်ချပါလို့ နိဗ္ဗဝါ .... ဘုန်းမွေ့ ပါလေတည့်မှ
ဘုန်းမွေ့ပါ....။

ရွှေစာတော်ရေး ကြော်ကြော်ကြွေး တော်လေး
နက်သံ၊ အောင်ပွဲတော် ယူခံစဉ်....၊ သူဇာပတိ လေးပါးမိနှင့်
ရှိဝန္ဒနာ၊ ဝတိ ကြင်ငှန်း သိင်္ဂီနန်းဆီသို့ မြန်းကြွစိမ့်ငှါ....၊
ပင့်လျှောက်လာလေတည့်မှ ပင့်လျှောက်လာ....။

မျက်နှာတော်တည့်ဝါဝင်း .... ထေရ်သမုန္ဒယ် မေရု
ဆွယ်ရယ် ရွှေရှုနှယ် တင်းပါဘိ လင်းမမိန့်ကျူ....။ အို....
ဘာအတွက် ဆရာကွက်ပါလိမ့် ခွာရက်တော်မူသည်ကို၊
တွေးယူမရ မပြေပါနိုင် ခွေကာငိုင် လက်မှိုင်သာချပါလို့
သောကလှိုက်ဖို....၊ ကိုယ်တော့်ခြေရင်း ခွေလျော့စင်း
ပါ၊လို့ ဟင်းချကာ ငိုလေတည့်မှ ဟင်းချကာငို....။

မလိုတမာ နေရင်းတထောင့် ပွေခင်း နှောင့်ချင်တဲ့
သေမင့်ကောင့် မိစ္ဆာကို၊ ဘယ်ငှါအတွက် ကိုယ်တော့်
သမာဓိန် ဝရဇိန် ရွယ်ချိန်ကာဖျက်သတုန်း....၊ ခက်ကြဲ
ပေါ့ဘုရား တပည့်တွေဝပ်လျှိုး ရှိညွတ်ကာသာ ခိုးပါရ၊
ညှိုးငယ်စွာလေတည့်မှ ညှိုးငယ်စွာ....။

ခုခါတလွှား ရှင်သဟာတော် သဒ္ဒါမော် ဆရာတော်
ဘုရားနဲ့ မျှားတပည့်စုံ၊ တမင်္ဂလ ထင်ကရ သခင်ဘုရာ့
ဘုန်းဂုဏ်ကို၊ အာရုံစိတ်မှန်း ဆရာ့တွက်တာ မဝှက်သာ
ရွှေချက်ရွှာ စခန်းဆီမှ ပန်းစိတ်မထင်....၊ ပူဇော်ဝတ်
စုအလင်ကို၊ ဘုံတစ်ခွင် ဝတိ နန်းဆီက မြန်းသက်ရှေးရှု၊
မှုအသွား ဂရုထားပါလို့ ရှုစားတော်မူဘုရာ့ ရှုစား
တော်မူ....။

ရှင်း—ခွေးချီးနဲ့ချင်း

ဘုန်းတပဲ့(ပည့်)တွေ....
ချုန်းတဲ့ကာ အသာခွေလို့၊
ဆရာထေရ် ဂုဏ်မေရှင်ယ်ကြောင့်၊
ပွေမှုဟန်မျှား။
မတွေးတတ်ပြီ ဘုရာ့၊
အဆွေးဇာတ် ကိုယ်တော် ထွင်ခဲ့တော့၊
ကိုယ်တော်ပင် ရွှေညာဏ်စောပါလို့၊
အဆွေးသန်သူကို အေးရန်သဘောရယ်နဲ့၊
အို....ဆရာတော်ဘုရာ့၊ ဟောပါ့တရား။ ။

❀

အဂ္ဂမဟာပဏ္ဍိတ မဟာသစ်ဝင်ချောင်
ဆရာတော်ဘုရားကြီး၏
သာဓုကီဠန စျာပနသဘင်အတွက်
မစိုးရိမ် ဆရာတော်ဘုရားကြီး၏တိုက်တွန်းချက်အမိန့်အရ
၁၃၀၁-ခု၊ ပြာသိုလဆန်း ၁၁-ရက်နေ့
ရေးသားတော်မူအပ်သော
အလောင်းတော် ပင့်ဆောင့်သည့်

**ကရဝိက်ဖောင်တော်လားနှင့် လျှေတော်သံ**

**ကဗျာ့တေးသံစုံများ**

မဲ့သူကြီး စခန်းထ လေးဆစ်

လူ့ရပ်ငြီးပါလို့၊
နတ်ထီးကိုပ ပြောင်းစံပျော်။
ဖောင်ကရဝိက်ကယ်နှင့်၊
ခေါင်ထိပ် ရွှေညာဏ်ချွန်လို့၊

ထေရ်တံခွန် ဘုန်းတော်ဘုရားကို၊
မျှား တို့ပူဇော်။ ။

ရုပ်ကြွင်း ထိုကာလာပ ငယ်တို့၊
ဖုတ်သဂြိုဟ် ပြာမကျခင်ပ၊
ပဏာမ ငယ်တည့် တကြောင်းဖော်၊
အို...အလောင်းတော်ကိုတော့ ရေသဘင်နွဲ။ ။

ဘုန်းတပဲ့တွေ၊ ချုံးနွဲ့ကာ ဗျာပါပွေလို့၊
မဟာထေရ် ရှိယောင်နိုးငယ်နှင့်၊
ဘဝင်ဆီကိုလေ လက်ချီလို့သာ ခိုးရပါတော့၊
အို...ဘုရာ့ စိုးဗျာထုံကဲ။ ။

## ပဲ့သူကြီးက ငွေမောင်း သုံးချက်တီး၍ ပြောရန်စကား

ဩော်.... ရွှေသမ္ဘာကြွ တေဇာတော်ရှပေတဲ့ ရောမကျေးဇူးရှင် အရှင်ဆရာတော်ဘုရားကြီး၏ အပြီးတိုင် ဈာပနတွင် ပဏာမ တစ်စခန်းဆက်ရမယ်လို့ ဟို...မန်းကနက် ဘုံဆောင်တစ်ခွင်မှာ ဂုဏ်ရောင် တလွင်လွင်နဲ့ တန်ခိုးအရှိန် ကြွားပေသော ကျေးဇူးတော်ရှင် မစိုးရိမ်သခင် ဆရာတော်ဘုရားကြီး၏ စကားမိန့်ချက် အာဏာတော် ရွှေစက်ကြောင့် ရေထက်တွင် ပြေကျော်ကြွားတဲ့ လှေတော်သား ဆွေပေါင်းတစ်စုတို့ကို ငွေမောင်းထုလို့ အချက်ပေးလိုက်ယင်ပဲ့ ဟော....လက်သွေး တကြွကြွနဲ့ တက်ရေးပြကာ တဂုဏ်ထွင်မဟဲ့လို့ အစုံအလင် ရောက်လို့ဖြင့် လာကြပြီ....။

သို့သော်....အရေးထူးတဲ့ ခုအခါမှာ ရှေးဦးစွာ ကျွန်ုပ် ပွဲသမားက နှုတ်ဆက်စကား ရှေးရိုးလမ်းမိတဲ့အောင် ကဲ....သွေးတိုးစမ်းလို့ ကြည့်လိုက်ပါရစေအုံး ဆရာတို့=။

(ဆိုင်းက အသင့်တီး)

## ပွဲသူကြီး ညည်းတွားသံနှင့် ပြောဆိုရန်

(လှေသားများ ဒေါပါပါနှင့်)
လှေသူကြီး—တိုးမှ တိုးပါမလား မောင်တို့၊
လှေသား —တိုးပါတယ်၊ အဟုတ်ကိုပါပဲ။
လှေသူကြီး—စီးမှ စီးပါမလား မောင်ရို့၊
လှေသား =စီးပါတယ်၊ အဟုတ်ကိုပါပဲ။
လှေသူကြီး=သွားမှ သွားပါမလား မောင်ရို့၊
လှေသား =သွားပါတယ်၊ အဟုတ်ကိုပါပဲ။

## လှေသူကြီး အားတက်စွာဖြင့် ပြောရန်

ဟော.... ရွှေပွဲလာ အများတစ်သိုက်တို့ရဲ့ နားစိုက် မိကြ ပါရဲ့လား။

သွားပါ့မလား-စီးပါ့မလား-တိုးပါ့မလားလို့ အထွေထွေပြောကြားသမျှ ကျွန်ုပ်စကားကို - လှေသားတကာ နှုတ်ဖျားကဖြင့် အဟုတ်သွား-အဟုတ်စီး-အဟုတ်တိုးလို့ တစ်မျိုးတည်း အဖြေထွက်ခဲ့ပြီ။ နေစက်ကလဲ အလွန်မြန်၊ ရေဂယက်ကလဲ အလွန်သန်လေတော့ သဘင်ဉာဏ် သဘောမနသီ ဆရျမို့ ကမင် ကြံဖန်ကာ အပြောဝစီ ဟနေမှုဖြင့် အင်မတန် စကားကြော ရှည်သပရယ်လို့ ဟောဒီက ချစ်သဟာ အများတို့က အပြစ်ရှာ စကား ကျွန်ုပ်အပေါ် တင်ကြလိမ့်မယ်။ အပြစ်ရှာစကား မတင်

ကြမိအတွင်း သင်္ဘောထရ်သနင်း ကဝေအခေါင် အရှင်ကို ရွှေဖောင်ယာဉ် အလှူတော် တနဲ့ဆင့်ပြီး ပြေဘောင်တစ်ခွင်မှာ ဆူကျော်လို့ အကဲတင့်အောင် ပူဇော်ပွဲ ဖွင့်ကြပါစို့....ဖွင့်ဆို ဒီလိုတဲ့။

**ဆိုင်းဆင့်။** ။ဇေယျာ သေလာ မြေပထဗျာဝယ် ရောရစ်ဆိုင်း၊ သမ္ဘဝ ညီနောင် ယခေါင်ဆီက ဖောင်တရဏ် မြစ်ပြင်သို့ အစိုင်းတွင် မရှောင်မိ စစ်ပင်ကိုင်းတဲ့ အတွက်ကြောင့် တောင်အမည်ကို အသစ်ထွင်လို့ သမိုင်းခဲ့တာမတော့ စစ်ပင်ကိုင်းလို့ စင်ကိုင်းတဲ့။အဲဒီ စစ်ကိုင်းဆိုတောင်သေလာ၌ သောင်ခေမာ နိဗ္ဗာန်နန်းဆီသို့ ရှောင်သွေမကျွာ အမိဋ္ဌာန်နဲ့ မြန်းမလို့တဲ့၊ စိတ်ကြံမှန်း သဒ္ဓါစစ်တမင်ပြောင်ပြီး ဝိမာန်အဆန်း မြန်မာဖြစ် တစ်စင်ထောင်ထားလိုက်ထာ ဟောဟိုမှာ ကြည့်စမ်း၊ မဟာသစ်ဝင်ချောင်တဲ့။ အဲဒီ မဟာသစ်ဝင်ချောင်မှာ ကမ္ဘာခေတ်တွင်အောင် အဘက်ဘက် သမ္မာဉာဏ်ရှိလှတဲ့ အဂ္ဂမဟာပဏ္ဍိတ ကျမ်းပြုအရှင်ဟု တစ်ခန်းလှူခွင် ကျော်ကာကြားတဲ့ တော်ဆရာဘုရား ဥက္ကဋ္ဌမထေရ်မှာ မနုဿပြည်ကဇာတ်နွှမ်းလို့မို့ ဟို...အယုဇ္ဇပြည် နတ်ကြငှန်း ဆီသို့ချီကာ ကြွခဲ့တာကိုး....။

မြတ်စခန်း ချီကာကြွတဲ့ ဤကာလ ခါယခုချိန်မှာ မဟာဂုဏ်ကိန် တန်ခိုးရှိန် လင်းလှတဲ့ မစိုးရိမ်သနင်း မှူးသင်္ဃာရာကို အဦးတင်ကာ ခေါင်ပဏ္ဍိတ်တို့က ဖောင်ပျံကရဝိက် ရွှေယာဉ်ပျံနဲ့ ရေပြင်ယံ သိမ့်သိမ့်ကြဲလို့မို့ ဝေဟာင်မံ ခြိမ့်ခြိမ့်မစဲဘဲ့အောင် အငြိမ့်ပွဲနှင့် ပူဇော်လို့ ပြုရမယ်လို့ လူဇော်အလှ အပေါင်းတပည့်တို့ကို အနကြောင်း

သံ အမိန့်တော် ဟလေတော့ တဆိတ်ကမှ သွေမစောင်း ဝံ့ဘူးနော် တံဆိပ်ရမယ့် အဆွေ အပေါင်း တို့ရေ.... (ဟောဟိုက)အာဒိစ္စဆိုတဲ့နေမညောင်းခင် ကိုင်း-ကိုယ့်လူ တို့ရေ.... ရေကြောင်းက ငွေမောင်းဆင့်ပြီး လှေလောင်းကိုလွှင့်။

(ငွေမောင်း သုံးချက်တီးပြီး လှေထွက်၊
အောက်ပါ လှေတော်သံ ကဗျာများ ဆို)

[ဤ လှေတော်သံ ကဗျာများ၏ အစ သုံးပိုဒ်၌ သတ်စေ့နက် ကာရန်အညီဖြင့် ဥာဏ်ရည်မြူးကာ အထူးစပ်ဆို သီကုံးထားလေသည်။]

၁။ **ဘုန်းထေရာခေါင်**.... ဇေယျာအောင်မြေ အတွင်းဆီမှ၊ တေဇာမှောင်ခွျေခွင်းပါလို့ ရံသင်းညီမျှဒီလ-စံရင်းဆီမှ ချီကြွ၊ နဒီရောကျော့ကိုလေး.... ဆောင်ပင့်ခဲ့ပြီ။

၂။ **ချုန်းတေဇာရောင်**....နေရာထောင်နယ် အလားသာပ၊ ပညာ ယှဉ်ရာ ရှားသော်ကြောင့်၊ အများတကာတို့ ပဏ္ဍာကြို့၊ တို့ဆရာ ထေရ်ရှင်မှူးကိုလေး....ဦးတင်သချီ။

၃။ **နှုန်းနေဝါရောင်**....ကြေငြာ မြန်ဘောင် အတွင်းမှာလ၊ ဂုဏ်ရောင် စုံအောင်လင်းပါလို့၊ မကင်းနိုင်သမို့ မခိုင်လို့၊ တို့သူငါ များကိုလေး....ထားစွန့်ခဲ့ပြီ။

၁။ **လောင်းလှေနှင့် စုံ**....ရေယာမုန်ထဲမှာတော့၊တက်စုံ လက်ကုန်နွှဲပါလို့၊ တနဲ့ အလှူတော့် အပူဇော်၊ ကျော့ ဖောင်ပြန်ကြီးရယ်လေး....ညီးလျှံလို့ ဝေ။

၂။ **သောင်းမြေမြင့်ခုံ**....ရွှေနှင့်အစုံ မြလို၊ ရေနှင့်
တစ်ဖုံ လင်ငယ်တို့၊ ပဝင်းထိန်စွာပ ထိန့်ဖွာပ၊ ရှိန်
သမ္ဘာ ဖြိုးတယ်လေး....မျိုးသာကိဆွေ။

၃။ **ဒေါင်းနေမင့်ပုံ**....ထေရ်ရှင့် ဉာဏ်ဟုန် အသွား
ပေပ၊ ဖောင်ပံ့ ရောင်လျှံထွားကိုတော့၊ အများ
လာရှုခါခု၊ ဘုရား သာဓု သာဓု၊ ဗျာဆူသံ ညောင်း
တယ်လေး....သောင်းနယ်ရပ်ခွင်။

၁။ **ဝဲခွေကာချီ**....ရောနဒီစွန်းဆီက၊ ထေရ်သာကီကို
လွမ်းသော်ကြောင့်၊ မျှော်မှန်းချိုမြ ဆိုတ၊ ခေါ်
ညွှန်း ငိုကြ ယိုကြ၊ ပိုဗျာပါ ချုံးအောင်လေး....
ဘုန်းဆင်ရက်ပေ။

၂။ **လွှဲသွေကာဖီ**....ဇေယျာဝတီ စခန်းဆီမှ၊ နတ်ပြည်
မြတ်ထေရ်မြန်းသော်ကြောင့်၊ရဟန်း လူတို့ ရှင်တို့၊
မချမ်းပူလို့ ပင်လို့၊ ဟို နတ်ခွင်ကျေးကိုလေး....
ငေးမျှော်လို့နေ။

၃။ **သဲငွေလွှာစီ**....ဂင်္ဂါနဒီအတွင်းဆီက၊ ရေနေ ထွေ
ထွေ တသင်းငယ်တို့၊ ဖောင်ရင်းဆီသို့ စီလို့၊
ခေါင်ချင်းထေရ်သို့ ရည်လို့၊ ကြို့ပဏာ ဖူးတယ်
လေး.... ဦးတင်သ ချွေ။

၁။ **တွေးယူဆဖွယ်**....သူငါ သွယ်သွယ် အများငယ်တို့၊
ပြည်ကျော် ထေရ်တော် ဘုရားလိုပ၊အလားစံထုတ်
နာမ်ရုပ်၊ ချုပ်ပျက်ဟန် သဘောကိုလေး.... စော
ဉာဏ်ချင့်မျှော်။

၂။ **ဒွေးမူလခြယ်**....သူက အစွယ်ပွားပါလို့၊ ဖန်ခါ သံသရာ တလွှားမှာတော့၊ မနားဘယ်ခါမှ လယ် ပါရ၊ ကျယ်ကျယ်ကာ ဖမ်းပြီလေး....နန်းမြိုင်ရိပ် မျှော်။

၃။ **တေးဘုမန္တယ်**.... ဘဝန္တယ် ထောင်အတွင်းဆီသို့၊ ဉာဏ်မြင် သမ္မဇဉ်ကင်းရင်ဖြင့်၊ သက်ဆင်း တစ် ဖန်ပ အမှန်ပ၊ ချက်ချင်း လှန်မပ ဆန်မပ၊ ကြံဆ ရည် ထားတယ်လေး....အားသစ်ကြနော်။

ဤတွင် ပြီးပါပြီ။

❀

၁၃၀၇-ခုနှစ်၊ ကျေးဇူးရှင် မစိုးရိမ် ဆရာတော် ဘုရားကြီး ဝါကပ် သီတင်းသုံးတော်မူရာ မင်းကွန်း တောင်ရိုး၊ မမ္မသာရ ကျောင်းတိုက်၌ ကျောင်းအမကြီး ဒေါ်ကြမ်း ဆက်ကပ် လှူဒါန်းသော သီတင်းကျွတ် မဟာ ကထိန် အလှူတော်ပွဲကြီးတွင် ဆရာတော် ဘုရားအား ပူဇော်ကန်တော့သည့် **ငွေဥဒေါင်းရုပ်ကြီး**က နှုတ်သီးဖြင့် ကိုက်ချီထားသော....

**ဒေါင်းရွှေဥ နေတစ်ဆူတေးထပ်**

ကွန်းရွှေမြိုင် သောင်းကေတုဆီက၊
ဩြောင်း ဟေတု ဟေတူ၊
ဒေါင်းရွှေဥ နေတစ်ဆူငယ်၊
ဇေယျတူ သံရင့်။ ။

ကျောင်းဆောင်တော် ဝေဇယန်ဝယ်၊
နေရဗာန် လမ်းဖြောင့်ကို ဖွင့်။ ။

ပစ္စည်းနှင့် ပစ္စယပွန်၊
နှစ်ရပ်နာမ် ဒွန်ဖွင့်။ ။

ဖြစ်ချုပ်ဟန် ညွှန်သဖြင့်သာပ၊
ခုနစ်ဆင့် ပေါဋ္ဌာန်။ ။

စက်ဘုန်းရောင် သာရှင်မြူးသော်ကြောင့်၊
ကြာခင်ဘူး ပွင့်မည် ပြင်ဆင်။
မစိုးရိမ့် ဂုဏ်သခင်ကို၊
စုံအလင် ဆုချွေသန့်ပါလို့၊
ဥဒေတယံ့ မောရဗျာဂီ-
ဟောဖျာ လာပြီ။ ။

နိဗ္ဗာန်နန်း မှူးမဲ့ထေရ်ကို၊
ဦးငဲ့ချီ ငွေဒေါင်း ဘုရားလေး။ ။

**ဦးဝိစိတ္တသာရာဘိဝံသ**
ဓမ္မနာဒတိုက်၊ မင်းကွန်းတောင်ရိုး

❀

# မျိုးချစ်စိတ်ဓာတ် မြတ်ဆန္ဒ

ဘုဇိဿတ္ထ+မဝိညာယ၊
ဒမ္မ မရမ္မ ရဋ္ဌိကာ။ ။
သကံ ခုရံ သန္ဓာရေန္တု၊
သော အသ္မာက ပတ္ထနာ။

သာသနာစက်ရောင်၊ ထက်ယခေါင်မှ၊ လက်ပြောင်ဝေပ၊ အောင်မြေချမ္မာ၊ ဆွဆွနှုပျို၊ လန်းလန်းစိုသား၊ နဂိုမူလ၊ သဘာဝဖြင့်၊ မြပန်းချီဆေး၊ ကံရှိန်ရေး၍၊ သွေးဖြင့်တည်ဆောင်၊ ကိုယ့်ပြည်ထောင်ကို၊ နောင်တစ်ဖန်ခေတ်၊ ပြန်မနစ်ဖို့၊ အားသစ်မွေးမြူ၊ အလေးမူလျက်၊ ရှင်လူနှစ်ခန်း၊ ကိုယ့်ဝန်လမ်းကို၊ ထမ်းမှတော်မည်၊ ချစ်သွေးရည်တို့၊ ကြည်တမြမြ၊ ကိုယ့်ငန်းမှလျှင်၊ မချသောစိတ်၊ မမိတ်မျက်စိ၊ သတိခိုင်ကျည်၊ လုံ့လစည်လျက်၊ ဉာဏ်ရည်လင်းပွင့်၊ ကပ်လုံးတင့်အောင်၊ ဆင့်ဆင့်ကြိုးအားသန်ကြစို့။ ။

ဦးဝိစိတ္တသာရာဘိဝံသ

ဓမ္မနာဒတိုက်၊ မင်းကွန်း

၅–၉–၃၀၉

၁၃၁၀-ခုနှစ်၊ မန္တလေးမြို့
ပရိယတ္တိ သာသနဟိတအသင်းကြီး
နှစ်ငါးဆယ်ပြည့် ရွှေရတု အထိမ်းအမှတ်ဖြင့်
တံဆိပ်တော် ဆက်ကပ်ပွဲကြီး၌
ဝဲချီးဖတ်လျှောက်အပ်သော
သဒ္ဓမ္မပူဇာ သာသနာနုဂ္ဂဟ ဇေယျမင်္ဂလာ

# ယောမနာ စာတမ်း

**ရွှေနားပန်ဆင်ရန်....**

ဘုန်းပန်းမဥ္စူ၊ ကြိုင်လှိုံကြူသား၊ ဝှန်ဆူကိုးချက်၊ တန်ခိုးစက်ဖြင့်၊ မိုးထက်လှုံ့ကျော်၊ စိန္တေယျော်၏၊ နှုတ်တော်မြွက်ဟ၊ စက်ဓမ္မလျှင်၊ ကာလမွန့်ရှည်၊ ပွားစိမ့်မည်ဟု ဖန်တည်အာဒိ၊မျှထူးရှိသား၊ ပရိယတ္တိသာသန၊ ဟိတမည်လျှင်း၊ဤအသင်း၏၊သစ်လင်းအံ့ဖွယ်၊စားစားကယ်လျက်၊ ငါးဆယ်နှစ်ရောက်၊ ပြည့်ခဲ့မြောက်၍၊ မျက်မှောက်ကြုံတွေ့၊ဤယနေ့ဝယ်၊ လွှေ့လွှေ့ရမ်းရမ်း၊သဒ္ဒါစွမ်းဖြင့် မင်းခန်းစုံလင်၊ ပွဲကြီးယင်လျက်၊ ကျော်ထင်ရွှေလိပ်၊ ဘွဲ့တံဆိပ်ဖြင့်၊ ခတ်နှိပ်လျှနှင်း၊ ပူဇော်ခင်းကို၊ လင်းလင်းသိသာ ယောမနာဟု၊ မင်္ဂလာစကား၊ လျှောက်ဖတ်ကြားမည်၊ ၊ရွှေနားဆင်ကုန်ဘုရား။

ဂ၄ ဗ္ဗိတိ=နိ

ကာ ဗျ မာ လာ

သိဒ္ဓမ်။ အောင်သူတကာတို့၏ မဟာဇိနိန္ဒာဓိပတိ သီရိ ပဝရ အမိတဟု ဝိဇယသျှောင်ဖူး အောင်ပွဲမှူးစင်စစ် ဖြစ်ကြီးဖြစ်သော၊ ရှင်ချစ်ပရမေ ဘုရားသုံးလူ့ ဆွေသည့်၊ ညောင်ရွှေမာရ်နှင် ဗေ္ဇပလ္လင်၌ သံထင်ရိုက်ချုန်း ယမိုက်ဘုန်းဖြင့် တိုက်လုံးငြိမ့်ထွေ ကောင်းတင်းချွေလျက်၊ ဇေယျာဘိဇေယျ၊ဇေယျုတ္တမ၊ဒေဝါတိဒေဝက္ကဋ္ဌ၊အနုတ္တရဘွဲ့နံ၊ဓမ္မရာဇ်ဘိသိက်ခံ၍၊နိဗ္ဗာန်သာထွန်း၊ မှာရပ်ကျွန်းသို့ ပို့ညွှန်းကယ်ယူ၊ ဗိုလ်ဗိုလ်လူကို၊ကိုယ်ထူဘေးမဲ့၊ ပေးပြီးခဲ့မှ၊ လေးဆယ့်ငါးဝါ၊ အခါဟော်မြွက်၊ တိုင်တုံလတ်သော်၊ နာဂတ်ဝေနေ-ယျတတွေကို၊ မျက်ခြေမပျောက်၊ ကိုယ်တော်နောက်သို့၊ ကောက်ကောက်လျှင်ထွေ၊ လိုက်ပါစေဟု ၊ဓမ္မဒေသနာ၊ နည်းစုံပြ၍၊ ပိဋကသုံးသွယ်၊ နိကာယ်ငါးဖြာ၊ အင်္ဂါကိုးတန်၊ ဓမ္မက္ခန်ပေါင်း၊ ရှစ်သောင်းလေးထောင်၊ မြားမြောင်ကိုယ်ပွား၊ တည်ခဲ့ထား၍၊ ပါးပါးထုတ်ပြ၊ သဒ္ဓမ္မတို့၊ ကိစ္စဉသုံ၊ ပြည့်ဝထုံသဖြင့်၊ ရွှေဘုံကြွေ့နန်း၊ နိရော်နန်းကို၊ သိမ်းမြန်း စိုးစံတော်မူလတ်သတည်း။

မဟာသကျ၊ စောသီဟလျှင်၊ အမတနိရော်၊ စံကိန်းပျော်က၊ ကိုယ်တော့် အလျှာ၊ ထားခဲ့ပါသော၊ မဟာကဿပ၊ သံဃိန္ဒသည်၊ သာသနဒါယကာ၊ အဇာတသတ်မင်း၊ ချီးမြှောက်ခြင်းဖြင့်၊ကောင်းတင်းသာအိ၊ဘဝဂ်တိုင်ထိလျက်၊ အာဒိကမ္မိက၊ ပထမသံဂီတိသဘင်၊ ယင်တော်မူသည်မှ၊လက်မွန်စ၍၊သာသနပါလက၊သာသနဒါယကာမဟာထေရ်ပေါင်း၊ ရှေးမင်းကောင်းတို့၊ ဆင့်လောင်းစဉ်ဆက်၊ စောင့်ရှောက်ချက်ကြောင့်၊ ကနက်ရမ္မ၊ မန္တလ၌ဒုတိယဥကင်၊ ဖွင့်လှစ်တင်သော၊ အရှင်သီဒပါမင်းတရား

ရွှေလက်လက်တိုင်၊ နေစက်ရာထောင်၊ တစ်ခုသော တိုက်ဘောင်ဝယ်၊ တပြောင်ပြောင် စု၍ပသကဲ့သို့၊ သာသနနေဝန်း၊ သရေရွှန်း၍၊ ဝေရှန်းတောက်ထိန်ဆဲအခါ၊ စကြာယုန်နန်း၊ ဣန္ဒုစန်းကို၊ ရန်ကြမ်းရာဟု၊ ဖမ်းလာပြုသို့၊ သမုတိနတ်၊ တို့မင်းမြတ်ကို၊ လှည့်ပတ်ထဲသို၊ နှုတ်သံချိုဖြင့်၊ ဝိတိုရိယ၊ ဗာဟီရဟု၊ ရာဇကေရီ၊ မာယာဝီတို့၊ ဝါဒီညစ်ညမ်း၊ လောဘပြွမ်း၍၊ အကြမ်း ဖက်ကာ၊ မသမာပဲ၊ ပသယှာဝဟာရမှု၊ တိုက်ဖျက်လုသဖြင့်၊ စတုပစ္စယ၊ သာသနဒါယကာ၊ ကင်းလွတ်ကွာလျက်၊ သာသနာ့တန်ဆောင်၊ အရောင်မှိန်မှေး၊ အရှိန်သေး၍၊ အရေးနွံ့လုလက်သော်....၊

**သာသနဿ စ လောကဿ**

**ဝုဍ္ဎိ ဘဝတု သဗ္ဗဒါ၊**

အာသံသ ပတ္ထနာဖြင့်၊ ရတနာပုံ မန္တလေးမြို့တော်ရှိ၊ ဇာတိအာစာရ၊ ကုလပုတ္တခပင်း၊ လူကြီးမင်းတို့သည်၊ စိုင်းပြင်း တိုင်ပင်၊ ဆင်ခြင် နှိုင်းညှိ၊ မပြားသော ဆန္ဒရှိကြ၍၊ **ပရိယတ္တိသာသန - ဟိတ** ကမှည်း၊ အသင်းကြီးကို၊ ဖွဲ့စည်းတည်ထောင်၊မှုကုန်ဆောင်ကြလျက်၊ ဘုန်းခေါင်ဂုဏ်တော်၊ သာသနာဝယ်၊ ဓမ္မာစရိယ၊ မူလသီးခြား၊ နှစ်နည်းသားလျက်၊ ပိုင်းခြားစုံစီ၊ ဂုဏ်အင် ညီသော၊ သာကီဝင်ဇာတ်၊ အရှင်မြတ်တို့၊ နိဗ္ဗုဒ္ဓဆုမ်းပစ္စည်း၊ မလိပ်လည်းအောင်၊ သိပ်သည်းကော်ရော်၊ ပူဇော်ဝတ်ခင်း၊ မလစ်ဟင်းစေဘဲ အသင်း၏ စာလျှောက်မေးခန်း၊ စာသင်စာချတန်းတို့၌၊ ကျမ်းပြည့်အောင်မြင်၊ နှုထေရ်ရှင်တို့အားလည်း၊ နှစ်စဉ်ထာဝရ၊ အောင်ပွဲကြီး ကျင်းပ၍၊ သမဏပရိက္ခရာ၊ ပဒေသာပင်ကြီး၊ ညီးရရီးကို၊ သီးသီး

ကြည်ဖြူ၊ ဆက်လှူဆောင်နှင်း၊ ပူဇော်ခြင်းတို့ဖြင့်၊လူမင်း
မြတ်စွာ၊ သာသနာကို၊ သိဘာချမ်းမြေ့၊ ရေနှင့်တွေ့သော
ရာစေ့ချပ်လွှာ၊ သတပတ်ကြာကဲ့သို့၊ အခါနိစ္စ၊ ယနေ့
ကျအောင်၊ တောက်ပပွင့်လင်းစေခဲ့ပါသတည်း။

ပရိယတ္တိသာသန-ဟတ်တမည်လျှင်း၊ ဤအသင်းမှ၊ ရှေး
မင်းတို့အရာ၊ သာသနာကို၊ သဒ္ဓါလွေ့လွေ့၊ ချီးမြှောက်
လေ့ဖြင့်၊ ယနေ့တိုင်ဟူ၊ ခါတော်မူကား၊ အသူရိန်မင်း၊
သူ့ခံတွင်းမှ၊ ဖောက်ထွင်း ခွဲထွက်၊ စန်းယုန်စက်သို့၊
အထက်ရှေးက၊ ရေးခဲ့ပြသော၊ ဗြိတိသျှစိုးမင်း၊ သူ့စက်
တွင်းမှ၊ ရှင်းရှင်းလွတ်ကွာ၊ချုပ်အချာဟု၊ အာဏာလူထု၊
ကိုယ်ပိုင်ပြုသော၊ ပြည်ထောင်စုတွင်ခေါ်၊ သမ္မတမြန်မာ
နိုင်ငံတော်ဝယ်၊ ဆယ်တော်ရာဇဓမ်၊ ဂုဏ်ပြည့်လျှံသော၊
နိုင်ငံဦးစီး၊ သမ္မတကြီးလျှင်၊ ညီးညီးထိန်လက်၊ နေလုလင်
တက်သကဲ့သို့၊ ပေါ်ထွက် ထွန်းပြူ၊ ဥဒည်းမူရကား၊
လိုက်ဆူကြည်လင်း၊ ဤအသင်းမှ၊ နှစ်သက်ခြင်း ပီတိ၊
အကြိမ်ကြိမ်ဖြစ်ရှိ၍၊ ဇိနသာသနာ၊ ခွန့်ရှည်ကြာအောင်၊
သဒ္ဓါနက်လေး၊ ပြုဖန်ရေး၍၊ ရှေးရှေးသော သာသနာပြု
မင်းတို့ကဲ့သို့၊ အသင်း၏ရှေ့သွား၊ ဦးစီးပုဂ္ဂိုလ်ကြီးအဖြစ်
ဖြင့် နှစ်သိမ့်ဖြိုးစည်၊ ဆောင်လိမ့်မည်ဟု၊ ယုံကြည် အား
တက်ကြပါသတည်း။

ဘဝန္တဂူ၊ သယမ္ဘူ၏၊ ဝှန်ဆူထိန်လက်၊ တဝက်ခရီး၊
ရောက်ချိန်နီးက၊ ဘုန်းကြီးရာဇူ၊ ထွန်းလိမ့်ဟူ၍၊ ပြည်သူ
နှုတ်မြွက်၊ စနည်းထွက်ရကား၊ စက်တေဇာရောင်၊ ထိန်လျှံ
ပြောင်သော၊ပြည်ထောင်ဦးစီး၊သမ္မတကြီးသည်၊မီးမကပူ၊
ကြုံကြိုက်ဆူမျှ၊ သူလျှင်တစ်လူ၊ ငါမူတစ်မင်း၊ မာန်
စွယ်တင်း၍၊ ချင်းချင်းငြူစူ၊အန်တုမူလျက်၊ ဆူပူလှုပ်လက်၊

ရုတ်တရက်လျှင်၊ ပျက်လုခါနီး၊ ကမ္ဘာကြီး၌၊ စောထီး
ဗုဒ္ဓ၊ သြဝါဒသည်၊ သံဝဋ္ဋမီး၊ လျှံငြီးငြီးကို၊ အပြီးတိုင်
သတ်၊ ငြိမ်းစေတတ်သော၊ ကပ္ပဝုဋ္ဌကာ၊ မိုးပမာသို့၊
ကမ္ဘာ၏ငြိမ်းချမ်းရာ ငြိမ်းချမ်းကြောင်း၊ တရားကောင်းဟု
နှစ်ထောင်းယုံကြည်၊ နှလုံးရည်ဖြင့်၊ မြိုက်ဆီဗုဒ္ဓ၊ သြဝါဒ
ကို၊ ပြည်ပပြည်တွင်း၊ ကမ္ဘာထွင်းအောင်၊ လင်းစေနှံ့သိ၊
ဝေဖြန့်ချီ၍၊ သီရိဓမ္မာသောက၊ သာသနဒါယကာ၊
ကဲ့ပမာသို့၊ ဤလောက ရပ်ဌာနက၊ ဗုဒ္ဓဓမ္မ၏ ကျက်စား
ရာ၊ ခေမာနန်းရိပ်၊ကူးတို့ဆိပ်ဟု၊ တံဆိပ်ပုံခတ်၊ မော်ကွန်း
မှတ်လောက်မအောင်၊မွန်မြတ်သော ကမ္ဘာကြီး၏အဖြစ်သို့၊
စင်စစ်ဆိုက်မြောက်၊ ရောက်စေ သိမ်းဆည်း၊ ဖန်တီး
ကယ်သူ၊ ကူညီလိုက်လှဲ၊ နှလုံးထဲ၌၊ စွဲမြဲ ယုံမှတ်ကြပါ
သတည်း။ ။

အမြိုက်ရွှေဘုံ၊ တူအာရုံဖြင့်၊ ပုညာဘိသန်၊ အားသစ်
ဟန်ကို၊ တစ်ဖန်ထုထိ၊ လျှောက်ဖွယ်ရှိသည်မှာ၊ ပရိယတ္တိ
အသင်း၊ လူကြီးမင်းတို့၊ စိုင်းပြင်းညီညာ၊ တိုင်ပင်ကာ
ဖြင့်၊ ပထမာဒိက၊ ဖန်တည်ကြယော၊ ထောင့်နှစ်ရာ
ခြောက်ဆယ်ပြည့်နှစ်၊ သက္ကရာဇ်မှ၊ ယခု ထောင့်သုံးရာ
တစ်ဆယ်ပြည့်နှစ် ကျူအောင်၊ ကာလစာရင်း၊ အနှစ်
ငါးဆယ်အတွင်းဝယ်၊ အသင်း၏ စာလျှောက်မေးခွန်း၊
စာချတန်းတို့၌၊ ဘက် ကမ်း ပါရင်၊ ပြီးအောင်မြင်ကြ
သော၊ အရှင်ဓမ္မာစရိယ၊ ဘိဝံသဟု၊ စာချဆရာတော်၊
တွန်းပေါ်ပိုင်းခြား၊ (၁၅၅)တစ်ရာငါးဆယ့်ငါး ပါး
တို့တွင်၊ ထင်ရှားအာယု၊ သာသနာမှုကို၊ ပြုစုလွှ့ လွှ့၊
ထမ်းဆောင်လေ့ဖြင့်၊ ယနေ့တိုင်စည်၊ တည်နေဆဲ
ရှိကြပါသော၊ မဟာထေရ၊ အနုထေရ၊ မဇ္ဈိမနှင့်၊ နဝက

တွင်ခေါ်၊ဆရာတော်များ (၇၅)ခုနစ်ဆယ့်ငါးပါးတို့၏၊ ထူးခြားလောကုလုံ၊ ကျေးဇူးဂုဏ်ကို၊ အာရုံဓိပတိ၊ နှလုံးသွင်းမိကြသော၊ ပရိယတ္တိအသင်းဝင်၊ သူတော်စင်အပေါင်းတို့သည်၊ နှစ်ထောင်းကြည်ညို၊ ပသာဒရွှန်းစိုကြသဖြင့်၊ ထိုဆရာတော် (၇၅)ခုနစ်ဆယ့်ငါးပါးတို့ကို၊ ဝပ်တွားအဉ္စလီ၊ ပင့်လျှောက်ချီ၍၊ စုံညီစည်းဝေးတော်မူကြသောအခါ၊ မဟာဝိဟာရ၊ သာသနာ့တက္ကသိုလ်၊ တိုက်ထိုထိုမှ၊ ဝိမိုရ်ပဏ္ဍိတ်၊ ဂုဏ်လျှံဖိတ်သော၊ တံဆိပ်ရမရ၊ သံဃပုဂ်ဝေါ၊ အရှင်ဆရာတော်ကြီးတို့၏ မျက်မှောက်၊ စက်ရိပ်အောက်ဝယ်၊ နောက်နာဂတဝင်၊ ဥဒါန်းတွင်အောင်၊ ဆင်ယင်သိုက်မြိုက်၊ အသင်းတိုက်၌၊ စိုးထိုက်မင်းတန်၊ပရိက်တို့ကို၊ စီမံသန့်ရှင်း၊ ပွဲကြီးကျင်း၍၊အသင်းဥက္ကဋ္ဌမှ၊ ပုညမင်္ဂလာ၊ မဟာကုသိုလ်ပွား၊ တင်ထားဆက်သသော၊ အဘိဝံသ၊ ဓမ္မာစရိယကမ္ပည်း၊ တံဆိပ်တော်အသီးသီးတို့ကို၊ သမ္မတကြီးကိုယ်တိုင်၊ ရွှေလက်တော်ကိုင်၍၊ အကနိဋ္ဌမှ၊ ပြဟ္မာသရော်၊ ကောင်းချီးခေါ်စေလျက်၊ ဆရာတော်ဘုရား၊ တစ်ပါးပါးကို၊ ခမ်းနားပင့်ယူ၊ တံဆိပ်တော်ဆက်လှူ၍၊ ဇမ္ဗူဆီမီး၊ ဤသာသနာပြုပွဲကြီးကို၊ ဖွဲ့ချီး ဆင်ယင်ကြပါသတည်း။ ။

သာသနာနုဂ္ဂဟ၊ သဒ္ဓမ္မပူဇာ၊ မင်္ဂလာပေါင်းစု၊ ဤကောင်းမှုသည်၊ ယခုရောက်လတ်၊ ပရိသတ်နှင့်၊ နာဂတ်ဗိုလ်လူ၊ အောက်မေ့သူတို့၊ နိဗ္ဗူတိုင်ရောက်၊ ပံ့အထောက်လျှင်၊ ဖြစ်မြောက်စေသော၊ ဆုပန်စော၏။

သမ္ဗောဓိဉာဏ်၊ ရင့်ကြောင်းဖန်သား၊ မဟန္တာရုံ၊ ကုသိုလ်ဂုဏ်ကြောင့်၊ ဥသုံတွေပြား၊ ကမ္ဘာသားတို့၊ ဘုရားလူ့ဘ၊ မုနိန္ဒ၏၊ ဓမ္မက္ခန်းဆောက်၊ အာလံအောက်သို့၊ စိတ်ရောက်ကိုယ်ပါ၊ ခိုလှုံလာ၍၊ ရသာချိုမြ၊ ဓမ္မာဇကို၊ သုံးကြသည်ကို၊ မြင်ရလို၏၊ ယုံကုသလ၊ မြတ်ဘာဂကို၊ နရမရှု၊ ဝေနေလူအား၊ ရည်တူရရန်၊ ပတ္တာဒါန်ဖြင့်၊ မကျန်စေရ၊ ပေးဝေငှသည်၊ အမျှ-အမျှ-အမျှ-ရကြသည် ဖြစ်စေသော်။ ။

**နိဂုံးစကား။** ။ ဤသို့လျှင် ပရိယတ္တိ သာသနာတော်ကြီးနှင့် ပရိယတ္တိ သာသနဟိတ အသင်းကြီး တို့၏ အတိတ်အကြောင်းအရာ၊ ပစ္စုပ္ပန်အကြောင်းအရာတို့ကို သိရှိ နားလည်ကြသဖြင့် အနာဂတ်ကာလ ပရိယတ္တိ သာသနဟိတအသင်းနှင့် ဗုဒ္ဓမြတ်စွာ၏ ပရိယတ် ပဋိပတ် သာသနာတော်ကြီး တိုးတက်ထွန်းကား ပြန့်ပွားတောက်ပစေရန်ဟိုလည်း ရည်သန်ရင်းရှိကြသော အသင်းဝင် လူကြီးအပေါင်းတို့၏ ပင့်ဖိတ်တောင်းပန်ချက်အရ ပရိယတ္တိ သာသနဟိတအသင်း မူလစာချဆရာတော် ၃၅-ပါး၊ ပရိယတ္တိသာသနဟိတ ဓမ္မာစရိယ သီးခြား စာချဆရာတော် ၇၉ ပါး၊ နယ်တွင် သီတင်းသုံးတော်မူကြသော ဆရာတော်ဘုရားကြီး ၇-ပါး=စုစုပေါင်း ၁၂၁-ပါးသော ဆရာတော်ဘုရားကြီးတို့အား ၁၃၁၀-ခု၊ ဒုတိယဝါဆိုလဆန်း ၆-ရက်နေ့တွင် မန္တလေးမြို့ ပရိယတ္တိ သာသနဟိတ အသင်းတိုက်ကြီး၌ ပြည်တောင်စု မြန်မာနိုင်ငံတော် သမ္မတကြီးက ရှေးမင်းတို့ ဆက်ကပ်လှူဒါန်း

သော ရာဇဂုရုတံဆိပ်တော်များကို ဝမ်းမြောက်ကြည်သာ ဆက်ကပ် လှူဒါန်းပါသတည်း။ ။

## နိဂုံး သံပိုင်းလင်္ကာ

ကြွားပိမ့်မင်္ဂလာ၊ သံပိုင်းသာပိမ့်၊ ညာသပြေထိပ်၊ မန်းတောင်ရိပ်ဝယ်၊ မာရ်နှိပ်ပရမေ၊ ဗျာဒိတ်ချွေသား၊ အောင်မြေမိပတိ၊ မျှို့သီရိလျှင်၊ စုဘိတဝေး၊ ဂုဏ်ဆီမွှေး လျက်၊ မန္တလေးသမိုက်၊ ဘူမကိုင်ရှုကို၊ တည်ဆိုက် ဘုန်း ရောင်၊ မုန်းတန်ဆောင်သို့၊ ကုန်းဘောင်ဒသမ၊ ကွပိန္ဒ ကား၊ ပဥ္စမသံဂါယနာ၊ တင်ပြီးစာကို၊ သာသနာမြစ်၊ ငါးထောင်ခေတ်ဝယ်၊ စွဲရစ်စေငှာ၊ ကြံစိတ်ဖြာ၍၊အက္ခရာ သိပ်သည်း၊ ပုဒ်ပါဠိ ဗျည်းကို၊ ဖြတ် တည်း သုတ် သင်၊ ကျောက်တော်တင်ခဲ့၊ သုံးအင်သာသနာ၊ ပွင့်လင်းဖြာ သား၊ ဂေါဇာသက္ကရာဇ်၊ ဂဏန်းလှစ်သော်၊ တစ်-နှစ်- လေး-ခွန်၊ ရောက်လပြန်က၊ ပြင်းဝှန်မုန်တိုင်း၊ ခပ်ချိုး လှိုင်းသို့၊ မြန်တိုင်းဦးသျှောင်၊ တို့မင်းခေါင်တည့်၊ မာရ် အောင်ရတနာ၊ ဒါယကာသည်၊ ကြမ္မာညှိုးချိန်၊ ဇာတာ မှိန်သော်၊ ဝတိံ ဘုန်းဟော့၊ ရန်ရှိန်ငွေ့ကြောင့်၊ လျှော ရွေ့သောလား၊ ရေမြေခြားသည့်၊ ကုလားတိုင်းပြည်၊ စံရသည်နှင့်၊ ဘုန်းစည်သာသနာ၊ ရောင်အဝါလည်း၊ ဂေါယာကျွန်းဆွယ်၊ နေမင်း နှယ် လျှင်၊ ပျောက်ကွယ် နိမိတ်၊ အကြောင်းဟိတ်ကြောင့်၊ လန့်ထိတ်ပူပင်၊ များ လူရှင်တို့၊ ငြိုငြင်သောက၊ သံဝေဂဖြင့်၊ ဇာက္ခစုံစီ၊ နှလုံး ညီလျက်၊ ဂမ္ဘီနက်လေး၊ ဉာဏ်ရွှေ့ပြေးလျက်၊ စုဝေး လျှင်စွာ၊ သင်းဖွဲ့ကာလျှင်၊ သုံးဖြာပိဋကတ်၊ ပရိယတ်ကို၊

ဆက်မှတ်စီစဉ်၊ ဖန်စီရင်၍၊ တံမျဉ်ဖြိုးလျှောက်၊ ဉာဏ်ဖြင့်
လှောက်လျက်၊ စောင့်ရှောက် လေဘိ၊ သညာချိသား၊
ပရိယတ္တိသာသန၊ ဘွဲ့ချီစ၍၊ ဟိတ တဖြာ၊ ထပ်ဆင့်ကာ
လျှင်၊ အက္ခရာကိုးမည်၊ ဂုဏ်ကိုးရည်နှင့်၊ တရထည်လျှင်း၊
ဤအသင်းကား၊ နဝင်းလည်းကျေ၊ တြင်းကျေခဲ့၊ အောင်
ဇေယျာဘိ၊ အောင်ကိန်းမိသည့်၊ ဿဒ္ဓိမင်္ဂလာ၊ နှစ်ဂေါ
ဇာမူ၊ သင်္ချာအဖြောင့်၊ ဂဏန်းစောင့်သား၊ တစ်ထောင့်
နှစ်ရာ၊ ယင်းကသာ၍၊ စွန်းလာခြောက်ဆယ်၊ နောက်
မဆွ ယ်ဘဲ၊ သုံးသွယ်ဉတု၊ ဝသန်လုသည့်၊ တွက်မှုမာသ၊
အာသဠှ၊ စ၍ ရေတွက်၊ ဂဏန်းထွက်ကား၊ ရာဝက်
ပြည့်မှီ၊ ခါတော်ညီသော်၊ ကြုံပြီဂဏ၊ ဉက္ကဌဟု၊ သင်းမ
မှန်ကူ၊ ဦးဘိုးလူတည့်၊ စင်ဖြူသဒ္ဒါ၊ ဖြောင့်သမ္မာနှင့်၊
ပညာသတိ၊ သမာဓိကြောင့်၊ ကဝိဖြစ်ထိုက်၊ ဦးဘသိုက်
နှင့်၊ စရိုက်တူညီ၊ ဦးဘမှီတို့၊ စုံစီနှိုင်းအင်၊ ကြံတိုင်ပင်သော်၊
အောင်မြင်ရာကိန်း၊ တာဝန်ထိန်းသည့်၊ ဦးလှသိန်း နာမ၊
မြန်ဧှာနဝယ်၊ ကထိကကျော်၊ ပုဂ္ဂိုလ်မော်တို့၊ အဟော်
ဝတ၊ အာသီသကို၊ စစ အောင်မြင်၊ ဇောစိတ်ရှင်သည့်၊
သင်းဝင်ပုဂ္ဂိုလ်၊ များထိုထိုတို့၊ မယိုလုံ့လ၊ ဉဿာဟဖြင့်၊
သာသနာ့သဘင်၊ ဝှဲချီးဆင်သော်၊ မြန်ခွင်တိုင်းမ၊ စိုးပိုင်
သသည့်၊ သမ္မတထီး၊ တို့စောဓိးလျှင်၊ ဆုကြီးပန်ယူ၊
နိဗ္ဗာန်ချူလျက်၊ ထောက်ကူ သော လျှောက်၊ မြန်းကြွ
ရောက်၍၊ ချီးမြှောက်ဆက်ကပ်၊ တံဆိပ်အပ်သား၊ ဒြပ်နှင့်
ဂုဏ်၊ ကျေးဇူးဟုန်သည်၊ ဝသုန္ဓြေ၊ ကမ္ဘာကျေလည်း၊
မခြေဉဒါန်း၊ အစဉ်ထွန်းလိမ့်၊ တည့်မွန်းဇည့်စည့်၊ ကျွန်း
လုံးပြည့်သို့၊ တရှည့်ညီစွာ၊ ဤသဘာ၏၊ ဂုဏ်ဝါလျှံဝင်း၊
အောင်မျို့သွင်းလျက်၊ တြင်းဟိတ်ညှိ၊ သာဝိတ္တိဖြင့်၊ သိဒ္ဓိ

မင်္ဂလာ၊ ကြံကြံသာက၊ ဗြဟ္မာသျှန္တိ၊ ကြွေးသံချီလျက်၊ အောင်ပြီဇေတု၊ အောင်စေမူကို၊ ဗိုလ်ထုနတ်လူ၊ အဖို့ ယူ၍၊ ကြည်ဖြူစေသား၊ ကြောင်းတစ်ပါးလည်း၊ နောက် သားနောင်လာ၊ သိစိမ့်ငှာလျှင်၊ လက်ာစီကုံး၊ ကမ္ပတ် ဖုံးဟု၊ နှလုံးလှလှ၊ တောင်းပန်ကြ၍၊ ဟိတမြားမြောင်၊ ကျေးဇူးဆောင်သည့်၊ စာစောင်တိုက်အုပ်၊ အကျဉ်းချုပ် လျက်၊ သရုပ်ထင်ထင်၊ သမိုက်တင်သည်....ဂိုလ်ဒင် ဂျူဗီလီ (Golden Jubilee) သံပိုင်းတည်း။ ။

ပရိယတ္တိသာသနဟိတ ဓမ္မာစရိယ (ပဋ္ဌသကာ)

**ဓမ္မနာဒဆရာတော် အရှင်ဝိစိတ္တသာရာဘိဝံသ**

စီကုံးရေးသားတော် မူသည်။

ပရိယတ္တိသာသနဟိတ အသင်းတိုက်မှူးကြီး

ကာဗျဘာဏက ပါရဂူ ကျော်ထင်ဘွဲ့ရ

ဆရာကြီးဦးခိုင် ဖတ်လျှောက်သည်

၁၃၁၀-ခုနှစ်၊ နှစ် ၅၀-ပြည့် ရွှေရတု

**အထိမ်းအမှတ်ဖြင့် ရေးသားတော်မူသည်။**

❀

၁၃၁၃ ခုနှစ်၊ တပို့တွဲလဆန်း ၁-ရက်နေ့၊ မန္တလေးမြို့ အနောက်ပြင် ပန်းဆိုးတန်း ကျောင်းအမကြီး အမေကြွမ်း၏ မင်းကွန်းဓမ္မသာရ အုတ်ကျောင်း၊ စတိုးတိုက်၊ ကျောက်သားစီ ရေကန်ကြီး၊ ဇရပ်နှင့် မန္တလေးမြို့ အိမ်တော်ရာဘုရားအတွင်း (၉-ခန်း၊ ၄-ခန်း) သံတန်ဆောင်းတော်ကြီး၊ ဓမ္မက္ခန္ဓာတော် ပေစာထုပ် ၂၁-ထုပ်၊ ကြေးဆင်းတုတော် ၁၁-ဆူနှင့် ဂန္ဓကုဋိတိုက်တော် ကြေးစည်စသော အလှူတော်များ ရေစက်ချ

လှူဒါန်းပူဇော်ပွဲကြီးနှင့် ရှင်ပြု နားသမင်္ဂလာ၌ ထောမနာ အနုမောဒနာ ဆုတောင်းအမျှဝေ သြဘာစာတမ်း

**ကေပိုဒ်လျှောက် ရတု**

သိဒ္ဓမ်။ ။ဘုန်းပန်းပရမေ၊ ထိန်ထိန်ဝေသား၊ စိန္တေဉက္ကာ့၊ ဝိသုဒ်နတ်၏၊ အမြွက်သုံးဖြာ၊ သာသနာလျှင်၊ ငါးရာဆယ်ခင်း၊ နှစ်တိုင်ချင်းအောင်၊ လင်းပစေသော၊ ရည်သန်စော၍၊ မုနောတင့်ခေါင်၊ သရေဆောင်သည့်၊ ရွှေတောင်မြင့်မောက်၊ မြေမှပေါက်သို့၊ ဆောက်ဦးမိုင်ဖြိုး၊ အသီးသီးပြိုင့်၊ မြှောက်ချီးတို့လက်၊ အတ္တုပွတ်ကို၊ သမတ်ယုံကြည်၊ ခိုကြီးတည်၍၊ မယောရ်တို့အား၊ လျှောက်တင်ကြားမည်၊ ရွှေနားပန်ဆင်ကုန်ဘုရား။ ။

အောင်သူတကာတို့၏ မဟာဇာနိဒ္ဓါမိပတိ၊ သိမ်မကုဋ္ဌ၊ အတုလတုလာ၊ အဒုတိယာဒိတ္ထ၊ အတုလိယမှန်ကင်း၊ သုံးဆိုင်သော ခေတ်အတွင်း၀ယ်၊သနင်းပရမေ၊ဘုရားသုံးလူ့ ဆွေသည်၊ ရွှေရောင်သိင်္ဂါ၊ အရှိန်ဖြာသား၊ ဗိမ္ဗိသာမင်း၊ ဆောက်လုပ်နှင်းသည့်၊ မြို့ကဲ်ခင်းနိယံ၊ ပရိက်ံဟူ....

ရမ္မံ ဝေဠု၀နံ ယေဟိ၊

န ဒိဋ္ဌံ သုဂတာလယံ။

ဂါထာသံတို့ဖြင့်၊ နဘံငြိမ့်ညောင်း၊ မြေတုန်စောင်းမျှ၊ ရွှေကျောင်းတော်ပုဏ်၊ ဉာဏ်ဝသုန်တို့၊ အာဂုံဆတ်ဆတ်၊ ချိုးမွမ်းအပ်သား၊ မြတ်သရေမွန်၊ ဝေဠုဝန်ဟု၊ နိဗ္ဗာန်ကူးဆိပ်၊ အောင်မြေရိပ်ဝယ်၊ ကိစ္စငါးခန်း၊ ဘုရားဌမ်းတို့ကို ကြိုးပမ်းမဆောင်လျှင်း၊ ကျွတ်ပွဲကျင်း၍၊ လေးခင်းယာပိုယ်၊ မျှညီကြိုက်နှင့်၊ အခိုက်ခါတော် ကြိမ်လတ်သတည်း။

ထိုရော်အခါ....၊ မဟာမုနိ၊တုမရှိသည်၊ တပည့်သံဃာ၊ အရိယာတို့အား၊ ငါးဖြာဝေဖန်၊ ကျောင်းပိမာန်တို့ကို၊ သုံးဆောင်ရန်အရေး၊ အခွင့်တော် မပြုသေးသဖြင့်၊ဆေးလေးတည်ငြိမ်၊ သမာမိန်တို့ကြောင့်၊ နာဂိန္ဒရာဇ်၊ နှိုင်းပိုလှစ်သော၊ သားချစ်အရိယာ၊ ထေရ်သံဃာတို့သည်၊မဟာသတိပဋ္ဌာန်နှလုံး၊ ကိုယ်တော်စီ ကျင့်သုံး၍၊ ညဥ့်အဆုံးတိုင်ရောက်၊ နံနက်ခင်းမိုးသောက်ဝယ်၊ တစ်ယောက်တည်း ကိန်းအောင်းရာ၊ မဟာဂနိုင်၊ စုံမြိုင်အတွင်း၊ သစ်ပင်ရင်းနှင့်၊ ဟင်းလင်းမြေပြင်၊ တောင်လျှဉ်မျှောင်လျှို၊ ထိုထိုသို့သောအရပ်တို့မှ၊ သပ္ပာယ်တင့်ဆန်း၊ ထွက်ကြွ

မြန်းသည် တို့ကို၊ လန်းလန်း ကြည်ညို၊ သဒ္ဓါဇော် ရွှမ်းစိုသော၊ ရာဇဂြိုဟ်သေဋ္ဌေး၊ လူ့ပဂေးသည်၊ အဝေးမှ မြင်လတ်၊ ထံပါးသို့ချဉ်းကပ်၍၊ မြတ်စွာထံမှောက်၊ အရှင်တို့ ကြွရောက်ပြီးလျှင်၊ ကျောင်းဆောက်ရန်အရေး၊ အခွင့်တော်ပေးတည့်အောင်၊ မနှေးခုပင်၊ ကြားလျှောက်စေချင်ဟု၊ သံလွင်ချိုမွှေး၊ တောင်းပန်သည့်အရေးကြောင့်၊ **ဓမ္မသာမိ ဂဟပတိ**၊ ကောင်းပြီ့ဝန်တံ၊ အာမခံ၍၊ သယမ္ဘူ စက်ရိပ်အောက်၊ ရဟန်းတို့ ကြွရောက်လျက်၊ ကြား လျှောက်သမှု၊ ကြောင်းဝတ္ထုပယ်....

အနုဇာနာမိ ဘိက္ခဝေ ပဉ္စလေဏာနိ ဝိဟာရော အဍ္ဎယောဂေါ ပါသာဒေါ ဟမ္မိယံ ဂုဟာ.... ဟု

ငါးဖြာရိပ်ဝှမ်း၊ ကျောင်းသခ်မ်းကို ရဟန်းတော်များ၊ ရှင်တို့အားလျှင်၊ ဘုရားသုံးလူ့၊ သဗ္ဗညုသည်၊ ခွင့်ပြု ပညတ်တော် မူအပ်ပါသတည်း။ ။

ဘဂဝန္တာဘိ သိရိမကုဋ္ဌ အတုလဟု၊ တြိလောကမှန်ကူ၊ သယမ္ဘူသည်၊ ချမ်းပူပယ်ဖျက်၊ ခြင်မှက်ဝေးမှု၊ ဥတုဘေး ဘျမ်း၊ မသမ်းကင်းစင်၊ စိတ်ကြည်လင်၍၊ မဂ္ဂင်ရှစ်ပါး၊ တပည့်သားတို့၊ ပွားများစိမ့်ငှာ၊ ဒါယကာတို့လည်း၊ အာ ဝါသဒါန၊ မြတ်ပုညကို လုံ့လခိုင်ဖြီး၊ ပြုဖန်တီးလျက်၊ မြိုက်သီးဆွတ်ခွေ၊ သုံးစောင်စေဟု၊ ငါး ထွေသော ကျောင်းသခ်မ်းတို့ကို၊ ရဟန်းတော်များ၊ တပည့်သားတို့ အား၊ ဘုရားသဗ္ဗညု၊ သုံးဆောင်ရန် အခွင့်ပြုသည်တွင်၊ ပုရာတန၊ ရှေးခေတ်မှလျှင်၊ ဇေတရဟိ၊ ယနေ့ထိအောင်၊ ဇိနည္ဒဝါ၊ ဆုံးမရာကို၊လိုက်နာဘိတောင်း၊ ကျင့်မစောင်း ကြသော၊ တန်ဆောင်းဒါယကာ၊ သဒ္ဓါပြိုးပြက်၊သူတော်

ကောင်း အဆက်ဆက်တို့သည်၊ဖိုလ်မဂ်ပစ္စုူ၊ ဖွင့်လှစ်ထူ၍၊ နိဗ္ဗူတိနန်း၊ ဘုံကြငှန်းကို၊ သိမ်းမြန်းကိုယ်စီ၊ စိုးရမည်ဟု၊ လျှံခြည်ထွန်းထိန်၊ သိမ်နှင့်တန်ဆောင်း၊ ကျောင်းကန် ပရိဂုဏ်၊ ဓမ္မာရုံအထပ်ထပ်၊ ဇရပ်စကြံ၊ ဒါယကာခံကြ သဖြင့်၊ မရမ္မရဋ္ဌ-တိုင်းနိုင်ငံနှင့်တကွ၊ အယုဒ္ဓယ၊ မဇ္ဈိမ သီဟိုဠ်၊ ထိုထိုအရပ်ဒေသတို့၌၊ သာသနာ့အဆောက်အဦ၊ အဆူဆူတို့ဖြင့်၊ သုံးလူမြတ်စွာ၊ သာသနာသည်၊ လွန်စွာ တင့်ထွန်းလျက် ရှိပါသတည်း။ ။

မဟာပုညဝန်၊ ဂုဏ်တံခွန်တို့၊ မိုးစွန်ဘဝဂ်၊ ကျော်လျှံ တက်သား၊ သကျသီဟော်၊ စိန္တေယျော်တို့၏၊ သုံးဘော် သာသနာ၊သုံး သိက္ခာသည်၊ပစ္စယာမိသ-နုဂ္ဂဟာဖြင့်လည်း၊ ထွန်းပနိုင်ကြောင်း၊ ရှေး သူဟောင်း တို့၏၊ ကောင်းမှု စဉ်စီ၊ ကုသိုလ်ပဝေဏီကို၊ နည်းမှီရိုးရင်း၊ ယောနိသော နှလုံး သွင်းဖြင့်၊ မကင်းညဉ့်နေ့၊ ကြံအောက်မေ့၍၊ဓလေ့ စာဂီ၊ဒါနမျိုး ပါရမီတို့ကို၊အာသီဆင့်ကဲ၊နိဗ္ဗဒ္ဓဖြင့်၊ကျင့်မြဲ ရသော်လည်း၊ ရောင့်ရဲ တင်းတိမ်ခြင်း မရှိနိုင် ပါသော ရတနာပုံ မန္တလေး ရွှေမြို့တော်၊ အနောက်ပြင်၊ ပန်းဆိုး တန်း၊ ကျောင်းအမကြီး **အမေကြမ်း**သည်၊ မန္တလေးမြို့မှ အနောက်မြောက်ယွန်း၊ မင်းကွန်းသာခေါင်၊ ဘေးမဲ့ တောင်ဝယ်၊ ရောင်လျှံရှိန်ဖြာ၊ ဝတီ သာမှ၊ သုဓမ္မာ ခေါ် တွင်၊ နတ်သဘင်သည်၊မြေပြင်သက်လျှော၊ ကျဘိသလော ဟု၊ တွေးတောစိတ်ပြား၊ ထင်မှတ်မှားရအောင်၊ကျောက် သား-အုတ်-သံ-ရောင်စုံမှန်တို့ဖြင့်၊ မွမ်းမံတင့်ဖြိုး၊ ဖူးမြင် သူ သဒ္ဓါတိုးလောက်သော၊ အဖိုးငွေ သိန်းကျော်တန်၊ **ဓမ္မသာရ အုတ်ကျောင်းတော်ကြီး** နှင့် တကွ၊ သေနာ သန အသုံးအဆောင်၊ သိုလှောင်သိမ်းဆည်းရာ၊ ဘဏ္ဍာ

ဂါရ၊နာမသမိုက်၊**စတိုးတိုက်** တလီ၊ပေါက္ခရဏီ၊ကျောက်သားစီသည့်၊ ရာသီဆယ့်နှစ်ရပ်၊ ရေတည်ဝပ်သော၊ဘိလပ်မြေမွမ်းမံ၊ **လေးထောင့်ကန်ကြီး** နှစ်။ တလှစ်ထို့ပြင်၊ တရားကိုခင်မင်သော၊ သီလရှင်ဆရာများတို့၊ တရားဘာဝနာ၊ ချမ်းမြေ့စွာလျှင်၊ ရိယာပထ၊ မျှတရွှင်ပြုံး၊ သီတင်းသုံးနေထိုင်ရန်၊ အုတ်-အင်္ဂတေ၊ အကျည်ခံသော **သာလာယံ ဇရပ်** တစ်ဆောင်၊ မြားမြောင်နဂ္ဂ၊ အဖိုးထိုက်တန်လှသော၊ ဖော်ပြရာပါ၊ မဟာကုသလ၊ ယာဝရကောင်းမှု၊ အစုစုတို့ကို၊ ပြုတည်အားသန်၊ ပွားများဖန်၍၊ နိဗ္ဗာန် ကြင့်နှန်း၊ နိရော် နန်းသို့၊ စောင်းတန်းသွယ်ဖောက်ပါသတည်း။

တော ဝတာ စ=ဤ၍မျှဖြင့်လည်း၊ အားရအင်ရွှဲ၊ မရောင့်ရဲနိုင်ရကား၊ လွန်ကဲသောစေတနာ၊ သဒ္ဓါလန်းလန်း၊ ဇောပြဋ္ဌာန်း၍၊ ဟုံနန်းနိဗ္ဗာန်၊ ဆုအာသန်ဖြင့်၊

အဇရံ ဇိရမာနေန၊ တပမာနေန နိဗ္ဗုတိံ။

နိမေယျံ ပရမံ သန္တိံ၊ ယောဂက္ခေမ-မနုတ္တရံ။

ဓမ္မက္ခန်မြတ်၊မုခပါဌ်နှင့်၊တသမတ်အင်္ဂါ၊တယပ်တည်းညီညာလျက်၊ မဟာလောကာရံသီ၊ အိမ်တော်ရာ စေတီတော်အတွင်း၊ သန်ရှင်းတင့်အပ်၊ အနောက် မြောက်ထောင့်မြေအရပ်ဝယ်၊ဓာတ်သယံဇာ၊ သံကိရိယာတို့ကို၊ ခိုင်မာစိုက်နှက်၊ အုတ်အင်္ဂတေ မြေညက်တို့ဖြင့်၊ ညှံ့သက်မွမ်းမံ၊ သုတ်လိမ်းပျံ့၍၊ ပယာနာဂဟ၊ မြင်သမျှ ရှင်လူအပေါင်းတို့၊ ကောင်းချီးကြွက်ကြွား၊ သဒ္ဓါပွားလောက်သော အလျား အရှေ့အနောက် ၉-ခန်း၊ အနံ တောင်

နှင့်မြောက် ၄=ခန်း၊ ကျယ်ဝန်းခိုင်ဖြိုး၊ **သံတန်ဆောင်း တော်ကြီး**ကို၊ ဝေးနီးလူရှင်၊ ပိုလ်ပုံယင်တို့၊ အသချော်ယျုံ၊ ဘုရားဂုဏ်ကို၊ အာရုံနှစ်ခြိုက်၊ သတိပိုက်၍၊ အမြိုက် ဆိပ်ဦး၊ ဤမြေထူးမှ ကူးကြစိမ့်ငှာ၊စေတနာဖြင့်၊ အသပြာ ပေါင်း (....)သိန်းကျော် အကုန်ခံ၍၊ ဘုန်းဝှန်မြတ်စွာ၊ သာသနာဝယ်၊ မဟာနိဗ္ဒ၊ ထာဝရကုသိုလ်ထူးကို၊ ဆည်း ပူးအားသစ်ကြပါသတည်း။ ။

ပစ္စယာမိသ-နုဂ္ဂဟာဟု၊ ထာဝရကုသိုလ်ကြီး၊ အသီးသီး ကို ဖန်တီး၍သာ၊ ပြီးလတ်သော ယခုအခါဝယ်၊ မဟာ ပါသာဒ၊ ပြာသာဒ်မဥ္ဇူ၊ မကုဋ္ဋထိပ်သီး၊ ထီးအထွတ်တင်၊ ကဲ့ပုံသွင်သို့၊ ရှင်ပင်မြတ်စွာ၊ သာသနာဝယ်၊ ဓမ္မာနုဂ္ဂဟာ၊ မြိုက်ဗီဇကို၊ ပုနတစ်ဖန်၊ စိုက်ပျိုးလိုပြန်ရကား၊ ဓမ္မက္ခန် မြတ်၊ ပိဋ္ဋကတ်ဒေသနာ၊ **ရွှေပိန်းချ ပေစာထုပ်ပေါင်း (၂၁) နှစ်ဆယ့်တစ်**၊ ကြေးစစ်ဖြင့် ပြီးသော၊ **ဥဒ္ဒိဿ ရုပ်ပွား-ဘုရားဆင်းတုတော်(၁၁)ဆယ့်တစ်ဆူ**၊ ဇမ္ဗူ နာဒ-ရွှေပိန်းချမှန်စီ-ဘိဒ္ဒိသမိုက်-**ဂန္ဓကုဋိတိုက်တော်(၁) တစ်**။ ကြေးဟစ်နုမော် ကြားသူတိုင်း သာဓုခေါ်၊ လှော် သိင်္ဂနိုက်၊ ဖိတ်ဖိတ်ရောင်ညီး၊ (....)ပိဿာ အချိန်စီးသော **ကြေးစည်ကြီး**တဖြာ၊ ပင့်သံဃာ **နှစ်ကျိပ်ငါး**၊ အသီးသီး ပိုင်းခြား၍၊ ၂၅-ရပ်စီသော သင်္ကန်းဒွိစုံ၊ ခြုံစောင် သင်ဖြူးကြီး၊ ထီး ဖိနပ် ခြင်ထောင်၊ အသုံးအဆောင် ခေါင်းအုံး၊ ဖွဲ့ထုံး ပိုးခါးပန်း၊ အခန်းခန်း အဖုံဖုံ၊ အလှူ ဝတ်မျိုးစုံတို့ကို၊ ကိုးဂုဏ်လျှင် အာရုံရှိသော၊ အဓိပတိ မဟာကုသိုလ်စိတ်၊ သဒ္ဓါဇော ယိုဖိတ်လျက်၊နိဗ္ဗာန်ဆုမျှော် တွေး၊ လက်တော်ရောက် ကပ်လှူပေးပြီးလျှင်၊ မြေးချစ်

နှုပျို၊ **မောင်ကိုကို** နှင့်၊ **မောင်ချို-မမောင်တင်ဝင်း**၊ သုံးယောက်သော နှောင်ညီအရင်းတို့ကို၊ မင်းညီ မင်းသားတို့ဖွယ်ရာ၊ အဆင်တန်ဆာတို့ဖြင့်၊ မဟာအသမ္ဘိန္န-သကျနန်းရိုး၊ ကြွင့်နန်းစိုးသော၊ ဘိုးတော်သုဒ္ဓေါဒနမင်းကြီး၏အမွေ၊ အဘိသိက်ခံယူစေပြီးမှ၊ ရှစ်ထွေပရိက္ခရာ၊စုံလင်စွာတို့ဖြင့်၊ သာမဏေရ-ပဗ္ဗဇ္ဇဟု၊ ရာဟုလာညီချစ်၊ ရှင်အဖြစ်သို့၊ စင်စစ်ဆိုက်ရောက်၊ ပင့်ချီးမြှောက်ကြ၍၊ လှုမြောက်ယဉ်ကျေး၊ အသက်မျှ ချစ်ကြည်လေးအပ်သော၊ မြေးအရင်း၊ **ခင်လင်းမူ-မရီရီ-မစိန်စိန်-ခင်မဆွဲဝင်း** တို့အားလည်း၊ သင်းပင်းရွှေလည်၊ လုံ့လောကီဝယ်၊ နုဂေါရီအများတသင်းတို့ဖြင့်၊ နားသခြင်း မင်္ဂလာသဘင်၊ ဆင်ယင်ဖြန့်ခင်း၊ ပွဲကြီးကျင်း၍၊ စာရင်းဖော်ပြပါ၊ မဟာကုသလ၊ အနုဂါမိက ခေါ်ရိုး၊ မြိုက်ရွှေအိုးတို့ကို၊ စိုက်ပျိုးမြှုပ်နှံလတ်ပါသတည်း။ ။

ဤသို့လျှင်တည့်၊အသင်္ချေဂုဏ်၊နှုန်းမကုန်တို့ဖြင့်၊သုံးဘုံဘဝဂ်၊ ကျော်လျှံတက်သား၊ သကျမာရဇိ၊ စောမုနိ၏၊ တြိဝိဓ၊ သာသနာကို၊ ပစ္စယာမိသ၊ ဓမ္မပူဇာ၊ ဤနှစ်ဖြာတို့ဖြင့်၊သဒ္ဓါလုလု၊ထောက်ပံ့ပြုသော၊ **နိဗ္ဗုတိပဏ္ဏာကာရသာသနဝုမ္မိကာရီ**၊ သညီ ဝှဲချီး၊ ကုသိုလ်မှု အောင်ပွဲကြီးသည်၊ ဝိဇည်းမင်္ဂလာ၊ ကောင်းချီးညာလျက်၊ သာသနာတော်နှစ် ၂၄၉၅၊ ကောဇာသက္ကရာဇ် ၁၃၁၃-ခု၊ ဥတုဟေမန္တ၊တပို့တွဲလဆန်း၁၀-ရက်နေ့၊(....)နာရီ(....)မိနစ်အချိန်ဝယ်၊ ဣန္ဒာဒေဝ၊ မိုးရပ်ရွာမှ၊ ပြဟ္မာမဟာဂုတ်၊ ဘဝဂ်လှုပ်မျှ၊ လက်ခုပ်ညာဟည်း၊ သောင်းဇမ္ဗူဒီ၊ ဘူမဟိဝယ်၊ သာဓုဂီ ကိုယ်စီချီးကြ၍၊ ပြီးစီး အောင်မြင်လတ်ပါသတည်း။ ။

## ဆုတောင်းနှင့် အမျှဝေ ကောပိုဒ်

ဗောဓိဉာဏ်ရောင်၊ ရင့်သန်အောင်တည့်၊ တောင်ဝေပုလ္လ၊ ပဗ္ဗတမှ၊ စက္ကဝတ်ဖျား၊ မင်းတရား၏၊ ပတ္တမြားရတနာ၊ ကဲ့ပမာလျှင်၊ သဒ္ဒါလိုလို၊ ဆည်းပူးပြုသား၊ ကုသိုလ်တော်ကြီး၊ အသီးသီးကြောင့်၊ မဂ်ထီးလေးဆူ၊ ဆင့်ဆင့်ထူ၍၊ နိဗ္ဗူကွန်းပြောက်၊ ကြွင်းမှောက်သို့၊ မြန်း တောက်တပို၊ရောက်ရလို၏။ထိုကုသလ၊မြိုက်ဗီဇကို၊ နရမရူ၊ ဗိုလ်ရှင်လူတို့၊ ရည်တူရရန်၊ ပတ္တိဒါန်ဖြင့်၊မကျန်စေရ၊ ပေးဝေဌ၏၊ ဒီပမဏ္ဍိုင်၊ မီးတစ်တိုင်မှ၊ အပြိုင်ရာထောင်၊ ထွန်းညှိဆောင်သား၊ မြားမြောင်ဆီမီး၊ ဆက်လျှောက်သီးသို့၊ ဝေးနီးဗိုလ်လူ၊ ထိုထိုသူလည်း၊ ကိုယ်တူရရောက်၊ မလန်းပေါက်သို့၊ ဝမ်းမြောက်အနုမောဒနာပြုသည်....သာဓု-သာဓု-သာဓု ကိုယ်စီကိုယ်င ခေါ်ကြပါစေသောဝ်....။

၁၃၁၃–ခုနှစ်၊ တပို့တွဲလဆန်း ၁-ရက်၊
ညနေ ၅-နာရီအချိန် ပြီးသည်

**အရှင်ဝိစိတ္တသာရာဘိဝံသ**

**ခေတ္တ-သာသနာ့ရိပ်သာ**

**ရန်ကုန်မြို့**

✿

## ဆဋ္ဌသံဂါယနာ မဟာဓမ္မသဘင် ဖွင့်ပွဲကြီး၌ ဖတ်ကြားအပ်သော

# ယောမနာ စာတမ်း

### ॥ သိဒ္ဓမ် ॥

ဝိဇိတာရိဇယော ရာဇာ၊
စက္ကာတိ စက္ကဝတ္တိယော။
စက္ကံ ဝတ္တေသိ လောကမှိ၊
ဌာတံ တဿ ယထာရုစိ။

အောင်သူတကာ တို့၏၊ မဟာအဂ္ဂိန္ဒာဓိပတိ၊ သီရိမကုဋ္ဌ၊ အတုလဝဋ္ဋံသကာ၊ မင်္ဂလာဝတ်မှုန်၊ ကျေးဇူးဂုဏ်တို့၊ ထုံတလိုင်လိုင်၊ကြိုင်တလျှမ်းလျှမ်း၊ သုံးလောက တိုက်ခန်းဝယ်၊ ဦးစိုက်ပန်းသရဖူ၊ ဖြစ်တော်မူသော၊ သဗ္ဗညုထွတ်ထား၊ ဘုရားသမ္ဗုဒ္ဓဆရာသည်၊ ဝါလေးဆယ့်ငါး၊ ကာလလျားအောင်၊ဘုရားတို့ငြိမ်း၊ကိစ္စတော်ငါးခန်းကို၊ ကြိုးပမ်းနေစဉ်၊ ပြီးစုံလင်မှ၊ အသင်္ခတ၊ အမတကြွင့်နှန်း၊ နိဗ္ဗုန္နန်းကို၊ သိမ်းမြန်းတော်မူခါနီးဝယ်၊ ပြောသီးများစွာ၊ ဝေနေယျာအား၊ ဒယာဟုန်ဇော၊ ထပ်ထပ် စောသဖြင့်-

ယော ခေါ အာနန္ဒ မယာ ဓမ္မော စ ဝိနယော စ ဒေသိတော ပညတ္တော၊ သော ဝေါ မမစ္စယေန သတ္ထာ၊

ဖြူဗျာဒိတ်မှတ်၊ တံဆိပ်ခတ်၍၊ ပိဋကတ်သုံးသွယ်၊ နိကာယ် ငါးတန်၊ ဓမ္မက္ခန် ပေါင်း၊ ရှစ်သောင်းလေးထောင်၊ မြားမြောင်တရား၊ ကိုယ်တော်ပွားကို ထားတော်မူခဲ့ပါသတည်း။ ။

မဟာမုနိ၊ တုမရှုံလျှင်၊ သိရိမင်္ဂလာ၊ ဆင့်ဆင်မြွာသားကမ္ဘာတော်အေး၊ အကြိုက်ဆေးကို၊ တိုက်ကျွေးမျှတ၊ ကျွတ်ဆုငှာ၍၊ အမတနိရော်၊ကိန်းစံပျော်က၊ ကိုယ်တော်အလျှာ၊ ထားခဲ့ပါသော၊ မဟာကဿပ၊ သံဃိန္ဒသည်၊ သာသနပစ္စတ္ထိက၊ သုဘဒ္ဒ ရဟန်းကြီး၏၊ ရင့်သီးနှုတ်ထွက်၊ ပြောဆိုချက်ကြောင့် အသည်းကို လှံဖြင့် ဆွ သကဲ့သို့ ဓမ္မသံဝေ၊ သဟောတ္တပ္ပ ဉာဏ်အခြေဖြင့်၊ ရွှေမြေ မဂဓိုရ်၊ ရာဇဂြိုဟ်သနင်း၊ အဇာတသတ်မင်းကို၊ မှီတင်းဥပကာ၊ ရယူပါ၍၊ ပဋ္ဌမာဒိက၊ ဓမ္မသံဂါယနာသဘင်၊ ငါးရာသော ရဟန္တာအရှင်တို့နှင့်၊ ဆင်ယင် ကျင်းပတော်မူခဲ့ပါသတည်း။

မဟာသကျ၊ စောသီဟလျှင်၊ အမတကွန်းပြောက်၊ ဆောက်သည့်နောက်ဝယ်၊ ရောက်သည့် သာသနာ၊ နှစ်တစ်ရာ၌၊ဝေသာလီသား၊ ရဟန်းများ၏၊ဆယ်ပါးသော အဓမ္မ ဝတ္ထု၊ အကြောင်းပြု၍၊ သံဃုပနာယက၊ ယသရဟန္တာ၊ ထေရ်မဟာနှင့်၊ ကာလာသောက၊ နရိန္ဒတို့၊ သတ္တသတာ၊ ရဟန္တာ တို့ကို၊ သချာ ရွေးကောက်၊ နောင်ရေး ထောက်၍၊ နှစ် ကြိမ် မြောက် သံဂါယနာ၊ ယင်ပြီးသည့် နောက်အခါဝယ်။

နှစ်ရာသုံးဆယ့်ငါး၊ ဘုရားသာသနာ့နှစ်၊ တိုင်ရောက်လစ်က၊ ဆိုးညစ်ပါပ၊ ဗာဟီရကတို့၏၊ ဝါဒယုတ်မာ၊ သာသနာဝယ်၊ ဝင်လာရှုပ်ထွေး၊ ရောယှက်ဘေးကြောင့်၊ မိတေးယျ နောင်ဖွား၊ တို့ဘုရား၏၊ သားကြီး မောဂ္ဂလိပုတ္တ၊ တိဿ ရဟန္တာ၊ ထေရ်မဟာသည်၊ ဓမ္မာသောက၊ နရမောင်၌၊ အမှီကောင်းရရှိ၍၊ တတိယ သံဂါယနာသဘင်ကို၊ လက်ရွေးစင် ရဟန္တာ၊ သင်္ချာမြားမြောင်၊ ထေရ်တစ်ထောင်တို့နှင့်၊ တင်ဆောင်ပြီးမြောက်။

ဘုရားသာသနာ၊ စက်အာဏာလျှင်၊ လေးရာငါးဆယ်တိုင်ရောက်က၊ နောက်ပစ္ဆိမာ၊ ဇနတာတို့၊ အရာရာဆုတ်လတ်၊ ဟာနိဘေး နှိပ်စက်အပ်သဖြင့်၊ မုခပါဌ် နှုတ်တက်အောင်၊မဆောင်နိုင်မည့် အရေး၊ ထောက်တွေး ဉာဏ်တော်၊အရှည်မြော်ကြသော၊ ထေရ်ကျော်ငါးရာ၊ မဟာဓမ္မရက္ခိတ၊ သံဃပရိဏာယက၊ ထေရိန္ဒတို့သည်၊ သီဟဠကျွန်း၊ မြေဦးစွန်းဝယ်၊ ရိပ်ဝန်းသာစွ၊ မာတုလ သမုတ်၊ ဇနပုဒ်၌၊ နရုက္ကဋ္ဌ၊ ဝဋ္ဋဂါမဏိမင်းလက်ထက်၊ စောမုနိဓမ္မစက်ကို၊ ပေယက်သို့ ရေးတင်၊ သဘင် ပေါတ္ထကာရုဋ္ဌ၊ သမုတ်ပြုအပ်သော၊ စတုတ္ထ သံဂါယနာပွဲကို၊ ခြိမ့်သဲ မြေပြင်၊ ကောင်းသံထင်ဖြင့်၊ ဆင်ယင် ကျင်းပတော်မူခဲ့ကြပါသတည်း။ ။

ရမ္မ မရမ္မ၊ မဏ္ဍလဟု၊ ကမ္ဘာ့ ပဒေသာ၊ သံပိုင်းဖြာသော၊ မြန်မာခေါ်မှတ်၊ ကျွန်ုပ်တို့ တိုင်းရင်း၌လည်း၊ မြတ်စိန္တေယျာ၊ သာသနာလျှင်၊ သင်္ချာနှစ်ထောင်၊ လေးရာ့နောင်၌၊ စွန်းဆောင်ဆယ့်ငါး၊ နှစ်တိုင်ငြားက၊ ဘုရားသြဝါ၊ သာသနာသည်၊ ပဉ္စာသဟာ၊ နှစ်တိုင်ခတ်အောင်၊ စိရဋ္ဌိတိကာ၊ တည်စိမ့်ငှာဟု၊ ဇာဂရာဘိဓေ၊

တံပိဋကမရေထေရ်၊ အမှူးချီသော၊ သာကီညွှန့်ခေါင်၊ နှစ်ထောင်လေးရာကျော်၊ သံဃာတော်များ၊ ထေရ်ဘုရားတို့သည်၊ ကျောက်သားပြင်ထက်၊ ဓမ္မစက်ကို၊ သေလက္ခရာ ရှု၍၊ ပဉ္စမ သံဂါယနာသဘင်၊ ဆင်ယင်တော်မူရာ၊ ထိုအခါ၌၊ ရတနာ ပုံ၌၊ ပထမမြို့နန်း၊ ဖန်ဆန်းတီထွင်၊ အရှင် ဘဝရှင် မင်းတရားကြီး ဘုရားသည်၊ လေးပါး ပစ္စယ၊ လိုသမျှကို၊ မုတ္တစာဂ၊ ထောက်ကူညီ၍၊ မသိ မရွေး၊ ကပ်လှူပေးလျက်၊ ဇိနေ့မြတ်စွာ၊ သာသနာ ကို၊ သဒ္ဓါလုလု၊ ချီးမြှောက်ပြုခဲ့သော၊ ဓမ္မပဒေသ၊ နယ စံပြင်၊ ဂန္ထဝင်တို့ကို၊ သမ္ဗဇဉ် ရှေးရှု၊ မြော်တွေးပြုသော်၊ မုနိသြဝါ၊ သာသနာသုံးရပ်၊ မနှုန်းအပ်တွင်၊ ပရိယတ် သာသနာကို၊ဆရာဒကာ နှစ်ဦးသားတို့၊ ပိုင်းခြားဝေဖန်၊ ကိုယ့်တာဝန်မှ၊ အားသွန်ဆောင်ကျင်း၊ မလစ်ဟင်းစေ ကြမှ၊အချင်းချင်း အမှီရ၍၊ သိဝခရိုင်၊ နိဗ္ဗာန်တိုင်အောင်၊ ဂုဏ်စိုင်ကျေးဇူး၊ ပွားပြန့်ပျူးမည်မှာ၊ အထူးပင် ထင်ရှား လှပါသတည်း။ ။

သာဂါရာ အနာဂါရာ စ၊ ဥဘော အညောညနိဿိတာ၊ မြတ်စွာနှုတ်မြွက်၊ ဟောမိန့်ချက်ကို၊ သက်ဝင်ယုံကြည်၊ သဒ္ဓါရည်ဖြင့်၊ မြန်မာပြည်ထောင်စု၊ ဖန်တည်ပြုသော၊ လူတုအစိုးရတို့သည်လည်း၊ ကာလရှည်ကြာ၊နှစ်တစ်ရာမျှ၊ မိစ္ဆာဒိဋ္ဌိ၊ လောင်းရိပ်မိသဖြင့်၊ ပျောက်ဘိဘနန်း၊ ခြည်လျှံ နွမ်းခဲ့သော၊ လူ့ ထိပ်ပန်း သာသနာကို၊ မကြာလျှင်ဆော၊ တွန်းစေသောင်ဟု၊ မနောပဏိဓိ၊ ရည်သန်ရင်းရှိကြ၍။ အဓိပတိပါမောက္ခ၊ ဂဏဥကင်၊ ထေရ်သခင်တို့၊ တိုင်ပင် ဆွေးနွေး၊ အကြိမ်ကြိမ် စည်းဝေးလျက်၊ တသွေးမပြား၊ ဆဋ္ဌသံဂါယနာ မဟာဓမ္မသဘင်၊ ယင်ပိမ့်မည် မိန့်စကား

ကို၊ ဦးဖျားညွန့်ဆံ၊ ထိပ်ဝယ် ပန်ပြီးမှ၊ ပ ရိ ကံ ကိစ္စ၊ အခပေပတို့ကို၊ ဗုဒ္ဓသာသနာပြုအဖွဲ့ကြီးက၊ အပြီးတိုင် တာဝန်ယူ၍၊ ဘူမိဇာတ၊ မြေမှပေါ်တက်၊ ရွှေတောင်ကြီး အသီးသီးထွက်သကဲ့သို့၊ အပဝဂ္ဂ ကိရိယာ၊ တစ်ဆယ့်လေးလ၊ တုံတောင်းလှသော၊ သမယ ချိန်ခါဖြင့်၊ ကာလန္တာ သန သိကြာ ဗိမာန်၊ဝေဇယန်ကို၊ အန်တတုတု၊ မာန်တင်းကာ ပြုသကဲ့သို့၊ ဇမ္ဗူမင်္ဂလာ အမြွှာမြွှာတို့ဖြင့်၊ သိလာဇာတ်၊ မိုးပါးယံမျှ၊ ဂိရိကျောက်တောင်၊ ဖန်တည်ဆောင်ပြီးမှ၊ အယောင်များစွာ၊ ထေရ်သံဃာတို့၊ သံဂါယနာ သဘင်၊ ယပ်ပါစေလျှင်း၊ တောင်အတွင်းဝယ်၊ ဝင်းဝင်း တောက်ယိန်၊ နဝရတ်အိမ်သို့၊ အာလိန်ခြောက်ဆင့်၊ တင့်ရ ရင့်တုံ့၊ ဆင့်ဆင့်ရစ်ရင်၊ ပတ်ဝန်းကျင်မှလည်း၊ ဥမင်လိုဏ် နန်း၊ ကြိုလမ်းကို၊ ညာဏ်စွမ်းနက်လေး၊ မဟေသွဲ့သွေးတို့ သည်၊ ပြောင်ကြွေးကောင်းဟိတ်၊ ကမ္ဘာကို ပွဲတင်ငြိတ် စေလျက်၊ ကိစ္စဥဿုံ၊ အလုံးစုံကို၊ ကုန်အောင်ပြီးစေခဲ့ကြ ပါသတည်း။

ကိုဋ္ဌ ဘဲယျော၊ စိတ်သပ်မော၍၊ ညြည ရင့်ကြွေး၊ ကောင်းချီးပေးလောက်အောင်၊ လေးဒိပါနာမ်၊ ဘွဲ့သီး နှံ၍၊ မိုးပျံလုနီး၊ ကျောင်းဆောင်ကြီးဟုံ့နှင့်တကွ၊ ဘတ္တဂ္ဂ ဗိမာန်၊ ဝေယန်သုံးဆင့်၊ မြင့်မြင့်သွန်းသွန်း၊ သရေရွှန်း သော၊ ဆွမ်းစား ကျောင်းဆောင်တော်၊ အစဖော်၍ ဗွက်မြော်ဂဏန်း၊ မပြုန္တာန်းနိုင်အောင်၊ နန်းအယုဇ္ဈ၊ သက္ကစံရာ၊ ရာဇမာသည်၊ ပယဗျာမြေထက်၊ လျှောကြွေ သကဲ့ဘိသို့၊ အဆက်ဆက်သော ရာဇဝင်ဝယ်၊ မမြင်စဖူး- မကြားဘူးသား၊ အထူးထူးသော သံဂါယနာ အဆောက် အအုံ၊ ပရိကံ အလုံးစုံတို့၊ ကုံပုံပြီးပြေ၊ အဆင်သင့် ရှိနေ

ပါသော၊ ဇေယျာဘိ ဇေယျာသိဒ္ဓိ၊ သီရိမင်္ဂလာ၊ အခါ
တော်ကြိုက် ရောက်ဆိုက်ပြီ ဖြစ်ပါသော....

ကောဇာသက္ကရာဇ် ၁၃၁၆-ခု၊ သာသနာနှစ် ၂၄၉၈-ခု၊ ဥတုဂိမ္ဟ၊ ကဆုန်လပုဏ္ဏမီ၊ ဗေသာခီနန်း၊ ကြယ်ပြာသာဒ်နှင့်၊ စန်းမြတ်ကြိမ်တွေ့၊ ဤယနေ့ဝယ်၊ ဘုန်းဟော့မြတ်စွာ၊ သာသနာလျှင်၊ ပဥ္စာသဟာယ်၊ နှစ် တိုင်လတ်အောင်၊ မတ်မတ်ခိုင်ကျည်၊ တည်စိမ့်ရည်၍၊ မြန်ပြည်သီဟဠ၊ သိယာမနှင့်၊ ကမ္ဘောဇ လာအို၊ ယိုထို ထေရဝါဒ၊ နိုင်ငံတို့မှ၊ ဘုန်းလျှံသကျ၊ ပုပ္ပာရင်နှစ်၊ သားချစ်သံဃာ၊ နှစ်ထောင့်ငါးရာ အတိုင်းအရှည်ရှိသော၊ ထေရ်မဟာတို့သည်၊ မြန်မာပြည်ထောင်စု အစိုးရနှင့် တကွသော၊ လူထု၏ သာသနုပကာရ၊ ဓမ္မပူဇာ၊ မင်္ဂလာဖြင့်၊ ညီညာစည်းဝေး၊ သာမဂ္ဂီပေးကြ၍၊ ရှေးရှေးသော သံဂါယနာတို့နည်းတူ၊ ဤဆဋ္ဌလိုက်ဂူဝယ်၊ သုံးဆူပိဋကာ၊ ဓမ္မသံဂီတိ သဘင်၊ မင်းအပေါင်းဖုံလင်ဖြင့်၊ သံတင်ခြိမ့်သဲ၊ ပွဲကြီးဝိဇယုသဘ၊ အောင်မြင်စွာ ဖွင့်လှစ်ကြသည်ကို၊ ဒိဋ္ဌယင်စွာ၊ ဖူးတွေ့ရပါသော၊ မြန်မာပြည်ဖွား၊ အမျိုးသားတို့နှင့် တကွ၊ တိုင်းခြားညွှဲသည်တော်၊ ရေသော်များတောင်း၊ မြေညွှတ်စောင်းမျှ၊ အပေါင်းဗိုလ်လူ၊ ခပ်သိမ်းသူတို့၊ လိုက်ဆူကြည်ညို၊ သဒ္ဒါလုလု ညီညာစွာပြုရသော၊ သာသနုပကာရ ကုသိုလ်ကို၊ ထိုထိုအရပ်ရပ်၊ ဘုံသုံးထပ်ဝယ်၊ နတ်လူဗြဟ္မာ၊ သတ္တဝါတို့လည်း၊ ပတ္တာနုမော်၊ ကောင်းချီးခေါ်စိမ့်ငှာ၊ နိုင်ငံတော် လူထု ကိုယ်စား၊ ဤယခု ထောမနာစကားကို၊ ဖတ်ကြား သိစေအပ်ပါသတည်း။

ပြီးပါပြီ။

# ‘ဝေယန်စံလွှတ်’ မူလကမ္ပည်းသတ်သော ရွှေရေးဆောင် မဟာဝိဟာရပ္ပတ္တိကထာ မော်ကွန်းသံပိုင်းစာ

နမော ဗုဒ္ဓါယ ။သိဒ္ဓမ်။

ဝေယန်စံလွှတ်သမညော ယော၊
ရွှေရေးဆောင်ဣတိ ဝိဿုတော။
မိမတံ ဇာတုဗ္ဗိဘူတော၊
သာဝုမနော နူဟာသကော။
ဝိဟာရော သော စိရံ ဌာတု၊
သတ္တာ စက္ကဟိတာ ဝဟံ။ ။

ယော ဝိဟာရော=သိကြားဗိမာန်၊ဝေဇယန်နှင့်၊ ပုံဟန်နှုန်းလျော်၊ အကြင် ရွှေကျောင်းတော်သည်။ ဝေယန်စံလွှတ်သမညော=မူလပြုဖန် မှည့်ရင်းနာမ်ဖြင့် ‘ဝေယန်စံလွှတ်’ ကမ္ပည်းသတ်သည့်၊ မြတ်သောအမည်ရင်းလည်း ရှိပေ၏။ရွှေရေးဆောင်ဣတိ ဝိဿုတော=အသောကာရုံ၊ ဘွဲ့မည်ပုံသို့၊ လူတို့ ဒါယကာ၊သူ့ သညာဖြင့်၊ မင်္ဂလာလင်းပြောင်၊ ရွှေရေးဆောင်ဟု၊ မြန်ဘောင်ဝန်းလျား၊ ကျော်

စော ထင်ရှားလှပေ၏။ ဓိမတံ=ပိဋကဝိဓိုရ် ပုဂ္ဂိုလ်ဟု၊ ထိုထိုများတောင်း၊ ပညာရှင်အပေါင်းတို့၏။ ဇာတုဗ္ဗ ဘူတော = ဖြစ်ထွန်းပေါက်ဖွားရာ သေဥ်မြေချာသဖွယ် လည်း ဖြစ်ပေ၏။သာဓုမနောနုဟာသကော=သူတော်စင် တို့ စိတ်နှလုံးကို၊ ရွှင်ပြုံးကြည်ပျို့၊ အကြိမ်ကြိမ် နှစ်မြို့စေ တတ်၏။ သော ဝိဟာရော=သိကြားဗိမာန်၊ ဝေဇယန်နှင့်၊ ပုံဟန်နှုန်းလျော်၊ ထိုရွှေကျောင်းတော်သည်။ သတ္တုစက္က ဟိတံ=ဘုရားသာသနာ၊ လင်းပွင့်ရာအကြောင်း၊ အစီး အပွားကောင်းကို။ အာဝဟံ = အာဝဟန္တော = ဥပ နိဿရည်း၊ ပစ္စည်းမြောက်အောင် စွမ်းဆောင်သမှုကျေး ဇူးပြုလျက်။ စိရံ ဌာတု=ဘုရားဟူသောအသံ၊ ဤလူ့ဌာန် ဝယ်၊ နှုတ်မွှန်ချီးပ၊ ရှိသမျှပင်၊ ကာလမြင့်ရှည်၊ ကြံ့ကြံ့ တည်ပါစေသတည်း။

အောင်သူတကာတို့၏၊ မဟာဇိနိန္ဒြိမိပတိ၊ သီရိပဝရ၊ အတုလဦးချောင်၊သုံးလောကထွတ်ထား၊ဘုရားငါးမာရ် အောင်သည်၊ မြေကောင်ဗဟို၊ ရာဇဂြိုဟ်ပြည်မွန်၊ ဝေဠု ဝန်သမိုက်၊ ဥယျာဉ်တိုက်ဌာ၊ ယာပိုက်မွေ့လျော်၊ ကိန်း စံကော်မူသောကာလ၊ သာဝကများစွာ၊ ယောရ်သံဃာတို့ အား၊ သေနာသန၊ ဝိဟာရကျောင်းသခ်မ်းကို၊ နိဒါန်း ဝတ္ထု၊ ပေါ်ပေါက်ချိန် မျှော်ရှု၍၊ ခွင့်မပြုသေးရကား၊ များစွာသော ရဟန်းတို့သည်၊ တော တန်း သစ်ပင်၊ လှိုဏ်မြောင်ဂူင်နှင့်၊ တောင်လျှဉ်တောင်ခေါင်း၊ သုသာန် စောင်းက၊ သောင်းပြောင်းဥဒဟို၊ ရပ်သိုထိုဥ္၊ ညဥ့်ခို ကိန်းစံတော်မူကြ၍၊ မိုးသောက် ထကာ၊ ကြည်ညိုဖွယ်ရာ သော၊ ဣရိယာပထဖြင့်၊ ထိုမှ ဤမှ၊ ထွက်ကြွတော် မူလာကြသည်ကို၊ ရာဇဂြိုဟ်သေဌေး၊ အဝေးမှမြင်လတ်

သော်၊ အနီးသို့ချဉ်းကပ်၍၊ နှုတ်လွှတ်သံညောင်း၊ကျောင်းဆောက်လှူလိုကြောင်းနှင့်၊ မြတ်စွာဘုရားအား၊ လျှောက်ထားပေးပါရန် အကြောင်း၊ တောင်းပန်လျှောက်ထားသဖြင့်၊ များစွာသော ရဟန်းတို့၊ ဗိနော်ထံမှောက်၊ ချဉ်းကပ်ရောက်၍၊ ကြားလျှောက်သမှု၊ ကြောင်းဝတ္ထုဝယ်၊ 'အနုဇာနာမိ ဘိက္ခဝေ ပဉ္စ လေဏာနိ' ပုဒ်ဦးချို၍၊ ဝိဟာရ ကျောင်းသင်္ခမ်းကို၊ ရဟန်းတို့ သုံးဆောင်ရန်၊ ကရုဏာလှုံ့ဖန်၍၊ သမ္မာသမ္ဗုဒ္ဓ၊ သုံးလောက မျက်ရှု၊ သဗ္ဗညုသည်၊ ခွင့်ပြုပညတ်တော် မူလတ်သတည်း။

မဟာဝိဇည်း၊ ငါးမာရ်လှည်းလျှင်၊ ကျောင်းပစ္စည်းဝတ္ထု၊ အခွင့်တော်ပြုလတ်သော်၊ အမှုသည်ရင်း၊ ထိုသေဋ္ဌေးမင်း သူတော်ကောင်း၊ ကျောင်းပေါင်းခြောက်ဆယ်၊ ထိုနေ့ဝယ် ပန္နက်ရိုက်၍၊ လှိုက်လှိုက်ကြည်ဖြူ၊ ဆောက်လုပ်လှူသည့်၊ပုညုပစယ၊လက်မွန်စ၍၊ ဤဘုရား သာသနာဝယ်၊ အနာထပိဏ် ဝိသာခါ၊ ဆရာဇီဝက၊ ဤသို့ စသည့်၊ ဘုရား ရှေ့လက်ထက်တော်အခါ၊ ကျောင်းဒါယကာတို့မှအစ၊ မဇ္ဈိမတိုက်တခွင်၊ သီဟိုဠ်နှင့် မြန်မာတခွင်၊ သာသနာဝင် ဆင်းသက်၊ ကျောင်းဒါယကာ အဆက်ဆက်တို့သည်၊ သူ့ထက်ငါဦး၊ နိဗ္ဗာန်ကို အရောက်ကူးမည်ဟု၊ အထူးထူးသော ကျောင်းဝိဟာတို့ကို၊ သဒ္ဒါကဲမောက်၊ တည်ဆောက်လှူဒါန်းကြသည့်၊ ဝိဟာရ ဒါနဝင်၊ အစဉ်ပွားစီး၍လာခဲ့ရာ၊ မြန်မာတန်ဆောင်၊ ဘုန်းလျှံပြောင်၍၊ ကုန်းဘောင်အနက်၊ နေအနွယ် ဆက်သည်တွင်၊ ရာဇက္ကမ၊ ခြောက်ဆင့်မြောက်တိုင်လတ်သော်၊ အမရပူရ၊ ပထမမြို့နန်းတည်၊ 'သီရိပဝရ၊ဝိဇယာနန္တယသ၊တြိဘဝနာဒိတျာဓိပတိ၊ ပဏ္ဍိတ မဟာဓမ္မရာဇာဓိရာဇာ'၊ မင်္ဂလာ

ရွှေလိပ်၊ တံဆိပ်နာမံ၊ခံတော်မူသော၊ ဘိုးတော်မင်းတရားကြီး၏၊ တောင်ရွှေရေးဆောင်စံ၊ 'သီရိမဟာမင်္ဂလာဒေဝီ'၊ ဘွဲ့မည်ထင်ရှား၊ ရှင်မိဖုရားသည်၊ များစွာသောအသပြာတို့ကို၊ ခေမာဆိပ်ဦး၊ တံတားကူး၍၊ ထူးကဲသောစေတနာဖြင့်၊ မဟာမုနိ ရုပ်ရှင်တော်မြတ်၊ အနောက်မြောက်အရပ်ဝယ်၊ အမိုးသုံးထပ်၊ ဇေတဝန် ကျောင်းတော်မြတ် ဆောက်လုပ်ပြီးပြေ ရှိသည်ကို၊ သက္ကရာဇ် ၁၁၅၃-ခုနှစ်၊ ပြာသိုလဆန်း ၁၁-ရက်နေ့၌၊ ဘိုးတော်မင်းတရားကြီး ကိုယ်တော်တိုင်၊ ရွှေကရားဖြင့်၊ ရေစက်တော် သွန်းချလျက်၊ ကျောင်းတော်၏ အမည်နာမ်ကိုလည်း၊ ဝေယန်စံလွတ်' ကမ္ပည်းစိုက် သတ်မှတ်လျက်၊ ထေရ်မြတ်သခင်၊ အရှင်ဩဘာသဓမ္မအား၊ အစဦးစွာ၊ သဒ္ဒါစင်ဖြူ၊ နိဗ္ဗာန်နန်းဆုယူ၍၊ တင်လှူ ပူဇော်လတ်သတည်း။

ထိုမှနောက်တွင်၊ ဖန်နန်းရှင်ခေါ်၊ ဘကြီးတော်မင်းတရား လက်ထက်အခါ၊ နရိန္ဒာဘိသီရိဓဇ မဟာဓမ္မရာဇာဓိရာဇ ဂုရု၊ သွန်းထုခတ်နှိပ်၊ တံဆိပ်ရအကျော်၊ ပုလဲဆရာတော်။

ကုန်းဘောင် မင်းတရားလက်ထက်၌၊ မိုးနဲ ဗိုလ်မှူး၏ဆရာတော်'ပရမညာဏဓဇ မဟာဓမ္မရာဇဓိရာဇဂုရု'တံဆိပ်တော်ရ မဟာထေရ်မြတ်။

ထိုမှနောက်အခါ၊ 'အာစာရဝံသဓဇ သီရိပဝရ မဟာဓမ္မရာဇာဓိရာဇဂုရု' တံဆိပ်တော်ရ ဆရာတော်ဘုရားတို့၊ မခြားရှေ့နောက်၊ ထိန်းစောင့် ရှောက်ကြ၍၊ ကျောင်းတော်ဘည်ဆောက်သည်မှ၊ ကာလမြင့်ညောင်း၊နှစ်ပေါင်းကိုးဆယ်ကျော်အကြာ။

ကောဇာသက္ကရာဇ် ၁၂၄၅-ခုနှစ်ခန့်သို့၊ ရောက်သော ကာလ၊ မူလရွှေကျောင်း၊ ဟောင်းနွမ်းပျက်ပြား၊ ရှိသည် များကို၊ ပယ်ရှားသုတ်သင်၍၊ အရှင်သီပေါမင်းတရား လက်ထက်တော်ခေတ်တွင်၊ မြို့သစ်မြို့စား၊ 'မင်းကြီး မင်းလှ မဟာဇေယျသင်္ခ్య'၊ ဘွဲ့မည်ခံသည့်၊ ဉာဏ်ရည် ထိန်လင်း၊ အတွင်းဝန်မင်းနှင့်၊ ဇနီး မြစ်သား မြို့စား၊၊ 'သုသီရိပဘာ' ဘွဲ့ခံ အတွင်းဝန်ကတော်တို့က၊ ဘုရား ရွှေလက်ထက်တော်အခါ၊ ပုဗ္ဗာရုံ ရွှေကျောင်းနှင့်၊ အကောင်းယှဉ်ဆိုင်၊ အလှဂုဏ်မာန် ပြိုင်သကဲ့သို့၊ ခံ့ညိုင် တင့်ဆန်း၊ အခန်း ၃၂၂-ရှိ၊ အုတ်ကျောင်းကြီး အသစ်၊ ဖန်တည်လစ်၍၊ ရှင် ချစ်သားကျော်၊ ဆရာတော်တို့ကို၊ ပူဇော်တင်လှူပြီးနောက်။

၁၂၅၃-ခုနှစ် အရောက်ဝယ်၊ ဘုန်းတောက်မြတ်စွာ၊ သာသနာ၌၊ ပညာအရောင်၊ လောင်စလိလိ၊ ရွှန်းလျှံ အိသော၊ 'ပဏ္ဍိတမဇ ဿီရိပဝရ မဟာဓမ္မ ရာဇာဓိရာဇ ဂုရု' သွန်းထုခတ်နှိပ်၊ တံဆိပ်ရ အကျော်၊ မိုင်းခိုင်း ဆရာတော်ဘုရားကြီး စလင်းမြို့တွင် သူကောင်းကြီးက ဆောက်လုပ် လှူဒါန်းသည့်၊ 'မြို့မငါးစဉ်ကျောင်း ကြီး'၌၊ ပွားစီးလုံ့လ၊ မရနှစ်တန်၊ ကျင့်ကြံအားသစ် ရှိတော်မူသည်ကို၊ ကြည်ညိုသဒ္ဓါ၊ ရှိသေစွာ ပင့်ဆောင်၍၊ ရွှေရေးဆောင်အလယ် အုတ်ကျောင်းကြီးကို၊ အုပ်စီး စောင့်ရှောက်၊ သာသနာတော်ကို၊ ချီးမြှောက်ပြုဖုရန်၊ တောင်းပန်ကော်ရော်၊ ထိုမိုင်းခိုင်းဆရာတော်အား၊ ပူဇော်တင်လှူလတ်သတည်း။

မိုင်းခိုင်းဆရာတော်ဘုရားကြီး၊ သာသနာ့တန်ဆောင် ဆီမီးသည်၊ ဝိဇည်းမြေကောင်း၊ ရွှေရေးဆောင် အုတ်

ကျောင်း၌၊ ကိန်းအောင်းစံနေတော်မူကာ၊ အဠဒိသာ၊ မှာမှာအရပ်တို့မှ၊ ချဉ်းကပ်လာသမျှ၊ သောတုဇနတို့အား ဂန္ထဓုရ၊ နေ့ညမအား၊ ဟောကြားပို့ချ ပြသခြင်း။ ပြဿနာ ဆစ်ပိုင်း၊ ရောက်လာတိုင်းကို၊ မဆိုင်းလျင်မြန်၊ အဖြေမှန် ဖြင့်၊ ဝေဖန်ပြီးပြတ်အောင်၊ ဆုံးဖြတ်တော်မူခြင်း။ ကိုယ် တော်မြတ်၏ အတွက်သာ၊ အခွင့်ရတိုင်း အခါတို့၌၊ ဘာဝနာတရား ပွားများအားထုတ်ခြင်း။ နှစ်ခင်းဓုရ၊ ရဟန်း တို့ကိစ္စဖြင့်၊ ကာလကို ကုန်စေကာ၊ ကောဇာ သက္ကရာဇ် ၁၂၆၁ - ခုနှစ်၊ ပစ္ဆိမတောင်ယံ၊ ဝင်စံသော နေမင်းသဖွယ်၊ ကွယ်လွန်တော်မူလတ်လျှင်၊ လောကဓာတ် စကြာ၊ အရှေ့မျက်နှာမှ၊ သော်တာလစန်း၊ ပေါ်ထွန်း ထွက်ပြူ၏သို့၊ ဆရာတော်၏ ငယ်တပည့်ရင်း၊ သုံးခင်း ပိဋကာ၊ ဝေဒဗိုဝိရ်၊ မာဂဓ သက္ကတ ကျမ်းထိုထို၌၊ တစ်ဆို သလောက်၊ ဂုဏ်ရည်မြောက်၍၊ ထက်အောက်မြန်ခွင်၊ ကျော်စော ထင်သည့်၊ 'အရှင်အာဒိစ္စရံသီ'၊ ဘွဲ့ထူးချီ သော၊ 'ဦးကြည်' ဆရာတော်ဘုရားသည်၊ လစ်လျှားမရှိ၊ အချိန်ပြည့်လျှင်၊ မုနိမြတ်စွာ၊ သာသနာ့ဝန်၊ ဓုရနှစ်တန်ကို၊ ဆက်ခံဖြည့်တင်း၊ ကျေးဇူးသတင်း၊ ရှစ်ရပ်လင်းစေလျက်၊ ယင်း ရွှေရေးဆောင် အုတ်ကျောင်းကြီးကို၊ အုပ်စီး ထိန်း စောင့်ကာ၊ ၁၂၆၂-ခုနှစ်ကစ၍၊ ဓမ္မသဘင်၊ ပွဲကြီးယင် လျက်၊ ရှင်ပင်မြတ်စွာ၊ သာသနာသုံးခင်း၊ စန်းရောင် အလင်းကို၊ ထိန်ဝင်းတောက်ပ ပြောင်စေသတည်း။

'အရှင်အာဒိစ္စရံသီ'၊ ဘွဲ့ထူးချီသော 'ဦးကြည်' ဆရာ တော်ဘုရား၊ လရထားသည်၊ တရားငွေရောင်၊ ဆွတ် ဆွတ်ပြောင်စေ၍၊ ၁၂၉၇-ခုနှစ်တွင်၊ တောင်စွယ်အတွင်၊

စုဘိခွင်သို့၊ ဝင်စံတော်မူလတ်သောအခါ၊ ဆရာတော် ဦးကြည်၏ တပည့်ရင်း၊ ဓမ္မန္တေဝါသိက၊ သာဋ္ဌကထ၊ တိပိဋကဝိသာရဒ၊ မူလဋီကာ၊ ကျွမ်းကျင်စွာဟု၊ စာသင် သားအပေါင်းတို့၊ နှစ်ထောင်းလေးမြတ်၊ ချီးမွမ်းအပ် သော၊ ဂုဏ်ကျေးဇူးရှိသည့်၊ ပဏ္ဍိတ နွယ်တန်ဆောင်၊ 'အရှင်ပဏ္ဍဝ' ထေရ်ဘုန်းခေါ်သည်၊ ရွှေရေးဆောင် ကျောင်းတိုက်အတွင်း၊ ပရိယတ္တိဓမ္မပါလ စံကျောင်း၌၊ သီတင်းသုံးနေတော်မူကာ၊ စာတော်သဘင်၊ နေ့ညဉ့်ယင် လျှက်၊ အရှင်ဆရာတော်တို့၏၊ ဓမ္မမြုံသိုက်၊ ရွှေရေး ဆောင်ကျောင်းတိုက်၏၊မြိုက်မြိုက်လင်းပြောင်၊ အသရေ ကို ဆောင်တော်မူခဲ့ရာ၊ ၁၂၈၃-ခုနှစ်၊ ဒုတိယ ကမ္ဘာစစ် ကြီး၊ ညီးတပြောင်ပြောင်၊ မီး သင့် လောင်သည်တွင်၊ ရွှေရေးဆောင် အုတ်ကျောင်းကြီးနှင့် တကွ၊ အရံကျောင်း များစွာ မီးခ၍၊ အုတ်ကျောင်းကြီးမှာ နံရံမျှသာ ကျန်ရှိ၊ ဆောက်လုပ်မည့်ဒါယကာ၊ ဆယ့်ရှစ်နှစ်ခန့်၊ အချိန်ကြာ အောင်၊ မလာမရှိ၊ ဖြစ်နေတိသည့်တွင်....

'လောကီ့ဥစ္စာ၊ ရတနာကား၊ ငါး ဖြာ ရန် စု၊ ဆက်ဆံမှုကြောင့်၊ သေတ္တာ၊ အနှစ်၊ မဟုတ်လစ်ဘူး၊ မချွေရရန်၊ ပယ်တွန်းလှန်၍၊ ဆယ်တန်ဒါန၊ အား သစ်မှသာ၊ ဘောဂဥစ္စာ၊ ရတနာ၏၊ ခေမာရောက် ရန်၊ အနှစ်မှန်'ဟု....

ဝေဖန်ခွဲခြမ်း၊ ဉာဏ်ပြဋ္ဌာန်းကြသည့်၊ မန္တလေးမြို့၊ ဓားတန်းရပ်၊ ကျောင်းဒါယကာ ဗန္ဓုလဦးဆိုင်-ကျောင်း အမ ဒေါ်စောတင်၊ သားသမီး တစ်စုတို့သည်၊ နိဗ္ဗု

အောင်မြေ၊ ဆုပန်ချွေကြ၍၊ ရွှေရေးဆောင် အုတ်ကျောင်း ကြီး၊ ပျက်စီးယွင်းယို၊ နံရံမှာ ကြွင်းကျန်ရှိနေသည်ကို၊ ထို ကျောင်းတိုက်ကြီး၏၊ ဦးစီးနာယက၊ အရှင်ပဏ္ဍဝမထေရ် ထံမှ၊ ပြင်ဆင် ဆောက်လုပ်ရန်၊ ခွင့်ပန်ရရှိ၍၊ ပီတိရွှင် လန်း၊ အားရမ်းနှစ်ထောင်း၊ ကောင်းသည်ထက် ကောင်း အောင်၊ ထပ်လောင်းတစ်ဖန်၊ အသစ်မွမ်းမံ၊ မူလပုံစံ အတိုင်း၊ သမိုင်းမော်ကွန်း၊ စိုက်ထူညွှန်းလောက်အောင်၊ သွန်းသွန်းမိုမောက်၊ တည်ဆောက် ပြုပြင်ကြခြင်း။ သီဟာ သနပလ္လင်၊ ဥကင်တံကဲ နှင့် တကွ၊ ဥဒ္ဒိဿ ရုပ် ပွား၊ ကျောက်သားဆင်းတုတော်ကို၊ ပူဇော်တည်ထားကြခြင်း။ ဆဋ္ဌသံဂါယနာတင် ပါဠိတော်နှင့်၊ အဋ္ဌကထာ စာအုပ် ရေ ၆၀ ဓမ္မက္ခန္ဓာတို့ကို၊ ကိန်းစံတော်မူရာ၊ ဂန္ဓကုဋိ ဘီဒိုစာတိုက်နှင့်တကွ၊ ဓမ္မစေတီ အဆူဆူ၊ တည်လှူပူဇော် ကြခြင်း။ အာဝါသိက-အာဂန္တုက၊ နှစ်ဝသော သံဃာတို့ ချမ်းသာစွာ သုံးစွဲရန်၊ စက်ရေတွင်း ကိရိယာအစုံအလင်၊ အုတ်ရေစင်ကြီးနှင့် တကွ၊ ရေသုံး သံဃဝစ္စကုဋီ၊ တည် ဆောက်လှူခြင်း။ တစ်ရာ့ငါးဆယ် သော၊ မောင်ရှင် လောင်းတို့ကို၊ ကောင်းမွန်သော ဝတ်စုံပရိက္ခရာတို့ဖြင့်။ သာမဏေဘုံရောက်၊ ချီးမြှောက် ထောက်ပံ့ ကြ ခြင်း။ ကျောင်းတိုက်ရှိ သံဃာအကုန်နှင့်တကွ၊ အခြား တိုက်တာ တို့မှ သံဃာများပါ၊ ပင့်သံဃာ (၃၀၀) သုံးရာတို့အား၊ သဒ္ဓါကြည်ယုံ၊ အစုံအစုံသော သင်္ကန်းတို့ကို၊ လှူဒါန်း ဆက်ကပ်ခြင်း။ လေးရာကျော် အတိုင်းအရှည် ရှိသော၊ အရိယဝံသာ၊ သံဃာတော်အရှင်မြတ်တို့အား၊ မွန်မြတ် သော ဆွမ်း၊ ခဲဖွယ်၊ ဘောဇဉ်၊ ချိုချဉ်ရသာတို့ကို၊ သဒ္ဓါ ဖြူဖွေး၊ ကျွေးမွေးဆက်ကပ်ခြင်း-အစရှိသော ကောင်းမှု၊

ဝမ်းမြောက်စွာ ပြုကြလျက်၊ ယခု ၁၃၂၃ ခုနှစ်၊ တပို့တွဲ လပြည့်ကျော် ၁၃-ရက်နေ့တွင်၊ လွေ့လွေ့ ဝမ်းသာ၊ စေတနာဥက္ကဋ္ဌ၊ ဇောစိတ္တုပ္ပါဒ်ဖြင့်၊ ကျောင်းလွှတ်သဘင်၊ ရေစက်ချပွဲကြီး ယင်လျက်၊ သံလွင်ချိုမြ၊ အမျှခွန်း ကျူ ကျူဟပြီးလျှင်၊ များလှသော ဥစ္စာ တို့ကို၊ အသာ မကွက်၊ မစွဲရ မနှောင့်ယှက်ဘဲ၊ ရက်ရက်ကြည်ဖြူ၊ ပေးစွန့်လှူ၍၊ အောင်နိဗ္ဗူ ဘုံကြင့်နန်းသို့၊ စောင်းတန်း သွယ်ယူကြသတည်း။ ။

## သံပိုင်းလင်္ကာ

ဇေယျမင်္ဂလာ၊ သံပိုင်း မှာပိမ့်။ မြတ်စွာမိန့်မှတ်၊ သာ သနာမြတ်လျှင်၊ မြန်ရင့်ဍုတ်ကိုက်ဘောင်၊ လင်းလင်းပြောင်က၊ ကုန်းဘောင်ဆင္ဍ၊ နရိန္ဒ၏၊ ဒက္ခိဏာရုံ၊ တောင်ဆောင်စံ သည်၊ ဘုန်းကံကြီးမား၊ မိဖုရားသည်၊ တည်ထားပြုဖန်၊ အဘိဓာန်ဖြင့်၊ 'ပေယန်စံလွတ်'၊ ကမ္ပည်းမှတ်သား၊ မြတ် ဝိဟာမွန်၊ ဇေတဝန်ဟု၊ မိုးစွန်ထိညောင်း၊ စံရွှေကျောင်း လျှင်၊ နှမ်းဟောင်းတံလာစ်၊ ထိုသို့ဖြစ်က၊ မြို့သစ် အတွင်း ဝန်၊ တိဟိတ်ဉာဏ်ဖြင့်၊ တစ်ဖန် အုတ်ကျောင်း၊ တည် ဆောက်ရှောင်းခဲ့၊ နောက်နှောင်းကာလ၊ ခါသမယတွင်၊ ဒုတိယဖြစ်၊ ကမ္ဘာစစ်ကြောင့်၊ ချစ်ချစ်တောက်ပြောင်၊ မီးသင့်လောင်က၊ စွမ်းဆောင်စေတနာ၊ ထဲနိုးပါ၍၊ မဟာ ဗန္ဓုလ၊ ကမ္ပည်းသသည့်၊ ဝါဏိဇ္ဇဒိုင်၊ စိုးမိုးပိုင်သား၊ ဦးဆိုင်သညာ၊ ကျောင်းဒကာနှင့်၊ ကလျာ ဂုဏ်း ဝင်၊ ဒေါ်စောတင်တို့၊ အသင်္ခတ၊ ဆုပန်ကြလျက်၊ ဇယသင်္ချာ၊

သိန်းသပြာကို၊ အာသာမကွက်၊ စွန့်လှူရက်၍၊ တဆက် ပြုပြင်၊ ကောင်းမှုယင်သား၊ ဓမ္မဥစ္စာ၊ ကြောင်းခြင်းတကို၊ တိပိဋကမိုရ်၊ ထေရ်ပုဂ္ဂိုလ်လျှင်၊ မပိုစေရ၊ သံခိပ်မျှဖြင့်၊ နှောင်းထ လူရှင်၊ သိကောင်းအင်ဟု၊ ဖြစ်စဉ်နိဒါန်း၊ ထုတ်ဖော်သွန်းသည်၊ မော်ကွန်း ရွှေစာသံပိုင်းတည်း။ ။

အာဒိကမ္မိက ဝဋ္ဋံသကာထေရ်
စီကုံးရေးသားသည်။
၁၃-၁၁-၂၃

❀

ရွှေရေးဆောင်တိုက် အလယ်အုတ်ကျောင်းကြီး၏
အဋ္ဌုပ္ပတ္တိ အကြောင်းအရာ
**မင်္ဂလာ ရတုပိုဒ်စုံ**

(သုံးပိုဒ်လုံး ၅၅ ပဒစီ၊ သတ်စေ့နှက် သုံးချက်ညီ)

၁။ ။**အောင်ခွန်းဖေယျာ**၊ ၊ သောင်းထိုက် ညာတည့်၊ မဟာမုနိ၊ တို့ဘုန်းရှိလျှင်၊သီရိမဂဓိုရ်၊ ရာဇဂြိုဟ်ဟု၊ နဂိုရ်ရိပ်မွန်၊ ဝေဠုဝန်၌၊ နိဗ္ဗာန်ဆုနှင်း၊ ကျွတ်ပွဲခင်း၍၊ လင်းလင်းစက်ခြည်၊ နေစံတည်က၊ ထိုပြည် သေဋ္ဌေး၊ တောင်းပန်ရေးကြောင့်၊ ရှေးဦးစစွာ၊ ကျောင်းဝိဟာကို၊ ရွှေဗျာရင့်ကြွေး၊ ခွင့်သော်ပေးခဲ့။ သေဋ္ဌေးရာဇဂြိုဟ်၊ ဉာဏ်ဝိမိုရ်ကား၊ ထိုသည်နေ့၌၊ ပန္နက်ရိုက်၍၊ အမြိုက်

ဆုရွယ်၊ ကျောင်းခြောက်ဆယ်ကို၊ အုံဖွယ်သဒ္ဒါ၊ ဆောက်လှူပါသား၊မဟာပုညာ၊ လက်မွန်စရှာ၊ မဇ္ဈိမချက်ချာ၊ ကျွန်းလက်ာနှင့်၊ မြန်မာတိုင်းချက်၊ သာသနာဆက်အောင်၊ ဆင်းသက်စဉ်လာ၊ ဒါယကာတို့၊ မဟာဝိဟာရ၊ မြို့ကိုဗိဇဟု၊ဒါနပဝေဏီ၊ ဆင့်ဆင့်ချီကာ၊ သိင်္ဂီနိက္ခ၊ ပဗ္ဗတလျှင်၊ ထိုမှ ဤမှ၊ပေါ်ထွန်းပသို့၊ဘုရားသာသနာ၊လင်းရာရာ၌၊ သဒ္ဓါလုလု၊ ဒကာထုလည်း၊ သူ့ထက်ငါမြောက်၊ကျောင်းကျောင်းဆောက်၍၊ ဘုန်းတောက်သနာ၊ပြုခြင်းရာကား၊ ပူဇာ ပူဇနီယ၊ ဤနှစ်ဝကို၊ ပပလင်းပွင့်၊ သရေဆင့်သည်၊ **နေနှင့် လနှယ် တင့်ပြီတကား။**

၂။ ။**ဆောင်ဝန်းနေဝါ**၊ ရှေးသမ္မာဖြင့်၊မြန်မာတို့ဘုန်း၊ မိုးနှယ်ချုန်း၍၊ ကုန်းဘောင်နတ်တွေ၊ ခြောက်ဆင့်နေဟု၊ စက်တေဇာဓိ၊ လက်လက်ညီသော်၊ ဒက္ခိဏာရုံ၊ တောင်ဆောင်စံသား၊ ဘုန်းကံကြီးမား၊ မိဖုရားလျှင်၊ မြောက်မြားဥစ္စာ၊စွန့်လှူကာဖြင့်၊မဟာမုနိ၊စောသာကီမှ၊ ပဋိမုတ္တာရေ၊ အောင်ရပ်မြေ၌၊ ဇေတဝန် ကျောင်းကြီး၊ မိုးထိမီးကို၊ ဆောက်ပြီးလတ်သော်၊ မြတ်ဘိုးတော်ဟု၊နတ်ကျော်ကြပ်မ၊ ရေစက်ချလျက်၊ဩဘာသမည်၊ မဟာထေရ်အား၊ စတည်လှူဒါန်၊ ကျောင်းဗိမာန်ကို၊ ‘ဝေယန်စံလွှတ်’၊ ကမ္ပည်းသတ်ခဲ့၊ ထေရ်မြတ်နရိန္ဒ၊ ပရမနှင့်၊ အာစာရဝဲယာ၊ မင်းဆရာတို့၊ စဉ်ကာထိန်းစောင့်၊ ရန်မနှောင့်ဘဲ၊ ကုန်းဘောင့်နတ်ဆွေ၊ ဆယ့်တစ်နေ၏၊ စက်တေဇာလှစ်၊ ခါတော်ခေတ်ဝယ်၊ ‘မြို့သစ်အတွင်းဝန်’၊ ဉာဏ်ရည်ချွန်၍၊ တဖန်အုတ်ကျောင်း၊ တည်ဆောက်ရှောင်းကာ၊ ထေရ်ကောင်း မိုင်းခိုင်း၊ ဉာဏ်မိ မိုင်းနှင့်၊

မြန်တိုင်းလွှမ်းခြုံ၊ ကျေးဇူးပုံသား၊ စွယ်စုံ ‘ဦးကြည်’၊ ဆက်ခဲ့စည်၍၊ ယေရ်ပဏ္ဏာဝ၊ လက်ယက်ကျအောင်၊ ဓမ္မရောင်ဇွင့်၊ မှောင်ချွေလွှင့်သည်၊ **ရွှေနှင့် မြနှယ် ဆင့်ပြီ တကား**။

၃။ ။**ဆောင်သွန်းဒေဝါ**၊ နတ်ဖန်လာသို့၊ မဟာကုဋ္ဌက၊ ဝိဟာရလည်း၊၊ ဒုတိယဖြစ်၊ ကမ္ဘာစစ်ကြောင့်၊ ချစ်ချစ်တောက်ပြောင်၊ မီးသင့်လောင်က၊ နက်ခေါင်သမ္ဗဇဉ်၊ နှေ့ညဉ့်ယှဉ်လျက်၊ ဓမ္မဥ္စရ၊ ကြိုးလုံ့လ၍၊ ဒကာ့ဂုဏ်ရိပ်၊ ပုဂ္ဂိုရိက်ဟု၊ တံဆိပ်ခတ်နိုင်၊ ကောင်းဟင်းလှိုင်သား၊ ဦးဆိုင်သညာ၊ ကျောင်းဒကာနှင့်၊ ကလျာဂုဏ်းဝင်၊ ဒေါ်မေဘတင်တို့၊ အသခ်တ၊ ဆုပန်ကြ၍၊ မူလအုတ်ကျောင်း၊ စစ်မီးမောင်းကြောင့်၊ မကောင်းသမျှ၊ စွန့်ပယ်ချ၍၊ ပုနရပိ၊ကူဒါနိဝယ်၊ ပကတိပုံ၊ ကျောင်းတော်ဘုံနှင့်၊ နိုကုံရောင်ဖိတ်၊ ရွှေရည်ပိတ်မျှ၊ဥဒ္ဒိဿရုပ်ပွား၊ မြတ်ဘုရားတည့်၊ နတ်များကြည်သရာ၊ဝန်းခ ကာသား၊ သီဟာသန၊ ပလ္လက်၌၊ ရာဇဥကင်၊ တံကဲပျဉ်မှ၊ မြင်မြင်သူများ၊ ကုသိုလ်ပွား၍၊ အားကျလောက်လျှင်း၊ **စက်ရေ**တွင်းက၊ အရင်းစကာ၊ သာသနာ၏၊သမ်ျာများတောင်း၊ဆောက်ဦပေါင်းကို၊ သိန်းသောင်းဘဏ္ဍာ၊ စွန့်လွှတ်ကာဖြင့်၊ ခိုင်မာ တည်ဆောက်၊ နိဗ္ဗူရောက်အောင်၊ ကွန်းထောက်နန်းဆင့်၊ မင်္ဂလမ်းဖွင့်သည်၊ **ရေနှင့် ကြာနှယ် မြင့်ပြီတကား**။ ။

အာဒိကမ္မိက ဝဋ္ဋံသကာယေရ်
စီကုံးရေးသားသည်။
၁၃-၁၁-၂၃

❀

မင်းကွန်းတိုက်နယ်-ရောဂတီကမ်းထိပ်
မိုးမိတ်စေတီတော်ကြီး ရွှေထီးအထွတ်တော်တင်

## မင်္ဂလာ ရတုပိုဒ်စုံ

(သုံးပိုဒ်လုံး ၅၃-ပဒစီ၊ သတ်စေ့နှက် သုံးချက်ညီ)

၁။ ။**ယမိုက်တေဇာ**၊ ။လင်းလင်းဖြာတည့်၊ မြတ်စွာဥက္ကာဋ်၊ သုံးလူနတ်၏၊ မိန့်မှတ်ဩဝါ၊ သာသနာဟု၊ မဟာဓမ္မစစ်၊ ထွန်းချိန်ခေတ်တွင်၊ နေမြစ်နွယ်စင်၊ သက်ခဲ့လျှင်သား၊ ဓမ္မဋ္ဌရ၊ ကြိုးလုံ့လသည့်၊ ဆဋ္ဌနတ်ဆွေ၊ကုန်းဘောင်နေဟု၊ စက်တေဇာဝင်း၊ ဘိုးတော်မင်းလျှင်၊ ရွှေမင်းကွန်းညာ၊ ဤမြေသာကား၊ ခေမာဆိပ်ဦး၊ မှန်လှုမူးဟု၊ နတ်မူးမိန့်ညွှန်၊ ပုံတသွန်သို့၊ ထက်ဝှန်တိဟိတ်၊ သဒ္ဒါစိတ်ဖြင့်၊ ဓမ္မိဿရော်၊ သောင်းလုံးကျော်သား၊ တေဇော်ဖြန့်စိုး၊ မြတ်ပုထိုးကို၊ မြေမိုးသံအိုင်၊ ကောင်းတင်းပြိုင်၍၊ ကိုယ်တိုင်ချယ်ညွှန်း၊အလယ်ကျွန်းဟု၊ စံနန်းရဝေ၊အောင်ရိပ်မြေမှ၊ တည်နေသောခိုက်၊ ထိုစဉ်ကြိုက်ဝယ်၊ ဦးခိုက်ရော၊ နောက်မျက်နှာဟု၊ သေလာဂီရိပ်၊ ဤတောင်မြတ်မှ၊ မိုးမိတ်မင်းသား၊ တော်ဘုရားလျှင်၊ ဘဘွားနယ်ကျော်၊ ခမည်းတော်အား၊ မပေါ်ရန်ဆူး၊ ဖိန့်ဖိန့်မူးမျှ၊ ဗိုလ်မူးပတ်ခြုံ၊ အောင်ပွဲခံ၍၊ နိယံ့စိုးကွပ်၊ စောင့်နေကြပ်သား၊ အောင်ရပ်မြေချာ၊ ဤသေလာသည်။ ။**ဇေယျာစန်းပွင့်မောသော်ကြောင့်**။ ။

၂။ ။**အမြိုက်ခေမာ၊** ၊ကျွတ်ဆုရှာသား၊ ပိတာမွေးဘ၊ ဘုပါလလျှင်၊ မဟာဓမ္မရာဇာ၊ ရွှေရွက်လွှာ၌၊ သာယာခွန်းဟိတ်၊ညွှန်းဖော်ငြိတ်သည့်၊ မိုးမိတ်မင်းသား၊ တော်ဘုရားလျှင်၊ ရှည်လျားမြင့်ထွေ၊ ငါစံနေသည့်၊ ဤမြေတောင်မြတ်၊ နောင်နာဂတ်ဝယ်၊ လူနတ်ဗြဟ္မာ၊ သတ္တဝါတို့၊ ခေမာကူးဆိပ်၊ ဖြစ်စေရိပ်၍၊ လူ့ထိပ်မှန်ကူ၊ သယ်မှူ၏၊ ဆူဆူသောဓာတ်၊ မွေတော်မြတ်ကို၊ သွင်းလတ်သေချာ၊ ဌာပနာ၍၊ စကြာမြသား၊ လရထားသို့၊ ဖြူတွားငွေရောင်၊ ဆွတ်ဆွတ်ပြောင်လျက်၊ မိုးခေါင်အကနိဋ္ဌ၊ ဘုန်းတော်ဖိတ်သား၊ မိုးမိတ်တွင်ခေါ်၊ စေတီတော်နှင့်၊ (၁)ဇိနော်မြတ်စွာ၊ စိန္တေယျာ၏၊ မင်္ဂလာစစ်၊ တစ်ရာ့ရှစ်တို့၊ ဝန်းရစ်ပတ်ခြုံ၊ ဖြစ်တော်ပုံလည်း၊ ခွေရုံဝန်းယှက်၊ ပါဒစက်ဟု၊ နက်သန့်စေတီ၊ (၂) မြေမဟီ၌၊ သသီဘာနူ၊ ပြိုင်လာစုသို့၊ ဗဟုဒေဝါ၊ မနုဿာအား၊ ခေမာမျိုးညွှန့်၊ ဖြိုးဖြိုးကွန့်အောင်၊ မြတ်မွန့်စိတ်ထား၊ နှစ်ဆူဘုရားကို၊ တည်ထားပူဇာ၊ ကျွတ်ဆုရှာသည်၊ ၊**စေတနာလန်းတင့် ပြောသော်ကြောင့်။** ။

၃။ ။**သမိုက်ရွှေစာ၊** ၊မော်ကွန်းမှာပိမ့်၊ မြတ်စွာကိုယ်စား၊ နှစ်ဆူဘုရားတို့၊ ရှည်လျားမြင့်ကြာ၊ ချိန်အခါနှင့်၊ ဘူစာလ ပြင်း၊ လျှောင်ညှဉ်း၍၊ ယိုယွင်းပျက်ပြား၊ ရှိသည်များတွင်၊ ဘုရားဘုန်းဝှန်၊ စေတီမွန်မှ၊ လက်မွှန်မဆွ၊အဦးစ၍၊ ဩသဓသိပ္ပာ၊ဆေးဝိဇ္ဇာတည့်၊ ဒေါက်တာသာလှ၊ ဦးတည်မ လျက်၊ ဗုဒ္ဓဘာသာ၊ နွယ်ကလျာတို့၊

သဒ္ဒါယဉ်လျှမ်း၊ ပြုပြင်မွမ်း၍၊ ဆုံးခန်းတိုင်လာ၊ ယမု ခါ၌၊ မြန်မာလူထု၊ ပြည်ထောင်စု၏၊ မျက်ရှုသားကြီး၊ ပုံစံမှီးသည့်၊ ဝန်ကြီးချုပ်မင်း၊ ဦးဆောင်လျှင်း၍၊ ထိန် လင်းသာသနာ၊ ခန့်ကျန်းမာဟု၊ ဌာနနှစ်ခင်း၊ ပန်ကြီး မင်းနှင့်၊ သက်ဆင်းနွယ်စဉ်၊ ဆင့်ခဲ့လျှင်သား၊ သမ္ဗဇဉ် ကြီးမား၊နိုင်ငံခြားဟု၊ အများအံ့ချီး၊ဌာနမှီးသည့်၊ ဝန်ကြီး ဝိဝိုရ်၊ စပ်ခွန်ချိုဟု၊ မိုမိတ်ဘုန်းဝှန်၊ နွယ်တော်ညွှန့်တို့၊ ဦးညွှန့်ပြုကာ၊ လူဟုပါလျက်၊ မြန်မာနှင့်မှန်၊ အနုညာတ် တို့၊ နှစ်တန်ဖန်တီး၊ မင်းစံထီးကို၊ မြှောက်ချီးခုခါ၊ ရတု သာသည်၊ ၊ **ခေမာမြန်းနွင့် စစာသော်ကြောင့်။** ။

မင်းကွန်း–မေဓာ့ယာဉ့်ပျို

### စစ်ကိုင်းခရိုင်၊ မင်းကွန်းတိုက်နယ်
### ရေဝတီကမ်းထိပ် မိုးမိတ်စေတီတော်ကြီး
### ရွှေထီး အထွတ်တော်တင်

## မင်္ဂလာထောမနာ စာတမ်း

နမော တဿ ယတော မဟိမတော ယဿ တမော န

အောင်သူတကာတို့၏၊ မဟာဝိဇယိန္ဒာဓိပတိ၊ သီရိပဝရ၊ တြိလောက ဝဋံသကာ၊ ကျက်သရေအပေါင်းတို့ ကိန်းအောင်းစုဝေးရာ၊ မင်္ဂလာဘိမင်္ဂလုတ္တမ၊ အနုတ္တရ ထွတ်ထား၊ ဘုရားသဗ္ဗညုသည်.... အနုပါဒါပရိနိဗ္ဗာန်၊ ဝင်စံဇာတ်သိမ်း၊ ကိုယ်တော်ပင် ငြိမ်းသော်လည်း၊ သိန်းသန်းကုဋေ၊ နှောင်းရစ်သူ ဝေနေကို၊ မျက်ခြေမပျောက်၊ ကိုယ်တော်နောက်မှ၊ တောက်လျှောက်ဆက်ကာ၊ လိုက်စိမ့်ငှါဟု၊ သာသနာသုံးရပ်၊မန္တန်းအပ်နှင့်၊ ဓာတ်မွေ့သရီ၊ လေးရပ်သောစေတီတို့ကို၊ ဗျာဂီမိန့်ကြား၊ ကိုယ်တော်မြတ်ကိုယ်ပွား၊ နှောင်းလူတို့ ကိုးစားရအောင်၊ တည်တည်ထား ခွင့်ပြုတော် မူခဲ့ပါသတည်း။

ယင်းသို့ မြတ်စွာဘုရား၊ ဟောကြား ခွင့်ပြုတော်မူချက်အရ၊ အဆက်ဆက်သော သာသနဒါယကာ၊မဟာဓမ္မရာဇာ မင်းတရားတို့သည်၊ ဘုရားရှင်လက်ထက်တော်မှစ၍၊ သီလ, သမာဓိ, ပညာ၊ သိက္ခာသုံးရပ်၊ သာသနာ

တော်မြတ်ကို၊ လိုအပ်မရှိ၊ ထက်ဝန်းကျင် စုံပြည့်အောင်၊ မိမိတို့အသက်နှင့်၊ နှိုင်းစက်မြတ်နိုး၊ သဒ္ဓါဖြိုးကြ၍၊လေး မျိုးသော ပစ္စည်းတို့ဖြင့်၊ မြှောက်ချီးကော်ရော်၊ ပူဇော် ပသခြင်း။ ဘုရား ရဟန္တာသခင်၊ အရှင်မြတ်တို့၏၊ ဓာတ် တော်မွေအံ့၊ ဓမ္မက္ခန်နှင့်၊ ဘုန်းသန်ရုပ်ပွား၊ ပရိဘောဂ စေတီများကိုလည်း၊ ဘုရားစေတီ၊ စွင့်စွင့်တည်၍၊ ကြည် ညို ကော်ရော်၊ ပူဇော်ပသခြင်း။ စာရင်း ဤမျှ၊ အကျဉ်း ပြအပ်သည့်၊ ပုညမဂ္ဂင်၊ ကျင့်လမ်းစဉ်ဖြင့်၊ ရှင်ပင်မြတ်စွာ၊ သာသနာနှင့်၊ သတ္တဝါတို့အကျိုး၊ သည်ပိုးဆောင်ရွက်၍၊ အဆက်အဆက် ပုညဝင်၊ စဉ်မပျက်အောင်၊ ဆင်းသက် ပွားစီး၍ လာခဲ့ရာ....မြန်မာနိုင်ငံ၊ ပုဂံ မြင်စိုင်း၊ စစ်ကိုင်း ပင်းယ၊ အင်းဝတလှစ်၊ ကုန်းဘောင်ခေတ်တိုင်၊ ရှင်ချစ် မြတ်စွာ၊ သာသနာကို၊ အဆိုပါ ချီးမြှောက်ခြင်းတို့ဖြင့်၊ စာရင်း ဤမျှ၊ ဖော်မပြနိုင်အောင်၊ ရာဇ ရာဇာ၊ မင်း တကာတို့၊ သဒ္ဓါထဲနှိုး၊ စေတနာပွားစီး၍၊ မြှောက်ချီး ပူဇော်ခဲ့ကြပါသတည်း။

ရတနာသီခါ၊ အမည်ပသည့်၊ ပြည်မတန်ဆောင်၊မြတ် ကုန်းဘောင်ဟု၊ ဘုန်းရောင်ဒဝလက်၊ နေနွယ်ဆက်လျှင်၊ ရာဇက္ကမ၊ ခြောက်ဆင့်မြှောက် တိုင်လတ်သော်၊ တေဇဖြိုး မော်၊ ဟိုးဟိုးကျော်သည့်၊ ဘိုးတော်မင်းတရား၊ လူ့ ထိပ် ဖျားသည်၊ ရှေးမင်းများနည်းတူ၊ မဂ္ဂင်လမ်း ထွင်တော် မူလို၍၊ ဘူသီခရာ၊ စည်မျက်နှာသို့၊ ဘာယာဆိတ်ညံ၊ ရွှေ မြင်တင် တောင်ခြေရင်း၊ မင်းကွန်းရပ်မြေ အရံဝယ်....

(၁) သ, သံ, ပု, က၊ အက္ခရာ လေးဝဖြင့်၊ သိကြွား တံဆိပ်၊ ခတ်ဘွဲ့နှိပ်သော၊ ဓမ္မိဿရော်၊ မဟာစေတီ တော်ကြီး....၊

(၂) ဒီပါဇမ္ဗူ၊ ကျွန်းလုံး ဆူမျှ၊ ကျူကျူ ညံတီ၊ တီး လိုက် တိုင်း သံသာ အိသော၊ မဟာဃဏ္ဍာကြီး ခေါ်၊ ခေါင်းလောင်းတော်ကြီး....၊

(၃) ရောဝတီ၊နဒီသာဝှမ်း၊မှာဘက်ကမ်းသို့၊လှမ်းပျံ တော့မည်၊ ဟန်ဖြင့်တည်သည့်၊ ကြည်သရာပုံ၊ အစုံသော ခြသေ့်ကြီး....၊

(၄) လူမျိုး သားမျိုး၊ ငှက်တရိုးတို့၊ သုံးချိုးစေရန်၊ ဘုန်းတော်ဖြင့်၊ တည်ဖန်သည့်၊ မင်္ဂလာတဘက်ဆည်းကန် တော်ကြီး....၊

ဤလေးသီးကို၊ ဘုန်းမီးလျှံထွန်း၊ ကိုယ်တော်တိုင် စီမံ ညွှန်း၍၊ အလယ်ကျွန်း နန်းတော်ဝယ်၊ စံနေတော်မူသော အခါ....

'မဟာဓမ္မရာဇာ'၊ အက္ခရာရွှေလိပ်၊ ခပ်သွန်းနှိပ်သည့်၊ မိုးမိတ်မင်းသားကြီးသည်၊ ခမည်းနတ်ကျော်၊ ဘိုးတော် မင်းတရား၊ ကြီး လေးပါးကို၊ ရှင်အားရရ၊ ကိုယ်တော် တိုင် ကြပ်မ၍၊ ထာဝရကုသိုလ်မှု၊ ချမ်းကြည်စွာ ပြုနိုင်ရန်၊ ဗာဟုဗလ၊ ဉာဏဗလ စွမ်း စွယ်စုံပြည့်ဝသည့်၊ မင်းတေဇ အစရှိသော ဗိုလ်မှူးကြီးများ၊ ဝန်းလျားပတ်ခြံ၊ ရံတော်မူ ကာ၊ ရောဝတီ၊ နဒီကမ်းထိပ်၊ အနောက်ဘက် ဆိပ်တွင်၊ မိုးမိတ်မည်သော၊ ဤတောင် အငူမှ၊ ဆံမြူလွှာခြမ်း၊ ရန် မသပ်းအောင်၊ တာငန်းခွဲယူ၊ စောင့်ရှောက် ဝန်းရံတော် မူခဲ့၍၊ ဘူပတိဖျား၊ ဖမင်းတရားလျှင်၊ တရားကုသိုလ်၊ အားရအောင် မင်္ဂလမ်းခို၍၊ နဂိုရ်သာစည်၊ အမရပူရ မင်းနေပြည်တော်သို့၊ ပြန်လည် ကိန်းစံတော်မူလတ်သော အခါ....

သဒ္ဓါရိုးစိတ်၊ ဖြိုးဖြိုးဖိတ်သော၊ မိုးမိတ်မင်းသား၊ တော်ဘုရားသည်၊ ရှည်လျားမြင့်ကြာ၊ ငါစံခဲ့ဖူး၊ ဤတောင်ထူးကား၊ဆိပ်ဦးနိဗ္ဗာန်၊ ဖြစ်ထိုက်တန်ဟု၊ အကြံတော်နှလုံးသွင်း၊ အကြိမ်ကြိမ်ဖြစ်လျှင်း၍၊ မြစ်မင်းရော၊ သာယာသော ကမ်းထိပ်၊ ဤတောင်စွယ် အမြိုတ်တွင်၊ ဓမ္မိဿရော်၊ သံတောင် ခြောက်ဆယ်ကျော်၊ ဉာဏ်တော်အမြင့်ရှိသော၊ သိနေရုနှိုင်းလျော်၊ စေတီတော်မြတ်ကြီး+ယာဉ်တော်ပုံ ဂန္ဓကုဋိ အုတ်ပြာသာဒ်တော်နှင့် တကွ၊ ပါဒနက်သန်၊ လက်ရာမွန် ဆရာပန်းပုတို့၊ ထွင်းထုဆစ်ကွက်သည့်၊စက်တော်ရာ စေတီတော်တို့ကို၊ပူဇော်လှူဒါန်း၊ နိဗ္ဗာန်နန်းသို့၊ စောင်းတန်းသွယ်ခဲ့ပါသတည်း။

မိုးမိတ်မင်းသား၊ တည်ထားကော်ရော်၊ ပူဇော်လှူဒါန်း၊ စောင်းတန်းနိဗ္ဗူ၊ သွယ်တော်မူခဲ့သည့်၊ နှစ်ဆူသော စေတီတို့မှာ-ပထဝီစာလ၊ ငလျင်ဒဏ် အကြိမ်ကြိမ်ခသည့်ပြင်၊ ကာလသင်္ချာ၊ ရှည်ကြာမြင့်လျှင်း၊အကြောင်းခြင်းတို့ကြောင့်၊ ယိုယွင်းပျက်ပြို၊ ကြည်ညိုသူတို့၏၊ စိတ်နှလုံး၊ ကြိမ်မီးအုံးသို့၊ မရွှင်ပြုံး၊ မချမ်းမြေ့ လောက်အောင်၊ လျှောကျကြွေပြုန်း၊ခြုံနွယ်တို့ ပိတ်ဖုံးလျက်ရှိရာ၊ မဟာသင်္ခ၊ ဘုရားအလျှာ၊ သူတော်စွာထုံး၊ နှလုံးအောက်မေ့၊ လိုက်နာကျင့်ကြံလေ့ရှိသော၊ ဘိသက္ကပဏ္ဍိတာ၊ဆေးဝိဇ္ဇာဟု၊ ဒေါက်တာ ဦးသာလှနှင့်၊ ရွှေရေးဆောင်တိုက်ကျောင်းကြီး ဒါယကာ၊ မဟာဗန္ဓုလ ဦးဆိုင်တို့အမှူးပြုကြသော၊ သာသနုပဋ္ဌာက၊ ကလျာဏဂိုဏ်းဝင်၊ ‘မိုးမိတ်စေတီတော်များ ပြုပြင်စောင့်ရှောက်ရေး ကော်မတီ’ အဖွဲ့ဝင်ဘို့သည်၊ မဖြစ်လျှင်မနေရ၊ ထက်သန်သောဇွဲ့,လုံ့လဖြင့်၊ရှေ့တန်းမှ ဦးစီးကာ၊ဒါယကာ ဒါယိကာမ

များ၏ကိုယ်စား ပြုလုပ်ကြ၍၊ မိုးမိတ်စေတီတော်ကြီး၊ ပျက်စီးယွင်းယို ရှိနေသည်ကို၊ နဂိုရ်မူလ၊ ပထမတည်လစ်၊ ပုံစနစ်အတိုင်း၊အသစ်တစ်ဖန်၊ မွမ်းမံ ပြင်ဆင်ကြရာ၊ ယခု အခါ၌၊ လုပ်ဆောင်ဖွယ်ရာ ကိစ္စ၊ အ ဝ ဝ တို့၊ အစစ ပြီးမြောက်ပြီ ဖြစ်ပါသည့်ပြင်၊ စေတီတော်မြတ်ကြီး၏ လေးမျက်နှာ မဟာရံတံတိုင်းများ၊ အုတ်စောင်းတန်း လှေကားကြီးကိုလည်း၊ ပွားစီးစေတနာ၊ သဒ္ဓါပြဋ္ဌာန်း၊ စိတ်ရွှင်လန်းကြ၍၊ မန္တလေးမြို့ ဝါးတန်းရပ်၊ စိန်ရွှေ ကုန်သည် ဒေါ်ညွန့်ညွန့်၊ ဒေါ်သန်းသန်း ညီအမ တစ်စု တို့က၊ အလှူ့ဒါယိကာမအဖြစ်၊နှစ်သက်ကြည်ဖြူ၊ခံယူကြ သဖြင့်၊ မြေမှ ထွင်းဖောက်၊ ငွေတောင်ပေါက်သကဲ့သို့၊ အောင်မြောက် ပြီးစီးပြီ ဖြစ်ပါသတည်း။

မင်္ဂလာသျှိ၊ အခါကောင်းကြိုက်ညီသည့်၊ ဤယခု ၁၃၂၄-ခုနှစ်၊ တော်သလင်းလပြည့်၊ တနင်္ဂနွေနေ့ကား၊ လွှေ့လွှေ့သဒ္ဓါ၊ ဟိတ်စွဲရင်း ပါကြသည့် စေတနာရှင် အပေါင်း၊ သူတော်ကောင်းတို့သည်၊ စားကောင်း သောက်ဖွယ်၊ အသွယ်သွယ်တို့ကို၊ ချယ်လှယ်ပြုပြင်ကာ၊ စားလှည့်ပါ၊ သောက်လှည့်ပါ၊ နှုတ်သံချိုကာ၊ ဖိတ်ခေါ် ကာဖြင့်၊ မျက်နှာမရွေး၊ စတုဒိသာ နိဗ္ဗာန်ဈေး၊ အလှူကြီး ပေးကြ၍၊ ရေးဖော်ပြုပြီး၊ မိုးမိတ်စေတီတော်ကြီးအား၊ ရွှေထီးတော်အတွက် တင်လှူရန်၊ အချိန်တန်သောအခါ၊ တူရိယာသံညှင်း၊ ပွဲသဘင် ကျင်းကြ၍၊ ပြဟ္မာမင်းနှစ်ဦး၊ နတ်မင်းနှစ်ဦးတို့၊ စိန်ဖူးအထွတ်တော်နှင့် တကွ၊ မြန်မာ့ အနုသုခုမပညာ၊မွန်အနုသုခုမပညာ၊နှစ်ဖြာရောပြွမ်း၊ပညာ ရှင်တို့စီမံ၊ ဆေးဝက်ဘာ ဆရာတော်နှင့် တပည့်များ၊ သီးခြား ဒါယကာ ခံသည့်၊ မင်းစံရွှေထီး၊ အုံ့မငြိုးကို၊

အသီးသီး ထမ်းဆောင်ကြ၍၊ ဝလာဟက၊ သိန္ဓောက
သည့်၊ အာကာသ ဝေဟင်၊ လေယန္တရား၊ မာတလိ
မောင်းနှင်သည့် ယာဉ်ရထား၌ တင်ပြီးလျှင်၊ သဘင်
ကြီးစွာ၊ ခြိမ့်ခြိမ့်ညာလျက်၊ ဇေယျာသံညှင်း၊ အောင်စာ
ရင်းဟု၊ အောင်ခြင်း ရှစ်ဖော်၊ ဟစ်ကြွေးကြော်ကြ၍၊
နိုင်ငံတော်ဝန်ကြီးချုပ် ဦးနုနှင့်၊ ကျန်းမာရေးဝန်ကြီး
ဦးဘဆွေ၊ နိုင်ငံခြားရေးနှင့် ရှမ်းပြည်နယ်ဝန်ကြီး မိုးမိတ်
စော်ဘွားကြီး စဝ်ခွန်ချိုတို့ အမှူးပြုသည့်၊ ဗုဒ္ဓုပဋ္ဌာက၊
ကလျာဏနွယ်ပင်၊ သူတော်စင်တို့သည်၊ ရှင်ပင်ဘုန်းသန်၊
စောဇိန်၏၊ အရဟံဂုဏ်၊ နှလုံးသွင်းထုံကြ၍၊ နိတုံလျှံညီး၊
ဖိတ်ဖိတ်စီးသည့်၊ ရွှေထီးနှစ်ထပ်၊ အလှူတော်မြတ်ကို၊
ဆက်ကပ်ကြည်ဖြူ၊ တင်လှူပူဇော်ကြပါသတည်း။ ။

## ဆုတောင်း အမျှဝေ ကေပိုဒ် လင်္ကာ

လေးဆင့်မဂ်ဉာဏ်၊ ရင့်ကြောင်းဖန်သား၊ ဝေယန်
ဇာတိ၊ မျက်ဂဏိသို့၊ တိဟိတ်ထဲဉာဏ်၊ လှုံ့ဆော်ဖန်၍၊
သုံးတန်စေတနာ၊ ညီညွတ်စွာဖြင့်၊ သဒ္ဓါလုလု၊ ဆည်းပူး
ပြုသည့်၊ ဤကုသိုလ်တော်၊ အာနုဘော်ကြောင့်၊ လေး
ဖော်ဝိုလ်မဂ်၊ ဝဲယာယှက်သို့၊ ကနက်ပစ္စူ၊ စွင့်စွင့်တူ၍၊
နိဗ္ဗူကြငှန်း၊ ဘေးမဲ့နန်းကို၊ သိမ်းမြန်းရလို၊ ဆုပန်ဆို၏၊
ထိုကုသလ၊ မြိုက်ပဇ္ဇကို၊ နှရမရှု၊ ဟိန္ဒဂူအား၊ ရည်တူ
ရရန်၊ ပတ္တိဒါန်ဖြင့်၊ မကျန်စေရ၊ ပေးဝေငှသည်....အမျှ-
အမျှ-အမျှ-ရကြသည် ဖြစ်စေသော်။ ။

အာဒိကမ္မိက ဓမ္မာစရိယ ဝဋ္ဋံသကာထေရ်

❀

၁၃၂၄-ခု၊ တော်သလင်းလပြည့်ကျော်
နံနက် ၈နာရီ ၁၀-နာရီ၊ ၁၅-မိနစ်တွင်
မိုးမိတ် စက်တော်ရာစေတီတော်ကြီး အုတ်မြစ်ချပွဲတော်၌
အဘိဓဇမဟာရဋ္ဌဂုရု မစိုးရိမ်ဆရာတော်ဘုရားကြီး
အမှူးပြုသည့်
ဆရာတော်၊ သံဃာတော် ၁၀၈-ပါးတို့အား
ဖတ်ကြား လျှောက်ဆိုအပ်သော

## မင်္ဂလာ ရတုပိုဒ်စုံ

(သတ်စေ့နှုတ် သုံးချက်ညီ၊ သုံးပိုဒ်လုံး ၅၃-ပဒစီ)

၁။ ။ပိတရောင်ရွှေ၊ ၊ပြောင် ပြောင် ဝေ တည့်၊ ထောင်နေ ရဝိ၊ နှိုင်းပုံရှိလျှင်၊ မုနိသာသနာ၊ လင်းပွင့် ဖြာက၊ တေဇာလျှံဝင်း၊ ဘိုးတော်မင်းသည်၊ ရွှေမင်းကွန်း ညာ၊ ဤမြေချာ၌၊ မဟာထူပ၊ စေတိယကို၊ ကြပ်မတည် တော်၊ မူသရော်တည့်၊ ထိုသော်ကာလ၊ ခါသမယဝယ်၊ 'မဟာဓမ္မရာဇာ'၊ ရွှေဘွဲ့လွှာဖြင့်၊ သံသာ ကျူးငြိတ်၊ တန်ခိုးဖိတ်သား၊ မိုးမိတ်တွင်ခေါ်၊ သားဘုန်းကျော် ကား၊ ဘိုးတော်ရာဇည်း၊ မြတ်ခမည်းကို၊ ဝိဇည်းသေလာ၊ ဤမြေချာမှ၊ ဗိလ်ပါဝန်းပတ်၊ စောင့်နေလတ်၍၊ ပြည် မြတ်အမရ၊ ပြန်ကာလဝယ်၊ ထာဝရကုသိုလ်၊ ဖြစ်စေ လို၍၊ ကိုယ်တော်စံဖူး၊ ဤတောင်ထူး၌၊ မြင့်ဖြူးလျှံဖိတ်၊ မြတ်မိုးမိတ်ဟု၊ ဓမ္မိသရော်၊ စေတီတော်နှင့်၊ဇိနော်သကျ၊

ဖက်မမျှ၏၊ ပါဒစေတီ၊ ဤနှစ်လီကို၊ မဟီသောင်းခေတ်၊ ပုဂံဇော်ရစ်အောင်၊ ထွန်းသစ်ညာဏ်ကူ၊ တည်တော်မူခဲ့....။ နတ်လူညွတ်ပျောင်း၊ ခဝပ်ညောင်းရှု၊ ကောင်းမှုများဖြင့်၊ တရားငြင်ဟု၊ မဂ္ဂင်ရှစ်ပါး၊ နိဗ္ဗူသွားသည်၊ ။ **တံခါးဖွင့်ကြပြီဘုရား**။ ။

၂။ ။**ဇိနသျှောင်ကော**၊ ။ငါးမာန်ချွှ၏၊ ဓာတ်မွေ့တော်မြတ်၊ ကိုန်းစလတ်သား၊ မဟတ္တရီ၊ ထုံစေတီတို့၊ မဟာဝိစာလ၊ ဒလ်ချက်ခနှင့်၊ ကာလမြင့်ရှည်၊ ကြောင်းနှစ်မည့်ကြောင့်၊ မကြည်သာတောင်း၊ ရှုမကောင်းအောင်၊ ပိတ်ပေါင်းယှက်ရုံ၊ ယှင်းပျက်တုံက၊ ရွှေဘုံမောက္ခ၊ ဆုပန်သရှု၊ သြသဓသိပ္ပါ၊ ဆေးဝိဇ္ဇာဟု၊ ဒေါက်တာသာလှ၊ ဦးတည်မလျက်၊ ဗုဒ္ဓဘာသာ၊ နွယ်ကလျာတို့၊ သဒ္ဓါဖြိုးထိပ်၊ တိုးတက်ဟိတ်ကြောင့်၊ မိုးမိတ်စေတီ၊ မဟောသီအား၊ ဦးမျိုပဘာဝ၊ လက်မွန်စရှု၊ မြေမှင့်တောင်၊ ပေါက်သောယောင်သို့၊ မြင့်ခေါင်ညီးညီး၊ ပြင်ဆင်ပြီးသော်၊ ရွှေထီးနှစ်ဆင့်၊ ပြောက်ချိဖြင့်သား၊ သဘင်ပွဲတူး၊ အုံ့စမူးကို၊ ရင့်ကျူးသျှန်၊ ပြဟ္မာသီလျက်၊ တေဝီတိုင်ကော်၊ ယမန်နှစ်ပယ်၊ ဖူးသစ်ပွင့်လှာ၊ တုဂန္ဓာဖြင့်၊ ရင်းမာကြိုင်သင်း၊ တော်သလင်းဟု၊ ရေခင်းကြိမ်တွေ့၊ လပြည့်နေ့တွင်၊ သိမ်မွေ့သံအေး၊ နိဗ္ဗာန်ဈေးဟု၊ ဟည်ကျွေးဖိတ်ကာ၊ ဒါယကာတို့၊ စေတနာသုံးပါး၊ ဆင့်ဆင့်ပွားသည်၊ ။**ကံအားမြှင့်ကြပြီဘုရား**။

၃။ ။**သီဝအောင်မြေ**၊ ။ရောက်ကြောင်းဖွေသား၊ စေတနာဖြိုး၊ လှူ့ဆော်နှိုး၍၊ ဖြိုက်မျိုးဒါန၊ ကုသလကို၊ ကြဲချလိုသော၊ စိတ်သန်ဇောဖြင့်၊ ရှင်ဇေ..သကျ၊ မုနိန္ဒ၏၊ ပါဒစေတီ၊ ကိန်းစံမှီသား၊ ကုဋ္ဌရွှေကျောင်း၊ ဆွေးမြေ့

ဟောင်းကို၊ နောက်နှောင်းရှည်ကြာ၊ သာသနာ၌၊ အခါ လေးမြင့်၊ ရှေးထက်တင့်အောင်၊ ပျံပြင့်အံ့ငှာ၊ ဒါယကာ တို့၊ သဒ္ဓါလိုလို၊ ထွက်ပေါ်မှုကြောင့်၊ ရတုသဘင်၊ ပွဲကြီး ယင်လျက်၊ စက်ရှင်ကိန်းအောင်း၊ စံရွှေကျောင်းကို၊ အဟောင်းပယ်ချ၊ ကျောက်မြစ်ကလျှင်၊ စရှုမွမ်းမံ၊ အကျည် ခံမှု၊ ထေရ်သံဃရာဇ်၊ ဦးဆောင်လစ်၍၊ ရာ့ရှစ်ဘုန်း မော်၊ ဆရာတော်တို့၊ ရွှေလှော်ငွေသား၊ ပတ္တမြားနှင့်၊ ကိုးပါးရတနာ၊ စီချယ်မြားသည့်၊ တစ်ရာရှစ်ရပ်၊ မလစ် လပ်အောင်၊ အုတ်ချပ်ကိုယ်စီ၊ လက်တော်ချီ၍၊ သျှန္တိ သမယ၊ ဤကာလဝယ်၊ ဇေယျမင်္ဂလာ၊ ဂါဂါထာဖြင့်၊ သာယာခွန်းဟ၊ အုတ်မြစ်ချသား၊ သိဝမဂ္ဂင်၊ လမ်း ကြောင်းထွင်ဟု၊ သဘင်ဆန်းပြား၊ ဤခမ်းနားသည်၊ ၊ စံထား သင့်လှပြီ ဘုရား။

အာဒိကမ္မိက ဝင္ဍ်သကာထေရ်
စီကုံးရေးသားသည်။

❀

မင်းကွန်းတောင်ရိုး မိုးမိတ်စက်တော်ရာပတ်လည်ရှိ
အဖြစ်တော်ပေါင်းချုပ်

## ဘုရားရှိခိုး လင်္ကာ

အတိုင်းမသိ၊ ကျေးဇူးရှိသည့်၊ မုနိသကျ၊ ဂေါတမ ကား၊ မဆွရှေးခါ၊ သုမေဓာ ပြာဟ္မဏ၊ တာပသဇာတ်၊ ရသေ့ဖြစ်၍၊ သုံးခေတ္တရှင်၊ ဒီပင်္ကရာ၊ စောမြတ်စွာ၏၊ နိယတာခွန်း၊ ဗျာဒိတ်ပန် ကို၊ ဦးစွန်းထိပ်ပြင်၊ ပန်ဆင်

သည်မှု၊ လေးဝသချော်၊ သိန်းနေကမ္ဘာ၊ ရှည်မြင့်ကြာ
အောင်၊ပါရမီတိံသ၊ပဉ္စ စာဂါ၊စရိယာ သုံး၊ လောင်းတို့
ထုံးကို၊ ရုံးစည်းဖွေရှာ၊ ကျင့်ခြင်းရာဖြင့်၊ မိန့်မှာပိုင်းခြား၊
ဇာတ်တော်များတွင်၊ မပြားမျိုးတူ၊ ပေါင်းယူတွက်လစ်၊
သချာစစ်မှု....၊

လူ့ဖြစ်ဇာတ်မှာ၊ သုံးရာစွန်းကယ်၊ ငါးဆယ်သုံးဖြစ်။
လျှပ်စစ်ရောင်ဝါ၊ ပြဟ္မာငါးကြိမ်။
ဝတိံသာဖျား၊ သိကြားနှစ်ဆယ်။
မိုးဝယ်ထက်နတ်၊ ဇာတ်စုဒ္ဒသ။
ရုက္ခနတ်ဖြစ်၊ သုံးဆယ့်တစ်ကောက်။
မျောက် ဒွါဒသ။
ဂူဝဟောက်လေ့၊ ခြသေ့် ဆယ်ခါ။
ဟင်္သာ့ကျေးသား၊ နှစ်ပါးတူညီ၊ ကိုးဖြစ်စီပင်။
သမင် ရှစ်ဟူ။
ဆင်မူ ခုနစ်။
ခိုဖြစ် ခြောက်ခါ။
နွားမှာ ပဉ္စ။
လင်းတ, ငုံး,မြင်း၊ ရေမင်းနဂါး၊
ဤလေးပါးဇာတ်၊ လေးဖြစ်စီပေါင်း။
ဒေါင်း,ခွေး,ငှက်,ဆတ်၊ဖွတ်နှင့် ရေငါး၊ ဤခြောက်
ပါးမှာ၊ သုံးစီသာတည့်။
ကျီး,ခါ,ကြက်,ကြွက်၊ဂဠုန်ငှက်နှင့်၊ စက္ကဝက်,ဥသြ၊
ပေါင်းရောတွက်မှတ်၊ ခုနစ်ဇာတ်မှာ၊ နှစ်စီသာထား။
ဖား, ဗိုလုံးငှက်၊ ကျွဲ,ဝက်,ခေါက်ရှာ၊ ကိန္နရာ, တင်
ကျီး၊ စာဝတီးငှက်၊ ဆက်ရက်,ယုန်လျှောက်၊ သစ်တောက်

ငှက်ဟု၊ ဆယ့်တစ်ခုမှာ၊ တွက်ကာအညီ၊ တစ်ကြိမ်စီတည့်။

ပေါင်းလီသင်္ချာ၊ ငါးရာလေးဆယ်၊ စွန်းကယ် ကြိမ်ရှစ်၊ တို့ရှင်ချစ်လျှင်၊ ပတ်ရစ်ဝန္ဓ၊ ဩဃနစ်သူ၊ သုံးပါးလူကို၊ ရှစ်ဆူမဂ္ဂင်၊သဘော်ာယာဉ်ဖြင့်၊ဆယ်တင်ယူဆောင်၊ နိဗ္ဗာန်သောင်သို့၊ ရောက် အောင် ပို့ အံ့၊ ခိုင် ကြံ့ စွဲ ယူ၊ ကြံတော်မူသား၊ လောင်းတော်ဖျားကို၊ သုံးပါးဝန္ဒနာ၊ စေတနာဖြင့်၊ သဒ္ဓါမြတ်နိုး၊ ရှိလျှင်ခိုးသည်၊ ၊ကောင်းကျိုးထက်ဝှန်၊ မဂ်ဉာဏ်ဖိုလ်ဉာဏ်၊ နိဗ္ဗာန်ထုတ်ချောက် ရောက်စေသောဝ်။ သဗ္ဗညု မြတ်ရှင်စော။

ဩကာသ....ဩကာသ။ ။

၁၃၂၄-ခု၊ တော်သလင်းလပြည့်နေ့
နံနက် စက် ၁၀-နာရီ၊ ၁၂-မိနစ်၊ ၁၇-စက္ကန့် အချိန်တွင်
စစ်ကိုင်းခရိုင် မင်းကွန်းတိုက်နယ် ထန်းမြင့်ရွာအနီး
မိုးမိတ်စက်တော်ရာ စေတီတော်ကြီး အုတ်မြစ်ချပွဲ
အခမ်းအနား

# မင်္ဂလာ ထောမနာစာတမ်း

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

**ကေဗိုဒ် လျှောက်ရတု**

ဘုန်းပန်းပဥ္စူ၊ ကြိုင်လှုံကြူတည်း၊နတ်လူသျှောင်ဖူး၊ အောင်ပွဲမှူး၏၊ရင့်ကျူးမိန့်မှာ၊ ထားခဲ့ပါသား၊သာသနာစက်၊ ထွန်းထိန်လက်အောင်၊ပွားတက်စေတနာ၊ဒါယကာတို့၊ မဟာပုညာ၊ ထာဝရကို၊ လုံ့လပြောထူ၊ အားသစ်မူသော၊ နိဗ္ဗူဗီဇ၊ ကြောင်းခြင်းတကို၊ သံဃ ဦးသျှောင်၊ ထေရ်ဘုန်းခေါင်နှင့်၊ မြားမြောင်ဝန်းလျား၊ ရှင်တို့အားလျှင်၊ ညွတ်တွားထောမနာ၊ ကြား လျှောက်ပါမည်၊ သံဃာတည့်ထေရ်များ ပန်ဆင်တော်မူဘုရား။ ။

အောင်သူတကာတို့၏ မဟာအဂ္ဂိန္ဒာဓိပတိ၊သိရိပဝရ၊ တြိဒွါလာကဝဋ္ဋံသကာ၊ မင်္ဂလာယှက်ရုံ၊ ကျေးဇူးဂုဏ်တို့၊

ပေါင်းဆုံ စုဝေးရာ၊ မဟာဗိနေန္ဒြ၊ သုံးလောကမျက်ရှု၊ ဘုန်းဂုဏ်ဖြန့်လွှား သုံးဘုံတိုင်နှံ့ကြားသော ဘုရားသဗ္ဗညု သည်....၊ အနုပါဒါ ပရိနိဗ္ဗာန်၊ ကိုယ်တော်ပင် ကိန်းစံလည်း၊ နှောင်းကျန်ဝေနေ-ယျတတွေတို့၊ နေရဗာန် ကွန်းပြောက်၊ မျက်ခြေမပျောက်ဘဲ၊ တည်ဆောက်နိုင်ကြရန်၊ ကရုဏာတော် လှုံ့ဖန်၍၊ ဓမ္မက္ခန်အစုစု၊ ဓာတုနှင့် ပရိဘောဂ၊ ဥဒ္ဒိဿဆင့်ပွား၊ စေတီမြတ်လေးပါးတို့ကို၊ ကိုယ်စားတော်ပြု၊ ထားခဲ့မှုကြောင့်၊ ယခုမျက်မှောက်၊ အချိန်ရောက်အောင်၊ မြားမြောက်လှစွာ၊ ဖြုသဒ္ဓါနှင့်၊ သမ္မာဒိဋ္ဌိ၊ အယူကောင်း ရှိကြသော၊ အရိယသာဝက၊ အရိယသာဝိကာ၊ စဉ်လာမပျက်၊ ဘုရာ့ဒါယကာ ဒါယိကာမ အဆက်ဆက်တို့သည်၊ အထက် ဖော်ပြရာပါ ပူဇာရဟာ၊ စေတိယလေးပါး၊ ဘုရားရှင့် ကိုယ်စားတို့ကို၊ တည်ထား ပူဇော်ကြသဖြင့်၊ မဇ္ဈိမတိုက်တခို၊ မြန်မာနှင့် သီဟိုဠ်၊ ထိုထိုအရပ်မျက်နှာ၊ သာသနာဝင် အဆက်ဆက်၊ သာသနာတော် ထွန်းထိန်လက်သည့်၊ မြေချက်မဏ္ဍလ၊ မှန်သမျှတို့၌၊ သောဏ္ဏာရဇတာ၊ ခြည်ဝါလျှံတောက်၊ ရွှေတောင်ကြီး-ငွေတောင်ကြီးတို့ အသီးသီးပေါက်သကဲ့သို့၊ မြားမြောက်ပြောထူ၊ စေတီမြတ် အဆူဆူ တို့ သည်၊ နိဗ္ဗူသောင်မြတ် ကုတို့ဆိပ်ကြီးတို့ပမာ၊ ဗြဟ္မာနတ်လူ၊ ဟိန္ဒူဂူတို့အား၊ ဗဟူပကာရ ပူဇနီယပူဇာ၊ မင်္ဂလာကုသိုလ်ထူး၊ ဖြည့်ဆည်းပူးကြရန် ကျေးဇူးပြုလျက် ရှိကုန်သတည်း။

ယင်းသို့ မြတ်စွာဘုရား ကိုယ်တော်မြတ်၏ ကိုယ်စား၊ စေတီတော် လေးပါးတို့ကို၊ ထားခဲ့တုံလျှင်း၊ အကြောင်းရင်းတို့ကြောင့်၊ မင်းနှင့် ပုဏ္ဏား၊ သူကြွယ်နှင့် ဆင်းရဲသား၊ မျိုးလေးပါးတို့၊ စွမ်းအားအလျောက်၊ ပူဇော်

တည်ဆောက်ခဲ့ကြသည့်၊ မြားမြောက်ပြောထူ၊ စေတီမြတ် အဆူဆူတို့တွင်၊ ဘုသီခရာ၊ မြေမျက်နှာဟု၊ သာယာတင့် ရှန်း၊ ဘေးမဲ့မြေ ခေါ်ဆိုညွှန်းရသော၊ မင်းကွန်းတိုက်နယ် အဝင်အပ၊ ထန်းမြင့်ရွာအနီး၊ 'မိုးမိတ်စေတီတော်ကြီး' နှင့် တဆက်တည်းကပ်ကာ၊ တည်ရှိပါသော၊ ပူဇာရဟ၊ ပါဒနက်သန် 'မိုးမိတ်စက်တော်ရာ မြတ်စွာဘုရား' ဤ စေတီတော်နှစ်ပါးတို့မှာ၊ ရှည်လျား မြင့်ကြာ လွန်ခဲ့သော ၁၁၅၅-ခုနှစ်က စ၍၊ ရတနာသိခ၊ ပြည်မတန်ဆောင်၊ ဘုန်းရောင်ဝေလက်၊ ကုန်းဘောင်နွယ် ဆယ့်တစ်ဆက်တွင် ရာဇက္ကမ၊ ခြောက်ဆင့်မြောက် ထွန်းပသည့်၊ သာသန ဒါယကာ၊ တေဇာဝှန်ဖြိုး၊ စက်တန်ခိုးတို့၊ မြေမိုးရိုက် ဆော်၊ ကျွန်းလုံးကျော်သော၊ 'ဘိုးတော် မင်းတရား'၊လူ့ ထိပ်ဖျားလျှင်၊ ဆယ်ပါးရာဇဓံ၊ အာဒိကံဒါန၊ မဟတ္တကို၊ ဆွ ဆွကြည်ဖြူ၊ အားသစ်တော်မူလို၍၊နတ်လူတို့နှုတ်ခွန်း၊ သာဓုဂီ သံပြိုင်ညွှန်းရအောင်....

၁။ ။မင်းကွန်းပုထိုးတော်ကြီး

၂။ ။ခြင်္သေ့ကြီး

၃။ ။ခေါင်းလောင်းတော်ကြီး

၄။ ။တဘက်ဆည် ကန်တော်ကြီး....

ဤလေးသီးတို့ကို ဖန်တီး တည်သွန်းတော် မူသော အခါ....

'မဟာဓမ္မရာဇာ'၊ ခရာရွှေလိပ်၊ ခတ်သွန်းနှိပ်သော၊ 'မိုးမိတ်မင်းသား' တော်ဘုရားသည်၊ ဖဖွားနတ်ကျော်၊ ခမည်းတော်မင်းတရား၊'ကြီးလေးပါး' ခေါ်ဆို၊ထာဝရ ကုသိုလ်တို့ကို၊ မငြိုစိတ်ဝမ်း၊ ချမ်းမြေ့ကြည်သာ၊ အား

ထုတ်တော်မူစိမ့်ဌာဟု၊ ရောဝတီ၊ နဒီကမ်းထိပ်၊ အနောက်ဘက် ဤဆိပ်တွင်၊ မိုးမိတ်တွင်ခေါ်၊ ဤတောင်ပေါ်မှ၊ ယော်ခေတ်ဝ၊ 'မင်းတေဇ' အစရှိသောဗိုလ်မှူးများ၊ ဝန်းလျှားပတ်ခြံ၊ သွန်းသွန်းရံ၍၊ တာဝန်ခွဲထောက်၊ ရန်မနှောက်အောင်၊ စောင့် ရှောက် တော် မူ ပြီး နောက်၊ မဟာအမရ+ပုရသာစည်၊ နန်းရွှေပြည်သို့၊ ပြန်လည်ဆိုက်ရောက်တော်မူသောအခါ.... 'ငါ၏နေရာ၊ ဤသေလာကား၊ ခေမာသောင်ဆိပ်၊ ဖြစ်စေရိပ်၍'၊ မိုးမိတ်တွင်ခေါ်၊ မြေစိုက် စေတီတော်မြတ်ကြီးနှင့် တကွ၊ ပါဒနက်သန် စက်တော်ရာဘုရား၊နှစ်ဆူသော ထာဝရ ကုသိုလ်များကို၊ အားသစ်တည်ဆောက်၊ နိဗ္ဗူကြင့်နှန်း၊ ဘေးမဲ့နန်းသို့၊ စောင်းတန်း သွယ်ဖောက်ခဲ့သတည်း။

'မိုးမိတ်မင်းသား'၊ ဘွဲ့တော်ဘုရားလျှင်၊ တည်ထားပူဇော်၊ ကုသိုလ်တော် စေတီတော်ကြီးနှင့် တကွ၊ ပါဒနက်သန်၊ စက်တော်ရာ မြတ်စွာဘုရားတို့၊ ရှည်လျှားကာလ၊ ငလျင်ဒဏ် အကြိမ်ကြိမ်ခမူကြောင့်၊ သခ်ါရပြကတေ ၊ အခလေ့ဖြင့်၊ ဆွေးမြေ့ယွင်းယို၊ ပျက်ပြိုကျိုးပွင့်၊ မြင်မတင့် ရှုမကောင်း၊ ခြုံပိတ်ပေါင်း ဖုံးအုပ်၍၊ တိမ်ပုပ်ကွယ်သည့် လသဖွယ်၊မတင့်မတယ် ရှိသည်များကို၊ ကြီးမားမြင်းမိုရ်၊ ပြုပြင်လိုသော ကု သိုလ် ဆန္ဒ သွေး၊ လှုံ့ဆော်ပေးသဖြင့်၊ ရွှေရေးဆောင် တိုက်ကျောင်းကြီး ဒါယကာ၊ မဟာဗန္ဓုလ-ဦးဆိုင်၊ ဝဏ္ဏကျော်ထင် ဆရာဝန်ကြီး ဦးသာလှတို့ အမှူးပြုသော၊ 'မိုးမိတ် စေတီတော်ကြီးများ ပြုပြင်စောင့်ရှောက်ရေး အဖွဲ့ကြီး'က၊ ဦးစီးရှေ့ဆောင်ကာ၊များစွာသော ကုသိုလ်ရှင်တို့၏ကိုယ်စား၊ ပျက်ပြားယွင်းယို၊ ထိုမိုးမိတ်စေတီတော်ကြီးကို၊ မီးတား

တံတိုင်းနှင့်တကွ၊ မူလတည်လစ်၊ ပုံစနစ်အတိုင်း၊ အသစ်တစ်ဖန်၊ မွမ်းမံပြင်ဆင်ကြကာ၊ လွန်ခဲ့သော ၁၃၂၃-ခုနှစ်၊ တော်သလင်း လပြည့်နေ့က၊ **အစစ** ပြီးစီး၊ သဘင်ခြိမ့်ညံ၊ အောင်ပွဲ အောင်သံစုံ၊ သိမ့်သိမ့်ဟည်းစေလျက်၊ ရွှေထီး နှစ်ဆင့် တင်လှူခဲ့ပါသတည်း။

ဖော်ရာပြပါ၊ စေတနာလှိုက်ဖြိုး၊ ကုသိုလ်မှု အားကြိုးသည့်၊ 'မိုးမိတ်စေတီတော်များ ပြုပြင် စောင့်ရှောက်ရေး အဖွဲ့ကြီး'က၊မိုးမိတ်စေတီတော်ကြီးများနှင့်တဆက်တည်း တည်ရှိသည့်၊ ထိုမင်းသားကြီး၏ ကုသိုလ်တော်ပင် ဖြစ်သော၊ 'ပါဒနက်သန်၊ မိုးမိတ်စက်တော်ရာ စေတီတော်ကြီး'၊ ပျက်စီးယွင်းယိုး၊ ရှိနေသည်တို့ကိုလည်း၊ နဂိုရ်မူလ၊ ပထမတည်လစ်၊ ပုံစနစ်အတိုင်း၊ ကျစ်လျစ်ခိုင်မာစွာ၊ သာသနာစွန့်ရှည်၊ တည်ပါစိမ့်သောငှာ၊ ပထမာဒိက၊ မူလ ကျောက်မြစ်မှစ၍၊ အသစ်တစ်ဖန်၊ တည် ဆောက် ရန် အရေး၊ တာဝန်မှာ မသေးသဖြင့်၊ ဆွေးနွေး စိုင်ပြင်၊ တိုင်ပင်ညီညွတ်ကြကာ၊'စက်တော်ရာစေတီမြတ်'၊ကိန်းပပ် စံပယ်တော်မူရာ၊ ဗုဒ္ဓါလယ၊ဂန္ဓကုဋီရွှေဘုံ၊ 'ယာဥ်တော်ပုံ' အုတ်ပြာသာဒ်တော်ကြီး အတွက်၊ အထက် ပြာသာဒ် ဆောင်မတော်ကြီးနှင့်၊ မုခ်ဦး ဒါယကာတို့ ပေါ်ထွက်ရန်၊ ဆက်လက်ကြိုးစား၊ တရားဟောချွေ၊ အားထုတ် ရှာဖွေကြသည်တွင်....၊ မူလ ဘုရားဒါယကာ၊ မဟာ ဓမ္မရာဇာ၊မိုးမိတ်မင်းသားကြီး၏၊ဆွေနီးမျိုးသင်း၊ နွယ်တော်ရင်းမှ၊ သက်ဆင်းစဥ်စီ၊ ဆက်ခဲ့ချီသော၊ ရှမ်းပြည်နယ် မြောက်ပိုင်း၊ မိုးမိတ်စော်ဘွားကြီး စဝ်ခွန်ချိုနှင့် မဟာဒေဝီတို့က၊ အထက်ဆောင်မ အုတ်ပြာသာဒ်တော်ကြီး အတွက်၊ အားတက်ကြည်လျှို၊ ဒါယကာ ခံကြသဖြင့်လည်း

ကောင်း၊ ဇေတဝန်ကျောင်း ဒါယကာ၊ အနာထပိဏ် သေဋ္ဌေးကြီး၊ ပုဗ္ဗာရုံကျောင်းအမ၊ အစလသဒ္ဓါ၊ဝိသာခါ သေဋ္ဌေးကတော်ကြီးတို့ကို၊ နည်းမှီးစံပုံ၊ နိဗ္ဗာန်ကြွင်နှန်း၊ ဘေးမဲ့နန်းသို့၊ တက်လှမ်းခိုလှုံလိုကြသော (၁)ရန်ကုန်မြို့ ပုလဲကုန်သည်ကြီး ဦးဘသင်း+ဒေါ်ပုလဲ။(၂)မန္တလေးမြို့ ပိုက်ကျုံးရပ်၊ **မမ္မနာဒ**ကျောင်းတိုက် အမကြီး ဒေါ်ဆင် ဆင်။ (၃)မန္တလေးမြို့ ဝါးတန်းရပ်၊ ပွဲစားကြီး ဦးထီ+ ဒေါ်အမတို့က၊ ဗလဝ စေတနာ၊ သဒ္ဓါလွှေ့လွှေ့၊ လှူ့ဆော်၍လျှင်၊အရှေ့မျက်နှာ၊ မြောက်မျက်နှာ၊တောင် မျက်နှာ၊ မုခ်ဦးကြီး၊အသီးသီးတို့အတွက်၊ အုံချီးထိုက်တန်၊ ဒါယကာခံကြသဖြင့် လည်းကောင်း၊ ပြင်ဆင်ရန်ကာလ၊ ဒေဝဒေဝေါ်၊ နှိုးပင့်ဆော် အချိန်တော်ကျပြီဖြစ်ရကား-

ဖော်ပြရာပါ အဖွဲ့ကြီးက၊ ဦးစီးရှေ့ဆောင်ကာ၊ ဆရာဝန်ကြီး ဦးသာလှ+ခေါ်ခင်ညွှန့် သားသမီးတစ်စု တို့က လှူဒါန်းအပ်သော၊ နဝရတ်အုတ်, ပတ္တမြားအုတ်, ရွှေအုတ်, ငွေအုတ်, သရုပ်သတ်မှတ်၊ တစ်ရာ့ရှစ်ချပ်တို့ကို၊ ကလပ်အသီးသီး၊ မြှောက်ပင့်ချီးကြ၍၊ သတို့သမီးကညာ၊ တစ်ရာ့ရှစ်ယောက်တို့က၊ 'အဘိဓဇ မဟာရဋ္ဌဂုရု သံဃ မဟာနာယက အဂ္ဂမဟာပဏ္ဍိတ မစိုးရိမ် ဆရာတော် ဘုရားကြီး' အမှူးပြုသော၊ ဆရာတော် သံဃာတော် တစ်ရာ့ရှစ်ပါး လက်သို့၊ကပ်ဆက်ကြသောအခါ၊ မင်္ဂလာ သျှန္တိ၊ အချိန်ကောင်းကိုက်ညီသည့် ၁၃၂၄=ခုနှစ်၊ တော် သလင်းလပြည့်နေ့ နံနက် စက် ၁၀–နာရီ၊ ၁=မိနစ်၊ ၁၇– စက္ကန့်အချိန်၊ ဣန္ဒာဒေဝါ၊ မိုးဗြဟ္မာတို့ကိုလည်း၊ ပတ္တာ နုမော်၊ တပြိုင်နက် သာဓု ခေါ်စေလျက်၊ ဆရာတော် တစ်ရာ့ရှစ်ပါးတို့က၊မြတ်စွာဘုရား၏ စက်တော်ရာ၊ ပါဒ

နက်သန်၊ စေတီတော်မြတ်၊ ယာဉ်တော်ပုံ အုတ်ပြာသာဒ်ကို၊ နှုတ်လွတ်ညီညာ၊ ဇေယျဂါထာ၊ တပြိုင်တည်း ရွတ်ဆိုကာဖြင့်၊ မင်္ဂလာအုတ်မြစ်ချပွဲကို၊ ကြီးကဲကျင်းပ၊ ဆင်ယင်တော်မူကြသတည်း။

ဒေ-ကိ-ခန်-မစ် - အ၊ ငါးရပ်သော မာရ်ပါပကို၊ လှုလှုကြီး အောင်နိုင်၊ သက်တော်ရှိ မြတ်ဘုန်းလှိုင်သည်၊ ကိုယ်တော်တိုင်က မြင့်မြတ်၍၊ မြတ်သောပရိသတ်၊ ဝန်းပတ်ခြံရံ၊ အောင်ပွဲတော်ခံသည်ကို၊ အာရမ္မဏာဓိပတိ၊ ပစ္စည်းကောင်းရရှိ၍၊ တိဟိတ်ဥက္ကဋ္ဌ၊ အမြတ်စေတနာ၊ သဒ္ဒါစိတ်ဝမ်း၊ ဖိတ်ဖိတ်လျှမ်းကြသော၊ မန္တလေးမြို့၊ ရွာဟိုင်းရပ်၊ ဆန်ကုန်သည် ဒေါ်ထားထား။ မန္တလေးမြို့ ၈၄-လမ်း၊ ကျောက်သွေးတန်း၊ ဘားမားမော်ဒင် အင်ဂျင်နီယာ ဦးဘမောင်+ဒေါ်သိန်းသိန်း နှင့် သားသမီးများ။မန္တလေးမြို့၊စိန်ရွှေရတနာကုန်သည်ဦးအေးကျော်+ဒေါ်ကြွယ်ကြွယ်။ရှမ်းပြည်နယ် ညောင်ရွှေမြို့၊အင်းလေး၊ ဆီဆုံရွာ၊ နှစ်ဘက်သောပိဘများကို အမှူးထား၍ ပိုးကုန်သည် ဦးလှ+ဒေါ်အေးပု။ မန္တလေးမြို့၊ နဘဲကြူးရပ်၊ ဘုရားဒါယကာကြီး ဦးရွှေရံ။ ရွှေဆိုင်းကုန်သည်ကြီးများဖြစ်ကြသော၊ မန္တလေးမြို့ မျက်ပါးရပ်၊ဦးချို+ဒေါ်သက်ရှည်။ ၎င်း ဦးမြရင်+ဒေါ်လှမင်း။ ၎င်း မန္တလေးမြို့၊ ဒီဘိုးလမ်း၊ ဦးသွင်+ဒေါ်သိန်းသိန်းတို့က၊ မိုးမိတ် စေတီတော်ကြီး နှစ်ဆူတို့ကို၊ နဟ်လူဦးခ၊ ပူဇော်၍ အားမရနိုင်အောင်၊ ပါသာဒိကဂုဏ်ကြီး၊ ထွန်းထိန်ညီးလတ်သည်တွင်၊ အနီးရှိ၊ စေတီရံငါးဆူတို့ကိုလည်း၊ ပျက်စီးယွင်းယိုသမျှ၊ အစစမွမ်းမံ၊ အသစ်တစ်ဖန် ပြုပြင်၍၊ ရွှေစင်သိဂ်-နိုက်၊ ဖိတ်ဖိတ်လျှပ်စီး၊ ရောင်လျှံညီးသည့်၊ ရွှေထီးအထွတ်

တို့ကို တင်လှူကာ၊ အနေကဇာတင် သဘင်အသီးသီး ကျင်းပခြင်း။

ရန်ကုန်မြို့ 'မိုးကြိုး' သတင်းစာတိုက် ပိုင်ရှင် ဦးအုန်းခင်ကလည်း၊ ပညာသံဝေတ္တနိက၊ ထာဝရ ကုသိုလ် ထူး၊ ဆည်းပူးအားသစ်ရန်၊ 'ဗုဒ္ဓပူဇနီယ' လျှပ်စစ်အင် ဂျင် ခါတ်မီးစက်ကြီး၊ ညှိသီးကော်ရော်၊ ပူဇော်တည်လှူ ခြင်း။

မန္တလေးမြို့၊ ပွဲကုန်းရပ်၊ ပွဲစားကြီး ဦးခို+ဒေါ်စိမ်းညို တို့နှင့် မန္တလေးမြို့၊ ဆိုင်းတန်းရပ်၊ အေဝမ်း ပွဲရုံပိုင်ရှင် အမိ ဒေါ်သိန်းယုကို အမှူးထား၍ ပွဲစား ဦးငွေမောင်+ ဒေါ်ခင်ရီတို့ကလည်း၊ ကာလရှည်ခိုင်၊တည်တံ့နိုင်အောင် တံခွန်တိုင်ကြီး နှစ်တိုင်၊ အပြိုင် ဝဲယာ၊ ကောင်းစွာစိုက်ထူ၊ တည်လှူ ပူဇော်ခြင်း။

မိုးမိတ်စေတီတော်ကြီးများနှင့်တကွ၊ အရံစေတီတော် အဆူဆူတို့အားလည်း၊ ကြည်ဖြူသဒ္ဓါ၊အမြို့မြို့အရွာရွာ၊ ဒါယကာတို့က၊ ရသာကြိုင်လျှမ်း၊ ဆွမ်းတော်ကြီးများ ကပ်လှူ ပူဇော်ကြခြင်း။

ထို ဗုဒ္ဓပူဇာ၊ မင်္ဂလာကောင်းမှု ကုသိုလ်ပွဲ အခမ်း အနား၌၊ ရှေးနှစ်ကနှင့်မခြား၊ အလှူရှင်များကလည်း- 'စားလှည့်ပါ' 'သောက်လှည့်ပါ' သာယာခွန်းသံ၊ ညွှန်း ဖိတ်မန်ကြ၍၊ နိဗ္ဗာန်ဈေး တည်ခင်းကျွေးမွေး လှူဒါန်း ခြင်း။

စာရင်းဖော်ပြရာပါ ပရိဝါရ၊ ဒါနမှု အဝဝဖြင့်၊ 'ပါဒနက်သန် မိုးမိတ် စက်တော်ရာစေတီ အုတ်မြစ်ချပွဲ ကြီး'ကို၊ ဖွဲ့ချီးသံသာ၊ မဟာဂ္ဂုတ်ပြဟ္မာ၊ လက်ခုပ်ညာ

အောင်၊ မင်္ဂလာ ဤသမယတွင်၊ စေတနာ ဗလဝဖြင့်၊ ကျင်းပဆင်ယင်ကြပါသတည်း။

## ဆုတောင်းအမျှဝေ ကေပိုဒ်လင်္ကာ

လေးဆင့်မဂ်ဉာဏ်၊ ရင့်ကြောင်းဖန်သား၊ ဝေယန် ဇာတိ၊ မျက်မဏိသို့၊ တီဟိတ်ထဲဉာဏ်၊ လှုံ့ဆော်ဖန်၍၊ သုံးတန်စေတနာ၊ ညီညွတ်စွာဖြင့်၊ သဒ္ဓါလုလု၊ ဆည်းပူး ပြုသည့်၊ ဤကုသိုလ်တော်၊ အာနုဘော်ကြောင့်၊ လေး ဖော်ဖိုလ်မဂ်၊ ဝဲယာယှက်သို့၊ ကနက်ပစ္စူ၊ စွင့်စွင့်ထူ၍၊ နိဗ္ဗူကြွင်းမဲ့နန်းကို၊ သိမ်းမြန်းရလို၊ ဆုပန်ဆို၏။ ထိုကုသလ၊ မြိုက်ဗီဇကို၊ နရမရူ၊ ဗိုလ်ဗိုလ်လူအား၊ ရည်တူ ရရန်၊ ပတ္တိဒါန်ဖြင့်၊ မကျန်စေရ၊ ပေးဝေငှသည်၊ အမျှ- အမျှ-အမျှ ရကြသည် ဖြစ်စေသော်။ ။

အာဒိကမ္မိက ဝဋ္ဋသကာထေရ်
စီကုံးရေးသားသည်။

❀

၁၃၂၅-ခုနှစ်၊ တော်သလင်း လပြည့်နေ့
ရတနာ ရွှေဘုန်းပွင့်စေတီတော်
ရွှေထီးအတွက် တင်လှူရာတွင်
**မေဓာ့ယာဥ်ပျံ-ရေးဖွဲ့အပ်သော**
**ရှစ်ဆယ်ပေါ် တေးထပ်**

ဒေဝါပြဟ္မာ ညီထွေခ။
ပြည်ရွှေအမတ အောင်စိတ်သန်။
ဤ မြေဌာန တောင်ရိပ်ပျံ့ဝယ်။
အောင်အတိတ်သံ ကျူးသီရင့်။

သမ္ဘာဝထွန်းထိန့် သံသာရွှန်းအိမ့်။
ပြဟ္မာ ခွန်းငြိမ့် ရှိပူဇော်တယ်။
မဏ္ဍိစူဠာ ဓာတ်ပေါင်း စေတီထင့်။ ။
ရွှေဘုန်းတော်ပွင့် နေနှုန်းမျှော်ချင့်။
မြေလုံးကျော်တင့် အုတ်ကြွငြာတယ်။
ဥက္ကဋ္ဌသဒ္ဓါ ကျူဘော်အဖွင့်။
ဗုဒ္ဓဘာသာ သူတော် အသွင့်တို့။
ပူဇော်သဘင့် ခြိမ့်ခြိမ့်ညံ့။ ။
မိုးမိတ်စက်တော် ဘုန်းတော်ပွင့်။
သုံးဘော် သခင့် ရှင်ပင့် စေတီရံ။ ။
ဆွမ်းဝတ် ပန်းဝတ် ကမ်းညွှတ်လျှံအောင်။
နန်းထွတ်ဗိမာန် ဆူမြွက်ကျူး၍။
သူ့ထက် ငါဦး ရေကြောင်းဆီကနော်။
ငွေမောင်းတီ ကြွဆော်။ ။
(လှေလောင်း ချီကြသော်။ ။)

ဟေဟီးထင်ပဲ့ မြေကြီးငလျင်သွဲ့။
ရွှေထီးတင်ပွဲ့ ဤသဘင်တော်ကို။
ကြည့်ရှင်ပျော်ပျော် ဆင်နွှဲပါကြလေး။ ။
သြောင်း ဇေယတု လောင်းငွေခရု။
သောင်းမြေအထု သာဓုခေါ်တယ်။
အမတာဆုမျှော် အောင်ပွဲသာစွာလေး။ ။

ဓမဓ့ယာဥ်ဖျ

၁၅–၆–၂၅။

မင်းကွန်းဆရာတော်=မဟာမယမြောင်
ဗုဒ္ဓပူဇနီယ လျှပ်စစ်မီးစက်ကြီး ဖွင့်ပွဲ
**ပတ္တိဒါန မင်္ဂလာ**

# ယောမနာ စာတမ်း

**နမော ဗုဒ္ဓါယ ။သိဒ္ဓမ်။**

အောင်သူတကာတို့၏ မဟာဝိဇယုဿဝ-ဒွိပဒုတ္တမ ဟု၊ အနုတ္တရ မှန်ကင်း၊ တရားမင်း၏ သားရင်းသြဝါ၊ သာသနာသည်၊နှစ်ထောင့်သုံးရာ သုံးဆယ့်ခုနစ်နှစ်၊ ကောဇာသက္ကရာဇ် တစ်ထောင့်တစ်ရာ ငါးဆယ်ငါးနှစ်မြောက်၊ ရောက်လတ်သော ကာလ၊ သိရိပဝရ ဝိဇယန္တ ယသတြိ အစရှိသော ဘွဲ့ပုံ၊ကုဋ္ဌဂိုဏ်း ဆယ်စုံဖြင့်၊ ဗုဒ္ဓမင်းတရား ခေါ် ဘိုးတော်ဘုရမင်းတရားသည်၊ တိုင်းကား ပြည်ရွာ၊ သာသာဝပြော၊အလွန်လျှင်စည်ပင်မောရကား၊သမ္မောဒိဆု၊ လျင်မြန်စွာ ပြည့်ရန်မှုကို၊ လုလုဆောက်တည်၊ စိတ်တော်ရည်လျက်၊ ဤမင်းကွန်းဌာနဝယ်၊ တာဝရ ကုသိုလ်မျိုး၊ပြုဖန်မျိုးလိုသဖြင့်....

၁။ ပုထိုးစေတီတော်ကြီး

၂။ ခေါင်းလောင်းတော်ကြီး

၃။ တဘက်ဆည်ကန်တော်ကြီး

၄၊ ခြသေ့်ကြီးအစုံ

ဤလေးပုံသော ကုသိုလ်ကြီးတို့ကို၊ ဖန်တီးတည်လူ တော်မူကာ၊ မဟာအမတ၊ ပူရကြောင့်နှင်း၊ နိဗ္ဗာန်နန်းကို၊ စောင်းတန်းသွယ်တော်မူခဲ့သတည်း။

ဘိုးတော်မင်းတရား၊ လူ့ထွတ်ဖျား၏၊ လေးပါးသော ကုသိုလ်ကြီးတို့တည်ရာ၊သာယာသောမြေအဝန်း၊ ဤမင်း ကွန်း အရပ်ဒေသမှာ၊ အရှေ့မျက်နှာမှ ဧရာဝတီမြစ်ကြီး၊ အနောက်မျက်နှာမှ ရွှေမြင်တင်တောင်ကြီးတို့၊ ကာဆီး တောင်မြောက်၊ ဘေးမရောက်အောင်၊ စောင့်ရှောက် သည့်အသွင်၊ အလယ်ပိုင်းရပ် တစ်ခွင်၌လည်း၊ တောင် လျှင်-တောင်ပွား၊ တောင်ငယ်များတို့ဖြင့်၊ ဝန်းလျား ပတ်ခြုံ၊ ရုံလျက် ရုံလျက်၊ ချောင်တည်ရန် မြေအကွက်တို့ သည်၊ ဆိတ်ငြိမ်လျက် ရှိရကား၊ တရားလိုချင်၊ မဂ်အခြေ ဖိုလ်မျိုးကို၊ စိုက်မျိုးလိုသော၊ သူတော်စင်တို့အဖို့၊ နတ်တို့ စီရင်၊ မြေအပြင်ကဲ့သို့ ဖြစ်လတ်သတည်း။

တရားရှာမှီ၊ ယောဂီနွယ်ဝင်၊ သူတော်စင်တို့အလို့ငှာ၊ သမ္မာဒေဝ၊ နတ်ဖန်သ သကဲ့သို့၊ ပဓာနသာရပွဖြစ်သော၊ ဤမင်းကွန်းဒေသတွင်လည်း၊ ပဏ္ဍဝတောင်၊ ဝေဘာရ တောင်၊ ဝေပုလ္လတောင်၊ ဣသိဂိလိတောင်၊ ဂိဇ္ဈကုဋ္ဌ တောင်ဟူသော၊ တောင်ငါးလုံး ကာခိုသည့်၊ ရာဇဂြိုဟ် မြေအရပ်ကဲ့သို့၊ ပတ်ဝန်းကျင် လေးမျက်နှာတခို၊ တောင် ညိုငါးလုံး၊ ပိတ်ကာဖုံးသည့်၊ဤကုန်းမြင့် အရပ်သည်ကား ရဟန်းတရားပွားများအားသစ်ရန်၊အင်္ဂါရပ် ငါးတန်နှင့်

လောကင်ကိုလုံ၊ ပြီးပြည့်စုံသည်ကို၊ အာရုံသက်ဝင်၊ စဉ်းစားဆင်ခြင်တော်မူ၍၊ အရှင်ဉာဏိန္ဒာဘိဓဇ၊ ပထမ ဆရာတော်ဘုရားကြီးသည်၊ ပွားစီးသာသနာ၊ ကောင်းစွာထွန်းတောက်၊ စိတ်လိုဟုတ်ငြိုးပြီးမြောက်မည်ကို၊ ချင့်ထောက်ဝေဖန်၊ ဂျူပွတ်ကောင်း အခြေခံလျက်၊ ရွှေဉာဏ်နှစ်နော၊ သတိတော် စောပြီးလျှင်၊ 'မနောမယ' ဘွဲ့အမည်၊ ချောင်သစ်ကြီး တည်သတ်သော်၊ မရှည်ကာလ၊ တိုတောင်းလှသော အချိန်အတွင်း၊ တစ်တောင်လုံး ပြည့်သင်းအောင်၊ စင်္ကြံကျောင်း အခန်းခန်း၊ ကမ္မဋ္ဌာန်းကျောင်း အလီလီ၊ စေတီတော် အသူသူ၊ လိုဏ်ဂူအတန်တန်၊ ရေကန် အလုံးလုံး၊ ချီးအုံ့မဆုံးအောင်၊ ဘုန်းရှိန်တော်တောက်၊ မြန်မာပြည် အထက်အောက်လွှင်၊ လွှင်းဖောက် **လေ** နှယ်၊ ကျေးဇူးဂုဏ်ကြွယ်၍၊ အံ့ဖွယ်တစ်ပါး၊ ကဲ့အလားလျှင်၊ ထင်ရှားဖြစ်ပေါ်ခဲ့သတည်း။

မနောမယ၊ ပထမ ဆရာတော်ဘုရားကြီး၊ လူ့ရပ်ငြီး၍ နတ်ထီးဝေယန်၊ ပြောင်းကြွ စံသောအခါ၊ ဆရာတော်ကြီး၏ ညီပေါ်ရင်း၊ မင်းကွန်းတောင်လုံးဆိုင်ရာ၊ ဆဋ္ဌသင်္ဂါယနာ၊ မဟာပါ ဘာဏကအဖွဲ့၏ ဥက္ကဋ္ဌ၊ အဂ္ဂမဟာပဏ္ဍိတ အရိယမဂ္ဂင် ဆရာတော်ဘုရားသည်၊ သာသနာစီးပွား၊ကြီးပွားရန်အရေး၊အရှည်မြော်ထောက်တွေး၍၊ ဘိုကလေးမြို့ **သီရိမင်္ဂလာစံကျောင်း** ၌၊ ကိန်းအောင်းမွေ့လျော်၊ စာပွဲသဘင်၊ ယင်ပျော်လျက်၊ နေတော်မူဆဲဖြစ်သော၊ **ဓမ္မာစရိယ အရှင်ဥာဏုတ္တရ** အား၊ မနောမယချောင်ကြီးကို၊ သိမ်းဆည်းယိန်းစောင့်ရန်၊ အပ်နှံတော်မူသဖြင့်၊ထိုအရှင် ဉာဏုတ္တရသည်လည်း၊နေကြွမ္ဗာ

သယခေါက်ခံ၊ မူလကပင် ထက်သန်၍၊ လက်ခံ စောင့်ရှောက်၊ တစ်နှစ်ကျော်မြောက်၊ ယခုအချိန်သို့ ရောက်လတ်သော်....

လေးထောက်သော သမ္ပတ္တိ၊ ဂတိနှင့် ကာလ၊ ဥပဓိနှင့် ပယောဂတို့၊ ဥပတ္ထမ္ဘက၊ ထောက်ကူမသဖြင့်၊ မူလဒါယကာ၊ သဒ္ဓါရှေ့ပြေး၊ ဘိုကလေးမြို့၊ **ဆင်မမကြီး ဆေးလိပ်ရုံ ပိုင်ရှင်** ဦးလှမောင်+ဒေါ်နွဲ့ရီနှင့်၊ နှမ ဒေါ်မမကြီး၊ သားသမီး တစ်စုတို့က လည်းကောင်း၊ **မူလစက်ပိုင်ရှင်** ဦးရွှေဖုံး+ဒေါ်အေးချိုနှင့် သား၊ **လွင်လွင် ခေါက်ပုံတိုက်ပိုင်ရှင်** ဦးစန်းရီ+ဒေါ်ခင်ဆွေသန်း သားသမီးတစ်စုတို့က လည်းကောင်း၊ ရှေ့တန်းက တာဝန်ယူကြကာ၊ ဘိုကလေး မြို့သူမြို့သား၊ ကုသိုလ်ရှင် အများတို့က၊ မြင်းကြီးကောင်ရေ သုံးဆယ်အား၊ကီလိုဝပ်အားနှစ်ဆယ့်နှစ် ရှိသော 'ဗုဒ္ဓပူဇနီယ' လျှပ်စစ် အင်ဂျင်စက်ကြီးကို၊ အပြီးတိုင် တည်လှူကြသောအခါ၊ ဘိုကလေး ဆရာတော်ဘုရားကြီးနှင့်၊ သားသမီးတို့ကလည်း၊ ပစ္စည်း မင်္ဂလိဖိုလ်၊ အရ ကြိုလိုသဖြင့်၊ထိုစက်ကြီးထားရှိရန်၊အဖိုးငွေ ၄၀၀၀ဝိ တန် ကျောက်ခံ ကျောက်ခင်း၊ အုတ်ခင်း အုတ်ကာ၊ အပေါ်မှာ သွပ်ဖြင့်ပြီးသော စက်ရုံအုတ်တိုက်ကြီးကို ခိုင်ဖြိုး တည်လှူကြသတည်း။

ဘိုကလေး မြို့သူ မြို့သား ရှင်လူအများတို့၊ ကြီးမားသော စေတနာဖြင့်၊ ပညာသံဝေတ္တနိက၊ ဒီပလျှံညီး၊ မီးစက်ကြီး တည်လှူကြကုန်သော်= ရတနာပုံ ဦးမိုး အမှူးပြုသည့်၊ သာသနုပကာရ၊ မနောမယဆိုင်ရာ၊ ဒါယကာ အပေါင်းတို့ကလည်း၊ မီးချောင်း မီးတိုင် မီးကြီး မီးပွင့်

မိုးခလုတ် မိုးသေတ္တာ လိုအပ်ရာရာ လျှပ်စစ်ပစ္စည်း အသီးသီးတို့ကို အထက်မူလ ပထမဆရာတော်ဘုရားကြီး လက်ထက်ကနှင့် မခြား၊ ထက်သန်သော သဒ္ဓါတရားဖြင့်၊ ရွှင်အား ကြည်ဖြူ၊ အစီအရီ လှူကြရကား၊ ပူဇော်ဖွယ် ဝတ္ထု၊ပြီးပြည့်စုံ စေ့ငုသော ယခု ၁၃၂၅-ခုနှစ်၊ သီတင်းကျွတ် လပြည့်ကျော် ၃-ရက်နေ့တွင် လွှေ့လွှေ့စေတနာ၊ သဒ္ဓါနှင့် ပညာ၊ ယှဉ်ကာယှက်ထွေး၊ အားအပြိုင်မွေးကြ သော၊ ဘိုကလေးနှင့် မန္တလေး၊ ဒွေးနှစ်လီပါ ဒါယကာ တို့သည်၊ မဟာကုသလ အသင်္ခါရိက ဉာဏသမ္ပယုတ်၊ ဇောစိတ္တုပ် ကိုယ်စီစွဲကြ၍၊ စက်ဖွင့်ပွဲ ကျင်းပလျက် ဆိုအပ်ခဲ့တောင်း၊ ပြည်နိဗ္ဗာန် ဆုပန်တောင်းကြသည့် ကုသိုလ်ပေါင်း အဝဝတို့ကို၊ ဒေဝဒေဝါ နတ်တကာနှင့် ကြွလာသူ မင်းပရိသတ် အပေါင်းတို့သည်၊ ကောင်းချီး နုမော်၊ ဗြဟ္မာ မဟာဂုဏ်၊ ဘင်္ဂလုပ်အောင်၊ လက်ခုပ်သံ အောင်ပတ္တနာဆုဖြင့် အောင်သာဓုခေါ်တော်မူကြပါစေ ကုန်သောဝ်........။

**အာဒိကမ္မိက ဝဋ္ဋသကာထေရ်**

၃-၇-၂၅

❁

## စစ်ကိုင်းခရိုင် မင်းကွန်းတိုက်နယ် ထန်းမြင့်ရွာဦးရှိ
## မိုးမိတ်စေတီတော်ကြီးများ
## ဆွမ်းတော်ကြီး ကပ်လှူပွဲနှင့်
## မင်းတေဇ စေတီတော် အုတ်မြစ်ချပွဲဖွဲ့

### မင်္ဂလာ ရတုပိုဒ်စုံ

(သတ်စေ့နှုက် သုံးချက်ညီ၊ ၅၇-ပဒစီ)

၁။ ။**တေဇ တေဇာ**၊ လင်းလင်းဖြာသား၊ မဟာမုနိ၊ တို့ဘုန်းရှိ၏၊ တြိသာသနာ၊ နေလျှံဖြာသို့၊ မြန်မာတို့ကျွန်း၊ ပပထွန်းသော်၊ မင်းကွန်းမည်ခေါ်၊ ဤမြေကျော်၌၊ ဘိုးတော်မင်းတရား၊ လူထွတ်ဖျားလျှင်၊ မြင့်မားဖြိုးစည်၊ ပုထိုးတည်က၊ ဉာဏ်ရည်ထဲနက်၊ စွမ်းသန်ချက်ကြောင့်၊ လွှတ်တက်မဟာ.... ဓမ္မရာဇာဟု၊ ကြေငြာလျှံဖိတ်၊ ဂုဏ်ဝိသိဋ္ဌဖြင့်၊ မိုးမိတ်မင်းသား၊ တော်ဘုရားသည်၊ ဖဘွားနတ်ကျော်၊ မြတ်ဘိုးတော်အား၊ မပေါ်ရန်ဆူး၊ ဖိန့်ဖိန့်မှူးမျှ၊ ဗိုလ်မှူးနာယက၊ မင်းတေဇ....က၊ စသည်ပတ်ခြံ၊သူကောင်းရံ၍၊ တောင်ယံဤမှ၊ စောင့်နေကြခဲ့....၊ အမရသာစည်၊ မင်းနေပြည်သို့၊ ပြန်လည်ရောက်ဆိုက်၊ ခါတော်၌မူ၊ အမြို ကျ်ဆုပ္ပွား၊ ထိုမင်းသားလျှင်၊ ရှည်လျား

နေောက်နေောင်၊ ကျိုးရှိအောင်ဟု၊ ဤတောင်ဒေသ၊ သူ့ဌာနဝယ်၊ အဲ့စိန္တေယျော်၊ ပုဆိုးတော်နှင့်၊ စက်ကျော်ပါဒ၊ စေတိယဟု၊ နေလနှုန်းယှူ၊ တည်တော်မူက၊ ထို့တူဆန္ဒ၊ မင်းတေဇလည်း၊ ဇေယျဝတီ၊ တောင်ထိပ်ညီ၌၊ စေတီမြတ်ဖျား၊ကိုယ်တော်စားကို၊ တည်ထားကော်ရော်၊ ရှိပူဇော်သည်၊ ၊**တေဇော်မြာဆင့် သွန်းသော်ကြောင့်**။

၂။ ။**ဒေဝဒေဝ**ါ၊ ရှိပူဇာတည့်၊ မြတ်စွာကိုယ်စား၊ စေတီများတို့၊ ရှည်လျားမြင့်ဖန်၊ ငလျင်ဒဏ်ကြောင့်၊ ဖောက်ပြန်ပြုန်းတီး၊ ပြိုပျက်စီးသော်၊ ရှစ်ထီးမဏ္ဍင်၊ပွင့်စေချင်၍၊ အရှင်ဝိစိတ္တ၊ တိပိဋကဟု၊ ရေမြိုက်မျိုး၊ ဘဏ်တိုက်စိုးနှင့်၊ ကျော်ဟိုးပညာ၊ ဆေးဝိဇ္ဇာတည့်၊ ဒေါက်တာသာလှ၊ ရှေ့ဆောင်ကြ၍၊ ဗုဒ္ဓဘာသာ၊ ဒါယကာတို့၊ သဒ္ဓါလုလု၊ အားသစ်မှုကြောင့်၊ သတ္တုကိုယ်စား၊ စေတီများတို့၊ ငွါးငွါးစွင့်စွင့်၊ ရွှေထီးပွင့်လျက်၊ ယခင့်ထက်ကြွယ်၊ တင့်စံပယ်ခဲ့....။မြန်နွယ်တစ်ဂိုဏ်း၊ လူကသိုဏ်းတို့၊ ဖူးတိုင်းကြည်နူး၊ သဒ္ဓါမြူးလျက်၊မုခ်ဦးဘုံပျံ၊ အာရုံခံနှင့်၊ မဟာရံဇရပ်၊အတပ်ထပ်တည့်၊ သပ်ယပ်ရေကန်၊ ကျောင်းဗိမာန်က၊ တံခွန် ခေါင်းလောင်း၊ ကုသိုလ်ပေါင်းလည်း၊ မြေစောင်းလုပင်၊ ပေါပြည့်ဖြင်၏၊ သန့်စင်မြစ်တွင်း၊ တော်သလင်းဟု၊ သစ်ဆင်းမာသီ၊ ပုဏ္ဏမီ၌၊ ဒုန္ဒုဘီမျိုး၊ နတ်စည်နှိုးသို့၊ မိုးမိတ်တွင်ခေါ်၊ ဤတောင်ပေါ်မှ၊ သူတော်ခပဲ၊ ထီးတင်ပွဲနှင့်၊ ဆွမ်းပွဲလှူခြင်း၊ ခမ်းနားကျင်း၍၊ မြိုက်ခင်းနိုရော်၊ ဆုသန်မြော်သည်၊ ၊**ဒေဝေါဗျာဖွင့် ညွှန်းသော်ကြောင့်**။ ။

၃။ ။**ဇေယျ ဇေယျာ**၊ မင်္ဂလာတည်း၊ ခါတော်ကြိမ်လစ်၊ ယခုနှစ်လည်း၊ သစ်သစ်စေတနာ၊ လင်းလင်း

ဖြာ၍၊ သဒ္ဒါမြင့်ထွား၊ ဒကာများတို့၊ စီးပွားပျက်စီး၊ ခါကျပ်ကြီးနှင့်၊ သီးသီးတွေ့ကြုံ....၊ ရပ်ါတုံလည်း၊ ‘ဆောက်အုံပုည၊ သမ္ဘာရလျှင်၊ ဘဝတို့မှာ၊ ထောက်တည်ရာဟု၊ ပညာတိဟိတ်၊ ဉာဏ်ချွန်းချိတ်လျက်၊ မိုးမိတ်တောင်မှို၊ စေ စေတီအား၊ ပဏ္ဏိတာဘတ်၊ ဆွမ်းတော်ဝတ်ကို၊ ကမ်းညွှတ်မြေခုန်၊ ပူဇော်ကုန်၏၊ ‘မတုန်မလှုပ်၊ သဒ္ဒါချုပ်၍၊ ဝိသုဒ္ဓိမြေ၊ စိုးပိုင်စေ’ဟု၊ စက်ရွှေပါဒ၊ စေတီယကို၊ သောဏ္ဏာရောင်လျှံ၊ ရွှေပိန်းမံ၍၊ ဘုံပျံမုခ်နန်း၊ တန်ဆောင်းဝန်းနှင့်၊ စောင်းတန်းသာလုံ၊ မဟာရံကို၊ အောင်သံကြိမ်းပ၊ ရေစက်ချခဲ့....၊ မင်းတေဇခေါ်၊ စေတီယော်အား၊ ထေရ်ကျော်နာယက၊ ဂေါပကတို့၊ ရှေ့က မားမား၊ ရပ်တည်ငြား၍၊ ဘုရားဒါယကာ၊ သူတော်စွာတို့၊ ရဟာနာသွန်းခတ်၊ ရွှေငွေအုတ်နှင့်၊ ရွှေကြုတ်ကိုယ်စီ၊ စွဲပိုက်ချီလျက်၊ သျှန်ကျူးရစ်၊ ရတုလှစ်၍၊ အုတ်မြစ်တော်စွဲ၊ ဉာဏ်အောင်ပွဲကို၊ ခြိမ့်သဲကြွေးကြော်၊ မြိုက်ဆုမျှော်သည်၊ **ဇေယျော်ခါခွင့် ထွန်းသော်ကြောင့်။**

**မေဓာ့ဝီယာဥ်ပျို**

❀

စစ်ကိုင်းခရိုင်၊ မင်းကွန်းတိုက်နယ်၊ ယန်းမြင့်ရွာဦးရှိ
မိုးမိတ်စေတီတော်များ
ဆွမ်းတော်ကြီး ကပ်လှူပွဲနှင့်
မင်းတေဇ စေတီတော် အုတ်မြစ်တော်ချပွဲ ဖွဲ့

## လူးတားညှပ် ထပ်တွန့်ရှစ်ဆယ်ပေါ် ကဗျာ

ဘုန်းစက်ပရမေ ရှိန်တေဇ၊
ထိန်ထိန်ဝေပ နှုန်းတုမမြင်။
အစိန္တေယျ သုံးလူ့သခင်ကို၊
ရုံးစုသဘင် ယင်ပုံဆန်း။ ။

ရွှင်မောသာစွ ရှင်ရော ဒကာ-ဒကာမ၊
တင်ဩကာသ ကမ်းညွှတ်ယိုင်အောင်၊
ဆွမ်းဝတ် အပြိုင်အဆိုင် လျှပ်မီး ရေနှင့် ပန်း။ ။

## လူးတားညှပ်

နိဗ္ဗူရည်ရော်၊ သူ သူတော်တို့၊ ဇိနော် မှန်ကင်း၊ ထံတော်ရင်း၌၊ ဝပ်စင်းကြည်ညို၊ လှုံမှိုခို၍၊ မင်္ဂဖိုလ်မျိုးပွား၊ ကြိုးဟန်များကို၊ လူးတားစာသ၊သာစွာ့လေ။ ။
သပြေတန်ဆောင်၊ မြန်ကျွန်းဘောင်၌၊ ပြည်ထောင်စုကြီး၊ တည်ဖန်တီး၍၊ နောင်သီးညီငယ်၊ အသွယ်သွယ်တို့၊ တို့

လှယ်မေတ္တာ၊ ခံယူကာဖြင့်၊ ညီညာဖြဖြ၊ ရှိကုန်ကြသော်၊ ဗုဒ္ဓမြတ်စွာ၊ သာသနာလည်း၊ လျှံဝါရောင်မျိုး၊ ဆဆ တိုး၍၊ ပဖြိုး ဝေထိန်၊ ဤအချိန်၌၊ ဒေဝိန္ဒရာဇ်၊ နှိုးပင့်လစ် သို့၊ တစ်ခေတ်ထွန်းပြောင်၊ မိုးမိတ်တောင်၌၊ ဘုန်းခေါင် မြတ်ဖျား၊ ကိုယ်တော်စားတည့်၊ ပါးပါးစေတီ၊ စက်ရိပ် မှီ၍၊ ထိုဤများတောင်း၊ ရှင်လူပေါင်းတို့၊ စားကောင်း သောက်ဖွယ်၊ အသွယ်သွယ်ဖြင့်၊ ဘုန်းကြွယ် တုလွတ်၊ သုံးလူ့ ထွတ်အား၊ ဆွမ်းဝတ်တော်မည်၊ လှူကြီးတည်သည်၊ ရွှေပြည်နိုင်ရော်၊ မှန်းလို့လေ။ ။သံထွေတည့်ချိုအေး.... ကျူးရင့်ကြွေး။ မိတေး ရှင်ပင့်နောင်၊ ဘုန်းခေါင်တည့် ယံရင်း၊ ရှိဝပ်စင်း။ ။

## တေးထပ် ပြန်ကောက်

မဂ္ဂင်စိုးဟိတ် မြွက်ထင် ငြိုးငြိတ်၊
စက်ရှင်မိုးမိတ် ကုန်းမြင့် မဟီမှာ၊
ချုန်းလင့်မေဃီ ရွှင်ရွှင်လန်း။
ဘုန်းပွင့်စေတီ ယင်ပြင်နန်းက၊
လှူရှင် ရဟန်း သာခုခေါ်။ ။

စောင်းတန်း မုခ်ပံ့ သာလုံ ပရိဏ်း၊
မဟာရံ တံတိုင်း ရေစက် သွန်ချသော်။ ။
မျှို့ထူးဇေယျ....ကုတို့ဦးဒေသ....
ဗိုလ် မှူးတော့ဇ စေတီတော်ကို၊

သိင်္ဂြိုဟ်ရွှေလှော် ခုတ်သစ်ရဲဖြင့်၊
အုတ်မြစ်တော်စွဲ အောင်ပွဲဖြိမ့်ခြိမ့်စည်။
ဆောင်နွဲ့ သိမ့်သိမ့်ကြည်။ ။

စေတနာမြူးဖိတ်....ရောဦးငြိတ်....
ခေမာကူးဆိပ် တောင်မြတ်မဟိဝယ်၊
နောင်ကပ္ပဋ္ဌိ တည်ကိန်းမျှော်လို့လေး။ ။

ဂုဏ်ရည်ကိုးဆင့် ယုံကြည်နိုးသဖြင့်၊
စုံညီနှိုးဖွင့် အောင်တပ်ချီတယ်၊
အောင်မာတ်ရွှေစည် မြည်ဟိန်းကျော်လို့ ကြွေး။ ။

မင်းကွန်း၊ မေဓာ့ယာဥ်ပျံ
၁၅-၆-၂၆

စစ်ကိုင်းခရိုင်၊ မင်းကွန်းတိုက်နယ်၊ ထန်းမြင့်ရွာဦးရှိ
မိုးမိတ်စေတီတော်ကြီးများ ဆွမ်းတော်ကြီး ကပ်လှူပွဲနှင့်
မင်းတေဇစေတီတော် အုတ်မြစ်ချပွဲ အခမ်းအနား

# မင်္ဂလာ ယောမနာစာတမ်း

## ကေပိုဒ် လျှောက်ရတု

။သိဒ္ဓိ ရတ္တု။ ။

ဘုန်းစက်ပရမေ။ ထိန်ထိန်ဝေသား၊ စိန္တေဉက္ကဋ္ဌ်၊ ဝိသုဒ္ဓနတ်၏၊ အမြတ်သာသနာ၊ လင်းစိမ့်ငှာဟု၊ သဒ္ဓါကြိုးကိုင်၊ မြေမိုးခြိမ့်မျှ၊ ငြိုးငြိမ့်ဝှန်ဆူ၊ ရှင်ရှင်လူတို့၊ ပူဇာဒါန၊ ပြုခြင်းတကို၊ ကျဉ်းမျှသိရုံ၊ သံခိပ်ငုံ၍၊ ဗိုလ်ပုံမျက်မှောက်၊ ရတုထောက်လျက်၊ ချီးမြှောက် ယောမနာ၊ လျှောက်တင်ပါမည်၊ ၊သံဃာတည့်ထေရ်များ.... ပန်ဆင်တော်မူ ဘုရား။

အောင်သူတကာတို့၏ မဟာဝိဇယိန္ဒာဓိပတိ၊ သီရိပဝရ၊ တြိလောက ဝဋ္ဋံသကာ၊ မင်္ဂလာသျှောင်ဖူး၊ခြောက်ရောင်မြူးလျက်၊ အောင်ပွဲမှူးဘုရင်၊နှုန်းတုမရ ဘုန်းအစုစုပပေသော သုံးလူ့ဘ မြတ်သခင်၏၊ ဓာက်ရှင်တော်မှတ်၊ သာသနာသုံးရပ်တို့၊ မနှုန်းအပ် နိုင်းမမြင်၊ မြန်ဘူမိ တိုင်းတစ်ခွင်၌၊ ပြဘက်ရ၊ နေသောင်း ထောင်စု၍ ကျ ကဲ့သို့၊

ထွန်းပတောက်ထိန်ဆဲ အခါ၊ ရတနာသိဃ်၊ ရာဇိန္ဒဟု၊ ကွာပိန္ဒအနုလုံ၊ ခြောက်ဆက်မြောက် ခေတ်အကြုံတွင်၊ ပဒုံ စိုးနင်း၊ ဘိုးတော်မင်းသည်၊ မြို့ကျက်ခင်းဖွေနည်း၊ သဒ္ဒါဆော်သွန်း သမ္ဘာတော်ထွန်းသဖြင့်၊ ဤ 'မင်းကွန်း' မြေမဟီဝယ်၊ စေတီတော်ကြီး၊ မိုးထိနီးကို၊ ဖန်တီးတင်လှူတော်မူလတ်သော်....၊ လွတ်တက်မဟာ ဓမ္မရာဇာဘွဲ့ခံ၊ သားတော် မိုးမိတ်မင်းသားကြီးသည်၊ ဝိဇည်းမြေခေါင်၊ ဤမိုးမိတ်တောင်မှ၊ မြားမြောင်လှစွာသော၊ ဗိုလ်ပါသူရဲကောင်း၊ မင်းတေဇ အစရှိသော၊ဗိုလ်မှူးအပေါင်းတို့ဖြင့် လောင်းတော်သုဒသ်၊ စက္ကဝတ်ဖျား မင်းတရားကို၊ သားကြီး ဥပရာ၊ ကဲ့ပမာသို့၊ ဆံလွှာမြူလောက်၊ ခမည်း နတ်နွယ်၊ ဖ-ဘုန်းကြွယ်ကို၊ အန္တရာယ်ရန် မနှောက်အောင်၊ စောင့်ရှောက် ကာကွယ်ခဲ့ပါသတည်း။

ဘိုးတော်မင်းတရား၊ လူ့ထွတ်ဖျားလျှင်၊ ကြီးလေးပါးခေါ်ဆို၊ ထာဝရကုသိုလ်၊ မဂ်ငြိမ်းခို၍၊ နဂိုရ်သာစည်၊ အမရပူရ မင်းနေပြည်သို့၊ ပြန်လည် ကြွရောက်တော်မူသောအခါ၊ မဟာဓမ္မရာဇာ၊ မည်သာထင်ရှား၊ မိုးမိတ်မင်းသားသည်၊ တရားသမ္ပဇဉ်၊ ရှေ့ဉာဏ်ယှဉ်၍၊ 'ငါလျှင်စံဖူး၊ ဤတောင်ထူးသည်၊ ဆိပ်ဦးနိဗ္ဗာန်၊ ဖြစ်စေရန်'ဟု၊ ရည်သန်ရင်း ကုသိုလ်ဆန္ဒ၊ သဒ္ဓါဗလဝဖြင့်....

၁။ ပါဒနက်သန် စက်တော်ရာစေတီ

၂။ ဉာဏ်တော်အမြင့် ၇၃-တောင်ရှိသောမိုးမိတ်စေတီတော်ကြီး

များကို မီးတား ပရိုဏ်း၊ တံတိုင်း အရံအတားနှင့်တကွ၊ ပသာဒရွှန်းဝေ၊ မြန်မာများ ကျွန်းတမြေတွင်

ထာဝရ ထွန်းစေဟု၊ ဤတောင်မြေထိပ်ပန်းဝယ်၊ နိဗ္ဗာန် ငြမ်း တည်ဖန်လတ်သော်....၊

'ဂုန္နံ စေ တရမာနာနံ၊ ဥဇုံ ဂစ္ဆတိ ပုင်္ဂဝေါ'

ရှေ့ဆောင်နွားလား၊ အဖြောင့်သွားသော်၊ နောက်နွားတသိုက်၊ ဖြောင့်ဖြောင့်လိုက်၏။ အစရှိသော ပိဋကတ်တော်ပြ၊ ဓမ္မပဒေသနှင့်အညီ၊ မင်းတေဇ တပ်မှူးဘုရင်လည်း၊ အရှင်မင်းသား၊ ကဲ့အလျားလျှင်၊ တရားလက်ရှိ၊ အခတာ ဝတ်ရည်၊ ငါဆွတ်မည်ဟု၊ သာညွတ်ကြည် စိတ္တာဓိပတိဖြင့်၊ မိမိ၏တပ်စွဲရာ၊ သာယာပြန့်ပြူး၊ မင်းတေဇတောင်ထိပ်ဦးဝယ်၊ ဖူးသူမြင်သူ၊ ရှင်ရှင်လူတို့၊ ကြည်ဖြူဝမ်းမြောက်၊ မင်္ဂလမ်း ပေါက်ကြရန်၊ မြားမြောက်စွာသော ပူဇာရေဟု၊ သရီရဓာတ်တော်များကို၊ မြှုပ်ထားသွင်းကာ၊ ဌာပနာ၍၊ ပါသာဒိက၊ ဂုဏ်ပေါင်းခလျက်၊ 'မင်းတေဇ ဆုတောင်းပြည့်' ကမွည်းသား၍၊ ဘုရားစေတီ တစ်ဆူ၊ တည်လှူခဲ့ပါသတည်း။

ဖော်ပြရာပါ 'အမြိုက်ရိပ်သာ' မင်္ဂလာတံဆိပ်၊ ခတ်သွန်းနှိပ်ထိုက်သော၊ မိုးမိတ် စေတီတော်ကြီး များနှင့်၊ အရံစေတီတော် အဆူပေါင်း များစွာတို့မှာ၊ ရှည်ကြာ ကာလ၊ သင်္ခါရစနက်၊ လျှင်ဒဏ်ပါ နှိပ်စက်သဖြင့်၊ ယွင်းပျက်တိမ်းသွေ၊ မြေနေသစ်အောင်း၊ မြင် မကောင်း အောင်၊ နွမ်းဟောင်းပြုန်းတီး၊ ပျက်စီးယွင်းယို၊ ရှိနေကြသည်တို့ကို....

ဘဂဝတာ ခေါ အာဝုသော

ခဏ္ဍဖုလ္လပဋိသင်္ခရဏံ ဝဏ္ဏိတံ

ကျမ်းဂန်ဟောမြွက်၊ ခမ္မောစက်ကို၊ နှစ်သက်အားရမ်း၊ ကျင့်ဖြည့်စွမ်းမည်ဟု၊ မန္တလေးမြို့၊ မဟာဗန္ဓုလ ဦးဆိုင်၊

မြို့တော်ဝန်ဟောင်း ဦးစံရွှေ၊ ဆရာဝန်ကြီး ဒေါက်တာ ဦးသာလှတို့ အမှူးပြုသော သာသနုပကာရ၊ ဗုဒ္ဓဝါဒီ၊ ပါရမီစုဆောင်း၊ လူကြီးမင်းအပေါင်းတို့သည်၊ ခေါင်းဆောင်ဦးတည်ကြ၍၊ မိုးမိတ်စေတီတော်ကြီးများ ပြုပြင်စောင့်ရှောက်ရေးအဖွဲ့ကြီးကို၊ တိပိဋကဆရာတော် ဦးစီးလျက် ဖွဲ့စည်းတည်ထောင်ကြပြီးလျှင်၊ ပျက်စီးယွင်းယိုထိုထိုစေတီတော်မြတ်တို့ကို၊ ဥက္ကဋ္ဌစေတနာ၊ ဒါယကာတို့ ပေါ်ထွန်းအောင်၊တိုက်တွန်းနှိုးဆော်ကြ၍၊ ရှေးက မဖြစ်ခဲ့ဖူးသော ဇရပ် တန်ဆောင်း၊ ရေကန် ကျောင်းနှင့်၊ ခေါင်းလောင်း ဓောင်းတန်း၊ လျှပ်စစ်မီးပန်း မီးရှူး၊ မုခ်ဦး ပရိက်ား၊ တံတိုင်း တံခွန်တိုင်တို့အတွက်၊ ဒါယကာများ ပေါ်ထွက်အောင်၊ အားတက်စွာ ဆော်ဖန်၊ ကိုယ်တိုင်လည်း ဒါယကာခံ၍၊ စီမံပြုပြင်ကြသဖြင့်၊ ဖော်ပြရာပါ၊ ဤ မိုးမိတ်ကုန်းမြေသာဝယ်၊ '**ဝတီံ သာလော-နိမ္မာလော**'ဟု၊ တွေးတောစလေ့က်၊ သာသနဆောက်အုံ၊ အဖုံဖုံတို့သည်၊ မြေဝသုန်ကို ထိုးဖောက်၊ အစီအရီ ပေါက်သကဲ့သို့၊ မျက်မှောက်ထင်ထင်၊ သူတော်စင်တို့၊ ဖူးမြင်ကြရသည့် အတိုင်း၊ တိုတောင်းလှသော အချိန်ပိုင်းဖြင့်၊ သမိုင်းမော်ကွန်း၊ စာခတော် ညွှန်းလောက်အောင်၊ ပေါ်ထွန်းတင့်ဆဲ ရှိပါသတည်း။

မဟာမဏ္ဍလီ၊ ရာရံသီဖြင့်၊ ဖန်ခြည်ထိန်လက်၊ ရဝိန်စက်ကဲ့သို့၊ တိုးတက်လွန်ကဲသောကုသိုလ်၊ မဟာပကရဏ၊ စာရွှေခမ္မဖြင့်၊ အာသေဝနပစ္စည်း ကြုံရကား၊ ထိုစေတီတော်ကြီး၊ အသီးသီးတို့နှင့်တကွ၊ အနီးပတ်ခြံ၊ အရံစေတီတော်မြတ်တို့အား၊ အရပ်ရပ်ကျေးရွာ၊ မြို့ရောတောပါ၊ ဒါယကာ-ဒါယိကာမတို့၊ယာဝရန္နစ်စဉ်၊ ဆွမ်းတော်ကြီး

ကပ်လှူသဘင်၊ ဆင်ယင်ကျင်းပမှု၊ ခမ်းနားစွာပြုသကဲ့သို့ ယခု ၁၃၂၆-ခုနှစ်သို့ အရောက်တွင်လည်း၊မြားမြောက်လှစွာ၊ ဒါယကာ-ဒါယိကာမအပေါင်း၊ သူတော်ကောင်းတို့သည်၊ ရောင်းဝယ်လျော့ပါး၊ စီးပွားပျက်ကပ်ကြီး၊ မည်မျှပင် ဖိစီးသော်လည်း၊ 'ရှာမီးပုံအတွင်း၊ အသက်ကို မရေလျှင်းပဲ၊ သက်ဆင်း၍လှူဒါန်၊ ပစ္စကဗုဒ္ဓါသခင်ကို၊ ကြည်လင်ဝမ်းမြောက်၊ လက်ပန်းပေါက်လျက်၊ ရဲရဲတောက်ဆွမ်းဝတ်လှူ၊ စံနမူပြခဲ့သော'၊ ခဒိရင်္ဂါရဇာတ်တော်လာ၊ မြတ်စွာဘုရားအလောင်း၊ သူတော်ကောင်း၏ထုံးကို၊ နှလုံးသမ္ဘဇဉ်၊ အတူယှဉ်ကြ၍၊ နှစ်စဉ်ကျင်းပမြဲ၊ ဆွမ်းဟော်ကြီးကပ်လှူပွဲ၊ စတုဒိသာနိဗ္ဗာန်ဈေး ကျွေးမွေးညှော်ခံပွဲများအပြင်၊ ထူးကဲသောစေတနာ၊ ဇေယျာသမိုင်း၊ ကမ္ဘည်းဝိုင်းသော စစ်ကိုင်းမြို့ 'ကတ်ကြေး' ဦးဘအေး+ဒေါ်သန်းရင် တို့ကလည်း၊ ပါဒနက်သန် စက်တော်ရာ စေတီတော်မြတ်၊ ကိန်းဝပ်ရာပလ္လင်ကို၊ ရွှေစင်အတိ၊မွမ်းမံခြယ်သှုကြလျက်၊ အခြား အခြား ဒါယကာများကလည်း၊ ဘုရားစေတီတော်တို့၏ ရှေ့မျက်နှာစာ၊ သာယာသော မြေအရပ်ဝယ်၊ပြာသာဒ်မုခ်ဦး၊ဖြူးဖြူးတင့်လှိုင်း၊ ထံတိုင်းစောင်းတန်း၊ တန်ဆောင်းဝန်းတို့ကို၊ သွန်းသွန်း တည်ဆောက်ကြ၍လည်းကောင်း၊ မန္တလေးမြို့ တက်ခေတ်စိန်ပွဲရုံပိုင်ရှင် ဦးစိန်+ဒေါ်ဒေါ်ထွေး တို့ကလည်း၊ ရှေးဖော်ပြရာပါ၊ စက်တော်ရာစေတီ အဆင်းတွင်၊ သန့်ရှင်းဘိတောင်း၊ ကြည့်တိုင်းကောင်းအောင်၊ တန်ဆောင်းဝဲ=ယာ၊ ဘုံသာမုခ်ဦးကြီးကို၊ ဖန်တီး တည်ဆောက်ကြ၍လည်းကောင်း၊ သုဒ္ဓဘောဇနာ၊ ဒါယကာတို့ကလည်း၊ သံဃာတော်များ၊ သီလရှင် သူတော်စင်များ၊ညှော်ပရိသတ်

များအား၊ စားကောင်း သောက်ဖွယ်၊ အသွယ်သွယ် တို့ဖြင့်၊ ဘယ်ဝယ်မလပ်၊ ညှော်ခံ ကျွေးမွေး ဆက်ကပ်ကြ၍၊ ပတ္တဒါန၊ ရေစက်ချသဘင်၊ ဆင်ယင်ကျင်းပကာ၊ ခေမာ သောင်ကမ်း၊ အောင်ရပ်နန်းသို့၊ စောင်းတန်း သွယ် ဖောက်ကြသတည်း။

ကိဋ္ဌဘိယျော၊ အံ့ဖွယ်မော်မျှ၊ မဆုတ်သော သမ္မာဆန္ဒ ဖြင့်၊ ယာဝရကုသိုလ်ထူးကို၊ ဆည်းပူးအားထုတ်ကြအင်၊ ပညာကသိုဏ်း စဉ်လာနိုင်း၍၊စာသမိုင်း တင်လိုသည်မှာ၊ ယခင်ရှေးက၊ စာရင်းတွင် ဖော်ပြသည့်၊ မင်းတောဇ စေတီ တော်မြတ်၊ သင်္ဂါရစက်မီး၊ သူဖျက်ဆီး၍၊ ပျက်ယွင်း ယိုလတ်သည်ကိုလည်း၊ ချန်လှပ်၍ မထားတော့ပြီ။ ဤ မိုးမိတ်ကော်မတီကပင်၊ဦးချီဆောင်ရွက်၊ဘုရားဒါယကာ၊ အသီးသီးပေါ်ထွက်သဖြင့်၊ အထက်စေတီတော်ကြီးများ နှင့် မခြား၊ ခမ်းနားစုံလင်၊ ဤ အုတ်မြစ်ချပွဲကြီးသဘင်၊ သိုက်မြိုက်စွာဆင်ယင်၍၊ အရှင်နာယကဆရာတော်ကြီး များ၊ ကော်မတီလူကြီးမင်းများ၊ ရှင် လူပရိသတ်များဖြင့်၊ ဘုရားဒကာခံကြသည့်၊

၁။ သမင်ခြံရွာ ဦးစံခ

၂။ ရင်း ဦးရာကျော်

၃။ ညောင်ရွှေမြို့ အင်းလေး ဦးလှ+ဒေါ်သန်းကြည်

၄။ ရန်ကုန်မြို့ ဘောက်ထော်ရပ် ဗိုလ်မှူး ဦးတင်လှ နှင့် ဇနီးတို့က၊ သီးသီးကိုယ်စီ၊ရွှေအုတ် ငွေအုတ်၊ပတ္တမြား အုတ်တို့ကို၊ ပိုက်ထုပ်ကာ ပွဲ့ချီလျက်၊ သျှန္တိမင်္ဂလာ၊ ဇေယျာအမတ၊ ခါကောင်းရသော၊ ယခု ၁၃၂၆-ခုနှစ်၊ တော်သလင်းလပြည့်နေ့ နံနက် စက် ( ) နာရီ ( ) မိနစ် အချိန် ဝယ် ဒေဝိန္ဒရာဇ်၊ တစ်သောင်း တိုက် ကြီး၊

ညောင်းလှိုက်ဟည်းအောင်၊ ကောင်းချီးသံ ချွေ ဟစ်၍၊ အုတ်မြစ်တော်ချ၊ ဤမဟာကုသလကို၊ ကြွရောက်လာသူ၊ ရှင်ရှင်လူတို့သည်၊ ဖြူစင်သောစေတနာ၊ ကုသိုလ်ဇော ဝေဖြာလျက်၊ ထောမနာနှုတ်ခွန်း၊ ဗြဟ္မာမဟာဂုတ်၊ ဘဝင် လှုပ်အောင်၊ လက်ခုပ်သံ အောင်ပတ္တနာဆုဖြင့်၊ အောင် သာခု ညွှန်းကြစေကုန်သတည်း။

၁၃၂၆-ခုနှစ်၊ တော်သလင်းလပြည့်နေ့

**အာဒိကမ္မိက ဝဍ္ဎသကာထေရ်**

သီကုံးထောမနာသည်။

[တိပိဋကဓရ ဆရာတော်ဘုရားကြီးသည် ဒကာ ဒကာမ တို့အား သံဝေဂ သတိတရား ရရှိကြပါစေရန်၊ သုတ္တန် ပိဋကတ်တော်မှ သင့်လျော်ရာရာ သုတ်တော်များကို လွယ်ကူစွာ နှုတ်ရကျက်မှတ် ရွတ်ဖတ် ဆောင်ရွက်နိုင်ကြ ပါစေရန် မြန်မာပြန် သံပေါက် ကဗျာ၊ လင်္ကာများ ဖွဲ့ဆို သီကုံးတော်မူကာ ဟောကြားချီးမြှင့်တော်မူပါသည်။

ဤသို့ ကျက်မှတ်လိုသူ၊ သုတေသီ ပုဂ္ဂိုလ်များအတွက် သုတ္တန်ပိဋကတ်ပါဠိတော်ကိုအဋ္ဌကထာနှင့်ညှိ၍ အဓိပ္ပာယ် ထိမိအောင် သီကုံးစပ်ဆိုတော်မူသည့် သုတ်တော်အချို့ကို ထည့်သွင်း ဖော်ပြပါမည်။]

## မူလပဏ္ဏာသ ပါဠိတော

## ဝမ္မိကသုတ် မြန်မာပြန် လင်္ကာ

၁။ ငါးခန္ဓာကို၊ တောင်ပို့ဆိုလေ့။

၂။ ညဉ့်ကိုလုပ်မျိုး၊ ကြံစည်ပျိုးသည်၊ အခိုးလူလူ၊ ထွက်သောဟူ၏။

၃။ နေ့မူကိုယ်နှုတ်၊ ထိုထိုအလုပ်၌၊ အားထုတ် ကျင့်ဆောင်၊ မီးတောက်လောင်၏။

၄။ ဘုန်းခေါင်ထွတ်ထား၊ မြတ်ဘုရားမူ၊ ပုဏ္ဏား ဆရာ၊ ဟောမိန့်မှာ၏။

၅။ ယောဂါဝစရ၊ ပုဂ္ဂလမူ၊ သိဿညာဏ်ရှိ၊ စံတပည့်တည့်။

၆။ ဝိပဿနာ၊ မဂ်ပညာကား၊ ထက်စွာတူရှင်း။

၇။ အားထုတ်ခြင်းမူ၊ တူးခြင်းခေါ်ရာ။

၈။ အဝိဇ္ဇာကား၊ ပိတ်ကာမင်းတုံး၊ စံတန္တုန်း တည်း။

၉။ ကုန်းကုန်းထကြွ၊ မျက်ကောမူ၊ ဖွားပွဟူ၏။

၁၀။ ယုံမှားရှိသား၊ ဝိစိကိစ္ဆာ၊ လမ်းနှစ်မြွာတည့်။

၁၁။ ငါးဖြာနီဝရဏ၊ ရေစစ်ပြလော့။

၁၂။ ပဥ္စုပါဒါ၊ နက္ခန္ဓာတို့၊ ပမာလိပ်ပုံ၊ ဟောမိန့် တုံရှင့်။

၁၃။ အာရုံငါးချက်၊ ကာမစက်မူ၊ သန်လျက်ပုံနှုန်း၊ စဉ်းတီတုံးတည့်။

၁၄။ သားတုံးဟူဘိ၊ ဧွဲကပ်ငြိသား၊ နန္ဒိရာဂ၊ စွန့်ခွာ ချမှု။

၁၅။ အာသဝကင်းကွာ၊ ရဟန္တာမူ၊ ပမာနဂါး၊ ဟောခဲ့ကြားသည်၊ ဆယ့်ငါးပြဿနာ မှတ်ရာ တည်း။

ဤကဲ့သို့ သုတ်တော်များကို ပါဠိတော်နှင့် အဋ္ဌကထာ ငုံမိခြုံမိအောင် တိကျစွာ ရေးသား စပ်ဆို ဟောကြား ချီးမြှင့်တော်မူပါသည်။

## ဥပရိပဏ္ဏာသပါဠိတော် စူဠကမ္မဝိဘင်္ဂသုတ်
## မြန်မာပြန် သံပေါက်ကဗျာ

၁။ ပါဏာတိပါတ်၊ သူ့သက်သတ်၊ တိုလတ်သက်ဇီဝါ။

၂။ ရိုက်ပုတ်ညှဉ်းဆဲ၊ ဒေါသကဲ၊ ထူးကဲ နာရောဂါ။

၃။ အမျက်ဒေါသ၊ ခြောင်းခြောင်းထ၊ မလှရုပ်ဆင်းပါ။

၄။ မနာလိုငြား၊ သူ့လာဘ်များ၊ နည်းပါးခြွေရံမှာ။

၅။ မစွန့်ရပွား၊ မလှူငြား၊ နည်းပါး ကိုယ့်ဥစ္စာ။

၆။ မန္တံမကျိုး၊ မာနအိုး၊ အမျိုးယုတ်တတ်စွာ။

၇။ မေဟာထူပြွမ်း၊ မမေးမြန်း၊ ဉာဏ်ကန်း ဒုပ္ပညာ။

၈။ ထိုမှအပြန်၊ ကောင်းကျိုးမှန်၊ ဝေဖန်သိအပ်စွာ။

၉။ ယုတ်မြတ်ရှစ်ခန်း၊ လူ့ထိပ်ပန်း၊ ခွဲခြမ်း ဟောမိန့်မှာ။ ။

❀

ဥပရိပဏ္ဏာသပါဠိတော် အနာထပိဏ္ဍိကောဝါဒသုတ်

## မြန်မာပြန် လင်္ကာ

မျက်စိတွင်မည်၊ ရုပ်အကြည်ကား၊ မြင့်ရှည်ကာလ၊ မတည်ထဘဲ၊ ခဏဖြစ်လျက်၊ ခဏပျက်၏။ ဖြစ်ပျက်နှစ်တန်၊ နှိပ်စက်ဒဏ်ဖြင့်၊ တရံမစဲ၊ လွန်ဆင်းရဲ၏။ ခိုင်မြဲကျောမာ၊ နှစ်မပါဘူး။ ပညာစက္ခု၊ မြော်ထောက်ရှုလျှင်၊ သုညသဘာဝ၊ အနိစ္စနှင့်၊ ဒုက္ခ၊ အနတ္တာ၊ မှန်လှစွာ၏။ ငါ ငါ့ဥစ္စာ၊ ငါ့လိပ်ပြာတို့၊ ဘာတစ်ခုမျှ၊ မဟုတ်ကြသည်၊ ဓမ္မသက်သက်ပါတကား။

နားဟုတွင်မည်၊ ရုပ်အကြည်လည်း၊ မြင့်ရှည်ကာလ၊
(အထက်ပါအတိုင်း ဆက်ဆိုပါ)

နှာခေါင်း တွင်မည်၊ ရုပ်အကြည်လည်း၊ ။
လျှာဟု တွင်မည်၊ ရုပ်အကြည်လည်း၊ ။
ကိုယ်ဟု တွင်မည်၊ ရုပ်အကြည်လည်း၊ ။
မနော တွင်မည်၊ ရုပ်အကြည်လည်း၊ ။

### အာရုံ ၆-ပါး

အဆင်း တွင်မည်၊ ရုပ်ထိုဤကား ။
အသံ တွင်မည်၊ ရုပ်ထို ဤလည်း ။
အနံ့ တွင်မည်၊ ရုပ်ထို ဤလည်း ။
အရသာ တွင်မည်၊ ရုပ်ထို ဤလည်း ။
အတွေ့ တွင်မည်၊ ရုပ်ထို ဤလည်း ။
ဓမ္မ တွင်မည်၊ ရုပ်နာမ်သည်လည်း ။

## ဝိညာဏ် ၆-ပါး

မျက်စိ၌ မှီ၊ ဝိညာဏ်သည်ကား (အထက်ပါအတိုင်း)
နား၌စွဲ မှီ၊ ဝိညာဏ်သည်လည်း ॥
နှာခေါင်း၌ မှီ၊ ဝိညာဏ်သည်လည်း ॥
လျှာ၌ စွဲမှီ၊ ဝိညာဏ်သည်လည်း ॥
ကိုယ်၌ စွဲမှီ၊ ဝိဉာဏ်သည်လည်း ॥

## ဖဿ ၆-ပါး

မနော တွင်မည်၊ ဝိညာဏ်သည်လည်း ॥
မျက်စိ ၌မှီ၊ အတွေ့သည်ကား ॥
နား၌ စွဲမှီ၊ အတွေ့သည်လည်း ॥
နှာခေါင်း ၌မှီ၊ အတွေ့သည်လည်း ॥
လျှာ၌ စွဲမှီ၊ အတွေ့သည်လည်း ॥
မနော၌ မှီ၊ အတွေ့သည်လည်း ॥

## ဝေဒနာ ၆-ပါး

မျက်စိအတွေ့၊ တွဲယှဉ်၍လျှင်၊ ဖြစ်လေ့ပွားစည်၊
ဝေဒနာသည်ကား ॥
နား၌ အတွေ့၊ တွဲယှဉ်၍လျှင်၊ ॥
ဖြစ်လေ့ပွားစည်၊ ဝေဒနာသည်လည်း၊ ॥
နှာခေါင်း အတွေ့၊ တွဲယှဉ်၍လျှင်၊ ॥
လျှာ၌ အတွေ့၊ တွဲယှဉ်၍လျှင်၊ ॥
ကိုယ်၌ အတွေ့၊ တွဲယှဉ်၍လျှင်၊ ॥
မနော အတွေ့၊ တွဲယှဉ်၍လျှင်၊ ॥

## ဓာတ် ၆-ပါး

အကြမ်းအနု၊ နှစ်ခုပထဝီ
မြေဓာတ်သည်ကား (အထက်ပါအတိုင်း)
ဖွဲ့သော စီးသော၊ အာပေါနှစ်မည်၊
ရေဓာတ်သည်ကား ။
ပူသော အေးသော၊ တေဇောနှစ်မည်၊
မီးဓာတ်သည်ကား ။
ပျော့သော မာသော၊ ဝါယောနှစ်မည်၊
လေဓာတ်သည်ကား ။
ကလာပ်ခြားမှု၊ အာကာသမည်၊
ထိုဓာတ်သည်လည်း ။
မြင်, ကြား, နံ, စား၊ ထိ,သိအားဖြင့်၊ ခြောက်ပါးဓာတ်မည်၊ ဝိညာဏ်သည်ကား၊

## ခန္ဓာငါးပါး

ရုပ်ဟု တွင်မည်၊ ခန္ဓာသည်ကား ။
ဝေဒနာ မည်၊ ခန္ဓာသည်လည်း ။
သညာ တွင်မည်၊ ခန္ဓာသည်လည်း ။
သင်္ခါရ မည်၊ ခန္ဓာသည်လည်း ။
ဝိညာဏ်ခြောက်မည်၊ ခန္ဓာသည်လည်း ။

## အရူပဈာန် ၄-ပါး

အာကာ တွင်မည်၊ ဈာန်စိတ်သည်ကား ။
ဝိညာဉ် တွင်မည်၊ ဈာန်စိတ်သည်လည်း ။
အာကိဉ် တွင်မည်၊ ဈာန်စိတ်သည်လည်း ။
နေဝ တွင်မည်၊ ဈာန်စိတ်သည်လည်း ။

## စည်းစိမ် ၂-ပါး

ဤဘဝတည်၊ စည်းစိမ်သည်ကား ။
တမလွန်၌တည်၊ စည်းစိမ်သည်ကား ။

## နိဂုံးဒီဝါရ

မြင်အပ်ကြားအပ်၊ ရောက်သိအပ်ဟု၊ လေးရပ်တွင်မည်၊ ရုပ်နာမ်သည်လည်း၊ မြင့်ရှည်ကာလ၊ မတည်ထဘဲ၊ ခဏဖြစ်လျက်၊ ခဏပျက်၍၊ ဖြစ်ပျက်နှစ်တန်၊ နှိပ်စက်ဒဏ်ဖြင့်၊ တရံမစဲ၊ လွန်ဆင်းရဲ၍၊ ခိုင်မြဲကျော မာ၊ နှစ်မပါဘူး။ ပညာစက္ခု၊ မြော်ထောက်ရှုလျှင်၊ သူ့သဘာဝ၊ အနိစ္စနှင့်၊ ဒုက္ခ အနတ္တာ၊ မှန်လှစွာ၏။ ငါငါ့ဥစ္စာ၊ ငါ့လိပ်ပြာတို့၊ ဘာတစ်ခုမျှ၊ မဟုတ်ကြသည်၊ ဓမ္မသက်သက်ပါတကား။

❀

သဒ္ဓါယတနသံယုတ် အာသီဝိသောပမသုတ်

## မြန်မာပြန် လင်္ကာ ဆောင်ပုဒ်

(တရားနှလုံးသွင်း ဆင်ခြင်ရာ၌ ပေါ်လွင်ထင်ရှားစေရန် လွယ်ကူသော အသုံးအနှုန်းတို့ဖြင့် အဓိပ္ပာယ်တိကျစွာ သီကုံး ဖွဲ့ဆိုတော်မူထားပေသည်။)

ကံမင်းတရား၊ လူဆိုးအားကို၊ သုံးပါးဝဋ်နှောင်၊ ဘဝထောင်၌၊ လေးကောင်မာတ်မြွေ၊ နှင်းအပ်ပေ၏။

ပရမေဗုဒ္ဓါ၊ မိတ်ကောင်းမ၍၊ ဘဝဝဋ်နှောင်၊ မြွေလေးကောင်မှ၊ လွတ်အောင်ရုန်းထွက်၊ ပြေးပါလျက်လည်း၊ လက်နက် ကိုယ်စီ၊ စွဲကိုင်ချီ၍၊ လောကီခန္ဓာ၊ ငါးဖြာဟူသား၊ သူသတ်များနှင့်၊ ထံပါးကပ်ကာ၊ သတ်ခွင့် ရှာသည်၊

တဏှာခေါ်မှတ်၊ တွင်းလူသတ်တို့၊ ထက်ကြပ်မကွာ၊ လိုက်လျက်လာ၏။

ရွာပျက်ကြီးနှယ်၊ ရှေ့ခြောက်သွယ်ကား၊ ကိုးကွယ်မရ၊ ဆိတ်သုဉ်းလှ၏။

ဒမြတပ်သား၊ နောက်ဆင့်ပွားသည်၊ ခြောက်ပါးအာယတန၊ သောင်းကြမ်းလှခဲ့။

ဩဃလေးသွယ်၊ ရေနက်ကျယ်၏၊ ဤ၀ယ်ဘက်ကျ၊ သက္ကာယကား၊ များလှဘေးဘျမ်း၊ ရန်သူပြွမ်း၏။

ရှစ်ခန်းသောမဂ်၊ ဖောင်ဖွဲ့ယှက်၍၊ ခြေလက်ဝီရိယ၊ ကူးခပ်မှလျှင်၊ ဘ၀မှာကမ်း၊ နိဗ္ဗူနန်းသို့၊ ကူးသန်းထုတ်ခြောက်၊ ဘေးလွတ်မြောက်မည်၊ ကြိုးထောက်သင့်လှပြီတကား။

ဤကဲ့သို့သုတ်တော်များကို ဒကာဒကာမတို့ မှတ်သားဆောင်ယူနိုင်စေရန်၊ မြန်မာပြန်လင်္ကာ စသည်ဖြင့် ရေးသားချီးမြှင့်တော် မူခြင်း၊ ပါဠိတော် ဂါထာများ ကို ပြောင်မြောက်ထူးခြား၊ခန့်ညားသိမ်မွေ့၊ အတွေ့အဆက်နှစ်သက်ဆန်းကြယ်သော အနက်သွားတို့ဖြင့် ရေးသားချီးမြှင့်တော်မူခြင်းတို့ကား စုံလင်စွာ တင်မပြနိုင်အောင် အလွန်လျှင် များပြားလှပါကုန်၏။

ဥပ္ပါဒ၀ယဝန္တတာယ = ဖြစ်လျှင်ပျက်ရ၊
တာ၀ကာလိကတာယ = ခဏတည်ဟန်၊
ဝိပရိဏာမကောဋိယာ = ဖောက်ပြန်ပျက်ပြား၊
နိစ္စပဋိက္ခေပတော = ပယ်ရှား နိစ္စ=သဘာဝ၊
အနိစ္စံ = အနိစ္စ အကြောင်းလေး။

သန္တာပပစ္စယနေ = အမြဲပူပန်၊
ဒုက္ခမစ္စယနေ = အခံခက်ထ၊
ဒုက္ခဝတ္ထုကစ္စယနေ = ဒုက္ခတည်ရာ၊
သုခပဋိက္ခေပစ္စယနေ = ပယ်ခွာသုခ-သဘာဝ၊
ဒုက္ခံ = ဒုက္ခအကြောင်းလေး။

အဝသဝတ္တနစ္စယနေ = လိုမလိုက်အင်၊
အသာမိကစ္စယနေ = အရှင်မဲ့ထုံး၊
သုညတစ္စယနေ = ဆိတ်သုဉ်းကာရကာ၊
အတ္တပဋိက္ခေပစ္စယနေ = ပယ်ခွာအတ္တ-သဘာဝ၊
အနတ္တာ = အနတ္တအကြောင်းလေး။

## ဝိပဿနာ ရှုနည်းလင်္ကာ

၁။ မြင်အပ်မြင်တတ်၊ ဤနှစ်ရပ်၊ ဓာတ်စု မှန်ဒိဋ္ဌ။
ပုဂ္ဂိုလ်မဟုတ်၊ ငါမဟုတ်၊ နာမ်ရုပ်အစုမျှ။
ဖြစ်ပြီးလျှင်ပျက်၊ သူ့အနက်၊ သက်သက် အနိစ္စ။
အဖြစ်အပျက်၊ လွန်နှိပ်စက်၊ သက်သက် မှန်ဒုက္ခ။
လိုမပါချက်၊ သူ့အနက်၊ သက်သက် အနတ္တ။

၂။ ကြားအပ်ကြားတတ်၊ ဤနှစ်ရပ်၊ ဓာတ်စု မှန်**သုတ**။
ပုဂ္ဂိုလ်မဟုတ်၊ ငါမဟုတ်၊ နာမ်ရုပ် အစုမျှ။

ဖြစ်ပြီးလျှင်ပျက်၊ သူ့အနက်၊ သက်သက် အနိစ္စ။
အဖြစ်အပျက်၊ လွန်နှိပ်စက်၊ သက်သက် မှန်ဒုက္ခ။
လိုမပါချက်၊ သူ့အနက်၊ သက်သက် အနတ္တ။

၃။ ရောက်အပ်ရောက်တတ်၊ ဤနှစ်ရပ်၊ ဓာတ်စုမှန်မုတ။
ပုဂ္ဂိုလ်မဟုတ်၊ ငါမဟုတ်၊ နာမ်ရုပ်အစုမျှ။
ဖြစ်ပြီးလျှင်ပျက်၊ သူ့အနက်၊ သက်သက် အနိစ္စ။
အဖြစ်အပျက်၊ လွန်နှိပ်စက်၊ သက်သက် မှန်ဒုက္ခ။
လိုမပါချက်၊ သူ့အနက်၊ သက်သက် အနတ္တ။

၄။ သိအပ် သိတတ်၊ ဤနှစ်ရပ်၊ ဓာတ်စု ဝိညာတ။
ပုဂ္ဂိုလ်မဟုတ်၊ ငါမဟုတ်၊ နာမ်ရုပ်အစုမျှ။
ဖြစ်ပြီးလျှင်ပျက်၊ သူ့အနက်၊ သက်သက်အနိစ္စ။
အဖြစ်အပျက်၊ လွန်နှိပ်စက်၊ သက်သက် မှန်ဒုက္ခ။
လိုမပါချက်၊ သူ့အနက်၊ သက်သက် အနတ္တ။

ဦးဝိစိတ္တသာရာဘိဝံသ
ဓမ္မနာဒတိုက်၊ မင်းကွန်း။

ကျေးဇူးတော်ရှင် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက
အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ
မင်းကွန်း ဓမ္မနာဒ ဆရာတော်ဘုရားကြီး
ရေးသား ချီးမြှင့်တော်မူအပ်သော မေတ္တသုတ်တော်လာ
မေတ္တာပွားနည်း ၁၁-နည်း

## မြန်မာပြန် ဆောင်ပုဒ်များ

သဗ္ဗသင်္ဂါဟက မေတ္တာဘာဝနာ ပွားနည်း

၁။ လုံးစုံများစွာ၊သတ္တဝါ၊ချမ်းသာကိုယ်စိတ်မြဲပါစေ၊
ဥပဒ်ရန်ဘေး၊ကင်းစင်ဝေး၊ ငြိမ်းအေးကြပါစေ။

ဒုကမေတ္တာ ဘာဝနာပွားနည်း ၄-မျိုး

ကြောက်တတ် မကြောက်တတ်၊
မမြင်အပ် မြင်အပ် နီး-ဝေး။
သန္တေ-ပဝတ္တိ၊ ရှိ-မရှိ၊ ပွားဘိ ဒုကွ လေး။

၁။ ကြောက်တတ်- မကြောက်တတ်၊ နှစ်ရပ်များစွာ၊
သတ္တဝါ၊ ချမ်းသာကိုယ်စိတ် မြဲပါစေ။
ဥပဒ်ရန်ဘေး၊ ကင်းစင်ဝေး၊ ငြိမ်းအေးကြပါစေ။

၂။ မြင်အပ်- မမြင်အပ်၊ နှစ်ရပ်များစွာ၊ သတ္တဝါ၊
ချမ်းသာကိုယ်စိတ် မြဲပါစေ။
ဥပဒ်ရန်ဘေး၊ ကင်းစင်ဝေး၊ ငြိမ်းအေးကြပါစေ။

၃။ ဝေးနေ-နီးနေ၊ နှစ်ထွေများစွာ၊ သတ္တဝါ၊ ချမ်းသာကိုယ်စိတ် မြဲပါစေ။
ဥပဒ်ရန်ဘေး၊ ကင်းစင်ဝေး၊ ငြိမ်းအေးကြပါစေ။

၄။ ဘဝဇာတ်ဆုံး၊ မဆုံးများစွာ၊ သတ္တဝါ၊ ချမ်းသာကိုယ်စိတ် မြဲပါစေ။
ဥပဒ်ရန်ဘေး၊ ကင်းစင်ဝေး၊ ငြိမ်းအေးကြပါစေ။

တိကမေတ္တာဘာဝနာ ပွားနည်း ၃-မျိုး

ရှည်-ကြီး-အငယ်၊ ဆူကြုံဝယ်၊
သုံးသွယ်အလတ်စား။
သုံးပါးသုံးလီ၊ တိက်ဟုမည်၊ အညီမေတ္တာပွား။

၁။ ရှည်-တို-အလတ်၊ သုံးရပ်ခန္ဓာ၊ သတ္တဝါ၊ ချမ်းသာကိုယ်စိတ် မြဲပါစေ။
ဥပဒ်ရန်ဘေး၊ ကင်းစင်ဝေး၊ ငြိမ်းအေးကြပါစေ။

၂။ ကြီး-ငယ်-အလတ်၊သုံးရပ်ခန္ဓာ၊သတ္တဝါ၊ချမ်းသာကိုယ်စိတ် မြဲပါစေ။
ဥပဒ်ရန်ဘေး၊ ကင်းစင်ဝေး၊ ငြိမ်းအေးကြပါစေ။

၃။ ဆူ-ကြုံ-အလတ်၊ သုံးရပ်ခန္ဓာ၊ သတ္တဝါ၊ ချမ်းသာကိုယ်စိတ် မြဲပါစေ။
ဥပဒ်ရန်ဘေး၊ ကင်းစင်ဝေး၊ ငြိမ်းအေးကြပါစေ။

အဘိဘာဒုက္ခာနာဂမ ပတ္ထနာ မေတ္တာပွားနည်း ၃-မျိုး

၁။ လူအချင်းချင်း၊ လှည့်ပတ်ခြင်း၊
ကင်းရှင်းကြပါစေ။

၂။ အထင်သေးခြင်း၊ အချင်းချင်း၊ ကင်းရှင်းကြပါစေ။

၃။ ဆင်းရဲလိုခြင်း၊ အချင်းချင်း၊ ကင်းရှင်းကြပါစေ။

မေတ္တသုတ်တော်လာ မေတ္တာပွားနည်း ၁၁-နည်း ပြီးပါပြီ။

❀

## ထိနမိဒ္ဓ (ငိုက်မျည်းခြင်း) ပယ်ဖျောက်ကြောင်း တရား

## ခုနစ်ပါး လက်ာ

၁။ **ပယ်ဖျောက်သညာ** (တရားနှလုံးသွင်းယင်း ငိုက်မျည်းလာလျှင် မူလ နှလုံးသွင်းရင်း သညာကို နှလုံးမသွင်းရ၊ ဥပမာ- အနိစ္စ သညာကို နှလုံးသွင်းယင်း ငိုက်မျည်းလာလျှင် ထို အနိစ္စ သညာကို ခေတ္တ ရပ်ဆိုင်းထားရမည်။)

၂။ **စာနှလုံးသွင်း** (ဤနည်းဖြင့်မှ မရလျှင် မိမိ သင်ကြား လေ့လာ ထားသော ပရိယတ်စာပေများကို စိတ်ဖြင့် အဖန်ဖန် ကြံစည် နှလုံး သွင်း ရမည်၊ မိမိ နှုတ်တက် ရရှိထားသော ဓမ္မစကြာ, အနတ္တလက္ခဏာသုတ် စသည်ကို စိတ်ဖြင့်ကြံစည်ရမည်။)

၃။ ဂါအလျှင်းတည့် (ဤနည်းဖြင့်မှမရလျှင် မိမိ သင်ကြား လေ့လာ ထားသော ပရိယတ်စာပေများကို အကျယ် နှုတ်မြွက်၍ ရွတ်ဆိုရမည်။)

၄။ နားပျဉ်း ကိုယ်သပ် (ဤနည်းဖြင့်မှမရလျှင် မိမိ၏ နားပျဉ်း နားရွက်ကို လက်ဖြင့် ဆွဲရမည်၊ ကိုယ်ကို လက်ဖြင့် အဖန်ဖန် ပွတ်သပ် ပေးရမည်။)

၅။ အရပ်ရှုမျှော် (ဤနည်းဖြင့်မှ မရလျှင် နေရာမှ ထ၍ မျက်နှာသစ်ပြီးလျှင် အရပ် မျက်နှာ နက္ခတ် ကြယ်တာရာ တို့ကို ကြည့်ရှုရမည်။)

၆။ အာလောကပွား (ဤနည်းဖြင့်မှ မရလျှင် အာ လောက သညာကို ပွား များ ရ မည်။၊နေ့အခါဖြစ်လျှင်နေရောင် ကိုရှု၍ ညဥ့်အခါဖြစ်လျှင် လ ရောင်ကို ရှု၍ (လ မရှိ လျှင် ဆီမီးရောင် စသည်ကို ရှု၍) 'အာ လောကော၊ အာ လော ကော= အလင်းရောင်၊ အလင်းရောင်' ထူ၍ အဖန်ဖန် ရွတ်ပွား နှလုံး ထားရမည်။)

၇။ စကြံသွား (ဤနည်းဖြင့်မှ မရလျှင် ဣန္ဒြေတို့ကို ချုပ်တည်း၊ စိတ်ကိုလည်း ကိုယ်တွင်း၌သာ ထား၍ လူးလာတုန့်ခေါက် စကြံလျှောက်ရမည်။)

## ခုနစ်ပါး ငိုက်မျည်းပျောက်ကြောင်းတည်း။

ဤခုနစ်ပါးသော နည်းအဆင့်ဆင့်ဖြင့် ငိုက်မျည်းခြင်းကို ပယ်ဖျောက်၍ မရလျှင် ကရဇ ခေါ်ဆို၍ ဤရုပ်ကိုယ်မှာ ပင်ပန်းလှပြီဖြစ်၍ အနားပေးရန် အချိန်တန်ရကား လက်ယာနံတောင်းဖြင့် လျောင်းကာ လက်ဝဲခြေကို လက်ယာခြေ၏ရှေ့သို့ အနည်းငယ် လွန်စေ၍ သတိသမ္ပဇဉ် လက်မလွတ်ပဲ 'ဤမည်သော အချိန်ကျလျှင် ငါထမည်' ဟူသော အမှတ်ကို နှလုံးသွင်း၍ ခြသေ့်မင်းပမာ တည်ကြည်စွာ အိပ်စက်ရမည်။ အိပ်ရာမှ နိုးလျှင် နိုးခြင်း 'စင်း၍ နေသော ချမ်းသာ၊ စောင်း၍ နေသော ချမ်းသာ၊ ငိုက်မျည်း၍နေသော ချမ်းသာတို့ကို ငါမခံစားဘူးဟဲ့' ဟု စိတ်ကိုတင်းလျက် လျှင်မြန်စွာ ထရမည်)။

[ဤကား သတ္တကနိပါတ် အင်္ဂုတ္တိုရ်၊ပစလာယနသုတ်လာ ငိုက်မျည်းခြင်း ပယ်ဖျောက်ကြောင်းတရား ခုနစ်ပါးတည်း]။

❀

## သမ္ပရိုသဒါန ငါး ပါး

၁။ ။သဒ္ဓါဒါန=

ကံနှင့် ကံ၏ အကျိုးတရားတို့၌ သက်ဝင် ယုံကြည်မှု သဒ္ဓါတရား ထက်ထက်မြက်မြက်ထား၍ လှူခြင်း။

၂။ ။သက္ကစ္စဒါန=

လှူဖွယ်ဝတ္ထုကို သပ်သပ်ရပ်ရပ်ပြု၍ လည်းကောင်း၊ အလှူခံပုဂ္ဂိုလ်ကို အရိုအသေပြု၍လည်းကောင်း လှူခြင်း။

၃။ ။ကာလဒါန=

သူ့အခါနှင့်သူ သိ၍ လှူခြင်း။ (ဥပမာ–ရဟန်းသံဃာအား နံနက်အခါ ဖြစ်လျှင် ဆွမ်း ခဲဖွယ် ဘောဇဉ်ကို လှူခြင်း၊ မွန်းလွဲအခါ ဖြစ်လျှင် အဖျော်ယမကာ စတုမဓု စသည်နှင့် ဝါဆိုလ၌ ဝါဆိုသင်္ကန်း၊ ကထိန်ကာလ၌ ကထိန်သင်္ကန်း စသည် လှူခြင်းမျိုးဖြစ်သည်။)

၄။ ။အနဂ္ဂဟိတဒါန=

လှူဖွယ်ဝတ္ထု၌ ငြိတွယ်သောစိတ် လုံးဝမရှိဘဲ မုတ္တစာဂ လွတ်လွတ်စွန့်ကြဲသော စေတနာ ရှေ့သွားပြု၍ လှူခြင်း။

## ၅။ အနုပဟစ္စဒါန =

မိမိ သူတစ်ပါး နှစ်ဦးသားတို့ကို မထိပါးမူ၍ လှူခြင်း။ (လောကဥ္စ စီးပွားရေး၊ လူမှုရေး၊ ပညာရေး စသည် ပြိုင်ဖက် ရှိတတ်သည်။ မိမိက အလှူဒါန ပြုသောအခါ ငါနှင့် စီးပွားရေး စသည် ပြိုင်ဖက် ငြေု ငါလို လှူနိုင်ရဲ့လား’ ဤကဲ့သို့ အောက်မေ့ နှလုံးသွင်း၍လှူလျှင် မိမိကိုယ်ကိုကား မြှောက်ပင့်ခြင်း=အတ္တုက္ကံသန လောဘဖြင့် ထိပါး၍ လှူသည်မည်၏။ ပြိုင်ဖက်လူ ငြေုကိုကား နှိမ်ခြင်း=ပရဝမ္ဘန ဒေါသဖြင့် ထိပါး၍ လှူသည် မည်၏။ ဤကဲ့သို့ မအောက်မေ့ဘဲ ‘ငါသည် ဥစ္စာစီးပွား၏ အနှစ်သာရ ဒါနကောင်းမှုကို ပြုရပေပြီ’ ဤသို့ စသည်ဖြင့် အောက်မေ့၍ လှူလျှင် မထိမပါး လှူသည်မည်၏။ ထိုကဲ့သို့သော အလှူမျိုးကို လှူရမည်ဟု ဆိုလို၏။)

### ထို သပ္ပုရိသဒါန ငါး ပါး အချုပ် လင်္ကာ

၁။ သဒ္ဓါကြည်ညို

၂။ ရိုသေလှုစွာ

၃။ အခါကိုသိ

၄။ မစွန်းငြိဘဲ

၅။ မထိမပါး လှူတုံငြား၊

ငါးပါး သပ္ပုရိသ မြတ်ဒါန။

ထို သပ္ပုရိသ ဒါနအရာ၌ လှူခြင်းကြောင့် စီးပွားဥစ္စာ ပေါများသော မင်း၊ ပုဏ္ဏား၊ သေဋ္ဌေး၊ သူကြွယ် ဖြစ်ရ၏။

၁။ သဒ္ဓါကြောင့် ရုပ်ရည်အဆင်း တင့်တယ်လှပ၏။
၂။ သက္ကစ္စကြောင့် သူ့စကားကို အများက နာယူကြ၏။
၃။ အခါကို သိခြင်းကြောင့် လိုအပ်သော အချိန်၌ လိုအပ်သောကောင်းကျိုးကို ဝှန်ဝှန်ဖြိုးဖြိုး အကျိုးပေး၏။
၄။ မစွန်းငြိခြင်းကြောင့် အကောင်းကို သုံးဆောင်ရ၏။
၅။ မထိပါးခြင်းကြောင့် ထိုထူ၏ စည်းစိမ်များကို ရန်သူမျိုး ငါးပါး တို့ အန္တရာယ် မပြုနိုင်ခြင်း အကျိုးများကို ထူး၍ ရရှိ၏။

## ထို၏ ဆိုင်ရာ လင်္ကာချုပ်ကား

၁။ သဒ္ဓါကြည်ရွှင်၊ လှူဒါန်းလျှင်၊ ရုပ်သွင်အဆင်းလှ။
၂။ ရိုသေသူငြား၊ သူ့စကား၊အများနာယူကြ။
၃။ အခါ သိသဖြင့်၊လှူတုံလင့်။ချိန်သင့် ကောင်းကျိုးရ။
၄။ မစွန်းငြိတောင်း၊ လှူတုံရှောင်း၊ အကောင်း သုံးဆောင်ရ။
၅။ မထိမပါး၊ လှူတုံငြားမူ၊ ထိုသည့်သူ၏၊ ပြောထူများပြား၊ စည်း စိမ် အား၊ ငါးပါး ရန် မ ခ။ သပ္ပုရိသ၊ ဒါနကျိုးဆက်၊ ဤငါးချက်၊ နှုတ်တက် ဆောင်ကုန်ကြ။

❀

## တိဏကုဋိဒါယက ထေရာပဒါန်နှင့်အညီ ဖွဲ့ဆိုအပ်သော

## ကျောင်းလှူအကျိုး ၇-ပါး တရားလင်္ကာ

သုံးတန်စေတနာ၊ ညီညွတ်စွာဖြင့်၊ မဟာသာသနိကာ၊ ဝိဟာရကျောင်း၊ တန်ဆောင်းအလှူ၊ ဆောက်လှူသူတို့၊ ကြီးထူကဲဝှန်၊ ကျိုးရဟန်ကို၊ ကျမ်းဂန် ထောက် ချင့်၊ နိဒါန်းဖွင့်သော်=

၁။ နတ်နှင့်လူနယ်၊ သန္ဓေတွယ်၍၊

၂။ စိတ်ဝယ်တောင့်တ၊ ဆောက်အုံရ၏၊

၃။ မထကြွက်သီး၊ ကိုယ်လည်းမလှုပ်၊ ကြောက်ရုပ် မထင်၊ ထိတ်လန့်စင်၏။

၄။ ခြင်္သေ့-သစ်-ကျား၊ သားရဲများနှင့်၊ ဖမ်းစားကလူ၊ နှိပ်စက်မူသား၊ တောသူ ဘုတ်-ပြိတ္တာ၊ အဆိပ် ထန် ပြင်း၊ မြွေနှင့်-ကင်းက၊ အ ဆင်း ဖောက် ပြန်၊ ကုမ္ဘဏ်-ရက္ခိုုသ်၊ နတ်မိုက်ရန်ပေါင်း၊ ဘေးလွတ် ရှောင်း၏။

၅။ မကောင်းအိပ်မက်၊ မမြင်မက်ဘူး။

၆။ ထင်လျက်သတိ၊ ခိုင်မြဲဘိ၍၊ ဝိသရိဏ်၊ ဖောက်ပြန် စိတ်ရင်း၊ ရူးသွပ်ခြင်းမှ၊ ရှင်းရှင်းလွတ်ရှောင်း၊ ကျိုးဆက်ကောင်း၏။

၇။ နောက်နှောင်းဘဝ၊ ပစ္ဆိမဝယ်၊ ဂုဏ်ကဲပို၊ အရဟတ္တဖိုလ်ဟု၊ ထိုထိုကျေးဇူး၊ လွန်ပြန့်ပြူးသည်၊ ဆောက်ဦး လှူကျိုး ခုနစ်တည်း။

# ထောမနာ
# ပဋ္ဌနာရစနာဂါထာတော်များ

အရှင်ဝိစိတ္တသာရ ရဟန်းဖြစ်စ ဝါမရမီ ရေးသားသည့်
၁၂၉၃-ခုနှစ်၊ မင်းကွန်း ဓမ္မနာဒကျောင်းတိုက်
ပစ္ဆိမဒိသာ ကုန်းမြင့်ဝေယံ အပူဇော်ခံလျက်ရှိသော
မနောမယ စေတီတော်မြတ် နှင့်
ဓမ္မနာဒဆရာတော်ဘုရားကြီး၏
မွေးနေ့ အလှူတော်မင်္ဂလာ

# ဗုဒ္ဓပူဇနီယ

## ပတ္ထနာရစနာဂါထာတော်များ

ရာဇာဂါရေ မဟာရညေ၊
မန္တလာ ပစ္ဆိမုတ္တရေ။
ဓမ္မနာဒမှိ နာမေန၊
စေတိယံ တံ မနောမယံ။

ရာဇာဂါရေ=ဘိုးတော်ဘုရင် ကြည်ရှင်စံမြန်း ခေတ္တာနန်းကို မှတ်တမ်းရည်ညွှန်း မင်းကွန်း အမည်ရှိထသော။ မန္တလာ = မန္တလဟု ဘွဲ့ရတွင်မည် မင်းနေပြည်မှ။ ပစ္ဆိမုတ္တရေ = အနောက်မြောက်ယွန်း အထောင့်စွန်းလည်း ဖြစ်ထသော။ မဟာရညေ = တောင်မြောင်ချောင်ပတ် ထပ်ထပ်ရစ်သွယ် ကျယ်ပြန့်သော တောကြီးအလယ်၌။ ဓမ္မနာဒမှိ=စာချစာအံ တရားသံတို့ ဖန်ဖန်ခေါက်ခေါက်

ဟိန်းဟောက်ကြုံးပရာ မမ္မနာဒ နာမတွင်ဟည်း တိုက်တော်ကြီး၌။ တံ စေတိယံ=ရှုတိုင်းသပ္ပာယ် တင့်တယ်လျောက်ပတ် ထိုစေတီတော်မြတ်သည်။ နာမေန=ခေါ်ဝေါ်စရာ မင်္ဂလာကြိုက်ညီ ဘွဲ့တော် အမည်အားဖြင့်။ မနောမယံ=ပတ္တမြားအသွင် ကျောက်မျက်ရှင်သို့ လိုအင်ဆန္ဒ ဟူသမျှတို့ အရမနှေး ပေးတော်မူတတ် ဗျူပွတ်အရ အနွတ္ထကြောင့် 'မနောမယ'တွင်ညီ မြစေတီ မည်တော်မူပ ါပေ၏ဘုရား။

ဒိဗ္ဗန္တံ့ ဒွိဟိ စက္ကေဟိ၊
သောဘေန္တံ့ သေလမုဒ္ဓနိ။
နဝဂ်ဌသတံ လုတ္တံ၊
သမ္ပတ္တာနံ မနောဟရံ။

တံ စေတိယံ=ထိုမနောမယ မြဘွဲ့သညီ စေတီတော်မြတ်သည်၊ ဒွိဟိ စက္ကေဟိ=ထင်လင်းသတ်မှတ် နှစ်ရပ်သောစက်တို့ဖြင့်။ ဒိဗ္ဗန္တံ=ရှုချင်စဖွယ် တင့်တယ်တောက်ပတော်မူပ ါပေ၏။ သေလမုဒ္ဓနိ=ဂူချောင်အဝင် တောင်ထိပ်ပြင်၌။ သောဘေန္တံ = ရှုတိုင်း တင့်တယ် အလွန်သပ္ပာယ်တော်မူပ ါပေ၏။ နဝဂ်ဌ သတံ လုတ္တံ=ဂြိုဟ်စဉ်ခပင်း တစ်ရာ့ရှစ်နဝင်းလည်း ကျေတော်မူပ ါပေ၏။ သမ္ပတ္တာနံ=ရောက်လာကုန်သူ နတ်နှင့်လူတို့၏။ မနော-ဟရံ=စိတ်နှလုံးကို ယူကျုံးတော်မူနိုင်ပ ါပေ၏။

အာစေရောဒယ ကာလောတိ၊
ဧသော ကတ္ဂာန လက္ခဏံ။
သမဂ္ဂါ သမတ္တန္တာ စ၊
မယံ ဘန္တေ ယထာသကံ။

သမီဟာ ဒေဒမ ခါတ္တဂ္ဂီ၊
နာဋ္ဌိကေရိက ဘောဇနံ။
ဝဏ္ဏာ ဂန္ဓ ရသောပေတံ၊
ပုပ္ဖဒါမာဒိ ဝါရိတံ။

ဘန္တေ=သုံးလူ့ သခင် ရှင်ပင်မြတ်ဘုရား။ မယံ=တပည့်တော်တို့သည်။ ဒေသော = နှစ်, လ, ရက်ဖြင့် ချင့်တွက်တူရာ ဤအခါသည်ကား။ အာ စေ ရော ဒ ယ ကာ လောတိ=ငါတို့ဆရာ ကောင်းစွာကြည်လင် မီးသန့်စင်သောအခါတော်ပါပေတည်း ဟု။ လက္ခဏံ=မင်္ဂလာကျက်သရေ တိုးတက်ဝေ၍ ထွေထွေတင့်ဖြိုး ကုသိုလ်မျိုးကို ကြိုးပမ်းနိုင်ကြောင်း ကောင်းမြတ်သော အမှတ်လက္ခဏာကို။ ဇတွာန=အလေးဂရုပြုပြီး၍။ သမဂ္ဂါ=ကိုယ်နှင့်ရောပြွမ်း ဝန်ထမ်း ခိုင် ကျည် ညီညွတ်ကြကုန်လျက်။ သမစ္ဆန္ဒာ စ=စိတ်ထားမထောင့် ဖြူဖြောင့်ပျမ်းမျှ ဆန္ဒတူညီစွာသာလျှင်။ ယထာသကံ = စာသင်သားတို့၏ စွမ်းအားအလိုက်နှင့်ညီစွာ။ သမီဟာ = မပြီးမဆုတ် အားထုတ်ကြပါကုန်၍။ ပုပ္ဖဒါမာဒိ ဝါရိတံ=ပန်းဆိုင်းစသည် အလီလီတို့ဖြင့် ခြယ်စီခြံရံအပ်ထသော။ ဝဏ္ဏာ ဂန္ဓ ရသော ပေတံ = အဆင်း, အနံ့, သင်းပျံ့လှစွာ အရသာလည်း ရှိထသော။ နာ ဋ္ဌိ ကေ ရိ က ဘောဇနံ=အုန်းနို့ရောပြွမ်း ဒန်ပေါက်ဆွမ်းကို လည်းကောင်း။ ခါတ္တဂ္ဂိဥ္စ=တောက်လျှံထိန်ညီး ခါတ်မီး ခါတ်ပန်းကိုလည်းကောင်း။ ဒေဒမ=သဒ္ဓါတင့်ဆန်း လန်းကြီးလန်းလျက် လှူဒါန်းဆက်ကပ်ပါကုန်၏ ဘုရား။

ပဿန္တေ ဥဂ္ဂစ္ဆေ လေခေ၊
ကထေန္တေ ပိဋကတ္တယံ။
သီဃံ ၀ သက္ကုဏေယျာမ၊
အကိစ္စံ တဿ တေဇသာ။

တဿ=သဒ္ဒါရှိန်းစို ထိုကုသိုလ်၏။ တေဇသာ=တန်ခိုးရှိန်စော် အာနုဘော်တို့ကြောင့်။ မယံ=တပည့်တော်တို့သည်။ ပိဋကတ္တယံ = အဋ္ဌကထာနှင့်တကွ သုံးဝသော ပိဋကတ်တော်ကို။ ပဿန္တေ စ=သိရလိုမှု ကြည့်ရှုသော အခါ၌ လည်းကောင်း။ဥဂ္ဂစ္ဆေ စ=နှုတ်တိုးအာစဉ် စွဲထင်မြင်အောင် သင်ယူသောအခါ၌ လည်းကောင်း။ လေခေ စ=ကြံဖန်မနှေး ရေးသောအခါ၌ လည်းကောင်း။ ကထေန္တေ စ=နာလိုသူအား ဟောကြားသော အခါ၌ လည်းကောင်း။ အကိစ္စံ=မငြိုမငြင် မပင်ပန်းဘဲ။ သက္ကုဏေယျာမ=လောကပဏ္ဍိတ် ကဝိတ်တစ်ဆူ ထိုသူတို့လား ညက်ရေပါး၍ စွမ်းအားနိုင်ရပါလို၏ ဘုရား။

၁၂၉၃-ခု၊ တော်သလင်းလဆန်း ၂-ရက်
စမ္မနာဆရာတော်ဘုရားကြီး ရေးစနေ့

## တိပိဋကဓရလောင်းလျာ ဓမ္မနာဒတိုက် ဆရာတော်
## အရှင်ဝိစိတ္တသာရာဘိဝံသ သီကုံး ဖွဲ့ဆိုအပ်သော
## **မစိုးရိမ် မဟာစေရ ဂုဏာဘိတ္ထဝ ဝန္ဒနာ**
## **ပူဇာ ဂါထာများ**

၁၃၀၇-ခုနှစ်၊ မင်းကွန်း တောင်ရိုး၊ ဓမ္မသာရ ကျောင်းအမကြီး အမေကြမ်း ပင့်လျှောက်ချက် အရ၊ မန္တလေးမြို့ မစိုးရိမ် ဆရာတော်ဘုရားကြီးသည် တပည့်ကြီးဖြစ်သော အဂ္ဂမဟာပဏ္ဍိတ ပဌာန်း ဆရာတော် ဦးဝိသုဒ္ဓါဘိဝံသ အမှူးရှိသည့် ရဟန်းတော် သာမဏေများကို ပစ္ဆာသမဏအဖြစ် ခေါ်ဆောင်တော်မူပြီးလျှင် မင်းကွန်းတောင်ရိုး ဓမ္မသာရကျောင်း၌ သီတင်းသုံး ဝါကပ်တော် မူလေသည်။

ထိုဝါတွင်း၌ ပဌာန်းဆရာတော် ဦးဝိသုဒ္ဓါဘိဝံသနှင့် အရှင်ဝိစိတ္တသာရာဘိဝံသ၊ ရွာပင်ကျောင်း ဆရာတော် အရှင်စန္ဒိမာ၊ ကုန္ဒာရာမ ဘုန်းတော်ကြီး ဦးကုဏ္ဍလ၊ ရန်ကုန်အိမ်ကြီးချောင် ဒေါ်ကုန္ဒစာဂီခေါ် ဖွားဖွားလေး၊ ဒေါ်ကုန္ဒာသီရိ၊ ဂူကလေးချောင် ဒေါ်ဝံသစာရီတို့အား ဓမ္မနာဒတိုက်အုပ် ဘုန်းတော်ကြီး အရှင်ဥက္ကံသာဘိဝံသ အရှင်မြတ်ကို ပဌာန်းစာဆိုခန့်ကာ မိမိ စီစဉ်တီထွင်တော် မူထားသည့် ပဌာန်း ဖြတ်လမ်း အတိုနည်း သစ် ဖြင့်

ဝါတွင်းသုံးလပတ်လုံး ပဋ္ဌာန်းကျမ်းတော်ကြီးကို ချီးမြှင့်ပို့ချတော် မူပါသည်။

သီတင်းဝါလ ကျွတ်သောအခါ ပဋ္ဌာန်းဆရာတော်ဦးဝိသုဒ္ဓါဘိဝံသနှင့် ဓမ္မနာဒ ဆရာတော် အရှင်ဝိစိတ္တသာရာဘိဝံသ အမှူးရှိသော တပည့်အပေါင်းတို့ သောင်းသောင်းဖျဖျ ညီညာစွာ စုဝေးတော်မူကြလျက် ကျေးဇူးရှင် မစိုးရိမ် ဆရာတော်ဘုရားကြီးအား ဝါကျွတ် ကန်တော့ပွဲသဘင် ဆင်ယင်ကျင်းပ ပူဇော်ကန်တော့ကြသည့် အခမ်းအနားကြီးတွင် တိပိဋကဓရလောင်းလျာ အရှင်ဝိစိတ္တသာရာဘိဝံသ သည် မစိုးရိမ် မဟာစေရ ဂုဏာဘိတ္ထဝ ဝန္ဒနာပူဇာ ဂါထာဗန္ဓမျှားကို သီကုံး ရေးဖွဲ့တော်မူပြီးလျှင် ရွတ်ဖတ်ရာတွင် အသံကြည်လင် ပြတ်သားသာယာစွာ ရွတ်ဆို ဖတ်ကြားနိုင်သည့် တပည့်များကိုရှိသေလေးမြတ်စွာ ဖတ်ကြားစေလျက် ဆရာတော်ဘုရားကြီးအား သိုက်မြိုက် စည်ကား ခမ်းနားတင့်တယ်စွာ ပူဇော်ပွဲသဘင် ဆင်နွှဲပူဇော်ကြပါသည်။

ထိုတိပိဋကဓရလောင်းလျာ အရှင်ဝိစိတ္တသာရာဘိဝံသ ဖွဲ့ဆိုသီကုံး ရေးသားတော် မူသည့် ဂါထာဗန္ဓမျှားကို ရန်ကုန် အိမ်ကြီးချောင် ဖွားဖွားလေး ဒေါ်ကုန္ဒာစာဂီ အထံမှရရှိပါ၍ မပျောက်ပျက်စေရန်နှင့် နှောင်းသုတေသီ ပုဂ္ဂိုလ်တို့ စံတုနမူနာယူနိုင်ကြပါစေရန် ပန်းအသွင်ပမာ ခိုင်ညှာ၂ဖူးပွင့် အဆင့်ဆင့်ဖြင့် သီကုံးတင်ပြပါသည်။

**အခန်းကဏ္ဍများ**

၁။ ရွှေနားတော်ဖွင့်၊

၂။ ချီပင့်စာရီ၊

၃။ ဝါတော်မှီနှင့်၊
၄။ မြိုက်ရည်ဆွတ်ဖျန်း၊
၅။ စာပဌာန်းက၊
၆။ ဆုညွှန်းပန်ထွာ။

## ကန်တော့လွှာ ဘုရား

အနေကဝဏ်၊ ဘုန်းတံခွန်၊ မိုးစွန်ဘဝဂ်ထိ။
လူ့ရပ်နတ်ချဉ်း၊ ဗြဟ္မာတွင်း၊
သထင်းကျော် ကိတ္တိ။
သုံးဘုံထွတ်ထား၊ ရှင်တော်အား၊
ဝပ်တွားနမာမိ။
နိဿောကာရုံ၊ ကျောင်းရွှေဘုံ၊ စိုးခြုံဓိပတိ။
မဟာပဏ္ဍိတ်၊ ဂုဏ်လျှံထိပ်၊ မဆိတ်ကျေညာဘိ။
နေနတ်ဘွဲ့သား၊ မဟာထေရ်အား၊ အများပူဇန္တိ။
ဘုန်းဘွဲ့ဂါထာ၊ ကန်တော့စာ၊ ရှစ်ဖြာသံဂီတိ။
စေတနာမွန်၊ ဇောရွှေ့ညွှန်၊ အကျွန်လိခါမိ။
ဤကုသလ၊ မြတ်ပုညကြောင့်၊ ဟိတကျိုးလို၊
ပုဂ္ဂိုလ်ဂိုလ်နှင့်၊ ထိုထိုဘဝ၊ စိတ်တူမျှ၍၊
အမတမွန်၊ ပြည်နိဗ္ဗာန်၊ အမြန်ရလို၏။

## ရွှေနားတော်ဖွင့်

ပူဇေတုံ သန္တိသော ဒါမ၊
ဂဏိမာ ဂုဏသဥ္စယံ။
ယထာဘူတံ ပဝက္ခာမ၊
တံ သုဏာထ ဂုဏာကရ။ ။

ဂဏိမာ=မြတ်မစိုးငံ့မ် တန်ခိုးထိန်သည့် ဂဏိန္ဒာဘိ
ဓိပတိလျှင် ဂိုဏ်း၏ဥကင် တုယင်မှန်ကင်း ဖြစ်တော်မူပ၊

သော အရှင်မြတ်ဘုရား။ ဝေါ=ဂုဏ်တော်သခင် အရှင်ဘုရားတို့၏။ ဂုဏသဥ္စယံ=မြင်းမိုရ်ဆယ်ဆ နှိုင်းမရသည့် များလှဘိတောင်း ဂုဏ်တော်မြတ်အပေါင်းကို။ ပူဇေတုံ=မဟာကုသိုလ် ပစ္စည်းကြို၍ ကြည်ညိုကော်ရော် ပူဇော်ကြခြင်းငှာ။ မယံ=ဗြဟ္မစာရီ အဋ္ဌင်္ဂီနှင့် အင်ညီမွေ့ လျော် တပည့်တော် တို့သည်။ သန္နိသိဒါမ = လက်အုပ်ချီကာ ညီတညာလျှင် ကြည်သာတပြေး စည်းဝေးကြပါကုန်၏ ဘုရား။ ဝေါ=ဂုဏ်တော်သခင် အရှင်ဘုရားတို့၏။ ဂုဏသဥ္စယံ=မြင်းမိုရ်ဆယ်ဆ နှိုင်းမရသည့် များလှဘိတောင်း ဂုဏ်တော်မြတ်အပေါင်းကို။ ယထာဘူတံ=လျှို၍မဆို ပို၍မလျော့က် ဟုတ်သလောက်ကိုသာလျှင်။ ပဝက္ခာမ=သမုဒ်ခွေလည် ရေနဒီမှ ရေကြည်တစ်ပေါက် သုံးယူသောက်သို့ နှုတ်ထောက်သံချို ဖွင့်ဆို လျှောက်ထားကြပါကုန်အံ့ ဘုရား။ ဂုဏာကရ=မဟန္တာရုံ ကျေးဇူးဂုဏ်တို့ ပေါင်းဆုံစုမို စွဲတည်ရာအစစ် ဖြစ်တော်မူပါသော အရှင်မြတ်ဘုရား။ တုမှေ=ဂုဏ်တော်သခင် အရှင်ဘုရားတို့သည်။ တံ=ကိုသစ္စဝါဒီ နွယ်တော်မှီ၍ ငြိမ်ပြတ်သား တင်လျှောက် စကားကို။ သုဏာထ=ရှင်ပင့် တော်ဇော် ဘုန်းကြောင့်ပေါ်သည့် ဂုဏ်တော်လုံးညီ ကုံးဖွဲ့သီသား ရတီဖြည်သာန်း နားသွယ်ပန်းကဲ့သို့ ဆင်မြန်းပန်တော်မူပါကုန်ဘုရား။

## ချီပင့်စာရီ

အာဂတော နော ရာဇဂါရံ၊
ဘူရိမာ ဘူမိသိခရံ။
ဓမ္မာလောကံ ပဘာသေန္တော၊
သူရော ဝ ဟိမရံသိနာ။ ။

သူရော=အာဒိကပ္ပ ကမ္ဘာစ၍ ဖြဟ္မနွယ်ဝင် လူပုံ ယင်သား ကြောက်ညင်ကင်းဝေးရဲမာန်ပေးလျက် ရဲသွေးဝင်စေ ရဲနတ်ဆွေသည်။ ဟိမရံသိနာ=အအေးဓာတ်ရည် စိန်ရောင်ခြည်ကို ရှစ်ဒိရပ်ခန်း နယ်စုံဖျန်းသည့် ယုန်စန်းစကြာ နောက်ပါမြသား လရထားနှင့်တကွ။ အာလောကံ=အမိုက်ခဲခပင်း လောင်မြိုက်ရှင်းသည့် အလင်း ဓာတ်ရောင် ခြည်တစ်ဆောင်ကို။ ပဘာသေန္တောဝ= ရွှန်းတဝေဝေ ပထွန်းစေသကဲ့သို့။ ဘူရိမာ=သီလာပံသု မြေအထုနှင့် နှိုင်းတုနှိုးနွှယ် မှီးစဖွယ်လျှင် ကြီးကျယ်သော ပညာဉာဏ်လည်း ရှိတော်မူထသော။ သူရော = ပိဋကတ်သုံးခန်း ဝိယိလမ်း၌ ကွန့်မြန်းဒေသစာ လှည့်လည်ပါသား မဟာပဏ္ဍိတ် ဒေါင်းပုံနှိပ်သည့် အာဒိစ္စနွယ်ဝင် အရှင်ဆရာတော်မြတ် ဘုရားကြီးသည်။ရံသိနာ=ဓမ္မရံသီ+ ဓနရံသီ+အလှရံသီ စဖန်တည်သား ရံသီစကြာ ဝန်းယှက်ကာသည့် လက်ယာခစား ကိုယ်တော်ပွား တပည့်ကြီးနှင့်တကွ။ ဓမ္မာလောကံ=အဘိဓမ္မာ နက်နဲစွာတည့် ဒေသနာ တန်ဆောင် ပဋ္ဌာန်းတည်းဟူသော အလင်းရောင်ကို။ ပဘာသေန္တော=လူရှင်ခပင်း ကိုယ်အတွင်း၌၊ မလင်း ပိတ်ကာ အဝိဇ္ဇာကို ဝိဇ္ဇာကွန်းချွေ ပထွန်းတော်မူစေလျက်။ နော=အကျွန်ုပ်တို့၏။ ဘူမိသိခရံ=ကမ္ဘာ့စစ်ဘေး လွတ်နိုင်ရေးဖြင့်၊ ပြေး၍ဥဒဟို၊ ကပ်လာခိုသည့်၊ ထိုထိုရှင်လူ၊ ဦးမည်းဖြူအား၊မြူမှုန်ဆံခြမ်း ရန်မသမ်းအောင်၊ ကာရမ်းပိတ်ပင်၊ တားဟန့်နှင်၍၊ မြေတွင်အထွတ်၊ မြေတမွတ်လည်း၊ ဖြစ်ပါထသော။ ရာဇဂါရံ=ရာဇဝင်ညွှန်း၊ စာတင်ထွန်းသည့်၊ မင်းကွန်းသာခေါင်၊ ဘေးမဲ့တောင်သို့။ အာဂတော=ရုပ်နာမ်နှစ်ဖြာ၊အကြင်ငါကား၊ ခမာ

ဆိပ်ဦး၊ ဤတောင်ထူးမှ၊ ကူးမြောက်တော့မည်၊ ရွှေစိတ်ရည်ရှိ၊ နှစ်လီစက်ပန်း၊ အံ့မခန်းလျှင်၊ ဖြန့်သန်းကြွချီတော်မူခဲ့လေပြီ။

## ဝါတော်မှီနှင့်

ဝဿံ ပုဗ္ဗ ဥပါဂစ္ဆိ၊
သကသိဿေဟိ ယာစိတော။
ဓမ္မကာမာယ ဘဒ္ဒန္တေ၊
သာရေ သာဓုမနောဟရေ။ ။

ဘဒ္ဒန္တေ=သိက္ခာသုံးပုံ၊ ကောင်းသိန်ဂုဏ်နှင့်၊ ပြည့်စုံထင်ရှား၊ အရှင်ဆရာတော်မြတ်ဘုရား။ တွ=ဂုဏ်တော်သခင် အရှင်ဟုရားသည်။ ဓမ္မကာမာယ = ကောင်းမှုပုံယင်၊ စုံအလင်ကို၊ လိုချင်အားရမ်း၊ ကျောင်းအမကြီးဒေါ်ကြမ်း သည်။ ယာစိတော=လေးတန်ယာပထ၊ ရှင်ပင်မျှသော်၊ ဓမ္မမိန့်သံ၊ မဆိတ်ညံဘဲ၊ နိဗ္ဗာန်တံခါး ဖွင့်လိမ့်ဘုရားဟု၊ လျှောက်ထား တောင်းပန်အပ်သည် ဖြစ်၍။ **သကသိဿေဟိ=နိဿရည်းခံ၊ ရှင်ပင့်ထံ၌၊ နိယံခစား** လက်ရင်းတပည့်သားတို့နှင့် တကွ။ သာဓုမနောဟရေ= ရိယာနွယ်သင်း၊ သူတော်ခပင်း၏၊ အတွင်းပိတ်ဖုံး၊ စိတ်နှလုံးကို၊ ယူကျုံးပါအောင်၊ ဆွဲဆောင်နိုင်ပါထသော။ သာရေ=ဓမ္မသာရေ=မြိုက်လက်ဆောင်ကြီး၊ ရှုမငြီးလျှင်၊ ကမ္ဘည်းယင်ပေါ်၊ **ဓမ္မသာရ ကျောင်းတိုက်တော်** ၌။ ပုဗ္ဗ ဝဿံ=ဥတ္တရဂုလျှံ၊ နေဝိမာန်လျှင်၊ ဝဿာန်ခါထူးမိုးသကူးသည့်၊ လက်ဦးစစ္စာ၊ ပထမဝါသို့။ ဥပါဂစ္ဆိ= တရားပင်စည်၊ ပျိုးထောင်မည်ဟု၊ ရွယ်ရည်ဖြတ်ထုံး၊မြတ်နှလုံးဖြင့်၊ ကပ်သုံးမှီခ၍၊ စံနေတော်မူခဲ့လေပြီဘုရား။ ။

## မြိုက်ရည်ဆွတ်ဖျန်း

ဘဂ္ဂဝါ ဝတ သံဃိန္န၊
ယေဟိ သုတာ မနောဟရာ။
မာဓုရိယာ သာဓုဟိတာ၊
တုမှံ ဓမ္မူပသဉှိတာ။

သံဃိန္န=ရှစ်ရပ်ဒိသာ၊ ဂိုဏ်းသံဃာကို၊ မေတ္တာရွှေမိုး ရွာသွန်းဖြိုး၍၊ အုပ်စိုးတော်မူပါသော အရှင်မြတ်ဘုရား။ ယေဟိ=အကြီးအငယ်၊ အရွယ်မမှတ်၊ ထံတော်မြတ်သို့၊ ဆည်းကပ်လာငြား၊ အကြင် ရှင်လူများတို့သည်၊ တုမှံ=သံဃာ့ဥက္ကာင်၊ အရှင်ဘုရားတို့၏။ မနောဟရာ=စိတ်နှလုံးကို၊ ယူကျုံးပါအောင်၊ ဆွဲဆောင်နိုင်ပါထသော။ မာဓုရိယာ=မခုရတာ၊ ဂုဏ်သဒ္ဒါနှင့်၊ အင်္ဂါလောက်လုံ၊ ပြည့်စုံပါထသော။ သာဓုဟိတာ=နှလုံးပျော့ပျောင်း၊ သူတော်ကောင်းတို့နှင့်၊ အကြောင်းအခွင့်၊ တော်ယင့် လျောက်ပတ်ထသော။ ဓမ္မူပသဉှိတာ=**ယော အတ္ထဝေ ရူပံ အဘိနန္ဒတိ၊ ဒုက္ခံ သော အဘိနန္ဒတိ** ပါဌ်ပါဠိဖြင့်၊ ဖြန့်ချိဟောကြား၊ တရားနှင့် ယှဉ်သော စကားကို။ သုတာ=အမြိုက်ရေချမ်း၊ ရှင်ပင်ဖျန်း၍၊ ရွှင်လန်းကြည်ဖြူ၊ နာယူမှတ်သားအပ်ပါပြီ ဘုရား။ ဝေ=တိုဘဝဝဋ်မှနှောင်၊ လွတ်စေအောင်ဟု၊ ဟုန်းခေါင်ဟောကြား၊ မြတ်တရားကို၊ မှတ်သားနာယူ၊ ရှင်နှင့် လူတို့သည်။ ဘဂ္ဂဝါ ဝတ=ဇာတာစန်းတင့်၊ လန်းလန်းပွင့်၍၊ အသင့် ရှေးဦး ပန်ခဲ့ဖူးသည့်၊ ကံထူး ရှိကြပါပေကုန်စွ ဘုရား။ ။

ဗဟုန် ပဋ္ဌုဘာဝါယ၊
နာမရူ ပေ သပစ္စယေ။
ဝါစယိ မိရ ပဋ္ဌာနံ၊
သကံ သန္ဓသယံ နယံ။ ။

မိရ=မရွေ့မယိုင်၊ ကျောက်စာတိုင်သို့၊ ကြံ့ခိုင်သော သမာဓိ ရှိတော်မူသော အရှင်မြတ်ဘုရား။ တွံ=သမာဓိ သခင်၊ အရှင်ဘုရားသည်။ သပစ္စယေ=ဇနကဖန် ဥပထမ် ဟု၊ ဖြစ်ရန်စုပေါင်း၊ သူ့အကြောင်းနှင့် တကွသော။ နာမရူပေ=ဥပါဒ်ဌီဘင်၊ စီအစဉ်ဖြင့်၊ ဖြစ်အင်မနား၊ နာမ် ရုပ်နှစ်ပါး၌။ ပဋ္ဌုဘာဝါယ=ပစ္စည်းမည်မျှ၊ ပြုဖန်မျှလျှင်၊ ပစ္စယုပ္ပန်၊ ရုပ်နှင့် နာမ်တို့၊ ဖြစ်ပြန်ပေါ်ရ၊ သဘာဝဟု၊ ပစ္စယပရိဂ္ဂဟဉာဏ်၊ ရင့်သန် ဖွံ့ဖြိုးပါစေခြင်းအကျိုးငှာ။ သကံ နယံ=အလွယ်နှင့်သော်၊ တတ်စိမ့်မျှော်၍၊ ဉာဏ် တော်သိမ်းဆည်း ပြုဖန်တီးသည့် ပစ္စည်းဖြင့် မှတ်၍ ပစ္စ ယုပ္ပန်ကို ဖော်ထုတ်နည်း။ ပစ္စယုပ္ပန်ဖြင့် မှတ်၍ ပစ္စည်းကို ဖော်ထုတ်နည်း အသီးသီးကို။ သန္ဓသယံ = သန္ဓသ ယန္တော=ချုံးတန်ချုံးခဲ့၊ ချဲ့တန်ချဲ့၍၊ ဂိုဏ်းဖွဲ့မျိုးတူ၊ ပစ္စည်းဟူလျှင်၊ လွယ်ကူစွာမြောက်၊ ဉာဏ် မြင်ပေါက် အောင်၊ ခြောက်နှင့် ငါး-လေး၊ မှတ်ပုံပေးလျက်။ ဗဟုနံ= တစ်စုပြီး နောက်တစ်စုရောက်သည့် မြားမြောက်စွာငြား စာသင်သားတို့အား။ ပဋ္ဌာနံ=ဓမ္မရုပ်နာမ်၊ ကြောင်းကျိုး ဖန်၍၊ ဖြစ်ဟန်ဖော်ညွှန်း၊ နည်းစုံပြွမ်းသည့်၊ ပဋ္ဌာန်းတွင် ခေါ်၊ ကျမ်းစာတော်ကို၊ ဝါစယိ=ပစ္စည်းရှစ်ခု၊ မူရင်း မြှု၍၊ အနုစိပ်နည်း၊ နီဿရည္ဆုံးဖြင့်၊ သိပ်သည်းသေခွဲ၊ မို့ချတော်မူခဲ့လေမြို့ ဘုရား။ ။

# ဆုညွှန်းပန်ထွာ

သာသနံ ပါလယံ ဝီရ၊
ဌာနံ ပရောသတံ သမံ။
အာသုံ မင္ဂဂ်နာဝါယ၊
တရတံ ဘဝသာဂရာ။ ။

ဝီရ=စတုရင် လေးအင်မျှသည့်၊ ဝီရိယဓာတ်ခံ၊ ထက်သန်တော်မူပါသော အရှင်ဘုရား။ ဘဂံ=ဂီရိယသာခင်၊ အရှင်မြတ်ဘုရားသည်။ သာသနံ = နေနွှယ် သက်ဆင်း၊ ခြောက်ရောင်လင်းသည့်၊ လူမင်းမြတ်စွာ၊ သာသနာကို။ ပါလ ယံ=ပါလယန္တော=နေနတ်နွယ်လာ၊ အကြင်ငါဟု၊ သိက္ခာသုံးထောက်၊ အဆုံးရောက်အောင်၊ စောင့်ရှောက်ပိုက်ထိန်းတော်မူလျက်။ ပရောသတံ သမံ=သာသနာမှု၊ ကြောင့်ကြမြှု၍၊ အာယုရာကျော်၊ အခါတော် ကာလ ပတ်သုံး။ ဌာတံ=ဌာတု=အန္တရာယ်ကင်း၊ ရန်ပယ်ရှင်း၍၊ အလင်းဖြန့်ခေါ၊ တည်တံ့တော် မူပါစေဘုရား။ မဂ္ဂင်နာဝါယ=သစ္စာလေးအင်၊ လင်းလင်းဖြင့်သည့်၊ မဂ္ဂင်ဖွဲ့စည်း၊ ဖောင်တော်ကြီးဖြင့်။ အာသုံ=ဂမ္ဘီရနှံ၊ ဂြည့်ကိုင်၍၊ ကာလမကြာ၊ ဆောလျင်စွာသာလျှင်။ ဘဂသာဂရာ=ခန္ဓာငါးတွေ့၊ ဒုက္ခရေတို့၊ ထွေကွေ့ဝှန်သည်း၊ ညှင်သွင်စီးသည့်၊ ဝဋ်ကြီးသုံးဖြာ၊ ဘဝတည်းဟူသော၊ သမုဒ္ဒရာမှ။ တရတံ တရတု=ဖိုလ်,မဂ်,ပစ္စူ၊ စွင့်စွင့်လူ၍၊ နိဗ္ဗူသာဝှမ်း၊ မှာဘက်ကမ်းသို့၊ ဖြတ်သန်း ကူးပြောက်တော် မူနိုင်ပါစေဘုရား။ ။

သပုတ္တာ သုခိတာ သာဓု၊
ဇနာနံ ဥပကာရိကာ။
မဟာဥပါသိကာ သာပိ၊
ဆိန္ဒတံ ဘဝဗန္ဓနံ။ ။

သာဓုဇနာနံ=သူချာဆုပ္ပွား၊ အပေါင်းပါးလျှင်၊ များပြားဘိတောင်း၊ သူတော်ကောင်းတို့၏။ ဥပကာရိကာ=ဓမ္မပုံ့ပျူး၊ ဂုဏ်ကျေးဇူးရှင် အကျူးရှိရန် တာဝန်ခံ၍ တောင်းပန်လျှောက်ထားခဲ့ပါပေသော။ သာပိ မဟာဥပါသိကာ=ရတနာသုံးရပ်၊ မြတ်ထက်မြတ်ကို၊ ဆည်းကပ်ခယမ်း ထိုကျောင်းအမကြီး၊ ဒေါ်ကြမ်းသည်လည်း။ သပုတ္တာ=မေတ္တာရစ်ဆီး၊ ချစ်မည်းသည့်၊ သမီးနှင့်သား၊ မြေးများတို့နှင့် တကွ။ သုခိတာ=အတွင်းအပြင်၊ ရန်မယှဉ်ဘဲ၊ ကိုယ်လျှင်မနွမ်း၊ စိတ်မပန်းသည် ဖြစ်၍။ ဘဝဗန္ဓနံ=ဘဝဝဋ်စက်၊ မလွတ်ထွက်အောင်၊ ဖွဲ့ယှက် နှောင်ကြိုး၊ သံယောဇဉ် ဆယ်မျိုးကို။ ဆိန္ဒတံ=ဆိန္ဒတု=ကိစ္စလေးကြိမ်၊ လင်းလင်းထိန်သည့်၊ ဝရဇိန်လှံသွား၊ မဂ်ဉာဏ်ဓားဖြင့်၊ ပယ်ရှား ဖြတ်တောက်နိုင်ပါစေသတည်း။

## ကန်တော့လွှာ ဘုရား

သာဒရံ ဝေါ နမဿာမ၊
ထောမယန္တိ ဗဟူ ဂုဏေ။
ယဒိ ဒေါသော တွိ ဘဒ္ဒန္တေ၊
တော် ခမာပယာမသေ။

ဘဒ္ဒန္တေ=သိက္ခာသုံးလီ၊ ဂုဏ်အင်ညီသည့်၊ သာကီနေဖွား၊ ဆရာတော်အရှင်မြတ်ဘုရား။ ဝေါ=နေနတ်နွယ်

ဝင်၊ အရှင်ဆရာတော်ဘုရားတို့၏။ ဗဟူ ဂုဏော=သချာ ဆပွား အပါးပါးလျှင်၊ များပြားညသုံ၊ ကျေးဇူးဂုဏ်တို့ ကို။ ထောမယန္တိ=ဘုန်းဘွဲ့ဂါထာ၊ အလင်္ကာဖြင့်၊ ထော မနာရေး၊ စည်းဝေးတင်လျှောက်ကုန်လျက်။ သာဒရံ= လေးမြတ်ကြည်ညို၊ ရိုသေလှစွာ။ နမဿာမ=ဦးနှိမ်ညွတ် လျိုး၊ ရှိခိုးပူဇော်ကြပါကုန်၏ဘုရား။ နော=ဗြဟ္မစာရီ အဋ္ဌငီနှင့် အင်ညီမွေ့ လျော် တပည့်တော်တို့၏။ ဒေါသော=မသင့်မလျော်၊ မတော်ချွတ်မှား၊ အပြစ်များ သည်။ ယဒိ အတ္ထိ=အကယ်၍တိ၊ ရှိပါချေငြားအံ့။ တံ= ထိုမသင့်မလျော်၊ မတော်ချွတ်မှား၊ အပြစ်များကို။ ခမာ ပယာမသေ=သည်းခံပါကြောင်း၊ ရိုညွတ်ပျောင်း၍၊ ခွင့် တောင်း ကန်တော့ကြပါကုန်၏ ဘုရား။ ။

ဧသော နော စူဠဂုဟာတိ၊
ပါကဋ္ဌော မုနိကန္ဒရော။
ဝသန္တိနံ သဒ္ဓါဗြဟ္မ၊
စာရီနံ ဓမ္မပူဇနာ။ ။

မုနိ=အကျိုးရှိသင့်၊ မရှိသင့်ကို၊ နှိုင်းချင့်ဝေဖန်၊ လွန် ထက်သန်သည့်၊ ဉာဏ်တော်အထူး၊ ဂုဏ်ကျေးဇူးနှင့်၊ ပြည့်စုံတော်မူပါသော အရှင်မြတ်ဘုရား။ ဧသော=ရွှေ နားတော်ဖွင့်၊ ချီပင့်စာရီ၊ ဝါတော်မှီနှင့်၊ မြိုက်ရည် ဆွတ်ဖျန်း၊ စာပဋ္ဌာန်းက၊ ဆုညွှန်းပန်ထွာ၊ ကန်တော့လွှာ ဟု၊ ဂါထာရှစ်ခန်း၊ စာတော်ပန်းဖြင့်၊ ရွှင်လန်းကော် ရော်၊ ဤယခု ပူဇော်ကြခြင်းသည်ကား။ စူဠဂုဟာတိ၊ ပါကဋ္ဌော=ရှင်လူအများ၊ နှုတ်ညွှန့်ဖျား၌၊ တရားသံဝေ၊

ရကြောင်းဖွေ၍၊ ညာကြေပျံ့မွေး၊ ဂူကလေးဟု၊ ဟို ရှေး
ကပင်၊ ကျော်စော ထင်ရှားပါသော။ ကန္ဒရေ=လေး
မျက်နှာညီ၊ သေလာဂီတို့၊ ခွေလည်ပတ်ဝန်း၊ ရန်မစွန်း
အောင်၊ သွန်း သွန်း ရစ် မြှောင်၊ မြိုင်ရိပ်ချောင် ၌။
ဝသန္တိနံ=ဆရာစဉ်ဆက်၊ ဆုံးမချက်ကို၊ နှစ်သက်ရွှင်လန်း
ဦးဆောက်ပန်းသို့၊ ဆင်မြန်း၍သာ၊ နေထိုင်လေ့ ရှိကြ
ကုန်သော။ သဒ္ဓါဗြဟ္မစာရီနံ=ရှင်တော်ဘုရား၊ ဟော
ဖော်ကြားသည့်၊ တရားဗြဟ္မ, စရိယကို၊ ကာလခပ်သိမ်း၊
သဒ္ဓါထိန်း၍၊ မယိမ်းရအောင်၊ ကျင့်ဆောင်အားသစ်
လေ့ ရှိကြပါကုန်သော။ နော=ဗြဟ္မစာရီ၊ အင္ဂမီနှင့်၊
အင်ညီမွေ့လျော်၊ တပည့်တော်တို့၏။ ဓမ္မပူဇနာ =
ကျောက်တောင်ပတ်ခွေ၊ သမုဒ်ရေထက်၊ အနေကျယ်ဝှမ်း
နည်းစုံပြွမ်းသည့်၊ ပဋ္ဌာန်းအဘိဓမ္မာ၊ ဒေသနာနှင့် တကွ၊
ထေရာခေါင်မှူး၊ ဂုဏ်တော်ထူးကို၊ ညွတ်နူး ပူဇော်ကြ
ခြင်းပါ ဘုရား။ ။

အရှင်ဝိစိတ္တသာရာဘိဝံသ

ဓမ္မနာဒတိုက်၊ မင်းကွန်းတောင်ရိုး

၁၃၀၇-ခု၊ တော်သလင်းလဆုတ် ၆-ရက်

❀

တောင်တန်း သာသနာပြုအဖွဲ့ကြီးက ပြုလုပ်ကျင်းပသည့်
ရဟန်းခံရှင်ပြုပွဲကြီးကို ဇွဲချီးအပ်သော

**နာနာကုလ ပဗ္ဗဇ္ဇမင်္ဂလာ**

# ယောမနာ စာတမ်း

၁၃၁၁-ခုနှစ်၊ မင်းကွန်း ပထမကျော်
အရှင်ဝိစိတ္တသာရာဘိဝံသ
(သကျသီဟ) ပရိယတ္တိ သာသနဟိတ ဓမ္မာစရိယ
(အာဒိကမ္မိက ဝင်္ဂသကာ) ရေးသားတော်မူသည်။

**သိဒ္ဓမ်။ ။**

အောင်သူတကာတို့၏၊ မဟာ ဝိဇယိန္ဒာဓိပတိ သီရိ ပဝရ၊ တြိလောက ဝင်္ဂသကာ၊ ဝိဇယာဒိစ္စ၊ ဝိဇိတမှန်ကင်း၊ သုံးတိုက်တွင်းဝယ်၊ မင်းဆုံးဓမ္မရာဇ်၊ ဘုန်းလျှံသစ်သော၊ ရှင်ချစ်ပရမေ၊ ဘုရားသုံးလူ့ဆွေသည်၊ အောင်မြေမာရ်နှင့်၊ ဗွေပလ္လင်၌၊ သံထင်ရိုက်ချုန်း၊ ယမိုက်ဘုန်းဖြင့်၊ တိုက်လုံး ငြိမ့်တော၊ ကောင်းတင်း ချွေစေ လျက်၊ ဇေယျာဘိ ဇေယျ၊ ဇေယုက္ကဋ္ဌ၊ တေဇာတိ တေဇ၊ တေ

ဇုတ္တမ၊ အနုတ္တရဘွဲ့နှံ၊ အောင်ပွဲခံ၍၊ ပလ်,နိမ်,စင်,ဿ၊ အ,မု,ရ, ဟု၊ သတ္တခုနစ်လီ၊ နောစာလီဝယ်၊ ယာယီမျှတ၊ မြိုက်သုခကို၊ နေ့ညသုံးဆောင်၊ ကိုယ်ကျိုးအောင်ခဲ့၍၊ သုံးဆောင်ရပ်သူ၊ နတ်နှင့်လူကို၊ ခေငှူကြငှန်း၊ နိဗ္ဗူနန်းသို့၊ ကိုယ်စွမ်း စိုက်ဆောက်၊ ဒယာထောက်၍၊ အရောက်ပို့ဆောင်တော်မူအံ့သောငှာ၊ ဗာရာဏသီ အောင်ရပ်ပြည်သို့၊ ယာယီစက်ပန်း၊ ကွန့်ချီမြန်း၍၊ ငါးခန်းဝဂ္ဂီ မထေရ်တို့ကို အစ၊ လက်မွန်ပြ၍၊ ယသ သေဋ္ဌေးသား၊ အမှူးထားသော၊ ငါးကျိပ်ငါးပါး၊ အမျိုးသားတို့ကို၊ တရားနက်လေး၊ မြိုက်ဆုပေးမှ၊ ဟေဘိက္ခု၊ ရဟန်းပြုပြီးလျှင်၊ နုဒယာတော်၊ နှိုးပင့်ဆော်၍၊ နာပျော်ချီမြ၊ အဋ္ဌင်ဖြင့်၊ 'စရထ ဘိက္ခဝေ စာရိကံ' အမိန့်တော်ပြန်၍၊နိုင်ငံထိုထို၊ ဥဒါဟိုသို့၊ မဂ္ဂိဖိုလ်မြန်း၍၊ ရှစ်ခန်းဒိသာ၊ ရပ်မျက်နှာမှ၊ ပဗ္ဗဇ္ဇာပေက္ခ၊ ဥပသမ္ပဒါပေက္ခ၊ ကုလပုတ္တအပေါင်း၊ ရှင်ရဟန်းလောင်းတို့ကို၊ လမ်းကြောင်းခေမာ၊ ရောက်စိမ့်ငှာဟု၊ ရဟန္တာမြတ်၊ ထေရ်ဥက္ကဋ္ဌတို့၊ စောင့်ကြပ် ပိုက်ဖျား၊ မေတ္တာထား၍၊ ဘုရားထံမှောက်၊ စက်ရိပ်အောက်သို့၊ အရောက် ဆောင်ကြကုန်သတည်း။ ။

ထိုရောအခါ၊ မဟာမုနိ၊ တုမရှိသည့်၊ ဒိသာတလင်၊ ရှစ်ရပ်ခွင်မှ၊ ရှင်ရဟန်းလောင်း၊ အမျိုးကောင်းသားတို့ကို၊ ဘုရားထံမှောက်၊ ရောက်အောင်ဆက်နှင်း၊ပို့ဆောင်ကြဦးရသဖြင့်၊ ပဥ္စင်းလောင်း၊ ရှင်လောင်းတို့နှင့်တကွ၊ ခီဏာသဝဘုန်းဝှန်၊ ထေရ်မွန်ရဟန်းတို့ကို၊ ပင်ပန်းသည့်အရေး၊ မြော်ထောက်တွေး၍၊ငြိမ်းအေးချမ်းသာ၊ ရောက်လေရာဝယ်၊ သာမဏေရ၊ ပဗ္ဗဇ္ဇနှင့်၊ ဥပသမ္ပဒကံ ဆောင်နိုင်ရန်အမှု၊ အခွင့်ပြုလိုသဖြင့်၊ 'အနုဇာနာမိ ဘိက္ခဝေ

တုမှေဝ ဒါနိ တာသု တာတု ဒိသာသု တေသု တေသု ဇနပဒေသု ပဗ္ဗာဇေထ ဥပသမ္ပာဒေထ ရွှေနှုတ်တော် မြွက်ဟာ၍၊ သာဂကတို့ကိုယ်တိုင်၊ တိုင်းခရိုင်ခွဲ၊ ရှစ်ဆိုင် မင်္ဂဖိုလ်၊ ထီးရိပ်ညိုကို၊ လှုံခိုလိုတောင်း၊ ရှင်ရဟန်း လောင်းတို့အား၊ ဖျောင်းဖျ သွန်သင် ကာ၊ သာသနာ့ ရိပ်သာ၌၊ သာမဏေရ၊ ပဗ္ဗဇ္ဇာနှင့်၊ ဥပသမ္ပဒဘုံရောက်၊ ခရီးမြောက်အောင်၊ ချီးမြှောက်နိုင်ရေး၊ အခွင့်တော် ပေးလတ်သော်....

ရှေးရှေးသော သာသနာပြုဂိုဏ်းဝင် အရှင်မြတ်တို့ နှင့်တကွ၊ သာသန ဒါယကာ၊ သာသနာပြု၊ အမျိုး ကောင်း သားသမီး အသီးသီးတို့သည်၊မိုးဆယ့်တစ်(၁၁) တန် ငြိမ်းရာမှန်သား၊ နိဗ္ဗာန်ရွှေဘုံ၊ ဆုညွှတ်ကုန်၍၊ ရှစ်စုံ ပရိက္ခရာ၊ ပစ္စည်းလေးဖြာကို၊ ဒါယကာတို့တာဝန်း ဆက် လှူဒါန်း၍၊ ရဟန်းတို့ပက္ခ၊ ရှင်ဘက်မှလည်း၊ ဥတ္တိစတုတ္ထ ကမ္မဝါ၊ မဟာသရဏဂုံ၊ ဆယ်စုံပုဒ္ဒိ၊ လုံးတိုင်းမ်အောင်၊ သတိမကွာ၊ ဖတ်ရွတ်ကာဖြင့်၊ ပဗ္ဗဇ္ဇာပေက္ခ၊ ဥပသမ္ပန္န အလျှာ၊ သဘာရင့်ညောင်း၊ ရှင်ရဟန်းလောင်းတို့ကို တောင်းတိုင်းကုံလုံ၊ အင်ပြည့်စုံ၍၊ ရှင်ဘုံသို့အရောက်၊ ရဟန်းဖြစ်သို့ တိုင်မြောက်အောင်၊ ချီးမြှောက်နုဂ္ဂဟ၊ ထောက်ပံ့ကြသဖြင့်၊ ကာလမျက်မှောက်၊ ယနေ့ ရောက် အောင်၊ ဘုန်းတောက်မြတ်စွာ၊ သာသနာသည် ဘာရ ဝါဟ၊ သာသနာ့ဝန်ထမ်း၊ ရှင်ရဟန်းအဆက်ဆက်တို့ ဖြင့်၊ တက်သစ်နေဝန်း၊ ထွန်းစသော်တာ၊ ကဲ့ပမာသို့၊ ရှည်ကြာလေးမြင့်၊ အံ့ဖွယ်ဆင့်၍၊တင့်တယ် ထိန်ဝင်းခဲ့ပါ သတည်း။ ။

ဤသို့လျှင်တည့်၊ ရှင်တော်မြတ်စွာ၊ သာသနာသည်၊ ခါတော်ဓွန့်ရှည်၊ ကွန့်ကွန့်စည်၍၊တည်နိုင်ရန်အကြောင်း ကောင်းသောပစ္စည်း၊ နိဿရည်းကား၊ သိမ်းဆည်းကိုယ်နှုတ်၊ စိတ်ကိုယ်ချုပ်၍၊ သုဒ္ဓိသီလ၊ လွလွဖြူလွင်၊ သန့်သန့်စင်သော၊ သံဃာတော်အရှင်မြတ်တို့၊ မပြတ်ထွန်းပေ၊ နွယ်တော်သက်ဆင်း၊ စောင့်ရှောက်ခြင်းလျှင်၊ ကြောင်းရင်းစစ်စစ် ဧကန်ဖြစ်သည်ဟု၊ နစ်နစ်နှောနှော သဘောပိုက်မိကြပါသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဂိုဏ်းပေါင်းစုံ မဟာသံဃအဖွဲ့ချုပ်ကြီးနှင့်၊ ဗုဒ္ဓဘာသာအဖွဲ့ချုပ်ကြီးတို့၏ ဦးစီးဂိုဏ်းအင်၊ ခုံကြီးတင်ကြရသော အရှင်ဆရာတော် အပေါင်း ဒကာကောင်း တို့သည်၊ သောင်းသောင်းညီညာ တိုင်ပင်ကာဖြင့်၊ သဒ္ဓါပြဋ္ဌာန်း၊ သာသနာပြုလုပ်ငန်းကို စွမ်းစွမ်းတမံ အားသန်ကြိုးကုတ် ခဲ့ထွင် ပြုလုပ်လိုရကား....

တောင်တန်း သာသနာပြုအဖွဲ့ကြီးကို ဖွဲ့စည်း တည်ထောင်ကြပြီးခါ အသောက ရာဇာ၊ ကဲ့ပမာသို့၊ မြန်မာပြည်ထောင်စုအတွင်း ချင်းနှင့်ကချင်၊ ကရင် တောင်တန်းထိုထိုစခန်းသို့၊ ရဟန်းတော်ထေရ်၊ အာဇာနည်တို့ကို သာကြည်နူးညွတ်၊ သာသနာပြု စေလွှတ်၍၊ ဝဋ်မှ ထွက်ကြောင်း၊ တရားကောင်းတို့ကို၊ ဖျောင်းဖျောင်းဖျဖျ၊ဟောညွှန်ပြသဖြင့်၊ လေးသောင်းမျှသော၊ ပြည်ထောင်စုဖွားတောင်ပေါ်သားတို့အား ဘုရားမြတ်စွာ သာသနာဝယ်၊ ဘာသာနက်စံ အမြင်မှန်ကို၊ အမြန်ရစေ၊ ဖြန့်ချီဝေ၍၊ ခေမာခရိုင်၊ ရောက်သည့်တိုင်အောင်၊ ကြံခိုင်တည်ရိုး၊ မြန်မာလူမျိုးတို့၏ အဖိုးမဖြတ်နိုင်သော မေတ္တာ သဒ္ဓါစိတ်ရင်း နှလုံးသွင်းကို လင်းလင်းပြခဲ့ပါသတည်း။ ။

မဟာဗြဟ္မစိုရ်၊ မေတ္တာပို၍၊ ကြည်ညိုလေးစား၊ မြန်မာများလျှင်၊ ဘုရားမြတ်စွာ၊ သာသနာကို၊ သဒ္ဒါရွှင်ပျို့၊ ဖန်ဖန်ပို့လည်း၊ ငါတို့ရင်ဖွား၊ တောင်ပေါ်သားတို့၊ ဘုရားသာသနာ၊ ကြုံခဲစွာဝယ်၊ သဒ္ဓါလုလု၊ ရဟန်းပြုမှု၊ မုနိဩဝါ၊ သာသနာသည်၊ ညွန့်ဖြာစေစည်၊ ငါတို့ပြည်၌၊ အရှည်ခိုင်ခံ့၊ တည်လတ္တံ့ဟု၊ ကြံ့ကြံ့စိတ်ထား၊ သဒ္ဓါပွားကြသော၊ တောင်ပေါ်သား အမိအဘတို့သည်၊ ဩရသနှစ်၊ ရင်မှဖြစ်သောချစ်ညွန့်သည်းဖျား၊ သတို့သားတို့ကို၊ ဘုရားသာသနာတော်တွင်း၊ သွတ်သွတ် ချီးမြှောက်လိုမှုဖြင့်၊ သာသနာပြု အရှင်တို့ထံ၊ အပ်နှံနှင်းထား လိုက်သည်များကို၊ ပိုက်ဖြားယုယ၊ စောင့်ရှောက်ကြ၍၊ မူလတည်ရာ၊ သာသနာပြု တောင်တန်းအဖွဲ့ကြီးသို့၊ ခရီးဝေးကွာ ရောက်ဆိုက်လာကြသော သာသနဝံသ ပဗ္ဗဇ္ဇာအလျာ၊ သင်္ချာအပြား ၃၃-ယောက်သော ကျောင်းသားတို့ကို၊ သီးခြား စာသင်ကျောင်း ဆောက်လုပ်၍ အုပ်ချုပ်ရေး ဆရာတော် ၁၁-ပါး ရွေးချယ်ခန့်ထားပြီးလျှင် စားသောက်ဝတ်ရေး ကျန်းမာရေးအဝဝတို့ကို အဖွဲ့က တာဝန်ယူ၍ စင်ဖြူသော မင်္ဂလသုတ္တ မဟာနမက္ကာရ၊ ဤသို့စသား၊ ဗုဒ္ဓဘာသာ သင်ခန်းစာတို့ကို အခါစာရင်း၊ ၂-နှစ် အတွင်းဝယ်၊ ချင်းနင်းပေါက်ရောက်၊ သင်ကြား တတ်မြောက်စေ၍၊ မျက်မှောက်ကြိမ်တွေ့၊ ဤယနေ့မှာမူ၊ ဘုန်းဟော့မြတ်မွန်၊ သာသနာ့ဝန်ကို၊ အားသွန်ကြိုးပမ်း၊ ထမ်းနိုင်လောက်ပြီ၊ စွဲယုံကြည့်လောက်သော၊ ပြည်ထောင်စုတောင်ပေါ်သား ရဟန်းလောင်း သာမဏေ လေးပါး၊ ရှင်လောင်း သာမဏေ ၂၉-ပါးတို့ကို ထင်ရှားမျက်မြင်၊ သူတော်စင်တို့အား၊

ဆက်ငင်းဒိဋ္ဌပစ္စက္ခပင်၊ တင်ပြနိုင်သော အခြေသို့ရောက်ပြီးမြောက် အောင်မြင်ခဲ့ပါသတည်း။ ။

'အဘိတ္ထရေထ ကလျာဏေ၊
ပါပါ စိတ္တံ နိဝါရယေ'

ဗျာရွှေတော်စက်၊ ဟောမိန့်ချက် ကို၊ ထိပ်ထက်ရွှင်လန်း၊ ပန်ဆင်မြန်းကြသော တော်င်တန်းသာသနာပြုအဖွဲ့ဝင် လူရှင်ပဏ္ဍာ၊ နှစ်ဘက်သော ဥက္ကဋ္ဌတို့နှင့်၊ ဟိတကာရီ၊ သမ္မာဝသီဖြင့်၊ ဝါဒီမပြား၊ အမှူဆော်င်များတို့သည်၊ ဘုရားဇိနော်၊ သာသနာတော်လျှင်၊ တောင်ပေါ်ဒေသ၊ ရပ်ဌာနတို့၌၊ မူလပင်စည် အမွန့်ရှည်အောင်၊ တည်လိမ့်မဝေး၊ အနာဂတ်အရေးကို တွေးတိုင်းကြည်လင်၊ တညီတညွတ်တည်း တိုင်ပင်၍ နောင်တွင် ဖော်ပြလတ္တံ့သော၊ သာသနာ့ဒါယကာ သဒ္ဒါဖြူစင်၊ ကုသိုလ်ရှင်အပေါင်း သူတော်ကောင်းတို့၊ နှစ်ထောင်းအားရမ်းစိတ်ရွှင်လန်း၍၊ သက်နိုးစသော ပစ္စည်းဝတ္ထု၊ထောက်ပံ့မှုကို ကုသိုလ်ကိုယ်ပွား စောင့်ရှောက်ထား၍၊ ၂၉-ပါးသော သာမဏေလောင်းတို့ကို ဗောင်း နားတောင်းစုံလင်၊ တန်ဆာဆင်ပြီးမှ၊ သဘင်ညိုးညံ့ မိုးသို့လျှံမျှ၊ အောင်သံနက်လေး၊ ဂြဟ္မာတိုင် ကြွေးလောက်အောင်၊ လေးဆူမာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်၊ ကိုးထပ်ကြီးဘုရား၊ ရပ်ပွားမာရ်အောင်၊ ဗိုလ်တထောင် ဆူးလေ၊ စေတီ လေးပါး ရှင်တို့အားလည်း ဝပ်တွားကော်ရော်ပူဇော် ကန်တော့ကြစေပြီးလျှင်....

ကြီးကျယ်ဆန်းပြား၊ ခမ်းအနားတို့ဖြင့်၊ လေးပါးသေနင်္ဂီ၊ စစ်ကြီးချီသကဲ့သို့၊ ဤသာသနာ့ရိပ်သာ မင်္ဂလာ

မလျှာ့၏၊ အောင်မြေရမ်သို့၊ ချဉ်းကပ်ရောက်အောင်၊ကြဉ်း ခဲ့ဆောင်၍၊ ပြည်ထောင်တည်လစ်၊ ဤတစ်ခေတ်ဝယ်၊ စနစ်ယုံကြည်၊ ခိုင်ကြီးတည်လောက်အောင်၊ ယခုသမုတ်၍၊ ပြီးသစ်စဖြစ်သော၊ 'သာသနမလဝိသောဓနီ' ဘွဲ့ထူး ချီသား၊ ဤသာသနာ့ရိပ်သာ၊ မင်္ဂလာသိမ်တော်မြတ်ဝယ် လေးရပ်မြို့ပေါ်၊ ကိန်းမွေ့လျော်သည်၊ ထေရ်ကျော် သံဃာ ၁၂၅-ပါးမျှရှိသော အရှင်မြတ်တို့သည်၊ ဥတ္တိ စတုတ္ထ ဥပသမ္ပဒကံ စီမံစိုင်းပြင်း၊ ချီးမြှောက်ခြင်းဖြင့် လည်းကောင်း၊ မဟာသရဏဂုံမြတ်၊ စလွယ်တပ်၍၊ ပဗ္ဗဇ္ဇသဘင် ဆင်ယင်ကျင်းပခြင်းဖြင့် လည်းကောင်း၊ တောင်တန်း သာသနာပြုအဖွဲ့ကြီးက ဦးစီးစိုးကွပ်၊စောင့် ကြပ်မတ်၍၊ ပဗ္ဗဇိတ ပရိက္ခရာ လှူဖွယ်ရာတို့ကို၊ သဒ္ဓါ ပြဋ္ဌာန်း၊ လှူဒါန်း ဆက်ကပ်ခြင်းဖြင့် လည်းကောင်း၊ စာရင်းဖော်ပြရာပါ သာသနာပြု ကျောင်းတော်သား ရှင်လောင်း ၂၉-ပါး၊ ရဟန်းလောင်း ၄-ပါးတို့ကို ဘုရား သာသနာတော်တွင်း သွတ်သွင်း ချီးမြှောက်ကြ သော သာသနာနုဂ္ဂဟ၊ ပုညမင်္ဂလာ၊ မဟာကုသိုလ်မြတ် အရပ်ရပ်သည်၊ လျှောက်ပတ်အင်္ဂါ၊ ဘေးရန် ကွာ၍၊ ၁၃၁၁-ခုနှစ်၊ ဦးတန်ခူးလဆုတ် ၅-ရက်ဝယ်၊ အထက် ယာမာ နတ်ခြောက်ရွာနှင့် ဗြဟ္မာမဟာဂ္ဂုတ်၊ ဘဝဂ်အုတ် ထွေငေါ်၊ ကောင်းကျိုးခေါ်လျက်၊ ဇေယျော်ဥဒါန်း နှုတ်သံပြွမ်း၍ ဆုံးခန်းတိုင်လတ်ပါသတည်း။ ။

ပြည်ထောင်စု မြန်မာနိုင်ငံတော်
ဗုဒ္ဓသာသနာ နုဂ္ဂဟအဖွဲ့ကြီး၏
မူလ သာသနာ့ရိပ်သာတည်ပုံ သံပိုင်းမော်ကွန်း

## **ဗုဒ္ဓသာသနာနုဂ္ဂဟသမိုင်း**

(တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တ
ဝိစိတ္တသာရာဘိဝံသ အရှင်မြတ် ရေးသားတော် မူသည်)

အနုဂ္ဂဏှန္တိ ဗုဒ္ဓဿ၊
သာသနံ သာဓုနန္ဒိတာ။
အနာကုလာ စိရံ ဌာတုံ၊
သံဟတီ သာဓုဗန္ဓိတာ။ ။

သာဓုဗန္ဓိတာ=အတ္တပရ၊ ကျိုးနှစ်ဝကို၊ နိစ္စပြီးအောင်၊ ထမ်းရွက်ဆောင်သား၊ ပြည်ထောင်ဖန်ပြု၊ ဝန်ကြီးချုပ် ဦးနုနှင့်၊ ပြည်သူ့ရှေ့ဆောင်၊ ဂုဏ်ရောင် ထွန်းလင်း၊ သတိုးသီရိသုဓမ္မ **ဆာ** ဦးသွင်တို့၊ ပုဗ္ဗင်္ဂမ၊ လမ်းညွှန်ပြ၍၊ သမဂ္ဂ ရင်း နှီး ဖွဲ့ စည်း တည်ထောင်အပ်သောကြောင့်။ သာဓုနန္ဒိတာ=သူတော်စင်အပေါင်း၊ နှစ်ထောင်းလေး မြတ် ချီးမွမ်းအပ်သော။ သံဟတီ=ပြည်ထောင်စု၏ ဖွား ဖက်ဒေတော်၊ နိုင်ငံတော်၏ သိရိန္ဓရ=ဗုဒ္ဓသာသနာနုဂ္ဂဟာ၊

အနန္တဘွဲ့ချီး အဖွဲ့ကြီးသည်။ ဗုဒ္ဓဿ=သုံးလောက ထွတ်ထား မြတ်စွာဘုရား၏။ သာသနံ=သာသနာမှ သုံးဖြာ၊ သာသနာတော်မြတ်ကြီးကို။ အနုဂ္ဂဏှန္တိ=ဒြပ်နှင့်အမည် ထပ်ဆင့်ညီအောင်၊ ဂုဏ်ရည်လျှံတောက်၊ ထောက်ပံ့ ချီးကျူးနိုင်သည်ဖြစ်၍။ အနာကုလာ=နှောင့်ယှက် ပိတ်ပင် ရန်မထင်ဘဲ။ စိရံ ဌာတု = ဘုရားဟူသည်၊ အမည်နာမ၊ ဤလောကဝယ်၊ ရှိသမျှကာလပတ်လုံး၊ မပျက်ပြုန်းဘဲ၊ နှလုံးစင်ဖြူ၊ ဝေနေယူအား၊ နိဗ္ဗူလမ်းမ၊ မှန်းချက်ပြ၍၊ ကာလမြင့်ရှည် တည်ပါစေသတည်း။ ။

အောင်သူတကာတို့၏ မဟာအဂ္ဂိန္ဒာဓိပတိ၊ သီရိမကုဋ္ဌ အတုလတုလာ၊ အဒုတိယာဒိစ္စ၊ သုံးလောက မှန်ကင်း၊ တရားမင်း၏၊ ထားရင်းသြဝါ၊ စက် သာသနာကို၊ မဟာန္တာနုဂ္ဂဟ၊ ချီးမြှောက်လိုသော သမ္မာဆန္ဒနှင့် သမဂ္ဂ ရင်းနှီး ဖွဲ့စည်းတည်ထောင်အပ်သော ပြည်ထောင်စု မြန်မာနိုင်ငံတော် ဗုဒ္ဓသာသနာနုဂ္ဂဟ အဖွဲ့ချုပ်ကြီး၏ အတ္တုပ္ပတ္တိ ဖော်ညွှန်း မော်ကွန်း သံပိုင်းအချုပ်ကား....

## သံပိုင်း မော်ကွန်းလင်္ကာ

ကြားလော့ရှင်လူ၊ မော်ကွန်းထူပိမ့်၊ ဇမ္ဗူကျော်မြက်၊ မြန်ဘုံစက်လျှင်း၊ သူ့လက်တွင်းမှ၊ လွတ်ချိန်ကျသော်၊ မြန်မာ့လူထု၊ စည်းလုံးမှုဖြင့်၊ နု-အက်တလီ၊ စာချုပ်သီလျက်၊ သသီယုန်နတ်၊ ဘုံပြာသာဒ်သို့၊ လွတ်အံ့ရောင်ခြည်၊ ကွန့်ကွန့်လည်က၊ မြန်ပြည်စိုးအုပ်၊ ဝန်ကြီးချုပ်လျှင်၊ ဥပုသ်တော်ရှင်၊ မေတ္တာဉာဉ်ဖြင့်၊ မမ္ဗဒ္ဓရ၊ ကျင့်ပြီးစဝယ်၊ ဗုဒ္ဓသာသနာ-နုဂ္ဂဟာဟု၊ သညာလျှံညီး၊ အဖွဲ့ကြီး

ကို၊ ဖန်တီးမူလ၊ မျိုးစေ့ချခဲ့၊ ဆနာ့ယကံ၊ ဂုဏ်လောက်
င်၍၊ သမ္မာဓိမျိုး၊ ဆုပန်ပျိုးသား၊ သာတိုးသီရိသုမမ္မ၊
ဘွဲ့ရကျော်ထင်၊ ဆာ ဦးသွင်တို့၊ ပုဗ္ဗဂံမ၊ ရှေ့ဆောင်ကြ
လျက်၊ မောရဂိဝါ၊ ကုန်းမြေချာ၌၊ ရိပ်သာကွန်းပြောက်၊
ဖန်တည်ဆောက်၍၊ ဘုန်းတော်မြတ်စွာ၊ သာသနာကို၊
ဓမ္မာသောကာ၊ နရိန္ဒသို့၊ ပြည်ပပြည်တွင်း၊ ရှစ်နယ်လင်း
အောင်၊ သန့်ရှင်းသဒ္ဓါ၊ ရွက်ဆောင်ပါသား၊ ခြင်းရာ
ကျယ်လှ၊ ဝိတ္ထာရကို၊ နယတစ်ဆူ၊ နောက်နောင်လူတို့၊
စွဲယူနှလုံး၊ ကျင့်ဆောင်သုံးအောင်၊ ကျဉ်းရုံး ဖော်ပြ၊
သံခိပ်မျှဖြင့်၊ 'တိပိဋကမိုရ်'၊ထေရ်ပုဂ္ဂိုလ်လျှင်၊ မပိုစေထ၊
မယုတ်ရဘဲ၊ ဒေသမစွန်း၊ ထုပ္ပတ်ညွှန်းသည်၊ မော်ကွန်း
ရွှေစာ သံပိုင်းတည်း။ ။

(ပုံ)

**တိပိဋကဓရဆရာတော်**

❀

ရန်ကုန်မြို့၊ နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့ ဥက္ကဋ္ဌ
သတိုးသီရိသုဓမ္မ ဆရာဦးသွင်+ဒေါ်ဒေါ်သိန်း တို့၏

**တိပိဋကဓရကျောင်း နှင့် သိရိဝနုန အင်ဂျင်စက်အလှူ**

နိဗ္ဗုတိ ပစ္စယာကာရ ပတ္တိဒါန ကထာ

**မင်္ဂလာ အမျှဝေစာတမ်း**

အို....ဓမ္မမိတ်ပေါင်း သူတော်ကောင်းတို့....

ကျောင်းလွှတ်ပူဇော်၊ အလှူတော်ခါသမယတွင် ပတ္တိဒါနကထာ မင်္ဂလာစကား ပြောကြား သိစေလိုသည်မှာ- ကျွန်ုပ်တို့သည်၊ **လေးမည်မင်္ဂဖိုလ်၊** ထီးရိပ်ခို၍၊ **သွေးချိုဆန္ဒ၊** တောင့်တရှာမှီး၊ **ဗောဓိဆု** အသီးသီးဖြင့်၊ မြိုက်သီး ဆွတ်ချူ၊ သုံးယူခံစားလိုကြပါ၍၊ ငယ်ခါကစ၊ ခုတိုင်ကျအောင်၊ ပစ္စယလေးအင်၊ မြတ်ရေစင်ဖြင့်၊ စိမ်းရွှင်ရန်မြော်ကိုး၊ (ကျွန်ုပ်တို့) စိုက်ပျိုးအပ်သည့်၊ အဖိုးထိုက်ဂုဏ်ရှင်၊ သာသနာ့ သစ်ပင်ဟု- အရှင်ဝိစိတ္တသာရာဘိဝံသ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက မြတ်ထေရအား မူရနှစ်ဖြာ၊ ချမ်းသာစွာ ဖြည့်နိုင်ကြောင်း၊ အသောင်းများစွာ၊ သပြာလက်ခ၊ အမြိုက်မျိုးကြဲ ချ၍၊ **ဗိတိဋကဓရ ကျောင်းကြီး** ဖြင့်၊ မြောက်ချီးကော်ရော်၊ ပူဇော်လှူဒါန်းကြပါသည်။

သမ္ဗုဒ္ဓပူဇာ၊ ပညာသ၀တ္တုနိကာ ကုသိုလ်ဘရား နေ့ရက်ရှည် ပွားစေဟု၊ မြင်းအားဆယ်ကောင်ရှိ၊ **သိရိ၀ဓုန အင်ချင်စက်ကြီး** ကိုလည်း မီးချောင်းမီးပွင့် ဆင့်ရရင့်တို့ဖြင့်၊ တင့်တယ်စွာ တည်လှူကြပါသည်။

မ ဟာ ဗော ဓိ ပ ရိ ဘော ဂ စေ တီ တော် အားလည်း၊ **မီးတားတံတိုင်း**၊ ပြိုင်းပြိုင်းမြင့်ခေါင်၊ စိန်တောင်ပတ်သန်း၊ အုံ့မခန်းတို့ဖြင့် လှူဒါန်းပူဇော်ကြပါပြီ။

ရန်ကုန်မြို့၊ ဗိုလ်တထောင် စေတီတော်၊ ပဲခူးမြို့၊ မှော်ဓော စေတီတော်တို့အားလည်း၊ ရွှေသားစတိခံနဟံတိမ်ဦး အရှိန်မြူးသော၊ စိန်ဖူးအထွတ်၊ စိန်ခုံလှော်ကဲ်ပတ္တမြားသန်လျက်တို့ကို တင်ဆက် ပူဇော်ကြပါသည်။

ဒါနအလှူတော်၊ သာသနာ့အလှူတော်၊ ရန်ပုံတော်အပင်စိုက်၍ ထိုက်သင့်ရာရာ၊ သာသနာတော်အရေးတို့၌ မရွေးမဖက်၊ ရက်ရက်ကြည်ဖြူ၊ ပူဇော် လှူဒါန်း ပြီး လှူဒါန်းဆဲ လှူဒါန်းလတ္တံ့ ဖြစ်ပါသည်။

ဆဋ္ဌသံဂါယနာ၊ မဟာသဘင် ပွဲဦးယင်ရာ၌လည်း သံဃာတော်အပေါင်း ၂၅၀၀-ကျော် သံဂီတိကာရက ဆရာတော်တို့အား မွန်မြတ်သော ခဲဖွယ် ဘောဇဉ်တို့ဖြင့် ကြည်လင်ရွှင်လန်း လှူဒါန်းဆက်ကပ်ကြပါသည်။

အို...မမှိတ်ပေါင်း သူတော်ကောင်းတို့....

ငင်းစာရင်း ဖော်ပြရာပါ (ကျွန်ုပ်ပတို့၏) ကုသိုလ်ဆက်မင်္ဂလာသည် ပန်ထွာတောင့်တ၊ နေ့ညရှာမှီး၊ မောဓိဆုံအသီးသီး၏ ပစ္စည်းအထောက်အပံ့ ဖြစ်ပါစေသတည်း။

ဓမ္မမိတ်ပေါင်း သူတော်ကောင်းတို့နှင့်၊ အပေါင်းများစွာ၊ သတ္တဝါတို့အားလည်း ပတ္တာနုမော်၊ ခေါ်ပါစေကြောင်း၊ ကောင်းမှုပုညာ၊ အဖို့ဘာဂကို၊ အမျှပေးဝေပါကုန်သည်၊ အမျှပေးဝေပါကုန်သည်။

အမတသာခေါင်၊ မြိုက်လက်ဆောင်ကို၊ သုံးဘောင်ရပ်သူ၊ နတ်နှင့်လူတို့၊ ထပ်တူညီမျှ၊ ကိုယ်စီရ၍၊ ချမ်းမြရွှင်ပျော်၊ နိဗ္ဗာန်နန်း စိတ်မှန်း မျှော်ကြလျက်၊ကြွေးကြော်အနုမောဒနာပြုသည်၊ သာဓုကိုယ်စီ ခေါ်စေသောဝ်။ ။

## သိဒ္ဓမ်။ ။

အဟော ဗုဒ္ဓါ အဟော ဓမ္မာ၊
အဟော နော သတ္ထုသမ္ပဒါ။
ယေသံ ပဘာဝ+မာလမ္ဗ၊
လဘာမ ဤဒိသံ သုခံ။ ။

ယေသံ = အကြင်ဘုရားဇိနော်၊ စိန္တေယျော်တို့၏။ ပဘာဝံ=နိဗ္ဗာန်တံခါး၊ ပွင့်စေသားဟု၊ တရားစည်ကြီး၊ သောင်းတိုက်ဟည်းအောင်၊ ရိုက်တီးနှိုးဆော် တန်ခိုးတော်ကို။ အာလမ္ဗ=အမှတ်တံကဲ၊ သဟဲတစ်ခု၊ အစွဲပြုရသောကြောင့် လည်းကောင်း။ ယေသံ=အကြင် မဂ်ဖိုလ်နိဗ္ဗာန်၊ ဓမ္မက္ခန်ဟု၊ ဆယ်တန်ထင်ပေါ်၊တရားတော်တို့၏။ ပဘာဝံ=ရှင်ရှင်လူလူ၊ လိုက်နာသူကို၊ နိဗ္ဗူရမှု၊ ကျေးဇူးပြုသား၊ နှုဘော်မြို့ဟုန်၊ တန်ခိုးဂုဏ်ကို။ အာလမ္ဗ=အမှီတံကဲ၊ သဟဲတစ်ခု၊ အစွဲပြုရသောကြောင့် လည်းကောင်း။ယေသံ=အကြင် မိဘမိတ်ကောင်း ဆရာကောင်းတို့၏။ ပဘာဝံ=သို့မကျင့်ကောင်း၊ သို့ကျင့်ကောင်းဟု၊

ဖျောင်းဖျပဲ့ ပြင်၊ သွန်သင်သမှု၊ ကျေးဇူးပြုသား၊နူဘော် ဖြိုးဟုန်၊ တန်ခိုးဂုဏ်ကို။အာလမ္ဗ=အမှီတံကဲ၊ သဟဲတစ်ခု၊ အစွဲပြုရသောကြောင့် လည်းကောင်း။ ဤဒိသံ သုခံ= ဆင္ဃသံဂါယနာတင်၊ မဘာသဘင်ဝယ်၊ပါဝင်ဆင်နွဲ၊ ပြုရ ခဲ့သည့်၊ လွန်ကဲသော ကုသိုလ်အလျဉ်၊ပီတိဓာတ် တွဲပျဉ် သည့်၊ ခေမဂ်တံ၊ ပို့လိမ့်မှန်သား၊ မြိုက်ဗီဇဂံအိုး၊ ဤယခု ချမ်းသာမျိုးကို။ လဘာမ=ပုဗ္ဗေကာတ ပုညသတ္တိ၊ စက် ကောင်းမိ၍၊ ရရှိပိုင်ဆိုင်ကြကုန်ပြီ။ နော=တပည့်တော် တို့၏။ တေ ဗုဒ္ဓါ=ထိုဘုရားဖဲနော် စိန္တေယျော်တို့သည်။ အဟော=အဝိဇ္ဇာပျောက် ဝိဇ္ဇာရောက်အောင်၊ ပွံထောက် ပကတူး၊ဂုဏ်အထူးတို့ကြောင့်၊ကျေးဇူးကြီးကျယ်၊ သြ.... ဆပ်၍ မကုန်နိုင်ဖွယ်ပါတကား။ တေ မမ္မာ=ထိုမဂ်ဖိုလ် နိဗ္ဗာန်၊ မမွကွန်ဟု၊ ဆယ်တန်ထင်ပေါ် တရားတော်တို့ သည်။အဟော=အာရုံမိမိုင်း၊ ဉာဏ်ကသိုဏ်းဖြင့်၊ကြဲတုံင်း ကြည်နူး၊ သဒ္ဓါဟုန်မြူးစေသဖြင့်၊ ကျေးဇူးကြီးကျယ်၊ သြ-- ဆပ်၍ မကုန်ဖွယ်ပါတကား။ သာ သတ္တု၊သမ္ဗဒါ= ထိုမိဘ မိတ်ကောင်း ဆရာကောင်းတို့ကို၊ ခညောင်းခိုလှုံ၊ ဆရာ၏ ပြည့်စုံခြင်းသည်။ အဟော = ဆင္ဃသံဂါယနာ၊ သဘင်သာဝယ်၊ဝေယျာဝစ္စ၊ တို့ကိစ္စဟု၊ စိတ်ဘကြည်ဖြူ၊ ကုသိုလ်ထူးအရယူနိုင်အောင်၊ လူ၏ဘဝ၊ ဒုလ္လဘကို၊ အရ တော်လတ် ရကျိုး နှပ်သဖြင့်၊ ကောင်းမြတ် တင့်တယ်၊ သြ.... ဝမ်းမြောက်ဖွယ်ကြီးပါ တကား။ ။

❀

# ကျေးဇူးရှင်ကြီးများ

အဟော ဗုဒ္ဓေါ အဟော ဓမ္မော၊
အဟော နော သတ္ထုသမ္ပဒါ။
ယေသံ ပဘာဝ+မာလမ္ဗ၊
အလတ္ထံ ဤဒိသံ သုခံ။ ။

ဘဒ္ဒန္တာ = သာကီယဇာတ်၊ အရှင်မြတ်တို့ ဘုရား။ ဘဒ္ဒန္တာ=သီလမြေထု၊ မေရုသမာဓိန်၊ ဝရဇိန်ပညာ၊ လင်းလင်းဖြာသည့်၊ ဆရာတော်ပေါင်း၊ အရှင်ကောင်းတို့ ဘုရား။ (ဘောတိယော = ဗြဟ္မစာရီ-အင်္ဂါမြင့်၊ အင်ညီမှေ့လျော်၊ နှေ့ညဉ့်ပျော်သည့်၊ သူတော်စင်အပေါင်း၊ အို...သူမြတ်လောင်းတို့)။ ယေသံ=အကြင်ဘုရားဇိနော်၊ စိန္တေယျော်တို့၏၊ ပဘာဝံ=မဂ္ဂင်ရှစ်ဆူ၊လမ်းမှန်ထူ၍၊ နိဗ္ဗူတံခါး၊ပွင့်စေသားဟု၊တရားစည်ကြီး၊သောင်းတိုက်ဟည်းအောင်၊ ရိုက်တီးနှိုးဆော်၊ တန်ခိုးတော်ကို၊ အာလမ္ဗ= အမှီတံကဲ၊ သဟဲတစ်ခု၊ အစွဲပြုရသောကြောင့် လည်းကောင်း။ ယေသံ=အကြင်မဂ်ဖိုလ်နိဗ္ဗာန်၊ ဓမ္မက္ခန်ဟု၊ ဆယ်တန်ထင်ပေါ်၊ တရားတော်တို့၏၊ ပဘာဝံ=ရှင်ရှင်လူလူ၊ ကျင့်ကြံသူကို၊ နိဗ္ဗူတိုင်မြောက်၊ အဆုံးရောက်အောင်၊ ပံ့ဆောက်သမူ၊ ကျေးဇူးပြုသား၊ နုဘာဝဟုန်၊ တန်ခိုးဂုဏ်ကို၊ အာလမ္ဗ=အမှီတံကဲ၊ သဟဲတစ်ခု၊ အစွဲပြုရသောကြောင့်လည်းကောင်း။ယေသံ=အကြင်မိကောင်းဘကောင်း ဆရာကောင်းတို့၏၊ ပဘာဝံ = သို့မကျင့်

ကောင်း၊ သို့ကျင့်ကောင်းဟု၊ ဖျောင်းဖျပဲ့ပြင်၊ သွန်သင်သမှု၊ ကျေးဇူးပြုသား၊ နုဘာဝဟုန် ကျေးဇူးဂုဏ်ကို၊ အာလမ္ဗ=အမှီပြုကဲ၊ သဟဲတစ်ခု၊ အစွဲပြုရသောကြောင့်လည်းကောင်း၊ ဤဒိဋ္ဌိ သုခံ=ရတနာသုံးပုံ၊ ကျေးဇူးဂုဏ်ကို၊ တလုံလဲလဲ၊ သတိစွဲ၍၊ အမြဲအောက်မေ့ခြင်းနှင့်တကွ၊ သီလ,သမာဓိ,ပညာ, သိက္ခာသုံးခန်း၊ အကျင့်လမ်းကို၊ ဖြည့်စွမ်းရခြင်းလျှင်၊အကြောင်းရင်းရှိသော၊ပီတိ+ပဿဒ္ဓိနှစ်ဖြာ၊ ယှဉ်ဘက်ပါသည့်၊ ချမ်းသာသုခ၊ အဝဝကို၊ အလတ္တံ=ပုဗ္ဗေကတ၊ ပုညသမ္ပတ္တိ၊ စက်ကောင်းမိ၍၊ ရရှိထင်ရှား၊ခံစားရလေပြီ။နော=အကျွန်ုပ်တို့၏၊တေ ဗုဒ္ဓါ=ထိုဘုရားဇိနော်၊ စိန္တေယျော်တို့သည်၊ အဟော=သစ္စာလေးချက်၊ တရားနက်ကို၊ ပြက်ပြက်ထင်ဘို့၊ဉာဏ်မျက်စိကိုရရှိစေဦး၊ ဝေဖြန့်ဖြူးသဖြင့် ကျေးဇူးကြီးကျယ်၊ သြ….ဆပ်၍ မကုန်နိုင်ဖွယ်ပါတကား။ တေ ဓမ္မာ=ထိုမဂ်ဖိုလ်၊ နိဗ္ဗာန်၊ ဓမ္မက္ခန်ဟု၊ ဆယ်တန်ထင်ပေါ်၊ တရားတော်တို့သည်၊ အဟော = အာရုံဖြင့်ပိုင်း၊ ဉာဏ်ကသိုဏ်းဖြင့်ရှုတိုင်းကြည်နူး၊ သဒ္ဓါမြူးအောင်၊ ကျေးဇူးကြီးကျယ်၊ သြ….ဆပ်၍ မကုန်နိုင်ဖွယ်ပါ တကား။ နော=အကျွန်ုပ်တို့၏၊ သာ- သတ္တုသမ္ပဒါ=ထိုမိကောင်း ဘကောင်း၊ ဆရာကောင်းတို့ကို၊ ခညောင်းခိုလှုံ၊ ထိုဆရာ၏ ပြည့်စုံခြင်းသည်၊ အဟော=မနုဿတ္တ ဒုလ္လဘကို၊ အရတော်လတ်၊ အကျိုးနပ်၍၊ ကောင်းမြတ်တင့်တယ်၊ သြ….ဝမ်းမြောက်ဖွယ်ကြီးပါ တကား….။

၁၃၁၃-ခုနှစ်၊ သီတင်းကျွတ်လဆုတ် ၃-ရက်

## ရှင်စောပုကောင်းမှု၊ စေတီတော်ပြုပြင်ရာ၌ သမ္မာဒေဝနတ်များအား

## တိုင်ကြားခြင်း

ကြေြာင်း။ နမော ဇယတု သဗ္ဗဗုဒ္ဓါနံ အာနုဘာဝေန။

(သုံးခေါက် ဆိုပါ)

ယတော ဉဂ္ဂစ္ဆတိ သူရိယော=အစရှိသော၊ ဘုရားဟောဒေသနာ၊ အာဋာနာဋိယ သုတ်တော်မြတ်အလို၊ မြင်းမိုရ်တောင်မှ၊ အရှေ့မျက်နှာအရပ်ဝယ်၊ ဂန္ဓဗ္ဗနတ်တို့ကို အစိုးရသော ဓတရဋ္ဌနတ်မင်း၊ တောင်မျက်နှာအရပ်ဝယ်၊ ကုမ္ဘဏ္ဍနတ်တို့ကို အစိုးရသော ဝိရူဠှကနတ်မင်း၊ အနောက်မျက်နှာအရပ်ဝယ်၊ နာဂနတ်တို့ကို အစိုးရသော ဝိရူပက္ခနတ်မင်း၊ မြောက်မျက်နှာအရပ်ဝယ် ယက္ခနတ်တို့ကို အစိုးရသော ကုဝေရနတ်မင်း၊ ဤနတ်မင်းကြီး လေးပါးနှင့်တကွ၊ သားတော် ကိုးကျိပ်တစ်ပါးစီ တစ်ခုတည်းသော အမည်ဖြင့် အားစည်ကြီးတော်း၊ အို....ဣန္ဒနတ်အပေါင်းတို့....

ကောင်းမှုပြုဘက် ပုညသဟာယအရာထား၍၊ အသင်နတ်မင်းများကို ကျွန်ုပ် တိုင်ကြားသိစေလိုသည်မှာ မြတ်စွာဘုရား သာသနာတော်ကို လွန်စွာကြည်ညို ရှိသေသော စိတ်နှလုံးဖြင့် ဤကုန်းမြင့်မြေအမြွှင်ဝယ် ဟံသာဝတီပြည့်ရှင် ဘုရင်မကြီး ရှင်စောပု၏ ကောင်းမှုတော်စေတီကြီး ပျက်စီးယိုယွင်း ရှိသည်များကို မြတ်စွာဘုရား၌ လေးစား

ကြည်ညို ရှိသေသော ကုသိုလ်ဆန္ဒ ပြင်းထန်စွာရှိသဖြင့် (ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံ ရန်ကုန် နေပြည်တော်)ရှင်စောပုစေတီ ပြန်လည်တည်ထောင်ရေးအဖွဲ့က ကမ္မကတ ရှေ့ဆောင်၍ အသစ်တစ်ဖန် မွမ်းမံခြယ်တင် ပြုပြင်၍လာခဲ့ရာ ယခုခါ၀ယ် ဌာပနာ တိုက်တော်မြတ် အပြီးသို့တိုင်လတ်သဖြင့် ဓာတ်တော်, မွေတော်, ရုပ်ပွားတော်တို့နှင့်ဘက္ကပရိဘောဂ အသုံးအဆောင် အရပ်ရပ်တို့ကို ဓာတ်တော် ဌာပနာ မင်္ဂလာ ပူဇော်ပွဲ အခမ်းအနားကြီး ကျင်းခံ၍ သွင်းနှံသမှု အကျွန်ုပ်ကိုယ်တိုင် ရှေ့ဆောင်၍ ပြုအပ်ပါပြီ....

သဗ္ဗညုမြတ်စွာတရား၏ကြီးမားသောမဟာကရုဏာတော်၊ အကျွန်ုပ်၏ မတုန်မလှုပ် မြတ်စွာဘုရား၌ သက်၀င်ယုံကြည်သော စေတနာသဒ္ဓါ၏ အာနုဘော်၊ အသင်နတ်မင်းလေးပါး သား တော် ကွန္တ နတ် မင်း သုံးရာ့ခြောက်ကျိပ် လေး ပါး တို့ ၏ ကြီး မား သော တန်ခိုး တေ ဇော် အာ နု ဘော် အရပ်ရပ် တို့ကြောင့် မြတ်စွာဘုရား၏ ကိုယ်တော်စား ဖြစ်တော်မူသော ဤ ရှင်စောပုဘုရင်မကောင်းမှုစေတီတော်ကြီးသည် ရေ၊မီး၊မင်း၊ခိုးသူ မိစ္ဆာ လူ အစရှိသော ရန်အလေ့းတို့မှ ကင်းဝေးဆိတ်ညံ့လူနတ်တို့၏ အပူဇော် ခံတော်မူလျက်၊ ဓာတုပရိနိဗ္ဗာန်စံ၀င်တော်မူသည်ကာလ ထိုအခါကျအောင် မန္ဒုဿဒေ၀ နိဗ္ဗာန ချမ်းသာသုံးပါး လူနတ်အများအား စီးပွားဆောင်ထွေ၊ ပေးငှဝေလျက် လနေပုံညွန်း၊ မိုက်မှောင်တွန်း၍ တည်ထွန်းတော်မူပါစေသတည်း။

၁၃၁၃–ခုနှစ်၊ တပို့တွဲလဆန်း ၃-ရက်နေ့

ပဲခူးမြို့ သာသနပါလအသင်းက
ဓမ္မာစရိယ သုံးပါးအား ချီးကျူးဂုဏ်ပြုသော

## ဂါထာ ပါဠိအနက်များ

၁။ သဒ္ဓမ္မော ယတိ အာလောကော၊
ဓမ္မဿာမိ သုတော ဝရော။
ပါရဂူ ပါဠိဂန္ထေသု၊
သတ္ထေသု စ ဝိစက္ခဏော။ ။

သဒ္ဓမ္မော ယတိ=အဘိဝံသ သဒ္ဓမ္မ မှည့်ခေါ် ရဟန်းတော် အရှင်မြတ်လည်းကောင်း။ (သဒ္ဓမ္မော ယတိ=ရှင်တော်ဟောမြွက်၊ ဓမ္မစက်ကို မပျက်အောင်၊ ငါလျှင်စောင့်မည်ဟု၊ ဆရာကောင့် တပည့်ပီပီ ဓမ္မာစရိယ မှည့်ခေါ် **အရှင်သဒ္ဓမ္မ** ရဟန်းတော် လည်းကောင်း။)

အာလောကော ယတိ=အရှင် **အာလောက** ဓမ္မာစရိယ ဘွဲ့ရထင်ပေါ် ရဟန်းတော်မြတ်လည်းကောင်း၊ (အာလောကော ယတိ=ဘုရားဘုန်းခေါင်၊ တရားရောင်ကို၊မြန်ဘောင်ဝန်းလည်၊ငါဖြန့်မည်ဟု၊ရွယ်ရည်ဖြတ်ထုံးမြတ်နှလုံးဖြင့်၊ အထက်ဆုံး စာချ၊ ဓမ္မာစရိယအောင်ပန်းဆွတ်လှမ်းပန်ဆင်၊ ဘွဲ့ထူးယင်သည့်၊ **အရှင်အာလောက** ရဟန်းတော်မြတ် လည်းကောင်း။)

ဝရော = ဆရာကောင်းတပည့်၊ အမိကောင်းသားဤသူတကားဟု၊ လက်ဖျားမြှောက်ကာ၊ သူ့သူငါ့တို့၊

ယောမနာစာတမ်း၊ နှုတ်ရည်ရွှမ်းအောင်၊ ချီးမွမ်းပါအပ်မြတ်ပေထသော။ ဓမ္မသာမိ သုတော=ဓမ္မသာမိ၊ မာရဇိဟု၊ သာကီထွတ်ထား၊ မြတ်ဘုရား၏၊ သားချစ်မှန်ဘိ၊ ရဟန်းတော်အရှင် **ဓမ္မသာမိ** လည်းကောင်း။

ပါဋ္ဌိဂန္ထေသု=ဘုရားဟောဖော်၊ ပါဠိတော်နှင့်၊ အာဘော်နဲနက်၊ ခဲအခက်ကို၊ ခွဲဝက်စိတ်ဖြာ၊ ဖွင့်လှစ်ပါသားအဋ္ဌကထာကျမ်း၊ အခန်းခန်းတို့၌။ ပါရဂူ=တစ်ဘက်ကမ်းရောက်၊ လျှမ်းလျှမ်းတောက်လျှင် စွမ်းမြောက်သည့်အသိဉာဏ်၊ ဂုဏ်ရည် လျှံ၍ နိုင်ငံတော်အစိုးရ ဓမ္မာစရိယစာချတန်းဝယ် အောင်ပန်းဆွတ်ချူ ပါဠိဖြင့် အောင်မြင်တော်မူကြပါ၍ 'ပါဋ္ဌိပါရဂူ' ဘွဲ့နှောင်း=ဂုဏ်ထူးဆောင်ဖြစ်တော်မူကြပါသော။

သဒ္ဒေသု စ=ပါဠိတော်နက်ကျယ်၊ ကျမ်းပင်လယ်ကိုအလွယ်နှင့် ကူးနိုင်ကြောင်း၊ လှေကောင်းတက်မ၊ အချက်ပြအိမ်မြှောင်၊ အခြေခံ(အခြေပြု) ကျမ်း စာ စောင် တို့ ၌ လည်း။ ဝိစက္ခဏော=အိပ်, နိုး, တင်, ခတ်, တုံ, ဆတ်, မေးဖြေ ခွန်းတိုင်းချေနိုင်သည့်၊ အခြေခံ ဝိစက္ခဏာ ဉာဏ်ပညာဖြန့် စင်သန့်တော်မူကြပေကုန်သော။

၂။ မောဒယံ ဇနတံ ဟံသ-
ဝတီသရေ မနောဟရေ။
ဓမ္မကူဇံ ဝိကူဇိံသု၊
ဟံသာ ဇိနသုတာ တယော။

တယော= **အရှင်သဥ္ဇမ္မ- အရှင်အာစာရ- အရှင်ဓမ္မသာမိ** ပါဋ္ဌိပါရဂူ ဘွဲ့ယူထင်ရှား၊ ရဟန်းတော်သုံးပါးဟု ဆိုအပ်ကုန်သော။ ဇိနသုတာ ဟံသာ = ငါးမာရ်နှိပ်

နင်း၊ဘုရားရှင်တည်းဟူသော ရွှေဟသ်ာမင်း၏ သားရင်းပီသ၊ ဂုဏ်ရည်မကြွ၍၊ သီလတည်း ဟူသော၊ ရွှေကိုယ်ရောင်၊ သမာဓိတည်း ဟူသော ရွှေအတောင်ကို ဖြန့်ဆောင်သွန်းသွန်း၊ ပညာ တည်းဟူသော ရွှေဦးစွန်းကို ရွှန်းရွှန်းမြှောက်ချီ၊ ရွှေဟသ်ာ နောင်ညီတို့သည်။ဇနတံ=ဆည်းကပ်ကြည်ဖြူ၊ ကိုးကွယ်သူ လူ အ ပေါင်း ကို။ မောဒယံ= မောဒယန္တာ=ဟောဒါမှနော်၊ တို့ကိုယ်တော်ဟု၊ ရွှင်ပျော်လျှမ်းတောက်၊ လက်ပန်းပေါက်လောက်အောင်၊ ဝမ်းမြောက်ကြီး ဝမ်းမြောက်တော် မူကြကုန်လျက်။ မနောဟရေ=မြင်သူနှလုံး၊ ငင်ယူကျုံးသို့၊ပြုံးရွှင်လို့နော်၊ငဲ့၍ခေါ်မူ၊မွေ့လျော်ဖွယ်လည်း ရှိပေထသော။ ဟံသာဝတိသရေ=ဟံသာဝတီ မော်ကွန်းချိလျက်၊ သိရိဝေဖြိုး၊ မြေတရိုးဝယ်၊ ကျော်ဟိုးဂုဏ်ဝါ၊ ကြယ်ဥက္ကာသို့၊ ဥဿာပဲခူး၊ အောင်မြေထူးဟု၊ ချီးကျူးဘွဲ့နာမ်၊ ပဒုံမာ ကြာကန်ကြီးထဲ၌။ မမ္မကူဇံ=သုတ္တန် ဘိဓမ္မ ဝိနယဟု၊ ပိဋကနက်စံ ကွန့်မြူးသံကို။ ဝိကူဇိ သုံ=သိရိဖဝရ၊ စာချ ဘွဲ့နှောင်၊ ပါဠိပါရဂူ၊ဂုဏ်ရည်ပြောင်၍၊မြန်ပြည်ဘောင်အောက်ထက် ကူးတည့်အောင်၊ မြတ် ကျောင်း ဆောင်ကြာရုံဦးတို့မှ ညြ....ရင့်ကျူးမြည်တွန်ခဲ့ကြကုန်ပြီတကား။

၃။ သာသနံ လောကနာထဿ၊
ဝရေ ဟံသဝတီပုရေ။
ဝိမလောဝ နဘော စန္ဒော၊
ဘိယျော နူန ပဒိဗ္ဗတေ။

နဘော=အဇဋာပြင်၊ မိုးကောင်းကင်၌။ ဝိမလော= ဆီးနှင်း,မြူ,တိမ်၊ သူရိန်,မီးခိုး၊ ညစ်မျိုးငါးအင် သန့်

ရှင်းစင်သော။ စန္ဒာဂ=အအေးဓာတ်ရည်၊ စိန်ရောင်ခြည်ကို၊ ရှစ်ဒီရပ်ခန်း၊ နယ်စုံဖြန်းသည့်၊ ယုန်နန်းယာဉ်သာ၊ စန်းသော်တာဟု၊ စကြာမြသား၊ လရထားကဲ့သို့။ ဟံသဝတီပုရေ ဝရေ=အဇဋ္ဌာပြင်၊ မိုးကောင်းကင်နှင့်၊ ပုံယှဉ်စံနိုင်း၊ မြန်ရပ်တိုင်းဝယ်၊ သံပိုင်းညွှန့်စည်၊ ဟံသာဝတီဟု၊ ရွှေပြည်သာဖြိုး၊ (တပည့်တော်တို့၏) မြို့ပဲခူး၌။ လောကနာထဿ=လူသုံးပါးတို့၏ ကိုးစားရာ၊ မြတ်စွာဥက္ကဋ္ဌ သုံးလောကနတ်၏။ သာသနံ = အံ့ဖွယ်ရှစ်ဖြာ၊ သာသနာတော်မြတ်ကြီးသည်။ ဝိမလံ=သာသနာပြင်ပ၊ ဗာဟိရဟု၊ ဝါဒရှုပ်ထွေး၊ ဝိတဏ္ဍာ အညစ်အကြေးတို့မှ ကင်းဝေးဖြူစင်သည်ဖြစ်၍၊ ဘိယျော ပဒိဗ္ဗတေ နူန်=ရွှေဟင်္သာနောင်ညီ၊ သာသနာ့ဇာနည်ဟု၊ မထေရ်သုံးဦး၊ ဂုဏ်တော်ထူးကြောင့်၊ ကွန့်မြူးလျှံဖြာ၊ ဟံသာမြို့ သာသနာသည်၊ ဖြန်အရာ ဆဆတိုးတဲ့၍၊ မြန်ပထဗျာ ဇမ္ဗူမြေတရိုးဝယ် ဩ...၊ ဝေဖြိုး တောက်ပြောင်တော့မည်ဘုရား။

၄။ ပူဇေမ နာနာဝိဓ ဒေယျဓမ္မံ+
ဝတ္ထုဟိ ဂါထာဘိ စ ထောမယာမ။
ရက္ခန္တု သဒ္ဓမ္မဝရံ ဇိနဿ၊
အနာကုလာ ကွစ္စဘိပတ္ထယာမ။

ဘန္တေ=ပညာတန်ဆောင်၊ မီးရှူးရောင်တို့၊ ထိန်ပြောင်ရိုးရက် ပြိုးပြိုးပြက်အောင်၊ အောက် ထက်ဝန်းကျင်၊ ကျော်စောထင်သား အရှင်သုံးပါး ရွှေဟင်္သာနောင်ညီတို့ဘုရား....။ ဝေါ=ဂုဏ်တော်သခင်၊ အရှင်ဘုရားတို့ကို။

မယံ=သာသနပါလ၊ မည်နာမနှင့်၊ သာသနာ့အကျိုး ဆောင်သည့်ပိုးလျက်၊ နှောင်ကြိုးဝဋ္ဋ သံယောဇဉ်၊ ဆယ် လွန်းတင်ကို၊ သော့အလျင် ဖြတ်နိုင်ရေးဟု၊ စုဝေးညီညာ ဤအခါဝယ်၊ ပူဇာမမွ၊ ပွဲကျင်းပ၍၊ ပုညစုဆောင်း၊ အသင်းဝင် တပည့်ဒါယကာ-ဒါယိကာမ အပေါင်းတို့ သည်။ နာနာဝိမ ဒေယျမမ္မဝတ္ထုဟိ=ထူးထွေများကြွယ်၊ လှူဖွယ်ဝတ္ထု အစုစုတို့ဖြင့်။ ပူဇေမ = ရေစက်ချသွန်း ဗောဓိဉာဏ် ဆုသန်ညွှန်း၍၊ ကြည်ရွှန်းကော်ရော် ပူဇော် ကြပါကုန်သည် ဘုရား။ ဂါထာဘိ စ=နာပျော်ဖွယ်ရာ ဥပမာဟု၊ ဂါထာတင့်ဆန်း စာတော့်ပန်းတို့ဖြင့်လည်း။ ထောမယာမ=ပူဇနီယပူဇာ မင်္ဂလာဟု၊ သံသာအိုရွှန်း ဗိုလ်ရှင်လူ သာဓုညွှန်းလောက်အောင် ချီးမွမ်းချော့က် ဆိုကြပါကုန်၏ ဘုရား။ ဣမေ=ဤ သာသနာ့အာဇာနည် မထေရ်မြတ်သုံးပါး၊ ရှင်တော့်သားတို့သည်။ အနာ ကုလာ=နှောင့်ယှက်ပိတ်ပင် ရန်မထင်ကြကုန်ဘဲ။ဇိနသ်= အောင်ပွဲရသခင် ရှင်တော်မြတ် ဘုရား၏။ သဒ္ဓမ္မဝရံ= သဒ္ဓမ္မသုံးဖြာ၊ သာသနာတော်မြတ်ကြီးကို။ ရက္ခန္တု= သာသနာရေး အသက်ပေး၍၊ နောင်ရေးမြော်ထောက်၊ တစ်ဆိုလောက်အောင်၊ စောင့်ရှောက် ထိန်းသိမ်းတော် မူနိုင်ကြပါစေကုန်သတည်း။ ဣတိ စ=ဤသို့လည်း။ အဘိ ပတ္ထယာမ=ဆုတောင်းပန်ထွာ ပတ္ထနာမှု ပြုကြပါကုန်၏ ဘုရား။ ဝါ အဘိပတ္ထယာမ=

သာသနပါလ၊ မည်နာမ၊ ပုညသင်းဝင်တွေ။
သဒ္ဒါရိုကျိုး၊ လှူဖွယ်မျိုး၊ မြတ်နိုးပူဇော်ပေ။

ဂါထာတင့်ဆန်း၊ စာတော်ပန်း၊ ချီးမွမ်းလျှောက်တင်ပေ။

ရွှေဟသာအလား၊ နောင်ညီဖွား၊ သုံးပါးသာကီဆွေ။

သာသနာကျိုး၊ ဆဆတိုး၊ သည်ပိုးနိုင်ကြစေ။

အောင်အောင်စေဟု၊ သပြေနုဖြင့်၊ ဇေတုဟာစ်ချီ၊ သံပြိုင်ညီလျက်၊ အောင်သျှန္တိ မင်္ဂလာသွန်းကြ၍၊ အောင်မြိုက်စည် ကိုယ်စီရွှမ်းရအောင် အောင်ဆုညွှန်းလျှောက်ကြပါသည့်ဘုရား။

စရ

၁၁-၁၀-၃၂၀

❀

## ပြာဟ္မဏာ ခေါ်ဆိုကြောင်း ဂါထာပါဠိနှင့်အနက်

**ယော**စ ပုညဉ္စ ပါပဉ္စ၊
ဥဘော သင်္ဂံ+မုပစ္စဂါ။
အသောကံ ဝိရဇံ သုဒ္ဓံ၊
**တ**မဟံ ဗြူမိ ဗြာဟ္မဏံ။

ဘိက္ခဝေ=ရဟန်းတို့။ ဣဓ=ဤမြတ်ဘုရားသဖြင့် ဆုံးမရာဤငါဘုရား သာသနာ၌။ ယော=အမှတ်မထင် အကြင်ရဟန်းသည်။ ပုညဉ္စ=သုဂတိသို့ရောက်ကြောင်း ကောင်းမှုကုသိုလ်ကို လည်းကောင်း။ ပါပဉ္စ = ဒုဂ္ဂတိ သို့ ရောက်ကြောင်း မကောင်းမှု အကုသိုလ်ကို လည်း ကောင်း။

ဥဘော = ကုသိုလ် + အကုသိုလ် ထိုနှစ်ပါး ကောင်း မကောင်းတရားတို့ကို။ ဆဥ္ဆေတွာ=အရဟတ္တမဂ်ဖြင့် ပယ်ဖျက် စွန့်ခွာ၍။ သင်္ဂံ =ရာဂ အစရှိသော ငြိကပ်ခြင်းကို။ ဥပစ္စဂါ = အကြွင်းမဲ့ ပယ်ဖျောက် လွန်မြောက်လေပြီ။ အသောကံ=ဝဋ္ဋ်၏ မူလ သောကခပင်းအလျဉ်းမရှိသော။ ဝိရဇံ=ရာဂါဒိမြူခပင်းမှကင်းရှင်းလွတ်မြောက်ထသော။ သုဒ္ဓံ=ကိလေသာခပင်းမှ သန့်ရှင်းစင်ကြယ်ပေထသော။ တံ=ထိုရဟန်းကို။ ဗြာဟ္မဏံ=ဗာဟိတပါပ အနွတ္ထကြောင့် ဗြာဟ္မဏာခေါ်မှတ် ပုဂ္ဂိုလ် သူမြတ်ဟူ၍။ အဟံ=ငါဘုရားသည်။ ဗြူမိ=ဟောကြားတော်မူပေ၏။ ။

ရဟန်းများဖြင်၊ သားချစ်ရှင်တို့....။ အကြင် ပုဂ္ဂိုလ်၊ အကုသိုလ်နှင့်၊ ကုသိုလ်နှစ်သွယ်၊ စွန့်ပယ်ပစ်၍၊ ငြိတွယ်ခပင်း၊ လွန်မြောက်လျှင်း၏။ စိတ်တွင်းလိုက်ဆူ၊ စိုးရိမ်ဟူသား၊ အပူကင်းငြိမ်း၊ မြူမတိမ်းပဲ၊ ခပ်သိမ်းကိလေ၊ သန့်စင်ပေတည့်။ ဂုဏ်နေထူးခြား၊ ထိုသူအားမှ၊ မြတ်ဖျား ဗြာဟ္မဏာ ဆိုသတည်း။

❀

## ဘူမိရှာမဏောယျက ဂါထာပါဌ်အနက်

ဂါမေ ဝါ ယဒိ ဝါ ရညေ၊
နိန္နေ ဝါ ယဒိ ဝါ ထလေ။

ယတ္ထ အရဟန္တော ဝိဟရန္တိ၊
တံ ဘူမိရာမဏေယျကံ။

ဘိက္ခဝေ = ရဟန်းတော်များ အိုချစ်သားတို့။ ဂါမေ ဝါ=ငါးပါးအာရုံ ကာမဂုဏ်တို့ ဝန်းရံထူထပ် ရွာအရပ်၌ ဖြစ်စေ။ ယဒိ = ထိုသို့မဟုတ်။ အရညေ ဝါ = ကာမဂုဏ် ငါး အာရုံများမှ ဝေးခြားတုံလတ် တောအရပ်၌ ဖြစ်စေ။ နိန္နေ ဝါ=စိမ့်စမ်းများဖြင့် ရေသွင်သွင်နှင့် သစ်ပင်စိမ်း လန်း ချိုင့်ဝှမ်းရာ အရပ်၌ ဖြစ်စေ။ ယဒိ=ထိုသို့မဟုတ်။ ထလေ ဝါ = သစ်ပင်မရှိ မြူအတိလျှင် ပြွမ်းဘိုပူလောင် ကုန်းခေါင်ခေါင်အရပ်၌ဖြစ်စေ။ ယတ္ထ=အကြင်အရပ်၌။ အရဟန္တော=ရဟန္တာသခင် အရှင်မြတ်တို့သည်။ဝိဟရန္တိ= ဣရိယာပထ မျှတရွှင်ပြုံး သီတင်းသုံးနေတော်မူကုန်၏။ တံ ဌာနံ=ထိုရဟန္တာတို့ နေထိုင်ရာ အရပ်သည်။ ဘူမိရာ- မဏေယျကံ=မြေအပြင်ဝယ် မွေ့လျော်ဖွယ်မှန်လှ အရပ် ဌာနပေတည်း။

## အညမညအလက်ာ(ပဋ္ဌိဘာန်)ဂါထာ

## မင်းကွန်းစောဖွဲ့

သန္တာ ဝနေန သောဘန္တိ၊<br>
ဝိဝေက+မနုပြူဟယံ။<br>
ဝနမ္ပိ သောဘတိ တေဟိ၊<br>
သန္တာဝါသသမညိတံ။ ။

သန္တာ = ကိလေသာဟူ အပူခပ်သိမ်း ငြိမ်းရန် ရှယ် ချောင်း ဤတောဉ္ဈပျော် သူမတော်စင်အပေါင်းတို့သည်။ ဝိဝေကံ=အဖော်မမှီး၊ တစ်ကိုယ်တည်းလျှင်၊ ခိုမှီးသာမျှ၊ ဖောပဆတည်းဟူသော ကာယဝိဝေက၊ မြဲ့စိတ်ရွာစိတ်၊

လောဘဟိတ်မှ၊ ကင်းဆိတ်ခြင်းတည်းဟူသော စိတ္တဝိဝေကတရား = ဤနှစ်ပါးကို။ အနုပြူဟယန္တာ = နေ့စဉ်ရက်စပ်၊ ကြားမလပ်အောင်၊ အထပ်ထပ် ပွားကြကုန်သည်ဖြစ်၍။ ဝနေနု = မင်းကွန်းသာခေါင်၊ ဤတောတောင်ဖြင့်၊ သောဘန္တိ = ကိုယ်နှင့် သင့်ရာ၊ မြိုင်ခန်းဝါသယ်၊ ကေစာဖွင့်၊ နေသဖြင့်လျှင်၊ ရေနှင့်ကြာနှယ်၊ တင့်တယ်လှပါပေကုန်၏။

ဝနမှိ=မင်းကွန်းသာခေါင်၊ဤတောတောင်ကြီးသည်လည်း။ တေဟိ=ကိန်းစံပျော်အောင်း၊ သူတော်ကောင်းတို့ဖြင့်၊ ဝါ=ထိုသူတော်ကောင်းတို့ကြောင့်။ သန္တာဝါသသမညိတံ=သိတရှပ်ရှပ်၊ ကျောက်ချပ် ကျောက်ပြုတ်၊ ချုံပုတ်ယှက်ပွေ၊ ရေနှင့်ဝေးကွာ၊ ဖြစ်တုံပါလည်း၊ သန္တာဝါသ၊ သူတော်ကောင်းတို့ နေရာဌာနဟု၊ အမျှားနှုတ်ဖျား၊ ဂုဏ်တစ်ပါးလျှင်၊ ပြောကြားသိမှတ်၊ သမုတ်အပ်သည်ဖြစ်၍။ သောဘတိ = နဂိုပြကတေ့၊ သူ့ဓလေ့ဖြင့်၊ ခြောက်သွေ့စွာပင်၊ ဖြစ်တုံကျင်လည်း၊ သူတော်စင်မြတ်၊ ဂုဏ်ရောင်ဟပ်၍၊ ချဉ်းကပ်ချင်စဖွယ်၊ သြ.... တင့်တယ်ပေစွာ့တကား။ ။

တိပိဋကဓရ ပဋ္ဌိဘာန်

၇-၁၂-၂၇

❁

### အဋ္ဌကထာဆရာတော်

# အရှင်မဟာဗုဒ္ဓဃောသ၏

## ဆုတောင်း

၁။ ယံ ပတ္တံ ကုသလံ တဿ၊
အာနုဘာဝေန ပါဏိနော။
သဗ္ဗေ သဒ္ဓမ္မရာဇဿ၊
ဉတွာ ဓမ္မံ သုခါဝဟံ။ ။

၂။ ပါပုဏန္တု ဝိသုဒ္ဓါယ၊
သုခါယ ပဋိပတ္တိယာ။
အသောက+မနုပါယာသံ၊
နိဗ္ဗာနသုခ+မုတ္တမံ။ ။

၃။ စိရံ တိဋ္ဌတု သဒ္ဓမ္မော၊
ဓမ္မေ ဟောန္တု သဂါရဝါ။
သဗ္ဗေပိ သတ္တာ ကာလေန၊
သမ္မာ ဒေဝေါ ပဝဿတု။ ။

၄။ ယထာ ရက္ခိံသု ပေါရာဏာ၊
သုရာဇာနော တထေဝိမံ။
ရာဇာ ရက္ခတု ဓမ္မေန၊
အတ္တနောဝ ပဇံ ပဇံ။ ။

၁။ ။မယာ=ရုပ်ဓာတ် နာမ်ဓာတ်၊ ပရမတ်ကို၊ ပညတ်တင်ကာ၊ လူ့ဝေါဟာဖြင့်၊ ငါဟုသမုတ်၊ အကျွန်ုပ်သည်။ ယံ ကုသလံ=အံ့ဖွယ်ရှစ်ဖြာ၊ သာသနာကို၊ သဒ္ဒါထဲနှီး၊ လေးပစ္စည်းဖြင့်၊ မြောက်ချီးသဂြိုဟ်၊ အကြောင်ကုသိုလ်ကို။ ပတ္တံ=ယောနိသော ပဒဋ္ဌာန် အကြောင်းခံ၍၊ ကေန်ဆတ်ဆတ်၊ ရအပ်ရောက်အပ်လေပြီ။ တဿ ကုသလဿ=အံ့ဖွယ်ရှစ်ဖြာ၊ သာသနာကို၊ သဒ္ဒါထဲနှီး၊ လေးပစ္စည်းဖြင့်၊ မြောက်ချီးသဂြိုဟ်၊ ထိုကုသိုလ်၏။ အာနုဘာဝေန=အမေ့ခံရိုး၊ ကံတန်ခိုးဟု၊ ဖန်ပျိုးရှိန်စော်၊ အာနုဘော်ကြောင့်။ သဗ္ဗေ=ကြွင်းမဲ့ဥဿုံ၊ အလုံးစုံကုန်သော။ ပါဏိနော=ဇီဝိတိန္ဒြေ၊ ထိန်းစောင့်ချေ၍၊ ရှည်ထွေခုထိ၊ တည်နေဘိသား၊ သက်ရှိများစွာ၊ သတ္တဝါတို့သည်။ သဒ္ဓမ္မရာဇဿ=ပါရမီစာဂ၊ စရိယနှင့်၊ ဘုရားကျေးဇူး၊ တရားထူးတို့ဖြင့်၊ ပွားလူးများစွာ၊ သတ္တဝါ

တို့ကို၊သဒ္ဒါရှုန်းဝေ၊ နှစ်သက်စေသည့်၊ ပရမေ မှန်ကင်း၊ တရားမင်း ဖြစ်တော်မူသော မြတ်စွာဘုရား၏။ သုခါ-ဝဟံ=လူနတ်နိဗ္ဗာန်၊ သုံးတန်သော ချမ်းသာစက်ကို၊လက်ရောက်ရအောင်၊ရွက်ဆောင်ပေထသော။ ဓမ္မံ=ဟောဖော်မိန့်ညောင်း တရားကောင်းကို။ ဥတ္တမ=သုတ စိန္တာ၊ ဘာဝနာဟု၊ ပညာသုံးဆိုင်း၊ မြင်းလျှင်စိုင်းသို့၊ ပြိုင်းပြိုင်းထင်ထင်၊ အမှန်အတိုင်း သိမြင်ကြကုန်၍။

၂။ ။ဝိသုဒ္ဓါယ=ကာမသုခလ္လိက, အတ္တကိလမထာ၊ နှစ်ဖြာသော အယုတ်တရားတို့မှ၊ဝေးခြားကင်းကွယ်၊သန့်ရှင်းစင်ကြယ်သော။ သုခါယ=မဂ်ဖိုလ်၏ အဟန့်အတား၊ နီဝရဏတရားတို့ကို၊ ပယ်ရှားရန်မူ၊ လွယ်ကူ ချမ်းသာစွာထသော။ ပဋိပတ္တိယာ=အဋ္ဌင်္ဂိက၊ ဖြူစင်လှသည့်၊ မဇ္ဈိမပဋိပတ်၊ အကျင့်မြတ်ဖြင့်။ အသောကံ = ဗျသနငါးမျိုး၊ တရားဆိုးတို့ကြောင့်၊ စိုးရိမ်ပူဆွေး၊ သော က ဘေး မှ၊ ကင်းဝေးရာကေန်၊ စင်စစ် မှန်ပေထသော။ အနုပါယာသံ=ရင်ဝမ်းမလင်း၊ ပင်ပန်းပြင်း၍၊ အတွင်းကြိတ်ဟူ၊ မဖိတ်ဆူဘဲ၊ စိတ်ပူလှိုက်ဆွေး၊ ဥပါယာသ အလောင်အမြိုက်ဘေးမှ၊ ကင်းဝေးရာကေန်၊ စင်စစ် မှန်ပေထသော။ ဥတ္တမံ=ဆိုခဲ့ပြီးလတ်၊ ဂုဏ်သကတ်ကြောင့်၊ မြင့်မြတ်ကဲချွန်၊ သာလွန်စွာထသော။ နိဗ္ဗာနသုခံ=ဘဝ ကြီးငယ်၊ အသွယ်သွယ်ကို၊ မြေးတွယ်ချုပ်စပ်၊ တဏှာဓာတ်မှလွတ်ရာကျွတ်ရာ၊ နိဗ္ဗာန်တည်းဟူသော ချမ်း သာ သို့၊ ပါပုဏန္တု=ခိပ္ပာဘိညာ၊ဒသဝိပဿနာ၊ပညာကွန်းပြောက်သွန်းသွန်းဆောက်၍၊ ဆိုက် ရောက်နိုင်ကြ ပါ စေ ကုန်သတည်း။

၃။ ။သဒ္ဓမ္မော=ပရိယတ်, ပဋိပတ်, ပဋိဝေဓဟု၊ သဒ္ဓမ္မတွင်ခေါ်၊ သာသနာတော်သုံးရပ်သည်။ စိရံ=အနှစ်ငါးထောင်၊ မြားမြောင်ရှည်ကြာ၊ အခါကာလပတ်လုံး။ တိဋ္ဌတု=ဝိတဏ္ဍာဝါဒီ၊ ရန်မသီဘဲ၊ လျှံခြည်ဝေရွှန်း၊ နေစက်ဝန်းသို့၊ တည်ထွန်း တောက်ပပါစေသတည်း။ သဗ္ဗေပိ=ကြွင်းမဲ့ဥဿုံ၊ အလုံးစုံလည်း ဖြစ်ကုန်သော။ သတ္တာ=လူနတ် ပြဟ္မာ၊ သတ္တဝါတို့သည်။ ဓမ္မေ=ရှင်စောဘုရား ဟောကြွား မြွက်ဖော် တရားတော်၌။ သဂါရဝါ ဟောန္တု=ကိုးကွယ်ရာစစ်၊ ကေန်ဖြစ်ဟု၊ နစ်နစ်ကာကာ၊ ယုံကြည်စွာဖြင့်၊ ပညာဆီမီး၊ ထွန်းညှိသီး၍၊ ကျောက်ထီးအတူ၊ အလေးမူကြစေကုန်သတည်း။ ဒေဝေါ=လူသူအပေါင်း၊ ပွားစီးညောင်းအောင်၊ ကြောင်းရင်းမှန်တုံ၊ ကျေးဇူးပုံသား၊ ပဇ္ဇုန်မည်လျှင်း၊ မိုးနတ်မင်းသည်။ ကာလေန=ရွာချိန်သင့်ရာ၊ ညဥ့်အခါ ကာလ၌။ ဝါ ကာလေန = မြေညံ့ရာ အရပ်ဝယ် ငါးရက် တစ်ကြိမ်၊ အလတ်စားမြေအရပ်ဝယ် ဆယ်ရက် တစ်ကြိမ်၊ ရွာချိန်သင့်ရာ ညဥ့်အခါကာလ၌။ သမ္မာ ပဝဿတု = အရည်ထန်စွာ၊ မြို့ပြည်ရွာတို့၊ သာယာတင့်မော၊ စည်ပင်ပြောအောင်၊ ဖြောဖြောသွန်ကာ၊ ရွာဖြိုးပါစေ သတည်း။

၄။ ။ပေါရာဏာ = ရှေးအထက်ကျော်၊ အခါသော်က၊ တေဇော်ထွန်းသစ်၊ ဘုန်းရောင် လှစ်ကြကုန်သော။ သုရာဇာနော=မဟာသမ္မတ၊ ဤသို့ စသည့်၊ ဘုရားအလောင်း မင်းကောင်းမင်းမြတ်တို့သည်။ ပဇံ=တိုင်းသားပြည်သူ၊ ဗိုလ်လူအပေါင်းကို။ ဓမ္မေန=ရာဇဓံဆယ်ပါး၊ မင်းကျင့်တရားဖြင့်။ ရက္ခိံသု ယထာ=မိဘအရာ၊

တည်နေဟောဖြင့်၊ ပစ္စာမလိမ်း၊ ရန်မာန် ငြိမ်းအောင်၊ ထိန်းသိမ်း စောင့်ရှောက်တော်မူကုန်သကဲ့သို့။ ထထေဝ= ထိုဘုရားအလောင်း၊ ရှေးမင်းကောင်းတို့ အတူသာလျှင်၊ ရာဇာ=နှလုံးညာဏ်ရည် လက်ရုံးရည်ဖြင့်၊ မြန်ပြည်ထောင်စု စိုးမိုးပြုသား၊ သမ္မုတိ နတ်၊ တို့မင်းမြတ်သည်။ ဣမံ ပဇံ=မေတ္တာချည်နှောင်၊ ညီနှင့် နောင်သို့၊ ပြည်ထောင်စု သား၊ လူအများကို။ ဓမ္မေန=ရာဇဓမ်ဆယ်ပါး မင်းကျင့် တရားဖြင့်။ အတ္တနော ပဇံ ဣဝ=ရင်မှပေါက်ဖွား မိမိ၏ သားတို့ကဲ့သို့။ ရက္ခတု=မေတ္တာ, ကရုဏာ၊ ဖြန့်ချီကာလျှင် သဒ္ဓါဆောင်နိုး၊ ပြဟ္မစိုရ်မိုးကို၊ စွေဖြိုးသွန်းကာ၊ တိုင်းရပ် သာအောင်၊ ပညာဝှန်တောက်၊ တံခွန်ဆောက်၍၊ စောင့် ရှောက် ထိန်းသိမ်းပါစေသတည်း။

[သဒ္ဒနယ+ခေတ္တာနုရူပ=အတ္ထနယနှင့်အညီ
အနက် မြန်မာပြန်ဆိုတော်မူသည်။]

တိပိဋကဓရဆရာတော်
ဦးဝိစိတ္တသာရာဘိဝံသ
၃-၁၂-၂၄

၃၀=၁-၆၅ ထုတ် မိုးကြိုးသတင်းစာမှ
မောင်သုတ အမည်ခံ ပုဂ္ဂိုလ်တစ်ဦး၏
နမော ဗုဒ္ဓါယ သိဒ္ဓံ ပါဠိနှင့် စပ်၍
ဝါဒအမျိုးမျိုးတို့ဖြင့် မေးလျှောက်သည်ကို
ရှင်းလင်းဖြေကြားတော်မူခြင်း

နမော ဗုဒ္ဓါ ယသိဒ္ဓံ-မဟုတ်
နမော ဗုဒ္ဓါယ ။သိဒ္ဓမ်။

**အတွက်**

## ဖြေရှင်းချက်

မောင်သုတ အမည်ခံ....

လျှောက်ထားသူထံသို့....

မေတ္တာရှေ့ထား၍ ပြန်ကြား သိစေအပ်သည်မှာ.... ၃၀-၁-၆၅၊ အတွင်းစာသား နေ့စွဲပါ၊ (နယ်ထုတ်) ၁၃၂၆-ခု၊ ပြာသိုလပြည့်ကျော် ၁၅-ရက်၊ တနင်းလာနေ့၊ ဖေဖွာရီလ ၁-ရက်နေ့ နေ့စွဲပါ 'မိုးကြိုး' နေ့စဉ်သတင်းစာ၌ 'နမော ဗုဒ္ဓါယ ။သိဒ္ဓမ်။ ဟူသော ဗုဒ္ဓပဏာမ ပါဠိနှင့် စပ်၍ မေးမြန်းချက်ကို တွေ့ရှိရသဖြင့် ဝမ်းမြောက်စွာ ဖြေရှင်းအပ်ပါသည်။

## မြထေရဝါဒ ကျောင်းသား အမေ

## နမော ဗုဒ္ဓါယ-က

ဤ နမော ဗုဒ္ဓါယ ဟူသော ပါဠိကို ဘုန်းကြီးများ လက်ထက်ကျမှ အသစ်အဆန်း ထွင်ကာ သုံးစွဲခြင်း မဟုတ်ပါ၊ အမှန်မှာ ထေရဝါဒ ဗုဒ္ဓဘာသာ ကျောင်း သားတိုင်းပင် က-ကြီး၊ ခ-ခွေး သင်မည်ဆိုလျှင် အစ အဦးဆုံး ဗုဒ္ဓပဏာမ (မြတ်စွာဘုရားအား ရှိခိုးခြင်း) ပြုရသည့် ပါဠိလက်ဟောင်းကြီး ဖြစ်ပါသည်။ (မောင် သုတ သည်လည်း က-ကြီး ခ-ခွေး စ၍ သင်ကြားတော့ မည်ဆိုလျှင် ထို 'နမော ဗုဒ္ဓါယ' ဖြင့်ပင် ဗုဒ္ဓပဏာမမှု ပြုခဲ့ရမည် ကေန် ဖြစ်ပါသည်။ ပြန်၍စဉ်းစားပါ)။

## ပါဠိလက်ဟောင်းကြီးကို ထုတ်ဖော်သုံးစွဲရခြင်း၏ ရည်ရွယ်ချက်

ဤ ပါဠိ လက်ဟောင်းကြီးကို ဘုန်းကြီးများ သုံးစွဲ ထုတ်ဝေရခြင်းမှာ....

နမော ဗုဒ္ဓါ ယသိဒ္ဓမ် ဟူ၍....

'နမော ဗုဒ္ဓာ' တခြား၊ 'ယသိဒ္ဓမ်' တခြားအနေဖြင့် သတိမထားဘဲ အမှတ်တမဲ့ သင်ကြားပြသ လေ့လာနေကြ သည်က များသောကြောင့် မူလရင်း ရည်ရွယ်ချက်သို့ မရောက်ဘဲ အလွဲလွဲအချော်ချော် ဖြစ်ရှိနေသည်များကို အမှန်လမ်းသို့ ရောက်စေရန် ရည်သန်သုံးစွဲ ထုတ်ဝေရ ခြင်း ဖြစ်ပါသည်။

မှန်ပါသည်၊ ပေါရာဏိကဝဏ္ဏမာလာ '**သင်ပုန်းကြီး**' စာများ၌ ထေရဝါဒ ကျောင်းသားဖြစ်စ 'ကျောင်းသို့

ရောက်စ သူငယ်တို့အတွက် တိုတိုကျဉ်းကျဉ်းဖြင့် ဘုရားအား ရှိခိုးခြင်း 'ဗုဒ္ဓပဏာမ' ကိစ္စ ပြည့်စုံရန် 'နမော ဗုဒ္ဓါယ' ဟူ၍ လည်းကောင်း၊ 'တစ်ပုဒ်တည်းဖြင့်' သိဒ္ဓိ မင်္ဂလာ ဖြစ်ပါစေခြင်းငှာ၊ 'သိဒ္ဓမ်' ဟူ၍လည်းကောင်း၊ ရှေးပေါရာဏ ဆရာ့ဆရာများ **အစအဦးဆုံး** သင်ရိုးထားခဲ့ခြင်း ဖြစ်ပါသည်။

ထိုဒွာပိုဒ် ၂-ရပ်တွင် 'နမော ဗုဒ္ဓါယ'ဖြင့် 'ဗုဒ္ဓါယ= မြတ်စွာဘုရားအား၊ နမော=ရှိခိုးပါ၏' ဟူ၍ ယခုမှ ကျောင်းနေစ၊ စာသင်စ ထေရဝါဒ ကျောင်းသားများ အဖို့ တိုတိုကျဉ်းကျဉ်းဖြင့် ဘုရားရှိခိုးခြင်း မင်္ဂလာအမှုကို ပြုစေခြင်း ဖြစ်ပါသည်။

'သိဒ္ဓမ်'ဟူသော စကားရပ်ကား ဗုဒ္ဓပဏာမ မဟုတ်ပါ၊ မိမိ ယခု သင်ကြားရတော့မည့်ဆဲဆဲဖြစ်သည့် ပိဋကအခြေခံစာပေ သင်ကြားမှု ပြီးစီး ပြည့်စုံ အောင်မြင်ထမြောက်နိုင်ရန် 'သိဒ္ဓမ် = ပိဋက အခြေခံစာပေ သင်ကြားမှု ရှယ်တိုင်မြောက် ပြီးမြောက် ပြည့်စုံ ပါစေသတည်း' ဟူ၍ သိဒ္ဓိမင်္ဂလာအတွက် အကျဉ်းချုပ် ဆုပန်ထွာခြင်း ဖြစ်ပါသည်။ (ရှေးဆရာတော်ကြီးများကား အမြော်အမြင် ကြီးမားတော်မူကြပါပေစွ....)။

ဤအကြောင်းအချက်များကို အမှတ်တမဲ့ သပါမယား 'မြင်းကောင်း ခွာလိပ်' ဟူသော စကားပုံကဲ့သို့ လည်းကောင်း၊ 'လေးညှင်း၊ ထန်းမြစ်၊ ယမ်း၊ ကတိုး' ဟူ၍ ရေးသားသော ဆေးနည်းစာကို ကဗျာဟု ထင်မှတ်ကာ 'လေညှင်းထန်-မြစ်ယံကတိုး' ဟူ၍ အဖတ် မှားသကဲ့သို့ လည်းကောင်း၊ 'နမော ဗုဒ္ဓါ၊ ယ သိဒ္ဓမ်'ဟူ၍ အမှတ်

တမ့်သင်ကြားပြသ လေ့လာနေကြသည်ကသာ များသော ကြောင့် မူလရင်း ရည်ရွယ်ချက် အနက်မှန် ပေါ်လွင် ထင်ရှားစေရန် ဤ '**နမော ဗုဒ္ဓါယ။ သိဒ္ဓမ်**' ဟူသော ထေရဝါဒကျောင်းသားတိုင်း စာသင်တော့မည်ကြုံလျှင် အစဆုံး ဗုဒ္ဓပဏာမပြုကြရသည့် ရှေးကျလှသော ပါဠိ လက်ဟောင်းကြီးကို ဘုန်းကြီးများ သုံးစွဲထုတ်ဝေရခြင်း ဖြစ်ပါသည်။

ဤဆိုခဲ့ပြီးသည့် အကြောင်းအရာများကို တိုင်းပြည်သို့ တင်ပြရန် အခြေအနေကို ဖန်တီးပေးသူ မောင်သုတ အားလည်း များစွာ ကျေးဇူးတင်လျက် ရှိပါသည်။

အမှန်မှာ–

'နမော ဗုဒ္ဓါယ'နှင့် 'သိဒ္ဓမ်' တို့မှာ ရည်ရွယ်ချက် အနက်တစ်မျိုးစီ ဖြစ်၍ '**နမော ဗုဒ္ဓါယ**' က စာတစ် ကြောင်း၊ 'သိဒ္ဓမ်' က စာတစ်ကြောင်းအားဖြင့်....

နမော ဗုဒ္ဓါယ။

။သိဒ္ဓမ်။

ဟူ၍ စိစဉ်ရိုက်နှိပ် ရေးသားမှသာ ပို၍ သဘာဝကျမည် ကို သိစေလိုသည့်အတွက် ထိုပုံ အတိုင်း ဘုန်းကြီးများ ရေးသားသည့် စာများ၌ သုံးစွဲ ထုတ်ဝေခြင်း ဖြစ်ပါ သည်။

**ဗုဒ္ဓါယ အတွက် ရှင်းလင်းချက်**

မောင်သုတ၏ အမေးစကား **တာဝန်ရှိသည်** ဟူသော ခေါင်းစည်း တပ်သည့် စာပိုဒ် စကားရပ်အတွင်းရှိ၊ 'ဇိနဝစနာနုရူပ ပါဠိသဒ္ဒါနည်းနှင့် 'သျှိဝါယ' ကဲ့သို့၊

'ဗုဒ္ဓါယ'ဟု လုံး၀ မသုံးနိုင်ပါတဲ့'ဟူသော=
စကားအရ 'ဗုဒ္ဓါယ'ဟူ၍ ပါဠိသဒ္ဒါနည်းအရ ရှိသင့်ကြောင်းကို 'မာဂဓိက သဒ္ဒလက္ခဏာ' မည်သော မောဂ္ဂလ္လာန် ဗျာကရဏ်းကျမ်း ဒုတိယကဏ္ဍ သုတ်နံပါတ် ၄၄=၌ လာရှိသည့်=

သဿာယ စတုတ္ထိယာ။ ။အကာရန္တတော
ပရဿ သဿ စတုတ္ထိယာ အာယော ဟောတိ
ဝါ၊ ဗုဒ္ဓါယ ဗုဒ္ဓဿ။ ဘိယျော တဒတ္ထေ၊ ယေဝါ
ယမာယော ဒိဿတေ၊ ကွစိ ဒေဝညတ္ထ၊

ဟူသော—စကားရပ်ကို လက်ညှိုးညွှန်ပြ၍ ရှေးပေါရာဏိက ဆရာ့ ဆရာများဘက်မှ သက်သေ ထောက်ခံလိုပါသည်။

ဤမောဂ္ဂလ္လာန် သဒ္ဒါကျမ်းသည် မဂဓသဒ္ဒါကျမ်းပင် ဖြစ်ပါသည်။ ဤကျမ်းကပင်လျှင်'ဗုဒ္ဓါယ=မြတ်စွာဘုရားအား' ဟူ၍ တိုက်ရိုက် ဖော်ပြလျက် ရှိနေပါသည်။ သို့သော် 'ဤသုတ်ဖြင့် သ-ဝိဘတ်ကို အာယ အပြုသည် 'ငှါ'ဟူ၍ မြန်မာပြန်ဆိုရသည့် တာဒတ္ထ၂ သမ္ပဒါန်၌သာ အများအားဖြင့် ထင်ကြောင်း၊'အား' ဟူ၍ မြန်မာပြန် ဆိုရသည့် သမ္ပဒါန် ရိုးရိုး၌ကား အနည်းငယ်သော ပြယုဂ်များသာ ထင်ကြောင်း၊ ဤကျမ်း၌ပင် အထူး ဖော်ပြထားသောကြောင့် 'ဗုဒ္ဓါယ' ဟူသော ဤရုပ်မျိုးမှာ.... ဤ 'နမော ဗုဒ္ဓါယ'ကဲ့သို့သော အနည်းငယ်သောအရာ၌သာ အသုံးပြုကြောင်း အထူး မှတ်သားသင့်ပါသည်။

ဤမျှလောက်ဆိုလျှင် 'နမော ဗုဒ္ဓါယ' ဟူသော ဤဗုဒ္ဓပဏာမ ပါဠိမှာ အလွန်နှ့အလွန် ရှေးကျသော ပါဠိ

လက်ရိုးကြီး ဖြစ်သည့်ပြင် မောဂ္ဂလ္လာန် သဒ္ဒါကျမ်းကို ထောက်ဆ၍ ဇိနဝစနာနုရူပနည်း ဖြစ်ကြောင်း သိသာပေပြီ။

မောင်သုတ၏အမေး၌ 'သိဒ္ဓမ်'အတွက် အထူး မေးမြန်းချက် မရှိသော်လည်း ထို'သိဒ္ဓမ်' ဟူသော စကား၏ လေးနက်ပုံကို ဆက်၍ ဖော်ပြလိုပေသည်။

ဤ'သိဒ္ဓမ်'ဟူသော သိဒ္ဓိမင်္ဂလာပြုစကားရပ်မှာလည်း ဘုန်းကြီးတို့က အဆန်းထွင်ကာ သုံးစွဲခြင်း မဟုတ်ပါ။ ပေါရာဏိကဝဏ္ဏမာလာ (ရှေးသင်ပုန်းကြီး) စာများမှာပင် အစဉ်အဆက် သုံးစွဲလာခဲ့သည့်ပြင်၊ မောဂ္ဂလ္လာန် ဗျာကရဏ်းကျမ်း ကျမ်းဦးအစ ပဏာမနှင့် ပဋိညာဉ်ပြုသော ဂါထာ၌ပင် 'သိဒ္ဓမိဒ္ဓဂုဏံ သာဓု' အစရှိသည်ဖြင့် ဤ- 'သိဒ္ဓမ်' သဒ္ဒါကို နှစ်နှစ်သက်သက် အသုံးအစွဲ ပြုခဲ့ပါသည်။

ဤ'သိဒ္ဓမ်'ဟူသော စကားရပ်နှင့်စပ်၍ကား ဘုန်းကြီးများ အထူးဖြေရှင်းရန် လိုမည်မထင်ပေ၊ မြန်မာပြည်၌ မောဂ္ဂလ္လာန်ဗျာကရဏ်းကျမ်း နိဿယကို အစဆုံး အကောင်းဆုံး ရေးသားစီရင်တော်မူခဲ့သည့် အဂ္ဂမဟာပဏ္ဍိတ အဘယာရာမ ဆရာတော်ဘုရား ကိုယ်တိုင်ပင် မောဂ္ဂလ္လာန် နိဿယကျမ်း၌ ဤဆိုလတ္တံ့သော အတိုင်း ရှင်းလင်း ပြတ်သားစွာ ရေးသား ဖွင့်ပြခဲ့ပါသည်။ ၎င်းမှာ=

(မှတ်ချက်) ဂန္ထာရမ္ဘ၌ သုဘာသူစက သဒ္ဒါတို့ကို ယှဉ်ခြင်းကို ရှေးရှေး ပညာရှိ ကဝိသုခမိန်တို့သည် အလိုရှိကြကုန်သည် အားလျော်စွာ

ဤကျမ်း၏အစ၌ သုဘသုစကသိဒ္ဓ သဒ္ဒါကို ယှဉ်တော်မူအပ်သတည်း။

သိဒ္ဓမိဒ္ဓဂုဏံသည် သိဒ္ဓံ+ဣဒ္ဓဂုဏံ ဟူသော နိဂ္ဂဟီတသန္ဓိ၌ ရှေးဦးစွာ သိဒ္ဓမ်+ဣဒ္ဓ ဂုဏံဟုပြီး၍၊ နောက်မှ သိဒ္ဓမိဒ္ဓဂုဏံ ဟု ပြီးသော ပုဒ်တည်း။ ထို့ကြောင့် အလိုရှိ အပ်သော အကျိုးပြီးခြင်းကို တောင့်တ သည်၏ အစွမ်းဖြင့် ဂန္ထာရမ္ဘ၌ 'သိဒ္ဓမ်'ဟု ရှေးဦးစွာ ယှဉ်ခြင်းကို အရှင်မောဂ္ဂလ္လာန် မထေရ်မြတ်သည် နှစ်သက်တော် မူအပ် သတည်း။

သိဒ္ဓမ်-သဒ္ဒါသည် များစွာသော သက္ကတ ကျမ်းတို့နှင့် ဘာရတ (=ဟိန္ဒူ) လင်္ကာ (=သီဟိုဠ်) ကျောက်စာတို့၌ အာရမ္ဘဝစန ဖြစ်၏။ အလွန် ရှေးကျသော ကျောက်စာ များစွာတို့၌ 'သိဒ္ဓမ်'ဟူသော ပုဗ္ဗာရမ္ဘကို တွေ့မြင်အပ်သောကြောင့် လည်းကောင်း၊ ပေါရာဏိက ဝဏ္ဏမာလာ(=သင်ပုန်းကြီး) ၌ပင် နမော ဗုဒ္ဓါယ သိဒ္ဓမ်ဟု ယှဉ်အပ် သောကြောင့် လည်း ကောင်း၊ 'သိဒ္ဓမ်' သဒ္ဒါကို ထိုရှေးကာလ သတ္တညူတို့သည် ဂန္ထာရမ္ဘ၌ အလေ့ပြု၍ ဝန်ခံ သုံး စွဲ ရ၏ ယုံမှားဖွယ် မရှိလေ။ စသည်....မောဂ္ဂလ္လာန် ဝုတ္တိနိသျ၊ ၃၅-မျက်နှာမှ) ။

ဤမျှလောက် ဆိုလျှင်....

'နမော ဗုဒ္ဓါယ' သိဒ္ဓမ် အတွက် ပြဿနာများ ပြေလောက်ပြီ။ ဘုန်းကြီးများ၏ ဆိုလိုရင်းကို အကျဉ်းချုံးကြစို့။ ဆိုလိုရင်းမှာ....

(က) ဤ နမော ဗုဒ္ဓါယ၊ သိဒ္ဓမ် မှာ ဘုန်းကြီးများ အဆန်းထွင်သည့် ပါဠိ မဟုတ်ပါ၊ ပေါရာဏိကဝဏ္ဏမာလာ (သင်ပုန်းကြီး) က လက်ဟောင်း ပါဠိအရိုးကြီး ဖြစ်ပါသည်။

(ခ) ဗုဒ္ဓါယ-ဟူသော သမ္ပဒါန်ပုဒ်မှာလည်း မဂဓ သဒ္ဒါကျမ်းက ခွင့်ပြုသော(ဝါ)မောဂ္ဂလ္လာန်နှင့် ဗာလာဝတာရ မဂဓသဒ္ဒါကျမ်းတို့၌ တိုက်ရိုက်လာသော ဇိနဝစနာနုရူပ ပါဠိ ဖြစ်ပါသည်။

(ဂ) ဘုန်းကြီးများ မူလရည်ရွယ်ရင်းကပင် ပါဠိ အဋ္ဌကထာ ဋီကာကျမ်းတို့အတွက် ရည်ရွယ်ရင်းမဟုတ်။ မြင်းကောင်း ခွာလိပ် ဖြစ်နေသည့် ထေရဝါဒ ကျောင်းသားများ အစဆုံး သင်ကြားရသည့် ပါဠိ၏ အဓိပ္ပာယ် အနက် အပြည့်အနှက် ရှိနေသည်ကို သိစေလိုရင်းဖြစ်ပါ၍ ပါဠိအဋ္ဌကထာ ဋီကာ အကိုးတွေပြ၍ ဖြေရှင်းရန် မလိုပါ။

## နမော ဗုဒ္ဓါယ။ သိဒ္ဓမ် အတွက် ဖြေရှင်းချက်

(ဃ) ပေါရာဏိကဝဏ္ဏမာလာ(=သင်ပုန်းကြီး)အစ နမော ဗုဒ္ဓါယ၌ ဗုဒ္ဓါယ ဟူသော ပုဒ်မှာလည်း မဂဓသဒ္ဒါကျမ်း စစ်စစ်ဖြစ်သည့် မောဂ္ဂလ္လာန်သဒ္ဒါကျမ်း နှင့် ဗာလာဝတာရသဒ္ဒါကျမ်းတို့၌ တိုက်ရိုက်လာသော 'အား' ဟု အနက်ပြန်ဆိုရသည့် သမ္ပဒါန် ရိုးရိုးဟော

ပုဒ်ဖြစ်ခြင်းကြောင့် 'သျှိဝါယ' ဟုသော သက္ကတပုဒ်နှင့် ယှဉ်၍ မလျဉ်းပါးသင့်။

(င) ထိုသာင်ပုန်းကြီးအစ သိဒ္ဓမ် ဟူသော သဒ္ဒါမှာလည်း မဂဓ သဒ္ဒါကျမ်းပြု အရှင်မောဂ္ဂလ္လာန် မထေရ်တို့သော်မှ မိမိ၏ ကျမ်းဦးအစ၌ သုဘ၀ါစက (=မင်္ဂလာရှိသည့်အနက်ကို ဟောသော) ပုဒ်အနေဖြင့် အမြတ်တနိုး သုံးစွဲရိုးရှိသောကြောင့် ထိုသိဒ္ဓမ် ဟူသော ပုဒ်နှင့် စပ်၍လည်း ယုံမှားဖွယ်စကား သေးသိမ်ဖွယ်၊ သက္ကတဆန်ဖွယ် မရှိပေ။ ဥပမာ-ရှေးမြန်မာ့ရိုးရာ စာပေတစ်ခုခု ရေးသားမည်ပြုသောအခါ 'ဇယတု' ဟူသော သဒ္ဒါကို အစဦးထားကာ အောင်ခြင်းမင်္ဂလာကို ပန်ထွာ တောင့်တမှု ပြုသကဲ့သို့တည်း။

ကိုယ်စိတ်နှစ်ဖြာ၊ ချမ်းသာစွာဖြင့်၊ ကန်ဒ္ဒါ ယုံမှား၊ ဆယ့်ခြောက်ပါးကို၊ လျင်လျား ပယ်ဖျောက်နိုင်ပါစေသတည်း။ ။

ဦးဝိစိတ္တသာရာဘိဝံသ

၁၅-၁၁-၂၆

## ပုဏ္ဏောဝါဒ

# ဝဋ္ဋအခန်း=ဝဋ်တရား၏လည်ခြင်း

သန္တိ ခေါ ပုဏ္ဏ စက္ခုဝိညေယျာ ရူပါ ဣဋ္ဌာ ကန္တာ မနာပါ ပိယရူပါ ကာမူပ-သံဟိတာ ရဇနီယာ၊ တံ စေ ဘိက္ခု အဘိနန္ဒတိ အဘိဝဒတိ အဇ္ဈောသာယ တိဋ္ဌတိ၊ တဿ တံ အဘိနန္ဒတော အဘိဝဒတော အဇ္ဈောသာယ တိဋ္ဌတော ဥပ္ပဇ္ဇတိ နန္ဒီ၊ နန္ဒိသမုဒယာ ဒုက္ခ-သမုဒယော ပုဏ္ဏာတိ ဝဒါမိ။

(မြန်မာပြန်) ချစ်သားပုဏ္ဏ....လိုချင်ဖွယ်၊ နှစ်သက်ဖွယ်၊ မြတ်နိုးဖွယ်၊ ချစ်ဖွယ် သဘောရှိ၍ ကာမ-ရာဂနှင့် စပ်သွယ်လျက် တပ်စွန်းဖွယ်ဖြစ်သော စက္ခုဖြင့် သိအပ်ကုန်သော အဆင်းအဖုံဖုံ ရူပါရုံတို့ ရှိကြသည်။ ရဟန်းသည် ထိုစက္ခု+ရူပါရုံ နှစ်ပါးစုံကို နှစ်သက်အံ့၊ တမ်းတပြောဆိုအံ့၊ စွဲမက်၍ တည်အံ့။ ထိုစက္ခု+ရူပါရုံ နှစ်ပါးစုံကို နှစ်သက် တမ်းတ စွဲမက်၍ တည်သော ထိုရဟန်းအား တပ်မက်မှု နန္ဒီ ရာဂတဏှာသည် ဖြစ်၏။ ချစ်သားပုဏ္ဏ-တပ်မက်မှု နန္ဒီရာဂ ဖြစ်ခြင်းကြောင့် ဆင်းရဲမှု=ဒုက္ခ ဖြစ်၏ဟူ၍ ငါဘုရား ဟောဆို၏။

သန္တိ ခေါ ပုဏ္ဏ သောတဝိညေယျာ သဒ္ဒါ၊
(ပ)။ ဃာနဝိညေယျော ဂန္ဓာ၊ ဇိဝှာဝိညေယျာ
ရသာ၊ ကာယဝိညေယျာ ဖောဋ္ဌဗ္ဗာ၊ မနော
ဝိညေယျာ ဓမ္မာ ဣဋ္ဌာ ကန္တာ မနာပါ ပိယ-
ရူပါ ကာမူပသံဟိတာ ရဇနီယာ။ တံ စေ
ဘိက္ခု အဘိနန္ဒတိ အဘိဝဒတိ အဇ္ဈောသာယ
တိဋ္ဌတိ၊ တဿ တံ အဘိနန္ဒတော အဘိ-
ဝဒတော အဇ္ဈောသာယ တိဋ္ဌတော ဥပ္ပဇ္ဇတိ နန္ဒိ၊
နန္ဒိသမုဒယာ ဒုက္ခသမုဒယော ပုဏ္ဏာတိ ဝဒါမိ။

(မြန်မာပြန်) ချစ်သားပုဏ္ဏ....။သောတဖြင့် သိအပ်ကုန်သော အသံမျိုးစုံ သဒ္ဒါရုံတို့ ရှိကြသည်။ (ပ)။ ဃာနဖြင့် သိအပ်ကုန်သော အနံ့မျိုးစုံ ဂန္ဓာရုံတို့ ရှိကြသည်။ ဇိဝှာဖြင့် သိအပ်ကုန်သော အရသာမျိုးစုံ ရသာရုံတို့ ရှိကြသည်။ ကိုယ်ဖြင့် သိအပ်ကုန်သော အတွေ့မျိုးစုံ ဖောဋ္ဌဗ္ဗာရုံတို့ ရှိကြသည်။ လိုချင်ဖွယ်၊ နှစ်သက်ဖွယ်၊ မြတ်နိုးဖွယ်၊ ချစ်ဖွယ်သဘော ရှိ၍ ကာမရာဂနှင့် စပ်သွယ်လျက် တပ်စွန်းဖွယ်ဖြစ်သော စိတ်ဖြင့် သိအပ်ကုန်သော ရုပ်နာမ်မျိုးစုံ ဓမ္မာရုံတို့ ရှိကြသည်။ ရဟန်းသည် ထိုမနော+ဓမ္မာရုံ နှစ်ပါးစုံကို နှစ်သက်သာအား၊ တမ်းတပြောဆိုအံ့၊ စွဲမက်၍ တည်အံ့၊ ထိုမနော+ဓမ္မာရုံ နှစ်ပါးစုံကို နှစ်သက် တမ်းတ စွဲမက်၍ တည်သော ထိုရဟန်းအား တပ်မက်မှု နန္ဒီရာဂတဏှာသည် ဖြစ်၏။ ချစ်သား ပုဏ္ဏ....။ တပ်မက်မှု နန္ဒီရာဂတဏှာ ဖြစ်ခြင်းကြောင့် ဆင်းရဲမှု= ဒုက္ခဖြစ်၏ဟူ၍ ငါဘုရား ဟောဆို၏။

(ဒွါရ+အာရုံခြောက်ပါးစုံ၌ ခုံမင်တပ်မက်က သမုဒယသစ္စာ=ဘဝတဏှာလောဘ ဖြစ်သည်။ သမုဒယသစ္စာသည်

တဏှာလောဘဖြစ်လျှင် ဒုက္ခသစ္စာ ဖြစ်ပေ၏ သံသရာ ဝဋ်ကြီး မပြတ်နိုင်တော့ပေ-ဟု ဆိုလိုသည်)။

## ဝိဝဋ္ဋအခန်း=ဝဋ်တရား ကင်းပြတ်ခြင်း

သန္တိံ ခေါ ပုဏ္ဏ စက္ခုဝိညေယျာ ရူပါ ဣဋ္ဌာ ကန္တာ မနာပါ ပိယရူပါ ကာမူပသံဟိတာ ရဇနီယာ၊ တံ စေ ဘိက္ခု နာဘိနန္ဒတိ နာဘိ-ဝဒတိ နဇ္ဈောသာယ တိဋ္ဌတိ၊ တဿ တံ အနဘိ-နန္ဒတော အနဘိဝဒတော အနဇ္ဈောသာယ တိဋ္ဌ-တော နန္ဒီ နိရုဇ္ဈတိ၊ နန္ဒီနိရောဓာ ဒုက္ခ-နိရောဓော ပုဏ္ဏာတိ ဝဒါမိ။

(မြန်မာပြန်) ချစ်သားပုဏ္ဏ....။လိုချင်ဖွယ်၊ နှစ်သက်ဖွယ်၊ မြတ်နိုးဖွယ်၊ ချစ်ဖွယ် သဘောရှိ၍ ကာမရာဂနှင့် စပ်သွယ်လျက်တပ်စွန်းဖွယ်ဖြစ်သော မျက်စိဖြင့် သိအပ်ကုန်သော အဆင်းအဖုံဖုံ ရူပါရုံတို့ ရှိကြသည်။ ရဟန်းသည် ထိုစက္ခု+ရူပါရုံ နှစ်ပါးစုံကို အကယ်၍ မနှစ်သက်ငြားအံ့၊ တမ်းတ၍ မပြောဆိုငြားအံ့၊ စွဲမက်၍ မတည်ငြားအံ့။ ထိုစက္ခု+ရူပါရုံနှစ်ပါးစုံကို မနှစ်သက်၊ မတမ်းတ စွဲမက်၍ မတည်သော ရဟန်းအား တပ်မက်မှု နန္ဒီရာဂ တဏှာသည် ချုပ်၏။ ချစ်သားပုဏ္ဏ....။တပ်မက်မှု နန္ဒီရာဂ တဏှာ ချုပ်ခြင်းကြောင့် ဆင်းရဲမှု=ဒုက္ခ ချုပ်၏-ဟူ၍ ငါဘုရား ဟောဆို၏။

သန္တိံ ခေါ ပုဏ္ဏ သောတဝိညေယျာ သဒ္ဒါ၊ (ပ)၊ ဃာနဝိညေယျာ ဂန္ဓာ၊ ဇိဝှာဝိညေယျာ

ရသာ၊ ကာယဝိညေယျာ ဖောဋ္ဌဗ္ဗာ၊ မနော
ဝိညေယျာ ဓမ္မာ ဣဋ္ဌာ ကန္တာ မနာပါ ပိယ
ရူပါ ကာမူပသံဟိတာ ရဇနီယာ၊ တံ စေ
ဘိက္ခု နာဘိနန္ဒတိ နာဘိဝဒတိ နဇ္ဈောသာယ
တိဋ္ဌတိ၊ တဿ တံ အနဘိနန္ဒတော အနဘိဝဒ
တော အနဇ္ဈောသာယ တိဋ္ဌတော နန္ဒီ နိရုဇ္ဈတိ။
နန္ဒိနိရောဓာ ဒုက္ခနိရောဓော ပုဏ္ဏာတိ ဝဒါမိ။

(မြန်မာပြန်) ချစ်သားပုဏ္ဏ....၊ သောတဖြင့် သိအပ်သော အသံမျိုးစုံ သဒ္ဒါရုံတို့ ရှိကြသည်။ (ပ)။ ဃာနဖြင့် သိအပ်သော အနံ့မျိုးစုံ ဂန္ဓာရုံတို့ ရှိကြသည်။ ဇိဝှါဖြင့် သိအပ်ကုန်သော အရသာမျိုးစုံ ရသာရုံတို့ ရှိကြသည်။ ကိုယ်ဖြင့် တွေ့ထိအပ်ကုန်သော အတွေ့မျိုးစုံ ဖောဋ္ဌဗ္ဗာရုံတို့ ရှိကြသည်။ လိုချင်ဖွယ်၊ နှစ်သက်ဖွယ်၊ မြတ်နိုးဖွယ် သဘောရှိ၍ ကာမရာဂနှင့် စပ်သွယ်လျက် တပ်စွန်းဖွယ်ဖြစ်ကုန်သော စိတ်ဖြင့် သိအပ်ကုန်သော ရုပ်နာမ်မျိုးစုံ ဓမ္မာရုံတို့ ရှိကြသည်။ ရဟန်းသည် ထိုမနော+ဓမ္မာရုံ နှစ်ပါးစုံကို အကြင်ယ်၍ မနှစ်သက်ငြားအံ့၊ ကမ်းတ၍ မပြောဆိုငြားအံ့၊ စွဲမက်၍ မတည်ငြားအံ့၊ ထိုမနော+ဓမ္မာရုံ နှစ်ပါးစုံကို မနှစ်သက်၊ မတမ်းတ စွဲမက်၍ မတည်သော ထိုရဟန်းအား တပ်မက်မှု နန္ဒီရာဂ ကျော့သည် ချုပ်၏။ ချစ်သားပုဏ္ဏ....၊ တပ်မက်မှု နန္ဒီရာဂ တဏှာ ချုပ်ခြင်းကြောင့် ဆင်းရဲမှု=ဒုက္ခ ချုပ်၏ဟူ၍ ငါဘုရား ဟောဆို၏။

ဒွါရ+အာရုံ ခြောက်ပါးစုံ၌ ခုံမင် တပ်မက်မှု မရှိကသဒ္ဒယသစွာ တဏှာ လောဘ ချုပ်ငြိမ်း၏။ တဏှာ

လောဘ ချုပ်ငြိမ်းလျှင် ဒုက္ခသစ္စာလည်း ချုပ်ငြိမ်းကာ သံသရာဝဋ်ကြီး အပြီးပြတ်လေတော့၏။ သို့ရကား သမုဒယသစ္စာ တဏှာလောဘ ချုပ်ငြိမ်းအောင် အားထုတ်ရမည်၊ အားထုတ်လိုသော် ဒွါရခြောက်ပါး အာရုံခြောက်ပါးတို့ဖြင့် မှတ်၍ အာယတန ဆယ့်နှစ်ပါးတို့ကို အနိစ္စ၊ ဒုက္ခ၊ အနတ္တဟု အမှန်အတိုင်း မြင်အောင် ရှုရမည်။

ရှုဖန်များ၍ တရား ရသောအခါ ဒွါရ+အာရုံတို့၌ ခုံမင်တပ်မက်မှု ချုပ်ငြိမ်းပေမည်။ (ချုပ်ငြိမ်းချင်ရုံနှင့်တော့ မချုပ်ငြိမ်း၊ ဝိပဿနာအလုပ် အားထုတ်မှ ချုပ်ငြိမ်းနိုင်သည်။) ထိုသို့ ခုံမင်တပ်မက်မှု နန္ဒီရာဂ သမုဒယသစ္စာ တဏှာလောဘ ချုပ်ငြိမ်းလျှင် အကျိုးဖြစ်သည့် ဒုက္ခသစ္စာလည်း ချုပ်ငြိမ်းလေတော့၏။ 'လောင်စာမရှိက မီး မဖြစ်နိုင်သကဲ့သို့' သမုဒယသစ္စာ တဏှာတည်းဟူသော လောင်စာမရှိက ဒုက္ခသစ္စာ မီးတောက်ကြီး ဘယ်နည်းနှင့်မျှ မဖြစ်တော့ချေ-ဟု ဆိုလို၏)။

ဦးဝိစိတ္တသာရာဘိဝံသ
ဓမ္မနာဒကျောင်းတိုက်
မင်းကွန်း
၁၃၂၇-ခု၊ ပြာသိုလဆန်း ၇-ရက်

❀

၁၃၂၈-ခု ပြာသိုလပြည့်ကျော် ၁၁-ရက် တနင်္ဂနွေနေ့
ဝမ်းတွင်းမြို့ မဟာဇောတိကာရာမ
သိမ်တောင် တောရတိုက် အတွင်း ကျင်းပအပ်သော
၆-ကြိမ်မြောက် ဝိနယာနုဂ္ဂဟာဓမ္မပူဇာ အခမ်းအနားၐ
နာယက ဆရာတော်ကြီးများ၏ ကိုယ်စား
တိပိဋကဓရဆရာတော် ဦးဝိစိတ္တသာရာဘိဝံသ
ချီးကျူးတင်သွင်းအပ်သော

## အနုမောဒနာ အာဘိတ္ထ ပတ္ထနာစာတမ်း

### နမော ဗုဒ္ဓါယ။

သိဒ္ဓမ်။ ။ဝမ်းတွင်းမြို့ မဟာဇောတိကာရာမ သိမ်တောင်တောရတိုက် ဝိနယာနုဂ္ဂဟာအဖွဲ့ကြီးက ၆-ကြိမ်မြောက် ကျင်းပအပ်သော ဝိနယာနုဂ္ဂဟာ စာပွဲသဘင်ဝယ် အောင်မြင်ထမြောက်တော် မူကြသော သာသနာ့ ဉာဏ်ရည်ချွန် အရှင်မွန် အရှင်မြတ်တို့အား အနုမောဒနာ+ အာဘိတ္ထ + ပတ္ထနာ မင်္ဂလာစကား နာယက ဒဲ့ဖွဲ့၏ ကိုယ်စား လျှောက်ထား အားပေးလိုသည်မှာ....

စာအောင်ပုဂ္ဂိုလ် အရှင်မြတ်အပေါင်းတို့....။မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန် စံလွန်တော်မူပြီးနောက် လေးလ

မြောက်ဝယ် ပထမ သံဂါယနာသဘင် ယင်အံ့သော အခါ၌ အရှင်မဟာကဿပ မထေရ်မြတ်က 'အဘယ် ပိဋကတ်ကို ရှေးဦးစွာ သံဂါယနာ တင်ကြမည်နည်း' ဟု မေးမြန်းတော်မူသော အခါ

ဘန္တေ မဟာကဿပ ဝိနယော နာမ ဗုဒ္ဓသာသနဿ အာယု၊ ဝိနယေ ဌိတေ သာသနံ ဌိတံ ဟောတိ= အရှင် မဟာကဿပဘုရား။ ဝိနည်း ပိဋကတ်မည်သည် မြတ်စွာဘုရားရှင် သာသနာတော်၏ အသက် ဖြစ်ပါသည်၊ ဝိနည်းပိဋကတ် အဓွန့်ရှည်စွာ တည်လျှင် သာသနာတော် အဓွန့်ရှည်စွာ တည်ပါတော့သည်။ သို့ဖြစ်၍ ဝိနည်းပိဋကတ်ကို ရှေးဦးစွာသံဂါယနာတင်ကြစို့.

ဟူ၍ ငါးရာသော သံဂါယနာတင် အရှင်မြတ်တို့သည် တညီတညွတ်တည်း လျှောက်ထားကြပါသည်။ မှန်ပါသည်။ဝိနည်းပိဋကတ်တော်သည် သုံးပါးသိက္ခာသာသနာ အနက် အဓိသီလသိက္ခာ သာသနာအတွက် ဖြစ်ပါသည်။ ထိုအဓိသီလသိက္ခာသည်ပင် သာသနာတော်၏ အသက် ဖြစ်၍ 'ဝိနည်းပိဋကတ်သည် မြတ်စွာဘုရားရှင့် သာသနာတော်၏ အသက် ဖြစ်ပါသည်' ဟု တညီတညွတ်တည်း လျှောက်ထားကြခြင်း ဖြစ်ပါသည်။

စာအောင်ပုဂ္ဂိုလ် အရှင်မြည်အပေါင်းတို့။ထိုမှတပါး လည်း သမန္တပါသာဒိက ဝိနယအဋ္ဌကထာ ပါရာဇိက ကဏ္ဍအဖွင့် ပဌမပါရာဇိက စတုတ္ထ ဝိနယကထာ အခန်း ဝယ်

အနာဂတေ လဇ္ဇီ ရက္ခိဿတိ = အနာဂတ နောက်
ကာလဝယ် လဇ္ဇီ ပုဂ္ဂိုလ်သူမြတ်သည် သာသနာ
တော်ကို စောင့်ရှောက်လိမ့်မည်

ဟူ၍ ရှေးမထေရ်မြတ်တို့ သုံးကြိမ်တိုင် လေးလေးနက်နက် မိန့်မြွက်တော်မူကြကြောင်း ဖွင့်ပြချက်ရှိသည့်ပြင် ဝိနယ မဟာဝဂ္ဂပါဠိတော် မဟာခန္ဓကအဆုံး နိဂုံး၌လည်း

သုတ္တန်ပိဋက အဘိဓမ္မာပိဋကတို့ ကွယ်ပသော်လည်း
ဝိနည်းပိဋက မကွယ်ပလျှင် ဘုရားသာသနာတော်
သည် တဖန်ဆက်စည် တည်နိုင်ကြောင်း

ပထမ သံဂါယနာတင် အရှင်မဟာကဿပ သံဃိန္ဒတို့သည် မှတ်တမ်းတင် နိဒါန်းစကား ဟောကြားတော်မူအပ်ခဲ့ပါသည်။

ဇာအောင်ပုဂ္ဂိုလ်အရှင်မြတ်အပေါင်းတို့....။ အရှင်တို့သည် ရှေးဖော်ပြရာပါ သံဂါယနာတင် မထေရ်မြတ်တို့နှင့် ပေါရာဏက မထေရ်မြတ်တို့၏စကားကို ထောက်ထားဆင်ခြင်ပါက 'သာသနာတော်၏ အသက်သွေးကြောဖြစ်သော ဝိနည်းတရားတော်ကို မပျောက်မပျက်ရအောင် စောင့်ရှောက်တော်မူကြရသဖြင့် အနာဂတနောက်ကာလဝယ် သာသနာ့သူရဲကောင်း စိတ်ကောင်းဖြူဖြောင့် သာသနာတော်စောင့်ပုဂ္ဂိုလ် လဇ္ဇီသူမွန်တို့ကေန်ပင် ဖြစ်ကြလိမ့်မည်' ဟု နာယက ဆရာတော်များအဖွဲ့က အားရလှိုက်လှဲစွာ ထောမနာ နိမိတ်စကား ရဲဝံ့စွာ မိန့်ကြားလိုပါသည်။

သို့ဖြစ်သောကြောင့် အနာဂတ နောက်ကာလဝယ် သာသနာ့သူရဲကောင်း စိတ်ကောင်းဖြူဖြောင့် သာသနာ

ဓလောင့်ပုဂ္ဂိုလ် လဇ္ဇီသူမွန်စင်စစ် ဖြစ်ကြမည့် ငါ့ရှင်တို့အတွက်ထား သာသနာသုံးရပ်ကို သမ္ပဒါန်လုံ့ လဝီရိယလေးချက်ဖြင့် ထက်မြက်စွာ အားထုတ်နိုင်ကြ၍ ဝိနတ္တိခေါ်ဆို အရဟတ္တဖိုလ်ထုတ်ချောက် ရောက်ကြပါစေကုန်သောဝ်ဟု မနောပဏိဓိ နာယကဆရာတော်များအဖွဲ့ကတောင့်တရင်း ရှိသည်ကို....

**အနုပလပ္ပဒါန**

၁။ ဝိနယော ဇိနစက္ကဿ၊
အာယု ဝေ စိရဝုဒ္ဓိယာ။
တေနေ ဝါ နာဂတေ လဇ္ဇီ၊
ရက္ခိဿတီတိ စာဖြဝုံ။

၂။ ပမုဋ္ဌမှိ စ သုတ္တန္တေ၊
အဘိဓမ္မေ စ တာဝဒေ။
ဝိနယေ အဝိနဋ္ဌမှိ၊
ပုန တိဋ္ဌတိ သာသနံ။

၁။ အာဝုသော=စာအောင်များဖြင့် အိုငါ့ရှင်တို့။ ဝါ-အာဝုသော=ဝမ်းတွင်းမြို့ အဝင်အပေါ် မဟာ ဇောတိကာရာမ သာသနာ့အသရေဆောင် သိမ်'ရွှေ'တောင် ဝိနယအနုဂ္ဂဟ စာသဘင်ဝယ် ပါဝင်ရင့်ကျူး သာသနာ့အညွန့်အဖူး အောင်ပန်းကို ဆွတ်ခူးကြသည့် သဒ္ဓါထူး+ပညာထူး ကွန့်မြူးစုံလင် အိုငါ့ရှင်တို့....။ ဝိနယော=ဝိနည်းတွင်ခေါ် တရားတော်သည်။ ဝေ=ဧကန္တေန=စင်စစ်ဧကန် အမှန်အားဖြင့်။ ဇိနစက္ကဿ = ငါးမာရ်အောင်မြင် ဒအောင်သူဟကာတို့၏ ထိပ်ခေါင်တင် ရှင်ပင်

မြတ်စွာသာသနာသုံးရပ် စက်တော်မြတ်၏။ စိရဝုဒ္ဓိယာ= အနှစ်ငါးထောင် မြားမြောင်ရှည်ကြာ အခါတိုင်လျှင်း ပွားစီးခြင်း၏ အကျိုးငှာ။ အာယု=ပဓာနအချက် အသက် သွေးကြောမှန်လှပေ၏။ တေနေဝ=ထို့ကြောင်ပင်လျှင်။ အနာဂတေ လဇ္ဇီ ရက္ခိဿတီတိ=အနာဂတ နောက်ကာလ ဝယ် ပါပမှုဆို အကုသိုလ်မှ သည်းဖိုကြောက်ရွံ ရှက်သွေး မှန်သည့် သူမွန်ခေါ်မှန်း မြတ်ရဟန်းသည် သုံးခန်းသိက္ခာ သာသနာကို သဒ္ဓါဖြိုးစိမ့် စောင့်ရှောက်လိမ့် ဟူ၍။ အပြဝံ=ပေါရာဏက မြတ်ထေရတို့ ခွန်းဟန့တ်ချို မိန့်ဆို တော်မူခဲ့ကြလေပြီ။

၂။ စ=ဤတွင်၍သာ မဟုတ်ပါသေး။ သုတ္တန္တေ စ= သုတ္တန်ခေါ်မှတ် ပိဋကတ်သည် လည်းကောင်း။ အဘိဓမ္မေ စ=အဘိဓမ္မာခေါ်မှတ် ပိဋကတ်သည် လည်းကောင်း။ ပမုဋ္ဌမ္ပိ စ = အကယ်၍တိ ကွယ် ပဘိ ကာ မူ လည်း။ တာဝဒေ=သုတ္တန်နှင့်အဘိဓမ္မာ ပိဋကတ်နှစ်သွယ် ပျောက် ကွယ်သော ထိုအချိန်၌။ ဂိနယေ=ဝိနည်းတွင်ခေါ် ပိဋကတ် တော်သည်။ အဝိနဋ္ဌမ္ပိ=မပျက်မစီး ညီးညီးလျှံရှိန် ထွန်း ထိန်တောက်ပ၍ နေသည်ရှိသော်။ သာသနံ = ဘုရား မြတ်စွာ သာသနာသည်။ ပုန တိဋ္ဌတိ=တစ်ဖန် နောက် ထပ် အဆက်မပြတ်ဘဲ မတ်မတ်ခိုင်တည် ကြံ့ကြံ့တည်နိုင် ၏။ ဣတိ စ=ဤသို့လည်း။ အပြဝံ=ပထမသံဂါယနာ တင် အရှင်မဟာကဿပ သံဃိန္ဒတို့ ခွန်းဟန့တ်ချို မိန့်ဆို တော်မူခဲ့ကြလေပြီ။

၃။ တုမေှ ဟျနာဂတေ လဇ္ဇီ၊
ဇိနစက္ကာနုရက္ခကာ။
မဟာယောဓာ ဓိတိမန္တော၊
ဇုတိမန္တော ဘဝိဿထ။

၂။ အာဝုသော = စာအောင်ပုဂ္ဂိုလ် ထိုထိုများဖြင့် အို ငါ့ရှင်တို့။ အနာဂတေ=အနာဂတ နောက်ကာလ၌။ ဇိနစက္ကာနုရက္ခကာ=ဘုရားမြတ်စွာ သာသနာစက် ပပ လက်အောင် အသက်တမျှ စောင့်ရှောက်ကြမည် ဖြစ်ကုန် သော။ မဟာယောဓာ = ကိလေသမာရ် သာသနာ့ အတွင်းရန်ကို တွန်းလှန်ဖြိုခွဲ ရောမသတွဲခဲ အရဟတ္တ ဖိုလ်တည်း ဟူသော အောင်ပွဲကို ဆင်နွဲဖို့ရန် စိတ်သန်ရွယ် ချောင်း သာသနာ့သူရဲကောင်းဖြစ်ကုန်သော။ ဓိတိမန္တော =သမာဓိဂုဏ် စွဲထုံနိုဗဒ် သတိချုပ်၍ မတ်မတ်ခိုင်ကျည် တည်တံ့ကြကုန်သော။ ဇုတိမန္တော = ပညာတန်ဆောင် အရောင်ပြိုးပြက် ဖြိုးဖြိုးလက်ကြကုန်သော။ လဇ္ဇီ=ပါပမှု ဆို အကုသိုလ်မှ သည်းဖိုကြောက်၊ ရွံရှက်သွေးမွှန်ကြသည့် သီလဝန်ခေါ်မှန်း လဇ္ဇီရဟန်းတို့သည်။ တုမှေဟိ=တုမှေ ဝ=နေလုလင်စက် ထွက်မည့်ရှေ့ပြေး အရုဏ်ရောင် ပေးသကဲ့သို့။ တေရဟိ=ယခုပင် ဝိနယာနုဂ္ဂဟ စာသတင် ဝယ် အောင်မြင်မှု ဂုဏ်တန်ဆောင် အရုဏ်ရောင်ဖြန့်လွှား သင်ငါ့ရှင်များသည်ပင်။ ဘဝိဿထ = မြေလက်ခတ်နဲ့ မချွတ်လွဲသို့ အမြဲပုံမှန် ကေန်စင်စစ် ဖြစ်ကြကုန်လိမ့် တကား။

၄။ တသ္မာ သီလေ ပတိဋ္ဌာယ၊
စိတ္တံ ပညဉ္စ ဘာဝယံ။
ဝိဇ္ဇမ္ဘေ ဇဠံ ကွေသံ၊
သော အသ္မာက ပတ္ထနာ။

၄။ တသ္မာ=ထို့ကြောင့်။ ဝါ=သို့ရဖြစ်ကား။ တုမှေ= အနာဂတ နောက်ကာလဝယ် သာသနာ့သူရဲကောင်း မစောင်းစောင်းကေန် ဖြစ်မည် မှန် သည့် သူမွန်မြတ်လောင်း အရှင်ကောင်းတို့သည်။ သီလေ=စတုပါရိ သုဒ္ဓိလေးထွေ သီလတည်းဟူသော အောင်မြေ၌။ ပတိဋ္ဌာယ=ကာယိက စေတသိက ဝီရိယနှစ်တန့် ခြေစုံဆန့်လျက် ကြံ့ကြံ့ခိုင်ကျည် မတ်မတ်တည်ကြ၍။ စိတ္တဉ္စ = အဓိစိတ္တသိက္ခာ သမာဓိ ဘာဝနာကို လည်းကောင်း။ ပညဉ္စ=တတိယသိက္ခာ အဓိ ပညာ ဘာဝနာကို လည်းကောင်း။ ဘာဝယံ=ဘာဝယန္တာ =မနေမနား ပွားများအားသစ်နိုင်ကြကုန်လျက်။ ကွေသံ ဇဋံ=အတိတ်ရှည်စွာ ကမ္ဘာဘာဝယ် ဘယ်အခါကမှ ဖြေ ရှင်းခွင့် မရခဲ့သည့် ကိလေသရန်လှေး အတွင်း+အပ အအရှုပ်အထွေးကို။ ဝိဇ္ဇမ္ဘေ = မဂ်ဉာဏ်လေးချက် ဓား သန်လျက်ဖြင့် ပယ်ဖျက်ခုတ်ထွင် အကြွင်းမဲ့ သုတ်သင်ဖြေ ရှင်းနိုင်ကြစေကုန်သတည်း။ သော=ဤသည်ကား။ အသ္မာ ကံ=အဖွဲ့၏ ပဓာန နာယက အမှူးအခေါင် အမှုဆောင်

တွင်ခေါ် ငါတို့ဆရာတော်များ၏။ ပဋ္ဌာန = အဟိတာ ပနယန ဟိတူပသံဟာရ အဒေါသ ရေဇလာ မေတ္တာ နှစ်ပါး အရင်းထား၍ လိုလားတောင့်တချက်ပေတည်း။

ဟူ၍ တောဒည်း အလင်္ကာ ဂုဏ်တန်းဆာတို့ဖြင့် ဂါထာစတုက္က ညွန်းဖော်ပြလျက် (၁) အနုဗလပ္ပဒါန (၂) အဘိတ္ထဝ (၃) ပဋ္ဌာနမင်္ဂလာထုံးပြ သုံးကဏ္ဍ တို့ကို ဤမျှဖြင့် ကမ္ပတ်ဖုံး၍ နိဂုံးအုပ်အပ်ပေသတည်း။

ကိုယ်စိတ်နှစ်ဖြာ ချမ်းသာတော်မူကြပါစေ။

(ပုံ) ဦးဝိစိတ္တသာရာဘိဝံသ
တိပိဋကဓရဆရာတော်
(၂၆-၁၀-၂၈)

❀

၁၃၃၃-ခုနှစ်၊ နယုန်လပြည့်ကျော် ၃-ရက်နေ့
မန္တလေးမြို့ မစိုးရိမ် စာချကထိက
စေတိယင်္ဂဏ ပရိယတ္တိဓမ္မာစရိယ ပရိယတ္တိသာသနဟိတ
ဓမ္မာစရိယ ဝဋံ့သကာ အစိုးရဓမ္မာစရိယ ပထမကျော်
'အရှင်ပဒုမာဘိဝံသ' ချီးကျူးပူဇော်ပွဲကြီးတွင်
မင်းကွန်း-တိပိဋကဓရ ဆရာတော်
ရေးသားချီးမြှင့်တော်မူသော

**ပဒုမာဘိဏ္ဍဝ ဂုဏဝဏ္ဏနာ ဂါထာပါဠိအနက်**

သမ္ဘုလ္လော ပဒုမော+ဒါနိ၊
သုမနေနာ+ဒိရောပိတော။

တစ်နည်း။ ။သမ္ဘုလ္လော ပဒုမော+ဒါနိ၊
သုရာဘာဟိ သမောဟိတော။
ပူဇာ စ ဝန္ဒနမာနေဟိ၊
တံ ပိဋ္ဌန္တုန္တိ သာဓဝေါ။ ။

သာဓံဝေါ=နှလုံးပျော့ပျောင်း သူတော်ကောင်းတို့၊ သာဓဝေါ=ပဒုမာဘိတ္ထ၀ ဂုဏာပူဇာ ဝဋ္ဋသကာ+ဓမ္မာ စရိယ သုံးထပ်ကွမ်း ရခဲ့သည့် သာသနာ့လူရည်ချွန်-အာ ဇာညပုဂ္ဂိုလ်မွန်ဟု ထုတ်ဆိုညွှန်ဖော်ပြ ဂုဏ်ပန်းတွေ ပွင့်ပုံလှပေသည့် အစိုးရပထမကျော် 'ဦးပဒုမာဘိဝံသ' ရဟန်းတော်ကို ကော်ရော်သဒ္ဓါ ထူးကဲစွာဖြင့် ပူဇာ သဘင် အောင်ပွဲကိုယင်ကြသည့် လူ-ရှင်အပေါင်း အို.... သူတော်ကောင်းတို့။ သုမနေန=နှလုံးကောင်း ကိန်းဝပ်သူ ပုဂ္ဂိုလ်မြတ် တစ်ဆူသည်။ သုမနေန=အရှင်သုမန ဘွဲ့မည် သသား မူလကန့်ကူ လက်လှည့်ဆရာ သာသနာ့မြေထူး ဥယျာဉ်မှူးသည်။ အာဒိရောပိတော=ရှင်လူတကာ သုံးစိမ့် ငှာဟု မေတ္တာရေဖြိုး အစဆုံးစိုက်ပျိုးအပ်သော။ အာဒိ ရောပိတော=ကြား,သိ,မြင်သူ ရှင်ရှင်လူတို့ ကြည်ဖြူ သဒ္ဓါ အားရစွာဖြင့် စေတနာရွှန်းဝေ ပန်ကြစေဟု စိတ် နေမြော်ကိုး သာသနာတော်ကို ချစ်မြတ်နိုးသဖြင့် စိုက် ပျိုးမူ အစဆုံး ပြုစုအပ်ပေသော။ ပဒုမော=ပဒုံမာ ခေါ် တွင် ကြာပန်းပင်ကလေးသည်။ပဒုမော=ကြာပဒုံနှုန်းနှုန်း ရှင်လူတို့စိတ်ဝမ်းကိုရွှင်လန်းစေသော သူ့ဗျူပွတ်သဘော ကြောင့် 'ပဒုမော ဝိယာတိ ပဒုမော' ဥပမာ တဒ္ဓိတ် သဘောဖြင့် စောစောကကြိုတင် ဆရာသခင်တို့ ခေါ် တွင်နာမ 'ရှင်ပဒုမ'ဟု မှည့်ကြနှုတ်ချို ပဒုံမာကြာပန်း နှင့်တူသည့် ရဟန်းပျိုကလေးသည်။ ဝါ=ပဒုမော=အရှင် ပဒုမ နာမရင့်ကြွေး သာသနာ့ကြာပန်းပင်ကလေးသည်။ ဒါနိ=ဣဒါနိ=မိုးလင်းစချိန်ပမာ ငါးထောင်ဝက် သာ သနာဟု ဤယခုအခါ၌။ သုရာဘာဟိ=ပယ်ထွန်းမိုက် မှောင် နေစက်ရောင်တို့နှင့်။ သုရာဘာဟိ=မူလာစရိယ+

ဓမ္မာစရိယ မေတ္တာရေဖျန်းကြသည့် အာစေရအာစေရာ ဆရာသခင် ကျေးဇူးရှင်နေမင်းတို့၏ ရင်တွင်းကလှို့ ဆော် ချီးမြှောက်တော်မူကြသည့် ဩဝါဒ လက်ဆုပ် နယမှုန့် မြားမြောင် တရားစက် နေအရောင်တို့နှင့်။ သမော ဟိတော=အာရမ္မဏာဓိပတိ သတ္တိခိုင်ဖြိုး ပဋ္ဌာန်းနည်း ဖြင့် ပစ္စည်းပစ္စယုပ္ပန် ဆက်ဆံကြိုက်ကြုံ ပေါင်းဆုံမိသည် ဖြစ်၍။ ဝါ=ပေါင်းမိသောကြောင့်။ သမ္ဖုလ္လော=ကြည့် စဉ်ကြည့်စဉ် လူလူရှင်တို့ ကြည်လင်စိတ်ထား ဆဆပွား အောင် ကားကားစွင့်စွင့် ငွါးငွါးတင့်၍ ပွင့်ခဲ့တုံလေပြီ။ သမ္ဖုလ္လော=ပထမကျော်ပွင့်ဖတ် တလှပ်လှပ်နှင့် ပရိယတ္တိ တစ်ဌာန, စေတိယင်္ဂဏတစ်ဖော်, နိုင်ငံတော် အစိုးရ သုံးထပ်ကွမ်းဆိုယူရအောင် ဇေယျာဘွဲ့ပုံ ဓမ္မာစရိယ ဝတ်မှုန် 'ဝင္ခံသကာ' ဆိုတဲ့ ဂန္ဓာရုံတို့ ထုံတလှိုင်လှိုင် ကြိုင် တလွင့်လွင့် သာသနာ ကန်လုံးတင့်အောင် အလှဆုံး ပွင့်ခဲ့လေပြီ။

သာဓဝေါ=နှလုံးပျော့ပျောင်း သူတော်ကောင်းတို့ သည်။ သာဓဝေါ=ပဒုမာဘိတ္ထဝ ဂုဏပူဇာ သာသနာ့ သဘင် အောင်ပွဲယင်သား ရှင်လူအပေါင်း သူတော် ကောင်းတို့သည်။ တံ ပဒုမံ=ပွင့်ဟန်ထူးဆန်း ထိုကြာ ပန်းကို။ တံ ပဒုမံ=ထိုသာသနာ့ကန်တော်သာဝယ် ဓမ္မာ စရိယဝတ်မှုန် 'ဝင္ခံသကာ' ဂန္ဓာရုံတို့ လှိုင်ထုံကြိုင်လတ် ပထမကျော် ပွင့်ချပ်တို့ဖြင့် သတပတ်ဆင့်ကာ ပွင့်ခဲ့ပါ သား 'ပဒုမာဘိဝံသ' (ဥယျာဉ်မှူးကြီး ဦးသုမန၏) သာ သနာ့ရင်သွေး ပဒုံမာကြာပန်းပင်ကလေးကို။ ပူဇာ+ ဝန္ဒနာ+မာနေဟိ=စွမ်းအားလျော်စွာ၊ ယခုခါဝယ် လေး

ဖြာပစ္စယ = ပူဇနီယတို့ဖြင့် လှလှကော်ရော် ပူဇော်လှူဒါန်းခြင်း၊ လက်အုပ်ချီမိုး ရှိခိုးခြင်း၊ မစ္ဆေရ ကြာသာ ကင်းဆိတ်ကွာ၍ မုဒိတာဖြိုးဖြိုး စိတ်ထဲက မြတ်နိုးခြင်းတို့ဖြင့်။ ပိဋ္ဋန္တု=အားရကြည်ရွှင်၊ အလှဆုံး ပန်ဆင်ကြပါကုန်လော့။ ဝါ=ပူဇာ+ဝန္ဒန+မာနေဟိ+ပိဋ္ဋန္တု= ပန်ဆင်သည်ဟု ဥပမာတင်စား၍ ပြုရသည့် စတုပစ္စယ စွမ်းသမျှကော်ရော် ပူဇော်လှူဒါန်းခြင်း၊ လက်အုပ်ချီမိုး ရှိခိုးခြင်း၊မစ္ဆေ ကြာသာ ကင်းဆိတ်ကွာ၍ မုဒိတာဖြိုးဖြိုး စိတ်ထဲက မြတ်နိုးခြင်း= ဤသုံးခင်းကို ဝမ်းဟွင်းကြည်ဖြူ ဩ.... တည်ီတည္ဝတ်တည်း ပြုမူကြပါကုန်လော့။

တိပိဋကဓရဆရာတော်

၁၃၃၃-ခုနှစ်၊ နယုန်လပြည့်ကျော် ၃=ရက်

❀

# သံယုတ်အဋ္ဌကထာလာ နတ်သားများ
# လျှောက်တင်ပုံနှင့်
# ဘုရားရှင် ဟောကြားတော်မူပုံ
# ဂါထာများ

**တာနိ သတ္တပိ ဇာယ်သတာနိ တတ္ထ ကာလံ ကတွာ အာသန္နကာလေ ဂဟိတသီလံ နိဿာယ တာဝတိံသဘဝနေ နိဗ္ဗတ္တိံသု။ (သံယုတ် အဋ္ဌကထာ၊ ပထမအုပ်၊ စာမျက်နှာ ၅၃-မှ)။**

တာနိ သတ္တပိ ဇာယ်သတာနိ=ထိုသင်္ဘောသား ကုန်သည် ခုနစ်ရာတို့သည်လည်း။ တတ္ထ=ထိုသမုဒ္ဒရာအလယ်၌။ ကာလံ ကတွာ=စုတိပြတ်ကြွေ သေလွန်ကြကုန်၍။ အာသန္နကာလေ = သေခါနီးအခါ၌။ ဂဟိတသီလ = ခံယူဆောက်တည်အပ်သော ငါးပါးသီလကို။ နိဿာယ=အမှီပြု၍။ တာဝတိံသဘဝနေ = တာဝတိံသာနတ်ပြည်၌။ နိဗ္ဗတ္တိံသု = ဖြစ်ကြလေကုန်ပြီ။

ထိုနတ်တို့၏ အတွက် တာဝတိံသာ နတ်ပြည်၌၊ ဘုံဗိမာန်တို့သည် စုလျက်သားပင် ပေါ်ပေါက်လေကုန်သည်။ အားလုံးသော ဗိမာန်တို့၏အလယ်၌ ဆရာဖြစ်သူအတွက် ယူဇနာတစ်ရာ ကျယ်ဝန်းသော ရွှေဗိမာန်ကြီး

ပေါက်လေသည်။ ကျန်သောနတ်တို့၏ ဗိမာန်တို့ကား ထိုဆရာကြီး၏ဗိမာန်ကို ဝန်းရံလျက် အငယ်ဆုံးသော ဗိမာန်သည် ဆယ့်နှစ်ယူဇနာ ကျယ်ဝန်းလေသည်။ ထိုနတ်တို့သည်နတ်ပြည်၌ ဖြစ်လျှင်ဖြစ်ခြင်း အကြောင်းကံကို ဆင်ခြင်ကြသည့်တွင်ဆရာကို အမှီပြု၍ ဤယခုနတ်စည်းစိမ်ကို ရရှိကြောင်း ကောင်းစွာသိမြင်ကြကာ 'သွားကြကုန်စို့၊ မြတ်စွာဘုရားအထံ၌ ငါတို့ဆရာ၏ ဂုဏ်ကျေးဇူးကို ပြောကြားကြကုန်စို့'ဟု ဟိုင်ပင်ကြပြီးလျှင်၊ သန်းခေါင်ယံ လွန်မြောက်သောအခါ၌ မြတ်စွာဘုရားထံသို့ လာရောက်ကြ၍၊ အစုလိုက် အစုလိုက် တစ်ဂါထာစီ တစ်ဂါထာစီ ရွတ်ဆိုလျှောက်ထားကြလေသည်။

## ပထမနတ်အစု ရွတ်ဆိုသောဂါထာ

သဗ္ဘိရေဝ သမာသေထ၊
သဗ္ဘိ ကုဗ္ဗေထ သန္ထဝံ။
သတံ သဒ္ဓမ္မမညာယ၊
သေယျော ဟောတိ န ပါပိယော။

သဗ္ဘိရေဝ = သူတော်ကောင်းတို့နှင့် သာလျှင်။ သမာသေထ=တကွမကွာ နေထိုင်ရာ၏။ သဗ္ဘိ=သူတော်ကောင်းတို့နှင့်။ သန္ထဝံ=မေတ္တာရင်းနှီး မိတ်ဖွဲ့ခြင်းကို။ ကုဗ္ဗေထ=ပြုရာ၏။ သတံ=သူတော်ကောင်းတို့၏။သဒ္ဓမ္မံ= မိန့်ဖော်ဟောကြား သူတော်တရားကို။ အညာယ = ပိုင်းခြားထင်ထင် သိမြင်လတ်သည်ရှိသော်။ သေယျော= ချီးမွမ်းအပ် မြတ်သည်။ ဟောတိ=ဖြစ်၏။ ပါပိယော= ယုတ်ညံ့သည်။ န ဟောတိ=မဖြစ်။

## ဒုတိယနတ်အစု ရွတ်ဆိုသောဂါထာ

**သတ္တိရေဝ သမာသေထ၊**
**သတ္တိ ကုဗ္ဗေထ သန္ထဝံ။**
**သတံ သဒ္ဓမ္မ မညာယ၊**
**ပညာ လဗ္ဘတိ နာညတော။**

(ဤဂါတာ၌ စတုတ္ထပိုဒ်သာ အသစ်ဖြစ်သည်ကို သတိပြုပါ။နောက်ဂါထာတို့၌ အနက်ချုံး၍ ဖော်ပြပါမည်။) သတ္တိရေဝ = သူတော်ကောင်း တို့ နှင့် သာ လျှင်။ သမာသေထ=တကွမကွာ နေထိုင်ရာ၏။သတ္တိ=သူတော်ကောင်းတို့နှင့်။ သန္ထဝံ=မေတ္တာရင်းနှီး မိတ်ဖွဲ့ခြင်းကို။ ကုဗ္ဗေထ=ပြုရာ၏။ သတံ=သူတော်ကောင်းတို့၏ ။ သဒ္ဓမ္မံ=မိန့်ဖော်ဟောကြား သူတော်တရားကို။ အညာယ=ပိုင်းခြားထင်ထင် သိမြင်လတ်သည်ရှိသော်။ ပညာ = အသိအလိမ္မာဉာဏ်ပညာကို။ လဗ္ဘတိ=ရအပ်၏။ အညတော=လူမိုက်ထံမှ။ ပညာ=အသိအလိမ်မာ ဉာဏ်ပညာကို။ န လဗ္ဘတိ= ဆီကြည်သဲမှ ကြိတ်၍မရသို့ လုံးဝပိုင်ပိုင် မရအပ်နိုင်ချေ။

## တတိယနတ်အစု ရွတ်ဆိုသောဂါထာ

**သတ္တိရေဝ သမာသေထ၊**
**သတ္တိ ကုဗ္ဗေထ သန္ထဝံ။**
**သတံ သဒ္ဓမ္မ မညာယ၊**
**သောကမဇ္ဈေ န သောစတိ။**

။ ပ ။ သောကမဇ္ဈေ = စိုးရိမ်သူ လူတို့အလယ်၌။ န သောစတိ=မစိုးရိမ်ရချေ။

## စတုတ္ထနတ်အစု ရွတ်ဆိုသောဂါထာ

သဗ္ဘိရေဝ သမာသေထ၊
သဗ္ဘိ ကုဗ္ဗေထ သန္ထဝံ။
သတံ သဒ္ဓမ္မ မညာယ၊
ဉာတိမဇ္ဈေ ဝိရောစတိ။

။ပ။ အညာယ=ပိုင်းခြားထင်ထင် သိမြင်သည်ရှိသော်။ ဉာတိမဇ္ဈေ = ဆွေမျိုးတို့၏အလယ်၌။ ဝိရောစတိ = တင့်တယ်၏။

## ပဉ္စမနတ်အစု ရွတ်ဆိုသောဂါထာ

သဗ္ဘိရေဝ သမာသေထ၊
သဗ္ဘိ ကုဗ္ဗေထ သန္ထဝံ။
သတံ သဒ္ဓမ္မ မညာယ၊
သတ္တာ ဂစ္ဆန္တိ သုဂ္ဂတိံ။

။ပ။ အညာယ=ပိုင်းခြားထင်ထင် သိမြင်သည်ရှိသော်။ သတ္တာ= သတ္တဝါတို့သည်။ သုဂ္ဂတိံ = လူ့ရပ်နတ်ရွာ ကောင်းရာသုဂတိသို့။ ဂစ္ဆန္တိ=လားရောက်ရကုန်၏။

## ဆဋ္ဌမနတ်အစု ရွတ်ဆိုသောဂါထာ

သဗ္ဘိရေဝ သမာသေထ၊
သဗ္ဘိ ကုဗ္ဗေထ သန္ထဝံ။
သတံ သဒ္ဓမ္မ မညာယ၊
သတ္တာ တိဋ္ဌန္တိ သတတံ။

။ပ။....အညာ၁ယ = ပိုင်း ခြား ထင် ထင် သိမြင်သည် ရှိသော်။ သတ္တာ=သတ္တဝါတို့သည်။ သတတံ=အခါ မြင့် ကြာ ချမ်းသာစွာ။ တိဋ္ဌန္တိ=တည်ကြရကုန်၏။

ထိုအခါ အခြားနတ်သား တစ်ယောက်က မြတ်စွာ ဘုရားကို 'ဘုန်းတော်ကြီးသော မြတ်စွာဘုရား၊ အဘယ် နတ်၏ စကားသည် အပြစ်မရှိ ကောင်းမြတ်ပါသနည်း' ဟု မေးလျှောက်လေသည်။ မြတ်စွာဘုရားက 'သင်တို့ အားလုံး၏ စကားသည် သူ့ကြောင်းနှင့်သူ အပြစ်ကင်း သောစကားချည်း ဖြစ်ပေ၏၊ စင်စစ်သော်ကား ငါဘုရား ၏ စကားကိုလည်း နာကြဦးလော့'ဟု မိန့်ကြားတော်မူ ပြီးလျှင် ဤဆိုလတ္တံ့သော ဂါထာကို ရွတ်ဆို ဟောကြား တော်မူလေ၏။

သဗ္ဘိရေဝ သမာသေထ၊
သဗ္ဘိ ကုဗ္ဗေထ သန္ထဝံ။
သတံ သဒ္ဓမ္မ မညာယ၊
**သဗ္ဗဒုက္ခာ ပမုစ္စတိ**။

။ပ။ အညာ၁ယ=ပိုင်းခြားထင်ထင် သိမြင်လတ်သည် ရှိသော်၊ သဗ္ဗဒုက္ခာ = ခပ်သိမ်းသော ဆင်းရဲဒုက္ခမှ။ ပမုစ္စတိ = လွတ်မြောက်ရ၏။

တရားနိဂုံး ဆုံးသောအခါ၌ ထိုနတ်တို့သည် ဝမ်း မြောက်စွာ သာဓုအနုမောဒနာ ခေါ်ဆိုကြလေသည်။

### ပစ္စက္ခမူသုတ် အချုပ်လက်ာ

ဥစ္စာစီးပွား၊ ခြွေရံများ၊ ရှည်လျား သက်ဇီဝ။
သေလျှင်သော်ကား၊နတ်ရွာလား၊လေးပါးရခဲ့စွ။

ဥစ္စာစီးပွား ပေါများပြည့်စုံခြင်း၊ အခြွေအရံ များခြင်း၊ အသက်ရှည်စွာ နေရခြင်း၊ သေသည်၏ အခြား မဲ့၌ နတ်ရွာသုဂတိသို့ လားရောက်ရခြင်း-ဤတရား လေးပါးသည် လောကီ၌ ရခဲသောတရား လေးပါး ဖြစ်သည်။

## သဒ္ဓါ သီလ၊ စာဂ ပညာ၊ သမ္ပဒါ၊ လေးဖြာရကြောင်းမြဲ

သဒ္ဓါတရားနှင့် ပြည့်စုံခြင်း (သဒ္ဓါသမ္ပဒါ) ၊ သီလ တရားနှင့်ပြည့်စုံခြင်း (သီလသမ္ပဒါ) ၊ စွန့်ကြဲပေးကမ်း လှူဒါန်းမှုနှင့် ပြည့်စုံခြင်း (စာဂသမ္ပဒါ)၊ ပညာ အမြော်အမြင်နှင့် ပြည့်စုံခြင်း (ပညာသမ္ပဒါ)၊ ဤတရား လေးပါးသည် အထက် ဖော်ပြရာပါ ရခဲသောတရား လေးပါးကို ရနိုင်ကြောင်းတရားလေးပါး ဖြစ်သည်။ (ဤတရား လေးပါးနှင့်ပြည့်စုံလျှင် ဖော်ပြရာပါ လောကီ၌ ရခဲသော တရားလေးပါးကို အလွယ်နှင့်ရနိုင်သည်ဟု ဆိုလိုသည်)။

## ဥစ္စာစီးပွားကို သုံးဆောင်နည်း လေးပါး

၁။ ကိုယ်လည်းသုံးဆောင်၊
၂။ ဘေးလွတ်အောင်ပြု၊
၃။ ငါးခုဗလိ၊ ပူဇော်ဘိ၍၊
၄။ ဒက္ခိဏာမည်၊ လှူဒါန်းသည်၊
လေးမည် ပတ္တ မြတ်ကမ္မ။

ရရှိသော စီးပွားဥစ္စာတို့ကို....

၁။ ကိုယ်နှင့်တကွ အခြွေအရံများပါ ချမ်းသာအောင် သုံးဆောင်ရမည်၊ နှမြောမနေရဟု ဆိုလိုသည်။

၂။ ဘေးရန်ကြုံတွေ့သောအခါ ထိုဘေးရန်မှ လွတ်အောင် သုံးဆောင်ရမည်၊ နှမြောမနေရဟု ဆိုလိုသည်။

၃။ ဆွေမျိုးတို့အား အထိုက်အလျောက်ပေးကမ်းခြင်း ဉာတိဗလိ၊ ဧည့်သည်တို့အား ကျွေးမွေးဧည့်ခံခြင်း အတိထိဗလိ၊ ကွယ်လွန်သူ တို့ အား ရည်စူး၍ လှူဒါန်း၍ အမျှပေးခြင်း ပုဗ္ဗပေတဗလိ၊ မင်းတို့၏ အခွန်အတုတ်ကို မှန်ကန်စွာ ပေးဆောင်ခြင်း ရာဇဗလိ၊ မိဆိုင် ဖဆိုင် နတ်တို့အား တင်မြဲတိုင်း တင်ခြင်း ဒေဝတာဗလိ၊ ဤဗလိငါးပါးကို ပြုရမည်။

၄။ သံသရာအတွက် ဒက္ခိဏာခေါ်သော အလှူအတန်းကိုလည်း ပေးကမ်းလှူဒါန်းရမည်။

❀

# ရောင်ခြည်တော် ခြောက်ပါး ဘုရားရှိခိုး

## (၁) နီလ ရှောင်ခြည်တော်ဘွဲ့ ဘုရားရှိခိုး

အဥ္ဇနာ စုဏ္ဏကိဏ္ဏံ ဝ၊
နိမ္မိနန္တိ ဒိသာတလံ။
နီလာ ကေသာဒိနိက္ခန္တာ၊
နီလဝဏ္ဏ နမတ္ထု တေ။

နီလဝဏ္ဏ = ညိုမှောင်စိမ်းရီ၊ နီသောဓာတ်ရှင် မြတ်သခင်ဘုရား။ တေ=ရှင်ပင်မြတ်ဘုရား၏။ နီလာ=အောင်မဲညိုပွင့် ကြာညိုပွင့်လို ပုဆိုးညိုအလား ပတ္တမြားညိုရောင် စိမ်းလဲ့မှောင်သော ရောင်ခြည် အလျှံတော်တို့သည်။ ကေသာဒိနိက္ခန္တာ=ဆံတော် မျက်နက်တော် အစရှိသော ညိုရာရာဓာတ် ကိုယ်တော်မြတ်မှ ရောင်လျှပ်ယှက်ကူး ကွန့်မြူးတက်ကြွ တော်မူကုန်သည်ဖြစ်၍။ ဒိသာတလံ= ဝန်းကျင်ပတ်ခြုံ လုံးစုံနှံ့စပ် အရပ်ဒိသာ ဆယ်မျက်နှာအပြင်ကို။ အဥ္ဇနာစုဏ္ဏကိဏ္ဏံ ဝ=မျက်စဉ်းဓာတ် ကျောက်ညိုမှုန့်ဖြင့် ရောထုံပြွမ်းတီးအပ်ဘိသကဲ့သို့။ နိမ္မိနန္တိ=ဖူးမြင်ကြသူ နတ်လူအများ ရှုမအားအောင် ဆန်းပြားတင့်လျှံ ပြုဖန်တော်မူပေကုန်၏။ နီလဝဏ္ဏ = ညို မှောင် စိမ်းရီ နီလဓာတ်ရှင် မြတ်သခင်ဘုရား။ တေ=ရှင်ပင်မြတ်ဘုရား

အား။ နော=ရုပ်နာမ်ပေါင်းချုပ် အကျွန်ုပ်တို့၏။ (တစ်ဦးတည်းဖြစ်လျှင်- မေ=ရုပ်နာမ်ပေါင်းချုပ် အကျွန်ုပ်၏ဟုဆိုပါလေ၊ နောက်၌လည်း နည်းတူသည်၊) နမော=တုံ့ဝပ်ရိုကျိုး လက်စုံမိုး၍ ရှိခိုးမာန်လျှော့ ကန်တော့ဦးညွှတ်ခြင်းသည်။ အတ္ထု=စင်စစ်မသွေ ဖြစ်ပါစေသား အရှင်ဘုရား။

## (၂) ပီတရောင်ခြည်တော် ဘုရားရှိခိုး

ဟေမာဒကသိဥ္စန္တံ ဝ၊
နိမ္မိနန္တိ ဒိသာတလံ။
ပီတာ စမ္မာဒိနိက္ခန္တာ၊
ပီတဝဏ္ဏံ နမတ္ထု တေ။

ပီတဝဏ္ဏ=ရွှေရောင်ဝင်းကြည် ပီတဓာတ်ရှင် မြတ်သခင်ဘုရား။ တေ=ရှင်ပင်ဘုရား၏။ ပီတာ =မာလာကျုံကျုံ သဒိသ်လျှင် ရည်တူရွှေသား လှေကားပန်းအသွင် ဝါလွင်ထိန်ပြေ ရွှန်းရွှန်းဝေမျှ ရွှေသောအဆင်းရှိသော ရောင်ခြည်အလျှံတော်တို့သည်။ စမ္မာဒိ နိက္ခန္တာ=အရေတော် မျက်လုံးတော် အစရှိသော ရွှေရာရာဓာတ်ကိုယ်တော်မြတ်မှ ရောင်လျှပ်ယှက်ကူး ကွန့်မြူးထွက်ကြွတော်မူကုန်သည်ဖြစ်၍။ ဒိသာတလံ=ဝန်းကျင်ပတ်ခြုံလုံးစုံနှံ့စပ် အရပ်ဒိသာ ဆယ်မျက်နှာအပြင်ကို။ နိမ္မိနန္တိ=ဖူးမြင်ကုန်သူ နတ်လူအများ ရှုမအားအောင် ဆန်းပြားတင့်လျှံ ပြုဖန်တော်မူပေကုန်၏။ ပီတဝဏ္ဏ=ရွှေရောင်ဝင်းကြည် ပီတဓာတ်ရှင် မြတ်သခင်ဘုရား။ တေ =ရှင်ပင်ဘုရားအား။ နော=နာမ်ရုပ်ပေါင်းချုပ် အကျွန်ုပ်တို့၏။

နဒမော=တို့ ဝပ်ရိုကျိုး လက်စုံမိုး၍ ရှိခိုးမာန်လျှော့ ကန်တော့ ဦးညွှတ်ခြင်းသည်။ အတ္ထု=စင်စစ်မသွေ ဖြစ်ပါစေသား မြတ်စွာဘုရား။

## (၃) လောဟိတ ရောင်ခြည်တော်ဆွဲ ဘုရားရှိခိုး

လာခါရသသိဥ္စန္တံ ဝ၊
နိမ္မိနန္တိ ဒိသာတလံ။
ရတ္တာ မံသာဒိနိက္ခန္တာ၊
ရတ္တဝန္တံ နမတ္ထု တေ။

ရတ္တဝန္တံ=နီတွေးရောင်ပ လောဟိတဓာတ်ရှင် မြတ်သခင်ဘုရား။ တေ=ရှင်ဘုရား၏။ ရတ္တာ=ကမ္ဗလာနီ+ခေါင်ရမ်း ပန်းကသစ်ပမာ ကြာနီ+ဟသ်ပြဒါး ပတ္တမြားအသွေး နီတွေးထွန်းပြောင် ရောင်ခြည်အလျှံတော်တို့သည်။ မံသာဒိနိက္ခန္တာ=အသားတော်-အသွေးတော် အစရှိသော နီရာရာဓာတ် ကိုယ်တော်မြတ်မှ ရောင်လျှပ်ယှက်ကူး ကွန့်မြူးတက်ကြွတော် မူကုန်သည်ဖြစ်၍။ ဒိသာတလံ=ပန်းကျင်ပတ်ခြုံ၊လုံးစုံနှံ့စပ် အရပ်ဒိသာ ဆယ်မျက်နှာ အပြင်ကို။ လာခါရသသိဥ္စန္တံ ဝ = ချိပ်ရည် စိုရွှန်း၊ လောင်းယည့်သွန်းအပ်ဘိသကဲ့သို့။ နမ္မိနန္တိ=ဖူးမြင်ကုန်သူ နတ်လူအများ ရှုမအားအောင် ဆန်းပြားတင့်လျှံ ပြုဖန်တော်မူပေကုန်၏။ ရတ္တဝန္တံ=နီတွေးရောင်ပ လောဟိတဓာတ်ရှင် မြတ်သခင်ဘုရား။ တေ=ရှင်ပင်ဘုရားအား။နော=ရှပ်နာမ်ပေါင်းချုပ် အကျွန်ုပ်တို့၏။နမော=

တုံ့ဝပ်ရိုကျိုး လက်စုံမိုး၍ ရှိခိုးမာန်လျှော့ ကန်တော့ဦးညွတ်ခြင်းသည်။ အတ္ထ=စင်စစ်မသွေ ဖြစ်ပါစေသားမြတ်စွာဘုရား။

## (၄) ဩဒါတ ရောင်ခြည်တော်ဘွဲ့ ဘုရားရှိခိုး

သဇ္ဈုဒကသိဋ္ဌတ္တံ ဝ၊
နိမ္မိနန္တိ ဒိသာတလံ။
ဩဒါတ+ဌ၂ ၁ဒိနိက္ခန္တာ၊
ဩဒါတဝါ နမတ္ထု တေ။

ဩဒါတဝါ=ဖြူဖွေးသပ္ပာယ် စင်ကြယ်ရောင်လျှပ် ဩဒါတဓာတ်ရှင် မြတ်သခင်ဘုရား။ တေ = ရှင်ပင်ဘုရား၏။ ဩဒါတာ=ငွေအိုးငွေခွက်မှ ယိုထွက်ဆင်းလည်နို့ရည်အတူ ဘော်ကျူစိန်တုံး ကြက်ရုံးအသွင် ဖြူစင်ထွန်းပြောင် ရောင်ခြည်အလျှံတော်တို့သည်။ အဋ္ဌ၂ ၁ဒိနိက္ခန္တာ–အရိုးတော် သွားတော် မျက်ဖြူတော် အစရှိသော ဖြူရာရာဓာတ် ကိုယ်တော်မြတ်မှ ရောင်လျှပ်ယှက်ကူး ကွန့်မြူးထွက်ကြွတော်မူကုန်သည်ဖြစ်၍။ ဒိသာတလံ=ဝန်းကျင်ပတ်ခြုံ လုံးစုံနှံ့စပ် အရပ်ဒိသာ ဆယ်မျက်နှာအပြင်ကို။ သဇ္ဈုဒကသိဋ္ဌတ္တံ ဝ = ငွေရည်စို့ရွှန်းလောင်းထည့်သွန်းအပ်ဘိသကဲ့သို့။ နိမ္မိနန္တိ=ဖူးမြင်ကုန်သူ နတ်လူအများ ရှုမအားအောင် ဆန်းပြားတင့်လျှံ ပြုဖန်တော်မူပေကုန်၏။ ဩဒါတဝါ=ဖြူဖွေးသပ္ပာယ် စင်ကြယ်ရောင်လျှပ် ဩဒါတဓာတ်ရှင် မြတ်သခင်ဘုရား။ တေ=ရှင်ဘုရားအား။ နော = ရုပ်နာမ်ပေါင်းချုပ် အကျွန်ုပ်

တို့၏။ နမော=တုံ့ဝပ်ရိုကျိုး လက်စုံမိုး၍ ရှိခိုးမာန်လျှော့ ကန်တော့ ဦးညွှတ်ခြင်းသည်။ အတ္ထု=ဧင်စစ်မသွေ ဖြစ်ပါစေသား မြတ်စွာဘုရား။

## (၅) မင်္ဂလာရောင်ခြည်တော်ဘွဲ့ ဘုရားရှိခိုး

မင်္ဂလာ တေန သမာနံ၊
နိမ္မိနတ္တိ ဒိသာတလံ။

တမှာ တမှာဝ နိက္ခန္တာ၊
မင်္ဂလာဝါ နမတ္ထု တေ။

မင်္ဂလာဝါ=ရောင်မောင်းလျှံပ မင်္ဂလာခေတ်ရှင် မြတ်သခင်ဘုရား။ တေ=ရှင်ဘုရား၏။ မင်္ဂလာ၊ ညို၊ ရွှေ၊ နီ၊ ဖြူ လေးဆူခေတ်ပေါင်း မှည့်မောင်းဝင်းကြည် ရောင်ခြည်အလျှံတော်တို့သည်။ တမှာ တမှာဝ=ဤသို့သောခေတ် ဤအရပ်ဟု မသတ်မှတ်နိုင် ထွန်းပြိုင်ရွှန်းစို ထိုထိုကိုယ်တော် အစိတ်မှသာလျှင်။ နိက္ခန္တာ=ဘုန်မြူးစံပယ် သွယ်သွယ်တောက်ပ ထွက်ကြွ ဆန်းကြယ် တင့်တယ်တော်မူကုန်သည်ဖြစ်၍။ ဒိသာတလံ = ဝန်းကျင်ပတ်ခြုံ လုံးစုံနှံ့စပ် အရပ်ဒိသာ ဆယ်မျက်နှာအပြင်ကို။ တေန=ထို့လေးဆူဆင့်လောင်း အရောင်ပေါင်းနှင့်။ သမာနံ=မထူးမခြား တသားတည်းတူမျှစွာ။ နိမ္မိနတ္တိ=ဖူးမြင်ကုန်သူ နတ်လူအများ ရှုမအားအောင် ဆန်းပြားတင့်လျှံ ပြုဖန်တော်မူပေကုန်၏။ မင်္ဂလာဝါ = ရောင် မောင်း လျှံပ မင်္ဂလာခေတ်ရှင် မြတ်သခင်ဘုရား။ တေ=ရှင်ပင်ဘုရားအား။ နော = ရှပ်နှာမ် ပေါင်း ချုပ် အကျွန်ုပ်တို့၏။

နမော=ဘုံ ဝပ်ရိုကျိုး လက်စုံမိုး၍ ရှိခိုးမာန်လျှော့ ကန်တော့ဦးညွှတ်ခြင်းသည်။ အတ္ထု=စင်စစ်မသွေ ဖြစ်ပါစေသား မြတ်စွာဘုရား။

## (၆) ပဘဿရ ရောင်ခြည်တော်ဘွဲ့ ဘုရားရှိခိုး

ပဘဿရာ မနာပံဝ၊
နိမ္မိနန္တိ ဒိသာတလံ။
တမှာ တမှာဝ နိက္ခန္တာ၊
ပဘဿရ နမတ္ထု တေ။

ပဘဿရ =ပြိုးပြက်ရောင်ပ ပဘဿရ ခေတ်ရှင် မြတ်သခင်ဘုရား။ တေ=ရှင်ပင်ဘုရား၏။၊ ပဘဿရာ= မီးပန်းစိန်ရောင်သို့ ထိန်ပြောင်ရိုးရက် ပြိုးပြိုးပြက်သော ရောင်ခြည် အလျှံတော်တို့သည်။ တမှာ တမှာဝ=ဤသို့သောခေတ် ဤအရပ်ဟု မသတ်မှတ်နိုင် ထွန်းပြိုင်ရွှန်းစို ထိုထိုကိုယ်တော် အစိတ်မှသာလျှင်။ နိက္ခန္တာ=ဖိတ်ဖိတ်လက်လက် ပြိုးပြက်မြူးပျော် ထွန်းပေါ် ထွက်ကြွကုန်သည်ဖြစ်၍။ ဒိသာတလံ=ငန်းကျင်ပတ်ခြုံ လုံးစုံနှံ့စပ် အရပ်ဒိသာ ဆယ်မျက်နှာအပြင်ကို။ မနာပံ ဝ=နှစ်သက်ဖွယ်သာလျှင်။ နိမ္မိနန္တိ = ဖူးမြင်ကုန်သူ နတ်လူအများ ရှုမအားအောင် ဆန်းပြားတင့်လျှံ ပြုဖန်တော်မူပေကုန်၏။ ပဘဿရ=ပြိုးပြက်ရောင်ပ ပဘဿရခေတ်ရှင် မြတ်သခင်ဘုရား။ တေ=ရှင်ပင်ဘုရားအား။ နော=ရုပ်နာမ်ပေါင်းချုပ် အကျွန်ုပ်တို့၏။ နမော=တံ ဝပ်ရိုကျိုး လက်စုံမိုး၍ ရှိခိုးမာန်လျှော့ ကန်တော့ဦးညွှတ်ခြင်းသည်။ အတ္ထု=စင်စစ်မသွေ ဖြစ်ပါစေသား မြတ်စွာဘုရား။

## (၇) ရောင်ခြည်တော်ချီး

ပထဝါဒိံ ဝိမာနဥ္စ၊
နိပ္ပဘမ္ပိ ပဘံ ကရံ။
ခဇ္ဇောတံ ဝ ရံသိမန္တေ၊
ရသ္မိ တေ ဝီရ ပဇ္ဇလိံ။

ဝီရ=လွန်ကဲစွာလှ ဝီရိယဓာတ်ရှင် မြတ်သခင်ဘုရား။ တေ=ရှင်ပင်ဘုရား၏။ ရသ္မိ = ညို၊, ရွှေ, နီ, မောင်း ဖြူတောင်း,ပြိုးပြက်, တခဲနက်အား ခြောက်ပါးသော အဆင်းရှိသော ရောင်လျှံတော်အစုံသည်။ ရံသိမန္တေ = ထွန်းလင်းထိန်ပြောင် အရောင်ပဝင်း ဖြဟ္မာမင်းတို့ကို စဉ်လျက်။ခဇ္ဇောတံ ဝ=ပိုးစုန်းကြူးအတူ ပြုတော်မူသည် ဖြစ်၍။ ပဘံ ဝါ=အရောင်ရှိသည်လည်း ဖြစ်သော။ နိပ္ပဘမ္ပိ ဝါ=အရောင်မရှိသည်လည်း ဖြစ်သော။ ပထ-ဝါဒိံ=မြေထု,ရေထု,လေထု အပြင် ထက်ကောင်းကင်ကို လည်းကောင်း။ ဝိမာနဥ္စ=ဘုံနန်းရိပ်စံ ဗိမာန်အစုကို လည်းကောင်း။ ပဘံ =ထွန်းလင်းထိန်ပြောင် အရောင် ရှိသည့်ကို။ ကရံ ကရောန္တိ = ပြုတော်မူသည် ဖြစ်၍။ ပဇ္ဇလိံ=ရွှေကိုယ်တော်က ထွက်ပေါ်သည်မှ ခုတိုင် ကျ အောင် တောက်ပတင့်ရွှန်းတော် မူလေပြီ။

## (၈) ရောင်ခြည်တော် ဆုတောင်းဂါထာ

ဒယံကရ ရံသိမာလ၊
ရာဟုဂ္ဂဟောဝ စန္ဒိမာ။

အတိသမ္မာဓပ္ပတ္တောသို့၊
ဒုက္ခာ မံ ဒါနိ မုဥ္စထ။

ရံသိမာလ=ရောင်တော်ခြောက်သွယ် ပန်းနွယ်ပန်း ညွှန့် ရှိတော်မူသော မြတ်စွာဘုရား။ ဒယံကရ=မဟာကရုဏာ လွန်စွာပွားများ သနားခြင်းကို ပြုတော်မူပါ ဘုရား။ အဟံ=တပည့်တော်သည်။ ရာဟုဂ္ဂဟော=ရာဟုလက်တွင်း သက်ဆင်းဖမ်းမိသော။ စန္ဒိမာဝ=ပြာသာဒ်ယာဉ်သာ လစကြာကဲ့သို့။ အတိသမ္မာဓပတ္တော=အလွန်အမင်း ကျဉ်းမြောင်းခြင်း ဆင်းရဲအစုသို့ ရောက်သည်။ အသို့=ဖြစ်ပါ၏။ ဒါနိ=ယခုအခါ၌။ မံ=တပည့်တော်ကို။ ဒုက္ခာ=အလွန်အမင်း ကျဉ်းမြောင်းခြင်း ဆင်းရဲအစုမှ။ မုဥ္စထ=မှန်စွာမချွတ် လွတ်အောင် ပြုတော်မူပါကုန် ဘုရား။

ရောင်ခြည်တော်ခြောက်ပါး ဘုရားရှိခိုး ပြီး၏။

❀

## ဘုန်းတော်ခြောက်ပါး ဘုရားရှိခိုး

### (၁) ဣဿရိယ ဘုန်းတော်ဘွဲ့ ဘုရားရှိခိုး

ပရမဥ္စ သကေ စိတ္တေ၊
အတ္တိဿရိယ မုတ္တကံ။
လောကိယာ အဏိမာဒိပိ၊
အဘိဿရ နမတ္ထု တေ။

အဘိဿရ=ဣဿရိယ ပုညဂုဏ်နှုန်း ရွှေဘုန်းတော်ရှင် မြတ်သခင်ဘုရား။ တေ=ရှင်ပင်ဘုရားအား။ သကေ စိတ္တေ=ကိုယ်တော်မြတ်၏ နာမ်ဓာတ်ဝိညာဉ် စိတ်အစဉ်၌။ ပရမံ=သူမတူတန် ကဲလွန်ထူးမြတ်လှစွာသော။ မုတ္တကံ= အထွတ်အဖူး ထိပ်ဦးတိုင်မြောက် ပေါက်ရောက်တော်မူပြီးထသော။ ဣဿရိယံ=ဖလသမာပတ် ချမ်းသာမြတ်ကို ဝိုက်ညွတ်ကာပင် ကြာမတင်ဘဲ ဝင်စံနိုင်ရိုး ဝသီမျိုးဖြင့် ပိုင်စိုးနိုင်နင်းတော်မူခြင်း တည်းဟူသော လောကုတ္တရာ စိတ္တိဿရိယ ဘုန်းတော်သည် လည်းကောင်း။ လောကိယာ=လောကတလွှား ကျော်ထင်ရှားကုန်သော။ အဏိမာဒိပိ = အဏိမာ, မဟိမာ, လဃိမာ, ပတ္တိ အစ

ရှိသား ဣဿရိယရှစ်ဖော် လောကီတန်ခိုးတော်တို့သည်
လည်းကောင်း။ အတ္ထိ သန္တိ=ထင်ရှားပုံသေ ရှိပေကုန်၏။
အဘိဿရ=ဣဿရိယ ပုညဂုဏ်နှုန်း ရွှေဘုန်းတော်ရှင်
မြတ်သခင်ဘုရား။ တေ=ရှင်ဘုရားအား။ နော=ရုပ်နာမ်
ပေါင်းချုပ် အကျွန်ုပ်တို့၏။ နမော=တုံ့ဝပ်ရိုကျိုး လက်စုံ
မိုး၍ ရှိခိုးမာန်လျှော့ ကန်တော့ ဦးညွှတ်ခြင်း သည်။
အတ္ထု=စင်စစ်မသွေ ဖြစ်ပါစေသား မြတ်စွာဘုရား။

## (၂) ဓမ္မဘုန်းတော်ဘွဲ့ ဘုရားရှိခိုး

သဝါသနသံကိလေသ-
ပ္ပဟာယီ ဓီရ အတ္ထိ တေ။

နဝ လောကုတ္တရော ဓမ္မော၊
ဓမ္မဝန္တ နမတ္ထု တေ။

ဓီရ=အကျိုးရှိသင့် မရှိသင့်ကို ချိန်နှင့်နှုန်းပြိုင် ဆုံးဖြတ်နိုင်သား မလျှိုင်ခေါင်ဖူး ဉာဏ်ထူး ဉာဏ်ညွှန့် ရှိတော်မူသော မြတ်စွာဘုရား။ တေ=ရှင်ပင်ဘုရားအား။ သဝါသနသံကိလေသပ္ပဟာယီ=ဝါသနာ အငွေ့အသက်နှင့်တကွ တစ်ထောင့်ငါးရာ ကိလေသာတို့ကို ပယ်ခွာလတ်လတ် အကြွင်းမဲ့သတ်တတ်သော။ နဝ လောကုတ္တရော=မဂ်လေးပါး, ဖိုလ်လေးပါး, နိဗ္ဗာန် အား ဖြင့် ကိုးပါးသချာ လောကုတ္တရာတရားတော် တည်းဟူသော။ ဓမ္မော=ဓမ္မနှုန်းခေါ် ရွှေဘုန်းတော်သည်။ အတ္ထိ=ထင်ရှားပုံသေ ရှိပါပေ၏။ ဓမ္မဝန္တ=ဓမ္မဂုဏ်နှုန်း ရွှေဘုန်းတော်ရှင် မြတ်သခင်ဘုရား။ တေ=ရှင်ပင်ဘုရားအား။ နော=ရုပ်နာမ်ပေါင်းချုပ် အကျွန်ုပ်တို့၏။ နမော=တုံ့

ဝပ်ရှိုကျိုး လက်စုံမိုး၍ ရှိခိုးမာန်လျှော့ ကန်တော့ဦးညွှတ်ခြင်းသည်။ အတ္ထု=**စင်စစ်မသွေ** ဖြစ်ပါစေသား မြတ်စွာဘုရား။

## (၃) ယသဘုန်းတော်ဘွဲ့ ဘုရားရှိခိုး

ယထာဘုစ္စဂတော ဓီရ၊
ယသော တိလောကဗျာပကော။
အတိသုဒ္ဓေါပိ တေ အတ္ထိ၊
ယသဝန္တ နမတ္ထု တေ။

ဓီရ=အကျိုးရှိသင့် မရှိသင့်ကို ချိန်နှင့်နှုန်းပြိုင် ဆုံးဖြတ်နိုင်သား မဏ္ဍိုင်ခေါင်ဖူး ဉာဏ်ထူးဉာဏ်ညွန့်ရှိတော်မူသော မြတ်စွာဘုရား။ တေ=ရှင်ပင်ဘုရားအား။ ယထာဘုစ္စဂတော=အကြွားမပါ အဝါမဖက် သက်သက် ဟုတ်မှန် ဂုဏ်နေကန်ကြောင့် ကေန်မျက်မှောက် လက်တော်ရောက် ရအပ်သော။ တိလောကဗျာပကော=လောကသုံးရပ် ထုတ်ချင်းခတ်အောင် နှံ့စပ်ထင်ရှား ကျော်ကြားသည်လည်း ဖြစ်သော။ အတိသုဒ္ဓေါပိ=အလွန်အမင်းသန့်ရှင်းစင်ကြယ်သည်လည်း ဖြစ်သော။ ယသော = သရီရ,ဓမ္မ ဂုဏ်နှစ်ဝ၏ ကျနဟုတ်မှန် ကျော်စောသံတည်းဟူသော ယသဘုန်းတော်သည်။ အတ္ထိ=ထင်ရှားပုံသေ ရှိပါပေ၏။ ယသဝန္တ=ယသဂုဏ်နှုန်း ရွှေဘုန်းတော်ရှင် မြတ်ဆရာခင်ဘုရား။ တေ = ရှင်ပင်ဘုရားအား။ နော=ရှပ်နာမ်ပေါင်းချုပ် အကျွန်ုပ်တို့၏။ နမော=တို့ ဝပ်ရှိုကျိုး လက်စုံမိုး၍ ရှိခိုးမာန်လျှော့ ကန်တော့ဦးညွှတ်

ခြင်းသည်။ အတ္ထု=စင်စစ်မသွေ ဖြစ်ပါစေသား မြတ်စွာဘုရား။

## (၄) သီရိဘုန်းတော်ဘွဲ့ ဘုရားရှိခိုး

ဒဿနာရမ္ဘဇနာနံ၊
နယနာဘိပ္ပသာဒိကာ။
သဗ္ဗင်္ဂသိရီ အတ္ထိ၊
သိရိမန္တ နမတ္ထု တေ။

သိရိမန္တ=သီရိဂုဏ်နှုန်း ရွှေဘုန်းတော်ရှင် မြတ်သခင်ဘုရား။ တေ=ရှင်ပင်ဘုရားအား။ ဒဿနာရမ္ဘဇနာနံ=ဖူးမြော်လိုမှု လုံ့လပြုသား ပြောထုနတ်လူ သတ္တဝါဟူဟူသမျှတို့၏။ နယနာဘိပ္ပသာဒိကာ = ဖူးတိုင်းမြိန်ယှက်မပစ်ရက်အောင် မျက်စိအရသာ ဆောင်စွမ်းကာဖြင့် လွန်စွာသန့်စင် ကြည်လင်တောက်ပပေထသော။ သဗ္ဗင်္ဂသိရီ=ဗာတ္တိံသလက္ခဏာ သိတာနုဗျည်း ရှုမငြီးတို့ဖြင့် နှုလည်းနှုနယ် ကိုယ်အင်္ဂါ ကြီး ငယ် တို့ ၏ တင့် တယ်သပ္ပာယ်မှု အသရေအစုတည်းဟူသော သီရိဘုန်းတော်သည်။ အတ္ထိ=ထင်ရှားပုံသေ ရှိပါပေ၏။ သီရိမန္တ=သိရိဂုဏ်နှုန်း ရွှေဘုန်းတော်ရှင် မြတ်သခင်ဘုရား။ တေ=ရှင်ပင်ဘုရားအား။ နော=ရုပ်နာမ်ပေါင်းချုပ် အကျွန်ုပ်တို့၏။ နမော=တုံ့ဝပ်ရိုကျိုး လက်စုံမိုး၍ ရှိခိုးမာန်လျှော့ကန်တော့ဦးညွှတ်ခြင်းသည်။ အတ္ထု=စင်စစ်မသွေ ဖြစ်ပါစေသား မြတ်စွာဘုရား။

## (၅) ကာမ ဘုန်းတော်ဘွဲ့ ဘုရားရှိခိုး

အတ္တတ္ထံ ပရတ္ထံ ဝါပိ၊
မိရ တေ ယံ ယမိစ္ဆိတံ။
အတ္ထိ နိပ္ပတ္တိကာမောပိ၊
ကာမဝန္တ နမတ္ထု တေ။

မိရ=အကျိုးရှိသင့် မရှိသင့်ကို ချိန်နှင့် နှုန်းပြိုင် ဆုံးဖြတ်နိုင်သော မဏ္ဍိုင်ခေါင်ဖူး ဉာဏ်ထူး ဉာဏ်ညွန့် ရှိတော်မူသော မြတ်စွာဘုရား။ တေ=ရှင်ပင်ဘုရားအား။ ယံ ယံ အတ္တတ္ထံ ဝါ၊ အကြောင်အမျိုးမျိုး ကိုယ်တော်မြတ်၏အကျိုးကို လည်းကောင်း။ ယံ ယံ ပရတ္ထံဝါပိ=အကြောင်အမျိုးမျိုး သူတစ်ပါး၏အကျိုးကို လည်းကောင်း။ ဣစ္ဆိတံ='ဗုဒ္ဓေါ ဗောဓေယျံ၊ မုတ္တော မောစေယျံ၊ တိဏ္ဏော တာရေယျံ' အကြောင်သုံးပါး နှလုံးထား၍ လိုလားတောင့်တတော်မူအပ်သည့် အတိုင်း။ နိပ္ပတ္တိ ကာမောပိ=ရွယ်တိုင်းမဖောက် ခရီးရောက်အောင် ပြီးမြောက်တော်မူနိုင်သည့် အာဂမ+အဓိဂမ ဆန္ဒတော်တည်းဟူသော ကာမ ဘုန်းတော်သည် လည်းကောင်း။ အတ္ထိ=ထင်ရှားပုံသေ ရှိပါပေ၏။ ကာမဝန္တ=ကာမ ဂုဏ်နှုန်း ရွှေဘုန်းတော်ရှင် မြတ်သခင် ဘုရား။ တေ=ရှင်ပင်ဘုရားအား။ နော=ရုပ်နာမ်ပေါင်းချုပ် အကျွန်ုပ်တို့၏။ နမော=တုံ့ဝပ်ရိုကျိုး လက်စုံမိုး၍ ရှိခိုးမာန်လျှော့ ကန်တော့ ဦးညွတ်ခြင်းသည်။ အတ္ထု=စင်စစ်မသွေ ဖြစ်ပါစေသား မြတ်စွာဘုရား။

## (၆) ပယတ္တ ဘုန်းတော်ဘွဲ့ ဘုရားရှိခိုး

ပယတ္တော သဗ္ဗလောကဿ၊
ဂါရဝါပတ္တိ ဟေတုကော။
ဝါယာမော သောပိ တေ အတ္ထိ၊
ပယတ္တဝါ နမတ္ထု တေ။

ပယတ္တဝါ၊ ပယတ္တဂုဏ်နှုန်း ရွှေဘုန်းတော်ရှင် မြတ်သခင်ဘုရား။ တေ=ရှင်ပင်ဘုရားအား။ သဗ္ဗလောကဿ= အလုံးစုံလောက ရှိသမျှ နတ်လူအပေါင်း၏။ ဂါရဝါပတ္တိ ဟေတုကော=စိုးစံသမှု အလေးပြုအပ်သည့် ဂုရုဘွဲ့ယူ ပုဂ္ဂိုလ်တစ်ဆူ၏ အဖြစ်သို့ စင်စစ် ဆိုက်ရောက်ကြောင်း ကောင်းမြတ်သော အခြေခံဖြစ်သော။ ဝါယာမော= သမ္မပ္ပဓာန်ကိစ္စ တတ်စွမ်းလှသား ပဓာနသညာ သမ္မာ ဝါယာမ မဂ္ဂင်တည်းဟူသော။ သောပိ ပယတ္တော = ပယတ္တနှုန်းခေါ် ထိုဘုန်းတော်သည်လည်း။ အတ္ထိ=ထင်ရှားပုံသေ ရှိပါပေ၏။ ပယတ္တဝ =ပယတ္တဂုဏ်နှုန်း ရွှေဘုန်းတော်ရှင် မြတ်သခင်ဘုရား။ တေ = ရှင်ပင်ဘုရားအား။ နော = ရှပ်နာမ်ပေါင်းချုပ် အကျွန်ုပ် တို့၏။ နမော=တုံ့ဝပ်ရိုကျိုး လက်စုံမိုး၍ ရှိခိုးမာန်လျှော့ ကန်တော့ ဦးညွတ်ခြင်းသည်။ အတ္ထု=စင်စစ်မသွေ ဖြစ်ပါစေသား မြတ်စွာဘုရား။

### ဘုန်းတော်ဘွဲ့ ဆုတောင်းဂါထာ

(၇) ဒယံကရ ဘဂ္ဂဝန္တ၊
ရာဟုဂ္ဂဟော ဝ သူရိယော။

အတိသမ္ဗာဓပ္ပတ္တော သို့၊
ဒုက္ခာ မံ ဒါနိ မုဉ္စထ။

ဘဂျဝန္တ=ဘုန်းတော်ခြောက်စုံ တန်ခိုးဂုဏ်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား။ ဒယံကရ=မဟာကရုဏာ လွန်စွာပွားများ သနားခြင်းကို ပြုတော်မူပါဘုရား။ အဟံ=တပည့်တော်သည်။ ရာဟုဂ္ဂဟော=ရာဟုလက်တွင်း သက်ဆင်းဖမ်းမိသော။ သူရိယော ဝ = ဒေါင်းယာဉ် ရတနာ နေစကြာကဲ့သို့။ အတိသမ္ဗာဓပ္ပတ္တော=အလွန် အမင်း ကျဉ်းမြောင်းခြင်း ဆင်းရဲအစုသို့ ရောက်သည်။ အသို့=ဖြစ်ပါ၏။ ဒါနိ=ယခုအခါ၌။ မံ=တပည့်တော်ကို။ ဒုက္ခာ=အလွန်အမင်း ကျဉ်းမြောင်းခြင်း ဆင်းရဲ အစုမှ။ မုဉ္စထ=မှန်စွာမချွတ် လွတ်အောင် ပြုတော်မူပါ ကုန်ဘုရား။

ဘုန်းတော်ခြောက်ပါး ဘုရားရှိခိုး ပြီး၏။

❀

# ရန်ကုန်မြို့၊ ကန်တဲ့ သစ္စာဝါဒီကုန်းမြေ
# ပဋ္ဌာနိကာယ သာသနာ့ဗိမာန်တော်
# ရေစက်ချစာတမ်း

**နမော ဝဿုဿ ယသ။**

ဘန္တေ=ပါတိမောက္ခ ဣန္ဒြိယဟု သံဝရနှစ်လီ တမည် အာဇီဝ ပစ္စယသန္နိဿိတံ လေးတန်သော ပါရိသုဒ္ဓိ၊ သီလတော်မြေတရှိနှင့် သမာဓိမြင်းမိုရ်ပမာ ပညာတော် ဝဇီရစိန်၊ နိုင်းချိန်တူဘိ ဂုဏ်နဂ္ဂိုဖြင့် မွန်းတည့်သော နေပမာ၊ တန်ခိုးယော်ရှိန် လျှံဖြာကြသည့် သံဃာတော်သခင် အရှင်သူမြတ်တို့ ဘုရား။

ဘုရားတပည့်တော် ရန်ကုန်မြို့၊ တာဝါလိန်းလမ်း အမှတ်-၃၀၊ ပဋ္ဌာမြားခြံနေ ဘုရားတန်ဆောင်း၊ သိမ်၊ ကျောင်း၊ တည်းခိုဆောင် များမြောင်လှစွာ သာသနာ့ အဆောက်အအုံ ဖုံဖုံသီးသီး ကောင်းမှုကြီးများ၏ ဒါယိကာ သဒ္ဓါပျော်ကိန်း ကျောင်းအမကြီး ဒေါ်ဒေါ်ငြိမ်း အမှူးထား၍၊ သမီး-သား-မြေးတစ်စု သာသနုပကာရ ပုညပြကတော အခံလေ့ဖြင့် ပျော်ခမ္မ္ဍ နှစ်လို မဂ်+ဖိုလ်

ပစ္စည်း နိဿယည်းကို ရှာမှီးလေ့ရှိပါသော ဒါယကာ-ဒါယိကာမ မိသားတစ်စုတို့သည် သာသနာပြု ကောင်းမှုပုံယင် မဂ္ဂင်ဖောင်ကြီး တည်ဖွဲ့စည်းကြ၍ ပြည်ကြီးခေမ်နေရဗာန်သို့ ကောန်ထုတ်ချောက် ရောက်ရန်ဆုတောင်း တစ်ချောင်းတည်းသော ကုသိုလ်ဆန္ဒဖြင့် အဘိဓဇ မဟာရဋ္ဌဂုရု ပြည်သူ့ဆရာ အဂ္ဂမဟာပဏ္ဍိတ သာသနာ့ ထိပ်ခေါင်ဘင် ကျေးဇူးရှင် မစိုးရိမ်ဆရာတော်ဘုရားကြီး၏ ညွှန်ကြားမိန့်မြွက် ဩဝါဒ ခမ္မစက်ကို ထိပ်ထက်သံမှို မြဲနှက်သိုသကဲ့သို့ ရိုသေစွာ နာခံကြလျက်....

ပဥ္စန္နံ ဝေရာနံ သာမာရဏာဘာဝေန
အသာရဿ မနဿ ဒါနံ သာရရော

ရှင်စောမိန့်မှာ ကဏ္ဍဇာတ်ဒေသနာကို သဒ္ဓါရွှန်းအိ ယုံကြည်ခြင်း ရှိကြပါသဖြင့်

လောကီဥစ္စာ ရတနာကား ငါးဖြာရန်ထု ဆက်ဆံမှုကြောင့် သေတ္တာအနှစ် မဟုတ်လစ်ဘူး အားသစ်လုံ့လ ဆည်းပူးကြယည့် ဒါနခေါ်ဆိုမြတ်ကုသိုလ် သည်သာ ထိုထိုသို့သော လောကီဥစ္စာ ရတနာ၏ အနှစ် ကောန် ဖြစ်၏ဟု....

နှစ်နှစ်ကာကာ ယုံကြည်ခြင်း ရှိကြပါ၍ ဇကျောင်းဒကာကြီး ပတ္တမြား ဦးမောင်မောင် ရှေ့ဆောင်ရှေ့ရွက် အသက်ထင်ရှား အမြင်အားရှိစဉ်ကပင် လက်ငင်းမဆွ အစပြုကာ သာသနုပကာရ ပုညခေါ်ဆို မဟာကုသိုလ် နိဗ္ဗုနန်းပစ္စည်း ကြိုလိုကြသဖြင့် ကောဇာသက္ကရာဇ် ၁၃၃၅-ခုနှစ် ပြာသိုလပြည့်နေ့ကပင် ရန်ကုန်မြို့ ကန်ဘဲ့ ရပ်အကွက်နံပါတ်-၂၊ ဦးပိုင်အမှတ် -၃၈၊ ၅-ကော၊

၆၅၃-ဒသမ အတိုင်းအရှည်ရှိသော သစ္စဝါဒီ အမည် ခေါ်ထွေ ဤကုန်းမြေကို ကျပ်ငွေအသပြာ တစ်သိန်းခုနစ် သောင်းသော ဥစ္စာတို့ကို အာသာမဖက် ရက်ရက်ရဲရဲ စွန့်ကြဲ ပေးလှူ နိဗ္ဗူတံတား ခင်းတည်ထားကြ၍ ဘုရား မြတ်စွာ အစိန္တေယျာ၏ သာသနာသုံးပါး အထူးအားဖြင့် ငါးပါးနိကာယ် မပျောက်ကွယ်ဘဲ သုံးသွယ်ဘုံသူ ဝေနေ လူအား နိဗ္ဗူလမ်းပြ ဆိုဆုံးမလျက် ကာဃမြင့်ရှည် တည် ပါစေခြင်း အကျိုးငှာ....

၁။ ဓမ္မက္ခန္ဓာ ကျောက်စာစေတီတော်

၂။ နိကာယ်ကျောင်းဆောင်တော်များ

၃။ ပဥ္စနိကာယ ဓမ္မသာလာ ဓမ္မာရုံကြီး

အစရှိသော နိဗဒ္ဓထာဝရသာသနာ့အဆောက်အအုံ အဆူ ဆူသော ကုသိုလ်ဗိမာန်ကြီးများ တည်ထားကော်ရော် ပူဇော်ရန် ဆုံးဖြတ်ကြပြီးလျှင် မြန်မာ့ဝေါဟာ ကောဇာ သက္ကရာဇ် ၁၃၃၅-ခုနှစ်၊ သာသနာတော် ၂၅၁၇-ခုနှစ်၊ တပေါင်းလပြည့်နေ့တွင် စ၍ ပထမမြောက် မြေပန္နက် တွင်း ဝန်းအြလျက် ဖော်ပြရာပါ သာသနာ့အဆောက် အအုံ အဖုံဖုံတို့ကို မတုန်လှုပ်သော အစလ သဒ္ဓါစေတနာ ရှေ့ထား၍ အားသစ်လောင်းကာ လောင်းကာ တည် ဆောက်ခဲ့ကြရာ ယခုအခါဝယ် ပထဗျာဗွေစင် မြေ အပြင်မှ ဝေဟင်ထွင်းဖောက် ငွေတောင်ကြီးများ ပေါက် သကဲ့သို့ လျှောက်ဆိုရာပါ

၁။ ဓမ္မက္ခန္ဓာ ကျောက်စာတော် စေတီတော်မြတ်ကြီး နှင့် တကွ

၂။ ပဥ္စနိကာယ ဓမ္မဝေယန် သာသနာ့ ဗိမာန်တော် ကြီးတစ်ဆူ

ဇေတုသံငြိမ့် လူနတ်ပြဟ္မာ သတ္တဝါခပင်း ကောင်းတင်း အိန့်လျက် သိမ့်သိမ့်လှုပ်ခုန် မြေဝသုန်လျှင် တုန်လုဘနန်း သာ ဓု ညွှန်း ရ အောင် သွန်း သွန်း မြင့် မောက် တည် ဆောက်၍ ပြီးကြပါပြီဘုရား။

ထို့ပြင်တစ်ထူး နိဗ္ဗူ သောင် ကျွန်း ဆု ပန် ညွှန်း ၍ အောင်ခွန်း ကျူးလိုကြပါသည်မှာ ဘုရားတပည့်တော် များ မိသားတစ်စုတို့သည် လုလုစေတနာ ထက်သန်ရင်း ရှိကြပါသဖြင့် မဟာပုညဝန် တံခွန်ဆောက်ငြား ကျေး ဇူးရှင် မစိုးရိမ်ဆရာတော်ဘုရားကြီးနှင့် သားကြီးအလား ပတ္တမြား ကျောင်းဒကာကြီး ဦးမောင်မောင်တို့ ရည် ဆောင်သမှု စေတနာဒါန ပြုခဲ့ကြသော သာသနာ့ အဆောက်အဦ ကျန့်ရှိနေသေးသော ကောင်းမှုအဆူဆူ တို့ကိုလည်း နိဗ္ဗူတံတား ခင်းထားလက်စ မလျော့သော သဒ္ဓါဆန္ဒဖြင့် ဇေယျဝှန်ထောက် တံ ခွန် ဆောက် ၍ ပြီးမြောက်အောင် တည်ဆောက်ကြမည်ဟု ထက်သန်သော မဟာကုသိုလ် နှစ်လိုသော အဓိဋ္ဌာန်ဇောတို့ဖြင့် အနှမြော မဖောက် ရဲရဲတောက်လျှင် ဆောက်တည်ရင်း ရှိကြပါ သည် ဘုရား။

သံဃာတော်သခင် အရှင်သူမြတ်တို့ဘုရား။ တပည့် တော်များသည် ရှင်အားတက်ကြွစွာ ယခုအခါဖော်ပြ ရာပါ သာသနာ့အဆောက်အအုံတို့ကို မူလပထမ အဘိ ဓဇမဟာရဋ္ဌဂုရု ပြည်သူ့ဆရာ အဂ္ဂမဟာပဏ္ဍိတ သာ သနာ့ထိပ်ခေါင်တင် ကျေးဇူးရှင် မစိုးရိမ်ဆရာတော် ဘုရားကြီးနှင့် ပတ္တမြား ကျောင်းဒကာကြီး ဦးမောင် မောင်တို့ ရည်ဆောင်တိုက်တွန်း ညွှန်းခဲ့သည့်အတိုင်း

ရေစက်သွန်းချ အတ္တသာ ဧက စေတနာ သဒ္ဓါလုလု လှူဒါန်းခြင်း ပြုကြပါတော့မည်....

၁။ ယခုစာပါ သစ္စဝါဒီကုန်းမြေ ၄၅ဧကတစ်ခုလုံးကို ပဥ္စနိကာယ သာသနာ့ဗိမာန်တော်ဟု ခေါ်တွင်စေမှု ကမ္ပည်းတင်ပြုကြလျက်

၂။ ဗုဒ္ဓနိကိုယ်စား ငါးပါးနိကာယ် အသွယ်သွယ်သော ဓမ္မခန္ဓာတို့၏တည်ရာ ဤကျောက်စာတော် စေတီမြတ်တို့ကို လူနတ် အများ ဘုရားအာရုံ နှလုံးထုံ ပွားကြရန် တည်ထားပူဇော်ကြပါကုန်၏ ဘုရား။

ဤသာသနာ့ဗိမာန် အာရာမ်နှင့်တကွ ဆောက်လုပ်ပြီး၊ ဆောက်လုပ်လတ္တံ့ ဖြစ်ကြသည့် နိကာယ ကျောင်းဆောင်တော်များကို လည်းကောင်း၊ အရံဖြစ်သော ဆောက်လုပ်ပြီး၊ ဆောက်လုပ်ဆဲ၊ ဆောက်လုပ်လတ္တံ့ ဖြစ်သည့် သာသနာ့အဆောက်အအုံ အရပ်ရပ်တို့ကို လည်းကောင်း မြတ်စွာဘုရား သာသနာတော် သုံးရပ်အား အထူးအားဖြင့် ငါးပါးနိကာယ် အသွယ်သွယ်သော ဓမ္မက္ခန္ဓာ ပရိယတ္တိ သာသနာတော်မြတ်အား အရဟတ္တဖိုလ်၏ ဥပနိဿရည်း ပစ္စည်းစင်စစ် ဖြစ်ပါစိမ့်သောငှာ စေတနာ သုံးတန်ပြဋ္ဌာန်း ဤရေစက် ချသွန်း၍ ကောဇာသက္ကရာဇ် ၁၃၃၈-ခု၊ ရတုသိသိရ ပဥ္စမကြိမ်တွေ့ တပေါင်းလပြည့်နေ့တွင် လှေ့လှေ့ အားရမ်း လှူဒါန်းကြပါကုန်၏ဘုရား၊ လှေ့လှေ့ အားရမ်း လှူဒါန်းကြပါကုန်၏ ဘုရား။

၃။ ယင်းသို့ ရေစက်ချသွန်း လှူဒါန်းအပ်ကြသည့် သာသနာ့အဆောက်အအုံ အဖုံဖုံတို့နှင့် တကွ

ဤပဥ္စနိကာယ သာသနာ့ဝိမာန်တော် အာရာမ် အခါးလုံး တို့ကို ယခုလက်ရှိ နှင့် နောက်နောင်တွင် ဖြစ်ရှိမည့် နိကာယ်သာသနာတော် ထွန်းကားရေး အသင်းကြီး၏ ဩဝါဒါစရိယ ဆရာတော်ကြီးများ အဖွဲ့နှင့် နိကာယ် သာသနာတော်ထွန်းကားရေးအသင်း လူကြီးမင်းတို့သို့ သာသနာတော်သုံးပါး အထူးအားဖြင့် ငါးပါးနိကာယ် အသွယ်သွယ်သော ဓမ္မက္ခန္ဓာပရိယတ္တိသာသနာတော်ကြီး အဓွန့်ရှည်စွာ တည်ရာ တည်ကြောင်း ခိုင်မာကျစ်လျစ် သော ဥပဒေများ ရေးဆွဲကြ၍ ဆရာနှင့်ဒါယကာ အစဉ် မကွာ တွဲဖက် အဆက်ဆက် ဆက်ခံ စီမံအုပ်ချုပ် စောင့် ထိန်းတော်မူကြပါရန် ယုံကြည်ခြင်းသဒ္ဓါဇော ထက် ထက်သန်သန်ဖြင့် အပ်နှံခြင်းအမှု ပြုကြပါ၏ ဘုရား၊ အပ်နှံခြင်းအမှု ပြုကြပါ၏ ဘုရား။

## ဆုတောင်း အမျှဝေ လင်္ကာ

သုံးတန်စေတနာ၊ ညီညွတ်စွာဖြင့်၊ သဒ္ဓါလုလု၊ဆည်း ပူးပြုသား၊ ဤကုသလ၊ နိဗ္ဗာနဝကြောင့်၊ ဝိပရိတ်၊ နေရ ဗာန်သို့၊ လျင်မြန်ထုဘ်ချောက်၊ ရောက်ရပါလို၊ ဆုပန် ဆို၏။ ထိုကုသလ၊ ဖို့ဘာဂကို၊ ရဋ္ဌဂုရု၊ ပြည်သူ့ဆရာ၊ ထေရ်မဟာနှင့်၊ ဒါယကာ ဦးမောင်မောင်၊ မြင့်ခေါင် ဂုဏ်၊ မိဘနှစ်ပါး၊ အမျှားထား၍၊ သုံးပါးဘုံသူ၊ ဝေနေ လူအား၊ ရည်တူရရန်၊ ပတ္တိဒါန်ဖြင့်၊ မကျန်စေရ၊ ပေး ဝေငှသည်၊ အမျှ-အမျှ-အမျှ ရကြသည် ဖြစ်စေသောဝ်။

သာသနာ ၂၅၂၀၊ ကောဇာ ၁၃၃၈ ခု။
တပေါင်းလပြည့်ကျော် ၆ ရက်နေ့၊ (၃-၃-၇၇။)
**ကျောင်းအမကြီး ဒေါ်ဒေါ်ငြိမ်း မိသားတစ်စု**

❀

၁၃၁၇-ခုနှစ်၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက
ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ အရှင်မြတ်သည်
အဋ္ဌကထာဆရာ အရှင်ဗုဒ္ဓဃောသ မထေရ်မြတ်၏
ဂါထာဗန္ဓအရာဝယ် ဆန်း အလင်္ကာ+သဒ္ဒါပုဒ်ပါဌ်
ရုပ်ခြာတ်အစဉ် နက်နဲဆန်းကြယ်စွာ တန်ဆာဆင်လျက်
ထူးခြားစွာ စီစဉ်ရေးသားတော်မူသည့်
၃၄-ဂါထာပါရှိသော 'နမက္ကာရပါဌ်' ဂါထာတို့မှ
(ဂါထာနံပါတ် ၃၊ ၁၄၊ ၁၅၊ ၁၆၊ ၁၇၊ ၁၉၊
၂၀၊ ၂၁၊ ၂၂၊ ၂၃-အထိ)
ခန့်ညားဆန်းကျယ်လှသည့် ဂါထာကြီး ၁၀-ပုဒ်ကို
ရွေးချယ်ထုတ်နုတ်တော်မူကာ
ဆန်းနည်းသဒ္ဒါ + အလင်္ကာတို့ဖြင့် ဝေဖန်ညှိနှိုင်းကာ
ဆန်းဆန်းကျယ်ကျယ် ကြည်ညိုဖွယ်ရာ
ခန့်ညားသာယာ တည်ငြိမ်စွာဖြင့်
အနက်မြန်မာ ပြန်ဆိုတော်မူပါသော

## နမက္ကာရဘုရားရှိခိုး ဆယ်ဂါထာပါဌ်အနက်

၃။ နယန သုဘဂ ကာယင်္ဂ၊
မဓုရ ဝရ သရောပေတံ။
အမိတဂုဏ ဂဏာဓာရံ၊
ဒသဗလ မတုလံ ဝန္ဒေ။ ။
(၉-လုံးဖွဲ့ ဘုဇဂ သုသုမနာဂါထာ)

နယန သုဘဂ ကာယင်္ဂ=နတ်လူရှိရှိ ဖူးကြသူမျက်စိဝယ် ပီတိဟုန်ဆင့်လွှမ်းအောင် တင့်ဆန်းသပ္ပာယ် ကိုယ်

အင်္ဂါကြီးငယ်တို့နှင့် ဖြိုးကြွယ်ဝန်းရုံ ပြည့်စုံတော်မူပါထသော။ ၀ါ။ နယန သုဘဂ ကာယင်္ဂ=နတ်လူဗြဟ္မာ သတ္တဝါအနန္တ ရှိသမျှတို့၏ ပသာဒစက္ခု ဓာတ်မှန်နုဝယ် ရှုလေအံ့ဖွယ် ဆန်းတကြယ်လျှင် သုံးဆယ်နှစ်စင်းသော နေမင်း၊ သုံးဆယ်နှစ်စင်းသော လမင်း၊ ဝင်းဝင်းရောင်ဖိတ် သုံးကျိပ်နှစ်ဆူသော စကြဝတေးမင်းဘုရား၊ သုံးကျိပ်နှစ်ပါးသော သိကြား သုယာမ သုနိမ္မိတ ဝသဝတ္တီ မဟာဗြဟ္မာကြီးတို့ လူ့ထီးဖြူ ဗြဟ္မာ့ထီးဖြူ သုံးဆယ့်နှစ်ဆူသော သရဖူဦးစိုက် ရတနာမကိုဋ်တို့နှင့်တကွ စကြဝဠာတိုက်၌ အလိုက်သင့် စဉ်စီထွန်းပသော ပဘာဝ ကျက်သရေကဲ့သို့ စက်ရွှေတော်ပါဒမှ ရူပကာယအလုံး ရွှေဆံတော်အဆုံးတိုင်အောင် သုံးဆယ့်နှစ်ရပ်သော ဗာတ္တိံသ—ဝရသတပုညဇ မဟာပုရိသ လက္ခဏာ တော်ကြီး ညီးညီးရွှန်းကယ် ထွန်းတင့်တယ်သော ရှစ်ဆယ်အစုအနုဗျဉ္ဇန လက္ခဏာတော်ငယ် အသွယ်သွယ်တို့ဖြင့် လကွယ်မိုက်မှောင် တိုက်ချောင်ဥမင် ကောင်းကင်မိုးလယ် တောင်ရှစ်ဆယ်ကို မီးနယ်ထိန်လျှပ် စိန်နဝရတ် ကဲ့သို့ မပြတ်ကာလ ခါခပ်သိမ်းသွန်းပသော နိစ္စလဒ္ဓဘာသ ဗျာမပ္ပရောင်ခြည်တော် အဝန်းတို့ဖြင့် ရွှန်းရွှန်းသပ္ပာယ် ကိုယ်အင်္ဂါကြီးငယ်တို့နှင့် ဖြိုးကြွယ်ဝန်းရုံ ပြည့်စုံတော်မူပါထသော။ ၀ါ။ ပြည့်စုံတော်မူသောကြောင့် လည်းကောင်း။ (ဤစာပိုဒ်ဖြင့် ရူပအစိန္တေယျဂုဏ်တော်ကို ချီးကျူးမွမ်းဆိုအပ်တော်မူသည်)

မဓုရ ဝရ သရော ပေတံ=သာယာချိုမြိန် နှစ်သိမ့်နာပျော် မြတ်သော အသံတော်နှင့် ပြည့်စုံတော်မူပါထ

သော။ ဝါ။ မခုရ ဝရ သရော ပေတံ=သိလွယ်သည်+နာလွယ်သည်+သာယာသည်+တခဲနက်ပရိသတ်အပြင်သို့မထွက်လုံးနက်သည်၊ အင်ရှစ်မည် ပေါင်းမဆိတ် ကျူးရင့်ကာ သြောင်းညိမ့်သော ကရဝိက်ငှက်မင်း၏ အသံပမာ တုရိတ မဟာဗြဟ္မာမင်း၏အသံအလား ပတ္တမြားပြွေကို ညှင်းသကဲ့သို့ ဖွားရင်းကာလ ဇာတိကပင်ဗြဟ္မသရ မခုရနှင့် ဝရအင်္ဂါအစုံပါ၍ သာယာချိုမြိန့် နှစ်သိမ့်နာပျော် မြတ်သောအသံတော်နှင့် ပြည့်စုံတော်မူပါထသော။ ဝါ။ ပြည့်စုံတော်မူသောကြောင့်လည်းကောင်း။

(ဤစာပိုဒ်ဖြင့် ဝါစာအစ်ခွေယျာဂုဏ်တော်ကို ချီးကျူးဖွဲ့ဆိုပါသည်)

အမိတဂုဏ ဂဏာခရံ=ဣဒ္ဓိပါဒ်မျိုး တန်ခိုးတော်အလီလီ သန္တုဋ္ဌိ သလ္လေခ အပ္ပိစ္ဆ သုဘရာ အစဖြာသားသင်္ချာကမ်းခတ် ဂဏန်းတတ်တို့ မမှန်းအပ် မရေးပိုင်မကြံနိုင် မနိုင်းအပ် ကျေးဇူးတော်အရပ်ရပ်တို့ ကိန်းဝပ်ပျော်အောင်း စုပေါင်းတည်နေရာလည်း ဖြစ်တော်မူပါထသော။ ဝါ။ အမိတဂုဏ ဂဏာခရ=ယုဂန်ထိပ်ဖျားမြင်းမိုရ်ခါးဝယ် လှည့်သွားကုန်ကြ နေနှင့်လကို ဂန္ဓကုဋီတိုက်တော်ဆီမှ လမ်းမှီလက်ကိုင် သုံးသပ်နိုင်၏။ မဏ္ဍိုင်ဗဟို ဧလးရောင်စိုသား မြင်းမိုရ်ထိပ်ပန်း ဝတိံနန်းကိုနှစ်လမ်းသုံးဖဝါး ကြွချီသွား၏။ အလျား ယူဇနာခြောက်ဆယ်၊ အထုဝယ် တစ်ဆယ့်ငါး၊ အနံ ကားငါးဆယ်ပြန့်ကျယ်ယူဇနာ ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာလည်း၊ ဝဲယာထုတ်သန်း ဒူးတော်စွန်းနှင့် သက်နန်းတော်

အောက်ဖုံးကွယ်မပျောက်၏။ ကျောက်ဖျာကိုလည်း မငယ်စေ၊ လ နေကိုလည်း အောက်မချ၊ မြင်းမိုရ်ကိုလည်း မညွတ်ရ၊ ကိုယ်တော်ကလည်း မကြီးမြင့် ကြည့်တင့်ရှုသာ ဤအရာသည် မဟာအာဝေဏိကသိဒ္ဓိ ဘုရားတို့သာ ရှိသည့် ဣဒ္ဓိပါဒ်မျိုး တန်ခိုးတော်အလီလီ သန္တာ ဝြိုသလ္လေခ အပ္ပိစ္ဆသုဘရာ အစဖြာသား သင်္ချာကမ်းခတ် ဂဏန်းကတ်တို့ မမှန်းအပ် မရေးပိုင်၊ မကြံနိုင် မနှိုင်းအပ် ကျေးဇူးတော်အရပ်ရပ်တို့ ကိန်းဝပ်ပျော်အောင်း စုပေါင်းတည်နေရာလည်း ဖြစ်တော်မူပါထသော။ ဝါ။ ဖြစ်တော်မူသောကြောင့် လည်းကောင်း။ (ဤစာပိုဒ်ဖြင့် ဣဒ္ဓိအစိန္တေယျကိုယ်တော်ကို ချီးကျူးဖွဲ့ဆိုပါသည်)

ဒသဗလံ=အားတော်ဆယ်တန် ဉာဏ်တော်ဆယ်ပါး စွမ်းပကားနှင့် ထူးခြားလောက လုံ ပြည့်စုံတော်မူပါထသော။ ဝါ။ ဒသဗလံ=ကာဠာဝက ဆင်ကစ၍ ဆယ်ဆဆယ်တန် အားတက်လျှံသည် ဆန္ဒန်ဆယ်ဆ မဇ္ဈိမဟုပုရိသယောကျ်ား ကုဋေတစ်သောင်းအားကို ကြွားကြွားကုန်အောင် ကိုယ်တော်တည်း ရွက်ဆောင်တော်မူနိုင်သော နာရာယန+ကာယဗလ အားတော်ဆယ်ပါး မဟာပထဝီ မေဒိနီစုန့် မြူလုံးမှုန့်ထက် နှုန်းအကိန်းကိန်း သိန်းအခန်းခန်း သန်းအထွေထွေ ကုဋေကုဋာ မရေသာအောင် မြေချာမဆုံး မိုးအဖုံးနှင့် ပတ်ကုံးမျက်နှာ စက္ကဝါလျှင် မဟာဝိသယ ရှိသမျှဉ် အနန္တဘုံ သတ္တဝါကုန်အောင် အာရုံတော်ပြု နေ့တိုင်းရှုသည်မှာ အနုသယကိုတစ်နည်း အာသယည်းကိုတဖြာ ပညာကို တထွေ

ဣန္ဒြေကိုတလိုက် စရိုက်ကိုတခြား အလားကိုတဝ သွာ ကာရ ဒွါကာရ ဝေါဒါန သံကိလေ မဂ်အခြေ ဖိုလ် အခွင့် သင့်မသင့် ပရိစ္ဆိန် ရွှေဉာဏ်တော်လှစ်ထွင်း၍ ရွှေ စဉ်းနှင့်ချိန်သည့်နှယ် ဣန္ဒြိယ ပရောပရိယတ္တိဉာဏ် အစ ဖန်သား ဆယ်တန်သော အသာခာရဏ ဉာဏကျေးဇူး ဂုဏ်အထူးတို့နှင့် ချီးကျူးလောက်လုံ ပြည့်စုံတော်မူပါ ထသော။ ဝါ။ ပြည့်စုံတော် မူသောကြောင့် လည်း ကောင်း။ (ဤစာပိုဒ်ဖြင့် ဥာဏအစိန္တေယျဂုဏ်တော်ကို အမိက ချီးကျူးဖွဲ့ဆိုသည်)

အတုလံ=သရီရဂုဏ် ဓမ္မဂုဏ်တို့ နှိုင်းတုံယှဉ်ဘိ တုမရှိ သား အတုလိယကျေးဇူး ဂုဏ်အထူးတို့ဖြင့် ချီးကျူးအပ် ပါထသော မြတ်စွာဘုရားကို။ ဝန္ဒေ ဝန္ဒာမိ=ကိုယ်နှုတ် နှလုံး သုံးပါးပျောင်းပျော့ မာန်ကိုလျှော့၍ ကန်တော့ မြတ်နိုး လက်အုပ်မိုးလျက် ရှိခိုးဦးညွှတ်ပါ၏ မြတ်စွာ ဘုရား....မြတ်စွာဘုရား။

၁၄။ ယော ဗုဒ္ဓေါ သုမတိ ဒိဝေ ဒိဝါကရောဝ၊
သောဘန္တော ရတိဇနနေ သိလာသနမှိ။
အာသိနော သိဝသုခဒံ အဒေသိ ဓမ္မံ၊
ဒေဝါနံ တမသဒိသံ နမာမိ နိစ္စံ။

(၁၃-လုံးဖွဲ့၊ မဟာသိဏ်ဂါထာ)

သုမတိ=ပြည့်စုံကောင်းမြတ် ချီးမွမ်းအပ်သော ပညာ ရှိတော်မူထသော။ ယော ဗုဒ္ဓေါ=သဗ္ဗညုဗုဒ္ဓ အမည် ရသည့် လောကထွတ်ထား အကြင်မြတ်စွာဘုရားသည်။

ဒိဝေ=တာဝတိံသာ နတ်တို့ရွာ၌။ ဒိဝါကရော=ယုဂန်
တောင်ညွန့် ခေါင်အဓွန့်ဝယ် မြူးကွန့်ပျံ့သွား နေရထား
ကဲ့သို့။ သောဘန္တော=စက္ကဝါပေါင်း တိုက်တစ်သောင်းမှ
ညွတ်ပျောင်း ဆည်းကပ် ဗြဟ္မာ နတ် တို့ ကို။ ဗာတ္တိံသ
လက္ခဏာ သီတာနှုဗျည်း ရှုမငြီးတို့ဖြင့် အုပ်စီးလွှမ်းကယ်
အတင့်တယ်ကြီး တင့်တယ်တော်မူသည်ဖြစ်၍။ရတိဇနေန
=နှစ်သက်အားရမ်း ,ရွှင်လန်းခြင်းကိုဖြစ်စေတတ်သော။
သိလာသနမှိ=ကသစ်ပင်ရင်း မြေတလင်းဝယ် နတ်မင်း
တို့ကံ ပြုစီမံ၍ ရောင်လျှံခြည်ဥ လဲဝါနှုသို့ ပဏ္ဍုကမ္ဗလာ
မြကျောက်ဖျာ၌။ ဝါ။ သိလာသနမှိ=စောက် တစ်ဆယ့်
ငါး အလျားခြောက်ဆယ် နံငါးဆယ် ဟု ပြန့်ကျယ်
ယှုဇနာ ကြီးလှစွာသား ဣန္ဒာသန ဓမ္မပလ္လင် ဆင်ယင်
သမှု ကျင်းပပြုသည့် ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာ၌။
အာသိနော=ဘုန်းတော်စံမ် စမ္မခဏ်ဝယ် ပံသုကူဆောင်
မထေရ်မှူးကဲ့သို့ ဒူးတော်၏အောက် ကမ္ဗလာကျောက်ကို
ပျောက်စေကွယ်ဖုံး သီတင်းသုံး စံနေ တော် မူလျက်။
ဒေဝါနံ=စက္ကဝါပေါင်း တိုက်တစ်သောင်းမှ ခညောင်း
ရောက်လာ နတ်ဗြဟ္မာအပေါင်းတို့အား။ သိဝသုခဒံ=
နိဗ္ဗာန်ချမ်းသာ မြိုကဲရသာကို အခါမနှေး ပေးတတ်ပေ
ထသော။ ဓမ္မံ=အဘိဓမ္မာ ဒေသနာနဲနက် တရားစက်ကို။
အဒေသိ=ကောင်းကင်မြစ်ကြီး ရွာသွန်း စီး သို့ နည်း
အထွေထွေ အကုဋေဖြင့် ဒေသနာရွှေမိုး ခွေကာကြိုးလျက်
စွေဖြိုး ရွာသွန်းတော်မူခဲ့လေပြီ။ အသဒိသံ = လောက
ဓာတ်ခရိုင် ဘုံသုံးဆိုင်၌ နှုန်းပြိုင်အပ်သူ တစ်ယောက်လူမျှ
မပြုမရှိပေထသော။ တံ ဗုဒ္ဓံ=သဗ္ဗညုဗုဒ္ဓ အမည်ရသည့်
လောကထွတ်ထား ထိုမြတ်စွာဘုရားကို။ နိစ္စံ = အမြဲ။

နမာမိ=ကိုယ်နှုတ်နှလုံး သုံးပါးညွတ်လျှိုး မာန်စွယ်ချိုး၍ ရှိခိုးဦးညွှတ်ပါ၏ အရှင်ဘုရား။

၁၅။ ယော ပါဒပင်္ကဇ မုဒုတ္တရရာဇိကေဟိ၊
လောကေဟိ တီဟိ ဝိဇလေဟိ နိရာကုလေဟိ။
သမ္ပာပုဏော နိရုပမေယျတာ မေဝ နာထော၊
တံ သဗ္ဗလောက မဟိတံ အသမံ နမာမိ။ ။

(၁၄-လုံးဖွဲ့၊ ဝသန္တတိလက ဂါထာ)

ယော နာထော=အကြင် လူသုံးပါးတို့၏ ကိုးစားရာ တစ်ဆူ ဖြစ်တော်မူသော သဗ္ဗညု မြတ်စွာဘုရားသည်။ အဝိကလေဟိ=စက္ကဝတ်အလျှာ ရာဟုလာ သား သူတို့ အားကဲ့သို့ လျော့ပါးယွင်းယို လိုလေသေး မရှိကုန်သော။ နိရာကုလေဟိ=ပါရမီတော် ရွှေဘုန်းတော်တို့ နှိုးဆော် ထောက်ပံ့ ဖူးတိုင်းအံ့အောင် သန့်လျက် သန့်လျက် အကန့် အကွက်တို့ဖြင့် ရောယှက်ရှုပ်ထွေး မှိန်မှေးခြင်း မရှိကုန် သော။ ပါဒပင်္ကဇမုဒုတ္တရ ရာဇိကေဟိ ဧဝ=ခြေတော် အစုံ ကြာပဒုံ၏ ဝွမ်းပုံလဲစု ပုလဲဥသို့ ချောနုပြေသန့် ကြွေ ခမန့်လျှင် နူးညံ့ထင်ပေါ် အပြင်တော်၌ မြင်သော်မဝ ထိန်လျှံပသား တစ်ရာ့ရှစ်ဖော် စက်လက္ခဏာ အရေးတို့ ဖြင့်ပင်လျှင်။ တီဟိ လောကေဟိ=ဗြဟ္မာ နတ်လူ သုံးဘုံ သူတို့နှင့်။ နိရုပမေယျတံ=ရွှေမျက်နှာတော် လုံးရပ်တော် နှင့် ဂုဏ်တော်ကိုကား အပထားတော့၊ ဖဝါးစကြာ စုံနှစ်ဖြာ၌ပင် ဂုဏ်အင်တဝိုင်း တူသည်ဟု နှိုင်းရုံမျှ နှိုင်း ပြိုင်အပ် သူမပြုမရှိသည်၏ အဖြစ်သို့။ သမ္ပာပုဏော=ပါရမီ တော် နှိုးပင့်ဆော်၍ ရောက်တော်မူကြီး ရောက်တော်

မူလေပြီ။ သဗ္ဗလောကမဟိတံ =လူရော နတ်ပါ ဖြဟ္မာ
အဆုံး သတ္တဝါအားလုံးတို့ ညွတ်ရုံးကော်ရော် ပူဇော်
ဦးခိုက် အပ်ပေထသော။ အသမံ = လောကဓာတ်ခရိုင်
ဘုံသုံးဆိုင်ဝယ် နှုန်းပြိုင်အပ်သူ တစ်ယောက်လူမျှ မပြူ
မရှိပေထသော။ တံ နာထံ=ထိုလူသုံးပါးတို့၏ ကိုးစား
ရာတစ်ဆူ ဖြစ်တော်မူသော သဗ္ဗညုမြတ်စွာဘုရားကို။
နမာမိ = ကျေးဇူးတော်ဂုဏ် အဖုံဖုံကို အာရုံမြတ်နိုး
တုံ့ဝပ်လျှိုး၍ ရှိခိုးကန်တော့ပါ၏ အရှင်ဘုရား။

၁၆။ ဗုဒ္ဓံ နရာနရသမောသရဏံ မိတတ္တံ၊
ပညာပဒီပဇုတိယာ ဝိဟတန္ဓကာရံ။
အတ္တာဘိကာမ နရဒေဝဟိတာဝဟန္တံ၊
ဝန္ဒာမိ ကာရုဏိကမဂ္ဂ မနန္တညာဏံ။ ။

(၁၄=လုံးဖွဲ့၊ ဝသန္တထိလကဂါထာ)

နရာနရသမောသရဏံ=လူရောနတ်ပါ ဗြဟ္မာအဆုံး
သတ္တဝါအားလုံးတို့ စုရုံးပေါင်းစည်း တစ်ခုတည်းလျှင်
ခိုမှီးဆည်းကပ်ရာလည်း ဖြစ်တော်မူပေထသော။မိတတ္တံ=
မကောင်းလေးရပ် ကောင်းလေးရပ်ဟု ပေါင်းစပ်ရော
ပွံသောသောညံ့မျှ လောကဓံလေ မုန်တိုင်းဝှေ့လည်း
မရွေ့မယိုင် ကျောက်စာတိုင်သို့ ကြံ့ခိုင်သော စိတ်နှလုံး
လည်း ရှိပေထသော။ ပညာပဒီပဇုတိယာ=အရဟတ္တ မဂ္ဂ
ဝိဇ္ဇာ ပညာတန်ဆောင် ဆီမီးရောင်ဖြင့်။

ဝါ။ ပညာပဒီပဇုတိယာ =ပတ္တမြားနီရောင်
ထိန်ထိန်လောင်မျှ ပြောင်တလက်လက် ပြိုးပြိုး
ပြက်သား ရွှေခွက်နှုန်းလျော် ဟဒယနှလုံးတော်၌

သုံးဘော်ဝိရတီ ဆီကြည်အိရွှန်း လောင်းထည့် သွန်း၍ လေးခန်းသောသမ္မပ္ပဓာန် လေးတန်သော ဈာနသမာဓိ သတိပဋ္ဌာန်လေးဖြာ ဆီမီးစာ ကြောင့် ရောင်ဝါထိန်လျှပ် လေးသစ္စာနှံ့စပ်သည့် အရဟတ္တမဂ္ဂဝိဇ္ဇာ ပညာတန်ဆောင် ဆီမီးရောင် ဖြင့်။ (ဤအနက်ကား=အတ္တနောမတိ ဖြစ်၍ နှစ်သက်မှယူ)

ဝိဟာတန္ဓကာရံ = အနမတဂ္ဂသံသရာဝယ် ဓမ္မရုပ်နာမ် တရားမှန်ကို တရံမှိန်မှေး ဖြစ်ခွင့်မပေးဘဲ အရေးမှောင့် ရောင့် ပိတ်ကွယ်မှောင့်သည့် တစ်ထောင့်ငါးရာ ကိလေ သာညစ်မဲ မှောင်ထုခဲကို ဖြိုခွဲဖောက်ထွင်း ဝါသနာနှင့် တကွ ရှင်းတော်မူပြီးထသော။ အတ္ထာဘိကာမနရဒေဝ ဟိတာဝဟန္တံ =လူ့ရပ်နတ်ထံ ပြည်နိဗ္ဗာန်ဟု သုံးတန် အကျိုးရလိမ့်နိုးနှင့် ခိုကိုးလာသူ နတ်နှင့်လူတို့ ရွယ်ချူ မှန်းထား အစီးအပွားကို ကြီးထွားလေအောင် ရွက် ဆောင်တော်မူထသော။ ကာရုဏိကံ=ယဒယခေါ် နှလုံး တော်ကို ထုတ်ဖော်ပြမူ အကြင်သူကား လေးဆူသောမဂ် လေးချက်သောဖိုလ် ရမည်ဆိုက ကိုယ်တော့်အသက် မငဲ့ ကွက်ဘဲ ရက်ရက်နူတ်တွင် ပြဖော်ချင်သား သို့စင်ကာ လောက်ကြီးမြောက်သောကရုဏာလည်း ရှိတော်မူပေ ထသော။ ဝါ။ ရှိတော်မူသောကြောင့်။ အဂ္ဂံ=ဗြဟ္မာ နတ်လူ သုံးဘုံသူတွင် မည်သူမျှ မယှဉ်အပ်သည့် အမြတ် ခေါင်မူး ပုဂ္ဂိုလ်ထူးလည်း ဖြစ်တော်မူပေထသော။အနန္တ ဉာဏံ=ဤရွေ့ဤမျှ ဂဏန်းချ၍ မှန်းဆသီကုံး ရေတွက် ကျုံးလည်း အဆုံးတိုင်ဖွေ မရှိရာသား မဟာပညီခြွေ

အစိန္တေယျ ဉာဏကျေးဇူး ဂုဏ်အထူးနှင့် ချီးကျူးလောက်လုံ ပြည့်စုံတော်မူပေထသော။ ဗုဒ္ဓံ=သဗ္ဗညုဗုဒ္ဓ အမည်ရသည့် လောကထွတ်ထား မြတ်ဘုရားကို။ အဟံ=ရုပ်နာမ်နှစ်ရပ် ပရမတ်ကို အတ္တမှတ်ခဲ့ခေါ် တပည့်တော်သည်။ ဝန္ဒာမိ=ကျေးဇူးတော်ဂုဏ် အဖိုးဖိုးကို အာရုံမြတ်နိုး တို့ဝပ်လျှိုး၍ ရှိခိုးကန်တော့ပါ၏ အရှင်ဘုရား။

၁၇။ အခိလဂုဏနိဓာနေ့ ယော မုနိန္ဒော ပဂန္တွာ၊
ဝန+မိသိပတနဝှံ သညတာနံ နိကေတံ။
ဓာဟိ+မကုသလ ဆေဒံ ဓမ္မစက္ကံ ပဝတ္တော၊
တမတုလ+မဘိကန္တံ ဝန္ဒေနေယျံ နမာမိ။

(၁၅-လုံးဖွဲ့၊ မာလိနီဂါထာ)

အခိလ ဂုဏ နိဓာနော = (လောကီလောကုတ္တရာ အလုံးစုံသော ဂုဏ်ရတနာတို့၏၊) သရီရဓမ္မ နှစ်ဌာန ဝယ် ရှိသမျှဥဿုံ ကောင်းသိရ်ဂုဏ်တို့ ကုံလုံဘက်ပြွန်း ဘဝက်ချွန်းမျှ စုရုံးတည်နေရာလည်း ဖြစ်တော်မူပါထ သော။ ယော မုနိန္ဒော=အာဂါရိက စသည်အပြား မုနိ များ၏ ထွတ်ဖျားပရမေ သုံလူ့ဆွေ ဖြစ်တော်မူသော အကြင်မြတ်စွာဘုရားသည်။ သညတာနံ=ကိုယ်နှုတ်နှလုံး သုံးပါးလုံးကို စောင့်သုံးနှိပ်ကွပ် သမာပတ်ဟု အမြတ် ချမ်းသာ မြိုက်ရသာဖြင့် အခါခွင့်ကျွန်း ကုန်ခန်းစေ သည့် ရဟန္တာသခင် ပဉ္စဝဂ္ဂီအရှင်တို့၏။ နိကေတံ= အင်္ဂါငါးရပ် ပြည့်စုံလတ်၍ ကိန်းဝပ်ပျော်အောင်း စံနေ ညောင်းသည့် ကျောင်းတော်သဖွယ်လည်း ဖြစ်တော်

မူပေထသော။ ဣလသိပတနဝံ့=ဘုရားပစ္စေကဗုဒ္ဓါ အရိ ယာတို့ မိုးကောင်းကင်မှ မြေပြင်သို့ သက်ဆင်းရာ ပထ ဗျာတလင် မြေအပြင်မှ ကောင်းကင်သို့ပျံ တက်ရာ မင်္ဂလာ ထုတိ သမုတိဖြင့် ဣလသိပတန နာမကျူးသီ ထူးသော အမည်လည်း ရှိမေထသော။ ဝနံ=မိဂဒါဝုန် ရဂုံသာမော ဘေးမဲ့တောသို့။ ဥပဂန္တွာ=တရားကျင့်ဖက် ပဉ္စဝဂ်တို့ကို ဖိုလ်မဂ်ရသာ ပေးအံ့ငှာဟု ဒယာပြဋ္ဌာန်း ကြွမြန်း ကပ် ရောက်တော်မူပြီး၍။ တဟိံ=ထို မိဂဒါဝုန် ရဂုံသာမော ဘေးမဲ့တော၌။ အကုသလဆောဒံ=အဝိဇ္ဇာမြစ်မှ ပွားစီး ရသော ပါပညစ်ကျူ မကောင်းမှုကို တစ်ခုမကျန် တွန်း လှန်ဖြုတ်ချိုးနိုင်ထသော။ ဓမ္မစက္ကံ=ဓမ္မစကြာ ဒေသနာ မြွက်ထူး ဘုရားဦးကို။ ပဝတ္တေ္တာ=လည်စေဖြစ်စေ ဟော မြွက်တော်မူခဲ့လေပြီ။ ဝါ။ ပဝတ္တေ္တာ=ဒွေမေ ဘိက္ခဝေ အန္တာ ပဗ္ဗဇိတေန န သေဝိတဗ္ဗာ အစဖြာ၍ စက္ကဝါ ပေါင်း တိုက်တစ်သောင်းကို ရိုက်ညှောင်းဆူဝေ ဟော မြွက်တော်မူလေပြီ။ အတုလံ = သရီရဂုဏ် ဓမ္မဂုဏ်တို့ နှိုင်းပုံယှဉ်ဘိ တုမရှိသား အတုလိယကျေးဇူး ဂုဏ်အထူး နှင့် ချီးကျူးလောက်လုံ ပြည့်စုံတော်မူပေထသော။ အဘိကန္တံ=ဗာတ္တိံသလက္ခဏာ သီတာနုဗျည်း တင့်တင့် ညီးလျှက် မြင့်လည်းမြင့်ကယ် ဆန်းတကြယ်လျှင် သပ္ပာယ် ရှင်ပျို နှစ်မြို့ဖွယ်လည်း ရှိတော်မူပေထသော။ ဝန္ဒ- နေယျံ=လူမင်းနတ်မင်း ဗြဟ္မာမင်းတို့ ဝပ်စင်းဦးတိုက် ရှိခိုးတိုက်သည်ကို ခံထိုက်သည့်ကျေးဇူး အရဟံ အစ ရှိသော ဂုဏ်ထူးနှင့် ချီးကျူးလောက်လုံ ပြည့်စုံတော်မူပေ ထသော။ တံ မုနိန္ဒံ=အာဂါရိက စသည်အပြား မုနိ ငါးပါးကို အစိုးရတော်မူသော မြတ်စွာဘုရားရှင်ကို။

နမာမိ=သဒ္ဓါရိုကျိုး လက်အုပ်မိုး၍ ရှိခိုးမာန်လျှော့ ကန်တော့ဦးညွတ်ပါ၏ မြတ်စွာဘုရား....မြတ်စွာဘုရား။ ။

၁၉။ မဂ္ဂေါဠုမ္ပေန မုဟာပင်္ဂဃာတာဒိ ကုလ္လောလဝီစိံ၊
သံသာရောဃံ တရိတ+မဘယံ ပါရပတ္တံ ပဇာနံ။
တာဏံ လေဏံ အသမ သရဏံ ဧကတိတ္ထံ ပတိဋ္ဌံ၊
ပုညခေတ္တံ ပရမ သုခဒံ ဓမ္မရာဇံ နမာမိ။

(၁၇-လုံးဖွဲ့၊ မန္ဒက္ကန္တ ဂါထာ)

ယော ဓမ္မရာဇာ=ဗုဒ္ဓ ဓမ္မ အနန္တဖြင့် နရမရူ ဟိန္ဒဂူတို့ကို ကြည်ဖြူနှစ်မြို့ ရွှင်ပျို့အိန္ဒြန်း မေတ္တာထွန်း၍ တပ်စွန်းစေငြား အကြွင်တရားမင်းဘုရားသည်။ မုဓပင်္ဂဃာတာဒိကုလ္လောလဝီစိံ=အဝိဇ္ဇာမောဟ မျက်ဒေါသနှင့် လောဘဦးတည် အစချိ၍ ပွေလီရှုပ်ရှက် ကိလေစက်ဟု အောက်ထက်ပြန်လှန် ယောက်ယက်ဆန်မျှ ဖောက်ပြန်တုန်လှုပ် ဝဲဇလုပ်တို့ ပတ်ချုပ်လွှမ်းမိုး ကြောက်မက်ဖွယ်သော လှိုင်းတံပိုးလည်း ရှိပေထသော။ သသာရောဃံ=ခန္ဓာငါးထွေ ဒုက္ခရေတို့ တွေတွေဝှန်သည်း သွန်သွန်စီး၍ မီးမီးလျှံဖြာ သံဿရာဟု အဏ္ဏဝါနက်ဝှမ်း ရေပြင်ကြမ်းကို။ မဂ္ဂေါဠုမ္ပေန=သန္တိ သုခ ချမ်းကြည်မြသည့် အမတသာစည် နိဗ္ဗာန်ပြည်သို့ မဖည်မထောင့် ရန်မနှောင့်ဘဲ အဖြောင့်လျင်လျား ရောက်အောင်သွားသည့် ရှစ်ပါးမဂ္ဂင် ဖောင်တော်ယာဉ်ဖြင့်။ အတရိ=သမ္မပ္ပဓာန် လေးချက် ဝီရိယတက်ကို ဉာဏ်လက်တော်ပိုင် မြဲစွာကိုင်၍ ရှစ်ဆိုင် လောကဓံ မုန်တိုင်းရန်တို့ ကြောက်ရွံ့ဘနန်း တိုးဝှေ့ကြမ်းလည်းတက်စွမ်းကိုဖွင့် ဘုန်းရည်တင့်၍ နတ်နှင့်လူတို့

ကြည့်စဥ်မြို့ဝယ် ကုတို့ဖောင်မှူး နိဗ္ဗာန်တိုင် အရောက် ကူးလေပြီ။ အဘယံ=လောကဓံမုန်တိုင်း ကိလေလှိုင်းတို့ ရစ်သိုင်းအုံရှက် ပုတ်ခတ်လျက်လည်း လက်လှုပ်ခြေလှုပ် ခေါင်းကိုကုတ်သည့် ကြောက်ရပ် ကြောက်ညင် ဘိတ် မထင်သား အာဇာညမှူး ပုဂ္ဂိုလ်ထူးလည်း ဖြစ်ပေထ သော။ ဝါ။ ကြောင့်။ ပါရပတ္တံ=နိဗ္ဗုတာနန်း မှာဘက် ကမ်းသို့ ဖြောင့်တန်းတောက်လျှောက် ရန်မနှောင့်ဘဲ ရောက်တော်မူကြီး ရောက်တော်မူပြီးထသော။ ပဇာနံ= ဗြဟ္မာ,နတ်,လူ သတ္တဝါဟူသမျှတို့၏။ တာဏံ=ခု ဝတ္တ မာန် ပစ္စုပ္ပန် နှင့် သံသရာတလျှောက် ဘေးမရောက် အောင် စောင့်ရှောက်ဟန့်ဖယ် မြစ်တားပယ်သည့် ကိုး ကွယ်ရာလည်း ဖြစ်တော်မူပေထသော။ လေဏံ=ဘေး ရောက်လာသူ နတ်နှင့် လူတို့ ညီမူဆုံပေါင်း ကွယ်ကာ ကြောင်းဖြင့် ပုန်းအောင်းရာ လည်း ဖြစ်တော်မူပေထ သော။ အသမသရဏံ=ကိုးကွယ်ဆည်းကပ် လူနှင့်နတ်တို့ အဇ္ဈတ္တမှန် တွင်းသန္တာန်ဝယ် တရံမငြိမ်း အမြဲကိန်းသည့် ခပ်သိမ်းကိလေ မရှိစေအောင် တိချေသမှု ရှင်းအောင် ပြုသား အတုမဲ့တောင်း လည်းလျောင်းရာလည်း ဖြစ် တော်မူပေထသော။ ကေတိတ္ထံ=နိဗ္ဗုအောင်မျှို့ သောင် ခေမြို့၏ ကုတို့ရိပ်ဝှမ်း အတုမရှိသော ဆိပ်ကမ်းသဖွယ် လည်း ဖြစ်တော်မူပေထသော။ ပတိဋ္ဌံ=အစမမြင် ကမ်း မမြင်သည့် သံသရာတကြော တမျောတည်း မျောခဲ့သည့် လူရောနတ်ပါ ဗြဟ္မာအဆုံး သတ္တဝါအလုံးတို့ စုရုံးပေါင်း စည်း ခိုကပ်မှီးသည့် ကျွန်းကြီးသဖွယ်လည်း ဖြစ်တော် မူပေထသော။ ပုညခေတ္တံ=ကောင်းမှုမျိုးကို စိုက်ပျိုးကြဲ ရာ လယ်ယာမြေစစ် ပုညခေတ်လည်း ဖြစ်တော်မူပေ

ထသော။ ပရမသုခဒံ=နိဗ္ဗာန်ချမ်းသာ မြိုက်ရသာကို အခါမနှေး ပေးတော်မူပေထသော။ ဝါ။ ပရမသုခဒံ= ရေပွက်ပမာ ခဏတာမျှ အခါမြင့်ထွေ တည်မနေသား ဝေဒယိတ ယင်းသုခထက် ဆဆငြိမ်းကြွယ် ကိန်းသွယ် သွယ်ဖြင့် နှိုင်းဖွယ်မရှိ မွန်မြတ်ဘိသည့် သန္တိချမ်းသာ မြိုက်ရသာကို အခါမနှေး ပေးတော်မူပေထသော။ တံ ဓမ္မရာဇံ = ဓမ္မရာဇ်ထွတ်ထား ထိုတရားမင်း ဘုရားကို။ နမာမိ=သဒ္ဓါရိုကျိုး လက်အုပ်မိုး၍ ရှိခိုးမာန်လျှော့ကန် တော့ဦးညွတ်ပါ၏ မြတ်စွာဘုရား....မြတ်စွာဘုရား။

၂၀။ ကဏ္ဍမ္ဗမူလေ ပရဟိတကရော
ယော မုနိန္ဒော နိသိန္နော၊
အစ္ဆေရံ သိဃံ နယနသုဘဂံ အာကုလန္တဂ္ဂိဇာလံ။
ဒုဇ္ဇာလဒ္ဓံသံ မုနိဘိ ဇဟိတံ ပါဋိဟေရံ အကာသိ၊
ဝန္ဒေ တံ သေဋ္ဌံ ပရမရတိဇံ ဣဒ္ဓိဓမ္မေဟုပေတံ။
(၁၈-လုံးဖွဲ့၊ ကုသုမိတ လတာဝေလ္လိတ ဂါထာ)

ပရဟိတကရော = ဝေနေယျများ သူတစ်ပါးတို့ စီးပွားချမ်းသာ ဖြစ်စိမ့်ငှာလျှင် ဝါလေးဆယ့်ငါး ကာလ လျှားအောင် ဘုရားတို့ငြိမ်း ကိစ္စတော်ငါးခန်းကို ကြိုး ပမ်းမယုတ် ပြုလုပ်ပြီး ပြေစေတော် မူတတ်ထသော။ ယော မုနိန္ဒော=အာဂါရိက စသည်အပြား မုနိငါးတို့၏ ဦးဖျားပဓာနမေ သုံးလူ့ဆွေ ဖြစ်တော်မူသော အကြင် မြတ်စွာဘုရားသည်။ ကဏ္ဍမ္ဗမူလေ = ကဏ္ဍဟူသည့် လူ အမည်ဖြင့် ဂုဏ်ရည်လျှံညီး သရက်ပင်၏ အနီး၌။ နိသိန္နော=တိတ္ထိတဝေ့း ရန်အလှေးကို ယဉ်ကျေးစိမ့်မည်

ဆုံးမမည်ဟု မျှညီယာပိုထ် နှစ်ခြိုက်ရွှင်ပြုံး သီတင်းသုံးနေတော်မူလျက်။ အစ္ဆေရံ=မကြုံစဖူး မမြင်ဖူးကို အထူးတွေ့ကြုံ သို့ဖြစ်ပုံကြောင့် လူ့ဘုံနတ်ရွာ ကောင်းတင်းငြာလျက် ဗြဟ္မာမဟာဂုတ် ဘဝဂ်လှုပ်အောင် လက်ခုပ်ညာဟီး လက်ဖြစ် တီး၍ အံ့ချီးခြင်းငှာ ထိုက်တန်စွာထသော။ သီဃံ = ရေအလျှဉ်ကို ဖန်ဆင်းသည်ကား တစ်ကာလ၊ မီးအလျှံကို ဖန်ဆင်းသည်ကား တစ်ကာလ၊ ဤသို့လျှင် ကာလခြားကွာ ဖြစ်တုံပါလည်း ဗြဟ္မာ,နတ်လူ ဖူးမြင်သူတို့ စွဲယူမှတ်သား တစ်ချိန်တည်းတပြိုင်တည်း ဖြစ်သည်ဟု ထင်မှားရအောင် လျင်လျားစွာ ထသော။ နယနသုဘဂံ=နတ်လူရှိရှိ ဖူးကြသူ မျက်စိဝယ် ပီတိဟုန်ဆင့် လွှမ်းအောင် တင့်ဆန်းဖြိုးကြွယ် သပ္ပာယ်စွာထသော။ ဒုဇ္ဇာလဒ္ဓံ = နိယျာနိက သာသနာမှလျှင် ပြင်ပဗာဟိ ဝိတဏ္ဍီတို့ ထို ဤမျှေးယှက် မိစ္ဆာ အယူတည်းဟူသော ကွန်ရက်ကို ချိုးဖျက်နိုင်စွာထသော။ မုနိဘိ=ကဿပမြတ်စွာ အစဖြာသား မဟာပရမေ ပွင့်တော်မူကြလေပြီးသော သုံးလူ့ဆွေတို့သည်။ အဇဟိတံ=ဤနေရာ ဤဌာနဝယ် ပြမြဲပြုမြဲ မှန်မလွဲသဖြင့် မစွန့်ဖဲအပ်သော တရားတစ်မျိုးလည်း ဖြစ်ပေထသော။ အာကုလာနုဂ္ဂဇာလံ ပါဠိုဟောရံ=

၁။ အထက်ဖြစ်သော ကိုယ်တော်အစိတ်မှ ရေအလျှဉ်၊ အောက်ဖြစ်သော ကိုယ်တော်အစိတ်မှ မီးအလျှံ။

(တင်ဖန်) အောက်ဖြစ်သော ကိုယ်တော်အစိတ်မှ ရေအလျှဉ်၊ အထက်ဖြစ်သော ကိုယ်တော်အစိတ်မှ မီးအလျှံ။

၂။ ရှေ့ဖြစ်သော ကိုယ်တော်အစိတ်မှ ရေအလျှဉ်၊ နောက်ဖြစ်သော ကိုယ်တော်အစိတ်မှ မီးအလျှံ။

(တစ်ဖန်) နောက်ဖြစ်သော ကိုယ်တော်အစိတ်မှ ရေအလျှဉ်၊ ရှေ့ဖြစ်သော ကိုယ်တော်အစိတ်မှ မီးအလျှံ။

၃။ လက်ယာ မျက်လုံးတော်မှ ရေအလျှဉ်၊ လက်ဝဲ မျက်လုံးတော်မှ မီးအလျှံ။

(တစ်ဖန်) လက်ဝဲမျက်လုံးတော်မှ ရေအလျှဉ်၊ လက်ယာမျက်လုံးတော်မှ မီးအလျှံ။

၄။ လက်ယာ နားပန်တော်မှ ရေအလျှဉ်၊ လက်ဝဲ နားပန်တော်မှ မီးအလျှံ။

(တစ်ဖန်) လက်ဝဲနားပန်တော်မှ ရေအလျှဉ်၊ လက်ယာ နားပန်တော်မှ မီးအလျှံ။

၅။ လက်ယာ နှာခေါင်းတော်မှ ရေအလျှဉ်၊ လက်ဝဲ နှာခေါင်းတော်မှ မီးအလျှံ။

(တစ်ဖန်) လက်ဝဲ နှာခေါင်းတော်မှ ရေအလျှဉ်၊ လက်ယာ နှာခေါင်းတော်မှ မီးအလျှံ။

၆။ လက်ယာ ပခုံးတော်မှ ရေအလျှဉ်၊ လက်ဝဲ ပခုံးတော်မှ မီးအလျှံ။

(တစ်ဖန်) လက်ဝဲပခုံးတော်မှ ရေအလျှဉ်၊ လက်ယာ ပခုံးတော်မှ မီးအလျှံ။

၇။ လက်ယာ လက်တော်မှ ရေအလျှဉ်၊ လက်ဝဲ လက်တော်မှ မီးအလျှံ။

(တစ်ဖန်) လက်ဝဲလက်တော်မှ ရေအလျှဉ်၊လက်ယာ လက်တော်မှ မီးအလျှံ။

၈။ လက်ယာ နံပါးတော်မှ ရေအလျှဉ်၊ လက်ဝဲ နံပါးတော်မှ မီးအလျှံ။

(တစ်ဖန်) လက်ဝဲနံပါးတော်မှ ရေအလျှဉ်၊ လက်ယာ နံပါးတော်မှ မီးအလျှံ။

၉။ လက်ယာခြေတော်မှ ရေအလျှဉ်၊ လက်ဝဲ ခြေတော်မှ မီးအလျှံ။

(တစ်ဖန်) လက်ဝဲခြေတော်မှ ရေအလျှဉ်၊ လက်ယာ ခြေတော်မှ မီးအလျှံ။

၁၀။ လက်ချောင်းတော် ခြေချောင်းတော် ဆယ်ဆူ ဆယ်ဆူတို့မှ ရေအလျှဉ်၊ လက်ချောင်းတော် ခြေချောင်းတော် ဆယ်ဆူ ဆယ်ဆူတို့အကြားမှ မီးအလျှံ။

(တစ်ဖန်) လက်ချောင်းတော် ခြေချောင်းတော် ဆယ်ဆူ ဆယ်ဆူတို့ အကြားမှ ရေအလျှဉ်၊ လက်ချောင်းတော် ခြေချောင်းတော် ဆယ်ဆူ ဆယ်ဆူတို့မှ မီးအလျှံ။

၁၁။ တစ်ဆူ တစ်ဆူသော မွေးညင်းတော်မှ ရေအလျှဉ်၊ တစ်ဆူ တစ်ဆူသော မွေးညင်းတော်မှ မီးအလျှံ။

၁၂။ တစ်ဆူ တစ်ဆူသော မွေးညင်းတော်မှ ရေအလျှဉ်၊ တစ်ဆူတစ်ဆူသော မွေးညင်းတော်မှ မီးအလျှံ။

အပြန်ပြန်ပြောင်းလဲ ဖူးလိုက်တိုင်း အဆင်ကွဲလျက် အံ့အဲ၍ မဝ ချီးပ၍ မကုန် ရောင်ခြည်တော် ခြောက်ပုံနှင့် တကွ အစုံအစုံသော ရေ, မီး တန်ခိုးပြာဋိဟာကို။ အဂါသီ=ဘိတ္တိဘာဝန်း တက္ကတွန်းတို့ ဦးစွန်းဗွေလျှောက် ခြေတော်နှင့် ပေါက်သကဲ့သို့ နောက်တစ်ဖန် မာန်မတင်း

ဝံ့အောင် ဖန်ဆင်းပြသတော်မူခဲ့လေပြီ။ သေဋ္ဌ=ချီးမွမ်းအပ်သူ နတ်လူပြဟ္မာ သတ္တဝါဟူသမျှတို့ထက် ဆထက်လွန်ကျူး အထူးသဖြင့်ချီးမွမ်းအပ် မြတ်တော်မူထသော။ ပရမရတိဇံ = နှလုံးအာရုံ စွဲမြဲထုံက ဘုံနန်းသိဝ နိဗ္ဗူကျအောင် ဖလကျေးဇူး လွန်ပုံ့ပျူးသဖြင့် အထူး နှစ်သက်စေသည့် အမြတ်ဥစ္စာ ရတနာတစ်ဆူ ဖြစ်တော်မူပေထသော။ ကွဒ္ဒိမမွေဟိ = ကွဒ္ဒိအစိန္တေယျ မမွကျေးဇူးဂုဏ်အထူးတို့နှင့်။ ဥပေတံ=လောက်ငကုံလုံ ပြည့်စုံတော်မူထသော။ တံ မုနိန္ဒံ=အာဂါရိက စသည်အပြား မုနိငါးတို့၏ ဦးဖျားပရမေ သုံးလူ့ဆွေ ဖြစ်တော်မူပေါသောထိုမြတ်စွာဘုရားကို။ ဝန္ဒေ ဝန္ဒာမိ၊ ယမကပါဠိဟာရိယာရွှေဘွဲ့သာသည့် အဃာမာရဂုဏ် မဟာဂုဏ်ကို အာရုံရည်စူး သဒ္ဓါထူးဖြင့် ရှိဦးညွတ်ခိုက်ပါ၏ မြတ်စွာဘုရား-မြတ်စွာဘုရား။

၂၁။ မုနိန္ဒက္ကော ယွေဓကော ဒယုဒယရုဏော
ဉာဏဝိတ္ထိဏ္ဏာဗိမ္ဗော၊
ဝိနေယျပ္ပါဏော၊သံ ကမလကထိတံ
ဓမ္မရံသိဝရေဟိ။
သုဗောဓေသိ သုဒ္ဓေ တိဘဝကုဟရေ
ဗျာပိတက္ကိတ္တိနဒ္ဓေ၊
တိလောကေကစက္ခုံ ဒုခမ သဟာနံ
တံ မဟေသိံ နမာမိ။
(၁၉-လုံးဖွဲ့ မေဃဝိပ္ဖုဇ္ဇိတဂါထာ)

ကော=လောကဓာတ်တိုက်ဘောင် ဘုံသုံးဆောင်၌ တုဖက်မပြူ တစ်ဆူတည်းသာ ဖြစ်တော်မူပေထသော။

ဒယုဒယရဏော=သုမေဓာဘဝ ထိုအခါကပင် အစပြု ကာ တက်ထွန်းလာသည့် မဟာကရုဏာ ဒယာတော်ဟုန် နေအရဏ်လည်း ရှိတော်မူပေထသော။ ဉာဏဝိတ္ထိဏ္ဏ ဗိမ္ဗော=သစ္စာဉေယျ ဟူသမျှကို မြူမျှမကျန် အမှန် ထိုးထွင်း အလင်းသိမြင် ကျယ်ပြန့်လွင်သည့် သဗ္ဗညုတ ဉာဏ်တော်အဝန်းလည်း ရှိတော်မူပေထသော။ ယော မုနိန္ဒကေ္ကာ=အကြင် မုနိငါးမျိုး ခေါင်ကမိုး၍ တန်ခိုးရှိန် အား လွှန်ကြီးမားသည့် ဘုရားမြတ်စွာ နေစကြာသည်။ သုဒ္ဓေ = မြူနည်းကင်းပြယ် သန့်ရှင်း စင်ကြယ်သော။ တိဘဝကုဟရေ=ကာမ ရူပ အရူပဟု ဘဝသုံးဘုံ ကြာ သုံးရုံအတွင်း၌။ ကမလကထိတံ=နေမင်းဘုရား ပွင့်လတ် ငြားက လေးပါးသစ္စာ အညာတိုင်းဆင့် လှာတိုင်းရင့်၍ ပွင့်အံ့ရှေးရှု ပဒုံမာကြာပန်းနှင့် တူသော။ ဝိနေယျ ပါဏောဃံ=ကျွတ်ထိုက်သူ ဗိုလ်လူများစွာ သတ္တဝါ အပေါင်းကို။ မမ္မရံသိဝရေဟိ = ဓမ္မက္ခန္ဓာ ဒေသနာ ပေါင်း ရှစ်သောင်း လေးထောင် တရားရောင်တို့ဖြင့်။ သုဗောဓေသိ=မင်္ဂလေးဆင့် ဖိုလ်လေးဆိုင် အပြိုင်ရွှန်း တင့် သွန်းသွန်းမြင့်အောင် ပွင့်စေတော်မူလေပြီ။ ဗျာပိ တက္ကိတ္တိနဥ္ဆ=အကနိဋ္ဌ ဗြဟ္မာ့ပြည်တိုင် ပြန့်လှိုင်ထင်ရှား ကျော်ကြားစွာထသော။ တိလောကေကစက္ခုံ=လောက ဓာတ်တိုင်အောင် ဘုံသုံးဆောင်ဝယ် အမှောင်ရှင်းဖြတ် အသင်းဓာတ်ကို နှင်းအပ်ပေးဝေ သို့ဖြစ်ထွေကြောင့် တိခေသာကစက္ခု=အတုမရှိသော မျက်စိသဖွယ်လည်း ဖြစ် တော်မူပေထသော။ ဒုခမသဟနံ = သူနှယ်ငါဟန် လူ သာမန်တို့ ခံစံဖို့ထား ကြံရုံအားမျှ လားလားမရာ ခဲယဉ်း စွာသည့် ပါရမီစာဂ စရိယကို ဖြည့်ရမျှားထွေ ဒုက္ခစက်

အသင်္ချေကိုလည်း မရေမတွက် စိတ်မကွက်ဘဲ သက်သက်ချမ်းသာ ကဲ့ပမာသို့ လွန်စွာကြံ့ခိုင် သည်းခံတော်မူနိုင်ပေထသော။ မဟေသိ=သီလက္ခန္ဓ စသည်ကျေးဇူး ဂုဏ်အထူးကိုလည်း ဆည်းပူးရှာမှီး လေ့ကျင့်တော် မူပြီးထသော။ တံ မုနိန္ဒံ=ထိုဗုန်ငါးမျိုး ခေါင်ကမိုး၍ တန်ခိုးရှိန်အား လွန်ကြီးမားသည့် ဘုရားမြတ်စွာ စကြာမင်းကုံ။ နမာမိ=ကာယဝစီ မနသီဟု သုံးလီညွတ်လျှိုး မာန်စွယ်ချိုး၍ ရှိခိုးကန်တော့ပါ၏ အရှင်ဘုရား။

၂၂။ ယော ဇိနော အနေကဇာတိယံ
သပုတ္တဒါရ+မင်္ဂဇီဝိတမ္ပိ၊
ဗောဓိပေမတော အလဂ္ဂမာနသော
အဒါသိယော၀ အတ္တိကာယ။
ဒါနပါရမိံ တတော ပရံ အပူရိ
သီလပါရမာဒိကမ္ပိ၊
တသ+မိဒ္ဓိယော+ပယာတ+မဂ္ဂတံ
တ+မေကဒိပကံ နမာမိ။
(အလုံး ၂၀-ဖွဲ့၊ ဝုတ္တဂါထာ)

ယော ဇိနော=ငါးပါးမာရ်ညွှန့် ရန်အဝှန့်ကို မနှိမ်မထိတ် ခြသေ့်စိတ်သို့ နင်း နှိပ် ကြိမ် ဖန် အောင်ပွဲခံ၍ အောင်လံလွှင့်ထူ အကြင် အောင်တော်မူ မြတ်စွာဘုရားကိုယ်တော်မြတ်သည်။ အနေကဇာတိယံ=တစ် နှစ် သုံး, လေး ဂဏန်းရေး၍ ချင့်တွေးမလွယ် များကြွယ်လှစွာ ဘဝါဘဝ လေးအသင်္ချေ ကမ္ဘာတစ်သိန်း ကာလအတွင်း၌။ ဗောဓိပေမတော=ဗောဓိဉာဏ်ကြီး ရွယ်တိုင်းပြီးသားထွတ်ထိး (ပြတန်) ဗိတာန် သဗ္ဗညုဉာဏ်ကို ရရန်စိတ်ထား

လိုလားတောင့်တ တော်မူခြင်းကြောင့်။ အတ္ထိကာယ= အလိုရှိအပ် ချဉ်းလာကပ်သည့် ယုတ်မြတ်မဟူ အလှူခံ ပုဂ္ဂိုလ် များထိုထိုအား။ သပုတ္တဒါရံ = ကိုယ်တော် ရင်သွေး အသက်ပေး၍ ချစ်သွေးဖြာစည် သည်းပွတ်နှင့် ပမာမှီရသည့် ဇာလီ တဏှာဇိန်တို့ကဲ့သို့သော သမီး သား မဒ္ဒီဒေဝီကဲ့သို့သော ဇနီး မိဖုရားနှင့် တကွသော။ အင်္ဂဇီဝိတမ္ပိ=မဟာသွေး မဟာရည် ရာဇရုပ် ဂုဏ်အင် ညီ၍ ဖြိုးစည်သပ္ပာယ် ကိုယ်အင်္ဂါကြီးငယ်နှင့် တကွ လူ ဝယ် အမြတ် ခေါ် မှတ် တွင် ညောင်း အသက် တစ်ချောင်းကိုပင်သော်လည်း။ အလဂ္ဂမာနသော=ငါ့ သား ငါ့သမီး ငါ့ဇနီးနှင့် ငါ့ထီးငါ့နန်း ငါ့ကြွင်နန်းက ငါ့သန်းရံရွှေ ငါ့ရွှေငွေနှင့် ငါ့မြေငါ့ယာ ငါ့ဥစ္စာဟု တဏှာ မြေးယှက် မပေးရက်အောင် ရမ္မက်ပိတ်ဖုံး စိတ် နှလုံးမှ ဆိတ်သုဉ်းတော်မူသည်ဖြစ်၍။ အဒါသိယေဝ= သဗ္ဗညုဉာဏ် ရဖို့ရန်ကို စိတ်သန်ရှေ့ပြေး သဒ္ဓါရှေး၍ လှူပေးတော်မူခဲ့သည် သာလျှင်တည်း။ ဒါနပါရမိံ = အပြားသုံးလီ ဒါနပါရမီတော်မြတ်ကို လည်းကောင်း။ တခတာ ပရံ=ထိုဒါနပါရမီမှ တမျိုးတစား တခြားသာ လျှင် ဖြစ်သော။ သီလပါရမာဒိကမ္ပိ=သီလပါရမီ နေက္ခမ္မ ပါရမီ ပညာပါရမီ ဝီရိယပါရမီ ခန္တီပါရမီ သစ္စာ ပါရမီ အဓိဋ္ဌာနပါရမီ မေတ္တာပါရမီ ဥပေက္ခာပါရမီ တော် အခပေါင်းကိုလည်းကောင်း။ အပူရိ=သဗ္ဗညုဉာဏ် ရဖို့ရန်ကို စိတ်သန်ရည်စူး သဒ္ဓါထူးဖြင့် ဆည်းပူး ဖြည့် ကျင့်တော် မူခဲ့လေပြီ။တာသံ=ထိုပါရမီဆယ်ပါး အကျယ် ပွားက အပြားသုံးဆယ် နှုန်းမလွယ်တို့ကို။ ဣတ္ထိယာ= တစွန်းတစ မကျန်ရအောင် လောကကိုလုံ ပြည့်စုံတော်

မူခြင်းကြောင့်။ အဂ္ဂတံ=ပြဟ္မာနတ်လူ သုံးဘုံသူတွင် မည်သူမျှ မယှဉ်အပ်သည့် အမြတ်ခေါင်မူး ပုဂ္ဂိုလ်ထူး၏ အဖြစ်သို့။ ဥပယာတံ=ဆုကြီးပွင့်စည် ခါတန်ပြီဟု ပ ါရမီတော် နှီးပင့်ဆော်၍ ရောက်တော်မူကြီး ရောက်တော်မူပြီးထသော။ ကေဒိပကံ=အစမထင် ကမ်းမမြင်ဘဲ သင်သရာတကျော တမျောတည်းမျောခဲ့သည့် လူရောနတ်ပါပြဟ္မာမကြွင်း သတ္တဝါခပင်းတို့ ကပ်ချဉ်းခိုမှီး တစ်ခုတည်းသော ကိုင်းကျွန်းကြီး သဖွယ်လည်း ဖြစ်တော်မူပေထသော။ တံ ဇိနံ = ငါးပါးမာရ်ညွန့် ရန်အဝှန့်ကို မရွံ့မထိတ် ခြသေ့်စိတ်သို့ နင်းနှိပ်ကြိမ်ဖန် အောင်ပွဲခံ၍ အောင်လံလွှင့်ထူ ထိုအောင်တော်မူ မြတ်စွာဘုရား ကိုယ်တော်မြတ်ကို။ နမာမိ=ရှိခိုးပါ၏ မြတ်စွာဘုရား....မြတ်စွာဘုရား။

၂၃။ ဒေဝါဒေဝါတိဒေဝံ နိမ္မနဝပုရဲ
        မာရဘင်္ဂံ အဘင်္ဂံ၊
    ဒီပံ ဒီပံ ပဇာနံ ဇယဝရသယနေ
        ဗောဓိပတ္တံ ဓိပတ္တံ။
    ပြဟ္မာ ပြဟ္မာဂတာနံ ဝရဂိရကထိတံ
        ပါပဟီနံ ပဟီနံ၊
    လောကာ လောကာဘိရာမံ
        သတတမဘိနမေ တံ မုနိန္ဒံ မုနိန္ဒံ။

(၂၁-လုံးဖွဲ့၊ သဒ္ဓရာ ဂါထာ)

ဒေဝါဒေဝါတိဒေဝံ=သမ္မုတိနတ် ပညတ်ခေါ်လျှင်း လူရာဇ်မင်းနှင့် နတ်မင်းပြဟ္မာ ဒေဝါဥပပတ် နတ်နတ် အပေါင်းညွတ်ညောင်းဦးခိုက်ရာ ဒေဝါတိဒေဝ ဥက္ကဋ္ဌ

သနင်း ဝိသုဒ္ဓိနတ်မင်းလည်း ဖြစ်တော်မူပေထသော။ နိမနဝပုမရုံ=စုတိဖောက်ပြန် နောက်တစ်ဖန်လျှင် သန္ဒေဇာတိ မတွယ်ငြိသဖြင့် ပစ္ဆိမ နှုန်းခေါ် အဆုံးစွန်သော ကိုယ်တော်ကို ဆောင်တော်မူပြီးထသော။ မာရဘင်္ဂ=လက်ဝဲမှ ၁၂-ယူဇနာ၊ လက်ယာမှ ၁၂-ယူဇနာ၊ အထက်မျက်နှာမှ ၉-ယူဇနာ၊ နောက်မျက်နှာမှာမူ စကြဝဠာတံတိုင်းအထိ စစ်သည်တွေ ဝိုင်းဘိ၍ ကိုယ်တော်၏ရှေ့ရှုတိုက်ခိုက်မည် အန်တုသည့် မာရ်ဗိုလ်ထု မြားမြောင်ကို မျက်မှောင်တော်မကြုတ် ရွှေနှုတ်တော်မဟူ။ လ။ ပျက်ပြားဆုတ်ယုတ်တော် မူစေနိုင်ထသော။ အဘင်္ဂ=မာရ်စစ်သည်တို့ ဝန်းကျင်ဆို့လျက် သို့အသခဲ့ မြားမြောက်ပေလည်း တလေ တစ်ယောက် အစွမ်းပေါက်၍ ချိုးဖောက်ထိပါး ပျက်ပြားစေခြင်း ငှာ မတတ်သာထသော။ ပဇာနံ = စက္ကဝါပေါင်း သောင်းလောကဓာတ် ထုတ်ချင်းခတ်အောင် နတ်လူဗြဟ္မာ သတ္တဝါဟူသမျှတို့အား။ ဒီပံ=အသိအလိမ္မာ ဉာဏ်ပညာဟု ဝိဇ္ဇာတန်ဆောင် ဆီမီးရောင်ကို။ ဒီပံ = တစ်ထောင့်ငါးရာကိလေသာတိုက် မှောင်အမိုက်ကို လောင်မြိုက်ကျွမ်းအောင် ထွန်းပြောင် ညှိပြီးတော်မူထသော။ ဇယာငရ သရနေ=ဒေဝပုတ္တ စသည်ငါးချက် မာရ်စစ်မက်ကို ချိုးဖျက်ခအောင်မြင်ရာ အပရာဇိတ ဌာနအောင်မြေ ပလ္လင်ဗေ့ဒ္ဓ။ ဗောဓိပတ္တံ=အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်ဤနှစ်တန်ကို လက်ခံကြည်ဖြူ ရတော်မူသည် ဖြစ်၍။ ဓိပတ္တံ = လူမင်းနတ်မင်းတို့ ဝပ်စင်းဦးညွတ်ရာ မဟာဓမ္မရာဇ် မင်းအဖြစ်သို့ စင်စစ် ရောက်တော်မူပြီးထသော။ ဝါ=ခသာကြောင့်။ ဗြဟ္မာဗြဟ္မာဂဏာနံ = ဆည်းကပ်

ရောက်လာ ပြဟ္မာ,လူနတ် ပရိသတ်တို့ကား။ ဝရဂိရ ကထိတံ=ရာဂ,ဒေါသ,မောဟ ငြိမ်းကြောင်း ကောင်း မြတ်သော တရားစကားကို ဟောကြားတော်မူလေ့ ရှိထ သော။ပါပဟီနံ=ညစ်ညူးယုတ်မာ ကိလေသာအပေါင်း ကို။ ပဟီနံ=ဝါသနာအငွေ့အသက်နှင့်တကွ မြူနှံ့မျှမကျန် ရအောင် ပယ်ချတော်မူပြီးထသော။ လောကာ လော- ကာဘိရာမံ=လူ့တိုင်းနတ်တိုင်း ပြဟ္မာတိုင်းလျှင် ညွှတ်ရှိုင်း ကော်ရော် ရှိပူဇော်လျက် မွေ့လျော်ရာစင်စစ် တစ်ခု တည်းလည်း ဖြစ်တော်မူပါထသော။ မုနိန္ဒံ=အာဂါရိက စသည်အပြား မုနိများ၏ ဦးဖျားပရမေ သုံးလူ့ဆွေ ဖြစ် တော်မူထသော။ တံ မုနိန္ဒံ=မဟာမုနိ တုမရှိသား ဝိဇယ သျှောင်ဖူး အောင်ပွဲမှူးဖြစ်တော်မူသော ထိုမြတ်စွာဘုရား ကို။ သတတံ=နေ့နေ့ညည ကာလမခြား အခါခါအထပ် ထပ် အချိန်မလပ်အောင်။ အဘိနမေ = အဝိပတိနည်း ပစ္စည်း ပစ္စယုပ္ပန် ကြောင်းကျိုးဖန်၍ စိတ်သန်ကြည်နူး သဒ္ဓါထူးဖြင့် ရှိခိုးဦးညွှတ်ပါ၏ အရှင်ဘုရား။

❀

# ဒိဝါ တပတိ ဂါထာပါဠိအနက်

၁။ ဒိဝါ တပတိ အာဒိစ္စော၊
ရတ္တိံ+မာဘာတိ စန္ဒိမာ၊
သန္နဒ္ဓော ခတ္တိယော တပတိ၊
ဈာယီ တပတိ ဗြာဟ္မဏော။
အထ သဗ္ဗမဟောရတ္တိံ၊
ဗုဒ္ဓေါ တပတိ တေဇသာ။
၂။ နိက္ခမိံသု တမှာ တမှာ၊
နီလာ ပီတာ စ လောဟိတာ၊
ဩဒါတာ ယဿ မဉ္ဇိဋ္ဌာ၊
ပဘဿရာ စ တံ နမေ။

အာဒိစ္စော=ရောင်ခြည်တစ်ထောင် အလင်းဆောင်၍ တောက်ပြောင်ထိန်လွင် ဘော်ငွေစင်သို့ ဖြူစင်သန့်ရှင်း အာဒိစ္စမည်သော ရှင်နေမင်းသည်။ ဝါ=ယူဇနာ ငါးဆယ် အဝန်းကျယ်၍ တင့်တယ်အရောင် ထိန်ထိန်ပြောင်လျက် တောက်လောင်ပ,ဝင်း အာဒိစ္စမည်သော ရှင်နေမင်းသည်။ ဒိဝါ=ညဉ့်မှလွတ်ကင်း အရုဏ်ချဉ်း၍ အလင်းရောင်လာ နေ့အခါ၌သာလျှင်။ တပတိ=သတ္တိဇွမ်းဟုန်

သုံးကျွန်းခြုံ၍ လောကဓာတ်ဘုံတွင်း ရောင်စုံကျင်းလျက် ထွန်းလင်းတောက်ပနိုင်ပါပေ၏။

စန္ဒိမာ=ရှုမြင်ကြသူ များဖိုလ်လူတို့ ကြည်ဖြူအေးမြ နှစ်သက်လှသဖြင့် ကမ္ဘာ့တန်ဆာ ထိန်ထိန်ဖြာသည့် ရောင်ဝါပ,ဝင်း ရွှေလမင်းသည်။ ဝါ=လေးဆယ့်ကိုး ယူဇနာ ကျယ်ဝန်းစွာဖြင့် ဖြာဖြာတင့်ရွှန်း ဥဒည်စွန်းဝယ် ထွန်းလင်းတောက်ပ စိတ်ကြည်လှသည့် အေးမြရောင်ဆင်း ရွှေလမင်းသည်။ ရတ္တိံ=ဒေါင်းဖန်ရဝိန် နေသူရိန်သည် ဂေါဝိန်သို့ချဉ်း အရောင်ကင်း၍ မလင်းမှောင်မိုက် ညဉ့်အခါ၌သာလျှင်။ အာဘာတိ=ဆီးနှင်းမြူတိမ် သူရိန်မိုးခိုး ညစ်မျိုးငါး၀ ကင်းစင်ပ,သဖြင့် မနရှင်အောင် ကြည်လင်တင့်ရွှန်း ထွန်းတောက်ပနိုင်ပါပေ၏။

ခတ္တိယော = မိုးနှင့်မြေပါ အာဏာတန်ခိုး လွှမ်းခြုံမိုး၍ အုပ်စိုးပိုင်နင်း ပြည့်ရှင်မင်းသည်။ သန္နဒ္ဓေါ=ခဂ္ဂေါ ဆတ္တ,ဥဏှိသနှင့် ဝါဠဗီဇနီ မည်ရှိနောက်မှ ပါဒုက,ဟုငါးဝငါးဖြာ မင်းတန်ဆာကို ကောင်းစွာပြုပြင် ဝတ်ဆင်ယင်မှသာလျှင်။ တပတိ=သောင္ဘေးသူကြွယ် ကုန်သည်ပုဏ္ဏား ဆင်းရဲသားဟု များထုပေါ်ယယ် လူတို့အလယ်၌ တင့်တယ်ပြောင်ရွှန်း ထွန်းလင်းတောက်ပပါပေ၏။

ဗြာဟ္မဏော=ကာမရာဂ စသည်များစွာ ကိလေသာကို ပယ်ခွာဆေးကြော အကုန်မျှောသည့် အာသဝေါ ကင်းပြို ရဟန္တာပုဂ္ဂိုလ်သည်။ ဈာယီ=သမထ ဝိပဿနာ ဘာဝနာကို များစွာထပ်ထပ် လေ့လာအပ်သဖြင့် သမာပတ်ပွား ဈာန်ဝင်စားမှသာလျှင်။ တပတိ=ကျက်သရေဆောင် ရဟန်းဘောင်၌ ဂုဏ်ရောင်တန်ခိုး မနွှမ်းညှိုးဘဲ

ပွားတိုးဖြိုင်ဖြိုင် ထွန်းလင်း တင့်တယ် တော်မူနိုင်ပါပေ၏။

ဂ္ဂ အထ ခေါ = မုချကေန် အမှန်စင်စစ်သော်ကား။ ဗုဒ္ဓေါ=ဒုက္ခ သမုဒယ နိရောဓနှင့် မဂ္ဂ-သညာ လေးသစ္စာကို ကောင်းစွာသိမြင် ဘုရားရှင် ကိုယ်တော်မြတ်သည်။ သဗ္ဗမဟာရတ္တိ=ခဏ လယ မုဟုတ္တဟု ကာလမယွင်း မကျန်ကြွင်းဘဲ ခပင်းဥဿုံ အလုံးစုံသော နေ့ညဥ့်တို့ပတ်လုံး။ တေဇသာ =ဘုန်းတော် ကံတော် သမ္ဘာတော်နှင့် ဉာဏ်တော်အနန္တဟူသမျှတို့ကြောင့် အကနိဋ္ဌ ဗြဟ္မာ့ဘုံ ရောက်ကုန်လျှောက်ကြွ၍ ထက်အောက်ထင်ပေါ် တန်ခိုးတော်ဖြင့်။တပတိ=တစ်ရာ့ရှစ်ကွက် စက်လက္ခဏာ ပြည့်စုံစွာဖြင့် သုံးဆယ့်နှစ်ဖြာသော လက္ခဏာတော်ကြီး တသီးအံ့ဖွယ် ရှစ်ဆယ်သော လက္ခဏာတော်ငယ် ရောင်ခြည်တော် ခြောက်သွယ်တို့ဖြင့် ထွန်းလင်း တင့်တယ်တော်မူပါပေ၏။

ဟီ=ရောင်ခြည်တော်ခြောက်သွယ်တို့ဖြင့် ဘယ်ကဲ့သို့ ထွန်းလင်း တင့်တယ်တော်မူကြပါကုန်သနည်း ဟူမူကား....၊ ယဿ = ယာဒိသဿ=အကြင်သို့ သဘောရှိတော်မူသော။ ဗုဒ္ဓဿ=သစ္စာလေးဝ မြတ်ဓမ္မကို ဂနပိုင်ပိုင် သိစွမ်းတော်မူနိုင်သော မြတ်စွာဘုရား၏။ တမှာ တမှာ=ကေသ မဿု စက္ခုနီလံ ရံသိအမျိုး ပိုးမည်းတောင်စာ ပိတုန်းရောင်ပမာ အဆင်းတော်ဝေဖြာသော မွေးညင်းမုတ်ဆိတ် ရောင်ဖိတ်လျှံအိ မျက်စိ မျက်တောင် ညိုမှောင်မှိုင်းရာ စိမ်းပြာမြေးယှက် မျက်နက်တော်တခိုထိုထိုသော ဌာနတော် အရပ်ရပ်မှ။ နီလာ စ=တလျှပ်လျှပ်မြူးရွှင် ကောင်းကင်တိမ်ခြေ မိုးမြေအလုံး ပြိုပြန်း

ပုံ၂ဝဲ ကြာညိုကြဲသကဲ့သို့ မဲညိုဖွဲ့ညို ပုလဲညိုမြခဲ တနဲကျွန္နီ အလီလီယိမ်းနွဲ့ စိမ်းလဲ့ညိုပြာသော နီလ ရောင်ခြည်တော်တို့သည်။ နိက္ခမိ သု=သိန်းသန်းလနေ ရှုံးပစေဟု ဘုန်းရောင်ထွေထွေ ကျက်သရေတင့်ထူး ကွန့်မြူး ထွက်ကြွတော် မူကြလေကုန်ပြီ။

တမှာ တမှာ=ရွှေလျှော်သိင်္ဂီနိက် ဖိတ်ဖိတ်ရောင်ဟပ် ဆပိဓာတ်နှင့် ရောင်လျှပ်ဝင်းအိ အက္ခိပီတံ ရံသိကွန့်မြူး နဖူးတော်ဖျား ဖဝါးတော်မြတ် ကိုယ်တော်၏အရပ်ရပ်၌ နှံ့စပ်အုပ်ဖုံး မျက်လုံးမျက်လွှာ မျက်နှာတော်မှ ပီတ အာသရေ ဝါရွှေပြောင်စို ထိုထိုသောဌာန အရပ်ရပ်မှ။ ပီတာ စ=ရောင်လျှပ်ဒိသာ ဆယ်မျက်နှာဝယ် မဟာလျှကား ရွှေသားဗိမာန် ရွှေဗိတာန်တူ ဇမ္ဗူရာဇ်ရွှေ' ထွေထွေ နေမဝိး လမင်းတရထည် ရွှင်ကြည်ထူးပ ရောင်မျိုးခသည့် ပီတရောင်ခြည်တော်တို့သည်။ နိက္ခမိ သု=ဝါပြောင်ထိန်ဝင်း ရောင်စုံခင်း၍ ထွန်းလင်း ထွက်ကြွတော်မူကြလေကုန်ပြီ။

တမှာ တမှာ=ရှိန်စော်တောဇ နီလပတ္တမြား အသားတော်မြတ် လောဟိဓာတ်နှင့် ရတ္တဌာနေ ရောင်ထွေယှက်ဖြာ နီတျာစွေးစွေး အသွေးအသား လက်ဖဝါး ခြေဖဝါး ပိုင်းခြားဖွဲ့စည်းသော လက်သည်းတော် နူဘော်ကဲဘိ မျက်စိမျက်လွှာ လျှာတော်မကြွင်း ခံတွင်းနှုတ်ဖျား သွားဖုံး အာစပ် မျက်သားရပ်တခို ထိုထိုသောဌာန အရပ်ရပ်တော်မှ။ လောဟိတာ စ=နီလာပတ္တမြား ဟသ်ပြဒါး အသွေး ရောင်ပြေးချိပ်ရည် ကမ္ဗလာနီလျှမ်း လယ်ခေါင်ရမ်းမယွင်း နေဝင်းတကာစ ဆန်းသစ်လကဲ့သို့ နီမြန်း

သော လောဟိတရောင်ခြည်တော်တို့သည်။ နိက္ခမိ သုႆ= ရှုယင်းမြင်ဆဲ မရောင့်ရဲအောင် လွန်စွာစွ၁ ထွန်းလင်း ထွက်ကြွတော် မူကြလေကုန်ပြီ။

တမှ၁ တမှာ = ရိုးတော်ခါတ်နှင့် ပေါင်းစပ်မလွဲ ရွဲလုံးပမာ ညီညာဖြောင့်မတ် သွားတော်ခါတ်မှ မပြတ် စဉ်လာ မျက်လွှာမျက်လုံး စုရုံးပေါင်းထ ဩဒါတ တခိုး ထိုထိုသော၌ာနတော် အရပ်ရပ်မှ။ ဩဒါတာ စ=ရောင် လျှံယိုညိတ် ယုဂန်ထိပ်၌ ရောင်ဖိတ်ပြောင်ရွှန်း တောက် ထိန်ထွန်းသော ငွေလဝန်းတရထည် ဝင်းလည်အရှိန် လင်းကြည်ထိန်သည့် စိန်စစ်ပုလဲ တခဲနက်ဖြူစင်သော ဩဒါတ ရောင်ခြည်တော်တို့သည်။ နိက္ခမိ သုႆ=နေလ ရတနာ ဝဇီရာကို မခံသာမူ ပြက်ရယ်ပြုလျက် ကွန့်မြူး ယှက်၍ ထွက်ကြွတော်မူကြလေကုန်ပြီ။

တမှ၁ တမှာ=ဇမ္ဗူရာဇ်သိင်္ဂီ နာရဏီရွှေသား သိုင်း ခြုံ၍ ထားသကဲ့သို့ စံမခြားနုပျို ထိုထိုသောကိုယ်တော် ၌ာန အရပ်ရပ်မှ။ မဉ္ဇိဋ္ဌာ စ=သပြေတိမ်တောင် မီးခိုး ရောင်နှင့် တောက်လောင်ကွန့်မြူး ကြယ်သောက်ရှူးသို့ အထူးအံ့ရာ ထောင်ရောင်ခြည်သွယ်ဖြာသော မဉ္ဇိဋ္ဌ ရောင် ခြည်တို့သည်။ နိက္ခမိ သုႆ=မှောင်မဲမှိုင်းအုံ ရည်မှုန်ထွေ ထွေ ကျက်သရေတော်ရောင် မျိုးစုံတို့ဖြင့် မြူးခုန်ကြွမြန်း ထွက်ကြွတော်မူကြလေကုန်ပြီ။

တမှ၁ တမှာ=စိန်မြနီလာ အဖြာဖြာသော ရတနာ တို့ဖြင့် အလုံးစုံ ခြယ်မှုန်း၍ ထားအပ်သော ရွှေစာရိုက်ဏ် တိုင်ကြီးကဲ့သို့ ခိုင်ဖြိုးတင့်တယ် အသွယ်သွယ် အဝဝ ထိုထို သော ကိုယ်တော် ၌ာနမှ။ ပဘဿရာ = စို့သက်တန့်

ရောင် ဆည်းဆာရောင်နှင့် မီးရောင် ဖန်ရောင် လျှပ်စစ် ရောင်တည်း။ထို့ နေ့ခင်နီဖြူ စိမ်းမှောင်ကူသည့် ထိန်ကြည် ပြိုးပြက် တခဲနက်သော ပဘဿရ ရောင်ခြည်တော်တို့ကို။ နိက္ခမိ သု = စကြဝဋ္ဌာ ကမ္ဘာမြေမိုး သိမ့်သိမ့် ကျိုးမျှ အမျိုးမျိုးအဖုံဖုံ ယှက်ရုံတင့်ထူး ကွန်မြူး ထွက်ကြွဆောင်မူ ကြလေကုန်ပြီ။

တံ တာဒိသံ=ထိုသို့ သဘောရှိတော်မူသော၊ တံ ဗုဒ္ဓံ= နီလ ပီတ စသည်အပြား ရောင်ခြောက်ပါးနှင့် ကြွားကြွား ပြည့်အင် ဘုရားရှင် ကိုယ်တော် မြတ်ကြီးကို။ အဟံ = သံသရာဘေး လွတ်မြောက် ရေးကို ကြံတွေး ရည်ရော် တပည့်တော်သည်။ နမေ နမာမိ=ယုံကြည်မြတ်နိုး လက်စုံ မိုး၍ ရှိခိုးဦးနှိမ်ပါ၏ အရှင်ဘုရား။

ဓရ

၂—၇—၁၇။

## သာနုသာမဏေ စိတ္တနိဂ္ဂဟ ဂါထာ ပေါင်း အနက်

ကြ္လာဒံ ပုရေ စိတ္တမစရိ စာရိကံ။
ယေနိစ္ဆကံ ယတ္ထကာမံ ယထာသုခံ။
တဒဇ္ဇ ဟံ နိဂ္ဂဟေဿာမိ ယောနိသော။
ဟတ္ထိပ္ပဘိန္နံ ဝိယ အင်္ကုသဂ္ဂါဟော။

(ဘိက္ခု=သာနုမည်ငြား အိုချစ်သား....။ဘိက္ခု=နိယျာနိက မှန်မောလှသည့် ဗုဒ္ဓမြတ်စွာ ငါဘုရားသာသနာဝယ် သဒ္ဓါလုလု ရဟန်းဇော်ပြုခဲ့သည့် သာနုမည်ငြား အိုချစ်သား....။)ကြ္လာဒံ စိတ္တံ=မုန်ရည်ဖြိုင်းဖြိုင်းတောဆင်ရိုင်း နှင့် ပုံနှိုင်းပြိုင်ယှဉ် ဤစိတ်ဝိညာဉ်သည်။ ပုရေ=သူတော်နှလုံး သူမြတ်ထုံးကို မသုံးရသေး တရားနှင့်ဝေးခဲ့သည့် ဟိုရှေးမြင့်ကြာ အတိတ်အခါ၌။ ယေနိစ္ဆကံ = လောဘဒေါသ မောဟထွေပြား သူအလိုရှိရာ အခြင်းအရာများ ဖြင့်လည်းကောင်း။ ယတ္ထကာမံ=ရူပ သဒ္ဒ စသည်ဖုံဖုံ ငါးအာရုံဝယ် တစ်အာရုံဟောင်း တစ်အာရုံပြောင်း၍ ကောင်းနိုးရာရာ အဖြာဖြာအဝဝ သူအလိုရှိရာ အာရမ္မဏ ပစ္စည်း တရားအစု၌ လည်းကောင်း။ ယထာသုခံ=အကုပ် မဲ့ကြမ်း ပုံယူမှန်းရအောင် ပရမ်းပတာ သူချမ်းသာသည် ထင်ခဲ့တိုင်းသာလျှင်။ စာရိကံ အစရိ = သံသရာတစ်ဝန်း ကန္တာရခရီးကြမ်းဝယ် ပန်းသည်နွမ်းသည်ဟူ၍ မထင်မြင် ပူပင်ဖွယ် ဘူ၍ အမှတ်မထား အခါတွေရှည်လျားအောင် ကျက်စားချင်တိုင်း ကျက်စားခဲ့လေပြီ။

အင်္ကုသဂ္ဂါဟော = ချွန်းကိုလက်စွဲ ဇာနည်ကဲဖြင့် ရဲမာန်ဝင့်ကြွား ဆင်ထိန်းယောက်ျားသည်။ ဟတ္ထိပဘိန္နံ= မုန်ရည်ဖြိုင်ဖြိုင် လျှောကျလိုင်းသဖြင့် အရိုင်းစိတ်ဝင် တိရိစ္ဆာန်ဆင်ကို။ နိဂ္ဂဏှာတိ ဝိယ = ချွန်းဖြင့် ချိတ်၍ နှိပ်ကွပ်ယဉ်ယဉ် စိတ်ဓာတ်ကိုပြင်ဆင်ပေးသကဲ့သို့။ ဒဟံ= ဘုရားရင်နှစ် သားတော်ချစ်ဟု အဖြစ်ကောင်းလှ ဤဘဝကို အရှုလက်ဆုပ် အကျွန်ုပ်သည်။ အဇ္ဇ=သာသနာရောင် ဖနရာထောင်သို့ ထိန်ပြောင်လျှံကြွေ့ ဤယနေ့၌။ တံစိတ္တံ=အနမတဂ္ဂ သံသာရဟုအစမထင် ကမ္ဘာတစ်ခွင်ဝယ် သမ္ပဇဉ်ချွန်းနှင့် ဝေးခဲ့သဖြင့် မယဉ်ကျေးချင်တိုင်း မယဉ်ကျေးခဲ့သည့် ထိုစိတ်ဝိညာဉ်ကို။ ယောနိသော=အမှားကို ပယ်လှန် အမှန်ကိုပွား အသင့်အားဖြင့်။ နိဂ္ဂဟေဿာမိ= နှိပ်ကွပ်ယဉ်ယဉ် စိတ်ဓာတ်ကိုပြင် ပြင်ဆင်ပါပေအံ့။ (၀၂) နိဂ္ဂဟေဿာမိ = အနိစ္စာနုပဿနာ ဒုက္ခာနုပဿနာ ဘာဝနာထိန်းချုပ် ဉာဏ်ချွန်းအုပ်၍ နိရုဒ္ဓသောင် အောင်မြေအဘွင်းဆီသို့ ဗောဓိဉာဏ်ဖြင့် အောင်တပ်ခင်းရအောင် (ဩ)နှိပ်နင်းကာ ထုံးပြု၍ ဆုံးမ သွန်သင်ပါပေတော့အံ့သတည်း။

ဓမ္မပဒ၊ ဒု၊ ၂၃-နာဂဝဂ္ဂ၊ ၅-သာနုသာမဏေရဝတ္ထု မှ။

၁၁-၁၂-၁၇

❀

သာသနာ ၂၅၀၂-ခုနှစ်၊
ကောဇာသက္ကရာဇ် ၁၃၂၀-ပြည့်
ပရိယတ္တိသာသနဟိတအသင်း၏ စာပျော်ကော်မေးခွန်း
အောင်ပန်းဆွတ်ချူ အောင်မြင်တော်မူကြသည့်
စာချစာသင် အရှင်ရဟန်းတော် ၁၀-ပါးတို့အား
ဘုရားသာသနာတော်မြတ် အနာဂတ်စည်ပင်ရေး
အားပေးချီးမြှောက် စောင့်ရှောက်တော်မူကြရန်
သြဝါဒ သတိပေးစကား ဆရာတော်မိန့်ကြားလိုသည်မှာ

။သိဒ္ဓမ်။

သဒ္ဓမ္မ+မဘိပါလေန္တု၊
သာသနဿ သိရိန္ဓရာ။
သမုရာယံ နိယုဥ္ဇိတွာ၊
ယထာ အဇ္ဈောသယံ ဝရံ။

သာသနဿ=ပြည်ထောင်တည်လစ် ဆင္ခေတ်ဝယ်
ထွန်းသစ်တေဇော် ဘုရား သာသနာတော် မြတ်ကြီး၌၊
သိရိန္ဓရာ=ကျက်သရေဆောင် ပုဂ္ဂိုလ် သိရိန္ဓိုရ်ဖြစ်တော်မူ

ကြသည့် ပရိယတ္တိသာသနာ့ဟိတ အသင်းမှ ကျင်းပသည့် စာချစာသင် အောင်ပွဲယင်တော်မူကြသော အရှင်ဆယ်ပါး ရဟန်းတော်သူမြတ်တို့သည်။ ယထာ အဇ္ဈာသယံ= ရဟန်းခံစဉ် သိမ်အပြင်၌ အရှင်ဆရာတော်တို့မျက်မှောက် နိဗ္ဗာန်ရောက်အောင် ပံ့ထောက်ဆယ်ယူ ကယ်တင်တော်မူကြပါဘုရားဟု ညွတ်တွားချောင်း တောင်းပန်စကား လျှောက်ထားခဲ့ရင်း ထန်ပြင်းသောကုသိုလ် အလို အဇ္ဈာသယ ရှိတော်မူခဲ့ကြသည့်အတိုင်း။ သမ္မုရာယံ=ဂန္ထနှင့်ဝိပဿနာ နှစ်ဖြာပြဋ္ဌာန်း မိမိတို့လုပ်ငန်း၌။ နိယုဥ္စိတွာ= ဘုရားအလိုတော်ကျ လုံ့လသည်းဝှန် အားသွန်ကြိုးပမ်းဆောင်စွမ်းတော်မူကြ၍။ ဝရံ သဒ္ဓမ္မံ = သဒ္ဓမ္မသုံးဖြာ သာသနာတော်မြတ်ကြီးကို။ အဘိပါလေန္တု = ဝိဇ္ဇာစရဏ စွယ်စုံမျှ၍ရှေးကထက်တိုး ဆထမ်းပိုးလျှင်သည်ပိုး စောင့်ရှောက်တော် မူနိုင်ကြပါစေသတည်း။

အာဒိကမ္မိက ဝဋ္ဋံသကာထေရ်

❀

# တိပိဋကဓရ

နှင့်

# ဆဋ္ဌသံဂါယနာ

# ဝိနယ ပိဋက၊ မဟာဝဂ္ဂ အဋ္ဌကထာ
## ဝိသောဓနေ ဂါထာ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

စာမျက်နှာနံပါတ် မူကွဲနှင့် ဝိနိစ္ဆယ

၂၁၀၊ ကြောင်းရေ၊ ၁၁။
ဝါလိကာ၊
ဝါလုကာ၊

ဥဒါန်း အဋ္ဌကထာ၌....
မဟာဝါလုကရာသိမ္ဟိ အတ္ထော....
ဟု ဖွင့်ပြ၏။ အဘိဓာန်ဋီကာ၌....

ဆက္ကံ ဝါလုကာယံ။ ပ။ ဝလ သံဝရဏေ၊ ဏွု၊ အဿု၊ ဝါလုကာ၊ ထီ။

မျက်နှာနံပါတ် ၂၅၀=၌ ဖွင့်၏။ ဤအလိုသော်.... ဝါလုကာပင် အသင့်ဖြစ်ပါသော်လည်း၊

ဥရု မရု သိကတာ ဝါလုကာ ဝဏ္ဏုဝါလိကာတိ
ဣမေ သဒ္ဒါ သမာနတ္ထာ၊ ဗျဥ္ဇနမေဝ နာနံ....

ဟု—တေရသကဏ်-ဒု။ စာမျက်နှာ ၃-၌ ဖွင့်သော
ကြောင့် **ဝါလိကာ** သဒ္ဒါလည်း ဝါလုကာသဒ္ဒါကဲ့သို့ပင်
သဲဟော ပရိယာယ် ဖြစ်သောကြောင့် ရှိရင်း **ဝါလိကာ**
လည်း အသင့်ပင် မှတ်သင့်သည်။

၂၁၁၊ ကြောင်းရေ=၂၂၊

အဝိဇ္ဇာယ ဝေ တု၊

အဝိဇ္ဇာယ တု ဝေ၊

ပါဠိနှစ်ထွေရှိရာဝယ်၊ ဥဒါန်း အဋ္ဌကထာ၌၊
အဝိဇ္ဇာယ တု ဝေ....

ဟု ဥဇုဝုစ် ဖွင့်သောကြောင့် လည်းကောင်း၊ ဤ၌-
ပဒစ္ဆေဒသံဝဏ္ဏနာမျှသာ အဋ္ဌကထာဆရာ ပြုလိုရင်း ဖြစ်
သောကြောင့် လည်းကောင်း၊

**အဝိဇ္ဇာယ တု ဝေ**
ပါဠ်သာ သင့်၏။

၂၁၈၊ ကြောင်းရေ—၁၄ ၌၊

အာစိဏ္ဏော သမာစိဏ္ဏော၊

အာစိဏ္ဏ သမာစိဏ္ဏော၊

ဟု ပါဠ်နှစ်ထွေရှိရာဝယ်၊

အာစိဏ္ဏ သမာစိဏ္ဏောတိ အာစရိတော စေဝ
အာစရဏွှေတိ စ သမ္မဒေဝ **အာစရိတော**တိ **အတ္ထော**
ဟု....ဒေဘရသကဏ်၌ ဖွင့်၏။ ဤအလို သီတုဏှ၊ သိနိဒ္ဓ
ကော စသည်ကဲ့သို့ ဝိသေသနောဘယ ပဒကမ္မဓာရယ်
သမာသ် ဖြစ်ရကား **အာစိဏ္ဏသမာစိဏ္ဏော** ပါဠ်သာ
သင့်၏။

၂၁၉၊ ကြောင်းရေ-၁၃၊

ဘဂဝတော ပုရတော ပါတုရဟောသိ
မှသည်၊ ၃၁၁၊ ကြောင်းရေ-၂၆၊
ပညာစက္ခုံ သန္ဒာယာဟ၊

တိုင်အောင်သော ပါဠိရပ်စု **သီဟိုဠ်မူ၌** မပါရှိချေ၊ **တေရသကဏ္ဍဋီကာကြီး** ဖွင့်ပုံကို ထောက်လျှင်လည်း ဋီကာအဓိပ္ပာယတ္ထ ဖွင့်မှုတပါး သဒ္ဒတ္ထအဖွင့်များ၌ များသောအားဖြင့် အဋ္ဌကထာနှင့် ဋီကာ ထပ်မျှ တူညီနေသည်ကို ထောက်က တေရသကဏ် ဋီကာဆရာကြီးများ လက်ထက်က အဋ္ဌကထာပါဠ်၌လည်း **သီဟိုဠ်မူ အတိုင်းပင်** ရှိဟန်တူသည်။ အကယ်၍ ယခုလက်ရှိ မြန်မာမူ အဋ္ဌကထာအတိုင်း ဋီကာဆရာကြီး၏ အဋ္ဌကထာမူ၌ ရှိပါမူကား ထပ်မျှညီတူ ဖွင့်တော်မမူရာ။ ထို့ကြောင့် လက်ရှိ မြန်မာမူ အဋ္ဌကထာပါဠိစုကို (........) ဤကွဲသို့ ကွင်းပြ၍ သီးသန့်မှာတမ်းနှင့်သာ သင့်ပါသည်။

၂၂၀၊ ပေါသိယန္တိ၊
ပေါသယန္တိ၊

ပုသ=ပေါသနေ။ ပေါသေတိ ပေါသယတိ။ စသည်ဖြင့် သဒ္ဒနီတိ ဓာတုမာလာ စာမျက်နှာ=၂၅၀-၌ လာသောကြောင့် **ပေါသယန္တိ**သာသင့်၏။

၂၂၅။ ။ပဋိဂ္ဂါဟေတဗ္ဗာနိ။ (ရှေးမြန် အဋ္ဌကထာမူ၊)
ပဋိဂ္ဂါဟာ ပေတဗ္ဗာနိ (သီဟိုဠ်နှင့် - ဝိနယသင်္ဂဟ အဋ္ဌကထာ၊)

ပဋိဂ္ဂါဟာပေတဗ္ဗော။ (နောက်မြန်မာ အဋ္ဌကထာ မူများ၊)

ကာရိုက်ကံ ခေတ်ကံ နှစ်ပါးတို့တွင် ခေတ်ကံကို **စုတ္တ** ကြံကြ **ရှုး ၂ မှုသင့်**၏။

ပဌမံ ဥပဇ္ဈံ ဂါဟာပေတဗ္ဗော ဦကဲ့သို့ ကာရိုက်ကံကို ဝုတ္တ ကြံမှု-ကား၊ **ပဋိဂ္ဂါဟေတဗ္ဗော** သင့်၏။ **စလင်း** ဂဏ္ဍိဦကား **ပဋိဂ္ဂါဟေတဗ္ဗော** သင့်ကြောင်း **ဆုံးဖြတ်ပြီး** ဖြစ်၏။

၂၂၇။ ။ကြောင်းရေ ၂၄၊

စိရပဋိကာတိ၊
ရိရပတိကာတိ၊
ပါဌ်နှစ်ထွေ ရှိရာ၊

**ယသ္မာ** ယော နာဂဒမနကာလော စိရံ ပကတိ **မဝတ္တာတိ၊** တသ္မာ **သော** စိရပတိကောတိ ဝုစ္စတိ။ တသ္မာ စိရပတိကာ ပဌာယ အဘိပ္ပသန္နာတိ ယောဇနာ၊ စသည် ဖွင့်သော ယောဇနာကို ထောက်၍၊ **စိရပတိကာတိ** ဟု ဒန္တဇ တ အက္ခရာနှင့်သာ သင့်၏။

၁၃၁၅-ခုနှစ်၊ ပထမ ဝါဆိုလပြည့်ကျော် ၄ ရက်

၂၅၁။ ကြောင်းရေ-၅၊

အဒ္ဒုပဗန္ဓနံ၊

အန္ဒုပဗန္ဓနံ။

ဟူ ပါဠိနှစ်ထွေရှိရာ

အန္ဒုန္တိ ဗန္ဓနတ္ထိ သတ္တာ ဧတာ ယာတိ အန္ဒု၊ သံခ-လိကာ၊ ထူးအဖွဲ့ သံခြေကျဉ်းအဖွဲ့ ဟော

မောဂ္ဂလာန် ကျွာဒိ ဖွင့်သောကြောင့် နှံ သံယုတ်ဖြင့် အန္ဒုပဗန္ဓနံသာ သင့်၏။

၂၆၉။ ကြောင်းရေ-၁။

မြန်မာအဋ္ဌကထာများ၌၊

သံဝါသောတိ ဝေဒိတဗ္ဗော၊

ပါဠိ၏ နောက်၌၊

ယော ပန သယံ ပဗ္ဗဇိတွာ

စသည်ဖြင့် ဥဘယ ထေနက ပြပါဠိသာ လာ၏။ သီဟိုဠ်မူ၌ကား ဝေဒိတဗ္ဗော၏ နောက်၌ ဆက်၍

သိက္ခံ ပစ္စက္ခာယ န မံ ကောစိ ဇာနာတီတိ ဝေ ပဋိပဇ္ဇန္တေပိ ဧသေဝ နယော၊

ဟူသော ဝါကျပါရှိ၏။ ထိုဝါကျသည် ကမ္ဘါ အဋ္ဌကထာ၌လည်း ပါသည်ဖြစ်၍ ဤ၌လည်း ပါမှသာ သင့်၏။

❀

၃၀၀။ ကြောင်းရေး၈။

ကတိနံ ပူရဏံ ကတိမိ ၏နောက်၌၊ ဘုရားကြီးမူဝယ်....

ကော ဒိဝသောတိ အဓိပ္ပာယော၊ ဓမ္မဿဝနံ သန္တာယ ဝဒန္တိ သလာကံ ဂဟေတွာ သံဟရိတွာ ဂဟေတုန္တိ အတ္ထော၊

ဟု ပါဠိအပို ပါသေး၏။ သီဟိုဠ်မူနှင့် ရှေးအဋ္ဌကထာမြန်မာစာမူများ၌ မရှိ။

၃၁၆။ အောက်ဆုံးအကြောင်း၊

ဘိက္ခုပတိကော၊

ဘိက္ခုဂတိကော၊

ဟု ပါဠိနှစ်ထွေ ရှိခဲ့ရာဝယ်၊

ဘိက္ခုပတိကောတိ ဘိက္ခုဝေ ဂတိ ပတိဋ္ဌာ ဧတဿာတိ ဘိက္ခုဂတိကောတိ ဝုတ္တေ ဘိက္ခုနိဿိတကော ပုရိသောတိ အာဟ ဘိက္ခူဟိ သဒ္ဓိံ ဝသနကပုရိသောတိ၊

ဟု ယောဇနာ ဖွင့်သောကြောင့် ဘိက္ခုဂတိကောတိ သာ ပါဠိမှန်တည်း။ ။

၃၂၄။ ကြောင်းရေ—၂၅။

ဣဒါနေဝ နံ ဝဒေဟီတိ = ဟူသော သံဝဏ္ဏေ
တဗ္ဗ၏ နောက်၌၊

သစေ ဣမိနာ ဝတ္ထုနာ ကိဉ္စိ ပုဂ္ဂလံ ပရိသံကတိ၊ ဟု သီဟိုဠ်မူ၌ ပါဠိကျတစ်ခု ပိုလျက်ရှိ၏။ ရှေးဖြစ်သော ဝတ္ထု ပညာယန နပုဂ္ဂလပညာယန ဝါရ၌ ဝတ္ထု ထင်ရှား၍ ပုဂ္ဂိုလ် မထင်ရှားသောကြောင့်၊

သစေ ဣမိနာ ဝတ္ထုနာ ယံ ကိဉ္စိ ပုဂ္ဂလံ
ပရိသံကတိ၊

ဟူသော ပါဠိကျပါသင့်သော်လည်း၊ ဤဒုတိယဖြစ်သော ပုဂ္ဂလပညာယနဝတ္ထု န ပညာယန ဝါရ၌သား-ပုဂ္ဂိုလ်သာ ထင်ရှား၍ ဝတ္ထု မထင်ရှားသောကြောင့်၊

သစေ ဣမိနာ ဝတ္ထုနာ ကိဉ္စိ ပုဂ္ဂလံ ပရိသံကတိ၊ ဟူသော ပါဠိ မရှိသင့်။ မှန်၏။ သစေ ဣမိနာ ဝတ္ထုနာ ဟူသော ပါဌ်၌ကား ဝတ္ထု ထင်ရှားသည်ကို ပြ၏။ ကိဉ္စိ ပုဂ္ဂလံ ဟူသော ပါဌ်၌ကား၊ ပုဂ္ဂိုလ် မထင်ရှားသည်ကို ပြ၏။ ဤဝါရကား ပုဂ္ဂိုလ်သာ ထင်ရှား၍ ဝတ္ထုမထင်ရှားသော ဝါရဖြစ်သည်။ ဤသို့ အနက်သဒ္ဒါ မတန်သော ဝိရောဓိဒေါသ ရောက်ရာသောကြောင့် ဤ ဒုတိယဝါရ၌ ထိုသီဟိုဠ်မူပါ ပါဠိကို မလိုအပ်ပြီ။

၃၂၅။ ကြောင်းရေ=၄။

ယဿ ဒါနိ ဘန္တေ ဘဂဝါ ကာလံ
မညတီတိ=မှ

၃၂၉။ ကြောင်းရေ–၂၄။

သော အတ္ထော စုတ္တော တိုင်အောင်သဓ ဝါကျစု၊ သီဟိုဠ်မူ အဋ္ဌကထာ၌ မရှိ၊ မရှိရုံမျှ မဟုတ်သေး၊

မရမ္မ သီဟဠပေါတ္ထကေသု ဝိဏောပမသုတ္တဝဏ္ဏနာ မနောရထပူရဏိတော ဂဟေတွာ အနုနိဝေသိတာ၊ ဟုပင် မှတ်လိုက်ပါသေး၏၊ မှာလည်း မှာစရာပင်။လက်ရှိ မြန်မာအဋ္ဌကထာမူများ၌ကား သုတ်တစ်ခုလုံး ဖွင့်ပြီးမှ သုတ္တတ္တော ပန သုတ္တဝဏ္ဏနာတောယေ ဂဟေတဗ္ဗော၊ ဟု မှာတမ်းထုတ်လျက် ရှိသည်။ အမှာ နောက်ကျလေပြီ။

မည်သို့ပင် ဖြစ်စေ - မြန်မာ အဋ္ဌကထာကိုမူ မနော ရထပူရဏီမည်သော အင်္ဂုတ္တရနိကာယ အဋ္ဌကထာ၊ တတိယအုပ်၊ ဆက္ကနိပါတ၊ ဒုတိယပဏ္ဏာသက၊ မဟာဝဂ် ပဥ္စမသုတ် အဖွင့်နှင့် တိုက်ဆိုင်၍ ညှိမူ၌ သုတ်သင်ပါ သည်။သို့ပါ၍ အထက်၌ ဖော်ပြရာပါ မြန်မာအဋ္ဌကထာ စာမူ၌၊ ယဿ ဒါနိ ဘန္တေ ဘဂဝါတိ မှသော အတ္ထော သုတ္တော- တိုင်အောင် ပါဠိရပ်များကို ( ) ညှိကဲ့သို့ ကွင်းပြု၍ ရိုက်နှိပ်သင့်ပါသည်။ (စမ္မက္ခန္ဓက ပြီး၏)

❀

ဝိနယပိဋက၊ မဟာဝဂ္ဂ အဋ္ဌကထာ၊ ဘေသဇ္ဇက္ခန္ဓက

၃၃၆၊ ကြောင်းရေ–၁၈။

ဘေသဇ္ဇမက္ခိ ဝါ အာဒါနဝဋ္ဋိ ဝါ၊

ဘေသဇ္ဇမက္ခိကာ ဒါနဝဋ္ဋိ ဝါ၊ ဟု- ပါဌ်နှစ်ထွေ ရှိရာဝယ်....၊

အာဒါနပဋိတိ အာနတဝဋ္ဋိ၊ (ဝဇိရဗုဒ္ဓိ၊)

ပစ္စမဂ္ဂေ ယာယ ဘေသဇ္ဇံ မက္ခိကာ ဒါနဝဋ္ဋိယာ ခါရကမ္မံ ဝါ ကရောန္တိ၊ ယာယ ဝေဠုနာဠိကာယ တေလံ ဝါ ပဝေသေန္တိ၊ သာ ဘေသဇ္ဇမက္ခိကာ ဒါနဝဋ္ဋိ ဝါ သာ ဝေဠုနာဠိကာ ဝါ ဝဋ္ဋိတိ ယောဝါတိ ယောဇနာ။ (ယောဇနာ၊ ဒု-၂၈၂)

ဖွင့်သောကြောင့် **ဘေသဇ္ဇမက္ခိကာ ဒါနဝဋ္ဋိ ဝါ၊** ပါဠ်သာ ရှိသင့်၏၊ ဆေးလိမ်းကျံအပ်သော ပုဆိုးကျစ် (ပတ်တီး)ဟု အနက်ပေးသင့်ပါသည်။

၃၃၇။ ကြောင်းရေ-၁၉။

သဗ္ဗသဉ္ဆရိန္တိ ယထာ သဗ္ဗံ သန္ထတံ ဟောတိ မှ=
၃၃၈=ကြောင်းရေ=၂။

ပုဋ္ဌဘေဒနန္တိ ပုဋ္ဌဘေဒနဋ္ဌာနံ၊ မောစနဋ္ဌာနန္တိ ဝုတ္တံ ဟောတိ၊

တိုင်အောင်သော ပါဠ်တို့သည် သီဟိုဠ်မူ၌ မရှိ။ စဉ်းစားဖွယ်ကား ဤအတွင်း၌ရှိ ပါဠိများနှင့် ဋီကာ ပါဠ်များမှာ တူသည်က များနေ၏။ ဥပမာ၊

သုနိဓဝဩကာရောတိ သုနိဓော စ ဝဩကာရော စ ဒွေ ပြာဟမ္မဏာ

စသည်ဖြင့် အဋ္ဌကထာ၌လည်းကောင်း၊ ဋီကာ(တေရသကဏ်)၌လည်းကောင်း ထပ်မျှတူလျက်ရှိ၏၊ အကယ်၍ (တေရသကဏ်)ဋီကာဆရာ၏ လက်ကိုင် အဋ္ဌကထာ ပါဠ်ရင်း၌ ယခုမြန်မာမူအတိုင်း ရှိနေပါမူ ဋီကာဆရာသည်

ထပ်မျှတူစွာ ဖွင့်တော် မမူလေရာ။ သို့ဖြစ်ပါ၍ ဋီကာ ဆရာ၏ လက်ကိုင်အဋ္ဌကထာ၌ ထိုပါဠိများ မပါသော ကြောင့်သာ ဋီကာ ဆရာကြီးသည် သုတ်အဋ္ဌကထာမှ ပါဠိရင်း၌ ထည့်သွင်းတန်သမျှ ထည့်သွင်း၍ ဖွင့်ထား ဟန်ရှိသည်။

၃၃၈။ ကြောင်းရေ=၁၃။

အနုဗောဓာတိ မှ

ဂုဏ်းမျက်နှာ၊ ကြောင်းရေ-၂၂။

ပဝတ္တေသီတိ ပဟာရေသိ တိုင် ဝါကျစု **သီဟိုဠ်မူ** အဋ္ဌကထာ၌ **မရှိ**။ ရှေး သီဟိုဠ်နှင့် မြန်မာမူများ၌ သုတ် အဋ္ဌကထာမှ ယူ၍ ထိုပါဠိများကို ထည့်ထားခြင်းကို လည်း မှာထား၏။ ဋီကာကြီး ဖွင့်ပုံကို ထောက်လျှင်လည်း မူလက ထိုပါဠိများ ပါပုံမရ၊ မှန်၏။ ဤပါဠိစု အဋ္ဌ ကထာဆရာတော် လျစ်လျူရှုခဲ့သဖြင့် ဋီကာ (တေရသ ကဏ်) ရှင်သည် သုတ်မဟာဝါ မဟာပရိနိဗ္ဗာနသုတ် အဋ္ဌကထာနှင့် ဋီကာတို့ကို ညှိ၍၊ မိမိ ကျရောက်သော တာဝန်ကို အားသွန်ကြိုးပမ်း ဖွင့်တော်မူခဲ့ပါသည်ကို ထောက်က ဋီကာဆရာကြီးများ လက်ကိုင်ပေမူ၌ ထိုပါဠိ စု ပါပုံမရပါ။ ထို့ကြောင့်၊ (......) ဤကွဲ့သို့ ကွင်း အမှတ်ပြု၍ ထိုပါဠိစုကို ရိုက်သင့်ပါသည်။

၃၃၈။ အင်္ဂုလိ ဖောဋေသုန္တိ-မှ

ဥဒ္ဒိဿ ကတန္တိ ဥဒ္ဒိဿကတာ ကတံ-တိုင်အောင်သော ပါဠိရပ်များ၌လည်း၊ သီဟိုဠ်မူငယ် ရှေ့နည်းအတူ မှာ တမ်းထုတ်၏။ တေရသကဏ်ဋီကာနှင့် တိုက်ဆိုင်ကြည့်

လျှင် သိဟိုဠ်မူ အဆိုသင့်ကြောင်း သိသာလှ၏၊ လက်ရှိ အဋ္ဌကထာ မြန်မာမူနှင့် တေရသကဏ္ဍဋီကာတို့ ပုဒ်အဖွင့်၌ ထပ်မျှတူနေသည်ကို သတိပြုပါ၊ ရှေးက မူလရှိရင်းစွဲ ဖြစ်ပါလျှင် ဋီကာရှင်သည် အဋ္ဌကထာပါဌ်ကို မိမိ၏ စကားပြုလုပ်၍ မဖွင့်တန်ရာပါ။

၃၃၉။ ကြောင်းရေ=၁၆ ၌၊

န ဇိရိဒန္တိ။

န ဇိရန္တိ။

ဟု သံဝဏ္ဏေတဗ္ဗ နှစ်ပုဒ်ကွဲလျက်ရှိ။

န ဇရန္တိတိ ဟူလည်း တမူ ရှိပြန်၏။ ။န ဇိရိဒန္တိ-ကား ပုဒ်ပျက်ဖြစ်၍ စိစစ်ရန် မလို၊ န ဇရန္တိ ကို န ဇိရန္တိဟု ဖွင့်သည်ဟုပင် ဆိုဆို၊ န ဇိရန္တိကို န ဇရန္တိဟု ဖွင့်သည်ဟုပင် ဆိုဆို ထိုနှစ်မျိုးလုံးကိုပင် လက်ခံရန် မလွယ်လှပါ၊ သံဝဏ္ဏေတဗ္ဗ၌ ဇရန္တိဟုပင် ရှိရှိ၊ ဇိရန္တိဟုပင် ရှိရှိ၊ ဇရဓာတ်ဖြင့် ပြီးကြောင်း စာသင်ငယ်များပင် သိနိုင်ပါ၏။ ဤမျှ သေးသိမ်သော သဒ္ဒတ္ထမျိုးကို အဋ္ဌကထာဆရာ မဖွင့်တန်ရာပါ၊

န ဇိရန္တိ တွေ ဇရဓာတု ဂတျတ္ထောတိ အာဟ န ဂစ္ဆန္တိတိ၊

ဟု ယောဇနာ ဖွင့်ရကား၊ ဤ၌ အဋ္ဌကထာ ဆရာတော် ဇရဓာတ်၏ ဂတျတ္ထကိုသာ ဖွင့်လိုပါမူ

န ဇိရန္တိတိ အဘ္ဘာစိက္ခန္တာ န ဇိရန္တိ၊ အဗ္ဘက္ခာနသ္သ အန္တံ န ဂစ္ဆန္တိတိ အတ္ထော၊

ဟု အဋ္ဌကထာပါဠိ ရှိရပါမည်၊ ဂဏ္ဌိ၌ကား ကိလိသ ဓာတ်ကဲ့သို့ပင် ဇီရိဒဓာတ်သည်လည်း အက္ခရာသုံးလုံး ရှိသောဓာတ်ဖြစ်၍၊ ဇရဓာတ်ကဲ့သို့ပင် ဝယော ဟာနိ အနက်ကို ဟော၏ဟု သိစေလိုသောကြောင့် အဋ္ဌကထာ၌ ဇီရိဒန္တိတိ ဇီရန္တိဟု ဖွင့်ကြောင်းဆို၏၊ ထိုအလို ဇီရိဒန္တိ ဟုရှိတိုင်း ပါဠိပင် အသင့်ဖြစ်၏။ ပြင်ရန်မလို၊ သို့သော် ဇီရိဒဓာတ်ကား ဓာတ်ကျမ်းတို့၌ မရှိခဲ့။ အင်္ဂုတ္တရ အဋ္ဌကထာ၊ အဋ္ဌကနိပါတ်၊ ၂-မဟာဝဂ္ဂ ဒုတိယသုတ်အဖွင့်၌ (တတိယအုပ် စာမျက်နှာ-၁၈၃) ကား၊

န စ ပန တေဟိ ဧတေ အာယသ္မန္တာ ဒီဃရတ္တံ အဝဏ္ဏကာမာ ဟုတွာ အဝဏ္ဏံ ဘာသန္တာ ပိ အဋ္ဌာစိက္ခန္တာ န (ဇီရိဒန္တိ) ဇီရန္တိ အဗ္ဘက္ခာနေသု အန္တံ န ဂစ္ဆန္တီတိ အဓိပ္ပာယော၊

ဟု သံဝဏ္ဏေတဗ္ဗ ဝါကျအဆုံး၌ရှိသော အဋ္ဌာစိက္ခန္တာ ကို ဝါကျအလယ်ရှိ ဇီရိန္တိပုဒ်နှင့် စပ်ရန် ဇရဓာတ် ဂဏ္ဌိသစ် ကားကျကို ဖွင့်သောကြောင့်၊ ဤဝိနည်း အဋ္ဌကထာ၌၊ ‘န ဇရန္တီတိ အဋ္ဌာစိက္ခန္တာ န ဇရန္တိ၊ အဗ္ဘက္ခာနေသု အန္တံ န ဂစ္ဆန္တီတိ အဓိပ္ပာယော’

ဟုရှိသော (မြန်မာ အဋ္ဌကထာ ဟု ခေါ်ထိုက်သော) ၁၂၆၅ ခုနှစ်၊ ရန်ကုန်မြို့၊ ၂၅-လမ်း၊ ရတနာသီရိ စာပုံနှိပ် တိုက်ရိုက်-ဝိနည်း အဋ္ဌကထာ ပါဠိအတိုင်းသာ သင့်သည်၊ ယောဇနာနှင့်လည်း ညီသည်။

❀

၃၆၆။ ကြောင်းရေ=၂၁။

သောဝဂ္ဂိကန္တိ မှ

၄င်းမျက်နှာ၊ ကြောင်းရေ=၂၇။

ဣမေဟိ ဂဟိတဝိဿာသော ရုဟတိ

တိုင်အောင်သော ပါဠိဝါကျများ သီဟိုဠ်မူ၌ မရှိ၊ 'ရှေးသီဟိုဠ်မူ၌ ထိုပါဠိများ ပိုနေကြောင်းလည်း မှာ၏'။

ဝိသာခဝတ္ထု ဥတ္တာနတ္ထံ၊ တတော ပရံ ပုဗ္ဗေ ဝိနိစ္ဆိတမေဝ

ဟူသော အတိဒေသ ဝါကျဖြင့်ပင် ဝိသာခါဝတ္ထုမှ= ဝိဿာသဂ္ဂါဟရော ဇ ဝတ္ထုတိုင်အောင် အမှာစကား ထုတ်ပြီးဖြစ်၍၊ 'သောဝဂ္ဂိကန္တိ အစရှိသော ပါဠိများကို' ကရုဏာရှင် ဖြစ်တော်မူကြသော ရှေးဆရာကြီးတို့သည် ထိုပုဒ်၏ သံဝဏ္ဏနာကို မတွေ့ဖူးသူတို့အဖို့ အလွယ်တကူ မှတ်ယူနိုင်ရန် ဆိုင်ရာမှ ထုတ်နုတ်ယူဆောင်၍ သီးခြား မှတ်ဖွတ်အဖြစ်ဖြင့် ပြသော ပါဌ်ကိုပင် နောက်ဆရာ အယ်ဒီတာတို့ မူလအဋ္ဌကထာ ဝါကျ စာကျကို ထည့် ထားသည် ထင်မှတ်၍ စာသား အဋ္ဌကထာ အနေနှင့် ရိုက်မှားဟန် တူပါသည်။ (.........)ကွင်းဖြ၍သာ ရိုက်သင့် ပါသည်။

၁၃၁၅-ခုနှစ်၊ ပထမ ဝါဆိုလပြည့်ကျော် ၈-ရက်နေ့ ပြီးပါသည်။

ဤမှနောက်၌ အဋ္ဌကထာဝယ် ချွတ်ယွင်းချက် မရှိပါ။ ပေပေါ်မှကျောက်၊ ထိုနောက်ကျွန်ခေတ် ပစ်ပယ်၍ထားသည့် ပမာ၊ သံဃာထု မပါဘဲ၊ အယ်ဒီတာနှင့် အလုပ်ရှင်တို့၊ အလုပ်တွင်ဖို့ရှေးရှု၊ စီးပွားရေးကို အလေးပြု၍၊ သဒ္ဒါ၊စကားကို ရောင်းစားဖို့ လောဘစိတ်ဖြင့်၊ ငါးပိသိပ်+ငါး ချဉ်သိပ်၊ ပုံနှိပ်၍ ထားကြသဖြင့်၊ စကားအကန့် မသန့်ရှင်း ရှိနေသည်များကို ဝဏ္ဏ၊သွားကို ထောက်ချင့်၍၊ ဖြတ်သင့်သော နေရာတို့ကို၊ သေချာစွာ ဖြတ်တောက်၍၊ ခြောက် ကြိမ် မြောက် သံဂီတိသဘင်-စာတော်မူ ခေါ်တွင်မှန်း၍၊ တစ် ဥဒါန်းတွင်ရစ်အောင် သုတ်သင် ပေးပို့အပ်ပါ သည်။ ။

မင်းကွန်း ပါဠိဝိသောဓကအဖွဲ့
ဝိနယပိဋက၊ မဟာဝဂ္ဂအဋ္ဌကထာ
ပြီးပါပြီ၊

❀

မင်းကွန်း ပါဠိဝိသောဓက အဖွဲ့
ဝိနယ၊ ဝဇီရဗုဒ္ဓိဋီကာ၊ မဟာဝါအဖွင့်

၈၁။ ကြောင်းရေ-၂၁ ၌၊

ဝေဒါနံ ဝါ အန္တံ ဂတတ္တာတိ ဧတ္ထ နိဗ္ဗတ္တိ၊ ဟုစာပျက်လျက် ရှိ၏၊

ဋီကာဆရာ ဖွင့်လိုရင်းမှာ၊ ဝေဒါနံ ဝါ **အန္တံ** ဂတတ္တာ ဟူသော ဒုတိယဝိကပ်၌ အန္တံ အရ အရဟတ္တ ဖိုလ်ကို ကောက်ရမည်ဟု ဖွင့်လိုရင်း ဖြစ်သောကြောင့် လည်းကောင်း၊

'ဝေဒါနံ ဝါ အန္တန္တိ မဂ္ဂဉာဏာနံ ဝါ အန္တဘူတံ အရဟတ္တဖလံ'

ဟု ရှိမှ ဋီကာဆရာ ဖွင့်လိုရင်းအနက်သို့ **ကျရောက်မည်** ဖြစ်ပါသည်။

၈၃။ အောက်ဆုံးကြောင်း၌–

နှ ကာလံ ကေန္တော ဟု ပါဌ်ပျက်လျက်ရှိ၏၊ အမှန်မှာ–

'နှ သဗ္ဗကာလံ ကေတော'

ရှိရမည်၊ မှန်၏၊ **အခါခပ်သိမ်းပင်** **အချိန်မရွေးပင်** တပေါင်းတည်း ဉေယျတရားတို့ကို သိသောကြောင့် သဗ္ဗညုမည်သည် မဟုတ် ဟု ရှေးဆိုပြီးဝါကျ၏ ဗျတိ ရေကကိုပြသော ဝါကျဖြစ်သည်၊ ထို့ကြောင့် **နှ သဗ္ဗ ကာလံ ကေတော**ပါဌ်သာ ဋီကာဆရာ ရေးရင်းစွဲပါဌ် ဖြစ်၏။

၈၃။ ကြောင်းရေ-၁၇ ၌၊

အာဇာနိယသတီတိ သစေ (နှ နိဋ္ဌာနမကာသု ဓမ္မ သင်္ဂါဟကာ တေ ဝိနယက္ကမညာ) အဟံ ဒေသေယျံ၊ ပဋိဝိဇ္ဈိဿတီတိ အဓိပ္ပာယော ဟု (........)ကွင်းအတွင်း ပါဌ် မစပ်မဟပ် ပါရှိနေပါသည်။

'အာဇာနိဿတီတိ သစေ ဒေသေယျံ
ပဋိဝိဇ္ဈိဿတီတိ အဓိပ္ပာယော'၊

ပါဠိသာ အမှန်ဖြစ်သည်ဟု စဉ်းစားမိပါသည်။ အထက်ဖော်ပြရာပါ ကွင်းအတွင်းပါဠိကား ယခု စာကြောင်းမှ အထက် ၇-ကြောင်းမြောက်၌၊

အာဟရိတွာ ပန ဒီပေတဗ္ဗာနိ

ဟူသော ပါဠိ၏တွဲဖက်ဖြစ်သည်ဟု ယူဆပါ၏၊ အနည်းငယ် ရှင်းလိုပါသည်၊ ဤအခန်းမှာပင် တေရသကဏ္ဍဋီကာ၌

အာဟရိတွာ ပန ဒီပေတဗ္ဗာနီတိ အဋ္ဌကထာယံ ပကာသိတာနိ=

ဟု ကျမ်းကို ပမာနထား၍ ဖွင့်သည်။

## ဝိနယ၊ ဝဇီရဗုဒ္ဓိဋီကာ၊ မဟာဝါအဖွင့်

ဤဝဇိရဗုဒ္ဓိ ဋီကာ၌ကား–

အာဟရိတွာ ပန ဒီပေတဗ္ဗာနီတိ သန္နိဋ္ဌာန မကာသု ဓမ္မသင်္ဂါဟကာ ယေ တေ ဝိနယက္ကမညာ

ဟု ပုဂ္ဂိုလ်ကို ပမာနထား၍၊ (ဝါ–ပထမသံဂီတိမှူး မဟာကဿပ မထေရ်တို့ကို ပမာနထား၍) ရေးသားခြင်း။ သို့အတွက် ဒဋ္ဌိကရဏာ ပေးသောအားဖြင့်

ဓမ္မသင်္ဂါဟကာ ယေ တေ ဝိနယက္ကမညာ

ဟု ရေးခြင်းဖြစ်သည်ဟု ယူဆမိပါသည်။ ထိုသို့ သူ့နေရာနှင့်သူ ထားမှသာ ဤပါဠိ အကျိုး ရှိရပါမည်။ သို့မဟုတ် ယခုလက်ရှိ အတိုင်းဆိုလျှင် ဋီကာဆရာကြီးသည် 'ကုသလာ ရူပံ စက္ခုမာ' ဟူဘိသို့ မစပ်စကားရေးသားရာ ကျပါမည်။သို့မဟုတ်လျှင်လည်း စာမျက်နှာ

၉၉၊ ဟောတိ စေတ္တ၏ နောက် ပြဆိုအပ်သော ကျမ်းဆရာ၏ လက်စွမ်း ဂါထာ ၂-ပါးထွင် ပထမဂါထာ (နောက်ထက်ဝက်) က ပါဠိတို့ကို စာရေးများ အကူးမှားခဲ့သည်ကို မဖျက်ဝံ့ မပြင်ဝံ့သဖြင့် နောက်ဆရာတို့ ပါဠ်ရှိတိုင်း ထားခဲ့ဟန် တူပါသည်။ ၎င်းဂါထာများကိုလည်း လှမ်း၍ ကြည့်ရှုကြပါဦး၊ ထိုကဲ့သို့ အကူးမှားသော ပါဠိဖြစ်က ထိုပါဠိ 'နိဋ္ဌာနမကံသု၊ ဓမ္မသံဂါ ဟကာ တေ ဝိနယက္ကမည္ဈ' ပါဠ်ကို ပယ်ဖျက်ရပါမည်၊ ပယ်ခြင်းက ကောင်းပါသည်။

၈၉။ ကြောင်းရေ=၂၇ ၌

မမ္မစက္ခုန္တိ တွေ....ဟု သံဝဏ္ဏောတဗ္ဗပါဠိ ပျက်လျက်ရှိ၏။

မမ္မစက္ကောတိ ပဋ္ဌိဝေဓဉာဏဉ္စ ဒေသနာဉာဏဉ္စ
ပဝတ္တနဋ္ဌေန မမ္မက္ကံ (တေရသကဏ်။) ထိုအတူ
ဖွင့်သော ဝိမတိဋီကာတို့ကို ထောက်၍ ဤသို့လည်း

မမ္မစက္ကန္တိ တွေ ဒေသနာဉာဏံ အဓိပ္ပေတံ၊ ပဋ္ဌိ
ဝေဓဉာဏဉ္စ လဗ္ဘတေဝ

ပါဠိသာ အမှန်ဖြစ်ပါ၏။ (ဓမ္မစက္ကဆိုလျှင် ဒေသနာဉာဏ် ပဋ္ဌိဝေဓဉာဏ်ကို ရသည်၊ ဓမ္မစက္ခု ဆိုလျှင် မဂ်ဉာဏ်ကို ရသည်။)

## ဝဝိနယ ဋီ ရဟုဒ္ဒိ မဟာဝါအဖွင့်

၁၃၄၊ ကြောင်းရေ—၁၂ ၌၊

ဝဒတိ ဃဋ္ဌမတ္တာ က္လတိ ဟိ လက္ခဏံ ဟူသော ပါဠိသည် လက်ရှိပါဠိ အချိုးအစားဖြင့် ထောက်ထားက

အနက်မရှိသကဲ့သို့ ဖြစ်နေပါသည်။ (ပုဒ်တစ်ခုခု၏ အဆုံးအဖြတ်နှင့် စပ်၍ သက္ကတသုတ်ကို ကိုးကားလိုက်ခြင်းလော....ဟုသာ တွေးရပါသည်။)

၁၄၄၊ ကြောင်းရေ-၁၃ ၌၊

အနူဇာနာမိ ဘိက္ခဝေ သံဃကရဏီယေန ဂန္တုံ
သတ္တာဟံ သံနိဝတ္တော ကာတဗ္ဗောတိ ဝစနတော မှ
တသ္မာ ဥပပရိက္ခိတဗ္ဗံ-တိုင်အောင်သော ပါဠိရပ်ကို
ဖင်းမျက်နှာ ကြောင်းရေ ၁၊

တီဏိ ပရိဟီနာနီတိ တာသံ နတ္ထိတာယ ဟူသော ပါဠိ၏နောက်သို့ ပို့ဆောင်ရပါမည်။ ထိုသို့ပို့ဆောင်မှသာ ဋီကာစကားရပ်များ ကမစ္ဆုတ ဒေါသလွတ်ပါမည်။ မှန်၏၊

အနူဇာနာမိ ဘိက္ခဝေ သံဃကရဏီယေန ဂန္တုံ၊ သတ္တာဟံ သံနိဝတ္တော ကာတဗ္ဗောတိ ဝစနတော.... မှ

ဥပပရိက္ခိတဗ္ဗံ-တိုင် စကားရပ်မှာ ပါဠိ ဝိမုတ္တကရတ္တိစ္ဆေဒ ဝိနိစ္ဆယမှ ရှေးဦး ရှိရပါမည်။ အဋ္ဌကထာ၌ သံဃကရဏီယေန ဂန္တုံ စသည်၏ အဖွင့်ပြီးမှ ပါဠိဝိမုတ္တက ရတ္တိစ္ဆေဒဝိနယ လာပါသည်။ ထို့ကြောင့် ဝဇိရဗုဒ္ဓိ လက်ရှိဋီကာပါဌ်၌ ပါဠိအနေအထား ရှေ့နောက် ပြန်နေပါသည်။ အထက်ပါအတိုင်း ကမစ္ဆုတ ဒေါသလွတ်အောင် သူ့နေရာသို့ သူ့ကို ပို့ပေးပါ။ ဘာဝတွေ ဩတျယံ့ ဤပါဠိကား ဘာဝအနက်၌ တ

ပစ္စည်း သက်သည်ကို ပြသော သက္ကတသုတ်ကိုပြသော ပါဠိဖြစ်ပါသည်။ ဆိုင်ရာ သက္ကတ ကျမ်းကျင်သူများဖြင့် ထိုသုတ်ကို ရှာပါဦး။

ဝဇီရဗုဒ္ဓိဋီကာ ဝိသောဓနီ ပြီးပါပြီ။

❀

## ဝိနယ၊ ဝေရသကဏ်၊ မဟာဝါအဖွင့်

၁၀။ ကြောင်းရေ-၄ နှ

ကဏှော ဝိယ သူပူတ ပုတ္တသညီ
(ဘုတ်မူ ဝေရသကဏ်)

ကဏှော ဝိယ သူတ ပုတ္တသညီ
(ဘုတ်မူ ပဏ္ဏာသ ဋီကာ)

ကဏှော ဝိယ သူတ ပုတ္တသညီ
(ပေမူ ပဏ္ဏာသဋီကာ)

မူလပဏ္ဏာသ အဋ္ဌကထာနှင့် ဋီကာ (သဗ္ဗာသဝသုတ် အဖွင့်)တို့ကို ရောစပ်၍ရေးသော ပါဠိဖြစ်ပါသည်။ ပါဠိ အနေမှာ သုံးထွေကွဲပြား ရှိနေရာဝယ် 'ခတ္တိယော ဝ သမာနော အတ္တနော ခတ္တိယဘာဝံ ကန်တိ' ဟူသော ဥပမေယျ ဝါကျ၏- 'မင်းဇာတ်ရှိသူဖြစ်လျက် မင်း အဖြစ်ကို ယုံမှားသော' ဥပမာနကို ပြသောအရာ ဖြစ် သည်၊ တိ သနိပါတ်၊ ဇယဒိသ ဇာတ်လာ ဘုရား

အလောင်း အလိနသတ္တုမင်းသား၏ (ဓမ္မကထာဖြင့် ပဋိသန္ဓေတည်၍ ရသေ့ဖြစ်သွားသော မိမိကိုယ်ကို ဘီလူး၏ သားဟု ထင်မှတ်နေသော) ဘကြီးတော် (မွေးဖွားစက ပင် ဘီလူးမ ဖမ်းသွားသဖြင့် အမည်ထူးမရှိ ဘီလူးစိတ် ဘီလူးရောင် နက်မှောင်နေသော) ကဏှ မင်း သား ကို ဥပမာပေးခြင်းဖြစ်သည်။ ထို့ကြောင့် 'ကဏှော ဘူတ ပုတ္တသညီ' ဟူသော ပေမူပါဋ္ဌိသာ အသင့်ဖြစ်ပါသည်။ ဘူဘပုတ္တသညီ=မိမိကိုယ်ကိုဘီလူးသားဟုအမှတ်ရှိသော။ ကဏှော ဝိယ=ဘုရားအလောင်း အလိနသတ္တုမင်းသား ၏ဘကြီးတော် ဇယဒိသမင်းကြီး၏ နောင်တော် ကဏှ မင်းသားကဲ့သို့ဟု အနက် ပေးရပါမည်။

၂၃။ ကြောင်းရေ-၅။

ယေ သန္ဓာယ ဝုတ္တံ-၏ နောက်၌
'ကတမေ တေ သတ္တာ အဘဗ္ဗာ'

ဟူသော ပုစ္ဆာဝါကျတစ်ခု ကျနေပါသည်။ ထည့်၍ ရိုက် ပါ။ မှန်၏။ ဤဋီကာ၏မှီရာ မူလပဏ္ဏာသ အဋ္ဌကထာ ဒုတိယအုပ် မျက်နှာ-၈၁၊ပါသရာသိသုတ်အဖွင့်၌ ထိုပုစ္ဆာ ဝါကျ တိုက်ရိုက်ပင် ပါရှိပါသည်။ ဋီကာရှင်ကြီးသည် ဤဗြဟ္မယာစနအခန်း၌ အထက်ဖော်ပြရာပါ ပဏ္ဏာသ အဋ္ဌကထာ ဋီကာတို့မှ ယူ၍ အကျယ်ဖွင့်တော်မူပါသည်။ ထို့ကြောင့် ပဏ္ဏာသ အဋ္ဌကထာအတိုင်း ပုစ္ဆာဝါကျ ပါရှိရပါမည်။

❀

၁၃၄။ ကြောင်းရေ-၁၁ ၌

ပုန နိဗ္ဗေမတိကော ဟုတ္တွာ ဒေသေတဗ္ဗံ၊ န စာတိ ပါဠိပျက်လျက် ရှိပါ၏။ အမှန်မှာ

'ပုန နိဗ္ဗေမတိကောဟုတွာ ဒေသေတဗ္ဗ ဝါ န ဝါတိ နေဝ ပါဠိယံ န အဋ္ဌကထာယံ အတ္ထိ။'

ပါဠိသာ အမှန်တည်း။ ဝါကျတစ်ခုလုံး ပိဏ္ဍတ္ထ ဆိုလိုရင်းမှာ

အဟံ အာဝုသော။ ပ။ ပါတိမောက္ခံ သောတဗ္ဗံ။ ငါသည် ဤမည်သောအာပတ်၌ ယုံမှားပါသည်၊ အကြင် အခါ၌ ယုံမှားကင်းအံ့၊ ထိုအခါ၌ ထိုအာပတ်ကို ကုစား ပါအံ့ဟု ဆိုပြီးလျှင်ဥပုသ်ပြုရမည်၊ ပါတိမောက်ကိုကြား နာရမည်။

ဟုဟောတော်မူခြင်းကြောင့် နိဗ္ဗေမတိက မဖြစ်သေးသမျှ သဘာဂအာပတ်ကို မခံကောင်း၊ တစ်ပါးသောကံတို့၏ အတွက်လည်း ပရိသုဒ္ဓပင် မည်၏။ တစ်ဖန် နိဗ္ဗေမတိက ဖြစ်ပြီးနောက် ဒေသနာကြားရမည်ဟု လည်းကောင်း၊ မကြားအပ်ဟု လည်းကောင်း၊ ပါဠိတော်၌ လည်း ကောင်း၊ အဋ္ဌကထာ၌လည်းကောင်း မရှိ၊သို့သော်လည်း ဒေသနာတော်ကား အာပတ်မသင့် အပြစ်မရှိပါဟု ဆိုလိုရင်းဖြစ်သောကြောင့်....

ဒေသေတဗ္ဗံ ဝါ န ဝါတိ နေဝ ပါဠိယံ န အဋ္ဌ ထထာယံ အတ္ထိ-

သာ ပါဠိအမှန်ဖြစ်ပါသည်။

၁၄၈။ စမ္မကန္တကအဖွင့်၊ ကြောင်းရေ-၂၆ ၌

ဒွေ တိဿော-ဟုရှိ၏။ ရဟန်းတော် ၂-ပါး ၃-ပါး ကို ဆိုလိုသောအရာ ဖြစ်သောကြောင့် 'ဒွေ တယော' ပါဠိသာ သင့်၏။

၁၄၉။ ၈ကြောင်းရေ=၂၇ ၌

ဒဿနဗျာဝဋ္ဋဿ ဇနဿ သမ္ဘဝတော ရှိ၏။

'ဒဿနဗျာဝဋ္ဋဿ ဇနဿ သဗ္ဗဘာဂတော ပဿာဒါဝဟံ' ပါဠိသာ အမှန်ဖြစ်၏။ ဥဒါန်း အဋ္ဌကထာ၌ ထို အတိုင်း ဖွင့်သောကြောင့်တည်း။ ဥဒါန်း အဋ္ဌကထာ မျက်နှာ—၃၊ ဗောဓိဝဂ် ဒသမသုတ်အဖွင့်၌ ထိုပုဒ်တို့၏ အဖွင့် ပါ!ပါသည်။

၁၅၀။ ကြောင်းရေ—၃ ၌

'ဥတ္တမဒမကဿမထာပတ္တိ' ဟု စာပျက်လျက် ရှိ၏၊

'ဥတ္တမဒမထဿမထ မနုပ္ပတ္တဿ' ပါဠိသာ မှန်၏။

ရင်းမျက်နှာ ကြောင်းရေ-၉ ၌

'အပဋိသင်္ခါကေ္ခာ ကား—ပါဠိပျက်၊ အပဋိသင်္ခါ နုပေက္ခာ ဘာဝတော' သာ ပါဠိမှန်တည်း။

**ဝိနယ၊ မဟာဝါအဋ္ဌကထာ အဖွင့်၊ တေရသကဏ်**

၁၅၀။ ကြောင်းရေ—၈၊ ၌၊

'သန္တိန္ဒြိယံ'ဟု ပါဠိပျက်နေသည်၊

'ယတိန္ဒြိယံ' ပါဠိသာမှန်၏၊ သန္တိန္ဒြိယံ ကိုကား ရှေးက ဖွင့်ပြီးဖြစ်သောကြောင့်တည်း။

ၺင်းမျက်နှာ ကြောင်းရေ-၁၀ ကြောင်းမြောက်၌၊

'အာဘုယ'ဟု ပါဠိပျက်နေ၏၊ 'အာဂုယ'ပါဠိသာ မှန်၏၊ 'အဒဂုံ န ကရောတိတိ နာဂေါ'ဟူသော ဝိဂြိုဟ်ကို ပြလိုရင်းဖြစ်သောကြောင့်တည်း။ 'အာဂုယံ'ဟူ၍သာ ဥဒါန်းအဋ္ဌကထာ၌ ရှိပါသည်။

စမ္မက္ခန္ဓက ပြီးပါပြီ။

❀

ဤမှ နောက် ဋီကာ ရှင်ကြီးတို့သည် အဋ္ဌကထာ မဖွင့်သော သုတ္တန်နှင့် ဆိုင်ရာ ပါဠိရပ်တို့၌ 'ထိုထိုသုတ် အဋ္ဌကထာ ဋီကာတို့မှ' ယူ၍ ဖွင့်သည်ကသာ များပါသည်။ ထို့ကြောင့် ထိုသုတ္တန်နှင့် စပ်သော အရာတို့၌ ဋီကာရှင်၏ မှီရာ သုတ် အဋ္ဌကထာ ဋီကာတို့ကို ကြည့်ရှုသုတ်သင်ပါသည်။

အထူးသဖြင့် ကောသမ္ဗကက္ခန္ဓ၊ ပါလိလေယျကဝတ္ထု၌ ဥဒါန်း အဋ္ဌကထာမှ ယူ၍ဖွင့်သည်။ ပါစိနဝံသဒါယဝတ္ထု၌ မူလပဏ္ဏာသအဋ္ဌကထာ ဒုတိယအုပ် (စူဠဂေါသိင်္ဂသုတ်) အဋ္ဌကထာမှ ယူဖွင့်သည်။ ထို့ကြောင့် ထို ၂-ဝတ္ထုတို့၌ ထိုအဋ္ဌကထာ ၂ အုပ်နှင့် တိုက်ဆိုင်သုတ်သင်လိုက်သည်။

တေရသကဏ် ဋီကာ ပြီးပါပြီ။

❀

၇၉။ ကြောင်းရေ-၂၇ ၌၊

သော အဟံ အရောဂေါ ဘဝိဿာမိတိ အတ္ထော။

သော အဟံ အရောဂေါ ဝိဗ္ဘမိဿာမိ တိ အတ္ထော။

ဟု ပါဠိနှစ်ထွေ ကွဲပြားရှိနေရာဝယ် 'သောမှ'၌ 'အမှ' သဒ္ဒါ၏ အနာဂတ်ဟောကို သိစေလိုသောကြောင့် လည်းကောင်း၊ 'ဝိဗ္ဘမိဿာမိ' ဟူသော ပဓာန ကိရိယာဖြင့် ယှဉ်၍ ပြလိုသော အာဘော် ရှိသောကြောင့် လည်းကောင်း၊

'သော အဟံ အရောဂေါ ဘဝိဿာမိ ဝိဗ္ဘမိဿာမိ
တိ အတ္ထော'

သာ ဋီကာဆရာ ဖွင့်ရင်း ရေးသားရင်း ဖြစ်ပါသည်။ မူကွဲနှစ်ရပ်၌ ကိရိယာတစ်ပုဒ်စီ ကျနေခြင်း ဖြစ်ပါသည်။

၈၄။ ကြောင်းရေ=၃ ၌

ဝိမတိ ဋီကာရှင်၏ လက်ကိုင်ပေမူ၌ အဋ္ဌကထာ (သာဓု ဘန္တေ အယျာ စသော စကား၏အဖွင့်) ဝယ် 'အတ္တနော ပိတရာ ပုတ္တော' ဟု ပါဠိပျက်လျက် ရှိဟန်တူပါ၏။ ထို့ကြောင့်ပင်

'အတ္တနော ပိတရာတိ ဘဂဝန္တံ သန္ဓာယ ဝဒတိ၊ ပုတ္တောတိ ရာဟုလံ'

ဟု ဖွင့်ခြင်း ဖြစ်သည်။ ပါဠိပျက်ကို မစိစစ်ဘဲ ဖွင့်ခြင်း တည်း။ ယခု လက်ရှိမူ အရပ်ရပ်၌ကား....

'သော ကိရ စိန္တေသိ ယတြ ဟိ နာမ အဟမ္ပိ
ဗုဒ္ဓမာမကော ဓမ္မမာမကော သံဃမာမကော
သမာနော အတ္တနော ပိယတရပုတ္တော'

ဟု မူမှန်ပါဠိ ရှိနေပြီ။

သံဝဏ္ဏေတဗ္ဗ ရှာ၍ လွယ်ကူရန် ညွှန်ကြားပါသည်။

၂၀၅။ ဥပေါသထက္ခန္ဓက အဖွင့် အစ
စာရွက် အောက်ဆုံးကြောင်း၌၊

ပုဗ္ဗေ အဝိဇ္ဇမာနံ ပညာပေသီတိ ဟူသောပါဠိသည် သံဝဏ္ဏေတဗ္ဗကို ပြသော ပါဠိမဟုတ်ပါ။ 'ထိုပါဠိ အဋ္ဌကထာ၌ မရှိပါ'။ စင်စစ်ကား 'ပဌမ ပါတိမောက္ခုဒ္ဒေသံ ဒဿေတိ ဟူသော အဋ္ဌကထာကို'

'နိဒါနုဒ္ဒေသံ ဒဿေတိ'

ဟု သာမည ဖွင့်ပြီးလျှင် ထပ်၍ အဓိပ္ပာယ်ဖွင့်သော ပါဠိ ဖြစ်ပါသည်။ မှန်၏။ နိဒါနုဒ္ဒေသကား ရှေး၌ မပြခဲ့။ မဟောခဲ့ရသေးသဖြင့် ရှေးက မရှိသေးသော ဥဒ္ဒေသ ဖြစ်သည်။ ထို့ကြောင့်ပင် 'န ကေဝလဉ္စ တံ' စသည်ဖြင့် ရှေးက ပြပြီး ရှိပြီးကို့နှင့်တကွ ၎င်းကို ပါတိမောက္ခုဒ္ဒေသဉ္ဟု ဟောကြောင်း ဆက်၍ ဖွင့်သည်။

၁၅၂။ ကြောင်းရေ=၃ ၌၊

လက်ရှိစာအုပ်ဝယ် ပါဠိယံ သံယမဿာတိ သင်္ဂဟ-
နဿ အဝိဿဇ္ဇနဿ ရောဂဿာတိ အတ္ထော။

ဟု အထက်ကြောင်းက 'ရောဂဿ' သဒ္ဒါ လျှောကျလာ ဟန် တူပါ၏။ အမှန်မှာ....

'ပါဠိယံ သံယမသောတိ သင်္ကေတ္မာနသ အဝိသဇ္ဇန-သောတိ အတ္ထော။ ယော သညမော သော ဝိနာ-သောတိအာဒိသု ဝိယ။'

သာ ပါဠိမှန် ဖြစ်ပါသည်။ အနည်းငယ် ရှင်းလိုပါသည်။ ပေတဝတ္ထုပါဠိတော်၊ ၂-ဥဗ္ဗရိဝဂ်၊ သတ္တမမြောက် မနပါလသေဋ္ဌိပေတဝတ္ထု၊ ၁၁ ခု မြောက် ဂါထာ။

ယော သံယမော သော ဝိနာသော၊
ယော ဝိနာသော သော သံယမော။
ပေတာ တိ ကိရ ဇာနန္တိ၊
ယော သံယမော သော ဝိနာသော။

ဟူသော ဂါထာ၌ 'သံယမ'သဒ္ဒါသည်(ပစ္စည်းကို)သိမ်းဆည်းခြင်းအနက်ကို ဟော၏-သို့ 'ဥပဇာနာ မေတာသ သံယမသ' ဟူသော ပါဠိတော်၌လည်း သံယမသဒ္ဒါသည် 'သံဂဏှာန=ပစ္စည်းကိုသိမ်းဆည်းခြင်း' အနက်ကို ဟော၏။

သံဂဏှာန ဟူသည် မစွန့်ပစ်ခြင်းပင်တည်းဟု ပြလို၍
ပါဠိယံ သံယမသောတိ သင်္ကေတ္မာနသ၊ အဝိသဇ္ဇနသောတိ အတ္ထော။ ယေန သံယမော သော ဝိနာ-သောတိ အာဒိသု ဝိယ-
ဟု ဖွင့်ခြင်း ဖြစ်ပါသည်။

**အမှာ။** ။လက်ရှိ ဋီကာ ပါဠိရပ်များဝယ် ပိုဒ်ကြီးခြားခြင်း၊ စာကြောင်းခြားခြင်း အလျဉ်းပင်မရှိဘဲ

ငါးပိသိပ်၊ ငါးချဉ်သိပ် ရိုက်နှိပ်၍ ထားသော
ကြောင့် ပါဠိတော်ကို သေချာ စေ့စပ်စွာ
ကြည့်၍ (ပါရာ ဂရပ်)ခေါ် အဖြတ်ကြီးများ
ကို ကြီးစွာသောလုံ့လဖြင့် ဖြတ်၍ ပေးလိုက်
ပါသည်။ ရုတ်တရက် စွန့်ပစ်ခြင်းကို မပြုမိရန်
သတိပြုကြပါမည့် အကြောင်း။

ဝိမတိဝိနောဒနီဋီကာ ဝိသောဓနေ ပြီးပါပြီ။

မင်းကွန်းပါဠိဝိသောဓနေအဖွဲ့၊
၁၅။ ၀။ ဆို။ ကျော်။ ၁၄-ရက်။

❀

ဝိနယပိဋက မြန်မာပြန် မဟာဝဂ္ဂ
ပြင်ဆင်ချက်
ပထမ မှ ပဉ္စမဘာဏဝါရ အထိ

**ဝိနယပိဋက မြန်မာပြန် မဟာဝဂ္ဂ ပြင်ဆင်ချက်**

(ပ၊ ဘာဏဝါရ)

ကာမစ္ဆန္ဒက္လဏာယ အဘာဝတော အဏဏောတိ ပေဒိတဗ္ဗော- ဟူသော တေရသကဏ်နှင့် မူလပဏ္ဏာသ အဋ္ဌကထာ၊ ကာမစ္ဆန္ဒကို မြီကြွေးနှင့် ဥပမာပြသော သီလက္ခန် သာမညဖလသုတ်တို့နှင့် ညီညွတ်စွာ 'ကာမစ္ဆန္ဒ ကြွေး' ကင်းဝေးတော်မူသော မြတ်စွာဘုရားဟု မြန်မာ ပြန်သင့်ပါသည်။ ။

နောက်၌လည်း ၎င်းနည်း။

စာမျက်နှာ-၃၁၊ ကြောင်းရေ-၉၊

ပဒက္ခိဏံ ကတွာ-ကို အရိုအသေပြုပြီးလျှင်ဟု မြန်မာပြန်ထားသည်။

နိဿယ အစောင်စောင်၌ပင် လက်ယာရစ်လည်သည်ကို ပြု၍-ဟု ပြန်ဆိုသောကြောင့် ထိုရှေးနိဿယတို့အတိုင်းသာ 'လက်ယာရစ်လည်သည်ကို ပြု၍' ဟု ပြန်ဆိုမှ အရိုအသေပြုမှု ဟူသော အနက်လည်း ပါဝင်၍ သာလွန်လေးနက်ပါမည်။

စာမျက်နှာ-၅၁၊ ကြောင်းရေ-၁၃ ၌၊

ရှင်ကောဏ္ဍည၏ ဧဟိ-ဘိက္ခု ရဟန်းအဖြစ်ကိုပြသော 'ဧဟိ ဘိက္ခုတိ ဘဂဝါ အဝေါစ' စသော ၂ ဝါကျ၏ မြန်မာပြန် ကျနေသည်။ ပြန်၍ထည့်ပါ။ ။

စာမျက်နှာ-၅၅၊ ကြောင်းရေ-၁၉ ၌၊

ဝိမုတ္တသ္မိံ ဝိမုတ္တမိတိ ဉာဏံ ဟောတိ ဟူသော ပါဌ်မှားအတိုင်း မြန်မာ ပြန်ထားပါသည်။

'ဝိမုတ္တမိတိ ဉာဏံ ဟောတိ'-သာ ပါဌ်မှန်ဖြစ်သည်။ ထိုပါဌ်အတိုင်းသာလျှင်၊ 'ကိလေသာတို့မှ လွတ်ပြီးသော ဖိုလ်၌ ကိလေသာတို့မှ လွတ်ပြီဟု သိသော (ပစ္စဝေက္ခဏာ)ဉာဏ်သည် ဖြစ်၏'ဟု အမှန်ပြန်ဆိုရပါမည်။ ။

ပထမဘာဏဝါရ၏- အဆုံး၌ 'တေန ခေါ ပန သမယေန ဆ လောကေ အရဟန္တော ဟောန္တိ-ဟူသော ပါဌ်၏ မြန်မာပြန် ကျနေသည်။' ထည့်ပါ။

(ဒုတိယဘာဏဝါရ)

စာမျက်နှာ-၁၆၊ ကြောင်းရေ-၁၃၊

**နှ** ဟိ နူန သော ဩရကော **ဓမ္မဝိနယော** ၏ မြန်မာပြန်၌၊ **ဓမ္မဝိနယော** ကို ထိုတရားနှင့် ဝိနည်းသည်ဟု ဒွန္ဒသမာသ်ံ ပြန်ဆိုထားသည်။ နိဿယ၌လည်း ဓမ္မနှင့် ဝိနည်းသည်-ဟု ပြန်သည်။

ဤ ဓမ္မဝိနယပုဒ်ကို ဤဝိနည်း အဋ္ဌကထာ ဋီကာတို့၌ မဖွင့်သော်လည်း ဣတိဝုတ် အဋ္ဌကထာ၊ တိကနိပါတ်၊ စတုတ္ထဝဂ် စတုတ္ထသုတ်အဖွင့်၊ စာမျက်နှာ ၂၅၀၊ ကြည့်ပါ။ ဓမ္မဝိနယ၏ ဝစနတ္ထ ၇-နည်း ပြလျက် ရှိပါသည်။ ဒွန္ဒသမာသ်ံ တစ်နည်းမျှ မရှိပါ။ ကမ္မဓာရယ်နှင့် တပ္ပုရိသ် ၆-နည်းသာ ပြသည်။ ထို၌ကဲ့သို့ 'ဤ၌လည်း ဓမ္မဝိနယသဒ္ဒါ ပိဋကတ်ဟော မဟုတ်' သာသနာတော်ဟောသာ ဖြစ်သောကြောင့် 'တရားသဖြင့် ဆုံးမရာ သာသနာတော်သည်' ဟုသာ ထိမိအောင် မြန်မာပြန်သင့်သည်။

**ဝိနယပိဋက မြန်မာပြန် မဟာဝဂ္ဂ ပြင်ဆင်ချက်**

(တတိယဘာဏဝါရ)

စာမျက်နှာ-၃၈၊ ကြောင်းရေ-၃၊

ဥဘိန္နံ သဇောတိဘူတာနံ-ကို အလျှံနှင့်တကွ ဖြစ်ကုန်သော မီးနှစ်ခုတို့ တောက်ကုန်သည်ရှိသော်ဟု ဥဘော-အရ မီးကိုစွဲ၍ (နိဿယ မြန်မာပြန်တို့၌) ပြန်ဆိုထား

ကြသည်။ 'ဘုရားနှင့်နဂါး နှစ်ဦးသားတို့ အလျှံလွှတ်ကုန်သည်ရှိသော်-ဟု ပြန်သင့်သည်။

(စတုတ္ထဘာဏဝါရ)

စာမျက်နှာ-၂၃၊ ကြောင်းရေ-၇ ၌၊

ဆင့္မှုအရ–

အထ ခွာဟံ အာဝုသော အသဃဇိ ဘိက္ခုံ စောဒဝေါစံ၊ ဟောတု အာဝုသော-ဟူသော ဝါကျအရ....

'ငါ့ရှင် ထိုအခါ ငါသည် အသဃဇိရဟန်းကို ဤစကားကို ဆို၏၊ ငါ့ရှင် ရှိပါစေတော့-ဟူသော မြန်မာပြန် တစ်ဝါကျ ကျကျန်နေသည်။' ထည့်ပါ။ ထိုဝါကျ အချို့ ရှေးမူ ယိုးဒယားမူတို့၌ မပါ။ မပါရှိသော်လည်း ပါသင့်ကြောင်း မဟာဝါ ပဋိဝိသောတကေ မှတ်ချက်၌ အကျယ် ရှိပါသည်။

(ပဉ္စမဘာဏဝါရ)

စာမျက်နှာ–၁၀၊ ကြောင်းရေ–၁၁ ၌၊

ပါရတော အန္တံ၊ ဩရတော ဘောဂံ ကတွာ-ကို နိဿယနှင့် မြန်မာပြန်တို့၌ 'ထိုမှာဘက်မှ အစွန်းကို ဤမှာဘက်မှ အခွေကို ပြု၍'-ဟု ပြန်ဆိုကြသည်။ အဓိပ္ပာယ် မပေါ်လွင်သည့်အပြင် အစွန်းကိုငင် အခွေ ပြုရမည်ကဲ့သို့ ယူမှတ်မှားမည်ကို စိုးရပါသည်။

ဆိုလိုရင်းမှာ အမြင်ရရှုပ်ပွေသော အစွန်းနှစ်ဘက် စုံရာကို လူမမြင်မည့် ထိုမှာဘက်၌ထား၊ အမြင်ရ ရှင်း

သော အခွေဘက်ကို လူမြင်ရာ ဤမှာဘက်၌ ထားဟု ဆိုလိုသည်။ ထို့ကြောင့်....

'ထိုမှာဘက်၌ အစွန်းကို (ထားသည်ကို) ပြု၍၊ ဤမှာ ဘက်၌ အခွေကို (ထားသည်ကို) ပြု၍-ဟုသာ ပြန်သင့် ပါသည်။

**စာမျက်နှာ ၁၈၊ ကြောင်းရေ-၆ ၌**

နီစံ ကတွာ ကို ရိုရိုသေသေပြု၍ ဟု နိဿယသို့ လိုက်၍ မြန်မာပြန်ထားသည်။

'သာဓုကံ-ဟူသော နောက်ပုဒ်ဖြင့်ပင် ရိုသေမှု ဟူသော အနက် ပြီးသောကြောင့် နီစံ ကတွာကို 'နှိမ့်သည်ကို ပြု၍ ဟုသာ ပြန်ဆိုသင့်ပါသည်။' မတော်တဆ လွတ်၍ ကျသော်မှ မပွန်းပဲ့အောင် နှိမ့်၍ ထုတ်ရသွင်းရမည်ဟု ဆိုလိုသည်။

နောက်၌လည်း ဤနည်းပင်။

**ပဌမ ဘာဏဝါရ ပြီး၏။**

❀

## ၁၃၁၅ ခုနှစ်၊ ပြာသိုလဆန်း ၁း-ရက်၊
## တိပိဋကဘာစရေ၏ အမျှဝေ

# စကားစဉ်

ယခု စည်းဝေးကြွရောက် ချီးမြှောက်တော်မူကြသည့် နာယက ဆရာတော်ဘုရားကြီးများ အမှူးရှိသည့် ဆရာတော် သံဃာတော်အရှင်မြတ်တို့နှင့်တကွ၊ ဓမ္မဂုဏ်ဂါဟက တရားနာ ဥပါသကာ + ဥပါသိကာ သူတော်စင် အပေါင်းတို့အား ဘုရားတပည့်တော် တိပိဋကဓရ အမျှ မပေးဝေမီ အနည်းငယ်ခန့် လျှောက်ထား လိုပါသည် ဘုရား။

အချိန်သည်ကား:- ၁၃၁၀ ခုနှစ်၊ တပို့တွဲလဆန်း ၆ ရက်နေ့ နံနက် ၇-နာရီအချိန် ဖြစ်ပါသည်ဘုရား။ ကိစ္စ ကား ပြည်ထောင်စု မြန်မာနိုင်ငံတော် လွတ်လပ်ပြီးစ ပထမနှစ်၌ ပထမဆုံးအကြိမ် ကျင်းပသည့် တိပိဋကဓရ ရွေးချယ်ပွဲ အခမ်းအနားကို ထိုစဉ်က နိုင်ငံတော်သမ္မတ ကြီးက ဖွင့်လှစ်သည့် အခမ်းအနား ဖြစ်ပါသည်ဘုရား။

တပည့်တော်များ၏ သာသနာတော်အတွက် ဗြိတိသျှ ခေတ်က အခြေအနေကို တပည့်တော်များ ဉာဏ်မီသ လောက် တွေးတောကြည့်ရှုသော အခါမှာ ထိုခေတ်က

တပည့်တော်တို့၏ ဗုဒ္ဓမြတ်စွာ သာသနာတော်ကြီးကို မော်၍ မကြည့်ကြပဲ ငုံ့၍ ကြည့်ကြသဖြင့် တပည့်တော်တို့၏ သာသနာတော်သည် ထိုစဉ်အခါက ပုလိပ်၏ မျက်စိအောက်၌ ရောက်ရှိနေသည်ကို တွေ့ရပါသည် ဘုရား။

လွတ်လပ်ပြီးစ ပြည်ထောင်စု မြန်မာနိုင်ငံတွင် ပထမ အကြိမ်ကျင်းပသည့် တိပိဋကဓရရွေးချယ်ပွဲကြီး ဖွင့်လှစ်ဖို့ရန် 'နိုင်ငံတော်သမ္မတကြီး ကြွလာပါပြီ' ဟု အခမ်းအနားမှူးက ကြေငြာသော ၁၃၁၈-ခုနှစ်၊ တပို့တွဲလဆန်း ၆-ရက်နေ့ နံနက် ၇-နာရီ အချိန်မှာ တပည့်တော်သည် အခမ်းအနားဖွင့် ပင့်သံဃာ ၁၀၀ အနက်မှ တစ်ပါး အပါအဝင် ဖြစ်ပါသဖြင့် သံဃာစင်တွင် မိမိရောက်သော နေရာ၌ နေမြဲတိုင်းမှ နိုင်ငံတော်သမ္မတကြီး၏ မော်တော်ကားဆီသို့ လှမ်းမျှော်၍ ကြည့်လိုက်သောအခါ သာသနာတော်ကို လေးမြတ်လှသော နိုင်ငံတော် သမ္မတကြီးသား မိမိစီးလာသော ကားပေါ်မှ ဆင်းလာလျှင် ဆင်းလာခြင်း လေးနက်လှသောလက်အုပ်ကိုချီလျက် သာသနာ့ရိပ်သာ တိပိဋကဓရ ရွေးချယ်ရေး မဏ္ဍပ်အတွင်းသို့ ဝင်ရောက်လာပြီး ရွေးချယ်ပွဲ ဖွင့်လှစ်နေဆဲအချိန် ၂-နာရီ ကျော်ကျော်ခန့်မှာ မချသော လက်အုပ်ဖြင့် အမြဲတစေ ချီနေသည်ကို တွေ့မြင်ရပါသော ဘုရားတပည့်တော်၏ စိတ်ထဲမှာ ဗြိတိသျှ တစ်ခေတ်လုံး ပုလိပ်၏မျက်စိအောက်မှာ ရောက်နေခဲ့ရသော ငါတို့၏သာသနာတော်ကြီးကား ယနေ့အဖို့မှာ နိုင်ငံတော် သမ္မတကြီး၏ ဦးထိပ်ဖျားသို့ မားမားမတ်မတ် ရောက်ရှိနေပါပြီ တကားဟု မျှားစွာ အားတက် ဖြစ်ရပါသည်ဘုရား။

တဖန် နိုင်ငံတော် သမ္မတကြီး၏ လေးနက်သော လက်အုပ်ကို တပည့်တော် ညဏ်ရှိသမျှ ဓာတုဗေဒ ခွဲစိတ် ကြည့်မိပါသည်မှာ နိုင်ငံတော်သမ္မတကြီး၏ မြှောက်ချီသော လက်အုပ်ကား ပရိတ်တရားနာဖို့ရန် မြှောက်ချီသော လက်အုပ် မဟုတ်၊ ဗုဒ္ဓမြတ်စွာ သာသနာတော်ဝန်ထမ်း ရဟန်းတော်များအထဲမှ တိပိဋကဓရ ပုဂ္ဂိုလ်ကို ရှာဖွေနေသည့် 'တိပိဋကဓရ ရှာပုံတော်လက်အုပ်'ဖြစ်သည်ဟု စဉ်းစားမိပြီးနောက်– 'အကြင်မျှလောက်သော ကာလပတ်လုံး တပည့်တော်တို့ သာသနာဘက်မှ တိပိဋကဓရ ပုဂ္ဂိုလ်ကို ဖော်ထုတ်မပေးနိုင်သေး၊ ထိုမျှလောက်သော ကာလပတ်လုံး တိပိဋကဓရ ရှာပုံတော် လက်အုပ်ကြွေးကား ငါတို့ သာသနာတော်၌ တင်ရှိနေသေးပြီ၊ ထိုလက်အုပ်ကြွေးကို သာသနာ့ဝန်ထမ်းဖြစ်သော အသင်သည် ဆပ်ရချိမ့်မည်၊ ဆပ်ရမည့်ဝတ်တရားကား သင်၏ ဦးခေါင်းပေါ်သို့ ကျရောက်လာပြီ'ဟု စဉ်းစားမိပါသည်၊ စဉ်းစားမိသည့် အတိုင်းပင် ထိုတိပိဋကဓရ ရှာပုံတော် လက်အုပ်ကြွေးကို ဘုရားတပည့်တော် ဆပ်တော့မည်ဟု စိတ်က ဆောက်တည်လိုက်ပါသည် ဘုရား၊ ဤကား ဘုရားတပည့်တော်၏ တိပိဋက စက်မြေအတွင်းသို့ ပင်ရောက်လာခြင်း၏ အဇ္ဈတ္တိကနိဒါန်း အကြောင်းတစ်ပါးဖြစ်ပါသည် ဘုရား။

တဖန်–တိပိဋကဓရ ရွေးချယ်ပွဲကြီး တစ်လတိုင်တိုင် ကျင်းပပြီးစီး၍ နာယကဆရာတော်များ အမှတ်ကြေညာသော အစည်းအဝေး၌ နာယက ဥက္ကဋ္ဌဆရာတော်ဘုရားကြီး (ခြောက်တပ်ကြီးဆရာတော် ဦးကောဏ္ဍည) က 'အောင်သူမရှိ' (သုည) ဟု ကြေညာလိုက်သောအခါ

ဘုရားတပည့်တော်၏ လောကုတ္တရာခမည်းတော် နိုင်ငံတော် ဗုဒ္ဓသာသနာ့အဖွဲ့နှင့် ဗုဒ္ဓသာသနာနုဂ္ဂဟ အဖွဲ့တို့၏ ဥက္ကဋ္ဌကြီး ဖြစ်ပါသော ဒါယကာကြီး (ဆာ-ဦးသွင်) မှာ မိမိကိုယ်တိုင် နှစ်လ သုံးလမျှ အပင်ပန်းခံကာ ကျင်းပခဲ့သော တိပိဋကစရေ စာမေးပွဲကြီးအတွက် သုည မျှသာ အကျိုးရသည်ကို ဝမ်းနည်းသော အခြင်းအရာဖြင့် မျက်နှာမသာ ရှိနေသည်ကို ဘုရားတပည့်တော် ယနေ့ ပြန်ရှုစဉ်းစား လျှင်ပင် မျက်ရည်ကျလုမတတ် သနားမိပါသည် ဘုရား။

ထိုအခြင်းအရာကို ထိုအခါက မြင်ရသော ဘုရားတပည့်တော်သည်၊ 'ဒကာကြီး ယနေ့ စိတ်ဆင်းရဲရသလောက် ဤနေရာ၌ ဝမ်းမြောက်ခြင်းပီတိသောမနဿ အစားထိုးပေးအံ့၊ ငါကား တိပိဋကစရေအလုပ်ကို အားထုတ်အံ့'ဟု ဆောက်တည်မိပါသည် ဘုရား။ 'ဤကား ဘုရားတပည့်တော်၏ တိပိဋကစရေ စက်မြေအတွင်း ချဉ်းနင်းလာရခြင်း၏' ဒုတိယနိဒါန်း အကြောင်း တစ်ပါး ဖြစ်ပါသည် ဘုရား။

၁၃၁၀-ခုနှစ်၊ တပေါင်းလ မမှတ်မိသော တစ်နေ့သ၌ ဘုရားတပည့်တော်၏ လောကုတ္တရာ ခမည်းတော် ဒါယကာကြီး၊ လောကုတ္တရာမယ်တော် ဒါယိကာမကြီး၊ ဘုရားတပည့်တော်တို့၏ မေ့နာဒ သာသနာ့အလုပ်တွင် မိတ္တေးတော် မဟာပဇာပတိဂေါတမီအလား ကျေးဇူးများလှသော မင်းကွန်း ဂူကလေးချောင် ဆရာကြီး ဒေါ်စမ္မစာရီ တည်း ဟူသော ဘုရား တပည့်တော်၏ လောကုတ္တရာ မယ်တော်ကြီးနှစ်ဦးနှင့် ခမည်းတော်တို့

ဘုရားတပည့်တော်တည်းခိုသော 'အောင်မြေသုခတိုက်' သို့လာရောက်ကြသောအခါ လောကုတ္တရာ မယ်တော် ခမည်းတော်တို့ မျက်နှာစုံညီ ရှေ့မှောက်မှာပင် ဒါယကာကြီး ဒါယိကာမကြီးများ ဦးပဥ္စင်းအား ပြုစုစောင့်ရှောက်ခဲ့သည့် ကျေးဇူးတို့ကို အနည်းဆုံး 'ဝိနယရေပုဂ္ဂိုလ်' အဖြစ်ဖြင့် တတ်နိုင်ပါက တိပိဋကဓရပုဂ္ဂိုလ် အဖြစ်ဖြင့် ဆပ်ပါမည်-ဟု နှုတ်မြွက် ဝန်ခံခဲ့ပါသည် ဘုရား။

တစ်ဖန်-ဘုရားတပည့်တော်၏ တိပိဋကဓရ အလုပ်တာဝန်ကြီးကို ပြီးစီးအောင် ထမ်းဆောင်နိုင်ရန်အရေး ကျန်းမာရေးနှင့် ခွန်အားဗလတို့ကို စဉ်းစားမိပြန်သည်မှာ-'ဤတိပိဋကဓရတာဝန်မှာ ကူလီထမ်း အလုပ်ကဲ့သို့ ကာယဗလနှင့်ထမ်းဆောင်ရမည့် တာဝန်မဟုတ်၊ သဒ္ဓါ+ သတိ+ ဝီရိယ+သမာဓိ+ ပညာတည်းဟူသော ဗိုလ်ကြီးငါးပါး-အားကြီး ငါးခုဖြင့် ထမ်းဆောင်ရမည့် တာဝန်ဖြစ်သည်။ အသင့်မှာ ကာယဗလဘက်က သူများနည်းတူစားနိုင်၊ သွားနိုင်၊ လုပ်နိုင်၊ ကိုင်နိုင်သဖြင့် ခန္ဓာကိုယ်ပင် သေးငယ်သော်လည်း ကျန်းမာရေး ရှိသည်ဟု ဆိုရပေမည်။ မပြည့်စုံသော ကာယဗလအတွက် သင် စိတ်မပျက်လေနှင့်။ ဤတိပိဋကဓရ အလုပ်၌ အရေးတကြီး လိုအပ်သော ပြည့်စုံသော သဒ္ဓါဗိုလ်+သတိဗိုလ်+ဝီရိယဗိုလ်+ သမာဓိဗိုလ်+ပညာဗိုလ် ဟူသော ဗိုလ်ကြီးငါးပါးဖြင့် အထမြောက်အောင် အသင် အားထုတ်နိုင်စွမ်း ရှိသည်။ နောက်ဆုတ်တမ်း ကြိုးပမ်းအားထုတ်လော့' ဟု မိမိကိုယ်ကို အားပေး၍ ထို ၁၃၁၀-ခု ပြည်ထောင်စုကြီး တည်သစ်စ နှစ်ကပင် အစပြုကာ ဘုရားတပည့်တော်

သည့် တိပိဋကမြေ သာသနာ့ဝန်ကို အားသွန် ကြိုးပမ်း ထမ်းဆောင်ခဲ့လေရာ ယနေ့ တပည့်တော် မြော်မှန်းသော တိပိဋကမြေ ပန်းတိုင်သို့ ယခုအချိန် ရောက်ပါပြီဘုရား။

ထိုစဉ်က နိုင်ငံတော် သမ္မတကြီး၏ တိပိဋကမြေ ရှာပုံတော် လက်အုပ်ကြွေးကို ဘုရားတပည့်တော် ယနေ့ ပြေလည်စွာ ဆပ်မိပါပြီ ဘုရား၊ လောကုတ္တရာ မယ်တော်+ ခမည်းတော်တို့အား ဝန်ခံခဲ့သည့်အတိုင်း ယနေ့ တပည့်တော် တိပိဋကမြေ အဖြစ်ဖြင့် ကျေးဇူးဆပ်ရပါပြီဘုရား။

အဇမထင် သံသရာက ရခဲ့သမျှသော တပည့်တော်၏ ဘဝ အဆက်ဆက်က လျှာနှင့် ပါးစပ်တို့ကို မုသာဝါဒ စသော ဝစီဒုစရိုက် လေးပါးအတွက် အသုံးမှားခဲ့သော်လည်း ယခုဘဝမှာ ဘုရားတည်းဟူသော ရောမကလျာဏမိတ်ကြီး ဆရာသမားကောင်း မိဘကောင်း တည်းဟူသော သပ္ပုရိသူပနိဿယ စက်ကြီးတို့၏ ထောက်ပံ့ ကျေးဇူးပြုချက်ကြောင့် ဘုရားတပည့်တော် ယခုဘဝ ရရှိသော လျှာနှင့် ပါးစပ်ကို ဝိမုတ္တိရသပုဒ်တိုင်း ပုဒ်တိုင်း မှာပါရှိသည့် ဇိနဝစန ဘုရားစကားတော် အစဉ်ဖြစ်သည့် ဓမ္မက္ခန္ဓာ လေးသောင်းနှစ်ထောင်ရှိ အဘိဓမ္မာ ပိဋကတ်တော်၊ ဓမ္မက္ခန္ဓာ နှစ်သောင်းတစ်ထောင် ရှိသည့် ဝိနည်း ပိဋကတ်တော်၊ ဓမ္မက္ခန္ဓာတော် နှစ် သောင်း တစ်ထောင် ရှိသည့် သုတ္တန်ပိဋကတ်တော်မှ ဒီဃနိကာယ် တည်း ဟူသော ဓမ္မက္ခန္ဓာပေါင်း များစွာတို့ကို ဘုရား တပည့်တော်၏ လျှာပေါ်သို့ တက်ရောက် စေမိသာဖြင့် ယခု ဘဝ ဒီလျှာနှင့် ဒီပါးစပ်ကိုရကျိုး နပ်သလောက် ရှိပါပြီဘုရား။

# အမျှပေးဝေပါတော့မည် ဘုရား

ဘုရားတပည့်တော်သည် ငါးနှစ်မျှသော ကာလ အတွင်း၌ မြတ်စွာဘုရား၏စကားတော် အစဉ်ဖြစ်သည့် သင်ရိုးပိဋကတ်ပါဠိတော်ကို ရက်ပေါင်းများစွာ လေ့လာခဲ့ရသော ကာလအတွင်း၌ စာရင်းမပြနိုင်လောက်အောင်များပြားလှစွာသည့် သာသနာနုဂ္ဂဟ ပုညမင်္ဂလာ မဟာကုသိုလ်အစုကို ရရှိခဲ့ပါသည် ဘုရား။

ထိုရရှိခဲ့သော မဟာကုသိုလ်အရပ်ရပ်တို့ကို ပထမ နိဒါန်း အကြောင်းရင်းဖြစ်သည့် ထိုစဉ်က နိုင်ငံတော် သမ္မတကြီး(ယခု-လူမျိုးစု လွှတ်တော်နာယကကြီး)အား ရှေးဦးစွာ အမျှပေးဝေပါသည် ဘုရား။

ထိုမှတပါး ဘုရားတပည့်တော်အား ပစ္စည်းလေးရပ်တို့ဖြင့် မငြိုမငြင် မပင်ပန်းရလေအောင် စောင့်ရှောက် ပြုစုကြသည့် လောကုတ္တရာ မယ်တော်ခမည်းတော် (ဘဝ တခုလွန် ကွယ်လွန်လေပြီးသောလောကုတ္တရာ အမတော်) တို့အား လည်းကောင်း၊ ဘုရားတပည့်တော်အဖို့ သာသနာ့မိခင်ကြီး ဖြစ်ပါသော မင်းကွန်း ဂူကလေးချောင် ဆရာကြီး ဒေါ်ဓမ္မစာရီအား လည်းကောင်း၊ ဘုရား တပည့်တော်အား ပစ္စည်းလေးပါးတို့ဖြင့် အမြဲတစေ စောင့်ရှောက်ကြပါသော ကျောင်းဒကာ ကျောင်းအမ တို့အား လည်းကောင်း အမျှပေးဝေပါသည် ဘုရား။

ထိုမှတစ်ပါး တတိယသင်္ဂီတိသဘင် ယင်အံ့သော အချိန်မှီ မောဂ္ဂလိပုတ္တတိဿလုလင်အား ရှင်အဖြစ် ပေး ခြင်း၊ ပဉ္စင်းအဖြစ်ရောက် ချီးမြှောက်တော်မူခြင်း ပရိယတ် စာပေပို့ချပေးခြင်း၊ ဝါသဓုရအလုပ်ကို နည်းပြ ပေးခြင်း စသော တာဝန်အသီးသီးဖြင့် သာသနာတော်

ကို စောင့်ရှောက် ပြုစုတော်မူကြသည့် ခိဏာသဇာတုန်း ဝှန့် မထေရ်မွန်တို့ကဲ့သို့ ဘုရားတပည့်တော်အား ဤအခြေသို့တိုင်ရောက်အောင် ကိုယ်နှုတ်နှစ်ပါးဖြင့် စောင့်ရှောက်ချီးမြှောက်တော် မူကြသည့် ဥပဇ္ဈာယ် ဆရာတော်များမှ အစ ယနေ့အခါ ဝယ် တိပိဋကဓရ ကိစ္စကြီး အထမြောက်အောင် ကိုယ်နှုတ်နှစ်ပါးတို့ဖြင့် စောင့်ရှောက် သတိပေးတော်မူကြသည့် နာယက ဆရာတော်များ တိုင်အောင်သော ဆရာတော် အရှင်မြတ်တို့အား လည်းကောင်း၊ နိုင်ငံတော် ဝန်ကြီးချုပ် အမှူးပြုသည့် ပြည်ထောင်စု တိုင်းရင်းသား အပေါင်းတို့အား လည်းကောင်း၊ ယခုအခါ ဤခမ္မသာလာ၌ စာနာစည်းဝေးမိကြသည့် ဆရာတော် သံဃာတော်အရှင်မြတ်တို့နှင့် တကွ ဥပါသကာ + ဥပါသိကာ သူတော်စင်အပေါင်းတို့အား လည်းကောင်း၊ ဘုံသုံးပါးဝယ် ထင်ရှားရှိကြသည့် သတ္တဝါအပေါင်းတို့အား လည်းကောင်း အမျှပေးဝေပါသည် ဘုရား၊ အမျှပေး ဝေပါသည်ဘုရား။

ဝမ်းမြောက် ဝမ်းသာ သာဓု အနုမောဒနာ
ပြုတော်မူကြကုန်ပါဘုရား
၁၃၁၅–ခုနှစ်၊ ပြာသိုလဆန်း ၃–ရက်
ညနေ ၃–နာရီ၊ ၁၇–မိနစ်အချိန်
ထိုအချိန်ကား ကျွန်ုပ်အဖို့
တိပိဋကဓရဖြစ်သောအချိန်တည်း
ထိုအချိန် ပါထိကစဂ်ကိုပြန်ဆို၍ ပြီးပါသည်
(ပုံ) ဦး၊ ဝိစိတ္တသာရာဘိဝံသ

❀

## ဩသာန သောဓေယျကပဏ္ဏ ဆရာတော်များထံ ရှိသေစွာ အကြံပေးလွှာပါဘုရား

ဝိနယ စူဠဝဂ္ဂ သမုစ္စယက္ခန္ဓက မာနတ္တသတကခန်း၌ ဝိဗ္ဘမတိဝါရ၊ သာမဏေရဝါရ၊ ဥမ္မတ္တကဝါရ၊ ခိတ္တစိတ္တဝါရ၊ ဝေဒနာဂ္ဂဝါရ-ဟု မူလဝါရ ၅-ပါး။

တစ်ဝါရ တစ်ဝါရလျှင်-သုဒ္ဓ ၄ ဝါရ၊ မိဿက ၄ ဝါရ၊ မိဿကဇာနာတိ ၄ ဝါရ၊ မိဿက သရတိ ၄ ဝါရ၊ မိဿက နိဗ္ဗေမတိက ၄ ဝါရအားဖြင့် ဝါရ ၂၀-စီ ရှိရာ။ ။(သုဒ္ဓ ၄ ဝါရ၌ လျှောက်ရန် မရှိပါဘုရား။ ။ မိဿက သာမည ၄ ဝါရတို့၌ နောက်ဖြစ်သော ဇာနာတိဝါရ သရတိဝါရ နိဗ္ဗေမတိကဝါရတို့ကို ထောက်၍၊ 'ယာပိ၊ တာပိ' စသည်ရှိသော ပိ သဒ္ဒါပိုများကို(သီဟိုဠ် ယိုးဒယားတို့အတိုင်း) ဖြုတ်လိုက ဖြုတ်သင့်မည် ထင်ပါသည် ဘုရား။ ။ထို ပိ သဒ္ဒါပိုထက် ဘုရားတပည့်တော်များ တွေ့ရှိရသော မူဟောင်းပါဠိတော်များ၌ ချွတ်ယွင်းချက်များမှာ=

န သဒ္ဒါမြစ်ပုံ ဖြစ်ပါသည်ဘုရား၊ ၎င်း န သဒ္ဒါမြစ်ပုံ မူမှန်မှာ-

၁။ မူ န မြစ် ပထမ၊

၂။ မူလိ န မြစ် ဒုတိယ၊

၃။ မူရင်းပါဠိတော်အတိုင်း တတိယ၊

၄။ မူမူလိနှစ်ပါး န မြစ် စတုတ္ထ ဖြစ်ရပါမည်။ ။

ဥပမာ။ ။တဿ ဟောန္တိ အာပတ္တိယော ပဋိစ္ဆန္နာယောပိ အပ္ပဋိစ္ဆန္နာယောပိ၊ (မူရင်းပါဠိ)

ဤ၌ ပုဗ္ဗဆာဒေတိ ဟုမူ၊
ပုဗ္ဗ နှ ဆာဒေတိ ဟု မူလိဖြစ်ရပါမည်။

ယာ အာပတ္တိယော ပုဗ္ဗ ဆာဒေတိ၊ တာ အာပတ္တိယော ပစ္ဆာပိ နှ ဆာဒေတိ၊ မူကို နှ မြစ်၍ ပထမ၊

ယာ အာပတ္တိယော ပုဗ္ဗ ဆာဒေတိ၊ တာ အာပတ္တိယော ပစ္ဆာပိဆာ ဒေတိ၊ ယာ အာပတ္တိယော ပုဗ္ဗ နှ ဆာဒေတိ၊ တာပိ အာပတ္တိယော ပစ္ဆာ ဒေတိ၊ မူလိ နှ မြစ်၍ ဆာ ဒေတိဖြစ်သည် ဒုတိယ၊

ယာ အာပတ္တိယော ပုဗ္ဗ ဆာဒေတိ၊ တာ အာပတ္တိယော ပစ္ဆာပိ ဆာဒေတိ၊ ယာ အာပတ္တိယော ပုဗ္ဗ နှ ဆာဒေတိ၊ တာ အာပတ္တိယော ပစ္ဆာပိ နှ ဆာ-ဒေတိ၊ မူရင်းအတိုင်း တတိယ၊

ယာ အာပတ္တိယော ပုဗ္ဗ ဆာဒေတိ၊ တာ အာပတ္တိယော ပစ္ဆာ နှ ဆာဒေတိ၊ ယာ အာပတ္တိယော ပုဗ္ဗနှ ဆာဒေတိ။ တာ အာပတ္တိယော ပစ္ဆာ ဆာဒေတိ၊ မူမူလိနှ မြစ် စတုတ္ထ၊

ဤအချက် လေးချက်အတိုင်း စတုက္ကတိုင်းရှိဖို့ သတိပြုတော်မူကြပါမည့် အကြောင်းပါ ဘုရား။

❁

# တိပိဋကဓရ ကြွေးကြော်သံ

**အိုး–သူတော်ကောင်းတို့....**

**တိပိဋကဓရ ဖြစ်ရခြင်းသည် ဒုက္ခများပါသည်–**

ဟုဆိုလျှင် ရုတ်တရက် လက်ခံနိုင်သူ ရှားပေလိမ့်မည်။ သို့သော် ဤဆိုလတ္တံ့သော အကြောင်းအရာတို့ကို စိတ်စိတ်စေးစေး ဖတ်မိက အသင်တို့သည် လက်ခံနိုင်ပါလိမ့်မည်။

အချိန်ကား ၁၃၁၅–ခုနှစ် ပြာသိုလဆန်း ၁၁–ရက် တိပိဋကဓရ ကြေညာသော နေ့တည်း။ ထိုနေ့မှစ၍ လူထု၏နား၌ မြန်မာနိုင်ငံတော်မှ တိပိဋကဓရ သားကောင်း ပေါ်ထွန်းပြီ–ဟု အလွန်အမင်း ဝမ်းမြောက်ကြလေပြီ။ ဝမ်းမြောက်ကြသည့် အတိုင်းလည်း စိတ်တွင်းတွင်သာမက ကိုယ်ဖြင့်လည်း ထင်ရှားပြလိုသည့်အတွက် နိုင်ငံတော်သမ္မတကြီး၊ နိုင်ငံတော်ဝန်ကြီးချုပ်၊ သတိုးသီရိသုဓမ္မ သေဌေးကြီး ဆရာဦးသွင်တို့ကို နာယကတင်မြှောက်၍ သာသနာရေးဝန်ကြီး– ပထမ ဥက္ကဋ္ဌ၊ အတွင်းဝန်ချုပ်ကြီး ဦးခင်မောင်ဖြူ–ဒုတိယဥက္ကဋ္ဌ၊ သာသနာရေး–ဘာသာရေး၊ အသင်းပေါင်းစုံတို့မှ ကိုယ်စားလှယ်များ

ပါဝင်သည့် တိပိဋကဓရ ချီးကျူးပူဇော်ရေး ဗဟို ကော်မတီကြီးကို နေ့ချင်းညချင်းပင် ဖွဲ့စည်းလိုက်ပြီး ဖြစ်ပါတော့သည်။

ထိုကော်မတီကြီးမှ နိုင်ငံတော်အရပ်ရပ် ခရိုင်တိုင်းမှ တိပိဋကဓရ ချီးကျူးပူဇော်ပွဲများ ကျင်းပရန် ဆုံးဖြတ်လိုက်သည်ကို သတင်းတဆင့် ကြားမိရသော ဘုန်းကြီး (တိပိဋကဓရ ပုဂ္ဂိုလ်)မှာ ဒါယကာများ၏ သဒ္ဓါတရား ပျက်ပြား၍ မသွားစေရန်နှင့် မိမိရည်မှန်းသည့် ဆဋ္ဌသံဂါယနာ တာဝန်ကို မပျက်မကွက် ထမ်းဆောင်နိုင်ရန် အရေး ရှေးရှု၍ ဗဟိုကော်မတီသို့....

မန္တလေး၊ ရန်ကုန်၊ မော်လမြိုင်- ဤမြို့ကြီး သုံးမြို့၌သာ တိပိဋကဓရ ချီးကျူးပွဲကျင်းပက မဇ္ဈိမပဒေသပဒါကျ၍ သင့်တော်လောက်ပြီ ဖြစ်ကြောင်း၊ ဤမျှနှင့် တင်းမတိမ်နိုင်သော မဲဆန္ဒက အလွန်အလွန် များနေပါလျှင် မင်းကွန်းသို့ အပြန် ရေကြောင်းကပို့၍ ရေလမ်းမှ ဟင်္သာတ၊ ပြည်၊မကွေး၊ ပခုက္ကူ၊ မြင်းခြံ-ဤမြို့ကြီး ငါးမြို့လောက်သာ ချီးကျူးပွဲ ပြုလုပ်ဖို့ စီမံပါမည့်အကြောင်း

လေးလေးနက်နက် အကြောင်းပြ၍ မေတ္တာရပ်ခံဘောင်းပန်ရပါတော့သည်။ အော် ဒကာများ၏ သဒ္ဓါတရားကား၊ တားမြစ်တောင်းပန်၍ ယူရလောက်အောင်ပင် လောက်သန်လှပါပေ၏ဟု အောက်မေ့ကာ သာသနာရေးအတွက် အားတက်မိပါတော့သည်။

သို့ဖြင့် ဗဟိုကော်မတီက ရန်ကုန်မြို့၌ တပေါင်းလဆန်း ၃-ရက်၊ (၇-၃-၅၄) အထိ ချီးကျူးပွဲများကို ရပ် ဒွက်အလိုက် ကျင်းပနိုင်ရန် စီမံ ဆုံးဖြတ်ပါတော့

သည်။ ဆုံးဖြတ်သည့် အတိုင်းလည်း အိမ်တော်နှင့် ရိပ်သာ ချီးကျူးပွဲများ အပါအဝင် ရန်ကုန်မြို့ ရပ်ကွက် အသီးသီး ချီးကျူးပွဲပေါင်းကား ၁၂-ပွဲ တိတိ စာရင်း ပေးကြလေပြီ။ ။စာရင်းပေးသည့်အတိုင်း မိမိတို့ တာ ဝန်ယူသော နေ့များ၌ ခမ်းနားကြီးကျယ်စွာ ချီးကျူး ပွဲ များကို ကျင်းပကြပါပြီ။

ဘုန်းကြီးအဖို့မှာကား ချီးကျူးပွဲ တစ်ပွဲ ကျင်းပလျှင် မာရ်နတ်နှင့် တစ်ကြိမ် တစ်ကြိမ် စစ်တိုက်နေရပါသည်။ ထိုစကားမှန်၏၊ မြတ်စွာဘုရားက ပဓာနသုတ်တော်၌ 'ကာမာ တေ ပဌမာ သေနာ=ဟယ်မာရ်နတ်.... အာရုံ ငါးပါး ကာမတရားသည်ကား သင်၏ ပထမ လွှတ်လိုက် သော စစ်တပ်ကြီးဖြစ်သည်' ဟု ဟောတော်မူသည်ကို အမြဲ တစေ သတိပြုမိသော ဘုန်းကြီးမှာ ချီးကျူးပွဲ ကျင်းပ တိုင်းပင် လှူဖွယ်ဝတ္ထုများကို မြင်ရသောအခါ၊ လှူဒါန်း သူ ဒကာ ဒကာမများအဖို့ ဤသူဖွယ်များသည် နိဗ္ဗာန်သို့ ပို့ဆောင်မည့် အမြိုက်လက်ဆောင်ကြီးတွေ ဖြစ်ပါပေ သည်။ ငါတို့ အလှူခံပုဂ္ဂိုလ်များအဖို့မူ ဆိုပြီးခဲ့သော ပဓာနသုတ်အတိုင်း မာရ်နတ်၏ ပထမစစ်တပ်ကြီးသဖွယ် ဖြစ်ချေ၏။ ထိုစစ်တပ်ကြီးကို အသင် ဘယ်သို့ ခံစစ် ဆင် မည်နည်း၊ အဘယ်သို့ ထိုးစစ်ဆင်မည်နည်းဟု ကိုယ့်ကိုယ် ကို မေးမြန်းပြီး ပေးလှူနေသော ခဏမှာ (၁) ပစ္စဝေက္ခဏာ (၂) ဓာတုမနသိကာရ တရားတည်း ဟူသော တပ်ဦးနှစ်ကြောင်း ဖြန့်၍ ခံစစ်ဆင်ရပါသည်။ ဤသို့အားဖြင့် အမြဲတမ်း ခံစစ်ဆင်သည်ကိုပင် မြင်ရသူအဖို့မှာ မန္တန် မှုတ်နေသည် ဟု ထင်မှားသူသည်း မရှားပါ။

ချီးကျူးပွဲ ကျင်းပတိုင်း တချို့က ဘုန်းကြီးဖြင့် အင်မတန် ပင်ပန်းမှာပဲဟု အောက်မေ့ပြီး သနားကြပါသည်။ တချို့ကလည်း တိုက်ရိုက် မေးကြပါသည်။ ဘုန်းကြီးကို နေခြည်ပြောက်မျှ မထိုးရအောင် စောင့်ရှောက်ပြုစု၍ မိမိတို့မှာကား ဘာပဲဖြစ်ဖြစ် ဖြစ်ချင်ရာ ဖြစ်ပစေဟု ကြီးစွာသော သဒ္ဓါတရားဖြင့် ပြုကြ စုကြ ယုယကြသည်ကို မျက်မြင်ဖြစ်သော ဘုန်းကြီးမှာကား အဘယ်မှာလျှင် ဆင်းရဲသည်ဟု အဖြေ ပေးဝံ့ပါအံ့နည်း။ ဒကာ-ဒကာမများကို ချီးကျူးပွဲ ကျင်းပရာတိုင်း ဒုက္ခများလှပုံကို မြင်ရဖန်များသော ဘုန်းကြီးမှာ စာရင်းပေါက်ပြီးသော ချီးကျူးပွဲများအတွက် မဟန့်တားနိုင်၍သာ ခံယူနေရပါတော့သည်။ ဒကာ-ဒကာမများ ဒုက္ခများနေသည်ကို မကြည့်လိုတော့ပါ။

သို့ဖြစ်၍ တပေါင်းလဆန်း ၃-ရက်နေ့၊ အမှုထမ်းပေါင်းစုံ ချီးကျူးပွဲအပြီး ကျောင်းသို့အရောက် လိုက်ပါစောင့်ရှောက် ပို့ပေးသော ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ အတွင်းဝန်ချုပ်ကြီး ဦးခင်မောင်ဖြူ ကို ကျောင်းသို့ရောက်သောအခါ၊ 'ဒါယကာကြီး တို့၊ ဒါ လောက် ချီးကျူးပွဲတွေ ကျင်းပရလျှင် ကျေနပ်ပါတော့၊ ဤကိစ္စမှာ ဘုန်းကြီးကပင် အရှုံးပေး လက်မြှောက်ပါပြီ၊ ဒကာကြီးတို့ကသာ အနိုင်ယူပြီး ခရိုင်အတွက် အကျဉ်းချုံးနိုင်သမျှ ချုံးပါတော့'ဟု လက်နှစ်ဘက်ကို တကယ်မြှောက်ပြပြီး တောင်းပန်စကား ပြောမိပါသည်။

တောင်းပန်သည်း တောင်းပန်လောက်ပါပေသည်။ အထူးအားဖြင့် ချီးကျူးပွဲ ကျင်းပတိုင်း ဘုန်းကြီးအား

မိတမျှ ဘတမျှ ယုယကြင်နာ မေတ္တာတရား ထားကြပုံ တွေ၊ ရဟန်းအသုံးအဆောင်များကို တောင်ပုံရာပုံ လှူကြ ပုံတွေကို အာရုံပြု မျက်မြင် တွေ့ရှိနေရပါသည်။ ထို့ထက် အထူးအားဖြင့် သိမ်ကြီးဈေး သမဂ္ဂကြီးနှင့် လမ်းမတော် ရပ်ကွက် ချီးကျူးပွဲကြီးနှစ်ရပ်မှာ သူနိုင်ငါနိုင် အပြိုင် ကြဲနေကြပုံတို့မှာ ဘုရားလက်ထက်တော်အခါက သာဝတ္ထိ ပြည်သူပြည်သားများနှင့် ပသေနဒီ ကောသလမင်း တို့ အလှူချင်းပြိုင်ကြသလို ဖြစ်နေကြပါသည်။ ၎င်းတို့ လှူကြသော ရဟန်း အသုံးအဆောင်များကား ဘုန်းကြီး တည်းခိုနေထိုင်သော ကျောင်းလေးအနှံ့ ပြန့်ကြဲလျက် သိမ်းမနိုင် ဆည်းမနိုင် နောက်ပါတပည့်များ ဝေးမှိုင် ယူလောက်အောင် များလှပါပေသည်။

တစ်ဖန် ထပ်၍ မာရ်နတ်စစ်တပ်ကြီးကား လာပြန် ပါပြီ။ ကြည့်မြင်တိုင်ရပ်ကွက်မှ ဗိုလ်မှူးအောင် ကြီးမှူး သော ကော်မတီက တပေါင်းလဆန်း ၆-ရက်နေ့မှာ....

တပည့်တော်တို့ကတော့ သူတကာလို ကျောင်းမှာ အထားရှုပ်အောင် တိုလီမိုလီတွေ မလှူဘူး၊ ဆန်ဖြူသက် သက်ပဲ လှူမှာပဲ

ဟု စောစီးစွာ ဆရာကြီး ဦးချစ်ဖေက သတင်းပေးသော အခါ=

'ရော....သည်အခါ လာမည့်မာရ်နတ်၏ ရဲဖြူတပ်ကြီး တွေကိုဖြင့် ဆင္ဃသံဃာယနာဘက် စစ်ဦးလှည့်အောင်လုပ်မှ တော်တော့မည်'

ဟု တင်ကြို စဉ်းစားပြင်ဆင်ပြီး ထိုနေ့ လှူသမျှသော ၂၆၀၀-ကျပ် တိတိရှိသော ရဲဖြူတပ်ကြီးများကိုကား

ထိုတပ်ထွက်ရာ ကြည့်မြင်တိုင် စစ်မြေကပင် ဆင္ဒသံဂါယနာဘက်သို့ တစ်ယောက်မကျန် စစ်ဦး လှည့်သွားအောင် စီမံ တိုက်ထုတ်လိုက်ရပါတော့သည်။ သို့ တိုက်လိုက်နိုင်ခြင်းဖြင့် ၎င်းတပ်ကြီးနှင့်တကွ၊ ၎င်း၏နောက်က မှချ ကပ်လျက်လိုက်ပါလာသည့် တံမြက်စည်းတပ်သဖွယ် ဖြစ်သော စောရတော ဘေးက ဘုန်းကြီး အေးသွားရပါတော့သည်။

ဒါကြောင့်ပင်—

ရထကာရော၀ စမ္မသာ၊
ပရိကန္တံ ဥပါဟနံ။
ယံ ယံ ဇဟတိ ကာမာနံ၊
တံ တံ သမ္ပဇ္ဇတေ သုခံ။
သဗ္ဗဉ္စေ သုခမိစ္ဆေယျ၊
သဗ္ဗေ ကာမာ ပရိစ္စဇေ။ ။လို့

မြတ်စွာဘုရားက—

ဖိနပ်ချုပ်သမားသည် သားရေအရိုင်းမှ မလိုအပ်ဘဲ အစိတ်အပိုင်း ကို လှီးထုတ်ပစ်သလို၊ အကြင် အကြွင် ကာမဝတ္ထုကို စွန့်ပစ်လိုက်ခဲ့လျှင် ထိုဝတ္ထုနေရာမှာ သုခ ဓာတ်တွေ ပြည့်စုံလာသည်။ ကျပ်ပြည့်တင်းပြည့် သုခ ဓာတ်အလုံးစုံ အကုန် အလိုရှိပါက အလုံးစုံသော ဝတ္ထုကာမတွေကို အကုန်မချန် စွန့်ပစ်ရမည်။

ဟု ဟောတော်မူခြင်း ဖြစ်ပါသည်။

လူ့ဖွယ်ဝတ္ထု၊ အစုစုကား၊ သူ့နှယ်ငါတန်၊ လူသာမန်တို့၊ အပေါ်ယံတွေး၊ ဝန်မလေးလည်း။ ဇိနေးမိန့်မြွက်၊ ဓမ္မစကာ်ဖြင့်၊ ပြက်ပြက်

တင်းတင်း၊ ဆင်ခြင်လျှင်းက၊ မာရ်မင်းစေ
အပ်၊ ရှေးဦးတပ်သည့်၊ မကပ်သမ္ဘဇဉ်၊ ထိုထို
ရှင်တို့၊ ထိုတွင် စုန်းစုန်း၊ မွမ်းနစ်ဆုံးသည်။
ရှုံးပေါင်းများလှပြီ တကား။ ။(သံဝေဂ)

ခံစစ်တွေ ဆင်ရသဖြင့် ငြီးငွေ့လှသော ဘုန်းကြီးအဖို့မှာ မတတ်သာတော့သဖြင့် 'ခန္ဓာပိန်သေး အကြောင်းပြပေးပြီး သုတသောမဇာတ်တော်မှာ မြေကြောရှုံ့သော အလေဒင်းတော်ကဲ့သို့ နယ်အတွက် ချီးကျူးပွဲများကို စေတနာ ဒါနလောက်သာ အလှူ ခံပါရစေတော့။ မကျင်းပလျှင် အဆင် မပြေမည့်၊ မြင်းခြံ၊ စစ်ကိုင်း၊ မန္တလေး၊ သုံးမြို့ အတွက်သာလျှင် ဗဟိုကော်မတီက ညွှန်ကြားချက် ထုတ်ပြန်ပါရန်' မေတ္တာရပ်ခံ တောင်းပန်သည့်အတိုင်း ဗဟိုကော်မတီကလည်း ခြွင်းချက်မရှိ ဘုန်းကြီး၏အလိုသို့ လိုက်၍ ညွှန်ကြားချက်များ ထုတ်ပါတော့သည်။

သို့ဖြင့် ၁၃၁၅-ခု၊ တပေါင်းလဆန်း ၁၂-ရက်နေ့၊ နံနက် ၈-နာရီအချိန်၊ မင်္ဂလာဒုံလေတပ်မှ ထွက်၍ နံနက် ၁၀-နာရီခွဲ အချိန် မိတ္ထီလာ လေဆိပ်သို့ ချောမောစွာ ရောက်ရှိပါတော့သည်။ ထိုမှ နေ့လယ် ၁-နာရီခွဲ အချိန် ခရိုင်ဝန်မင်း၏ အခစောင့်အရှောက်ဖြင့် ခရီးဆက်လက်ထွက်ခွာ။ နေ့ ၂-နာရီခွဲတွင် ပန်းလှိုင်ခေါ်သော မလှိုင်မြို့သို့ ရောက်၊ ထိုမြို့ ပြည်တော်သာကျောင်းကြီး၌ ကာဗျဝိဒူ အရှင်စန္ဒဇောတိ အမှူးပြုသော မလှိုင် လူထုက ၁-နာရီခန့် ချီးကျူးကြ။ ထိုမှ ခရီးတစ်ထောက်ထွက် တောင်သာမြို့သို့ ညနေ ၄-နာရီခွဲတွင် ရောက်၊ တောင်သာ

မြို့အုပ်မင်း၊ အမှုးပြုသော လူထုက နာရီဝက်ခန့် ရပ်ရှင်ရုံမှာ ချီးကျူးဧည့်ခံ။ တစ်ဖန် ခရီးထွက်၊ ညနေ ၅-နာရီခန့်တွင် မြင်းခြံမြို့သို့ ရောက်ပါတော့သည်။ ။

မူလ အစီအစဉ်အတိုင်း မြင်းခြံမှ စစ်ကိုင်းသို့သွားရန်၊ ညနေ ၄-နာရီအချိန်တွင် သင်္ဘောဆိပ်သို့ ဆင်းအံ့ဆဲဆဲ၊ ခရိုင်ဝန်မင်းမှ တစ်ဆင့် သာသနာ့ကောင်ဆယ်မှ ပေးပို့သော 'ယိုးဒယားသို့သွားရန်၊ မတ်လ ၂၅-ရက် မတိုင်မီ ရန်ကုန်သို့ အရောက်ပြန်လာရန်' သံကြိုးရ။ တပေါင်းလပြည့်နေ့တွင် မြင်းခြံမှ ကံကောင်း၏ 'ပေါင်းတည်' အမည်ရှိသော သင်္ဘောကြီးဖြင့် စစ်ကိုင်းသို့ ခရီးထွက်၊ထိုနေ့ညနေ ၄-နာရီ စစ်ကိုင်းသို့ ရောက်၊ နောက်တစ်နေ့မှာ အစီအစဉ်အတိုင်း နံနက် ၉-နာရီအရောက် မန္တလေးသို့ ဆန်တက်၊ ဂေါဝိန်ဆိပ်မှ အသင့်ကြိုဆိုဧည့်ခံပြီး ရွှေမန်းမြို့ကို အေ-လမ်းအတိုင်း 'မတစ်ထောင်-တစ်ကောင်ဖွား' ဟူသော အထိမ်းအမှတ်ဖြင့် ရွှေမန်းအမျိုးသမီးတစ်ထောင်ကျော်တို့က မော်တော်ကားကိုဆွဲ၍ လှည့်လည်ကြ။ တစ်ပြလောက်အလွန်၊ မိုးကြီးက ရွာသွန်းချ၊ ရောမဇွဲဖြင့် မိုးထဲမှာပဲ အမျိုးသမီးများကား မလျှော့သော ဇွဲသုံ့လဖြင့် ဆွဲကြ လှည့်ကြသဖြင့် တိပိဋကဓရကိုယ်တော်မှာ မဆင်းသာ မရှောင်သာ မိုးထဲမှာပဲ အသာလိုက်၊ ချီးကျူးပွဲအပြီး နှာစေး၍လာလေ။နောက်တစ်နေ့မှာကား အသံပျောက်၊ ကောက်ရသလို မကြုံဖူးတဲ့အသံဝင် ဒုက္ခဖြင့် ရင်ဆိုင်တိုးရပါတော့သည်။

တစ်ခါမျှ ဒီလို အသံမပျောက်စဖူး ထူးထူးချွန်ချွန် နှာမွန်၍ အသံပျောက်၊ နောက်တစ်နေ့မှာ အစီအစဉ်

အတိုင်း မင်းကွန်း နေရင်းဌာန ချီးကျူးပွဲသို့ တပေါင်းလပြည့်ကျော် ၃-ရက်နေ့ ၁၁-နာရီခွဲအချိန်၊ နေရှိန်ရှိန်ပူတုန်း သွားရ၊ ၁၂-နာရီခွဲလောက် လျှမ်းလျှမ်းတောက် နေပူတုန်းမှာ မင်းကွန်းသို့ရောက်။ ကမ်းညွတ်မတတ်သော လူထုကြီးက အကြီးအကျယ်ကြိုဆိုကြ ချီးကျူးကြ။ ထိုမှတစ်ဖန် ၃-နာရီခွဲလောက်မှာ ကျောင်းတိုက်သို့ အတက်၊ ဝက်ဝက်ကွဲမျှ လူထုကြီး တစ်ရပ်လုံးက အုန်းအုန်း ကြွက်ကြွက် ပို့ကြ၊ ကျောင်းတိုက်သို့ ၄-နာရီခွဲမျှ အချိန်တွင် ရောက်။ တစ်နာရီလောက်သာ နားနေရ၊ ထိုမှတစ်ဖန် ပြန်ဆင်း၊ စီးလာရင်းသင်္ဘောဖြင့်ပင် ရွှေမန်းသို့အရောက် စုန်၊ ၆-နာရီခန့်မှာ ရွှေမန်းရောက်၊ ည ၇-နာရီခွဲလောက်က စပြီး မရသော အသံကို အသံချဲ့စက်၏ တန်ခိုးဖြင့် အတင်းဆွဲထုတ်၍ အဘိဏှာရာဟုလောဝါဒ သုတ္တန်ကြီး တစ်သုတ်လုံးပြီးစီးအောင် ဆန်စက်ပိုင်ကြီး ဦးဘသင်၏ အလှူ မင်္ဂလာမဏ္ဍပ်မှာ အရဟတ္တဖိုလ်ပေါက် ဟော၊ အမောမှမပြေခင် နောက်တစ်နေ့ တပေါင်းလပြည့်ကျော် ၄-ရက်နေ့၊ နေ့တစ်နာရီကစပြီး မီးရှိန်တမျှ ပူပြင်းလှသည့် 'ချမ်းမြသာစည်' အမည်တော်လှသည့် ရွှေမန်းလေဆိပ်က စောင့်ပြီး ဝတ်ခံ၊ ညနေ ၄-နာရီ အချိန်တန်မှ လေယာဉ်ပျံထွက်၊ မန္တလေးနှင့် မင်းကွန်း အတင်းတွန်းပြီး ခရီးနှင်။ ပြန်ချင်တဲ့ကိုယ်တော်မြတ် မှတ်ကရော ဘယ့်နှယ်ရှိစ။ ၆-နာရီခွဲလဲကျရော ပုန တစ်ဖန် ရန်ကုန်တွင်ခေါ် နေပြည်တော်သို့ ပြန်ရောက်၊ နောတ်တစ်နေ့မှ အပန်းဖြေယင်း စိတ်ဘွင်းမှာ ပေါ်လာတဲ့ ဒေသစာရီဒုက္ခကို ဉာဏ်ဝမှာထင်သည့်အတိုင်း အောက်ပါ စာပိုဒ်များကို ရေးသားမိပါတော့သည်။ ၎င်းတို့ကား—

တိပိဋကဓရ ဖြစ်ရတဲ့အာနိသင်၊
ဒီကိုယ်တော် ဖတ်ဖတ်မောပေါ့ကွယ် ပြောမပြချင်။
ကိုယ့်ကျောင်းနှင့် ကိုယ်ရပ်ခွင်
နေချင်လျက် မနေ ရ။
ပူအအေး ယှက်ထွေးကာ ဒဏ်ခံလို့၊
စုန်အဆန် မြန်းရတဲ့ခရီးမှာကွယ်
ကြီးတဲ့ဒုက္ခ။ ။

မငြင်းတဲ့မဆန်သာ၊
နိုင်ငံတော် သာသနာရေးပေမို့ ကွယ်
ပြေးမလွတ်ပါ။

သူတကာ ချမ်းသာဟုထင်မြင်ကြ၊
သို့ကတဲ့ စိတ်ထဲမှာ သံဝေဂယူလို့၊
ကံမွေတူ ဤအဖြစ်ကိုကွယ်
နှစ်လို့ခံရ။ ။

ဤမျှဖြင့် တိပိဋကဓရ ကြွေးကြော်သံကို ရပ်ဆိုင်းလိုက်ပါသေးပြီ။

၁၃၁၅-ခု၊ တပေါင်းလပြည့်ကျော် ၁၀-ရက်။

❁

# သာသနာ့ ကောင်ဆယ်သို့ ပြန်ပေးစာ

၁၃၁၅–ခု၊ တပေါင်းလပြည့်ကျော် ၁၅–ရက်

........................ထံသို့

ဘုန်းကြီး လေးနက်စွာ အကြံပေး မေတ္တာရပ်ခံလိုပါသည်မှာ ဘုန်းကြီးအား ‘သာသနာ့ကောင်ဆယ်က’ သံကြိုးဖြင့် ပင့်စဉ်ကပင် အောက်ပါ ဆိုလတ္တံ့သော အချက်များကို စဉ်းစားမိပါသော်လည်း၊ မလိုက်လိုဘူးဟု အဖြေပေးရသည်ကို လွန်စွာ အားနာသဖြင့်လာလျှင် ရန်ကုန်ရောက်မှ အခွင့်ကြည့်၍ ဒါယကာကြီးများအား နိုင်ငံခြားသို့ ဘုန်းကြီး မလိုက်ရန် ခွင့်တောင်းမည် အကြံဖြင့် ဘုန်းကြီး ပြန်လာခဲ့ခြင်း ဖြစ်ပါသည်။ ။ဘုန်းကြီး ပေးလိုသော အကြံမှာ....

သံဂါယနာ တင်ရမည့်ရက်ကား တစ်နေ့ထက်တစ်နေ့ နီးကပ် လာပါပြီ။ ကမ္ဘာ့အေးသို့ ဘုန်းကြီး ရောက်တိုင်း ဒါယကာဘက်က မလိုရအောင် စီမံထားပုံတွေ မြင်ရတိုင်း ပဏ္ဏာကမ္မဝါစာ တင်းတင်းပြီး မိမိထမ်းရွက်ရမည့် ဘာဏကတာဝန်ကို အမြန်ပြန်ပြီး ဘာဏကအဖွဲ့ဝင်များကို နှိုးဆော်ပေးဖို့ ဆန္ဒ ပြင်းထန်လှပါသည်။ ။ဒါယကာဘက်က တာဝန်မှာ လိုသည်ထက် ပိုတက်ရုံမက လျှံကျတတ် ဖြစ်နေသည်ကို တွေးမိတိုင်း ဆရာဘက်က ‘ချပြီးသော’ ဘာဏကတာဝန် ‘မသိရသေးသော ချပေးပတ္တံ့’ တာဝန်များကိုသာ တွေးတွေးပြီး စိတ်

မအေးဘဲ ရှိနေပါသည်။ ။ကမ္ဘာအေး၌ ယခု ပြုနေဆဲ ပိဋကတ်တော် ရွတ်ဖတ်ပူဇော်ပွဲ၌ ဟိုမတ်တတ် ဒီမတ်တက်နှင့်သာ လူထုသည် စိတ်မပါသလို အရေးမစိုက်သလို သွားရင်းဟန်လွှဲ နာနေသည်ကို တွေ့ရသဖြင့် စာအုပ်ကိုင်၍ ဘုန်းကြီးတွေ ဖတ်လျှင်လည်း ထိုနည်းပင် လူထု စိတ်မဝင်စားမည့်အရေးကို တွေးမိ၍ နှုတ်လွတ်ပြန်ဖို့ ဘက်သို့ အမြဲ စိတ်ညွှတ်နေပါသည်။နှုတ်ပြန်ဘာဏကစာရင်းသွင်းပြီးသော အဖွဲ့ အထူးအားဖြင့် ပထမ သန္နိပါတ်၌ နှုတ်လွတ်ပြန်မည့် ဘာဏကအဖွဲ့များအား သတိပေးခြင်းက နိုင်ငံခြားသို့ သွားခြင်းထက် လုပ်ငန်း၌ ပိုလွန် အကျိုးရှိမည် ထင်ပါသည်။ ဘုန်းကြီးအား ယခု လောလောဆယ် သီဟိုဠ်သို့ သွားစေခြင်းထက်၊ သံဃါယနာ၌ ပြောပလောက်အောင် ဆောင်ရွက်ပြီးသောအခါ သီဟိုဠ်ဆရာတော်များ၏ စိတ်က မိမိတို့ကျွန်းသို့ လာရောက်စေလိုသော ဆန္ဒ ပြင်းထန်သောကာလကျမှ သွားရလျှင် သာ၍အကျိုးရှိမည် ထင်ပါသည်။ဒါယကာများဘက်က တာဝန်မှာ ယခု တန်ခူးလပြည့်တိုင်လျှင် ပြည့်စုံသည်ထက် ပိုနေသဖြင့် ကမ္ဘာသို့ပင် လှည့်၍ ကြည်ညိုဖွယ်ဖြစ်အောင် လုံ့ဆော်နိုင်စေကာမူ သံဃာတော်ဘက်က ဘာတစ်ခုမျှ ဟုတ်ဟုတ်ဟတ်ဟတ် ဆောင်ရွက်၍ မပြရသေးသဖြင့် ကမ္ဘာလှည့်ရန်အချိန် စောသေးသည် ဟု သဘောရပါသည်။

အထက်ပါ အကြောင်းများဖြင့်ပင် ဘုန်းကြီး ယခု လောလောဆယ် နိုင်ငံခြားသို့ မသွားသင့်သေးကြောင်း ဒါယကာကြီး စဉ်းစားမိလောက်ပါပြီ။ သို့ပါ၍ ဘုန်းကြီးအား တာဝန်ကျသော ဝိနယမဟာဝဂ္ဂဘာဏကအဖွဲ့

ကို အချိန်မီ စည်းရုံးပြီး တိုက်ဆိုင်ပြီး ဖြစ်ဖို့ရန် အမြန်စီမံဖို့ ပြန်ခွင့်ပြုလိမ့်မည်ဟု ယုံကြည်ပါသည်။ ယခုက ဘုန်းကြီး မင်းကွန်းသို့ပြန်၍ 'ဝိနယမဟာဝါ ဘာဏက အဖွဲ့'ကို စည်းတိုက်ရပါမှ၊ သံဂါယနာမတိုင်မီ နံပါတ် ၅၁၁-တိတိရှိသော ဝိနည်းပါဠိတော်ကြီးကို ၃-ခေါက် ပေါက်အောင် အတွင်နှင်ရပါမည်။ မနည်း ကြိုးစားရပါမည်။ သို့ ၃-ခေါက်မျှ အနည်းဆုံး စည်းတိုက်ပြီး သံဂါယနာ နှုတ်လွတ်ပြန်မှ ကမ္ဘာ့ပညာရှင်တို့ အလယ်တွင် ပြည်ယောင်စုံ၏ ကျက်သရေကို ဆောင်နိုင်မည် ထင်ပါသည်။

အကြောင်းအရာ ပြန်ကြားလိမ့်မည်ဟု မြော်လင့် ရှိနေပါသည်။

**ဦးဝိစိတ္တသာရာဘိဝံသ**

သာသနာ့ရိပ်သာ၊ ရန်ကုန်မြို့။

၁၃၁၆-ခုနှစ်၊ ဝေသာခမာသကာဠပက္ခ

အဋ္ဌမီဒိဝသ

**မဟာဓမ္မရက္ခိတတ္ထေရပမုခါနံ လံကာသဒ္ဓသနမဇ္ဈုပမာနံ**

**ထေရာနုထေရာနံ ပစ္စုတ္တရဝစန မိဒံ**

**။သိဒ္ဓမ်။**

အာရောစယာမိ ဘန္တေ လံကာသာသနဇယဒ္ဓဇဘူတာနံ ပရမဝိသုဒ္ဓသီလာစာရဇ္ဇဝမဒ္ဒဝါဒိဂုဏဂဏာလင်္ကတာနံ 'ဉာဏာဘိဝံသဓမ္မသေနာပတိ' သံဃနာထပဘဝါနံ မူလာမရပူရနိကာယုတ္တမ မဟာသံဃသဘာပရိယာပန္နာနံ အစ္စာဒရသမ္မာနနစေတသာ။

ပဒုမ္ဗုဇံ မဟာဓမ္မ-
ရက္ခိတထေရသာမိနော။
ဝါသိတံ ဒယာဂန္ဓေန၊
ဌာတံ ဓဝ မမ မုဒ္ဓနိ။ ။

တုမှာကံ ဘန္တေ မူလာမရပူရနိကာယိကေဟိ ထေရာနုထေရေဟိ သာသနဿ ဝုဒ္ဓိဝိရုဠှိဝေပုလ္လကာမေဟိ ဓမ္မဂါရဝေန စေတသာ တိပိဋကဓမ္မ ပူဇာဘာဝေန နိယျာတိတံ တိပိဋကပရိယတ္တိသာရဒေန 'ပဏ္ဍိတဃော-

မာ လောကတိဿနာယကတ္ထေရဝရေန' သံဃဿ ဓုရန္ဓ-ရေန အာနီတံ 'ပါမောက္ခံ တိပိဋကဓရ ဓမ္မသေနာပတိ' ဥပါဓိကာရပတ္တံ သကလ မရမ္မ ရဋ္ဌ သုဓမ္မဝံသ နိကာယ သံဃနာထဘူတဿ အဘိဓဇမဟာရဋ္ဌဂုရု ဥပါဓိဓာရိ-နော သုဝိသုဒ္ဓသီလသမာဓိပညာဝတော မဟာထေရ-ဝရဿ လံကာအမရပူရ နိကာယ မဟာသံဃ သဘာယ ထေရာနုထေရာနံ ပဋိနိဓိဘာဝေ ဌိတဿ ဟတ္ထတော လဘိတွာ အဘိပ္ပမောဒိ ယထာ တံ ဒဟရော ယုဝါ မဏ္ဍနကဇာတိကော သီသံန္ဟာတော ဥပ္ပလမာလံ ဝါ ပဒုမမာလံ ဝါ ပုဏ္ဍရီကမာလံ ဝါ လဘိတွာ။

## ဒုတိယမဏ္ဍံ

ဓမ္မပူဇာ စ ပနေသာ ဘန္တေ ဓမ္မဂရုကာနံ ယေဝ ဝိသယော၊ န အညေသံ။ တထာ ဟိ ဘန္တေ ဘဂဝါပိ ဓမ္မသာမိ အာယသ္မတော သောဏဿ ကောဋိကဏ္ဏဿ သဗ္ဗေသံယေဝ အဋ္ဌကဝဂ္ဂိကာနံ သရဘညပရိယောသာနေ ဓမ္မပူဇာဘာဝေန အဗ္ဘနုမောဒိ သာဓု သာဓု ဘိက္ခူတျာဒိနာ။

သာဓူနံ ဝိသယော ဓမ္မ-
ပူဇာ နိဿုကီ ဂေါစရော။
အဝိသယော အသာဓူနံ၊
ဣဿုကီနံ ဝ ဂေါစရော။

ဧတရဟိ ခေါ ပန မေ ဘန္တေ ဗဟူနိ သံဂီတိကိစ္စာနိ သမန္တတော ပရိဝါရေန္တော ဝိယ ဌိတာနိ။ တသ္မာ တံ

ထေရဝါဒိနံ မူလာမရပူရနိကာယိကာနံ ဗုဒ္ဓါနုဗုဒ္ဓါနံ သာဝကာနံ ထေရဝရာနံ ဧတ္တကမေဝ ပစ္စုတ္တရဝစနံ မာရောဇေတုံ သက္ကောမိ။ ဧတ္တကေနေဝ မေ ထေရာ အာရာဓေန္တု။

ဝိဇယန္တံ မဟာဓမ္မ-
ရက္ခိတတ္ထေရမာဒယော။
ပစ္စတ္ထိကေ ပနုဒိတွာ၊
သာသနဿ ဓုရန္ဓရာတိ။

မင်းကွန်းပဏ္ဍိတာရညဝါသီ

မ.ရမ္မရန္ဒ

၁၆-ဝေသာခမာသ ကာဠပက္ခအဋ္ဌမိ

## ဆဋ္ဌသံဂါယနာ မဟာဓမ္မသဘင် ဖွင့်ပွဲကြီး၌
## ဖတ်ကြားအပ်သော

# ထောမနာ စာတမ်း

။သိဒ္ဓမ်။

ဝိဇိတာရိဇေတာ ရာဇာ၊
စက္ကာတိ စက္ကဝတ္တိယော။
စက္ကံ ဝတ္တေသိ လောကမှိ၊
ဌာတံ တာယ ယထာရုစိ။

အောင်သူတကာတို့၏၊ မဟာအဂ္ဂိန္ဒာဓိပတိ၊ သီရိမင်္ဂလ၊ အတုလဝဋ္ဋံသကာ၊ မင်္ဂလာဝတ်မှုန်၊ ကျေးဇူးဂုဏ်တို့၊ ထုံတလှိုင်လှိုင်၊ ကြိုင်တလျှမ်းလျှမ်း၊ သုံးလောကတိုက်ခန်းဝယ်၊ ဦးစိုက်ပန်းသရဖူ၊ ဖြစ်တော်မူသော၊ သဗ္ဗညုထွတ်ထား၊ ဘုရားသမ္ဗုဒ္ဓဆရာသည် ဝါလေးဆယ့်ငါး၊ ကာလလျားအောင်၊ ဘုရားတို့ငြမ်း၊ ကိစ္စတော်ငါးခန်းကို၊ ကြိုးပမ်းနေ့စဉ်၊ ပြီးစုံလင်မှ၊ အသင်္ခတ၊ အမတကြွင်နှံး၊ နိဗ္ဗုနန်းကို၊ သိမ်းမြန်းတော်မူခါနီးဝယ်၊ ပြောသီးများစွာ၊ ဝေနေယျာအား၊ ဗယာဟုန်ဇော၊ ထပ်ထပ်စောသဖြင့်။ 'ယော ခေါ အာနန္ဒ မယာ ဓမ္မော စ ဝိနယော စ ဒေသိတော ပညတ္တော၊ သော ဓဝါ

မမစ္စယေန သတ္တာ'၊ ရွှေဗျာဒိတ်မှတ်၊ တံဆိပ်ခတ်၍၊ ပိဋကတ်သုံးသွယ်၊ နိကာယ်ငါးတန်၊ ဓမ္မက္ခန်ပေါင်း၊ ရှစ်သောင်းလေးထောင်၊ မြားမြောင်တရား၊ ကိုယ်တော်ပွားကို ထားတော် မူခဲ့ပါသတည်း။ ။

မဟာမုနိ၊ တုမရှိလျှင်၊ သီရိမင်္ဂလာ၊ ဆင့်ဆင့်မြွာသား၊ ကမ္ဘာတော်အေး၊ အမြိုက်ဆေးကို၊ တိုက်ကျွေးမှုတ၊ ကျွတ်ဆုငှာ၍၊ အမတနိရော်၊ ကိန်းစံပျော်က၊ ကိုယ်တော်အလျာ၊ ထားခဲ့ပါသော၊ မဟာကဿပ၊ သံဃိန္ဒသည်၊ သာသနပစ္စတ္ထိက၊ သုဘဒ္ဒ ရဟန်းကြီး၏၊ ရင့်သီးနှုတ်ထွက်၊ ပြောဆိုချက်ကြောင့်၊ အသည်းကို လှံဖြင့် ဆွသကဲ့သို့၊ ဓမ္မသံဝေ၊ သဟောတ္တပ္ပ ဉာဏ်အခြေဖြင့်၊ ရွှေမြေမဂဓိုရ်၊ ရာဇဂြိုဟ် သနင်း၊ အဇာတသတ်မင်း ကို၊ မှီတင်းဥပကာ၊ ရယူပါ၍၊ ပဉ္စမာဒိက၊ ဓမ္မသံဂါယနာ သဘင်၊ ငါးရာသော ရဟန္တာအရှင်တို့နှင့်၊ ဆင်ယင် ကျင်းပတော် မူခဲ့ပါသတည်း။

မဟာသကျ၊ စောသီဟလျှင်၊ အမတကွန်းပြောက်၊ ဆောက်သည့်နောက်ဝယ်၊ ရောက်သည့်သာသနာ၊ နှစ်တစ်ရာ၌၊ ဝေသာလီသား၊ ရဟန်းများ၏၊ ဆယ်ပါးသော အဓမ္မဝတ္ထု၊ အကြောင်းပြု၍၊ သံဃုပနာယက၊ ယသရဟန္တာ၊ ထေရ်မဟာနှင့်၊ ကာလာသောက၊ နရိန္ဒတို့၊ သဟ္တသတာ၊ ရဟန္တာတို့ကို၊ သချာရွေးကောက်၊ နောင်ရေးထောက်၍၊ နှစ်ကြိမ်ပြောက် သံဂါယနာ၊ ယင်ပြီး သည့် နောက်အခါဝယ်။ နှစ်ရာသုံးဆယ်ငါး၊ ကုများသာ သနာ နှစ်၊ တိုင်ရောက်လစ်က၊ ဆိုးညစ်ပါ၂၊ ဘာဟီရကဘို့၏၊ ပါဒယုတ်မာ၊ သာသနာ ယော်၊ ဝင်

လာရှုပ်ထွေး၊ ရောယှက်ဘေးကြောင့်၊ မိတေးယျနောင် ဖွား၊ တို့ဘုရား၏၊ သားကြီး မောဂ္ဂလိပုတ္တ၊ တိဿရဟန္တာ ထေရ်မဟာသည်၊ ဓမ္မာသောကာ၊ နရမောဠိ၊ အမှီကောင်း ရရှိ၍၊ တတိယ သံဂါယနာသဘင်ကို၊ လက်ရွေးစင် ရဟန္တာ၊ သင်္ချာမြားမြောင်၊ ထေရ်တစ်ထောင်တို့နှင့်၊ တင်ဆောင်ပြီးမြောက်။ ဘုရားသာသနာ စက်အာဏာ လျှင်၊ လေးရာငါးဆယ်တိုင်ရောက်က နောက်ပစ္ဆိမာ၊ ဇနတာတို့၊ အရာရာဆုတ်လတ်၊ ဟာနိဘေး နှိပ်စက်အပ် သဖြင့်၊ မုခပါဌ်နှုတ်ဘက်ဆောင်၊ မဆောင်နိုင်မည့်အရေး ထောက်တွေးဉာဏ်တော်၊ အရှည်မြော်ကြသော၊ ထေရ် ကျော်ငါးရာ၊ မဟာ ဓမ္မရက္ခိတ၊ သံဃပရိဏာယက၊ ထေ ရိန္ဒတို့သည်၊ သီဟဠကျွန်း၊ မြေဦးစွန်းဝယ်၊ ရိပ်ဝန်းသာစွ၊ မာတုလ သမုတ်၊ ဇနပုဒ်၌၊ နရက္ကဌ၊ ဝဋ္ဋဂါမဏိမင်း လက်ထက်၊ စောမုနိ ဓမ္မစက်ကို၊ ပေထက်သို့ရေးတင်၊ သဘင် ပေါတ္ထကာရုဠ၊ သမုတ်ပြုအပ်သော၊ စတုတ္ထ သံဂါ ယနာပွဲကို ခြိမ့်သဲမြေပြင်၊ ကောင်းသံထင်ဖြင့်၊ ဆင်ယင် ကျင်းပတော်မူခဲ့ကြပါသတည်း။ ။

ရမ္မ မရမ္မ၊ မဏ္ဍလဟု၊ ကမ္ဘာ့ပဓာသော၊ သံပိုင်းဖြာ သော၊ မြန်မာခေါ်မှတ်၊ ကျွန်းပိုပ်တို့ တိုင်းရင်း၌လည်း၊ မြတ် စိန္တေယျာ၊ သာသနာလျှင်၊ သင်္ချာနှစ်ထောင်၊ လေးရာ့ နောင်၌၊ စွန်းဆောင်ဆယ့်ငါး၊ နှစ်တိုင်ငြားက၊ ဘုရား ဩဝါ၊ သာသနာသည်၊ ပညာသဟာယ၊ နှစ်တိုင်ခတ် အောင်၊ စိရဋ္ဌိတိကာ၊ တည်စိမ့်ငှာဟု၊ ဇာဂရာဘိဓေ၊ တိပိဋကဓရထေရ်၊ အမွှမ်းချီသော၊ သာကီညွှန့်ခေါင်၊ နှစ် ထောင်လေးရာကျော်၊ သံဃာတော်များ၊ ထေရ်ဘုရားတို့ သည်၊ ကျောက်သားပြင်ထက်၊ ဓမ္မစက်ကို၊ သေလက္ခရာ

ရှင္ဌ၊ ပဥ္စမ သံဂါယနာသဘင်၊ ဆင်ယင်တော်မူရာ၊ ထို
အခါ၌၊ ရတနာ ပုဥ္၊ ပထမမြို့နန်း၊ ဖန်ဆန်းတီထွင်၊
အရှင် ဘဝရှင် မင်းတရားကြီး ဘုရားသည်၊ လေးပါး
ပစ္စယ၊ လိုသမျှကို၊ မုတ္တစာဂီ၊ထောက်ကူညီ၍၊ မသိမချွေး၊
ကပ်လှူပေးလျက်၊ ဇိုနေးမြတ်စွာ၊ သာသနာကို၊ သဒ္ဓါ
လုလု၊ ချီးမြှောက်ပြုခဲ့သော၊ ဓမ္မပဒေသ၊ နယစံပြင်၊
ဂန္ထဝင်တို့ကို၊ သမ္ပဇဉ် ရှေးရှု၊ မြော်တွေးပြုသော်၊ မုနိ
ဩဝါ၊ သာသနာသုံးရပ်၊ မနှုန်းအပ်တွင်၊ ပရိယတ် သာ
သနာကို၊ ဆရာဒကာ နှစ်ဦးသားတို့၊ ပိုင်းခြားဝေဖန်၊
ကိုယ့်တာဝန်မှ၊ အားသွန်ဆောင်ကျင်း၊ မလစ်ဟင်းစေ
ကြမှ၊ အချင်းချင်း အမှီရ၍၊သိပ္ပခရိုင်၊နိဗ္ဗာန်တိုင်အောင်၊
ဂုဏ်စိုင်ကျေးဇူး၊ပွားပြန့်ပျူးမည်မှာ၊ အထူးပင် ထင်ရှား
လှပါသတည်း။ ။

သာဂါရာ အနာဂါရာ စ၊
ဥဘော အညောညနိဿိတာ၊

မြတ်စွာနှုတ်မြွက်၊ ဟောမိန့်ချက်ကို၊သက်ဝင် ယုံကြည်၊
သဒ္ဓါရည်ဖြင့်၊ မြန်မာပြည်ဘောင်စု၊ ဖန်တည်
ပြုသော၊ လူထုဒါယကာတို့သည်လည်း၊ ကာလရှည်ကြာ၊
နှစ်တစ်ရာမျှ၊ မိစ္ဆာဂိုဏ်း၊ လေ င်းရိပ်မိသ၊ဖြင့်၊ ပျောက်ဘိ
ဘနန်း၊ ခြည်လျှံနှမ်းခဲ့သော၊ လူ ထိပ်ပန်း သာသနာကို၊
မကြာလျင်ဆော၊ တွန်းစေသောဝ်ဟု၊ မနေ ပဏ်ဓိ၊ရည်
သန်ရင်းရှိကြ၍။ အဓိပတိပါမောက္ခ၊ ဂဏဥက င်၊ ထေရ်
သခင်တို့၊ ဘိုင်ပင်ဆွေးနွေး၊ အကြိမ်ကြိမ်စည်းဝေးလျက်၊
တသွေ.မပြား၊ ဆဋ္ဌ သံဂါယနာ၊ မဟာဓ ့သဘင် ပ င်
ပိမ့်မည် မိန့်စကားကို၊ ဦးဖျားညွှန့်ဆဲ၊ သိပ်ဝယ်ပန်ပြီး၊ ၊

ပရိက်ံကိစ္စ၊ အဝဝတို့ကို၊ ဗုဒ္ဓသာသနာပြုအဖွဲ့ကြီးက၊
အပြီးတိုင် တာဝန်ယူ၍၊ ဘူမိဇာတ၊ မြေမှပေါ်တက်၊
ရွှေတောင်ကြီး အသီးသီးထွက်သကဲ့သို့၊ အပဝဂ္ဂကိုရိယာ၊
တစ်ဆယ့်နှလုံးလ၊ တိုတောင်းလှသော သမယချိန်အခါ
ဖြင့်၊ ဣန္ဒာသန သိကြားဗိမာန်၊ ဝေဇယန်ကို၊အန်တုတုတု
မာန်တင်းကာ ပြုသကဲ့သို့၊ ဇမ္ဗူမင်္ဂလာ အမွှာမွှာတို့ဖြင့်၊
သိလာဇာတိ မိုးပါးထိမျှ၊ ဂိရိကျောက်တောင် ဖန်တည်
ဆောင်ပြီးမှ၊ အထောင်များစွာ ထေရ်သံဃာတို့၊ သံဂါ
ယနာသဘင် ယင်ပါစေလျှင်း၊ တောင်အတွင်းဝယ် ဝင်း
ဝင်းတောက်ယိန်၊ နဝရတ်အိမ်သို့၊ အာလိန်ခြောက်ဆင့်
တင့်ရရင့်တို့၊ ဆင့်ဆင့်ရစ်ရင်၊ ပတ်ပန်းကျင်မှလည်း၊
ဥမင်လိုဏ်နန်း၊ စင်္ကြံလမ်းကို၊ ဉာဏ်စွမ်းနက်လေး မဟော်
သွေးတို့သည်၊ ကြော်ကြွေးကောင်းဟိတ်၊ ကမ္ဘာကို ပွဲတင်
ငြိတ်စေလျက်၊ ကိစ္စဥဿုံ အလုံးစုံကို၊ ကုန်အောင် ပြီးစေခဲ့
ကြပါသတည်း။ ။

ကိစ္စ ဘိယျော၊ စိတ်သပ်မော၍၊ ညြညြရင့်ကြွေး၊
ကောင်းချီးပေးလောက်အောင်၊ လေးဒီပနာမ်၊ ဘွဲ့သီး
နှံ၍၊ မိုးပျံလုနီး၊ ကျောင်းဆောင်ကြီးတို့နှင့်တကွ၊ ဘတ္တဂ္ဂ
ဗိမာန်၊ ဝေယန်သုံးဆင့်၊ မြင့်မြင့်သွန်းသွန်း၊ သရေရွှန်း
သော၊ ဆွမ်းစား ကျောင်းဆောင်တော်၊အစဖော်၍ တွက်
မြော်ဂဏန်း၊ မပြုမှန်းနိုင်အောင်၊ နန်းအယုဇ္ဈ၊ သက္က
စံရာ၊ ရာဇဓာသည့်၊ ပထဗျာမြေထက် လျောကြွသက်ဘိ
သို့၊ အဆက်ဆက်သော ရာဇဝင်ဝယ်၊ မမြင်စဖူး-မကြား
ဖူးသား၊ အထူးထူးသော သံဂါယနာ အဆောက်အအုံ၊
ပရိက်ံ အလုံးစုံတို့၊ ကုံလုံပြီးပြေ၊ အဆင်သင့်ရှိနေပါ

သော၊ ဇေယျာဘိဇေယျာသိဒ္ဓိ၊ သိရိမင်္ဂလာ၊ အခါတော်ကြိုက် ရောက်ဆိုက်ပြီ ဖြစ်ပါသော....

ကောဇာသက္ကရာဇ် ၁၃၁၆=ခု၊သာသနာနှစ် ၂၄၉၈=ခု၊ ဥတုဂိမှ၊ကဆုန်လပုဏ္ဏမီ၊ ဗေသာခီနန်း၊ကြယ်ပြာသာဒ်နှင့်၊ စန်းမြတ်ကြိမ်တွေ့၊ ဤယနေ့ဝယ်၊ဘုန်းဟော့မြတ်စွာ၊ သာသနာလျှင်၊ ပဉ္စာသဟာသ်၊ နှစ်တိုင်လတ်အောင်၊ မတ်မတ်ခိုင်ကျည်၊ တည်စိမ့်ရည်၍၊ မြန်ပြည်သီဟဋ္ဌ၊ သိယာမနှင့်၊ကမ္ဗောဇ လာအို၊ ထိုထိုထေရဝါဒ၊ နိုင်ငံတို့မှ၊ ဘုန်းလျှံသကျ၊ ပုတ္တာရင်နှစ်၊ သားချစ်သံဃာ၊ နှစ်ထောင်ငါးရာ အတိုင်းအရှည်ရှိသော၊ ထေရ်မဟာတို့သည်၊ မြန်မာပြည်ထောင်စု အစိုးရနှင့်တကွသော၊ လူထု၏ သာသနူပကာရ၊ ဓမ္မပူဇာ မင်္ဂလာဖြင့်၊ ညီညာစည်းဝေး သာမဂ္ဂီပေးကြ၍၊ ရှေးရှေးမသာ သံဂါယနာတို့နည်းတူ၊ ဤဆဋ္ဌလိင်္ဂ ဝယ်၊သုံးဆူပိဋကာ၊ဓမ္မသံဂီတိသဘင်၊မင်းအပေါင်းစုံလင်ဖြင့်၊ သံထင်ခြိမ့်သဲ၊ ပွဲကြီး ဓိဇယသဘဝ၊ အောင်မြင်စွာ ဖွင့်လှစ်ကြသည်ကို၊ ဒိဋ္ဌထင်စွာ၊ ဖူးတွေ့ရပါသော၊ မြန်မာပြည်ဖွား၊ အမျိုးသားတို့နှင့်တကွ၊ တိုင်းခြားညီသည်တော်၊ ရေသော်များတောင်း၊ မြေညွှတ်စောင်းမျှ၊ အပေါင်းဂိုလ်လူ၊ ခပ်သိမ်းသူတို့၊ လိုက်ဆူကြည်ညို၊ သဒ္ဓါလုလု ညီညာစွာပြုရသော၊သာသနုပကာရ ကုသိုလ်ကို၊ ထိုထိုအရပ်ရပ်၊ ဘုံသုံးထပ်ဝယ်၊ နတ်လူဗြဟ္မာ၊သတ္တဝါကို့လည်း၊ ပဋ္ဌာနုမော်၊ ကောင်းချီးခေါ်စိမ့်ငှာ၊နိုင်ငံဟော်လူ့ဆုကိုယ်စား၊ ဤယခု ထောမနာစကားကို၊ဖတ်ကြား သိစေအပ်ပါသတည်း။

ပြီးပါပြီ။

❀

၁၃၁၆–ခုနှစ်၊ ဝါဆိုလဆန်း ၈–ရက်၊ (၈-၇-၅၄)

## ပထမသန္နိပါတ ဆဋ္ဌသံဂါယနာတင်

## အောင်ပွဲသဘင် အခမ်းအနားဖွင့်

## ဂါထာပါဠိ နိဿယပါဘုရား

သံဂီတိကာရကာ ထေရာ၊
သန္နိသိန္နာ ဟိ သာဓဝေါ။
သန္တာ သန္တာ ဘိပူဇေယျါ၊
ဝိဝဋ္ဋော ဝိဇယုဿဝေါ။ ။

ဟိ=ဆဋ္ဌသံဂါယနာ မဟာသဘင် သံထင်ခြိမ့်သဲ သိမ့်သိမ့်ဝှဲသား အောင်ပွဲမင်္ဂလာ ဖွင့်လှစ်ပါအံ့။ သံဂီတိကာရကာ=ပထမသံဂါယနာတင် အရှင်မဟာကဿပ သံဃိန္ဒ၏ ပရံပရနွယ်ဝင် ဆဋ္ဌသံဂါယနာတင် ဖြစ်တော်မူကြပါကုန်သော။ ထေရာ=သီလမြေထု မေရုသမာဓိန် ဝရဇိန်ပညာ လင်းလင်းဖြာသည့် ဆရာတော်ပေါင်း မထေရ်ကောင်းတို့သည် လည်းကောင်း။ သာဓဝေါ=သံဂီတိ ဒါယကာ သဒ္ဓါညွတ်ပျောင်း သူတော်ကောင်းတို့သည်လည်းကောင်း။ သန္နိသိန္နာ = သီရိမင်္ဂလာ ကမ္ဘာ့တော်အေး အမြိုက်ဆေးကို ငြိမ့်လေးကြည်ဖြူ သုံးအံ့ဟု၍ နိဗ္ဗူဆိပ်

ကမ်း လိုက်ဂူနန်းဝယ် သာမြန်းရှေးရှု ညီမူစည်းဝေး မိကြပါကုန်ပြီ။ သန္တာ=နှလုံးပျော့ပျောင်း အို....သူတော်ကောင်းတို့။ သန္တာ=လေငြိမ်ရာဝယ် ကောင်းစွာ ညှိသီး ဆိမ်းတူချိန် တည်ငြိမ်သော သမာဓိ ရှိကြကုန်သည်ဖြစ်၍။ အဘိပူဇဝေ့ါ=ဗောဓိဉာဏ်ကောင်း ဖွင့်စေကြောင်းဖြင့် ညွှတ်ညောင်းကော်ရော် ပူဇော်ကြကုန်လော့။ ဝိဇယုသဿဝေါ=ပထမသန္နိပါတ ဆဋ္ဌသံဂါယနာ ဇေယျာဝှဲချီး အောင်ပွဲကြီးကို။ ဝိဝဋ္ဋော = ဖွင့်လှစ်အပ်ပါပြီ။ ဝါ-ဝိဝဋ္ဋော=အောင်သပြေနု ငွေခရုနှင့် ဇေတုသံညီ မန္တန်သီသို့ သျှန္တီငြိမ့်သည်း သိမ့်သိမ့်ဟည်းအောင် အောင်ပွဲကြီး ဖွင့်လှစ်ပါပြီ။ ။

၁၃၁၆-ခုနှစ်၊ နှောင်းတန်ခူးလပြည့်ကျော် ၅-ရက်နေ့
အန္တိမဈာပန

အာဒိကမ္မိက-ဆဋ္ဌသံဂါယနာမှူး
မထေရ်ထူးကြီး ဖြစ်တော်မူသော
ညောင်ရမ်းဆရာတော်ဘုရားကြီး၏

**ဂုဏာဘိကိတ္တန သံဝေဂ ဂါထာများ**

မင်းကွန်း တိပိဋကဓရ ဆရာတော်ထေရ်
ရေးသားပူဇော်ပါသည်။

**ပဏာမလင်္ကာ**

မဟာအဂ္ဂ၊ ပဏ္ဍိတတည့်၊ ဂန္ထကာရီ၊ မဟာဂဏီက၊ သုံးလီသိက္ခာ၊ သာသနာကို၊ သဒ္ဓါလုလု၊ ချိန်တိုင်းပြုသား ပြည်သူ့ဆရာ၊ မဟာရဋ္ဌဂုရု၊ ဘွဲ့ဂုဏ်စုဖြင့်၊ ဓမ္မပဒေသ၊ နည်းမှန်ပြ၍၊ ဆဋ္ဌသံဂါယနာ၊ မဟာနာယက၊ ရှေ့တန်းမှလျှင်၊ သာသနာ့ဝန်၊ ကုန်ကျေပွန်အောင်၊ အားသွန်ဆောင်ထမ်း၊ ဘုန်းရောင်လျှမ်းသည့်၊ ညောင်ရမ်းထေရ် မေဘ်၊ နတ်ရွာပျော်အား၊ စာတော်ကိုးခန်း၊ ပုလဲပန်းဖြင့် စက်ပန်းတော်စုံ၊ ကြာပဒုံသို့၊ အာရုံမြူးကွန်၊ ရှိဦးညွှန်သည်၊ အကျွန်မြတ်နိုးပူဇော်၏ဘုရား....။

(၁) သံဃိန္ဒော ကာဃပေါ နော နု၊
ရေဝတော တိဿသဝှယော။
နိဿိန္နော ဓမ္မပလ္လင်္ကေ၊
ဓမ္မသံဂါယနုဿဝေ။ ။

ဍုဂ၆ ❀ တိ=နိ ဏာ ဗျ မာ လာ

ဓမ္မပလ္လင်္ကေ=ဆဗ္ဗဏ္ဏရံ ခြည်အလျှံတို့ ဝန်းရံဝဲယာ ပတ်
ယှက်လာသား၊ အဂ္ဂါဠိန္ဒြ အာသနဝယ် သောဏ္ဏရောင်
ခြည် ထွေထွေစည်မျှ ရွှေရည်မွမ်းမံ ဓမ္မပလ္လင်ပျံ၌။
နိသိန္နော=တာရာရံယှက် စန်းငွေစက်သို့ ထောင်ဝက်
သံဃာ ဝဲလက်ယာမှ စွန်းကာစွေဖြိုး တရားမိုးကို ရွာကြိုး
ထစ်ချုန်း သီတင်းသုံးစံနေတော်မူသော။ သံဃိန္နော=
ဘုန်းစက်တေဇာ လျှံထိန်ဖြာသည့် သံဃိန္ဒာခေါင်ဖူး
မထေရ်မှူးသည်။ ဓမ္မသံဂါယနုဿဝေ=ပထမသံဂါယနာ
မဟာဓမ္မသဘင်ပွဲကြီးယင်၌။ကဿပေါ နော-ကဿပေါ
နူ=ဘုရားဇိနော် စိန္တေယျော်လျှင် ကိုယ်တော်အလျာ
ထားခဲ့ပါသည့် သံဂါယနာဦးစီး မဟာကဿပ မထေရ်
ကြီးပင် ဖြစ်လေရော့သလား။ နော = မဟုတ်နိုင်ပါ၊
မဟာကဿပ သံဃိန္ဒကား အမတနိဗ္ဗာန် ဝင်စံချုပ်ငြိမ်း
ဘုံဇာတ်သိမ်းတော်မူခဲ့လေပြီ။ နူ=စင်စစ်ကေန် အမှန်
အားဖြင့်တော့။ ဓမ္မသံဂါယနာ=မဟာသဘင်ပွဲကြီးယင်
၌။ သံဃိန္နော=နှစ်ထောင့်ငါးရာ ထေရ်သံဃာကို မေတ္တာ
လမ်းချုပ် စိုးအုပ်တော်မူပါသော။ ကဿပေါ=မဟာ
ကဿပ သံဃိန္ဒမှ ဝံသစီစဉ် ဆက်ခဲ့လျဉ်သား သဘင်
ဆဌ ပါမောက္ခဦးစီး မကျ ဇူးရှင်ညောင်ရမ်းဆရာတော်
ဘုရားကြီးပါပေတည်း။

န=အတွေးဘာဏ်ဝင် တစ်နည်း ကင်မိသည် ကား။
သံဃိန္နော=ဖော်ပြရာပါ သံဃိန္ဒာခေါင်မှူး+မဟာထေရ်
မှူးသည်။ ဓမ္မသံဂါယနုဿဝေ=ဒုတိယသံဂါယနာ မဟာ
ဓမ္မသဘင် ပွဲကြီးယင်၌။ ရေဝတော နော=ရေဝတော
[illegible]=အာဂမဂါဒိ ဝဇ္ဇီတိုင်းသား ရဟန်းများကို တရားဖြင့်
နှိပ်[illegible]၍ မြတ်ရဟန္တာ ခုနစ်ရာတို့ဖြင့် သံဂါယနာ ဒုတိယ

ကို ရှေ့တန်းက ရွက်ဆောင်သည့် အခေါင်ပညာ ခီဏာ
သဝ မဟာရေဝတ ထေရ်ပင် ဖြစ်လေရော့ သလား။
နော=မဟုတ်ပါပေ။ ရေဝတထေရ်လည်း နေရဗာန်
ကွန်းပြောက် ဆောက်တော်မူခဲ့လေပြီ။

နု = စင်စစ်ဧကန် အမှန်အားဖြင့်တော့။ ဓမ္မသံဂါ
ယနုဿဝ = ပြည်ထောင် တည်ဆောက် ခြောက်နှစ်
မြောက်ဝယ် ခြောက်ကြိမ်မြောက်ယင်၌ ဓမ္မသံဂါယနာ
သဘင်ပွဲ၌၊ သံဃိန္နော=သံဃိသာရ သံဃာ့မဏ္ဍိုင် သာ
သနာပိုင်တစ်ဆူဖြစ်တော်မူပါသော။ရေဝတော=ဒုတိယ
သံဂါယနာဝယ် မဟာရေဝတ ထေရ်တမျှလျှင် ဆဋ္ဌ
သံဂါယနာ တင်သောအခါ၌ မဟာပါမောက္ခ ရှေ့တန်း
မှ အားသွန် သာသနာ့ဝန်ကို ချွန်ချွန်ရွက်ဆောင် ထွန်း
လိမ့်နောင်ဟု ဘုန်းခေါင်ထေရ်ကြွယ် ဥပဇ္ဈာယ်တို့ နွယ်
တော်ရေဝတ ထပ်တူမျှလျှင် အနွတ္ထနာမ် ပေးအပ်နှံသား
ဘုန်းကံရောင်လျှမ်း အခေါင်လွှမ်းသည့် ညောင်ရမ်း
ထေရ်ခမာ် ကျေးဇူးရှင် ဆရာတော်ဘုရားကြီးပါပေ
တည်း။

နု=အထ ဝါကား တစ်နည့်းပြား၍ ယုံမှားသက်ာ
ဘွေးတောရပြန်ပါသည်မှာ။ သံဃိန္နော=မဟာသယံရာဇ်
ဘုန်းသစ်လျှံလူ ဗုဒ္ဓကုံဇာတ် မထေရ်မြတ်သည်။ ဓမ္မသံဂါ
ယနုဿဝ=တတိယသံဂါယနာ မဟာဓမ္မသဘင် ပွဲကြီး
ယင်၌၊ တိဿံသတ္တယော နော = တိဿသတ္တယော နု=
မောဂ္ဂလိပုတ္တော ရင်သွေးသည်းချာ မဟာတိဿ ဓမ္မ
သံဂါယနာမှူး မထေရ်ထူးပင် ဖြစ်လေရော့သလား။
နော=မဟုတ်ပါတိ မောဂ္ဂလိပုတ ထေရ်တိဿသည်လည်း
ဘဝဇာတ်သိမ်း ငြိမ်းတော်မူခဲ့လေပြီ။

နူ=စင်စစ်ကောန် အမှန်အားဖြင့်တော့။ ဓမ္မသံဂါယ နူသဝေ=လူထုခေတ်သာသနာ ကမ္ဘာအေးကုန်းမြေချာ ဟု မဟာပါသာဏ လိုဏ်နန်းမ၀ယ် ဆဋ္ဌယင်န္တွဲ ဓမ္မ သံဂါယနာ ပွဲ၌။ သံဃိန္ဒော=သံဂီတိပါမောက္ခ သံဃာ့ ဦးကိုင် သာသနာပိုင်တစ်ဆူ ဖြစ်တော်မူပါသော။ တိဿသဝှယော = မောဂ္ဂလိပုတ္တ ထေရ်တိဿမှ ၀ံသစင် ကြယ် ဆက်ခဲ့နွယ်သား သုံးသွယ်သိက္ခာ စင်ကြယ်စွာ ကြောင့် မဟာတိဿ ဘွဲ့ထူးပသား သံဃရာဇာ စက်နေ ၀ါသို့ တေဇာရောင်လျှမ်း အခေါင်လွှမ်းသည့် ညောင် ရမ်းထေရ်မော် ကျေးဇူးရှင် ဆရာတော်ကြီးပါပေ တည်း။ ။

(၂) ဣစ္စာနုသံကိယော ရဋ္ဌ-

ဂုရုပါမိ မဟာမတိ။

နာယကော နော ဇဟိတွာန၊

ဒေဝလောကမလက်ရိ။ ။

ဣတိ=ဤသို့။ အနုသံကိယော= အရှင်မဟာဿပနှင့် တဖြာ ရှင်မဟာရေ၀တနှင့် တစ်ပါး မောဂ္ဂလိပုတ္တ မထေရ်လားဟု ယုံမှားလောက်ဖွယ် ကျေးဇူးဂုဏ်ကြွယ် ပေထသော။ ရဋ္ဌဂုရုပါမိ = အဘိဓဇ မဟာရဋ္ဌဂုရုရာဇ ပါမိ=မင်းလှူသည့် ဘွဲ့မည်ခံ နိုင်ငံတော်၏ဩ၀ါဒါစရိယ ဖြစ်တော်မူပေထသော။ မဟာမတိ = ကြီးမြတ်သန့်စင် ပညာရှင်ဖြစ်တော်မူပေထသော။ နော=အကျွန်ုပ်တို့၏။ နာယကော=ဆဋ္ဌသံပါယနာ မဟာနာယက သံဃရာဇာ သာသနာပိုင် ဆရာတော်ဘုရားကြီး သည်။ နော =

အကျွန်ုပ်တို့ကို။ ဇဟိတွာန=သံဂီတိလက်စ လုပ်ရစ်ကြဟု နှုတ်ကခွန်းအိန့် ညွှန်းမမိန့်တော့ပဲ လွှမ်းစိမ့်ပစ်ပယ် ကံ သစ်ခြယ်တော်မူခဲ့၍။ ဒေဝလောကံ=နယ်ပြည်ဘဝ ဟို လောကကို။ အလင်္ကရိ=တန်ဆာ ဆင်မတော်မူလေပြီ။ ဒေဝလောကမလင်္ကရိ = နတ်ပြည်ဘဝ ဟိုလောက သို့ မမွှာဇဆေး ငါ တိုက်ကျွေးမည်ဟု ရင့်ကြွေးနတ်စည် ဆော်ရွှန်းလည်၍ ယာယီစက်ပန်း မာဃဝီပင့်ပုံ ဆန်း သော်ကြောင့် ကြွမြန်းသာရွှင် တန်ဆာ ဆင်တော်မူခဲ့ လေပြီ။

(၃) သီလံ ဝေ တဝ သံဃိန္ဒ၊

မဟီဝ ပတ္ထဋ္ဌံ ဓိတိ။

မေရု ဝါ နိလေဟိ လောက-

မမ္မေဟျ သမ္ဘဝေဓိနီ။ ။

သံဃိန္ဒ=ရှစ်ပါးဒိသာ ဂိုဏ်းသံဃာကို မေတ္တာတော် ဖြိုး စက်တန်ခိုးဖြင့် အုပ်စိုးပါနိုင် ဘုန်းပွင့်လှိုင်။ တဝ= အရှင်ဘုရား၏။ သီလံ=အမိမာန ထင်မှားရအောင် ငယ် က ခုထိ ပြစ်မရှိသား သုဒ္ဓိလေးပုံ သီလ ကျေးဇူးဂုဏ် သည်။ ဝေ = စင်ငံစ်ကေန် အမှန်အားဖြင့်။ မဟီဝ = ယုဇ္ဇနာကိန်း နှစ် သိန်း လေး သောင်း ထုပေါင်း သင်္ချာ မ ၊၊၊ ၊ ပထဝီ ဤမြေအဝန်းကဲ့သို့။ ပတ္တဋ္ဌံ=ရောပြန့်ကျယ် ထုသည်ကြီးမားလှပေ၏။ ဓိတိ=လေငြိမ်ရာဂယ် ကောင်း စွာညှိသီး ဆီဒီးပုံချိန် တည်ငြိမ်သော သမာဓိတော်မြတ် သည်။ အနိလေဟိ=အရပ်မျက်နှာ ရှစ်ဒိသာမှ တိုက်လာ ဖြတ်ပိုင်း လေမုန်တိုင်းတို့ကြောင့်။ မေရု = မဏ္ဍိုင်ဗဟို

လေးရောင်ခို့သည့် မြင်းမိုရ်သနင်း တောင်များမင်းသည်။ အသမ္ဘဝေမိ ကွာဝ=မလှုပ်မတုန်၊ မဖုန်မထိုင်၊မယိုင်မယိမ်း၊ မတိမ်းခိုင်ကျည်၊ မတ်မတ်တည်သကဲ့သို့။ လောက ဓမ္မေဟိ အနိလေဟိ=မကောင်းလေးရပ်၊ ကောင်းလေးရပ်ဟု၊ ပေါင်းစပ်ရောပြွမ်၊ သောသောညံသား၊ လောကဓံရှစ်ဆိုင်း၊ လေမုန်တိုင်းတို့ကြောင့် အသမ္ဘဝေမိနီ၊ မတ်မတ်ခိုင်ကျည် တည်တော်မူပါပေ၏။ ဝါ-အသမ္ဘဝေမိနီ-လောကဓံလေ့၊ မုန်တိုင်းဝှေ့လည်း၊ မရွှေ့မယိုင်၊ ကျောက်စာတိုင်သို့၊ ကြံ့ခိုင်မတ်ကျည်၊ တည်တံ့တော်မူပေ၏ အရှင်ဘုရား။ ။

(၄) ဟဒယာ တေ အနောတတ္တ-
ဒဟာ ဒယမ္ဗု ဥဇ္ဇိတံ။
သန္တိကော ပါသကာ နေက-
ပရိသံ သိတလာယတေ။ ။

ဒယာဝန္တ=ဒုက္ခစက်ပွား၊ တဘက်သားကို၊ သနားတတ်ပေ၊ ဘုန်းမြတ်ဆွေ။ တေ=ကရုဏာသခင် အရှင်ဘုရား၏။ အနောတတ္တ ဒဟာ ဟဒယာ=အနဝတတ်၊ အိုင်မြတ်နှုန်းလျှော် နှလုံးတော်မှ။ ဥဇ္ဇိတံ-အရပ်ဒိသာ၊ ရှစ်မျက်နှာသို့၊ စိမ့်ဖြာဒီးဒီး၊ ယိုထွက်စီးသော။ ဒယမ္ဗု=ကြီးမားကရုဏာ၊ သိတာဖြူဖွေး၊ ရေကြည်အေးသည်။ သန္တိကော ပါသကာနေကပရိသံ = ထံပါးတော်ရင်း၊ ကပ်လာချဉ်းသည့်၊ မင်းနှင့်ပြည်သူ၊ ဗိုလ်လူပရိသတ်၊ အရပ်ရပ်ကို။ သိတလာယတေ=မင်း ဆင်းရဲသား၊ မခွဲခြားဘဲ၊ တသားထပ်တူ၊ ဖြန့်တော်မူသဖြင့်၊ အေ ကွယ်

ပျောက်၊ အချမ်းရောက်၍၊ ဝမ်းမြောက်နှစ်သိမ့်၊ ပီတိစိမ့် အောင်၊ စိမ့်စိမ့်ကြည်ထွေ၊ အေးမြတော် မူစေပါပေ၏။

(၅) ဝဇိရံဝ မဟာပညာ၊
ပညာ တေ ဝိနိဗ္ဗိဓိနီ။

ခမာပိ ဣဋ္ဌာနိဋ္ဌေသု၊
ကေဋ္ဌာ မရက္ခိ ယထာ။ ။

မဟာပညာ=ကြီးကျယ်မြင့်မြတ်၊ ပူဇော်အပ်သား ဉက္ကဋ္ဌ ဂုဏ်းဝင်၊ ပညာရှင်ဖြစ်တော်မူပါသော ဆရာတော်မြတ် ဘုရား။ တေ=အရှင်ဘုရား၏၊ ပညာ=ဇာတိပါရမီဟာ၊ ဘာဝနာဟု၊ ပညာကျေးဇူး၊ ဂုဏ်အထူးသည်။ ဝဇိရံဝ= မြင်းမိုရ်စင်လျက်၊ မုန့်မုန့်ညက်အောင် ပြိုပျက်စေငြား၊ စွမ်းရည်ကြွားသည့်၊ သိကြားလက်ချိန်၊ စက်ဝရဇိန်ကဲ့သို့။ ဝိနိဗ္ဗိဓိနီ=ရုပ်နာမ်နှစ်ဖြာ၊ ငါးခန္ဓာ၏၊ ယထာဘူတ သဘာဝကို၊ အနမတဂ်၊ သံသာစက်မှ၊ ခုထက်တိုင်သာ၊ ဖုံးပိတ်ကာသည့်၊ အဝိဇ္ဇာမဲ၊ မှောင်ထုခဲကို၊ ဖြိုခွဲထုတ်ချင်း ဖောက်ထွင်းတော်မူနိုင်ပါပေ၏။ မရက္ခိ ယထာ=စင် မစင် ကောင်းမကောင်း၊ သောင်းပြောင်းထွေလာ၊ ကျ ရောက်လာသား၊ ဣဋ္ဌာနိဋ္ဌ အတန်တန်ကြောင့်၊ ဖောက် ပြန်ဝိပရိ၊ ဘိတ်မရှိသည့်၊ ပကတိမဟာပထဝီ၊ ဤမြေ ကြီးကဲ့သို့။ ခမာပိ=သည်းခံနိုင်က၊ နိဗ္ဗာန်ရ,ဟု၊ နေ့ည ပွားထုံ၊ ခန္တီဂုဏ်သည်လည်း။ ဣဋ္ဌာနိဋ္ဌေသု=အလိုရှိအပ်၊ မရှိအပ်ဟု၊ နှစ်ရပ်ကျုံးခြုံ၊ အလုံးစုံသော အာရုံတို့၌။ ကေဋ္ဌာ=ဣဋ္ဌာရုံဟူ၍လည်း လောဘမပွား၊ အနိဋ္ဌာရုံဟု ဒေါသမထားဘဲ၊ တရားကိုရှေးရှု၊ နှလုံးဖြူသဖြင့်၊ မူလ ပုံထဲ၊ မဖောက်လွဲဘဲ၊ တည်မြဲတော် မူပါပေ၏ ဘုရား။

(၆) သီလံ ယသ္သ မဟီတုလျံ၊
ဓိတိ မေရု သမာ မတိ။
ဝဇီရံဝ ထေရော ကိတ္တိ၊
သေသတံ ဒါနိ မေသာ ဂတော။ ။

ယဿ ထေရဿ=ဆဋ္ဌသံဂါယနာ၊ မဟာနာယက၊ သာသနာ့ဗိုလ်မှူး၊ ကျေးဇူးတော်ရှင် အကြင် ညောင်ရမ်းဆရာတော်ဘုရားကြီး၏။ သီလံ=ပွတ်သစ်စဖြူဝင်း၊ ခရုသင်းနှင့်၊မယှဉ်းပုံပြု၊ ဂုဏ်ရည်လုသား၊ စတုပါရိသုဒ္ဓိလေးပုံ၊ သီလကျေးဇူးဂုဏ်သည်။ မဟီတုလျံ=မဟာပထဝီ ဤမြေနိုင်းဆွယ်၊ ထုထယ်ကြီးမားလှပါပေ၏။ ဓိတိ=လေငြိမ်ရာဝယ် ကောင်းစွာညီသီး၊ ဆိမ်းတူချိန် တည်ငြိမ်သောသမာဓိတော်မြတ်သည်။ မေရုသမာ=မဏ္ဍိုင်ဗဟို၊ လေးရောင်ခိုသည့် မြင်းမိုရ်သနင်း တောင်မျှားမင်းနှင့်၊ မယှဉ်းပုံတူ၊ တည်တံ့တော်မူလှပါပေ၏။ မတိ=တိဟိတ်ဥက္ကဋ္ဌ၊ ဉာဏ်တော်မြတ်သည်။ ဝဇီရံဝ=သိကြားလက်နက် ဝရဇိန်စက်သို့၊ ထန်လက်တေဇော် ထက်မြက်တော်မူလှပေ၏။ သော ထေရော=သံဃိတိနာယက၊ သာသနာ့ဗိုလ်မှူး၊ကျေးဇူးတင်ပေါ်၊ သောင်းလုံးကျော်သည့်၊ ဘုန်းမော်ဥက္ကဋ္ဌ၊ ထိုညောင်ရမ်းဆရာတော်မြတ်ကြီးသည်။ ဒါနိ ဣဒါနိ= ဆဋ္ဌသံဂီတိ၊ ဒုတိယသန္နိပါတ သဘင်၊ ယင်ခ စ်ပြီးစ၊ တောင့်သုံးရာဆယ့်ခြောက်ခု၊ နှင်းရတုဝယ်၊ ◌ာဂုတော်ပွဲ၊ တပို့တွဲလပြည့်နေ့၌။ ကိတ္တိ သေသတံ=◌ဟာ◌င်နွယ်၊ ထေရ်ဘုန်းကြွယ်သား၊ ဤနှယ်သီလ၊ဤ◌◌◌ ◌ ◌ိ၊ပညာရှိဟု၊ ကဝိနွယ်ဝင်၊ သူတော်စင်တို့၊ ◌ ◌င်ရှင့်မော၊ အံ့

တညြလျှင်၊ ကျော်စောခြင်းမျှ၊ အကြွင်းရသည့်၏ အဖြစ်သို့။ ဂတော=ကံစီမံရာ၊မဆန်သာဘဲ၊ ဓမ္မတာချိန်ထောက် ရောက်တော် မူခဲ့ရလေပြီ။

(၇) ဓိရတ္ထု ဇမ္မ တံ မစ္စုံ၊
မစ္စု ဝိယောဂ ကာဇရက။
သံဂီတိနာယကော ထေရော၊
တယာ ဟိ အဘိမဒ္ဒိတော။ ။

ဇမ္မ မစ္စု=ယုတ်မာဘိလျှင်း ဟဲ့-သေမင်း။ တံ = အယုတ်တမာစင်းစင်း နင်သေမင်း၏။ ဓိ = ပြင်လူ တဘက်၊ မငဲ့ကွက်ဘဲ၊ ရက်စက်ရုန့်ကြမ်း၊ အသွမ်း အသော့၊ နင်တန်ဟော့ဟု၊ အော့နှလုံးနာ၊ ထွီစရာသည်။ အတ္ထု=လူရှင်အများ၊ အမြင်အားဖြင့်၊ ထင်ရှားခုသော်၊ ဘူးပေါ်သလိုပေါ်ခဲ့ပြီတကား။ဟိ=လက်သယ်နင်ပြု၊နင့် အမှုကို၊လူထုမျက်မှောက်၊မှန်ရာထောက်၍၊မကြောက်မရွံ့၊ ဝံ့ဝံ့စားစား၊ဖွင့်လှစ်၍ ပြောကြားတော့မည်။ဝိယောဂ-ကာရက=ဆရာတပည့် သဒ္ဒါရှိရှိနှင့်၊ သံဂီတ်ပွဲ၊ ယင်ဆဲဆဲ တွင်မှ ရင်ကွဲ၍ သေပမစေ၊ အခွဲကြီး ခွဲခွာပေတတ်သော။ မစ္စု=ဘုရားမဲ့ကင်း၊ ဟဲ့-သေမင်း။ တယာ=အရှက်မဲ့ လျှဉ်း၊နင်သေမင်းသည်။သံဂီတိနာယကော ထေရော=ဆဋ္ဌ သံဂါယနာ မဟာနာယက၊ သာသနာ့ဗိုလ်မှူး၊ တို့ကျေးဇူးရှင်သခင်၊ ညောင်ရမ်းဆရာတော်ဘုရားကြီးကိုမှ။အဘိမဒ္ဒိတော=သံဂါယ် ပြီးသည့်အခါ ဆိုင်းမည်ဆိုဆိုင်းသင့် ပါလျက် ဆရာတော်ကိုလည်း ညှာမသနား၊ ဒကာတွေ ကိုလည်း မထောက်မထား၊ တပည့်များကိုလည်း မငဲ့ညှာ၊

ကိုးဆယ့်ခြောက် နှင့် ဗိုလ်ပါတို့ဖြင့်၊ ဒေသစာနတ်ခွင် မြန်းရအောင်၊ ထေရ်ဆရာမြတ်သခင် ရဟန်းကိုမှ၊ ဟယ်-နှင် အရှမ်းနှိပ်စက်အပ်ခဲ့လေပြီ တကား။ ။

## အပ္ပမာဒ

(၈) သင်္ဂါမေ နေ့ာ မဟာယောဓော၊
ပတိတော သံယနာယကော။
သင်္ဂါရာ ဝယမမွာ ဟိ၊
အလံ ဒါနိ ဝိမုစ္စိတုံ။ ။

ဘော=ရှင်လူအပေါင်း၊ သူတော်ကောင်းတို့။ သင်္ဂါမေ=မိစ္ဆာဝါဒ၊ ဗာဟိရဟု၊ အမြမ္မတွေကိုတိုက်လှဲ၊ ဤဆင်ခြင် သံဂါယနာတင် စစ်သဘင်ပွဲကြီး၌။ နော=အကျွန်ုပ်တို့၏။ သံယနာယကော=သံဂီတိနာယက၊ သံဃပုဂ်ဂေါ၊ ကျေးဇူးရှင်ဆရာတော်ဖြစ်ပေသော။ မဟာယောဓော=ရဲဇောနည်သွေး၊ တွေးထွေးထိန်မြူး၊ တပ်တော်ဦးမှ၊ ဂုပ်မှူး အုပ်စီး၊ ဗိုလ်ချုပ်ကြီးသည်။ ပတိတော=ဓမ္မစစ်ပွဲ အောင်နိုင်ဆဲတွင်မှ၊ မိုက်မဲသေမင်း၊ သူပစ်ခွင်းသည်၊ စဉ်းသုံး ဆိပ်ပုံး၊ ကိုယ်တော် ကိုယူးပြီကြောင့်၊ တပ်ဦးမှ ပေ ၁၁၁၅၊ အရေးပေါ်၍၊ မမြော်လင့်ပဲ၊ ဘန်းဘုန်းဂဲတော် မူလေပြီ။ ဟိ=ပ ၊ ၁က်ဟှင်ကား၊ မရပ်နား၁၂၊ ဝ ရားသါေဝ၊ အရှေ့ကြွပါကုန်ဖို့။ သင်္ဂါရာ=ဖြစ်ပေါ်သမျှ သင်္ဂါရ တရားကို့သည်။ ဝယဓမ္မာ=အပ်ပေါ်မုန်ဉ င်း၊ မြင်ပေါ် နှင်းသို့၊ ခ ၁ ၁ ချင်းချုပ်ပျောက်တတ်သော သ ၁ ၁ ရှိကုန်၏၊ ဒါနိ ကုဒါနိ=ညောင်ရေမ်းမဟာ ထေရ်၊ သာကီ အွေ ဟျှင်၊ သက်သေဒိဋ္ဌ၊ ရှုကုန်ကြဲဟု၊ ဖော်ပြနေပ၊ ဤ

ယခုအခါ၌။ ဝိမုစ္စိတုံ=စက်သံသာရ၊ ဝဋ္ဋဒုက္ခမှ၊ မုချ လွတ်မြောက်၊ နိဗ္ဗူပေါက်အောင်၊ ကျင့်ဆောက်ကြိုး ကုတ်၊ အားထုတ်ခြင်းငှာ။ အလံ=အပ္ပမာဒတရား လက် ရှိထား၍၊ ဘုရားလူ့ဘ မုနိန္ဒ၏၊ ဟန္ဒဒါနိ၊ မှာတော် ရှိကို၊ သတိစွဲမြော် သင့်လျော်လှတော့သည်သာတည်း။

သံဝေဂ

(၄) ဟာ သံယောဂါ ဝိယောဂန္တာ၊
ဟာ စုတျန္တာ စ ဇီဝိတာ။
ဟာ ဥပ္ပန္နာ ဝ ဘင်္ဂန္တာ၊
ဟာ သင်္ခါရာန ဓမ္မတာ။ ။

သံယောဂါ=ဆရာနှင့် တပည့်၊ အမိနှင့် သား၊ အစ ထား၍၊ များပြားဥဿုံ၊ လောကဘုံဝယ်၊ ပေါင်းဆုံ စပ်နွဲ၊ ယှဉ်တွဲခြင်း ဟူဟူသမျှတို့သည်။ဟာ ဝိယောဂန္တာ= သေကွဲ ရှင်ကွဲ၊ ဤနှစ်ကွဲတို့ဖြင့်၊ နက်နဲဆင်ခြင်၊ ဇာတ် သိမ်းထင်သည်၊ဟင်....ကြောက်ဖွယ်တွေချည်းပါတကား။

ဇီဝိတာ စ=အသက်ဇီဝ၊ ရှိသမျှရှည်တို၊ ထိုထိုများစွာ၊ သတ္တဝါတို့သည်လည်း။ ဟာ စုတျန္တာ = ကံအရှိန်ကြွေ့၊ အချိန်ဇစေ့က၊ စုတေ့ကျသော ဓမ္မသဘောလျှင်၊ သူရော ကိုယ်ပင်၊ အဆုံးထင်သည်၊ ဟင်.... ထိတ်ဖွယ်တွေချည်း ပါတကား။

ဥပ္ပန္နာဝ = အသက်ရှိလစ်၊ မရှိလစ်ဟု၊ ဖြစ်ဖြစ်သမျှ၊ သင်္ခါရစာရင်းဝင်၊အကြွင်များတောင်း၊ဝ ရားအပေါင်း

တို့သည်။ ဟာ ဘင်္ဂန္တာ=ငါ့ကိုယ် ငါ့ဟာ၊ ငါ့ဥစ္စာဟု၊ သညာဖောက်လွဲ၊ပညာမဲ့၍ စွဲမည်နှလုံး၊ကြံစည်တုန်းဝယ်၊ ပျက်ပြုန်းကုန်စင်၊ အဆုံးထင်သည်၊ ဟင်....လန့်ဖွယ်တွေ့ ချည်းပါတကား။ ။

သင်္ခါရာနံ=အတွင်းအပ၊ နှစ်ဝသန္တာန်၊ ကြွင်းမကျန်သား၊ ရုပ်နာမ်ဓမ္မ၊ သင်္ခါရတို့၏။ ဓမ္မတာ=ဖြစ်လျှင်ပျက်မြဲ၊ ဆုံလျှင်လွဲသည့်၊ လွှဲမရသာ၊ ဓမ္မတာ လမ်းရိုးကြီးသည်ကား။ ဟာ (ဝေံအနိစ္စာ၊ ဝေံဓုဝ ါ၊ ဝေံအနသဿာ=သိကာ!) =ပညာယှဉ်တွဲ၊ သတိစွဲကာ၊ မြဲလည်း မမြဲနိုင်၊ ခိုင်လည်း မခိုင်မာ၊ သက်သာရာလည်း ရှာမရ၊ သုညပြင်ပြင်၊ လင်းလင်းထင်သည်၊ ဟင် ရှုံဖွယ်ကောင်းလှချေတကား။ ။

❀

# ဗုဒ္ဓဘတ္တိကကုလိတ္ထိသာမိတိယာ

## 'အဓိကာရာနုဿရဏ'

## နိဂမနကထာ

သုဏန္တု မေ ဘောန္တော သပ္ပုရိသာ သမာဂတာ....။

ဤဒိသာယံ ဟိ ဓမ္မသဘာယံ အဓိကာရုဝစနံ ဝတ္တုံ သဒ္ဒေါကာသတ္တာ အာမောဒါမိ ပမောဒါမိ။ တံ ကိဿ ဟေတု၊ အယံ ဟိ ဓမ္မသဘာ န ယံ ဝါ တံ ဝါ သဘာ။ အထ ခေါ ဆဋ္ဌသံဂီတိ မဟာဓမ္မဿဘာယ ပဌမေ ဝိနယ-သန္နိပါတေ သံဂီတိကာရကာနံ ထေရာနုထေရာနံ ဓမ္မပူဇာဘိသံယုတ္တမင်္ဂလသဘာ၊ န သုကရာ ဤဒိသာ ဓမ္မပူဇာသဘာ အနေကာသုပိ ဇာတီသု အတိက္ကန္တာသု သမာဂန္တုံ။

ဣမသ္မိံ စ ပန အဓိကာရေ ဗုဒ္ဓေန ဘဂဝတာ ဒေသိတံ သဘာဘေဒံ သတံ သပ္ပုရိသာနံ ထောကံ အာရောစ-ယာမိ။ ယဿံ ဟိ သဘာယံ န သာဓဝေါ သမာဂတာ၊ နေသာ သဘာ နာမ၊ ယဿံ ပန ဗဟုသာဓဝေါ သမာ-ဂတာ အယမေဝ သဘာ။ သာဓဝေါတိ စေတ္ထ ယေ ဓမ္မံ န ဝဒန္တိ၊ န တေ သာဓဝေါ။ ဓမ္မဝါဒိနော ယေဝ ပန သာဓဝေါ။

နေသာ သဘာ ယတ္ထ န သန္တိ သန္တော၊
သန္တော န တေ ယေ န ဝဒန္တိ ဓမ္မန္တိ။

အယံ ပန အမှာကံ ဓမ္မပူဇာသဘာ ဗဟူနံ သာဓူနံ သမာဂတတ္တာ ဗုဒ္ဓေဟိ ပသတ္ထာ သတ္ထုပေတာ စေဝ ဗျဉ္ဇနူပေတာ စ သဘာ။

တသ္မာ ဣမိဿံ မဟာဓမ္မပူဇာသဘာယံ သမာဂတာယ ရာဇပရိသာယ အဓိကာရံ သဗ္ဗာဝ မယံ ဗုဒ္ဓဘတ္တိကကုလဓီတရော နစ္စံ အာမောဒန္တိယော ပမောဒန္တိယော သမနုဿရာမ။

ဧဒိသဉ္စ ဗုဒ္ဓဝဏ္ဏိတံ မဟာဓမ္မသဘံ သဗ္ဗာဝ မယံ သမဂ္ဂါ သမ္မောဒမာနာ အဝိဝဒမာနာ အဘိက္ခဏံ သမာရဘေယျာမာတိ ပတ္ထယိတွာ အမှာကံ ဗုဒ္ဓဘတ္တိကကုလိတ္ထိသမိတိယာ အဓိကာရဝစနံ ဧတ္တကေနေဝ သမပ္ပိတန္တိ။

ဗုဒ္ဓဘတ္တိကကုလဓီတရော

ဆဋ္ဌသင်္ဂီတိ မဟာဓမ္မသဘာ ဘတ္တကိစ္စသမ္ပါဒကသမိတိ
ရန်ကုန် နဂရ။ ရမ္မ-ရမ္မရဋ္ဌ။

# မြန်မာပြန်

## ဗုဒ္ဓဘာသာ အမျိုးသမီးအဖွဲ့ကြီး၏

## ကျေးဇူးတင် နိဂုံးစကား

ကြွလာတော်မူကြသော ပရိသတ်အပေါင်း သူတော်ကောင်းတို့....၊ ဤဆိုလတ္တံ့သောစကားကို နားဆင်တော်မူကြစေလိုပါသည်။

ဤဓမ္မပူဇာ မဟာသဘင်ကြီး၌ ကျေးဇူးတင်စကား ပြောကြားခွင့်ရသည့်အတွက် လွန်စွာ အားတက် ဝမ်းမြောက်လှပါသည်။ အကြောင်းကို ဖော်ပြရပါလျှင်.... ဤဓမ္မပူဇာ မဟာသဘင်ကြီးကား ဟုတ်ဟုတ်ငြားငြား ဖြစ်ကတတ်ဆန်း အပေါ်ယံအမည်ခံ သဘင်မျိုး မဟုတ်ပါ။ စင်စစ်သော်ကား ဆဋ္ဌသံဂါယနာ မဟာဓမ္မသဘင်ကြီး၏ ပဌမသန္နိပါတ ဝိနယအစည်းအဝေးကြီး၌ သံဂါယနာတင် ဆရာရှင်သူမြတ်တို့အား ဓမ္မပူဇာနှင့် စပ်သော မင်္ဂလာသဘင်ကြီး ဖြစ်ပါသည်။ ဤပူဇာသဘင်မျိုးကို ဘဝများစွာ လွန်သော်လည်း ကြုံကြိုက်ဖို့ ခဲယဉ်းလှပါသည်။

ဤနေရာ၌ သူတော်ကောင်းတို့အား 'သတင်းဆိုသော စကားအရ' မြတ်စွာဘုရား ဟောကြားတော်မူခဲ့တဲ့ သဘင်အပြားကို အနည်းငယ် ပြောကြားလိုပါသည်။ 'သူတော်ကောင်းများ မပါဝင်သည့် သဘင်မျိုးသည် သဘင် မမည်နိုင်ပါ။ သူတော်ကောင်းအများ ပါဝင်သည့် သဘင်ကိုမှ သဘင်'ဟု ခေါ်ဆိုရပါသည်။သူတော်ကောင်းဆိုတဲ့ စကားအရာမှာလည်း တရားသည်ကို ပြောဆိုသူမှသာ သူတော်ကောင်း မည်နိုင်ပါသည်။ တရားသည်ကို မပြောဆိုလျှင် 'ကိုယ့်ကိုယ်ကို သူတော်ကောင်းပါဟု ပါးစပ်က ပြောရုံမျှနှင့်' သူတော်ကောင်း မဖြစ်နိုင်ပါ။

ထို့ကြောင့်ပင် ရှင်တော်ဘုရားက....

နေသာ သဘာ ယတ္ထ န သန္တိ သန္တော၊

=သူတော်ကောင်း မပါလျှင် သဘင်မမည်နိုင်၊

သန္တော န တေ ယေ န ဝဒန္တိ ဓမ္မံ၊

= တရားသည်ကို မပြောဆိုက ထိုလူ သူတော်ကောင်း မဟုတ်

ဟု တိကျပြတ်သားစွာ ဟောထားခဲ့ပါသည်။

ဤယခု ဓမ္မပူဇာသဘင်ကြီးမှာ များစွာသော သူတော်ကောင်းတို့ စုပေါင်း ညီမူကြသဖြင့် အနန္တသဒ္ဒါနှင့်ဖြောင့်ပြည့်စုံသည့် ဘုရားရှင်များ ချီးမွမ်း အားရမ်းဘင်ပုသည့် သဘင်အစစ် ဖြစ်ပါသည်။

သို့ရကား ဤဓမ္မပူဇာ သဘင်ကြီး၌ ကြွရောက်တော်မူလာကြသော မင်းပရိသတ်ကြီး၏ ကျေးဇူးကို ဗုဒ္ဓ ဘာသာ အမျိုးသမီးအားလုံးတို့ ဝမ်းမြောက်ဝမ်းသာ ရှည်ကြာနိစ္စ အစဉ်သတိ ရရှိကြပါသည်။

ဤသို့သော ဘုရားရှင်တို့ ချီးမွမ်းအပ်သည့် ဓမ္မသဘင်မျိုးကို ရွှင်ပြုံးဝမ်းမြောက်စွာ အခါမလပ် ထပ်ကာထပ်ကာကြိုးကုတ် အားထုတ်နိုင်ရပါလိုကုန်သောဝ် ဟုဆုတောင်းမင်္ဂလာ ပတ္ထနာပြုမှု၍ ဗုဒ္ဓဘာသာ အမျိုးသမီးအဖွဲ့ကြီး၏ ကျေးဇူးတင်စကားကို ဤမျှဖြင့် ရပ်နား နိဂုံးအုပ်လိုက်ပါတော့သည်။

**။သိဒ္ဓိ။**

## ဆဋ္ဌသံဂီတိ မဟာဓမ္မသဘာယ ပဌမေ သန္နိပါတေ သံဂီတိကာရကာနံ ထေရာနုထေရာနံ

## ဓမ္မပူဇာ ပဋိသံယုတ္တာ ဝေဒလ္လကထာ

(ဥဒါနံ ဘန္တေ)

သိဒ္ဓေါ ဝတ ဘော ဆဋ္ဌိယာ ဓမ္မသံဂီတိမဟာဓမ္မ သဘာယ ပထမသန္နိပါတော လက္ခဏော ဒဿနီယော ပါသာဒိကော ထေရဝါဒီနံ သဒေသဝိဒေသတော အာဂတာနံ သံဂီတိနာယကမဟာထေရပ္ပမုခါနံ ထေရာနု ထေရာနံ ဓမ္မာနုဂ္ဂဟေန စေဝ အမှာကဉ္စ ဒါယိကာနံ ကာရိကာနံ သံဃုပဋ္ဌာကာနံ အာမိသာနုဂ္ဂဟေန ဒေဝ မနုဿာနဉ္စ သာဓုကာရေန

သိဒ္ဓေါ ဘော ဆဋ္ဌသံဂီတိ၊
ဥဿဝါဒိသမာဂမော။
သန္တာနံ သာဓုကာရေန၊
အဘိမင်္ဂလသမ္မတော။

(အာလာပေါ ဘန္တေ)

အာရောစယာမ ဘန္တေ သံဃနာယကမဟာထေရပ္ပမုခါနံ သံဂီတိဓုရန္ဓရာနဉ္စ သံဂီတိကာရကာနဉ္စ ထေရာနုထေရာနံ ဆဋ္ဌသံဂီတိမဟာ ဓမ္မ သဘာပဋိသံယုတ္တံ အမှာကံ ပီတိသောမနဿဝေဂဇနိတံ သမန္တဘဒ္ဒထုတိဝေဒလ္လ ဝစနံ။

နမဿိတွာန ဝေါ ဘန္တေ၊
ပါဒေ ကမလကောမလေ၊
ကိတ္တယိဿာမ ဝေဒလ္လ-
ဝါစံ နော ဓမ္မသံဟိတံ။

(သမိတိကိစ္စ ဘန္တေ)

မယံ ဟိ ဘန္တေ ဇာတိယာ စေဝ အာစာရေန စ ကုလဓီတရော ဝိသာခါ စူဠသုမနဒေဝိ အာဒိကာနံ ဝိသေ သကော စ အနောဇာဒေဝိပ္ပမုခါနံ ပုရာတနာနံ အရိယသာဝိကာနံ ဇေဋ္ဌိကာနံ ကုလဓီတူနံ ဂတမဂ္ဂံ အနုယာယိဿာမာတိ အနေကာသုပိ ဇာတိသွတိက္ကန္တာသု သမာဂန္တုံ ဒုက္ကရံ ကမ္မံ ဆဋ္ဌသံဂီတိမဟာဓမ္မသဘံ စတူဟိ ဒိသာဟိ အာဂတာနံ သံဂီတိကာရကာနံ ထေရာနုထေရာနံ ကိစ္စန္တိ မနသိ နိဓာယ ဗုဒ္ဓဘတ္တိကာဆဋ္ဌသံဂီတိဘတ္တာ ကိစ္စသမ္ပာဒိကာ ကုလိတ္ထိသမိတိံ နာမ မဟာသမိတိံ သံဝဍ္ဎိတွာ သံဂီတိမဟာသဘာဝဝိဋ္ဌဒိဝသတော ပဘုတိ ယာဝဇ္ဇ ကာယကိလမထံ အဂဏေတွာ သံဃုပဋ္ဌာနကိစ္စံ နာမ မာဒိသီနံ ဗုဒ္ဓသာဝိကာနံ အဝဿံ အာဝဟ-

နိယျာဘာရောတိ မဟာနန္ဒေန ဥဇ္ဈာယေန စေဝ သဒ္ဓိံ
စေတနာဟိ စ ယထာဝုတ္တဘတ္တသမ္ပာဒနကိစ္စံ သမာ-
ရဘိမှာ။

မနုဿတ္တံ သုဝိန္ဒာမ၊
သုသုဝိန္ဒာမ ယေ မယံ။
အနေ္နာဇာဒိကုလိတ္ထီနံ၊
ဂတမဂ္ဂံ နုယာမသ။

(သံဃကိစ္စံ ဘန္တေ)

တုမှေပိ စ ဘန္တေ သာသနဿ ဝုဒ္ဓိံ ဝိရုဠှိံ ဝေပုလ္လံ အာကင်္ခမာနာ သံဂီတိ ဝိနယဘာရနိတ္ထရဏသံဂါယန သမ္ပဝေဒနသံဝိဓာနကထာ ဝိဿဇ္ဇနဝေယျာဝစ္စရက္ခ-သင်္ခါတာနိ ပစ္စတ္တံ သမ္ပတ္တကိစ္စာနိ မဟုဿာဟေန သမာ-ရဘိတံ ဤဒိသံ သာသနကိစ္စံ မာဒိသာနံ သကျပုတ္တိယာနံ ကိစ္စန္တိ မနသိကတွာ စေဝ အမှာကဍ္ဍ သက္ကစ္စံ ဥပဋ္ဌာန-မာလမ္ဗိတွာန။

သုဒိဿံ ဝတ ပဿာမ၊
သုဏောမ သုဿုတံ ဝရံ။
ဒိဋ္ဌာ ထေရာ သုတာ ဓမ္မ-
သံဂီတဍ္ဍ နိရန္တရံ။

(သိဒ္ဓိ ဘန္တေ)

ဣဒါနိ ပန ဘန္တေ တုမှာကဍ္ဍေဝ အမှာကဍ္ဍ ဒွိဟိ အနုဂ္ဂဟေတိ သမနုဂ္ဂါဟိတော ဆဋ္ဌသံဂီတိမဟာဓမ္မ-

သဘာယ ပဌမသန္နိပါတော အနာကုလေန သိဒ္ဓေါ
ဒေဝမနုဿာနံ စေလုက္ခေပသာဓုကာရဓါနုဿေဠနာ-
ဒီဟိ အဝိဝိတ္တော။ တေ စ ဘန္တေ တုမှေ မယဉ္စ ဗုဒ္ဓဿ
ဘဂဝတော ပရိယတ္တိသဒ္ဓမ္မံ တမ္ဗူလကာနိ စ ပဋိပတ္တိ-
ဝေဓသဒ္ဓမ္မာနိ သမန္နာဂါဟိမှ ပရမုက္ကံသဂတေနာနုဂ္ဂ-
ဟေန။

အာစေရာ ဒယိကာ စေဝ၊
မယံ အညောညနိဿိတာ။
အာရာဓယိမှာ သဒ္ဓမ္မံ၊
ယောဂက္ခေမဿ ပတ္တိယာ။

(ဓမ္မပူဇာ ဘန္တေ)

တေရဟိ ပန မယံ ဘန္တေ ဧတ္တကေနာပိ ပုညေန
အတိတ္တာ ဘိယျော သော မတ္တာယ သာသနံ ပသီဒိတွာ
တိဿောပိ စေတနာယော ဝိသောဓေတွာ သဒ္ဓမ္မံ
ပူဇေဿာမာတိ နာဂရိကေဟိ သမ္မန္တယိတွာ ဓမ္မဓရာနံ
ဝိနယဓရာနံ သံဂီတိကာရကာနံ မဟဂ္ဃေ ကပ္ပရုက္ခေ
နာနာဝိဓဒေယျဓမ္မဖလဖလိတေ ပစ္စေကဋ္ဌေဝ သလာ-
ကဂ္ဂါဟာပနေန စ ဩကာဇေမ၊ တေန စ မယံ အာယ-
သ္မန္တေဟိ သံဂီတိမာရုဠှာနိ ဧကဝီသတိဓမ္မက္ခန္ဓသဟဿာနိ
ဝိနယပိဋကပရိယာပန္နာနိ သံပူဇယာမ။

သံပူဇယာမ ဘဒ္ဒန္တေ၊
သဒ္ဓမ္မေ ဝိနယာဂတေ။
ဣမေဟိ ကပ္ပရုက္ခေဟိ၊
ပတ္ထယန္တိ ဝရံ သိဝံ။

(အပ္ပနာ ဘန္တေ)

နဟိ မယံ ဘန္တေ ဇာတိဆေကာ ဒေိသော မုည-ဝိသေသော သဥ္ဇယိတဗ္ဗာတိ၊ အထ ခေါ သကလလောကပဏ္ဍဥ္ဍုဂုဏောဃဿ ဗုဒ္ဓဿ စေဝ ဓမ္မသံဃာနဉ္စ အမှာကဉ္စ မာတာပိတုပ္ပမုခါနံ ကလျာဏမိတ္တာနံ ဥပကာရာနုဘာဝေန ဇာနာမ ကြာဒံ ပဇဟိတဗ္ဗံ၊ ကြာဒံ ဥပသမ္ပဇ္ဇ ဝိဟာတဗ္ဗန္တိ။ တသ္မာ တေသံ အနန္တာပရိမေယျဂုဏဂဏံ သမနုဿရန္တိယော အန္တေ တေသံ ယေဝ သံခေပဂုဏာဒိပိကံ ဂါထံ သံဂါယိတွာ အမှာကံ ထုတိဝေဒလ္လဝစနံ ဧတ္တကေနေဝ သမပ္ပေမ။

အဟော ဗုဒ္ဓါ အဟော ဓမ္မာ၊
အဟော နော သတ္ထုသမ္ပဒါ။

ယေသံ ပဘာဝ မာလမ္ဗ၊
လဘာမ ဤဒိသံ သုခန္တိ။

ဗုဒ္ဓဘတ္တိကကုလဓီတရော

ဆဋ္ဌသံဂီတိမဟာဓမ္မယာဘာဘတ္တကိစ္စသမ္ပာဒကသမိတိ

ရန်ကုန်နဂရ။ မရမ္မရဋ္ဌ။

# မောဓိဥာဏ် ဆုတောင်း ရေစက်ချ

သုပ္ပဋိပန္န စသည်ကျေးဇူး ဂုဏ်အထူးတို့ဖြင့် ချီးကျူးအပ်ပါသော သံဃာတော်သခင် အရှင်သူမြတ်တို့ဘုရား၊ တပည့်တော်တို့သည် နေ့စဉ်,လစဉ် နှစ်စဉ်နှစ်တိုင်း ဒါနစသော ကုသိုလ်တရားတို့ကို ပွားများအားထုတ် ပြုလုပ်ကြရပါသော်လည်း ဤမျှလောက်ဖြင့် ရောင့်ရဲတင်းတိမ်ခြင်း မရှိကြပါကုန်သည်ဖြစ်၍ ထို့ထက်အလွန် ကုသိုလ်မွန်ကို အားသွန် ဆည်းပူးလိုကြပါသဖြင့် အနောဇာဒေဝီ မဟေသီအမှူးရှိသော အရိယသာဝိကာ သူတော်လျာတို့၏ ပါရမီအထူး ဆည်းပူးအားထုတ်ပုံကို ခံ့တင်သမှု နည်းယူပြုကြ၍၊ ကုလမိတာ အာစာရသိပ်သည်းအမျိုးသမီး အပေါင်းတို့သည် တချောင်းသော အမိဋ္ဌာန်နိဗ္ဗာန်နန်း ဆုပန်၍ ဤလူ့ဌာန်ဘုံဘဝဝယ် ကြုံရဖို့ လွန်ခက်ခဲ ဆင္ဌမမြောက် သံဃါယနာပွဲတွင် ကြီးကဲသော စေတနာ ထူးချွန်သောစေတနာ အစရှိသဖြင့် ထေရဝါဒီအပြည့်ပြည့်မှ ယာယီစက်ပန်း ကြွချီမြန်းကြသည့် ရဟန်းတော်အရှင် သံဃါယနာတင် မထေရ်မြတ်တို့အား သပ္ပာ-ယဘောဇဉ်ကို လိုအင်မတ သုံးဆောင်ရအောင် ဝေယျာဝစ္စ အတန်တန် ဆွမ်းကိစ္စပရိကံကို နိုယ်မပြတ် ကိုယ်တိုင်ကြပ်၍ သပ်ရပ်စွာပြင်ဆင် မြင်သူတိုင်းသဒ္ဒါရွှင်လောက်အောင် နေ့စဉ်ဂရုပြုစုစောင့်ရှောက်ခဲ့ခြင်းဖြင့် စာရင်းဤမျှ မဖော်ပြနိုင်သော သာသနာနုဂ္ဂဟ ကုသိုလ်တူးကို ဆည်းပူးအားထုတ်ခဲ့ကြပါပြီ ဘုရား။

ဤမျှဖြင့်လည်း မရောင့်ရဲ သဒ္ဓါဇောလွန်ကဲသဖြင့် ပွဲကြီးသဘင် သံဂါယနာတင်ကြသည့် အရှင်မြတ် အသီးသီးတို့အား ပစ္စည်းလေးအင် မငြိုငြင်ရအောင် စီရင်ခန့်ထား ဤဝတ္ထုများကိုလည်း တစ်ပါးစီ တစ်ပါးစီစာရေးတံမဲ အလီလီဖြင့် မထေရ်မြတ်တို့သန္တာန်ဝယ် အဖန်ဖန်ကိန်းမှီ ဓမ္မက္ခန္ဓာစေတီတို့ကို ရှုယ်ရည်ပြဋ္ဌာန်း အာရုံမှန်း၍ လှူဒါန်းပူဇော်ကြပါကုန်သည် ဘုရား။ ပထမသန္နိပါတ ဆဋ္ဌသံဂါယနာသဘင် အောင်မြင်ပြီးလျှင်းပွဲကြီးကျင်း၍ လူမင်းမြတ်စွာ သာသနာကို သဒ္ဓါလိုလိုပူဇော်ခြင်းပြုကြပါသည် ဘုရား။ ဘုရားတပည့်တော်တို့နှင့်တကွ ဤကောင်းမှုနှင့် စပ်သမျှသော ဝေနေယျများစွာ သတ္တဝါတို့သည် ပန်ထွာရှယ်မှီး ဗောဓိဉာဏ် အသီးသီးဖြင့် ပြည်ကြီးပူရ အမတသို့ သုခပဋိပဒါ ခိပ္ပါဘိညပြည့်ကုံ၍ ရောက်ရပါလိုကုန်သောဝ်။ ။

သာသနာနုဂ္ဂဟ ဤကုသိုလ်ထောက်မ၍ ဖြစ်သမျှသံသရာဝယ် အပါယ် အစရှိသော ဝိနိပါတဘေး ဘဝတိုင်း ကင်းလွတ်စေကြ၍ ဓရှေးသူတော်ကောင်း ဗောဓိသောင်းတို့၏ လမ်းဟောင်းစဉ်စီ ပါရမီစာဂ စရိယတို့ကို ကာလမရွှမ်း ဘဝဆက်ကာ ဖြည့်စွမ်းနိုင်ရပါလိုကုန်၏။

ပုထုဇဉ်ဂတိဖြင့် တပည့်တော်တို့ မတော်တဆ ဤကုသိုလ်ကို မေ့လျော့ကြသော်လည်း ဝသုန္ဒရေမည်ထွေ ဤမဟာပထဝီမြေသည်ပင် သက်သေအရာ ထင်ရှားစွာဖြင့် တည်လာ ခံလာသည် ဖြစ်ပါစေသောင်။ ။

## ဩကာသဒါနဥဒ္ဒိ

### သံဃနာယက မဟာထေရေန ဌပိတာ

သုဏာတု မေ (ဘန္တေ) သံဃော။ သမဂ္ဂေါ သံဃော သန္နိပတိတော ဓမ္မံ သံဂါယိတုံ။ ပတ္တော စ မေ ဓမ္မပုစ္ဆန ဘာရော။ မဟာတိ စ အယံ ပရိသာ။ ဝေရူပါယ ပရိသာယ န သုကရာ သဗ္ဗသော ကထာသာဝေတုံ။ ယဒိ သံဃဿ ပတ္တကလ္လံ။ အဟံ အာယသ္မတော သောဘနဿ သာသနာ့ရိပ်သာရာမာဓိဝါသိနော ဓမ္မပုစ္ဆနဘာရံ သမာဝဟိတုံ ဩကာသံ ဒဒေယျ။

(ဩကာသ ဒါနကထာ)

မယှံ အာဝုသော သောဘန ပတ္တံ ဓမ္မပုစ္ဆနဘာရံ သမာဝဟိတုံ တုယှံ ဩကာသံ ဒမ္မိ။ ကရောဟိ တွံ အာဝုသော သံဂီတိပုဗ္ဗင်္ဂမံ ဓမ္မပုစ္ဆနကိစ္စံ ယထာဓမ္မံ။

ဝိ/၁၇၊ ဆုန်။ ဆန်း။ ၆။

### သံဃထေရဿ ဩကာသ ဒါနကထာ

အဟံ အာဝုသော အာယသ္မတာ စ ဇောတညာဏဿ ကမ္ဘောဇရဋ္ဌိကဿ အာယသ္မတော စ ဓမ္မညာဏဿ လာဝေါရဋ္ဌိကဿ ပစ္စေကံ သကီယရဋ္ဌေသု ဘိက္ခုသံဃဿ အဓိပတိဘူတာနံ ဒွိန္နံ ထေရာနံ အတ္တနော ပတ္တံ သံဃနာယက ကိစ္စံ သမာဝဟိတုံ ဩကာသံ ဒမ္မိ။ ကရောန္တု အာယသ္မန္တာ ဣမိဿံ ဆဋ္ဌသံဂီတိတတိယ သန္နိပါတာရမ္ဘသဘာယံ ယထာဝိဓိ သံဃနာယကာ ကိစ္စံ။

ဝိ/၁၄၊ ဆုန်။ ဆန်း။ ၇။

❀

## ဆဋ္ဌသံဂါယနာ
## တတိယသန္နိပါတ အခမ်းအနားဖွင့်
## ဩဘာစာ

၁။ နိသာမေန္တု ဘဒ္ဒန္တာ မေ၊
ဆဋ္ဌမေ ဓမ္မသင်္ဂဟေ။
တတိယေ သန္နိပါတမှိ၊
သင်္ဂါယိတုံ သုမန္တိယ။

၂။ သမ္မတံ သုဋ္ဌု သုတ္တန္တ+
ပိဋကန္တောဂဓံ ဝရံ။
ကေကာဒိနိပါတေဟိ၊
ယုတ္တမင်္ဂုတ္တရာဂမံ။

၃။ ကတွာ ယမကမောသာနံ၊
အဘိဓမ္မဥ္စ သာဓုကံ။
သင်္ဂါယိတုမိမံ ဓမ္မ+
သဘံ နော ဝိဝရာပယော။

၁။ ဘဒ္ဒန္တာ = တတိယသန္နိပါတသဘင် ခင်းယင်းကျင်းပ ဤဂုဏ်ရာနသို့ ကြွလာတော်မူ သူတော်စင် အရှင်မြတ်တို့ ဘုရား။ မေ = ယခု တတိယသန္နိပါတသဘင် သဘင်နှင့်ရာ မင်္ဂလာစကား လျှောက်ထားသော ဘုရားတပည့်တော်၏။ ဝစနံ = ပါဠိတသွယ်မြန်မာဆွယ်၍ အကျယ်ချဲ့ပွား လျှောက်ထားသော စကားကို။ ဘဒ္ဒန္တာ= အရိယာနွယ်ပင် အရှင်သူမြတ်ဘုရားတို့သည်။ နိသာ-မေန္တု=သာသနာ့တည်ကြောင်း အချက်ကောင်းဟု နှစ်

ထောင်းကြည်သာ ကောင်းစွာ နားဆင်တော်မူပါကုန်ဘုရား။ ဆဋ္ဌမေ = သာသနာဝင် အစဉ်ထောက်ဆ ခြောက်ကြိမ်ကျသော။ ဓမ္မသင်္ဂဟေ=ပထမ သံဂါယနာတင်ပွဲနှင့် ကပဲညီစွာ ဂုဏ်ဝါပေါ်လွင် ဓမ္မသံဂါယနာပွဲသဘင်၌။ တတိယေ သန္နိပါတမှိ=ထေရဝါဒ အမည်ရသည့် ဌာနသီးခြား သံဃာများနှင့်တကွ မြန်မာ့တိုင်းခွင်အရှင်သံဃာတော်တို့ အာဘော်ညီမျှ တင်ဆိုကြမည့်တတိယသန္နိပါတ အစည်းအဝေးကြီး၌။ သင်္ဂါယိတုံ=ရှေးမိစံမျှ မလိုရအောင် ချိုမြသာယာ သံဂါယနာတင်ရန်အလို့ငှာ။ သုမန္တိယ=အများသဘောတူ ကြည်ဖြူရွှင်ပျကောင်းစွာ တိုင်ပင်တော် မူကြ၍....

၂။ သုဋ္ဌု=မှန်ကန်ကောင်းမွန်စွာ။ သမ္မတံ=၁၃၁၆ ခု၊ တပို့တွဲလဆန်း ၆-ရက်၊ စနေနေ့၌ ဝန်ဆောင်သံဃာ့ အစည်းအဝေးတွင် ဆွေးနွေးတင်ပြ အများသဘောကျသဖြင့် ချမှတ်ထားအပ်သော။ ဝရံ=နတ်လူတို့သည် ပူဇော်အပ်၍ မြတ်တော်မူထသော။ ဧကာဒိနိပါတကဟိ=ဧကကနိပါတ် စသည်တို့နှင့်။ ဝါ=ဧကကနိပါတ်အစ ဧကာဒသကနိပါတ် အဆုံးရှိသော နိပါတ်တော် တစ်ဆယ့်တစ်ခုတို့နှင့်။ ယုတ္တံ=အမြဲအစဉ် တွဲယှဉ်လျက်ရှိသော။ အင်္ဂုတ္တရာဂမံ=အရှင်အနုရုဒ္ဓါမှ ဆင်းသက်သည့် တပည့်အဆက်ဆက်တို့ ဆောင်ရွက်တော်မူလာခဲ့သော သုတ်အားဖြင့် ၉၅၅၇-သုတ်၊ ဘာဏဝါရအားဖြင့် ၁၂၀-အရေအတွက်ရှိသော အင်္ဂုတ္တရနိကာယ်ပါဠိတော်ကို လည်းကောင်း....။

၃။ ယမကံ=ယထာဓမ္မ ခေါ်ဆိုရသည့် ယမကမည်မှန်း မြတ်ဆယ်ကျမ်းကို။ ဩဘာသနံ ကတွာ = ဒေသနာ

ကာလ မလွန်ရအောင် တွက်ဆသမှု အဆုံးပြု၍။ ဝါ။ ဿတ်မှတ်ပိုင်းခြားအဆုံးထား၍။ အဘိဓမ္မာ=အရှင်သာရိပုတ္တရာမှ ဆင်းသက်သည့် အရှင်ဘဒ္ဒဇိ အရှင်သောဘိတစသော မဟာထေရ်အစဉ်အဆက်တို့ ဆောင်ရွက်တော်မူလာခဲ့သော အကျယ်အားဖြင့် အပိုင်းအခြားမရှိ၊ ချုပ်စဉ်အားဖြင့် ၁၄၃ - ဘာဏဝါရရှိသော အဘိဓမ္မာအောက် ခြောက်ကျမ်းကို လည်းကောင်း။ သာဓုကံ=ပုဒ်ပါဠ်အက္ခရာ ပြစ်ဆာလွတ်ကင်း သန့်ရှင်းကောင်းမွန်စွာ။ သင်္ဂါယိတုံ=ပေါင်းစုရွတ်ကာ သံဂါယနာ တင်ခြင်းငှာ။ ကြမံ ဓမ္မသဘံ = ထေရဝါဒနိုင်ငံအလုံး စုရုံးဆင်ယင် ကြည်လည်ခိုင်ဖြိုး ဤကမ္ဘာ့ဇလာဝ သန္နိပါတ ဟုခေါ်တွင်မည့် တတိယသန္နိပါတ မဟာသဘင်ကြီးကို။ ဝိဝရာမသေ = သုနက္ခတ္တံ သုမင်္ဂလံ အောင်သံမြွက်ကာ အောင်ဩဘာဖြင့် သာသနာဝင် မဟာဝင်တွင် ဂုဏ်အင်ပြန့်ပြော နှောင် အံ့ဩလောက်အောင် ကမ္ဘောဒီးယားဆိုင်ရာ သာသနာပိုင် ဆရာတော်ဘုရားကြီးနှင့် လောနိုင်ငံဆိုင်ရာ သာသနာပိုင် ဆရာတော်ကြီးတို့ကို ဦးစီးဥက္ကဋ္ဌတင်ထားကြ၍ ဒိဋ္ဌသောချာ ဖွင့် လှစ် ကြပါတော့မည်ဘုရား။

ဤဘဒ္ဒကမ္ဘာမှ ပြန့်၍ရေတွက်သော် လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်းတက်တွင် ထက်မြက်ကောင်းမြတ်ထားဖြင့် ဘုရားအလောင်းတော် သုမေဓာသေဋ္ဌေးသည်....

၁။ ထိုအဋ္ဌာ ကာ [illegible] ရယံ=ါသည် သံသရေဝဲ ကြီးသာ ထဲမှ [illegible] ဗုဒ္ဓ ပ် ကူး မြောက်နိုင်မျှင် သ [illegible] ါး ပေါင်း ပိုတို လည်း [illegible] နှင့် သပ်ကူ [illegible] မြောက်ပေါ် မူစေအံ။

၂။ မုဒ္ဒွော မောစေယျံ=ငါသည် ပဋိစ္စသမုပ္ပါဒ်စက်ရဟတ်မှ ကင်းလွတ်မြောက်လျှင် သတ္တဝါအပေါင်းကိုလည်း ငါနှင့်ထပ်တူ လွတ်မြောက်တော်မူစေအံ့။

၃။ ဗုဒ္ဓေါ ဗောဓေယျံ = ငါသည် သစ္စာလေးတန်တရားမှန်ကို ဝေဖန်ပိုင်ပိုင် သိစွမ်းနိုင်လျှင် သတ္တဝါအပေါင်းကိုလည်း ငါနှင့်ထပ်တူ သိမြင်တော်မူစေအံ့-။

ဤသို့သော ကြိုးဝါးချက် သုံးတန်ဖြင့် တဆံခြည်မျှနောက်တွန့် ကြောက်ရွံ့ခြင်းမရှိဘဲ စွဲမြဲခိုင်မာသော ဝီရိယာဓိပတိတရား လက်ကိုင်ထားပြီးလျှင် ကြိုးစားအားထုတ်တော် မူခြင်းကြောင့် လောကကို ထွင်းဖောက်၍ဘုရားအဖြစ်သို့ ရောက်တော်မူသော ဂေါတမနွယ်ဖွားမြတ်စွာဘုရား၏ သားချစ်အရိယာ ပထမသံဃာ်ယနာတင်အရှင်မြတ်တို့မှ တစဉ်တည်း ကူးယူ့ကျလျက် ဆင်းသက်ဆက်နွှယ်လာတော်မူကြသော သံဃိတိကာရက သံဃာတော် အရှင်သူမြတ်တို့ ဘုရား။

မြတ်စွာဘုရား၏ သာသနာတော်သည် သတ္တဝါတို့ကောင်း ကျိုးအတွက် သက်သက်စေနာ ထားခဲ့သောအရာမှန်သော်လည်း ဖောက်ပြန်သော ဝိပလ္လာသ တရားဆိုးတို့၏ လွှမ်းမိုးဖိစီးချက်အရ သဒ္ဓမ္မသုံးဖြာ သာသနာ ပျက်စီးကြောင်းတို့သည် ဦးခေါင်း မော်ကာ မော်ကာနှင့်ပေါ်လာတတ်သောကြောင့် သာသနာတော် မြင့်ကြီးသည် ပျက်စီးသိမ်းယိုင်၍ ထိန်းမနိုင်ဖြစ်ရတတ်သည်များကို စဉ်းစားသတိ ရှိကြီး ရှိတော်မူသော ထေရဝါဒနွယ်ဝင် အရှင်သံဃာတော်များနှင့် တကွ သာသနာ့ဒါယကာပြည်ထောင်စု မြန်မာနိုင်ငံအစိုးရ ထေရဝါဒနိုင်ငံ အပါအဝင် ကမ္ဘောဒီးယားဘုရင့်ကိုယ်စား ကြွရောက်လာကြ

သော ကမ္ဘောဒီးယား နန်းရင်းဝန်ကြီး စသော သာ၅ သနာစောင့် ပုဂ္ဂိုလ်အပေါင်းတို့သည် နောက်နှောင်းစဉ်လာ သာသနာတော်မြတ်ကြီး ခိုင်မြဲ ဖွံ့ဖြိုးသဖြင့် လောကကောင်းကျိုး၊ ကမ္ဘာ့ကောင်းကျိုး အဆင့်ဆင့် တိုးပါစေဟူသော သမ္မာဆန္ဒ အာသီသဖြင့် ဆဋ္ဌသံဂါယနာ၏ မူလသဘင်ကြီးကို ဆင်ယင်ကျင်းပလျက် သံဂါယနာတင်လာခဲ့ကြရာ ယခုအခါ တတိယသန္နိပါတ သုံးကြိမ်မြောက် တင်ဆိုပွဲသို့ပင် ဆိုက်ရောက်လာပြီ ဖြစ်ပါကြောင်း။

သို့ ဖြစ်သည်အားလျော်စွာ ၁၃၁၇-ခု၊ ဝိသာခါနက္ခတ်နှင့် စန်းယှဉ်၍ ရင်ခတ် သရဖီတို့ စီရရီ ဖူးပွင့်ရာ၊ ဘုရားအလောင်း သူတော်ကောင်းတို့ ဖွားမြင်တော်မူရာ၊ ဘုရားအဖြစ်သို့ ရောက်တော်မူရာ၊ အသင်္ခတ နိဗ္ဗာန်နန်းသို့ စံမြန်းတော်မူရာ ဝေသာခမာသ ကဆုန်လဆန်း ၇-ရက်၊ နေ့ ၁-နာရီ၊ မိနစ် ၃၀ အချိန်၊ မဟာပါသာဏလိုဏ်ဂူတော်ကြီးအတွင်း၌ ကမ္ဘာ့ဇလာ၀ သန္နိပါတဟုခေါ်တွင်မည့် တတိယသန္နိပါတ အခမ်းအနားသဘင်ကို စတင် ဖွင့်လှစ်ပြီဖြစ်ကြောင်း ကောင်းမွန်စွာဘဲ ပါဠိကဗျာ မြန်မာစကားပြေ နှစ်ထွေဖွဲ့သီ အဥ္စလီသွယ်ယှက် ပန်းဆယ်ခက်ကို ဦးထိပ်ထက်တင်မိုး၍ ရှိခိုးလျှောက်ထားအပ်ပါသည် သံဂီတိကာရကဝင် သံဃာတော် အရှင်သူမြတ်တို့ ဘုရား....။

ဦး၊ ဝိစိတ္တသာရာဘိဝံသ

၁၇၊ ကဆုန်၊ ဆန်း ၇။

❁

## ပခုက္ကူဆရာတော်ဘုရားကြီးနှင့်
## ခေမာသီဝံဆရာတော်ဘုရားကြီးတို့ထားသော

# သမ္မုတိဥတ်

သုဏာတု မေ (ဘန္တေ) သံဃော။ ယဒိ သံဃဿ ပတ္တကလ္လံ။ သံဃော အာယသ္မန္တဿ သောဘနံ အဂ္ဂမဟာ ပဏ္ဍိတံ အာယသ္မန္တဿ ဝိစိတ္တသာရာဘိဝံသံ တိပိဋကဓရံ ဓမ္မဘဏ္ဍာ-ပါရိကံ အင်္ဂုတ္တရနိကာယ သံဂီတ်ယာ ပုစ္ဆာ-ဝိသဇ္ဇနာနိ ကာတုံ သမ္မန္နေယျ။

သုဏာတု မေ (ဘန္တေ) သံဃော။ ယဒိ သံဃဿ ပတ္တကလ္လံ။ အဟံ အာယသ္မန္တဿ သောဘနံ အဂ္ဂမဟာပဏ္ဍိတံ အာယသ္မန္တဿ ဝိစိတ္တသာရာဘိဝံသံ တိပိဋကဓရံ ဓမ္မဘဏ္ဍာ-ဂါရိကံ အင်္ဂုတ္တရနိကာယ သံဂီတိယာ ပုစ္ဆာ-ဝိသဇ္ဇနာနိ ကာတုံ သမ္မန္နေယျံ။

❀

## ညောင်ရမ်း ဆရာတော်ဘုရားကြီး မိန့်ကြားအပ်သော

## သမ္ပတိကထာ

သုဏာတု မေ (ဘန္တေ) သံဃော။ မဟာတိ အယံ ပရိသာ။ ဝေရူပါယ ပရိသာယ န သုကရာ သဗ္ဗသော ကထာဩသာဝေတုံ။ တသ္မာ အာယသ္မတော စ သောဘနဿ သာသနွ ရိပ်သာရာမာဓိဝါသိနော၊ အာယသ္မတော စ ဝိစိတ္တသာရာဘိဝံသဿ တိပိဋကဓရဓမ္မဘဏ္ဍာဂါရိကဿ (ဝိနယ) ပုစ္ဆနဘာရဉ္စ (ဝိနယ) ဝိသဇ္ဇနဘာရဉ္စ အာဝဟိတုံ ဩကာသံ ဒမ္မိ။ ကရောထ တုမှေ အာဝုသော သံဂီတိ ပုဗ္ဗင်္ဂမာနိ ဝိနယ ပုစ္ဆန ဝိနယဝိသဇ္ဇနကိစ္စာနိ ယထာဓမ္မံ ယထာဝိနယံ။

❀

## မစိုးရိမ် ဆရာတော်ဘုရားကြီး ထားလတ္တံ့သော

# ဩကာသဒါနဥတ္တိ

သုဏာတု မေ ဘန္တေ သံဃော။ သမဂ္ဂေါ သံဃော သန္နိပတိတော ဓမ္မံ သံဂါယိတုံ။ ပတ္တော စ မေ ဓမ္မပုစ္ဆနဘာဝေါ။ မဟတီ စ အယံ ပရိသာ၊ ဝေရူပါယ ပရိသာယ န သုကရာ သဗ္ဗသော ကထာသာဝေတုံ။ ယဒိ သံဃဿ ပတ္တကလ္လံ။ အဟံ အာယသ္မတော သောဘနဿ သာသနာ့ရိပ်သာရာမာဓိပတိနော ဓမ္မပုစ္ဆနဘာရံ သမာဝဟိတုံ ဩကာသံ ဒဒေယျံ။

## ဩကာသဒါနကထာ

မယှံ အာဝုသော သောဘန ပတ္တံ ဓမ္မပုစ္ဆနဘာရံ သမာဝဟိတုံ ဩကာသံ တုယှံ ဒမ္မိ။ ကရောဟိ တွံ အာဝုသော သံဂီတိပုဗ္ဗင်္ဂမံ ဓမ္မပုစ္ဆနကိစ္စံ ယထာဓမ္မံ။

ဝိ/၁၄၊ ကဆုန်။ ကျော်။ ၅။ ရက်နေ့။

❀

## ဆဋ္ဌသံဂီတိ

## တတိယသန္နိပါတ သိက္ခာဗျူသဘာ

## ဓမ္မပူဇာရောစနကထာ

**အာဒိမင်္ဂလာ ဘာသိတံ**

သုဏန္တု မေ ဘန္တေ သံဂီတိကာရကာ။ ဓမ္မတာ ဧသာ ဘန္တေ အမှာကံ ဗုဒ္ဓဘတ္တိကာနံ ယံ ကိဉ္စိ ပုညကမ္မံ ကာတုကာမာနံ ယဒိဒံ ဗုဒ္ဓဿ ဘဂဝတော ပဏာမေန အာဒိမင်္ဂလာစရဏံ၊ တသ္မာ မယံပိ ဣမဿ မဟာပုညသဉ္စယဿ သမာရမ္ဘေ သကလလောက ပတ္ထဋဂုဏော- ယဿ တဿ ဘဂဝတော နမော ကရောမ။

နမော တဿ ယတော မပါမတော ယဿ တမော နှ။

**သံဂီတိသမုပ္ပန္နကထာ ဘာသိတံ**

အမှာကံ ပါိ ဘန္တေ ရမ္မမရမ္မသမ္မတရဋ္ဌဿ ဘုဇိဿတ္တ ပတ္တသံဝစ္ဆရတော ပဋ္ဌာယ ရဋ္ဌသဉ္စယဿ သဟဇာတ ဘာဝေန သရာဇိကာနံ သရဋ္ဌိကာနံ ထေရာနုထေရာနံ သမ္မန္နနသန္နိပါတ သီမာပဋ္ဌပန ပါဝစနသံသောဓန သံဂီတိပစ္ဆာဗိဟာရ ဘာ[illegible] ပတိဋ္ဌာပနာဒိ ပုဗ္ဗကိစ္စ

သမ္ပာဒနေန မဟန္တေန ဥဿာဟေန သမုဿာဟိတာ အာရဒ္ဓကာလတော ဆဋ္ဌေ သံဝစ္ဆရေ အဍ္ဎတေယျသဟဿိမှိ ဗိန္ဒုစက္ကေ သမာသန္နေ ဧတရဟိ သုဒုလ္လ-ဘာယံ ဆဋ္ဌသံဂီတိ မဟာဓမ္မသဘာ သမုပ္ပန္နာ။

အဍ္ဎ တေယျသဟဿိမှိ၊
သာသနေ သာသနေ သဘာ။
မဟာယံ ဆဋ္ဌသံဂီတိ၊
သမုပ္ပန္နာ သုဒုလ္လဘာ။

## သံဂီတိကိစ္စသာဓနံ ဝေါ ဘန္တေ

ဧတိဿံ ခေါ သန္တေ ဆဋ္ဌသံဂီတိမဟာဓမ္မသဘာယံ တုမှေပိ သံဂီတိ နာယကေဟိ သံဂီတိ ကာရကေဟိ သဒ္ဓေသဝိဓဒေသတော ထေရာနုထေရေဟိ ပဉ္စမေ သန္နိပါတေ ဝိနယပိဋကံ ဒုတိယေ စ ဒီဃမဇ္ဈိမသံယုတ္တ-သင်္ခါတေ တယော နိကာယေ သံဂါယိတွာ ဧတရဟိ တတိယသန္နိပါတေ အင်္ဂုတ္တရ မဟာနိကာယော စေဝ အဘိဓမ္မပိဋကေ စ ပုရိမာနိ ဆပ္ပကရဏာနိ သံဂီတာနိ၊ ယေန တုမှေ ဘန္တေ ဇနတံ သီတလံ ကရောန္တာ ဓမ္မ-ဝဿံ အဘိဝဿထ။

တတိယံ ဝေါ သမာဂမ၊
ဇနတံ သီတလံ ကရံ။
သံဂါယိတွာ ယထာဓမ္မံ၊
ဓမ္မဝဿံဘိဝဿထ။

## မနသာ ဝစဿာပနံ နော ဘဏ္ဍေ

တသ္မိံ ခေါ ပန ဘဏ္ဍေ ဆဋ္ဌသံဂီတိ မဟာဓမ္မကိစ္စေ သမာရဘိတေ အမှာကံ ဧဝံ ဟောတိ 'ကာလော ခေါ ဒါနိ တထာဂတပ္ပဝေဒိတေ ဓမ္မဝိနယေ ပုညံ ပုညမဟိဍ္ဍ သဍ္ဍယိတုံ၊ သမ္မုခီဘူတာ နော ဆဋ္ဌိ မဟာဓမ္မသံဂီတိ၊ ခဏော နော မာ ဥပစ္စဂါ' တိ။

သမယော ဇိနစက္ကမှိ၊
ပုညံ ဘဍ္ဍယိတုံ က္လမေ။
သံဂီတိ သမ္မုခီဘူတာ၊
ခဏော ဝေ မာ ဥပစ္စဂါ။

## ပါတုဘာဝေါ နော ဘဏ္ဍေ သမိတိယာ

ဧဝံ စ ပန မယံ ဘဏ္ဍေ စိန္တယိတွာ အညမညံ သမ္မန္တိယိတွာ ဗုဒ္ဓသာသနာနုဂ္ဂဟကိစ္စံ မဒိသိနံ သဒ္ဓါသာပိကာနံ ကုလတ္ထီနံ အဝဿံ အာဝဟနိယဘာရောတိ သမဂ္ဂါ သမ္မောဒမာနာ ဆဋ္ဌသံဂီတိမဟာဓမ္မသဘာယ ဘဟ္မကိစ္စာဒိသမ္ပာဒိကာ ဗုဒ္ဓဘတ္တိကကုလိတ္ထိသမိတိံ နာမ ဗုဒ္ဓသာသနမဟာသမိတိယာ ပဋိမံ သမိတိံ ဥမ္မနိတွာ ပဌမဒုတိယသန္နိပါတေသု စေဝ က္လမသ္မိံ စ ကာတိယသန္နိပါတေ အာဒိတော ယာဝ ပရိယောသာနာ အနေကဝိနစိတ္တာ သံဂီတိကာရကာနံ ထေရာနံ ဘတ္တကိစ္စနံ အကိလမနတ္ထံ ကာယကိလမထံ အဂဏေတွာ ယထာ ယောန ယေန အတ္တော၊ တံ တံ သမ္မာဒေတွာ ပဏီတေန ခါဒနီယေန ဘောဇနီယေန ယထာဗလာ

သန္တပ္ပယိမှ၊ ကိဉ္စဘိယျော၊ ပဌမ ဒုတိယသန္ဓိပါတ ပရိယောသာနေ စ မဟာပူဇာသဘံ ကရိတွာ သံဂီတိကာရကာနံ ထေရာနုထေရာနံ နာနာဝိဓေဟိ ပူဇနီယဝတ္ထူဟိ သမ္ပူဇယိမှ။

ဣတိ မန္တွာ မယံ စာပိ၊
သမိတိံ ဗုဒ္ဓဘတ္တိကံ။
သမ္ပိဏ္ဍိတွာ ကုလိတ္ထီနံ၊
နိစ္စံ ပုညဂဝေသိကာ။ ။
ပဌမေ ဒုတိယေ စာပိ၊
သန္ဓိပါတေ မဟာရဟော။
သာသနံ အနုဂ္ဂဏှိမှ၊
ဓမ္မေန အာမိသေန စ။ ။

## တတိယသန္ဓိပါတပူဇာ ဘဏ္ဍေ

ဧတရဟိ စာပိ မယံ ဘဏ္ဍေ တုမှေဟိ သံဂီတံ အင်္ဂုတ္တရနိကာယေဋ္ဌဝ အဘိဓမ္မပိဋကေ စ ပုရိမာနိ သဟဿကရဏာနိ သံပူဇိတုံ ရဋ္ဌကေဟိ သပ္ပုရိသေဟိ သမ္မန္တယိတွာ ဣဒါနိ သမ္မုခီဘူတံ မဟာပူဇာသဘံ ကရိတွာ သံဂီတိကာရကာနံ အာယသ္မန္တာနံ ပစ္စေကံ နိယျာတေတွာ ဣမေ အင်္ဂုတ္တရနိကာယသင်္ခါတေ ဓမ္မစေတိယေ ပတိဋ္ဌာပေမ။

တထေဝ တတိယေ ဒါနိ၊
ဘိယျော ဘိယျော မဟောမဟော။
ဘာရောတျာနုဂ္ဂဟောမှာကံ၊
ဇိနစက္ကာဘိဝုဍ္ဎိယာ။ ။

## အနုတ္တရိယပဋိလာဘော ဘန္တေ

မယံ ဟိ ဘန္တေ ဣမိဿာ ဆဋ္ဌသံဂီတိမဟာဓမ္မ-သဘာယ ပဌမသန္နိပါတဒိဝသတော ပဋ္ဌာယ ယာဝဇ္ဇ လောကသာမစေတိယဿ စေဝ သံဂီတိကာရကာနဉ္စ ထေရာနံ ဒဿနေန တုမှေဟိ စ သံဂီတဿ ဇိနပါဝစ-နဿ ဓမ္မဿ သဝနေန ဝတ္ထုတ္တယေ စ ဩကပ္ပနသဒ္ဓါ ပဋိလာဘေန တေန စ ပေါရာဏိကာနံ ဝိသာခါဒီနံ အရိယသာဝိကာနံ သိက္ခာနုဝိဓာနေန နဝဝိဓဉ္စ သံဃ-ဂုဏံ သမနုဿရန္တိယော သံဂီတိကာရကာနံ သက္ကစ္စံ-ပိဏ္ဍပါတေန ဥပဋ္ဌာနေန ဘဂဝတာ ဒေသိတေ ဆဗ္ဗိ-ဓေ အနုတ္တရိယဓမ္မေ ပဋိလဘာမ။

ဒဿနံ သဝနံ စာထ၊
အနုတ္တရံ လဘာမသေ။
နိဿာမယာမ နော နိစ္စံ၊
ဇိနံ သဓမ္မသာဝကံ။ ။
ဝိန္ဒာမာနုတ္တရံ ပါရိ၊
စရိယာနုဿတိံ ဝရံ။
ပရိစရာမ နော သံဃံ၊
သရံ သံဃဂုဏံ ဝရံ။ ။

## အဓိဋ္ဌာနံ နော ဘန္တေ

ဧတ္တကေနပိ မယံ ဘန္တေ အတိတ္တာ ဥတ္တရုတ္တရိ ပုညံ သဉ္စယံ သဉ္စယိတုကာမာ အာဂါမိသုပိ [illegible] တေသု ကမိနာဝ နိယာမေန သတ္တုသာလယ [illegible]ဿာ-

မာတိ အဓိမတ္တံ ဆန္ဒဉ္စ ဝါယာမဉ္စ ဥဿာဟဉ္စ သတိဉ္စ သမ္ပဇညဉ္စ ပဋ္ဌပေမ။

အာဂါမိသန္နိပါတေသု၊
နိယာမေနိမိနာ မယံ။
အနုဂ္ဂဏှာမ သဒ္ဓမ္မံ၊
စိတ္တံ နော ပဋ္ဌပေမသေ။

## ပဏ္ဏနာ နော ဘဝန္တု

န ခေါ မယံ ဘန္တေ ဣမိနာ ပုညသဉ္စယေန မနုဿဒေဝဗြဟ္မသမ္ပတ္တိံ ပတ္ထယာမ၊ အထ ခေါ ဗောဓိဉာဏံ ယေဝ နိဗ္ဗာနသမ္ပတ္တိံ ဗောဓိသတ္တေဟိ ပတ္ထိတံ ပတ္ထယာမာတိ။

ဗောဓိယာ ပစ္စယော ဟောတု၊
ဧတံ နော ပုညမင်္ဂလံ။
သုမနာဟိ ပသန္နာဟိ၊
အတ္တမနာဟိ သဉ္စိတန္တိ။ ။

## ဆဋ္ဌသံဂါယနာ တတိယသန္နိပါတ
## သိဒ္ဓိဇေယျသဘင် ပွဲကြီးယင်၌
## ဗုဒ္ဓဘာသာ အမျိုးသမီး အဖွဲ့ချုပ်ကြီး၏
## ဓမ္မပူဇာ လျှောက်ကြားလွှာပါဘုရား

**လက်ဦး မင်္ဂလာပါ ဘုရား....**

သံဂီတိကာရက ဆရာတော် အရှင်မြတ်တို့သည် တပည့်တော်၏လျှောက်ကြားလွှာကို နားဆင်တော်မူကြရန်ပါဘုရား....။ တစ်စုံတစ်ခု ကောင်းမှုကုသိုလ်ကို ပြုလိုလတ်သည်ရှိသော် ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်ကိုယ်တော်မြတ်ကြီးအား ဝပ်တွားရိုကျိုး ရှိခိုးခြင်းဖြင့် လက်ဦး မင်္ဂလာမှုကို ပြုကျင့်ခြင်းမှာ တပည့်တော်များ ဗုဒ္ဓဘာသာဝင်တို့၏ ဓမ္မတာအစဉ် ဖြစ်ပါသောကြောင့် တပည့်တော်တို့သည်လည်း ဤယခု ဓမ္မပူဇာ မဟာကုသိုလ်အစုကို ပြုလုပ်ဆည်းပူးအားထုတ်ခြင်း အစအဦး၌ လောကအလုံးလွှမ်းခြုံ ကျေးဇူးဂုဏ်နှင့် ပြည့်စုံတော်မူသော ထိုမြတ်စွာဘုရားအား ဝပ်တွားရိုကျိုး ရှိခိုးခြင်းကို ပြုပါကုန်၏ ဘုရား....။

ဘုန်းစက်ပရမေ၊ ထိန်လျှံဝေတည်း၊ လေးထွေဖိုလ်မဂ်၊ ဈာန်စဉ်တက်၍၊ လေးချက်ပိုင်းခြား၊ မှန်တရားကို၊ တစ်ပါးမကူ၊ သယမ္ဘူဖြင့်၊ မြူမကျန်ရှိ၊ ကိုယ်တိုင်သိမှ၊ တြိဝေနေ၊ ဗိုလ်ဗိုလ်ခြေအား၊ ရွှေမြေတုလွတ်၊ နိဗ္ဗူထွတ်သို့၊ မှန်းညွှတ်ရွယ်ချူ၊ ကယ်တင်ယူသား၊ နတ်လူရှေ့သွား၊ ရှင်တော်အားလျှင်၊ သုံးပါးဝန္ဒနာ၊ ညီတညာဖြင့်၊ ကြည်သာရွှင်မြူး၊ ရှိညွှတ်ဖူးသည်၊ လက်ဦးမင်္ဂလာပါဘုရား....။

## ဆဋ္ဌသံဂါယနာ ဖြစ်လာပုံပါဘုရား....

သံဃာတော်အရှင်မြတ်တို့ ဘုရား....၊ တပည့်တော်များ၏ ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော် လွတ်လပ်ရေးရစ လွန်ခဲ့သော ၁၃၁၀-ခုနှစ်ကပင် အစပြု ကာ ပြည်ထောင်စု၏ ဖွားဘက်တော်အနေဖြင့် ပေါ်ထွန်းပြည်သူလူထုပါ ဆရာတော်အရှင်မြတ်တို့၏ အထပ်ထပ် တိုင်ပင်ခြင်း၊ စည်းဝေးခြင်း၊ စည်းမျဉ်း ရေးဆွဲခြင်း၊ သံဂါယနာစာတော်မူ သုတ်သင်ခြင်း၊ သံဂါယနာလိုဏ်ဂူတော်၊ ကျောင်းဆောင်တော်၊ ဆွမ်းစားကျောင်းတို့ကို တည်ဆောက်ခြင်းအစရှိသော ပုဗ္ဗကိစ္စအဝဝတို့ကို ပြည့်စုံစေကြောင်း ကောင်းမြတ်သော လုံ့လဉဿာဟဖြင့် ဆရာဒကာ တညီတညာ အားထုတ်အပ်ရကား စ၍ စီမံသည်မှ ခြောက်နှစ်မြောက် သာသနာတော် နှစ်ထောင့် ငါးရာပြောက်လုဆဲ ယခုအခါဝယ် လွန်စွာကြုံရခဲသော ဤဆဋ္ဌသံဂါယနာ မဟာဓမ္မသဘင်ကြီးကား မျက်မြင် ထင်ရှား ဖြစ်ပွားလျက်ရှိပါသည် ဘုရား....။

သိက္ခာသုံးသွယ်၊ ဆင်စံပယ်သား၊ ဘုန်းကြွယ်
မြတ်လောင်း၊ အရှင်ကောင်းတို့၊ အကြောင်း
စေ့စုံ၊ မှန်ရာငုံ၍၊ ပဒုံစက်အောက်၊ အကျဉ်း
မလျှောက်ပိမ့်၊ လွတ်မြောက်ပြည်ထောင်၊ ဖန်တည်
ဆောင်က၊ ထိပ်ခေါင်ရွေးမှ၊ ဤကိစ္စကို၊ သဟဇာ
ခေါ်၊ ဖွားဘက်တော်သို့၊ ဘုန်းကျော်ထေရ်ဖျား၊
ဒကာချားလျှင်၊ ပိုင်းခြားတာဝန်၊ ကြိုးအားသွန်
၍၊ ဘုန်းဝှန်မြတ်စွာ၊ သာသနာတည့်၊ ငါးရာ
ပိုမောက်၊ နှစ်ထောင်မြောက်သို့၊ ရောက်အံ့ဆဲဆဲ၊
ဤခေတ်ထဲဝယ်၊ ကြုံခဲကြုံလာ၊ သာသနာ၌၊ မဟာ
ဘွဲ့တပ်၊ ခေါ်ယူအပ်သား၊ ဆဋ္ဌမည်တွင်၊ ဤ
သဘင်ကား၊ ပြည်ခွင်မရမ္မ၊ မဏ္ဍလဟု၊ ကမ္ဘာ့
ကျက်သရေ၊ ကုန်းမြင့်မြေ၌၊ နေရဗာန်ကုန်း
ပြောက်၊ ရှင်လူဆောက်အောင်၊ အံလောက်မစဲ၊
ခြိမ့်ခြိမ့်သဲသည်၊ ၊ ယင်ဆဲကြုံလတ်ပြီ ဘုရား....။

**အရှင်မြတ်တို၏ သံဂီတိကိစ္စကို ပြီးစေပုံပါဘုရား....**

သံဃာတော်အရှင်မြတ်တို့ဘုရား-၊ ထိုဆင်္ဂါယနာ မဟာဓမ္မသဘင်၌ သံဂီဟိနာယက သံဂီတိကာရက ဖြစ်တော်မူကြသည့် တိုင်းရင်းတိုင်းခြားမှ ကြွလာတော်မူကြသော မဟာထေရ်အနုထေရ်ဖြစ်တော်မူကြသည့် အရှင်ဘုရားတို့ သည် ပထမသန္နိပါတ်၌ ဝိနယပိဋကတ်ကို လည်းကောင်း၊ ဒုတိယ သန္နိပါတ်၌ ဒီဃ မဇ္ဈိမ သံယုတ္တနိကာယ် သုံးရပ်တို့ကို လည်းကောင်း သံဂါယနာတင်တော်မူကြပြီးလျှင် ယခု တတိယ သန္နိပါတ်၌ အင်္ဂုတ္တိုရ်နိကာယ်ကြီးကို လည်းကောင်း၊ အဘိဓမ္မာပိဋကတ် ရှေ့ပိုင်း ခြောက်

ကျမ်းတို့ကိုလည်းကောင်း သံဂါယနာ တင်အပ်ပြီးပါ ကုန်ပြီ။ ယင်းသို့ သံဂီတိသဘင် ဆင်ယင်တော် မူကြခြင်း ဖြင့် လူအပေါင်းတို့ကို အေးချမ်းအောင် ပြုတော်မူကြ လျက် ဓမ္မတည်းဟူသော အမြိုက်မိုးကို စေ့ဖြိုး ရွာသွန်း တော် မူခဲ့ကြကုန်ပြီ ဘုရား....။

မြိုက်မိုးငွေ့ရည်၊ စွေပိမ့်မည်ဟု၊ မြန်ပြည်မူလ၊ သိယာမန္တင့်၊ ကမ္ဘ၊ ဇ လာအို၊ကျွန်းသီဟိုဠ်မှ၊ ဝိဓိုရ် များတောင်း၊ ထေရ်အပေါင်းတို့၊ ကောင်းကင် မြေကြီး၊ ရေခရီးဖြင့်၊ သီးသီးယာယီ၊ စက်ပန်းချီ၍ စုံညီသမဂ္ဂ၊ တတိယဟု၊ ဓမ္မမြိုက်ဆေး၊ အစည်း အဝေး၌၊ ဇိနေးဗျာနူတ်၊ ဟောဖော်ထုတ်သား၊ အင်္ဂုတ္တရ၊ နိကာယနှင့်၊ ဆ-ပကရဏာ၊ ဘိဓမ္မာ ဟု၊ နည်းနာစုံပြွမ်း၊ ရှေ့ခြောက်ကျမ်းကို၊ ခွဲခြမ်း ပီပြင်၊ သံဂီတင်၍၊ လူရှင်ကြွားက၊ ချမ်းကြည်မြ အောင်၊ ဓမ္မမေဃီ၊ မြိုက်ရွှေဆီဟု၊ ဒေဝရီနှိုး၊ ခွေ လည်ကြိုးသည်၊ ၊စွေဖြိုးရွာသွန်းကြပြီ ဘုရား--။

## တပည့်တော်များ၏ နှလုံးသွင်းပါဘုရား

ဆရာတော် သံဃာတော် အရှင်သူမြတ်တို့ ဘုရား....၊ ထို ဆဋ္ဌသံဂါယနာ မဟာဓမ္မ သာသနာ့ကိစ္စကြီး စတင် အာ ထုတ်ကတည်းကပင် တပည့်တော်များ၏ စိတ် သန္တာန်၌ 'မြတ်စွာဘုရား ဟော ဖော်ကြားအပ်သည့် တရားသဖြင့် ဆုံးမရာ ဤဓမ္မဝိနယသာသနာ၌ စေတနာ ညွတ်နူး ကုသိုလ်ထူးကို ဆည်းပူးဖို့ရန် အချိန်တန်ပြီ၊ ဆဋ္ဌ သံဂါယနာ မဟာသဘင်ကြီးကား အကျွန်ုပ် မျက်မှောက်

ကုသိုလ်ထုပ်ကြီး ကောက်ရသည့်ပမာ ထင်ရှားစွာ ဖြစ်ခဲ့လေပြီ၊ ကုသိုလ်တရား ပွားများရန် အခွင့်ကောင်းကြီးကို ငါတို့ လွှန်၍မသွားသင့်’ဟု ကောင်းမြတ်သော သမ္မာသက်ပွမဂ္ဂင် အကြံဝင်ခဲ့ပါသည် ဘုရား....။

ဆဋ္ဌသင်္ဂီ၊ တင်တင်ချီသား၊ ဤသဘင်ပွဲ၊ ကြုံရခဲကို၊ ခုပဲမျက်မြင်၊ ကြိုက်ကြုံလျှင်၏....၊ ရှစ်ခွင်ရပ်ပြစ်၊ ကင်းစင်လစ်သား၊ ရှင်ချစ်မြတ်စွာ၊ သာသနာဟု၊ ခါတော်တင့်ညောင်း၊ အခွင့်ကောင်းကို၊ အကြောင်းတော်ဆိုက်၊ မလွှန်ထိုက်ဘူး၊ သုံးတိုက်မြတ်စွာ၊ သာသနာ၌၊ မဟာပုည၊ မြိုက်ဗီဇကို၊ လုံ့လအားသည်း၊ သင့်ပြီတည်းဟု၊ နရည်းပုံမြော်၊ ကံလှူဆော်သည်၊ ၊ခါတော်ရောက်လတ်ပြီတကား....။

## အမျိုးသမီးအဖွဲ့ကြီး ဖြစ်ပေါ်လာပုံပါဘုရား

ဆရာတော် သံဃာတော် အရှင်သူမြတ်တို့ဘုရား....၊ တပည့်တော်များသည် လျှောက်ထားအပ်ပြီးသည့်အတိုင်း ကြံစည် အချင်းချင်းတိုင်ပင် ညီညွတ်ကြပြီးလျှင် သာသနာတော်ကို ချီးမြှောက်ရေးကိစ္စကား ငါတို့ကဲ့သို့သော ဘုရားတပည့်တော်မ သာဝိကာ အမျိုးသမီးတို့ ကောန်ရွက်ဆောင်သင့်သည့် တာဝန်ဖြစ်သည်ဟု ညီညွတ်ဝမ်းမြောက်စွာ နိုင်ငံတော်ဗုဒ္ဓသာသနာ့အဖွဲ့ကြီး၏ ကိုယ်စား ဆဋ္ဌသံဂါယနာ ဆွမ်းကမ်းဆိုင်ရာ ဗုဒ္ဓဘာသာ အမျိုးသမီး အဖွဲ့ကြီးကို ဖွဲ့စည်းကြပြီးလျှင် သန္နိပါတ ပ-ဒု-တ သုံးပါးလုံး၌ပင် အစမှအဆုံးတိုင် မဘုတ်နစ်

သောစိတ်ရှိကြပြီး သံဂီတိကာရက မထေရ်မြတ်တို့ ဆွမ်းကိစ္စဖြင့် မငြိုငြင်ရန် ကိုယ်၏ ပင်ပန်းနွမ်းနယ်ခြင်းကို မရေတွက်ကြဘဲ ဆရာတော်များ အလိုရှိရာ သင့်မြတ်ရာကို ကောင်းစွာပြင်ဆင် စီရင်ကြပြီး မွန်မြတ်သော ခဲဘွယ်ဘောဇဉ်ဖြင့် သာဟတ္ထိကဒါနမြောက် ရောင့်ရဲနှစ်သိမ့်စေကြပါကုန်သည်ဘုရား....။ ဆက်၍ လျှောက်ထားလိုသည်မှာတပည့်တော်များသည် ပထမ ဒုတိယ သန္နိပါတပွဲကြီးများ ပြီးစီးသောအခါကလည်း ကြီးစွာသော ပူဇာသဘင် ဆင်ယင်ကျင်းပ၍ သံဂီတိကာရက မဟာထေရ် အနုထေရ်တို့အား အထူးထူးသော ပူဇော်ဖွယ်ဝတ္ထုတို့ဖြင့် ဓမ္မပူဇာ သဒ္ဓါကော်ရော် ပူဇော်ခဲ့ကြပါကုန်ပြီဘုရား....။

ယင်းသို့ သမ္ဘဇဉ်၊ ကိုယ်စီယှဉ်သား၊ များဖြင်သောင်းသောင်း၊ တပည့်ပေါင်းတို့၊ တစ်ချောင်းဆန္ဒ၊ တူညီမျှလျက်၊ ဗုဒ္ဓသာသာ၊ နွယ်ကလျာဟု၊ သံဂါယနာကျိုး၊ ဆဆတိုးအောင်၊ အမျိုးသမီး၊ အဖွဲ့ကြီးကို၊ ဖန်တီးမူလ၊ တည်ထောင်ကြ၍၊ ဆဋ္ဌတွင်မည်၊ သဘင်ဤ၌၊ ထေရ်သံဃာများ၊ မရှိရှားအောင်၊ လေးပါးပစ္စယ၊ အာမိသဖြင့်၊ ကြည်ဆွသဒ္ဓါ၊ ပူဇော်ပါလည်း၊ စေတနာဆင့်ကဲ၊ မရောင့်ရဲခဲ့ ...၊ ပွဲကြီးပဌမ၊ ဒုတိယဟု၊ ဇေယျကြိမ်လာ၊ ထိုချိန်ခါလည်း၊ နရာမရ၊ နတ်လူထုကို၊ သာဓုသံခြေ၊ ဟစ်ကြွေးစေလျက်၊ ကြည်ရေချသွန်း၊အမျှညွှန်း၍၊ မေ်ကွန်းတည်ဆောက်၊ တင်ချီလောက်

လျှင်၊ ချီးမြှောက်ကော်ရော်၊ သံဃာတော်အား
ပူဇော်ပွဲကြီး၊ မြိုက်ဆုမှီးသည်၊ ။ဝှဲချီးယင်ခဲ့ပြီ
ဘုရား....။

## ယခု တတိယသန္နိပါတ ဓမ္မပူဇာပါဘုရား

ဆရာတော် သံဃာတော် အရှင်သူမြတ်တို့ဘုရား....၊ တပည့်တော်များသည် တတိယသန္နိပါတသဘင် ဆင်ဆင်ပြီးစ ယခုကာလ၌လည်း အရှင်ဘုရားတို့ သံဂါယနာတင်ပြီးသော အင်္ဂုတ္တရနိကာယ်မြတ်နှင့် အဘိဓမ္မာ– ပိဋကတ် ရွှေ့ ခြောက်ကျမ်းကို ဝမ်းမြောက်ဝမ်းသာ ပူဇော်အံ့သောငှာ ပြည်သူလူထု သပ္ပုရိသ အပေါင်းသူတော်ကောင်းတို့နှင့် တိုင်ပင်၍ မျက်မြင်ပစ္စက္ခ ဓမ္မပူဇာ ဤမဟာသဘင်ကို ဆင်ယင်ကျင်းပ၍ သံဂီတိကာရက အရှင်မြတ်ဘို့အား အသီးသီးနှင်းအပ် အင်္ဂုတ္တရနိကာယ ခေါ် ဤဓမ္မစေတီမြတ်တို့ကို တုံ့ဝပ်ကော်ရော် ပူဇော် တည်ထားကြပါကုန်သည် ဘုရား....။

မင်္ဂလာသျှန္တိ၊ ဂုဏ်ပြည့်ညီသား၊ သံဂီဆဋ္ဌ၊
တဘိယဟု၊ ဓမ္မမြိုက်ဆေး၊ အစည်းဝေးလျှင်၊ ရန်
ဘေးမနှောက်၊ ပြီးအောင်မြောက်တည့်၊ မျက်
မှောက်ကြိမ်တွေ့၊ ဤယနေ့ဝယ်၊ ရွှေ့နှင့်ထပ်မှီ၊
သမဘ်ညီသျှက်၊ ဟိုငြိမ့်ညောင်း၊ မြေညွတ်စောင်း
မျှ၊ အပေါင်းရှင်လူ၊ သာဓုကျူသား၊ ဤပူဇော်ပွဲ
ခြိမ့်ခြိမ့်သဲဖြင့်၊ ဆင့်ကဲတဖန်၊ အေးဝိမာန်ဟု၊
နိဗ္ဗာန်ကြင့်နှင်း၊ ဆုသန်မှန်းသည်၊ ။စောင်းတန်း
သွယ်ကြပြီ ဘုရား....။

## အနုတ္တရိယတရားကို အရယူခြင်းပါဘုရား

ဆရာတော် သံဃာတော် အရှင်သူမြတ်တို့ ဘုရား....၊ တပည့်တော်များသည် ဤဆဋ္ဌသံဂါယနာ မဟာဓမ္မသဘင်၏ ပထမသန္နိပါတ ရက်မှစ၍ ယနေ့တိုင်အောင် ကမ္ဘာအေးစေတီတော်၊ သံဂီတိကာရက ဆရာတော်တို့ကို ဖူးမြော်ခြင်းဖြင့် လည်းကောင်း၊ အရှင်ဘုရားတို့ သံဂါယနာတင်အပ်သည့် မြတ်စွာဘုရား စကားတော် တရားတော်တို့ကို နာကြားရခြင်းဖြင့် လည်းကောင်း၊ ရတနာသုံးပါး၌ သက်ဝင်ယုံကြည်သော သဒ္ဓါတရားကို ရခြင်းဖြင့် လည်းကောင်း၊ သို့ဖြင့် ဝိသာခါ အစရှိသော ရှေးအရိယာ သာဝိကာတို့၏ သိက္ခာလမ်းစဉ်ကို အတုလိုက် ကျင့်ခြင်းဖြင့် လည်းကောင်း၊ သံဃာ့ဂုဏ် ကိုးပါးကို အဖန်ဖန် အောက်မေ့ကြ၍ သံဂီတိကာရက မထေရ်မြတ်တို့အား ရိုသေစွာ ဆွမ်းပြုစုခြင်းဖြင့် လည်းကောင်း မြတ်စွာဘုရား ဟောကြားအပ်သော အနုတ္တရိယတရား ခြောက်ပါးတို့ကို ရယူမိကြပါကုန်သည် ဘုရား....။

နိုရော်ခါရုံ၊ ဇေယျာခံတည့်၊ ရွှေဘုံစောင်း
တန်း၊ သွယ်ဥဒါန်းကို၊ တစ်ခန်းဖွင့်ကာ၊ ကြား
လျှောက်ဖြာပိမ့်၊ ကမ္ဘာတော်အေး၊ မြတ်ဇဲနေး
နှင့်၊ ရင်သွေးသည်ချာ၊ ထေရ်သံဃာအား၊ ရှည်
ကြာနိစ္စ၊ ဖူးမြင်ရ၍၊ ဓမ္မပဟိုရ်၊ စည်သံကိုလည်း၊
ကြည်ညိုဆငြား၊ နေ့စဉ်ကြားခဲ့၊ ကိုးပါးသောဂုဏ်၊
စိတ်ဝယ်ထုံ၍၊ ယုံကျုံမြတ်လေး၊ ဆွမ်းလုပ်ကျွေး
သား၊ တွေးတိုင်းကြည်လင်၊ သဒ္ဓါစင်ဟု၊ ချစ်ရှင်
ရွှေနှုတ်၊ မိန့်ဖော်ထုတ်သည့်၊ အနုတ္တရိယ၊ ဓမ္မ

ခြောက်စိုင်၊ ကိုယ်စီပိုင်၍၊ ခရိုင်လောက၊ လူ့ဘဝကို၊ ပုညစက်နှိုး၊ ၇ ပီတိဖြိုးသည်၊ ၊ရကျိုးနပ်ကြပြီဘုရား....။

**တပည့်တော်များ၏ ဆောက်တည်ချက်ပါ ဘုရား**

ဆရာတော် သံဃာတော် အရှင်သူမြတ်တို့ဘုရား....၊ တပည့်တော်များသည် ဤမျှဖြင့်လည်း ရောင့်ရဲတင်းတိမ်ခြင်းမရှိကြဘဲ အထက်အထက် ဆင့်ဆင့်တက်၍ ကုသိုလ်အစု ကောင်းမှုအထူး ဆည်းပူးပွားများလိုကြပါကုန်၍ လာလတ္တံ့သော စတုတ္ထ ပဥ္စမ သန္နိပါတ တို့၌ လည်း ဤနည်း အ တိုင်း ပင် မြတ်စွာဘုရား သာသနာ ကို ချီးမြှောက် ပြုစုကြပါကုန်အံ့ဟု လွန်ကဲသော သမ္ဗေဇဉ်တရားတို့ကို ဖြစ်ပွားစေလျက် ရှိကြပါကုန်သည်ဘုရား-။

မြတ်သီလဝန်၊ ဂုဏ်ရည်ချွန်သား၊ ထေရ်မွန်အပေါင်း၊ အရှင်ကောင်းတို့....၊ ရွယ်ချောင်းပန္နက်၊ စိတ်သန်ချက်ကို၊ ဆက်၍လျှောက်မည်၊ ထောင်နားစည်လော့....၊ မရှည်မြင့်သေး၊ နာဂတ်ရေးဟု၊ လေးကြိမ်တစ်ထောက်၊ ငါးကြိမ်မြောက်လျှင်၊ ရောက်မည့်ဆဲဆဲ၊ စည်းဝေးပွဲ၌၊ ခြွနဲပုံမြှော်၊ တပည့်တော်တို့၊ ဇိနော်သကျ၊ သဒ္ဓမ္မကို၊ ပဂ္ဂဟမှု၊ ပြုအံ့ဟူ၍၊ မှုတဖြောင့်ထဲ၊ မရောင့်ရဲသည်၊ ၊ စိတ်စွဲသန်ကြပြီဘုရား...။

**ဆုတောင်းပတ္ထနာပါဘုရား**

ဆရာတော် သံဃာတော် အရှင်မြတ်တို့ ဘုရား ....၊ တပည့်တော်များသည် ဤသည့် ကောင်းမှုကုသိုလ်အစု

ကြောင့် လူ့စည်းစိမ် နတ်စည်းစိမ် ဗြဟ္မာ့စည်းစိမ်တို့ကို မြိန်ဖွယ်နိုးနိုး မြတ်နိုးတောင့်တခြင်း မရှိကြပါ။ စင်စစ်မှာမူ အလောင်းလျာ သူတော်စွာတို့ ပန်ထွာတောင့်တအပ်သော နိဗ္ဗာန်သို့ ရောက်စေတတ်သည့် သုံးရပ်သောဗောဓိညာဏ် ရင့်သန်ရန် အကြောင်းရှိသော ဆုတောင်းပန်ထွာ ပတ္ထနာမှု ပြုကြပါကုန်သည် ဘုရား....။

မဟာ့မဟာ၊ များမြတ်စွာတည့်၊ ပုဗ္ဗာပုဗ္ဗ၊ အပရဟု၊ ယည်သမ္ပဒါ၊ စေတနာဖြင့်၊ သဒ္ဓါလှုလှု၊ အားသစ်ပြုသား၊ ကောင်းမှုတေဇော်၊ အာနုဘော်ကြောင့်၊ နိရော်ဓာနန်း၊ မြိုက်ကြွင်နန်းကို၊ လေးခန်းသော မဂ်၊ လေးချက်သော ဖိုလ်၊ ထီးရိပ်ခို၍၊ ကိုယ်စီရွှင်လန်း၊ မပင်ပန်းသည်၊ ၊ သိမ်းမြန်း ပိုင်ကြလိုပါဘုရား....။

ဗုဒ္ဓဘာသာ အမျိုးသမီးအဖွဲ့ကြီး

ဆဋ္ဌသံဂါယနာ ဆွမ်းကွမ်းဆိုင်ရာ စီမံရေးအဖွဲ့

ရန်ကုန်မြို့၊ မြန်မာနိုင်ငံတော်

၁၃၁၇-ခုနှစ်၊ ပဌမဝါဆိုလဆန်း၊ ၁၄-ရက်။

# ရေစက်ချ

စတုပါရိ သုဒ္ဓိလေးပုံ သီလဂုဏ်ဟု ထုံလှိုင်ကြိုင်သင်း၊ သောင်းရပ်ချင်းမျှ ကောင်းတင်းရနံ့ ပျံ့ကြူခြင်း ရှိပါသော သံဂီတိနာယက သံဂီတိကာရက သာသနာ့ မှန်းကင်းတုယင် အရှင်ဆရာတော် မထေရ်သူမြတ်တို့ ဘုရား။

ဇာတိ အာစာရ နှစ်ဌာနဖြင့် ကုလဓိတာ ကလျာဏ စင်စစ် ဖြစ်ကြသော တပည့်တော်တို့သည် နှစ်ပရိစ္ဆေဒ ပျမ်းမျှခြင်းအားဖြင့် အနှစ်လေးရာ သာသနာခေတ် ရောက်မှ တစ်ကြိမ်လောက် ဖြစ်ရသည့် ဆဋ္ဌသံဂါယနာ မဟာဓမ္မသသင် ယင်လုလတ်သော အခါဝယ်....။

သာဂါရာ အနာဂါရာ စ၊
ဥဘော အညောညနိဿိတာ။

မြတ်စွာမိန့်မြွက် ဓမ္မစက်ကို လေးနက်စွာ စဉ်းစား ဆရာဒကာ နှစ်ဦးသားတို့ တစ်ပါးတစ်ပါး အမှီရကြမှ ယောဂလေးတန် ကုန်ရာမှန်သည့် နိဗ္ဗာန်တိုင်ထိ အကျိုး ရှိသည်ကို သတိသမ္ပဇဉ် ကိုယ်စီယှဉ်ကြ၍ ခေါ်တွင်အနွတ္ထ မည်နာမဖြင့် ဆဋ္ဌသံဂါယနာ ဆွမ်းကွမ်းဆိုင်ရာ ဗုဒ္ဓ ဘာသာ အမျိုးသမီးအဖွဲ့ကြီးကို ဖွဲ့စည်းတည်ထောင်ကြ ပြီးလျှင် နိုင်ငံတော် ဗုဒ္ဓသာသနာ့အဖွဲ့၏ ကိုယ်စား ဆဋ္ဌ သံဂါယနာတင် အရှင်သံဃာတော် မထေရ်မြတ်တို့အား

လစ်လပ် ဟာဟင်းခြင်း အလျဉ်း မရှိစေရ၊ သံပွာယ ဘောဇဉ် ချိုချဉ်ရသာ ကောင်းနိုးရာတို့ကို ကာယဝေယျာဝစ္စ ကိုယ်တိုင်ကြပ်မ၍ သန္နိပါတ အစအဆုံး ပေါင်းရုံးညီညာ ကြည်သဒ္ဓါဖြင့် ဗာဟိရက အိမ်ကိစ္စတို့ကို ဓုရနိက္ခိတ္တပြု လျစ်လျူရှုကြပြီးလျှင်၊ ဖာသုဝိဟာ သံဃာတော်တို့ ချမ်းသာရေး အလေးဂရု နှလုံးသွင်းပြုကြ၍၊ သံဃုပဋ္ဌာန ပါရိစရိယ အနုတ္တရာ မဟာကုသိုလ်ထူး ဆည်းပူးပွားများ အားသစ်ခဲ့ကြသည်မှာ ပထမ ဒုတိယ တတိယဟု သန္နိပါတ ချိန်ထောက် သုံးကြိမ်တိုင် အောင်မြောက်ခဲ့ပါပြီဘုရား။

ဆရာတော်အရှင်မြတ်တို့ဘုရား၊ တပည့်တော်များသည် ကြီးမားသော သံဃဝေယျာဝစ္စ ဆွမ်းဂွမ်းကိစ္စ အဝဝတို့ဖြင့် ဗုဒ္ဓမြတ်စွာ သာသနာကို သဒ္ဓါလုလု နေ့စဉ်ပြု၍ နုသောပီတိ ရင့်သောပီတိ ဂွမ်းဆီထိသို့ ရွှန်းအိနှစ်လို ကြည်ညိုတရား ဆတက်ပွားသဖြင့် ဘုရားမြတ်စွာ သာသနာသည် အခါငွန့်ရှည် ကွန့်ကွန့်လည်၍ ပွားစည်ပြန့်ပြော ထွန်းစေသောဟု မနောပဏိဓိ ရည်သန်ရင်းရှိသဖြင့် သံဂီတိသဘင် ယင်သစ်ပြီးစ ဆဋ္ဌသင်္ဂါယနာ စာဧတော်မူ အင်္ဂုတ္တိုရ် ကြည်ညိုစလောက် များမြောက်စုံ ဤဓမ္မစေတီ အစုံတို့ကိုလည်း ဂုဏ်တော်သခင် ထေရ်အရှင်တို့အား ကြည်လင်တုံ့ပပ် ဆက်ကပ်ဒေါက်နှင်း ပွဲကြီးကျင်း၍ တည်ခင်းကော်ရော် ပူဇော်ကြပါကုန်သည်ဘုရား....။

ဤသို့လျှင်တိ၊ ချစ်ရှင်မြတ်စွာ၊ သာသနာဝယ်၊ သဒ္ဓါလုလု၊ တညီညွတ်ပြုကြသော ကောင်းမှုပညာ၊ နုဘာဝကြောင့်၊ အမတသာခေါင်၊ နန်းညာသောင်သို့၊ ဖောင်ပျံ

ယာဉ်စက်၊ အငွှင်မဂ်ဖြင့်၊ လျှင်ဆက်မကြာ၊ ရောက်လိုပါကြောင်း၊ဆုတောင်း ပတ္တနာနှင့် တကွ၊အနာဂတ၊နောက်ကာလဝယ်၊ ကာယသက္ခိ ကိုယ်၏သက်သေ ဖြစ်ပစေဟု ထွေငေါ်လေးနက်၊ နှုတ်သံမြွက်၍၊ ရေစက်သွန်းချပါကုန်သည်ဘုရား။

❀

## လင်္ကာ ထေရာနံ ဓမ္မပူဇာသီသည့်ဂါထာ

အာရောစယာမ ဘန္တေ တုမှာကံ လင်္ကာသာသနဇ္ဇောပမာနံ ထေရာနုထေရာနံ အစ္စာဒရသမ္မာနနစေတသာ။

ပဒမ္ဗုဇံ ပိဏ္ဍနွာမ၊
လင်္ကာ သာသန ကေတုနံ။
တုမှံ ထေရာနုထေရာနံ၊
သာတစ္စာဒရစေတသာ။

မယံ ဟိ ဘန္တေ နိစ္စံ ဗုဒ္ဓဘတ္တိကာယော မရမ္မရဋ္ဌဝါသိနိယော ကုလဓီတရော ပေါရာဏိကာနံ ဝိသာခါစူဠသုမနဒေဝီအာဒိကာနံ အရိယသာဝိကာနံ ဇေဋ္ဌိကာနံ ဂတမဂ္ဂံ အနုယာယိဿာမာတိ သမိတိံ ဗန္ဓိတွာ အတိက္ကန္တေသုပိ ဗဟူသု သရဒေသု သမာဂန္တွာ ဒုလ္လဘံ အမှာကဉ္စ ပစ္စက္ခဘူတံ ဆဋ္ဌသံဂီတိမဟာဓမ္မသဘံ သဒေသဝိဒေသတော အာဂတာနံ သံဂီတိကာရကာနံ ဥက္ကဋ္ဌပုတ္တိယာနံ ထေရာနုထေရာနံ ဘတ္တကိစ္စေန အကိလမနတ္ထံ အတ္တနော အဂါရိယံ ဂိဟိကိစ္စံ ပဟာယ အဝဿမာဝဟနီယမိဒံ အမှေဟိ ဗုဒ္ဓသာဝိကာဟီတိ သာသနသာဝုဒ္ဓိံ ပစ္စာသီသမာနာ ထေရာနုထေရာနံ သပ္ပာယာနိ ဘောဇနာနိ သံဝိဒဟာမ။

သဒ္ဓမ္မာဘာ ဘာသေ လောကေ၊
ဇာတာ သတ္တာ မာဒိ သဒ္ဓါ။
သုဒ္ဓိံ ဗုဒ္ဓိံ ဓမ္မံ သံဃံ၊
သက္ကစ္စံ ကိံ နော ပူဇေယျုံ။

တုမှေပိ ဘန္တေ လံကာဇာတိကာ ပဏ္ဍိတာ စေဝ မဟာပဏ္ဍိတာ စ ထေရာနုထေရာ ကာယကိလမထံ အဂဏေတွာ ဆဋ္ဌသံဂီတိကိစ္စံ အမှာကံ ကိစ္စန္တိ ကေဗ္ဗာ သယာ အမှာကံ မရမ္မရဋ္ဌမာဂတာ ဆဋ္ဌသံဂီတိ ဓမ္မ-ကိစ္စေန။ တေန စ မယံ ဘန္တေ အတိပ္ပမောဒါမ။ 'လဒ္ဓါ ဝတ နော အာစရိယာ သာသနကိစ္စေ မဂ္ဂ-ဒေသကဘူတာ၊ ယေ အမှေ ယာဝ နိဗ္ဗာနမဂ္ဂံ ဒေသေဿန္တီ'တိ။

သုသုခံ ဝတ ဇီဝါမ၊
ဝေရိနေသု အဝေရိနော။
အဓမ္မာဘိဘူတေ လောကေ၊
ဓမ္မိကာ ဝိဟရာမသေ။

ပရိဘုဉ္ဇိတ္ထ စ တုမှေ ဘန္တေ ဝိဒေသိကာပိ သမာနာ အမှေဟိ အဘိသင်္ခတံ ပိဏ္ဍပါတခါဒနီယဘောဇနီယံ ပရမဝိဿာသစိတ္တေန သဒေသိကာဟိ အဘိသင်္ခတမိဝ။ တေန စ မယံ ဘန္တေ အတိပ္ပမောဒါမ 'ဝိဿာသ ပရမာ ဉာတီ'တိ ဘဂဝတော ဝစနံ သမနူဿရန္တိယော။

သာဒုံ ဝါ ယဒိ ဝါ သာဒုံ၊
အပ္ပံ ဝါ ယဒိ ဝါ ဗဟုံ။
ဝိဿာသော ယတ္ထ ဘုဉ္ဇေယျ၊
ဝိဿာသ ပရမာ ရသာ။ ။

မယံ ဘန္တေ ဗုဒ္ဓဘတ္တိကာယော ဆဋ္ဌသံဂီတိ မဟာဓမ္မသဘာ သံဃဘတ္တသမိတိကာ ကုလဓီတရော တုမှာကံ သီလာဒိဂုဏာမာရဗ္ဘ တောနိ စီဝရာဒိဒေယျဓမ္မဝတ္ထူနိ ဒေမ နိဿရဏတ္ထိကာ။ ပဋိဂ္ဂဏှာထ နော တုမှေ ဘန္တေ အနုကမ္ပံ+မုပါဒါယ။

မယံ ဘန္တေ ဘိပူဇေမ၊
တုမှာကံ ဂုဏာသဒ္ဒယော။
ဧတေဟိ ဒေယျဓမ္မေဟိ၊
သက္ကစ္စံ ဗုဒ္ဓဘတ္တိကာ။ ။
ဗောဓိယာ ပစ္စယော ဟောတု၊
တံ နော ပုညမင်္ဂလံ။
သုမနာဟိ ပသန္နာဟိ၊
အတ္တမနာဟိ သဒ္ဒိတံ။ ။
အယံ ပန ဘန္တေ အမှာကံ
သံခေပ ပစ္စာသီသာ။

ပုနပိ ထေရာ အမှာကံ ရမ္မမရမ္မရဋ္ဌေ ပစ္စာဂန္ဒွာ ဆဋ္ဌသံဂီတိမဟာဓမ္မကိစ္စံ ယာဝ ပရိယောသာနံ သမာဝဟန္တု ကလ္လစိတ္တာ ကလ္လကာယာတိ။

ထေရာ အာကာသမဂ္ဂေန၊
ဒကာမဂ္ဂေန ပက္ကိတာ။
ဓမ္မကိစ္စေန အာယန္တု၊
ကလ္လစိတ္တာ အနာမယာတိ။ ။

ဗုဒ္ဓဘတ္တိကထုလဓီတရော
ဆဋ္ဌသံဂီတိ မဟာဓမ္မသဘာ သံဃတတ္တကိစ္စသမိတိ၊
ရန်ကုန် နဂရ၊ မရမ္မရဋ္ဌ။

❁

ဆဋ္ဌသံဂါယနာ မဟာဓမ္မသဘင်နှင့်
သာသနာ ၂၅၀၀-ပြည့်
အောင်ပွဲ အခမ်းအနားတွင်
ဖတ်ကြားအပ်သော

## ထုတိ ဝေဒလ္လ ဇေယျမင်္ဂလာ ဂါထာများ

။သိဒ္ဓရတ္ထု။

၁။ သဒ္ဓမ္မဋ္ဌိတိယာ+မေ့ဟိ၊
အာရဒ္ဓေ ဆဋ္ဌသင်္ဂဟေ။
ပဉ္စပဉ္စသတေ ပဉ္စ—
သန္နိပါတေ အကမ္ပသေ။ ။

သဒ္ဓမ္မဋ္ဌိတိယာ=သာသနာ ငါးထောင် တရားရောင်လွှမ်းဖောက်လျက် ထွန်းတောက်ကြေငြာ ကမ္ဘာတခွင် ထက်ဝန်းကျင် အရှည်ခံ၍ တည်တံ့နိုင်ရန် အလို့ငှာ။ အမေ့ဟိ=သမ္မုတိသံဃရာဇာ သံဂါယနာ အာဒိကမ္မိက အရှင်ကဿပ နွယ်ဖွား ဘုရား တပည့်တော်တို့သည်။ အာရဗ္ဓေ=စိတ်သစ် ဉာဏ်သစ် အကြံသစ်ဖြင့် ၂-နှစ်တိုင်တိုင် ဇွဲခိုင်ခိုင် ဝီရိယဖြင့် အဓိက အားသွန် ကိုယ့်တာဝန် ပြီးစီးအောင် အသီးသီး ကြိုးပမ်းဆောင်ရွက်အပ်သည်လည်း ဖြစ်ပေသော။ ဆဋ္ဌသင်္ဂဟေ=လုပ်ငန်းစဉ် ကမ္ဘာသိလောက်အောင် ပါဠိဝိသောဓနေ တိပိဋကမြန်မာပြန်

အခြေခံတည်ဆောက် ခြောက်ကြိမ်မြောက် ကမ္ဘာ့တွင် မည့် ရာဇဝင်အသစ် လူထုခေတ် သံဂါယနာ ဤမဟာ ဓမ္မသဘင်ကြီး၌။ ပဥ္စ ပဥ္စသတေ=ထေရဝါဒီ အပြည် ပြည်ငါးနတ္ထုမှ နာယကဗိုလ်ပုံ ဂိုဏ်းပေါင်းစုံ ရှိစိတ်မျှကြ သည့် ဝိသိဋ္ဌမင်္ဂလာ ထေရ်သံဃာတို့ များစွာစုံညီ ငါးရာ ငါးရာစီ အရေအတွက် ရှိကုန်သော။ ပဥ္စသန္ဒိပါတေ= ထေရဝါဒမှန်လျှင် ကမ္ဘာ့တွင် မကျန်ရအောင် သံဃ- သာမဂ္ဂီ အပြည်ပြည်သွေးစည်း ငါးကြိမ်သော သန္နိပါတ ဓမ္မသဘင် အစည်းအဝေးကြီးတို့ကို။ အကမှသေ=ဗုဒ္ဓ သာသနာ ကမ္ဘာမှာ စံပြမည်ဟု-ဓမ္မရောင်ခြည် နောင် အရှည် မညှိုးနွမ်းရအောင် ကြိုးပမ်းဆောင်ရွက်ကြရပါ ကုန်ပြီ ဘုရား။

၂။ နိဋ္ဌံ ဂတောသိ နော ဆဋ္ဌ+
သင်္ဂီတိ ဥဿဝေါ တွယံ။
တသ္မာ ကာလော ဟိ သင်္ဂီတိ+
ဇယုဿဝံ ရဘောတဝေ။

နော=သင်္ဂီတိကာရက ဘွဲ့ရအကျော် ဘုရားတပည့် တော်တို့၏။ အယံ=ဆဋ္ဌသင်္ဂီတိ ဥဿဝေါ=ပါဠိဝိသော ဓန တိပိဋကမြန်မာပြန် အခြေခံ တည်ဆောက် ခြောက် ကြိမ်မြောက် ကမ္ဘာ့တွင်မည့် ရာဇဝင်အသစ် လူထုခေတ် သံဂါယနာ ဤမဟာဓမ္မ သဘင်ကြီးသည်ကား။ နိဋ္ဌံ ဂတော အာသိ=ထေရဝါဒီ အပြည်ပြည်ဆိုင်ရာ နိုင်ငံ တကာ စည်းရုံးလျက်ပြီးဆုံးအောင်မြောက် ပန်းတိုင်သို့ ရောက်ခဲ့ပါပေပြီ။ တသ္မာ ဟိ=ထိုဆဋ္ဌသံဂါယနာဇာင် မဟာဓမ္မသဘင်ပွဲကြီး ပြီးစီး အောင်မြောက်ပြီ ဖြစ်သော

ကြောင့်သာလျှင်။ သင်္ဂီတိဇယသံဃံ=နိုင်ငံတော် အစိုးရ နှင့် ဗုဒ္ဓသာသနာ့အဖွဲ့ကြီး၊ အမျိုးသမီး ဝေယျာဝစ္စအဖွဲ့ ကြီးတို့နှင့်တကွ ရှိသမျှ လူထု ပြည်ထောင်စု အသက်သွေး သာသနာရေး ဉာဏ်မကွာသည့် သံဃါယနာ ပန်းတိုင် ပြည်သူပိုင်အစစ် လူထုခေတ် အောင်ပွဲကြီးကို။ အာရ-ဘောတဝေ=တစ်ပြည်လုံးကြေငြာ ကမ္ဘာမှာ စံပြမည်ဟု သံဃာ့မျက်မြင် စတင်အားသစ် အခမ်းအနား ဖွင့်လှစ်ရန် အလို့ငှာ။ ကာလော=‘သိဒ္ဓိ နေ့ သင်္ဂီတိ ကိစ္စ’အောင် သံကြွေးကြော် အောင်စည်ဆော်လျက် ခါတော်ကြိမ် မြောက် ယခုပင် အချိန်ရောက်ခဲ့ပြီ ဘုရား။

၃။ ဝရံ နော သာသနံ ဟန္ဒ=
တေယျသဟာယိမံ သမံ။
ရက္ခေယျာ+မဇ္ဈတဂ္ဂေဝ၊
ပရမ္ပိ အဍ္ဎသာသနံ။ ။

ဟန္ဒ = တိုက်တွန်းချက်စကား လျှောက်ထားပါရစေ ဘုရား။ ဝရံ = ဘုရားရဟန္တာ အရိယာအရှင်ကောင်း မဟာဓိလောင်းတို့ ကိန်းအောင်းမွေ့လျော်ရာ လွန်စွာ လျှောက်ပတ် ထူးကဲမြင့်မြတ်လှပေသော။ နော=တပည့်တော်တို့၏။ သာသနံ = ဓမ္မဝိနယ ပဋိပတ္တိကာယ အနှုန်း ကျယ်သည့် သုံးသွယ်ပိဋကတ် အထွတ်တပ် မြင့်တင် ဘုရားရှင် သာသနာတော်မြတ်ကြီးသည်။ အဍ္ဎတေယျသဟာ-ယိမံ သမံ=ဘုရားဟော ဓမ္မက္ခန် အောင်သံကြွေးကြော် အခါတော် အတည်ပြုကြသည့် ပြည်သူ့သမ္မတ လူထု အစိုးရတို့ လက်ထက် ထက်ဝက်တိုင်ရောက် ယခုပင် ၂၅၀၀-ပြည့်မြောက်ခဲ့ပါပြီ....။ အဇ္ဇတဂ္ဂေဝ=ကြုံတောင့်

ကြုံခဲ့ ကြုံရနဲ့ကြောင့်စိတ်စွဲကာ တစ်သက်မမေ့-ဤနေ့ ဤရက်မှ အစပြု၍သာလျှင်။ အပရံ=ဤမှတဖန် နောက် တစ်ပြန် ဖြစ်ပေသော။ အမုသာသနမှိ=နှစ်ထောင့်ငါးရာ ရှေ့မှာဆက်သက် ငါးထောင်ဝက် အနာဂတ် သာသနာ တော်မြတ်ကြီးကိုသည်း။ မယံဝ=သံဂါယနာ အာဒိကမ္မိက အရှင်မဟာ ကဿပနွယ်ဖွား ဘုရားတပည့်တော်တို့သည် သာလျှင်။ ရက္ခေယျာမ=သီလ သမာဓိ ပညာ အရာရာ မတိမ်းယိမ်းရအောင် ထိန်းသိမ်းနိုင်ရေး အသက်ပေး စောင့်ရှောက်သင့်ကြရာ ပါသည်ဘုရား။

၄။ ဧဝံ ကေနာပိ သက္ကေန၊
ရက္ခိတဗ္ဗံ သိယာ နွိဒံ။
အာယတိံ နော ဝ သက္ကာ+မှ၊
ရက္ခန္တာ ဟိ သသာသနံ။

ဧဝံ=ဤသို့ ဆိုပြီ ညီစွာ ကိုယ့်ဥစ္စာဟု သာသနာ မညှိုး နွမ်းအောင် ကိုယ့်စွမ်းကိုယ်ကိုး လုံ့လနိုးလျက် အားကြိုး ကြံခိုင် ကိုယ်ကိုယ်တိုင် စောင့်ရှောက်ကြသည် ရှိသော်။ ကေနာ ပိ သက္ကေန = မိုးနတ်က္လာန္တာ အာဏာထန်ပြင်း အဘယ်မည်သော သိကြားမင်းသည်သော်လည်း၊ ဣဒံ= ဤဘုရားသာသနာ တစ်မည်သာ သမုတ်ရသည့် ဗုဒ္ဓမြတ် စွာ သာသနာတော်ကြီးကို။ ရက္ခိတဗ္ဗံ သိယာ နု=သော တာပန် လက္ခဏာ ၊ ဂုဏ်အင်္ဂါအရှိန် ပျက်လောက်အောင် ဝရဇိန်လက်နက် အကြမ်းဖက်အားကိုးမည်ဟု မားမိုး ချုပ်ချယ် စောင့်ရှောက်ဖွယ် ရှိနိုင်ပါတော့အံ့နည်း။ ဟိ=စင်စစ်ကေန် အမှန်အားဖြင့်။ နော = (မယံ) ဝ= သံဂါယနာ အာဒိကမ္မိက အရှင်မဟာကဿပနွယ်ဖွား

ဘုရားတပည့်တော်များသည်သာလျှင်။ အာယတိံ = အနာဂတ် သာသနာ နောင်အခါ၌လည်း။ သသာသနံ= ဘုန်းလှိုင်မြတ်စွာ မိမိတို့ သာသနာကို။ ရက္ခန္တာ=အရာရာ ဖေးမ အစစ မတိမ်းယိမ်းရအောင် ထိန်းသိမ်းနိုင်ရေး အသက်ပေး စောင့်ရှောက်နိုင်ကြကုန်သော။ သက္ကာ= အစွမ်းသတ္တိ ထက်ထက် ငြိသောသူတို့သည်။ အမှ=ဖြစ်ကြ ပါကုန်တော့မည် ဘုရား။ ဝါ။ သက္ကာ အမှ = ရဟန်း ကောင်းပီသလျက် သီလ,သမာဓိ, ပညာ သိက္ခာမြဲခိုင် လက်နက်ကိုင် အာဏာပြကြ၍ ဝါသဝန္ဒယ်ဖွား သိကြား တွေ ဖြစ်ကြပါကုန်မည် ဘုရား။

❀

၁၇၊ သီတင်းကျွတ်လဆန်း ၅-ရက်
မင်းကွန်း။ ဓမ္မနာဒတိုက်မှ—

ထံသို့

ဦးဘသန်း

(၁) အယ်ဒီတာ

ဗုဒ္ဓဝင်ဌာနရုံး

နိုင်ငံတော် ဗုဒ္ဓကာသနာ့ဒ္ဓဖွဲ့

ကိစ္စ ။ ။ဗုဒ္ဓဝင်စာမူချော (ကောဏ္ဍညဗုဒ္ဓဝင်နှင့် မင်္ဂလဗုဒ္ဓဝင်,)တို့ကို တည်းဖြတ်ရေး ဆရာ တော်ကြီးများနှင့် အကြံပေး လူကြီးများ ထံသို့ မိတ္တူ ပေးပို့ရန်။

ဦးဘသန်း....

ဤစာနှင့်အတူ ကောဏ္ဍညဗုဒ္ဓဝင်နှင့် မင်္ဂလဗုဒ္ဓဝင် စာမူချောတို့ကို ပေးပို့လိုက်ပါသည်။

၎င်းစာမူကို ဦးဘသန်းလည်း သေချာစေ့စပ်စွာ ကြည့်ရှုပါဦး။ ပြီးလျှင် မိတ္တူ မူပွား ရိုက်ရေးစေ၍ ဆိုင်ရာ ဘည်းဖြတ်ရေး ကော်မတီဆရာတော်များနှင့် အကြံပေး ဒကာတော်များထံ ခါတိုင်းကဲ့သို့ပင် တင်ပြ ပေးပို့ပါရန်။

ယခု စာမူချောကို (မိတ္တူ မူပွား ရိုက်ပြီးသောအခါ) ရုံး၌ သေချာစွာ သိမ်းဆည်းထားပါရန်။

ပြီးခဲ့သော ဒီပင်္ကရ ဗုဒ္ဓဝင်အတွက် အနီးစခန်းဆရာတော်၏ ပြင်ဆင်ချက် ကို လည်း ရပါပြီ။ ထိုပြင်ဆင်ချက် မူရင်းကို ရှိသေစွာ ရုံး၌ သိမ်းထားစေပါရန်။

အလုံးစုံ ပြင်ဆင်ချက်များ ပြည့်စုံသော အခါ သေချာစေ့စပ်စွာ ဆရာတော်များအလိုတော်ကျ ပြင်ဆင်ရန် ဖြစ်ပါသည်။

ဦးဘသန်းနှင့် တကွ ရုံးသားများပါ (န၊ ဗု၊ သ) တစ်ဖွဲ့လုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာကြပါစေသတည်း။

ဦး ဝိစိတ္တသာရာဘိဝံသ

၅-၇-၁၇

❀

ပရိယတ္တိ ဓမ္မာစရိယ ဝင္ခံသကာဘွဲ့
သာသနဓဇ သီရိပဝရ ဓမ္မာစရိယ အစိုးရပဌမကျော်
ဗုဒ္ဓသာသနာ့ဝိသိဋ္ဌ တိပိဋကဓရ မဟာတိပိဋကကောဝိဒ
တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက
ဘွဲ့ရ
အရှင်ဝိစိတ္တသာရာဘိဝံသ

၁၃၁၇-ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၂-ရက်နေ့
မင်းကွန်း ဓမ္မနာဒတိုက် မှ—

အကျိုးဆောင် ဆရာတော်ဘုရားထံ

ကိုစ္စ။ ။ ထေရာပဒါနပါဠိ၌ ဆပညာသမဝင်ကို ထည့်ရိုက်သင့်ကြောင်း အကြံပေးခြင်းပါ ဘုရား။

ဥပတ္ထမ္ဘက အယ်ဒီတာချုပ် ဦးမောင်လေး ၏ 'ဆပညာသမဝဂ်ကို ထည့်၍ ရိုက်သင့်မရိုက်သင့် လျှောက်ထားစာနှင့် ပတ်သက်၍'....

ပဋိဝိသောဓက ဆရာတော်များ လေးလေးနက်နက် စဉ်းစားပြီး ခိုင်ခိုင်မာမာ ဆုံးဖြတ်ချက် ချမှတ်တော်မူကြသည့်အတိုင်း—

ယနေ့ သီဟိုဠ်အဋ္ဌကထာ၌ ထို ဆပညာသမဝဂ် မပါရှိခြင်းကား ယနေ့ သီဟိုဠ်ဆရာတော်တို့၏ အဘိုး ဖြစ်

သော အရှင်ဓမ္မပါလ၏ လက်ကိုင် ပေမူ၌ကား ထို အပဒါန်များ ထင်ရှားစွာ ပါရှိနေကြောင်းမှာ ပဋ္ဌိ-ဝိသောဓက ဆရာတော်များ ကိုးကားထုတ်ပြသည့် ထေရဂါထာ အဋ္ဌကထာကပင် အတိအလင်း ဖော်ပြလျက်ရှိနေပါသောကြောင့် ထိုဆပညာသမင်္ဂဂ်ကို ထည့်၍ ရိုက်သင့်ကြောင်း အကြံပေး လျှောက်ထားပါသည် ဘုရား။

မှန်၏။ 'မိမိလက်၌ ထင်ရှားရှိနေသော ပစ္စည်းဝတ္ထု တစ်ခုခု၏တန်ဖိုးကို ထိုဝတ္ထုမရှိသောအခါမှ ပို၍ သိသာ သကဲ့သို့' ယခု ထင်ရှားရှိနေသော ဆပညာသမင်္ဂ ပါဠိတို့၏ တန်ဖိုးကား ၎င်းတို့ ကွယ်ပသွားသောအခါ မပိုင်းမဖြတ်နိုင်အောင် အဖိုးတန်ပါလိမ့်မည် ဘုရား။ ထိုအချက်ကို တစ်ချိန်က ထင်ရှားရှိခဲ့၍ ယနေ့ ထင်ရှား မရှိ (ဝါ-ရှာ၍မတွေ့ရ)သော မဟာအဋ္ဌကထာကြီး၏ တန်ဖိုး မဖြတ်နိုင်သည်၏ အဖြစ်ကလည်း သက်သေခံပါသည် ဘုရား။

သို့ပါ၍ပဋ္ဌိဝိသောဓက ဆရာတော်တို့ ဆုံးဖြတ်ချက် ချမှတ်တော်မူကြသည့်အတိုင်း အပဒါန်၏ ပြည့်စုံခြင်း အကျိုးငှာ ထို ဆပညာသမင်္ဂဂ်ကို ထည့်၍ ရိုက်သင့် ကြောင်း အကြံပေး လျှောက်ထားပါသည် ဘုရား။ ။

(ပုံ) ဦးဝိစိတ္တသာရာဘိဝံသ
၁၂-၇-၁၇

ဆဋ္ဌသံဂါယနာသဘင် ပြီးအောင်မြင်
နောင်တွင်အားသွန် မြတ်တာဝန်

# ကြားညွှန်လျှောက်ထား သံဃာအား

။သိဒ္ဓမ်။

သဒ္ဓမ္မနာဒံ နဒိံ သု၊
မုနိ သီဟသံ ဩရသာ။
ဆဋ္ဌသံဂီတိပါသာဏ+
ဂုဟာယံ သာဓုနန္ဒိတံ။

သံဂီတိနာယက သံဂီတိကာရက ဖြစ်တော်မူကြပါသော သီလသမာဓိပညာ သုံးသိက္ခာသခင် ဆရာတော်သံဃာတော် အရှင်မြတ်တို့နှင့် တကွ နိုင်ငံတော်အစိုးရအမှူးပြုသော ပြည်ထောင်စုသူ ပြည်ထောင်စုသား ဆဋ္ဌ-သံဂါယနာ ဒါယကာဒါယိကာမများအား ပါဠိတော်နှင့် အဋ္ဌကထာ သံဂါယနာပွဲကြီးအတွက် ဝမ်းမြောက်ခြင်း အကြံပေးခြင်း တိုက်တွန်းညွှန်ကြားခြင်းနှင့် စပ်သော သမ္မောဒနီယ ဥယျောဇဉ်စကား လျှောက်ကြားပြောကြားလိုသည်မှာ....

ဆရာတော် သံဃာတော်အရှင်မြတ်တို့၏ ကြီးကဲသော လုံ့လ ဝီရိယဓာတ် ဒါယကာဒါယိကာမ အပေါင်းတို့၏ ထက်သန်သော သဒ္ဓါ စေတနာဓာတ်တို့ဖြင့် မပြတ်နှစ်စဉ် ဓမ္မ သဘင်ပွဲကြီးယင်ခဲ့သဖြင့် သာသနာ့ဝင် မှတ်တမ်းတင် ရမည့် 'ဆင္ဃသံဂါယနာ မဟာဓမ္မသဘင်တော်ကြီး'ကား ဓမ္မ အဓမ္မ ရသည်ထွေပြား အငြင်းမပွားဘဲ ဘုရားရှင် အလိုတော်ကျ 'သုခါ သံဃဿ သာမဂ္ဂီ' ဒေသနာတော် နှင့်ကိုက်ညီအောင် မသိရန်စွယ် အန္တရာယ်မရှိ ဘေးမငြိဘဲ ပါဠိတော် သံဂါယနာ+အဋ္ဌကထာ သံဂါယနာ=ဤနှစ် ဖြာလုံးပင် ဇေယျာသံထောက် တံခွန်ဆောက်၍ ပြီး မြောက်အောင်မြင်ခဲ့ပါပြီ။ ။

သိဒ္ဓါ ဘော ဆင္ဃသံဂီတိ၊
ပါဠိယာ ဌကထာယ စ။
ဒါယကာနဉ္စ သဒ္ဓါယ၊
ထေရာနံ ဝီရိယေန စ။

ပထမ ဒုတိယ တတိယနှင့် စတုတ္ထ သံဂါယနာ တင် သောအခါ၌ ဒါယကာပက္ခ=လူတို့ဘက်မှ နေရာထိုင် ခင်း ပေးရုံမျှ၊ အနှောင့်အယှက်မရှိအောင် စောင့်ရှောက် ရုံမျှ အကူအညီ ရခဲ့သော်လည်း ဤဆင္ဃသံဂါယနာ၌မူ- ဒါယကာပက္ခ=လူတို့ဘက်မှ အဓိက တာဝန်ယူကာ သွား လာနေထိုင်ရေး + ကျန်းမာရေးနှင့် + စားရေးသောက် ရေး+ပြုစုရေးပါမကျန် အလုံးစုံ စီမံသည့်ပြင် သန္နိပါတ ပွဲကြီး ပြီးတိုင်း ပြီးတိုင်းလည်း သံဂါယနာတင် စာတော် မူတို့ကို ကြည်ဖြူကော်ရော် ပူဇော်လှူဒါန်းကြသဖြင့် ရှေးက သံဂါယနာ ဒါယကာတို့ထက် အဘက်ဘက်က

ဆတက်ထူးချွန်း ဆိုင်ရာတာဝန် ကျေပွန်ကြကြောင်း ကောင်းစွာ မှတ်တမ်းတင်ထိုက်လှပါသည်။

ဒါယကာ ဗဟုကာရာ စ၊
ပုဗ္ဗကေဟိစ သဗ္ဗသော။
သမ္ပဂ္ဂဏှိံ သွန္နှိ ယော၊
သန္နိပါတေ ကတော ကတော။

ဆရာတော် သံဃာတော် အရှင်မြတ်တို့အား ကမ္ပတ်နိဂုံး နောက်ဆုံး တိုက်တွန်း နှိုးဆော် ဥယျောဇနကထာစကား လျှောက်ထားလိုသည်မှာ .... သံဂါယနာသတင်ယင်ပြီးလျှင် 'တို့ကိစ္စ တို့တာဝန် ကျေပြီပ' ဟုမှုရနိကွေပလုံ့လကိုမလျှော့ချဘဲ ဆရာဘက်မှလည်း ဆထက်လွန်ကျူး ရှေးကထက်ထူး၍ တာဝန်ယူရန် အချိန်တန်ပါပြီဟု လျှောက်ထားချင်ပါသည်။ အကြောင်းသော်ကား ပါဠိတော်နှင့် အဋ္ဌကထာ သံဂါယနာတင်ပြီးခြင်းသည် ပရိယတ္တိသာသနာကို ဝန်ပါပါ ထမ်းဆောင်ရန်အတွက် ရှေ့ပိုင်း ပုဗ္ဗကိစ္စမျှသာ ပြီးသေးခြင်း ဖြစ်ပါသည်။ သံဂါယနာ တင်ပြီးသော ထိုပါဠိတော်နှင့် အဋ္ဌကထာတို့ကို တာဝန်ခွဲဝေ၍ အခါမပြတ် ပို့ချသင်ကြားမှု မပြုကြပါလျှင် ရှေးနည်းနှင်နှင် ပေါင်းပင်ထူထပ်သည့် လယ်မြေကောင်းကြီးများပမာ တစ်ဖန်ထပ်၍ ပုဒ်ပါဠိချွတ်ယွင်းကျမ်းအိပ်ခြင်း ဘေးများကို ဆီးတားနိုင်မည် မဟုတ်ပါ၍....

ဤအဋ္ဌကထာ သံဂါယနာ စတုတ္ထသန္နိပါတ ဖွင့်ပွဲစစဉ်က ဖော်ပြခဲ့ပြီးသည့်အတိုင်း ပထမ သံဂါယနာတင်သဘာပွဲကြီး ပြီးဆုံးသောအခါ အရှင်မဟာကဿပ

အရှင် ဥပါလိ၊ အရှင် အာနန္ဒာ၊ အရှင်အနုရုဒ္ဓါတို့နှင့် အရှင် သာရိပုတ္တရာ၏ တပည့်များသည် ဘုရားသာသနာ အဓွန့်ရှည်စွာ တည်တံ့ရေးကို ရှေးရှုတော်မူကြ၍ တာဝန်ကျရာ ပိဋကတ်တော်များကို သင်ကြားပို့ချ ထိန်းစောင့်တော်မူကြသကဲ့သို့ ဤဆဋ္ဌသံဂါယနာတင် ဆရာတော် အရှင်မြတ်တို့သည်လည်း သံဂါယနာ တင်အပ်ပြီးလျှင် တိမ်စင်သော လပမာ ရှင်းသန့်သော ပါဠိတော် အဋ္ဌကထာတို့ကို ညီညာတပြေး စည်းဝေးတိုင်ပင်တော်မူကြပြီးလျှင် ဤမည် ဤမည်သော မထေရ်တို့သည် ဤမည် ဤမည်သော ပါဠိတော် အဋ္ဌကထာတို့ကို အခါနိစ္စ ပို့ချသင်ကြား ထိန်းစောင့်ကြရမည့် သန္နိဋ္ဌာန အပြီးတိုင် ဆုံးဖြတ်ချက်ချ၍ ကျရောက်သောတာဝန်ကို အားသွန်ကြိုးပမ်း ထမ်းဆောင်တော်မူကြပါရန်....

၄။ ပုဗ္ဗကောသု ရေန္တေသု၊
မုခပါဠေန ဒုက္ကရံ။
ကိံ မယံ န သက္ခိဿာမ၊
ဝါစေတုံ ဇိနဘာသိတံ။

၅။ ဧဝံ ဗလံ ပဒတွာန၊
ထေရာ သံဂီတိကာရကာ။
ပစ္စေကံ ဘာဇယိတွာန၊
ဓမ္မံ ဝါစေန္တု သဗ္ဗဒါ။

ပဋ္ဌာနာဆုမျှော် ထင်လင်းစွာထုတ်ဖော်၍ ဆရာတော်၏ သဒ္ဓမ္မာဒနိယ ဥယျောဇန ဩဝါဒကထာ အစဉ်ကို ဤတွင်နိဂုံး ကမ္ပတ်ဖုံးပါသတည်း။

၁။ သဒ္ဓမ္မနာဒံ နဒိံသု၊
မုနိ သီဟာဿ ဩရသာ။
ဆဗ္ဗသံဂီတိပါသာဏ+
ဂုဟာယံ သာဓုနန္ဒိတံ။

မုနိသီဟဿ=ဘုရားမြတ်စွာ ကေသရာဇ်ဟု တေဇာ ထိန်လင်း ခြင်္သေ့မင်း၏။ ဩရသာ=တရားရင်နှစ် ဖွားမြင်လစ်၍ သားချစ်ဩရသာ ကေသရာဇာတ် မထေရ်မြတ်တို့သည်။ ဆဗ္ဗသံဂီတိ ဂုဟာယံ = ဆဋ္ဌသံဂါယနာ မဟာပါသာဏ ထွန်းပထိန်လင်း လိုဏ်ဂူတော်ကြီး အတွင်း၌။ သာဓုနန္ဒိတံ=သဝနာနုတ္တရိယ ကြားသမျှ သူတော်စင်တို့သည် စိတ်တွင်စွဲငြိ ဂွမ်းဆီထိသို့ ပီတိရွှန်းစိုနှစ်လိုအားရမ်းအပ်သော။ သဒ္ဓမ္မနာဒံ = အဋ္ဌကထာနှင့်တကွသော ဘုရား့မုခပါဠ် အမြတ်သာမုက္ကံ တရားတည်း ဟူသော ဟိန်းဟောက်သံကို။ နဒိံသု = မိစ္ဆာဉာဏ်စက်ရန်တဘက်ကို မာန်မြွက်ပိုင်ဆိုင် မဆန်နိုင်အောင် သံအိုင်ကဲ့သို့မာက် ရဲရဲတောက်လျှင် ဟိန်းဟောက် ရင့်ကျူး တော်မူကြလေကုန်ပြီ။

၂။ သိဒ္ဓါ ဘော ဆဗ္ဗသံဂီတိ၊
ပါဠိယာ ဋ္ဌကထာယ စ။
ဒါယကာနဉ္စ သဒ္ဓါယ၊
ထေရာနံ ဝီရိယေန စ။ ။

ဘော=မဟာကဿပ သံဃိန္ဒ၏ ဝံသတံခွန် ဉာဏ်ရည်ချွန်ကြသော ထေရ်မွန်မြတ်လောင်း အို...အရှင်ကောင်း

တို့။ ပါဠိယာ စ = ဓမ္မက္ခန္ဓာ ဒေသနာပေါင်း လေးသောင်းဆောင်းသည့် ရှစ်သောင်းတွင်ခေါ် ပါဠိတော်၏ လည်းကောင်း။ အဋ္ဌကထာယ စ=ပကိဏ္ဏကဒေသနာ အဋ္ဌကထာ ကျမ်းမြတ်၏ လည်းကောင်း။ ဆဋ္ဌသံဂီတိ= ခြောက်ကြိမ်မြောက် ဆင်ယင် သံဂါယနာသဘင်ကြီးသည်။ ဒါယကာနံ=ပြည်ထောင်စုသူ ပြည်ထောင်စုသား ဆဋ္ဌသံဂါယနာ ဒါယကာ ဒါယိကာမများ၏။ သဒ္ဓါယ စ=သဒ္ဓါထိန်လျှပ် အရှိန်ဓာတ်ကြောင့် လည်းကောင်း။ ထေရာနံ=သံဂီတိကာရကမည် သာသနာပြုမထေရ်တို့၏။ ဝီရိယေန စ=ဝီရိယတော်မြတ် အရှိန်ဓာတ်ကြောင့်လည်းကောင်း။ သိဒ္ဓါ=အန္တရာယ်ဆိုး ရန်စွယ်မျိုးတို့ တစိုးတစိ ဘိက်မရှိဘဲ သိဒ္ဓိဝှန်တောက် တံခွန်ဆောက်၍ ပြီးမြောက်အောင်မြင်ခဲ့လေပြီ။

၃။ ဒါယကာ ဗဟုကာရာ စ၊
ပုဗ္ဗကေဟိစ သဗ္ဗသော။
သမ္ပဂ္ဂဏှိ သွန္နနိ ယေ၊
သန္နိပါတေ ကတေ ကတေ။ ။

ယေ=အကြင် နိုင်ငံတော်အစိုးရ အမှူးပြုသည့် ပြည်ထောင်စု တိုင်းရင်းသား ဒါယကာ ဒါယိကာမများတို့သည်။ သန္နိပါတေ ကတေ ကတေ=ပါဠိတော် သံဂါယနာအဘွက် သန္နိပါတ ငါးဆိုင်း+အဋ္ဌကထာ သံဂါယနာအတွက် သန္နိပါတလေးဆိုင်း ကျင်းပတိုင်း ကျင်းပတိုင်း၌။ အန္နနိ = နေထိုင်သွားလာ+စားအာစာနှင့်+ကိုယ်ခန္ဓာ ကျန်းမာရေး လိုလေသေး မရှိရအောင်။ သမ္ပဂ္ဂဏှိသု=တစ်သက်လျှင် တစ်ခါ ကြုံခဲ့ဖွာဟု သမ္ပါန်ခံထောက်

လျှမ်းလျှမ်းတောက်အောင် ချီးမြှောက် ပြုစုကြကုန်ပြီ။ ဣ္လမေ=ဤဆင်္ဃသံဃာယနာ၌ မမွှသဘင်၌။ တေ ဒါယကာစ = ထိုစတုပစ္စယ သာသနာ့ ဒါယကာတို့သည်လည်း။ ပုဗ္ဗကေဟိ=ရှေးခေတ် သံဂါယနာ ဒါယကာတို့ထက်။ သဗ္ဗသော ဗဟုကာရာ=အစစ တာဝန်ယူ မညည်းမညူ ဆောင်ရွက် အဘက်ဘက်မှ ဆတက်လွန်ကျူး ကျေးဇူးများလှ ကုန်စွ တကား။ ။

၄။ ပုဗ္ဗကေသု ဓရန္တေသု၊
မုခပါဠေန ဒုက္ကရံ။
ကိံ မယံ န သက္ခိဿာမ၊
ဝါစေတုံ ဇိနဘာသိတံ။ ။

ပုဗ္ဗကေသု=ရှေးသာသနာဝင် ထေရ်အရှင်တို့သည်။ ဒုက္ကရံ=ပြာဟ္မဏာတိဿ စသည်ရန်လှေး ဆယ့်နှစ်နှစ်ကြာ အစာရှားသည့်ဘေးတို့နှင့် ပြေးမလွတ်သာ တွေ့ကြုံခါလည်း ဝမ်းပေါ်မှာ သဲကိုခင်း ကျမ်းစာကိုသာ နှလုံးသွင်းကြကုန်လျက် ခဲယဉ်း ငြိုငြင်လှစွာ။ မုခပါဠေန=နှုတ်၌တွတ်တွတ် ရွတ်ဆိုတော်မူခြင်းဖြင့်။ ဇိနဘာသိတံ=ဘုရားဟောဖော် အဋ္ဌကထာနှင့် တကွသော ပိဋကပါဠိတော်ကို။ ဓရန္တေသု=ကိုယ်နှင့်အသက် မငဲ့ကွက်ဘဲ မပျက်မပျောက် ယနေ့ရောက်အောင် စောင့်ဆောင်တော်မူကြပါကုန်လျက်။ မယံ=တိမ့်စင်သော လ ပုံတမျှလျှင် ဘုရား့သာသနာ တွေ့ကြုံရသော ငါတို့သည်။ ဇိနဘာသိတံ=ဘုရားဟောဖော် အဋ္ဌကထာနှင့်တကွသော ပိဋကပါဠိတော်ကို။ ဝါစေတုံ=နေ့တွင် နေ့လျောက် ညဉ့်ရောက်ညဉ့်တာ မလင့်ပါအောင် အခါအနိစ္စ ပို့ချဟောကြား

ခြင်းငှာ။ ကိ ုန သက္ခိဿာမ=အဘယ်ကြောင့် မစွမ်းနိုင် ကုန်အံ့နည်း။ သက္ခိဿာမ ဧဝ=သဒ္ဓါသတိန် သမာဓိန် နှင့် ပညိန်ဝီရိယ ဗလငါးခန်း စုံပြည့်လျှမ်း၍ စွမ်းနိုင်ရိုး ကောန် မှန်လှကုန်သည်သာတည်း။

၅။ ဧဝံ ဗလံ ပဒတ္တာန၊
ထေရာ သံဂီတိကာရကာ။
ပစ္စေကံ ဘာဇယိတွာန၊
ဓမ္မံ ဝါစေန္တု သဗ္ဗဒါ။ ။

ဧဝံ=ဤသို့။ သံဂီတိကာရကာ ထေရာ = သံဂီတိကာရက မဟာကဿပနွယ်ဝင် ထေရ်အရှင်တို့သည်။ဗလံ ပဒတ္တာန=သာသနာ ထွန်းကားရေး ကိုယ့်ကိုယ်ကို အား ပေးကြ၍။ ပစ္စေကံ ဘာဇယိတွာန = ဤ မထေရ်ကား ဤကျမ်းဟု ပွဲခြမ်းစိတ်ဖြာ ဝန်တာအသီးသီး ချထား ကြပြီးလျှင်။ ဓမ္မံ=ဘုရားဟောဖော် အဋ္ဌကထာနှင့်တကွ သော ပိဋကပါဠိတော်ကို။ သဗ္ဗဒါ = နေ့ညဉ့် ဆက်ကာ ခပ်သိမ်းသော ကာလ၌။ ဝါစေန္တု=ပုဒ်ပါဌ် ချွတ်ယွင်း+ ကျမ်းအိပ်ခြင်းက စသည် ရန်ဘေး မရောက်သေးမီ မြော် တွေး သမ္ပဇဉ် ဓမ္မဥရ မြဲနိစ္စလျှင် ပို့ချဟောကြားတော်မူ နိုင်ကြပါစေ ကုန်သတည်း။ ။

ဆဋ္ဌသံဂီတိ သံဃမဟာနာယက မဟာထေရ်၏
သြဝါဒ ဓမ္မကထာ

ဓရ/ ၅-၁၁-၂၀။

## မင်းကွန်းတိပိဋကဓရ ဆရာတော်ဦးဝိစိတ္တသာရာဘိဝံသ၏

## တိပိဋကဓရ လစဉ် ဆွမ်းဆန်တော်ကို

## နိကာယ် သာသနာတော်အား ပူဇော် လှူဒါန်းသော

# အကြောင်းအရာ စာတမ်း

**။ သိဒ္ဓိရတ္ထု ။**

**အဂ္ဂမဟာပဏ္ဍိတ အရိယမဂ္ဂင်ချောင် ဆရာတော်ဘုရားကြီး၊ ဓမ္မစကြာ သုံးဆယ်ပေး ဆရာတော်ဘုရားကြီးများ အမှူးပြုသော ပင့်သံဃာတော် အရှင်မြတ်များနှင့် ဓမ္မနာဒတိုက်သား သံဃာတော် အရှင်မြတ်တို့ဘုရား။**

တပည့်တော်သည် ၁၃၁၅-ခုနှစ်၊ တပို့တွဲလဆန်း ၁၀ ရက်နေ့မှ အစပြု၍ နိုင်ငံတော် အစိုးရက တိပိဋကဓရ ဘွဲ့တံဆိပ်နှင့်တကွ လစဉ် ဆွမ်းဆန်တော် အလှူငွေ ၃၁၁ ကျပ်(သုံးရာတစ်ဆယ့်တစ်ကျပ်)၊ ထို့ပြင် (တပည့်နှစ်ဦး ပါ) ကုန်း၊ ရေ၊ လေ အခမဲ့ သွားလာခွင့် ရာသက်ပန် လက်မှတ် လှူဒါန်းသည်ကို ခံယူရရှိခဲ့ပါသည် ဘုရား။

ယနေ့ ၁၃၃၉-ခုနှစ်၊ တပို့တွဲလဆန်း ၁၀-ရက်နေ့ဆိုလျှင် တပည့်တော်အဖို့ရာ တိပိဋကဓရဘွဲ့နှင့် အလှူတော် ဆွမ်းဆန်ရခဲ့သည်မှာ ၂၄-နှစ်တင်းတင်းပြည့်၍ ၂၅-နှစ်

မြောက် ရောက်ခဲ့ပါပြီဘုရား။ တပည့်တော်၏အဖို့ ဤမျှ ပရိစ္ဆေဒ ၂၄ နှစ်ကြာ နိုင်ငံတော်အစိုးရက လစဉ် လစဉ် ဆွမ်းဆန်တော် ၃၁၁ (သုံးရာ တစ်ဆယ့် တစ်)ကျပ် ကျ လှူဒါန်းသည်ကို ခံယူရရှိခဲ့ပြီး သုံးဆောင်ခဲ့ရပြီးဖြစ်ပါ၍ မိမိ၏ အပန်းအန္တမ်းများ ပြေငြိမ်းသွားပြီဟု ဝမ်းမြောက် ရပြီး ဖြစ်ပါ၍ ယခု ၂၅-နှစ်မြောက်မှစ၍ ကြွင်းသော ပရိစ္ဆေဒ အသက်ရှိသမျှ ကာလရှည်ကြာ နိုင်ငံတော် အစိုးရက ဆက်လက်၍ လှူဒါန်းမည့် ဆွမ်း ဆန် တော် အလှူဒါနကို သာသနာတော်အား ထိရောက်စွာ လှူဒါန်း လိုသော ဆန္ဒ ပြင်းပြစွာ ရှိနေပါသည် ဘုရား။

သို့ပါ၍ တပည့်တော်သည် ယခု ၁၃၃၉-ခုနှစ်၊ တပို့ တွဲလ (၁၉၇၈-ခု၊ ဖေဖော်ဝါရီလ)မှစ၍ မိမိရပိုင်ခွင့်ရှိ သော တံပိဋကဓရ လစဉ် ဆွမ်းဆန်တော် ၃၁၁(သုံးရာ တစ်ဆယ့်တစ်)ကျပ်ကို မင်းကွန်းတောင်ရိုး မိုးမိတ်စေတီ တော်များ စောင့်ရှောက်ရေး ဂေါပကအဖွဲ့သို့ ကပ္ပိယ ကာရကအဖြစ် အပ်နှင်း၍ ထိုအဖွဲ့က နိကာယ် စာမေးပွဲ၊ တိပိဋကဓရ စာမေးပွဲတို့ကို ဝင်ရောက် ဖြေဆို တော်မူကြလျက် ဘောဇနသပ္ပါယ မမျှတခြင်း၊ စာကျက်၍ အထူးရနိုင်စေမည့် ဝိဝေက အရပ်က မရရှိခြင်း တို့ဒုတ္တက စာပေခရီး ဖင့်နှေး နေကြရသော သံတင်း သုံး ဖော် ညီတော် သာသနာ့ အာဇာနည် အလျာ ရဟန်း တော် အရှင်မြတ်များအား ထို မိုးမိတ်ဂေါပကအဖွဲ့က တာဝန် ယူ၍ မင်းကွန်းတောင်ရိုး မိုးမိတ်စေတီတော်များ ကုန်း မြေ၌ နေရာထိုင်ခင်း (နေထိုင်ခွင့်) ပေးလှူရန်နှင့် ထို အရှင်မြတ်များအား တပည့်တော် လှူအပ်သော လစဉ် ဆွမ်းဆန်တော် ၃၁၁(သုံးရာတစ်ဆယ့်တစ်)ကျပ်ကို မူလ

'မ'တည်၍ လိုအပ်သေးပါက ပေါ်ပကအဖွဲ့က ဒကာ ပေါ်အောင် ဆောင်ရွက်ပြီးလျှင် နေ့စဉ် နေ့စဉ် (စာကျက် စာကြည့်နေသမျှ ကာလပတ်လုံး)သပွါယဘောဇဉ် ဆွမ်း အဖျော်ယမကာ ဆေးပစ္စည်းများ လှူဒါန်းနိုင်ရန် အတွက် နိကာယ်ငါးရပ် ပိဋကတ် သာသနာတော်အား လှူဒါန်းပါသည် ဘုရား။

'နိကာယ်ငါးဖြာ သာသနာ ရောင်ဝါနေသို့ ထွန်းပါစေ'

(ပုံ)ဦးဝိစိတ္တသာရာဘိဝံသ
ခန္ဓနုသဒတိုက်၊ မင်းကွန်း။

မိတ္တာ။မှန် | ၁၀-၁၁-၃၉(၁၈-၂-၇၈)။

၁၃၄၀-ပြည့်၊ တပို့တွဲလဆန်း ၁၀-ရက်
မင်းကွန်းတိပိဋကဓရဆရာတော် ဦးဝိစိတ္တသာရာဘိဝံသ၏
တိပိဋကဓရဘွဲ့ရသည့် ၂၅-နှစ်
တင်းတင်းပြည့်သောနေ့
မန္တလေးမြို့ သာသနာ့မိခင် မလွန်ဆန်လှူအသင်းကြီးက
ဦးစီးရှေ့ဆောင် တာဝန်ယူ၍
အထက်+အောက် မြို့ရွာ ဆန်လှူသင်းထောက်အဖွဲ့များမှ
မန္တလေးမြို့ရှိ ဗုဒ္ဓဘာသာအသင်းအဖွဲ့များ
ဒကာ+ဒကာမများ
စုပေါင်းကျင်းပ ပူဇော်အပ်ကြသော ဆရာတော်၏
တိပိဋကဓရ ဘွဲ့ရနှင့် ဆန်လှူအသင်းကြီး၏
ရေစက်ချ ဓမ္မကထိကအဖြစ် ၂၅-နှစ်ပြည့် ငွေရတုပူဇော
မဟာဓမ္မသဘင်၌
မင်းကွန်း တိပိဋကဓရဆရာတော်
ဟောကြားမိန့်ဆိုအပ်သော
ဩဝါဒ ဓမ္မကထာ နှင့်
ရေစက်ချ စာတမ်း

မန္တလေးမြို့ ငွေရတုပူဇော
ဩဝါဒ ဓမ္မဒေသနာနှင့် ရေစက်ချစာတမ်း၊

နမော ဝတ္ထုတ္တယဿ။

ဧဝံ အစိန္တိယာ ဗုဒ္ဓါ၊
ဗုဒ္ဓဂုဏာ အစိန္တိယာ။
အစိန္တိယေ ပသန္နာနံ၊
ပါကော ဟောတိ အစိန္တိယော။

ထာ ဇု မာ လာ ထိ=နိ ❀ ၄၅၉

ဧဝံ အစိန္တိယာ ဓမ္မာ၊
ဓမ္မဂုဏာ အစိန္တိယာ။
အစိန္တိယေ ပသန္နာနံ၊
ပါကော ဟောတိ အစိန္တိယော။

ဧဝံ အစိန္တိယာ သံဃာ၊
သံဃဂုဏာ အစိန္တိယာ။
အစိန္တိယေ ပသန္နာနံ၊
ပါကော ဟောတိ အစိန္တိယော။

(ဗုဒ္ဓါပဒါန ပါဠိတော်)

ယခု တိပိဋကရေ ငွေရတုသဘင်နှင့် မလွန်ဆန်လှူအသင်း၏ ရေစက်ချ ဓမ္မကထိက ငွေရတုသဘင်၊ ဤငွေရတုသဘင်နှစ်ရပ် ဆင်ယင်ကျင်းပ ပြုလုပ်နေတဲ့ပွဲကြီးကျင်းပနေတဲ့အချိန်မှာ မိမိဉာဏ်ထဲ၌ ပေါ်လာတဲ့ စကားတစ်ခု ပြောပါရစေ၊ ရွှေနားတောင်းရောင်ကြောင့် သင့်ပါး ပြောင်တယ်၊ အဲဒီလို ဥပမာ ပေါ်လာပြီးတော့ယခင် ဗုဒ္ဓါပဒါန ပါဠိတော်လာ ဂါထာတွေ ရွတ်ဆိုဖို့ရန် ဉာဏ်ထဲမှာ ဝင်လာပါတယ်။

သဘိ+သမ္ဘဇဥ် အဆင်ခြင်နည်းပါးတဲ့ ပုဂ္ဂိုလ်အနေနဲ့ဆိုသို့ရှိလျှင် အာဂငါပါလားလို့ အဲဒီလို မာန ရောက်သွားနိုင်ပါတယ်၊ ဘုန်းကြီးအနေနဲ့ စဉ်းစားတယ်-ဤယခု ပူဇော်ပွဲဟာ ဒကာ+ဒကာမတွေအနေနဲ့....

၁။ ဗုဒ္ဓရတနာအား ပူဇော်ပွဲ
၂။ ဓမ္မရတနာအား ပူဇော်ပွဲ
၃။ သံဃာ့ရတနာအား ပူဇော်ပွဲလို့ အဲဒီလိုပဲ ဉာဏ်ထဲမှာ မြင်နေပါတယ်။

တစ်နည်းအားဖြင့် ကိုယ်တွေ့ ဥပမာတစ်ခု ပြောပါရစေ....

တစ်ချိန်က ဘုန်းကြီးများရဲ့ မြင်းခြံမြို့နေ သရဝဏ်ဆီစက်များ ပိုင်ရှင် ဖြစ်တဲ့ ကျောင်းဒကာ ဦးသိန်း+ကျောင်းအမ ဒေါ်မမကြီး တို့က ကျောင်း ဒကာရဲ့ ဇာတိရပ်ရွာ (ဝဲလောင်မြို့နယ် ကျောက်ကာရွာ) မှာ မြေစိုက်စေတီတော်ကြီး အသစ်တဖန် မွမ်းမံပြုပြင်ရွှေထီး အတွက် တင်လှူပူဇော်ပွဲ ကျင်းပကြတဲ့ အခါကျောင်း ဒကာ ဦးသိန်းက ဘုန်းကြီးကို လျှောက်တယ်၊ 'ဆရာတော်(တဲ့)၊ တပည့်တော် အခုပူဇော်ပွဲမှာ အရှင်ဘုရားနဲ့ ပခုက္ကူကအဘိဓဇဆရာတော်ကို ဆီတစ်ပေပေါ်စီ လှူတယ် (တဲ့)၊ ကျန်တဲ့ သူရဲ့ ရဟန်းခံထားသော ဦးသုမန အစ ရှိတဲ့ ကိုယ်တော်ငယ်များကျတော့ တစ်ပါးကိုငါးဆယ်စီ လှူတယ်'စတဲ့ သူ့ရဲ့အလှူကို ဝမ်းမြောက်ဝမ်းသာ ပြော ပါတယ်။ အဲဒီလိုပြောတဲ့အခါမှာ ဘုန်းကြီးက ပြန်ပြော တယ်။ 'ဒကာသိန်း၊ စကားတစ်ခု ပြင်ဦး(လို့)'

'ဘာပြင်ရမလဲ ဘုရား(တဲ့)၊'

သောတုဇန သံဃာနှင့်တကွ ဆရာတော်အား လည်း ကောင်း၊ သောတုဇန ဘံဃာတော်နှင့်တကွ အဘိဓဇ မဟာရဋ္ဌဂုရု ပခုက္ကူဆရာတော်ဘုရားကြီးအား လည်း ကောင်း၊တပည့်တော် ဆီတစ်ပေပေါ်စီ လှူပါတယ်လို့၊ အဲဒီလိုပြင်ပါ ဒကာသိန်း'၊

ဒီလို ဘုန်းကြီးပြောတဲ့အခါ သူက အံ့အားသင့်ပြီး တော့ ကြည့်နေတယ်၊ ဒီအခါ ဘုန်းကြီးက....

ဒကာသိန်း၊ အံ့အားသင့်မနေနဲ့၊ အကယ်၍ ပခုက္ကူ ဆရာတော်ကြီး နဲ့ ဘုန်းကြီး တို့ သည်

ကေစာရီ အရည၀ါသီ တစ်ပါးနေပုဂ္ဂိုလ်များ ဖြစ်ကြ လျှင် ဒကာသိန်းတို့ ဆီတစ်ပုံး လှူလျှင်ပင် လွန်လှပြီ၊ ဆီ တစ်ပုံးထက် ပိုပြီးတော့လဲ လှူဖို့မဟုတ်ဘူး၊ အခု တစ်ပေ ပါစီ လှူတာက ပခုက္ကူဆရာတော်ကြီးရဲ့နောက်မှာ ရာနှင့် ချီပြီးတော့ စာသင်သားတွေ ရှိတယ်၊ ဘုန်းကြီး၏ နောက်မှာ စာသင်သား တစ်ရာအတွင်းမှာ ရှိတယ်၊ အဲဒီ စာသင်သားတွေကို အကြောင်းပြုပြီးတော့ ဒီဆရာတော် နှစ်ပါးကိုတော့ ငါတို့သည် နဝကမ္မအစား ဆီ တစ်ပေ ပါစီ လှူမှုပဲလို့ အဲဒီလို စေတနာပေါက်ခြင်း ဖြစ်ပါတယ်၊ ဒါကြောင့် ဒကာသိန်းရဲ့စကားကို ပြင်လိုက်ပါ၊ သောတု ဇန တပည့်သံဃာများ နှင့် တကွ အဘိဓဇ မဟာရဋ္ဌဂုရု ပခုက္ကူဆရာတော်ကြီးနှင့် အရှင်ဘုရားတို့အား တပည့် တော် ဆီ တစ်ပေပါစီ လှူပါတယ်၊ ဒီလို ပြောင်းပါ၊ သံဃာ့ဂုဏ်ကို အာရုံပြုပါလို့ စေတနာကို ပြင်ပေးရပါ တယ်။

ထို့ အတူပဲ ဤတိပိဋကရေ ငွေရတုပူဇော်ပွဲလို့ ခေါ်ဆို ပညတ် သမုတ်အပ်တဲ့ ဤသာသနာနုဂ္ဂဟ ကောင်းမှု ကုသိုလ်သဘင်ပွဲဟာ

(၁) မြတ်စွာဘုရား
(၂) တရားတော်
(၃) သံဃာတော် တည်းဟူသော

ဒီ ရတနာသုံးပါးရဲ့ ကျေးဇူးဂုဏ်ကြောင့် ဂုဏ်လဲ မြောက်တယ်၊ ယခုလောကလဲ တင့်တယ်ဘယ်။ အကယ်၍ 'ပုဂ္ဂိုလ်အနေနဲ့ဆိုလျှင် ပုဂ္ဂိုလ်သည် ခန္ဓာငါးပါး အစု အဝေးမျှ ဖြစ်ပါတယ်'။ ဘုရား၊ တရား၊ သံဃာ တည်းဟူ

သော ရတနာသုံးပါး ရွှေနားတောင်း၊ 'စိန်နားတောင်း ရောင်ကြောင့် ထိုတရားရတနာကိုဆောင်'တဲ့ ပုဂ္ဂိုလ်ဟာ ပြောင်ခြင်းဖြစ်ပါတယ်။ ဒါကြောင့် မိမိတို့ရဲ့ ဤယခု ပူဇော်ပွဲသည်

(၁) ဗုဒ္ဓပူဇာ
(၂) ဓမ္မပူဇာ
(၃) သံဃပူဇာ အဖြစ် ရောက်အောင် စိတ်ထဲမှာ အာရုံပြုနိုင်ဖို့ ဘုန်းကြီးပြောလိုပါတယ်။

ဧဝံ အစိန္တိယာ ဗုဒ္ဓါ၊
ဗုဒ္ဓဂုဏာ အစိန္တိယာ။ ပ။
ဧဝံ အစိန္တိယာ ဓမ္မာ၊
ဓမ္မဂုဏာ အစိန္တိယာ။ ပ။
ဧဝံ အစိန္တိယာ သံဃာ၊
သံဃဂုဏာ အစိန္တိယာ။
အစိန္တိယေ ပသန္နာနံ၊
ပါကော ဟောတိ အစိန္တိယော။

ဗုဒ္ဓါ=သဗ္ဗညုဘုရားရှင်တို့သည်။ ဧဝံ အစိန္တိယာ=ဤသို့ မကြံစည်နိုင်သော သဘောရှိကုန်၏။ ဗုဒ္ဓဂုဏာ=ဘုရားရှင်၏ ဂုဏ်ကျေးဇူးတော်တို့သည်။ အစိန္တိယာ = ဤသို့ မကြံစည်နိုင်သော သဘောရှိကုန်၏။

ဓမ္မာ=တရားတော်တို့သည်။ ဧဝံ အစိန္တိယာ=ဤသို့ မကြံစည်နိုင်သော သဘောရှိကုန်၏။ ဓမ္မဂုဏာ=တရားတော်၏ ဂုဏ်ကျေးဇူးတော်တို့သည်။ အစိန္တိယာ=မကြံစည်နိုင်သော သဘောရှိကုန်၏။

သံဃာ = သံဃာတော် အရှင်မြတ် တို့သည်။ ဧဝံ အစိန္တိယာ = ဤသို့ မကြံစည်နိုင်သော သဘောရှိကုန်၏။ သံဃဂုဏာ = သံဃာတော်၏ ဂုဏ်ကျေးဇူး တော်တို့သည်။ အစိန္တိယာ=မကြံစည်နိုင်သော သဘောရှိကုန်၏။ အစိန္တိယေ = မကြံအပ် မကြံစည်နိုင် ကြံ့ခိုင်လှစွာသော ဘုရား+တရား+သံဃာ ရတနာသုံးပါးတို့ကို။ ပသန္နာနံ= သဒ္ဓါရွှန်းစို ကြည်ညိုကုန်သော သူတော်ကောင်း တို့ အား။ အစိန္တိယော = မကြံအပ် မကြံစည် နိုင်သော။ ပါကော = လူ့ ရပ်နတ်ဌာန် နိဗ္ဗာန်တိုင်ထိ သမ္ပတ္တိဖွံ့ဖြိုး များမြတ်သော အကျိုးသည်။ ဟောတိ=ဖြစ်နိုင်၏-လို့။

မြတ်စွာဘုရား ဟောကြားတော်မူတဲ့အတိုင်း ငါတို့ သည် ယနေ့ မြတ်စွာဘုရား ပရိနိဗ္ဗာန် ဝင်စံတော် မူခါနီးမှာ–

ယော ခေါ အာနန္ဒ မယာ ဓမ္မော စ ဝိနယော စ ဒေသိတော ပညတ္တော၊ သော ဝေါ မမစ္စယေန သတ္ထာ လို့။

ကိုယ်တော့်အရာမှာ ထားခဲ့တဲ့ ဓမ္မက္ခန္ဓာ ဓမ္မစေတီ တည်းဟူသော ဘုရားရတနာကိုလည်းပဲ သဒ္ဓါကော်ရော် ပူဇော်အပ်ကြလေပြီ။ ထိုဓမ္မက္ခန္ဓာ တရားရတနာတည်း ဟူသော ဓမ္မရတနာတို့ကိုလည်းပဲ ငါတို့ ယနေ့ သဒ္ဓါ ကော်ရော် ပူဇော်အပ်ကြလေပြီ။အဂ္ဂမဟာပဏ္ဍိတ သံဃာ့ ဥက္ကဋ္ဌ ဖြစ်တော်မူသော မဟာဝိသုဒ္ဓါရုံ ရွှေကျင်သာသနာ ပိုင် သက်တော်ရှည်ဆရာတော်ဘုရားကြီး အမှူးပြုသော သံဃာရတနာကိုလည်းပဲ ငါတို့ ယနေ့ လေးမြတ်ကော် ရော် ပူဇော်သမှု ပြုအပ်ကြလေပြီ။ ဤဗုဒ္ဓ+ဓမ္မ+သံဃာ ပူဇာ မင်္ဂလာကောင်းမှု အစုစုကြောင့် မကြံအပ် မကြံ

စည်နိုင်သော လူ့ရပ်နတ်ဌာန် နိဗ္ဗာန်တိုင်ထိ သာမွတ္တိဖွံ့ဖြိုး များမြတ်သောအကျိုးကို ကေန်မုချ ငါတို့ရမှာ သေချာ တယ်လို့ အဲဒီလို မမိုတ်မသုန် ယုံကြည်သော သဒ္ဓါတရား ကို ရှေ့သွားပြု၍ မိမိတို့ ယနေ့ ပြုအပ်တဲ့ ဗုဒ္ဓပူဇာ ဓမ္မ ပူဇာ သံဃာ့ပူဇာ ကောင်းမှုကုသိုလ်များကို ဥက္ကဋ္ဌကြီး ရေစက်ချပြီးတဲ့နောက် တဖန်ထပ်၍ မိမိတို့ ကိုယ်တိုင် နှုတ်မြွက်လျက် ရေစက်ချရအောင် သူတော်ကောင်းတို့ အားလုံး လိုက်ပြီးတော့ ဆိုကြပါ။

ဘန္တေ=လေဘ၊ ဒေါသ၊ မောဟ ငြိမ်းကြောင်း ကောင်းမွန်သော အကျင့်ပဋိပတ်ကို ကျင့်ကြံပွားများ ဟောကြားကြပါသော ဆရာတော် သံဃာတော် အရှင် မြတ်တို့ဘုရား၊ တပည့်တော်များသည် တရားရတနာ အား သဒ္ဓါကော်ရော် ပူဇော်ခြင်းကို အဦးမူကြ၍ ဗုဒ္ဓ ရတနာ၊ သံဃာ့ရတနာ - ရတနာသုံးပါး ပူဇော်ထိုက် သော ဝတ္ထုများကို လေးစားကော်ရော် ပူဇော်လိုသော ကုသိုလ်ဆန္ဒ ထက်သန်စွာ ဖြစ်ရှိကြ၍ တိပိဋကမဟာထေရ် မြတ်၏ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိကဘွဲ့ထူးကို ရရှိသော ၂၅-နှစ် တင်းတင်း ပြည့်မြောက် အချိန် ကောင်းသို့ ရောက်သည်ကို အစွဲပြု၍ တိပိဋကဓရ ငွေရတုဓမ္မပူဇာ မင်္ဂလာသဘင် ဆင်ယင်ကျင်းပပြုလိုကြသဖြင့် မြို့တော် လေးပြင် သူတော်စင် ဥပါသကာ+ဥပါသိကာအပေါင်း တို့သည် သောင်းသောင်းဖြဖြ ညီညွတ်ကြလျက် တိပိဋက ဓရ ငွေရတုပူဇာ သူတော်ကောင်းအပေါင်းတို့၏ အဖွဲ့ အစည်း ကော်မတီအဖွဲ့ကြီးကို ဖွဲ့စည်းကြ၍ အထက် အောက် မြန်မာပြည်အရပ်ရပ် မန္တလေး မလွန်ရှေး ဆန် လှူအသင်းကြီး၏ သင်းထောက်သင်းခွဲ လူကြီးများနှင့်

တကွ တိုင်ပင်ညီညွတ်ကြပြီးလျှင် တိပိဋကဓမ္မပူဇာ အဖြာဖြာသော ဝေယျာဝစ္စ မဟာကုသိုလ် ပုညကိရိယာ အဖြာဖြာတို့ကို သဒ္ဓါလုလု ပြုစုကြ၍ ကာလ ချင့် ထောက် အချိန်သို့ဆိုက်ရောက်သော ဤယခုနေ့ နံနက် မိုးသောက်ရောက်သောအချိန်မှ အစပြုကာ မလွန်စျေး ဆန်လှူ အသင်းကြီးက ဦးစီး ရှေ့ဆောင်ရှေ့ရွက် ပြုလုပ်ကြ၍ သံဃဥက္ကဋ္ဌ မဟာဝိသုဒ္ဓါရုံ သံဃရာဇာ သက်တော်ရှည် မဟာထေရ်မြတ် အမှူးပြုသော သံဃာ့ထေရ်ကြီးများ၊ တိပိဋကမထေရ်နှင့်တကွ တိပိဋက=နိကာယ စာသင်သားမထေရ်များပါ ကလျာဏမိတ် ပရိသတ်တို့အား မွန်မြတ်သော ဆွမ်း ခဲဖွယ်, ဘောဇဉ်ကိုကို သဒ္ဓါပြင်းပြွန်းလှူဒါန်းဆက်ကပ် ကျွေးမွေးညှဉ့်ခံမှု ပြုကြပါကုန်၏။

ဘောဇနဒါန ပြုကြပြီးလျှင် ကိုယ်တိုင်လဲပဲ သဒ္ဓါရွှန်းစို ကြည်ညိုသောစိတ် တရိပ်ရိပ် ဖြစ်ပွားကြလျက် ကလျာဏမိတ် ပရိသတ်တို့အားလည်း ကိုယ်နှင့်ထပ်တူ သဒ္ဓါရွှန်းစို ကြည်ညိုသောစိတ် တရိပ်ရိပ်ဖြစ်ပွားပါစေခြင်းအကျိုးငှာ ကြီးစွာသော အဆောင်အယောင် အခမ်းအနား ရှေ့ဝင်း နောက်ဝင်း ပိဋကတ်တော် ဆင်ဖြူတော်တို့နှင့်တကွ သံဃာထေရ်ကြီးများ၊ တိပိဋကမထေရ်၊ တိပိဋက=နိကာယစာသင်သား အရှင်မြတ်တို့အား မြို့သို့လှည့်၍ အပူဇော်ခံယူစေပါကုန်၏။

မြို့သူမြို့သား သူတော်ကောင်းများကို သဒ္ဓါရွှန်းစို ကြည်ညိုသောစိတ် တရိပ်ရိပ်ဖြစ်ပွားစေကြပြီးလျှင် ဤသကျသီဟ ရုပ်ရှင်တော်မြတ်၏အာရာမ်အတွင်း ပရိယတ္တိသာသနဟိတ အသင်းကြီး၏ မူလဖွားရာ သေဥ်မြေချာအောင်မြေချာ ဖြစ်ပါပေသော ဝေဇယန္တာ မဟာဗန္ဓုလ

ဓမ္မာရုံ၏ ရင်ပြင်၌ ကြီးစွာသော ဓမ္မသဘင် ဆင်ယင်ကျင်းပပြုလုပ်ကြ၍ တိပိဋကမဟာထေရ်မြတ်၏ ဂုဏ်ကျေးဇူးများကို လေးရပ်သော အပိုင်းအခန်းတို့ဖြင့် ဂုဏ်ထောမနာ ဓမ္မပူဇာမဂ်သဘာစကား အသီးအသီး လျှောက်ထားပြောကြားကြ၍ ဓမ္မပူဇာ ဓမ္မာနုဂ္ဂဟ အသီးသီး ပြုကြပါကုန်၏ အရှင်တို့ဘုရား။ ပစ္စယပူဇာ ပစ္စယာနုဂ္ဂဟ ပြုလိုကြသဖြင့် တိပိဋကဓရ မင်းကွန်းမထေရ်၏ လိုအပ်ရာရာ စတုပစ္စယ သာသနာမှု နဝကမ္မအလို့ငှာ အထက်အောက် မြို့+ရွာ မလွန်ဆန်လှူအသင်းထောက် အသင်းခွဲအပေါင်းနှင့်တကွ ပုဂ္ဂလိက အလှူရှင်များ မလွန်ဆန်လှူသင်းမကြီးက ဦးဆောင်၍ ကျပ်သုံးသိန်းကျော် အသပြာတို့ကို သဒ္ဓါပြဋ္ဌာန်း အရှင်မြတ်တို့၏ ပစ္စည်းလေးဖြာအလို့ငှာ လည်းကောင်း၊ သာသနာမှု ဝေယျာဝစ္စအလို့ငှာ လည်းကောင်း လှူဒါန်းပူဇော်ပါကုန်၏။ အရှင်မြတ်တို့၏ စတုပစ္စယ သာသန ဝေယျာဝစ္စ အလို့ငှာ သဒ္ဓါပြဋ္ဌာန်း လှူဒါန်းပါကုန်၏။ ထိုမှတစ်ပါး သံဃာ့ထေရ်ကြီးများနှင့်တကွ အရှင်မြတ်တို့၏ သီလ+သမာဓိ+ပညာ သိက္ခာသုံးပုံ ကျေးဇူး ဂုဏ်တို့ကို ကြည်ညို ကော်ရော်ပူဇော်သောအားဖြင့် အစုံအစုံသော သင်္ကန်း ထီး ဖိနပ်အစရှိသော ရဟန်းတို့၏ အသုံးဆောင် ပရိက္ခရာ လှူဖွယ်ရာတို့ကိုလည်း သဒ္ဓါပြဋ္ဌာန်း အသီးအသီး လှူဒါန်းပါကုန်၏ သံဃာတော်အရှင်တို့ ဘုရား။

ဟောဒီအပိုင်းက ဒကာ+ဒကာမများက ဆရာတော်သံဃာတော်များအား ဒေယျဓမ္မနှင့်ဝတ္ထု နဝကမ္မလှူသောအပိုင်း ဖြစ်ပါတယ်။ ဤတွင် ဘုန်းကြီးဘက်က အနည်းငယ် ဒကာ ဒကာမတို့အား ပြောကြားလိုပါတယ်။

ဘုန်းကြီးသည် အပူဇော်ခံရတဲ့ နေရာမှာ ယနေ့ ပစ္စက္ခ သာသနာဝယ် အင်မတန်ကံကောင်းတဲ့ ပုဂ္ဂိုလ်လို့ ဆိုနိုင်ပါတယ်။ ဘာပြုလို့ ဒီလိုပြောရသလဲ ဆိုတော့ မြန်မာပြည်မှာ ဓမ္မာစရိယ စာမေးပွဲ စတုန်းကလည်းပဲ ဘုန်းကြီးတို့ဟာ ထင်ရှားခဲ့တယ်။ ခုနက အရှင်နန္ဒမာလာ ရေးသားဖွဲ့စီတဲ့အတိုင်း—

ဣန္ဒကော မာတင်္ဂါဇေဝ၊
ဝိစိတ္တော ရေဝတော တထာ။
သဒ္ဓမ္မသိရိပစ္စေက+
မဘ်ဝံသိကဓာရိနော။ ။လို့။

မန္တလေး သက်ျသီဟ ပရိယတ္တိအသင်းရဲ့ ဓမ္မာစရိယ အဘိဝံသ ဘွဲ့တံဆိပ်ရတဲ့ ကိုယ်တော် ငါး ပါး အရှင်ဣန္ဒကာဘိဝံသ၊ အရှင် မာတင်္ဂါဘိဝံသ၊ အရှင် ဝိစိတ္တသာရာဘိဝံသ၊ အရှင်ရေဝတာဘိဝံသ၊ အရှင်သဒ္ဓမ္မသိရိဘိဝံသလို့ ဒီ အဘိဝံသဘွဲ့ရ ထေရ် ငါးပါး ပထမဆုံး အစိုးရဓမ္မာစရိယ စာမေးပွဲကို အောင်မြင်ခဲ့ကြပါတယ်။ အဲဒီကစပြီး အပူဇော်ခံရတဲ့ နေရာမှာလည်း ဝိနယဓရ-ဝိနယဓရမို့၊ အာဘိဓမ္မိက အာဘိဓမ္မိကမို့၊ တိပိဋကဓရ တိပိဋကဓရမို့လို့လည်းပဲ ခေတ်ကောင်းကို အင်မတန်ကြုံကြိုက်ခဲ့ရပါတယ်။ ပွဲဦး ပွဲဦးအောင်မြင်တဲ့အတွက် ထူး၍ ထူး၍ အပူဇော်ခံရပါတယ်။

အဲဒီလို အပူဇော်ခံရတဲ့နေရာမှာ ပထမဆုံး ဝိနယဓရ ဝိနယကောဝိဒ ဘွဲ့ထူးကိုရလို့ ပူဇော်ကြတဲ့ပွဲမှာ ပူဇော်ပွဲပြီးတော့ နိုင်ငံတော် ဝန်ကြီးချုပ်က ဘုန်းကြီးနေတဲ့ သာသနာ့ရိပ်သာ သိမ်တော်ကြီးသို့ လာပြီး ကန်တော့

တယ်။ ဒီအခါ ဘုန်းကြီးနဲ့ ဝန်ကြီးချုပ်တို့ အပြန်အလှန် ပြောဆိုကြပုံမှာ—

(ဘုန်းကြီး) ဒကာကြီး၊ ကနေ့ပွဲ ဘာပွဲလဲ။

(ဝန်ကြီးချုပ်) ဟာ-တပည့်တော်တို့က အရှင်ဘုရားကို ချီးမြှောက် ပူဇော်တဲ့ပွဲပေါ့၊ အရှင်ဘုရားက ဘာပြောချင်လို့လဲ။

(ကြီး) ဦးဇင်းကတော့ ဒကာကြီးတို့ရဲ့ ယနေ့ပွဲဟာ မာရ်နတ်နဲ့ ခံစစ် တိုက် ရ တဲ့ ပွဲ လို့ ပြောချင် တယ်။

(ချုပ်) ဟာ-ဒါ ဦးဇင်းက တပည့်တော်တို့ရဲ့စေတနာကို ရှုတ်ချတာလား(တဲ့)။

(ကြီး) ရှုတ်ချတာ မဟုတ်ပါဘူး ဒကာကြီး၊ ပဓာနသုတ်မှာ မြတ်စွာဘုရားက ဟောကြားတယ်။

ကာမာတေ ပဌမာ သေနာ၊

မာရ=ဟယ်မာရ်နတ်။ ကာမာ=ဝတ္ထုကာမ ဒွေ့ဝဝတို့သည်။ တေ=သင်၏။ ပဌမာသေနာ = ရှေးဦး စွာ လွှတ်လိုက်သော တပ်ကြီးပဲ(လို့)။

အေး မြတ်စွာဘုရားဘက်က ကြည့်လျှင်၊ သာသနာဘက်ကကြည့်လျှင် သင်္ကန်းရယ်၊ဆွမ်းရယ်၊ကျောင်းရယ်၊ ဆေးရယ်၊ ဒီပစ္စည်းလေးပါးသည် မာရ်နတ်မင်း လွှတ်လိုက်တဲ့မာရ်မင်းရဲ့တပ်ကြီးဆယ်တပ်မှာ ပထမဆုံးတင်လို့ မြတ်စွာဘုရား ပဓာနသုတ်မှာဟော ထားတယ်ဒကာကြီး။ အေး-ယနေ့ လှူကြ တန်းကြတယ်ဆိုတဲ့ ရဟန်းတို့ဆိုင်ရာ

အားကြီးသော ကောင်းမှုကုသိုလ်ရှင် ဖြစ်တယ်။ ငါဘုရား သူရဲ့ ထောက်ရာ တည်ရာ ဖြစ်အောင် သွားမှပဲလို့ အဲဒီလို စဉ်းစား ဆင်ခြင်တော်မူပြီး အရှင်အာနန္ဒာကို နောက်လိုက် ရဟန်းပြု၍ မြတ်စွာဘုရားသည် စောစီးစွာ အဲဒီ လယ်ကွက်ကို ကြွသွားတယ်။

ထိုအချိန်မှာ ထိုလယ်သမား ထိုလယ်ကွက်မှာ လယ်ထွန် နေတယ်။ အဲဒီအခါမှာ မြတ်စွာဘုရား နဲ့ အရှင်အာနန္ဒာ ကြွလာတာကိုမြင်တော့ ရှိခိုးတယ်။ မြတ်စွာဘုရားက သူ့အား တစ်စုံတစ်ရာ ဘာမှမပြောဘဲ အရှင်အာနန္ဒာနှင့်တကွ ဥစ္စာထုပ်ရှိရာကိုပဲ သွားပြီးတော့ မြတ်စွာဘုရားက အဲဒီ အသပြာထောင်ထုပ်ကို လက်ညှိုးတော်ဖြင့် ညွှန်ပြပြီး

ပဿ အာနန္ဒ အာသီဝိသော။

အာနန္ဒ=ချစ်သားအာနန္ဒာ။ ပဿ=ရှုလော့။ အာသီဝိသော=လျင်သော အဆိပ်ရှိသော မြွေကြီးလို့ မိန့်တော်မူတယ်။ အရှင်အာနန္ဒာကလည်း ပြန်ပြီးတော့

ပဿာမ + ဟံ ဘန္တေ ဃောရဝိသော။

ဘန္တေ=မြတ်စွာဘုရား။ အဟံ= တပည့်တော်သည်။ မဿာမိ= မြင်ပါတယ်ဘုရား။ ဃောရဝိသော =ကြမ်းသော အဆိပ်ရှိသော မြွေကြီးပါ ဘုရားလို့ လျှောက်တယ်။

အေး=မြတ်စွာဘုရားရှင်က ကြည့်စမ်း(တဲ့)အာနန္ဒာ၊ လျင်သော၊ အဆိပ်ရှိသော မြွေကြီးလို့ မိန့်တဲ့ စကား။

အရှင်အာနန္ဒာက မြင်ပါတယ် မြတ်စွာဘုရား၊ အလွန်ကြမ်းသော အဆိပ်ရှိသောမြွေကြီးပါ ဘုရားလို့ 'လျှောက်ထားတဲ့ စကားတို့ကို ထိုလယ်သမား ကြားသိရတယ်။

မြတ်စွာဘုရားနဲ့ အရှင်အာနန္ဒာတို့ကလည်း ဒီစကား နှစ်ခွန်းကို ပြောပြီး ကျောင်းပြန်ကြွသွားတော်မူကြတယ်။ ဒီတော့ ထိုလယ်သမားက 'ငါသည် အချိန် ဟုတ်ဟုတ် မဟုတ်ဟုတ် ဒီ ငါ့လယ်ထဲကို သွားလာနေရတယ်။ မြတ်စွာဘုရားနဲ့ အရှင်အာနန္ဒာ ပြောတဲ့အတိုင်း လျှင်သော အဆိပ်ရှိသော ကြမ်းသော အဆိပ်ရှိသော မြွေကြီး ရှိနေလျှင် ခက်ချေရဲ့ 'ဆိုပြီး အောက်မေ့ပြီး မြတ်စွာဘုရားနဲ့ အရှင်အာနန္ဒာ ပြောတဲ့နေရာကို သွားကြည့်လိုက်တော့ လားလား မြွေ မဟုတ်ဘူး၊ အသပြာ ထောင်ထုပ်ကြီးကို သွားတွေ့တယ်။ ပုထုဇဉ်သားဆိုတော့ ဒီငွေထုပ်ကို တပ်မက်ပြီး သဘောကျပြီး ယူလာခဲ့တယ်။ မလိမ္မာတော့ မသိမ်းတတ်တော့ သူ့လယ်ကွက်ထဲ တစ်နေရာမှာ မြေကြီး လေးယက်ပြီးတော့ မြှုပ်ပြီး သူ့လယ်ကို ထွန်မြဲ ထွန်နေတယ်။

မနက်မိုးလင်း ရောက်တဲ့အခါ ဥစ္စာရှင်များ ခြေရာခံပြီး လိုက်လာတော့ ဒီလယ်သမားရဲ့ လယ်ကွက်ထဲမှာ အေး–ခြေရာကိုတွေ့တယ်။ ဥစ္စာကို ဝေနေတဲ့ ခြေရာတွေ ရှုပ်ယှက်ခတ်တွေထဲက ခြေရာ တစ်ဆင့်ခံပြီး လိုက်ရှာတော့ သူ့ လယ်ကွက်ထဲက သူမြှုပ်ထားတဲ့ အသပြာ ထောင်ထုပ်ကို သွားတွေ့တော့၊ ဟာ ဒီအကောင် လူဆိုး၊ ဒီအကောင် သူခိုး၊ အလကား ဟန်လုပ်ပြီး လယ်သမား ယောင် ဆောင်နေတာလို့ ဆိုပြီး သူ့ကိုဖမ်း၍ ပသေနဒီ

အားကြီးသော ကောင်းမှုကုသိုလ်ရှင် ဖြစ်တယ်။ ငါ ဘုရား သူ့ရဲ့ ထောက်ရာ တည်ရာ ဖြစ်အောင် သွားမှပဲလို့ အဲဒီလို စဉ်းစား ဆင်ခြင်တော်မူပြီး အရှင် အာနန္ဒာကို နောက်လိုက် ရဟန်းပြု၍ မြတ်စွာ ဘုရားသည် စောစီးစွာ အဲဒီ လယ်ကွက်ကို ကြွသွားတယ်။

ထိုအချိန်မှာ ထိုလယ်သမား ထိုလယ်ကွက်မှာ လယ် ထွန် နေ တယ်။ အဲဒီအခါမှာ မြတ်စွာဘုရား နဲ့ အရှင် အာနန္ဒာ ကြွလာတာကိုမြင်တော့ ရှိခိုးတယ်။ မြတ်စွာ ဘုရားက သူ့အား တစ်စုံတစ်ရာ ဘာမှမပြောဘဲ အရှင် အာနန္ဒာနှင့်တကွ ဥစ္စာထုပ်ရှိရာကိုပဲ သွားပြီးတော့ မြတ် စွာဘုရားက အဲဒီ အသပြာထောင်ထုပ်ကို လက်ညှိုးတော် ဖြင့် ညွှန်ပြပြီး

ပဿ အာနန္ဒ အာသီဝိသော။

အာနန္ဒ=ချစ်သားအာနန္ဒာ။ ပဿ=ရှုလော့။ အာသီ ဝိသော=လျင်သော အဆိပ်ရှိသော မြွေကြီးလို့ မိန့်တော် မူတယ်။ အရှင်အာနန္ဒာကလည်း ပြန်ပြီးတော့

ပဿာမ + ဟံ ဘန္တေ ဃောရဝိသော။

ဘန္တေ=မြတ်စွာဘုရား။ အဟံ = တပည့်တော်သည်။ မဿာမိ = မြင်ပါတယ်ဘုရား။ ဃောရဝိသော =ကြမ်း သော အဆိပ်ရှိသော မြွေကြီးပါ ဘုရားလို့ လျှောက် တယ်။

အေး=မြတ်စွာဘုရားရှင်က ကြည့်စမ်း(တဲ့)အာနန္ဒာ၊ လျင်သော၊ အဆိပ်ရှိသော မြွေကြီးလို့ မိန့်တဲ့ စကား။

အရှင်အာနန္ဒာက 'မြင်ပါတယ် မြတ်စွာဘုရား၊ အလွန်ကြမ်းသော အဆိပ်ရှိသောမြွေကြီးပါ ဘုရားလို့' လျှောက်ထားတဲ့ စကားတို့ကို ထိုလယ်သမား ကြားသိရတယ်။

မြတ်စွာဘုရားနဲ့ အရှင်အာနန္ဒာတို့ကလည်း ဒီစကားနှစ်ခွန်းကို ပြောပြီး ကျောင်းပြန်ကြွသွားတော်မူကြတယ်။ ဒီတော့ ထိုလယ်သမားက 'ငါသည် အချိန် ဟုတ်ဟုတ် မဟုတ်ဟုတ် ဒီ ငါ့လယ်ထဲကို သွားလာနေရတယ်။ မြတ်စွာဘုရားနဲ့ အရှင်အာနန္ဒာ ပြောတဲ့အတိုင်း လျင်သော အဆိပ်ရှိသော ကြမ်းသော အဆိပ်ရှိသော မြွေကြီး ရှိနေလျှင် ခက်ချေရဲ့' ဆိုပြီး အောက်မေ့ပြီး မြတ်စွာဘုရားနဲ့ အရှင်အာနန္ဒာ ပြောတဲ့နေရာကို သွားကြည့်လိုက်တော့ လားလား မြွေ မဟုတ်ဘူး၊ အသပြာ ထောင်ထုပ်ကြီးကို သွားတွေ့တယ်။ ပုထုဇဉ်သားဆိုတော့ ဒီငွေထုပ်ကို တပ်မက်ပြီး သဘောကျပြီး ယူလာခဲ့တယ်။ မလိမ္မာတော့ မသိမ်းတတ်တော့ သူ့လယ်ကွက်ထဲ တစ်နေရာမှာ မြေကြီးလေးယက်ပြီးတော့ မြှုပ်ပြီး သူ့လယ်ကို ထွန်မြဲ ထွန်နေတယ်။

မနက်မိုးလင်း ရောက်တဲ့အခါ ဥစ္စာရှင်များ ခြေရာခံပြီး လိုက်လာတော့ ဒီလယ်သမားရဲ့ လယ်ကွက်ထဲမှာ အေး-ခြေရာကိုတွေ့တယ်။ ဥစ္စာကို ဝေနေတဲ့ ခြေရာတွေ ရှုပ်ယှက်ခတ်တွေထဲက ခြေရာ တစ်ဆင့်ခံပြီး လိုက်ရှာတော့ သူ့ လယ်ကွက်ထဲက သူမြှုပ်ထားတဲ့ အသပြာထောင်ထုပ်ကို သွားတွေ့တော့၊ ဟာ ဒီအကောင် လူဆိုး၊ ဒီအကောင် သူခိုး၊ အလကား ဟန်လုပ်ပြီး လယ်သမားယောင် ဆောင်နေတာလို့ ဆိုပြီး သူ့ကိုဖမ်း၍ ပသေနဒီ

ကောသလမင်းကြီးထံပို့တဲ့အခါ မင်းကြီး ကလဲပဲ ထိုသူအား 'ဃာတေတာယံ ဝါ ဃာတေတုံ' ဆိုတဲ့အတိုင်း 'ငါ' ကဲ့သို့သော တရားမင်းရဲ့ နယ်ပယ်မှာ အခုလို မတရားလုပ်တဲ့ပုဂ္ဂိုလ် သတ်စေ' ဆိုတဲ့အမိန့် ထုတ်ပေးလိုက်တဲ့ အခါ အာဏာ ပါးကွက်သားတို့က လက်ပြန်ကြိုးချည်၍ ထိုသူကို လမ်းဆုံ လမ်းမ လမ်းလေးခွမှာ တဖုန်းဖုန်း ရိုက်ကြတဲ့အခါ ထိုသူက အခြားနည်း မငိုကြွေးပဲ ဘာပြောသလဲ ဆိုတော့-

'ဒါကြောင့် မြတ်စွာဘုရားက ကြည့်စမ်းတဲ့ အာနန္ဒာ၊ လျင်သော အဆိပ်ရှိသော မြွေကြီးတဲ့လို့ မိန့်တော်မူတာ၊ အရှင် အာနန္ဒာကလဲ ဒါကြောင့် မြင်ပါတယ် မြတ်စွာဘုရား၊ ကြမ်းသော အဆိပ်ရှိတဲ့ မြွေကြီးလို့ ပြန်လျှောက်ထာ၊ မှန်လိုက်လေ' လို့ပဲ ပါးစပ်က ပြောတယ်။

ဟိုလူတွေက တဖုန်းဖုန်းရိုက်၊ သူက ဒီစကားပဲ့ပြန်ပြော၊ ကြာတော့ အာဏာ ပါးကွက်သားတွေ မရိုက်ဝံ့ကြတော့ပဲ 'ဒီလူပြောတာဟာ ဘုရားနဲ့ အရှင် အာနန္ဒာကို သက်သေသဖွယ် စကားပြောနေတယ်' ဆိုပြီးတော့ ဒီလူကို ပသေနဒီ ကောသလမင်းကြီးထံ ပြန်ခေါ်သွားပြီး-

'အရှင်မင်းကြီး ဒီလူက ဒိပြင် လူဆိုး သူခိုးတွေနဲ့မတူဘူး၊ ဘုရားနဲ့ အရှင် အာနန္ဒာကို သက်သေထူပြီး ပြောနေပါတယ်' ဆိုတော့မှ-

'မောင်မင်း ပြောသလား၊ ဟုတ်သလား'။

'ဟုတ်ပါတယ် အရှင်မင်းကြီး'။

'မင်းဘာပြုလို့ ဒီလိုပြောတာတုံး'။

'ကျွန်တော်မျိုး မခိုးရရိုး ကေန် အမှန်ပါ၊ ကျွန်တော်မျိုးရဲ့လယ်ကို ကျွန်တော်မျိုး ထွန်နေတုန်း မနက်အစောကြီးက မြတ်စွာဘုရားနဲ့ အရှင်အာနန္ဒာ ကြွလာပါတယ်။ ကျွန်တော်မျိုးက ဘုရားနဲ့ ရှင်အာနန္ဒာတို့ကို ရှိခိုးသော်လည်း မြတ်စွာဘုရားသည် ကျွန်တော်မျိုးနဲ့ စကားတစ်ခွန်းမျှ မပြောပဲ ဒီငွေထုပ်ကြီးရှိရာသွားရောက်ပြီးတော့-

ပဿာ+နန္ဒ အာသီဝိသော=မြင်ရဲ့လား ချစ်သားအာနန္ဒာ (ကြည့်စမ်း‧တဲ့ အာနန္ဒာ) လျင်သော အဆိပ်ရှိသော မြွေကြီးလို့ ပြောပါတယ်။

အရှင်အာနန္ဒာကလည်း မြင်ပါတယ် မြတ်စွာဘုရား၊ ကြမ်းသော အဆိပ်ရှိသော မြွေကြီးလို့ ပြောပါတယ်။

ကျွန်တော်မျိုးက ငါသည် ဒီ လယ်ကွက်ထဲမှာ အခါဟုတ်ဟုတ် မဟုတ်ဟုတ် အချိန်ရှိရှိ မရှိရှိ အမြဲတမ်းသွား နေရတာ၊ ဘုရားအမိန့်ရှိတဲ့အတိုင်း လျင်သော အဆိပ်ရှိသော မြွေကြီး၊ အရှင် အာနန္ဒာ အမိန့်ရှိတဲ့ အတိုင်း ကြမ်းသော အဆိပ်ရှိတဲ့ မြွေကြီးရှိနေလျှင် ခက်ချေရဲ့လို့ သွားကြည့်တော့ အသပြာထောင်ထုပ်ကို ကျွန်တော်မျိုး တွေ့ပါတယ်။ ကျွန်တော်မျိုး လောဘသား မို့လို့ ဒီ အသပြာထောင်ထုပ်ကို ကျွန်တော်မျိုးရဲ့ လယ်ကွက်ထဲမှာ မြေကြီးယက်ပြီးတော့ မြှုပ်ထား မိပါတယ်။ ကျွန်တော်မျိုး ခိုးတာမဟုတ်ပါဘူး'ဆိုတော့

ကောသလမင်းကြီးက ဪ.... ဤသူကား လောကသုံးပါး၌ အတုမရှိသော ဘုရားကို သက်သေ ထူတယ်၊ ဒီတော့ သူ့ကို ဘုရားဆီ ခေါ်သွားမှပဲလို့ ဆိုပြီးတော့ မင်းကြီးက ထိုလယ်သမားကို ဘုရားထံ ခေါ်သွားတယ်။

ပရိသတ် မြေဇက်မြားစွာ နောက်ကပါ၍ ဘုရားထံ မှောက် ရောက်ကြတဲ့အခါ မင်းကြီးက-

မြတ်စွာဘုရား ဤ သူက ဤကဲ့သို့ ပြောပါတယ်၊ ဟုတ်ပါသလားလို့ လျှောက်ထားတော့

မြတ်စွာဘုရားက ဟုတ်တယ် မြတ်သောမင်းကြီး၊ ဒီ ဥစ္စာကို ထိုသူ ခိုးတာမဟုတ်ဘူး၊ ညဉ့်တုန်းက ဥမင်္ဂစောရ လူဆိုးအဖွဲ့၊ အေး....၊ ဥမင်လိုဏ်ခေါင်း တူး ပြီး တော့ သာဝတ္ထိပြည်ထဲက ဥစ္စာကို ခိုးထုတ်၊ သူ့ လယ်ကွက်နား မှာ ဝေကြတဲ့အခါ သူခိုးတစ်ယောက်က ခါးပိုက် ခါးပုံ ထဲမှာ ဝှက်၍ယူလာတဲ့ အသပြာထောင်ထုပ် မေ့ကျန်နေ ရစ်တယ်။ အေး.... ထိုသူခိုး မသိခဲ့ဘူး။ ယခု နံနက် မိုး သောက် ရောက်တဲ့ အခါ ဒီ အသပြာ ထောင်ထုပ်ကို အကြောင်းပြု၍ ထိုလယ်သမား ဆင်းရဲဒုက္ခ ရောက်မည်ကို ငါဘုရား သိမြင်လို့ ငါဘုရားနဲ့ ရှင်အာနန္ဒာ သွားပြီး တော့ ဤစကား၊ ဤစကားကို ပြောကြားခဲ့တယ် ဆိုတဲ့ အ ကြောင်း ပြန် လည် မိန့် ကြား ပြီး တော့ မြတ် စွာ ဘုရားက-

န တံ ကမ္မံ ကတံ သာဓု၊
ယံ ကတွာ အနုတပ္ပတိ။
ယဿ အဿုမုခေါ ရောဒံ၊
ဝိပါကံ ပဋိသေဝတိ။

(ဓမ္မပဒ ၊၆၇)

'အကြင်အမှုကိုပြု၍ နောင်တတစ်ဖန် ပူပန်ရ မယ်ဆိုလျှင် အကြင်အမှုကို ပြုအပ်တဲ့အတွက် ထို အမှုရဲ့အကျိုးကို မျက်ရည်စီးယို ငိုပြီးတော့ ခံစား

ရမယ်ဆိုလျှင် ထိုသို့ပြုအပ်သော အမှုမျိုးသည်
မကောင်းမှုကောင်းမှုကေန် မှန်၏

ဆိုတဲ့ အနက်အဓိပ္ပာယ်ပါရှိသော ဤဂါထာကို ဟော ဆိုပြီးသည်၏အဆုံး၌ ထို လယ်သမားသည် သောတာပန် အရိယာ ဖြစ်တဲ့အကြောင်း ဓမ္မပဒအဋ္ဌကထာ ကဿက ဝတ္ထုမှာ ဖွင့်ပြချက် ရှိပါတယ်။

အဲဒီဝတ္ထုကို ထောက်သဖြင့် မြတ်စွာဘုရားနဲ့ အရှင်အာနန္ဒာတို့ရဲ့ အလိုအတိုင်းဆိုလျှင် ဒီဝတ္ထုကြေးငွေတွေသည် လျှင်သော အဆိပ်ရှိသော မြွေတွေ ကြမ်းသော အဆိပ်ရှိသော မြွေတွေဖြစ်ပါတယ်။အဲဒီလျှင်သောအဆိပ် ကြမ်းသော အဆိပ်ရှိတဲ့ မြွေများကို မြွေဖမ်း မလိမ္မာလျှင် အဲဒီမြွေတွေကိုက်၍ သေသော်လဲ သေနိုင်တယ်၊ မသေသော်လဲပဲ မလှမပ ဆင်းရဲဒုက္ခ ရောက်ရပါမယ်။ လိမ္မာသော အလမ္ပာယ်သည် ထိုမြွေတွေကို ညှပ်နဲ့ ပိုင်ပိုင်နိုင်နိုင် လည်ပင်းကို တင်းတင်းကြပ်ကြပ် ညှပ်၊ ကျန်တဲ့ လက်တစ်ဘက်ဖြင့် ထိုမြွေတွေကို အမြီးက ပိုင်ပိုင်နိုင်နိုင် ဆုပ်ကိုင်၍ ပခြုပ်ထဲထည့်၊ အေး = ပြီးပြီ။ ဆယ်ရက်လောက် အစာအင်တ်ထားပြီးတော့ သူ ကြိုက်သလို သင်ကြား၊ သင်ကြားပြီး အလမ္ပာယ်အတတ်ကို တတ်မြောက်စေ၍ ပြသလျှင် ထိုမြွေကို အကြောင်းပြု၍ များစွာသော ဥစ္စာများကို ရနိုင်သလို။ယခု ဒကာ+ဒကာမအပေါင်းတို့ လူ့ဒါန်းကြတဲ့ နဝကမ္မဖြစ်သော အေး-မြွေကြီးသုံးကောင် (ကျက်နည်းအားဖြင့်) မာရ်နတ်မင်းရဲ့ စစ်တပ်ကြီး တပ်မဟာကြီး သုံးသိန်းကို ယခု တန်းကြီးသည် သတိ+သမ္ပဇဉ် တည်းဟူသော ညှပ်ကိုကိုင်၍ လည်ပင်း၌ မြဲမြံမြဲမြံ ညှပ်

ပြီးလျှင် သဒ္ဓါတရားတည်းဟူသော လက်ဖြင့် ထိုမြွေကြီးသုံးကောင် မာရ်နတ်မင်းရဲ့ မဟာတပ်ကြီး သုံးတပ်တို့ကို ဘုရား၊ တရား၊ သံဃာ ပခြုပ်ကြီးသုံးလုံးထဲသို့ ထည့်ပါတော့မယ်။ တိုက်ထုတ်ပါတော့မယ်။ တိုက်စစ် ဆင်ပါတော့မယ်။ ရတနာသုံးပါး တည်းဟူသော ပခြုပ်ကြီးသုံးလုံးထဲသို့ ထည့်ဖို့(တစ်နည်းအားဖြင့်) တိုက်စစ် ဆင်ဖို့လဲပဲ အခြေအနေ ပေးနေပါတယ်။ ဒါကြောင့် ဒါယကာ+ဒါယိကာမအပေါင်း သူတော်ကောင်းတို့၊ ကိုင်း-ဘုန်းကြီးရဲ့ကိုယ်စား လိုက်ဆိုကြပါ။

ဒါယကာ+ဒါယိကာမ အပေါင်း သူတော်ကောင်းတို့။ ဘုန်းကြီးသည် အထက် အောက် မြို့+ရွာ မလွန်ဆန်လှူသင်းထောက် အဖွဲ့များနှင့် မန္တလေးမြို့ မလွန်ဈေးဆန်လှူသင်းမကြီးက ဦးစီး၍ ကျင်းပ ပြုလုပ်အပ်သော တိပိဋက ငွေရတု ဓမ္မပူဇာ မင်္ဂလာသဘင်ဝယ် အထက်အောက် မြို့ရွာ အသင်းအဖွဲ့ ဒါယကာ + ဒါယိကာမ အပေါင်းတို့ စုပေါင်းညီညာ သဒ္ဓါပြဋ္ဌာန်း ဘုန်းကြီး၏ စတုပစ္စယ သာသနာမှ နဝကမ္မအလို့ငှာ လှူဒါန်းအပ်သော ထိုသုံးသိန်းကျော် နဝကမ္မလှူဖွယ်ရာတို့ကို ဗုဒ္ဓ၊ ဓမ္မ၊ သံဃပူဇာ ဖြစ်ပါစိမ့်သောငှာ....

၁။ ရှေးဦးစွာ မဟာသကျသီဟ ရုပ်ရှင်တော်မြတ်၏ ဗုဒ္ဓဝေယျာဝစ္စ အလို့ငှာ ကျပ်တစ်သောင်းသော ဝတ္ထုလွှာတို့ကို ဗုဒ္ဓပူဇာ မင်္ဂလာကောင်းမှု ကုသိုလ်အဖြစ်ဖြင့် သဒ္ဓါပြဋ္ဌာန်း လှူဒါန်းပါ၏။

၂။ ဓမ္မပူဇာ ဖြစ်စိမ့်သောငှာ သာသနာတော်၏ ဖခင်သဖွယ် ဖြစ်ပါပေသော မန္တလေးမြို့ ပရိယတ္တိ သာသန

ဟိတ အသင်းကြီး၏ ဓမ္မဝေယျာဝစ္စ အလို့ငှာ ကျပ်ငွေ (၃၀၀၀၀ိ) သုံးသောင်းသော အသပြာတို့ကို သဒ္ဒါ ပြဋ္ဌာန်း ဓမ္မပူဇာ လှူဒါန်းပါ၏။

၃။ သူတော်ကောင်းတို့၊ ထိုမှတစ်ပါး ရန်ကုန်မြို့ နိကာယ်သာသနာတော် ထွန်းကားရေး အသင်းကြီး၏ ဓမ္မဝေယျာဝစ္စ အလို့ငှာ ကျပ်ငွေ (၁၀၀၀၀ိ) တစ်သောင်းသော နဝကမ္မဝတ္ထုလွှာတို့ကို လည်းကောင်း၊

၄။ ရန်ကုန်မြို့ စေတိယင်္ဂဏ အသင်းကြီး၏ ဓမ္မ-ဝေယျာဝစ္စ အလို့ငှာ ကျပ်ငွေ (၁၀၀၀၀ိ) တစ်သောင်းသော နဝကမ္မ ဝတ္ထုလွှာတို့ကို လည်းကောင်း၊

၅။ ထို့အတူ ရန်ကုန်မြို့ အဘိဓမ္မာ ပြန့်ပွားရေး အသင်းကြီး၏ ဝေယျာဝစ္စ ရန်ပုံငွေ ပဒေသာ ပင်မ အလို့ငှာ ကျပ်ငွေ(၁၀၀၀၀ိ) တစ်သောင်းသော ဝတ္ထုလွှာတို့ကို လည်းကောင်း သဒ္ဒါပြဋ္ဌာန်း တရားရတနာအား ပူဇော်သောအားဖြင့် လှူဒါန်းပါ၏။

၆။ သူတော်ကောင်းတို့၊ ထိုမှ တစ်ပါး သံဃပူဇာ ဘုန်းကြီးသည် မိမိအတွက် သာသန ဝေယျာဝစ္စ လှူဒါန်း အပ်သော နဝကမ္မဝတ္ထုလွှာတို့မှ သံဃရာဇာ သက်တော် ရှည် မဟာဝိသုဒ္ဓါရုံ မထေရ်မြတ်ကြီး အမှူးပြုသော နှစ် ကျိပ်ငါးပါး သံဃထေရ်ကြီးများ၏ စတုပစ္စယနဝကမ္မ အလို့ငှာ ကျပ်ငွေ(၅၀ိ) ငါးဆယ်စီသော ဝတ္ထုလွှာတို့ကို လည်းကောင်း၊ သံဃပူဇာ ဖြစ်ပါစိမ့်သောငှာ တိပိဋက စာသင်သား၊ နိကာယ် စာသင်သား အရှင်မြတ်များနှင့် တ ၇ ဓမ္မနာဒစာသင်သား ရဟန်းတော် အရှင်မြတ်များ တစ်ပါးတစ်ပါး၏ စတုပစ္စယ နဝကမ္မ အလို့ငှာ ကျပ်ငွေ

(၂၅) နှစ်ဆယ့်ငါးကျပ်စီသော ငွေအသပြာ ဝတ္ထုလှူ တို့ကိုလည်းကောင်း၊ ထိုမှတစ်ပါး မလွန်ဆန်လှူသော အသင်းကြီးက ဤတိပိဋက ငွေရတုပူဇော်ပွဲသို့ ဖိတ်မန် သဖြင့် နှစ်သက်အားရမ်း ဝမ်းမြောက်ဝမ်းသာ လိုက်ပါ ကြည်ညိုပူဇော်ကြသော စစ်ကိုင်း+မင်းကွန်းတောင်ရိုး+ မန္တလေးမြို့မှ သီလရှင် သူတော်စင် အပေါင်း အား တစ်ပါး တစ်ပါးလျှင် (၁၅) တစ်ဆယ့်ငါးကျပ်စီသော ငွေအသပြာ ဝတ္ထုလှူတို့ကို လည်းကောင်း သဒ္ဓါ ပြဋ္ဌာန်း လှူဒါန်းပါကုန်၏။

၇။ ထိုမှတစ်ပါး သံဃပူဇာ ဖြစ်ပါစိမ့်သော ငှါ- မင်းကွန်းတိုက်နယ်၊ ဆေးရုံထောက်ပံ့ရေး ရန်ပုံငွေ ပဒေ သာပင် ပင်မအတွက် ကျပ်(၁၀၀၀ဝိ)တစ်သောင်းသော နဝကမ္မဝတ္ထုလှူတို့ကို လည်းကောင်း၊ ထို့အတူ မင်း ကွန်း ဓမ္မနာဒတိုက် သံဃဝေယျာဝစ္စ သာသနာ့ရန်ပုံငွေ ပဒေသာပင် ပင်မအလို့ငှာ ကျပ်(၁၀၀၀ဝိ)တစ်သောင်း သော ဝတ္ထုလှူတို့ကို လည်းကောင်း သဒ္ဓါပြဋ္ဌာန်း လှူဒါန်းပါ၏။

၈။ သူတော်ကောင်းတို့၊ ထိုမှတစ်ပါး သာသနာ၏ မိခင်သဖွယ် ဖြစ်ပါပေသော မန္တလေးမြို့ မလွန်ဈေး ဆန် လှူအသင်းကြီး၏ ဝတ္ထုကံ သံဃဝေယျာဝစ္စ အလို့ငှာ... ကျပ် (၆၀၀ဝိ) ခြောက်သောင်းသော ဝတ္ထုလှူတို့ကို သဒ္ဓါပြဋ္ဌာန်း လှူဒါန်းပါ၏။

'ခဏလေး ဆိုင်းကြပါဦး၊ အမေနဲ့အဖေပဲ ကိုယ် တော်၊ အဖေအားတော့ ကိုယ်တော့်ဟာ သုံးသောင်း၊ အမေအားတော့ ကိုယ်တော့်ဟာ ခြောက်သောင်း ဘာဖြစ်လို့ ကိုယ်တော် မျက်နှာလိုက်ရသလဲလို့ မေးရန်

ရှိပါတယ်၊ လူတိုင်းလူတိုင်း အမေကို ချစ်ကြတယ်နော်။ ဒါကို ပြောနေတာပါ၊ ချစ်မှာပေါ့၊ အမေက သား သမီးကို ကျွေးပေတာကိုး၊ အဖေက သားသမီးကို ငေါက် တယ်၊ ဒါကို အားလုံးအသိပဲ မဟုတ်လား။ တစ်နည်း အားဖြင့် လောလောဆယ် လက်တွေ့ကို ပြောပြဦးမယ်၊ တိပိဋကဓရ ငွေရတုပူဇော်ပွဲ ကျင်းပဖို့ ဆွေးနွေးကြတဲ့ အခါ အမေနဲ့တူတဲ့ မလွန်ဆန်လှူအသင်းကြီးက လော လောဆယ်အားဖြင့် ငွေငါးသောင်း မ တည်သုံးစွဲမယ်လို့ ဆိုတော့ အစည်းအဝေးပါ လူကြီးများက ဟား=မိခင် ကြီးကတော့ ငွေငါးသောင်း မ တည်ပြီး ဖခင်ကြီးက ဘယ်နှယ်တုန်းလို့ မေးကြတော့ ဖခင်ကြီးက ဖြေသတဲ့။ ဖခင်ကြီးကို ခြေကန်သွားလို့ ဖခင်ကြီးက ဘာမှမပြော နိုင်ဘူးလို့ ဖြေသတဲ့။ (ဆိုလိုတာကတော့ ဖခင်ကြီးရဲ့ ပရိယတ္တိ ဗိမာန်နဲ့ ဓမ္မသာလာမှာ ပူဇော်ပွဲ မကျင်းပတဲ့ အတွက် ဖခင်ကြီးကို ခြေကန်သွားတယ်လို့ ဆိုလိုပါ တယ်)။

ဘယ်ယုတ်မှာလဲ၊ ဖခင်ကြီးကသာ မွေးရာဇာတိကို ခြေကန်တာပါ၊ ဘုန်းကြီးပြောလိုတာက ဟောဒီ ပရိ-ယတ္တိ သာသနဟိတ အသင်းကြီးသည် ၁၂၆၀ - ပြည့် နှစ်က စ၍ ဟောဒီ ဝေဇယန္တာ ဓမ္မာရုံ နေရာမှာ နဂိုက ရှိယင်းစွဲ တည်ရင်းစွဲဖြစ်တဲ့ ဦးချစ်လှိုင်၏ဖခင် ဦးသာ ညွှန်း ဆောက်လှူတဲ့ ဓမ္မာရုံကြီးထဲမှာ သကျသီဟ(စကြာ သီဟ) စာမေးပွဲ စ ရတာပါ၊ အေး-ဝေဇယန္တာ ဓမ္မာရုံ ကြီး၊ နေရာသည် ပရိယတ္တိအသင်းကြီးရဲ့ ဖွားရာ မွေးလ ဇာတိနယ်မြေ ဖြစ်ပါတယ်။ အဖေရဲ့ ဖွားရာဇာတိ နယ် မြေမို့လို့ ဘုန်းကြီးတို့က ဟောဒီ ဝေဇယန္တာဟာ အေး-

သာသနာရဲ့ အောင်မြေလည်း ဖြစ်တယ်၊ ပရိယတ္တိ အသင်းတည်းဟူသော ဖခင်ကြီးရဲ့ ဖွားရာနေရာလည်း ဖြစ်တယ်ဆိုပြီးတော့ ယခုကျင်းပတဲ့ တိပိဋကရေ ငွေရတု သဘင်ကို ဒီ ဝေဇယန္တာ ဓမ္မာရုံကြီးမှာ ကျင်းပဖို့ အကြံ ပေး ပြောဆိုခြင်း ဖြစ်ပါတယ်။ ဖခင်ကြီးကို ပစ်ပယ်ခြင်း မဟုတ်ပါဘူး။

အဲဒီတော့ ဖခင်နဲ့ မိခင်မှာ မိခင်က သားသမီးကို မှုမှုယုယု ပြုစုလုပ်ကျွေးတယ်၊ ဒီတော့ ယခု စည်းဝေးမိတဲ့ ပုဂ္ဂိုလ်တွေ (ဟုတ်လား) ကိုယ်စီကိုယ်င ဝေဖန်ကြည့်ကြ ပါ၊ မိမိမှာ ပစ္စည်းဝတ္ထု ပိုလာတယ်ဆိုလျှင် အမေနဲ့ အဖေ ဘယ်သူ့ကို များများပေးမလဲ၊ အမေကို များများ ပေးမယ် မဟုတ်ယ်သား၊ ဘာပြုလို့တုန်း၊ အမေက တယ် ပြီးတော့ မှုယု ပြုစုတာကိုး၊ အဖေက ငေါက်၍ ဆုံးမ တယ်၊ အမေက သာသာယာယာ ဆုံးမတယ်၊ အေး–ဒါ ကြောင့် ပရိယတ္တိအသင်းကြီးနဲ့ မလွန် ဆန်လှူအသင်း နှစ်သင်းတို့ ရှိကြရာ မလွန်အသင်းကြီးဟာ ဘုန်းကြီးတို့ရဲ့ သာသနာ့မိခင်အသင်းကြီးဖြစ်လို့ ဒီ မိခင်ကြီးက စစ်ကိုင်း သာသနာ၊ မင်းဝံသာသနာ၊ မင်းကွန်းသာသနာတို့ကို ပြုစုယုယ ကျွေးမွေးတယ်၊ အဲဒီလို သာသနာ့မိခင်ကြီး ဖြစ်လို့ ပိုပြီးတော့ လှူပါတယ်။ ဒကာ+ဒကာမအပေါင်း သူတော်ကောင်းတို့ ဆက်၍ ဆိုပေးကြပါဦး။

ထိုမှတစ်ပါး ဘုန်းကြီးသည် မိမိ၏ စတုပစ္စယ သာ သနဝေယျာဝစ္စ အလို့ငှာ အထက် အောက် မြို့ရွာ ဒကာ+ဒကာမ အသင်းအဖွဲ့ အပေါင်းတို့က လှူဒါန်း အပ်သော နဝကမ္မဝတ္ထုလှူတို့မှ မိခင် ဆန်လှူအသင်း ကြီးက မိခင်ပီပီ ဦးစီး မ တည်၍ (မလွန် ဆန်လှူအသင်း

ကြီးက လောလောဆယ် ငွေငါးသောင်း မ တည်သုံးစွဲ၍ လိုအပ်လျှင် ကျပ် တစ်သိန်းကုန်အထိ အကုန်ခံရန် ကျပ်-ငါးသောင်းကို အရံအဖြစ် အသင့်ထားရှိကြောင်း သိရပါတယ်။) ငွေရတုသဘင် ဆင်ယင်ကျင်းပ ပြုလုပ်ရာဝယ် ဝေယျာဝစ္စ အဝဝအတွက် ကုန်ကျသည်များကို (သားက ပင်တာဝန်ယူသကဲ့သို့) အသင်းကြီးက နှုတ်ယူ၍ ကြွင်းကျန်သော ငွေ တစ်သိန်းကျော် ဝတ္ထုလှူ နဝကမ္မတို့ကို မင်းကွန်းတောင်ရိုး မိုးမိတ်ကုန်းမြေ တိပိဋက=နိကာယ သာသနာပြု ရန်ပုံငွေ ပဒေသာပင် ပင်မအဖြစ်ဖြင့် မူလရည်ရွယ်ရင်းအတိုင်း နိကာယ်ငါးရပ် ပိဋကတ်တော် တည်းဟူသော ပရိယတ္တိ သာသနာတော်အား သဒ္ဓါကော်ရော် ပူဇော်ပါ၏။ လှူဒါန်းပါ၏။

(သူတော်ကောင်းတို့၊ မိမိတို့၏ ကောင်းမှုရော ဘုန်းကြီးများ၏ ကောင်းမှုကိုပါ ပေါင်းပြီးတော့ ဆုတောင်းကြရအောင်၊ အားလုံး လိုက်၍ ဆိုကြပါ။)

ဗောဓိယာ ပစ္စယော ဟောတု၊
ဣဒံ နော ပုညမင်္ဂလံ။

သုမနေဟိ ပသန္နေဟိ၊
အတ္တမနေဟိ သဗ္ဗိတံ။

[illegible] ဟိ=ပုဗ္ဗစေတနာဖြင့် လွန်စွာဝမ်းမြောက်ကုန်လျက်၊ ပသန္နေဟိ=မုဉ္စစေတနာဖြင့် သဒ္ဓါရွှန်းစို ကြည်ညိုကုန်လျက်၊ အတ္တမနေဟိ=အပရစေတနာဖြင့် လွန်စွာအားရ စိတ်တိုင်းကျ ဖြစ်ကုန်လျက်။ နော အမှေဟိ = တပည့်တော် ဆရာနှင့် ဒကာအပေါင်းတို့သည်။ သဗ္ဗိတံ=

စေတနာသုံးတန် ဆက်သန်ကြည်နူး ဆည်းပူးအားထုတ် ရသော။ ဣဒံ ပုညမင်္ဂလံ=ဆိုအပ်ခဲ့သမျှ ဗုဒ္ဓပူဇာ ဓမ္မပူဇာ သံဃပူဇာ သာသနပူဇာ မင်္ဂလာကောင်းမှု အစုစုသည်။ ဗောဓိယာ=ကိုယ်စီကိုယ်ငံ တောင့်တရင်းရှိသော သမ္မာ သမ္ဗောဓိ ပစ္စေကဗောဓိ သာဝကဗောဓိ ခေါ်ဆိုအပ် သော မဂ်လေးပါး အသီးသီးသော ဗောဓိဉာဏ်များ၏။ ပစ္စယော= မချွတ်ရောက်အောင် ကျေးဇူးဆောင်သော ဥပနိဿယရည်း အားအင်ကြီးသော အထောက်အပံ့ ပစ္စည်းသည်။ ဟောတု=မြေလက်ခတ်နဲ မလွဲပုံမှန် ကေန် စင်စစ် ဖြစ်ပါစေသတည်း။

ပုညဿိ+မဿ ဘာဂဥ္စ၊
ဒဒါမ သဗ္ဗပါဏိနံ။

သမံ လဘန္တု တေ သဗ္ဗေ၊
မဟိ+ယံ ဌာတု သကိ္ခကေ။

ဣမဿ ပုညဿ=ညီညာဖြဖြ ဆရာ+ဒကာ ဆည်းပူး ပွားများ အားထုတ်ရသော ဤ ဗုဒ္ဓ ဓမ္မ သံဃပူဇာ မင်္ဂလာကောင်းမှု အစုစု၏။ ဘာဂဥ္စ=အဖို့ဘာဂ ကုသိုလ် ကောင်းမှု သတ္တိကိုလည်း။ သဗ္ဗပါဏိနံ=မိ+ဖ+ဆရာ သခင် ပြည့်ရှင်မင်းကို အစပြု၍ ဘုံသုံးပါး၌ ထင်ရှား ရှိသော သတ္တဝါတို့အား။ ဒဒါမ=သဒ္ဓါပြဋ္ဌာန်း လှူဒါန်း ပေးဝေပါကုန်၏။ (ဒဒါမ = အမျှ+အမျှ ပေးဝေငှပါ ကုန်၏)။ တေ သဗ္ဗေ=မိဖဆရာသခင် ပြည့်ရှင်မင်းကို အစ ပြု၍ ခပ်သိမ်းဥဿုံ အလုံးစုံကုန်သော ထိုသတ္တဝါတို့ သည်။ အမှေဟိ = အကျွန်ုပ်တို့နှင့်။ သမံ=အညီအမျှ။

လဘာန္တု = ရကြသည် ဖြစ်ပါစေကုန်သတည်း။ အယံ မဟီ=ယူဇနာကိန်း နှစ်သိန်းလေးသောင်း ထုပေါင်း သချာ မဟာပထဝီ ဤမြေကြီးသည်။(အမှေသု=အကျွန်ုပ်တို့သည်။ ကုလဉ္ဆန္နေသု=တစ်စုံတစ်ခု ပြုဖွယ်ကိစ္စကြောင့် သက်သေအရာ တည်လာသည်ကို အလိုရှိကုန်လတ်သော်။ နော=အကျွန်ုပ်တို့၏)။ သက္ခိကေ = သက်သေအရာ၌။ ဌာတု=သူတစ်ဖက်သား သိသာလောက်သော အခြင်းအရာဖြင့် မြေရော+ရေပါ တည်လာသည် ခံလာသည် ဖြစ်ပါစေသတည်း။

အမျှ အမျှ အမျှ ယူတော်မူကြပါကုန်လော့။

သာဓု သာဓု သာဓု။ (ဤနည်း သုံးခေါက် အမျှဝေ၍ သာဓုခေါ်ကြပါသည်။)

❀

## မင်းကွန်း တိပိဋကဓရ ဆရာတော်
## ဦးဝိစိတ္တသာရာဘိဝံသ ၏
## အဂ္ဂမဟာပဏ္ဍိတ ဆွမ်းဆန်တော် အလှူကို
## နိကာယ်ငါးရပ် ပိဋကတ် သာသနာတော်အား

# လှူဒါန်းသော စာတမ်း

။ သိဒ္ဓိရတ္ထု ။

အဂ္ဂမဟာပဏ္ဍိတ အရိယမဂ္ဂင် ဆရာတော်ဘုရားကြီး၊ ဓမ္မစကြာသုံးဆယ်ပေး ဆရာတော်ဘုရားကြီး၊ ဆရာတော်ဘုရားကြီး နှစ်ပါးတို့အမှူးပြုသော ဓမ္မနာဒတိုက် နာယက အဖွဲ့ဝင် ရဟန်းတော်များကို သက်သေထား၍ တပည့်တော် ရိုသေစွာ လျှောက်ထားပါသည်ဘုရား။

အကြောင်းမှာ တပည့်တော်အား နိုင်ငံတော်အစိုးရက ၁၃၄၀-ပြည့်နှစ် ပြာသိုလဆန်း ၇-ရက်၊ (၁၉၇၉-ခု ဇန်နဝါရီလ ၄-ရက်၊ လွတ်လပ်ရေးနေ့)က အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ် ဆက်ကပ်ကြောင်း ကြေငြာ၍ ၁၃၄၁-

ခုနှစ်၊ နယုန်လပြည့် 'မဟာသမယနေ့' (၁၉၇၉-ခု၊ ဇွန်လ ၉-ရက်၊ စနေနေ့)က ဆဋ္ဌသံဂါယနာ မဟာပါသာဏ လိုဏ်ဂူတော်၌ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို သာသနာရေးဝန်ကြီး ဗိုလ်မှူးချုပ် ဦးစိန်လွင် ကိုယ်တိုင်ကြီးစွာသော အခမ်းအနား ကျင်းပ၍ ဆက်ကပ် လှူဒါန်းခဲ့ပါသည်ဘုရား။

ထိုအဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော် အတွက် နိုင်ငံတော်အစိုးရက နှစ်စဉ် လှူဒါန်းမြဲဖြစ်သော ဆွမ်းဆန်တော်ကို နှစ်စဉ်လှူဒါန်းမည်မှာ အမှန်ပင် ဖြစ်ပါသည်ဘုရား။ ထိုသို့ နိုင်ငံတော်အစိုးရက လှူဒါန်းမည့် အဂ္ဂ-မဟာပဏ္ဍိတ ဆွမ်းဆန်တော်စရိတ် လှူဒါန်းနေကျ တစ်နှစ်လျှင် ၇၅ဝိ၊ သို့မဟုတ် အသစ်တဖန် တိုးတက်ပြင်ဆင်၍ လှူဒါန်းမည့် ဆွမ်းဆန်တော် ဝတ္ထုတို့ကို တပည့်တော်၏ ကိုယ်ရေးကိုယ်တာ အတွက် အသုံးမပြုဘဲ (တိပိဋကဓရ ဆွမ်းဆန်တော်ကဲ့သို့) နိကာယ် ငါးရပ်ပိဋက သာသနာတော်အား ဗောဓိဉာဏ်ကို ဆုမှန်း၍ လှူဒါန်းပါသည် ဘုရား။ ဗောဓိဉာဏ်ကို ဆုမှန်း၍ လှူဒါန်းပါသည်ဘုရား။

ထိုသို့ တပည့်တော် လှူဒါန်းသော အဂ္ဂမဟာပဏ္ဍိတ နှစ်စဉ် ဆွမ်းဆန်တော်ကို မင်းကွန်းတောင်ရိုး မိုးမိတ်ကုန်းမြေ ဘိပိဋက=နိကာယအဖွဲ့က ကပ္ပိယကာရကအဖြစ် ဆောင်ရွက်၍ ထို တိပိဋက=နိကာယ ကျောင်းတိုက်သို့ လာရောက်၍ တိပိဋကစာပေ၊ နိကာယစာပေတို့ကို ကျက်+အံ+ကြဲ+ကြည့်ကြသော တိပိဋကဓရ စာသင်သားကြီးများ ပစ္စည်းလေးပါးဖြင့် မငြိုမငြင် ပေပင်မပန်းစေရန်

(တိပိဋကဓရ လစဉ် ဆွမ်းဆန်တော်ကဲ့သို့) ပရိယတ္တိ သာသနာတော်အတွက် အသုံးပြုရန် တိပိဋက=နိကာယ သာသနာပြုအဖွဲ့သို့ ကပ္ပိယကာရကအဖြစ် ဆောင်ရွက်ရန် အပ်နှင်းပါသည် တုရား။

ဣဒံ မေ ပုညံ ဓောခိဉာဏဿ ပစ္စယော ဟောတု၊ (သုံးခေါက်)

ဦးဝိစိတ္တသာရာဘိဝံသ

ဓမ္မနာဒတိုက် မင်းကွန်း။

၁၃၄၁-ခု၊ နယုန်လပြည့်ကျော် ၁၂-ရက်၊

၁၉၇၉-ခု၊ ဇွန်လ ၂၁-ရက်၊သောကြာနေ့။

(မိတ္တူမှန်)

❀

သာသနာနှစ် ၂၅၂၅-ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၄၃
သီတင်းကျွတ်လပြည့်ကျော် ၁၀-ရက်
(ခရစ်နှစ် ၁၉၈၁-ခုနှစ်၊ အောက်တိုဘာလ ၂၃-ရက်)
သောကြာနေ့။

## မန္တလေးတိုင်း၊ မြင်းခြံမြို့နယ် သဲဖြူဝကျေးရွာ
## တိပိဋကကျောင်း ရေစက်ချစာတမ်း

သီလဝန္တ ဂုဏဝန္တ သိက္ခာကာမ ဖြစ်တော်မူကြသည့် ကြွရောက်တော်မူလာကြသော ပင့်သံဃာ ၄၅-ပါးအရှင်မြတ်များကို သက်သေတိုင်ကြား အမှူးထား၍ ဤတိပိဋက ကျောင်းလှူတ်ပူဇော်ပွဲသို့ ဝမ်းမြောက်နှမော် သာဓုခေါ်ရန် ရောက်ရှိစည်းဝေးမိကြသော သပ္ပုရိသ ကလျာဏနွယ်ဝင် သူတော်စင် ဒကာ+ဒကာမတို့နှင့် တကွ ဤသဲဖြူဝကျေးရွာ၌ နောက်နောင်အခါ ဖြစ်ပေါ်လာကြမည့် ဒကာ+ဒကာမအပေါင်း သူတော်ကောင်းတို့အား ဤ တိပိဋကကျောင်း ဖြစ်ပေါ်လာပုံ လှူဒါန်းပုံတို့ကို အာရုံထင်ထင် သိမြင် ဝမ်းမြောက်နိုင်ကြစေမည့်သောငှာ ကောင်းစွာ ဖော်ပြလိုပါသည်။

ဘုန်းကြီး၏အဖို့ ဤသဲဖြူဝကျေးရွာ၊ ကျည်းပင် ကျေးရွာတို့မှာ မွေးရာဇာတိ ဌာနဖြစ်သောကြောင့် မမေ့အပ်သော အရပ်သုံးပါးတို့တွင် တစ်ပါးအပါအဝင် ဖြစ်သည်

ကို အစဉ်မပြတ် သတိချပ်လျက်ရှိသည့် အပြင်၊ ပျံလွန်တော်မူသွားသော သဲဖြူ၀ကျောင်း ဒုတိယဆရာတော် ဦးရေဝတ က ဘ၀ဆုံးစွန် ပျံလွန်တော်မူခါနီးတွင် ကျေးရွာလူကြီးများ သက်သေထား၍ ဘုန်းကြီးအား ဤသဲဖြူ၀ကျောင်း ဂရုဘာက်, လယာဘာက် ပစ္စည်းအရပ်ရပ်တို့ကို လွှဲအပ်လှူဒါန်းကြောင်း စာတမ်းရေးသားလှူဒါန်းသွားသောကြောင့် ဤသဲဖြူ၀ ကျောင်းကို ဥပေက္ခာပြု လျစ်လျူရှု၍ မထားရန် ပလိဗောဓ တာ၀န်ရှိ၍လာပါတော့သည်။

ရောဝတီမြစ်ကမ်း ပြိုသဖြင့် ထိုထို သဲဖြူ၀ကျေးရွာ ဒကာ+ဒကာမတို့ ရွာနေရာ ပြောင်းရွှေ့ရသော ဒုက္ခအကြိမ်ကြိမ် တွေ့ကြုံကြရသောကြောင့် မိမိတို့၏ ရွာဦးကျောင်းကြီးကို တပါတည်း လုပ်အားပေး၍ နေရာမျှကိုသာ ပြောင်းရွှေ့ပေးနိုင်ကြပြီး အသစ်တဖန် ပြန်လည်တည်ဆောက်ရန် အခက် ရှိခဲ့ကြသဖြင့် ကျောင်းနေဘုန်းကြီး ဦးကုသလမှာ ငါးနှစ်ကျော် ခြောက်နှစ်မျှ တဲကုပ်ကျောင်းဖြင့်သာ ၀ါဆိုနေထိုင်ခဲ့ရသည့် ဖြစ်အင်ကို မျက်မြင်ဒိဋ္ဌ တွေ့ကြုံရသော ဘုန်းကြီး၏ အဖို့ရာ အထက် ဖော်ပြရာပါ

၁။ ဇာတိရပ်ရွာဖြစ်ခြင်း

၂။ တာ၀န်ရှိခြင်း

အကြောင်းနှစ်သင်းတို့ကို စဉ်းစားဆင်ခြင်မိပါ၍၊ မိမိ၏ အတွက်တာ အယဟ်အောက် မြို့ရွာ ဒကာ+ဒကာမတို့က တိပိဋက ဓမ္မပူဇာအဖြစ် သဒ္ဒါပြဋ္ဌာန်း လှူဒါန်းပူဇော်ကြသည့် န၀ကမ္မတို့ကို မုတ္တစာဂ စေတနာ သဒ္ဒါ ရဲရဲ စွန့်ကြဲကြပြီးလျှင်=

(၁) သုံးခန်း နှစ်ခန်း အကျယ်အဝန်းရှိ၍ အောက်ထပ် အုတ်နံကပ် (ပတ်ကား)၊ အထက်ထပ် အုဘ်နံထောင်၊ ခေါင်အမိုး ကျွန်းသား အုတ်ကြွပ်ဖြင့် ပြီးသော တိပိဋက ဘုရားကျောင်းကို လည်းကောင်း၊

(၂) ကျောင်းမ သုံးခန်း+ငါးခန်း၊ စမြင် သုံးဘက်လှည့်၊ အာဝါသိက ကျောင်းနေဘုန်းကြီး ချမ်းသာစွာ သီတင်းသုံးရန် ဆင်ဝင် နှစ်ခန်း ပတ်လည် ကျန်းမာရေး ဓရချိုးခန်း+ဝစ္စကုဋိခန်းနှင့်တကွ အမိုးကျွန်းပျဉ် အုတ်ကြွပ်ဖြင့် ပြီးသော တိပိဋက အမည်ကမ္ပည်းသသည့် နှစ်ထပ်အုတ်တိုက်ကျောင်းကို လည်းကောင်း၊

ဤ **သာသနာ့အဆောက်အအုံ** နှစ်ရပ်တို့ကို ဆောက်လုပ်ပြီးပြေ ရှိစေခဲ့ပါပြီ။

ထို သာသနာ့အဆောက်အအုံ နှစ်ရပ်တို့ကို ရေစက်ချ ကျောင်းလွှတ် ပူဇော်သဘင် ဆင်ယင်ကျင်းပရန် အချိန်တန်ပြီဖြစ်ရကား ယခု ၁၃၄၃-ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၀-ရက်၊ (၁၉၈၁-ခုနှစ်၊ အောက်တိုဘာလ ၂၃-ရက်) သောကြာနေ့တွင် ပရိဝါရ အခြံအရံ ဒါနကောင်းမှု ဖြစ်ပါစိမ့်သောငှာ ပင့်သံဃာ အရှင်မြတ်များနှင့်တကွ ကလျာဏမိတ် ပရိသတ်တို့အား မွန်မြတ်သော ဆွမ်း+ခဲဖွယ်+ဘောဇဉ် ဆက်ကပ်လှူဒါန်း ကျွေးမွေးဧည့်ခံခြင်း၊ ပင့်သံဃာအရှင်မြတ်တို့အား သင်္ကန်းအစုံ+ထီး+ဖိနပ်+မျက်နှာသုတ်သင်္ကန်း စသော ဒါနဝတ္ထု လှူဒါန်းခြင်းအမှုတို့ကို ရှေးဦးစွာ ပြုကြပါသည်။

ပရိဝါရ ဒွါနကောင်းမှု ပြုရှိပြီးရာ ယခုအခါဝယ် ဒကာ+ဒကာမများ အပေါင်း သူတော်ကောင်း တို့ကို သီလတည်းဟူသော သာသနာမြေ၌ ကြံ့ကြံ့ခိုင်ကျည် ရပ်တည်စေကြ၍ ပရိတ်တရား နာကြားပြီးစ ယခုအခါ ကာလဝယ် သက္ကစ္စဒါန ဖြစ်စိမ့်သော ငှာ သာသနာနွယ်ဝင် အဝ်ခကြီးများဖြစ်ကြသည့် ဆရာကြီး ဒေါက်တာဗ္ဗစာဂီ၊ ဆရာကြီး ဒေါက်တာနန္ဒာသီရိတို့နှင့် 'မွေးဖခင်၏ ညီမထွေး' အရီးလေး ဒေါ်ငွေပေါတို့ကို ဖြောဖြောဝှန်ဝှန် မိမိကိုယ်စား ရေစက် ချသွန်စေပြီးလျှင်—

(၁) ဆောက်လုပ်ပြီးပြေ ရှိနေပါသော တိပိဋက ဘုရားကျောင်း အထက်ထပ်ကို သဗ္ဗညု မြတ်စွာဘုရားကို ရည်မှန်း၍ ဗောဓိဉာဏ်ကို ဆုမှန်းလျက် ဗုဒ္ဓသန္တက အဖြစ်ဖြင့် 'လှူဒါန်းပါ၏။ အောက်ထပ် အပြင်ကိုမူ ဤ သဲဖြူ ဝကျောင်းသို့ လာရောက် နေထိုင်ကြ၊ ဥပုသ် သီတင်း စောင့်သုံးကြသော ရဟန်း+ရှင်+လူအပေါင်း အား ဗောဓိဉာဏ်ကို ဆုမှန်းလျက် သံဃိက အဖြစ်ဖြင့် လှူဒါန်းပါ၏။

(၂) တိပိဋက နှစ်ထပ် တိုက်ကျောင်းကိုကား (တိပိဋက ဓမ္မပူဇာ နဝကမ္မတို့မှ ဖြစ်ပေါ်လာသည့် ကျောင်း ဖြစ်သောကြောင့်၊) ဤ သဲ ဖြူ ဝ ကျောင်းသို့ ရောက်ပြီး+ ရောက်ဆဲ+ ရောက်လတ္တံ့ ဖြစ်သော ရဟန်းသာမဏေတို့၏ ခန္ဓာ အစဉ်၌ ကိန်းတည်ပြီး+ ကိန်းတည်ဆဲ+ ကိန်း တည်လတ္တံ့ ဖြစ်သော ရဟန်း တို့ သိက္ခာ +

သာမဏေတို့ သိက္ခာ သုံးပါး သိက္ခာသာသနာ
တော်အား သဒ္ဓါကော်ရော် ပေါဓိဉာဏ်ကို
ဆုမွန်း၍ သာသနိက အဖြစ်ဖြင့် ပူဇော်ပါ၏။
လှူဒါန်းပါ၏။

အထူးအားဖြင့် ယခု ဆောက်လုပ်လှူဒါန်းပြီးသော ကျောင်းများ မပျက်စီးအောင် ယခုလက်ရှိ ကျောင်းထိုင် ဘုန်းကြီးဖြစ်သူ ဦးကုသလကို အမှူးပြု၍ သဲဖြူဝကျေးရွာ ရွာလူကြီး အဆက်ဆက်တို့သည် ရက္ခက + ဂေါပက ကျောင်းကော်မတီအဖြစ် ထိန်းသိမ်းစောင့်ရှောက်ကြပါရန် တောင်းပန် + တိုက်တွန်း + နှိုးဆော်အပ်နှံပါ၏။ ဘုန်းကြီး ဦးကုသလနှင့်တကွ သဲဖြူဝကျေးရွာ ရွာလူကြီး အဆက်ဆက်တို့သည် ရက္ခက+ဂေါပက ကျောင်းကော်မတီအဖြစ်ဖြင့် ဤ သဲဖြူဝကျေးရွာ သာသနာတော်အတွက် တိုးတက်စည်ပင် ကြည်လင် ထွန်းပရန် ထက်သန်သော သဒ္ဓါ + စေတနာတို့ဖြင့် ကောင်းစွာ ထိန်းသိမ်းစောင့်ရှောက်ပေးကြပါရန် အထူးဗင် မေတ္တာရပ်ခံအပ်ပါသည်။

ယခုအခါ ဤ သာသနာနုဂ္ဂဟ ထာဝရ ကောင်းမှုအဖို့အစုကို အနုမောဒနာ မဟာကုသိုလ်တရား ဖြစ်ပွားကြစေရန် အမျှပေးဝေပါတော့မည်။ ဇနီးမောင်နှံပ်တို့တစ်စု ပြုအပ်သမျှသော သာသနာနုဂ္ဂဟ ကုသိုလ်ကောင်းမှုအဖို့ ဘာဂကို အမိ-အဖ-အဘိုး-အဘွား- ဆရာသမားတို့နှင့် တကွ ယခု ရောက်ရှိလာကြသော ကလျာဏမိတ် ပရိသတ်တို့အား အမှူးထား၍ ဘုံသုံးပါး၌ ထင်ရှားရှိကြသော သုခိတ+ဒုက္ခိတ များစွာ သတ္တဝါအပေါင်းအား အမျှပေးဝေပါ၏။ အမျှ ပေးဝေပါ၏။ အမျှ ပေးဝေပါ၏။

မိ-ဖ-ဘိုး-ဘွားဆရာသမား အမျှုးထား၍ ဘုံသုံးပါး၌ ထင်ရှားရှိကြသော သုခိတ + ဒုက္ခိတများစွာ သတ္တဝါတို့သည် ပဏ္ဏာနုမောဒ် သာဓုခေါ်ကြ၍ နှစ်ဖော်သော ကာယ-စိတ္တ သုခတရားတို့နှင့် ထင်ရှားကုံလုံ ပြည့်စုံကြသည် ဖြစ်ပါစေကုန်သောဝ်။

ဦးဝိစိတ္တသာရာဘိဝံသ

မင်းကွန်း တိပိဋကဓရ ဆရာတော်

❀

    ဏာ ဗျ ဓာ လာ

၁၃၄၃-ခုနှစ်၊ ပြာသိုလဆန်း ၂-ရက်။
၁၉၈၁-ခုနှစ်၊ ဒီဇင်ဘာလ ၂၇-ရက်၊ တနင်္ဂနွေနေ့။
ရန်ကုန်မြို့၊ သာသနာ့ရိပ်သာ ဖလ်ယဉ် ဓမ္မာရုံ၌
၃၄-ကြိမ်မြောက် ကျင်းပအပ်သော
တိပိဋကဓရ ရွေးချယ်ရေး စာတော်သဘင် ဖွင့်ပွဲ၌
ချီးမြှင့် ဖတ်ကြားအပ်သော

# အနုမောဒနာ သာရဏီယကထာ

နှင့်

၁၃၄၃-ခုနှစ် ပြာသိုလဆန်း(၂-ရက် ၁၉၈၁-ခုနှစ် ဒီဇင်ဘာလ ၂၇-ရက်) တနင်္ဂနွေနေ့၊ ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော် သံဃ မဟာနာယကအဖွဲ့က ဦးစီး၍ ပြည်ထဲရေးနှင့် သာသနာ ရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ၃၄-ကြိမ် မြောက် ကျင်းပအပ်သော တိပိဋကဓရ ရွေးချယ်ရေး စာမေးပွဲ၌ နိုင်ငံတော် သံဃနာယကအဖွဲ့၏ ကိုယ်စား အကျိုးတော်ဆောင် တိပိဋကဓရ ဦးဝိစိတ္တသာရာဘိဝံသ က တိပိဋကဓရ အလျာ သာသနာ့ အာဇာနည် အရှင် မြတ်တို့အား အားပေးစကား လျှောက်ထား ပြောကြား အပ်သော

# အနုဗလပ္ပဒါန သာရဏီယကထာ

**။ သိဒ္ဓမ်။**

၃၄-ကြိမ်မြောက် ကျင်းပအပ်သည့် တိပိဋကစရ ရွေးချယ်ပွဲသို့ ကြီးကဲသော သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာ-ဗိုလ်ငါးဖြာတို့ဖြင့် စေတနာကဲမောက် ဝင်ရောက်ပြန်ဆို–ဖြေဆိုတော်မူကြမည့် သာသနာ့ အာဇာနည် အလျာသိက္ခာ သုံးပါး လိုလားအိတောင်း အရှင်မြတ်အပေါင်းတို့။ ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် အစိုးရသည် နိုင်ငံတော် သံဃမဟာနာယက အဖွဲ့က ဦးစီးရှေ့ဆောင်၍–

(၁) နိုင်ငံတော်၌ ပရိယတ္တိသာသနာတော် အဓွန့်ရှည်စွာ သန့်ရှင်း တည်တံ့ခိုင်မြဲ ထူးကဲပြန့်ပွား စည်ပင်စေရန်။

(၂) ပိဋကသုံးပုံကို နှုတ်ငုံဆောင်နိုင်သည့် သာသနာ့ အာဇာနည် အရှင်မြတ်တို့ စဉ်ဆက်မပြတ် ပေါ်ထွက်စေရန်။

(၃) ဗုဒ္ဓမြတ်စွာ သာသနာတော်တွင်း၌ ဘုန်းကံပါရမီထူး ဉာဏ်ပညာထူးနှင့် ပြည့်စုံသော ပုဂ္ဂိုလ်ထူးတို့ကို ဖော်ထုတ်၍ သာသနာတော်ကို အားပေးချီးမြှောက်ရာတွင် အဆင့်အတန်းမြင့်မားစွာ အားပေးချီးမြှောက် ထောက်ပံ့နိုင်ရန်။

ဤ မွန်မြတ်လှစွာသော ရည်သန်ချက် သုံးရပ်တို့ဖြင့် နှစ်စဉ် နိဗ္ဗ ဤ တိပိဋကဓရ ရွေးချယ်ရေးစာမေးပွဲကြီး ကို ဝှဲချီးကျင်းပ ပြုလုပ်ဆင်ယင်ခဲ့ကြသည်မှာ ယခုနှစ် အကြိမ်နှင့်ပါဆိုလျှင် အကြိမ်ပေါင်း ၃၄-ကြိမ်မြောက်သို့ ရောက်ရှိ အောင်မြင်ခဲ့ပါသည် အရှင်တို့ဘုရား။

တပည့်တော်များ တိပိဋကဓရ ပြန်ဆို-ရေးဖြေခဲ့စဉ်က ‘ငါ့မှာ ကာယဗလ အားနည်းလှသော်လည်း ဤတိပိဋက ဓရ ဓမ္မကိစ္စ၌ သဒ္ဓါ, ဝီရိယ, သတိ, သမာဓိ, ပညာ = ဓမ္မ အားကြီး ငါးဖြာတို့သာ ပဓာနကျ၍ ထိုဗလငါးတန် တို့သည်လည်း လောကင့ကုံလုံ အား ထား လောက် အောင် ပြည့်စုံ၍ အာဂုံ-ရေး ဖြေ နှစ်ထွေလုံး အောင် မြင်နိုင်သည်’ ဟု မိမိ၏စိတ်ကိုတင်း၍ပြန်ဆို-ရေးဖြေခြင်း အမှု ပြုခဲ့ပါသည်။ အရှင်မြတ်တို့မှာလည်း,...

(၁) သာသနာတော်၌ သက်ဝင်ယုံကြည်ခြင်းတည်း ဟူသော=သဒ္ဓါအား

(၂) ဆိုင်ရာဆိုင်ရာ ပိဋကတ်ကို နေ့ညမပယ်တ် အား ထုတ် ကျက်-အံ-ကြည့်ခြင်း တည်းဟူသော= ဝီရိယအား

(၃) ဆိုင်ရာဆိုင်ရာ ပိဋကတ်တို့၌ နေ့ညဉ့်မပြတ် သတိချပ် အောက်မေ့ခြင်း တည်းဟူသော= သတိအား

(၄) ဆိုင်ရာဆိုင်ရာ ပိဋကတ်တို့၌ စိုက်စိုက်စူးစူး အထူးမြဲမြံ ရှုအား သန်ခြင်း တည်းဟူသော= သမာဓိအား

ထာ ၅ ဓာ ထာ    ဓိ=နိ ❀ ၊ ၉ ၃

## (၅) ဆိုင်ရာ ဓမ္မ ဝိနယတို့ကို နေ့ညထင်ထင် ဆင်ခြင်စဉ်းစားခြင်း တည်းဟူသော=ပညာအား

ဤစွမ်းအားထက်သန် ဗလငါးတန်တို့ လောကင်္ကုံလုံ ပြည့်စုံခြင်း အသင့်ရှိလင့်ကြသဖြင့် ဤယခု တိပိဋကစာပြန်ခြင်း၊ စာဖြေခြင်း ကိစ္စတို့မှာ မုချကေန်ပင်အောင်မြင်ထမြောက်လိမ့်မည်ဟု ယုံကြည်ချက် သဒ္ဓါတရားထက်သန်စွာ ထားကြဖို့ အားပေးကူညီမှု အနုဗလပ္ပဒါနစကား လျှောက်ထား ပြောကြားအပ်ပါသည် အရှင်ဘုရားတို့။

တိပိဋကဓရအလျာ အာဇာနည် လောင်း အရှင်ကောင်းတို့။ ၎င်းပြင်တဝ အရှင်တို့ ဝမ်းမြောက်ကြရန် သံဃမဟာနာယကအဖွဲ့၏ ကိုယ်စား အရှင်တို့အား တပည့်တော် အသိပေးစကား လျှောက်ထားလိုပါသည်မှာ-အရှင်တို့၏ စိတ်သန္တာန်၌ 'ဘုန်းလျှံမြတ်စွာ သာသနာတော်၏အသက်ကား ဝိနည်းတရားပင်ဖြစ်သည်'ဟု ယုံကြည်ခြင်း တဒ္ဓါတရား ရှိကြသည့် အားလျော်စွာ ဝိနည်းတော် ဒေသနာကို ပဌမာဒိက နှုတ်တက်အာဂုံ ဆောင်ကြကာ ဂမ္ဘီရာဓိပ္ပာယ ဂဏ္ဌိတ္တ အနက်သဘောတို့ကိုလည်း နစ်နောစွာဆင်ခြင် သိမြင်လေ့လာ အလိမ္မာ စွမ်းရည် ဝသီဘာဝ နိုင်နင်းလိုသော ကုသိုလ်ဆန္ဒ ထက်သန်စွာ ဖြစ်ရှိကြမည်ကို သံဃမဟာနာယက ဆရာတော်များ အလေးအနက် စဉ်းစား သတိထားဆင်ခြင် သိမြင်ရင်း ရှိကြသဖြင့် တိပိဋကဓရ ဝိနယ ဘာသာကို 'ဥဘယာနိ ခေါ ပန သ ပါတိမောက္ခာနိ ဝိတ္ထာရေန သွာဂတာနိ ဟောန္တိ' အစ ရှိသော ပါဠိတော်

သဘော အစဉ်သဖြင့် လိုက်လျှောအောင် ဥဘတော ဝိဘင်းကို တစ်ပိုင်း၊ ခန္ဓက-ပရိဝါရကို တစ်ပိုင်း နှစ်ပိုင်း ပြင်ဆင်၍ အလျင် လက်ဦး အလွယ်တကူ အောင်ပန်း ခူးနိုင်ကြရန် အထူး စဉ်းစား ဆင်ခြင်တော် မူကြကာ မေတ္တာရည် ဆွတ်ဖျန်း၍ ပြဋ္ဌာန်းသတ်မှတ်တော်မူကြ ပါသည်။

အရှင်မြတ်တို့အဖို့ရာ မကြာမီ အနာဂတ်ကာလ၌ သာသနာ့ရေး တန်းမှ စွမ်းစွမ်းတမံ သာသနာ့တာဝန်ကို အားသွန်ကြိုးပမ်း ထမ်းဆောင်ကြရမည် ကေန်အမှန်ပင် ဖြစ်ကြ၍ ဝိနယဓရ ဝိနယကောဝိဒ သာသနာ့ သက်စောင့် ပုဂ္ဂိုလ်များပီပီ ဤသာသနာတော် အဓွန့်ရှည်စွာ တည်တံ့ခိုင်ခံ့ရေးအတွက် ကျေးဇူးပြုကြမည့် ပုဂ္ဂိုလ်များ ထူးခြားစွာ ကေန်အမှန်ပင် ဖြစ်ကြလိမ့်မည်ဟု ယုံကြည် မျှော်ခေါ်၍ နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ကြီး၏ ဝိနည်းကို အလေးထား အရှင်တို့လည်း ဆောင်အား ရှိအောင် ပိုင်းခြား သတ်မှတ်ကာ ပြဋ္ဌာန်းသည့် စေတနာကို သေးနက်စွာ စဉ်းစား၍ အရှင်ဘုရားတို့သည် အားရဝမ်းမြောက်စွာ ဝိနည်းတော် ဒေသနာ သာသနာတော်၏ အသက် ဆတက်ထမ်းပိုး တိုး၍ ရှည်ပါစေဟု ရည်ရွယ်စား နှလုံးသွင်းကောင်း ထားကြလျက် ကြိုးစား ကြလိမ့်မည်ဟုလည်း နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ကြီးက အရှင်မြတ်တို့၏ ပါရမီကို ယုံကြည်ကိုးစား အားထားလျက် ရှိပါသည် အရှင်ဘုရားတို့။

မှန်ပါသည်။ ဝိနည်း ပိဋကတ်တော်သည် သီလသမ္ပဒါ အား ကျေးဇူးပြု ကြောင်း၊ သုတ္တန်ပိဋကတ်တော်သည်

ပညာသမ္ပဒါအား ကျေးဇူးများကြောင်း၊ အဋ္ဌကထာ ဖွင့်ပြချက်တို့ကို ပြက်ပြက်ထင်ထင် အရှင်မြတ်တို့ အကြိမ်ကြိမ်အထပ်ထပ် လေ့လာမှတ်သားအပ်ပြီး ဖြစ်ပါသည်။ အရှင်မြတ်တို့သည် ဝိနည်းပိဋကတ်ကို အထပ်ထပ် ရွတ်အံ ကြံစည်ပွားများ မှတ်သား ကျင့်ကြံခြင်းဖြင့် သီလသမ္ပဒါကို အလွယ်နှင့် ဖြည့်ကျင့်နိုင်ကြပြီးလျှင် သုတ္တန်ပိဋကတ် အဘိဓမ္မာ ပိဋကတ်တို့ကို အဆပ်ထပ်ရွတ်အံ ကြံစည်ပွားများ မှတ်သားကျင့်ကြံခြင်းတို့ဖြင့် သမာဓိသမ္ပဒါ၊ ပညာသမ္ပဒါ နှစ်သွယ်တို့ကိုလည်း အလွယ်နှင့် ဖြည့်ကျင့်နိုင်ကြမည် ကေန်အမှန်ပင် ဖြစ်ပါသည်။ ဤနည်းအားဖြင့် သီလ, သမာဓိ, ပညာ သိက္ခာသုံးပါး ဘုရားသာသနာတော်သည် အရှင်မြတ်တို့၏ လုံ့လ ဝီရိယဖြင့် ဆဆ ထမ်းပိုး တိုးတက်လင်းပြောင် အရောင်ပဝင်း ထွန်းလင်းမည်ကေန် အမှန်ပင် ဖြစ်ပါသည် အရှင်ဘုရားတို့။

သို့ဖြစ်သတ်၍ အရှင်မြတ်တို့သည် အလင်္ကာဒ္ဒါပမ စာသင်နည်းကို လိုက်စားကြလျက် လေးပါးသော သမ္မပ္ပဓာန ဝီရိယခြေအစုံတို့ဖြင့် မြေခံဇေယျာ သီလသမ္ပ-ဒါ အကျင့်မြတ်၌ ရပ်တည်ကြကာ သမာဓိ + ပညာ သမ္ပဒါနှစ်ပါး နှစ်ဘက်သွားစိန်သန်လျက်ဖြင့် သုံးထောင်ဝက် ကိလေ မာရ်နတ်၏ စစ်သည်တွေကို နှိမ်ချေ ပယ်သတ်၍ အရဟတ္တဖိုလ်အောင်နန်းကို သိမ်းမြန်းစိုးစံနိုင်ကြောင်း နည်းကောင်းလမ်းမှန် ရကြပြီ ကေန်ဖြစ်သောကြောင့်။

ဥတ္တာ ဝီရိယပါဒေန၊
ဘဒ္ဒန္တာ သီလဘူမိယံ။

ဆိန္နန္တု မိတိပညာဟိ၊
နိသ်ယေသေ ဣလ္လသဝေရိနော။

ဘဒ္ဒန္တာ = သာကိုယဇာတ် အရှင်မြတ်တို့ ဘုရား။ ဘဒ္ဒန္တာ=သိက္ခာသုံးပုံ ကောင်းသိန်ဂုဏ်ကို ကုံလုံထင်ရှား သာသနာ့အာဇာနည် အရှင်မြတ်တို့ဘုရား။ ဘဒ္ဒန္တာ = သာသနာတစ်ခေတ်ရောက် ဤယခု သုံးဆယ့်လေးကြိမ်မြောက် စာလျှောက်သဘင် တိပိဋကဓရ ပွဲကြီး ယင်ဝယ် အောင်မြင်ရန် နိမိတ်ကောင်း အရှင်မြတ် အပေါင်းတို့သည်။ ဝီရိယပါဒေန=သမ္မပ္ပဓာန ဝီရိယလေးပုံ စက်အစုံဖြင့်။ သီလဘူမိယံ=ဝိနယပိဋက အထောက်အပံ့ ရ၍ သီလမြေခံ ဇေယျဘုံ၌။ ဌတွာ=သတိခိုင်ကျည် ရပ်တည်တော်မူနိုင်ကြ၍။ မိတိပညာဟိ = သုတ္တန် ပိဋကတ်မှ သမာဓိ အဘိဓမ္မာ ပိဋကတ်မှ ပညာ ဘာဝနာ စိန်စက်ဓား နှစ်ဘက်အသွားတို့ဖြင့်။ နိသေယသေ = ကြွင်းမဲ့ဥဿုံ အလုံးစုံကုန်သော။ ဣလ္လသဝေရိနော = ကိလေသာစက် သုံးထောင်ဝက်ဟု နှောင့်ယှက်မာန်မူ သံသရာ့ရန်သူတို့ကို။ ဆိန္နန္တု=အမြစ်ကျေန် ပယ်လှန်ဖြတ်တောက် နိုင်ကြပါစေကုန်သတည်း။

(၀၁) ဆိန္နန္တု=သုံးဆယ့်လေးထောက် အကြိမ်ရောက်သည့် စာလျှောက်သဘင် တိပိဋက ပွဲကြီးယင်ဝယ် ဝင်တော်မူကြွား အရှင်များသည် လေးပါးမှန်လှ သမ္မပ္ပဓာန ဟု ဝီရိယခြေ သီလမြေ၌ ခိုင်ကျွမတ်ကျည် တံ့ရပ်တည်လျက် နှစ်မည်သမာဓိပညာဖြင့် ကိလေသာစက် သုံး-ထောင်ဝက် ကို ခုက်ဖျက်ချေမှုန်းစေကုန်သောဝ်ဟု မနေပမိဒိ ဤည်ဂန်ခြင်းရှိသည်ကို တပိဋကရေဒလှာ သာ

သနုသ္သူရဲကောင်း အရှင်မြတ် အပေါင်းတို့အား နှစ်ထောင်းရှင်ပျော် ထုတ်မြွက်ဖော်၍ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၏ ကိုယ်စား တပည့်တော် လျှောက်ထားအပ်သည့် အနုမောဒနာ သာရဏီယာခေါ်တွင် အားပေး-သတိပေး အသိပေးစကား အစဉ်ကို ဤတွင်ပင် ကမ္ဘာတ်ဖုံး၍ နိဂုံး ချုပ်အပ်ပါသည် အရှင်တို့ဘုရား။

နိုင်ငံတော် သံဃမဟာ နာယကအဖွဲ့၏ ကိုယ်စား

အကျိုးတော်ဆောင်

တိပိဋကဓရ အရှင် ဝိစိတ္တသာရာဘိဝံသ

၁၃၄၄-ခုနှစ်၊ နယုန်လပြည့်ကျော် ၁၄-ရက်၊
(၁၉၈၂-ခုနှစ်၊ ဇွန်လ ၂၀-ရက်)တနင်္ဂနွေနေ့ ၌
ရန်ကုန်မြို့၊ အမှတ် ၁၂၊ **နယူးလင်းလမ်းရှိ**
တိပိဋက ကျောင်းတိုက်အတွင်း
ဆောက်လုပ် လှူဒါန်းကြသော အဆောက်အအုံများနှင့်
ကျောင်းပစ္စည်းများ၊ ပိဋကတ် စာအုပ်များကို
အလှူရှင်များ စုပေါင်း၍ နိကာယ်ငါးရပ်
ပိဋကတ် သာသနာတော်အား
လှူဒါန်းကြသော

## ရေစက်ချ စာတမ်း

ပါတိမောက္ခ သံဝရ အာဇီဝပါရိ သုဒ္ဓိတလှစ် ပစ္စယသန္နိဿိတနှင့်ခြောက်တန်ဣန္ဒြေ လုံခြုံစေမှု သုဒ္ဓိစု- စတုပါရိသုဒ္ဓိသီလ လွလွဖြူလွင် ခရင်း ပုတ်သစ်အသွင် စင်ကြယ်ခြင်းဂုဏ်ရှိပါသော ဆရာတော်သခင် သံဃာတော် အရှင်မြတ်တို့ဘုရား။

(၁) တပည့်တော်များသည် မင်းကွန်း တိပိဋက ဆရာတော် ဦးဝိစိတ္တ က တိပိဋက=နိကာယ သာသနာ အား သဒ္ဒါရွှင်သန်း လှူဒါန်းအပ်သည့် တိပိဋကရေ လစာ ဆွမ်းဆန်တော်၊ အဋ္ဌပဟာပဏ္ဏိတ ဆွမ်းဆန်တော်

များ၊ တိပိဋကဓရ ဘွဲ့ရ ငွေရတုပူဇော အနာဂတ်သာသနာ နဝကမ္မများကို ရှေးဖျားမဆွ မူလ မ, တည်၍ ၁၃၄၀-ပြည့်နှစ်၊ မြန်မာ နှစ်ဆန်း ၁-ရက်၌ တိပိဋက = နိကာယ သာသနာပြုလုပ်ငန်းကို ကြိုးပမ်း စတင်ခဲ့ကြ၍ ထိုနှစ် ဝါဆိုလဆန်း ၅ ရက်နေ့တွင် မင်းကွန်းတောင်ရိုးမိုးမိတ် စေတီတော်ကြီးများ ကုန်းမြေတော်၌ တိပိဋက=နိကာယ ကျောင်းတိုက်ကို သိုက်မြိုက်ခမ်းနားစွာ သဒ္ဒါရှင်သစ် ဖွင့်လှစ်ခဲ့ကြပါသည် ဘုရား။

(၂) မင်းကွန်း တိပိဋက ဆရာတော် အရှင်ဝိစိတ္တာ၏ ဥက္ကဋ္ဌစေတနာ သဒ္ဒါလုလု ပင့်ဖိတ်မှုကြောင့် ထိုဖွင့်သစ်စ ပထမ ဖြစ်သည့် ၁၃၄၀-ပြည့်နှစ်၌ သံဃာ ၄၇-ပါး၊ ၁၃၄၁-ခုနှစ်၌ သံဃာ ၈၂-ပါး၊ ၁၃၄၂ - ခုနှစ်၌ သံဃာ ၁၁၃-ပါး ၁၃၄၃-ခုနှစ်၌ သံဃာ ၁၂၅-ပါး၊ တိပိဋက = နိကာယ စာသင်သားတို့ နှစ်ပါး သာမဂ္ဂီ စုံညီပြည့်ဝ ဝါဆို သီတင်းသုံးကြ၍ ဘုရား မှခပါဠိ ပိဋကတ် သုံးသွယ် နိကာယ် ငါးတန် ဓမ္မက္ခန် တို့ကို ကျက် + အံ + ကြံ + ကြည့် အချိန်ပြည့် လျှင် ပရိယတ္တိ သာသနာဝန်ကို အားသွန်ကြိုးပမ်း ထမ်းဆောင် တော်မူကြသဖြင့် တိပိဋက စာမေးပွဲ+နိကာယ် စာမေးပွဲ တို့သို့ ၁၃၄၀-ပြည့်နှစ်၌ ၃၇-ပါး ဝင်ရောက်ဖြေဆို ကြ၍ ၃၂-ပါး အောင်မြင်၊ ၁၃၄၁-ခုနှစ်၌ ၆၈-ပါး ဝင်ရောက်ဖြေဆိုကြ၍ ၅၈-ပါး အောင်မြင်၊ ၁၃၄၂-ခုနှစ်၌ ၁၀၁-ပါး ဝင်ရောက်ဖြေဆိုကြ၍ ၉၀-ပါး အောင်မြင်၊ ၁၃၄၃-ခုနှစ်၌ ၁၂၉-ပါး ဝင်ရောက် ဖြေဆိုကြ၍ ၈၈-ပါး အောင်မြင် ကြည်ရှင်ဝမ်းမြောက် လက်ပန်းပေါက်ခတ်လောက်အောင် ဘုန်းတော်မြတ်စွာ

ပရိယတ္တိသာသနာသည် ရောင်ဝါထိန်ဝင်း ထွန်းလင်း တောက်ပခဲ့ပါသည် ဘုရား။

(၃) တိပိဋကနိကာယ စာတော်ဝင် သံဃာတော် အရှင်တို့သည် နှစ်စဉ် နိဗ္ဗာန်နိုင်ငံတော်အစိုးရ၏ တိပိဋက ဓရ စာမေးပွဲ၊ ရန်ကုန်မြို့ နိကာယ် သာသနာတော် ထွန်းကားရေး အသင်းကြီး၏ နိကာယ် စာချောက် မေးပွဲ၊ ပဲခူးမြို့ နိကာယ်သာသနာတော် ပြန့်ပွားရေး အသင်းကြီး၏ နိကာယ် စာချောက် စာမေးပွဲများသို့ ဝင်ရောက်ပြန်ဆို ဖြေဆိုကြရန်နှင့် စာအောင်ပူဇော် ဘွဲ့တံဆိပ်တော် ခံယူရန် အတန်တန် အခေါက်ခေါက် ရန်ကုန်မြို့သို့ ကြွရောက်ရခြင်း၊ အောက် မြန်မာပြည် အတွက် တာဝန်ခံ တိပိဋကနိကာယ သာသနာပြု အဖွဲ့ခွဲ (ရန်ကုန်မြို့)အနေဖြင့် စေတနာရှင်များ၊ အဖွဲ့ဝင်များ လွယ်ကူစွာ ဆက်သွယ်၍ လှူဒါန်းနိုင်ရန် ဌာနခွဲနေရာ လိုအပ်လာခြင်း၊ တိပိဋကဓရ ဆရာတော် မကြွရောက်နိုင် သော မြို့နယ်၊ ဒေသ ဒကာ+ဒကာမတို့ အလွယ်တကူ စုပေါင်းလာရောက်ပူဇော်ရန်အတွက် လိုအပ်လာသဖြင့် မေတ္တာ ရပ်ခံကြခြင်း၊ တိ=နိ သာသနာပြု အဖွဲ့ကြီး၏ အုပ်ချုပ်မှုအဖွဲ့က ပင့်ချောက်အပ်သော မဟာထေရ်ကြီး များ အခါအားလျော်စွာ ကလရိယာပထ မျှတရွှင်ပြုံး သီတင်းသုံးကြရန်အတွက်လိုအပ်လာခြင်း၊ ဤအကြောင်း ရင်းတို့ကြောင့် ဆရာတော်ကို ကြည်ညိုရင်းရှိကြသော ဒကာ ဒကာမပေါင်း ၁၁၁-ဦးတို့က ရန်ကုန်မြို့၊ နယူး လင်းလမ်း၊ အမှတ် ၁၂ ရှိ ဝင်းခြံမြေနှင့်တကွ အဆောက် အအုံကို ဝယ်ယူကြလျက် ၁၉၃=ဦးတို့က မွမ်းမံပြင်ဆင် ပြီး တိပိဋကကျောင်းတော်ဟု အမည်ကမ္ဗည်း စိုက်ထောင်

၍ ၁၃၄၂-ခု၊ ရတုဟေမန်အစ တန်ဆောင်မုန်းလပြည့်ကျော် ၁-ရက်နေ့၌ လွေ့လွေ့စေတနာ သဒ္ဓါဇလ၀ လှုံ့ဆော်ရကား အဘိဓဇမဟာရဋ္ဌဂုရု ဆရာတော်ကြီးများ၊ တိပိဋကဓရ ဘွဲ့တံဆိပ်တော်ရ ဆရာတော်များ၊ နိုင်ငံတော် ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများနှင့် ပင့်သံဃာ မထေရ်ကြီးများ၏ ထံပါးမျက်မှောက် စက်ရိပ်အောက်ပယ် နိကာယ် ငါးရပ် ပိဋကတ်တော်တည်းဟူသော ပရိယတ္တိသာသနာတော်အား ဖော်ရော် ရွှင်လန်း ရေစက်ချသွန်း၍ လှူဒါန်းကြပါသည်။ ထိုရေစက်ချ သာသနပူဇာ မင်္ဂလာ၀ယ် သာသနာရေး၀န်ကြီးဌာန၊ သာသနာရေးဦးစီးဌာန၏ ပဓာနရွေ့သွား ညွှန်ကြားရေးမှူးချုပ် ဦးကြည်ညွန့် ကိုယ်တိုင် တိပိဋက=နိကာယ သာသနာပြု (ရန်ကုန်) ဌာနခွဲကို ဖွင့်လှစ်ပေးခဲ့ပါသည် ဘုရား။

(၅) တိပိဋက ကျောင်းတော် ခေါ်ဝေါ်သမ္မုတိ အမည်ရင်းရှိသော တိပိဋက = နိကာယ သာသနာပြု (ရန်ကုန်) ဌာနခွဲ လှူဒါန်းဖွင့်လှစ်ပွဲ ပြီးလျှင်ပင် ကုသိုလ်ရှင် အသီးသီးတို့က ကျောင်းတော်ကြီးကို မွမ်းမံပြင်ဆင် ထီးအထွတ် တင်ခြင်း၊ မဟာရာမ်စံတိုင်း၊ ရေချိုးဆောင်၊ ချမ်းသာသုခ ရေချမ်းစင်၊ ဆွမ်းချက်ကျောင်း၊ ကျန်းမာရေးကုဋီတို့ကိုပါ တည်ဆောက်လှူဒါန်းကြပြီးလျှင် ရန်ကုန်မြို့ ငါးထပ်ကြီးဘုရားလမ်း၊ အမှတ်-၇ နေ ဦးကြူ+ခေါ်ခင်မြင့် မိသားစုတို့နှင့် ရန်ကုန်မြို့ ဘားလမ်း၊ အမှတ် ၁၇၁ နေ ဦးချစ်ရွှေ+ဒေါ်ခင်၀င်း မိသားစုတို့

က ဆွမ်းစားကျောင်းဆောင်ကို ဆောက်လုပ်တည်လှူကြပါသည် ဘုရား။

(၆) သာသနာပြုဌာန ဤ တိပိဋကကျောင်းတော်သို့ ကြွရောက်တော်မူလာသော သံဃာတော် အရှင်မြတ်များ ကိုယ်စိတ်နှစ်ပါး ချမ်းသာစွာ သုံးဆောင်တော်မူနိုင်ကြရန် ရည်သန်ရိုးရင်း နှလုံးသွင်းကြ၍ ပရိဘောဂ အစုံနှင့်အိပ်ရာ၊ ခုတင်၊ ခြင်ထောင်၊ စောင်၊ ညောင်စောင် ၊အင်္ကျီ၊ပန်းကန်၊အိုးခွက်အစ လိုအပ်သမျှတို့ကို သေနာသန ပရိဘောဂတည်လှူကြပါသည့်အပြင် စာသင်သံဃာတော်များ လေ့လာ ကြည့်ရှု သုံးဆောင်နိုင်ရန် ပိဋကတ် ဓမ္မကျွန် အုပ်ရေ နှစ်ထောင်ကျော်တို့ကို ဓမ္မစေတီတော်အဖြစ် အားသစ်ကြည်ဖြူ တည်လှူကြပါသည် ဘုရား။

(၇) စာဖြေပွဲယူ ကြွလာတော်မူကြသည့် သာသနာ့အာဇာနည် အရှင်မြတ်တို့မှာ တစ်နှစ်ထက် တစ်နှစ်ဆက်၍ တိုးတက်စည်ကား များပြားလာသဖြင့် အာဝါသသပ္ပာယ မျှတစိမ့်သောငှာ မူလ တိပိဋကကျောင်း၏ တောင်ဘက်မှ ဆက်၍ ယှဉ်တွဲ တိုးချဲ့ တိပိဋက သုံးထပ်တိုက် ကျောင်းတော်ကြီးကို အလှူရှင် ၆၉-ဦးတို့က လည်းကောင်း၊ တရားပွဲ ကျင်းပ တရားတော်နာကြရာ အလှူဒါန ပြုလုပ်လှူဒါန်းကြရာ အခါတို့၌ သာယာအေးချမ်း လှူဒါန်းပူဇော်နိုင်ကြရန် တိပိဋက ဓမ္မသာလာ သညာခေါ်သွန်း တန်ဆောင်းဝန်းကို အလှူရှင် ၃၆-ဦးတို့က လည်းကောင်း သူ့ထက်ငါဦး အထူးထက်သန်ဒါယကာ ခံကြ၍ မြေမှ ငွေတောင် ပေါက်သော့ယောင်သို့ ထိန်

ပြောင်ညီးညီး လျှပ်စစ်မီးပန်ကာ အခြံအရံပါစေလျက် သာယာသော ကွန်းပြောက် ဆိုစ လောက်အောင် ဆောက်လုပ်ပြီးပြေ ရှိနေပါပြီ ဘုရား။

(၈) ထိုမှတဖုံ ရန်ကုန်မြို့ အင်းယားလမ်း၊ အမှတ် ၈၂-နေ၊ တိ=နိ သာသနာပြု ဦးစီးနာယကကြီး ဦးကျော် သောင်း+ဒေါ်မျိုးသိမ့် မိသားစုတို့ကလည်း ကျန်းမာ ရေး စက်ရေတွင်းနှင့်တကွ ရေစုပ်စက် ရေတိုင်ကီ လိုသည် မရှိ အပြည့်အစုံ တည်ဆောက်ပြီးပြေ ရှိနေပါပြီ ဘုရား။

(၉) တိ=နိ သာသနာပြုအဖွဲ့၊ ရာသက်ပန် အဖွဲ့ဝင် များ၏ ရာသက်ပန် ကြေးများကို သတ်သတ်မှတ်မှတ် လှူဒါန်းကြရမည်ဟု တိ = နိ သာသနာပြု အဖွဲ့ကြီး၏ လုပ်နည်း လုပ်ထုံး အခြေခံတွင် ညွှန်ပြသည့် အတိုင်း တိပိဋကကျောင်းတော် ဝင်းခြံမြေ ဝယ်ယူရာတွင် ကျပ်ငွေ တစ်သိန်း ပါဝင်ပြီး ဆွမ်းပြင်ဆောင်နှင့် ဓမ္မသာလာ အဆောက်အအုံတွင်လည်း ထည့်ဝင် လှူဒါန်းပြီး ဖြစ်ပါ သဖြင့် အဂ္ဂိသာလာ ဘဏ္ဍာဂါရ = မီးဖိုဆောင်နှင့် သိုလှောင်ကျောင်း နှစ်ထပ်တိုက် ဆောက်လုပ်ရန် စီစဉ် နေဆဲ ရှိရာ ထို အဆောက်အအုံအတွက်လည်း ရာသက်ပန် ဝင်ကြေးများဖြင့် တည်ထား ဆောက်လုပ်ရန် စီမံပြီး အသင့် ရှိနေပါပြီ ဘုရား။

(၁၀) ဆရာတော်သခင် သံဃာတော်အရှင်မြတ်တို့ ဘု ရား၊ လျှောက်ထား စာရင်းဖော်ပြရာပါ သာသနာပြု အဆောက်အအုံများ နှင့် တကွ ပရိဘောဂ အသုံး အဆောင် မြားမြောင်လှသော ဒါတဗ္ဗဝတ္ထု အစုစု အဝဝတို့ကို ဘုရားတပည့်တော် အဖွဲ့ဝင်+မငင် အလှူရှင်

ဒကာ+ဒကာမ အပေါင်းတို့သည် နောက်နှောင်းခါတွင် သားစဉ်မြေးဆက် ပြဿနာ မပေါ်ထွက်ဘဲ နှစ်သက်ဝမ်းသာ မဟာကုသိုလ်တရား အမြဲတမ်း ပွားစိမ့်သောငှာ မြတ်စွာဘုရား ဟောကြားမြွက်ဖော် ဓမ္မစက် ဒေသနာတော်ဖြစ်သည့် နိကာယ်ငါးရပ် ပိဋကတ်သုံးဖြာ ပရိယတ္တိ သာသနာတော်အား သဒ္ဓါရွှင်လန်း ဤရေစက်ချသွန်း၍ နိဗ္ဗာန်ကို ဆုမွန်းကြလျက် လှူဒါန်းကြပါကုန်၏ ဘုရား။

(၁၁) တပည့်တော်များ လှူဒါန်းထားကြသည့် မူလပင်ရင်း မင်းကွန်းတောင်ရိုး၊ မိုးမိတ်ကုန်းမြေ တိပိဋက=နိကာယ သာသနာပြုဌာန နှင့် ရန်ကုန်ဌာနခွဲ - ဤ သုံးဌာနရှိ တိပိဋက=နိကာယ သာသနာပြုဆိုင်ရာအဆောက်အအုံများစွာ အသုံးအဆောင်အဖြာဖြာ ရန်ပုံငွေများစွာ ရွှေ့ပြောင်းနိုင် မရွှေ့ပြောင်းနိုင်သော သာသနိက ဝတ္ထုပစ္စည်း အသီးသီးတို့ကို ပျက်စီးယိုယွင်းခြင်းမရှိ ပရိယတ္တိ သာသနာတော်တရား ကြီးပွားစည်မော ပြန့်ပြော တိုးတက်အောင်ရှက်ဆောင်နိုင်ရန် အလို့ငှာ တိပိဋက = နိကာယ သာသနာပြု အဖွဲ့ကြီးသို့ ထိန်းသိမ်း စောင့်ရှောက်ရန် မေတ္တာရပ်ခံကြ၍ ရက္ခက ဂေါပက အဖြစ်အပ်နှံကြပါကုန်၏ ဘုရား။ ရက္ခက ဂေါပကအဖြစ် အပ်နှံကြပါကုန်၏ ဘုရား။

(၁၂) တပည့်တော် အလှူရှင် အသီးသီး တို့ သည် လှူဒါန်းပြီး၊ လှူဒါန်းဆဲ၊ လှူဒါန်းကြရန် ဆက်လက် စီမံကြမည့် သာသနိက ဝတ္ထုပစ္စည်း ရွှေ့ပြောင်းနိုင် မရွှေ့ပြောင်းနိုင်သည့် လှူဖွယ်အသီးသီးတို့ကို ဝိဇ္ဇည်း မြတ်စွာ

ပရိယတ္တိ သာသနာတော်အား သဒ္ဓါထဲနှီး နိဗ္ဗာန်ကို ဆုသန့်မျိုးကြလျက် လှူဒါန်းကြပြီး၊ လှူဒါန်းကြဆဲ၊ လှူဒါန်းကြရန် ဆက်လက် စီမံကြမည်သာ ဖြစ်ပါကုန်သည် ဆရာတော်သခင် သံဃာတော် အရှင်မြတ်တို့ ဘုရား။

## ဆုတောင်းအမျှဝေ ကေပိုဒ်လင်္ကာ

ဗောဓိမဂ်ဉာဏ်၊ ရင့်ကြောင်းဖန်သား၊ ဝေယန်ဇာတိ၊ ကျောက်မဏိသို့၊ ညစ်ကျိမထင်၊ သဒ္ဓါစင်ဖြင့်၊ ကြည်ရွှင်ဆည်းစု၊ ဤကောင်းမှုကြောင့်၊ နိဗ္ဗုတိဗွေ၊ ဘေးမဲ့မြေသို့ လျင်ထွေထုတ်ချောက်၊ အရဟတ္တဖိုလ် ပေါက်အောင်၊ ရောက်ရပါလို၊ ဆုပန်ဆို၏။ ထိုကုသလ၊ ဖို့ဘာဂကို၊ မိ-ဖ ဆရာ၊ ဉာတကာနှင့်၊ ကလျာမိတ်များ၊ အစထား၍၊ သုံးပါးဘုံသူ၊ ဟိန္ဒူဂူအား၊ ရည်တူရရန်၊ ပတ္တိဒါန်ဖြင့်၊ မကျန်စေရ၊ ပေးဝေ၄သည်။ ။အမျှ အမျှ အမျှ ရကြသည် ဖြစ်ပါစေကုန်သောဝ်။

၁၃၄၄-ခုနှစ်၊ နယုန်လပြည့်ကျော် ၁၄-ရက်

၁၉၈၂-ခုနှစ်၊ ဇွန်လ ၂၀ ရက်၊ ၁ နေ့။

## မင်းကွန်း တိပိဋကဓရ ဆရာတော်
## ဦးဝိစိတ္တသာရာဘိဝံသ ၏
## အဘိဓဇမဟာရဋ္ဌဂုရု ဆွမ်းဆန်တော်အလှူကို
## နိကာယ်ပါးရပ် ပိဋကတ် သာသနာတော်အား
## လှူဒါန်းသော စာတမ်း

॥သိဒ္ဓမ်॥

အဂ္ဂမဟာပဏ္ဍိတ နိုင်ငံတော် ဩဝါဒါစရိယ သက်တော်ရှည် မင်းကွန်း အရိယမဂ္ဂင် ဆရာတော်ဘုရားကြီး အမှူးပြုသော မင်းကွန်း တိပိဋက=နိကာယ သာသနာပြုအဖွဲ့၏ နာယကဆရာတော်များ၊ ဥပနာယက ဆရာတော်များနှင့် ဓမ္မနာဒတိုက် နာယကဆရာတော်များကို သက်သေထား၍ တပည့်တော် ရိုသေစွာ လျှောက်ထားအပ်ပါသည် ဘုရား။

အကြောင်းမှာ တပည့်တော်အား ပြည်ထောင်စုဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံတော် အစိုးရမင်းများက ၁၃၄၅-ခုနှစ်၊ ပြာသိုလဆန်း ၂-ရက်၊ (၁၉၈၄-ခုနှစ်၊

ဇန်နဝါရီလ ၄-ရက်၊ လွတ်လပ်ရေး) နေ့က အဘိဓဇ မဟာရဋ္ဌဂုရု ဘွဲ့တံဆိပ် လှူဒါန်းကြောင်း ကြေညာခဲ့ပါ သည် ဘုရား။

ထိုကြေညာချက်အရ နိုင်ငံတော်အစိုးရက သတ်မှတ် သော ရက်+လ ရောက်ရှိသောအခါ အခမ်းအနား ကျင်းပ၍ တပည့်တော်အား အဘိဓဇ မဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော် ဆက်ကပ်ပြီးနောက် ထို အဘိဓဇ မဟာ ရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်အတွက် သတ်မှတ် ပြဋ္ဌာန်းအပ် သော ဆွမ်းဆန်တော် ဝတ္ထုတို့ကို နှစ်စဉ် နိဗဒ္ဓ လှူဒါန်း မည်မှာ အမှန်ပင် ဖြစ်ပါသည် ဘုရား။

ထိုသို့ နိုင်ငံတော်အစိုးရက လှူဒါန်းမည့် အဘိဓဇ မဟာရဋ္ဌဂုရု ဆွမ်းဆန်တော် ဝတ္ထုတို့ကို တပည့်တော် သည် ကိုယ်ရေးကိုယ်တာအတွက် အသုံးမပြုဘဲ ပညာ သံဝေဂနက ကုသိုလ်တရား ဖြစ်ပွားစိမ့်သောငှာ (တိပိဋက ဓရ လစာ ဆွမ်းဆန်တော် + အဂ္ဂမဟာပဏ္ဍိတ နှစ်စာ ဆွမ်းဆန်တော်များတို့ကဲ့သို့) နိကာယ်ငါးရပ် ပိဋကတ် သာသနာတော်အား ဗောဓိဉာဏ်ကို ဆုမှန်း၍ လှူဒါန်း ပါ၏ ဘုရား။ ဗောဓိဉာဏ်ကို ဆုမှန်း၍ လှူဒါန်းပါ၏ ဘုရား။

တပည့်တော် လှူဒါန်းအပ်သော ထိုအဘိဓဇ မဟာ ရဋ္ဌဂုရု နှစ်စာ ဆွမ်းဆန်တော်ကို မင်းကွန်း တိပိဋက= နိကာယ သာသနာပြု အဖွဲ့က ကပ္ပိယကာရကအဖြစ် ရွက်ဆောင်၍ ထိုတိပိဋက=နိကာယ ကျောင်းတိုက်သို့ လာရောက်၍ တိပိဋက=နိကာယ စာပေတို့ကို ကျက်+ အာ+ကြံ+ကြည့်ကြသော တိပိဋက=နိကာယ သံဃာတော်

များ ပစ္စည်းလေးပါးဖြင့် မပင်ပန်းစေရန် (တိပိဋကဓရ လစာ ဆွမ်းဆန်တော်၊ အဂ္ဂမဟာပဏ္ဍိတ တစ်နှစ်စာ ဆွမ်းဆန်တော်တို့ကို ကဲ့သို့) ပရိယတ္တိ သာသနာတော် အတွက် အသုံးပြုရန် တိပိဋက=နိကာယ သာသနာပြု အဖွဲ့သို့ ကပ္ပိယကာရကအဖြစ် ရွက်ဆောင်ရန် အပ်နှင်း ပါသည် ဘုရား။

ဣဒံ မေ ပုညံ ဗောဓိဉာဏဿ ပစ္စယော ဟောတု၊ (သုံးခေါက်)

**ဦးဝိစိတ္တသာရာဘိဝံသ**

ဓမ္မနာဒတိုက်၊ မင်းကွန်း။

၁၁-၁၀-၄၅၊ (၁၃-၁-၈၄)

သောကြာနေ့။

# အဘိဓမ္မာ အခါတော်နေ့

# နှင့်

# စပ်ဆိုင်ရာများ

## အဘိဓမ္မာဓနုနှင့် စပ်လျဉ်း၍

# ပြန်ကြားစာ

နေ့စွဲ ၁၃၂၂-ခု၊ တပို့တွဲလပြည့်ကျော် ၃-ရက်
မင်းကွန်း-ဓမ္မနာဒတိုက်မှ။

သို့....

ဒါယကာ ဦးကျော် (ဥက္ကဋ္ဌ)
အဘိဓမ္မာပြန့်ပွားရေး အသင်းကြီး၊
ရန်ကုန်မြို့။

ဟုန်းကြီး စာရေး ပြန်ကြားသိစေအပ်သည်မှာ .... ၂၃-၁-၆၁ နေ့စွဲပါ ဒါယကာ ဦးကျော်၏ လျှောက်ထားစာကို (၈-၁၁-၂၂) ၁၃၂၂-ခု၊ တပို့တွဲလဆန်း ၈-ရက်နေ့က ကောင်းစွာ ရရှိ၊ အကြောင်းကြောင်း သိရ၍ ဝမ်းမြောက်ပါသည်။ နု-ဗု-သ ဖိခင်နှင့် အဘိဓမ္မာသားကြီးတို့ သဘောထားကြီးစွာဖြင့် ဤပြဿနာကို ပြေလည်အောင် ဖြေရှင်းလိုက်ကြသည်မှာ နဝလူသာဂု ခေါ်လောက်အောင်ပင် ကောင်းမွန်လှပါပေသည်။

အဘိဓမ္မာ အခါတော် နေ့ သတ်မှတ်ရခြင်း အကြောင်းနှင့် ပတ်သက်၍ အဘိဓမ္မာ ပြန့်ပွားရေး အသင်းကြီးက တင်ပြသော အကြောင်း ၃-ရပ်လုံးပင် သင့်လျော်လျောက်ပတ် မှန်ကန်သော အကြောင်းပြချက်များ ဖြစ်ပေသည်။

ထိုအကြောင်းပြချက် ၃-ရပ်တို့တွင်....

၁- အချက်ဖြစ်သည့် 'အဘိဓမ္မာ ဒေသနာတော်ကို ဝါတွင်း သုံးလပတ်လုံး တာဝတိံသာ နတ်ပြည်၌ မြတ်စွာဘုရား ဟောကြားတော်မူခဲ့ရာ သီတင်းကျွတ် လပြည့်နေ့၌ အပြည့်အစုံ ပြီးဆုံးစေခဲ့သည် တခကြောင်း' ဟူသော အကြောင်းပြချက်ကို နှစ်ဘက်လုံး ကပင် သဘောတူညီ နှစ်သက်လက်ခံပြီးဖြစ်၍ ထပ်မံဖြေရှင်းရန် မလို။

၃- အချက်ဖြစ်သည့် 'အရှင်သာရိပုတ္တရာက မိမိ၏ တပည့်ရဟန်းငါးရာအား မကျယ်လွန်း မကျဉ်းလွန်းသော နာတိဝိတ္ထာရ နာတိသင်္ခေပနည်းအားဖြင့် သင်ကြားပေးခြင်းသည်လည်း သီတင်းကျွတ်လပြည့်နေ့မှ ပင် ပြိုင်တူ ပြီးဆုံးသည်လည်း တစ်ကြောင်း' ဤအကြောင်းပြချက်မှာ....

သမ္မာသမ္ဗုဒ္ဓဿ အဘိဓမ္မဒေသနာ ပရိယော
သာနဉ္စ ဟောသိ ဘိက္ခူနံ သတ္တပကရဏဥဂ္ဂဟဏဉ္စ
ဧကပ္ပဟာရေနေဝ အဟောသိ။

သမ္မာသမ္ဗုဒ္ဓဿ = မြတ်စွာဘုရား၏။ အဘိဓမ္မဒေ-သနာပရိယောသာနဉ္စ=အဘိဓမ္မာ တရားတော်ကို ဟော

ဆိုမှု၏ ပြီးဆုံးခြင်းသည် လည်းကောင်း။ တေသံ ဘိက္ခုနံ= ထိုရဟန်း ၄ ပါးရာတို့၏။ သတ္တပကရဏ ဥဂ္ဂဟဏာဒ္ဓ=အဘိဓမ္မာ ခုနစ်ကျမ်းပြည့် သင်ကြားတတ်မြောက်ခြင်းသည် လည်းကောင်း။ ဧကေပဟာရေနေဝ = တပြိုင်နက်တည်း သော ခဏ၌ပင်လျှင်။ အဟောသိ=ဖြစ်ပြီ-ဟု ဖွင့်ပြသည့် အဋ္ဌသာလိနီအဋ္ဌကထာ (စာမျက်နှာ ၁၇–၁၈၊) လာ စကားရပ်နှင့် တစ်ထပ်တည်း ကျပေသည်။

ဤ၌ 'ပြိုင်တူ ပြီးဆုံးသည်' ဟူသော စကားကို အဘိဓမ္မာအသင်းက သုံးစွဲခြင်းမှာ....

(၁,) တာဝတိံသာ၌ မြတ်စွာဘုရား အကျယ်ဟောမှု ပြီးဆုံးခြင်းနှင့်

(၂) အရှင်သာရိပုတ္တရာက တပည့် ရဟန်း ၄ ပါးရာတို့အား မကျဉ်းမကျယ် သင်ပေးခြင်း

တို့(ပြိုင်တူ)ပြီးဆုံးသည်ကိုသာ ဆိုလိုရင်း ဖြစ်သည်။ ထိုစကားသည် ဖော်ပြရာပါ အဋ္ဌသာလိနီ အဋ္ဌကထာ စကားနှင့် တစ်ထပ်တည်း ကျပေ၍ အပြစ် တစုံတစိ ဆိုဖွယ် မရှိပေ။

သို့သော်....(ဆိုကဲ့သို့ အပေါက်ရှာတတ်သည့် ပုထုဇဉ်တို့ ဓမ္မတာအရ) ကပ်ကိုး ငြင်းခုံတတ်သူတို့ အဖို့မှာ.... ထိုသည့် 'ပြိုင်တူ ပြီးဆုံးသည်' ဟူသော စကားရပ်မှာ ဝိသေသနစကား မပါရှိသည့်အတွက်–

၁။ မြတ်စွာဘုရား နတ်ပြည်၌ အကျယ်ဟောခြင်း

၂။ မြတ်စွာဘုရားက ရှင်သာရိပုတ္တရာအား စန္ဒကူးတော၌ အကျဉ်းဟောခြင်း

## ၃။ ရှင်သာရိပုတ္တရာက တပည့်ရဟန်း ငါးရာတို့အား မကျဉ်းမကျယ် ဟောခြင်း

ဤသုံးရပ် ပြိုင်တူ ပြီးဆုံးသည်ဟု ဆိုသကဲ့သို့ အဓိပ္ပာယ် သက်ရောက်နေသည် ဟူ၍ အပြစ်တင်စကား ပြောကြားနိုင်ခွင့် ရှိနေ၍ အဋ္ဌသာလိနီ အဋ္ဌကထာ၌ ပြသည်နှင့် တစ်ထပ်တည်း ညီညွတ်အောင် ဝိသေသနစကားကို ထည့်၍....

'အရှင်သာရိပုတ္တရာက မိမိ၏တပည့် ရဟန်း ငါးရာအား မကျယ်လွန်း မကျဉ်းလွန်းသော နာတိဝိတ္ထာရ နာတိသင်္ခေပ နည်းအားဖြင့် သင်ကြားပေးခြင်းသည်လည်း သီတင်းကျွတ် လပြည့်နေ့မှပင်၊ မြတ်စွာဘုရား အဘိဓမ္မာတရားတော်ကို အကျယ် ဟောကြားခြင်း ပြီးဆုံးသည်နှင့် တပြိုင်နက် ပြိုင်တူ ပြီးဆုံးသည်လည်း တစ်ကြောင်း' ဟူ၍ ရေးသား တင်ပြလျှင် မည်သူ တစ်ဦးတစ်ယောက်မျှ လှုပ်ချောက်ချား၍မရအောင် ကောင်းမွန်ပေလိမ့်မည်။

(၂) အချက် ဖြစ်သည့် အရှင်သာရိပုတ္တရာ အား စန္ဒကူးတော၌ အကျဉ်းသင်္ခေပနည်းဖြင့် မြတ်စွာဘုရား ဟောကြားသည်မှာလည်း သီတင်းကျွတ် လပြည့်နေ့၌ ပြည့်စုံပြီးဆုံးခဲ့သည် ဟူသော အကြောင်းပြချက်ကိုလည်း အနက်ရောက် အတ္ထာပန္န အနည်းငယ် ရှင်းလင်း ပြဆိုဦးအံ့။

သာရိပုတ္တတ္ထေရောပိ သတ္ထာရာ ဖဒသိတံ ဒေသိတံ ဓမ္မံ အာဟဟိတွာ အတ္တနော သဒ္ဓိဝိဟာရိကာနံ ပဉ္စန္နံ ဘိက္ခုသတာနံ ဒေသေသိ။

သာရိပုတ္တရာ မထေရ်သည် လည်း မြတ်စွာဘုရား ဟောတိုင်း ဟောတိုင်းသော တရားတော်ကို ဆောင်ခဲ့၍ မိမိ၏ 'ဥပဇ္ဈာယ်ယူ' တပည့်ရဟန်း ငါးရာတို့အား ဟော ကြားလေပြီ ဟူသော အဋ္ဌသာလိနီ အဋ္ဌကထာ (စာမျက်နှာ ၁၇-လာ၊) စကားရပ်၌ ဒေသိတံ ဒေသိတံ=ဟော တိုင်း ဟောတိုင်းသော—ဟူသော ဝိစ္ဆာ စကားရပ်ဖြင့် မြတ်စွာဘုရားကလည်း ဝါတွင်း သုံးလပတ်လုံး နေ့စဉ် နေ့စဉ် အရှင်သာရိပုတ္တရာအား အကျဉ်းဟော၍ အရှင် သာရိပုတ္တရာကလည်း နေ့စဉ်မှန်မှန်ပင် တပည့်ရဟန်း ငါးရာတို့အား မကျယ်မကျဉ်း သင်ကြားပို့ချ ဟောပြ ပေးတော်မူသည် ဟူ၍ တိုက်ရိုက် အနက် ထွက်ဆိုချက် အရ ထိုအချိန်က တကယ်စင်စစ် ဖြစ်နေသည့်ဖြစ်ရပ်ကို ဉာဏ်မျက်စိဖြင့် သဒ္ဓါတရား လက်ရှိထား၍ ကြည့်ရှုပါ လျှင်....

သီတင်းကျွတ်လပြည့် အဘိဓမ္မာ ပြီးဆုံးမည့်နေ့ နံနက် တွင် မြတ်စွာဘုရား ဥတ္တရကုရုကျွန်းမှ ဆွမ်းခံခဲ့၍ အနော တတ်အိုင်၌ ဆွမ်းဘုဉ်းပေးပြီးလျှင် ရှေးနေ့များနည်းတူ စန္ဒကူးတောသို့ ကြွရောက်နေ့သန့်တော် မူသောအခါ အရှင်သာရိပုတ္တရာ လာရောက်ဝတ်ပြု၍ လျောက်ပတ်ရာ အရပ်၌ ထိုင်နေစဉ် မြတ်စွာဘုရားက လွန်ခဲ့သည့် အဖိတ် နေ့က ဟောခဲ့သမျှနှင့် ယနေ့ အပြီးအဆုံး ဟောမည့် ကြွင်းကျန်သော အဘိဓမ္မာတရားအချက်တို့ကို နည်းပြ တော်မူသဖြင့် နည်းရပြီးသော် အရှင်သာရိပုတ္တရာသည် သင်္ကဿမြို့သို့ ပြန်ခဲ့၍ တပည့်ရဟန်း ငါးရာတို့အား ထိုသီတင်းကျွတ်လပြည့်နေ့မှာပင် အပြီးအဆုံး ရောက်

အောင် သင်ပြတော်မူပုံကို အာရုံသက်ဝင် အမှန်အတိုင်း မြင်ပါလိမ့်မည်။ ဤဖြစ်ရပ်အားဖြင့်ပင်လျှင် (၂)အမှတ်ပြ အကြောင်းပြချက်၏ သင့်လျော်ကြောင်း ထင်ရှားလှပါသည်။ (ပါဠိ အဋ္ဌကထာ ဋီကာ တိုက်ရိုက်ဖွင့်ပြချက် မရှိသော အရာတို့၌ အတ္ထယုတ္တိ သဘာဝယုတ္တိ နှိုင်းညှိ၍ သင့်လျော်သည်ကို မှတ်ယူရရိုး ဖြစ်သည့်အတိုင်း;) 'အရှင်သာရိပုတ္တရာအား စန္ဒကူးတော၌ အကျဉ်းသင်္ခေပနည်းဖြင့် မြတ်စွာဘုရား ဟောကြားသည်မှာလည်း သီတင်းကျွတ် လပြည့်နေ့၌ ပြည့်စုံပြီးခဲ့သည်' ဟူသော အဘိဓမ္မာ အသင်း၏ အကြောင်းပြချက်သည် အတ္ထယုတ္တိ ရှိသော အကြောင်းပြချက်ဖြစ်၍ မှတင်သင့် မှန်ကန် လှသော စကားတစ်ရပ်ပင် ဖြစ်ပေသည်။

(ကုတရထာ)မဇ္ဈိမပဋိပဒါကျသည့် ဤ မှတ်ယူနည်းမှ တမင်သက်သက် ဆန့်ကျင်ဘက်ပြုလုပ်ကာ....

(က) အရှင်သာရိပုတ္တရာ အား နည်းပေး တော်မူသည်မှာ- သီတင်းကျွတ်လပြည့်ကျော် ၁-ရက်နေ့မှ ပြီးဆုံးသည်ဟု မှတ်ယူဝံ့ပါအံ့လော၊ ထိုသို့လည်း မဟုတ်သင့်ပေ-ထိုသို့ မှတ်ယူ လျှင်- (အရှင်သာရိပုတ္တရာ က နောက်ပိုင်းအတွက် နည်းမရမီပင် အပြီးရောက်အောင် သင်ကြားပေးသည်)ဟူ၍ မလိုအပ်သော အနက် ရောက်လေရာ၏။

(ခ) ထိုသို့မဟုတ်ဘဲ 'လပြည့် အဖိတ်နေ့ကပင် အရှင်သာရိပုတ္တရာအား အပြီး ရောက်အောင် နည်းပေးခဲ့သည်'ဟူ၍ ရှေ့တိုး ယူပြန်လျှင်လည်း လဆန်း ၁၃-ရက်

နေ့က ဟောပြီးသမျှကို လည်းကောင်း၊ ၁၄-ရက်နေ့ ဟောလတ္တံ့နှင့် ၁၅-ရက်နေ့ အပြီးတိုင် ဟောလတ္တံ့ကို လည်းကောင်း၊ ၂-ရက်ခွဲစာ နည်းပေးခဲ့သည်ဟု ဆိုရာ ရောက်ချိမ့်မည်၊ ထိုသို့ ဆိုပြန်ကလည်း နည်းပေး များလွန်းလှခြင်း၊ ကြောင့်ကြ အားကြီးလှခြင်းတည်းဟူသော အပြစ်တို့ ရောက်၍ လာချိမ့်မည်၊ မြတ်စွာဘုရားတို့မှာ ထိုကိစ္စ အ၀၀တို့အတွက် ရှေးဦးကပင် ကြိုတင်ပိုင်းခြား သိရှိပြီးသားဖြစ်၍ ပကာဘိ သာမန်လူတို့ကဲ့သို့ သီတင်းကျွတ် လပြည့်နေ့မှာ အဘိဓမ္မာကို အပြီးဟောရမည့် အရေး လူ့ပြည်သို့ သက်ဆင်းရမည့် အရေးကိစ္စတွေ ရှုမ်းသွေးလှသဖြင့် အဖိတ်နေ့ကပင် အရှင်သာရိပုတ္တရာအား အပြီးရောက် နည်းပေးမှ လပြည့်နေ့ သက်သာမည်ဟု ကြံစည်တော်မူမည် မဟုတ်ပေ။

အကျဉ်းအားဖြင့် ဆိုရသော်—

(၁) အမှတ် အကြောင်းပြချက်ကို သဘောကျနှစ်သက်ပြီး။

(၂) အမှတ် အကြောင်းပြချက်မှာ- အနက်ရောင် အဏ္ဏာပန္နနည်း အားဖြင့် သင့်လျော်သော အကြောင်းပြချက် ဖြစ်သည်။

(၃) အမှတ် အကြောင်းပြချက်မှာ = အဋ္ဌသာလိနီ အဋ္ဌကထာနှင့် သန္ဓာယဘာသိတ အနေဖြင့် ကိုက်ညီပါသည်။

သို့သော် ဆိုခဲ့ပြီးသည့်အတိုင်း ဝိဓေယသန စကားရပ်ထည့်သွင်း၍ အတည်ပြုသင့်သည်ဟု ဆုံးဖြတ်ချက်ဩဝါဒ ပေးလိုရင်း ဖြစ်ပေသည်။

ဝိဝါဒံ ဘယတော ဒိသွာ၊
အဝိဝါဒဉ္စ ခေမတော။
သမဂ္ဂါ သခိလာ ဟောထ၊
ဧသာ အသ္မာက ပတ္ထနာ။ ။

ဦးဝိစိတ္တသာရာဘိဝံသ

ပုံ/ဦးဝိစိတ္တသာရာဘိဝံသ
၇-၁၁-၂၂

ရန်ကုန်မြို့ ဆူးလေစေတီတော်
အဘိဓမ္မာပြန့်ပွားရေးအသင်းကြီး၏
နှစ်စဉ် ကျင်းပအပ်သော အဘိဓမ္မာအခါတော်နေ့
ပူဇော်ပွဲကြီး၌
သြဝါဒါစရိယ=တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက
ဘဒန္တ ဝိစိတ္တသာရာဘိဝံသ အရှင်မြတ်
မိန့်ကြားတော်မူသည့်
'အဘိဓမ္မာအကြောင်း သိကောင်းစရာ ဒေသနာ' နှင့်၊
အဘိဓမ္မာအခါတော်နေ့ ကျင်းပပူဇော်ပွဲ
အခမ်းအနား နှင့် တကွ
အသံလွှင့်ဌာနမှ အသံလွှင့် ပူဇော်ကြသည့်
အခမ်းအနား အစီအစဉ်အရ

ဓမ္မပူဇာ-ဂါထာဗန္ဓများ

အာဒိကမ္မိက=ဝင်္ဂသကာ=တိပိဋကဓရ
ဓမ္မဘဏ္ဍာဂါရိက အရှင်ဝိစိတ္တသာရာဘိဝံသ အရှင်မြတ်
ရေးသား ချီးမြှင့်တော်မူသည်။

နမော ဝဇ္ဇုဇ္ဇယဿ

။သိဒ္ဓမ်။

အဘိဓမ္မာအသင်းဝင် သူတော်စင် ဒါယကာ ဒါယိ
(၁၃၁၂) အပေါင်းတို့....ယနေ့ အဘိဓမ္မာ အခါတော်နေ့

ပူဇော်ပွဲ အခမ်းအနားမှာ အဘိဓမ္မာ ခုနစ်ကျမ်း၏ အကြောင်း သိကောင်းစရာ အချက်အလက်များကို အကျဉ်းချုပ်မျှ ဖော်ပြ သိစေချင်ပါသည်။ ဤ အဘိဓမ္မာ ဒေသနာတော်ကြီးသည် သုတ္တန် ပိဋကတ်တွင် မဟာသတိပဋ္ဌာနသုတ္တန်ကြီးနှင့် တူပါသည်။ မဟာသတိပဋ္ဌာနသုတ္တန်ကြီးကို မြတ်စွာဘုရားရှင်သည် ကာယ+ဝေဒနာ+စိတ္တ+ဓမ္မ အခန်းကြီး လေးခန်း၊ အပိုင်း=ပဗ္ဗအားဖြင့် ၂၁-ပိုင်း ထား၍ ဟောကြားတော်မူအပ်သကဲ့သို့ ပရမတ္ထတရားတို့နှင့် စပ်၍ မြတ်စွာဘုရားသည် တရားသဘော ဟောသင့်သမျှ မချွင်းမချန် ဘယ်ပုဂ္ဂိုလ်၏ အလိုကိုမျှ မလိုက်၊ အပြည့်အစုံ အကုန်အစေ့ အပိုင်း အခန်းကြီး ၇-ခန်း ထား၍ ဟောကြားတော်မူခဲ့ပါသည်။ ထိုအခန်းကြီး ၇-ခန်းကိုပင် ဓမ္မသင်္ဂဏီကျမ်း + ဝိဘင်္ဂကျမ်း + ဓာတုကထာကျမ်း + ပုဂ္ဂလပညတ်ကျမ်း + ကထာဝတ္ထုကျမ်း+ယမိုက်ကျမ်း+ပဋ္ဌာန်းကျမ်း ဟူ၍ အဘိဓမ္မာ ခုနစ်ကျမ်း အမည်တပ်၍ ခေါ်ဆိုအပ်ပါသည်။

## (၁) ဓမ္မသင်္ဂဏီကျမ်း

ဓမ္မသင်္ဂဏီကျမ်း ဟူသည်မှာ ပရမတ္ထတရားများကို သုံးစု စု၍ တစ်မျိုး၊ နှစ်စု နှစ်ပုံ ထား၍ တစ်ဖုံ နည်းဘိးစုံအောင် ရေတွက် ထုတ်ဖော် ဟောကြားအပ်သော ကျမ်းကြီး ဖြစ်ပါသည်။ အနည်းငယ် ရှင်းလင်း ဖော်ပြလိုသည်မှာ ပရမတ္ထတရားများကို သုံးစု သုံးစုထား၍ ဟောကြားတော်မူသည်ကို တိက ဒေသနာဟူ၍ ခေါ်ဆိုရပါသည်။ ထို တိက ဒေသနာနည်းဖြင့် ပရမတ္ထတရားများကို သုံးစု သုံးစု ပြု၍ ဟောကြားရာဝယ် ဖြစ်သင့်သမျှသော

တိုက်ပေါင်းကား ကုသလတိုက် ဝေဒနာတိုက် စသည်ဖြင့် ဓမ္မနယ်ပယ်မှာ တိုက်ပေါင်း ၂၂-တိုက် ဖြစ်ပါသည်။ ပရမတ္ထတရားများကို နှစ်စု နှစ်စုထား၍ ဟောကြားအပ်သည်ကို ဒုကဒေသနာ ဟူ၍ ခေါ်ဆိုပါသည်။ ထို ဒုကဒေသနာနည်းဖြင့် ပရမတ္ထတရားများကို နှစ်စု-နှစ်စုပြု၍ ဟောကြားရာဝယ် ဖြစ်သင့်သမျှသော ဒုက်ပေါင်းကား ဟေတုဒုက်+သဟေတုဒုက် ဟေတုသမ္ပယုတ္တဒုက် စသည်ဖြင့် ဓမ္မနယ်ပယ်မှာ ဒုက်ပေါင်း (၁၀၀) ဖြစ်ပါသည်။

မြတ်စွာဘုရားရှင်သည် ဤဓမ္မသင်္ဂဏီခေါ် အစဆုံး အဘိဓမ္မာကျမ်း၌ အဘိဓမ္မ ပိဋကဝယ် နည်းအသွယ်သွယ်ဖြင့် အကျယ်တဝင့် ဟောကြားဖွင့်ဟမည့် အဘိဓမ္မတိုက်ဒုက်များကို ရှေးဦးစွာ ကုသလာ ဓမ္မာ၊ အကုသလာ ဓမ္မာ၊ အဗျာကတာ ဓမ္မာ စသည်ဖြင့် တိုက်ပေါင်း ၂၂-တိုက်တို့ကို မာတိကာထား အကျဉ်းအားဖြင့် ဟောကြားတော်မူပါသည်။ ထို့အတူပင် ဟေတူ ဓမ္မာ၊ နဟေတူ ဓမ္မာ စသည်ဖြင့် ဒုက်ပေါင်း (၁၀၀) တို့ကို မာတိကာထား အကျဉ်းအားဖြင့် ဟောကြားတော်မူပါသည်။ ဤမာတိကာပိုင်း၌ အဘိဓမ္မာဆောင် အရှင်မြတ်များ၊ သုတ္တန်ပိဋကတ်ကို လေ့လာသင်ယူကြလျှင် ဝိဇ္ဇာဘာဂိယဓမ္မ၊ အဝိဇ္ဇာဘာဂိယဓမ္မ အစရှိသော သုတ္တန်ပိဋကတ်လာ ဓမ္မဝေါဟာရတို့၌ တရားကိုယ်အရကောက်တို့ကို အလွယ်တကူ သိမြင်ပြီး ဖြစ်ရလေအောင် ဝိဇ္ဇာဘာဂိနော ဓမ္မာ၊ အဝိဇ္ဇာဘာဂိနော ဓမ္မာ၊ ဝိဇ္ဇူပမာ ဓမ္မာ၊ ဝဇိရူပမာဓမ္မာ-အစရှိသဖြင့် 'အဘိဓမ္မာ မာတိကာ' ၏ နောက်၌ ဆက်၍ ဝိဇ္ဇာဘာဂီဒုက်၊ ဝိဇ္ဇူပမာဒုက် ၄၂ သော 'သုတ္တန္တိကဒုကမာတိကာ' သုတ္တန်ပိုင်းဆိုင်ရာ

ဒုက်ပေါင်း ၄၂-ဒုက်ကို မာတိကာထား အကျဉ်းအား ဖြင့် ဟောကြားတော်မူပါသည်။

ထိုတိက်+ဒုက်များကို အကျယ် (တစ်ပုဒ်စီ) ဝေဖန်၍ ပြဆိုရာ=ပဒဘာဇနီ အခန်း၌—

၁။ စိတ္တုပ္ပာဒကဏ္ဍ
၂။ ရူပကဏ္ဍ
၃။ နိက္ခေပကဏ္ဍ
၄။ အဋ္ဌကထာကဏ္ဍ

ဟူ၍ အပိုင်းကြီး ၄-ခန်းထား၍ ဟောကြားတော်မူပြန်ပါသည်။

(၁) စိတ္တုပ္ပာဒကဏ္ဍ။ ။ထိုအပိုင်း အခန်းကြီး ၄-ခန်းတို့အနက် (၁) စိတ္တုပ္ပာဒကဏ္ဍ အပိုင်းအခန်း၌ ကုသလတိက်လာ ကုသိုလ်မည်သော စိတ်+စေတသိက်များ အကုသိုလ်မည်သော စိတ်+စေတသိက်များ၊ အဗျာကတမည်သော စိတ်+စေတသိက်များကို တစ်ပါးစီ တစ်ပါးစီ စိတ် တစ်ပါး တစ်ပါးလျှင် ယှဉ်နိုင်သော စေတသိက်များကို ဖဿပဉ္စမကရာသီ၊ ဈာနင်္ဂရာသီ၊ ဣန္ဒြိယရာသီ၊ ဗလရာသီ၊ မူလရာသီ၊ ကမ္မပထရာသီ၊ လောကပါလဒုက ပဿဒ္ဓါဒိ ယုဂဠ၊ ယေဝါပနက ဟူ၍ အစိတ် ၉-ပိုင်း ထား၍ အကျဉ်း ဟောကြားပြီးလျှင် ထို ၉-ပိုင်းပါ တရားတို့ကို တစ်ပါးစီ-တစ်ပါးစီ အကျယ် ဝေဖန်၍ ပဒဘာဇနီယဝါရဟူ၍ လည်းကောင်း၊ ထိုနောက် ကောဋ္ဌာသဝါရ၊ သုညတဝါရ ဟူ၍ လည်းကောင်း၊ ကာမဝစရကုသိုလ်စိတ် တစ်ပါး တစ်ပါးလျှင် ဝါရကြီး သုံး

ပါးစီသုံးပါးစီ ဝေဖန်၍ဟောကြားတော်မူပါသည်။ ထို နောက် ရူပါဝစရ ကုသိုလ်တရားများကို စတုက္ကနည်း ပဉ္စကနည်း စသည်ဖြင့် အနည်းနည်း ဟောကြားတော် မူ၍၊ အရူပါဝစရ ကုသိုလ်ကိုလည်း သောဠသက္ခတ္တုက ဒေသနာနည်းဖြင့် အဆန်းတကြယ် ဝေဖန် ဟောကြား တော်မူပြီးနောက်၊ ထိုတေဘူမက ကုသိုလ်တရား သုံးမျိုး တို့ကို တစ်ပါး-တစ်ပါးလျှင် ရထိုက်ရထိုက်သော အဓိ ပတိတို့ဖြင့် ဟီန+မဇ္ဈိမ+ပဏီတ အား သုံးစု-သုံးစုထား၍ အကျယ် ဟောကြားတော်မူပြီး တေဘူမက ကုသိုလ် အခန်းကို ပြီးဆုံးစေတော်မူပါသည်။

ထို့နောက် လောကုတ္တရာ မဂ်ကုသိုလ် တစ်ပါး-တစ် ပါးကို သုဒ္ဓိကပဋိပဒါ+သုညတ+သုညတ မူလက ပဋိ ပဒါ+အပဏိဟိတ + အပဏိဟိတ မူလက ပဋိပဒါ + ဝီသတိမဟာနယ + အဓိပတိ = ဤ ခုနစ်နည်း တို့ဖြင့် အကျယ်ဝေဖန် ဟောကြား၍ ကုသလာဓမ္မာအရ ပြီးဆုံး စေပါသည်။

ထိုနောက် အကုသလာဓမ္မာအရဖြစ်သော အကုသိုလ် စိတ် ၁၂-ပါးတို့ကို ပဒဘာဇနီယ+ကောဋ္ဌာသဝါရ+ သုညတဝါရ- ဤဝါရသုံးပါးဖြင့် အကျယ် ဝေဖန် ဟောကြားတော် မူပါသည်။

ထိုနောက် အဗျာကတာဓမ္မာအရဖြစ်သော ဝိပါက် စိတ်+စေတသိက်တို့ကို ကာမ၊ ရူပ၊ အရူပ၊လောကုတ္တရာ သူ့အစု သူ့နည်းတို့ဖြင့် အကျယ် ဟောပြ၍ လည်း ကောင်း၊ ကိရိယာစိတ်+စေတသိက်တို့ကိုလည်း ကာမ၊ ရူပ၊ အရူပ သူ့အစု သူ့နည်းတို့ဖြင့် အကျယ် ဟောပြ၍

လည်းကောင်း စိတ္တုပ္ပါဒကဏ္ဍကို ပြီးဆုံးစေတော် မူပါ သည်။ (အဗျာကတာ ဓမ္မာ၏ အရ ဖြစ်သော=ရုပ်- နိဗ္ဗာန်တို့သည်ကား ကျန်ရှိနေပါသေးသည်။)

(၂) **ရူပကဏ္ဍ**။ ။ဤရူပကဏ္ဍကား=မြတ်စွာဘုရား **သည်** ရုပ်အဗျာကတ တရားကို အကျယ် ဝေဖန် ဟော ကြားတော်မူလိုခြင်း ဖြစ်ပါသည်။ သို့သော် အဗျာကတ တရားအားလုံးကို ရှေးဦးစွာ ဥဒ္ဒေသနည်းဖြင့် အကျဉ်း ချုပ်ဟောပြပြီးမှ ရုပ်အဗျာကတဆိုင်ရာ မာတိကာကို ဧကကမှ စ၍ ဧကာဒသကတိုင်အောင် အစုလိုက်-အစု လိုက် စဉ်းစားပြီးလျှင် ဧကကမှအစ ဧကာဒသကသို့ တိုင်အောင် မာတိကာစဉ်အတိုင်း တစ်ခု စီ- တစ်ခုစီ အကျယ် ဝေဖန်ဟောကြား၍ ရူပကဏ္ဍကို ပြီးဆုံးစေ တော် မူပါသည်။

(၃) **နိက္ခေပကဏ္ဍ**။ ။အဘိဓမ္မာ အသင်းဝင် သူ တော်စင်အပေါင်းတို့.... မြတ်စွာဘုရားသည် စိတ္တုပ္ပါဒ ကဏ္ဍ ရူပကဏ္ဍ=နှစ်ကဏ္ဍဖြင့် ကုသလတိက်ကို အကျယ် ဝေဖန် ဟောပြတော်မူခဲ့ပါသည်။ ဤနည်းကိုထောက်၍ ကြွင်းကျန်သော တိက် ဒုက်တို့ကိုလည်း တရားကိုယ် အရ ကောက် တရားကိုရှု၍ ပညာရှိသော ပုဂ္ဂိုလ်သည် ကုသလ တိက်နည်းတူ တရား တစ်ပါး-တစ်ပါး၏ အကျယ် ဝိတ္ထာရကို ဝေဖန်သိနိုင်လောက်ပြီ ဖြစ်သောကြောင့် ထိုဝိတ္ထာရ ဒေသနာနည်းကို ချထား ရပ်နားပြီးလျှင် မကျဉ်းလွန်း မကျယ်လွန်းသော နာတိဝိတ္ထာရ နာတိ- သင်္ခေပ နည်းအားဖြင့် ခပ်သိမ်းသော တိက်+ဒုက် အရ တရားတို့ကို ဟောကြားတော် မူပြန်ပါသည်။ ထိုကဏ္ဍ

သည် နိက္ခေပကဏ္ဍ မည်ပါသည်။ မှန်ပါသည်၊ စိတ္တုပ္ပါဒ ကဏ္ဍကား – အကျယ် ဝိတ္ထာရဒေသနာ ဖြစ်ပါသည်။ အဋ္ဌကထာကဏ္ဍကား–အကျဉ်းသံခိတ္တဒေသနာ ဖြစ်ပါသည်။ ဤကဏ္ဍကား–စိတ္တုပ္ပါဒကဏ္ဍလာ အကျယ်နည်းကို ချထားရပ်နား၍ မကျဉ်းမကျယ် နာတိဝိတ္ထာရ နာတိသင်္ခေပ နည်းအားဖြင့် ထိုထို တိကပုဒ် + ဒုကပုဒ်အရ တရားတို့ကို မူလ+ခန္ဓ+ဒွါရ+ဘူမိ+အတ္ထ-ဓမ္မ နာမ= လိင်္ဂအားဖြင့် ထိုက်သင့်အားလျော်စွာ ရသင့်သလိုချပြ၍ ဟောကြားအပ်သော အပိုင်းကဏ္ဍ ဖြစ်ပါသည်။ ဤ အပိုင်းကဏ္ဍဖြင့် မြတ်စွာဘုရားသည် အဘိဓမ္မာနည်း တိကပုဒ် + ဒုကပုဒ်အရ တရားတို့ကို လည်းကောင်း၊ သုတ္တန္တိကဒုက မာတိကာလာ–ဒုကပုဒ်အရ တရားတို့ကို လည်းကောင်း မကျဉ်းလွန်း မကျယ်လွန်းသောနည်းဖြင့် ဝေဖန် ဟောကြားတော်မူအပ်ပါသည်။

(၄) **အဋ္ဌကထာကဏ္ဍ**။ ။မြတ်စွာဘုရားသည် စိတ္တုပ္ပါဒကဏ္ဍ+ရူပကဏ္ဍ နှစ်ကဏ္ဍတို့ဖြင့် ကုသလတိက် အရ တရားတို့ကို တိုက်ရိုက်အားဖြင့် လည်းကောင်း၊ ကျန် သော တိကပုဒ်ဒုကပုဒ်အရ တရားတို့ကို နယဒဿန= နည်းအားဖြင့် လည်းကောင်း အကျယ်ဆုံး ဟောကြား တော်မူပါသည်။ နိက္ခေပကဏ္ဍဖြင့် ထိုထိုတိကပုဒ် + ဒုကပုဒ်အရ တရားတို့ကို မကျယ်လွန်းမကျဉ်းလွန်းသော နာတိဝိတ္ထာရ နာတိသင်္ခေပနည်းအားဖြင့် ဟောကြား တော်မူပြီးလျှင် ထိုထို ပိဋကတ်တော်လာ တရား အထူး ထူး (အထူးအားဖြင့်) အဘိဓမ္မာ ပိဋကတ်တော်လာ တရား အထူးထူးတို့ကို အကျဉ်းချုပ် - သံခိတ္တ နည်းဖြင့်

ဖော်ပြဖို့ရန် ဤ အဋ္ဌကထာကဏ္ဍကို ဟောကြားတော်မူပါသည်။

အဘိဓမ္မာအသင်းဝင် သူတော်စင်အပေါင်းတို့-ဤမျှ ပြောဆို ဖော်ပြခြင်းဖြင့် အသင် သူတော်စင်တို့သည် ဓမ္မသင်္ဂဏီ အဘိဓမ္မာကျမ်း၏ ဟောကြားတော်မူပုံ ဒေသနာသဘောကို အကျဉ်းချုပ်အားဖြင့် ရိပ်မိ သိရှိနားလည်ကြရပေပြီ။ ယခုအခါ အဘိဓမ္မာ အခါတော်နေ့ဝယ် ရန်ကုန်မြို့ ဗဟို အဘိဓမ္မာ ပြန့်ပွားရေးအသင်းကြီးက တစ်နိုင်ငံလုံး အဘိဓမ္မာ ဒေသနာကို တညီတညွတ်တည်း ရွတ်ဆိုပွားများ ဓမ္မပူဇာ ကုသိုလ်တရားကို ရယူနိုင်ကြရန် ဓမ္မသင်္ဂဏီ ဤပထမ အဘိဓမ္မာကျမ်းအတွက် ရူပကဏ္ဍလာ ရုပ်တရားတို့ကို နှစ်စု-နှစ်စု ထား၍ ဟောကြားရာ ရူပဝိဘတ္တိဒုက်=ဤဒုက ဒေသနာ ငါးပါးကို မာတိကာ ပဒဘာဇနီ စုံညီစွာ ဖော်ပြ၍ အသင် သူတော်စင်တို့သည် ရှေးကံဟောင်း သတ္တိကြောင့် မိမိလက်တွင်းသို့ အသင့် ရောက်ရှိလာသော ပထမ အဘိဓမ္မာ ဓမ္မသင်္ဂဏီ ဒေသနာတရားကို အားရရွှင်မြူး ချီးကျူး+ရွတ်ဆိုကြကာ ဓမ္မာမတ=တရားတည်းဟူသော အမြိုက်ရည်ကို သာကြည်ရွှင်ပြုံး တညီတညွတ်တည်း သောက်သုံးကြပါကုန်လော့။

'ဓမ္မသင်္ဂဏီ အမေးအဖြေ အကျူးဂါထာ နှင့် ပါဠိတော်ကို ဆက်လက် ရွတ်ဆိုရန်'

## (၂) ဝိဘင်းကျမ်း

အဘိဓမ္မာအသင်းဝင် သူတော်စင်အပေါင်းတို့-မြတ်စွာဘုရားရှင်သည် ဓမ္မသင်္ဂဏီ ပထမ အဘိဓမ္မာကျမ်း၌

ကုသိုလ်+အကုသိုလ်+အဗျာကတ စသော ထိုထိုတိက်ဝင် ဒုက်ဝင် တရားများကို ဟောကြားတော်မူသောအခါ= ထိုထိုတရားတို့၏ ရသင့်ရထိုက်သော ခန္ဓာ-အာယတန- ဓာတ် စသော အမည်များ (တဇ္ဇာပညတ်များ)ဖြင့် ဟော ကြားတော် မူခဲ့ပါသည်။ သို့ရကား ခန္ဓာကား မည်၍မည် မျှရှိသည်၊ အာယတနကား မည်၍မည်မျှ ရှိသည်။ ဓာတ် ကား မည်၍ မည်မျှ ရှိသည် စသည်ဖြင့် ထိုထိုခန္ဓ+အာယ တန+ဓာတ် စသော ပရမတ္ထတရားတို့ကို စုလျက်၊ ပေါင်း လျက် အကျယ် ဝေဖန်ဟောပြ သိစေဖို့ရန် အခွင့် ဖန်လာ လေဒတော့သည်။ ထို့ကြောင့် မြတ်စွာဘုရားသည် ဤ ဝိဘင်းကျမ်း (ခန္ဓာ စသော တရားများကို အနည်းနည်း တို့ဖြင့်အကျယ် ဝေဖန်၍ ဟောပြသောကျမ်း)ဟောကြား တော်မူရပြန်ပါသည်။

ဝိဘင်း ၁၈-ပါး။ ။ဤဝိဘင်းကျမ်း၌ ခန္ဓာ ငါး ပါးတို့ကို သုတ္တန်လို တစ်နည်းဖြာ-အဘိဓမ္မာလို တစ် နည်းထုတ် တိက်နှင့်ဒုက် ယှက်သန်း မေးမြန်း ဖြေဆိုသည့် သုတ္တန္တဘာဇနီယ နည်း အဘိဓမ္မာဘာဇနီယနည်း-ပဉှာ ပုစ္ဆကနည်း ဤနည်း သုံးပါးတို့ဖြင့် ဝေဖန် ခွဲခြား အကျယ် ဟောပြောအပ်သည့် ခန္ဓာဝိဘင်း၊ ထို့အတူ အာယတန ၁၂-ပါး=ဓာတ် ၁၈-ပါး=သစ္စာ ၄-ပါးတို့ ကို နည်းသုံးပါးတို့ဖြင့် ဝေဖန်ခွဲခြား အကျယ် ဟော ကြားအပ်သည့် အာယတနဝိဘင်း၊ ဓာတုဝိဘင်း၊ သစ္စ- ဝိဘင်း၊ ဣန္ဒြေ ၂၂-ပါးတို့ကို သဘိဓမ္မာဘာဇနီယနည်း ပဉှာ ပုစ္ဆကနည်း....ဤနည်း ၂-ပါးတို့ဖြင့် ဝေဖန်ခွဲခြား အကျယ် ဟောကြားအပ်သည် ဣန္ဒြိယဝိဘင်း....၊ (ဤ ဣန္ဒြိယဝိဘင်း၌ သုတ္တန်ပိဋကတ်ဝယ်၊ အချို့နေရာ၌ ဣန္ဒြေ

၂-ပါး၊ ၃-ပါး၊ ၅-ပါး၊ ၆-ပါးတို့ကိုသာ နိဿရဏ+နိဿရဏူပါယ စသည် ဖြစ်သောကြောင့် ဟောကြားတော်မူသည်။ ဣန္ဒြေ ၂၂-ပါးတို့ကို ဤအစဉ်ဖြင့် အပြည့်အစုံ မဟောကြားအပ်ချေ။ အလုံးစုံသော ဣန္ဒြေ ၂၂-ပါး တို့ သည် အဘိဓေယျ တ ရား များ ဖြစ်ကြသည်။ အဘိဓမ္မာ ကား အ ဘိ ဓေ ယျ ဓမ္မဒေသနာ မျိုး ဖြစ် သော ကြောင့် အ ဘိ ဓမ္မာ ပိဋ ကတ် ၌သာလျှင် ဣန္ဒြေအားလုံး ၂၂-ပါးတို့ကို တပေါင်းတည်း ဟောအပ်လေသည်။ ဤသို့လျှင် သုတ္တန်ပိဋကတ်၌ ဣန္ဒြေ ၂၂-ပါးတို့ကို ဤအစဉ်ဖြင့် ဟောကြားချက်မလာသောကြောင့် ဤဣန္ဒြိယ ဝိဘင်း၌ (သုတ္တန္တ ဘာဇနီယနည်း မပါရှိချေ၊) ဤနည်းနှင်နှင် ရသင့် ရထိုက်ဖြစ်သင့် ဖြစ်ထိုက်သော နည်းအပြားတို့ဖြင့် ပဋိစ္စ-သမုပ္ပါဒ်တရား စသည်တို့ကို အကျယ် ဝေဖန် ဟောပြအပ်သည့် ပဋိစ္စသမုပ္ပါဒ်ဝိဘင်း၊ သတိပဋ္ဌာန်သမ္မပ္ပဓာန်ဣဒ္ဓိပါဒ် ဗောဇ္ဈင် မဂ္ဂင် ဈာန် အပ္ပမညာ သိက္ခာပုဒ်ပဋိသမ္ဘိဒါ တရားတို့ကို အကျယ် ဝေဖန်ဟောပြောအပ်သည့် သတိပဋ္ဌာနဝိဘင်း - သမ္မပ္ပဓာနဝိဘင်း-ဣဒ္ဓိပါဒဝိဘင်း-ဗောဇ္ဈင်္ဂဝိဘင်း-မဂ္ဂင်္ဂဝိဘင်း -ဈာနဝိဘင်း - အပ္ပမညာဝိဘင်း သိက္ခာပဒဝိဘင်း-ပဋိသမ္ဘိဒါဝိဘင်း-၊ဉာဏ်ပညာတရားတို့ကို တစ်ပါးစု နှစ်ပါးစုစသည်ဖြင့် ဆယ်ပါးစု တိုင်အောင် မာတိကာထား၍-ဝေဖန် ဟောကြားအပ်သည့် ဉာဏဝိဘင်း - အသေးအနုပ်မျိုး ဖြစ်သည့် အကုသိုလ်တရားအမျိုးမျိုးတို့ကို တစ်ပါးစု နှစ်ပါးစု စသည်ဖြင့် ဖြစ်သင့်သည့်အတိုင်း မာတိကာ ထား၍ အကျယ် ဝေဖန်ဟောကြားအပ်သည့် ခုဒ္ဒကဝတ္ထုဝိဘင်း၊

ခန္ဓာ အာယတန ဓာတ် သစ္စာ ဣန္ဒြေ ဟိတ် အာဟာရ ဖဿ ဝေဒနာ သညာ စေတနာ– စိတ်– ဤ ၁၂-ပါး၊ ပရမတ္ထတရားတို့ကို အခြေခံထား၍ သဗ္ဗသင်္ဂါဟိကဝါရ၊ ဥပတ္တာနုပ္ပတ္တိဒဿနဝါရ အစရှိသော ဝါရကြီး ၁၀-ပါးတို့ဖြင့် အကျယ် ခွဲခြား ဟောကြားအပ်သော ဓမ္မဟဒယဝိဘင်းဟူ၍ ဝိဘင်းအပြား ၁၈-ပါးတို့ ရှိကြပါသည်။

ထို ဝိဘင်းအပြား ၁၈-ပါးတို့ကို....

၁။ ခန္ဓာ+အာယတန၊ ဓာတုပြ၊ သစ္စ+ဣန္ဒြေ။

၂။ ပဋိစ်+သတိ၊ သမ်+ဣဒ္ဓိ၊ ဗောဓိခုနစ်ထွေ။

၃။ မဂ်+ဈာန်+ပမဉ်၊ သိက္ခာယှဉ်၊ ခွဲထွင်သမ္ဘိဒေ။

၄။ ဉာဏ်+ခုဒ္ဒက၊ ဟဒယ၊ ဌာနဝိဘင်ေ။

ဤလင်္ကာဆောင်ပုဒ်ဖြင့် အကျဉ်းချုပ် မှတ်သားဗဟုသုတ ပွားနိုင်ကြပါစေ။

အဘိဓမ္မာအသင်းဝင် သူတော်စင် အပေါင်းတို့....
ဤမျှ ဖော်ပြခြင်းဖြင့် အသင် သူတော်စင်တို့သည် ဝိဘင်း အဘိဓမ္မာကျမ်း၏ ဟောကြားတော်မူပုံ ဒေသနာ အရိပ်အမြွက်ကို အကျဉ်းချုပ်အားဖြင့် ရိပ်မိ သိရှိ နားလည်ကြရပေပြီ။ ယခုအခါ အဘိဓမ္မာ အခါတော်နေ့ဝယ် ရန်ကုန်မြို့ ဗဟို 'အဘိဓမ္မာ ပြန့်ပွားရေး အသင်းကြီး' မှ တစ်နိုင်ငံလုံး အဘိဓမ္မာဒေသနာတော်ကို တညီတညွတ်တည်း ရွတ်ဆိုပွားများ ဓမ္မပူဇာ ကုသိုလ်တရားကို ရယူနိုင်ကြစေရန် ဤ ဒုတိယ အဘိဓမ္မာ ဝိဘင်းကျမ်းအတွက်

သုံး၊ ခုမြောက် ဖြစ်သော 'ဓာတုဝိဘင်း' လာ ဓာတ် တရား ၁၈-ပါးတို့ကို မာတိကာနှင့် ပဒဘာဇနီ စုံညီစွာ ဖော်ပြ၍ အသင် သူတော်စင်တို့အား ဝေငှအပ်ခဲ့လေပြီ။ အသင် သူတော်စင် အပေါင်းတို့သည် ရှေးကံဟောင်း သတ္တိကြောင့် မိမိလက်တွင်းသို့ အသင့် ရောက်ရှိလာသော ဒုတိယ အဘိဓမ္မာ ဝိဘင်းဒေသနာတရားကို အားရရွှင် မြူး ချီးကျူး ရွတ်ဆိုကြကာ ဓမ္မာမတ တရားတည်း ဟူသော အမြိုက်ရည်ကို သာကြည်ရွှင်ပြုံး တညီတညွတ် တည်း သောက်သုံးကြပါကုန်လော့....။

'ဝိဘင်း အမေးအဖြေ အကျူးဂါထာနှင့် ပါဠိ တော်ကို ဆက်၍ ရွတ်ဆိုရန်'

## (၃) ဓာတုကထာ ကျမ်း

အဘိဓမ္မာအသင်းဝင် သူတော်စင် အပေါင်းတို့ .... မြတ်စွာဘုရားသည် ဓမ္မသင်္ဂဏီ ပထမ အဘိဓမ္မာကျမ်း၌ ကုသိုလ် အ,ကုသိုလ် အစရှိသော တိကဝင် တရားများ၊ ဟေတု+န ဟေတု အစရှိသော ဒုကဝင် တရားများကို အပိုင်းကြီး ၄-ပိုင်း ထား၍ အထူးထူး အပြားပြား အကျယ်နည်း=အကျယ်နည်း၊ မကျဉ်းမကျယ် အလယ် အလတ်နည်း=ဤနည်း သုံးပါးတို့ဖြင့် ဟောကြား သိစေ တော် မူခဲ့လေပြီ။ ဝိဘင်း ဒုတိယအဘိဓမ္မာကျမ်း၌ ခန္ဓာ+ အာယတန အစရှိသော တရား အစု-အစုတို့ကို သုတ္တန္တဘာဇနီယ၊ ဝိဘင်းနှင့်သူ ရသင့်သည်အလျောက် အဘိဓမ္မာဘာဇနီယ၊ ပဥှာပုစ္ဆက အစရှိသော နည်းအမျိုး မျိုးတို့ဖြင့် ပင်လုံးကျွတ်ပွင့်သော အင်ကြင်းပင်ကြီးပမာ

ဒေသနာပဂန်းခိုင်တို့ကို အဆိုင် အဆိုင် ကြည်ညို၍မဆုံးနိုင်အောင် ဖြိုင်လျက် ပြိုင်လျက် ပွင့်စေတော်မူခဲ့လေပြီ။

ယခုအခါ=ထို အောက်အဘိဓမ္မာ ၂-ကျမ်း၌ လာသော ကုသိုလ်+အ,ကုသိုလ် အစရှိသော တိက်ဝင် ဒုက်ဝင်တရားများ၊ ခန္ဓာ အာယတနဓာတ် သစ္စာ အစ ရှိသော တရားများ၏ ထိုထို ရေတွက်အပ်သော ခန္ဓာ အာယတန ဓာတ်တရားများ၊ မရေတွက်အပ်သော ခန္ဓာ အာယတန ဓာတ်တရားများ နှင့် ထို အောက် အဘိဓမ္မာ ၂-ကျမ်းလာ တရားများနှင့် ယှဉ်သော ခန္ဓာ အာယတန ဓာတ် တရားများ၊ မယှဉ်သော ခန္ဓာအာယတန ဓာတ်တရားများကို ဤ ဓာတုကထာကျမ်း၌ ဟောကြားတော်မူအပ်လေသည်။

ထိုသို့ ဟောကြားအပ်သော ခန္ဓာ အာယတန ဓာတ်တို့အနက် ဓာတ်တရားတို့က အရေအတွက် များသောကြောင့် ယေဘုယျနည်းအားဖြင့် ဤကျမ်းကို 'ဓာတုကထာကျမ်း' ဟူ၍ ခေါ်ဆိုအပ်လေသည်။ ဤဓာတုကထာကျမ်းကို ဟောကြားတော်မူပုံ အစီအစဉ်မှာ....

(က) ဥဒ္ဒေသ၊

(ခ) နိဒ္ဒေသ-

ဟူ၍ နှစ်ပိုင်းနှစ်ခန်း ထား၍ ဟောကြားတော် မူအပ်ပါသည်။

## (က) ဥဒ္ဒေသ-မာတိကာပိုင်း

ထိုနှစ်ပိုင်း နှစ်ခန်းတို့တွင် (က) ဥဒ္ဒေသမာတိကာ အပိုင်း အခန်း၌....

(၁) ရှေးဦးစွာ ဤကျမ်း၌ ဟောကြားမည့် သင်္ဂဟာ သင်္ဂဟ စသော နည်း ၄၀=ပါးတို့ကို သင်္ဂဟော၊ အ, သင်္ဂဟော စသည်ဖြင့် အကျဉ်းချုပ် ညွှန်ပြသော နယ မာတိကာ။

(၂) ဤကျမ်း၏အတွင်းမှာမှ စတင်၍ မာတိကာ ခင်းထားအပ်သည့် ခန္ဓာ၊ အာယတန၊ ဓာတ်၊ သစ္စာ စသော တရား (ဟောပုဒ်တရား)များကို ပဉ္စက္ခန္ဓာ၊ ဒွါဒသာယတနာနိ=စသည်ဖြင့် အကျဉ်းချုပ် ညွှန်ပြသော အဗ္ဘန္တရ မာတိကာ။

(၃) ဤကျမ်း၌ ထိုထို ၁၄-နယတို့ဝယ် ထိုက်သည် အားလျော်စွာ ဟောပုဒ်တရားများကို ထိုထိုခန္ဓာ အာယတန ဓာတ်တို့ဖြင့် ရေတွက်အပ်ပုံ- မရေတွက်အပ်ပုံ၊ ဟောပုဒ်တရားများ၏ ထိုထိုခန္ဓာ၊ အာယတန၊ ဓာတ်တို့နှင့် ယှဉ်ပုံ-မယှဉ်ပုံတို့ကို ဟောကြားလိမ့်မည် ဟု ထိုထို ၁၄-နယတို့၏ဦးတည်ချက်ကို တီဟိ သင်္ဂဟော=တီဟိ အသင်္ဂဟော၊ စတူဟိ သမ္ပယောဂေါ၊ စတူဟိ ဝိပ္ပယောဂေါ ဟူ၍ အကျဉ်းချုပ် ညွှန်ပြသော နယမုခ မာတိကာ။

(၄) ဤကျမ်း၌ ထိုထို နယတို့ဝယ် ထိုက်သည့် အားလျော်စွာ ဟောပုဒ်တရားများ၏ ထိုထိုခန္ဓာ၊ အာယတန၊ ဓာတ်တို့ဖြင့် ရေတွက်အပ်ပုံ၊ ထိုထိုခန္ဓာ၊ အာယတန၊ ဓာတ်တို့နှင့် ယှဉ်ပုံတို့ကို ဖော်ပြလျှင် သဘာဂ လက္ခဏာ ဟူ၍ မှတ်ယူရမည်။ ဟောပုဒ်တရားများ၏ ထိုထိုခန္ဓာ၊ အာယတန၊ ဓာတ်တို့ဖြင့် မရေတွက်အပ်ပုံ - ထိုထိုခန္ဓာ၊ အာယတန၊ ဓာတ်တို့ဖြင့် မယှဉ်ပုံတို့ကို ဖော်ပြလျှင် ဝိသဘာဂလက္ခဏာဟူ၍ မှတ်ယူရမည်ဟု လက္ခဏာနှစ်ပါးကို

သဘာဂေါ၊ ဝိသဘာဂေါ ဟူ၍ အကျဉ်းချုပ် ညွှန်ပြသော လက္ခဏာ မာတိကာ။

(၅) ဤကျမ်း၌ ထိုထို ၁၄-နယတို့ဝယ် ထိုက်သည့်အားလျော်စွာ အောက်ဓမ္မသင်္ဂဏီကျမ်း၌ ညွှန်ပြခဲ့သော ကုသိုလ် အ,ကုသိုလ် အစရှိသော တိက်ပုဒ်တရားစု ၆၆-စု၊ ဟေတု-န ဟေတု အစရှိသော ဒုက်ပုဒ်စု ၂၀၀-တို့ကိုလည်း၊ ဤဓာတုကထာကျမ်း၏ဟောပုဒ်များအနေဖြင့် မှတ်ယူရမည် ဟူ၍ ဓမ္မသင်္ဂဏီ ဟူသော ကျမ်းတစ်ပါးမှ လာသော မာတိကာ ဟောပုဒ်များ ကိုလည်း သဗ္ဗာပိ ဓမ္မသင်္ဂဏီဓာတုကထာ မာတိကာ ဟု အကျဉ်းချုပ် ညွှန်ပြသော ဗာဟိရ မာတိကာ-ဤမာတိကာ ၅-ပါးတို့ကို အကျဉ်းချုပ် ဟောကြား ညွှန်ပြတော် မူပါသည်။

## (ခ) နိဒ္ဒေသ=၁၄ နယတို့ကို အကျယ်ဟောသော အပိုင်း

(ခ) နိဒ္ဒေသ= ၁၄-နယတို့ကို အကျယ်ဟောသော အပိုင်း၌ ပဌမ နယဝယ် အဗ္ဗန္တရမာတိကာလာ ဟောပုဒ်များ၊ ဗာဟိရ မာတိကာလာ ဟောပုဒ်များကို အစဉ်အတိုင်း တစ်ပုဒ်စီ-တစ်ပုဒ်စီ ထုတ်ဆောင်၍ ထိုထို ဟောပုဒ်တရားတို့၏ ထိုထိုခန္ဓာ၊ အာယတန၊ ဓာတ်တို့ဖြင့် ရေတွက်အပ်ပုံ¤မရေတွက်အပ်ပုံတို့ကို အကျယ် ဟောကြားတော် မူပါသည်။

ဒုတိယ နယ (သင်္ဂဟိတေန အသင်္ဂဟိတနယ)ဝယ် မာတိကာ နှစ်ပါးလာ အဖြေရနိုင်သော ဟောပုဒ်များကို ရသင့်သည့်အတိုင်း တစ်ပုဒ်စီ-တစ်ပုဒ်စီ ထုတ်ဆောင်၍ ယိုဟောပုဒ်ရင်း တရားနှင့် ခန္ဓာတူ-အာယတန ဓာတ်ကွဲ

(သို့မဟုတ်)ခန္ဓာ+အာယတန တူ၍ ဓာတ်ကွဲသော တရားတို့၏ ထိုထိုခန္ဓာ+အာယတန ဓာတ်တို့ဖြင့် မရေတွက်အပ်ပုံ=အသင်္ဂဟိတ သဘောကို အကျယ် ဟောတော်မူပါသည်။

ဤသို့ စသည်ဖြင့် ထိုထိုနယတို့ဝယ် တနယ တနယလျှော်= တစ်နည်းစီ တစ်နည်းစီ၊ တစ်ပုံစီ တစ်ပုံစီ၊ အဆန်းတကြယ် အကျယ် ဟောကြားတော် မူပါသည်။ အဘိဓမ္မာ စာသင်သား အချင်းချင်း၊ အဘိဓမ္မာ သူတော်စင်အချင်းချင်း ဆွေးနွေး ကြည်ညိုကြပါကုန် သူတော်ကောင်းတို့ ....၊ အလွန် ကြည် ညို ဝမ်းမြောက် ဖွယ်ကောင်းလှပါသည်။

အချုပ်အားဖြင့် ပထမနယ၊ ဒုတိယနယ၊ တတိယနယစတုတ္ထနယ၊ ပဉ္စမနယတို့၌ သင်္ဂဟ၊ အသင်္ဂဟ နည်း နှစ်ပါးတို့ကို အဆန်းတကြယ် ကြည်ညိုဖွယ် ဟောကြားတော်မူပါသည်။ ဆဋ္ဌနယ၊ သတ္တမနယ၊ အဋ္ဌမနယ၊ နဝမနယ၊ ဒသမနယတို့၌ သမ္ပယောဂ၊ ဝိပ္ပယောဂနည်းနှစ်ပါးတို့ဖြင့် အဆန်းတကြယ် ကြည်ညိုဖွယ် ဟောကြားတော် မူပါသည်။ ကျန် ၄-နယတို့၌ သင်္ဂဟ+အသင်္ဂဟ၊ သမ္ပယောဂ+ဝိပ္ပယောဂ နည်း ၄-ပါးတို့ကို မူလ-မူလီအနည်းနည်း ချယ်လှယ်၍ အဆန်းတကြယ် ကြည်ညိုဖွယ်ဟောကြားတော် မူပါသည်။

အဘိဓမ္မာအသင်းဝင် သူတော်စင် အပေါင်းတို့ ....ဤမျှ ပြောဆိုပြခြင်းဖြင့် အသင် သူတော်စင်တို့သည်ဓာတုကထာ အဘိဓမ္မာကျမ်း၏ ဟောတော်မူပုံ ဒေသနာအဒိုပ်အမြွက်ကို အကျဉ်းချုပ်အားဖြင့် သိရှိနားလည်ကြ

ရပေပြီ။ ယခုအခါ အဘိဓမ္မာအခါတော်နေ့ဝယ် ရန်ကုန်မြို့ ဗဟို အဘိဓမ္မာပြန့်ပွားအသင်းကြီးမှ တစ်နိုင်ငံလုံး အဘိဓမ္မာ ဒေသနာတော်ကို တညီတညွတ်တည်း ရွတ်ဆိုပွားများ ဓမ္မပူဇာ ကုသိုလ်တရားကို ရယူနိုင်ကြစေရန် ဤ တတိယ အဘိဓမ္မာ ဓာတုကထာကျမ်းအတွက် အသင်္ဂဟိတေန၊ သင်္ဂဟိတနယခေါ်သော တတိယနယပုဒ်များထဲမှ စေတသိကပဒ၊ စိတ္တသမ္ပယုတ္တပဒ၊ စိတ္တသံသဋ္ဌပဒ၊ စိတ္တသံသဋ္ဌသမုဋ္ဌာနပဒ၊ စိတ္တသံသဋ္ဌသမုဋ္ဌာနသဟဘူပဒ၊ စိတ္တသံသဋ္ဌသမုဋ္ဌာနာနုပရိဝတ္တိပဒတို့ကို သဘောတူရာ တပေါင်းတည်း ပြု၍ လည်းကောင်း၊ ဥပါဒါနပဒ၊ ကိလေသပဒ၊ ကိလေသသံကိလေသပဒ၊ ကိလေသသံ-ကိလိဋ္ဌပဒ၊ ကိလေသကိလေသသမ္ပယုတ္တ ပဒ တို့ကို တပေါင်းတည်းပြု၍ လည်းကောင်း ဤဟောပုဒ်များကို ပုစ္ဆာ ဝိသဇ္ဇနာ စုံညီစွာဖော်ပြ၍ အသင်းသူတော်စင်တို့အား ဝေငှအပ်ခဲ့လေပြီ။ အသင်းသူတော်စင် အပေါင်းတို့သည် ရှေးကံဟောင်း သတ္တိကြောင့် မိမိ၏လက်တွင်းသို့ အသင့် ရောက်ရှိလာသော တတိယအဘိဓမ္မာ ဓာတုကထာ ဒေသနာတရားကို သာကြည်ရွှင်ပြုံး တညီတညွတ်တည်း သောက်သုံးကြပါကုန်လော့....။

'ဓာတုကထာ အမေးအဖြေ အကျုံးဂါထာတို့နှင့် ပါဠိတော်ကို ရွတ်ဆိုကြရန်'

## (၄) ပုဂ္ဂလပညတ်ကျမ်း

အဘိဓမ္မာ အသင်းဝင် သူတော်စင်အပေါင်းတို့ .... မြတ်စွာဘုရားသည် ဓမ္မသင်္ဂဏီကျမ်း၊ ဝိဘင်းကျမ်း၊ ဓာတုကထာကျမ်းတို့ဖြင့် ဆိုအပ်ခဲ့ပြီးသောအတိုင်း ကုသိုလ်+

အ,ကုသိုလ် အစရှိသော ပရမတ္ထတရားများ၊ ခန္ဓာ-အာယတန အစရှိသော ပရမတ္ထတရားများကို တရားကိုယ်အရကောက်အားဖြင့် လည်းကောင်း၊ သိသင့်သိထိုက်သော နည်းအမျိုးမျိုး၊ သဘာဝတ္ထ အမျိုးမျိုးအားဖြင့် လည်းကောင်း ဟောသင့်သမျှ မခြွင်းမချန် အကျန်မထား အနည်းနည်းအဖုံဖုံ ကြည်ညို၍ မှတ်ယူ၍ မကုန်နိုင်အောင် ဟောကြားတော်မူခဲ့လေပြီ....။

ထိုထိုခန္ဓာ၊ အာယတန၊ ဓာတ် စသော (ပရမတ္ထတရားတို့၏) အမည်များသည် လည်းကောင်း၊ သမယဝိမုတ္တပုဂ္ဂိုလ်=အသမယဝိမုတ္တ ပုဂ္ဂိုလ် စသော အမည်များသည် လည်းကောင်း ထိုထိုဆိုင်ရာ ဆိုင်ရာ သဘာဝအနက်များ ဝေါဟာရ အနက်များကို သိစေတတ်သဖြင့် ပညတ်မည်လေသည်။ ထိုပညတ်ကား သဘာဝပညတ်၊ အ,သဘာဝပညတ်ဟူ၍ အကျဉ်းချုပ်အားဖြင့် ၂ မျိုး ရှိလေသည်။ ကိုယ်ပိုင်လက္ခဏာ အသီးသီး ရရှိကောင်းသော ပညတ်မျိုးကို သဘာဝပညတ် ခေါ်၏။ (ပရမတ္ထတရားတို့၏ ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဉ် စသော အမည်ပညတ်မျိုး ဖြစ်သည်။) ကိုယ်ပိုင်လက္ခဏာ အသီးအသီး ကောက်ယူ၍ မရရှိနိုင်ဘဲ သဘာဝလက္ခဏာ ရရှိကောင်းသော ပရမတ္ထတရားတို့ကို အစွဲပြု၍ ခေါ်ဆိုပညတ်အပ်သော ပညတ်မျိုးကို သဘာဝပညတ် ခေါ်၏။ (အဘိဓမ္မာ၊ ဉာဏ်ပညာ စေတသိက်ကိုစွဲ၍ လူလိမ္မာဟု ခေါ်ဆိုသော ပညတ်မျိုး၊ မိုက်မဲတွေဝေမှု မောဟကိုစွဲ၍ လူမိုက်ဟု ခေါ်ဆိုသော ပညတ်မျိုး ဖြစ်သည်။)

ဤပုဂ္ဂလပညတ်ကျမ်း၌ မြတ်စွာဘုရားသည် ပရမတ္ထတရားတို့၏ ခန္ဓာ၊ အာယတန၊ ဓာတ်စသော သဘာဝ

ပညတ်မျိုးကို အမြွက်မျှ ခန္ဓပညတ်၊ အာယတနပညတ်၊ ဓာတုပညတ်၊ သစ္စပညတ်၊ ဣန္ဒြိယပညတ် ဟူ၍၅-မျိုးမျှကိုသာ အကျဉ်းချုပ် ဖော်ပြ၍ အသဘာဝပညတ်မျိုးဖြစ်သည့် ပုဂ္ဂလပညတ်ကို အကျယ်တဝင့် ဟောပြတော်မူခဲ့ပါသည်။

မှန်ပါသည်၊ ပရမတ္ထတရားတို့၏ ခန္ဓာ၊ အာယတန၊ ဓာတ်၊ သစ္စာ၊ ဣန္ဒြေဟူသော ပညတ်(၅)မျိုးကို အကျဉ်းမျှ ဖော်ပြလိုက်လျှင်ပင် ပဋိစ္စသမုပ္ပါဒ်ဟူသော ပညတ်၊ သတိပဋ္ဌာန ဟူသော ပညတ်၊ သမ္ပပ္ပဓာန် ဟူသော ပညတ်၊ ဤသို့ စသည့် ပရမတ္ထတရားတို့၏ သဘာဝပညတ်ကို ဝေနေယျတို့သည် သိနိုင်လောက်ကြလေပြီ။ ထို့ကြောင့် ဤ ပုဂ္ဂလ ပညတ်ကျမ်း၌ သဘာဝ ပညတ်မျိုးကို ခန္ဓ ပညတ်၊ အာယတန ပညတ်၊ ဓာတု ပညတ်၊ သစ္စ ပညတ်၊ ဣန္ဒြိယ ပညတ် ဤသို့ ၅-မျိုးမျှကိုသာ အကျဉ်းချုပ် ဟောပြတော် မူပါသည်။

အသဘာဝပညတ်မျိုးဖြစ်သည့် သမယဝိမုတ္တပုဂ္ဂိုလ်၊ အသမယဝိမုတ္တပုဂ္ဂိုလ် အစရှိသော ပုဂ္ဂလပညတ် အမျိုးမျိုးအတွက် ဤမည်သော ပရမတ္ထ တရားကိုစွဲ၍ ဤသို့သော ပုဂ္ဂလပညတ်မျိုး ဖြစ်ရသည် ဟူ၍ကား သာဝကတို့ ဉာဏ်ဖြင့် အမှန်တိတိ မသိနိုင်ကြကုန်၊ ထို့ကြောင့် မြတ်စွာဘုရားသည် ဤပုဂ္ဂလပညတ်ကျမ်း၌ အသဘာဝပညတ်မျိုးဖြစ်သည့် ပုဂ္ဂလပညတ်ကို အကျယ်တဝင့် ဟောကြားတော်မူလေသည်။ ထိုသို့ ပုဂ္ဂလပညတ်ကိုသာ အကျယ်တဝင့် ဟောကြားရာ ဖြစ်သောကြောင့်လည်း ဤ စတုတ္ထ အဘိဓမ္မာကျမ်းကို 'ပုဂ္ဂလပညတ်ကျမ်း' ဟူ၍ ခေါ်ဆိုရလေသည်။

ဤပုဂ္ဂလပညတ်ကျမ်း၌ မြတ်စွာဘုရားသည် ပုဂ္ဂလပညတ် အမျိုးမျိုးကို ဟောကြား ဖော်ပြတော်မူရာဝယ် (က) ရှေးဦးစွာ တစ်မျိုးစုပုဂ္ဂိုလ်၊ နှစ်မျိုးစုပုဂ္ဂိုလ်၊ သုံးမျိုးစုပုဂ္ဂိုလ်၊ လေးမျိုးစု၊ ငါးမျိုးစု၊ ခြောက်မျိုးစု၊ ခုနစ်မျိုးစု၊ ရှစ်မျိုးစု၊ ကိုးမျိုးစု၊ ဆယ်မျိုးစုပုဂ္ဂိုလ်တို့ကို သူ့အစုနှင့်သူ မာတိကာထားပြီးလျှင် (ခ) ထို့နောင်မှ မာတိကာ အစဉ်အတိုင်း ပုဂ္ဂလပညတ် အမျိုးမျိုးတို့ကို အကျယ် နိဒ္ဒေသ ဟောပြတော်မူပါသည်။

ထိုသို့ ဟောတော်မူရာဝယ်—ဥဒ္ဒေသ မာတိကာပိုင်း၌ တစ်ပါးစုပုဂ္ဂလပညတ် ၅၄-ပါး၊ နှစ်ပါးစုပုဂ္ဂလပညတ် ၂၆-ပါး၊ သုံးပါးစု ပုဂ္ဂလပညတ် ၁၇-ပါး၊ လေးပါးစု ပုဂ္ဂလပညတ် ၃၀-ပါး၊ ငါးပါစု ပုဂ္ဂလပညတ် ၁၄-ပါး၊ ခြောက်ပါးစု ၁၊ ခုနစ်ပါးစု-၂၊ ရှစ်ပါးစု-၁၊ ကိုးပါးစု ၁၊ ဆယ်ပါးစု ပုဂ္ဂလပညတ် ၁-စု ဤကဲ့သို့ မာတိကာ အစဉ်ထား၍ ထိုမာတိကာ အစဉ်အတိုင်း နိဒ္ဒေသပိုင်း၌ အကျယ်ဝိတ္ထာရ ဟောပြတော်မူပါသည်။

အဘိဓမ္မာအသင်းဝင် သူတော်စင် အပေါင်းတို့ .... ဤမျှ ပြောဆို ဖော်ပြခြင်းဖြင့် အသင်သူတော်စင်တို့သည် ပုဂ္ဂလပညတ် အဘိဓမ္မာကျမ်း၏ ဟောကြားတော်မူပုံ ဒေသနာ အရိပ်အမြွက်ကို အကျဉ်းချုပ်အားဖြင့် ရိပ်မိသိရှိနားလည်ကြရပေပြီ။ ယခုအခါ အဘိဓမ္မာအခါတော်နေ့ဝယ် ရန်ကုန်မြို့ဗဟို 'အဘိဓမ္မာပြန့်ပွားရေးအသင်းကြီး' မှ တစ်နိုင်ငံလုံး အဘိဓမ္မာဒေသနာကို တညီတညွတ်တည်း ရွတ်ဆိုပွားများ ဓမ္မပူဇာ ကုသိုလ်တရားကို ရယူနိုင်ကြစေရန် ဤစတုတ္ထအဘိဓမ္မာ ပုဂ္ဂလ ပညတ်ကျမ်း အတွက်၊ ပုဂ္ဂိုလ်တစ်ပါးစု နိဒ္ဒေသဝါရမှအနုလကျွဏာဘဗ္ဗပုဂ္ဂိုလ်၊

ပုထုဇဉ်ပုဂ္ဂိုလ်၊ ဂေါတြဘူပုဂ္ဂိုလ်၊ ဘယူပရတပုဂ္ဂိုလ်၊ အဘယူပရတပုဂ္ဂိုလ်၊ ဘဗ္ဗာဂမနပုဂ္ဂိုလ်၊ အဘဗ္ဗာဂမနပုဂ္ဂိုလ်၊ ဤပုဂ္ဂိုလ် ၇-ပါး အကြောင်း ဟောပြချက်ကို အပြည့်အစုံ အသင်သူတော်စင်တို့အား ဝေငှအပ်ခဲ့လေပြီ၊ အသင် သူတော်စင်အပေါင်းတို့သည် ရှေးကံဟောင်း သတ္တိကြောင့် မိမိ၏လက်တွင်းသို့ အသင့် ရောက်ရှိလာသော စတုတ္ထအဘိဓမ္မာ ပုဂ္ဂလပညတ် ဒေသနာတရားကို အားရရွှင်ပြုံး တညီတညွတ်တည်းသောက်သုံးကြပါကုန်လော့....။

'ပုဂ္ဂလပညတ် အမေးအဖြေအကျူးဂါထာ နှင့် ပါဠိတော်ကို ဆက်လက် ရွတ်ဆိုရန်'

## (၅) ကထာဝတ္ထုကျမ်း

အဘိဓမ္မာအသင်းဝင် သူတော်စင် အပေါင်းတို့....။ ယခုအခါ ကထာဝတ္ထုကျမ်းကို ရွတ်ဆိုပူဇော်ရန်အလှည့် အကြိမ်သို့ ရောက်ခဲ့လေပြီ။ ဤကထာဝတ္ထု အဘိဓမ္မာကျမ်း၏ဖြစ်ပေါ်လာပုံကို အကျဉ်းအားဖြင့် နာယူမှတ်သား ဗဟုသုတ ပွားများရန် လိုအပ်လာရာ ဤကျမ်း၏ ဖြစ်ပေါ်လာပုံကို အကျဉ်းချုပ်အားဖြင့် ဖော်ပြပါဒွံ့။

အဘိဓမ္မာအသင်းဝင် သူတော်စင် အပေါင်းတို့....။ မြတ်စွာဘုရား သက်တော်ထင်ရှား ရှိနေချိန်မှာ မိစ္ဆာဝါဒသမားတို့သည် အလွန်ကြီး မသောင်းကျန်းနိုင်ကြကုန်၊ နေရောင်တောက်ချိန်၌ အမှောင်ပျောက်၍ နေသကဲ့သို့ ဘုရားနေမင်း ထွန်းလင်းတောက်ပချိန်ဝယ် မိစ္ဆာဝါဒအမှောင်တို့ကား အင်တိုက်အားတိုက် မထွန်းကားနိုင်ကြ

ချေ။ မြတ်စွာဘုရား ပရိနိဗ္ဗာန် စံလွန်တော်မူပြီးသည့်နောက်၌ကား ထိုမိစ္ဆာဝါဒ အမှောင်တို့သည် လွှမ်း၍ဖုံး၍ လာကြကုန်သည်။ ထိုအချက်ကို မြတ်စွာဘုရားသည် ကိုယ်တော်မြတ် ပရိနိဗ္ဗာန် စံတော်မူပြီးနောက် ဒုတိယ အနှစ်တစ်ရာအတွင်း၌ ထိုမိစ္ဆာဝါဒမှောင်များ ဖုံးလွှမ်းလာမည်ကို အနာဂတံသ ဉာဏ်တော်ဖြင့် ကောင်းစွာ သိမြင်တော်မူပြီး ဖြစ်လေသည်။

လိမ္မာလှသော သမားကောင်းသည် သူနာအတွက် အနာ ဖြစ်ပေါ်မည်ကို သိရှိသော်လည်း အနာမပေါ်မီ ဆေးတင်ပေးခြင်းမပြုဘဲ ရောဂါ ပျောက်ငြိမ်းကြောင်း ဆေးကောင်း နည်းကောင်းကိုသာ အကျဉ်းချုပ် မှတ်တမ်းတင် ညွှန်ပြသကဲ့သို့ လောကသုံးပါး၏ အတု မရှိသော သမားတော်ကြီး ဖြစ်တော်မူသော မြတ်စွာဘုရားသည်လည်း ကိလေသာအနာ စွဲငြိနေသော ဝေနေယျ သတ္တဝါလူနာတို့အတွက် မိစ္ဆာဝါဒတည်းဟူသော အနာရောဂါ မထကြွမသောင်းကျန်းမီ ကထာဝတ္ထု ကျမ်းအကျယ် ဒေသနာနည်းဟူသော ဆေးဝါးကို မတင်သေးဘဲ 'ငါဘုရား ပရိနိဗ္ဗာန် စံလွန်ပြီးနောက် ဒုတိယ အနှစ်တစ်ရာ တိုင်လတ်လျှင် မိစ္ဆာအယူဝါဒ တည်းဟူသော သာသနာ့အညစ်အကြေး ဘေးရန်ရောဂါများ ထူပြောထကြွသောင်းကျန်း၍ လာကြလိမ့်မည်။ ထိုအခါ ငါဘုရား၏ တပည့်သာဝက ဉာဏ်ပညာကြီးလှသော မောဂ္ဂလိပုတ္တတိဿထေရ်သည် သာသနာ့အညစ်အကြေး မိစ္ဆာ အယူဝါဒတည်းဟူသော ရောဂါဘေးများကို ရှင်းလင်းသုတ်သင်လျက် တတိယသင်္ဂါယနာ မိစ္ဆာဝါဒ ပယ်ဖျောက်ပွဲဆင်နွှဲလျက် ရဟန်းအပေါင်းတို့၏အလယ်၌ နေထိုင်ကာ

သကဝါဒ (သမ္မာဝါဒ)၌ သုတ်ပေါင်း ၅၀၀၊ ပရဝါဒ (မိစ္ဆာဝါဒ)၌ သုတ်ပေါင်း ၅၀၀၊ နှစ်ရပ်ပေါင်း သုတ်ပေါင်း ၁၀၀၀-ကို ထုတ်ဆောင်ဖော်ပြကာ မိစ္ဆာဝါဒ ရောဂါချုတ်လှဲဆေးဟုခေါ် ဆိုထိုက်သော ကထာဝတ္ထု ကျမ်းကို အကျယ် ဝေဖန်ဟောကြား မိစ္ဆာဝါဒ ရောဂါများကို ပယ်ရှားရစ်လိမ့်မည်’ဟု ဆင်ခြင်တော်မူကာ အရှင်မဟာမောဂ္ဂလိပုတ္တတိဿ သားတော်ကြီး အား အခွင့်အရေး ပေးတော်မူလျက် ရှေးဦးစွာ ပုဂ္ဂလကထာဝယ် အဌမုခပါဒ ယုတ္တိအမြွက်မျှကို ဖော်ပြပြီးလျှင် အလုံးစုံသော ကထာအစဉ်တို့၌ တစ်ဘာဏဝါရမျှပင် မပြည့်သော ပါဠိအစဉ်ဖြင့် မာတိကာ တည်းဟူသော ဆေးနည်းအကျဉ်းကို ညွှန်ပြ ဟောကြားတော် မူခဲ့ပါသည်။

ကထာဝတ္ထု အဘိဓမ္မာကျမ်းအတွက် မာတိကာ တည်းဟူသော ဆေးနည်းအကျဉ်းကို ညွှန်ပြ ဟောကြား တော်မူပြီးနောက် ကြွင်းကျန်သော ယမိုက်ပဋ္ဌာန်း အဘိဓမ္မာ နှစ်ကျမ်းတို့ကို အကျယ်နည်းဖြင့်ပင် ဟောကြား တော်မူခဲ့ပါသည်။ မြတ်စွာဘုရား ပရိနိဗ္ဗာန် စံတော်မူပြီးနောက် အနှစ်နှစ်ရာ လွန်မြောက်၍ တတိယသင်္ဂါယနာခေတ်သို့ သာသနာ့အညစ်အကြေး မိစ္ဆာဝါဒနှင့် ထိုမိစ္ဆာဝါဒရှိကြသော ပရဝါဒီ ဘေး ရောဂါတို့ကို အသောကမင်းတရား၏ အကူအညီဖြင့် ပယ်ဖျောက်၍ ရဟန်းတော်ပေါင်း ခြောက်သန်း စည်းဝေးမိသော သံဃာပုသ် အစည်းအဝေး၌ မဟာမောဂ္ဂလိပုတ္တတိဿ ထေရ်သည် ထိုအချိန်၌ ပေါ်ပေါက်ပြီး နောက်အချိန်၌ ပေါ်ပေါက်မည့် မိစ္ဆာဝါဒ အယူဝတ္ထုများများကို ပယ်

ရှားနိုင်ဖို့ရန် ဘုရားရှင်ပေးသော နည်း 'အဋ္ဌမုခပါဒ-ယုတ္တိ'ဖြင့် ဘုရားရှင် အကျဉ်းဟောကြားထားတော်မူခဲ့သော မာတိကာကို အကျယ် ဝေဖန်တော်မူလျက် သကပါဒ၌ သုတ်ပေါင်း ၅၀၀၊ ပရဝါဒ၌ သုတ်ပေါင်း ၅၀၀=နှစ်ရပ်ပေါင်း သုတ်ပေါင်း ၁၀၀၀ ကို ထုတ်ဆောင် ဖော်ပြပြီးလျှင် ဝါဒအမှားကို ပယ်ရှားနှိမ်နင်းကြောင်း ဖြစ်သော ကထာဝတ္ထု အဘိဓမ္မာကျမ်းကို ဟောကြားတော်မူပါသည်။

အဘိဓမ္မာအသင်းဝင် သူတော်စင် အပေါင်းတို့ ....။ ကထာဝတ္ထုကျမ်း၌ ဟောကြားတော်မူပုံ အကျဉ်းချုပ်မှာ—ပရဝါဒီပုဂ္ဂိုလ်တို့ ထိုထို ဘုရားဟော သုတ္တန်တို့က အယူအဆ အမှတ်မှားကြလျက် အယူမှား၊ အပြောမှား ဖြစ်ကြသည်ကို သကဝါဒီက ထိုထိုသုတ္တန် အထောက်အထား ဖော်ပြလျက် ထိုကဲ့သို့ မယူမှားသင့်ကြောင်းကို သကဝါဒီက မေးပုံ၊ ပရဝါဒီက ဖြေပုံ၊ တဖန် ပရဝါဒီက မေးပုံ၊ သကဝါဒီက ဖြေပုံ စသည်တို့ကို အကျယ် ဖော်ပြ ဟောကြားအပ်ပါသည်။

အဘိဓမ္မာအသင်းဝင် သူတော်စင် အပေါင်းတို့ ....။ ဤမျှ ပြောဆိုပြခြင်းဖြင့် အသင် သူတော်စင်တို့သည် ကထာဝတ္ထု အဘိဓမ္မာကျမ်း၏ အတ္ထုပ္ပတ်နှင့်တကွ ဟောကြားတော်မူပုံ ဒေသနာအရိပ်အမြွက်ကို အကျဉ်းချုပ်အားဖြင့် ရိပ်မိသိရှိနားလည်ကြရပေပြီ။ ယခုအခါ အကြိမ် ( )မြောက် အဘိဓမ္မာ အခါတော်နေ့ဝယ် ရန်ကုန်မြို့ ဗဟို 'အဘိဓမ္မာ ပြန့်ပွားရေးအသင်းကြီး'က တစ်နိုင်ငံလုံး အဘိဓမ္မာဒေသနာကို တညီတညွတ် ရွတ်ဆိုပွားများ မမှ

ပူဇော ကုသိုလ်တရားကို ရယူနိုင်ကြစေရန် ဤပဋ္ဌမ အဘိ ဓမ္မာ ကထာဝတ္ထုအတွက် ဒုတိယဝဂ်မှ ၈=ခုမြောက် ဖြစ် သော ကုက္ကုဋကထာကို အပြည့်အစုံ အသင် သူတော်စင်တို့ အား ဝေငှအပ်ခဲ့လေပြီ။ အသင်သူတော်စင် **အပေါင်း** တို့သည် ရှေးကံဟောင်း သတ္တိကြောင့် မိမိ၏လက်တွင်းသို့ အသင့် ရောက်ရှိလာသော ပဋ္ဌမအဘိဓမ္မာ ကထာဝတ္ထု ဒေသနာတရားကို အားရရွှင်မြူး ချီးကျူးရွတ်ဆိုကြ ကာ ဓမ္မာမတ တရား တည်းဟူသော အမြိုက်ရည်ကို သာကြည်ရွှင်ပြုံး တညီတညွတ်တည်း သောက်သုံးကြပါ ကုန်လော့။

'ကထာဝတ္ထု အမေးအဖြေ အကျူးဂါထာနှင့် ပါဠိတော်ကို ဆက်လက် ရွတ်ဆိုရန်'

## (၆) ယမိုက်ကျမ်း

**အဘိဓမ္မာအသင်းဝင် သူတော်စင် အပေါင်းတို့ ....။** ခြောက်ဆင့်မြောက် အဘိဓမ္မာယမိုက်ကျမ်း၌ ဟောတော် မူပုံကို ကြည်ညိုမှတ်သား အကျဉ်းချုပ် အသိဉာဏ်ပွား ကြဖို့ အလှည့်အကြိမ်ကား ရောက်ခဲ့လေပြီ။ သူတော်စင် **အပေါင်းတို့....။** မြတ်စွာ ဘုရား သည် ဤခြောက်ဆင့် မြောက် အဘိဓမ္မာ ယမိုက်ကျမ်း၌ ရှေးဦးစွာသော မူလ ယမိုက်ကျမ်းဝယ် အောက် ဓမ္မသင်္ဂဏီကျမ်းလာ တိက် ၂၂၊ ဒုက် ၁၀၀ တို့၌ တစ်တိက် တစ်တိက်လျှင် တိက်ဝင် ဟောပုဒ် ၃-ပုဒ်၊ တိက်ဝင် နာမ်တရားများကို နာမပဒ ဟူသော ပုဒ်တစ်ပုဒ်ပြုကာ တစ်တိက် တစ်တိက် လျှင် ဟောပုဒ် ၄-ပုဒ်စီ၊တစ်ဒုက် တစ်ဒုက်လျှင် ထို့ အတူ ဟော ပုဒ် ၃ ပုဒ်စီ မ တည်၍ ဟောပုဒ် တစ်ပုဒ် တစ်ပုဒ်လျှင်

နယ လေးပါးစီ၊ တစ်နယ တစ်နယလျှင် ယမက ၃-ပါး စီသား၍ အမေးအဖြေ အဆန်းတကြယ် အနုလောမ+ ပဋိလောမ သန္နိဋ္ဌာန်+သံသယ၊ ပုစ္ဆာ+ဝိသဇ္ဇနာ အစုံ အစုံပြု၍ ဟောကြားတော်မူပါသည်။

ထို့အတူ အထက်ဖြစ်သော ခန္ဓယမိုက်၊ အာယတန ယမိုက်၊ ဓာတုယမိုက် စသည်တို့၌ ပဏ္ဏတ္တိဝါရ၊ ပဝတ္တိ ဝါရ၊ ပရိညာဝါရ အစရှိသော ရသင့်ရထိုက်သော ဝါရ ကြီးတို့ဖြင့် တန်ဆာဆင်ကာ ထိုထိုခန္ဓာ၊ အာယတန၊ ဓာတ်၊ သစ္စာ စသော တရားတို့နှင့်စပ်၍ သိမှတ်ဖွယ် အချက်အလက် အဆန်းတကြယ်တို့ကို အနုလောမ၊ ပဋိ လောမ၊ သန္နိဋ္ဌာန်၊ သံသယ၊ ပုစ္ဆာ၊ ဝိသဇ္ဇနာ အစုံအစုံ ပြု၍ ဟောကြားတော်မူပါသည်။ ဤ အဘိဓမ္မာဒေသနာ တော်နှင့် စပ်၍ ရှေးပညာရှိကြီးများက 'ယမိုက်ကျမ်းက ရှုပ်ရှုပ်နှင့် ခက်သည်၊ ပဋ္ဌာန်းကျမ်းက ရှင်းရှင်းနှင့် ခက် သည်' ဟူ၍ မှတ်ချက်ပေးကြ၊ ချထားခဲ့ကြပါသည်။ သို့ရ ကား ယမိုက်ကျမ်း ၁၀-ကျမ်းတို့ကို လေ့လာအားထုတ် သော ပုဂ္ဂိုလ်များ၏အဖို့ရာ ရှုပ်ရှုပ်နှင့် အခက်အခဲ အနက် အနဲကို သိသော ဂမ္ဘီရပညာတရား အထူးသဖြင့် ပွား များနိုင်ပါသည်။ စိတ်အားမလျှော့ကြဘဲ ကြိုးစား လေ့ လာကြလျှင် ဓမ္မဂမ္ဘီရ အတ္တဂမ္ဘီရဉာဏ် ၂-ပါးတို့ သူမတူ တန်အောင် ထက်သန်နိုင်ပါသည်။

အဘိဓမ္မာအသင်းဝင် သူတော်စင် အပေါင်းတို့ ...။ ဤမျှလောက်ဆိုလျှင် ယမိုက်ကျမ်း၏သဘောကို အကျဉ်း ချုပ် နားလည်နိုင်ကြလောက်ပါပြီ။ ယခုအခါ အကြိမ် (   )မြောက် အဘိဓမ္မာအခါတော်နေ့ဝယ် ရန်ကုန်မြို့

ဗဟို 'အဘိဓမ္မာ ပြန့်ပွားရေးအသင်းကြီး'က တစ်နိုင်ငံလုံး အဘိဓမ္မာဒေသနာတော်ကို တညီတညွတ် ရွတ်ဆိုပွားများ ဓမ္မပူဇာ ကုသိုလ်တရားကို ရယူနိုင်ကြစေရန် ဤဆဋ္ဌကျမ်း အဘိဓမ္မာ ယမက ဒေသနာတော်အတွက် ယမိုက်ဆယ်ကျမ်းတို့အနက် သုံးခုမြောက် အာယတန ယမိုက်ရှေးဦးစွာသော ပဏ္ဏတ္တိဝါရ ပဒသောဓနအနုလုံ ဒေသနာတော်လာ အာယတန ၁၂-ပါး တို့ ဆိုင်ရာ ယမက ဒေသနာကို အပြည့်အစုံ အသင်သူတော်ကောင်းတို့အား ဝေငှခဲ့လေပြီ။ အသင် သူတော်စင် အပေါင်းတို့သည် ရှေးကံဟောင်း သတ္တိကြောင့် မိမိ၏ လက်တွင်းသို့ အသင့် ရောက်ရှိလာသော ဆဋ္ဌအဘိဓမ္မာ ယမက ဒေသနာတရားကို အားရရွှင်မြူး ချီးကျူး ရွတ်ဆိုကြကာ ဓမ္မာမတ တရားတည်းဟူသော အမြိုက်ရည်ကို သာကြည်ရွှင်ပြုံး တညီတညွတ်တည်း သောက်သုံးကြပါကုန်လော့။

'ယမိုက်ကျမ်း အမေးအဖြေ အကျူးဂါထာ နှင့် ပါဠိတော်ကို ဆက်လက် ရွတ်ဆိုရန်'

## (၇) ပဋ္ဌာန်းကျမ်း

**အဘိဓမ္မာ အသင်းဝင် သူတော်စင် အပေါင်းတို့ ....။**
ယခုအခါ နောက်ဆုံး အဘိဓမ္မာ ပဋ္ဌာန်းဒေသနာတော် အလှည့်သို့ ရောက်ခဲ့လေပြီ။ ပရိယတ္တိနယ်ပယ်၌....

ကျမ်းကြီးပဋ္ဌာန်း၊ ကျမ်းငယ်ဆန်း၊
ကျမ်းလတ် ဓာတုကထာ။
ကြီးခက် ငယ်ခက်၊ အလတ်ခက်၊
အခက် သုံးမျိုးဖြာ။

ဟူ၍ ရှေးပညာရှိကြီးများ ဆိုစမှတ်ပြုခဲ့ကြပါသည်။ ကျွမ်းကြီး ကျယ်ဝန်း၍ ခက်သည်ကား-ပဋ္ဌာန်းကျမ်း၊ ကျမ်းငယ် ကျဉ်းကျဉ်းနှင့် ခက်သည်ကား ဆန်းကျမ်း၊ မကြီး+မငယ် အလယ်အလတ်နှင့် ခက်သည်ကား ဓာတုကထာကျမ်း ဟူ၍ ဆိုလိုပါသည်။

ဤပဋ္ဌာန်းကျမ်းနှင့်စပ်၍ သာဂရ ၄-ပါးကို နားလည်ရပါမည်။ (၁) ဇလသာဂရ=ရေသမုဒ္ဒရာ၊ (၂) သံသာရသာဂရ=သံသရာတည်းဟူသော သမုဒ္ဒရာ၊ (၃) နယ သာဂရ =ဟောကြားပုံနည်း နယ သမုဒ္ဒရာတမျှ ကျယ်ဝန်းလှသော ပဋ္ဌာန်းကျမ်းကြီး၊ (၄) ဉာဏ သာဂရ = သမုဒ္ဒရာတမျှ အာရုံတွေ ကျယ်ဝန်းလှသော သဗ္ဗညုတဉာဏ် ဟူ၍ ဆိုလိုပါသည်။

မြတ်စွာဘုရားသည် ဘုရားဖြစ်ပြီးစ သတ္တသတ္တာဟ စံတော်မူရာ စတုတ္ထ သတ္တာဟ ဖြစ်သော ရတနာဃရ သတ္တာဟ၌ အဘိဓမ္မာ ခုနစ်ကျမ်း တို့ကို သုံးသပ်ဆင်ခြင်တော်မူရာ အောက်အဘိဓမ္မာ ၆-ကျမ်းတို့၌ ဟောရမည့်နည်းက ကျဉ်း၊ သဗ္ဗညုတဉာဏ်တော်က အလွန်ကျယ်ဝန်းသဖြင့် အာနန္ဒာငါးကြီးသည် မြစ်ကြီးငါးသွယ် မြစ်ငယ်ငါးရာ၌ မမြူးကွန့်လောက်သကဲ့ ရှိချေသည်၊ ဤပဋ္ဌာန်းဒေသနာသို့ ရောက်မှ ဉာဏ်တော်ကလည်း ဉာဏသာဂရ၊ ဒေသနာတော်ကလည်း နယသာဂရဖြစ်၍ အာနန္ဒာငါးကြီး သမုဒ္ဒရာ၌ မြူးကွန့် စံပယ်ခွင့်ရသကဲ့သို့ ဖြစ်၍ သွေးတော် စသည် ကြည်လင်တောက်ပသောကြောင့် ကိုယ်တော်မှ ရောင်တော်ခြောက်ပါး မြူးကွန့်ကြောင်း ကျမ်းဂန်တို့၌ အဆိုအမိန့် ရှိပါသည်။

အဘိဓမ္မာအသင်းဝင် သူတော်စင် အပေါင်းတို့....။
မြတ်စွာဘုရား သည် ဤခုနစ်ဆင့် မြောက် ဖြစ်သော ပဋ္ဌာန်းအဘိဓမ္မာ ဒေသနာတော်ကို ဟောတော်မူပုံ အကျဉ်းမှတ်သား ကြည်ညိုသဒ္ဓါပွားကြရအောင် မြတ်စွာဘုရားသည် ရှေးဦးစွာ ပဋ္ဌာန်း ၂၄-ကျမ်းတို့၌ ဟောကြားမည့် ၂၄-ပစ္စည်းတို့ကို ဟေတုပစ္စယော၊ အာရမ္မဏပစ္စယော စသည်ဖြင့် အကျဉ်းချုပ် ဟောတော်မူပါသည်။ ၎င်းကို ပစ္စယုဒ္ဒေသ ဟု ခေါ်ပါသည်။

ထို့နောက် ၂၄-ပစ္စည်းတို့၏ သဘော အရကောက် အကျယ်ကို 'ဟေတုပစ္စယောတိ ဟေတူ ဟေတုသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ ဟေတုပစ္စယေန ပစ္စယော' စသည်ဖြင့် မကျဉ်းမကျယ် ဟောတော်မူပါသည်။ ၎င်းကို ပစ္စယနိဒ္ဒေသ-ပစ္စည်းတို့ကို မကျဉ်းမကျယ် ညွှန်ပြသော ဒေသနာဟူ၍ ဆိုလိုပါသည်။

အဘိဓမ္မာအသင်းဝင် သူတော်စင် အပေါင်းတို့...။
ဤပဋ္ဌာန်း ဒေသနာတော်၌ ဟောပုဒ် တရားတို့ကား အောက် ဓမ္မသင်္ဂဏီ မာတိကာ၌ ညွှန်ပြခဲ့သော တိက် ၂၂-တိက်နှင့် ဒုက် ၁၀၀-တို့ ဖြစ်ပါသည်။ ထိုဟောပုဒ်လာ တရားတို့ကို န မမြစ်ဘဲ ဟောပုဒ်ရင်းအတိုင်း ခင်းထား ဟောကြားသည်ကို ဓမ္မအနုလုံ ပဋ္ဌာန်းဟူ၍ ခေါ်ဆိုပါသည်။

(၁) ဟောပုဒ်ရင်းတရားကို န မြစ်၍ ဟောကြားသည်ကို ဓမ္မပစ္စနီယပဋ္ဌာန်း ဟူ၍ ခေါ်ဆိုပါသည်။

(၂) မူလ+မူလီသဘော ဟောဆိုရာဝယ်မူလ ဟောပုဒ်ကို န မမြစ်ဘဲ မူလီဟောပုဒ်ကို ဓမ္မအနုလောမ + ပစ္စနီယပဋ္ဌာန်း ဟူ၍ ခေါ်ဆိုပါသည်။

(၃) မူလဟောပုဒ်ကို နှ မြစ်၍ မူလီဟောပုဒ်ကို နှ မမြစ်ဘဲ ဟောသည်ကို ဓမ္မပစ္စနိယာနုလောမ ပဋ္ဌာန်း ဟူ၍ ခေါ်ဆိုပါသည်။

(၄) ဤသို့လျှင် အရင်းခံ မူလ ပဋ္ဌာန်း(၄)မျိုးတို့ ဖြစ်ရှိကြပါသည်။

၎င်း ၄-မျိုး တို့တွင် အရင်းခံမူလ ဓမ္မအနုလောမ ပဋ္ဌာန်း၌....

(၁) တိက်ပုဒ်တို့က ပုစ္ဆာဝါရ+ဝိဿဇ္ဇနာ ခုနစ် ဝါရတို့ဖြင့် အကျယ် ဟောသည်ကို တိက ပဋ္ဌာန်းဟူ၍ ခေါ်ဆိုပါသည်။

(၂) ဒုက်ပုဒ်တို့ကို ထို့အတူ ပုစ္ဆာဝါရ ဝိဿဇ္ဇနာ ခုနစ်ဝါတို့ဖြင့် အကျယ် ဟောသည်ကို ဒုက ပဋ္ဌာန်းဟူ၍ ခေါ်ဆိုပါသည်။

(၃) တိက်ပုဒ်ကို မူလ၊ ဒုက်ပုဒ်ကို မူလီပြု၍ ဟောသည်ကား ဒုကတိက ပဋ္ဌာန်း၊

(၄) ဒုက်ပုဒ်ကိုမူလ၊ တိက်ပုဒ်ကို မူလီပြု၍ ဟောသည်ကား တိကဒုကပဋ္ဌာန်း၊

(၅) တိက်ပုဒ်ကို မူလ၊ အခြားတိက်ပုဒ်များကို မူလီ ပြု၍ ဟောသည်ကား တိကတိကပဋ္ဌာန်း။

(၆) ဒုက်ပုဒ်ကိုမူလ၊ အခြားဒုက်ပုဒ်များကို မူလီ ပြု၍ ဟောသည်ကား ဒုကဒုကပဋ္ဌာန်း မည် ပါသည်။

ဤသို့လျှင် ဓမ္မအနုလုံ၌ ပဋ္ဌာန်း ၆-ကျမ်းရှိသကဲ့သို့ ဓမ္မပစ္စနီက် ဓမ္မအနုလောမပစ္စနီက် ဓမ္မပစ္စနီယာနုလောမတို့၌လည်း ၆-ကျမ်းစီ ရှိရကား ပဋ္ဌာန်းကျမ်းပေါင်း ၂၄-ကျမ်း ဖြစ်ပါသည်။

အို....အဘိဓမ္မာအသင်းဝင် သူတော်စင်အပေါင်းတို့-ဤမျှလောက်ဆိုလျှင် ပဋ္ဌာန်း ဒေသနာတော်၏ နက်နဲကျယ်ဝန်းလှပုံကို အသင်သူတော်စင်တို့သည် ရိပ်မိသိရှိနိုင်ခဲလောက်ကြပေပြီ။ ယခုအခါ အကြိမ်( )မြောက် အဘိဓမ္မာ အခါတော်နေ့ဝယ် ရန်ကုန်မြို့ 'ဗဟိုအဘိဓမ္မာပြန့်ပွားရေး အသင်းကြီး'က တစ်နိုင်ငံလုံး အဘိဓမ္မာဒေသနာတော်ကို တညီတညွတ် ရွတ်ဆိုပွားများ ဓမ္မပူဇာကုသိုလ်တရားကို ရယူနိုင်ကြစေရန် ဤသတ္တမအဘိဓမ္မာပဋ္ဌာန်းဒေသနာတော်အတွက် ပစ္စယုဒ္ဒေသပါဠိနှင့် ဓမ္မအနုလုံ အာစယဂါမိ တိကပဋ္ဌာန်း ဒေသနာတော်ကို အပြည့်အစုံ အသင်သူတော်ကောင်းတို့အား ဝေငှအပ်ခဲ့လေပြီ။ အသင်သူတော်ကောင်းတို့သည် ရှေးကံဟောင်းသတ္တိကြောင့် မိမိတို့လက်တွင်းသို့ အသင့် ရောက်ရှိလာသော သတ္တမအဘိဓမ္မာ ပဋ္ဌာန်းဒေသနာတရားကို အားရရွှင်မြူး ချီးကျူးရွတ်ဆိုကြကာ ဓမ္မာမတာ တရားတည်းဟူသော အမြိုက်ရည်ကို သာကြည်ရွှင်ပြုံး တညီတညွတ် တည်းသောက်သုံးကြပါကုန်လော့....။

'ပဋ္ဌာန်း အမေးအဖြေ အကျူးဂါထာနှင့် ပါဠိဘော်ကို ဆက်လက်ရွတ်ဆိုရန်'

အဘိဓမ္မာဒေသနာအကြောင်း သိကောင်းစရာ ပြီး၏။

**အဘိဓမ္မာအခါတော်နေ့ ပူဇော်ပွဲ အခမ်းအနားကြီး၌**

**အစီအစဉ်အရ အခမ်းအနားဝင်**

**ကဗျာလင်္ကာ ဂါထာဗန္ဓများ**

# အဘိဓမ္မာအခါတော်နေ့အကြောင်း
# လျှောက်တင်သံ

၁= ဘုန်းတော်တောက်ပွား၊ ခြောက်ပါးရောင်စုံ၊
ရွှေညက်တော်စွမ်း၊ အိခန်းဖုံဖုံ၊
တန်ခိုးတော်ကြီး၊ ရေမီးစုံစုံ၊
ပြလေငြား၊ မြတ်ဖျားစိန္တေဂုဏ်။ ။

၂= သာဝတ္တိတိုင်း၊ သမိုင်းပြည်သာ၊
ဥယျာဉ်တော်တွင်း၊ မြိုင်မင်းရိပ်ဝါ၊
သရက်ဖြူရင်း၊ ထင်လင်းသချာ၊
မိစ္ဆာမျိုး၊ ညွှတ်လျှိုးလာစိမ့်ငှာ။ ။

၃= ကောင်းကင်ထက်နန်း၊ စက်ပန်းတန့်လျှံ၊
အောင်ဘိသေပန်း၊ ယက်ဝန်းဖြန့်ပုံ၊
ဖိတ်ဖိတ်လက်လက်၊ ကွန့်ထွက်လျှံဂုဏ်၊
မိုးနယ်လုံး၊ အုပ်ဖုံးရောင်ခြည်စုံ။ ။

၄= ဥက္ကာလျှံလူး၊ ပုံ့ကူးယှက်ခြုံ၊
လျှပ်နွယ်သွယ်ညီး၊ ကြယ်မီးသို့ပုံ၊
ရေမြေနုရက်၊ ဘဝင်ဘုံကုန်၊
မိစ္ဆာမျိုး၊ ဖျက်ချိုးပြာငွေ့စုံ။ ။

**အဘိဓမ္မာ–ဒေသနာ၏၊ နီးစွာကြောင်းထွေ၊ သန္တိ** ကေတည့်၊ သရေလျှံညီ၊ သာ၀တ္ထိဟု၊ ပြည်ကြီး**တန်ဆာ**၊ ဥယျာဥ်သာဝယ်၊ ခက်ဖြာပင်စည်၊ ရင်းဖျားညီသား၊ ရှုကြည်နွဲ့လူ၊ သရက်ဖြူတည့်၊ ပင်မူအဇရင်း၊ မိစ္ဆာသင်းကို၊ မယွင်းပယ်အင်၊ ရွှေဘုန်းထင်တည့်၊ များဖြင်ဗိုလ်ထု၊ကျွတ်တန်းလုလျက်၊ ပယ်ပြုမိစ္ဆာ၊ သီးသီးကွာဖြင့်၊ ခေမာမြို့ကိပန်း၊ ပန်ဆင်မြန်း၍၊ အံ့ခန်းပြင်ပြင်၊ ပွဲကြီးယင်သည်၊ ယောင်ရှင်အချက် ပိုင်ပေသတည်း။

၁။ မိစ္ဆာတသင်း၊ ပယ်ရှင်းစေငှာ၊
တန်ခိုးတော်သီး၊ ရေမီးဖြာဖြာ၊
ရှင်တော်ရွှေဘုန်း၊ ပြဆုံးလေရာ၊
ထက်ကြငှန်း၊ စက်ပန်းချီတဲ့ခါ။

၂။ ခုနစ်ဝါမြောက်၊ ဘုန်းတောက်လျှံဝေ၊
ကရုဏာပွား၊ မြတ်ဖျားစိန္တေ
သတ္တဝါများ၊ သနားငဲ့ပေ၊
ဝတိံသန်း၊ ကြွမြန်းလာခဲ့ချေ။

**အဘိဓမ္မာ အခါတော်အကြောင်း လျှောက်တင်သံ**

၃။ မြင်းမိုရ်မြင့်နန်း၊ တင့်ဆန်းပြည်သာ၊
မြရိပ်ဝါဝင်း၊ သာခင်းတည်စွာ၊
ကသစ်ပင်ရင်း၊ စီခင်းနေရာ၊
မြတ်ဗုဒ္ဓ၊ ဟောပြခဲ့ပေတာ။

၄။ မယ်တော်နတ်မှူး၊ မြတ်ဦးထင်စွာ၊
နတ်ပြဟ္မာပေါင်း၊ ခညောင်းယူရာ၊
သုံးလဝါတွင်း၊ ရှင်ရင်းမိန့်ရာ၊
မြတ်ဓမ္မ၊ သတ္တ ဘိဓမ္မာ။

အဘိဓမ္မာ–ဒေသနာကို၊ ခုနစ်ဝါမြောက်၊ ရွှေတုန်းတောက်ဝယ်၊ ထွန်းတောက်လှည့်လည်၊ ထက်နတ်ပြည်၌၊ ဂုဏ်ရည်ထူးစွာ၊ မိမာယာတည့်၊ ရှေးခါဖြစ်ဖူး၊ နတ်အထူးကို၊ မြတ်မှူးပြုကာ၊ နတ်ပြဟ္မာအား၊ သတ္တာဘိဓမ္မ၊ တရားလှကို၊ ဟောပြယခင်၊ ကျေးဇူးထင်တည့်၊ လေးသချေ်နှင့်၊ တစ်သိန်းချင့်လျှင်၊ ရှည်မြင့်ကမ္ဘာ၊ ဆည်းပူးပါမှ၊ ရစွာဉာဏ်ထောက်၊ ချိန်တန်ပေါက်၍၊ ချီးမြှောက်နွဲဆင်၊ ဟောမိန့်ကျင်သည်၊ ၊နောင်တွင် အဆက် ခိုင်စေသတည်း။

၁။ နောင်တွင်မပျက်၊ အဆက်တည်ရာ၊
နိမ္မိတပွား၊ ဘုရားကြွလာ၊
လက်ယာရံဘိ၊ သာရိပုတ္တာ၊
တဆင့်ဟော၊ မြင့်မော ဘိဓမ္မာ။

၂။ လူ့ပြည်လူသား၊ နာကြားစေရာ၊
ရှင်တော်ညွှန်းပြ၊ ခွန်းဟမြွက်သာ၊
ပညာခေါင်ထိ၊ သာရိပုတ္တာ၊
လယ်အလတ်၊ မိန့်အပ် ဘိဓမ္မာ။

၃။ လင်းနို့ဖြစ်ဖူး၊ သစ်ထူးဂုဏ်ရည်၊
ငါးရာရဟန်း၊ နာခန်းကြံပြီ၊
ကျူးရင့်သံလွှတ်၊ ဝါကျွတ်အမီ၊
ပြီးအဆုံး၊ နိဂုံးပြိုင်ခဲ့သည်။

၄။ သို့လျှင်နေ့ထူး၊ ကြုံဖူးလေရာ၊
ဘိဓမ္မာနေ့၊ မှတ်လေ့အခါ၊
ညီညာပေါင်းစု၊ ကောင်းမှုကြည်သာ၊
သံပြိုင်လွှတ်၊ ဆိုရွတ်ဘိဓမ္မာ။

အဘိဓမ္မာ-ဒေသနာသည်၊ ရောင်ဝါထွန်းလျက်၊ စဉ်အဆက်ဖြင့်၊ မပျက်ဆင့်ပွား၊နှံ့စေသား ဟု၊ စိတ်ထားဇော်မြတ်၊သောမနသ်ဖြင့်၊ ဟောမှတ်နာယူ၊ စာပွဲမူတည့်၊ စိတ်တူပွားစီး။ သင်းတော်ကြီးက၊ ခိုင်ဖြိုးလုံ့လ၊ ဥဿာ-ဟဖြင့်၊ ဓမ္မသဘင်၊ ပွဲချီးယင်တည့်၊ မြတ်ရှင်ဇိနော်၊ စိန္တေယျော်ကို၊ ပူဇော်ယုံ့ယုံ့၊ တုပ်ဝပ်ကျုံ့လျက်၊ ပြန့်တို့ကျေးဇူး၊ ကော်ရော်မြူး၏၊ အထူးလျှောက်တင်၊ ဆုပန်ဆင်သည်၊ ၊အောင်ခွင်ဘဝဂ်တိုင်စေသတည်း။

✿

## အခမ်းအနားဖွင့်စဉ်
# မြှော်ချင့်ပဏာ ကန်တော့လွှာ

တိဒသမှိ ယထာဌာယီ၊
ဆဗ္ဗဏ္ဏောဟိ သုမင်္ဂလီ။
က္လုဒံ မညေ တထာကန္တိ၊
သံသုဒ္ဓ ဗုဒ္ဓကေသရီ။

သံသုဒ္ဓ ဗုဒ္ဓကေသရီ=လွန်စွာရစ်ထွေး အပြစ်လေးလှသော အညစ်အကြေး ဟူသမျှတို့ကို မြူကမျှ မကျန်ကြွင်းရအောင် သန့်ရှင်းသုတ်သင်တော်မူသဖြင့် ပိုင်ပိုင်ဝယ်ယူကျုံးအဖြူဆုံးဟု တုမနှုန်းကဲလွန် ဟေမဝန်ရင်္ဂုမိုဠ် စုံမချို့မာန် အဟုန်တို့ဖြင့် ရန်သူပုန်ဝင်ဇော့ မညှင်းနိုင်သည့် ခြင်္သေ့မင်းကေသရီနှင့် ခေ့တညီပမာထားရသည့် ဘုရားကိုယ်တော်မြတ်သည်။ ဆဗ္ဗဏ္ဏောဟိ=ညိုတဏန့် ဝါဏလီ ဖြူအနီ ညိုးမပျက်ဘဲ ပြိုးပြိုးပြက် မှိုင်းမှုန်မှုန်ဟု ဝိုင်းအုံလှည့်လည် မြူးကွန့်စည်သော ရောင်ခြည်ကော် ခြောက်သွယ်တို့ဖြင့်။ သုမင်္ဂလီ=ရောင်ဝါညီးညီး ရွှေတောင်ကြီးကို ရွှေဆည်းဆာရောင် ပြောင်ပြောင်ဝန်းသွယ်လျှပ်ပန်းစုံခြယ် သကဲ့သို့ တင့်တယ်တော်မူလှသော ရုပ

ကာယကို ပသာဒစက္ခုဖြင့် ကြည့်ရှုရန် မဝံ့ အောင် တလွှန့်လွှန့်တရှိန်ရှိန် တထိန်ထိန် တလက်လက်ဖြင့် ပေါင်း ယှက်သန့်စင် ကောင်းစွာ တန်ဆာ ဆင်တော်မူလျက်။ တဗ္ဗဒ သမ္ပိ=သိကြားမင်းစံရာ ဝတိံသာအတွင်း ပင်လယ် ကသစ်ပင်ရင်းဝယ် ခင်းထားသည့်နေရာ ပဏ္ဍုကမ္ဗလာ မြကြောက်ဖျာထက်၌။ ဌာယီ ယထာ = နတ်ပြဟ္မာတို့၏ ကျက်သရေကို ပျက်စေကြွအောင်နှိမ်နင်းသို့ ထွန်းလင်း သော အသရေဖြင့် ကုန္ဒြေခိုင်ကျည်လျက် တည်နေတော်မူ သည့်အလားသို့။ ဣာဒိံ ဗုဒ္ဓံ ပိမ္ဗ =သိကြားစံရာ ဝေဇယန်သို့ ပုံဟန်စံသွင်း စိမ်ကျင်းသည့် ဤ ( မဏ္ဍပ် ) မေ့သဘင် ခန်းမကြီးအတွင်း၌ တဝင်းဝင်း တလက်လက် ရောင်မျိုးစုံ ရောယှက်သဖြင့် နှစ်ဆက်ဖွယ်ဆို ကြည်ညိုဖွယ်ထင်ရှား ဘုရားမြတ်ကိုယ်တော်စား ဤရှင်တော် မြတ်ဘုရားကို။ ကန္တိ=ရွှင်မောရွှင်ပျ ကုသိုလ်ဟုန်ဇောကြွသဖြင့် သောမန ပိတိ စီရရီရှိုငြား ဘုရားတပည့်များသည်။ တထာ=ထို ရောင်ခြောက်သွယ် ဝန်းလှည့်လျက် ရွှန်းအိအိသိန်းကမ္ဘာ နှင့် ဝတိံမှာ အဘိဓမ္မာ ဟောပါသည့် မြတ်ရှင်ဂေါ တမသွင်လို။ မညေ=ဟိုအခါထင်ရှားရှိခဲ့သည့် ရှင်ဘုရား ၏ သဏ္ဍာန်တော်ဟု အမှန်မှော်ကာ အစဉ်တွေးတွေးပြီး ထင်တမေရးရေး ရှိရပါတော့သည်ဘုရား။

❀

## အဘိဓမ္မာ အခါတော်နေ့ အခမ်းအနားတွင် သမ္မာဒေ၀ နတ်ဗြဟ္မာများကို ပင့်ဖိတ်ခြင်း

သုဒုလ္လဘတရေ ဒါနိ၊
ဝိမ္ဟယော ဘော သမုဋ္ဌိ။
အဘိဓမ္မဒိနော ဘာတိ၊
သာဓုမနောနုရဉ္ဇနီ။

ဘော = အဘိဓမ္မာ အခါတော်နေ့ ကြိုက်ကြုံတွေ့က ချမ်းမြေ့နှလုံး ကြည်ရွှင်ပြုံးဖြင့် စုရုံးရောက်မည် စိတ်စောရည်လျက် ကြွားသည်ဖိတ်မန် ပန်လျှောက်သံကို နာခံမြော်ညောင်း အိုနတ်ဗြဟ္မာအပေါင်းတို့။ ဒါနိ-ဣဒါနိ = ၃၁-ကြိမ် ပြက္ခဒိန်ဖြင့် အချိန်ရောက်လာ ခုအခါ၌။ သုဒုလ္လဘတရော=အလွန်တရာ ကြုံရခဲစွာသော ဗုဒ္ဓုပ္ပါဒေါ ဒုလ္လဘောနှင့် ကြုံသောကာလ သာသနာ့ချိန်အခါကို ကြိမ်လာတွေ့မှ ရခဲရ၍အလွန်တရာ ရခဲထသော။ ဝိမှယော = ခက်ခဲသဘော နက်နဲသောနှင့် ဟုတ်သောမှန်သော ရှင်ပင်ဟောမှ သိသောအရာ လွန်စွာသိမ်မွေ့ ပကတေ့ စပ်ယှဉ်နှော၍ အံ့ဩဖွယ်လည်း ကောင်းပေ

ထသော။ ဝိမှယော=ကမ္ဘာတိုင်းလဲမကြုံ အခါတိုင်းလဲ မဆုံ သဗ္ဗဝါတိုင်းလဲ မထုံမို့ လုံးစုံပြန့်ပြော အံ့ဩဖွယ် လည်း ကောင်းပေထသော။ အဘိဓမ္မဒိနော=သဘာဝ ကျုံးခြုံ အလုံးစုံကို ဖုံဖုံခွဲထား ပိုင်းဖြတ်ခြားဖြင့် ဘုရား ဇိနော် ဟောမိန့်ဖော်သည့် ဒေသနာတော်ဥက္ကဋ္ဌ အဘိ ဓမ္မာတရားမြတ်ကို ဟောအပ်ခဲ့ရာ ချိန်အခါနှင့် တူစွာ တူပြီး အဘိဓမ္မာ အခါတော် နေ့ကြီးသည်။ သမုဋ္ဌိ = တစ်ကြိမ့်စေ့ရောက် တစ်ကြိမ်မြောက်ဖြင့် ပေါ်ပေါက် ဖြစ်ထွန်းခဲ့ပါပြီ။ သာဓုမနောနုရဥ္စနီ = သူတော်စင်စိတ် နှလုံးကို ယူကျုံးနှစ်ခြိုက် တိုက်ရိုက်ဖြစ်စေနိုင်လေ့ရှိ သော။ အဘိဓမ္မဒိနော = အဘိဓမ္မာ ဒေသနာတော်ကို သေချာပြီးအပ် နိဂုံးသတ်သည့် အမြတ်ထင်ရှား အဘိဓမ္မာ အခါတော်နေ့ကြီးသည်ကား။ ဘာတိ=လူ့ပြည်လောက လူ့ဌာနဝ္ဂ ဓမ္မနက်ခေါင် တရားရောင်ဖြင့် ပြောင်ပြောင် ဝင်းဝင်း ထွန်းလင်းတောက်ပ၍ နေပါသည်တကား။

သဒ္ဓမ္မာစာရ ဒေဝါနံ၊
နိမန္တေမ သဂါရဝါ။

မောဒမာနာ အာဂစ္ဆန္တု၊
သုဏန္တု ဓမ္မမုတ္တမံ။

သဒ္ဓမ္မာစာရဒေဝါနံ = သူတော်စင်များ ကျင့်ကြံပွား သည့် တရာ နက်ခေါင် မြိုက်လက်ဆောင်ကို အန်ထောင် နီ့စွ ကြိုးကုတ်ကြသည့် ဒေဝဒေဝါ နတ်ပြဟ္မာတို့အား။ သဂါရဝါ = သူတော် ချင်း ချင်း သတင်း လွှေ့ လွှေ့ ပေါင်းသင်းလေ့ဖြင့် မမေ့အပ်သူ မိတ်စစ်ဟူ၍ ကြည်ဖြူ

စိတ်ရင်း ရှိသေ ခြင်း ရှိကြပါကုန် လျက်။ နိမန္တေမ = ဘောဇဉ်မြိုက်ခဲ မဓုပွဲကို လက်တွဲရှင်ပြုံး စိတ်နှလုံးဖြင့် သုံးဆောင်လိုပါ စိတ်စောစွာ၍ မှာတော်စာသား ဂါထာပါးလျက် ဖိတ်ကြားနိမန်ကြပါကုန်၏။ မောဒမာနာ=မဓုမိတ်ဆွေ တို့တတွေကို ဖိတ်ပေကုန်၏ ဝွမ်းဆီထိသို့ ပီတိရှန်းစို နှစ်လိုဝမ်းမြောက်ကြကုန်သည်ဖြစ်၍။ အာဂစ္ဆန္တု=မဓုစည်ကြီး သောင်းတိုက်ဟီးသောင် ရိုက်တီးနေကြ ဤဒေသသို့ တေဇတက်ဖြိုး စက်တန်ခိုးဖြင့် ထက်မိုးဝဠာ သောင်းစကြာမှ ဆောစွာခဏ ရောက်လာတော်မူကြစေကုန်သတည်း။ ဥတ္တမံ=သုတ္တန်နှင့် ဝိနယထက် အဓိကကဲချွန် သာလွန်မြင့်မြတ်ပေထသော။ ဓမ္မံ = ဓမ္မသင်္ဂါဟမှစ ပဋ္ဌာန်းကျအောင် ဂမ္ဘီရ ဂမ္ဘီရာ အဘိဓမ္မာတရားရတနာကို။ သုဏန္တု = သမ္ပဇဉ်သတိ ကိုယ်စီရှိ၍ သမာဓိဂုဏ် စွဲမြဲထုံလျက် အာရုံတစ်ပါး စိတ်မသွားဘဲ ထောင်နားစိုက်တော်မူကြ ပါစေကုန်သတည်း။

❀

ရန်ကုန်မြို့ အဘိဓမ္မာ ပြန့်ပွားရေးအသင်း၏
ဩဝါဒါစရိယ
ဗုဒ္ဓသာသနဝိသိဋ္ဌ တိပိဋကာဓရ မဟာတိပိဋကကောဝိဒ
တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အရှင်ဝိစိတ္တသာရာဘိဝံသ
စီစဉ်ရေးသားသည့်

## အဘိဓမ္မာ အမေး အဖြေနှင့်

## ကျူးရင့်သံများ

၁။ အဘိဓမ္မေ ဘိဓမ္မေတိ၊
ယသော ဟိ ယဿ ဥဂ္ဂတော။
ဒေသော ကေန ကဒါ ကတ္ထ၊
ဒေသိတော ဓမ္မဝုတ္တမော။

ဟိ=မင်္ဂလာထုတိ တစ်ခန်းပြီး၍ အဘိဓမ္မာဒေသနာကို ဟောရာဒေသ ဒေသကနှင့် ကာလဟောပုံ ကျမ်းတိုင်းစုံအောင်သင့်ရုံသံခိပ် အကျဉ်းစိတ်မျှ ခြည်ရိပ်သိစေ မေး၍ဖြေအံ့။ယဿ=အကြင်အဘိဓမ္မာ ဒေသနာဥက္ကဋ္ဌ တရားတော်မြတ်၏။ အဘိဓမ္မေ အဘိဓမ္မေတိ = အဘိဓမ္မာ အဘိဓမ္မာဟု သူငါဦးညိတ် နှုတ်မဆိတ်အောင်။ယသော= ကောင်းတင်းခြိမ့်ညံ့ ကျော်စောသံသည်။ ဥဂ္ဂတော=

ဇာတိခေတ်ပေါင်း တိုက်တစ်သောင်းဝယ် ရိုက်ညှောင်း တုန်လျက် ဘုံဘဝဂ်တိုင် ပြန့်တက်ထင်ရှား ကျော်ကြား လှပါပေ၏။ သော ဓမ္မမုတ္တမော = ထို အဘိဓမ္မာ ဒေသနာဥက္ကဋ္ဌ တရားတော်မြတ်ကို။ ကေန=ဒေသကခေါ်ဆို အဘယ်ပုဂ္ဂိုလ်သည်။ ကဒါ=အဘယ်သက္ကရာဇ် ဘယ်နှစ် ဝေါဟာ ဘယ်အခါ၌။ ကတ္ထ=ဗြဟ္မာ လူနတ် ဘယ်အရပ် ၌။ ဒေသိတော = ဟောကြားအပ်ပါသနည်း။ ဝါ- ဒေသိတော=ဝိစိကိစ္ဆာ ကင်္ခါမြေးထူ ကေစိလူတို့ မှတ်ယူ စေလစ် မဖြေခွန်းလှစ်ပ ဘယ်နှစ်ကာလ ဘယ်ဒေသဝယ် ဒေသကခေါ်ဆို ဘယ်ပုဂ္ဂိုလ်သည် အဘယ်ကို ရစေသား ဟူ၍ အဘိဓမ္မာ မြိုက်ရေတရားကို ဘယ်သူအား ဟော ကြားခဲ့ပါသနည်း။

၂။ အဘိသမ္ဗောဓိတော သတ္တ=
ဝဿမှိ ဓမ္မသာမိနာ။
ဒေသိတော ဒေဝလောကမှိ၊
ဒေဝါနံ ဘဝမုတ္တိယာ။

ဓမ္မသာမိနာ=ဓမ္မသာမိ မာရဇိဟု သာကီဦးသျှောင် ငါးမာန်အောင်သည်။အဘိသမ္ဗောဓိတော=မဟာဗောဓိ အပရာဇိတ်ဝယ် ဇာတိခေတ် သောင်းစက္ကဝါကို စောင်း သွယ်ကာ ပွဲတင်ညိတ်စေ၍ ဘုံသုံးဆိုင် ခရိုင်ထိပ်ဝယ် ဓမ္မိဿရ ထွတ်ဖျား ဘုရားဖြစ်တော်မူသည်မှ။ သတ္တ ဝဿမှိ=ခုနှစ်ဝါမြောက် ကောဇာထောက်သော် ဘုန်း တောက်အညွန့ ရာဇညလျှင် မာဃသစန္ဒေ ကိန်းဖြင့်ချေထား တွက်ရေသက္ကရာဇ် ရာ့ဆယ်နှစ်၌။ ဒေဝလောကမှိ = တာဝတိံသာ နန်းသိင်္ဂါဝယ် ကျွန္ဒာသန ဓမ္မပလ္လင် ကသစ်

ပင်အောက် ဘုန်းရှိန်ဆောက်သား မြကျောက်နူလွှာ ပဏ္ဍုကမ္ဗလာ၌။ ဒေဝါနံ = စက္ကဝါပေါင်း တိုက်တစ်သောင်းမှ ခညောင်းရောက်လာ နတ်ဗြဟ္မာ တို့အား။ ဘဝမုတ္တိယာ=ဘဝသုံးခင်း နှောင်အိမ်တွင်းမှ ကျော်နင်းလွတ်မြောက်ပါစေခြင်းအကျိုးငှာ။ ဒေသိတော=ဟောကြားတော်မူအပ်ခဲ့လေပြီ။ ဝါ - ဒေသိတော = မဟာသက္ကရာဇ် ရှ္ဆယ်နှစ်ဝယ် ရှင်ချစ်မုနိန် မာရဇိန်သည် ဝတိံစံခင်း ကသစ်ရင်း၌ အလင်းဘိဓမ္မာ မြိုက်ရသာကို သောင်းရပ်ရွှာ နတ်ဗြဟ္မာ အလုံးတို့အား ဝဋ်ထုံးနှောင်လွတ်အောင်ရုံးစေဟု တစ်ဝါလုံး ဟောကြားတော်မူအပ်ခဲ့လေပြီ။

၃။ တေ ဓညဓညာ ဝတ ဒေဝဒေဝါ၊
တေ နူနု ဓမ္မာမတ ပီတပီနာ။
ဓယ သမ္မုခါယေဝ လဘန္တိ ဒဋ္ဌုံ၊
ဗုဒ္ဓဥ္စ ဓမ္မဥ္စ အဝေစ္စ ဓသာတုံ။

ယေ = အကြင် စက္ကဝါပေါင်း တိုက်တစ်သောင်းမှ ခညောင်းရောက်လာ နတ်ဗြဟ္မာတို့သည်။ သမ္မုခါယေဝ =မျက်မှောက်ထင်ရှား အမြင်အားဖြင့်သာလျှင်။ ဗုဒ္ဓံ= ဒဿနာနုတ္တရိယ ဗာတ္တိံသလက္ခဏာ သီတာနုဗျည်း ရှုမငြီးတို့ဖြင့် နူလည်းနူပျို ရွှန်းဝေစိုသည့် ရွှေကိုယ်ခေတ်သား မြတ်စွာဘုရားကို။ ဒဋ္ဌုဥ္စ=သဒ္ဓါရွှင်ပျော် ဖူးမြော်ကြခြင်းငှာ လည်းကောင်း။ ဓမ္မံ=သဝနာနုတ္တရိယ ကြားအပ်သမျှတို့ထက်ကဲလွန် အမွန်ခေါင်ထိ ဓိပတိဟု အဘိဓမ္မာ တရားရတနာကို။ အဝေစ္စ = သဒ္ဓါရှေ့တင် ဉာဏ်သက်ဝင်၍။ သောတုံ စ=နှေညဥ္စ်ဆက်ကာ ကြားနာကြ

ခြင်းငှာ လည်းကောင်း။ လဘန္တိ=ခွင့်ကောင်းကြိုက်ကြုံရရှိကုန်၏။ တေ ဒေဝဓေဝါ=ထို စက္ကဝါ ပေါင်းတိုက်တစ်သောင်းမှ ခညောင်းရောက်လာ နတ်ဗြဟ္မာတို့သည်။ မေည မေညာ ဝတ = ဘုန်းရည်ထူးချွန် ကံရည်လွန်သည့်အမွန်ဥက္ကဋ္ဌ နတ်မြတ်နတ်မှူး ဗြဟ္မာထူး ဖြစ်ကြပါပေကုန်စွတကား။ တေ ဒေဝဒေဝါ = ထိုစက္ကဝါပေါင်းတိုက်တစ်သောင်းမှ ခညောင်းရောက်လာ နတ်ဗြဟ္မာတို့သည်။ ဓမ္မာမတာပိတပိနာ နူနု=တရားဟူသည် အမြိုက်ရည်ကို သာကြည်ရွှင်ပြုံး သောက်ယူသုံးသဖြင့် ကိုယ်လုံးရွှန်းစို နူပျိုကြကုန်လိမ့်တကား။ ဝါ=ဓမ္မာမတ ပိတ-ပိနာ နူနု = အဘိဓမ္မာ မြိုက်ရသာကို တစ်ဝါပတ်လုံး သောက်ယူသုံးရ၍ ရွှင်ပြုံးနှစ်လို့ ချမ်းကြည်မျို့သဖြင့် ကုတို့ဖောင် မဂ်ယာဉ်စီးပြီးလျှင် ပြည်နိဗ္ဗူ ခရိုင်ထီးကို ဖြင့် တပြိုင်တည်း စိုးစံကြကုန်လိမ့်တကား။

ဗျူပ္ပတ္တိခန်း

၁။ ကေနာယံ ဘိဓမ္မော သမ္မ၊
ယေန လောကော ပဘာသတိ။
ပုဋ္ဌော တွံ သမ္မ အက္ခာဟိ၊
ပကရဏာ တွိမ ကိတ္တကာ။

သမ္မ=ဝိစိကိစ္ဆာ ကာခ်ါညစ်ကြေး စင်အောင်ဆေးသားကျေးဇူးများပေ ချစ်မိတ်ဆွေ။ ယေန=အကြင် အဘိဓမ္မာ ဒေသနာနက်ခေါင် တရားတည်းဟူသော အလင်းရောင်ဖြင့်။ လောကော=သတ္တလောကကြီးသည်။ ပဘာသတိ=ဤကား ရုပ်နာမ် ဤနိဗ္ဗာန်တည့် ဤဟာန်ပြုသင့်

မပြုသင့်ဟု နှိုင်းချင့်မြှော်ထောက် အလင်းရောက်အောင် ထွင်းဖောက်ထင်ထင် သိမြင်နိုင်ပါပေ၏။ အယံ=ဤ လူ, နတ်,ဗြဟ္မာ,သတ္တဝါကို ကင်္ခါလျှော်ဆေး နည်းမှန်ပေးသည့် ကျေးဇူးများမြောင် တရားတန်ဆောင်ကြီးသည်။ ကေန=အဘယ်ဗျုပ္ပတ် ဘယ်ကြောင်းရပ်ကြောင့်။ အဘိဓမ္မာ=အဘိဓမ္မာဒေသနာဟု မင်္ဂလာထုတ် အမည်ထူး ရှိပါပေသနည်း။ ဣဓ=ဤအဘိဓမ္မာတွင်ခေါ် ပိဋကတ်တော်ကြီး၌။ ပကရဏာ တုံ=ခန်းကြီးခန်းငယ် အသွယ်သွယ်ဖြင့် ချယ်လှယ်ပိုင်းခြား ကျမ်းအပြားတို့သည်ကား။ ကိတ္တကာ=သင်္ချာရေထောက် အဘယ်လောက် ရှိပါကုန်သနည်း။ သမ္မ=အကျိုးလိုလား ကျိုးမဲ့ရှားဟု နှစ်ပါးစုံလင် မေတ္တာစေတ် ရေစင်ကို သွင်သွင်ဖိတ်စီး ချစ်မိတ်ကြီး။ ပုဋ္ဌော = အဘိဓမ္မာ ဉာဏ်အရာဝယ် မှန်တာကို သဘောပေါက်စေလို၍ စောထောက်စစ်ဆေး မေးမြန်းပေးအပ်ပါသော။ တွံ = မေတ္တာဖိတ်စီး ချစ်မိတ်ကြီးသည်။ အက္ခာဟိ = အမှန်စကား ဖြေကြားတော်မူပါလော့။ ဝါ-အက္ခာဟိ=မြတ်သုတ္တန္တ ဝိနယတို့လို ဓမ္မ-သာမန် ဆိုသင့်တန်လျက် ဘယ်ဟန်ထူးဘိ ဗျုပ္ပတ္တိကြောင့် အဘိဓမ္မာ ခေါ်ဆိုသည့် အကြောင်းအရာကို လူတကာနားဝယ် ရှင်းလောက်အောင် ကျမ်းဂန်လာ စံတမျဉ်းတို့ဖြင့် ထင်အလင်း ဖြေကြားတော်မူပါလော့။

၂။ အတိရေက ဝိသေသာဒိ-
ဓမ္မာ ဣဓ ပကာသိတာ။
တေန ယံ ဘိဓမ္မော သမ္မ၊
ပကရဏာ တွိဓ သတ္တဓာ။

သမ္မ=တစ်ဆင့်ပြီးလျက် တစ်ဆင့်တက်၍ နဲနက်ဝိတ္ထာ အဓိပ္ပါယ်ကို စိတ်ဖြာစစ်ဆေး တဆင်သွေးဖြင့် မေးမေး တတ်ပါပေ ချစ်မိတ်ဆွေ။ ဣဓ=ဤ အဘိဓမ္မာ တွင်ခေါ် ဝိဋကတ်တော်ကြီး၌။ အတိရေက ဝိသေသာဒိ ဓမ္မာ= သုတ္တန်နှင့် ဝိနယတို့လို အကျဉ်းမျှ မဟုတ်ပါ၊ အစိတ်စိတ် နည်းအမွှာမွှာတို့ဖြင့် ဝိတ္ထာရာ ဝိတ္ထာရ ဟောသင့်သမျှ မခြွင်းချန် သုတ္တန်လိုတစ်နည်းဖြာ အဘိဓမ္မာလို တစ်နည်း ထုတ် တိက်နှင့်ဒုက်ယှက်သန်း ထူးတဆန်းလျှင် မေးမြန်း ဖြေကြား ထိုတရားတို့နှင့် တကွ ဝုဒ္ဓိမန္တ ပူဇိတ တည့် သလက္ခဏာပရိစ္ဆိန် ဂုဏ်သိန်ကဲလွန် ထူးချွန်လောကုတ္တရာ တရားတို့ကို။ ပကာသိတာ=ကောင်းကင်မြစ်ကြီး ယိုစီး သည့်အလား ထင်ရှားစွာ ဟောပြအပ်ကုန်ပြီ။ တေန= ထိုထိုထူးမြတ် ကြောင်းဗျူဟ်ပွတ်ကြောင့်။ အယံ=ဤ အတိ ရေက ဝိသေသဟု ဓမ္မတို့ ပေါင်းတည် ရာ အဘိဓမ္မာ ပိဋကတ်တော်ကြီးသည်။ အဘိဓမ္မော=အဘိဓမ္မာ အဘိ ဓမ္မာဟု သူငါအများ နှုတ်ညွှန့်ဖျားဝယ် ထင်ရှားသော အမည်ထူး ရှိပါပေ၏။ဣဓ=ဤအဘိဓမ္မာတွင်ခေါ် ပိဋ္ဋ- ကတ်တော်ကြီး၌။ ပကရဏာ တု = ခန်းကြီးခန်းငယ် အသွယ်သွယ်တို့ဖြင့် ချယ်လှယ်ပိုင်းခြား ကျမ်းအပြားတို့ သည်ကား။ သတ္တဓာ = ဓမ်-ဝိ-ဓာ-လ-က-ယ-ပဋ္ဌာန်း ခုနစ်ကျမ်းအပြား ရှိပါကုန်၏။ ဝါ = သတ္တဓာ = ဓမ္မ- သင်္ဂဏီ ဝိဘင်း ဓာတုကထာ ပုဂ္ဂလပညတ် ကထာဝတ္ထု ယမိုက် ပဋ္ဌာန်း မည်သာဆန်းတို့ဖြင့် နန်းနိဗ္ဗူတာ ကုတို့ ဆိပ် ကဲ့ပမာသို့ ဂမ္ဘီရာနည်းစုံပြွမ်းတို့ဖြင့် ဘိဓမ္မာနက် ကျယ်ဝှမ်းသည့် ခုနစ်ကျမ်းအပြား ရှိပေသတည်း။

၃။ ဓမ္မာတိရေကော စ ဝိသေသဓမ္မော၊
လက္ခိံ ပဒါတာ ပဋိသမ္ဘိဒါဒိံ။
ဇဝံ ပဇာနံ ဝရဓမ္မ ဓမတံ၊
ကော နာဘိပူဇေ သုပသန္နစိတ္တော။

ဘော=အို အဘိဓမ္မာအသင်းဝင် သူတော်စင်အပေါင်း သူမြတ်လောင်းတို့....။ အယံ = ဤ အဘိဓမ္မာ တွင်ခေါ် တရားတော်မြတ်ကြီးသည်။ ဓမ္မာတိရေကော စ = ဓမ္မ သဘော ဟောသင့်သမျှ မခြွင်းမချန်ဘဲ ကဲလွန်စွာ ဟော ကြားအပ်သော တရားတော်မြတ်လည်း ဖြစ်ပါပေ၏။ ဝိသေသဓမ္မော စ = သုတ္တန်နှင့် ဝိနယတို့ထက် ဝိသေသ ဆန်းပြား တရားလည်း ဖြစ်ပါပေ၏။ ပဋိသမ္ဘိဒါဒိံ လက္ခိံ =ပဋိသမ္ဘိဒါ သညာထင်ရှား ဉာဏ်လေးပါးနှင့် တကွ များပြားဥဿုံ သမ္ပတ္တိ ကျေးဇူးဂုဏ်ကို။ ပဒါတာ စ= ရွတ်ဖတ်နာခံ ကျင့်ကြံသသူ နတ်နှင့်လူတို့အား ရယူ စေရေး အစဉ်ပင်ပေးတတ်ပါပေ၏။ဇဝံ=ဤသို့ကျေးဇူး ဂုဏ်အထူးတို့ ပြန့်ပြူးပြောဟုန် များလှပုံကို။ ပဇာနံ ပဇာနန္တော=ယထာဘူတ နေရာကျ သိမြင်သော။ ကော သုပန္နစိတ္တော=မိစ္ဆာကင်းကွာ သဒ္ဓါကိန်းအောင်း စိတ် ကောင်းရှိသူ သယ်သတ္တဝါ ဟူဟူသမျှသည်။နာဘိပူဇေ= သဒ္ဓါကော်ရော် မပူဇော်ဘဲ ရှိအံ့နည်း။ အဘိပူဇယတိ ဝေ=အဘိဓမ္မာ အခါတော်နှေ့ ယခုလို ကျင်းပ၍လျှင် လောက်လေ့စည်ဖြာ ကြည်သဒ္ဓါစိတ်ဖြင့် ပြည်အမတာ ကုပန်ပျိုးကြ၍ လေးမင်္ဂဖိုလ် ဉာဏ် ရည်ဖြိုး တဲ့အောင် အမြတ်တနိုးကော်ရော် ပူဇော်အံ့သည်သာတည်း။

❁

## ကျမ်းခုနှစ်ဖုံ မေးဖြေစုံ

'ခမ်' ၁။ ကထံ သင်္ဂဟိတာ ဓမ္မ-
သင်္ဂဟေ ဓမ္မသာမိနာ။
ဓမ္မာ ဣဓ ဝိသေသေန၊
ပရိစ္ဆေဒါ တု ကိတ္တကာ။

သမ္မ=ကျမ်းခုနှစ်ဖုံ သံခိပ်ငုံ၍ ဟောပုံနက်လေး တဆင့်သွေးဖြင့် မေးပါရစေ ချစ်ကြည်ဆွေ့။ ဓမ္မသင်္ဂဟေ= ဓမ္မသင်္ဂဏီ အမည်သာဆန်း ပထမ အဘိဓမ္မာ ကျမ်း၌။ ဓမ္မာ=ပရမတ္ထ သဘာဝ ဓမ္မတို့ကို။ ကထံ=ဘယ်ပုံစိတ်ဖြာ ဘယ်ခြင်းရာဖြင့်။ သင်္ဂဟိတာ=အကျဉ်းမှတ်စေ ဟောအပ်ပေကုန်သနည်း။ ဣဓ = ဤ ဓမ္မသင်္ဂဏီ အမည်သာ ဆန်း ပထမ အဘိဓမ္မာ ကျမ်း၌။ ဝိသေသေန =အထူးအားဖြင့်။ ပရိစ္ဆေဒါ တု = ဤတွင်တစ်ရပ် တစ်ခန်းသတ်ဟု ပိုင်းဖြတ် ဖော်ပြ ပရိစ္ဆေဒ တို့ သည် ကား။ ကိတ္တကာ=အဘယ်မျှထိရှိပါသနည်း။ ဝါ ကိတ္တာ = ခမ် ဟု ခေါ်မှန်း ပထမ အဘိဓမ္မာကျမ်းဝယ် အခန်းနှင့် ဟောမြွက်ပုံ အလုံးစုံကို မှတ်နိုင်ရုံသံခိပ်ညွှန်းတဲ့၍ ကြည်သဒ္ဓါဝေခဝရှုန်းလောက်အောင် အဖြေခွန်း ဖွင့်လှစ်တော်မူပါလော့။

၂။ ဓမ္မာ သင်္ဂဟိတာ ဓမ္မ-
သင်္ဂဟေ ကုသလာဒိကာ။
သဘာဂါ တိကဒုကေဟိ၊
ပရိစ္ဆေဒါ စတုဗ္ဗိဓာ။

သမ္မ = ကျမ်း၏သေတ္တု အနှစ်စုကိုမှ ဆစ်ဖုသေခွေ မေး- မေးတတ် ပါပေ ချစ်မိတ် ဆွေ။ ဓမ္မသင်္ဂဟော = ဓမ္မသင်္ဂဏီ အမည်သာဆန်း၊ ပထမ အဘိဓမ္မာကျမ်းဦး။ သဘာဂါ=အနဝဇ္ဇ သဝဇ္ဇက စသည်ပြောထူ သဘော ချင်းတူကြ ကုန်သော။ ကုသလာဒိကာ ဓမ္မာ = ကုသိုလ် အကုသိုလ် ထိုထိုများတောင်း တရားအပေါင်းတို့ကို။ တိကဒုက္ကေဟိ = သုံးပုံဝေကြိတ် နှစ်ထွေစိတ်၍ တိကဗာ ဝိသာဒုက်တစ်ရာတို့ဖြင့်။သင်္ဂဟိတာ=အကျယ်တစ်ရပ် အလတ် တစ်ထုံး အကျဉ်းဆုံးဟု သုံးတန်ဆင့်ပွား နည်းအပြားတို့ဖြင့် ဟောကြားအပ်ပါကုန်ပြီ။ပရိစ္ဆေဒါ=အပိုင်းကဏ္ဍ ပရိစ္ဆေဒတို့သည်။ စတုဗ္ဗိဓာ = စိတ် ရူ နိုက် အလေးကဏ္ဍရှိပါကုန်၏။ ဝါ စတုဗ္ဗိဓာ = စိတ္တုပ္ပါဒ ရူပ နိက္ခေပါ အဋ္ဌကထာဟု သံခိတ္တာ ဝိတ္ထာ နည်းတို့ဖြင့် အဘိဓမ္မာ ဉာဏ်ရောင် ညီးလောက်အောင် အပိုင်းကြီး လေးကဏ္ဍ ရှိပါပေကုန်၏။

၃။ သမ္ဗုလ္လသာလော၀ သုဂန္ဓဂန္ဓိကော၊
သမ္ဗုလ္လဓမ္မေဟိ သဒါပဝါယိတော။
ယော ဓမ္မစက္ခုံ ဝိယ ဓမ္မသင်္ဂဟော၊
သဒ္ဓါယ ပညာယ စ တံ ဘဏာမ ဘော။

ဘော = အိုအဘိဓမ္မာ အသင်းဝင် သူတော်စင် အပေါင်း သူမြတ်လောင်းတို့....။ ယော ဓမ္မသင်္ဂဟော= အကြင် ဓမ္မသင်္ဂဏီ အမည်သာဆန်း ပထမ အဘိဓမ္မာကျမ်းကြီးသည်။ သုဂန္ဓဂန္ဓိကော=ဂန္ဓာရုံ ရနံ့ကောင်းတို့ဖြင့် ပျံ့လှောင်းမွှေးကြိုင် သင်းလှိုင်၍နေပေသော။ သမ္ဗုလ္လသာလော၀ = ရင်းဖျားကိုင်းညွှတ် ပင်လုံးကျွတ်

အောင် ပွင့်ဝတ်စုံလင် အင်ကြင်းပင်ကြီးကဲ့သို့။ သမ္ဖုလ္လ-ဓမ္မေဟိ=ပွင့်ပွင့်လင်းလင်း ရှင်းရှင်းပြတ်သား ဟောအပ်သောတရားတို့ဖြင့်။ သဒ္ဒါပဝါယိတော = ဘဝဂ်တိုင်အောင် အခါခပ်သိမ်း ကောင်းတင်းလျှိုင်၍ နေပါပေ၏။ ဓမ္မစက္ခုံ ဝိယ=ရုပ်နာမ်ဓမ္မ သဘာဝကို ကျနကုန်စင် လင်းလင်းမြင်သဖြင့် ပညာရှင်လက်သုံး ဓမ္မမျက်လုံးကြီး သဖွယ်လည်း ဖြစ်ပါပေ၏။ တံ-တာဒိသံ=ထိုသို့ ကျေးဇူး အထူးများလှ မြတ်ထွတ်လှသည့် ဓမ္မသင်္ဂဏီ အမည်သာ ဆန်း ပထမအဘိဓမ္မာကျမ်းကို။ သဒ္ဓါယ စ=စက္ကဝတ် ဖျွား မင်းတရား၏ ပတ္တမြားရတနာ ကဲ့ပမာလျှင် ရောင် ဝါထိန်လျှပ် သဒ္ဓါဓာတ်ဖြင့် လည်းကောင်း။ ပညာယ စ=ဓမ္မသတ္တိ ချက်တိုင်းထိအောင် အသိဖန်ပျိုး ဉာဏ်ရည် မျိုးဖြင့် လည်းကောင်း။ ဘဏာမ=ပီပြင်ပြတ်သား ရွတ်ပွားကြပါစို့။ ဝါ-ဘဏာမ=အဘိမင်္ဂလာ မြို့က်ဓမ္မာ၏ ခါတော်ကြိမ်တွေ့ ဤယနေ့ဝယ် လွှေ့လွှေ့ဖြာစည် သဒ္ဓါ ဝသီဖြင့် အဥ္စလီရှိ ညွှတ်တွားကြည့်၍ ဓမ္မသင်္ဂဏီ ဘိဓမ္မာ တရားကို ရွတ်ပွားသရဇ္ဈာယ်ကြပါကုန်စို့။

(ဓမ္မသင်္ဂဏီ ပါဠိတော်များကို ရွတ်ဆိုပူဇော်ရန်။)

'၈' ၁။ ကထံ သုဝိဘတ္တာ သမ္မ၊
ဓမ္မာ ဝိဘဇ္ဇဝါဒိနာ။
ဝိဘင်္ဂေ ဒုတိယေ တ္ထေ၊
ပရိစ္ဆေဒါ တု ကိတ္တကာ။

သမ္မ=ပြဿနာခဲကပ် ဒုန္နယတ်ကို တုံ့ဆတ်မေးဖြေ ခွန်းတိုင်းချေသည့် အဆွေမှန်လျှင်း ချစ်မိတ်ရင်း။ ဝိဘဇ္ဇ ဝါဒိနာ=လေးရပ်သစ္စာ နက်နဲစွာကို စိတ်ဖြာဟောကြား

မြတ်ဘုရားသည်။ ဒုတိယေ=ဓမ္မသင်္ဂဏီမှထောက် နှစ်ခုမြောက်ဖြစ်သော။ ဝိဘင်္ဂေ=ဝိဘင်းခေါ်မှန်း အဘိဓမ္မာကျမ်း၌။ ဓမ္မာ=ပရမတ္ထ သဘာဝတရားတို့ကို။ ကထံ=ဒေသနာစက်ဟုန် ဘဝဂ်တုန်မျှ ဘယ်ပုံဘယ်ပန်း ဘယ်နည်းလမ်းအားဖြင့်။ သုဝိဘတ္တာ=ဝေဖန်စိတ်ပြား ဟောကြားတော်မူအပ်ပါကုန်သနည်း။ တတ္ထ=ဤဝိဘင်းခေါ်မှန်း ဒုတိယအဘိဓမ္မာကျမ်း၌။ ပရိစ္ဆေဒါ တု=ဤတွင်တစ်ရပ် တစ်ခန်းသတ်မှု ပိုင်းဖြတ်ဖော်ပြ ပရိစ္ဆေဒတို့သည်ကား။ ကိတ္တကာ=အဘယ်မျှထိ ရှိပါကုန်သနည်း။ ဝါ-ကိတ္တကာ = ဝိ ဟုခေါ်မှန်းဒုတိယ အဘိဓမ္မာကျမ်းဝယ် အခန်းနှင့် ဟောမြွက်ပုံ အလုံးစုံတို့ကို မှတ်လွယ်ရုံသံခိပ်ညွှန်းတဲ့၍ ကြည့်သဒ္ဒါ ဝေဝေရှန်းလောက်အောင်အ ဖြခွန်းဖွင့်လှစ်တော်မူပါလော။

၂။ ခန္ဓာဒိနာ စ သုတ္တန္တ-
ဘာဇနာဒိနယတ္တယာ။
ဓမ္မာ သုဝိဘတ္တာ တ္ထေ၊
အဋ္ဌာရသ ဝိဘတ္တိကာ။

သမ္မ=အဆစ်ခဲကတ် ဒုန္ဓယတ်ကို ကပ်သပ်ရှာဖွေ ခေ-မေးတတ်ပါပေ ချစ်ကြည်ဆွေ။ ဝိဘင်္ဂေ = ဝိဘင်းခေါ်မှန်း ဒုတိယအဘိဓမ္မာကျမ်း၌။ ဓမ္မာ = ပရမတ္ထသဘာဝတရားတို့ကို။ ခန္ဓာဒိနာ စ=ပုဂ္ဂိုလ်သတ္တဝါငါသူ ဘစ်ပါး လားလားမဟုတ် နာမ်ရုပ်နှစ်ဖြာ ခန္ဓာအစရှိသော နည်းအားဖြင့်သည်းကောင်း။ သုတ္တန္တဘာဇနာဒိ-နယတ္တယာ = သုတ္တန်လို တစ်နည်းဖြာ အဘိဓမ္မာလိုတစ်နည်းထုတ် တိုက်နှင့်ဒုက် စစ်ဆေး မေး လင့်ဖြေ

ကာ ပဉ္စာပုစ္ဆက နည်းသုံးဝအားဖြင့် လည်းကောင်း။ သုဝိဘတ္တာ=ဒေဝရိမျိုး ရွှေစည်နှိုး၍ ရေကြည်မိုး ရွာသွန်း၊သကဲ့သို့ ခွဲခြမ်းစိတ်ဖြာ ဟောအပ်ပါကုန်ပြီ။တွေ=ဤ ဝိဘင်းခေါ်မှန်း အဘိဓမ္မာကျမ်း၌။ ဝိဘတ္တိကာ= ခွဲစိတ်ဖြေရှင်း ဝိဘင်း အပြားတို့သည်။ အဋ္ဌာရသ = တစ်ဆယ့်ရှစ်ပါး ရှိပါကုန်၏။ ဝါ-အဋ္ဌာရသ =

ခန္ဓာယတန ဓာတုပြ သစ္စက္လာန္ဒြေ။ ။

ပဋိစ် သတိ သံက္လဒ္ဓိ ပေါဓိခုနှစ်ထွေ။ ။

မဂ်ဈာန်ပမဉ် သိက္ခာယှဉ် ခွဲထွင်သမ္ဘိဒေ။ ။

ဉာဏ်ခုဒ္ဒက ဟဒယ ဋ္ဌာရဝိဘင်္ဂေ။

ဤအနေဖြင့် ကြည်တဆွေ ကျဉ်းမှတ်သားရန်ဖို့ ဝိဘင်္ဂါ ကျမ်းဂန်အလားတို့သည် ဆယ့်ရှစ်ပါး အပြား ရှိပါပေကုန်၏။

၃။ ယော ဒေဝဒေဝေန ဒိဝမှိ ဒေ္ဒသိတော၊
ဓမ္မော ဝိဘင်္ဂေါ သုဝိဘဇ္ဇဝါဒိနာ။
ဓမ္မေ ဝဝတ္ထာန မတိပ္ပဒါယကော၊
သဒ္ဓါယ ပညာယ စ တံ ဘဏာမ ဘော။

ဘော = အဘိဓမ္မာ ပညာလျှံညီး ဥက္ကာမီးကို ညှိသီး စိုက်ဆောင် ကိုယ်စီဆောင်သည့် မြားမြောင်စုပေါင်း အို သူတော်ကောင်းတို့။ ယော ဝိဘင်္ဂေါ=အကြင်ဝိဘင်း၊ တွင်ခေါ် တရားတော်မြတ်ကြီးကို။ သုဝိဘဇ္ဇဝါဒိနာ= လေးရပ်သစ္စာ နက်နဲစွာကို စိတ်ဖြာခွဲခြား ဟောကြားတော်မူလေ့ရှိပေသော။ ဒေ္ဒဝဒေဝေန=နတ်သုဒ္ဓိ တုမရှိ

သား မုနိတွက်ထား မြတ်ဘုရားသည်။ ဒိဝမှိ=တာဝတိံသာ နတ်တို့ရွာ၌။ ဒေသိတော=ရတနာရွှေမိုး ဆောင်းတိုက်ကြိုး မျှ စွေဖြိုးရွာသွန်း အပ်လေပြီ။ ယောဝိဘင်္ဂ ါ=အကြင် ဝိဘင်းတွင်ခေါ် တရားတော်မြတ်ကြီးသည်။ ဓမ္မဝဝတ္ထာန မတိပ္ပဒါယကော=ဤကိုယ်ကာယတစ်လံမျှ၌ ဓမ္မရုပ်နာမ် ဖြစ်ချုပ်မှန်၏၊ ရုပ်နာမ်နှစ်ပါးချန်လှပ်ထား၍ ဤကား လိပ်ပြာ ဤကားငါဟု ဆံလွှာမြူမျှ ရှာမရသား ဓမ္မဝဝတ္ထာန် အမြင်မှန်ကို တရံမနွေးပေးတတ်ပါပေ၏။ တံ ဝိဘင်္ဂံ = ထို ဝိဘင်းတွင်ခေါ် အဘိဓမ္မာ တရားတော်မြတ်ကြီးကို။ သဒ္ဓါယ စ = စက္ကဝတ်ဖျား မင်းတရား၏ ပတ္တမြားရတနာ ကဲ့ပမာလျှင် သဒ္ဓါစိတ်ဖြင့် လည်းကောင်း။ ပညာယ စ = ဓမ္မ သတ္တိချက်တိုင်းထိအောင် အသိ ဖန် ပျိုး ညဏ်ရည်မျိုးဖြင့် လည်းကောင်း။ ဘဏာမ=ပီပြင်ပြတ်သား ရွတ်ပွားကြပါစို့။ ဝါ-ဘဏာမ = ပရမတ္ထ သဘာဝဝယ် ဓမ္မဝဝတ္ထာန်အမြင်မှန်၍ အသင်္ခတံ နိဗ္ဗူနာရအောင် ဝိဘင်္ဂါဘိဓမ္မာတရားကို ရွတ်ပွားသရဇ္ဈာယ်ကြပါကုန်စို့။

(ဝိဘင်္ဂပါဠိတော်ကို ရွတ်ဆိုရန်။)

'ခ' ၁။ ကထံ ခါတုကထံ ဒေဝ-
ဒေဝေါ ဒေဝါနမာလယေ။
ဒေသေသိ ဒေဝဗြဟ္မာနံ၊
နယာ ဏုဧတ္ထ ကိတ္တကာ၊

သမ္မာ = တစ်ကျမ်းပြီးနောက် တစ်ကျမ်းကောက်၍ စောဓထောက်စစ်ဆေး သိလိုရေးဖြင့် မေးပါရစေ ချစ်မီတ်ဆွေ။ ဒေဝဒေဝေါ=မဟာဒေဝရာဇ် ဘုန်းလျှံသစ်

သား ရှင်ချစ်ပရမမ သုံးလူ့ ဆွေသည်။ ဒေဝါနမာလယေ =ဝတိံဘူမ် နန်းသီရိဝယ် ကောဝိဋ္ဌာရ မြကသစ်ရိပ် ခြည်လျှံဖိတ်သား ဒေဝိသ်စံရာ ကမ္ဗလာပဏ္ဍု လဲဝါနူ၌။ ဒေဝပြဟ္မာနံ = စက္ကဝါပေါင်း တိုက်တစ်သောင်း မှ ခညောင်းရောက်လာ နတ်ပြဟ္မာတို့အား။ ဓာတုကထံ= ဓာတုကထာ မည်တွင်သာမှတ် အဘိဓမ္မာ တရားတော် မြတ်ကို။ ကထံ = ဘယ်သို့ ဘယ်ပုံ နည်းနာ စုံအောင်။ ဒေသေသိ=ရတနာရွှေမိုး ခွဲကာကြိုး၍ စွေဖြိုးရွာသွန်း တော်မူခဲ့ပါသနည်း။ ဧတ္ထ = ဤ ဓာတုကထာ မည်တွင် သာမှတ် တရားတော်မြတ်၌။ နယာ တု=စိတ်ဖြာဟော ကြား နည်းအပြားတို့သည်ကား။ ကိတ္တကာ = အဘယ် မျှထိ ရှိပါကုန်သနည်း။ ဝါ-ကိတ္တကာ = ဓာတုကထာ ကျမ်းရွှေစာဝယ် မြတ်စွာရှင်စော ဘယ်ပုံ ဟော ဟု သဘောနှင့် သရုပ်နှစ်ဖြာကို ထုတ်ကာဖွေညွှန်း နေလျှံ ထွန်းသို့ အဖြေခွန်း ကျူးမိန့်တော်မူပါလော့။

၂။ ဒီပယံ ဓာတု ပုဂ္ဂလံ၊
နာနာဓာတု ဝိဘဇ္ဇကော။
ဓာတုကထံ ယံ ဒေသေသိ၊
နယာ ဧတ္ထ စတုဒ္ဒသ။

နာနာဓာတု ဝိဘဇ္ဇကော = နာနာဓာတု ဝိဘဇ္ဇန ဉာဏ်သခင် ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည်။ ဓာတု ပုဂ္ဂလံ=ပုဂ္ဂိုလ်သတ္တဝါ သူငါတစ်ပါး လားလားမဟုတ် နာမ်ရုပ်နှစ်ရပ် ဓာတ်အစုအဝေးမျှဖြစ်သည်ကို။ ဒီပယံ ဒီပယန္တော=အလင်းထင်ပေါ် ညွှန်းပြတော် မူလျက်။ ယံ ဓာတုကထံ = အကြင် ဓာတုကထာ မည်သာတင့်

ဆန်း အဘိဓမ္မာကျမ်းကို။ ဒေသေသိ=သောင်းစက္ကဝါ နတ်ဗြဟ္မာတို့အား ဒေသနာရွှေမိုး ခွေကာကြိုး၍ ချွေဖြိုး ရွာသွန်းတော်မူလေပြီ။ တွေ=ဤဓာတုကထာ မည်သာ တင့်ဆန်း အဘိဓမ္မာကျမ်း၌။ နယာ=သိဖွယ် ဟောကြား နည်းအပြားတို့သည်။ စတုဒ္ဒသ = သချ်ာဆပွား ဆယ့် လေးပါး ရှိကုန်၏။ ဝါ-စတုဒ္ဒသ = သင်္ဂဟာ အသင်္ဂဟာ သမ္ပယောဂ ဝိပ္ပယောဂ နှစ်ပါးစုံ စပ်နှော၍ ဓာတ် သဘောအစုမျှ ဖြစ်ခြင်းတကို ရှင်းပြစိတ်ဖြာ နည်းဝိတ္ထာ သည် ဤကျမ်းပထျာခဲ့၍တွေးပါတော့ စံသချ်ာဖွဲ့နွဲ့ ရေး ရလျှင် တစ်ဆယ့်လေးပါး အပြား ရှိပါကုန်သတည်း။

၃။ ဓာတုသု ကောသလ္လ မတိပ္ပဝဍ္ဍကံ၊
ရိတ္တတ္တ တုစ္ဆတ္တ နိဗ္ဗဝဒီပကံ။
ကထေမ တံ ဓာတုကထံ ဗိနေရိတံ၊
ကထံ ကထံ တိဏ္ဏမုပါယ မုတ္တမံ။

ဘောန္တော = ဓာတုပုဂ္ဂ သမူဟကို တွေးဆသက်ဝင် ဉာဏ်ကြည်လင်သည့် သူတော်စင်ပေါင်း အို....သူမြတ် လောင်းတို့။ ဓာတူသု=တစ်ဆယ့်ရှစ်ပါး ဓာတ်အပြား တို့၌။ ကောသလ္လ မတိပ္ပဝဍ္ဍကံ=လိမ္မာကျွမ်းကျင် ဉာဏ် အမြင်ကို အစဉ်မနား တိုးပွားဖြစ်ထွန်းစေတတ်ထသော။ ရိတ္တတ္တတုစ္ဆတ္တ နိဗ္ဗဝဒီပကံ=ရိတ္တ သဘောမှန် တုစ္ဆ - သဘောမှန် နိဗ္ဗဝသဘောမှန်တို့ကို ပြသွန်လေ့ ရှိပေထ သော။ ကထံ ကထံ တိဏ္ဏမုပါယမုတ္တမံ=သို့လော သို့လော ဒွေးတောယုံမှား ထင်ဝိုးဝါးကို ကျော်လွှားလွန်မြောက် ကြောင်း ကောင်းမြတ်သော ဥပါယ်တံမျဉ်လည်း ဖြစ်ပေ ထသော။ ဗိနေရိတံ=ရှင်စောဗျာန္ဒတ် ကြာကုမုဒ်မှ အာ

လုပ်ရင့်ရှု ဟောဖွင့်တော်မူအပ်သော။ တံ ဓာတုကထံ= ထိုဓာတုကထာ သညာတင့်ဆန်း အဘိဓမ္မာကျမ်းကို။ **ကဓထေမ**=ပီပြင်ပြတ်သား ရွတ်ပွားကြပါကုန်စို့။ ဝါ-ကထေမ=ဓာတုကထာ ကျမ်းရွှေစာကို သဒ္ဓါသတိန် သမာဓိန်နှင့် ပညိန်ဝီရိယ ငါးချက်မျှ၍ ဓမ္မပူဇာ ဤအခါဝယ် ကြည်သဒ္ဓါ ရွှင်ရွှင်အားတို့ဖြင့် ပြည်နိဗ္ဗူ ဆုညွှတ်ထားကြ၍ ရွတ်ပွားသရဇ္ဈာယ်ကြပါကုန်စို့။

(ဓာတုကထာ ပါဠိတော်များကို ရွတ်ဆိုပူဇော်ရန်။)

'လ' ၁။ ကထံ ပုဂ္ဂလပညတ္တိံ၊
တိလောကေကဂ္ဂ ပုဂ္ဂလော။
ပညပေသိ မဟာဝီရော၊
ဒေဝ ဒါနဝ ပူဇိတော။

ဒေဝဒါနဝ ပူဇိတော=နတ်နတ်တကာ အသူရာတို့ သဒ္ဓါညွတ်ပျပ် ပူဇော်အပ်ပေထသော။ မဟာဝီရော= သမန္တစက္ခု ဗုဒ္ဓဘုံသို့ တဟုန်တည်းပေါက် ခရီးရောက်အောင် ကြိုးမြောက်ထက်သန် သူမတန်သည့် သမ္မပ္ပဓာန် လုံ့လ ဝီရိယလည်း ရှိတော်မူပေထသော။ တိလောကေ-ကဂ္ဂ ပုဂ္ဂလော=လောကဓာတ်ခရိုင် ဘုံသုံးဆိုင်ဝယ် နှုန်းပြိုင်အပ်သူ တစ်ယောက်သူမျှ မပြုဖက်ပြန်း အမြတ်ဆုံး ခေါ်ဆို ပုဂ္ဂိုလ်စင်စစ် ဖြစ်တော်မူငြား မြတ်ဘုရားသည်။ ပုဂ္ဂလပညတ္တိံ=ပုဂ္ဂလပညတ် ခေါ်မှတ်တင့်ဆန်း စတုတ္ထ အဘိဓမ္မာကျမ်းကို။ ကထံ=ဘယ်ပုံစိတ်ဖြာ ဘယ်ခြင်းရာဖြင့်။ ပညပေသိ = ပညတ်ဟောဖော် သိစေတော်မူပါသနည်း။ ဝါ-ကထံ ပညပေသိ = လ ဟု ခေါ်မှန်း စတုတ္ထ အဘိဓမ္မာကျမ်းဝယ် အခန်းနှင့်ဟောမြွက်ပုံ အလုံးစုံတို့ကို

မှတ်လွယ်ရုံသံခိပ်ညွှန်းတဲ့၍ သဒ္ဒါဝေဝေ ရှွန်းတဲ့အောင် အဖြေခွန်း ဖွင့်လှစ်တော်မူပါလော့။

၂။ ယံ ယံ ဓမ္မမုပါဒါယ၊
ယော ယော ပုဂ္ဂလသမ္မတော။
တံ တံ ဓမ္မံ ဝိဘဇိတွာ၊
ဒေ့သေသိ ယာဝ ပဥ္စကာ။

တိလောကေကဂ္ဂပုဂ္ဂလော=လောကဓာတ်ခရိုင် ဘုံသုံးဆိုင်ဝယ် နှုန်းပြိုင်အပ်သူ တစ်ယောက်လူမျှ မပြုဖက်ပြွန်း အမြတ်ဆုံးခေါ်ဆို ပုဂ္ဂိုလ် စင်စစ် ဖြစ်တော်မူငြား မြတ်စွာဘုရားသည်။ ယံ ယံ ဓမ္မံ = ကောင်း ဆိုး နှစ်ပြင် အကြင် အကြင်သို့သော သဘောဓမ္မကို။ ဥပါဒါယ= အစွဲတစ်ခု အခြေခံပြု၍။ ယော ယော ပုဂ္ဂလသမ္မတော= ကောင်းဆိုးနှစ်ရပ် အကြင် အကြင်သို့သော ပုဂ္ဂလပညတ်သည်။ ဟောတိ=သမ္မုတိသစ္စာ လူမှာထင်ရှား ဖြစ်ပွား၍နေပါပေ၏။ တံ တံ ဓမ္မံ =ကောင်းဆိုးနှစ်ရပ် ပုဂ္ဂလပညတ်တို့ စွဲမှတ်ဖို့အခြေခံ အမှန်တိတိ ထင်ရှားရှိသည့် အဝိပရိတ သဘာဝအား ထိုထိုပရတ္ထတရားကို။ ဝိဘဇိတွာ =အကာကိုပစ် အနှစ်ကိုရှာ ကဲ့ပမာလျှင် စိတ်ဖြာခွဲခြမ်းတော်မူ၍။ ယာဝပဥ္စကာ=တစ်မျိုး နှစ်မျိုး သုံးလေးမျိုးနှင့် ငါးမျိုးခေါ်မြောက် ပုဂ္ဂိုလ် အစုသို့ တိုင်ရောက်အောင်။ ဒေသေသိ=ပုဂ္ဂိုလ်တွင်ကား မရပ်နားဘဲ ဓာတ်သားစင်စစ် ပရမတ်အနှစ်သို့ ထွန်းသစ်ဉာဏ်ခြေ ရောက်ကုန်စေဟု မြတ်စိန္တေ လူ့ခေါင်ဘုရား သည် ပညတ်စုံ အဘိဓမ္မာတရားကို ဟောကြားပြသတော်မူခဲ့လေပြီ။

၃။ ဓမ္မေဟိ ပညတ္တိ ပဘေဒဒီပကံ၊
သတ္တုပ္ပလဒ္ဓိဝိဓ ပနူဒကံ ဝရံ။
အာသီသမာနာ သုဝိမုတ္တိမစ္စုတိံ၊
ဘဇာထမ တံ ဘော မုနိနောနုသာသနံ။

ဘော=ပရမတ်ပညတ် ယင်းနှစ်ရပ်ဝယ် ရှင်းပြတ်သက်သာ ဉာဏ်ဝိဇ္ဇာဖြင့် စိတ်ဖြာလိုတော်ကောင်း အို သူတော်ကောင်းတို့။ ဓမ္မေဟိ = ပရမတ္ထ သဘာဝဓမ္မတို့ဖြင့်။ ပညတ္တိပဘေဒ ဒီပကံ=ကောင်းဆိုးနှစ်ပါး ပုဂ္ဂလပညတ်အပြားကို ခွဲခြားစိတ်ဖြာ ပြတတ်စွာသော။ သတ္တုပ္ပလဒ္ဓိဝိဓ=အနမတဂ္ဂ်သံသာစက်မှ ခုထက်တိုင်ပင် အမျှင်မပြတ် စွဲမှတ်သည့်သက္ကာယဒိဋ္ဌိ ဖိပရိဖောက်ပြား အယူမှားကိုလည်း။ ပနူဒကံ=နေလျှံရှိန်ကျောက် ဆီးနှင်းပေါက်သို့ သွေ့ခြောက်စေသား ပယ်ရှား ဖြတ်တောက်နိုင်ပေထသော။ ဝရံ=မဟာပညဝန် ပုဂ္ဂိုလ်မွန်တို့ လွန်နှစ်လိုအပ်မြတ်ပေထသော။ မုနိနော=သကျမုနိ တုမရှိ၏။ အနုသာသနံ = နိဗ္ဗုရောက်ကြောင်း ကောင်းမြတ်သော အဆုံးအမ ဖြစ်ပေထသော။ တံ ပုဂ္ဂလပညတ္တိံ=ထိုပုဂ္ဂလပညတ် ခေါ်မှတ်မည်ဆန်း စတုတ္ထ အဘိဓမ္မာကျမ်းကို။ အစ္စုတိံ=စုတေ့ဖောက်ပြား ရွေ့ရှားခြင်း မရှိသော။ သုဝိမုတ္တိံ=ကိလေသာစက် သုံးထောင်ဝက်မှ လွတ်ထွက်ရာမှန် ပြည်နိဗ္ဗာန်ကို။ အာသီသ မာနော = တောင့်တလင့်ဆို အလိုရှိကြကုန်သော။ မယံ=အဘိဓမ္မာအသင်းဝင် သူတော်စင် အကျွန်ုပ်တို့သည်။ ဘဇာထမ=ပြတ်ပြတ်သားသား ရွတ်ပွားကြပါကုန်စို့။ ဝါ-ဘဇာထမ = သတ္တဒိဋ္ဌိဝိပရိဟု မဂ်၏တံသင်း ရန်ခပင်းကို ဉာဏ်စဉ်းပစ်ချိန်

စစ်ဦးနှိမ်ဖို့ စောမုနိန် မိန့်ဖော်ကြားခဲ့သည့် ပညာစုံ အဘိဓမ္မာတရားကို ရွတ်ပွား သရဇ္ဈာယ်ကြပါကုန်စို့။
(ပုဂ္ဂလပညတ် ပါဠိတော်ကို ရွတ်ဆိုပူဇော်ကြရန်။)

'က' ၁။ ဇိနာဒိစ္စော ကထာဝတ္ထု၊
ဓမ္မံသုနာ မဟာသရေ။
ဇာတိကွေတ္တေ ပဗောဓေသိ၊
ကထံ ဒိဝေါက ပက်ဇေ။

ဇိနာဒိစ္စော=သဗ္ဗညုတ ဉာဏာပွေချက် ရွှေတောင် ထက်မှ ပေါ်ထွက်ထွန်းပြူ ဥဒည်းမူသား သယမ္ဘူဖျား ဘုရားနေမင်း သုံးလူ့သနင်းသည်။ ဇာတိကွေတ္တေ မဟာ သရေ=ဇာတိ ခေတ်မပါင်းတစ်သောင်းသချာ စက္ကဝါ ခရိုင် ပဒုံမာကြာအိုင်ကြီးထဲ၌။ ဒိဝေါကပက်ဇေ=နတ်- နတ်တကာ ပြဟ္မာဟ္မာဟု သတ္တဝါကိုန်း အသိန်းအသန်း ပဒုံမာကြာပန်းတို့ကို။ ကထာဝတ္ထု ဓမ္မံသုနာ = ကထာ ဝတ္ထု ခေါ်တွင်ပြုသား ဓမ္မပဒေသ နယမြားမြောင် တရားတည်းဟူသော အရုဏ်ရောင်ဖြင့်။ ကထံ=ဘယ်ပုံ ခွဲခြမ်း ဘယ်နည်းလမ်းအားဖြင့်။ ပဗောဓေသိ=သောင်း စက္ကဝါ အိုင်ကုဏ္ဍလာဝယ် ပဒုံမာဇာတ် အနတ်နတ်တို့ ရစ်ပတ်ပိတ်ထေး အဝိဇ္ဇာမြေးကို ဝေးစေပျောက်ကာ ဘယ်ခြင်းရာဖြင့် သစ္စာလေးဆင့် တွေးတွေးရင့်အောင် ပွင့်စေဆွန်းစေ ပွင့်ထွန်းတော်မူခဲ့စေပါသနည်း။

၂။ ဆလဝါဒံ ဝိနိဂ္ဂယှ၊
သဝါဒံ နိစ္စလံ ဌိတံ။
နာနာသုတ္တ ဓမ္မံ သုဟိ၊
ဗောဓေသိ ဇိနဘာဏုမာ။

သမ္မ=သဒ္ဒအတ္ထာ အလင်္ကာတို့ မင်္ဂလာလျှံတောက် စံယူလောက်အောင် စောထောက်စစ်ဆေး နှုတ်ယဉ်ကျေးဖြင့် မေး-မေးတတ်ပါပေ ချစ်မိတ်ဆွေ။ ဇိနန္ဘာကုမာ = ဘုရားနေမင်း သုံးလူ့ သနင်းသည်။ ဇာတိကေ္ခတ္တေ မဟာသရေ = ဇာတိခေတ်ပေါင်း တစ်သောင်းသချ်ာ စက္ကဝါခရိုင် ပဒုံမာကြာအိုင်ကြီးထဲ၌။ ဆလဝါဒံ=မဲ္ဆာအယူ မဖြူရစ်မြေး အညစ်အကြေးကို။ နာနာသုတ္တမမ္ဘံသူဟိ = သချ်ာမြားမြောင် သုတ်မမွကွန် အလင်းရောင်တို့ဖြင့်။ ဝိနိဂ္ဂယှ = အာဇာနာဟိ နိဂ္ဂဟံ အောင်သံကျူးညိတ် အကြွင်းမဲ့ ကွပ်နှိပ်၍လည်းကောင်း။ သဝါဒံ=ဝါဒစင်ဖြူ ကိုယ်တော့်အယူကို။ နိစ္ဆလံ ဌိတံ= မိစ္ဆာလေဟုန် တိုက်လွှင့်သုန်လည်း မတုန်မြူခန့် ကြံ့ကြံ့ခိုင်ကျည် တည်အောင် ပြုတော်မူ၍ လည်းကောင်း။ ဒိဝေါကပက်ဇေ=နတ်နတ်တကာ ဗြဟ္မာဟ္မာဟု သတ္တဝါ ကိန်း အသိန်းအသန်း ပဒုံမာကြာပန်းတို့ကို။ ဗောဓေသိ =သစ္စာလေးဆင့် တွေးတွေးရင့်အောင် ပွင့်တော်မူစေပြီ။ ဝါ-ဗောဓေသိ=သောင်းစက္ကဝါ အိုင်ကုလ္လာလာဝယ် ပဒုံမာဇာတ် အနတ်နတ်တို့ ရစ်ပတ်ပိတ်ထေးအဝိဇ္ဇာ မြေးကိုဝေးစေဖျောက်ကာ ဉာဏ်ခြင်းရာဖြင့် သစ္စာလေး ဆင့် တွေးတွေးရင့်အောင် ပွင့်စေ ထွန်းစေ ပွင့်ထွန်း တော်မူစေပြီ။

၃။ ဝိတက္လာ ဝါဒိန ဝိဝါဒ မဗန်၊
ဝိဘဇ္ဇဝါဒိန သုဝါဒဇမ္ဘာန်။
ယုတ္တိံ အယုတ္တိဥ္စ ဝိဝိစ္စ ဒေသိတံ၊
သဏ္ဍာမ တံ ဒ္ဒါနိ ကထာနဝတ္ထုကံ။

အလင်းပေါက်သိစိမ့်သော၄၁။ ပုစ္ဆာဓမ္မတ္ထ လက္ခဏေ = အနုလုံ ပဋိလုံ အစုန်အဆန် သန္နိဋ္ဌာန် သံသယ ပုစ္ဆာပါ ဓမ္မတ္ထတို့နှင့် အနိစ္စဒုက္ခ အနတ္တာဟု လက္ခဏာ အပြား ဤသုံးပါးတို့ကို လည်းကောင်း။ တိယော ပရိညာ = ဉာတ တီရဏ ပဟာနဟု သုံးဝထင်ရှား ပရိညာတရား တို့ကို လည်းကောင်း။ ဒဿယံ-ဒဿယန္တော=သောင်း စက္ကာဝါ နတ်ဗြဟ္မာတို့ သိပါစေဟု ပြတော်မူလျက်။ ဒသဓာ = မူလ ယမက ခန္ဓ ယမက စသည် ဆယ်ပါး အပြားအားဖြင့်။ ဒေသယိ = ထုတ်ဖော်ထင်ရှား ဟော ကြားတော်မူခဲ့ပါပြီ။ ဝါ-ဒေသယိ = ယ ဟု ခေါ်မှန်း ခြောက်ဆင့်မြောက် အဘိဓမ္မာကျမ်းဝယ် အခန်းကြီး ဆယ်ပုံ အစုံစုံသောပုစ္ဆာ ဓမ္မတ္ထလက္ခဏာ ယာဉ်သုံးဖြာ ပရိညာ သုံးသွယ် အနှုန်းခြယ်၍ မြတ်ဘုန်းကြွယ် လူ့ ထွတ်ဘုရားသည် သောင်းရပ်ရွာ နတ်ဗြဟ္မာ အများတို့ အား ဟောကြား မိန့်မှာတော်မူခဲ့ပါသတည်း။

၃။ ခန္ဓာဒိ ဓမ္မာန ပဝတ္တိဒီပကံ၊
ဝိပဿနာဉာဏ ဝိပက္ကမာဝဟံ။
ဧကာယနံ ဇာတိခယန္တဘူမိယာ၊
ဘဏာမ တံ ဆဋ္ဌဘိဓမ္မဒေသနံ။

ဘော=အို သူတော်ကောင်း သူမြတ်လောင်းတို့....။ ခန္ဓာဒိဓမ္မာနံ=ခန္ဓာအစရှိသော သဘာဝဓမ္မတို့၏။ပဝတ္တိ ဒီပကံ=ဖြစ်ဟန် ချုပ်ဟန် ဖြစ်ချုပ်ဟန်ကို ဝေဖန်ပြတ် သား ထင်ရှားစွာ ပြတတ်ပေထသော။ဝိပဿနာ ဉာဏ- ဝိပက္ကံ = ဝိပဿနာဉာဏ် ရင့်သန်အားရှိ မဂ်တိုင်ထိ ခေါင်။ အာဝဟံ=ကျေးဇူးမြားမြောင် ရွက်ဆောင်ပို့

ရောက်စေတတ်ထသော။ ဇာတိခယန္တဘူမိယာ = ဇာတိကုန်ရာ မဟာအသင်္ခတ အမတကုန်းဗွေ ဘေးမဲ့မြေ၏။ ကောယနံ = ရောက်စေနိုင်တောင်း တစ်ခုတည်းသော လမ်းကြောင်းလည်း ဖြစ်ပေထသော။ တံ ဆဋ္ဌတိဓမ္မဒေသနံ=ထို ယမကခေါ်မှန်း ခြောက်ဆင့်မြောက် အဘိဓမ္မာကျမ်းကို။ ဘဏာမ=ပီပြင်ပြတ်သား ရွတ်ပွားကြပါစို့။ ဝါ-ဘဏာမ = သုံးပါးယာဉ်သာ လက္ခဏာဖြင့် ပရိညာသုံးဆင့် အောင်လံလွှင့်၍ နန်းမြင့်သောင်ခေ ဖော်အောင်ရိပ်ခြေမြသို့ အောင် သံ တော့ ကိုယ် စီ ကြွားကြွ၍ အောင်ဆုယူ အရောက်သွားရအောင် ရွတ်ပွားသရဇ္ဈာယ် ကြပါကုန်စို့။

'ပဋ္ဌာန်း' ၁။ သတ္တမံ မုနိ ပဋ္ဌာနံ၊
ဘိဓမ္မံ ကာ္လသိ သတ္တမော။
ကထံ ဒေသေသိ ဒေဝါနံ၊
တံ မေ အက္ခာဟိ ပုစ္ဆိတော။ ။

သမ္မ=ဝဇီရစိန်ပမာဉာဏ်ပညာဖြင့် ပြဿနာဆစ်ဝိုင်း မေးလိုက်တိုင်းကို မဆိုင်းလှစ်ဖြေ ချစ်မိတ်ဆွေ။ ကာ္လသိသတ္တမော=ဝိပဿီမှန်ကူ သယမ္ဘူမှ စွဲယူ ရေထောက် ခုနှစ်ဆူမြောက်သား ဘုန်းတောက်မိပတိ မဟာကာ္လသိ ဖြစ်တော်မူသော။ မုနိ=သကျမုနိ တုမရှိသား တြိဘဝ သျှောင်ဖူး အောင်ပွဲမှူးသည်။ သတ္တမံ = ဓမ္မသင်္ဂဏီမှ ယောက် ခုနစ်ဆင့်မြောက်ဖြစ်သော။ ပဋ္ဌာနံဘိဓမ္မံ = ပဋ္ဌာန်းတွင်ခေါ် အဘိဓမ္မာတရားတော်ကို။ ဒေဝါနံ= သောင်းစကြဝါ နတ်ဗြဟ္မာတို့အား။ ကထံ ဒေသေသိ= ဘယ်ပုံခွဲခြား ဟောကြားတော်မူခဲ့ပါသနည်း။ ပုစ္ဆိတော

ဘော=အို....သူတော်ကောင်း သူ မြတ် လောင်း တို့၊ ဝိတဏှာဝါဒိနံ=မိစ္ဆာဝါဒီ လူဗာလတို့၏။ ဝိဝါဒ မဒနံ =မိစ္ဆာဒိဋ္ဌိ ဖုံးအုပ်ဖိ၍ ပြောမိပြောမှား ဝါဒများကို ပယ်ရှားနှိပ်နင်းရာလည်း ဖြစ်ပေထသော။ ဝိဘဇ္ဇဝါဒီနံ =လေးရပ်သစ္စာ နက်နဲစွာကို စိတ်ဖြာဟောကြား မြတ်ဘုရားတို့၏။ သုဝါဒဇမ္ဘနံ=ပဋိပဒါမဇ္ဈိမ လမ်းမှန် ကျသား ဝါဒစင်ဖြူ ထိုအယူကို ဗိုလ်လူများကြွယ် ပရိသတ်အလယ်၌ စံပယ်ကွန့်မြူးရာလည်း ဖြစ်ပေထသော။ ယုတ္တိဥ္စ=အသင့် ယုတ္တိရှိသည်ကို လည်းကောင်း။ အယုတ္တိဥ္စ =အသင့်ယုတ္တိ မရှိသည်ကိုလည်းကောင်း။ ဝိဝိစ္စ=ခွဲခြမ်း စိတ်ဖြာနည်းစုံမွှာ၍။ဒေသိတံ=ဤကား အသင့် ဤမသင့် ဟု လှစ်ဖွင့်ထင်ရှား ဟောကြားတော် မူပေသော။ တံ ကထာနဝတ္ထုကံ=ထိုကထာဝတ္ထု ခေါ်တွင်ပြုသား ဓမ္မ ပဒေသ နယထူးဆန်း ပဉ္စမ အဘိဓမ္မာကျမ်းကို။ ဒါနိ- က္လဒါနိ=အဘိဓမ္မာ ဓဒေသနာဝဲချီး ပွဲကြီးခြိမ့်ညာ ဤ ယခု အခါ၌။ ဘဏာမ=ပီပြင်ပြတ်သား ရွတ်ပွားကြပါကုန် စို့ ။ ဝါ-ဘဏာမ=ပရဝါဒီ ပြင်ဗာလဟု တက္ကီသမား ကြဲဝိုးဝါးတို့ စကားလုံ့ဖန် ဤလူ့ထံဝယ် အမှန်ကို သိ ထင်ရှားစေဟု ကထာစုံ ဘိဓမ္မာတရားကို ရွတ်ပွား သရဇ္ဈာယ်ကြပါကုန်စို့။

(ကထာဝတ္ထု ပါဠိတော်များကို ရွတ်ဆိုပူဇော်ရန်။)

‘ယ’ ၁၊ ယမယဿ ဝိဿယာ တီ တော၊
ယမကံ ယ မဒေသယိ။
ကထံ ကီဝ ပရိစ္ဆေဒ၊
ပဏ္ဍိတံ ကာနိ ဒဿယံ။ ။

ယမသ္မ = ယမခေါ်လျှင်း မစ္စုမြင်း၏။ ဝိသယာ-တီတော = ဂေါစရဂါမ် ပဥ္စက္ခန်ကို ကျော်လွန် ထွက်မြောက်တော်မူပြီးသော မြတ်စွာဘုရားသည်။ ယံ ယမကံ =အကြင် ယမကတွင်ခေါ် အဘိဓမ္မာ တရားတော်ကို။ အဒေသယိ=ဒ္ဒယာဆော်နှိုး နတ်စည်ဖျိုးသို့ မိုးဘဝဂ်ယံ ကောင်းတင်းလျှံအောင် ထုတ်ပြန် ဟောကြား တော်မူခဲ့လေပြီ။ တံ ယမကံ=ထို ယမကတွင်ခေါ် အဘိဓမ္မာတရားကို။ ကထံ = ဘယ်ပုံ စိတ်ဖြာ ဘယ်ခြင်း ရာဖြင့်။ ကီဝ ပရိစ္ဆေဒ မဏ္ဍိတံ=ဘယ်မျှသောအား ပိုင်းအခြားတို့ဖြင့် ဆန်းပြားစုံလင် တန်ဆာဆင်အပ်သည်ကိုပြု၍။ ကာနိ= ဘယ်ပုံထူးခြား ဘယ်တရားတို့ကို ဒသ္သံရာန္တော=သောင်း စက္ကဝါ နတ်ပြဟ္မာတို့ သိပါစေဟု ပြုတော်မူလျက်။ ဒေသေသိ=ထုတ်ဖော်ထင်ရှား ဟောကြားတော်မူခဲ့ပါသနည်း။ ဝါ-ဒေ္ဒသေသိ ယ ဟုခေါ်မှန်း ခြောက်ဆင့်မြောက် အဘိဓမ္မာကျမ်းဝယ် အခန်းနှင့် ဟောမြွက်ပုံ အလုံးစုံတို့ကို မှတ်လွယ်ရုံ သံခိပ်ညွှန်းတဲ့၍ ကြည်သဒ္ဓါ ဓဝဝေရှွန်းလောက်အောင် အမြွေခွန်း ဖွင့်လှစ်တော်မူပါလော့။

၂။ ယမကံ ယမကာခ်ါယ၊
ပုဏ္ဍော ဓမ္မတ္ထ လက္ခဏော။
ပရိညာ ဒသ္သယံ တိဿော၊
ဒေသေယိ ဒသဓာ ဇိနော။ ။

ဇိနော=ငါးပါးမာရ်အောင် မြတ်ဘုန်းခေါ်သည်။ ယံ ယမကံ=အကြင် ယမကတွင်ခေါ် ခြောက်ဆင့်မြောက် အဘိဓမ္မာတရားတော်ကို။ အကာခ်ါယ=ယုံမှားပယ်ဖျောက်

တံ ပဌာနံ=ထို ပဋ္ဌာန်းတွင်ခေါ် အဘိဓမ္မာတရားတော်ကို။ သဒ္ဓါယ စ=စက္ကဝတ်ဖျား မင်းတရား၏ ပတ္တမြားရတနာ ကဲ့ပမာလျှင် ရောင်ဝါရှိန်လျှပ် သဒ္ဓါဓာတ်ဖြင့်လည်းကောင်း။ ပညာယ စ=ဓမ္မသတ္တိ ချက်တိုင်းထိအောင် အသိဖန်ပျိုး ဉာဏ်ရည်မျိုးဖြင့် လည်းကောင်း။ ဘဏာမ=ပီပြင်ပြတ်သား ရွတ်ပွားကြပါကုန်စို့။ ဝါ-ဘဏာမ=အနန္တနယ သမန္တခေါ်မှန်း မြတ်ပဋ္ဌာန်းကို လန်းလန်းစည်ဖြာ ကြည်သဒ္ဓါဖြင့် ပြည့်အမေတာ ဆည့်ဆွတ်ထားကြ၍ ဗောဓိဉာဏ် ရင့်သန်ထွားလောက်အောင် ရွတ်ပွားသရဇ္ဈာယ် ကြပါကုန်စို့။

('ပဋ္ဌာန်းပါဠိတော်များကို ရွတ်ဆိုပူဇော်ရန်။)

ဆာ ဈ မာ လာ တိ နိ ၂၄ ၅၉၁

## အဘိဓမ္မာ အခါတော်နေ့
## အခမ်းအနားကြီး ပြီးဆုံးအောင်မြင်ရာ
## များစွာကောင်းမှု ပေါင်းအစု ကြောင်းပြုကျိုးဆက်
## ရေစက်သွန်းချ စာတမ်း

အဘိဓမ္မာ အခါတော်နေ့ မဟာဓမ္မသဘာကို သာသနာတော် ပြန့်ပွားစည်ပင်ရေး အလေးပြုကာ ကြွရောက်ချီးမြှင့်ဟော်မှုလာကြကုန်သော၊ သာသနပါလ သိက္ခာကာမ စသည်ဂုဏ်ပွား ဆရာတော်သံဃာတော် အရှင်သူမြတ်တို့ဘုရား။

အဘိဓမ္မာပြန့်ပွားရေး အသင်းသူအသင်းသား အားထားလျက်များပြားရောက်လာ ပရိသတ်ပေါင်း များစွာသည် နောင်သံသရာ ရိက္ခာအတူ ကံကျွေးဟူသည့် အလှူဆိုက မဆုတ်ကြနှင့် စသည်စကား ဆုံးမများနှင့် အသားတည်း အားသစ်ပြုလုပ်ကြသည်အရာ 'သဒ္ဓါဒါနံ ဓမ္မဒါနံ ဇိနာတိ' တရားအလာနှင့် မခြားမကွာ ယခု အားထုတ် ပြုလုပ်ကြသည် အမှု ဤ များမြတ်သော ကောင်းမှုအထုကို ပတ္တာနုမောဒနာ ရေစက်သွန်းချ အမျှဝေခြင်း ပြုကြပါသည်ဘုရား။

၁၉၂ ထိ=နိ ကာ ဗျ မာ လာ

=ပဋ္ဌာန်းဘိဓမ္မာ ဒေသနာကို သေချာစိစေး သိလိုရေး ဖြင့်မေးအပ်ပါပေချစ်မိတ်ဆွေသည်။ တံ=ထိုအကြောင်းကို၊ မေ=အတ္တက္ခာယိ အင်ညီမယုတ် အကျွန်ုပ်အား။ အက္ခာဟိ=အဖြေစကား မိန့်ကြားတော်မူပါလော့။ ဝါ- အက္ခာဟိ=မဟာဏ္ဏဝ သာဂရထက် နယကျယ်ဝှမ်း မြတ်ပဋ္ဌာန်းကို မှန်းနိုင်လောက်ရုံ သံခိပ်ငုံ၍ ဟောမြွက်ပုံဆိုလိုရင်းလောက်မျှ လူဗိုလ်ပုံ နားဝယ် ရှင်းလောက်အောင် ထင်အလင်း ဖြေကြားတော်မူပါလော့။

၂။ ဝိဘဇိတွာန ပဋ္ဌာနံ၊
ဓမ္မေ စ ဓမ္မသတ္တိယော။
သမန္တာနန္တချာယေဟိ၊
ဒေဝါနံ ဒေသယီ ဇိနော။

သမ္မ=ကျမ်းတိုင်းစုံစေ့ နတ်သိမ်မွေ့ကို ပြောင်းရွှေ့ဖန်ခါ ဉာဏ်ပဘာဖြင့် ပြဿနာစစ်ဆေး မေးတတ်ပါပေ ချစ်မိတ်ဆွေ။ ဇိနော=ငါးပါးမာန်ညွန့် ရန်အဝန့်ကို မရှုံမထိပ် ခြသေ့်စိတ်ဖြင့် နင်းနှိပ်ကြိမ်ဖန် အောင်ပွဲခံ၍ အောင်လံလွှင့်ထူ အောင်တော်မူ မြတ်စွာဘုရားသည်။ ဒေဝါနံ=သောင်းစက္ကဝါ နတ်ဗြဟ္မာတို့အား။ ဓမ္မေ စ=ပရမတ္ထဓမ္မတရားအားလုံးကို လည်းကောင်း။ ဓမ္မသတ္တိယော စ=ထိုပရမတ္ထတရားတို့၏ စွမ်းပကားတော်အနုမော်သတ္တိတို့ကိုလည်းကောင်း။ ဝိဘဇိတွာန= တစ်ခုမကျန် ဝေဖန်ခွဲခြမ်းတော်မူ၍။ သမန္တာနန္တချာ- ယေဟိ=ဝန်းကျင်ကျယ်ဝှမ်း အနပ္ပကမ်းမျှားကြွယ် နည်းသွယ်သွယ်တို့ဖြင့်။ ပဋ္ဌာနံ=ပဋ္ဌာန်းတွင်ခေါ် အဘိဓမ္မာတရားတော်ကို။ ဒေသယီ = ထုတ်ဖော်ထင်ရှား၊ ဟော

ကြားတော်မူခဲ့ပါပေပြီ။ ဝါ-ဒေ့သယိ = ဟော့တူဟောတု မြေရေထုနှင့် လေထုလိုက်ခုန် သောင်းတိုက်တုန်အောင် နည်းဖုံဖုံ နက်ကျယ်ဝှမ်း လှသည့် အဘိဓမ္မာစာတော် ပဋ္ဌာန်းကို လူ့ထိပ်ပန်း ဟောကြားတော် မူခဲ့လေပြီ။

၃။ ယံ သမ္မသန္တဿ ဒိသာ သမန္တတော၊
ဝိနိစ္ဆရေ သတ္တုပဘာ သရီရတော။
နယမ္ဘုဓိံ ဉာဏသမုဒ္ဒဂေါစရံ၊
သဒ္ဒါယ ပညာယ စ တံ ဘဏာမ ဘော။

ဘော=အဘိဓမ္မာ မြိုက်ရသာ၏ ခါတော်သမယ ဒုလ္လဘကို အရတော်ညောင်း သူတော်ကောင်းတို့။ ယံ ပဋ္ဌာနံ = အကြင်ပဋ္ဌာန်းတွင်ခေါ် တရားတော်ကြီးကို။ သမ္မသန္တဿ = နဝရတ်ရောင်ရှိန် ရတနာဃရ နန်းအိမ်ဝယ် မွေ့သိမ်သော ဉာဏ်စက္ခုဖြင့် ကြည့်ရှုဆုံးဖြတ် သုံးသပ်တော်မူပေသော။ သတ္တု=သတ္တာ ဒေဝမနုဿာနံ ဂုဏ်တော်သံတို့ မိုးယံဘဝဂ် လွှမ်းကျော်တက် သားသကျဇိနော် စိန္တေယျော်၏။ သရီရတော= ရွှေတောင်နှုန်းလျှော် မြတ်ကိုယ်တော်မှ။ ပဘာ = ရောင်တော်ခြောက်သွယ် ပန်းနွယ်ပန်းညွှန့်တို့သည်။ သမန္တတော ဒိသာ=ဝန်းကျင်နှံ့စပ် အရပ်ဒိသာ ဆယ်မျက်နှာတို့သို့။ ဝိနိစ္ဆရေ = စက္ကဝါနခမ်း အထက် အဇဋ္ဌာပြည့်လျှမ်းအောင် အဆန်းတကြယ် ယှက်ကူး၍ ကွန့်မြူးထွက်ကြွတော်မူကုန်၏။ နယမ္ဗုဓိံ=နယသာဂရ နာမချီးကျူးအမည်ထူးလည်း ရှိပေထသော။ ဉာဏသမုဒ္ဒဂေါစရံ= ဉာဏသာဂရ ဂုဏ်လျှံပသား သဗ္ဗညုတရွှေဉာဏ်၏ဂေါစရဂါမ်မှတ်သား ကျက်စားရာလည်း ဖြစ်ပေထသော။

သမုဒယ ကြောင်းစမူရင်း ပြတ်ကင်းရာ နှန် မြတ်နိဗ္ဗာန်ကို အမှန်မုချ ပကတူပ အကြောင်းလှလျက် ရောက်ရပါစေသား ပတ္ထနာပွားသည် တကယ်အားဖြင့် အသင့်ရောက်ကြပါစေသောဝ်။

မြတ်နိဗ္ဗာန်ရောက် ကွန်းထောက်နေနား ဘုံတလွှားတွင် ကြုံငြားသာသနာ သုဂတိကောင်းဘုံလွှာ၌ ၇-ဖြာမမှား သူတော်ဥစ္စာ ရတနာများနှင့် မခြားကုံလုံ ပြည့်ဝစုံ၍ ယုံယုံမှားမှား မိစ္ဆာအားလျှင် ထင်ရှားပယ်ဖျက်နိုင်ရာ အဘိဓမ္မာ ပရိယတ္တိသာသနာကို အခါ ခုထက်ဆတိုးတက်လျက် မပျက်ဆောင်ထား ဖြန့်နိုင်အားဖြင့်တအားပြည့်ဝ အဘိဓမ္မာ မဟာဘာဏက ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်လှတို့ ကောင်းစွာမသွေ ဖြစ်ပါစေသောဝ်။

ခုသော်ယခု ပြုအပ်သော ကောင်းမှုစုကို ပြုသည့် စေတနာ ကောင်းမှု မြတ်အတိုင်းသား မခြားရစေ အမျှပေးဝေပါတော့မည် အရှင်သူမြတ်တို့တုရား။

❀

## ဆုတောင်း အမျှဝေ နတ်ပို့

# ဆုတောင်းမင်္ဂလာ

ကြူမိနာ အဘိဓမ္မေန၊
ဘဝေသု အာဘိဓမ္မိကာ။
အဘိဂဇ္ဆမ နိဗ္ဗာနံ၊
အဘိဒ္ဓမ္မေမ ပတ္ထိတံ။

ကြူမိနာ အဘိဓမ္မေန = အဘိဓမ္မာ မြိုက်ရွှေစာ၏ အခါတော်နေ့ ကြုံကြိုက်၍လျှင် စေ့ငစုံလင် ပွဲကြီးယင်လျက် ကြည်လင်ပြုံကုန် ဤလွန်ကဲသော ကောင်းမှုအဟုန်ကြောင့်။ မယံ=အဘိဓမ္မာ ဒေသနာအား အခါရှည်မော တည်စေသောဟု စိတ်စောမူလ ပဓာနဖြင့် ပို့ချသင်ကြား နာ ပွား အား ထုတ် အကျွန်ုပ်တို့သည်။ ဘဝေသု=ဘဝစက်ဝိုင်း အဖြစ်တိုင်းတို့၌။ အာဘိဓမ္မိကာ= လုံ့လဆက်ဖန် ကြိုးအားသန်လျက် ဉာဏ်အဆင့်ဆင့် ရင့်ထက်ရင့်သား လင်းပွင့်ထွန်းပြောင် အဘိဓမ္မာဆောင်တို့သည်။ (ဘဝေမ=အဆစ်အဖု ထစ်မခုဘဲ တောင်းဆုကုံလုံ အဖြစ်ကောင်းကြုံရပါလို၏။) နိဗ္ဗာနံ=တဏှာ၏ နယ်အတွင်းမှ လွတ်ကင်းရာမှန် ပြည်နိဗ္ဗာန်ကို။ အဘိဂစ္ဆမ=မဂ်ဉာဏ်လေးခု ကျေးဇူးပြု၍ ရှေးရှုမျက်မှောက်

ရောက်ရပါလိုကုန်၏။ ပတ္တိတံ=ယခုပြုရ ကုသလ၏ဘာဂ သေတ္တာ အဖို့စုကို။ ပဇာယ = လူအရပ်ရပ် နတ်နတ် တကာ ဗြဟ္မာမကြွင်း သတ္တဝါခပင်းအား။ အဘိဒဇ္ဇေမ =အကျွန်ုပ်တို့နည်းတူ ရစေဟူ၍ စင်ဖြူသာလှ သဒ္ဓါဗလဝဖြင့် ဒါနပတ္တိ အနှုံ့ပြည့်အောင် ဖြန့်ချိပေးဝေကြပါကုန်စို့။

## အမျှဝေမှု အောင်သာရ

**သောင်းစ**ကြဝဠာ နတ်ဗြဟ္မာနှင့် သတ္တဝါရှိသမျှ ကြားစေရဟု စိတ်မှရည်ရော် ဟစ်ကြွေးကြော်သည် ရှင်တော်ဗုဒ္ဓ ရွှေနှုတ်ဟလျက် ပြော'ဟော'ပြခဲ့ရာ အဘိဓမ္မာကို အခါထိမ်းမှတ် ပွဲကြီးမြတ်ဖြင့် ရွတ်ဖတ်သရဇ္ဈာယ် ဝန်းကျင်သွယ်လျက် ကြီးကျယ်များလှ ပွားကြရာရာ ဒါန, သီလ,ဘာဝနာ ဤကောင်းမှု ကုသိုလ်အဖြာဖြာကိုကြွလာပရိသတ် အရပ်ရပ် နတ်နတ်ဗြဟ္မာ နှစ်ဖြာမိဘ ရှိသမျှကျုံးခြုံ အလုံးစုံသော သတ္တဝါတို့အား မခြားထပ်တူ ရစေဟူဖြင့် ကြည်ဖြူလှပေ အမျှဝေသည် စိတ်စေတနာ ဝမ်းမြောက်စွာလျှင် အာကာမိုးယံ ဘဝဂ်လျှံလျက် နဘ်ထစ်ကြိုး ကောင်းကင်မိုးသို့ ဟစ်ဖြိုးဗျာဆို အောင်သာရကို ယခုခေါ်ကြ ပေးဝေငှသည်။ ။ အမျှ အမျှ အမျှ ယူတော်မူကြပါကုန်လော့။

## နတ်များပို့ရန်

မဟာပုညာဘိသန္ဒော ဓဘာ၊
သိဒ္ဓေါဝ နိရုပဒ္ဒဝေါ။

ဂစ္ဆန္တု သွာဂတာ ဒေဝါ၊
မောဒန္တာ သုဋ္ဌုမာနသာ။

ဘော=အဘိဓမ္မာ ဒေသနာကို စေတနာစိုက်စူး သဒ္ဓါထူးဖြင့် ကြည်နူးရွှင်ပျ ရွတ်နာကြသည့် ဓမ္မမိတ်ပေါင်း အို...သူတော်ကောင်းတို့။ ပဟာပုညာဘိသန္ဒော=အဘိဓမ္မာ ဒေသနာဖြင့် မြတ်စွာဇိနော် စိန္တေယျော်အား ပူဇော်သက္ကာရ အားသစ်ကြသည့် များလှသည်ပင်ကြီးမြတ်သော ကုသိုလ်အလျဉ်သည်။ နိရုပဒ္ဒဝေါ = ထံပါးချဉ်းကပ် နှိပ်စက်တတ်သည့် ဥပဒ်ဟူ၍ မြူမငွေ့သည်ဖြစ်၍။ သိဒ္ဓေါဝ=သူငါရွှင်ပြုံး ပီတိဖုံးလျက် နိဂုံးတိုင်မြောက်အပြီး ရောက်ခဲ့လေပြီ။ သွာဂတာ = ကျွန်ုပ်တို့နှုတ်မြွက်ပင့်ဖိတ်ချက်ကြောင့် နှစ်သက်ဝမ်းသာ ကြွရောက်လာကြကုန်သော။ ဒေဝါ-ဒေဝါ ပိ=တန်ခိုးတေဇာ ဖြိုးဝေဖြာလျက် ဂုဏ်ဝါကြီးမား အရှင်နတ်ဗြဟ္မာများ တို့သည်လည်း။ သုဋ္ဌုမာနသာ=လူ့ပြည်လူသား တို့မိတ်များလျှင်တရားနက်ခေါင် သ့လက်ဆောင်ကို အောင်နိဗ္ဗူရောက်ကျေးဇူးထောက်လျက် ချီးမြှောက်ကုန်၍ ပေးကုန်၍ဟုသတိသမ္ပဇဉ် စိတ်ကောင်း ယှဉ်တော်မူကြကုန်လျက်။ မောဒန္တာ=ပြုံးတစိမ့်စိမ့် နှလုံးဖိတ်၍ နှစ်သိမ့် ဝမ်းမြောက်ကြကာ။ ဂစ္ဆန္တု=ကိုယ်စိတ်နှစ်ခြိုက် လက်ဆောင်ပိုက်၍ ပျော်ပိုက်နေကြ မိမိတို့စံရာ ဘုံဌာနသို့ ပြန်ကြွတော် မူကြပါစေကုန်သတည်း။

# ၁၃၂၈-ခု၊ သီတင်းကျွတ်လပြည့်
# မင်းကွန်းနယ်လုံးဆိုင်ရာ
# ၁၄-ကြိမ်မြောက် အဘိဓမ္မာအခါတော်နေ့၌
# တိပိဋကဓရ ဓမ္မနာဒ ဆရာတော်၏
# အခမ်းအနားဖွင့်
# သမ္မောဒနီယ ဩဝါဒကထာ မိန့်ခွန်း

နမော ဗုဒ္ဓါယ

॥သိဒ္ဓမ်॥

သာသနာတော်နှစ် (၂၅၁၀)နှစ်ထောင့်ငါးရာ တစ်ဆယ်ပြည့်၊ ကောဇာသက္ကရာဇ် ၁၃၂၈-ခုနှစ် သီတင်းကျွတ်လပြည့်နေ့၁၄-ကြိမ်မြောက် မင်းကွန်းတိုက်နယ်လုံးဆိုင်ရာ အဘိဓမ္မာအခါတော်နေ့ အခမ်းအနားသို့ အားရရွှင်လန်း ဝမ်းပန်းတသာ မဟာကုသလ ဉာဏသမ္ပယုတ်ဇောစိတ္တုပ္ပါဒ်ဖြင့် တညီတညွတ်တည်း စည်းဝေးရောက်ရှိကြသော အဘိဓမ္မာဘာဏက ကလျာဏဂိုဏ်းဝင် ရှင်လူအပေါင်း သူတော်ကောင်းတို့။ ။ဤယခု အဘိဓမ္မပူဇာအခါတော်ရက်မြတ်၌ ရှင်ပရိသတ် လူပရိသတ် အစုံ

အညီ သျှန္တိမင်္ဂလာ အခါတော်ကြိုက် ဆိုက်ရောက်သော အခုအချိန်ဝယ် မုနိန္ဒရာဇ် ဘုန်းလျှံသစ်သော ရှင်ချစ်မြတ်စွာ သာသနာ ထွန်းပတိုးတက်ရေး ရှေးရှုထောက်ထား၍ သမ္မောဒနီယ ဩဝါဒကထာစကား ဆရာတော် ညွှန်ကြားလိုပါသည်မှာ....

(၁) မြတ်စွာမုနိ တုမရှိ၏ ပရိယတ် ပဋိပတ် ပဋိဝေဓ တည်းဟူသော သုံးပါးသိက္ခာ သာသနာတွင် ပဌမာဒိက မူလ ရေသောက်မြစ်သဖွယ် ဖြစ်သည့် ပရိယတ္တိသာသနာ လွန်စွာပွားစီးမှ ပဋိပတ်တည်းဟူသော ပင်စည်ကိုင်းခက်တို့ တိုးတက်ဖြစ်ထွန်းကာ ပဋိဝေဓ သာသနာတည်းဟူသော မဂ်ဖိုလ် အပွင့်အသီးတို့ ခိုင်ဖြိုးအားသန်လျက် နိဗ္ဗာန်၏ သန္တိသုခ အမတအရသာကို မြိန်ယှက်စွာ သုံးဆောင်ရမည့်အရေးကို မြော်တွေးဥာဏ်ဟုန် ထက်သန်ကုန်သော ရန်ကုန်မြို့ မူလ အဘိဓမ္မာ ပြန့်ပွားရေးအသင်းကြီးမှ ဥက္ကဋ္ဌ + အမှုဆောင် များ မြောင်လှသော သူတော်စင်တို့သည် ကိုယ်တိုင်ကလည်း အဘိဓမ္မာတရားကို လိုက်စား လေ့လာကြသည့်အပြင် နှစ်စဉ်နှစ်စဉ် အဘိဓမ္မာအခါတော်နေ့ ပွဲကြီးသဘင် ဆင်ယင်ကြကုန်လျက် ရန်ကုန်မြို့နှင့်တကွ ဌာနများစွာ အမြို့မြို့အရွာရွာ၌ သမ္မာဒိဋ္ဌိ အယူကောင်းရှိကြသည့် သပ္ပုရိသ ဗုဒ္ဓဘာသာဝင် သူတော်စင်တို့အား တရား အဘိဓမ္မာ မြိုက်ရသာကို မြိန်ယှက်စွာ သုံးဆောင်နိုင်ကြရန် ဓမ္မဒါန, အမတဒါန ဝေငှသောအနေဖြင့် အဘိဓမ္မာ အခါတော်နေ့ဆိုင်ရာ စာအုပ်+စာတမ်း+စာရွက်တို့ကို အချိန်မီ ပေးပို့သဖြင့် ဤမင်းကွန်းတိုက်နယ်ရှိ အဘိဓမ္မာ ဘာဏက ကလျာဏဂိုဏ်းဝင် ရှင်လူအပေါင်း သူတော်

ကောင်းတို့သည်လည်း နှစ်စဉ်နှစ်စဉ် အဘိဓမ္မာ အခါတော်နေ့ ပွဲကြီးသဘင် ဆင်ယင်ကျင်းပ ပူဇော်ကြသဖြင့် ဓမ္မနှင့်စပ်ယှဉ်သော ချမ်းသာတရားကို စံစား သုံးဆောင်ကြရခြင်း၏ အကြောင်းရင်းကို စဉ်းစားဖွေရှာလျှင် ရတနာသုံးပါး ဆရာမိဘ ကလျာဏမိတ်များ၏ ကြီးမားသော ဥပနိဿယ ပစ္စည်းပြုချက်ကို ပြက်ပြက်ထင်ထင်တွေ့မြင်ကြရပေလိမ့်မည်။ သို့ဖြစ်သည်ကြောင့် ဤဆိုလတ္တံ့သော ကတညုတာ ဂါထာဥဒါန်းကို ရွှင်လန်းဝမ်းမြောက်စွာ သာယာကျူးရင့်သင့်လှပေသည်။

## ကတညုတာ ဥဒါန်းဂါထာ

အဟော ဗုဒ္ဓါ အဟော ဓမ္မာ၊
အဟော နော သတ္ထုသမ္ပဒါ။
ယေသံ ပဘာဝမာလဗ္ဘ၊
လဘာမ ဤဒိသံ သုခံ။

ယေသံ = အကြင်ဘုရားဇိုနော် စိန္တေယျော်တို့၏ ။ (ဂါရဝဗဟုဝုစ် ဖြစ်သည်။) ပဘာဝံ = မဂ္ဂင်ထီးဖြူ ဖွင့်လှစ်ထူ၍ နိဗ္ဗူတံခါး ပွင့်စေသားဟု တရားစည်ကြီးသောင်းတိုက်ဟည်းအောင် ရိုက်တီးနှိုးဆော် တန်ခိုးဘော်ကို။ အာလဗ္ဘ=အမှီတံကဲ သဟဲတစ်ခု အစွဲပြုရသောကြောင့် လည်းကောင်း။ ယေသံ=အကြင်မဂ်ဖိုလ်နိဗ္ဗာန် ဓမ္မကွန်ဟု ဆယ် တန် ထင်ပေါ် တရားတော်တို့၏ ။ ပဘာဝံ=ရှင်ရှင်လူလူ ကျင့်ကြံသူအား နိဗ္ဗူပိုင်မှု ကျေးဇူးပြုသည့် နုဘော်ဖြိုးဟုန် တန်ခိုးဂုဏ်ကို။ အာလဗ္ဘ=အမှီတံကဲ သဟဲတစ်ခု အစွဲပြုရသောကြောင့်လည်းကောင်း။ ယေသံ=အကြင် မိဘမိတ်ကောင်း ဆရာကောင်းတို့၏ ။

ပဘာဝံ = 'သို့မကျင့်ကောင်း + သို့ကျင့်ကောင်း' ဟု ဖြောင်းဖြပဲ့ပြင် သွန်သင်သမှု ကျေးဇူးပြုသား နှံ့ဘော် ဖြိုးဟုန် တန်ခိုးဂုဏ်ကို။ အာလမ္ဗ=အမှီတံကဲ သဟဲတစ်ခု အစွဲပြုရသောကြောင့် လည်းကောင်း။ ဤဒိသံ သုခံ= ရတနာသုံးပုံ ကျေးဇူးဂုဏ်ကို အာရုံပြုရခြင်းမှ အစ သီလ, သမာဓိ, ပညာ, သိက္ခာသုံးဝ ဖြည့်ကျင့်ရခြင်းလျှင် အကြောင်းရင်းရှိသည့် ပီတိ+ပဿဒ္ဓိနှစ်ဖြာ ယှဉ်ဖက်ပါ သော လွန်စွာအေးမြ ခမ္မချမ်းသာထူးကို။ လဘာမ= ပုဗ္ဗေကတ ပုညသတ္တိ စက်ကောင်းမိ၍ ရရှိထင်ရှား (အကျွန်ုပ်တို့) ခံစားကြရကုန်၏။

နော=အကျွန်ုပ်တို့၏။ တေ ဗုဒ္ဓါ= ထိုဘုရားဇိနော် စိန္တေယျော်တို့သည်။ အပေ့ာ = အမှန်တရား ပိုင်းခြား မြင်သိ ဉာဏ်မျက်စိကို ရရှိစေဦး ဝေဖြန့်ဖြူးသ ဖြင့် ကျေးဇူးကြီးကျယ် သြ....ဆပ်၍မကုန်နိုင်ဖွယ်တကား။တေ ဓမ္မာ=မဂ်ဖိုလ်နိဗ္ဗာန် ဓမ္မက္ခန်ဟု ဆယ်တန်ထင်ပေါ် ထို တရားတော်တို့သည်။ အပေ့ာ = အာရုံစက်ပိုင်း ဉာဏ် ကသိုဏ်းဖြင့် ကြံတိုင်းကြည်နူး သဒ္ဓါမြူးအောင် ကျေး ဇူးကြီးကျယ် သြ....ဆပ်၍ မကုန်နိုင်ဖွယ်တကား။ သာ သတ္ထုသမ္ပဒါ = မိဖမိတ်ကောင်း ဆရာကောင်း ကို ခညောင်းခိုလှုံ ထိုဆရာ၏ ပြည့်စုံခြင်းသည်။ အပေ့ာ= မနုဿတ္တ ဒုလ္လဘကို အရတော်လတ် ရကျိုးနပ်သဖြင့် ကောင်းမြတ် တင့်တယ် သြ....ဝမ်းမြောက်ဖွယ်ကြီးပါ တကား။

(၂) အဘိဓမ္မာဘာဏက ကလျာဏဂိုဏ်းဝင် ရှင်လူ အပေါင်း သူတော်ကောင်းတို့....။စာပေသင်ကြား ရွတ် ပွားလေ့လာမှုဟူသော ပရိယတ်လုပ်ငန်း၌....

၁။ မြွေဖမ်း မသိမှုသူ၏ မြွေဖမ်းပုံ ဥပမာရှိသော အလဂဒ္ဒူပမ စာသင်နည်း။

၂။ သံသရာဝဋ်မှ ကျွတ်လွတ်ခြင်း အကျိုးရသော= နိဿရဏတ္ထ စာသင်နည်း။

၃။ ရဟန္တာ အရှင်မြတ်တို့၏ ပရိယတ် ဓမ္မကျန္ဓာ ရတနာများ မဆုံးပါး မကွယ်ပျောက်အောင် စောင့်ရှောက်သောအား သင်ကြားမှု တည်းဟူ သော ဘဏ္ဍာဂါရိက စာသင်နည်း

ဟူ၍ သုံးနည်းသုံးမျိုး ရှိလေရာ မိမိတို့၏ အဓိက ပဓာနလုပ်ငန်းရပ်ဖြစ်သည့် 'နှစ်စဉ်နှစ်စဉ် အဘိဓမ္မာ တရားတော်များကို ရွတ်ပွားပူဇော်မှု' တည်း ဟူသော ပရိယတ္တိ လုပ်ငန်းသည် ဖော်ပြရာပါ စာသင်နည်း သုံး မျိုးတို့အနက် ၂-အချက်ပါ 'သံသရာဝဋ်မှ ကျွတ်လွတ် ခြင်း အကျိုး ရသော=နိဿရဏတ္ထ စာသင်နည်းဖြစ်ရှိ အောင်' သတိကြီးစွာ ထားရှိကြစေချင်ပါသည်။

သို့မှသာလျှင်....

'၁-ဝိနည်း၌ ကောင်းစွာ လိုက်နာကျင့်ကြံသူသည် သီလနှင့် ပြည့်စုံခြင်းကို အမှီပြု၍ ဝိဇ္ဇာသုံးပါးသို့ ရောက်နိုင်၏။ ၂-သုတ္တန်၌ ကောင်းစွာ လိုက်နာ ကျင့်ကြံသူသည် သမာဓိနှင့် ပြည့်စုံခြင်းကို အမှီပြု၍ အဘိညာဉ် ခြောက်ပါးသို့ ရောက်နိုင်၏။ ၃-အဘိ ဓမ္မာ၌ ကောင်းစွာ လိုက်နာကျင့်ကြံသူသည် ပညာ နှင့် ပြည့်စုံခြင်းကို အမှီပြု၍ ပဋိသမ္ဘိဒါဉာဏ် လေး ပါးသို့ ရောက်နိုင်၏'။

ဟူသော စာပေသင်ကြားမှု ပရိယတ္တိ၏ သမ္ပတ္တိသုံးပါး
အကျိုးတရားတို့အနက် ထိုက်သက်ရာ ပဋိသမ္ဘိဒါပတ္တ
အကျိုးကို ရကြမည်ဖြစ်၍ ထိုကဲ့သို့ နိဿရဏတ္ထ ပရိယတ္တိ
ဖြင့် ပဋိသမ္ဘိဒါပတ္တ အကျိုးရ ဖြစ်ရှိကြရန်–

## အာသီသဂါထာ

သုခိတာ ဘဝဧဝ္ဟာ ပဋိ-
သမ္ဘိဒါဉာဏလာဘိနော။
တာဒမှ နိဿရဏတ္ထာယ၊
သာဓဝေါ ပရိယတ္တိယာ။

သာဓဝေါ=အဘိဓမ္မာဘာဏက ကလျာဏဂိုဏ်း
ဝင် ရှင်လူအပေါင်း သူတော်ကောင်းတို့...။ တုမှေ=
သင် သူတော် ကောင်း သူမြတ် လောင်း တို့သည်။
နိဿရဏတ္ထာယ = တဏှာမာရ်ညွတ် သံသာဝဋ်မှ
ကျွတ်လွတ်ရာဘိ အကျိုးရှိသော။ ပရိယတ္တိယာ=အဘိ
ဓမ္မာ မြတ်ရွှေစာကို မကွာနှစ်စဉ် ပွဲကြီးယင်၍ ကြည်
လင်ရွှင်လန်း ရွတ်ဆိုမှုတည်းဟူသော ပရိယတ္တိ လုပ်
ငန်းဖြင့်။ ပဋိသမ္ဘိဒါဉာဏလာဘိနော = ပဋိသမ္ဘိဒါ
ပညာလေးရပ် အတွတ်တာပ်သည့် အရဟတ္တမဂ်ဉာဏ်
အရဟတ္တဖိုလ်ဉာဏ်ကို လျင်မြန်ထုတ်ချောက် ရရောက်
ကုန်ကြလျက်။ သုခိတာ=သန္တိသုခ ကိုယ်စီပိုင်ကြသည်။
ဘဝဧဝ္ဟာ=ကောန်စဝ်စစ် ဖြစ်ပါစေကုန်သတည်း'–

ဟူ၍လည်း အစီးအပွားကိုလိုလားသည့် ဟိတူပသံဟာရ
မေတ္တာသွန်း၍ ဆုညွန်းအပ်ပါသည်။

(၃) အဘိဓမ္မာဘာဏကာ ကလျာဏဂိုဏ်းဝင် ရှင်လူ အပေါင်း သူတော်ကောင်းတို့....။ ၎င်းပြင်တဖြာ သာ သနာကွယ်ပခြင်း သုံးမျိုးရှိရာဝယ် အစစွာသော ပရိ ယတ္တိ သာသနာကွယ်ပခန်း၌ ပဋ္ဌာန်းဒေသနာတော်မှ စ၍ အဘိဓမ္မာပိဋကက ရှေးဦးစွာ ကွယ်ပလိမ့်မည့် အကြောင်း အဋ္ဌကထာမိန့်မှာဖွင့်ဆိုချက် ရှိပေသည်။

အဘိဓမ္မ ဘာဏက ကလျာဏ ဂိုဏ်းဝင် ရှင်လူ အပေါင်း အသင်သူတော်ကောင်းတို့သည် ၎င်းအဘိ- ဓမ္မာပိဋကတ်ကို ပဋ္ဌာန်းဒေသနာတော်မြတ် တိုင်အောင် ရွတ်ဖတ်ကော်ရော် ပူဇော်ပွားများကြသဖြင့် သာသနာ ကွယ်ပမည့်ဘေးကို ရှေ့တန်းမှ ကာကွယ်စောင့်ရှောက် ကြသူများမည်ကြောင်း၊ ယင်းတို့ အဘိဓမ္မာ ဒေသနာ ကို အခါတော်နေ့ ကျင်းပ၍ နှစ်စဉ်ထာဝရပူဇော်ရွတ် ပွားကြသဖြင့် ဘုရားသာသနာ တည်းဟူသော ဓမ္မစက် သည် ယနေ့ထက်တိုင် အပြိုင်ရာထောင် နေ+လအဆောင် ဆောင်တို့ တွန်းပြောင်သည်တမျှ မလျော့ကျဘဲ ပပ ဘောက်ထိန်လျက် ရှိကြောင်းကို စိတ်ကောင်း ဖြူစင် ပဏ္ဍိတဂိုဏ်းဝင် ပညာရှင်မှန်သမျှတို့ အားရဝမ်းသာ စွာ အနုမောဒနာ သာဓု ကောင်းချီး ပြုကြမည် ဧကန် အမှန်ပင် ဖြစ်ချေသည်။

သို့ဖြစ်ရကား ဘုရားမြတ်စွာ သာသနာ အရှည်တည် ကြောင်း ကောင်းမွန် မြင့်မြတ်သည့် 'အဘိဓမ္မာပိဋကတ် ကို ရွတ်ဖတ်ကော်ရော် ပူဇော်ခြင်း' တည်းဟူသော သာသနူပကာရ ဓမ္မလုပ်ငန်းကို လေးခန်းသော ဝီရိယ ဟို့ဖြင့် ဆဆထမ်းပိုး ဘိုး၍တိုး၍ မင်္ဂဖိုလ်တည်းဟူသော

အကျိုးကို တွေ့သည့်ဆိုင်အောင် လွှေ့လွှေ့အားရမ်း နှစ်စဉ်နှစ်စဉ် ကြိုးပမ်းကြမည် ဟူသော အဓိဋ္ဌာန်မှုဖြင့် ဤယခု ၁၄-ကြိမ်မြောက် အဘိဓမ္မပူဇာ အခမ်းအနားကို ရဟန်းနှင့် သီလရှင် သူတော်စင် ဥပါသကာ ဥပါသိကာ ဟူသော လေးဖြာသော ပရိသတ်တို့ တညီတညွတ်တည်း စည်းဝေးကြသည့် ဤ ယခုအချိန်ဿမယဝယ် 'သီဟနာဒ' ကမ္ပည်းမှွေးသော သာသနာရေး အဓိဋ္ဌာန် ပွဲတင်သံ ဂါထာကို သာယာစွာ ကျူးရင့်၍ ဖွင့်လှစ်ကြပါကုန်စို့ အဘိဓမ္မာဘာဏက ကလျာဏဂိုဏ်းဝင် ရှင့်လူအပေါင်း သူတော်ကောင်းတို့....။

## သီဟနာဒ=သာသနာရေး အဓိဋ္ဌာန်

## ပွဲတင်သံဂါထာ

ဝါစယံ ဘာသယံ ဒါနိ၊
အာမောဒံ သုဂတေရိတံ။
သုတာ မယံ ပဝတ္တေမ၊
စက္ကံဝ စက္ကဝတ္တိနော။

စက္ကဝတ္တိနော = အကန့်တစ်ထောင် အရောင်ရိုးရက် ပြိုးပြိုးပြက်သား စကြာသခင် ဘုရားမင်းမြတ်၏။ သုတာ=သားကြီးဥပရာ နန်းညွှန့်လျာသည်။ ဝါစယံ= 'ဝတ္တတု ဘဝံ စက္ကရဘနံ' အမိန့်ပေးအောင်သံကို နဘံသိမ့် ဟည်း ခြိမ့်ခြိမ့်သည်းမျှ ခမည်းတော်ကိုယ်စား မြွက်ဆို ကြားလျက် လည်းကောင်း။ ဘာသယံ=ရပ်လေးမျက်နှာ တစ်ယူဇနာအတွင်း အမှောင်ရှင်းအောင် ထွန်းလင်း တောက်ပစေလျက် လည်းကောင်း။ အာမောဒံ= 'အဖ

ကောင်းသား ငါတကား'ဟု ကြုံးဝါးသည့်သွင် မျက်နှာ
ပြင်ကို မြင်မြင်သူ ဘဝဝ်နူးလောက်အောင် ရွှင်မြူးဝမ်း
မြောက်လျက် လည်းကောင်း။ စက္ကုံ = မြေပုံတောင်း
(၂ပဒေါင်း) ချက် ပ-မောင်းလက်၍ ပြိုးမြှက်လျှံထူး
အရှိန်မြူးသား တိမ်ဦးကွန့်စံ စက်ယာဉ်ပျံကို။ ပဝတ္တေသိ
ဣဝ=ဘုန်းရည် ရုံးရည် နှလုံးရည်ဖြင့် ပြုံးကြည်အေးမြ
ဘေးမခဘဲ လေးဝကျွန်းမြေ ကွန့်လည်စေသကဲ့သို့။ စက္က
ဝတ္တိနော=တရားစကြာ ရတနာသခင် ဘုရင်မင်းတရား
တို့ဘုရား၏။ သုတာ = သားဥပရာ နန်းညွန့်လျာနှင့်
ပမာထားတင် တရားရင်မှ ဖွားမြင်သူစင်စစ် ဧကန် ဖြစ်
ကြကုန်သော။ မယံ = တဏှာမာရ်ညွှတ် သံသာဝဋ်မှ
ကျွတ်ဆုရည်ချွေ တို့တတွေသည်။ ဒါနိ ဣဒါနိ = သာ
သနာစက် ခါတဝက်ကို ကျော်တက်ရောက်လာ ယခု
အခါ၌။ ဝါစယံ=ကိုယ်တတ်သမျှ မခိုမကပ်ကြဘဲ ပို့ချ
ဟောကြားကြကုန်လျက် လည်းကောင်း။ ဘာသရာ=နေ့
နှင့်ညဉ့်တာ မလင့်ပါအောင် အခါမလပ် ရွတ်ဖတ် ပွား
များကြကုန်လျက် လည်းကောင်း။ အာမေဍိ = 'ဆရာ
ကောင်းတပည့် အမိကောင်း သမီးသား တို့လူများ'ဟု
စိတ်ထားသန့်စင် မျက်နှာပြင်ကို မြင်မြင်သူ ဘဝင်လွှမ်း
အောင် ရွှင်လန်း၊ ဝမ်းမြောက်ကြကုန် လျက် လည်း
ကောင်း။ သုဂတေရိတံ=ရှင်စေဒဗျာနှုတ် ကြာကုမုဒ်မှ
အာလုပ်ရင့်ရှု ဟောဖွင့်တော်မူအပ်သော။ စက္ကံ=လေး
သောင်းနှစ်ထောင် အရောင်ဖြန့်ကြက် ကန့်ကန့်ယုက်
သား ဓမ္မက္ခန္ဓာ စကြာတော်မြတ် အဘိဓမ္မာပိဋကတ်ကို။
ပဝတ္တေမ=နှုတ်ရဆောင်ထွေ ကွန့်လည်စေကြပါကုန်စို့။
(၂၀၁) ပဝတ္တေမ = 'သာသနာစက် ကျန် တဝက်လျှင်

နောက်ဆက်ခွန့်ရှည် ကြံ့ကြံ့တည်’ ဟု ကြံ့ရည်ဖန်ရည် ဉာဏ်ဂမ္ဘီဖြင့် လျှံခြည်ဝေမို့ နေနှယ်ပျို့အောင်–

( အမျှားဆိုရန် )

တို့သာသနာ၊ တို့ဘာသာ ညီညာငါတို့ ပြုကုန်စို့။
တို့သာသနာ၊ တို့ဘာသာ၊ညီညာငါတို့ပြုကုန်စို့။
တို့သာသနာ၊ တို့ဘာသာ၊ညီညာငါတို့ပြုကုန်စို့။

ဦးဝိစိတ္တသာရာဘိဝံသ
တိပိဋကကျောင်းတော်

၁၃၂၈ -ခု၊ သီတင်းကျွတ်လပြည့်
အဘိဓမ္မာ အခါတော်နေ့။

## ၂၂-ကြိမ်မြောက် အဘိဓမ္မာအခါတော်နေ့ အခမ်းအနားဖွင့်

ဗုဒ္ဓ+ဓမ္မပူဇာ ဂါထာ ပါဠိ+အနက်

ကာလော ဃသာ ဓမ္မပူဇာယ၊
သန္နိသိန္နာ ဟိ သာဓဝေါ။
ဝိဇ္ဇုလ္လတာ နိစ္ဆာရေတွာ၊
ဝိဝဋ္ဋော ဓမ္မ+မုဃသဝေါ။

ဘော=အဘိဓမ္မာအသင်းဝင် သူတော်စင်အပေါင်း အို-သူမြတ်လောင်းတို့။ ဓမ္မပူဇာယ=အဘိဓမ္မာ မြိုက်ရွှေစာကို နှုတ်လျှာရှန်းအိန့် ခွန်းလှစ်ငြိမ့်၍ နှစ်သိမ့်ကော်ရော် ပူဇော်ကြခြင်းငှာ။ ကာလော=သုနက္ခတ္တ ပုည ဥဒယာ မင်္ဂလာထိန်လျှပ် အခါကောင်းကြိမ်လတ်ပြီ။ ဟိ= ထိုသည့်စကား ဆိုသင့်ငြားစွာ။ သာဓဝေါ=အဘိဓမ္မာ မြိုက်ရွှေစာကို သဒ္ဓါသန့်သန့် ရွတ်ဆိုအံ့ဟု မြော်ငံ့နေတောင်း သူတော်ကောင်းတို့သည်။ သန္နိသိန္နာ=မေးရန်+ဖြေရန်+ကျူးရင့်ရန်နှင့် ရွတ်အနှုတ်နက် ကိုယ့်တာဝန် ကိုယ်စီထမ်းရွက်ဖို့ လက်အုပ်ချီကာ ညီတညာဖြင့် နေရာသီးသီး ရယူ၍ပြီးကြပြီ။

[illegible] [illegible]

တသ္မိံ=ထိုပရိယတ္တိသဒ္ဓမ္မ နာမဝေါဟာ စက်သာသနာ သည်။ ဝုဍ္ဎေ=ပို့ချသင်အံ့ ဟောပြညွှန်နှင့် ဖန်ဖန်လေ့ ကျက် ပွားတက် စည်ပင်လတ်သည်ရှိသော်။ ဣတရေ ဒုဝေ သဒ္ဓမ္မာ=ဤမှတခြား ပဋိပတ်နှင့် ပဋိဝေဓ သာ သနာ နှစ်ပါးတို့သည်။ ဝဍ္ဎန္တိ=ကန်ဘောင်ခိုင်မတ် ရေ တည်လတ်၍ ငါးရပ်ပဒုံ ဖူး+ပွင့်ပုံသို့ အဟုန်မားမား ထိုနည်းလားလျှင် ကြီးပွားစည်ပင် နိုင်ကြပေကုန်၏။

(၂) ပုရာတနာပိ တေနေဝ၊
ဘဝိရာ ဒီဃဒဿိနော။
ပရိယတ္တိံ ပဂ္ဂဏှိံသု၊
ဇိနစက္က ဓဇူပမာ။

တေနေဝ=ထိုသို့ပရိယတ်ကြီးပွားမှ ပဋိပတ်နှင့် ပဋိ ဝေဓနှစ်ပါး ကြီးပွားနိုင်သောကြောင့်ပင်လျှင်။ ဒီဃ ဒဿိနော=သာသနာတော် စည်ပင်ရေး အရှည် မျှော် တွေးမိကြကုန်သော။ ဇိနစက္ကဓဇူပမာ = ဘုရားမြတ်စွာ သာသနာ၌ ပညာရောင်လျှံ လောင်စဟန်မျှ အောင်လံ တံခွန်သဖွယ် ဖြစ်တော်မူကြကုန်သော။ ပုရာတနာ ဘဝိ ရာပိ=နှစ်ထောင့်ငါးရာ ရှည်ကြာနှစ်ဝေး ရှေးရဟန္တာ မထေရ်ကျော်တို့သည်လည်း။ ပရိယတ္တိံ = ပကိဏ္ဏက ဒေသနာ အဋ္ဌကထာနှင့်တကွ ပါဠိစနတွင်ခေါ် ပါဠိ တော် တည်း ဟူ သော ပရိယတ္တိ သာသနာတော်ကို။ ပဂ္ဂဏှိံသု=ကိုယ်တော်တို့မှာ သာသနာကိစ္စ ပြည့်စုံပြီး ဖြစ်ကြလျက် ကာလနောက်လာ သုံးစိမ့်ငှာဟု ဘဏ္ဍာ ဂါရိက ပရိယတ်နည်းအရဖြင့် ပို့ချ+သင်ကြား မြှောက် စားချီးပင့်တော်မူခဲ့ကြလေပြီ။

(၃) တုမှေပိ ဘဒန္တာ (သာခဝေါ) တေသံ၊
ဥဇုမဂ္ဂါနုသာရိနော။
သာသနံ အနုပါလိတ္တာ၊
ဇိနစက္ကာဘိဝုဒ္ဓိယာ။

ဘဒန္တာ=အဘိဓမ္မာစာတော်အောင်မြင် အိုအရှင်တို့။ သာခဝေါ=အဘိဓမ္မာ အသင်းဝင် သူတော်စင်တို့နှင့် တကွ အဘိဓမ္မာစာတော်ပွဲဝယ် ထူးကဲသော ဉာဏ်ပညာဖြင့် ဇေယျာဆင့်ဆင့် အောင်ပန်းကို ပွင့်စေကြသည့် အဘိဓမ္မ နေလုလင် စာပွဲအောင်သူတော်စင်တို့။ တုမှေပိ =အဘိဓမ္မာအသင်းဝင် စာမေးပွဲအောင် အသင်သူတော် စင်တို့သည်လည်း။ တေသံ=ထိုရှေးက ဖြစ်ပေါ် အရှင် ဥပါလိ အရှင်ဒါသက အစရှိသော ဝိနယာသဝ ဘုန်းမော် ရဟန္တာမထေရ်ကျော်တို့၏။ ဥဇုမဂ္ဂါနုသာရိနော =နိဗ္ဗူရောက်ကြောင်း သာသနာပြုပုံ လမ်းဟောင်းသို့ မစောင်းမထောင့် ဖြောင့်ဖြောင့်မကွာ လိုက်ပါလိုကြ ကုန်သည်ဖြစ်၍။ ဇိနစက္ကာဘိဝုဒ္ဓိယာ=ဘုရားမြွတ်စွာ သာသနာသုံးပါး ကြီးပွားစိမ့်သောငှာ။ သာသနံ=အခြေခံ မူလ ပဓာနမှန်စွာ အဘိဓမ္မာ ပရိယတ္တိသာသနာကို။ အနုပါလိတ္တာ = စောင့်ရှောက်ချီးပင့်ကြလေပြီ။ (ဝါ) အနုပါလိတ္တာ=အဘိဓမ္မာ ခါတော်နေ့မြတ် ပိုင်းသတ်မှတ်၍ မပြတ်နှစ်စဉ် ဤရက်တွင်၌ မြန်ခွင်နိုင်စပ် အရင်ရပ်ငယ် ပြဘိဓမ္မာ ဒေသနာဟု ရွှေစာတော်မိုး ရှစ်နယ် ကျိုးအောင် စွေဖြိုးရုံမျှ အားမရဘဲ ဓမ္မထူးကဲ စာတော်ပွဲကို ချီးဝံ့ကျင်းပ အောင်မြင်ကြသည့် သာသနဝုဋ္ဌိရဲ ပုဂ္ဂိုလ် +ဂ္ဂိုလ်အား ထိုထိုဒေယျ ဒါတဗ္ဗနှင့် ဇေယျဘွဲ့ပုံဆက်

ကပ်တုံ၍ ဘုံဘဝဂ်ရောက် ဖြုပ်မှာတိုင်း လက်ပမ်းပေါက် လောက်အောင် စောင့်ရှောက်ချီးမြှင့်ကြလေပြီ။

(၄၈) တေနေဝ ဝေါ သမညိ°သု၊
ဇိနစက္ကသိရိန္ဒရာ။
ထေရာ ‘ဓေတေ မုနိန္ဒဿ၊
သုတာ ဝေ ဝံသပါလကာ’။

တေနေဝ=ထိုသို့ ပစ္စယ+ဓမ္မ နှစ်ဌာနတို့ဖြင့် လှုလှုကြီး စောင့်ရှောက် သာသနာကို ချီးမြှောက်ကြသောကြောင့်ပင်။ ဝေါ=စာအောင်ဘွဲ့ယူ ရှင်ရောလူနှင့် ပူဇော်ဒါန ပြုလုပ်ကြသည့် အဘိဓမ္မာအသင်းဝင် အသင် သူတော်စင်တို့ကို။ ဇိနစက္ကသိရိန္ဒရာ=ဘုရားမြတ်စွာ သာသနာစက် ပပသက်အောင် ထမ်းရွက်ပြောင်ပြောင် ကျက်သရေဆောင် ဖြစ်တော်မူကြကုန်သော။ ထေရာ=ယခု မျက်မှောက် ရောက်+မရောက်ဟု မြားမြောက်ပုံယင် သာသနာ့ထိပ်ခေါင်တင် ထေရ်အရှင်တို့က။ ‘ဓေတေ=ဤ စာအောင်ဘွဲ့ယူ ရှင်နှင့်လူက ပူဇော်ဒါန ချီးပင့်ကြသည့် အဘိဓမ္မာအသင်းဝင် သူတော်စင်တို့သည်။ မုနိန္ဒဿ= မုနိဘာဘာတို့ထွတ်သား တို့ဘုရား၏။ ဝေ=စင်စစ်ကေန် အမှန်ပင်။ ဝံသပါလကာ=နွယ်တော်စဉ်လျှောက် ဆက် မပျောက်အောင် စောင့်ရှောက် ထိန်းသိမ်းကြပေမည့်။ သုတာ=အနုဇာတ ပုတ္တခေါ်ကြွား သားတော်+သမီးတော်တို့ပါတကား’ဟူ၍။ သမညိ°သု=နှစ်လိုအားရမ်း နှုတ်ဥဒါန်းဖြင့် လက်ပမ်းပေါက်ခတ် လုမတတ်လျှင် သောမနဿရွှင်ရွှင် မှတ်တမ်းတော် တင်ကြလေကုန်ပြီ။

(၇) တုမှ္ဒိသေ ဟိ စက္ကမ္ဟိ၊
ပရိယတ္တိဓုရန္ဓရေ။
ထောမေသုံ+ဌကထာစရော၊
'ပဝေဏိပါလကာ' ဣတိ။

ဟိ=မထေရ်မြတ်တို့ မှတ်တမ်းတင်ခြင်း အကြောင်းရင်းကား။ စက္ကမ္ဟိ=ဘုရားမြတ်စွာ သာသနာသုံးရပ် စက်တော်မြတ်၌။ တုမှာဒိသေ=သင်တို့ပမာ သာသနာဝယ် သဒ္ဓါလျှမ်းတက် ဝီရိယသွက်သွက် ပညာဉာဏ်လည်း ထက်မြက်ကြကုန်သော။ ပရိယတ္တိဓုရန္ဓရေ=ကိုယ်တိုင်လည်း သင်ပေ သူ့ကိုလည်း သင်စေသည့် နှစ်ထွေဟိတ ဥဘယကျိုးရှိအောင် ပရိယတ်ဝန်ဆောင်သူတို့ကို။ အဋ္ဌကထာ စရော 'ဣတိ = သာသနာ့စဉ်ဆက် နွယ်မပျက်အောင် သက်မျှရည်စူး ထိန်းစောင့်သူတို့' ဟူ၍။ ထောမေသုံ=ထောမနာဝေ္ဒနန်း ဗျာဍ္ဍခွန်းဖြင့် ချီးမွမ်းတော်မူကြလေကုန်ပြီ။ (တသ္မာ=ထို့ကြောင့်။ သမည်ိ သုံ= သာသန သိရိန္ဒို၏ ထေရ်ထိုထိုတို့က ဆိုအပ်ခဲ့တိုင်း မလှိုင်းမပို မှန်ရာဆို၍ နှစ်လိုအားရမ်း နှုတ်ဥဒါန်းဖြင့် လက်ပမ်းပေါက်ခတ် လုမတတ်လျှင် သောမနဿရွှင်ရွှင် မှတ်တမ်းတော်တင်ကြလေကုန်ပြီ)။

(၆) ကေံ တု ဝေါ သတိံ ဒေမိ၊
တံ သုဏာထ သုသုဗ္ဗစာ။
တုမှံ ပရိယတ္တိ ဟောတု၊
နိတ္ထရဏတ္ထာဘာဂိနီ။

သုသုဗ္ဗစာ = သောဝစဿတာ မင်္ဂလာနှင့် လွန်စွာ လျောက်လို့ ပြည့်စုံဘိတောင်း အိုသူတော်ကောင်းတို့။

ဝေါ=စာအောင်ဘွဲ့ယူ ရှင်ရှင်လူနှင့် ပူဇာကာရက အဘိ ဓမ္မာကို ရွတ်ဆိုကြမည့် များလှသိတောင်း သင်သူတော် ကောင်းတို့အား။ ဇကော် တု သတိ ဒေမိ = မေတ္တာရှေ့ ပြေး၊ တစ်ခုတော့ သတိပေးပါရစေ။ တံ=ထိုသတိလေး နက် ပေးအပ်ချက်ကို။ သုဏာထ=သဒ္ဓါသက်ဝင် နာယူ ကြစေချင်ပါ၏။ ဝေါ = အဘိဓမ္မာ စာအောင်ပန်း ဆွတ် စာတော်ရွတ်မည့် မြတ်ထွတ်လှစွာ သဒ္ဓါကိန်း အောင်း သင်သူတော်ကောင်းတို့၏ ။ ပရိယတ္တိ=ဗေဒ္ယျာ သဘင် ခမ်းနားပြင်လျက် ဆင်ယင်ပွဲကျင်း ဤ ယခု စာအောင်ခြင်း+စာရွတ်ခြင်းသည်။နိတ္ထရဏတ္ထာဘာဂိနီ= တဏှာမာန်ညွတ် သံသာဝဋ်မှ ကျွတ်လွတ်ခြင်းအကျိုး ဝေစုရသည့် နိတ္ထရဏတ္ထမည်လျှင်း စာအောင်ခြင်း+စာ ရွတ်ခြင်းသည်။ ဟောတု=မုချမှန်စွာ ဖြစ်စေချင်ပါ၏။

(၇) ကုလ္လူပမော ဟိ သောတာရော၊
ဓမ္မော ဗုဒ္ဓေန ဒေသိတော။
နိကာမယ မဇ္ဈိမေ သဗ္ဗ-
သတ္တာနံ ဟိတကာမိနာ။

သောတာရော=တရားမြိုက်စည် နာခံမည်ဟု စုံညီ စုပေါင်း အိုသူတော်ကောင်းတို့...။ ဟိ=မေတ္တာရည် လောင်း ထိုကဲ့သို့ သတိပေးရခြင်း အကြောင်းကား။ သဗ္ဗသတ္တာနံ = လူရောနတ်ပါ ပြဟ္မာမကြွင်း သတ္တဝါ ခပင်းတို့၏ ။ ဟိတကာမိနာ=အကျိုးရကြောင်း စီးပွား ကောင်းကို ရွယ်ချောင်းစိတ်ထား လိုလားတော်မူလေ့ရှိ သော။ ဗုဒ္ဓေန=သဗ္ဗညုဗုဒ္ဓ အမည်ရသည့် သုံးလောက ထွတ်သားမြတ်စွာဘုရားသည်။မဇ္ဈိမေနိကာယေ=ကောဉ်း

မကျယ် အလယ်အလတ် သုတ္တန်တို့ကို ပေါင်းစုအပ်သည့် ကျမ်းမြတ် မဇ္ဈိမ နိကာယ၌။ ဓမ္မော=ကိုယ်တော်ဟောပြ မြတ်ဓမ္မကို၊ကုလ္လူပမော=မဟာဏ္ဏဝါသံသရာကိုလွှယ်ကာ ကူးပြောင်း လှေ + ဖောင် ကောင်းလျှင် မစောင်းတူစွာ ဥပမာရှိသည်ဟူ၍။ ဒေသိတော=‘ကုလ္လူပမံ ဝေါ ဘိက္ခဝေ ဓမ္မံ ဒေသေဿာမိ’ အစရှိသည်ဖြင့် အတိအလင်း ရှင်းပြမိန့်ဖော် ဟောကြားတော်မူအပ်ခဲ့လေပြီ။ (တသ္မာ =ထို့ကြောင့်။ သတိ ဒေမိ=မေတ္တာစရှေ့ထား ဆိုခဲ့သည့် ဂါထာစကားဖြင့် ဘုရားရှင့် အလိုတော်ကျ နိတ္ထရဏ ပရိယတ်ဖြစ်ရေး အသိမနှေးအောင် သတိပေးနှိုးဆော် ခဲ့ပါသတည်း)။

(၈) တသ္မာ ဟိ ဓမ္မကုလ္လေန၊
တရဝှာ ဝေါ ဘဝဏ္ဏဝံ။
မဟဗ္ဘယ+မနာယာသာ၊
သော အသ္မာက+ပတ္ထနာတိ။

တသ္မာ ဟိ တသ္မာ ဝေ = ထိုသို့ ကုလ္လူပမ ဓမ္မော ဇကို ဗုဒ္ဓရှင်စော ဟောခဲ့သောကြောင့်ပင်လျှင်။ ဝေါ= အဘိဓမ္မာ စာအောင်ဘွဲ့ယူ စာရွတ်သူဟု နှစ်ဆူအပြား အသင်သူခတော်စင်အများတို့သည်။ မဟဗ္ဘယံ = ဇာတိ+ ဇရာ+ဗျာဓိ+မရဏ စသည်များကြွယ် ကြောက်ဖွယ်ဘနန်း ဘေးအဘိပြွမ်း၍နေသော။ ဘဝဏ္ဏဝံ=ဘဝသုံးခန်း ရေ ပြင်ကြမ်းကို။ ဓမ္မကုလ္လေန = ယခုသင်ဆောင် အဘိဓမ္မာ တရားတည်းဟူသော လှေ+ဖောင်ဖြင့်။ အနာယာသာ= သုခ ၂င္ဒိပဒါ ခိပ္ပာဘိညာ ကိုယ်စိတ်၍ မြူမျှမပန်း မနွမ်း နယ်ကြကုန်မဲ။ တရဝှာ = နိဗ္ဗူထုတ်ချောက် မှာကမ်း

ရောက်အောင် ရှုးမြောက် နိုင်ကြပါစေ ကုန် သ·တည်း။
သော = ဤ သည့် ကား။ အသမ္မာကံ = ဩဝါဒါစရိယ
တိပိဋကဓိုရ်ဇောရ်ပုဂ္ဂိုလ်ဃမုတ် အကျွန်ုပ်တို့၏။ ပတ္တနာ=
ကျိုးမဲ့ပယ်ရှား+ကျိုးလိုလားဟု နှစ်ပါးမေတ္တာ အဒေါ်သ
ရေသိမ်တာဖြင့် သဒ္ဓါကိန်း အောင်း ပတ္တနာ အောင် ဆု
တောင်းပါတည်း။

ကူတိ=ဤကား အဘိဓမ္မာ အခါတော်နေ့ အခမ်းအနား
ဖွင့်နှင့် အဘိဓမ္မာစာအောင်ပွဲ ဆုနှင်းသဘင်

မော်ကွန်းတင် ဂါထာတို့ပေတည်း။

❀

၁၃၃၅-ခုနှစ်၊ အဘိဓမ္မာပြန့်ပွားရေးအသင်းကြီး၏
ငွေရတုသဘင် ယမိုက်စာတော်သင် ပညာရှင်တို့အတွက်

**လက်ဆောင်ပါးအပ်သော**

# ယမက လက်ဆောင်စာ

ဩဝါဒါစရိယ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက

**အရှင် ဝိစိတ္တသာရာဘိဝံသ**

**ရေးသားချီးမြှင့်တော်မူသည့်**
**နိဒါန်း အကြောင်းပြ စကား**

**နမော တဿ ဘဂဝတော အရဟတော**
သမ္မာသမ္ဗုဒ္ဓဿ

အို....ယမိုက်စာတော်သင် ပညာရှင်တို့။ ယမက လက်ဆောင်စာ အသားကို မဖော်ပြမီ ယမကကျမ်းနှင့်စပ်၍ မိမိငယ်စဉ်က တွေ့ကြုံခံစားခဲ့ရသည်ကို အကျဉ်းချုပ် ဖော်ပြလိုသည်မှာ မိမိအနေဖြင့် အသက် ၁၆-နှစ်အရွယ် အစိုးရစာမေးပွဲ ပထမလတ်တန်းကို စတင် ဝင်ရမည့် အချိန်ကစ၍ ယမိုက် အရကောက်ကို ညဝါအဖြစ် ဆိုခဲ့ရပါသည်။ ထိုသို့ဆိုခဲ့ရာ၌ အစဆုံးဖြစ်သော မူလယမိုက် ကို ဆိုရာဝယ်....

တာ ၅ စာ လာ တိ-နိ ❀ ၆၁၇

ယမက ဆယ်ကျမ်းတို့အနက် မူလယမကကျမ်း၊ စိတ္တယမကကျမ်း၊ ဓမ္မယမကကျမ်း- ဤ သုံးကျမ်းတို့သည် တိုက်ကုန်ဒိုက်ကုန် ဖောရမည့် ကျမ်းများ ဖြစ်ကြပါကုန်၏။ သို့စေကာမူ ဆရာဥပဇ္ဈာယ်တို့က အခြေပါဒ သင်ဦးစဖြစ်၍ ကပည့်၏ဉာဏ် ငုံနိုင်လောက်ရုံ ချင့်ချိန်တော်မူကြပြီးလျှင် 'ကုသလတိုက် မူလယမိုက်ကျမ်း' ကိုသာ အားစိုက်၍ သင်ပြတော်မူကြပါသည်။ ကျန်သော တိုက်+ဒိုက်တို့အတွက်ကိုမူ အကောက်ကျမ်း၌ ဖော်ပြသမျှကိုသာ (ကြည့်စာအနေဖြင့်) ကြည့်ရှုစေတော် မူကြပါသည်။ ဤနည်းဖြင့် အစိုးရစာမေးပွဲ ပထမလတ်တန်း၊ ပထမကြီးတန်းတို့ကို အောင်မြင်ခဲ့ရပါသည်။

မိမိအနေဖြင့် ပထမကျော်အတွက် 'ထိုခေတ်က နည်းအတိုင်း' ပထမကြီးတန်း ပြဋ္ဌာန်းသည့် ဘာသာရပ်တို့ကို ထပ်၍ လေ့လာရသောအခါ ပုစ္ဆာတိုင်း၊ ပုစ္ဆာတိုင်း၌ အမှတ်ပြည့် အောင်မြင်မှ ပထမကျော် အောင်နိုင်မည် ဖြစ်၍ ဤ ယမကဘာသာတွင်လည်း အစဆုံးဖြစ်သည့် မူလယမကကျမ်းအတွက် တိုက်ကုန်+ဒိုက်ကုန် ဖောနိုင်မြင်နိုင်အောင် နည်းလမ်းရှာဖို့ အရေးကြီးလာပါတော့သည်။

သို့ရကား ထိုနည်းလမ်းကို ရှာသောအခါ 'ထိုအချိန်၌ ပဋ္ဌာန်းတိုင်အောင်၊ ညဝါဆိုရိုးကို နှစ်ခေါက် ပေါက်ပြီးပြီဖြစ်၍' ညဝါပဋ္ဌာန်း အကောက် အသိဉာဏ်မှ ကျေးဇူးပြုကာ ပြဆိုလတ္တံ့သော ယမက လက်ဆောင်စာသားပါ အတွေးအခေါ် အသိဉာဏ်များ တစ်ဆင့်ပေါ်ပေါက်လာပါတော့သည်။

ထိုအသိဉာဏ်တို့ကို မိမိတွေးခေါ် သိမီသမျှ ပညာ ဒါန ပြုရန်အချိန်ကို ငံ့မျှော်နေရာ ဤ ရန်ကုန်မြို့ အဘိ ဓမ္မာ ပြန့်ပွားရေးအသင်းကြီး၏ ၂၅-နှစ်ပြည့် ငွေရတု သဘင်နှင့် အဆင်သင့်ကြိုက်ကြုံရပါသဖြင့် အသင်းကြီး ၏ ဥက္ကဋ္ဌကြီး ဦးကျော်အား အသင်းကြီး၏ ငွေရတု သဘင်စာစောင်၌ ဤ ယမက လက်ဆောင်စာကို လက် ဆောင် ပါးသင့်-မပါးသင့် တိုင် ပင် ပြောကြား ၍ ဘောင်းခံကြည့်သောအခါ ဥက္ကဋ္ဌကြီး ဦးကျော်ကလည်း နှစ်သက်အားရစွာ ကြောင်းကျိုးဖော်ပြ၍ လက်ခံသဖြင့် ဤ ယမကလက်ဆောင်စာကို ယမိုက်စာတော်သင် ပညာ ရှင်တို့ မျက်မှောက်သို့ ပို့ရောက် လက်ဆောင် ပါးလိုက် ပါသတည်း။

အို ယမိုက်အဘိဓမ္မာ စာတော်သင်ပညာရှင်တို့....။ဤ မူလယမိုက်ကျမ်း၌ တိက်ပုဒ်+ဒုက်ပုဒ် တစ်ခုစီအတွက်

(၁) မူလနယ
(၂) မူလကနယ
(၃) မူလ မူလနယ
(၄) မူလမူလကနယ

ဟူ၍ နယ လေးပါးစီ ရှိရာဝယ်....

(၁) မူလနယ တစ်ခုကို ကျေလည် နားလည်လျှင် ကျန်သော သုံးနယတို့ကိုလည်း သိပြီးဖြစ်ကြောင်း ယမိုက် စာတော်သင် ပညာရှင်တို့ အကဲခတ်ပြီး သိပြီးဖြစ်ပါ သည်။

ထို့ကြောင့် မူလနယ လာ
(၁) မူလယမက
(၂) ကေမူလယမက

## (၃) အညမည် မူလယမက

ဤ ယမကသုံးပါးတို့ကို ကျေကျေနပ်နပ် ဟောနိုင်မည့်နည်းကို မိမိဉာဏ်မီသမျှ ဖော်ပြပါမည်။

အဘိဓမ္မာပဋ္ဌာန်းကျမ်းကြီး ၂၄-ပစ္စည်းတို့ကို ကျေကျေနပ်နပ် ဟောနိုင်ရန်အတွက် ၂၄-ပစ္စည်းဆိုင်ရာ သုံးချက်စုကို ကျေကျေညက်ညက် ရှေးဦးစွာ အရကျက်ရပါသည်။ ဤမူလယမိုက်ကျမ်းအတွက်ကား ၂၄-ပစ္စည်းလုံးတို့၏ ဆိုင်ရာ သုံးချက်စု ၂၄-မျိုးတို့ကို အရကျက်ရန် မဟုတ်ပါ။ ဟေတုပစ္စည်း၏ သုံးချက်စု စာသားကိုသာလျှင် အနည်းငယ် မှတ်ချက်ထည့်၍ နှုတ်တက် အရကျက်ရန် ဖြစ်ပါသည်။ ထိုသို့ နှုတ်တက် အရ ကျက်ရန်ကား....

(က) ပရမတ္ထတရား လေးပါး တို့တွင် လောဘ, ဒေါသ, မောဟ, အလောဘ, အဒေါသ, အမောဟ- ဤဟိတ် ၆-ပါးတို့သည် ဟေတုပစ္စည်း တပ်သော တရားတို့ မည်ကုန်၏။ ဤ မူလယမိုက်ကျမ်း၌ မူလမည်သော တရားတို့ မည်ကုန်၏။ (ဤ မူလတရား ၆-ပါးတို့၌ မောဟမူဒွေး၌ ယှဉ်သော မောဟလည်း ပါဝင်နေသည်ကို သတိပြုရာ၏။)

(ခ) သဟိတ်စိတ် ၇၁-ပါး၊ ထိုသဟိတ်စိတ်တို့၌ ယှဉ်သော 'မောဟမူဒွေး၌ မောဟကြဉ်သော' စေတသိက် ၅၂-ပါး၊ သဟိတ် စိတ္တဇရုပ်၊ သဟိတ်ပဋိသန္ဓေကမ္မဇရုပ်- ဤတရားတို့သည် ဟေတုပစ္စည်း၏ ပစ္စယုပ္ပန်ဖြစ်သော တရားတို့ မည်ကုန်၏။ ဤ မူလယမိုက်ကျမ်း၌ ဧကမူလမည်သော တရားတို့ မည်ကုန်၏။

(ဂ) 'မောဟမူဒွေး၌ မောဟ ကြဉ်သော' ဟိတ် ၆-ပါး တရားတို့သည် ဟေတုပစ္စည်းလည်း ဖြစ်၊ ပစ္စ-ယုပ္ပန်လည်း ဖြစ်သော တရားတို့ မည်ကုန်၏။ ဤ မူလယမိုက်ကျမ်း၌ အညမည မူလမည်သော တရားတို့မည်ကုန်၏။

(ဃ) အဟိတ်စိတ် ၁၈၊ 'ဆန္ဒကြဉ်သော' အညသမာန်း စေတသိက် ၁၂၊ မောဟမူဒွေး၌ မောဟ၊ အဟိတ်စိတ္တဇရုပ်၊ အဟိတ်ပဋိသန္ဓေကမ္မဇရုပ်၊ ဗာဟိရရုပ်၊ အာဟာရဇရုပ်၊ ဥတုဇရုပ်၊ အသညသတ်ကမ္မဇရုပ်၊ ပဝတ္တိကမ္မဇရုပ်- ဤတရားတို့သည် ဟေတုပစ္စနိက် ဖြစ်သော တရားတို့ မည်ကုန်၏။ ဤ မူလယမိုက်ကျမ်း၌ ထိုတရားတို့နှင့်တကွ နိဗ္ဗာန်သည် ကေမူလ မည်သော တရားတို့ မည်ကုန်၏။

ယမိုက် အဘိဓမ္မာစာတော်သင် အို....ပညာရှင် အသင်သည်

(၁) အထက်ပါစာပိုဒ် ၄-ရပ်ကိုလည်း ကျေလည်စွာ ရထားပါစေ၊

(၂) အောက် မာတိကာ တိက်ပုဒ်၊ ဒုက်ပုဒ် အရကောက် တရားတို့ကိုလည်း မြင်နေအောင် ကြိုးစားထားပါလေ။

(၃) ထိုသို့ ရထားပြီး ကြိုးစားပြီးသောအခါမှ ဤကြိုးစားလတ္တံ့သော စကားရပ်တို့ကို နှစ်နှစ်နော စဉ်းစားဆင်ခြင် လေ့လာပါလေ။

ရှင်းတို့မှာ....

အနုလောမ ပစ္စနီလောမ စသည် အစုံအစုံ ဟောအပ်သောကြောင့် ယမကကျမ်း မည်၏-ဟူရာ၌ ဤယမိုက်ကျမ်း၏ အထူးအားဖြင့် မူလယမိုက်ကျမ်း၌ အောက်မာတိကာ သဘော နှင့် အထက်ဆုံး ပဋ္ဌာန်းပစ္စည်းမစ္စယုပ္ပန်သဘောတို့ပါ အစုံအစုံ ဟောအပ်သည်ကို ဤဆိုလတ္တံ့သော သုံးသပ်ဆင်ခြင်ဖွယ် အချက်တို့ကို ထောက်၍လည်း သိနိုင်၏။ သုံးသပ်ဆင်ခြင်ရန်မှာ—

ဥပမာ— ကုသလပဒ မူလယမက ၌ ဆိုကြပါစို့၊ ယေကေစိ ကုသလာဓမ္မာ အနက်ပေးကြည့်လျှင် ကုသလာဓမ္မာဟူသော မာတိကာတိက်ပုဒ်အရ ဖြစ်သည့် ကုသိုလ်စိတ် ၂၁၊ စေတသိက် ၃၈-တို့ကို သန္နိဋ္ဌာန် အတည်အခင်းတရား ပြုလုပ်ဟောကြားထားကြောင်း သိရ၏။ သဗ္ဗေ တေ ကုသလမူလာ၊ အနက်ပေးကြည့်လျှင် ကုသလာဓမ္မာဟူသော တိက်ပုဒ်အရ တရားအားလုံးပင် ကုသိုလ်မူလ မည်သလော၊ ဝါ-ကုသိုလ်ဟေတုပစ္စည်း တရားတို့ ဖြစ်ကြသလောဟု မေးထားကြောင်း သိရ၏။

ပဋိလောမ၌ ယေ ဝါ ပန ကုသလမူလာ၊ အနက်ပေးကြည့်လျှင် ကုသိုလ်မူလတရား (ဝါ ကုသိုလ်ဟေတုပစ္စည်းတရား) သုံးပါးတို့ကို သန္နိဋ္ဌာန် အတည်အခင်းတရား ပြုလုပ်ဟောကြားထားကြောင်း သိရ၏။ သဗ္ဗေ တေ ဓမ္မာ ကုသလာ အနက်ပေးကြည့်လျှင် ကုသိုလ်ဟေတုပစ္စည်းတရားသုံးပါးလုံး ကုသလာ ဓမ္မာဟူသော မာတိကာတိက်ပုဒ်အရ၌ ဝင်ကြသလောဟု မေးလိုကြောင်း သိရ၏။ ဤစကားတို့ကို ထောက်ထားစဉ်းစားလျှင် မူလယမက၌ အနုလောမဝယ် ‘တိက်ပုဒ်အရ ဒုက်

ပုဒ်အရ' တရားတို့ကို သန္နိဋ္ဌာန် အတည်အခင်း ပြု၍ ထိုတရားအားလုံး ဟေတုပစ္စည်း တပ်သလော(မူလမည် ကြသလော)ဟု မေးလိုကြောင်းနှင့် ပဋိလောမဝယ်'ဆိုင် ရာတိက်ပုဒ် ဒုက်ပုဒ်အဝဝဲအပေါ' ပဋ္ဌာန်းဟေတုပစ္စည်း တရား 'မူလတရားကို သန္နိဋ္ဌာန် အတည်အခင်း ပြု၍' တရားအားလုံး (ဆိုင်ရာ တိက်ပုဒ် ဒုက်ပုဒ်အရ)တို့၌ ဝင် ကြသလောဟုမေးလိုကြောင်း၊ အထူးမှတ်ချက် ထွက်လာ ပေ၏။

ကုသလပဒ ကေမူလ ယမကာ၌ အနု လော မ ဝယ်၊ 'ယေကေစိ ကုသလာ ဓမ္မာ' မာတိကာ တိက်ပုဒ်အရ တရားကို သန္နိဋ္ဌာန်အတည်အခင်း ပြုထားသည်။ (ရှေး နည်းအတူ သိသာပြီ)။ သဗ္ဗေ တေ ကုသလမူလေန ကေ မူလာ၊ အနက်ပေးကြည့်လျှင် ကုသလာ ဓမ္မာ ဟူသော တိက်ပုဒ်အရ တရားအားလုံးပင် ကုသိုလ်မူလနှင့်တူသော မူလရှိကုန်သလော 'ဝါ-ကုသိုလ်ဟေတုပစ္စည်းတရား၏ ပစ္စယုပ္ပန်တရားများ ဖြစ်ကြသလော' ဟု မေး ထား ကြောင်း သိရ၏။

ပဋိလောမ၌ ယေ ဝါ ပန ကုသလမူလေန ကေမူလာ ဓမ္မာ၊ အနက်ပေးကြည့်လျှင် ကေမူလ တရား 'ဝါ- ကုသိုလ် ဟေတုပစ္စည်းကြောင့် ဖြစ်သော ဟေတုပစ္စ ယုပ္ပန် တရား'တို့က သန္နိဋ္ဌာန် အတည်အခင်း ပြုထား ကြောင်း သိရ၏။ သဗ္ဗေ တေ ဓမ္မာ ကုသလာအနက် ပေးကြည့်လျှင် ကုသိုလ်ဟေတုပစ္စယုပ္ပန်တရား အားလုံး ပင် ကုသလာ ဓမ္မာ ဟူသော တိက်ပုဒ်အရ၌ ဝင်ကြ သလောဟု မေးလိုကြောင်း သိရ၏။ ဤစကားတို့ကို ထောက်ထားစဉ်းစားလျှင်

ဧကမူလယမက၌ အနုလောမဝယ် တိက်ပုဒ်အရ ဒုက်ပုဒ်အရ တရားတို့ကို သန္နိဋ္ဌာန် အတည်အခိုင်ပြု၍ ထိုတရားအားလုံး တိက်ပုဒ် ဒုက်ပုဒ် မူလနှင့်တူသော မူလရှိကုန်သလော ‘ဝါ-ဟေတု ပစ္စယုပ္ပန် များ ဖြစ်ကြသလော’ဟု မေးလိုကြောင်းနှင့် ပဋိလောမဝယ် ဆိုင်ရာ တိက်ပုဒ် ဒုက်ပုဒ်၏ ဟေတုပစ္စယုပ္ပန်တရားကို သန္နိဋ္ဌာန် အတည်အခိုင်ပြု၍ ထိုတရားအားလုံး ဆိုင်ရာ တိက်ပုဒ်-ဒုက်ပုဒ် အရတို့၌ ဝင်ကြသလောဟု မေးလိုကြောင်းအရ **အထူး မှတ်ချက်** ထွက်လာ၏။

ကုသလပဒ အညမညမူလယမက၌ အနုလောမဝယ် ‘ယေ ကေစိ ကုသလ မူလေန ဧကမူလာ ဓမ္မာ’ အနက် ပေးကြည့်လျှင် ကုသိုလ် ဟေတု ပစ္စယုပ္ပန် တရားကို သန္နိဋ္ဌာန် အတည်အခိုင်တရား ပြုထားကြောင်း၊ သိသာ၏။ သဗ္ဗေ တေ ကုသလမူလေန အညမညမူလာ။ အနက်ပေးကြည့်လျှင် ကုသိုလ်ဟေတု ပစ္စယုပ္ပန်တရားအားလုံးပင် ဟေတုပစ္စည်းလည်း ဖြစ်- ပစ္စယုပ္ပန်လည်း ဖြစ်သည့် တရားများ မည်ကြသလောဟု မေးထားကြောင်း သိရ၏။

အထူး သိမှတ်ထားရန်မှာ ကုသိုလ်မူလတရား ဟူသည်နှင့် ကုသိုလ်ဟေတုပစ္စည်းတရားဟူသည်မှာ အတူတူပင် ဖြစ်၏၊ ကုသိုလ်မူလနှင့်တူသော မူလရှိသောတရားဟူသည်နှင့် ကုသိုလ်ဟေတုပစ္စယုပ္ပန်တရား ဟူသည်မှာ အတူတူဖြစ်၏။ ကုသိုလ်မူလအားဖြင့် တစ်ပါးသည် တစ်ပါး၏ မူလမည်သောတရား ဟူသည်နှင့် ကုသိုလ်ဟေတုပစ္စည်းလည်း ဖြစ်၊ ပစ္စယုပ္ပန် လည်း ဖြစ်သော တရားဟူသည်မှာ အတူတူပင် ဖြစ်၏။

ပဋ္ဌာနလောမဠ္ဌ ဃော ဝါဖန ကုသလမူလေန ဧက မူလာ ဓမ္မာ၊ အနက်ပေးကြည့်လျှင် ကုသိုလ်ဟေတုပစ္စည်းလည်း ဖြစ်၊ ပစ္စယုပ္ပန်လည်းဖြစ်သော တရားတို့ကို သန္နိဋ္ဌာန် အတည်အခင်း တရားပြုထားကြောင်း သိသာ၏။ သဗ္ဗေ တေ ဓမ္မာ ကုသလာ။ အနက်ပေးကြည့်လျှင် ကုသိုလ် ဟေတုပစ္စည်း လည်း ဖြစ်၊ ပစ္စယုပ္ပန်လည်း ဖြစ်သော တရားအားလုံးပင် ကုသလာ ဓမ္မာ ဟူသော မာတိကာ တိက်ပုဒ်အရ၌ ဝင်ကြသလော ဟု မေး သို ကြောင်း သိသာ၏။

ဤစကားတို့ကို ထောက်ထား စဉ်းစားလျှင်....

အညမညမူလယမက၌ အနုလောမဝယ် 'ဆိုင်ရာတိက် ပုဒ် ဒုက်ပုဒ်တို့၏' ဟေတုပစ္စယုပ္ပန်တရားကို သန္နိဋ္ဌာန် အတည်အခင်းပြု၍ ထိုတရားအားလုံးသည်ပင် ဟေတု ပစ္စည်း လည်းဖြစ်၊ ပစ္စယုပ္ပန်လည်း ဖြစ်ကြသလော ဟု မေးလိုကြောင်းနှင့် ပဋ္ဌာနလောမဝယ် ဆိုင်ရာ တိက်ပုဒ် ဒုက်ပုဒ်၏' ဟေတုပစ္စည်းလည်း ဖြစ်+ပစ္စယုပ္ပန်လည်း ဖြစ် သော တရားကို သန္နိဋ္ဌာန် အတည်အခင်းပြု၍ ထိုတရား အားလုံး 'ဆိုင်ရာ' တိက်ပုဒ်+ဒုက်ပုဒ်အရတို့၌ ဝင်ကြ သလောဟု မေးလိုကြောင်း အထူးမှတ်ချက် ထွက်လာ၏။ ဆိုခဲ့ပြီးသော အထူးမှတ်ချက် သုံးရပ်တို့ကို ထပ်၍ ချုံး လိုက်လျှင်—

(က) မူလယမကအနုလောမ၌ တိက်ပုဒ် + ဒုက်ပုဒ် အရ တရားတို့ကို တည်၍ ဟေတုပစ္စည်း မည် ကြသလောဟု မေးသည်။ ပဋ္ဌာနလောမ၌ 'ဆိုင် ရာ တိက်ပုဒ်+ဒုက်ပုဒ်' ဟေတုပစ္စည်းတရားကို

တည်၍တိုက်ပုဒ်+ဒုက်ပုဒ်အရ မည်ကြသလော
ဟု မေးသည်။

(ခ) ကေမူလယမကဥ္စ အနုလောမဝယ် တိုက်ပုဒ် 'ဒုက်ပုဒ်အရ' တရားကို တည်၍ ဟေတုပစ္စယုပ္ပန် မည်ကြသလောဟု မေးသည်။ပဋိလောမဝယ် 'ဆိုင်ရာတိုက်ပုဒ် ဒုက်ပုဒ်' ဟေတု ပစ္စယုပ္ပန်တရားကို တည်၍ တိုက်ပုဒ် ဒုက်ပုဒ်အရ မည်ကြသလောဟု မေးသည်။

(ဂ) အညမညမူလယမက အနုလောမဥ္စ 'တိုက်ပုဒ်+ဒုက်ပုဒ်ဆိုင်ရာ' ဟေတု ပစ္စယုပ္ပန် တရားကို တည်၍ ဟေတုပစ္စည်းလည်း ဖြစ်+ ပစ္စယုပ္ပန်လည်း ဖြစ်ကြသလောဟု မေးသည်။ပဋိလောမဥ္စ ဟေတုပစ္စည်း+ပစ္စယုပ္ပန် ၂-မျိုးရ တရားကိုတည်၍ တိုက် ပုဒ် အရ မည်ကြသလောဟု မေးသည်။ ဤကဲ့သို့ အချုပ် ဖြစ်လာ၏။

အို....ယမိုက်အဘိဓမ္မာစာတော်သင် ပညာရှင်။ ဆိုခဲ့ပြီးသောစကားရပ်တို့ကို လေ့လာပြီးနောက် အသင်သည် ဤ ဆိုလတ္တံ့သော လေ့ကျင့်ခန်းများကို ဇွဲစိတ်ဆင့်တက်၍ လေ့ကျင့်ဆင်ခြင်ကြည့်ပါ၊ ၎င်းတို့မှာ....

(၁) ရှေးဦးစွာ မိမိဟောလိုသော တိုက်ပုဒ်+ဒုက်ပုဒ်ကို ထုတ်၍ ထို တိုက်ပုဒ် + ဒုက်ပုဒ် အရ တရားကို မာတိကာအဆိုအတိုင်း မြင်အောင် ကြည့်ပါ။

(၂) ၎င်းနောက် ထိုတရားတို့အထဲမှ ဟေတုပစ္စည်း ဖြစ်နိုင်သည့်တရားကို စဉ်းစားရွေးထုတ်ကြည့်

ပါ (မရသည်လည်းရှိ၏၊ ရသည်လည်းရှိ၏၊ နောက်၌ ထင်ရှားလိမ့်မည်)။

(၃) တိက်ပုဒ် + ဒုက်ပုဒ် အရ တရားကိုယ်၌ကား ဟေတုပစ္စည်းထုတ်၍ မရသော တရားမျိုးဖြစ်ခဲ့လျှင် ထိုတိက်ပုဒ် + ဒုက်ပုဒ်အရ ဟေတုပစ္စယုပ္ပန်တရား (ဝါ - ကေမူလတရား) + ဟေတုပစ္စည်းလည်းဖြစ် + ပစ္စယုပ္ပန်လည်း ဖြစ်သည့်တရား (ဝါ - အညမည တရား)တို့ ကိုလည်း ထုတ်၍မရတော့ချေ (မရှိဟုဆိုလို၏၊ နောက်၌ ထင်ရှားလိမ့်မည်)။

(၄) တိက်ပုဒ် + ဒုက်ပုဒ် အရ တရားထဲမှ ဟေတုပစ္စည်းတရား(ဝါ မူလတရား)ကိုထုတ်၍ရလျှင် ထို ဟေတုပစ္စည်းတရား၏ ပစ္စယုပ္ပန်ဖြစ်ထိုက်သော တရားတို့ကို(ဝါ-ကေမူလတရားတို့ကို) ထုတ်၍ကြည့်ပါ။

(၅) ထိုပစ္စယုပ္ပန်(ကေမူလ)တရားထဲမှ ပစ္စည်းလည်းဖြစ်+ပစ္စယုပ္ပန်လည်း ဖြစ်နိုင်သော (အညမညမူလ)တရားကိုလည်း ဆက်၍ထုတ်ကြည့်ပါ။

ကိုင်း တိက်ပုဒ်+ဒုက်ပုဒ် တစ်ခုခုကိုထုတ်၍ စမ်းသပ်လေ့လာကြစို့၊ ကုသလာ ဓမ္မာ (ကုသလတိက် ပထမပုဒ်)

(၁) ကုသိုလ်စိတ် ၂၁+စေတသိက် ၃၈-တို့ကို ရ၏။

(၂) ထို၌ အလောဘ+အဒေါသ+အမောဟ-ဟိတ်သုံးပါးသည် ဟေတုပစ္စည်း တပ်ကြကုန်၏။ (ကုသိုလ်မူလ မည်ကြကုန်၏)။

(၃) ထိုကုသိုလ်ဟေတုပစ္စည်း(ကုသိုလ်မူလ) တရားတို့၏ ဟေတုပစ္စယုပ္ပန် တရားတို့ကား ကုသိုလ်စိတ်-၂၁+စေတသိက်-၃၈+ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ ထို ကုသိုလ်နာမက္ခန္ဓာတို့ ယထာရဟ ပြုအပ်သော စိတ္တဇရုပ်တို့ ဖြစ်ကုန်၏။

ထိုနာမ်+ရုပ် အားလုံးကို တစ်ချက်တည်း ပါဠိထုတ်လိုလျှင် ကုသလမူလသဟဇာတာ ဓမ္မာ ဟု ထုတ်ရ၏။ ရုပ်ချည်း ထုတ်လိုလျှင် ကုသလသမုဋ္ဌာနံ ရူပံ ဟု ထုတ်ရ၏ (ဤ ပါဠိထုတ်ပုံကို အထူး သတိပြုထားပါ)။

(၄) ထို ၄-အမှတ်ပြ တရားတို့၌ ဟေတုပစ္စည်းလည်းဖြစ်+ပစ္စယုပ္ပန် လည်းဖြစ်သော တရားတို့ကား ကုသိုလ်မူလ သုံးပါးတို့တည်း (ဤ၌ မူလာနိ ယာနိ ဧကတော ဥပ္ပဇ္ဇန္တိ ကုသလမူလာနိ ဟု ပါဠိထုတ်ရ၏။ အညမညမူလကို ထုတ်လိုလျှင် မူလာနိ ယာနိ ဧကတော ဥပ္ပဇ္ဇန္တိဟု ထုတ်ရ၏။ (မူလ သာမညကို ထုတ်လိုလျှင် သင်္ချာမျှ ကို ရှု၍ တိဏ္ဏံ, ပဉ္စဝံ, ဒွေဒွယံ, စသည် ထုတ်ရာ၏)။ အခြားတစ်ပုဒ် ထုတ်ကြည့်ကြဦးစို့။

အသင်္ခတာ ဓမ္မာ (သင်္ခတဒုက် ဒုတိယပုဒ်)

(၁) နိဗ္ဗာန်ရ၏။

(၂) ထိုနိဗ္ဗာန်သည် ဟိတ်တရားမဟုတ်သောကြောင့် အသင်္ခတ မူလတရား (ဝါ-အသင်္ခတ ဟေတုပစ္စည်းတရား)မဖြစ်နိုင်။ သို့ရကား အသင်္ခတ

မူလတရားဟူ၍ (ဝါ-အသင်္ခတ ဟောတုပစ္စည်း တရားဟူ၍) မရှိချေ။

(၃) ထို့ကြောင့် အသင်္ခတမူလေန ကေမူလတရား (ဝါ-အသင်္ခတ ဟေတုပစ္စယုပ္ပန်တရား) ဟူ၍ လည်း မရှိ၊ အသင်္ခတမူလေန အညမည မူလ တရား(ဝါ-အသင်္ခတ ဟေတုပစ္စည်း + ပစ္စယုပ္ပန် ၂-မျိုးရတရား)ဟူ၍လည်း မရှိချေ။

ရုပ်သက်သက်ရသော သနိဒဿနသပ္ပဋိဃတိက်ပုဒ်၊ အနိဒဿနသပ္ပဋိဃတိက်ပုဒ်၊ ရူပီဒုက်များ၊ နိဗ္ဗာန်ချည်း ရသော အပ္ပစ္စယ ဒုက်ပုဒ်များ၌ ဤနည်း အတူတည်း၊ အထူးသတိချပ်ပါလေ။

အခြားတစ်ပုဒ် ထုတ်ကြည့်ကြဦးစို့။

သုခါယ ဝေဒနာယ သမ္ပယုတ္တာ ဓမ္မာ(ဝေဒနာတိက် ပ-ပုဒ်)

၁။ သုခသဟဂုတ်စိတ်-၆၃+ (ဝေဒနာ+ဒေါသ+မစ္ဆရိယ+ကုက္ကုစ္စ+ဝိစိကိစ္ဆာကြဉ်သော) စေတသိက် ၄၆ ပါးရ၏။ (ဤ၌ ဝေဒနာကို မိမိနှင့်ယှဉ်သော တရားတို့ကို ဟောသောကြောင့် ထိုစိတ်တို့၌ ယှဉ် လျက် ကြဉ်ရသည်။ ဒေါ+ဣဿ+မစ်+ကုက်+ဝိစိ တို့ကိုကား ထိုစိတ်တို့၌ မယှဉ်နိုင်သောကြောင့် ကြဉ်ရသည်)။

၂။ ထို၌ လောဘ + မောဟ + အလောဘ+အဒေါသ အမောဟ ဤဟိတ် ၅ ပါးတို့သည် ဟေတုပစ္စည်း

တပ်သော တရားတို့တည်း၊ (သုခါယ ဝေဒနာယ သမ္ပယုတ္တာ မူလတရားတို့တည်း)။

(၄) ထို ဟိတ် ၅ ပါး (ဝါ-မူလ ငါးပါး တို့၏) ဟေတုပစ္စယုပ္ပန် တရားတို့ကား သဟိတ်သုခ သဟဂုတ်စိတ် ၆၀ ထို၌ ယှဉ်သော စေတသိက် ၄၆-ပါး+ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ သဟိတ်သုခ သဟဂုတ် နာမက္ခန္ဓာ တို့သည် ယထာရဟ ပြုအပ်သော သဟိတ်စိတ္တဇရုပ်+ သဟိတ်သုခသဟဂုတ် ပဋိသန္ဓေရုစ်ပါးတို့နှင့် ယထာရဟအတူဥပါဒ်သော သဟိတ်ပဋိသန္ဓေ ကမ္မဇရုပ်တို့တည်း။

(၅) ထို ပစ္စယုပ္ပန် တရားတို့၌ အညမည မူလမည် သောတရား (ဝါ-ဟေတုပစ္စည်းလည်း ဖြစ်+ ပစ္စယုပ္ပန်လည်း ဖြစ်သော တရား) တို့ကား (မောဟမူဒွေး၌ မောဟကြဉ်သော) သုခါယ ဝေဒနာယ သမ္ပယုတ္တမူလ ၅ - ပါး တို့ တည်း၊ (မူလာနိ ယာနိထုတ်)။

အထူးသတိပြုရန်မှာ မိမိက ပဋ္ဌာန်းတိုင်အောင် သင် ကြားမှု မရှိသေးသည့်အတွက် ကောမူလယမကာ၌ ပဋိ လောမဝယ် သန္နိဋ္ဌာန် အတည်အခင်းတရားတို့၌ တွေဝေ သွားတတ်သည်။ ပဋိလောမ သန္နိဋ္ဌာန်တရား တည်မည်- ခင်းမည် ကြံလျှင် ပဋ္ဌာန်းမျက်စိဖြင့် ဆိုင်ရာ တိက်ပုဒ်ပါ ဟေတုပစ္စည်းတရားတို့၏ ပစ္စယုပ္ပန် ဖြစ်သည့်တရားတို့ကို အေးဆေးစွာ စဉ်းစား၍ ခင်းရာ+တည်ရာ၏။ ထိုသို့ တည်ရာ+ခင်းရာ၌ မူလတိက်ပုဒ်+ဒုက်ပုဒ်အရ ဟေတု

ပစ္စည်းတရား (ဝါ-မူလတရား)တို့၌ ဝိပါက်ဟိတ်များ ပါ-မပါ သတိပြုရာ၏။ ဝိပါက်ဟိတ်တို့ မပါလျှင် ပစ္စယုပ္ပန်အတွက် (ဝါ-ဧကမူလတရားအတွက်) သဟိတ် စိတ္တဇရုပ်တို့ကိုသာ တည်ရာ+ခင်းရာ၏။ ဝိပါက်ဟိတ်တို့ ပါဝင်နေလျှင်ကား သဟိတ် ပဋိသန္ဓေ ကမ္မဇရုပ်ကိုပါ ထည့်၍ တည်ရာ+ခင်းရာ၏။ ဤကား အထူး သတိပြုရန်တည်း။ ယခုအခါ တိက်ပုဒ်-ဒုက်ပုဒ် အနည်းငယ် ဟောကြည့်ကြစို့။

## ကုသလတိက်—ပဌမပဒ

၁။ မူလယမက။ ယေ ကေစိ ကုသလာ ဓမ္မာ၊ ကုသိုလ်စိတ် ၂၁၊ စေတသိက် ၃၈-တို့ကို တည်ထား+ခင်းထားသည်။ သဗ္ဗေ တေ ကုသလမူလာ။ အတည်အခင်းတရားတို့၌ ဟိတ် ၃-ပါး ပါဝင်နေသည်ကို သတိပြု၊ ၎င်းတို့သည် ၂-ဘက်ရတည်း (အဝသေသာပါဌ်ဖြင့် အကြွင်းကို ညွှန်းလွယ်ရန် တီဏောဝ ကုသလမူလာနီဟု ၂-ဘက်ရကို အလျင်ထုတ်၊ နောက်မှ အဝသေသာ ကုသလာဓမ္မာဟု တဘက်ရကို နောက်မှထုတ်သည်)။

ယေ ဝါ ပန ကုသလမူလာ။ ကုသိုလ်ဟေတု ပစ္စည်းတရား၊ မူလတရား ၃-ပါးကို တည်ထားသည်။ သဗ္ဗေ တေ ဓမ္မာ ကုသလာ။ ၎င်းဟိတ် ၃-ပါးလုံး ကုသလာဓမ္မာတိက်ပုဒ်အရထဲ ဝင်ကြ၏လောဟု မေးသည်။ စဉ်းစားကြည့်လျှင် အားလုံး ကုသလာ ဓမ္မာ တိက်ပုဒ်အရထဲ၌ ပါဝင်နေသည်ကို သိသာမည်။ ထိုအခါ အာမန္တာ (အိမ်း=ကုသိုလ်မည်ကုန်၏)ဟု ရဲရဲကြီး ကျေကျေနပ်နပ်ကြီး ဖြေဝံ့လာလိမ့်မည်။

၂။ ကေမူလယမက။ ယေ ကေစိ ကုသလာ ဓမ္မာ။ မာတိကာတိက်ပုဒ်အတိုင်း ကုသိုလ်စိတ်-၂၁၊ စေတသိက် ၃၈ တို့ကိုဖင် ဓာစ်ခုချင်း ထားသည်။ သဗ္ဗေ တေ ကုသလမူလေန ကေမူလာ။ အားလုံး ကုသိုလ် ဟေတုပစ္စည်း၏ ပစ္စယုပ္ပန်များ ဖြစ်ကြ၏လောဟု မေးသည်။ စဉ်းစားကြည့်လျှင် ဖြစ်ကြောင်း သိလာ၍ အာမန္တာဟု ရဲရဲကြီး ဖြေ၀ံ့လာလိမ့်မည်။

ယေ ဝါ ပန ကုသလမူလေန ကေမူလာ ဓမ္မာ။ ကုသိုလ်စိတ် ၂၁၊ စေတသိက် ၃၈၊ ၂၃ဝေါကာရဘုံ၌ ဖြစ်သောအခါ ကုသိုလ်နာမက္ခန္ဓာတို့ ယထာရဟပြုအပ်သော စိတ္တဇရုပ် (တည်းဟူသော ကုသိုလ် ဟေတုပစ္စယုပ္ပန်တရား)တို့ကို တည်ခင်းထားသည်။ သဗ္ဗေ တေ ဓမ္မာ ကုသလာ ၎င်းတို့အားလုံး ကုသလာဓမ္မာဟူသော တိက်ပုဒ်၌ ဝင်ကြသလောဟု မေးသည်။ စဉ်းစားလျှင် စိတ္တဇရုပ်ကား မဝင် (တဘက်ရ)စိတ်+စေတို့သာ ဝင်သည်ကို သိလာလိမ့်မည်။ ထိုအခါ ကုသလသမုဋ္ဌာန်ရုပ်ဟူ ရုပ်ကို တဘက်ရထုတ်၍ စိတ်+စေတည်းဟူသော ၂-ဘက်ရ တရားတို့ကိုကား ကုသလံဟု တိက်ပုဒ်အလိုက် ရဲရဲကြီး ၂-ဘက်ရ ထုတ်ဝံ့လာလိမ့်မည်။ ထုတ်လေ။

၃။ အညမည မူလ ယမက။ ယေကေစိ ကုသလမူလေန ကေမူလာ ဓမ္မာ။ ရှေးဖော်ပြရာပါ စိတ်+စေ+ စိတ္တဇရုပ်တို့ကို သန္နိဋ္ဌာန်တည်ခင်းထားသည်။ သဗ္ဗေ တေ ကုသလမူလေန အညမညမူလာ၊ အားလုံး အညမည မူလ (ဟေတုပစ္စည်းလည်းဖြစ် + ပစ္စယုပ္ပန်လည်း ဖြစ်ကြသလော)ဟု မေးသည်၊ စဉ်းစားကြည့်လျှင် တိက် ၃-ပါး

တို့သာ အညမညမူလ 'ဟေတုပစ္စည်းလည်းဖြစ်-ပစ္စယုပ္ပန်လည်းဖြစ်' ကြသည်ကို သိလာလိမ့်မည်။ ၎င်းတို့သည် ၂-ဘာက်ရတည်း။ အကျန်တို့သည် တဘာက်ရတည်း။ ထိုအခါ မူလာနိ ယာနိ ဧကေဓော ဥပ္ပဇ္ဇန္တိ ကုသလမူလာနိ ဟု ၂-ဘာက်ရကို အလျင်ထုတ်၍ ကျန်သော တဘာက်ရဖြစ်သည့် စိတ်, စေ, စိတ္တဇရုပ်တို့ကို အဝသေသာ ကုသလမူလသဟဇာတာ ဓမ္မာ ဟု ဝိဘင်းအဖြေကို ရဲရဲထုတ်ဝံ့လာလိမ့်မည်၊ ထုတ်လေ။

ယေ ဝါ ပန ကုသလမူလေန အညမညမူလာ ယခင် ၂-ဘာက်ရ ဟိတ် ၃-ပါးတို့ကို တည်ခင်းထားသည်။ သဗ္ဗေ တေ ဓမ္မာ ကုသလာ။ ထိုဟိတ် ၃-ပါးလုံးပင် ကုသလာ ဓမ္မာ ဟူသော တိက်ပုဒ်၌ ပါဝင်ကြသလောဟု မေးသည်။ ထိုအခါ ပါဝင်နေကြောင်း လျင်မြန်စွာ သိမြင်လာ၍ အာမန္တာဟု ရဲဝံ့စွာ ဖြေဆိုလာလိမ့်မည်။

## ကုသလတိက် ဒုတိယ ပဒ

၁။ မူလယမက။ ယေ ကေစိ အကုသလာ ဓမ္မာ၊ တိက်ပုဒ် အရ အကုသိုလ်စိတ် ၁၂၊ စေ ၂၇-တို့ကို သန္နိဋ္ဌာန် တည်ခင်းထားသည်။ သဗ္ဗေ တေ အကုသလ မူလာ၊ အတည်အခင်းတရား၌ အကုသိုလ်ဟိတ် ၃-ပါး ပါဝင်နေသည်ကို သတိပြု၊ ၎င်းတို့သည် ၂-ဘာက်ရတည်း။ တီဏေဝ ဟု ၂-ဘာက်ရထုတ်၊ အဝသေသာ အကုသလာ ဓမ္မာ၊ တဘာက်ရကို နောက်မှ ထုတ် (ဝိဘင်းအကောက်)။

ယေ ဝါ ပန အကုသလမူလာ။ ယခင် ၂-ဘာက်ရ အကုသိုလ် ဟိတ် ၃-ပါးကို တည်ခင်းထားသည်။ သဗ္ဗေ

တော ဓမ္မာ အကုသလာ။ ဟိတ် ၃-ပါးလုံး အကုသလာ ဓမ္မာ တိက်ပုဒ်အရ၌ ပါဝင်ကြသောကြောင့် အာမန္တာ ဟု ရဲရဲ ဖြေရာ၏။

၂။ **ကေမူလ ယမက။** ယေ ကေစိ **အကုသလာ** ဓမ္မာ၊ တိက်ပုဒ်အရ အကုသိုလ်စိတ် ၁၂၊ စေတသိက် ၂၇ တို့ **ကိုပင်** သန္နိဋ္ဌာန် **တည်ခင်းထား**သည်။ **သဗ္ဗေ** တေ အကုသလမူလေန ကေမူလာ၊ အတည်**အခင်း** တရားထဲ၌ **မောဟမူ**ဒွေး၌ မောဟ ပါရှိနေသည်။ ၎င်း**သည်** ကေမူလ ဟောတုပစ္စယုပ္ပန် မဟုတ်၊ တဘက်ရ **တရား**တည်း။ **အဟေတုကံ** အကုသလံ ဟု ထုတ်၊ ကျန်တရား**တို့**ကား ၂-ဘက်ရတည်း။ သဟေတုကံ အကုသလံ ထုတ်လေ။

ဤကို ဆောက်၍ ကေမူလကရား (**ဟေတုပစ္စယုပ္ပန်** တရား)ကို ထုတ်လိုလျှင် သဟေတုကံ ဟု ထုတ်ရာ**၏**။ ဟေတု ပစ္စနိက်(ကေမူလ မဟုတ်သော**တ**ရားကို **ထုတ်** လိုလျှင် အဟေတုကံဟု ထုတ်ရာ၏၊ အထူး မှတ်သားပါ။)

ပဋိလောမ၌၊ ယေ ဝါ ပန အကုသလ မူလေ**န** ကေ မူလာ ဓမ္မာ။အကုသိုလ်စိတ် ၁၂။(မောဟမူဒွေး၌ မောဟ ကြဉ်သော) **စေ** ၂၇၊ **ပဥ္စဝေါကာ**ရဘုံ၌ ဖြစ်သောအခါ အကုသိုလ် **နာမက္ခန္ဓာ**တို့ **ယထာ**ရဟ ပြုအပ်သော စိတ္တဇ ရုပ်၊ ဤတရားတို့ကို တည်**ခင်း**ထားသည်။ သဗ္ဗေ တေ ဓမ္မာ အကု**သလာ** စိတ္တဇရုပ်**ကား** တဘက်ရ၊ **အကုသလ** **သ**မုဋ္ဌာနံ ရုပံ ဟု ထုတ်။ **ကျန်**အကုသိုလ်စိတ် ၁၂။(မောဟ မူဒွေး၌ မောဟကြဉ်သော) စေ-၂၇ **တို့**ကား ၂-ဘက် **ရ**၊ အကုသလံ ဟု ထုတ်။

၃။ အညမညမူလသမက။ ယေ ကေစိ အကုသလမူလေန ကေမူလာ ဓမ္မာ၊ ယခင် ပဋိလောမ သန္နိဋ္ဌာန် အတည်တရား (အကုသိုလ် ဟေတုပစ္စယုပ္ပန်တရား)ကိုပင် တည်ခင်းထားသည်။ သဗ္ဗေ တေ အကုသလမူလေန အညမညမူလာ၊ (မောဟမူဒွေး၌ မောဟကြဉ်သော) အကုသိုလ် ဟိတ် ၃-ပါး။ ၂-ဘက်ရ၊ မူလာနိ ယာနိ ကေ တော ဥပ္ပဇ္ဇန္တိ အကုသလမူလာနိ ဟု ထုတ်။ ကျန်တရားတို့ တဘက်ရ။ အဝသေသာ အကုသလမူလသဟဇာတာ ဓမ္မာ ထုတ်။

ယေ ဝါ ပန အကုသလမူလေန အညမညမူလာ၊ အနုလောမ က ၂-ဘက်ရ (မူ ၃-ပါး၊)ကိုပင် တည်ခင်းထားသည်။ သဗ္ဗေ တေ ဓမ္မာ အကုသလာ၊ အာမန္တာ ဟု ဖြေတတ်လောက်ပြီ။

## ကုသလတိက် တတိယ ပဒ

၁။ မူလယမက။ အနုလောမ၌ ဝိပါက်စိတ် ၃၆-ကြိယာစိတ် ၂၀-စေတသိက် ၃၈—ရုပ်အကုန်-နိဗ္ဗာန်တို့ကို တည်ခင်းထားသည်။ အဗျာကတ မူ ၃-ပါးကို 'ဘီခဏာဝ' ဟု ၂-ဘက်ရထုတ်၊ အကျန်ကို အဝသေသာ အဗျာကတာ ဓမ္မာဟု တဘက်ရထုတ်၊ ပဋိလောမ၌ မူ ၃-ပါးကိုပင် တည်၍ အာမန္တာဟု ထုတ်၊ သိသာပြီ။

၂၊ ကေမူလယမက၊ အနုလောမ၌ တိက်ပုဒ်အရ အဗျာကတ တရားတို့ကို တည်ခင်းထားသည်။ အဟိတ်စိတ်, ၁၈, အဟိတ် စိတ္တဇရုပ်—အဟိတ် ပဋိသန္ဓေကမ္မဇရုပ်, ဗာဟိရရုပ်, အာဟာရဇရုပ်, ဥတုဇရုပ်, အသညသတ် ကမ္မဇ

ရုပ်, ပဝတ္တိကာမ္ဘဇရုပ်, နိဗ္ဗာန်တို့ကို 'အဟေတုကံ အဗျာကတံ' ဟု တဘက်ရ ထုတ်လေ။ သဟိတ် ဝိပါက်+ကြိယာစိတ်, စေ, သဟိတ် စိတ္တဇရုပ်, သဟိတ် ပဋိသန္ဓေ ကမ္မဇရုပ်ကို 'သဟေတုကံအဗျာကတံ' ဟု ၂-ဘက်ရ ထုတ်လေ။ ပဋိလောမ၌ ယခင် ၂-ဘက်ရကိုပင် တည်ခင်းသောကြောင့် အာမန္တာဟု ထုတ်ပါလေ။

၁။ အညမည မူလယမက။ အနုလောမ၌ ကေမူလ ၂ ဘက်ရ တရား(ဟေတုပစ္စယုပ္ပန်တရား)ကိုပင် တည်ခင်းသည်၊ အဗျာကတ မူ ၃ ပါး တို့ကို 'မူလာနိ ယာနိ ဧကတော ဥပ္ပဇ္ဇန္တိ အဗျာကတမူလာနိ' ဟု ၂ ဘက်ရ အလျင်ထုတ်။ အကျန်ကို 'အဝ သေသာ အဗျာကတ မူလ သဟဇာတာ ဓမ္မာ' ဟု တစ်ဘက်ရထုတ်။

## ကုသလတိက် နာမပဒ

တိက်ပုဒ်ဝင် နာမ်တရားတို့ကို ပေါင်း၍ နာမပဒဟု ဟောတော်မူသည်။ ဤ ကုသလတိက်ဝင် နာမ်တရားတို့ကား စိတ်-၈၉+စေ-၅၂+နိဗ္ဗာန် ဤ နာမ်တရား အားလုံးပင်တည်း။ မူလတရားကား ကုသလမူလ တရား ၃ ပါး+အကုသလ မူလတရား ၃ ပါး + အဗျာကတ မူလ တရား ၃ ပါး-ဤသို့အားဖြင့် ၉ ပါးတို့တည်း။

### ၁။ မူလယမက

ယေ ကေစိ နာမာ ဓမ္မာ၊ စိတ်-၈၉+စေ-၅၂+နိဗ္ဗာန် တို့ကို တည်ခင်းခြင်းတည်း။ သဗ္ဗေ တေ နာမမူလာ၊ တိက်ပုဒ်အရသို့လိုက်၍ မူလ ၉ ပါး (တစ်နည်း ဟေတုပစ္စည်း တပ်သော တရား ၉ ပါး)ဟု ဆိုရသည်၊ နဝေ

ဝ ဟု ၂ ဘက်ရကို အလျင်ထုတ်၊ အဝသေသာ နာမ ဓမ္မာ ဟု တစ်ဘက်ရကို နောက်ထုတ်၊ ဝိဘင်း အကောက်တည်း၊ ပဋိလောမ၌ အာမန္တာထုတ်လေ။ လွယ်ပြီ။

## ၂။ ကေမူလ ယမက

အနုလောမ၌ အဟေတုကံ နာမံ တစ်ဘက်ရ။ အဟိတ်စိတ်-၁၈+စေ-၁၂+မောဟမူဒွေး၌ မောဟ+နိဗ္ဗာန်ကိုထုတ်၊ အဟေတုကံ နာမံ ၂ ဘက်ရ၊ သဟိတ်စိတ်-၇၁+(မောဟဒွေး၌ မောဟ ကြဉ်သော) စေ-၅၂+ သဟိတ် စိတ္တဇရုပ်အကုန်+သဟိတ် ပဋိသန္ဓေ ကမ္မဇရုပ်အကုန်+(အားလုံးသော ဟေတု ပစ္စယုပ္ပန်တရားတို့ကို)တည်ခင်းထားသည်။ နာမ သမုဋ္ဌာန် ရူပံ တစ်ဘက်ရ။ သဟိတ် စိတ္တဇရုပ် + သဟိတ် ပဋိသန္ဓေ ကမ္မဇရုပ်တို့ကို နာမံ ၂ ဘက်ရ။ သဟိတ်စိတ် + စေ တို့ကို ကောက်၊ ဝိဘင်း အဖြောင့်တည်း။ (ဤ ကေမူလ ယမက ပဋိလောမ သန္နိဋ္ဌာန် အတည်ဟရားအတွက် မိမိက ဟေတုပစ္စည်း+ ပစ္စယုပ္ပန်ကို နှလုံးသွင်းထားမှ ဉာဏ်မျက်စိ မလည်ဘဲရှိမည်၊ သတိပြုပါ)။

## ၃။ အညမည မူလ ယမက

အနုလောမ၌ အားလုံးသော ဟေတုပစ္စယုပ္ပန်တရားတို့ကို သန္နိဋ္ဌာန် တည်ခင်းထားသည်။ မူလာနိ ယာနိ ဧကမူလာ ဥပ္ပဇ္ဇန္တိ နာမမူလာနိ ၂ ဘက်ရ၊ မောဟကြဉ်သော နာမမူ၊ ၆ ခုကောက်။ အဝသေသာ နာမမူလ သဟဇာတာ ဓမ္မာ တစ်ဘက်ရ။ နာမမူ ၆ ခုကို ကြဉ်၍

ကျန်သော ဟေတုပစ္စယပ္ပန်တရား အားလုံးကိုကောက်။ ပဋိလောမ၌ အာမန္တာထုတ်လေ။

ကုဿလတိက်ပြီး၏။

## ၂။ ဝေဒနတိက်။ (က) ပဏ္ဏတ္တိ ပဒ

### (၁) မူလ ယမက

အနုလောမ၌ တိက်ပုဒ်အရအတိုင်း တည်ထားသည်။ ၎င်းတိက်ပုဒ်အရ တရားတို့၌ ဒေါသနှတ်၍ မူလ ၅-ပါး ပါရှိသည်ကို စဉ်းစားပြီး ပဥ္စဝ ၂-ဘက်ရ လောဘ, မောဟ, အလောဘ, အဒေါသ, အမောဟ ဟူသော သုခါ ယဝေဒနာယ သမ္ပယုတ္တာမူ ၅-ပါး ရ၏။ အဝသေသာ သုခါယ ဝေဒနာယ သမ္ပယုတ္တာ ဓမ္မာ 'တဘက်ရ' သုခသဟဂုတ် စိတ် ၆၃၊ 'မူ ၅-ပါး ကြဉ်' စေ ၄၁-ပါး ရ၏။ ပဋိလောမ၌ အာမန္တာထုတ်။ လွယ်ပြီ။ (စဉ်းစား လေ)။

### (၂) ကေမူလ ယမက

အနုလောမ၌ တိက်ပုဒ်အရအတိုင်းပင် တည်ထား သည်။ ထိုတိက်အနုလောမ၌ တိက်ပုဒ် အရအတိုင်းပင် တည်ထားသည်။ ထိုတိက်ပုဒ်အရ တရားတို့၌ အဟိတ် 'ဟေတု ပစ္စနိက်' တရား၊ သဟိတ် 'ဟေတုပစ္စယပ္ပန်' တရားနှစ်မျိုးတို့ ပါဝင်နေသည်ကို သတိပြု။ ဉာဏ်ဖြင့် ခွဲ၍ အဟေတုကံ တဘက်ရ။ အဟိတ်သုခသဟဂုတ်စိတ် ၃-ပါး၊ 'ဆန္ဒ, ဝေဒနာကြဉ်' အညသမာန်း စေ ၁၁-ပါး

ရ၏။ သဟေတုကံ ၂-ဘက်ရ သဟိတ် သုခသဟဂုတ် စိတ် ၆၀၊ 'ဝေ,ဒေါ,ဣလိ,မစ်,ကုက်,ဝိစိကြည်' စေ ၄၆ ရ၏။ (ဝိဘင်းအဖြေဥ်)။

ပဋ္ဌိလောမဥ် တိက်မှတ်တွင် ပါဝင်သည့် သဟိတ်သုခ ဝေဒနာ ၆၀၊ သဟိတ် သုခသဟဂုတ် စိတ် ၆၀၊ 'ထိုဥ် ယှဉ်သည့် ဝေဒနာ-မယှဉ်သည့် ဒေါ,ဣလိ,မစ်,ကုက်, ဝိစိကြည်' စေ ၄၆၊ ပဉ္စဝေါကာရဘုံဥ် ဖြစ်သောအခါ၊ သဟိက် သုခသဟဂုတ် နာမက္ခန္ဓာတို့သည် ယထာရဟ ပြုအပ်သော သဟိတ် စိတ္တဇရုပ်၊ သဟိတ် သုခသဟဂုတ် ပဋ္ဌိသန္ဓေ ရှစ်ခုတို့ နှင့် ယထာရဟ အတူဥပါဒ်သော သဟိတ် ပဋ္ဌိသန္ဓေကမ္မဇရုပ်၊ ဤတရားတို့ကို သန္နိဋ္ဌာန် တည် ကား သည်။ (ဟေတုပစ္စယပုပ္ပန် ဉာဏ်မျက်စိ နှင့် ကြည့်မှ သိနိုင်သည်)။ သဇ္ဇ တော ဓမ္မာ သုခါယ ဝေ ဒနာယ သမ္ပယုတ္တာ ဟူသော သံသယအမေး၏အရ ဖြစ် ထိုက်သည်ကား သဟိတ် သုခသဟဂုတ်စိတ် ၆-နှင့် 'ဝေ, ဒေါ,ဣလိ,မစ်,ကုက်,ဝိစိကြည်' စေ ၄၆-တို့သာ ဖြစ် ထိုက်၍ ၎င်းတို့သည် ၂-ဘက်ရ၊ သုခဝေဒနာ ၆၀ နှင့် စိတ္တဇရုပ်,ပဋ္ဌိသန္ဓေ ကမ္မဇရုပ်တို့ကား တဘက်ရ ဖြစ်ကြ သည်ကို သတိဖြင့် မြင်အောင်ကြည့်၍ သုခဥ္စ သုခါယ ဝေဒနာယ သမ္ပယုတ္တ သမုဋ္ဌာနဥ္စ ရူပံ၊ 'တဘက်ရ' သုခါယ ဝေဒနာယ သမ္ပယုတ္တံ '၂-ဘက်ရ ထုတ်ပါ လေ။

(ဤ ပထမပုဒ် နည်းတူပင် ဒုတိယပုဒ်ဥ် တိက်မှတ်ဖြစ် သော သဟိတ် ဒုက္ခဝေဒနာ ၂-ပါး၊ တတိယပုဒ်ဥ်၊တိက် မှတ်ဖြစ်သော သဟိတ်ဥပေက္ခာ ဝေဒနာ ၄၁-ပါးတို့

သည်လည်း၊ ကေမူလတရားဖြစ်ကြ၍ ကေမူလသန္နိဋ္ဌာန် တည်ခင်းသောအခါ အတည်အခင်းတရား၌ ပါဝင်ကြ မည်ကိုလည်းကောင်း၊ ထို ဝေဒနာတို့အတွက် ဒုက္ခဥ္ဖဟု၍ လည်းကောင်း၊ အဒုက္ခမသုခဥ္ဖဟု၍ လည်းကောင်း ဝိဘင်းထုတ်ရမည်ကို ကြိုတင်၍ သတိရှိထားပါ။)

## ၁။ အညမညမူလ ယမက

အနုလောမ၌ ယခင်ကေမူလတရား(ဟေတုပစ္စယုပ္ပန်) တို့ကိုပင် သန္နိဋ္ဌာန် တည်ခင်းထားသည်။ မူ ၅-ပါးကို ရည်၍ မူလာနိ ယာနိ ကေတော ဥပ္ပဇ္ဇန္တိ သုခါယ ဝေ ဒနာယ သမ္ပယုတ္တမူလာနိ ဟု နှစ်ဘက်ရထုတ်၊ ကျန်သော သုခဝေဒနာ ၆၀-နှင့် တကွ သဟိတ်သုခသဟဂုတ်စိတ် နာမက္ခန္ဓာ,ဂုဏ်းစိတ္တဇရုပ်,သင္ခိုသန္ဓေကမ္မဇရုပ်တို့ကို ရည် ၍ အဝသေသာ သုခါယ ဝေဒနာယ သမ္ပယုတ္တမူလသဟ ဇာတာ ဓမ္မာ ဟု တဘက်ရထုတ်၊ ဝိဘင်း အကောက် တည်း။ပဋိလောမ၌မူ ၅-ပါးကို အရကောက်၊ အာမန္တာ ဟု အဖြေဝိဘင်းထုတ်လေ။

## ၂။ ဝေဒနတိက် (ခ) ဒုတိယ ပဒ

၁။ မူလယမက။ အနုလောမ၌ တိက်ပုဒ်အရ အတိုင်း အတည်အခင်းတရားကို သတိပြု ကြည့်ရှုမြင်ထား၍ ဒေါသမူဒွေ့ဥ္ဖယှဉ်သည့်ဒေါသ မောဟဟိတ် ၂-ပါးကို ရည်၍ ဒွေနယဝ ဟု ၂ ဘက်ရထုတ်။ အကျန်ကို အဝ- သေသာ ဟု တဘက်ရထုတ်။ပဋိလောမ၌ အာမန္တာထုတ်။ လွယ်၏။

## ၂။ ကေမူလယမက

အနုလောမ၌ တိက်ပုဒ်အရကို တည်ခင်း၍ ဟေတု ပစ္စယုပ္ပန် ဖြစ်-မဖြစ်ကို မေးသည်။ 'ဝေဒနာကြည့်' ဒုက္ခ သဟဂုတ်၊ ကာယဝိညာဏ်စိတ္တုပ္ပာဒ်ကို ရည်၍ အဟေတု ကံ ဟု တဘက်ရထုတ်။ ဝေဒနာကြည့်သော ဒေါသမူဒွေ စိတ္တုပ္ပါဒ်ကို ရည်၍ သဟေတုကံ ဟု ၂-ဘက်ရထုတ်။ ပဋိလောမ၌ ဟေတု ပစ္စယုပ္ပန်ကို တည်ခင်းသောကြောင့် (က) ဒေါမနဿဝေဒနာ ၂ ပါး၊ (ခ) ဝေကြည့် ဒွေါသမူ စိတ္တုပ္ပာဒ်၊ (ဂ) ကာမဘုံ၌ ဒေါသမူစိတ္တုပ္ပာဒ်တို့နှင့် ယှဉ်ရဟ အတူဥပါဒ်သော စိတ္တဇရုပ်=ဤတရားသုံးစု တို့ကို သန္နိဋ္ဌာန် တည်ခင်းထားသည်။ က=နှင့် ဂ=တို့ကို ရည်၍ ဒုက္ခဥ ဒုက္ခာယ ဝေဒနာယ သမ္ပယုတ္တာသမုဋ္ဌာနဥ ရူပံ ဟု တဘက်ရထုတ်။ ခ-ကို ရည်၍ ဒုက္ခာယ ဝေဒနာ ယ သမ္ပယုတ္တံ ဟု ၂-ဘက်ရထုတ်။ (အပြန်ပြန်စဉ်းစား ပါ၊ ဓမ္မပီတိ ဖြစ်နိုင်ပါသည်။)

## ၃။ အညမညမူလ ယမက

ယခင် ပဋိလောမသန္နိဋ္ဌာန် (ဟေတုပစ္စယုပ္ပန်) ကိုပင် တည်ခင်းထားသည်။ မူလာနိ ယာနိ ကေတော ဥပ္ပဇ္ဇန္တိ ဒုက္ခာယ ဝေဒနာယ သပ္ပယုတ္တမူလာနိ ဟု ၂-ဘက်ရ ထုတ်။ မူ ၂-ပါးကို ကောက်။ အဝသေသာ ဒုက္ခာယ ဝေဒနာယ သမ္ပယုတ္တမူလ သဟဇာတာ ဓမ္မာ ဟု တဘက် ရထုတ်။ 'မူ-ပါးကြည့်၍' က, ခ, ဂ, သုံး ခု လုံး ကို ကောက်ပါ။ ပဋိလောမ၌ အာမန္တာ မူ ၂-ပါး ရ၏။

## ၂။ ဝေဒနတိက် (ဂ) တတိယပဒ

၁။ မူလယမက။ အနုလောမ၌ မာတိကာ့တိက်ပုဒ်အရ အတိုင်းတည်ခင်းထားသည်ကိုသိမြင်၍ လောဘ, မောဟ, အလောဘ, အဒေါသ, အမောဟ-ဤမူ ငါးပါးကိုရည်၍ ပဉ္စေဝဟု ၂-ဘက်ရထုတ်။ အကျန်ကို အဝသေသာ ဟု တဘက်ရထုတ်။ ပဋိလောမ၌ အာမန္တာ မူ ၅-ပါးရ၏။

၂။ ကေမူလယမက။ အနုလောမ၌တိက်ပုဒ်အရကိုပင် တည်ခင်း၍ ယေဟေတုပစ္စယာပုဒ်ဖြစ်-မဖြစ် (ကေမူလ ဟုတ် မဟုတ်)မေးသည်။ အဟေတုကံ ဟု တဘက်ရ၊ သဟေတုကံ ဟု ၂-ဘက်ရထုတ်။ အကောက်လွယ်ပြီ။ ပဋိ-လောမ၌ (က) သဟိတ်ဥပေက္ခာဝေဒနာ ၄၁၅ပါး၊ (ခ) သဟိတ်ဥပေက္ခာသဟဂုတ်စိတ် ၄၁၅ပါး၊ ‘မောဟမူဒွေ၌ မောဟ, ဝေဒနာ, ပီတိ, ဒေါသ, ဣဿာ, မစ္ဆရိယ ကုက္ကုစ္စကြဉ်’ စေ-၄၆၊ (ဂ) ပဉ္စဝေါကာရဘုံ၌ ဖြစ်သော အခါ သဟိတ် ဥပေက္ခာသဟဂုတ် စိတ္တုပ္ပါဒ် နာမက္ခန္ဓာတို့သည် ယထာရဟ ပြုအပ်သော သဟိတ် စိတ္တဇရုပ်+သဟိတ်ဥပေက္ခာသဟဂုတ် ပဋိသန္ဓေ ၅-ခုတို့နှင့် ယထာရဟအတူ ဥပါဒ်သော သဟိတ်ပဋိသန္ဓေကမ္မဇ ရုပ်- ဤတရားတို့ကို သန္နိဋ္ဌာန် တည်ခင်းထားသည်။ (သဘောကျအောင် ကြံပါ)။ က-နှင့် ဂ-ကို ရည်၍ အဒုက္ခမသုခဉ္စ အဒုက္ခမသုခါယ ဝေဒနာယ သမ္ပယုတ္တာ သမုဋ္ဌာနဉ္စ ရူပံ ဟု တဘက်ရထုတ်၊ ခ-ကို ရည်၍ အဒုက္ခမသုခါယ ဝေဒနာယ သမ္ပယုတ္တံ ဟု ၂-ဘက်ရထုတ်။

၃။ အညမညမူလယမက။ ယခင် ပဋိလောမ သန္နိဋ္ဌာန်ကိုပင် တည်ခင်းထားသည်။ မောဟမူဒွေး၌ မောဟ ကြဉ်သော မူ ၅-ပါးကို ရည်၍ မူလာနိ ယာနိ ကေဝေ ဥပ္ပဇ္ဇန္တိ အဒုက္ခမသုခါယ ဝေဒနာယ သမ္ပယုတ္တမူလသဟဇာတာ ဓမ္မာ ဟု တဘက်ရထုတ်။ (ကေမူလယမက ကျေလည်လျှင် အညမည မူလယမက လွယ်ကူ၏)။

၄။ ဝေဒနတိက်။ ဤဝေဒနတိက် နာမပဒ၌ တိက်ဝင်ဖြစ်သော စိတ် ၁၂၁-ပါး၊ ဝေဒနာကြဉ်သော စေ ၅၁၊ ဤတရားတို့သာလျှင် တိက်ဝင်နာမတရားတို့ ဖြစ်သည်ကို ကြိုတင် သိထားရာ၏။

## ၁။ မူလယမက

အနုလောမ၌ ဆိုခဲ့ပြီး စိတ် ၁၂၁+စေ ၅၁ တို့ကို သန္နိဋ္ဌာန် တည်ခင်းထားသည်။ ပဌမပုဒ်၌မူ ၅-ပါး၊ ဒုတိယပုဒ်၌ မူ ၂-ပါး၊ တတိယပုဒ်၌ မူ ၅-ပါးဖြစ်၍ ဒွါဒသေဝ ဟု ၂-ဘက်ရထုတ်။ ဝိဘင်း အ ကောက်။ ပဋိလောမ၌ အာမန္တာ၊ မူ ၁၂-ပါး ရ၏။

## ၂။ ကေမူလယမက

အနုလောမ၌ တိက်ပုဒ်သဘောအတိုင်း စိတ် ၁၂၁+စေ ၅၁-တို့ကို တည်ခင်းထား၏။ အဟိတ်-သဟိတ် ဆင်ခြင်၍ အဟေတုကံ ဟု တဘက်ရ၊ သဟေတုကံ ဟု ၂-ဘက်ရထုတ်။ အကောက်လွယ်ပြီ။ ပဋိလောမ၌ (က) သဟိတ် ဝေဒနာ ၇၁+(ခ)သဟိတ်စိတ် ၇၁+မောဟမူ၌ မောဟ ကြဉ် စေ ၅၁+(ဂ) ပဉ္စဝေါကာရဘုံ၌ ဖြစ်သော

အခါ သဟိတ်နာမက္ခန္ဓာတို့သည် ယထာရဟ ပြုအပ်သော သဟိတ် စိတ္တဇရုပ်+သဟိတ် ပဉ္စဝေါကာရ ပဋိသန္ဓေကမ္မဇရုပ်တို့ကို တည်ခင်းထားသည်။ ဂ- အရကို နာမသမုဋ္ဌာနံ ရူပံ ဟု တဘက်ရထုတ်၊ က-နှင့် ခ-အရကို နာမံ ဟု ၂ ဘက်ရထုတ်။

## ၃။ အညမည မူလယမက

အနုဍ္ဍ ယခင်ပဋိလောမ 'ကေမူလ' တရားတို့ကိုပင် တည်ခင်းသည်။ 'မောဟမူဒွေ့ဍ္ဍ မောဟကြဉ်သော' မူ ၁၂-ပါးကို ရည်၍ မူလာနိ ယာနိ ကေစတာ ဥပဇ္ဇန္တိ နာမမူလာနိ ဟု ၂-ဘက်ရထုတ်၊ အကျန်ကို အဝသေသာ နာမမူလသဟဇာတာ ဓမ္မာ ဟု တဘက်ရထုတ်။ ပဋိဍ္ဍ အာမန္တာ။

ဝေဒနတိက် ပြီး၏။

## ၃။ ဝိပါကတိက် (က) ပထမ ပဒ

### ၁။ မူလ ယမက

အနုဍ္ဍ တိကော ၂-ဘက်ရ၊ အဝသေသာ တဘက်ရ ထုတ်၊ အကောက်လွယ်၏။ ပဋိဍ္ဍ အာမန္တာ၊ မူ ၃-ခုကို ကောက်။

### ၂။ ကေမူလ ယမက

အနုဍ္ဍ အဟေတုကံ 'တဘက်ရ'၊ သဟေတုကံ '၂-ဘက် ရ' ထုတ်လေ၊ အကောက် လွယ်၏။ ပဋိဍ္ဍ သဟိတ် ဝိပါက် ၂၁+'ပဝတ္တိ+ပဋိသန္ဓေ' နာမက္ခန္ဓာ + ၎င်းတို့ ပြုအပ်

သော သဟိတ် စိတ္တဇရုပ်+သဟိတ် ပဋိသန္ဓေကမ္မဇရုပ်တို့ ကို တည်ခင်းထားသည်။ ဝိပါက သမုဋ္ဌာန် ရုပ် 'တဘာဏ် ရ' ထုတ်၊ ဝိပါကံ '၂-ဘာက်ရ' ထုတ်။

## ၃။ အညမညမူလယမက

အနုဋ္ဌ ယခင်ပဋိလောမသန္နိဋ္ဌာန် 'ဝိပါက ဟေတု ပစ္စယုပ္ပန်' တရားတို့ကိုပင် တည်ခင်းထားသည်။ မူလာနိ ယာနိ ဧကတော ဥပ္ပဇ္ဇန္တိ ဝိပါကမူလာနိ ဟု ၂-ဘာက် ရထုတ်၊ အဝသေသာ ဝိပါကမူလ သဟဇာတာ ဓမ္မာ ဟု 'တဘာက်ရ' ထုတ်၊ ကောက်တတ်လောက်ပြီ။

(ခ) ဒုတိယပဒ (၁) မူလယမက။ အနုဋ္ဌ 'ကုသိုလ် မှု ၃+အကုသိုလ်မှု ၃ တို့ကိုရည်၍' ဆဋ္ဌဝ ဟု ၂ဘာက်ရ၊ အဝသေသာ ဟု တဘာက်ရ ထုတ်၊ ကောက်နိုင်လောက်ပြီ။ ပဋိမူ ၆-ပါးကို ရည်၍ အာမန္တာ ထုတ်။

## ၂။ ကေမူလ ယမက

အနုဋ္ဌ 'မောဟမူဒွေဋ္ဌ မောဟကိုရည်၍' အဟေတုကံ ဝိပါက ဓမ္မ ဓမ္မံ ဟု ၂-ဘာက်ရ ထုတ်။ ပဋိဋ္ဌ 'မောဟ မူဒွေဋ္ဌ မောဟကြဉ်သော' ကု+အကု နာမက္ခန္ဓာ + ထို နာမက္ခန္ဓာတို့ ယထာရဟ ဖြစ်အပ်သော စိတ္တဇရုပ်- ဤ တရားတို့ကို တည်ခင်းထားသည်။ 'စိတ္တဇရုပ်ကိုရည်၍' ဝိပါကဓမ္မဓမ္မသမုဋ္ဌာန် ရုပ် ဟု တစ်ဘာက်ရ ထုတ်၊ ကျန်သော ကု+အကု နာမက္ခန္ဓာကိုရည်၍ ဝိပါက ဓမ္မ ဓမ္မံ ဟု ၂-ဘာက်ရ ထုတ်။

## ၃။ အညမညမူလ ယမက

အနုဋ္ဌ ယခင် ပဋိသန္ဓိဋ္ဌာန်ကိုပင် တည်ခင်းထားသည်၊ (ဓမ္မာဟမူဓဒွဋ္ဌ မောဟကြဉ်သော ကု+အကု မူ ၅-ပါး ကို ရည်၍) မူလာနိ ယာနိ ဧကတော ဥပ္ပဇ္ဇန္တိ ဝိပါက ဓမ္မ ဓမ္မ မူလာနိ ဟု ၂-ဘက်ရ အလျင်ထုတ်၊ (ကျန်သော နာမက္ခန္ဓာ+စိတ္တဇရုပ်တို့ကို ရည်၍၊ အဝသေသာ ဝိပါက ဓမ္မ ဓမ္မမူလ သဟဇာတာ ဓမ္မာဟု တစ်ဘက်ရ နောက်မှ ကုတ်။ ပဋိဋ္ဌ အာရမဏ္ဍာ၊ မူ ၆-ပါးရ၏။

### (ဂ) တတိယပဒ (ခ) မူလ ယမက

အနုဋ္ဌ (ကြိယာ မူ ၃ ပါးကို ရည်၍) တီဏော ဝ ဟု ၂ ဘက်ရထုတ်။ အကျန်ကို အဝသေသာဟု တစ်ဘက်ရ ထုတ်။ ပဋိဋ္ဌ အာရမဏ္ဍာ၊ မူ ၃ ပါးရ၏။

## ၂။ ကေမူလ ယမက

အနုဋ္ဌ မာတိကာ တိုက်ပုဒ်အရအတိုင်း ကြိယာစိတ် ၂၀+စေ-၃၅+ရုပ် ၃၈+နိဗ္ဗာန်တို့ကို သိန္နိဋ္ဌာန် တည်ခင်းထားသည်၊ သို့သော် မိမိက မာတိကာ ညက်မျက်စိ၊ ပဋ္ဌာန်း ညက်မျက်စိ ၂-လုံးဖွင့်ထား၍

(၁) အဟေတုက နေဝ ဝိပါက နဝိပါက ဓမ္မ ဓမ္မ အနေအားဖြင့် အဟိတ် ကြိယာစိတ်၊ ၃+စေ ၁၂+ပဋ္ဌ ဒေါဟာရဘုံ၌ ဖြစ်သောအခါ ကုသိုလ် အကုသိုလ် ဝိပါက သာမည အဟိတ် ကြိယာ နာမက္ခန္ဓာ က ယထာ ရဟာပြုအပ်သော စိတ္တဇရုပ် သာမည+ပဋိသန္ဓေကမ္မဇရုပ် သာမည + ဇာတိယရုပ် + အာဟာရဇရုပ် + အသညတ် ကမ္မဇရုပ်+ပဝတ္တိကမ္မဇရုပ်+နိဗ္ဗာန်တို့ကို လည်းကောင်း

(၂) သဟေတုက နေ၀ဝိပါက နဝိပါကဓမ္မ ဓမ္မအနေ အားဖြင့် သဟိတ် ကြိယာစိတ် ၁၇+စေ ၃၅+ပစ္စဝေါ ကာရဘုံ၌ ဖြစ်သောအခါ သဟိတ် ကြိယာ နာမက္ခန္ဓာ တို့ ယထာရဟ ပြုအပ်သော သဟိတ် စိတ္တဇရုပ်တို့ကို လည်းကောင်း မြင်ထားပါ။ ဤ၌ နေ၀ဝိပါက နဝိပါက ဓမ္မ ဓမ္မမူလ 'ဟေတုပစ္စည်း' အရက ကြိယာ ဟိတ် ၃- ပါးသာ ဖြစ်သောကြောင့် ကု+အကု+ဝိပါက်တို့ ပြုအပ် သော စိတ္တဇရုပ် + ပဋိသန္ဓေကမ္မဇရုပ် သာမညတို့က လည်း နေ၀ဝိပါက နဝိပါက ဓမ္မ ဓမ္မ ဟေတု ပစ္စယုပ္ပန် မဟုတ်ကြသောကြောင့် အဟေတုက၌ ဝင်ကြကုန်၏ဟု အထူး မှတ်ပြီးလျှင် အဟေတုကံ နေ၀ဝိပါက နဝိပါက ဓမ္မခမ္မံ ဟု တစ်ဘက်ရ ထုတ်။ ၂-အရ တရားကိုရည်၍ သဟေတုကံ နေ၀ဝိပါက နဝိပါက ဓမ္မ ဓမ္မံ ဟု ၂ ဘက်ရ ယုဘ်၊ ပဋိ၌ အာမန္တာ၊ ၂-အရ တရားတို့ကိုကောက်။

## ၃။ အညမညမူလယမက

အနုဲ၌ ယခင် ၂-ဘက်ရ 'သဟေတုက နေ၀ ဝိပါက နဝိပါကဓမ္မခမ္မ' ကိုပင် သန္နိဋ္ဌာန် တည်ခင်းထားသည်။ မူ ၃-ပါးကိုရည်၍ မူလာနိ ယာနိ ကေတော ဥပ္ပဇ္ဇန္တိ နေ၀ဝိပါက နဝိပါက ဓမ္မဓမ္မမူလာနိ ဟု ၂-ဘက်ရ အလျှင်ထုတ်။ အကျန်ကို အဝသေသာ နေ၀ ဝိပါက န ဝိပါက ဓမ္မဓမ္မ မူလာ သဟဇာတာ ဓမ္မာ ဟု တဘက်ရ နောက်မှထုတ်၊ ပဋိလောမ၌ အာမန္တာ၊ မူ ၃-ပါးရ၏။ (ဆိုခဲ့ပြီးသည်တို့ကို လေ့လာထောက်သား စဉ်းစား၍ အဖြေဝိဘင်း ထုတ်ရာ၌ ရုပ်သက်သက်ကို ထုတ်လိုလျှင် သမုဋ္ဌာနံ ရူပံ ဟု ထုတ်ရ၏။ ရုပ်+နာမ် အစရာထုက်လို

လျှင် မူလသဟဇာတအာ ဓမ္မာ ဟု ထုတ်ရ၏ဟု အထူး သတိပြုရာ၏)။

ဤ တိက်၌(ဃ)နာမပဒ တည်ခင်းသော တရားတို့မှာ ကုသလတိက်အတိုင်း စိတ်+စေ+နိဗ္ဗာန်တို့ကို တည်ခင်း၏။ မူလအရ၌ တိက်ပုဒ်သို့ လိုက်၍ ပထမပုဒ် မူ ၃=ပါး၊ ဒုတိယပုဒ် မူ ၆-တတိယပုဒ်မူ ၃-ပါးကိုရှု၍ ဒွါဒသေဝ ဟု ထုတ်ရသည်သာ ထူး၏။ အကြွင်း ကုသလတိက်နှင့် တူ၏။

ဝိပါကတိက် ပြီး၏။

## ၄။ ဥပါဒိန္နတိက် (က) ပထမပဒ

### ၁။ မူလယမက

အနု၌ တိက်ပုဒ်အရ လောကီဝိပါက်စိတ် ၃၂+စေ-၃၅၊ ကမ္မဇရုပ် ၂၀-တို့ကို တည်ခင်းထား၏။ မူ ၃-ပါး ဖြစ်၍ တီဏေဝ ဟု ၂ ဘက်ရ၊ အဝသေသာ ဟု တဘက် ရ ထုတ်။ ပဋိ၌ အာမန္တာ၊ အရကောက်လွယ်၏။

### ၂။ ကေမူလ ယမက

အနု၌ တိက်ပုဒ်အရအတိုင်း တည်ထားသည်။ ထို၌ ကမ္မဇရုပ်အားလုံး ပါဝင်နေ၍ ပဉ္စာန်းညာဏ်မျက်စိဖြင့် (က)သဟိတ် ပဋိသန္ဓေ ကမ္မဇရုပ်+(ခ)အဟိတ်ပဋိသန္ဓေ ကမ္မဇရုပ်+(ဂ)အသညသတ် ကမ္မဇရုပ်+ဃ ပဝတ္တိကမ္မဇရုပ်+ဟု ၄ အား။ က- အစုသည် သဟေတု ကေမူလ

ဟေတုပစ္စယပွန်၊ ကျန် ၃ စုသည် အဟေတုက ဟေတု
ပစ္စနိက် ဖြစ်သည်ကို သတိပြု၍ အဟေတုကံဟု တဘက်ရ
+သဟေတုကံဟု ၂ ဘက်ရ ထုတ်၊ ဝိဘင်းအဖြောင့်၊ အရ
ကောက်လွယ်ပြီ။ ပဋိုဥ္ဇ လောကီသဟိတ်ဝိပါက် နာမက္ခန္ဓာ
+ဝှင်းပြုအပ်သော စိတ္တဇရုပ်+သဟိတ်ပဋိသန္ဓေ+ကမ္မဇ
ရုပ်တို့ကို တည်ခင်းထားသည်၊ သဟိတ်စိတ္တဇရုပ်ကိုရည်၍
ဥပါဒိဏ္ဏုပါဒါနိယသဗ္ဗဋ္ဌာနံ ရူပံ ဟု တစ်ဘက်ရ ထုတ်၊
အကျန်ကို ဥပါဒိဏ္ဏုပါဒါနိယံ ဟု ၂ ဘက်ရထုတ်။

## ၃။ အညမည် မူလယမက

အနုဉ္ဇ ယခင် ပဋိလောမ ဆန္ဒိဋ္ဌာန်ကိုပင် တည်ခင်း
ထားသည်။ လောကီသဟိတ်ဝိပါက်၌ရှိသော မူ ၃ ပါး
ကိုရည်၍ မူလာနိ ယာနိ ကေတော ဥပ္ပဇ္ဇန္တိ ဥပါဒိဏ္ဏု
ပါဒါနိယ မူလာနိဟု ၂းဘက်ရ၊ အကျန်ကိုအဝသေသာ
ဥပါဒိဏ္ဏုပါဒါနိယ မူလသဟဇာတာ ဓမ္မာ ဟု တစ်ဘက်
ရထုတ်။ ပဋိုဥ္ဇ အာမန္တာ။ မူ ၃ ပါးကောက်။

## (ခ) ဒုတိယပဒ (၁) မူလယမက

အနုဉ္ဇ မာတိကာတိက်ပုဒ်အရ ဖြစ်သော အကုသိုလ်
စိတ် ၁၂+လောကီ ကုသိုလ် ၁၇+ကြိယာစိတ် ၂၀+စေ
၅၂ + စိတ္တဇရုပ် + ဥတုဇရုပ် + အာဟာရဇရုပ် တို့ကို
တည်ထားသည် ။(စိတ္တဇ ရုပ်လည်း ပါဝင်နေသည်ကို
ကြိုတင်၍ သိရှိထားပါ)။ မူ ၆ ပါးကိုရည်၍ ဆဋ္ဌေဝ
ဟု ၂-ဘက်ရထုတ်။အကျန်ကို အဝသေသာဟု တစ်ဘက်
ရထုတ်။ ပဋိုဥ္ဇ အာမန္တာ။ မူ ၆ ပါးကောက်လေ။

## ၂။ ကေမူလယမက

အနု၌ မာတိကာတိက်ပုဒ်အရအတိုင်း ကည်ခင်းထား သည်။ ၎င်း၌ (က) အဟိတ်ကြိယာစိတ် ၃+စေ ၁၂+ မောဟမူဒွေ၌ မောဟ + အဟိတ် ကြိယာ ပြုအပ်သော စိတ္တဇရုပ်နှင့် ဝိပါက်ပြုအပ်သော စိတ္တဇရုပ်+ဥတုဇရုပ်+ အာဟာရဇရုပ်တို့ကို အ ဟေတုက အနုပါဒိဏ္ဏုပါဒါ နိယ ဟု မှတ်၍ထား၊ (ခ) အကုသိုလ်စိတ် ၁၂+လောကီ ကုသိုလ် ၁၇ + သဟိတ်ကြိယာစိတ် ၁၇ + (မောဟမူ၌ မောဟကြဉ်) စေ၊ ၅၂+ကု-အကု-သဟိတ် ကြိယာတို့ပြု အပ်သော စိတ္တဇရုပ်- ဤ တရားတို့ကို သ ဟေတုက အနုပါဒိဏ္ဏုပါဒါနိယ ဟု မှတ်၍ ထားပြီးလျှင် က- အရ တရားကို အဟေတုကံ အနုပါဒိဏ္ဏုပါဒါနိယံ ဟု တစ်ဘက်ရထုတ်။ ခ- အရ တရားကို သ ဟေတုကံ အနုပါဒိဏ္ဏုပါဒါနိယံ ဟု ၂-ဘက်ရထုတ်။ ပဋိ၌ အာ မန္တာ၊ ယခင် ၂-ဘက်ရကိုပင် ကောက်လေ။

## ၃။ အညမည်မူလယမက

အနု၌ ယခင် ၂-ဘက်ရ တရားကိုပင် တည်ခင်းထား သည်၊ (မောဟမူ၌ မောဟ ကြဉ်သော) မူ ၆-ပါးကို ရည်၍ မူလာနိ ယာနိ စသည် ၂-ဘက်ရထုတ်၊ အကျန် ကိုရည်၍ အဝသေသာ အနုပါဒိဏ္ဏုပါဒါနိယ မူလ သဟဇာတာ ဓမ္မာ ဟု တဘက်ရထုတ်၊ ပဋိ၌ အာမန္တာ။ ယခင် ၂-ဘက်ရ မူ ၆-ပါးကို ကောက်လေ။

## (ဂ) တတိယပဒ (၁) မူလ ယမက

အနုလုံ မာတိကာအတိုင်း လောကုတ္တရာစိတ် ၈-ပါး+စေ-၃၆ ပါး၊ နိဗ္ဗာန်တို့ကို ဖော်ထားသည်။ မူ ၃-ပါးကိုရည်၍ တီဏေဝ ဟု ၂-ဘက်ရ၊ အကျန်ကို အစသေသာ အနုပါဒိန္နာအနုပါဒါနိယာဟု တစ်ဘက်ရထုတ်၊ ပဋိလုံ အာမန္တာ၊ မူ ၃-ပါးကောက်။

### ၂။ ကေမူလ ယမက

အနုလုံ နိဗ္ဗာန်ကိုရည်၍ အ ဟေတုကံ ဟု တစ်ဘက်ရထုတ်၊ လောကုတ္တရာစိတ် ၈+စေ ၃၆-ပါးတို့ကို ရည်၍ သ ဟေတုကံ ဟု ၂-ဘက်ရထုတ်၊ ('နိဗ္ဗာန်သည် ဟေတုပစ္စယုပ္ပန်မဟုတ်သောကြောင့် အ ဟေတုက မည်ရလေသည်)။

ပဋိလုံ (က) လောကုတ္တရာစိတ်+စေတသိက်နှင့် (ခ) ၎င်းတို့ပြုအပ်သော စိတ္တဇရုပ်ကို တည်ခင်းထားသည်။ ခ-ကိုရည်၍ အနုပါဒိန္နာအနုပါဒါနိယ သမုဋ္ဌာနံ ရုပ်ဟု တစ်ဘက်ရ၊ က- ကိုရည်၍ အနုပါဒိန္နာအနုပါဒါနိယံ ဟု ၂-ဘက်ရထုတ်။

### ၃။ အညမညမူလယမက

အနုလုံ လောကုတ္တရာစိတ်+စေတသိက်နှင့် ၎င်းပြုအပ်သော စိတ္တဇရုပ်ကို တည်ခင်းထားသည်။ မူ ၃-ပါးကို ရည်၍ မူလာနိ ယာနိ ဧကတော ဥပ္ပဇ္ဇန္တိ အနုပါဒိန္နာအနုပါဒါနိယမူလာနိ ဟု ၂-ဘက်ရကို အလျင်ထုတ်၊ အကျန်ကို အစသေသာ အနုပါဒိန္နာ အနုပါဒါနိယ

မူလသဟဇာတ ဓမ္မာဟု တစ်ဘက်ရထုတ်၊ ပဋိုဉ်အာမန္တာ မူ၊ ၃-ပါးကောက်။

## (ဃ) နာမပဒ

(ဤ တိက် နာမပဒအရ တရားလည်း ကုသလတိက် ကဲ့သို့ပင် စိတ် ၈၉+ရေ ၅၂+နိဗ္ဗာန်ပင်တည်း။ မူလအရ မှာသာ တိက်ပုဒ်အရသို့ လိုက်၍ ဒွါဒသေဝဟု ထုတ်ရ သည်သာ ထူး၏။ အကြွင်း နားလည်လောက်ပြီ၊ စဉ်းစား ဟောနိုင်လောက်လေပြီ)။

## ဥပါဒိန္နတိတ် ပြီး၏။

## (၅) သံကိလိဋ္ဌတိက်၊ (က) ပထမပဒ

(ဤတိက် ပဌမပုဒ်ကို ကုသလတိက် ဒုတိယပုဒ် အတိုင်း ဟောလေ၊ အကုသလနေရာ၌ သံကိလိဋ္ဌ သံကိလေသိက ဟု ဆိုရုံသာ ထူး၏)။

## (ခ) ဒုတိယပဒ (၁) မူလယမက

လောကီကုသိုလ်+လောကီဝိပါက်+ကြိယာတို့နှင့် စေ ၃၈၊ ရုပ် ၂၈-တို့ကို သန္နိဋ္ဌာန် တည်ခင်းထားသည်။ မူ-၃-ပါးကိုရည်၍ ဟိဓေဟ ဟု ၂-ဘက်ရ၊ ကျန် တရား တို့ကိုရည်၍ အဝဒသသာ ဟု တစ်ဘက်ရထုတ်၊ ပဋိုဉ် အာမန္တာ၊ မူ ၃-ပါး ကောက်။

## (၂) ကေမူလ ယမက

အနုဋ္ဌ မာတိကာအတိုင်း တည်ခင်းထားသည်။ ၎င်း တို့၌ (က) အဟိက်ဝိပါက် အဟိတ်ကြိယာ နာမက္ခန္ဓာ-

၎င်းတို့ပြုအပ်သော အဟိတ်စိတ္တဇရုပ်, အဟိတ်ပဋိသန္ဓေ နှစ်ခုနှင့် ယထာရဟအတူ ဥပါဒ်သော အဟိတ် ပဋိသန္ဓေ ကမ္မဇရုပ်, ဗာဟိရရုပ်, အာဟာရဇရုပ်, ဥတုဇရုပ်, အသညသတ် ကမ္မဇရုပ်, ပဝတ္တိကမ္မဇရုပ် တို့ကို အဟေတုက ဟုမှတ်၍ထား၊ (ခ) လောကီကုသိုလ်, လောကီ သဟိတ်ဝိပါက်, သဟိတ်ကြိယာ နာမက္ခန္ဓာနှင့် ၎င်းတို့ ပြုအပ်သောသဟိတ်စိတ္တဇရုပ်, သဟိတ်ပဋိသန္ဓေကမ္မဇရုပ် တို့ကို သဟေတုက ဟု မှတ်၍ထားပြီးလျှင် အ ဟေတုကံ ဟု တစ် ဘက် ရ၊ သ ဟေတုကံ ဟု ၂-ဘက်ရ ထုတ်၊ (၊အဟေတုကအရ၌ လောကုတ္တရာစိတ်, အကုသိုလ်စိတ်တို့ ပြုအပ်သော စိတ္တဇရုပ်ကိုလည်း ထည့်လေ)။ ပဋိ၌ အာ မန္တာ၊ ယခင် ၂-ဘက်ရကို ကောက်။

## ၃။ အညမညမူလ ယမက

### ရှေးနည်းမှ၍ ဟောတတ်လောက်ပြီ။

## (ဂ) တတိယ ပဒ

(ဤတိက် တတိယပဒသည် ဥပါဒိန္နတိက် တတိယပဒ နှင့် အလုံးစုံ တူ၏။ အနုပါဒိန္န အနုပါဒါနိယ နေရာ၌ တိက်-ပုဒ်အရသို့ လိုက်၍ အသံကိလိဋ္ဌ အသံကိလေသိက ဟု ဆိုရုံသာ ထူး၏။)

# (ဃ) နာမပဒ

(ဤတိက် နာမပဒသည် ကုသလတိက် နာမပဒနှင့် အလုံးစုံ တူ၏။)

သံကိလိဋ္ဌတိက် ပြီး၏။

## (၆) သဝိတက္ကတိက် (က) ပဌမ ပဒ

### (၁) မူလယမက

အနုဋ္ဌ မာတိကာအတိုင်း သဝိတက္က သဝိစာရစိတ် ၅၅-ဝိတက် ဝိစာရကြဉ်သော စေ-၅၀ တို့ကို တည်ခင်းထားသည်။ ထိုဝယ် ၅၅-ပါးသောစိတ်တို့၌ ဝိတက် ဝိစာရ ယှဉ်သော်လည်း ဝိတက်+ဝိစာရတို့နှင့် ယှဉ်သောတရားဟု ဆိုလိုသောကြောင့် ၎င်းတို့နှစ်ပါးကို ကြဉ်ရသည်။ ထိုဝိတက်-ဝိစာရတို့တွင် ဝိတက် ၅၅-ပါးသည် ဒုတိယပဒ်၌ဝင်၍ ဝိစာရ ၅-ပါးတို့သည် တိက်မှတ်ဖြစ်၍ နေသည်ကို သတိရှိထားရာ၏။ အတည်အခင်းတရား၌ မူ ၆-ပါးကို အာရုံပြု၍ သဒ္ဒေဝ ဟု ၂ ဘက်ရ၊ အကျန်ကို အဝသေသာ ဟု တစ်ဘက်ရထုတ်။ ပဋိ၌ အာမန္တာ၊ မူ ၆-ပါးကောက်။

### (၂) ဧကမူလယမက

အနုဋ္ဌ မာတိကာ အတိုင်း တည်ခင်းထားသည်၊ ထိုတွင် (က) အဟိတ်သဝိတက္ကသဝိစာရစိတ် ၈-၄၈ ၁၂-မောဟမူဒွေ၌ မောဟတို့ကို အဟေတုက ဟု မှတ်၍ထား။

(ခ) သဟိတ်သဝိတက္က သဝိစာရစိတ် ၄၇-ပါး၊ စေ ၅၀ တို့ကို သမ္ပယုတ္တကဟု မှတ်၍ထားပြီးပြီးလျှင် အဟေတု ကံ သဝိတက္ကသဝိစာရံ ဟု ၂ ဘက်ရထုတ်လေ။ ပဋိ၌ (က) သဟိတ်ဝိတက် ၄၇=သဟိတ်ဝိစာရ ၄၇၊ (ခ) သဟိတ်သဝိတက္က သဝိစာရစိတ် ၄၇၊ (ဝိတက်ဝိစာရ၊ မောဟမူ ဒွေ၌ မောဟကြဉ်) စေ=၅၀၊ (ဂ) ပဋ္ဌဝေါ ကာရဘုံ၌ ဖြစ်သောအခါ သဟိတ်သဝိတက္ကသဝိစာရ နာမက္ခန္ဓာတို့ ယထာရဟပြုအပ်သော သဟိတ်စိတ္တဇရုပ် သဟိတ်သဝိတက္ကသဝိစာရ ပဋိသန္ဓေ ၆=ခုတို့နှင့် ယထာ ရဟအတူဥပါဒ်သော သဟိတ်ပဋိသန္ဓေ ကမ္မဇရုပ်တို့ကို တည်ခင်းထားသည်။ က-နှင့် ဂ-အရကို အာရုံပြု၍ ဝိဘင်္ဂေ စ ဝိစာရေ စ သဝိတက္ကသဝိစာရသမုဋ္ဌာနဉ္စ ရူပံ ဟု တဘက်ရထုတ်၊ ခ-အရကို အာရုံပြု၍ သဝိ- တက္ကသဝိစာရံ ဟု ၂-ဘက်ရထုတ်။

## (၃) အညမည မူလယမက

အနုလ်၌ ယခင် ပဋိလောမ အတည်အခင်းများကိုပင် တည်ခင်းထားသည်။ ၎င်းဝယ် 'မောဟမူဒွေ၌ မောဟ ကြဉ်သော' မူ ၆-ပါးကို အာရုံပြု၍ မူလာနိ ယာနိ ဧကတော ဥပ္ပဇ္ဇန္တိ သဝိတက္က သဝိစာရမူလာနိ ဟု ၂- ဘက်ရ၊ အကျန် ၃-စုကို အာရုံပြု၍ အဝသေသာ သ ဝိတက္ကသဝိစာရ မူလသဟဇာတာ ဓမ္မာ ဟု တစ်ဘက်ရ ဆိုလေ။

## (ခ) ဒုတိယပဒ (၁) မူလယမက

အနုဋ္ဌ မာတိကာအတိုင်း ဒုတိယစျာန်စိတ် ၁၁-'ဝိတက်ဝိစာရ ကြဉ်သော' စေ ၃၆၊ သဝိတက္က သဝိစာရစိတ် ၅၅-ခုဋ္ဌ ရှိသော ဝိတက် ၅၅-ခုတို့ကို တည်ခင်းထားသည်။ အလောဘ, အဒေါသ, အမောဟ, မူ ၃-ပါးကို အာရုံပြု၍ တိကောဂ ဟု ၂-ဘက်ရ၊ အကျန်ကို အဝသေသာ ဟု တစ်ဘက်ရထုတ်၊ ပဋိဋ္ဌ မာမန္တာ။ မူ ၃-ပါးကောက်။

### ၂။ ကောမူလယမက

အနုဋ္ဌမာတိကာအတိုင်း တည်ခင်းထားသည်။ ထိုတွင် ဝိတက် ၅၅-တို့ကို အဟေတုက ဟု မှတ်၍ထား၊ ဒုစျာန် ၁၁၊ စေ ၃၆ တို့ကို သဟေတုက ဟု မှတ်၍ထား၊ အဟေတုကံ အဝိတက္ကဝိစာရမတ္တံ ဟု တစ်ဘက်ရ၊ သဟေတုကံ အဝိတက္ကဝိစာရမတ္တံ ဟု ၂-ဘက်ရ ထုတ်ပေ။ (ဝိတက် ၅၅-တို့သည် ဒုတိယစျာန်စိတ်ဋ္ဌ ရှိသော အလော + အဒေါ + အမော + ဟေတုပစ္စည်းတို့၏ ပစ္စယုပ္ပန် မဟုတ်သောကြောင့် အဟေတုက အဝိတက္က ဝိစာရမတ္တ မည်ကြလေသည်)။

မဋ္ဌိဋ္ဌ (က) ဒုတိယစျာန်စိတ် ၁၁-ဋ္ဌရှိသော 'တိက်မုတ်ပါ' ဝိစာရ ၁၁+(ခ)ဒုစျာန်စိတ် ၁၁+'ဝိတက်ဝိစာရကြဉ်'စေ ၃၆+ (ဂ) ပဉ္စဒွါရာရုံဋ္ဌ ဖြစ်သော အခါ အဝိတက္ကဝိစာရမတ္တစိတ် ၁၁-ခုတို့ (ဒု-စျာန်စိတ် ၁၁-ခုတို့) ယထာရဟ ပြုအပ်သော စိတ္တဇရုပ် အဝိတက္က ဝိစာရမတ္တ ပဋိသန္ဓေ (ဒုတိယစျာန် ပဋိသန္ဓေ) စိတ်

တစ်ခုနှင့် အတူ ဥပါဒ်သော ပဋိသန္ဓေ ကမ္မဇရုပ်တို့ကို သန္နိဋ္ဌာန် တည်ခင်းထားသည်။ က-နှင့် ဂ-တရားတို့ကို ရည်၍ ဝိစာရော စ အဝိတက္ကဝိစာရမတ္တာ သမုဋ္ဌာနဋ္ဌရုပ်ဟု တစ်ဘက်ရထုတ်၊ ခ— အရတရားတို့ကိုရည်၍ အဝိတက္ကဝိစာရမတ္တံ ဟု ၂-ဘက်ရထုတ်။

## ၃။ အညမညမူလယမက

အနုဋ္ဌ ယခင် ပဋိလောမ တရားသုံးခုကိုပင် သန္နိဋ္ဌာန် တည်ခင်းထားသည်။ ထို၌ မူ ၃-ပါးကိုရည်၍ မူလာနိ ယာနိ ကေတော ဥပ္ပဇ္ဇန္တိ အဝိတက္ကဝိစာရမတ္တာ မူလာနိ ဟု ၂-ဘက်ရထုတ်၊ ကျန်တရား သုံးခုကိုရည်၍ အဝသေသာ အဝိတက္ကဝိစာရမတ္တာ မူလသဟဇာတာ ဓမ္မာ ဟု တစ်ဘက်ရထုတ်၊ ပဋိ၌ အာမန္တာ၊ မူသုံးပါးကိုကောက်။

## (ဂ,) တတိယပဒ (၁) မူလယမက

အနုဋ္ဌ မာတိကာအတိုင်း အဝိတက္ကအဝိစာရစိတ် ၅၅ 'ဝိတက်+ဝိစာရကြဉ်' စေ ၃၆+ဒွေပဉ္စဝိညာဉ် ၁၀-၌ ရှိသော ဝိစာ ၁၁+ရုပ် ၂၈+နိဗ္ဗာန်တို့ကို သန္နိဋ္ဌာန် တည်ခင်းထားသည်။ မူ ၃ ခုကိုရည်၍ တီဏေဝ ဟု ၂-ဘက်ရ၊ အကျန်ကို အဝသေသာ ဟု တစ်ဘက်ရထုတ်။ ပဋိ၌ အာမန္တာ။ မူ ၃-ပါးကို ကောက်။

## ၂။ ကေမူလ ယမက

အနုဋ္ဌ ယခင် မာတိကာတရားအတိုင်း တည်ခင်းထားသည်။ ထိုတွင် ဒွေပဉ္စဝိညာဉ် ၁၀+သဗ္ဗစိတ္တသာဓာရဏ စေ ၇-ပါး+ဒုဗျာန်စိတ် ၁၁-၌ ရှိသော ဝိစာရ ၁၁+

ပဋ္ဌဝေါကာရဘုံ၌ ဖြစ်သောအခါ သဝိတက္က သဝိစာရ စိတ် အဝိတက္က ဝိစာရမတ္တစိတ်တို့သည် ယထာရဟပြု အပ်သော စိတ္တဇရုပ်+သဝိတက္က သဝိစာရ ပဋိသန္ဓေစိတ် ၁၁-ပါး၊ အဝိတက္ကဝိစာရမတ္တ ပဋိသန္ဓေစိတ် တစ်ပါးတို့နှင့် ယထာရဟ အတူဥပါဒ်သော ပဋိသန္ဓေကမ္မဇရုပ်+ ဗာဟိရရုပ်+ အာဟာရဇရုပ်+ ဥတုဇရုပ်+ အသညသတ် ကမ္မဇရုပ်+ပဝတ္တိ ကမ္မဇရုပ်+ နိဗ္ဗာန်တို့ကို အဟေတုကဟု မှတ်၍ထား၊ သဟိတ် အဝိတက္က အဝိစာရ ၄၅၊ စေ ၃၆၊ ပဋ္ဌဝေါကာရဘုံ၌ ဖြစ်သောအခါ 'အရူပဝိပါက် ၄-ခု၊ ရဟန္တာတို့၏ စုတိကြဉ်သော' သဟိတ် စိတ္တဇရုပ်, တတိယ ဈာန်, စတုတ္ထဈာန်, ရူပ ပဋ္ဌမဈာန် 'ဒွေ ဝိတက္က အဝိစာရ' ပဋိသန္ဓေစိတ် သုံးခုတို့နှင့် အတူဥပါဒ်သော ပဋိသန္ဓေ ကမ္မဇရုပ်၊ ဤတရားတို့ကို သဟေတုက ဟု မှတ်၍ထား ပြီးလျှင် အဟေတုကံ အဝိတက္က အဝိစာရံ ဟု တစ်ဘက်ရ၊ သဟေတုကံ အဝိတက္က အဝိစာရံ ဟု ၂-ဘက်ရ ထုတ်။ ပဋိ၌ အာမန္တာ၊ ယခင် ၂-ဘက်ရ 'သဟေတုတရား'ကို ပင်ကောက်။

## ၃။ အညမည မူလယမက

အနု၌ ယခင် ၂-ဘက်ရ (သဟေတုက) တရားကိုပင် သန္နိဋ္ဌာန် တည်ခင်းထားသည်။ အဝိတက္က အဝိစာရ မူ ၃ ပါးကိုရည်၍ မူလာနိ ယာနိ ကေတော ဥပ္ပဇ္ဇန္တိ အဝိတက္က အဝိစာရ မူလာနိဟု ၂-ဘက်ရ၊ အကျန်ကို အဝသေသာ အဝိတက္က အဝိစာရမူလသဟဇာတာ ဓမ္မာ ဟု တစ်ဘက် ဗတ်၊ ပဋိ၌ အာမန္တာ မူ၊ ၃-ပါးကို ကောက်။

## (ဃ) နာမပဒ

ဤတိက်နာမပဒ၌ စိတ် ၁၂၁+(သဝိတက္က သဝိစာရ ၅၅-၌ ရှိသော ဝိစာရ ၅၅-ခု ကြဉ်သော) စေ ၅၂+ နိဗ္ဗာန် ဤတရားတို့ကို မာတိကာ သဘော တည်ခင်းထားသည်၊ တိက်ပုဒ်သို့လိုက်၍ မူ ၁၂-ပါးရှိသည်။ ဒွါဒသဝ ဟု ထုတ်၊ ကေမူလယမက အနုဌ် အဟေတုကံ နာမံ၊ သဟေတုကံ နာမံ ဟု ဝိဘင်းထုတ်။ အဟိတ်စိတ် ၁၁+မောဟမူဒွေ၌ မောဟ+နိဗ္ဗာန်ကို အဟေတုက အရကောက်၊ သဟိတ်စိတ် ၇၁+'မောဟမူဒွေ၌မောဟ+ဝိစာရ ၅၅-ကြဉ်' စေ၅၂ တို့ကို သဟေတုက နာမအရကောက်။ ပဋ္ဌိ သဟိတ်စိတ် + စေတသိက် ၎င်းတို့ ပြုအပ်သော သဟိတ် စိတ္တဇရုပ် သဟိတ် ပဋိသန္ဓေကမ္မဇရုပ်တို့ကို တည်ခင်း၍ ၂-မျိုးကို နာမသမုဋ္ဌာနံ ရုပံ ဟု တစ်ဘက်ရ၊ အကျန်ကို နာမံ ဟု ၂-ဘက်ရထုတ်၊ အကြွင်း ကုသလ တိက် နာမပဒနှင့်တူ၏၊ အညမညမူ ၁၂-ပါး ဆိုရိုးသာ ထူး၏။

### ဝိတက္ကတိက်ပြီး၏။

ယမုက် အဘိဓမ္မာ စာတော်သင် ပညာ ရှင် တို့....။ ဤမျှ ၆-တိက်ခလောက်ကို စိပ်စိပ်စေ့စေ့၊ တွေးဆင်ခြင်၍ မှတ်မိလျှင် နောက်တိက်တို့၌လည်း လွယ်ကူ၍သွားပါလိမ့်မည်၊ ၆-တိက်ခလောက်ကို စိတ်မပျက်ဘဲ ဟောဖို့ အရေးကြီးပါသည်၊ အခြေအနေပေး၍ အကြောင်း ညီညွတ်လျှင် တိက်ကုန်+ဒုက်ကုန် ရေးသား လက်ဆောင်

ပါးရန် ဆန္ဒပြင်းပြလျက်ရှိပါသည်။ ဤမှ နောက်ထူးအံ့သော တိက်+ဒုက်တို့ကို ပြိုးပြွမ်းမျှ ဖော်ပြပေအံ့။

တိက်တိုင်း ဒုက်တိုင်းမှာပင် (၁) မူလယမက၊ (၂) ကေမူလယမက၊ အနုလောမ အတည်အခင်း တရားကို ကား မာတိကာအတိုင်း ရှိမြဲဖြစ်သည်။ ထိုအတည်အခင်း (မာတိကာလာ) တရားတို့ အထဲမှ (၁) မူလယမက အတွက် မူလတရား (ဟေတုပစ္စည်းတရား) ရှိ မရှိ(ဖြစ်နိုင်-မဖြစ်နိုင်)တို့ကို စိစစ်၍ ရှိလျှင် အဖြေဝိဘင်းထုတ်ရပါမည်။ မရှိလျှင် (အတည်အခင်း တရားထဲ၌ ဟေတုပစ္စည်းတရား မူလတရားမပါခဲ့လျှင်)'နော'ဟု ပဋိသေဓဝိသဇ္ဇနာ ဖြေရပါမည်။ ထို ယမက ၂-ပါးတို့၌ ပဋိလောမ အတည်အခင်းတရားကား ရကောင်းသည်လည်း ရှိသည်၊ မရကောင်းသည်လည်း ရှိသည်။ ရကောင်းလျှင် သံသယ ပုဒ်အရ ဖြစ်သင့်-မဖြစ်သင့်ကို စိစစ်၍ ဖြေရပါမည်။ မရကောင်းလျှင် 'နတ္ထိ'ဟု ပဋိက္ခေပ ဝိသဇ္ဇနာဖြင့် ဖြေရပါမည်၊ စစ်ကြည့်ကြစို့။

## ၂၂-သနိဒဿနတိက်

ပဌမပုဒ် ဆိုကြပါစို့၊ ထိုပုဒ်၌ တိက်ပုဒ်အရကား ရူပါရုံသည်း။ ၎င်းသည် တိက်ပုဒ်အရ သနိဒဿန သပ္ပဋိဃသော်လားမည်၏၊ ဟေတုပစ္စည်းတရား (မူလတရား) မဟုတ်သောကြောင့်

(၁) မူလယမကအနုလောမ၌ 'နော'ဟု ဖြေရသည်၊ ထိုယမကပဋိလောမ၌ သနိဒဿန သပ္ပဋိဃ မူလတရားကိုယ်၌က မရှိသောကြောင့်(အတည်အခင်းတရား သန္နိဋ္ဌာန်တရား မရှိသောကြောင့်)'နတ္ထိ'ဟု ဖြေရ၏။

(၂) ဇော မူလယမက အနုဥ္စလည်း 'နော'ဟု ဖြေရပါမည်။ ပဋိဥ္စကား သနိဒဿန သပ္ပဋိဃ မူလတရား (ဟေတုပစ္စည်းတရား) ကိုယ်ဥ္စက မရှိသဖြင့် လည်းကောင်း၊ ဇောမူလတရား(ဟေတုပစ္စယုပ္ပန်တရား)လည်း မရှိသောကြောင့် သန္နိဋ္ဌာန်အရကပင် မရှိရကား 'နတ္ထိ'ဟု ဖြေရပါမည်။

၃။ အညမည မူလယမကဥ္စ အနုလောမ+ပဋိလောမ ၂-ဘက်လုံးဥ္စပင် 'နတ္ထိ'ချည်း ဖြေရပါမည်။ ထိုတိက် ဒုတိယပုဒ်ဥ္စလည်း ပထမပုဒ်အတူတည်း၊သနိဒဿနတိက် နည်းတူပင်၊ သနိဒဿနဒုက် ပထမပုဒ် + သပ္ပဋိဃဒုက် ပထမပုဒ်တို့ဥ္စလည်း မူလယမက၊ ဇော မူလယမကတို့ဥ္စ အနုလောမဝယ်'နော'ဟု၊ပဋိလောမဝယ်'နတ္ထိ'ဟုဖြေ၍ အညမည မူလယမကဥ္စကား'နတ္ထိ'ချည်း ဖြေရပါမည်၊ ရုပ်ချည်းသက်သက်ရသော တိက်ပုဒ်+ဒုက်ပုဒ်တို့နည်းတူ နိဗ္ဗာန်ချည်း သက်သက်ရသော အပ္ပစ္စယ ပဒ+အသင်္ခတ ပဒတို့ဥ္စလည်း မူလယမက ဇောမူလ ယမကတို့ဥ္စ အနုလောမဝယ်'နော'၊ ပဋိလောမဝယ်'နတ္ထိ'။ အညမည မူလ ယမကဥ္စ 'နတ္ထိ'ချည်း ဖြေဆိုရပါမည်။

ရုပ်ချည်းသက်သက် နိဗ္ဗာန်ချည်း သက်သက်ရသော တိက်ပုဒ်+ ဒုက်ပုဒ်တွင်သာ မဟုတ်သေး၊ အချို့သော ဒုက်ပုဒ်တို့ဥ္စ နာမ်တရားကိုပင် ရသော်လည်း ထိုဒုက်ပုဒ် အရ နာမ်တရားတို့ဥ္စ မူလတရား (ဟေတုပစ္စည်းတရား) မပါသည်လည်း ရှိသေး၏။ ဥပမာ-နဟေတူ ဓမ္မာပုဒ်+ အဟေတုကာ ဓမ္မာပုဒ်+ဟေတု ဝိပ္ပယုတ္တာ ဓမ္မာပုဒ်စသည် တို့သည် ထိုပုဒ်တို့ဥ္စ ဟိတ်တရား၊ မူလတရား မပါရှိသော

ကြောင့် ထိုပုဒ်တို့၏ မူလယမက၊ ဧကမူလယမကတို့၌ အနုလောမဝယ် 'နော' ပဋိလောမဝယ် 'နတ္ထိ' အညမည မူလယမကဝယ် 'နတ္ထိ' ချည်း ဖြေရပါမည်။ ဟောကြည့်ပါလေ။ အဆုံး သရဏဒုက်ကို ဖော်ပြပေအံ့။

## (၂၁၀၀) သရဏဒုက်

ဤဒုက်၌ ပထမပုဒ်သည် တိက် အကုသလပဒနှင့် အလုံးစုံတူ၏။

### (ခ) ဒုတိယပဒ (၁) မူလယမက

အနု၌ ကု+ဝိပါက်+ကြိယာစိတ်များ+စေ ၃၈+ရုပ်-၂၈ + နိဗ္ဗာန်တို့ကို တည်ထားသည်။ မူသုံးပါးကိုရှု၍ တိဏောဝ ဟု ၂-ဘက်ရ၊ အကျန်ကို အဝဓေသသာ ဟု တစ်ဘက်ရထုတ်။ ပဋိ၌ အာမန္တာ၊ မူသုံးပါးရ၏။

### ၂။ ဧကမူလယမက

အနု၌ အဟိတ်စိတ် ၁၈+စေ ၁၂+အဟိတ်စိတ္တဇရုပ် အဟိတ်ပဋိသန္ဓေကမ္မဇရုပ် + ဗဟိရရုပ် + အာဟာရဇရုပ်+ဥတုဇရုပ်+အသညသတ်ကမ္မဇရုပ်+ပဝတ္တိကမ္မဇရုပ်၊ နိဗ္ဗာန်တို့ကို အဟေတုကံ အရဏံ ဟု တစ်ဘက်ရထုတ်၊ ကုသိုလ်သဟိတ်+ဝိပါက် သဟိတ်ကြိယာစိတ်များ + စေ-၃၈+ထိုစိတ်တို့ ပြုအပ်သော သဟိတ်စိတ္တဇရုပ်+သဟိတ်ပဋိသန္ဓေကမ္မဇရုပ်တို့ကို သဟေတုကံ အရဏံ ဟု ၂-ဘက်ရထုတ်၊ ပဋိ၌ အာမန္တာ၊ ယခင် ၂-ဘက်ရကို ကောက်။ (အဟေတုကံ အရဏံ အကုသိုလ် ပြုအပ်သော စိတ္တဇရုပ်ကိုလည်း ထည့်၍ ကောက်ပါ။)

## အညီမညီ မူလယမက

အနုဋ္ဌ ယခင် ၂-ဘက်ရကိုပင် တည်ခင်းထားသည်။ မူ ၃-ခုကိုရှု၍ မူလာနိ ယာနိ ကေတော ဥပ္ပဇ္ဇန္တိ အရဏာ မူလာနိ ဟု ၂-ဘက်ရ၊ အကျန်ကို အဝသေသာ အရဏာ မူလသဟဇာ ဓမ္မာ ဟု တစ်ဘက်ရထုတ်။ ပဋိလောမ၌ အာမန္တာ၊ မူ ၃-ကို ကောက်။

### (၁) နာမ ပဒ (၁) မူလယမက

အနုဋ္ဌ သရဏာမူ ၃ ပါး၊ အရဏာမူ ၃-ပါးတို့ကို ရှု၍ ဆခွေ့ဝ ဟု ၂-ဘက်ရထုတ်၊ စိတ် ၈၉+စေ ၄၆+နိဗ္ဗာန်တို့ကို ရှု၍ အဝသေသာ ဟု ၂-ဘက်ရထုတ်၊ ပဋိ၌ အာမန္တာ၊ မူ ၆-ပါးကောက်။

### (၂) ကေမူလ ယမက

အနုဋ္ဌ အဟိတ်စိတ် ၁၈+စေ ၁၂ + မောဟမူဒွေ၌ မောဟ နိဗ္ဗာန်တို့ကို ရှု၍ အဟေတုကံ နာမံ ဟု တစ်ဘက်ရထုတ်၊ သဟိတ်စိတ် ၇၁၊ မောဟမူဒွေ၌ မောဟကြဉ်သော စေ ၅၂-တို့ကို ရှု၍ သဟေတုကံ နာမံ ဟု ၂-ဘက်ရထုတ်၊ ပဋိ၌ သဟိတ်စိတ္တဇရုပ် + သဟိတ် ပဋိသန္ဓေကမ္မဇရုပ်တို့ကို ရှု၍ နာမ သမုဋ္ဌာနံ ရူပံ ဟု တစ်ဘက်ရထုတ်၊ သဟိတ်စိတ် ၇၁-'မောဟမူဒွေ၌ မောဟကြဉ်' စေ ၅၃ တို့ကို ရှု၍ နာမံ ဟု ၂-ဘက်ရထုတ်လေ။

### (၃) အညီမညီ မူလယမက

(ယခင် ကေမူလယမက ပဋိလောမ တစ်ဘက်ရရုပ် ၂ မျိုး ၂ဘက်ရ၊ စိတ်+စေတို့ကိုပင် တည်ခင်းထားသည်။

ဝါ-ဟောတုပစ္စယုပ္ပန် အားလုံးကို တစ်ခုချင်း ထားသည်။ 'မမာဟမှုဒွေ၌ မောဟကြဥ်သော' မူ ၆-ပါး၊(ဟိတ် ၆-ပါး)တို့ကို ရှု၍ မူလာနိ ယာနိ ကေတော ဥပ္ပဇ္ဇန္တိ နာမ မူလာနိ ကေမူလာနိ စေဝ + အညမညမူလာနိ စ ဟု ၂-ဘက်ရ အလျင်ထုတ်။ ကျန်သော ဟိတ် ၆-ပါး ကြဉ် သောဟောတုပစ္စယုပ္ပန်တရားတို့ကို ရှု၍အဝသေသာ နာမ မူလသဟဇာတာ ဓမ္မာ နာမမူလေန ကေမူလာ၊ န စ အညမညမူလာ ဟု တစ်ဘက်ရ နောက်မှထုတ်၊ ဝိဘင်း အကောက်တည်း။ ပဋ္ဌိလောမ၌ အာမန္တာ၊ မောဟ မူဒွေ၌ မောဟကြဉ်သော မူ ၆-ပါး ရ၏။

(၂၁၀၀) သရဏာဒုက် ပြီး၏။

ငွေရတု ယမကာ လက်ဆောင် စာတမ်းမှတစ်ဆင့် ဤမူကို မှတ်တမ်းတင်သည်။

ရွှေဘုံသာ
၁၃၄၁-ခု တော်သလင်း၊

❀

ရန်ကုန်မြို့၊ အဘိဓမ္မာပြန့်ပွားရေးအသင်း၏
၁၃၃၆-ခုနှစ် သီတင်းကျွတ်လပြည့်
၂၆-ခြောက်ကြိမ်မြောက် အဘိဓမ္မာ အခါတော်နေ့
အခမ်းအနားတွင်

တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ
အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ
မဟာထေရ် မြွက်ကြားသော

# သမ္မောဒနီယ ဩဝါဒကထာ

နမော ဗုဒ္ဓါယ

॥သိဒ္ဓမ်॥

အဘိဓမ္မာအသင်းဝင် သူတော်စင်အပေါင်း သူမြတ်လောင်းတို့။ မြတ်စွာဘုရား ဟောကြားတော်မူအပ်သော ပရိယတ္တိတရားတော်ကို ပိဋကအားဖြင့် ခွဲဝေလျှင်(က) ဝိနယပိဋက (ခ) သုတ္တန္တပိဋက (ဂ) အဘိဓမ္မာပိဋက ဟူ၍ သုံးပုံရှိလေရာ (က) ဝိနည်း ပိဋကတ်တော်သည် အဓိသီလသိက္ခာ သာသနာအား အထူးကျေးဇူးပြုသည်။ (ခ) သုတ္တန်ပိဋကတ်တော်သည် အဓိစိတ္တသိက္ခာ သမာဓိ

သာသနာအား အထူး ကျေးဇူးပြုသည်။ (ဂ)အဘိဓမ္မာ ပိဋကတ်တော်သည် အဓိပညာ သိက္ခာ သာသနာအား အထူးကျေးဇူးပြုသည်။ ထိုသို့ အဋ္ဌကထာ ဋီကာတို့ မိန့်မှာ ဖွင့်ပြချက်နှင့် အညီ ဤ ဖော်ပြ လတ္တံ့ သော မှတ်တမ်း ဂိတိ ဂါထာကို ရှေးဦးစွာ ရွတ်ဆို ကြည်ညို သဒ္ဓါတရား ပွားများကြစေလိုပါသည်။

(၁၂) ဝိနယော အာဒိသီလဿ၊
ဓမ္မော မဇ္ဈေ သမာဓိနော။
အဘိဓမ္မာ တု ပညာယ၊
ပစ္စယော ပါရိပူရိယာ။

သာဓဝေါ = အဘိဓမ္မာအသင်းဝင် သူ တော်စင် အပေါင်း သူမြတ်လောင်းတို့။ ဝိနယော=ဝိနည်းတွင်ခေါ် ပိဋကတ်တော်သည်။ အာဒိသီလဿ=သာသနာတော်၏ အစ သီလသိက္ခာ ကျင့်ဖွယ်ရာ၏။ ပါရိပူရိယာ=အရဟတ္တဖိုလ်ပေါက် ကျေးဇူးဆောက်ဖို့ အောင် မြောက်ကုံလုံ ပြည့်စုံရန် အလို့ငှာ။ ပစ္စယော=ဥပနိဿရည်း အားကြီး သော ပစ္စည်းကြောင်း မှန်လှပါပေ၏။ ဓမ္မော=ဓမ္မတွင်ခေါ် သုတ္တန်ပိဋကတ်တော်သည်။ မဇ္ဈေ သမာဓိနော = သာသနာတော်၏ အလယ် ကျင့်ဖွယ်မှန်ဘိ သမာဓိသိက္ခာ၏။ ပါရိပူရိယ=အရဟတ္တဖိုလ်ပေါက် ကျေးဇူးဆောက်ဖို့ အောင်မြောက်ကုံလုံ ပြည့်စုံရန် အလို့ငှာ။ ပစ္စယော= ဥပနိဿရည်း အားကြီးသော ပစ္စည်းကြောင်း မှန်လှပါပေ၏။ အဘိဓမ္မာ တု=အဘိဓမ္မာတွင်ခေါ် ပိဋကတ်တော် သည်ကား။ ပညာယ = သာသနာတော်၏ အဆုံး ကျင့်ဖွယ်ရာ အဓိပညာသိက္ခာ၏။ ပါရိပူရိယာ = အရဟတ္တ

ဖိုလ်ပေါက် ကျေးဇူးဆောက်ဖို့ အောင်မြောက် ကိုလို ပြည့်စုံရန်အလို့ငှာ။ ပစ္စယော=ဥပနိဿရည်း အားကြီး သောပစ္စည်းကေန် မှန်လှပါပေ၏။

အဘိဓမ္မာအသင်းဝင် သူတော်စင်အပေါင်း သူမြတ်လောင်းတို့။ မြတ်စွာဘုရားသည် ဝိနည်းပိဋကတ်တော်ကို မဟာကရုဏာပြဋ္ဌာန်း၍ ဟောကြားတော်မူကြောင်း အဘိဓမ္မာပိဋကတ်တော်ကို ပညာပြဋ္ဌာန်း၍ ဟောကြားတော်မူကြောင်း၊ သုတ္တန် ပိဋကတ်တော်ကို ကရုဏာ, ပညာ,နှစ်ပါး ပြဋ္ဌာန်း၍ ဟောကြားတော်မူကြောင်း အဋ္ဌကထာ+ဋီကာတို့၌ အခိုင်အမာ ဖွင့်ပြခဲ့လေသည်။ ထိုတွင် အဘိဓမ္မာပိဋကတ်ကို ဟောကြားတော်မူရာ၌ မြတ်စွာဘုရား၏ မဟာ ကရုဏာတော်သည် အခြေခံ နိဒါန်းဖြစ်ကြောင်း အထူး ဖွင့်ပြတော် မူကြပြန်သည်။ မြတ်စွာဘုရား၏ မဟာကရုဏာ သမာပတ္တိ အသာဓာ- ရဏဉာဏ်တော် ဖြစ်ပုံကိုလည်း ပဋိသမ္ဘိဒါမဂ် ပါဠိ တော်၌....

'ဗဟုကေဟိ အာကာရေဟိ ပဿန္တာနံ ဗုဒ္ဓါနံ ဘဂဝန္တာနံ သတ္တေသု မဟာကရုဏာ ဩက္ကမတိ။ အာ- ဒိတ္တော လောကသန္နိဝါသောတိ ပဿန္တာနံ ဗုဒ္ဓါနံ ဘဂဝန္တာနံ သတ္တေသု မဟာကရုဏာ ဩက္ကမတိ'

များစွာသော အခြင်းအရာတို့ဖြင့် သတ္တဝါတို့ ဒုက္ခ ရောက်ပုံ အလုံးစုံကို အကုန်သိမြင် ဘုရားရှင်သန္တာန်၌ သတ္တဝါတို့ အပေါ်ဝယ် ကြီးစွာသော မဟာကရုဏာ တော်သက်ဝင် ဖြစ်ရှိပေ၏။ 'ဤသတ္တဝါ ပေါင်းကို ရာဂါဒိမီး ဆယ့်တစ်မီးတို့ တညီးညီး တပြောင်ပြောင်

တောက်လေစင်၍ နေအပ်ဘိ တကား'ဟု ပိုင်းခြားထင်ထင် သိမြင်တော်မူကြသော ဘုရားရှင်တို့ သန္တာန်၌ သတ္တဝါတို့အပေါ်ဝယ် ကြီးစွာသော မဟာကရုဏာတော် သက်ဝင်ဖြစ်ရှိပေ၏။

ဤသို့ အစရှိသည်ဖြင့် ကြည်ညို၍ မဆုံးနိုင်ဖွယ်ရာ အခြင်းအရာပေါင်း တစ်ရာကျော်တို့ဖြင့် သတ္တဝါတို့အပေါ်ဝယ် ဘုရားရှင်တို့၏ မဟာကရုဏာတော် သက်ဝင်ဖြစ် ရှိတော်မူကြောင်း ဓမ္မသေနာပတိ သာရိပုတ္တရာ မထေရ်မြတ် ဟောကြားတော်မူအပ်ခဲ့လေသည်။

ထို့ပြင်လည်း မြတ်စွာဘုရားသခင်သည် နေ့စဉ်နေ့စဉ် မဟာကရုဏာသမာပတ်ကို အကြိမ်ပေါင်း ကုဋေတစ်သန်းနှစ်သိန်း ဝင်စားတော်မူကြောင်းနှင့် နှစ်ရပ်ပေါင်း ထိုကုဋေ နှစ်သန်းလေးသိန်းသော သမာပတ်တို့ကို ဒေဝသိက ဝဋ္ဋဥနသမာပတ်=နေ့တိုင်း အသုံးပြုအပ်သော သမာပတ်ဟု ခေါ်ဆိုကြောင်း အဋ္ဌကထာ ဋီကာတို့၌ ဖွင့်ပြအပ်လေသည်။

အဘိဓမ္မာအသင်းဝင် သူတော်စင်အပေါင်း သူမြတ်လောင်းတို့။ အသင် သူတော်ကောင်းတို့သည် နေ့စဉ်လေ့လာ၍ နှစ်စဉ်နှစ်စဉ် ဤလ ဤအခါ၌ ပူဇာသဘင်ဆင်ယင်ကျင်းပလျက် ရွတ်ဖတ်နာယူ ကြည်ဖြူကော်ရော် ပူဇော်အပ်သော အဘိဓမ္မာ တရားဒေသနာတော်မြတ်ကို မြတ်စွာဘုရားသည် ဖော်ပြရာပါ သာဝကတို့နှင့် မဆက်ဆံသော အသာဓာရဏဉာဏ်တော် ခြောက်ပါး၌ တစ်ပါးအပါအဝင်ဖြစ်သော မဟာကရုဏာသမာပတ္တိဉာဏ်တော်ကို အခြေခံ နိဒါန်းပြု၍ သဗ္ဗညုတ ရွှေဉာဏ်တော်ဖြင့် ဓမ္မဥသုံ အလုံးစုံကို အကုန်ချက်ပိုင် သိမြင်

တော်မူပြီးမှ ကောင်းကင်မြစ်ကြီး ယိုစီးသည့်ပမာ တာဝတိံသာ၌ တစ်ဝါတွင်း၌ ဟောကြားတော် မူအပ်ကြောင်းကို အဘိဓမ္မာ အဋ္ဌကထာကျမ်းဦးအစ၌ အဋ္ဌကထာ ဆရာတော်ဘုရားသည်....

(၁) ကရုဏာ ဝိယ သတ္တေသု၊
ပညာ ယဿ မဟေသိနော။
ဉေယျဓမ္မေသု သဗ္ဗေသု၊
ပဝတ္တိတ္ထ ယထာရုစိ။

အစရှိသည်ဖြင့် ဖွင့်ပြတော်မူခဲ့လေပြီ။

သာခပေါ်=အရိယမဂ်လေးတန် ဗောဓိဉာဏ်ကို ရရန်ဆုတောင်း အို....သူတော်ကောင်းတို့။ မဟေသိနော=သီလက္ခန္ဓ စသည်ကျေးဇူး ဂုဏ်အထူးကို ဆည်းပူးရှာမှီးလေ့ကျက်တော်မူပြီးသော။ ယဿ သမ္ဗုဒ္ဓဿ=အကြင်သဗ္ဗညုဗုဒ္ဓ အမည်ရသည့် လောကထွတ်ထား မြတ်စွာဘုရား၏။ သတ္တေသု=ဝေနေယျများစွာ သတ္တဝါတို့၌။ ကရုဏာ=သူမတန်အောင် ထက်သန်ကြီးမြတ် မဟာကရုဏာ ခါတ်သည်။ ယထာရုစိ= အလိုတော်ရှိတိုင်း။ ပဝတ္တိတ္ထယထာ=ဖြစ်လေသကဲ့သို့။သဗ္ဗေသု=ကြွင်းမဲ့ဉဿုံ အလုံးစုံကုန်သော။ ဉေယျဓမ္မေသု=သိသင့်သမျှ ဉေယျ ခေါ်ပြား ထိုတရားတို့၌။ ပညာ=သဗ္ဗညုတဉာဏ်ပညာတော်သည်။ ယထာရုစိ=အလိုတော်ရှိတိုင်း။ ပဝတ္တိတ္ထ= ဖြစ်တော်မူခဲ့လေပြီ။

အဘိဓမ္မာအသင်းဝင် သူတော်စင်အပေါင်း သူမြတ်လောင်းတို့။ မြတ်စွာဘုရားရှင်သည် နေ့စဉ် ဝင်စား သုံးစွဲတော်မူ အပ်သည့် ဒေဝသိကဝဋ္ဋညှန သမာပတ် အမည်

ရသော မဟာကရုဏာတော် လှုံ့ဆော်တိုက်တွန်းရကား ထို သဗ္ဗညုတဉာဏ်တော်ဖြင့် ဤအဘိဓမ္မာတရား ဒေသနာတော်ကို ဟောဖော်မြွက်ဟ ဆိုဆုံးမတော်မူခဲ့ပေသည်။ မဟာကရုဏာ သမာပတ္တိဉာဏ် သဗ္ဗညုတဉာဏ်တည်းဟူသော အသာဓာရဏဉာဏ်တော်ရှင် ဖြစ်၍သာ မြတ်စွာဘုရားသည် ဤအဘိဓမ္မာတရားတော်ကို ဟောဖော်ညွှန်ပြ ဆိုဆုံးမတော် မူနိုင်လေသည်။ ဤဉာဏ်နှစ်ပါးမရှိသော ပုဂ္ဂိုလ်များအဖို့ လားလားမျှ အရာမဟုတ်ပါချေ။

(၃) ဒယာယ တာယ သတ္တေသု၊
သမုဿာဟိတမာနသော။
တဿာ ပညာယ တေဇေန၊
ယံ ဓမ္မံ သမ္ပဝတ္တယိ။

သ[illegible]ဝေါ = အဘိဓမ္မာ အသင်းဝင် သူတော်စင်အပေါင်း သူမြတ်လောင်းတို့။ သဗ္ဗညုဒွေါ=သဗ္ဗညုတဗုဒ္ဓအမည်ရသည့် လောကထွတ်ထား မြတ်စွာဘုရားသည်။ သတ္တေသု=ဝေနေယျများစွာ သတ္တဝါတို့၌။ ဥပ္ပန္နာယ=ဥပါဒ်ထင်ရှား နှေ့စဉ်တာ စေ ဖြစ်ပွားသော။ တာယ ဒယာယ=အသာဓာရဏ ဉာဏ်ခြောက်ဝ အဝင်အပါ ထိုမဟာကရုဏာဖြင့်။ သမုဿာဟိတမာနသော=လှုံ့ဆော်တိုက်တွန်းအပ်သော စိတ်ရှိတော်မူသည် ဖြစ်၍။ တဿာ ပညာယ=အဘိဓမ္မာဒေသနာသမုဋ္ဌာန် ထိုသဗ္ဗညုတ ရွှေဉာဏ်တော်၏။ တေဇေန=ဧဉေယျမံဥဿုံ အလုံးစုံကို အကုန်မကျန် အမှန်အတိုင်း သိမြင်ခြင်း၊ ထိုဧဉေယျတရားတို့ကို ဝေနေယျအများအား ဟောကြားသင့်သော

အခြင်းအရာကို ကောင်းစွာ သိမြင်ခြင်း၊ ဝေနေယျတို့၏ အာသယ+အဓိမုတ္တိ စသည်ကို ထင်စွာ ပြဖော်နိုင်ခြင်း တည်းဟူသော အစွမ်းသုံးဖော် တန်ခိုးတော်ဖြင့်။ ယံ ဓမ္မံ=အဘိဓမ္မာတွင်ခေါ် အကြင်တရားတော်ကို။ သမ္ဗုဝတ္တယိ = သောင်းစကြဝဠာ နတ်ဗြဟ္မာတို့အား ကောင်းစွာလည်စေ ဟောမြွက်တော်မူခဲ့လေပြီ။

အဘိဓမ္မာအသင်းဝင် သူတော်စင်အပေါင်း သူမြတ်လောင်းတို့။ မြတ်စွာဘုရားသည် အဘိဓမ္မာ တရားဒေသနာဖြင့် ခန္ဓာငါးဝ ဓမ္မ အစုအပုံမျှဝယ် နိစ္စ+သုခ+သုဘ+ အတ္တ ဟု သညာ+ စိတ္တ+ ဒိဋ္ဌိအားဖြင့် သုံးပါးသော အမှတ်လွဲ, အသိလွဲ, အမြင်လွဲတို့ဖြင့် အလွဲကြီး လွဲနေကြသော လူ, နတ်, ဗြဟ္မာ, သတ္တဝါတို့ကို ထိုဝိပလ္လာသ သုံးပါး 'အကျယ်အားဖြင့် တစ်ဆယ့်နှစ်ပါး' တို့မှ ကျွတ်လွတ်စေတော်မူကာ ဘဝသမုဒ္ဒရာကြီးမှ ကောင်းစွာ ကယ်တင်တော် မူခဲ့လေပြီ။

(၄) ဓမ္မပုဉ္ဇမတ္တော ယေန၊
အဟံ မမာတိသညိနော။
ဝိပလ္လာသာ ဝိမောစေတွာ၊
တာရေသိ ဘဝသာဂရာ။

သာဓဝေါ = အဘိဓမ္မာ အသင်းဝင် သူတော်စင် အပေါင်း သူမြတ်လောင်းတို့....။ သမ္ဗုဒ္ဓေါ=သဗ္ဗညုဗုဒ္ဓ အမည်ရသည့် လောကထွတ်ထား မြတ်ဘုရားသည်။ ယေန = ယင်း အဘိဓမ္မာ တရားဒေသနာဖြင့်။ ဓမ္မပုဉ္ဇမတ္တေ=ပရမတ္ထ ဓမ္မမှန်စွာ ခန္ဓာငါးဝ နာမ်ရုပ်အစုမျှ၌။ အဟံမမာတိ သညိနော = ငါ ငါ့ဥစ္စာ ငါ့လိပ်ပြာဟု

သညာဖောက်လွဲ အမှတ်လွဲ အသိလွဲ အမြင်လွဲ၍နေကြသော ဝေနေယျများစွာ သတ္တဝါတို့ကို။ ဝိပလ္လာသာ= သညာ စိတ္တ ဒိဋ္ဌိအားဖြင့် သုံးထွေပြားသည့် ဝိပလ္လာသတရားလွဲအစုမှ။ ဝိမောစေန္တော=အမြစ်ပြတ် ချေချွတ်လွတ်စေတော်မူလျက်။ဘဝသာဂရာ=ကာမ ရူပ အရူပ ဟုဘဝနက်ကျယ် မြစ်ပင်လယ်မှ။ တာရေသိ = နိဗ္ဗူထုတ်ချောက် အရဟတ္တဖိုလ်တိုင်အောင် လွတ်မြောက်ကုန်စေကယ်ချွတ်တော်မူခဲ့လေပြီ။

အဘိဓမ္မာအသင်းဝင် သူတော်စင်အပေါင်း သူမြတ်လောင်းတို့....။ထို့ပြင်လည်း မြတ်စွာဘုရားသည် ဇုရားဖြစ်ပြီးစ သတ္တ သတ္တာဟ စံနေတော်မူရာ စတုတ္ထသတ္တာဟဖြစ်သည့်(မဟာဗောဓိမှ အနောက်မြောက်)ရတနာဃရသတ္တာဟ၌ စံနေတော်မူသောအခါ အရဟတ္တဖိုလ်သမာပတ်ချမ်းသာကို ခံစားလိုက်၊ အဘိဓမ္မာတရားတော်ကို ဆင်ခြင်သုံးသပ်လိုက်ဖြင့် အလှည့်အလည် ဓမ္မရသာကိုခံစားသုံးဆောင်တော်မူနေသောအခါ အဘိဓမ္မာဒေသနာအစဉ်ကို ဆင်ခြင်သုံးသပ်ရာ၌ အောက်ဖြစ်သော အဘိဓမ္မာခြောက်ကျမ်း ဒေသနာ နည်းလမ်းကား သဗ္ဗညုတ ရွှေဉာဏ်တော်က အရာကျယ်သဖြင့် ကျပ်တည်းကျဉ်းမြောင်းသကဲ့သို့ ရှိလေရာ ခုနစ်ဆင့်မြောက် ပဋ္ဌာန်းဒေသနာတော်ကို ဆင်ခြင်သုံးသပ်တော်မူသော အခါကျမှ ဉာဏ်တော်ကလည်း သမုဒ္ဒပမာ ကျယ်ဝန်းသည့်ဉာဏသာဂရဖြစ်ခြင်း၊ ပဋ္ဌာန်းအဘိဓမ္မာ ဒေသနာတော်ကလည်း သမုဒ္ဒပမာ နည်းနာနယ ကျယ်ဝန်းလှသည့်နယသာဂရဖြစ်ခြင်း၊ ဤအကြောင်းနှစ်ရပ် ပေါင်းစပ်မိသောကြောင့် ဘုရားဇိနော် စိန္တေယျော်၏ သွေးတော်

စသည့် ကြည်လင်တောက်ပလျက် ဘုရားရှင်ကိုယ်တော်မှ နီလ + ပီတ + လောဟိတ + ဩဒါတ+မဉ္ဇေဋ္ဌ +ပဘဿရ တည်းဟူသော ရောင်ခြည်တော် ခြောက်သွယ်တို့ အဆန်း တကြယ် ကွန့်မြူး ထွက်ကြွ တော်မူခဲ့ ကြလေသည်။ ဤ အကြောင်းအရာကို မဟာဝိသုဒ္ဓါရာမ ဆရာတော်ဘုရား ကြီးက ဤ ဆိုလတ္တံ့သောအတိုင်း 'ဆဗ္ဗဏ္ဏရံသိဝန္ဒနာ' ဘုရားရှိခိုးဂါထာ၌ ရေးသားဖွဲ့ဆို ကြည်ညိုတော်မူခဲ့ လေသည်။

(၅) သမ္ပသန္တဿ တံ ဓမ္မံ၊
တဒါ သတ္တု သရီရတော။
တံ တံ ဓာဝန္တိ ဆဗ္ဗဏ္ဏာ၊
လောဟိတာဒိပသီဒနာ။

တဒါ=ထိုသဗ္ဗညုတရွှေဉာဏ် ကျက်စားရန် အခွင့်ရ တော်မူသောအခါ၌။ တံ ဓမ္မံ=ပရမာထ်ုမြူ ပုံတူအလား ထို သိမ်မွေ့ နက်နဲလှသော ပဋ္ဌာန်း တရားကို။ သမ္ပ- သန္တဿ=သုံးသပ်ဆင်ခြင်တော်မူသော။ တဿ သတ္တု= ဗြဟ္မာ+နတ်+လူ သုံးဘုံသူကို ကြည်ဖြူရွှင်ပြုံး ရွှေနှလုံး ဖြင့် ဆုံးမတော်မူတတ်သော ထိုမြတ်စွာဘုရား ကိုယ် တော်မြတ်၏။ လောဟိတာဒိပသီဒနာ=သွေးတော်စသည် ကြည်လင်တောက်ပခြင်းကြောင့်။ သရီရတော=ပကတိ အခေတာင် တစ်ဆယ့်ရှစ်တောင်ပေါ် ရွှေကိုယ်တော်မှ။ ဆဗ္ဗဏ္ဏာ=ညို+ရွှေ+ဖြူ+နီ+မောင်းရီ+ပြိုးပြက် တခဲနက် အား ခြောက်ပါးသော အဆင်းရှိသော ရောင်ခြည်အလျှံ

တော်တို့သည်။ တံ တံ ဌာနံ=ဝဲ + ယာ + ရှေ့ + နောက် အထက်+အောက် ဟု ဆိုအပ်သော ထိုထိုအရပ်ဌာနသို့။ ဓာဝန္တိ=ထိုဥ်မားမား ပြေးသွားတော်မူကြလေကုန်၏။

(၆) နီလာဃော နီလင္ဂာနေဟိ၊
ပီတောဒါတာ စ လောဟိတာ။

တမှာ တမှာ တု မဥ္ဇဌာ၊
နိက္ခမိံသု ပဘာဿရာ။

နီလင္ဂာနေဟိ = ဆံတော် မျက်နက်တော် တစို ညိုရာ အရပ်တော်တို့မှ။ နီလာဃော=ဝန်းကျင်ပုံဝဲ ဖြန့်မြှောက်ကြဲအပ်သော အောက်မဲညို ကြာညို မျက်စဥ်းညို ကဲ့သို့လည်းကောင်း၊ တလျပ်လျပ်တငြိမ့်ငြိမ့် တအိမ့်အိမ့် တန္ဒဲန္ဒဲ တလွှဲလွှဲခတ်အပ်သော ပတ္တမြားယပ်ညို ပုဆိုးညိုကဲ့သို့ လည်းကောင်း၊ ထိုထိုရပ်ခွင် ဝန်းကျင်ပတ်ခွေ မိုးနှင့် မြေကို လွှမ်းအုပ်ညို့စေလျက် မည်းနက်ရောင်တွဲ့ ပြာလဲ့ စိမ်းစို ညိုသောအဆင်းရှိသော ရောင်ခြည်အလျှံတော်တို့သည်။ နိက္ခမိံသု=ပဌာန်းဒေသနာတော်မြတ်ကို သုံးသပ်ဆင်ခြင်တော်မူသည့် နေ့ကစ၍ ယခုည ယခုနေ့တိုင် အောင် အရောင်တရှိန်ရှိန် တထိန်ထိန်နှင့် အိမ်လုံး မတောင်လုံးခန့်ပဏ္ဍာမ ကြွကြွဝင်းဝင်း ထွန်းလင်းတောက်ပလျက် ထွက်ခွာဝေးခြား ပြေးသွားတော်မူကြ လေကုန်ပြီ(၁)

ပီတင္ဂာနေဟိ=ရွှန်းအိကိုယ်ရေ ဝါရွှေရာအရပ်တော်တို့မှ။ ပီတာ=ပတ်လည်ဝန်းကျင် ရွှေရည်လျှံဆမ်း ရွှေပုဆိုးဖြန့်လွှမ်းသကဲ့သို့လည်းကောင်း၊ ကျိုကျို မှုန့် ရွှေ

ဝါမြင်းသီလာဆေးဒန်းပွင့် မဟာလှေကားပန်းတို့သည် ကောင်းကင် ပြည့်ပြွမ်းသကဲ့သို့ လည်းကောင်း၊ 'ဖုံးလွှမ်း မိုးကာ' ဆယ်မျက်နှာရပ်ခွင်ကို ဝါလွင် ထိန်လင်းစေ လျက် ဝါဝင်းထိန်ပြေ ရွှေသောအဆင်းရှိသော ရောင် ခြည် အလျှံတော်တို့သည်။ နိက္ခမိသုံ=ပဌာန်းဒေသနာ တော်မြတ်ကို သုံးသပ်ဆင်ခြင်တော်မူသည့် နေ့က စ၍ ယခုည ယခုနေ့တိုင်အောင် အရောင်ရှိန်ရှိန် တထိန်ထိန် နှင့် အိမ်လုံးတောင်လုံးခန့်ပမာဏ ကြွကြွဝင်းဝင်း ထွန်း လင်းတောက်ပလျက် ထွက်ခွာဝေးခြား ပြေးသွားတော် မူကြလေကုန်ပြီ။ (၂)

ဩဒါတဋ္ဌာနေဟိ=အရိုးတော် သွားတော် မျက်ဖြူ တော် အစရှိသော ဖြူရာအရပ်တော်တို့မှ။ ဩဒါတာ= ပတ်လည်ဝန်းကျင် ငွေအိုးမှ သွန် အပ် သော နို့ရည် အလျဉ် ကောင်းကင်ပြည့်ငွေဗိတာန် ဝေဟာသံတိမ်မြင့် က တဝင့်ဝင့် တန္တွန္တွ တလွှဲလွှဲခတ်အပ်သော ငွေပြားယပ် ငွေစပယ် သင်းခွေနွယ်ကြာဖြူ မုလေးဖြူ (မြတ်လေး ဖြူ) ကြက်ရိုးတို့ အုပ်ဖုံးကာ ယှက်ထွေးသကဲ့သို့ ဖြူဖွေး သပ္ပာယ် သန့်ရှင်းစင်ကြယ်သော အဆင်းရှိသော ရောင် ခြည် အလျှံတော်တို့သည်။ နိက္ခမိသုံ=ပဌာန်း ဒေသနာ တော်မြတ်ကို သုံးသပ်ဆင်ခြင်တော်မူသည့် နေ့ကစ၍ ယခုည ယခုနေ့တိုင်အောင် အရောင်တရှိန်ရှိန် တထိန်ထိန် နှင့် အိမ်လုံးတောင်လုံးခန့်ပမာဏ ကြွကြွဝင်းဝင်း ထွန်း လင်းတောက်ပလျက် ထွက်ခွာဝေးခြား ပြေးသွားတော် မူကြလေကုန်ပြီ။ (၃)

လောဟိတင်္ဂါနေဟိ = မျက်စိ သား သွေး နီတွေးရာ အရပ်တော်တို့မှ။ လောဟိတာ=ဆန်းမှုန့်တပ်စွဲ ရဲသော ချိပ်ရည် ကမ္ဗလာနီမြန်း လယ်ခေါင်ရန်းမိုးစွေ ပန်း ကသစ်အနေလို ရေမြေရောကောင်းကင်ပ၊ အာကာသ အဇ္ဈတ္တမှာ တိမ်မိလ္လာယှက်ထွေးသကဲ့သို့ နီတွေးထိန်ကျင် လွင်သောအဆင်းရှိသောရောင်ခြည်အလျှံတော်တို့သည်။ နိက္ခမိံသု=ပဥ္စာန်းဒေသနာတော်မြွတ်ကိုသုံးသပ်ဆင်ခြင် တော်မူသည့် နေ့ကစ၍ ယခုည ယခုနေ့တိုင်အောင် အရောင်တရှိန်ရှိန် တထိန်ထိန်နှင့် အိမ်လုံး တောင်လုံးခန့် ပမာဏ ကြွကြွဝင်းဝင်း ထွန်းလင်းတောက်ပလျက် ထွက် ခွာဝေးခြား ပြေးသွားတော်မူကြလေကုန်ပြီ။ (၄)

တု=ထိုမှတစ်ပါး။ မဥ္ဇေဋ္ဌာ = မည်း+နီ+ညိုလောင်း ရောယှက်ပေါင်းသဖြင့် မှည့်မောင်းမှိုင်းအုံ့ ရီမှုန်သော အဆင်းရှိသော ရောင်ခြည်လျှံတော်တို့ လည်းကောင်း။ ပဘဿရာ=လကဆုန်ခါ အဇ္ဈတ္တပြင်ကျယ် ကောင်းကင် လယ်က လျှပ်နွယ်ယှက်ကူး မိုးရေမြူးစံ မီးပေါက်လျှံ ကဲ့သို့ ဝဲပံ့ဘက်သက် တခဲနက်လျှင် ပြိုးပြိုးပြက်သော အဆင်းရှိသော ရောင်ခြည် အလျှံတော်တို့သည် လည်း ကောင်း။ တမှာ တမှာ သရီရပဒေသာ = ဤသို့သော ဓာတ် ဤအရပ်ဟု မသတ်မှတ်နိုင် ထွန်းပြိုင်ရှန်းစို ထိုထို ကိုယ်တော်၏အစိတ်မှ။ နိက္ခမိံသု=ပဥ္စာန်းဒေသနာတော် မြွတ်ကို သုံးသပ် ဆင်ခြင်တော်မူသည့် နေ့ကစ၍ ယခုည ယခုနေ့တိုင်အောင် အရောင်ရှိန်ရှိန် တထိန်ထိန်နှင့် အိမ် လုံး တောင်လုံးခန့်ပမာဏ ကြွကြွဝင်းဝင်း ထွန်းလင်း

တောက်ပလျက် ထွက်ခွာဝေးခြား ပြေးသွားတော်မူကြ လေကုန်ပြီ။ (၅+၆)

အဘိဓမ္မာအသင်းဝင် သူတော်စင်အပေါင်း သူမြတ်လောင်းတို့....။ အဘိဓမ္မာတရားတော်နှင့် စပ်၍ မှတ်သား ကြည်ညိုဖွယ် အသွယ်သွယ်သော ဂုဏ်ကျေးဇူးစကား ပြောကြားချီးမွမ်း၍ ပြီးလေပြီ။ ယခုအခါ ၂၆-ကြိမ်မြောက် အဘိဓမ္မပူဇာ အခါတော်အခမ်းအနားကို ဖွင့်လှစ်ရန်အချိန် ရောက်ပြီဖြစ်၍ နှစ်သက်ဝမ်းသာ အခမ်းအနားဖွင့် တိုက်တွန်းသော ဥယျောဇဉ်ဂါထာကို မြန်မာပြန် အနက်နှင့်တကွ ရွတ်ဖတ်ကြည်ညို အခါတော်ကို ဖွင့်လှစ်ပါတော့မည်။

(၇) ဧဝမာဒိဂုဏူပေတံ၊
အဘိဓမ္မာတိ ဝိဿုတံ။
တံ ဓမ္မံ သာဓဝေါ ဒါနိ၊
ဘဏာမ တုဋ္ဌမာနသာ။

သာဓဝေါ = အဘိဓမ္မာ အသင်းဝင် သူတော်စင် အပေါင်း သူမြတ်လောင်းတို့....။ ဧဝမာဒိဂုဏူပေတံ= ဤသို့ဆိုအပ်ပြီး ဂုဏ်ကျေးဇူး များနှင့် တကွ အခြားသော ကျေးဇူးဂုဏ် အဖုံဖုံတို့နှင့် ပြည့်စုံပေထသော။ အဘိဓမ္မာတိ=အဘိဓမ္မာဟူ၍။ ဝိဿုတံ = လူ-နတ်-ဗြဟ္မာ သုံးဘုံရွာဝယ် ကြေငြာထင်ရှား ကျော်ကြားစွာထသော။ တံ ဓမ္မံ =အဓိပညာသိက္ခာကို ညွှန်ပြသည့် ယထာဓမ္မ သာသနာအဘိဓမ္မာမည်ငြား ထိုတရားကို။ဒါနိ ဣဒါနိ=

၂၆-ကြိမ်မြောက် အခါတော်ရောက်၍ ထွန်းတောက် ဉာဏ်ရှိန် ဤ ချိန်၌။ မဃံ=ရုပ်နာမ်ဓမ္မ သမူဟကို သူက ငါပင် ပညတ်တင်၍ ခေါ်တွင်သမုတ် အကျွန်ုပ်တို့သည်။ တုဋ္ဌမာနသာ = 'ရှေး ကုသိုလ် ထောက်မ ၍ အဘိဓမ္မာ ဒေသနာ နက်နဲစွာကို လေ့လာမှတ်သား နာကြားခွင့် တို့တတွေ ရကုန်ပေ'ဟု ကြည်ထွေအားရမ်း ဝမ်းမြောက် သောစိတ် ရှိကြကုန်လျက်။ ဘဏာမ = ပြိုပြင်ပြတ်သား ရွက်ပွားကြပါကုန်စို့။ (၀၁) ဘဏာမ=ကျမ်းခုနစ်ထွေ အနှစ်ကိုဖွေ၍ မေး ဖြေ ကျူးရွတ် လေးခန်းသတ်လျက် လျောက်ပတ်ညီညာ ဤအခါဝယ် သဒ္ဒါကြီးမား ပညာ အားဖြင့် ရွတ်ပွားကြည်ဖြူ နာယူကြပါကုန်စို့. အဘိဓမ္မာအသင်းဝင် သူတော်စင်အပေါင်း သူမြတ်လောင်း တို့....။

ပုံ/ဦးဝိစိတ္တသာရာဘိဝံသ

၁၃၃၆-ခု၊ သီတင်းကျွတ်လပြည့် အဘိဓမ္မာနေ့။

❀

**ရန်ကုန်မြို့၊ အဘိဓမ္မာပြန့်ပွားရေး အသင်း၏**
၁၃၃၆-ခုနှစ်၊ တစ်ပေါင်းလဆန်း ၁၁-ရက်
(၂၂-၃-၇၅) **နေ့၌ ကျင်းပသော** ၁၅-ကြိမ်မြောက်
ဩဝါဒါစရိယ ပူဇော်ပွဲ **အခမ်းအနားတွင်**
နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်
တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ
အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ
**မဟာထေရ်မြွက်ကြားသော**

# ဩဝါဒ ကထာ

၁၃၃၆-ခု၊ သာသနာတော် သက္ကရာဇ် ၂၅၁၈-ခုနှစ်၊
တပေါင်းလဆန်း ၁၁-ရက်၊ (၂၂-၃-၇၅) နေ့၊
ညနေချမ်း ဆည်းဆာအချိန်
ရန်ကုန်မြို့ အဘိဓမ္မာပြန့်ပွားရေး အသင်းကြီး၏
ဩဝါဒါစရိယ ဆရာတော်များအား
ပူဇော်ကန်တော့ပွဲနှင့် သင်တန်းပြ ဆရာများအား
ဂုဏ်ပြုထောမနာ အခမ်းအနား၌
**အစီအစဉ် အမှတ် ၅-အရ**

## ဩဝါဒပါတိမောက္ခ သဝါဒဝိစရိယ ဆရာတော်ဘုရားများ၏ ကိုယ်စား ညွှန်ကြားအပ်သော ဩဝါဒကထာ စကား

အသဒ္ဓဿ သဒ္ဓါကထာ ဒုက္ကထာ။

ဒုဿီလဿ သီလကထာ ဒုက္ကထာ။

အပ္ပဿုတဿ သုတကထာ ဒုက္ကထာ။

မစ္ဆရိယဿ စာဂကထာ ဒုက္ကထာ။

ဒုပ္ပညဿ ပညာကထာ ဒုက္ကထာ။

**နားဆင်းရဲတဲ့စကား** ငါးမျိုး၊ ရှောင်ရမှာကို အယင် ပြောရိုးအတိုင်း ပြောခြင်း ဖြစ်ပါတယ်။

၁။ သဒ္ဓါတရားမရှိတဲ့ ပုဂ္ဂိုလ်အား သဒ္ဓါနှင့် ပတ်သက်သောစကား ပြောယင် နားဆင်းရဲတဲ့ စကား။

၂။ သီလမရှိတဲ့ ပုဂ္ဂိုလ်အား သီလနှင့် ပတ်သက်သော ဩဝါဒစကားပြောယင် နားဆင်းရဲတဲ့ စကား။

၃။ ဗဟုသုတနည်းပါးတဲ့ ပုဂ္ဂိုလ်အား ဗဟုသုတနှင့် စပ်သော တရားစကား ပြောကြားယင် နားဆင်းရဲတဲ့ စကား။

၄။ မစ္ဆရိယသမားအား ဒါနနှင့် ပတ်သက်သော တရားစကား ပြောကြားယင် နားဆင်းရဲတဲ့ စကား။

၅။ ပညာမဲ့သူအား ပညာနှင့် ပတ်သက်သော တရားစကား ပြောကြားယင် နား ဆင်းရဲသော စကား ဖြစ်ပါတယ်။

အမည်းက ပြန်လိုက်ယင် အဖြူဖြစ်သလို

၁။ သဒ္ဓါတရားရှိသော ပုဂ္ဂိုလ်အား သဒ္ဓါနှင့် ပတ်သက်သော တရားစကား ပြောကြားယင် အလွန် နားချမ်းသာတဲ့စကား ဖြစ်ပါတယ်။

၂။ သီလရှိသော ပုဂ္ဂိုလ်အား သီလနှင့် ပတ်သက်သော တရားစကားပြောယင် အလွန် နားချမ်းသာသော စကား ဖြစ်ပါတယ်။

၃။ ဗဟုသုတရှိရင်းစွဲ ပုဂ္ဂိုလ်အား ဗဟုသုတနှင့် ပတ်သက်သော တရားစကား ပြော ယင် အလွန် နားချမ်းသာသော စကား ဖြစ်ပါ တယ်။

၄။ နဂိုက စွန့်ကြဲပေးကမ်းခြင်း ဒါနဈာသယ အားကြီးတဲ့ ပုဂ္ဂိုလ်အား ဖဲလှူဒါနနှင့် ပတ်သက်သော တရားစကား ပြောကြားယင် အလွန် နားချမ်းသာသော စကား ဖြစ်ပါ တယ်။

၅။ ပညာရှိတဲ့ပုဂ္ဂိုလ်အား(ဝါ) ပညာရှိတဲ့ပုဂ္ဂိုလ်၏အထံ၌ ပညာနှင့်ပတ်သက်သော စကားကို ပြောကြားယင် အလွန် နားချမ်းသာသော စကား ဖြစ်ပါတယ်။

ယခု ဩဝါဒ ကထာအနေဖြင့် ဘုန်းကြီး ဩဝါဒါစရိယ ဆရာတော်များရဲ့ ကိုယ်စား မြွက်ကြားလိုတဲ့ စကားဟာ မင်္ဂလာရှိရှိ သုခလေးမျိုးကို ညွှန်ကြားလိုပါတယ်၊ ဝိနည်းစူဠဝဂ္ဂပါဠိတော်မှာ မြတ်စွာဘုရား သုခလေးပါး ဟောကြားခဲ့ပါတယ်။

သုခေါ ဗုဒ္ဓါန မုပ္ပါဒေါ၊
သုခါ သဒ္ဓမ္မဒေသနာ။
သုခါ သံဃဿ သာမဂ္ဂီ၊
သမဂ္ဂါနံ တပေါ သုခေါ။

၁။ ဗုဒ္ဓါနံ=မြတ်စွာဘုရားတို့၏။ ဥပ္ပါဒေါ=ဖြစ်ထွန်း ပွင့်ပေါ်တော်မူလာခြင်းသည်။သုခေါ=ရှေးဦးအစ ပထမ ချမ်းသာသုခ မင်္ဂလာကြီးပါပေ။

၂။ ဗုဒ္ဓါနံ =မြတ်စွာဘုရားရှင်တို့၏။ သဒ္ဓမ္မ ဒေသနာ=သဒ္ဓမ္မသုံးဖြာ သာသနာနဲ့စပ်တဲ့ တရားဟောကြားခြင်းသည်။သုခါ=နှစ်ကြိမ်မြောက် ဒုတိယ သုခမင်္ဂလာ ချမ်းသာတိုက်ကြီးပါပေ။

၃။ သံဃဿ=ဘုရား၏တပည့်သာဝက ဖြစ်ကြတဲ့ ရှင်အပေါင်း လူအပေါင်း ရှင်လူအပေါင်း၏။ သာမဂ္ဂီ=ကိုယ်စိတ်နှစ်ရပ် ညီညွတ်ခြင်းသည်။ သုခါ=သုံးကြိမ်မြောက် တတိယ သုခမင်္ဂလာ ချမ်းသာတိုက်ကြီးပါပေ။

၄။ သမဂ္ဂါနံ = ကိုယ်စိတ်နှစ်ရပ် ညီညွတ်ကြကုန်သော မြတ်စွာဘုရား၏ တပည့်သာဝက ရှင်

အပေါင်း၊ လူအပေါင်း၊ ရှင်လူ အပေါင်း၊ တို့၏။ တပေါ်=လောဘ၊ ဒေါသ၊ မောဟ အစရှိတဲ့ ကိလေသာတို့ကို ပူပန်လောင်မြိုက် စေတတ်တဲ့ ကောင်းမြတ်သော အကျင့်ကို ကျင့်ကြံကြိုးကုတ်အားထုတ်ခြင်းသည်။ သုခေါ =လေးကြိမ်မြောက် စတုတ္ထ သုခမင်္ဂလာ ချမ်းသာတိုက်ကြီးပါပေ။

## သုခလေးပါး

၁။ ဗုဒ္ဓုပ္ပာဒသုခ

၂။ သဒ္ဓမ္မဒေသနာသုခ

၃။ သာမဂ္ဂီသုခ

၄။ တပေါသုခ

၁။ သုခလေးပါးကို မြတ်စွာဘုရား အစဉ်အတိုင်း ဟောကြားခဲ့တယ်၊ မြတ်စွာဘုရားတို့ရဲ့ ပွင့်ထွန်း ဖြစ်ပေါ်တော်မူရခြင်းသည် ချမ်းသာသုခရကြောင်း ဧကန် အမှန်ဖြစ်သောကြောင့် ချမ်းသာသုခလို့ပဲ ဆိုရပါတယ်၊ သုခရဲ့အကြောင်းကို သုခလို့ပဲ ဆိုရပါတယ်။ ဤတွင် ဘုရားပွင့်တော်မူခြင်းအတွက် သုခဘယ်လောက် ကြီးတယ်ဆိုတာ အကယ်၍ ဘုရားမပွင့်ဘူးဆိုတဲ့ အဖြစ်ကို သေသေချာချာ မပွင့်တဲ့အနေ တွေးကြည့်ယင်၊ အကယ်၍ သာ ဘုရားမပွင့်ယင် ဒီလူ၊ နတ်၊ ဗြဟ္မာ သတ္တဝါတွေဟာ ပယ်ရမယ့်တရား၊ ပွားရမယ့်တရား ဘာမျှမသိတော့ဘူး။

အနှိုဘူတော အယ် လောကော၊ ဒီ လူနတ်ဗြဟ္မာ သတ္တဝါလောကကြီးဟာ အကုန်လုံး အဝိဇ္ဇာဖုံးပြီးတော့ အမှောင်ကြီးကျ၊ ပုထုဇဉ်တို့၏ စိတ်သည် မကောင်းမှုတို့မှာ မွေ့လျော်နှစ်ခြိုက် ပျော်ပိုက်တဲ့ ဓမ္မတာအတိုင်း ဒုစရိုက်အမှုနဲ့သာအချိန်ကုန်ပြီးတော့ သတ္တဝါတွေဆင်းရဲဒုက္ခရောက်မှာကြောန်အမှန်ပဲ၊အဲဒီ အမည်းကအပြန် အဖြူ စဉ်းစားကြည့်လိုက်စမ်းပါ။

အခုတော့ မြတ်စွာဘုရား ဖြစ်ထွန်း ပွင့်ပေါ်တော်မူလာလို့ ဒီတရားက ပယ်ရမယ့်တရား၊ဒီတရားက ပွားများရမယ့် တရားဆိုတာ လူနတ်ဗြဟ္မာသတ္တဝါတွေ၊ အချုပ်အားဖြင့် ပိုင်းပိုင်းခြားခြားသိကြတယ်၊သိတဲ့အတွက် ပယ်ရမယ့်တရားပယ်လို့၊ပွားရမယ့်တရား ပွားကြလို့ အောက်ထစ်တန်းစား လူ့ချမ်းသာ နတ်ချမ်းသာ၊ ထို့အထက်တက်လို့ရှိယင် နိဗ္ဗာန်ချမ်းသာကို အရဟတ္တဖိုလ်ပေါက် ချမ်းသာ သုခ ရောက်ကြရတယ်၊ ဒီကနေ့ အဘိဓမ္မာ အသင်းဝင် သူတော်စင်တွေ မျက်မြင်ပင်ဖြစ်ပါတယ်။

၂။ **သဒ္ဓမ္မဒေသနာသုခ**။ မြတ်စွာဘုရားသည် အကယ်၍ ဖြစ်ထွန်း ပွင့်ပေါ်ရုံသာ ပွင့်ပေါ်၍ ကိုယ်တော်တစ်ကိုယ်တည်း ချမ်းသာရေး အလေးပေးပြီး လေးဆယ့်ငါးဝါ တရားမဟောဘဲ အကယ်၍များ ဖလသမာပတ်ကို နေ့ရောညရော ဝင်စားပြီးတော့ တရားမဟောဘဲ ကိုယ်တော် သက်တော်စေ့လို့ ပရိနိဗ္ဗာန် စံသွားယင် ဘယ်သူ သိမလဲ၊ ဒီတရား ပယ်ရမယ့် တရား၊ ပွားရမယ့် တရာ ဘာမှ သိမှာမဟုတ်ဘူး။

အခုတော့ မြတ်စွာဘုရား လေးဆယ့်ငါးဝါ ကာလကြာအောင် ပယ်ရမယ့်တရား၊ ပွားရမယ့် တရားများကို

နည်းအမျိုးမျိုးဖြင့် ဟောကြား ပြသတော်မူခဲ့တယ်၊ အဲဒီလို ဟောကြား ပြသတော်မူခဲ့လို့ လဲပဲ ပယ်ရန် ပွားရန်တရားများကို သိပြီးတော့ ပယ်ကြ ပွားကြလို့ချမ်းသာ သုခရကြတာပဲ၊ အဲဒါကြောင့် သဒ္ဓမ္မဒေသနာသုခလို့ နှစ်ခု မြောက် ချမ်းသာသုခ စာရင်း တင်ထား ရတယ်၊ မြတ်စွာဘုရား ဟောကြားထားတယ်။

၃။ သာမဂ္ဂီသုခ။ မြတ်စွာဘုရားဟောကြားတဲ့ သဒ္ဓမ္မဒေသနာသုခကိုရမှ သာဝကတို့သည် ဘုရားရဲ့ အဆုံးအမ ဓမ္မဒေသနာသုခကို ရကြသဖြင့် ကိုယ်စိတ်နှစ်ရပ် ညီညွတ်ကြတယ်၊ ဥပမာ=

ဝိဝါဒံ ဘယတော ဒိသွာ၊
အဝိဝါဒဉ္စ ခေမတော။
သမဂ္ဂါ သခိလာ ဟောထ၊
ဧသာ ဗုဒ္ဓါနုသာသနီ။

မြတ်စွာဘုရားက သဒ္ဓမ္မဒေသနာ သုခ ပိုင်းက နေ ပြီး ဟောထားတယ်။

ဝိဝါဒံ ဘယတော ဒိသွာ၊
အဝိဝါဒဉ္စ ခေမတော။
သမဂ္ဂါ သခိလာ ဟောထ၊
ဧသာ ဗုဒ္ဓါနုသာသနီ။

ပရိသတ်လေးပါး ချစ်သား ချစ်သမီးတို့၊

သူမတရား၊ ငါတရားတယ်၊ သူကား လွဲစင်၊ ငါမှန်ထင်တည့်၊ ဆန့်ကျင်စကား တစ်ယောက်နဲ့ တစ်ယောက် အငြင်းပွားနေလျှင် အငြင်းပွားနေမှုကို ကြောက်ဖွယ်

မဧအေး ဘေးအနေနဲ့ ရှုကြ၊ အငြင်း မပွားဘဲနဲ့ ညီညွတ်ခြင်းကို ချမ်းသာအေးမြတဲ့ ခေမတရားအနေနဲ့ ချစ်သားချစ်သမီးတို့ ရှုကြ၊ အဲဒီလို ရှုကြမြင်ကြပြီးလျှင် ကိုယ်စိတ်နှစ်ရပ် ညီညွတ်ကြလေ၊ အချင်းချင်း မေတ္တာ ရှေ့သွားပြုပြီးတော့ ပြေပြေပြစ်ပြစ်စကား ပြောကြတယ်။

အဲဒီဩဝါဒတွေ ငါဘုရား တစ်ဆူတည်း၏ ဩဝါဒ မဟုတ်ဘူး၊ သော ဗုဒ္ဓါနုသာသနီ= ဤဩဝါဒ အနုသာသနီတွေကို အဆူဆူသော ဘုရားရှင်တို့၏ အဆုံးအမ ဩဝါဒ အနုသာသနီ ဖြစ်တယ် ဆိုတဲ့ မြတ်စွာဘုရားဘက်က သဒ္ဓမ္မဒေသနာ သုခ လမ်းညွှန်ပေးချက် အရ၊ ဝိဝါဒဟာဘေး၊ မညီညွတ်ခြင်းသည် ဘေး၊ ညီညွတ်ခြင်းသည် ငြိမ်းအေးတယ်လို့ သိရတယ်။ သိလို့ မှိုလို့ ညီညွတ်ကြတယ်။ အသီးအသီး အသင်းအပင်း ဖွဲ့စည်းပြီးတော့ ညီညီညွတ်ညွတ် ရှိကြတာကိုပင် ပထမ ချမ်းသာသုခ၊ သာဝကတွေဘက်က သုခစာရင်းထဲမှာတော့ သုံးနံပါတ်ပေါ့။

၄။ သမဂ္ဂါနံ တပေါ သုခေါ။ ကိုယ်စိတ်နှစ်ရပ် ညီညွတ်ကြတဲ့ သာဝကတို့ရဲ့ ရှင်အပေါင်း၊ ရဟန်းအပေါင်းဆိုတဲ့ လူ၊ သံဃာ ညီညွတ်ရုံသာ ညီညွတ်၍ မငြင်းခုံရုံသာ မငြင်းခုံဘဲ အလုပ် မလုပ်ကြယင် တပေါသုခ မရနိုင်ဘူး။

အေး သမ္မာပယောဂ ရှေ့သွားပြုပြီးတော့ မြတ်စွာဘုရားရဲ့ အဆုံးအမ ဩဝါဒသာသနာကို သမ္မာပယောဂဖြင့် ကြိုးစားပြုစု လိုက်နာကျင့်သုံးတဲ့အတွက် ကျင့်သုံးသလောက် လောဘတွေ၊ ဒေါသတွေ၊ မောဟတွေ

ခေါင်းပါး၊ ဒေသနာတည်းဟူသော အမြိုက်နည်းဖြင့် လောဘ၊ ဒေါသ၊ မောဟတွေကို ပြန်ပြီးတော့ လောင်မြိုက်ပေးလိုက်တယ်။ မနေနိုင်အောင် ရိုင်းရိုင်း ပြောရယင် ရိုက်ထုတ်ပေးလိုက်တယ်၊ အဲဒီပေးလိုက်တဲ့အတွက် သူတော်ကောင်းတွေမှာ 'တပေါ ကမ္မ၊ ကိလေသာတို့ကို ပူပန်စေတတ်တဲ့ ကောင်းမှုကုသိုလ်အမှုကို ပြုကြ အားထုတ်ကြတဲ့အတွက် လောဘတည်းဟူသော အပူတွေငြိမ်းတယ်၊ ဒေါသတည်းဟူသော အပူတွေငြိမ်းတယ်၊ မောဟတည်းဟူသော အပူတွေ ငြိမ်းပြီးတော့ အလောဘ၊ အဒေါသ၊ အမောဟနဲ့ ယှဉ်တွဲပြီး ချမ်းသာသုခ ဓာတ်ကို ကိုယ်စီကိုယ်ငှ ရကြတယ်။

ဒါကြောင့် စတုတ္ထသုခ အနေနဲ့ တပေါသုခဟာ အလုပ်လုပ်မှုရတဲ့ သမ္မာပယောဂဖြင့် အလုပ်လုပ်၍ရတဲ့ ချမ်းသာဖြစ်ပါတယ်။ ဤတွင် ချမ်းသာ လေးပါးကို အပိုင်းနဲ့ ခွဲလိုက်ယင်—

၁။ ဗုဒ္ဓုပ္ပာဒသုခသည် သာဝကတို့ဘက်က မဟုတ်ဘူး၊ ဘုရားရှင်ဘက်က ဖြစ်ပါတယ် (ဆရာဖြစ်တဲ့ ဘုရားရှင်ဘက်က)။

၂။ သဒ္ဓမ္မဒေသနာ သုခလဲပဲ၊ မြတ်စွာဘုရားဘက်က ပေးရမယ့် သုခ ဖြစ်ပါတယ်။ ကောင်းပြီး မြတ်စွာဘုရား ပေးရဲ့လား၊ မပေး ဘူးလား။ ကြည့်၊ လေးအသင်္ချေ ကမ္ဘာ တစ်သိန်း ကြာ ပါရမီတွေ၊ စာဂတွေ၊ စရိယတွေ၊ ဘာဝနာ လေးပါးဖြင့် ပွားများကြိုးကုတ် သူမတူ

တန်အောင်အားထုတ်လို့လောကမှာ ဗုဒ္ဓုပ္ပါဒ နဝမ ဘုရားလို့ ကနေ့ အခါကောင်းအခွင့်ကောင်း ကြုံနေရတယ်။ ဗုဒ္ဓကိုယ်တော်သည် ကိုယ်တော်ရဲ့ တာဝန် ဗုဒ္ဓုပ္ပါဒသုခ ကိုလဲပဲ အောင်အောင်မြင်မြင် ပေးခဲ့ပြီ။

၂။ သဒ္ဓမ္မဒေသနာသုခ။ သူတော်တရား ဟောကြားခြင်းဆိုတဲ့ ချမ်းသာသုခလဲပဲ ကိုယ်တော်ဘက်ဆိုင်ရာ သုခ ဖြစ်လို့ လေးဆယ့်ငါးဝါ၊ နေ့မအား ညမအား သဒ္ဓမ္မဒေသနာအလုပ်ကို လုပ်ကိုင်ရတယ်။ ပြီး ကိုယ်တော်ဘက်ကတော့ ပြည့်စုံပြီဆိုပြီးတော့ အေးအေးဆေးဆေး အနုပါဒိသေသနိဗ္ဗာန် စံတော်မူသွားပြီ။ မြတ်စွာဘုရားဘက်က သုခနှစ်ပါးကား ယနေ့ အထင်အရှားရှိနေပြီး ပြည့်စုံနေပြီ၊ ကျန်တဲ့ သုံး နံပါတ် သုခဖြစ်တဲ့ သာမဂ္ဂီသုခ၊ လေးနံပါတ်ဖြစ်တဲ့ တပေါ သုခ၊ အဲဒီ သုခ နှစ်ပါးက သာဝကများ လိုက်နာကျင့်သုံးရမယ့် သုခနှစ်ပါး၊ သာဝကတို့ဆိုင်ရာ သုခ၊ သာဝကတို့ပြုလုပ်ရမယ့် သုခ ဖြစ်ပါတယ်။ အဲဒီလို သာမဂ္ဂီသုခရအောင် ကြိုးစားကြပါ။

တပေါသုခရအောင် ကြိုးစားကြပါလို့ဆိုတဲ့ ဩဝါဒကထာကို အချင်းချင်း စိတ်ဝမ်းကွဲနေသော အဖွဲ့အစည်းကိုပြောယင် မဖြစ်ပါဘူး၊ ပြောယင် ဒုက္ကထာ=နားဆင်းရဲတဲ့စကားပင် ဖြစ်ပါတယ်။ အဲဒီလို အချင်းချင်း စိတ်ဝမ်းကွဲပြီးတော့ ဘာမှ အလုပ်မလုပ်ဘဲနဲ့ ကိလေသာကို ပူပန်စေတတ်တဲ့ အလုပ်ကို မလုပ်ဘဲနဲ့ ကုသိုလ်တရားတွေကို လျော့ပါးသွားစေတတ်တဲ့ ဓိဝါဒအလုပ်တွေ၊ ဆန့်ကျင်ဘက်အလုပ်တွေကိုသာ လုပ်နေတဲ့ အဖွဲ့အစည်းကို

သွားပြောယင်လဲပဲ တပေါသုခ လုပ်ကြပါ ပြောယင်လဲပဲ သူတို့ နားဆင်းရဲတဲ့ စကားပဲ၊ နားဆင်းရဲမှုပဲ ဖြစ်ရမယ်။

၃။ အခု အဘိဓမ္မာအသင်းဝင် သူတော်စင်တွေအနေဖြင့် အစဉ်အလိုက် ဂါရဝမင်္ဂလာတရား ရှေ့ထားပြီးတော့ တစ်ဦးနဲ့တစ်ဦး ကိုယ်ရောစိတ်ရော ညီညီညွတ်ညွတ် ရှိနေခြင်းသည် မိမိတို့ ဘက်က သာမဂ္ဂီသုခကို ပထမ ရယူလိုက်ခြင်း ဖြစ်ပါတယ်၊ မိမိတို့ရတဲ့သုခကို ဝမ်းမြောက်ဖို့လဲ ပြောနေတယ်လို့ မှတ်ယူကြစေချင်ပါတယ်။

၄။ အဲဒီလို ညီညွတ်ပြီးတော့ လောဘ, ဒေါသ, မောဟ ကိလေသာတို့ လောင်မြိုက်ပစ်မယ့် ဓမ္မဆိုင်ရာ ထိုထိုကိစ္စတွေကို နေ့ညမစဲ အမြဲတစေ ကြိုးစားအားထုတ်ခြင်းဖြင့် လောဘ, ဒေါသ, မောဟတွေ မိမိတို့သန္တာန်မှ ဝေးလံရပ်ခြား ရှောင်ရှားသွားလို့ သုခချမ်းသာအမျိုးမျိုးကို ရနေပါတယ်။ ၄င်းခုမြောက် တပေါသုခဆိုတဲ့ မိမိတို့ ရယူရမယ့် ချမ်းသာသုခကိုလည်း လက်ရှိ ရနေပါပြီ၊ မိမိတို့ရတာကို ဝမ်းသာဝမ်းမြောက် ဖြစ်အောင် ဇာတ်နိုင်သလောက် ပြောနေပါတယ်။

အဘိဓမ္မာအသင်းဝင် သူတော်စင်အပေါင်း သူတော်ကောင်းတို့။ယခုပြောလိုတဲ့ ဩဝါဒအကျဉ်းချုပ်ကို ပြောပါရစေတော့။ မြတ်စွာဘုရားသည် ဗုဒ္ဓုပ္ပါဒသုခ၊ သဒ္ဓမ္မဒေသနာသုခ၊ သာမဂ္ဂီသုခ၊ တပေါသုခ- သုခလေးပါး ဟောကြားခဲ့ပါတယ်။

ယင်း သုခလေးပါးတွင် ရှေ့နှစ်ပါး ဗုဒ္ဓုပ္ပါဒသုခနှင့် သဒ္ဓမ္မဒေသနာ သုခတား ဆရာဖြစ်တဲ့ မြတ်စွာဘုရားနဲ့

ဆိုင်ရာသုခ ဖြစ်ပါတယ်။ နောက်နှစ်ပါးဖြစ်တဲ့ သာမဂ္ဂီသုခနှင့် တပေါသုခကား တပည့် သာဝကတို့ဆိုင်ရာ (၀၁)တပည့်သာဝကတို့ပြုလုပ်ရမယ့်သုခ ဖြစ်ပါတယ်။

ယင်းနှစ်ပိုင်းတွင် ဆရာဖြစ်တဲ့ မြတ်စွာဘုရား ကိုယ်တော်မြတ်ကား ကိုယ်တော်မြတ်ဆိုင်ရာ ဗုဒ္ဓုပ္ပာဒသုခနှင့် သဒ္ဓမ္မဒေသနာသုခကို အပြည့်အဝ တာဝန်ဘာမှ မလိုရအောင် ရွက်ဆောင်ပြီးလို့ အငြိမ်းကြီး ငြိမ်းသွားပါပြီ။

မြတ်စွာဘုရား တာဝန်ပေးထားခဲ့တဲ့အတိုင်းနောက်နှစ်ပါးဖြစ်တဲ့ သာမဂ္ဂီသုခ၊ တပေါသုခ-ဒီ သုခနှစ်ပါးကို ဘုရားအလိုကျ ဤ အဘိဓမ္မာအသင်းဝင် သူတော်စင်တို့သည် နှစ်ပေါင်းများစွာ ညီညီညွတ်ညွတ် ကိုလေသာတို့ကို ဝေးကွာစေဟတ်တဲ့ ကောင်းမှုကုသိုလ် တွေတပေါင်းတည်း တညီတညွတ်တည်း ပြုခြင်းဖြင့် သာမဂ္ဂီသုခ၊ တပေါသုခကို ရှေးကလည်း ရယူခဲ့ပါပြီ။ နောင်အခါ၌လဲပဲ ထိုသာမဂ္ဂီသုခနှင့် တပေါသုခ နှစ်ပါးကို ရရာရကြောင်း ကောင်းမှုတို့ကို ဤဒေသနာတော်ကို ထောက်ထား၍ ပွားများကြိုးကုတ် အားထုတ်နိုင်ကြပါစေလို့ ဆုလဲတောင်းယင်း၊ ပွားများကြိုးကုတ် အားထုတ်ကြပါကုန် ဟူ၍ တိုက်လဲ တိုက်တွန်းယင်း ဩဝါဒါစရိယ ဆရာတော်ဘုရားများ၏ ကိုယ်စား ဩဝါဒကထာသုခလေးပါး နိဂုံးချုပ် အုပ်ခဲ့ပါသည်။ အဘိဓမ္မာအသင်းဝင် သူတော်စင်အပေါင်း သူမြတ်လောင်းတို့။

သာဓု၊ သာဓု၊ သာဓု။

[illegible] [illegible]

# တာဝတိံသာ ဘုရားပင့်

၁။ ဘဂဝါ ယော ယထာဓမ္မ၊
ဒေသနာယ ဝိရုဋ္ဌိယာ။
သကိဒ္ဓိယာ ဒိဝံ ယာသိ၊
ဒဿေတွာ ပါဋိဟာရိယံ။

၂။ သမ္ပတွာ ဒေသနောသာနေ
ကာလေ ယောပါနဝိထိယာ။
သဒေဝကော ဂ္ဂမာယာသိ၊
သော မေ ဌာတု သိရသနေ။

၁။ ဘဂဝါ=ဂ္ဂသရိယ ယသ ကာမ ပယတ္တ သိရိ အမည်ရှိသည့် ဤသည့်ခြောက်မျိုး ဘုန်းတန်ခိုးကို စိုးမိုးလွှင့်ထူ ပိုင်ဆိုင်တော်မူသော။ ယော ဘဂဝါ=တစ်ကိုယ်တော်လုံး ကျက်သရေလက္ခဏာတော်တွေ မှုန်းခြယ်သည့် ဘုန်းကြွယ်ထွတ်ထား အကြင် ရှင်တော်မြတ်ဘုရားသည်။ ယထာဓမ္မဒေသနာယ=နတ်ပြဟ္မာတွေ အကျယ်သိဖို့ တကယ်ရှိဟုတ်မှန်သည့် ရုပ်နာမ် သဘာဝ ယထာဓမ္မခေါ်ဝေါ် အဘိဓမ္မာ ဒေသနာတော် မြတ်ကြီး၏။ ဝိရုဋ္ဌိယာ=ပရမတ္ထအခြေခံဖေါ်အောင် ရွှေညာဏ်တော်

ဖြန့်လွှား ညက်ကစားလျက် ပြန့်ပွားစည်ပင် အလွန်လျှင် ထွန်းကားရန်အလို့ငှာ။ ပါဠိဟာရိယာ = ရွှေကိုယ်တော်ကြီး ရှုမငြီးအောင် ရေမိးနှစ်ပုံ အစုံအစုံ ဒွန်တွဲလျက် လွန်ကဲဘူးစွာ ပြာဋိဟာခေါ် အသာဓာရဏ တန်ခိုးတော်ကို။ ဒဿေတွာ = တိတ္ထိအပေါင်း ခြောက်သောင်းမျက်မြင် ထက်ကောင်းကင် စင်္ကြံလမ်းမှ ဆန်းဆန်းကြွယ်ကြွယ် အံ့ဖွယ်အစားစားတို့ဖြင့် ဘုရား တို့ မမှတာ ဖွယ်ရာထူးထွေ ဖူးပစေဖော်ပြတော်မူပြီးလျှင်။ သကိဒ္ဓိယာ=အခြေခံထား ဘုန်းခြောက်ပါးမှ ခွဲခြားစိတ်ဖြာ လဃိမာခေါ် မိမိပိုင်တန်ခိုးတော်ဖြင့်။ ဒိဝံ=ပဏ္ဍုရကမ္ဗလာ စံရာဟုခေါ် သိကြားမင်း နေပြည်တော်သို့။ ယာသိ=နှစ်လှမ်းသုံးဖဝါး ပေါ့ပါးလျင်မြန် ဝါကပ်ရန်နှလုံးသွင်းဖြင့် ခဏခြင်းမကြာ ဒေသစာဖြန့်ခြွေ မြန်းကြွတော်မူခဲ့လေပြီ။

၂။ သမ္ပတ္တာ=အဘိဓမ္မာ နတ်ပြဟ္မာကို ဟောကြားဖို့ သုံးဖဝါးနှစ်လှမ်း စခန်းမထောက် တစ်ခဏချင်း ဆိုက်ရောက်တော်မူပြီးလျှင်။ ဒေသနောသာနကာလေ=နတ်အများသိစရာ အဘိဓမ္မာ ဒေသနာနိဂုံး ဝါတွင်းသုံးလ၏ အဆုံးဖြစ်သော။ ဒေသနောသာနကာလေ=ကုသိုလ်ရေး တစ်မျိုးကြုံ မိးမျိုးစုံထိန်ထိန်ဝေသည့် အစိန္တေရည်ညွှန်း ဆီမီးထွန်းပူဇော်ရာ သီတင်းကျွတ်လပြည့် ညဉ့်ဦးအခါ၌။ သောပါနဝိထိယာ = လေး ကျွန်း ဗ ဟို ရွှေမြင်းမိုရ်မှ အောက်ကိုတောက်လျှောက် လူ့ပြည်ရောက်အောင် သွယ်ဖောက်ခင်းကျင်း တဝင်းဝင်း တဝေဝေ ရွှေငွေစောင်းတန်း မြလမ်ခရီး အလွန်ဆန်းကြွယ်လှစွာသော ရတနာ

လမ်းမတော်ကြီးဖြင့်။ သဇ္ဇေဝကောဝ = ထက်နဘန္တာဝတိံသာနတ်ပြည်မှ နတ်စည် နတ်စောင်း ပုံမောင်း တည်ညံ့ ခြံရံဝဲယာ နောက်တော်ပါ နတ်ဗြဟ္မာအပေါင်းတို့နှင့် ဓာကွသာလျှင်။ ဣမ=သင်္ကဿနဂိုရ် ကြို ဆိုပွဲဆီဤလူပြည်သို့။ အာယာသိ=ဆန်းကြွယ်လှစွာ နတ်ဗြဟ္မာတန်ခိုး ဘုန်းဖြင့် တာမိုးလုံးပြင်ဆင် ရှုလိုက်လျှင် မျှော်မဆုံးနိုင်အောင် တစ်ကိုယ်တော်လုံး ထိန်ဝေကြွလျက် ဆိုက်ရောက်တော် မူခဲ့လေပြီ။

ဘဂဝါ=လောကဝိဝရဏာ ရှိုးသမျှ မြင်သာအောင်မင်္ဂလာတိုးဆင့် တန်ခိုး ဖွင့်တော်မူသော။ သော ဘဂဝါ=တစ်ကိုယ်တော်လုံး ကျက်သရေ လက္ခဏာတော်တွေ မှုန်းခြယ်သည့် ဘုန်းကြွယ်ထွတ်ထား ထိုရှင်တော်မြတ်ဘုရားသည်။ မေ=လောကီလောကုတ္တရာ မင်္ဂလာအောင်ဆု အောင်မှုကိုမျှော် ဘုရားတပည့်တော်၏။သိရာသနေ=လူ့တစ်ကိုယ်လုံး အမြတ်ဆုံးဆံပင် ပလ္လင်ဟုခေါ် ဦးထိပ်ပေါ်၌။ ဌာတု=အနိုင္ဌ အ မင်္ဂလာ ကိုယ်မှာဟန့်တားအခန့်စားဖြင့် တံ့နား တည်နေတော်မူလှည့်ပါ ကမ္ဘာ့ကျက်သရေဆောင် ရွှေဘုန်း ခေါင် အရှင်မြတ်ကြီးဘုရား။

ရန်ကုန်မြို့၊ အဘိဓမ္မာပြန့်ပွားရေး အသင်း၏
၁၃၄၃-ခုနှစ်၊ တစ်ပေါင်း လပြည့်ကျော် ၁-ရက်
(၁၀-၃-၈၂) နေ့၌ ကျင်းပသော ၂၂-ကြိမ်မြောက်
သြဝါဒါစရိယ ပူဇော်ပွဲ အခမ်းအနားတွင်
နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်
တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ
အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ
မဟာထေရ်မြွက်ကြားသော

# သြဝါဒ ကထာ

ရန်ကုန်မြို့ အဘိဓမ္မာ ပြန့်ပွားရေး အသင်းကြီး၏ ၁၃၄၃-ခု၊ တပေါင်းလပြည့်ကျော် ၁-ရက်နေ့၊ သြဝါဒစရိယ ပူဇော်ပွဲ အခမ်းအနားတွင် သြဝါဒါစရိယ ဆရာတော်များ၏ ကိုယ်စား သံဃေဂ သြဝါဒကထာ ပြောကြားလိုက်ပါတယ်။

အပ္ပမတ္တာ သဒါ ဟောထ၊
ဥတ္တာ သင်္ခါရဓမ္မတံ။
သကိစ္စ မနုယုဉ္ဇေထ၊
နတ္ထိ နေခ မစ္စုသင်္ဂရံ။

ဤ ဂါထာကို အဓိပ္ပာယ်အတ္ထုပ္ပတ်နဲ့တကွ ဖော်ပြ၍ သံဝေဂဩဝါဒ ကထာစကား ပြောကြား လိုပါတယ်။ လွန်ခဲ့တဲ့ ၁၃၂၄ ခုနှစ်-၊ နှစ်ဦးပိုင်းမှာ ဘုန်းကြီးအနေနဲ့ မမျှော်လင့်သော မကျန်းမာရေး ဖြစ်ခဲ့ပါတယ်။ ပွင့်ပွင့် လင်းလင်း ပြောရမယ်ဆိုယင် အနာတစ်ခု ပေါက်တဲ့ အတွက် ထိုအနာကို ကျေးလက်ဆိုတော့ ကျန်းမာရေးမှူး နဲ့ပဲ ဆေးကုသ၊ အဲဒီကုတဲ့အခါ တာရာမိုင်ဆင်ကို အဖြေ မပေါ်ပဲ ကျန်းမာရေးမှူးလေးဆိုတော့ ကျန်းမာရေးမှူးနဲ့ပဲ ဆေးကုသ၊ အဲဒီ ကုတဲ့အခါ တာရာမိုင်ဆင့်ဆေးပြားကို အဖြေဆေးပြား အတွဲအဖက်မပေါ်ဘဲနဲ့ သူလဲ စေတနာနဲ့ ပေးလို့ သုံးစွဲမိတဲ့အခါ ပေါက်သောအနာကား ပျောက် သွား၏။ သို့သော် ထို တာရာမိုင်စင်ဆိုတဲ့ ဆေးပြားဟာ ကန့်တွေ အများကြီးပါတဲ့ ဆေး ဖြစ်ပါတယ်။ ဘယ် လောက်ပဲ သိပ္ပံခာတုဗေဒပညာနဲ့ ကန့်ကို သေအောင် လုပ်ထားပေမယ့် ကန့်ရဲ့ မူလ အငွေ့တွေဟာ ဒီ တာရာ မိုင်စင်ဆေးထဲမှာ မြင်ကို နေရပါတယ်။

အင်္ဂလိပ်ပညာရှင်ကြီးများ ပြောကြတယ်၊ ဒုတ္တာတို့၊ ကန့်တို့၊ ဆေးဒန်းတို့၊ စိန်နီမြဖ်းသွားတို့ ဆိုတာဟာ ဓာတ်ခဲင်းတွေတဲ့။ သူတို့ကို မီးနဲ့ မထိလို့ရှိယင် ကိစ္စမရှိ ဘူး၊ အစိမ်းလိုက် ဘယ်လိုစားစား ဘာမှ အန္တရာယ် မရှိ ဘူးတဲ့။ သူတို့ကို မီးနဲ့ တွေ့ပြီးမှတော့ မစားနဲ့၊ အဲဒီအချိန် မှာ သူတို့ဟာ ဒေါသထွက်နေပြီ၊ ဖောက်ပြန်နေပြီ၊ မှတ် လောက်သားလောက်ပါပဲ။ အဲဒီ တာရာမိုင်ဆင် ဆေး ပြားဟာ ကန့်ပါတယ်၊ ထို ကန့်ဆိုတဲ့ဓာတ်သတ္တိသည် အနာကို ပျောက်စေ၊ ငြိမ်းစေတတ်တဲ့ သတ္တိရှိတာ အမှန် ပါပဲ။ ရှိတဲ့အတိုင်း အနာတော့ ပျောက်၏။ သို့သော်

သူက မီးနဲ့ တွေ့ထိထားတော့ အဆိပ်ဖြစ်ပြီးတော့ တစ်ခါတည်း အနာပျောက်ပြီးတဲ့အခါမှာ ညာဘက် တစ်ခြမ်း အထက်ပိုင်း ခေါင်းပိုင်း ကွက်ပြီးတော့ ထုံလာတယ်၊ ၂-ရက်၊ ၃ရက် လောက် ကျတော့ အဆင်း ဖောက်ပြန်လာတယ်၊ကြောက်ဖွယ်ပါ တကားလို့ အောက်မေ့တယ်။

အဲဒီမှာ ကံအားလျော်စွာ ယနေ့ သမားတော်ကြီး ပါမောက္ခ ဆရာဝန်ကြီး ဒေါက်တာ ဦးသာလှနဲ့ နိုင်ငံတော်ဝန်ကြီးချုပ်ရယ်၊ နိုင်ငံတော် ကျန်းမာရေးဝန်ကြီးရယ်က တာဝန်ပေးချက်အရ ဆရာဝန်ကြီး ဦးသာလှ မန္တလေးမှာ ရှိနေစဉ် သူကိုယ်တိုင် တနင်္ဂနွေတစ်ပတ်မှာ သုံးကြိမ်လောက်လာပြီးတော့ ကြည့်ရှုပြုစု ကုသပေးခဲ့ပါတယ်၊ ပေးခဲ့တဲ့အတွက် တစ်နေ့ထက်တစ်နေ့၊ တစ်လထက် တစ်လ သက်သာပြီးတော့ လာခဲ့ပါတယ်။

ဆရာဝန်ကြီးအပြောကတော့ 'ဆရာတော်-အမြစ်ပြတ်ပျောက်ဖို့ကတော့ နှစ်ပရိစ္ဆေဒကြာမယ် ဘုရား၊ ဒါပေမယ့် အားလုံးရဲ့ မျက်စိအမြင်ထဲမှာ ၄-လအတွင်းမှာ ပကတိအခြေအနေကို ရောက်မယ်'၊ အဲလွန် မှန်ပါတယ်၊ ဒီ ထုံတဲ့သဘောက ကနေ့တိုင်အောင် ရာခိုင်နှုန်း နှစ်လောက် တစ်ခွဲလောက် ရှိသေးတယ်၊ သည့်ပြင်ဟာတွေ အကုန် ပျောက်ကုန်ပါပြီ။

ထိုနှစ် ၁၃၂၄-ခုနှစ်၊ ပြာသိုလပြည့်ကျော် ၄-ရက် နေ့ည သန်းခေါင်ကျော် အချိန်မှာ အိပ်မက်သဘော မက်ပါတယ်။ အိပ်မက်ထဲမှာ ဘာပြောလိုက်သလဲ၊ ပုဂ္ဂိုလ်ရယ် မမြင်ပါဘူး၊ နားထဲမှာ ကြားသိ သိသကဲ့သို့ ဇီဝိတသန္တတိ ၂-နာရီပဲ ရှိတော့တယ်၊ တစ်ဦးတစ်ယောက်က ပြောသလို ဆတ်ဆတ် ကြားရတယ်။

ထိုနှစ် ၁၃၂၄-ခုနှစ်၊ ပြာသိုလပြည့်ကျော် ၄-ရက်နေ့ ညသန်းခေါင်ကျော် အချိန်မှာ အိပ်မက်သဘော မက်ပါတယ်။ အိပ်မက်ထဲမှာ ဘာပြောလိုက်သလဲ၊ ပုဂ္ဂိုလ်ရယ် မမြင်ပါဘူး၊ နားထဲမှာ ကြားသိသိသကဲ့သို့ ဇီဝိတသန္တတိ ၂-နာရီပဲ ရှိတော့တယ်၊ တစ်ဦးတစ်ယောက်ကပြောသလို ဆတ်ဆတ်ကြားရတယ်။

အိပ်မက်၊ အိပ်မက်၊ ဒီတော့ ဇီဝိတသန္တတိ ၂-နာရီပဲ ရှိတော့တယ် ဆိုတော့ ရုပ်ဇီဝိတ၊ နာမ်ဇီဝိတသန္တာန်သည် အရှင်ဘုရားမှာ ၂-နာရီပဲ ဆက်တော့မယ်၊ ၂-နာရီ ဆိုယင် ထို ရုပ်ဇီဝိတ နာမ် ဇီဝိတသန္တာန် ပြတ်ပြီးတော့ ဘဝတဇာတ် သိမ်းရပါလိမ့်မယ်လို့ အဓိပ္ပာယ်ပေါ်ပါတယ်။ ဒီအခါမှာ စဉ်းစားကြည့်တယ်၊ 'ငါဟာ မဂ်ကိစ္စ တစ်ပါးမှ မပြီးသေးတော့ ဘဝခရီးသွားရလျှင် ဘာကို အားထားပြုပြီး ငါ သွားရပါ့မလဲ'လို့၊ အဲဒီလို အိပ်မက် ထဲမှာ ဆက်ပြီးတော့ စဉ်းစားတယ်။

စဉ်းစားတဲ့အခါ ဒီ အိပ် မက် ထဲ မှာ ပဲ တစ် ဦး တစ် ယောက်က ထပ်ပြီးတော့ ပြောလိုက်သလို ပညာ၊ ပညာ၊ ပညာလို့ သုံးခွန်းပြောတယ်၊ တစ်ခါ အိပ်မက်ထဲမှာပဲ 'ဒီ ပညာက ဘာပညာပါလိမ့်'ဆက်ပြီးတော့ စဉ်းစားတဲ့ အခါကျတော့ မိမိ နှလုံး သွင်းနေကျ ဖြစ် သော စူဠ ရာဟုလောဝါဒသုတ္တန်ကလာတဲ့=

စက္ခု၊ ရူပါရုံ၊ စက္ခုဝိညာဉ်၊ စက္ခုသမ္ဖဿ၊ စက္ခု သမ္ဖဿပစ္စယ နာမ်ခန္ဓာလို့ အရှုခံ စက္ခုပဉ္စက။

သောတ၊ သဒ္ဒါရုံ၊ သောတ ဝိညာဉ်၊ သောတ သမ္ဖဿ၊ သောတ သမ္ဖဿပစ္စယ နာမ်ခန္ဓာလို့ သောတပဉ္စက။

ထို့အတူ ဃာနပဋ္ဌက။ ဇိဝှာပဋ္ဌက။ မနော၊ ဓမ္မာရုံ၊ မနောဝိညာဉ်၊ မနောသမ္ဖဿ၊ မနောသမ္ဖဿပစ္စယနာမ် ခန္ဓာလို့ မနောပဋ္ဌက။

ဤ ပဋ္ဌကခြောက်ပါးတရား တစ်ခုစီ တစ်ခုစီ အသေး စိတ်-စက္ခု အနိစ္စံ ဒုက္ခံ အနတ္တာ။ နေတံ မမ၊ နေသော ဟမသ္မိ၊ န မေ သော အတ္တာ။

ရူပံ အနိစ္စာ ဒုက္ခာ အနတ္တာ။ နေတံ မမ၊ နေသော ဟမသ္မိ၊ န မေ သော အတ္တာ။

စက္ခုဝိညာဏံ အနိစ္စံ ဒုက္ခံ အနတ္တာ။ နေတံ မမ၊ နေသော ဟမသ္မိ။ န မေ သော အတ္တာ။

စက္ခုသမ္ဖဿော အနိစ္စော ဒုက္ခော အနတ္တာ။ နေတံ မမ၊ နေသော ဟမသ္မိ။ န မေ သော အတ္တာ။

ယမိဒံ စက္ခုသမ္ဖဿပစ္စယာ ဥပ္ပဇ္ဇတိ ဝေဒနာဂတံ သညာဂတံ သင်္ခါရဂတံ ဝိညာဏဂတံ၊ တမ္ပိ အနိစ္စံ ဒုက္ခံ အနတ္တာ၊ နေတံ မမ၊ နေသော ဟမသ္မိ၊ န မေ သော အတ္တာ။ စက္ခုပဋ္ဌကဓမ္မဝိပဿနာ။

ထို့အတူ သောတပဋ္ဌကဓမ္မဝိပဿနာ။ ဃာနပဋ္ဌက။ ဇိဝှာပဋ္ဌက။ ကာယပဋ္ဌက။ မနောပဋ္ဌက ဓမ္မဝိပဿနာ ပညာကိုဆိုလိုတယ်လို့ အိပ်မက်ထဲမှာ ဒီအတိုင်း ဉာဏ်ထဲမှာ အောက်မေ့ပြီးတော့ဖြုန်းကနဲ နိုးလာတယ်။

နိုးတယ်ဆိုယင်ပဲ နှုတ်က ဘာကိုရွတ်ဆိုမိသလဲ၊ ဥဒါန်း သဘော

'သုညော ဝတ ဘော လောကော

အို....လောကကြီး တစ်ခုလုံးဟာ ပုဂ္ဂိုလ်သတ္တဝါ ငါ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမ၊ အတ္တလိပ်ပြာ သဘောမှ ဆိတ်သုဉ်းစွတကားလို့ နှုတ်က ဥဒါန်း သဘော ကျူးရင့်မိပါတယ်။

အဲဒီလို ကျူးရင့်မိပြီးတော့ အိပ်မက်က နိုးပါတယ်။ အဲဒီလို ကျူးရင့်မိပြီးတဲ့အခါ....

၁။ မမွေ့မလျော့နဲ့-စကားတစ်ခွန်း

၂။ သေခြင်းတရားနဲ့ အချိန်းအချက်မရှိဘူး-စကား တစ်ခွန်း

၃။ ဒီတော့ မိမိရည်သန်ထားသော ဓမ္မစီးပွားများ ကို အလုံးစုံ ပြီးဖို့ကတော့ အရဟတ္တဖိုလ်ရောက်မှ ပြီးမှာပဲ၊ သို့သော် ပြီးတန်သလောက် ပြီးအောင် အချိန်မဆွဲဘဲ ကြိုးစားအားထုတ်လို့

ဟောဒီလို သံဝေဂ စကားသုံးခွန်း အမြတ် ရလိုက်ပါ တယ်။

အဲဒီ သံဝေဂကထာ စကားသုံးခွန်း အမြတ် ရလိုက် တဲ့အချိန်က စပြီးတော့ မိမိထံမှောက် ရောက်လာတဲ့ ဒကာ ဒကာမများအစီး၊ ဥပနိသိန္နကထာ တရားစကား ပြောကြားတဲ့အခါ နောက်ဆုံးမှာ ဒီစကားသုံးခွန်း နိဂုံး အုပ်ပြီးတော့ ပြောလိုက်ရတယ်၊ ငါသည် ဝတ္တရား ကျေ ပဟဲ့ စိတ်ထဲ အင်မတန် နှစ်သိမ့်ရပါတယ်။

ဤကဲ့သို့ လာရာက နောက်တစ်နှစ် ၁၃၂၅-ခုနှစ်ကျ တော့ ဒကာလေး တစ်ယောက်က တန်ဆောင်မုန်း

လဆန်း ၁၁ ရက်နေ့ ဆရာတော်မွေးနေ့မှာ တပည့်တော် ဓမ္မလက်ဆောင်အဖြစ်ဖြင့် ယပ်တောင်မှာ စာတမ်းကပ်ပြီးတော့ ကမ်းချင်လို့တဲ့၊ ယပ်တောင်မှာ ကပ်သင့်တဲ့ စာကလေးတစ်ခု ရေးပေးပါ၊ ဒီတော့ ဘုန်းကြီးများ နေကောင်းနေပြီ ပြောပါတော့၊ အသားအရေ ပကတိ ကောင်းလာပါပြီ၊ နေကောင်းပါပြီ။

အဲဒီအခါမှာ စိတ်ထဲက ဘာကို ဓမ္မလက်ဆောင် လူတွေအား ပေးသင့်တုန်း ဆိုတော့ ခုတင်က သံဝေဂ စကားသုံးခွန်းကို ဓမ္မလက်ဆောင်အဖြစ်ဖြင့် လက်ဖွဲ့လေး ရေးပြီးတော့ ပေးရယင် ကောင်းမယ်လို့ စိတ်ထဲ အဲဒီလို အောက်မေ့တယ်၊ အောက်မေ့ပြီးတော့ အကျဉ်းဖြစ်တဲ့ ဒီစကားသုံးခွန်းကို သံဝေဂ ဓမ္မလက်ဆောင်အနေနဲ့ ရေးသားလိုက်တဲ့အခါ....

ရုပ်နာမ်ဓမ္မ၊ သင်္ခါရတို့၊
ကိုယ်က ဤပုံ၊ ဖြစ်လိုတုံလဲ၊
တဖုံဆင်ကွဲ၊ သူတနဲဖြင့်၊
ဖောက်လွဲဘတ်စွာ၊ ဓမ္မတာကို၊
ပညာစက္ခု၊ မျှော်ထောက်ရှု၍၊
❁ ယခုပင်လျှင်၊ မအိုခင်က၊
ကြိုတင်ကောင်းမှု၊ ကြိုးစားပြုလော့၊
❁ ယခုပင်လျှင်၊ မနာခင်က၊
ကြိုတင်ကောင်းမှု၊ ကြိုးစားပြုလော့၊
❁ ယခုပင်လျှင်၊ မသေခင်က၊
ကြိုတင်ကောင်းမှု၊ ကြိုးစားပြုလော့၊
❁ ရတုချိန်ဆောက်၊ ဤခါရောက်မှ၊

ချုပ်ပျောက်ခန္ဓာ၊ သေပိမ့်ငါဟု၊
သတ္တဝါခပင်း၊ ရှင်သေမင်းနှင့်၊
မိတ်သင်းဖွဲ့လျက်၊ ချိန်းအချက်လျှင်၊
တစ်စက်ကမျှ၊ မရှိကြဘူး၊
အပ္ပမာဒေန ဘိက္ခဝေ သမ္ပာဒေထ၊
ဘုရားစကား၊ လိုက်နာပွားသည်၊
တရားလက်မလွှတ်စေနှင့်။

လို့ သံဝေဂလင်္ကာလေးဟာ အခုပြောတဲ့ စကားစဉ် အတိုင်း အလွယ်တကူပေါ်လာပါတယ်၊ ထိုလင်္ကာလေး ဟာ မင်းတွန်း တိပိဋကဓရ ဆရာတော်၏ သံဝေဂ ဓမ္မ လင်္ကာဆိုတဲ့ အမည်ဖြင့် ယပ်တောင်ကလေးများမှာ ရိုက် ပြီးတော့ ကမ်းကြတာ မန္တလေးမှာလဲပဲ တော်တော်များ များ တွေ့တယ်၊ ရန်ကုန်မှာလဲပဲ တော်တော်များများ တွေ့ရပါတယ်။

ဒီ သံဝေဂလင်္ကာလေးကို တချို့ဆောင်ရွှလဲ ထား ကြတာကို တွေ့ရပါတယ်။ ဆိုကြပါစို့၊ အဲဒီ စကား သုံးခွန်းက မိမိက စာပေထဲမှာ လေ့လာတော့ ပထမ စကားက ဘယ်မှာ သွားညီသလဲဆိုတော့ မမေ့မလျော့ ကြနဲ့ဆိုတဲ့ ဤစကားက သာသနာရဲ့ အကျဉ်း အပ္ပမာဒ တရား မြတ်စွာဘုရားရဲ့ ၄၅-ဝါ ဒေသနာ အားလုံးကို မြတ်စွာဘုရားသည် နောက်ဆုံး အကျဉ်းတရားအနေနဲ့ ပစ္ဆိမဗုဒ္ဓဝစနမှာ....

ဟန္ဒ ဒါနိ ဘိက္ခဝေ အာမန္တယာမိ ဝေါ၊
ဝယဓမ္မာ သင်္ခါရာ အပ္ပမာဒေန သမ္ပာဒေထ။

ဆိုတဲ့ နောက်ဆုံး ဘုရားစကားနဲ့ သွားပြီးတော့ ကိုက်ညီပါတယ်၊ ဤ အပ္ပမာဒဩဝါဒကို သာသနာတော်ရဲ့ အကျွပ်တရားလို့ ခေါ်ဆိုပါတယ်၊ အပ္ပမာဒ တရားသည် ဆင်ခြေရာနဲ့ တူတယ်၊ အားလုံး တကာ ခြေရာအပေါင်းသည် ဆင်ခြေရာထဲမှာပဲ အကုန်လုံး ဝင်ရတယ်။

ဆင်ခြေရာသည် အားလုံးသော ခြေရာတို့ထက် အကြီးဆုံးဖြစ်သလို အားလုံးသော ကုသိုလ်တရားမှန်သမျှသည် အပ္ပမာဒထဲမှာ အကုန်လုံး ဝင်တယ်။ အပ္ပမာဒတရားသည် ဆင်ခြေရာနဲ့ တူတယ်၊ အားလုံး ကုသိုလ်တရားတွေကို အကုန်ငုံလျက်သား ရှိတယ် ဆိုတဲ့ တရားဒေသနာနဲ့ လဲပဲ ကိုက်ညီပါတယ်။

၎င်းနောက်-တို့မှာ သေခြင်းတရားနဲ့ အချိန်းအချက် မရှိဘူးဆိုတဲ့ ဒုတိယ သံဝေဂ၊

ဒါကြောင့် မိမိ ရည်သန်ထားတဲ့ လောကဓမ္မ စီးပွားများကို မြန်မြန် ကြိုးကုတ်၊ အချိန်ကို ဆွဲမထားနဲ့ ဆိုတော့ အဲဒီ ဒုတိယ၊ တတိယ သံဝေဂစာ ၂-ပိုဒ်ဟာ....

အဇ္ဇေဝ ကိစ္စမာတပ္ပံ၊
ကော ဇညာ မရဏံ သုဝေ။
န ဟိ နော သင်္ဂရံ တေန၊
မဟာသေနေန မစ္စုနာ။

ဆိုတဲ့ ဘဒ္ဒေကရတ္တသုတ္တန်လာ ဘုရားအဆုံးအမနဲ့လဲပဲ ကိုက်ညီခနတာကို တွေ့ရပါတယ်။ ဒါကြောင့် ဒီသံဝေဂ သုံးခုသည် သာသနာအတွက် အင်မတန် ကျေးဇူးများတဲ့ သံဝေဂသုံးခုပဲလို့ စိတ်ထဲ အဲဒီလို မြတ်နိုးတနာ ဖြစ်လွန်း

လို့ ယခုလို သံဝေဂ ဓမ္မလင်္ကာလဲပဲ ရေးပြီးတော့ ဖြန့်ဖြူးခဲ့ပါတယ်။

ဤဩဝါဒ ပေးရခြင်းက ကနေ့ ဘုန်းကြီးများကို ဒကာကြီး ဦးစံလွင်က ဆရာတော် ဩဝါဒ ပေးရလိမ့်မယ်လို့ ပြောတော့၊ နေပါဦး ဒကာကြီး၊ ဥက္ကဋ္ဌကြီးရဲ့ ကျန်းမာရေးအခြေအနေကို ပြောစမ်းပါဆိုတော့ ပြောပြ၊ ပြောတော့ ဟောဒီဩဝါဒ သံဝေဂ သုံးပါးကို ပြောပြီးတော့ အမှတ် ရပါတယ်။

အဲဒါကြောင့် သံဝေဂ သုံးပါးကိုပဲ အဘိဓမ္မာအသင်းဝင် ဒကာ ဒကာမ အပေါင်းတို့အား ဩဝါဒသဘော သံဝေဂ ဓမ္မလင်္ကာဆောင်ငါပေးမှ တော်မယ်လို့ စဉ်းစားမိလို့ ဒီ အဖြစ်အပျက်ကို ပြန်ပြီး အတ္ထုပ္ပတ် ပြန်ပြော၍ အခု ဒီ သံဝေဂ ဩဝါဒပေးဖို့ ဖြစ်ပါတယ်။

အဲဒါနဲ့ ဘုန်းကြီးများ လာခဲ့တော့....

(၁) စကားဝါကျ သုံးခု၊

(၂) သံဝေဂ ဓမ္မလင်္ကာ၊

ဒါနဲ့လဲပဲ ဒီဥစ္စာ စာပေယမိုင်း မဝင်သေးပေဘူး၊ ဒီတော့ စာပေသမိုင်း တင်လောက်အောင် ဒီ အချက် ၃ ချက်ကို ဂါထာ ရေးသား ဖွဲ့ဆိုလိုက်တဲ့အခါ၊—

အပ္ပမတ္တာ သဒ္ဒါ ဟောထ၊
ဥဋ္ဌာ သန္တိရမမှတ်။
သကိစ္စ မနုဿဥဇ္ဈော၊
နတ္ထိ နော မစ္စုသင်္ဂရံ။

ဤကဲ့သို့ ဂါထာ အလွယ်တကူ ဖြစ်လာပါတော်။ အနက်ပေးတဲ့ အခါမှာလဲပဲ၊

သာခဝေါ = နှလုံးပျော့ပျောင်း သူတော်ကောင်းတို့။ သာဓဝေါ = ကိုယ့်ကျိုး သူ့ကျိုး ဤနှစ်မျိုးကို ပြည့်ဖြိုးစေလအောင် ရွက်ဆောင်ဘိဗတောင်း သူတော်ကောင်းတို့။ သင်္ခါရ ဓမ္မတံ = ကိုယ်က ဤပုံ၊ ဖြစ်လိုတံလဲ၊ တဖုံဆင်ကွဲ၊ သူတနဲဖြင့်၊ ဖောက် လွဲ တတ် စွာ၊ ရုပ်နာမ်ဓမ္မ သင်္ခါရတို့၏ ဓမ္မတာကို။ ဥတ္တွာ=ဇာနာထ = ယခု ပင် လျှင်၊ မအို ခင် က။ ယခု ပင် လျှင်၊ မနာခင်က။ ယခုပင်လျှင် မသေခင်က၊ ကြိုတင်ကာ ကြိုးကုတ် သိမြင်အောင် အားထုတ်ကြကုန်လော့။ ဥတ္တွာ=သိမြင်အောင်ကြိုးကုတ် အားထုတ်ကြပြီးလျှင်။ သဒါ=နေ့နေ့ညည ခပ်သိမ်းသောကာလ၌။ အပ္ပမတ္တာ = အပ္ပမာဒတရား လက်ကိုင်ထားကြကုန်သည်။ အပ္ပမတ္တာ= ကုသိုလ်ဆယ်ခု မြတ်ကောင်းမှု၌ ဂရုကတ ကြိုးလုံ့လသည့် အပ္ပမာဒတရား လက်ကိုင် ထားကြကုန်သည်။ အပ္ပမတ္တာ= မမျှော်လင့်ဘဲ၊ ဖြုန်းကနဲ၊ ရောက်စွဲနာဗျာဓိ [ဒီဟာက တော့ မိမိခံစားရချက်ကို မြင်ပြီးတော့ ရေးခြင်း ဖြစ်ပါတယ်။ ဘုန်းကြီးအနေနဲ့ အင်မတန် အစားအသောက် အနေအထိုင် အစစ ဆင်ခြင်ပါတယ်၊ ဒီ ဆင်ခြင်တဲ့ အထဲက ဒီလိုဧဝဒနာမျိုး ဖြစ်လိမ့်မယ်လို့ ဘယ်တော့မှ မမျှော်လင့်ပါဘူး။ အာဟာရလောဘမဖြစ်အောင် အမြဲတမ်း သတိပြုလျက်နဲ့ ဒီလို ဖြစ်လာရတယ်လို့ သံဝေဂဖြစ်ပြီးတော့ ဤလင်္ကာ ဖြစ်ပေါ်လာရခြင်း ဖြစ်ပါတယ်။]

အပ္ပမတ္တာ=

မမျှော်လင့်ဘဲ၊ ဖြုန်းကနဲ၊ ရောက်စွဲနာဗျာဓိ။
မမျှော်လင့်ဘဲ၊ သူ၏နဲ၊ အိုလဲအိုနိုင်၏။
မမျှော်လင့်ဘဲ၊ ဖြုန်းကနဲ၊ ဖောက်လွဲသေနိုင်၏။

ဟု သတိလိုက်လို့ စိတ်ဝယ် စွဲကြကုန်သည်။ ဟောဏ= မြေလက်ခတ်နဲ့ မလွဲကေန် အမှန်စင်စစ် ဖြစ်ကြပါကုန် လော့။

ဒီဟာက မမေ့မလျော့ကြနဲ့ ဆိုတဲ့ ပဏ္ဍမ သံဝေဂ အတွက် ဉာဏ်ထဲမှာ အကျယ်ထင်လာတဲ့ အနက်အဓိပ္ပာယ် ဖြစ်ပါတယ်။ ၎င်းနောက်= တို့မှာ သေခြင်းတရားနဲ့ အချိန်းအချက် မရှိဘူး၊ ဒီစကား။ ဒီတော့ ရည်သန်ထား တဲ့ လောကဓမ္မ စီးပွားများ အချိန်မဆွဲနဲ့၊ မြန်မြန် ပြီးတန် သလောက် ပြီးအောင်ကြိုးစားပါဆိုတဲ့ တတိယ သံဝေဂ အတွက်၊ ဒီဒုတိယ သံဝေဂ နှင့် တတိယ သံဝေဂ အကြောင်းအကျိုး ဆက်သွယ်နေပါတယ်။

အဲဒီ သံဝေဂ နှစ်ပိုဒ်အတွက် ဟောဒီဂါထာ နောက် ထက်ဝက်-

**နော** = တဏှာ မာရ် ညွတ် ခန္ဓာ ဝဋ္ဋ မှ ကျွတ် ဆုရည်ချွေ **တို့**တတွေ**အား**။ နော=တဏှာတည်း ဟူ သော မာရ်မင်း၏ညွတ်ကွင်း ခန္ဓာတည်းဟူသော သံသ ရာဝဋ္ဋ**အတွင်းမှ** လွတ်ကင်းရန်ရည်ချွေ တို့တတွေ**အား**။ မစ္စုသင်္ဂရံ = မစ္စုမည်လျှင်း ရှင်သေမင်းနှင့် အတွင်း ကြိတ်ပူး မိတ်ရည်လူး၍ နှစ်ဦးနှစ်ဘက် ချိတ်အဆက်ဖြင့်၊

ဤ ရက်ခါမူ၊ သေအံ့ဟူ၍ လည်းကောင်း။
ဤ လခါမူ၊ သေအံ့ဟူ၍ လည်းကောင်း။
ဤ နှစ်ခါမူ၊ သေအံ့ဟူ၍ လည်းကောင်း။

သဘောတူ အချိန်းအချက် စာချုပ်စာတမ်း စာရွက် တို့နှင့် တကွ လက်ဆောင်တန်စိုး ထိုး၍ထားခြင်းသည်။ နတ္ထိ=လူတိုင်းကေန် မရှိမှန်၏။

ခုတင်က ဘဒ္ဒေကရတ္တသုတ်မှာ-

န ဟိ နော သင်္ဂရံ တေန၊
မဟာသေနေန မစ္စုနာ။

ဒီ အဖွင့် ကိုမှီပြီးတော့ အနက်ထွက်လာခြင်း ဖြစ်ပါတယ်။ တို့မှာ သေခြင်းတရားနဲ့ အချိန်းအချက် မရှိဘူး ဆိုတဲ့ အကျဉ်းသံဝေဂအတွက် ထွက်ပေါ်လာတဲ့ မမ္ဂီတိ ဖြစ်ပါတယ်။ အဲဒါကြောင့် တို့မှာ ရည်သန်ထားတဲ့ လောကမေ့စီးပွား ကိုယ့်ကိစ္စများကို အချိန်မဆွဲဘဲ အခုက ကြိုးစားဆိုတဲ့ တတိယ သံဝေဂ အတွက် တသ္မာ=ထို့ ကြောင့်။ သကိစ္စံ=ခု ဝတ္တမာန် ပစ္စုပ္ပန်နှင့် တမလွန် နောက်နှောင်း တောက်လျှောက် ကောင်းအောင် ရွယ် ချောင်းဆုပန် စိတ်ရည်သန်သည့် နှစ်တန်သော လောက မေ့စီးပွား ကိုယ့်ကိစ္စများကို။ အနုယုဉ္ဇေထ= လုံ့လ ကြိုး ကုတ် အားထုတ်ကြပါကုန်ရာလော့။

သကိစ္စမနုယုဉ္ဇေထ=ရပ်နာမ်နှစ်ပြင် ကိုယ် ဖြစ်ချင် လို မဖြစ်ဘဲ သူ့ရို့ ဖြစ်ချင်သလိုသာ ဖြစ်ကြသည့် ါဘာဝ သူ့ညာခံ့ကို သမ္ပဇဉ်နိုင်းညှိ အမှန်အတိုင်း သိကြ၍ မိမိတို့ဆိုင်ရာ နှစ်ဖြာသော လောကမေ့စီးပွား ကိုယ့်ကိစ္စများကိုဖြင့် ရှည်လျားကာလ အချိန်ကိုမဆွဲကြပဲ ယခုကပင် အရေးတွင်အောင် ကြိုတင်ကာ ကြိုးကုတ် သိမြင်အောင် အားထုတ်ကြပါကုန်လို့

ဟောဒီလို အနက်လဲပဲ ကိုယ့်စိတ်ထဲမတော့ အင်မတန် အားရနှစ်ခြိုက် ရှိပါတယ်။ ဒီလို အနက်လဲပဲ့ အလွယ် တကူနဲ့ ပေါ်ထွက်လာခဲ့ပါတယ်။

အဲဒါကြောင့် အခု အဘိဓမ္မာအသင်းဝင် သူတော်စင်အပေါင်းအား မိမိရဲ့ကိုယ်တွေ့ သံဝေဂ ဩဝါဒကထာ ဂါထာပါဌ် နိဿယကို ခုတင်က အဓိပ္ပာယ် ဝင်ရောက်နှောက်ပြီးတော့ ပြောခဲ့ဘယ်။ ယခု အဓိပ္ပာယ်တွေ ကြားညှပ်ခြင်း မနှောက်တော့ဘဲ ဂါထာနဲ့ ဂါထာအနက်ကို ရွတ်ဆို၍ အဘိဓမ္မာအသင်းဝင် သူတော်စင်တို့အား ဓမ္မသံဝေဂ ဖြစ်ဖို့ရန် ဩဝါဒကထာစကား အခါအခွင့်သင့်သည့်အတိုင်း ပြောကြားပါမယ် သူတော်ကောင်းတို့....။

အပ္ပမတ္တာ သဒါ ဟောထ၊
ဥတ္တာ သခ်ါရဓမ္မတံ။
သကိစ္စမနုယုဥ္ဇထ၊
နတ္ထိ နော မစ္စုသင်္ဂရံ။

**သာဓဝေါ**=နှလုံးပျော့ပျောင်း သူတော်ကောင်းတို့။ သာဓဝေါ=ကိုယ့်ကျိုး သူ့ကျိုး ဤနှစ်မျိုးကို ပြည့်ဖြိုးလေအောင် ရွက်ဆောင် ဘိတောင်း အို.... အဘိဓမ္မာအသင်းဝင် သူတော်စင်တို့။ သခ်ါရဓမ္မတံ=ကိုယ်က ဤပုံဖြစ်လို ဘုံလဲ တဖုံဆင်ကွဲ သူဟာနဲ့ဖြင့် ဖောက်လွဲတတ်စွာ ရုပ်နာမ်ဓမ္မ သခ်ါရတို့၏ ဓမ္မတာကို။ ဥတ္တာ=ဇာနာထ= ယခုပင်လျှင် မအိုခင်က။ ယခုပင်လျှင် မနာခင်က။ ယခုပင်လျှင် မသေခင်က ကြိုတင်ကာ ကြိုးကုတ် သိမြင်အောင် အားထုတ်ကြပါကုန်။

ဥတ္တာ=သိမြင်အောင် ကြိုးကုတ် အားထုတ်ကြပြီးလျှင်။ သဒါ= နေ့ခန်းညည ခပ်သိမ်းသော ကာလ၌။ အပ္ပမတ္တာ=အပ္ပမာဒတရား လက်ကိုင်ထားကြကုန်သည်။

အပ္ပမတ္တာ=ကုသိုလ်ဆယ်ခု မြတ်ကောင်းမှု၌ ဂရုကတ ကြိုးလုံ့လသည့် အပ္ပမာဒတရား လက်ကိုင်ထားကြသည်။
**အပ္ပမတ္တာ=**

မမျှော်လင့်ဘဲ၊ ဖြုန်းကနဲ၊ ရောက်စွဲ နာဗျာဓိ။

မမျှော်လင့်ဘဲ၊ သူ၏နဲ၊ အိုလဲ အိုနိုင်၏။

မမျှော်လင့်ဘဲ၊ ဖြုန်းကနဲ၊ ဖောက်လွဲ သေနိုင်၏။

ဟု သတိလိုက်လို့ စိတ်ဝယ် စွဲကုန်ကြသည်။ ဟောထ=မြေ လက်ခတ်နဲ့ မလွဲစေကန် အမှန်စင်စစ် ဖြစ်ကြပါကုန်လော့။

နော=တကျာမာရ်ညွှတ် ခန္ဓာဝဋ်မှ ကျွတ်ဆုရည်ချွေ တို့တတွေအား။ နော=တကျာတည်းဟူသော မာရ်မင်း တို့၏ ညွှတ်ကွင်း ခန္ဓာတည်းဟူသော သံသရာဝဋ်အတွင်း မှ လွတ်ကင်းရန်ချွေ တို့တတွေအား။ မစ္ဆုသင်္ဂရံ=မစ္ဆု မည်လျှင်း ရှင်သေမင်းနှင့် အတွင်းကြိတ်ပူး မိတ်ရည် လူး၍ နှစ်ဦးနှစ်ဘက် ချိတ်အဆက်ဖြင့်-

ဤရက်ခါမူ၊ သေအံ့ဟူ၍ လည်းကောင်း။

ဤလခါမူ၊ သေအံ့ဟူ၍ လည်းကောင်း။

ဤနှစ်ခါမူ၊ သေအံ့ဟူ၍ လည်းကောင်း။

သဘောတူ အချိန်းအချက် စာချုပ်စာတမ်း စာရွက် တို့နှင့်တကွ လက်ဆောင်တံစိုး ထိုး၍ထားခြင်းသည်။ နတ္ထိ=လူတိုင်းကောန် တို့တတွေ မရှိမှန်လှပေ၏။

တသ္မာ=ထို့ကြောင့်။ သက္ကိစ္စံ=ခုဝတ္တမာန် ပစ္စုပ္ပန်နှင့် တမလွန် နောက်နှောင်း ဓောက်လျှောက်ကောင်း အောင် ရှယ်ချောင်းဆုပန် စိတ်ရည်သန်သည့် နှစ်တန်သော လောကဓမ္မ စီးပွား ကိုယ့်ကိစ္စများကို။ အနုယုဉ္ဇေဟ=ရုပ်နာမ်နှစ်ပြင် ကိုယ်ဖြစ်ချင်သလို မဖြစ်ဘဲ သူ့ရို့ဖြစ်ချင်သလိုသာ ဖြစ်ကြတဲ့ သဘာဝ သူ့ညာဉ်ကို သမ္ပဇဉ်နှိုင်းညှိ အမှန်အတိုင်း သိကြ၍ မိမိတို့ဆိုင်ရာ နှစ်ဖြာသော လောကဓမ္မစီးပွား ကိုယ့်ကိစ္စများကို ရှည်လျားကာလ အချိန်ကိုမဆွဲကြဘဲ ယခုကပင် အရေးတွင်အောင်ကြိုးတင်ကာ ကြိုးကုတ် သိမြင်အောင် အားထုတ်ကြပါကုန်လော့။

သာဓု၊ သာဓု၊ သာဓု။

❀

ရန်ကုန်မြို့၊ အဘိဓမ္မာပြန့်ပွားရေး အသင်း၏
၁၃၄၅-ခုနှစ်၊ တပေါင်း လပြည့်ကျော် ၈-ရက်
(၂၄-၃-၈၄) နေ့၌ ကျင်းပသော ၂၄-ကြိမ်မြောက်
သြဝါဒါစရိယ ပူဇော်ပွဲ အခမ်းအနားတွင်
နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်
တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ
အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ
မဟာထေရ်မြွက်ကြားသော

# သြဝါဒ ကထာ

ကောဇာသက္ကရာဇ် ၁၃၄၅-ခု၊ သာသနာ ၂၅၂၇-ခု၊ တပေါင်း လပြည့်ကျော် ၈-ရက်နေ့၊ မွန်း လွဲ အချိန် ရန်ကုန်မြို့ ဆူးလေစေတီတော် ရင်ပြင်ရှိ အဘိဓမ္မာပြန့် ပွားရေးအသင်းတိုက်၌ရန်ကုန်မြို့အဘိဓမ္မာပြန့်ပွားရေး အသင်းကြီး၏ ၂၄-ကြိမ်မြောက် သြဝါဒစရိယ ပူဇော်ပွဲ အခမ်းအနားတွင် ညွှန်ကြားအပ်သော သမ္မောဒနီယ အနုမောဒနကထာ စကားအစဉ် ဖြစ်ပါတယ်။

မြတ်စွာဘုရားက ဓမ္မပဒကျမ်းမှာ ရှောင်ရန်နှင့် ကျင့်ရန် ရှင်းရှင်းကလေး ဟောထားတယ်။

နတံ ကမ္မံ ကတံ သာဓု၊
ယံ ကတွာ အနုတပ္ပတိ။
ယဿ အဿုမုခေါ ရောဒံ၊
ဝိပါကံ ပဋိသေဝတိ။ (ဓာလ၊ ၆၇)

ရှောင်ဖို့အပိုင်းကဏ္ဍ

၁။ အကြင်အမှုကို ပြုပြီးတဲ့နောက် နောင်တစ်ဖန် ပူပန်ရမယ် ဆိုယင် အကြင်အမှုရဲ့ အကျိုးကို၊ တမလွန် ဘဝတို့၌ မျက်ရည်ရွဲစို ငိုပြီးတော့ ဆင်းရဲဒုက္ခအကျိုးကို ခံစားရမယ်ဆိုယင် ဒီလို အမှုမျိုးဟာ ပြုဖို့မကောင်းဘူးတဲ့ (ဝါ) မပြုမှ ကောင်းမယ်၊ ပြုယင် မကောင်းဘူး၊ မပြုမှ ကောင်းမယ်။

တဉ္စ ကမ္မံ ကတံ သာဓု၊
ယံ ကတွာ နာနုတပ္ပတိ။
ယဿ ပတီတော သုမနော၊
ဝိပါကံ ပဋိသေဝတိ။ (ဓာလ၊ ၆၈)

၂။ အကြင်အမှုကို ပြုပြီးနောက် ပြန်စဉ်းစားယင် နောင်တစ်ဖန် မပူပန်ရပဲ ဝမ်းမြောက်ရတယ်။ အကြင်အမှုရဲ့အကျိုးဝိပါက်ကို ခံစားရတဲ့အခါ နှစ်သက်ဝမ်းမြောက်စွာ အကျိုးဝိပါက်ကို ခံစားရမယ်ဆိုယင် ထိုအမှုမျိုးကို ပြုမှကောင်းမယ်၊ အဲဒီလိုပြုအပ်တဲ့ ထိုအမှုမျိုးသည် ကောင်းတယ်။ မြတ်စွာဘုရားက အကျိုးနဲ့ကိုင်ပြီးတော့ ပြုရ၊ မပြုရမယ့် အနှစ်နှစ်ပါး ညွှန်ကြားထားခဲ့ပါတယ်။

မိမိတို့နှစ်စဉ် နှစ်စဉ် နှစ်ပေါင်းများစွာ ဆောင်ရွက်လာခဲ့တဲ့ အဘိဓမ္မာ သာသနာပြုကိစ္စ စဉ်းစားကြည့်ပါ။ ကြည့်ယင် ဒုတိယဂါထာနဲ့ အင်မတန်ကိုက်တာ။

တဉ္စ ကမ္မံ ကတံ သာဓု၊
ယံ ကတွာ နာနုတပ္ပတိ။

အကြင် မိမိတို့ အဘိဓမ္မာ သင်ကြား လေ့လာ ဟောပြ အဘိဓမ္မာ စာပြန်ပွဲကျင်းပ၊ အဘိဓမ္မာ အခါတော်နေ့ ပူဇော်မှုပြု-အဲဒါတွေ စဉ်းစားလိုက်တိုင်း၊ စဉ်စားလိုက်တိုင်း နောင်တစ်ဖန် ပူပန်ရမှု လုံးဝမရှိတဲ့ပြင်၊ နောင်တစ်ချိန်မှာလဲ အကျိုးဝိပါက်ကို မြုံးပြီးတော့ နှစ်သက်ဝမ်းမြောက်စွာ အကျိုးကိုရဖို့ ထင်ရှားပါတယ်။ ဒါကြောင့် ထိုအမှုမျိုးကိုပြုယင် ကောင်းတယ်ဆိုတဲ့ ဘုရားအလိုကျ ငါတို့ လိုက်နာ ကျင့်သုံး ရပြီ လို့ ဝမ်းမြောက် ကြ ပါ သူတော်ကောင်းတို့။ ဒီထက် မကျဉ်းမကျယ် သြဝါဒ ကထာသဘော ညွှန်ပြပြောလိုပါတယ်။

တစ်ချိန်က မြတ်စွာဘုရားရာဇဂြိုဟ် ဝေဠုဝန်ကျောင်း၌ သီတင်းသုံးခိုက် ဝေဠုဝန်ကျောင်းတိုက်ထဲမှာ ရှင်ရာဟုလာ သာမဏေ ၇-နှစ်သားအရွယ် သာမဏေငယ်သည် ကမ္မဋ္ဌာန်းကျောင်းရဲ့ ရှေ့မှာ သရက်ပင်ပျိုလေးရှိ၊ အဲဒီ သရက်ပင်ပျိုလေးအောက်မှာ ညနေချမ်း တရားနှလုံး ကျင့်သုံးပြီးနေတော့ မြတ်စွာဘုရား ဂန္ဓကုဋီ တိုက်တော်က ကျောင်းတိုက်ထဲ လှည့်ကြည့်သလို ကြွလာတော့ ဘုရားရဲ့ခြေလှမ်းကို မြင်သဖြင့် ခြေလှမ်းထဲမှာ ကာယဝိညတ်ပါတယ်၊ ထိုကာယဝိညတ်က ဝိညတ်ရှင်ရဲ့ အလိုကိုမြစ်တဲ့ ပုဂ္ဂိုလ်များ သိစေတယ်။ အဲဒီသဘောအတိုင်း

မြတ်စွာဘုရား လှမ်းလာတဲ့ ခြေလှမ်းကို ကြည့်သဖြင့် ရှင်ရာဟုလာအနေနဲ့ ဘုရားရဲ့ ကာယဝိညတ်က ဖော်ပြတယ်။

မြတ်စွာဘုရားဟာ ငါ့ဆီ ကိုက်ရိုက် လာတာပဲလို့၊ အဲဒီလို သူသိတယ်။ မပြောဘဲနဲ့ သိပြီးတော့ တစ်ခါတည်း ဘုရားဖို့ နေရာခင်း၊ တစ်ခါ ခြေဆေးရေ၊ ခြေဆေး အင်းပျဉ် အဲဒီလို အသင့်ပြင်ထား၊ မြတ်စွာဘုရားသည် ကြွလာ၊ ခြေတော်ဆေးပြီးတော့ ရှင်ရာဟုလာ ခင်းထားတဲ့ ဗုဒ္ဓနေရာထိုင်ပေါ်မှာ ထိုင်ပြီးတော့ မြတ်စွာဘုရားသည် ခြေဆေးအင်တုံထဲက ခြေဆေးတဲ့ ခွက်ကလေးကို နမူနာပြုပြီးတော့ မုသားမပြောဖို့ ဩဝါဒ လေးချက် ပေးပါတယ်။ ဘယ်လိုလဲဆိုတော့ အဲဒီ ခြေဆေးတဲ့ ခွက်ကလေးထဲ ရေလေး နည်းနည်းချန်ပြီးတော့....

၁။ ပဿသိ နော တွံ ရာဟုလ ဣမံ ပရိတ္တံ ဥဒကာဓာနေ ပရိတ္တံ ဥဒကာဝသေသံ။

ချစ်သား၊ ဟောဒီ ခြေဆေးတဲ့ ခွက်ကလေးထဲမှာ ခြေဆေးရေ နည်းနည်းချန်ထားတာ မြင်ရဲ့လားတဲ့၊ ပြန်မေးတယ်။

ဧဝံ ဘန္တေ=မြင်ပါတယ် မြတ်စွာဘုရား။

ဧဝံ ပရိတ္တကံ ခေါ ရာဟုလ တေသံ သာမညံ

ယေသံ နတ္ထိ သမ္ပဇာနမုသာဝါဒီ လဇ္ဇာ။

ချစ်သား ရာဟုလာ၊ မုသားပြောရမှာ မရှက်တဲ့ ပုဂ္ဂိုလ်ရဲ့သန္တာန်မှာ ကိလေသာ ငြိမ်းကြောင်း ရဟန်းတရားကောင်းဟာ ဟောဒီ ရေခွက်ထဲ ရေကလေး

နည်းနည်းကလေး ရှိသလို၊ အဲ-ရဟန်းတရားဟာ နည်းနည်းပဲ ရှိတော့တယ်၊ ပြတ်လုပြီ၊ ကုန်လုပြီ၊ဒါက ဩဝါဒ တစ်ခု။

၂။ တစ်ခါ ဒီရေ နည်းနည်းကလေးကိုပဲ တစ်ခါ သွန်ပစ်လိုက်၊ ရှင်ရာဟုလာ မြင်အောင်ပြုပြီး ရာဟုလာ ကြည့်၊ ဒီရေလေး သွန်ပစ်လိုက်၊ သွန်ပစ်တဲ့ ရေလေးကို အကြောင်းပြုပြီးတော့....

ပဿသိ နော တွံ ရာဟုလ ဣမံ ဥဒကာဝ-

သေသံ ဆဍ္ဍိတံ။

ချစ်သား ရာဟုလာ၊ ခုနက ကျန်နေတဲ့ ရေကလေးကို ငါဘုရား စွန့်ပစ်လိုက်တာ မြင်ရဲ့လား ရာဟုလာ။

ဧဝံ ဘန္တေ=မြင်ပါတယ် မြတ်စွာဘုရား။

ဧဝံ ဆဍ္ဍိတံ ခေါ ရာဟုလ တေသံ သာမညံ

ယေသံ နတ္ထိ သမ္ပဇာနမုသာဝါဒေ လဇ္ဇာ။

ချစ်သား၊မုသားပြောရမှာ မရှက်တဲ့ပုဂ္ဂိုလ်ရဲ့သန္တာန်မှာ ကိလေသာ ငြိမ်းကြောင်း ရဟန်းရဲ့ တရားကောင်းဟာ စွန့်ပစ်ပြီးသား ဖြစ်နေတယ်။ ဓအား၊ မုသားမပြောနဲ့လို့ ဆိုလိုတယ်ပေါ့။

၃။ တစ်ခါ မြတ်စွာဘုရားက အဲဒီ ရေခွက်ကလေး မှောက်လိုက်၊ဒီ ရေခွက်ကလေး တစ်ခွက်တည်းနဲ့ ဩဝါဒ လေးချက် ပေးတာနော်။ တတိယအကြိမ်ကျတော့ ဒီရေ ခွက်ကလေးကို မှောက်လိုက်၊ မှောက်ပြီးတော့ ဒီရေ ခွက်ကလေးကို လက်ညှိုးထိုး ပြပြီးတော့....

မယသိ နော တွံ ရာဟုလ ဣမံ ဥဒကာဓာနံ နိက္ကုဇ္ဇိတံ။

ချစ်သား ရာဟုလာ၊ ဒီ ခြေဆေးရေခွက်ကလေးကို မှောက်ထားတာ မြင်ရဲ့လား။

ဧဝံ ဘန္တေ=မြင်ပါတယ် ဘုရား။

ဧဝံ နိက္ကုဇ္ဇိတံ **ခေါ** ရာဟုလ **တေသံ** သာမညံ **ယေသံ** **နတ္ထိ** **သမ္ပဇာနမုသာဝါဒေ** **လဇ္ဇာ**။

ချစ်သား ရာဟုလာ၊ မုသားပြောရမှာ မရှက်တဲ့ ပုဂ္ဂိုလ်ရဲ့သန္တာန်မှာ ကိလေသာ ငြိမ်းကြောင်း တရားကောင်းတွေဟာ အကုန်လုံး မှောက်နေတယ်၊ သပိတ်မှောက် ခံနေရတယ်ပေါ့၊ အဲဒီလို ဆိုလိုတယ်။

၄။ တစ်ခါ အဲဒီ **ရေခွက်ကလေးကို** **တစ်ခါ** လှန်လိုက်တယ်၊ လှန်လိုက်တော့ ရေ ဘာမှ မရှိတော့ဘူး။ ဟို.... စောစောကတော့ **နည်းနည်းရှိတယ်**၊ အဲ **အခု** **မှောက်**ထားလိုက်**တာ** ပြု၊ မှောက်ပြီးတော့ လှန်လိုက်တော့ ဘာမှ မရှိဘူး။ အဲဒီ မရှိတဲ့ **ရေခွက်ကလေး** ပြပြီးတော့....

ပဿသိ နော တွံ ရာဟုလ ဣမံ ဥဒကာဓာနံ ရိတ္တံ တုစ္ဆံ။

ချစ်သား ရာဟုလာ၊ ဒီရေခွက်ကလေးထဲမှာ လုံးလုံး ရေ တစ်စက်မှ မရှိတာ ချစ်သား မြင်ရဲ့လား၊ မရှိတဲ့ ရေခွက်ကို မြင်ရဲ့လား။

ဝေ ဘန္တေ=မြင်ပါတယ်ဘုရား။
မြတ်စွာဘုရားက စတုတ္ထဩဝါဒ။

ဧဝံ ရိတ္တံ တုစ္ဆံ ခေါ ရာဟုလ ယေသံ သာမညံ ယေသံ နတ္ထိ သမ္ပဇာနမုသာဝါဒေ လဇ္ဇာ။

ချစ်သားရာဟုလာ၊ မုသားပြောရမှာ မရှက်တဲ့ ပုဂ္ဂိုလ်ရဲ့ သန္တာန်မှာ ဆိုယင်ကိုလေသာ ငြိမ်းကြောင်း တရားကောင်းတွေဟာ အကုန်လုံး ဆိတ်သုဉ်းနေတယ် တဲ့၊ ဘာမှမရှိဘူး၊ ဟောဒီလို ခြေဆေး ရေခွက်လေးနဲ့ မုသားမပြောကြဖို့ ဩဝါဒပေးပြီးတဲ့နောက်....

ချစ်သား၊ စစ်မြေပြင် စစ်တိုက်တဲ့ဆင်ကြီး ဆိုပါစို့၊ အဲဒီဆင်ကြီးသည် ဦးခေါင်းနဲ့လဲပဲ ဟိုရန်သူတပ်ထဲ ဝင်ပြီးတော့ ထိုးတယ်၊ အစွယ်နဲ့လဲ ထိုးတယ်၊ နားရွက်နဲ့လဲပဲ ဟိုဘက်ကလာတဲ့ လေးတွေ မြားတွေကို ဖတ်ကနဲ ဖတ် ကနဲ ရိုက်ပစ်တယ်၊ ရှေ့လက်နှစ်ချောင်း၊ နောက်ခြေ နှစ်ချောင်းနဲ့လဲပဲ ဒီရန်သူစစ်တပ် လူရာကို ဝင်ပြီး နင်း တယ်၊ ဒီ အမြီးမှာလဲပဲ တင်းပုတ်ချည်ထားပြီး ဒီတင်း ပုတ်နဲ့ ဒီစစ်မြေပြင် ရန်သူတပ်ထဲ ဝင်ပြီးတော့ ဗယ်ပြန် ညာပြန် ရိုက်တယ်။

သို့သော် ဒီစစ်ဆင်ကြီးသည် နှာမောင်းကလေးကို တော့ သူ့ပါးစပ်ထဲမှာ အသာကလေးထည့်ထားတယ်ဆိုပါ စို့။ အဲဒီလို ထည့်ထားတဲ့အခါ ဆင်ထိန်း ဆင်တပ်က လူတွေက ဘာပြောသလဲ၊ တို့ဆင်ကြီးဟာ အလုပ်တော့ လုပ်၏၊ သို့သော် သူ့အသက် မစွန့်သေးဘူးတဲ့ကွဲ့၊ ပြော ကြတယ်။

အကြွင်အခါ၌ စစ်ဆင်ကြီးသည် နွားမောင်းကိုပါ ပါးစပ်ထဲ မယည့်တော့ပဲ နွားမောင်းနဲ့ တင်းပုတ် ခိုင်ခိုင်ကို ပွေ့ပြီးတော့ ဗယ်ပြန်ညာပြန် ဒီတစ်ဘက် စစ်တပ်ထဲ ဝင်ပြီးတော့ရိုက်ပြီး နွားမောင်းကရော, အစွယ်ကရော, နားရွက်ကရော,လက်နှစ်ဘက်, ခြေနှစ်ဘက်, အမြီး, တစ်ကိုယ်လုံးနဲ့ တစ်ခါတည်းအသုံးပြုပြီးတော့ စစ်မြေပြင်မှာ စစ်ဆင်ကြီး ဆောင်ရွက်ပြီဆိုတော့။ အားလုံး စစ်တပ်က လူတွေက 'တို့ဆင်ကြီးဟာ ဟေ့၊အသက်စွန့်ပြီဟ' လို့ အဲဒီလို ပြောကြတယ်။ ချစ်သား ရာဟုလာ၊ ဒီဥပမာအတိုင်းပဲ မုသားကို ပြောဖို့ရန် မရှက်တဲ့ပုဂ္ဂိုလ်အဖို့ဆိုယင် ရဟန်းတရားဘည်းဟူသော အသက်ကို စွန့်ပြီးသား ဖြစ်နေတယ်။ ဒါကြောင့်....

တသ္မာတိဟ တေ ရာဟုလ ဟဿာပိ န မုသာ ဘဏိဿာမီတိ၊ ဧဝံ ဟိ တေ ရာဟုလ သိက္ခိတဗ္ဗံ။

သို့ရကား ချစ်သား ရာဟုလာ၊ ငါသည် ပျော်ရွှင်မြူးတူးလိုလို့တောင်မှ မုသားစကား မပြောဘူး၊ အဲဒီလို ချစ်သား ကျင့်ပါ၊ အဲဒီလို ဟောပြီးတဲ့နောက်တစ်ဆင့် ကြေးမုံနဲ့ ဥပမာပြုပြီးတော့ ပစ္စဝေက္ခဏာဉာဏ်ကို အသုံးချဖို့ ဟောပြန်တယ်၊ အနုသန္ဓေ တစ်မျိုးပေါ့။

တံ ကိံ မညသိ ရာဟုလ။

ချစ်သား ရာဟုလာ၊ အခု ငါဘုရား မေးမယ့်စကား ဘယ်လို သဘောကျသလဲ၊ သဘောကျတဲ့အတိုင်း ဖြေပါ။

ကိမတ္ထိယော အာဒါသော=အိမ်တိုင်း အိမ်တိုင်းမှာ မှန်ရှိဘယ်။ ကြေးမုံမှန် ရှိတယ်၊အဲဒီ ကြေးမုံမှန်သည် ဘာ အသုံးကျသလဲ၊ ဘာ အကျိုးရှိသလဲ။

ရှင်ရာဟုလာက လျှောက်တယ်။

ပစ္စဝေက္ခဏတ္ထော ဘန္တေ=

မြတ်စွာဘုရား အိမ်တိုင်း အိမ်တိုင်းမှာ တဲ့ရှိ မှန်သည် အိမ်မှာရှိတဲ့လူများ မိမိမျက်နှာ ကိုယ်မှာ အပြစ်များကို ပယ်ရှားနိုင်ဖို့ ဆင်ခြင်ကြည့်ရှုရန် အကျိုး ရှိပါတယ်၊ မှန်ကြည့်ပြီးတော့ မိမိကိုယ်မှာ ပကတိ မမြင်တဲ့နေရာမှာ ရှိတဲ့ အညစ်အကြေး၊ ချေးညှော် သုတ်သင်ရှင်းလင်းပြီးတော့ မိမိကိုယ်ကို သန့်စင်စေပါတယ်။ အဲဒီလို လျှောက်တော့....

မြတ်စွာဘုရားက....

ဧဝ မေဝ ခေါ ရာဟုလ

ပစ္စဝေက္ခိတွာ ပစ္စဝေက္ခိတွာ ကာယေန ကမ္မံ ကာတဗ္ဗံ။
ပစ္စဝေက္ခိတွာ ပစ္စဝေက္ခိတွာ ဝစသာ ကမ္မံ ကာတဗ္ဗံ။
ပစ္စဝေက္ခိတွာ ပစ္စဝေက္ခိတွာ မနသာ ကမ္မံ ကာတဗ္ဗံ။လို့။

ဒီမှာ တရား တော်တော်ကျယ်ကျယ် ဟောတယ်။ ချစ်သား ကြေးမုံဥပမာ အတူပဲ။

ပစ္စဝေက္ခဏာတင်=ဆင်ခြင်၊ ဆင်ခြင်ပြီးတော့ ကာယကံကို စင်ကြယ်အောင်၊ ဝစီကံကို စင်ကြယ်အောင်၊ မနောကံကို စင်ကြယ်အောင် သုတ်သင်ပေးရမယ် ချစ်သားလို့။ အဲဒီလို အမိန့်ရှိပြီးတော့ ကာယကံအတွက် သုံးချက်၊ ဝစီကံအတွက် သုံးချက်၊ မနောကံအတွက် သုံးချက်၊ 'ကိုးချက်' မြတ်စွာဘုရား အကျယ်ဟောတယ်။ အဲဒီ 'ကိုးချက်'မှာ ကာယကံ၊ ဝစီကံ၊ မနောကံ သုံးပါးစလုံး ပေါင်းပြီးတော့ ဘုန်းကြီး ကျဉ်းကျဉ်းနဲ့ပြီးအောင်

ပြောပါရစေ ဒကာ-ဒကာမအပေါင်း သူတော်ကောင်းတို့....။

၁။ မြတ်စွာဘုရားက ချစ်သားရာဟုလာ တဲ့၊ ကာယကံမှု ပြုမယ်ဆိုယင်၊ ဝစီကံမှု ပြောမယ်ဆိုယင်၊ မနောကံမှု ကြံမယ်ဆိုယင် မပြုခင်၊မပြောခင်၊မကြံခင် ကြိုတင်ပြီးတော့ ဆင်ခြင်စဉ်းစားပါဦး။ ကြိုတင် ဆင်ခြင်စဉ်းစားပုံက ငါယခုပြုမယ့် ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှုများသည် မိမိ ဆင်းရဲဖို့(သို့မဟုတ်) သူတပါး ဆင်းရဲဖို့(သို့မဟုတ်) မိမိ သူတစ်ပါး နှစ်ဦးသား ဆင်းရဲဖို့များ ဖြစ်လိမ့်မလား၊ ဒီလို ဆင်းရဲဖို့ဖြစ်တဲ့အတွက် ဒုက္ခပွားကြောင်း၊ မကောင်းသော အကုသိုလ်မှုများ ဖြစ်လေမည်လားလို့ ပထမ စဉ်းစားတဲ့။ မပြုခင်၊ မပြောခင်၊မကြံခင်ကို စဉ်းစားရမယ် ရာဟုလာ။ အဲဒီလို စဉ်းစားလို့ ငါယခု ပြုမယ့်, ပြောရမယ့်, ကြံမယ့် ကာယကံမှု၊ ဝစီကံမှု၊ မနောကံ မှု များသည် မိမိ ဆင်းရဲဖို့ (သို့မဟုတ်) သူတစ်ပါးဆင်းရဲဖို့(သို့မဟုတ်)မိမိ သူတစ်ပါး နှစ်ဦးသား ဆင်းရဲဖို့ဖြစ်ပြီးတော့ ဆင်းရဲပွားကြောင်း မကောင်းတဲ့ အကုသိုလ်မှုများ ဖြစ်လိမ့်မယ်လို့ စဉ်းစားမိယင် ချစ်သားရာဟုလာ- အဲဒီ ကာယကံမှုမျိုး၊ အဲဒီ ဝစီကံမှုမျိုး၊ အဲဒီ မနောကံမှုမျိုးကို ချစ်သား ဘယ်လိုနည်းနဲ့မှ မပြုလုပ်နဲ့၊ မပြောဆိုနဲ့၊ မကြံစည်နဲ့ ချစ်သား။

အကယ်၍ ချစ်သား ဆင်ခြင်ကြည့်တဲ့အခါ ဩော်.... ငါ ယခု ပြုလုပ်မယ့် ကာယကံ၊ ဝစီကံ၊ မနောကံမှု ဟာ မိမိ ဆင်းရဲဖို့လဲ ဖြစ်လိမ့်မည်မဟုတ်၊ သူတစ်ပါး ဆင်းရဲဖို့လဲ ဖြစ်လိမ့်မည်မဟုတ်၊ နှစ်ဦးသား ဆင်းရဲဖို့လဲ ဖြစ်လိမ့်

မည့်မဟုတ်ပဲ ချမ်းသာ ပွားကြောင်း ကောင်းသော ကုသိုလ်မှုသာ ဖြစ်လိမ့်မယ်လို့ ချစ်သား စဉ်းစားဆင်ခြင်၍ ရလျှင် အဲဒီ ကာယကံမှုမျိုး၊ အဲဒီ ဝစီကံမှုမျိုး၊ အဲဒီ မနောကံမှုမျိုးကို ချစ်သား ပြုဖြစ်အောင် ပြုပါလေ၊ ပြောဖြစ်အောင် ပြောပါလေ၊ကြံစည်ဖြစ်အောင် ကြံစည်ပါလေ၊ တစ်ချက်။

၂။ ချစ်သား ရာဟုလာ၊ ကာယကံမှု ပြုနေတုန်း၊ ဝစီကံမှု ပြောနေတုန်း၊ မနောကံမှု ကြံနေတုန်းမှာလဲပဲ ပြီးအောင်မပြု၊ မပြော၊ မကြံသေးဘဲနဲ့ ကြားမှာ စဉ်းစားခန်း ဝင်ပါဦး။ ဘယ်လို စဉ်းစားဆင်ခြင်ရမလဲဆိုတော့ ငါ ယခု ပြုလုပ်နေဆဲ၊ ပြောဆိုနေဆဲ၊ ကြံစည်နေဆဲဖြစ်တဲ့ ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှုဟာ မိမိဆင်းရဲဖို့များ ဖြစ်သလား၊ သူတစ်ပါး ဆင်းရဲဖို့များ ဖြစ်သလား၊ မိမိ သူတစ်ပါး နှစ်ဦးသား ဆင်းရဲဖို့များ ဖြစ်သလား၊ ဆင်းရဲဖို့ ဖြစ်တဲ့အတွက် ဒုက္ခပွားကြောင်း မကောင်းသော အကုသိုလ်မှုများ ဖြစ်နေသလားလို့ စဉ်းစားပါ။

အဲဒီလို စဉ်းစားလို့ ချစ်သားရဲ့စိတ်ထဲမှာ ငါ ယခု ပြုနေတဲ့ ကာယကံမှု၊ ပြောနေတဲ့ ဝစီကံမှု၊ ကြံစည်နေတဲ့ မနောကံမှုဟာ မိမိဆင်းရဲဖို့၊သူတစ်ပါး ဆင်းရဲဖို့ (သို့မဟုတ်) နှစ်ဦးသား ဆင်းရဲဖို့ဖြစ်ပြီး ဆင်းရဲပွားကြောင်း မကောင်းတဲ့ အကုသိုလ်မှု ဖြစ်တယ်လို့ ချစ်သား စိတ်ထဲမှာ ဆင်ခြင်စဉ်းစားမိယင် ချစ်သား ရှေ့ဆက် မပြုနဲ့၊ မကြံနဲ့၊ နောက်ပြန်ဆုတ်။ အကယ်၍ ဆင်ခြင်စဉ်းစားလို့ ငါ ယခု ပြုနေတဲ့ ကာယကံမှု၊ပြောနေတဲ့ ဝစီကံမှု၊ကြံစည်နေတဲ့ မနောကံမှုဟာ မိမိ ဆင်းရဲဖို့လဲ မဖြစ် သူတစ်ပါး

ဆင်းရဲဖို့လဲ မဖြစ်၊ နှစ်ဦးသား ဆင်းရဲဖို့လဲ မဖြစ်ဘဲနဲ့ ချမ်းသာပွားကြောင်း ကောင်းမှုကုသိုလ်မျိုး ဖြစ်တယ်လို့ ချစ်သား စဉ်းစားမိယင် အဲဒီ ပြုနေ၊ ပြောနေ၊ ကြံနေဆဲ ဖြစ်တဲ့ ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှုကို အား အဆင့် ပေးကာ ပြီးမြောက်အောင် ဆက်လက် ပြုလုပ်လေ၊ ပြောဆိုလေ၊ ကြံစည်လေ ချစ်သား။

၃။ ချစ်သား ရာဟုလာ၊ ကာယမှုကံပြုပြီး၊ ဝစီကံမှု ပြောဆိုပြီး၊ မနောကံမှု ကြံစည်ပြီးတော့လဲပဲ အမှုမဲ့ အမှတ်မဲ့ မနေနဲ့၊ ဆင်ခြင်စဉ်းစားရမယ်။ ဆင်ခြင်ပုံက ငါ ယခု ပြုခဲ့, ပြောခဲ့, ကြံခဲ့တဲ့ ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှုဟာ မိမိဆင်းရဲဖို့(သို့မဟုတ်)သူတစ်ပါး ဆင်းရဲဖို့(သို့မဟုတ်) နှစ်ဦးသား ဆင်းရဲဖို့များ ဖြစ်ခဲ့လေသလားလို့ ပြန်ပြီး စဉ်းစား။

အဲဒီလို ဆင်းရဲဖို့ ဖြစ်တဲ့အတွက် ဒီဆင်းရဲပွားကြောင်း မကောင်းတဲ့ အကုသိုလ်မှုများ ဖြစ်ခဲ့လေသလားလို့ ပြန် စဉ်းစားပါ။ စဉ်းစားလို့ ယခု စဉ်းစားတဲ့အတိုင်း ငါ ယခု ပြုခဲ့ပြီး ပြောခဲ့ပြီး ကြံခဲ့ပြီးတဲ့ ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှုဟာ မိမိ သူတစ်ပါး နှစ်ဦးသား ဆင်းရဲဖို့ ဖြစ်ပြီးတော့ ဆင်းရဲပွားကြောင်း မကောင်းသော အကုသိုလ်မှုတွေဖြစ်ခဲ့ပြီလို့ ချစ်သား စဉ်းစားရယင် ဟောဒီ ဆရာ့အထံမှာပဲ ဖြစ်ဖြစ်၊ သိကြား လိမ္မာတဲ့ သီတင်း သုံးဖော်၊ သံဃာတော်တို့ အထံမှာပဲဖြစ်ဖြစ်၊ ဒီအမှုမျိုး ကို ဖုံးကွယ်မထားနဲ့၊ ဆရာ့အထံ(သို့မဟုတ်) သိကြား လိမ္မာတဲ့ သီတင်းသုံးဖော် သံဃာတော် တစ်ပါးပါး အထံမှာ ဒီအမှုကို ပွင့်ပွင့်လင်းလင်း တပည့်တော် ဒီလို

ပြုမှားခဲ့ပါတယ်၊ တပည့်တော် ပြောမှားခဲ့ပါတယ် ဆိုတာ ဝန်ခံစကား ပွင့်ပွင့်လင်းလင်း လျှောက်ထားပါ။ နောက်ကို ဒီအမှုမျိုး မပြုလုပ်ပါဘူး၊ ဒီအပြောမျိုး မပြောပါဘူးလို့လဲ နှုတ်ကမြွက်ပြီးတော့ နောက်တစ်ချိန်အတွက် စောင့်စည်းတဲ့ သံဝရ စိတ်ထားကို မွေးမြူပါ။

အကယ်၍ မိမိ ကြံစည်ပြီးတဲ့ အကုသိုလ် မနောကံ၊ မနောကံသည် အကုသိုလ် မနောကံ ဖြစ်ပြီး ခဲ့တယ် ဆိုလျှင် ဆရာ့အထံ၊ သီတင်းသုံးဖော် အထံ ပြောဖို့ မလိုဘူး။ အဲဒါကျတော့ မိမိ တစ်ယောက်တည်းပဲ 'န ပုနေဝံ ကရိဿာမိ' ငါ နောက်တဖန် ဒီလိုအမှုမျိုး မကြံတော့ဘူးလို့ တစ်ခါတည်း စိတ်ထဲမှာ နောင်တစ်ချိန်အတွက် စောင့်ရှောက်တဲ့၊ စောင့်စည်းတဲ့ အာယတိ သံဝရ စိတ်ကို အောင်အောင်မြင်မြင် မွေးမြူလိုက်ပါ ချစ်သား ရာဟုလာ။

ချစ်သား ရာဟုလာ၊ အဲဒီ ပြုခဲ့တဲ့ ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှု အတွက် ပြန်လည် ဆင်ခြင်စဉ်းစားတဲ့အခါ ငါ ပြုခဲ့ပြီး၊ ပြောခဲ့ပြီး၊ ကြံခဲ့ပြီး ဖြစ်တဲ့ ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှုသည် မိမိ ဆင်းရဲဖို့လဲ မဖြစ်၊ သူတစ်ပါး ဆင်းရဲဖို့လဲ မဖြစ်၊ နှစ်ဦးသား ဆင်းရဲဖို့ ဖြစ်ခဲ့သည် မဟုတ်ဘဲ နှစ်ဦးသား ချမ်းသာတရား တိုးပွားကြောင်း၊ ကောင်းမှုကုသိုလ်သာ ဖြစ်တယ်လို့ ဆင်ခြင် စဉ်းစားလို့ ရယင် ချစ်သားရဲ့ ဟဒယ နှလုံးအိမ်ပေါ်မှာ အရစော် လေခြင်း၊ ပထမ နုသော ပီတိ ဝမ်းမြောက်ခြင်း အဲဒီ ပီတိက အားအဆင့်ရပြီးတော့ ရင့်သော ပီတိ အလွန့် အလွန် နှစ်သက်ခြင်းဆိုတဲ့ ပါမောဇ္ဇ တရား၊ ချစ်သားရဲ့

ဟဒယ နှလုံးအိမ်မှာ တရိပ်ရိပ် တဖွားဖွား ဖြစ်ပွား လာလိမ့်မယ်။ အဲဒီ ဖြစ်ပွားတဲ့ ပီတိပါမောဇ္ဇ တရားနဲ့ နေ့နေ့ ညည မိမိ ကျင့်သုံးနေကျ အပြစ်ကင်းသော ကုသိုလ် တရားတို့ကို ပွားများကြိုးကုတ် အားထုတ်ပြီး ချစ်သားနေလေ။

အဲဒီလို အချက်သုံးချက်၊ မြတ်စွာဘုရားရှင် ရာဟုလာကို ဩဝါဒပေးပါတယ်။ အခု ဘုန်းကြီးများ အဘိဓမ္မာ ပြန့်ပွားရေး အသင်းဝင် သူတော်စင် တို့အားလဲ အဲဒီ သုတ္တန်ကို ညွှန်ပြလိုပါတယ်။ မြတ်စွာဘုရား၏ တရားတော်သည် ဩပနေယျိက တရား၊ မိမိ ကိုယ်သို့ ကပ်၍ ရောက်အောင် ဆောင်ထိုက်တဲ့ ဂုဏ်ကျေးဇူး ရှိပါတယ်။ ရှိတဲ့အတိုင်း မိမိတို့ကိုယ်မှာ မရောက်သေးယင် ရောက်အောင်၊ ရောက်ပြီးယင်လဲ ဝမ်းမြောက်ရအောင် ဆောင်ပြီး စဉ်းစားကြည့်ပါ ဒကာ ဒကာမအပေါင်း သူတော်ကောင်းတို့။

၁။ မိမိတို့သည် အဘိဓမ္မာပြန့်ပွားရေးအသင်းကြီးရဲ့ ဆိုင်ရာ သာသနာ့ပြု ကိစ္စအဝဝတို့ကို မိမိဆောင်ရွက်နေတဲ့ အခါမှာ ကဲဆိုပါစို့၊ အဘိဓမ္မာ စာမေးပွဲပြုလုပ်တော့ မယ်။ ကြိုတင်ပြီးတော့ မိမိတို့ ဆောင်ရွက်ဖို့ ကာယကံ မှုတွေ၊ ဝစီကံမှုတွေ၊ မနောကံမှုတွေ ရှိတယ်။ အဲဒါတွေ မဆောင်ရွက်ခင် ကြိုတင်ပြီး တော့ ငါယခု ပြုလုပ် ပြောဆို ကြံစည်မယ့် သာသနာ့ပြု အဘိဓမ္မာသာသနာ့ပြု ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှုများဟာ မိမိဆင်းရဲဖို့ (သို့မဟုတ်) သူတစ်ပါး ဆင်းရဲဖို့ (သို့မဟုတ်) မိမိ သူတစ်ပါး နှစ်ဦးသား ဆင်းရဲဖို့ ဖြစ်မလား စဉ်းစား၊

ဘယ်လိုနည်းနဲ့မှ မဖြစ်ဘူး။ စဉ်းစားကြည့်လိုက်ယင် ငါတို့ ယခု ဆောင်ရွက်မယ့် အဘိဓမ္မာ စာတော်ပြန်ပွဲကိစ္စနှင့် ပတ်သက်၍ ပြုလုပ်ဆောင်ရွက်မယ့် ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှုတွေဟာ မိမိချမ်းသာဖို့၊ သူတစ်ပါးလဲ ချမ်းသာဖို့၊ နှစ်ဦးသားလဲ ကိုယ်စိတ် ချမ်းသာဖို့ ဖြစ်တယ်ဆိုတာ ကောင်းကောင်းကြီး မြင်လာမယ်။

ဒီလိုဖြစ်တဲ့အတွက် အခုဆောင်ရွက်ရမယ့် အဘိဓမ္မာသာသနာပြုကိစ္စသည် အပြစ်ကင်းသော ချမ်းသာပွားကြောင်း ကောင်းမှုကိစ္စ၊ ကောင်းမှုကုသိုလ် ကိစ္စဆိုတာ ကောင်းကောင်းကြီး မြင်လာမယ်။ အဲဒီလို မြင်လာတဲ့အတိုင်း အဲဒီလိုမြင်လာမည် ဖြစ်သောကြောင့် ဒီအဘိဓမ္မာသာသနာပြု ကိစ္စမဆောင်ရွက်မီ ကြိုတင်၍ စဉ်းစားပြီးတော့ ငါတို့သည် မိမိ သူတစ်ပါး နှစ်ဦးသား ချမ်းသာပွားကြောင်း ကောင်းသော အဘိဓမ္မာသာသနာပြုကိစ္စ ရွက်ဆောင်ဖြစ်အောင် ရွက်ဆောင်ကြပါလေ၊ ပြုလုပ်ဖြစ်အောင်ပြုလုပ်ကြပါလေ၊ ပြောဆိုဖြစ်အောင် ပြောဆိုကြပါလေ၊ ကြံစည်ဖြစ်အောင် ကြံစည်ကြပါလေလို့ မြတ်စွာဘုရားရဲ့ အဆုံးအမ သြဝါဒ ဓမ္မလက်ဆောင်မွန်ကို အသင် ဒကာ ဒကာမ သူတော်ကောင်းတို့အား ဘုန်းကြီးအပ်နှင်းပါ၏၊ ပေးပါ၏၊ အပ်ပါ၏၊ နှင်းပါ၏ သူတော်ကောင်းတို့။

၂။ မိမိတို့ နှစ်စဉ်နှစ်စဉ် အဘိဓမ္မာ သာသနာပြုကိစ္စ ပစ္စုပ္ပန်အနေနဲ့ ဆောင်ရွက်နေကြတဲ့ အခါမှာလဲပဲ ဆင်ခြင်ကြည့်ပါ။ ငါတို့ ယခုပြုလုပ် ဆောင်ရွက် နေသော ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှု သာသနာပြု ကိစ္စတွေ

တာ စဉ်းစားကြည့်ယင် မိမိဆင်းရဲဖို့လဲမဖြစ်၊ သူတစ်ပါး ဆင်းရဲဖို့လဲမဖြစ်၊ မိမိ သူတစ်ပါး နှစ်ဦးသား ဆင်းရဲဖို့ မဖြစ်တဲ့အတွက် အပြစ်ကင်းကွာ ချမ်းသာပွားကြောင်း ကောင်းသောကုသိုလ်- ကာယကံကုသိုလ်၊ ဝစီကံကုသိုလ်၊ မနောကံကုသိုလ်မှု ဖြစ်တယ်ဆိုတာ ကောင်းစွာထင်ထင် မြင်ကြမည်ဖြစ်ပါတယ်။

အဲဒီ သိမြင်တဲ့အတိုင်း မိမိတို့ယည် ဆောင်ရွက်ရင်း ဖြစ်သော အဘိဓမ္မာ သာသနာပြု၊ ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှုများကို အောင်မြင်ထမြောက်သည်အထိ အား အဆင့်ပေးပြီးတော့ ဆောင်ရွက်ပါလို့ မြတ်စွာဘုရား ရဲ့ အလိုတော်ကျ ဩဝါဒ ဓမ္မလက်ဆောင်မွန်ကို အသင် ဒကာ ဒကာမ အပေါင်း သူတော်ကောင်း တို့အား ဘုန်းကြီး လက်ဆောင်ကောင်း ပါးအပ်ပါသည်၊ လက် ဆောင်ကောင်းကို ပေးအပ်ပါသည်၊ လက်ဆောင် ကောင်းကို နှင်းအပ်ပါသည် ဒကာ ဒကာမ အပေါင်း သူတော်ကောင်းတို့။

၃။ မိမိတို့ အဘိဓမ္မာ သာသနာပြု ကိစ္စကြီး အောင် မြင်အောင် ဆောင်ရွက်ပြီးတဲ့ နောက်မှာလဲပဲ အမှုမဲ့ အမှတ်မဲ့ မနေကြပဲ ငါတို့ ယခု ရွက်ဆောင် ပြီး တော့ အဘိဓမ္မာ သာသနာပြု ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှု တွေဟာ စဉ်းစားကြည့်ယင် မိမိချမ်းသာဖို့၊ သူတစ်ပါး ချမ်းသာဖို့၊ နှစ်ဦးသားချမ်းသာဖို့ ဖြစ်တဲ့အတွက် အပြစ် ကင်းကွာ ချမ်းသာပွားကြောင်း ကောင်းမှုကုသိုလ်သာ ဖြစ်ခဲ့တယ်ဆိုတာ ပြန်စဉ်းစားလိုက်ယင် ဉာဏ်ထဲမှာလင်း လင်း သိမြင် ဆင်ခြင်မိပါလိမ့်မယ်။

အဲဒါကြောင့် ဒီအဘိဓမ္မာ သာသနာပြုကိစ္စကြီး ရွက်ဆောင်ပြီးလျှင်လဲပဲ မိမိပြုပြီး၊ ပြောပြီး၊ ကြံပြီးဖြစ်တဲ့ အဘိဓမ္မာ သာသနာပြု ဓမ္မကိစ္စကို အာရုံပြုပြီးတော့လဲ ဝမ်းမြောက်ကြပါ၊ နူးသော နှစ်သက် ခြင်း ဖြစ်တဲ့ ပီတိတရား၊ ရင့်သော နှစ်သက်ခြင်းဆိုတဲ့ ပါမောဇ္ဇတရား၊ အသင်သူတော်ကောင်းတို့ သန္တာန်မှာ ဖြစ်ပွားပါလိမ့်မယ်။ အဲဒီဖြစ်ပွားတဲ့ ပီတိ ပါမောဇ္ဇတရားနှစ်ပါး လက်ကိုင်ထားပြီးတော့ နေ့နေ့ညည မိမိတို့ အားထုတ်နေကျ အပြစ်ကင်းသော ကုသိုလ်တရားများကို ပွားများကြီးကုတ် အားထုတ် နေထိုင်ကြပါရန် မြတ်စွာ ဘုရား၏ ဩဝါဒလက်ဆောင်မွန်ကို အသင် သူတော်ကောင်းတို့အား ဘုန်းကြီး ပေးအပ်ပါ၏၊ နှင်းအပ်ပါ၏၊ ပါးအပ်ပါ၏၊ ပေး နှင်း ပါး အပ်ပါသည် ဒကာ ဒကာမ အပေါင်း သူတော်ကောင်းတို့။

သာဓု-သာဓုဿာဓု။

❀

# ပကိဏ္ဏက ကဏ္ဍ

တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အရှင်ဝိစိတ္တသာရာဘိဝံသ
မင်းကွန်း ဓမ္မနာဒဆရာတော်
ရေးသားချီးမြှင့်တော်မူသည့်
ရန်ကုန်မြို့ မဟာစည်သာသနာ့ရိပ်သာအတွင်းရှိ
**သာသနမလ ဝိသောဓနီ သိမ်တော်ကြီး**

# သိမ်အောင်မင်္ဂလာ မော်ကွန်းစာ

**။သိဒ္ဓမ်။**

**သောဓေတ္တိ ဇောတေတ္တိ ဇိန-**
**စက္ကဿာယံ မလံ ပဘာ။**
**သိမာ အနာကုလာ ဌာတု၊**
**သာရု သာရုတိ သမ္မတာ။ ။**

သာရု သာရုတိ=မဟာသာရု ဂုဏ်လျှံထုဖြင့် ဇမ္ဗူ. ကျက်သရေ လက်လက်ဝေသား ထေရ်ကျော်အားပေါင်း အရှင်ကောင်းတို့သည်။ သမ္မတာ=ဆယ်ဖြာသောဗျဉ္ဇန ဗုဒ္ဓ စောင်းကြိုးကို ညှိသကဲ့သို့ ထိမိမှန်ကန် ကရိုဏ်းနှင့် ပသတ်ဌာန်တို့ကို မလွန်မယုတ်အောင် နှုတ်တော်ရွတ် ဖက်သမုတ်အပ်သော။ (၀၁)သာရု သာရုတိ သမ္မတာ =ပြည့်ဆောင်တည်လစ် ဤတစ်ခေတ် ဝယ် စနစ်ပုံမှီး

ခုံကြီး တည်လောက်အောင် ကောင်းသည် မြတ်သည် လျောက်ပတ်သည်ဟု နှုတ်ရည်ဝိညတ် ထေရ်ကျော်မြတ်တို့ အမှတ်တစ်ခု သတ်ဖြူအပ်သော။ အယံ သီမာ='သာသနမလဝိသောမနီ' ဘွဲ့မည်ထိန်လျှပ် ဤမင်္ဂလာ သိမ်တော်မြတ်သည်။ ဇိနစက္ကသ=ဘုရားမြတ်စွာ သာသနာသုံးချပ် စက်တော်မြတ်၏။ မလံ=ပြင်ပဗာဟိ ဝိတက္ကာတို့ ဝါဒီယှက်မြေး အညစ်အကြေးတို့။ သောဓေန္တိ=နေလျှံ ရှိန်ကြောက် ဆီးနှင်းပေါက်သို့ ပျောက်စေပယ်နှင် ရှင်းလင်းသုတ်သင်လျက် လည်းကောင်း။ပဘံ=သီလ သမာဓိ ပညာ သိက္ခာတန်ဆောင် အလင်းရောင်ကို။ ဇောတေန္တိ =ဘက်စနေဝန်း ထွန်းစသော်တာ ကဲ့ပမာသို့ လျှံဖြာရှန်းဝေ တောက်ထွန်းစေလျက် လည်းကောင်း။ အနာကုလ=နှောင့်ယှက်ပိတ်ပင် ရန်မထင်သည်ဖြစ်၍။ ဌာတု =ပဥ္စသဟဿ နှစ်တိုင်လတ်အောင် မတ်မတ်ခိုင်ကျည် တည်ပါစေသတည်း။

အောင်သူဘကာတို့၏ မဟာ အဂ္ဂဋ္ဌာမိပတိ သီရိမင်္ဂလ အဘုလဘုဿာ အဒုတိယာဒိစ္စ သုံးလောကဝယ် ဇမာဟ မိုဘ်မှောင် အမိုက်ခေါင်ကို မြိုက်လှောင်ရှင်းချေ လင်းပစေသဖြင့် တစ်စင်းနေစစ် ကောန်ဖြစ်သော ရှင်ချစ်ဦးသျှောင် ဘုရားငါးမာရ်အောင်သည် ရွှေဖောင်ငှက်မာယာဥ်နှာဝါဖြင့် သည်းရာကြော မြစ်အပြောဝယ် နစ်မြောကူန်သူ ဝေနေလူကို ဆယ်ယူကယ်မ မြိုက်ဆုငှ၍ ရာဇဂြိုဟ်ခည် ထိုရွှေပြည်ဝယ် သိလုစ္စယ ဂိဇ္ဈကူဋ်တောင်ဇေ့ယံ၌ ဒေသနာဟာရပထဝိဟာရဖြင့် မျှတတင့်တယ် စံပယ်ကိန်းမွေ့တော်မူသောအခါ....

'တွောဝတာ သာမဂ္ဂီ ယာဝတာ ကောဝါသော' ရှင်စောမိန့်ဖော် တရားတော်၌ အာဘော်ခဲကြိတ် ဉာဏ်မစိတ်နိုင်သဖြင့် 'ကိတ္တာဝတာ နု ခေါ ကောဝါသော ဟောဘိ'=အဘယ်မျှ အပိုင်းအခြားရှိမှ သာမဂ္ဂီအရာ ကောဝါသ အမည်ရပါသနည်းဟု တည်းလည်းပုစ္ဆာ ဤအရာဝယ် ပြဿနာစကား ရဟန်းများတို့ တရားအခြေပြု မေးလျှောက်သောဝတ္ထုဝယ် 'အနုဇာနာမိ ဘိက္ခဝေ သီမံ သမ္မန္နိတုံ' ရွေခွန်းစုံကို သုံးဘုံလူ့ထိပ် ဟောဖော်ညိတ်၍ ဘိက္ခုတွင်မည် ထိုထိုထေရ်တို့ လေးလီသော သံဃာ့ကံကို စီမံပြုစု လွယ်ကူမှုဖြင့် ဖာသုဝိဟာရ သံဃသုဋ္ဌုအရေး မျှော်တွေးထွန်းထိန် ရွှေဉာဏ်ချိန်၍ သိမ်သမုတ်ရန်အရေးကို ခွင့်ပေးတော် မူခဲ့ပါသည်။ အင်္ဂီရသ စောဇိနသည် သိမ်သမ္မုတိကံ ပြုနိုင်ရန်ကို နှုတ်သံငြိမ့်လေး အခွင့်တော် ပေးသည့်တွင် ရှေးရှေးသာသနာဝင် သူတော်စင် အမျိုးသား သာသနာ့ဒါယကာ အများတို့သည်....

(၁) ဘုရားမြတ်စွာ သာသနာသည် သံဃာတော်အရှင်မြတ်တို့သည်သာလျှင် မချွတ်မူလ ပဘာဝ ရှိကုန်၏။

(၂) သံဃာ့ဂိုဏ်းဝင် ထေရ်သခင်တို့ သည်လည်း ရှင်ပင်ဆုံးမ ဟောဖော်ပြသော သံဃာ့ကံလေးပါးသာလျှင် ထင်ရှားမူလ ပဘာဝ အမွန်ရှိကုန်၏။

(၃) သံဃာ့ကံ လေးပါးတို့သည်လည်း ပိုင်းခြားညွှန်ပြ ခဏ္ဍ-မဟာ သိမ်နှစ်ဖြာလျှင် ပဓာနိက မူလအမွန် ရှိကုန်၏။

ထို့ကြောင့်ရကား ဗုဒ္ဓသြဝါ သာသနာသည် မဟာ-ခက္ကာ သိမ်နှစ်ဝလျှင် မူလပဒဌာန် အခြေခံအကြောင်းရင်းရှိသဖြင့် သိမသမ္မုတိကံ ဒါယကာ့ခံရသော် ဘုန်းလျှံမြတ်စွာ သာသနာကို ပဋ္ဌမာဇိက ရင်းမူလမှ အနုဂ္ဂဟပြုရာ ရောက်ချိမ့်မည်ဟု အေးကြည်ရွှင်မော နှစ်လိုဇော ဖြင့် မုနေ့ာတင့်စံ သိမ် ဒါယကာခံကြ၍ နိုင်ငံတော်အနှံ့ ရပ်ဝယ် ပြာသာဒ်ရောင်မောင်း သိမ်တန်ဆောင်းတို့ဖြင့် မသွေးရှုဖွယ် ကုသိုလ်ခေတ်နယ်ကျယ်၍ ဘုန်းကြွယ် မြတ်စွာ သာသနာသည် အခါမျက်မှောက် ယနေ့ ရောက်အောင် ထွန်းတောက်ထိန်လင်းဆဲ ရှိပါသတည်း။

မဟာမင်္ဂလီ ရာရုံသီဖြင့် ဖန်ခြည်ထိန်လက် ရဝိန်စက်သို့ ပြိုးပြက်လျှံဝါ သာသနာသည် မင်္ဂလာရှိန်ကြွေ့ ထွန်းထိန်လေ့သဖြင့် ယနေ့မျက်မှောက် ရောက်လတ်သော ကာလဝယ်....

အဇရံ ဇီရမာနေန၊
တပမာနေန နိဗ္ဗုတိံ။
နိမေယျံ ပရမံ သန္တိံ၊
ယောဂက္ခေမ မနုတ္တရံ။ ။

ဓမ္မကျွန်ဂိုဏ်း ဟောမိန့်တိုင်းကို ကသိုဏ်းစွယ်စုံ သတိ ဉာဏ်ငုံမိကြသဖြင့် ရန်ကုန်နေပြည်တော် ရွှေတိဂုံစေတီတော်မြတ် ဘဏ္ဍာထိန်း လူကြီးမင်း၊ ဗိုလ်တထောင်စေတီတော် ပြန်လည်ထူထောင်ရေး အဖွဲ့ကြီး၏ ဥက္ကဋ္ဌ၊ ဗုဒ္ဓဘာသာ အဖွဲ့ချုပ်ကြီး၊ ဗုဒ္ဓသာသနာနုဂ္ဂဟ အဖွဲ့ကြီးတို့၏ဦးစီးဥက္ကဋ္ဌ သေဌေးကြီး ဆာဦးသွင်+သေဌေးကတော် ဒေါ်မဒေါ်သိန်း၊ သား တရားဝန်ကြီး ဦးစန်မောင်၊ သမီး

တရားဝန်ကြီးကတော် ဒေါ်ခင်ခင်ကြီးတို့သည် မြိုက်သီး လွှက်ခြူ ချွေအံ့ဟူ၍ ရည်တူဆန္ဒ အလုံးစုံညီမျှ၍....

၁။ ဓမ္မသာလာ
၂။ မင်္ဂလာသိမ်မြတ်
၃။ ပိဋကတ်ရွှေတိုက်
၄။ တလိုက်ဓမ္မာ်စင်
၅။ ထွက်ဝင်ရပ်ခြားတိုင်းတစ်ပါးမှ တရားနက်လေး ဆွေးနွေးနိုင်ရန် ရည်စိတ်သန်၍ ညှော်ခံဝတ်ရုံ
၆။ ရွှေဘုံစံကျောင်း
၇။ မြေညွှတ်စောင်းမျှ အပေါ်ဝ်းကမ္ဗဋ္ဌာန်း ကျောင်းသင်္ခမ်း

ဟု ပြဋ္ဌာန်းညွှန်ပြ ခုနစ်ဌာန တို့ဖြင့် သာသနာ့ရိပ်သာ ဖြစ်စိမ့်ငှာလျှင် သဒ္ဓါနှလုံး လက်လက်ငြိ၍ မိမိတို့ နေ ဟောင်းဌာန မော်ရဂီဝါ ကုန်းမြေသာဟု ဟာမစ်တစ် လမ်းရှိငါးဧကခွဲခန့် ကျယ်ပြန့်သောမြေအရပ်ကို မကပ် မငြိ ကင်းစင်စေ၍ သုံးထွေစေတနာ ဖြောင့်ညီစွာလျက် ၁၃၁၀-ခုနှစ်၊ နတ်တော်လဆုတ် ၅-ရက်နေ့ဝယ် လွှဲ့ လွှဲ့သဒ္ဓါ လှူဆောင်ကာဖြင့် မဟာဗောဓိ ပဏ္ဍိတာန အာသီသလျှင် ပြည့်ဝစေရေး မြှော် ထောက်တွေး၍ သေခွေးကြီး ဆာ-ဦးသွင်၏ အသက် ခုနစ်ဆယ်ပြည့် မွေး နေ့ အထိမ်းအမှတ် သတ်ချပ်ပြီးလျှင် ဗုဒ္ဓသာသနာနုဂ္ဂဟ အဖွဲ့ကြီးသို့ လှူဒါန်းအပ်နှင်းခြင်းဖြင့် သနင်းမြတ်စွာ သာသနာ့ဝယ် ရိပ်သာထွန်းတောက်အထမြောက်အောင် တည်ဆောက် စဖန်ကြွပါသတည်း။ ။

ဆာ မျှ မာ လာ ဆီး—နီ ❀ ၇၃၅

ရိပ်သာဘုံပျံ ဆောက်လုပ်ရန်ကို တည်ဖန်သည်မှ လက်မွန်စ၍ နဝတာလီ ဂုဏ်ပြည့်ညီအောင် ဗျာဂိ လေးနက် ဓမ္မစက်ကို သကျပုတ္တာရော် ထေရ် ကျော် အများရှင်တို့အားလျှင် ရွက်ပွား ယရဇ္ဇာယ် တော် မူစေခြင်းစသည်တို့ဖြင့် ပုဗ္ဗပရိက် စီမံပြီးပြေသောအခါ သာသနာ၏ မဟာပဓာန မူလအချုပ် သိမ်သမုတ်ရန် အချိန်တန်ပြီကို ဝေဖန်ပိုင်းခြား အသင်းသားတို့ မပြားနှလုံး ရွှင်ပြုံးကြည်မော သဘောတူညီ ခွင့်ပြုချက် အရ ဥက္ကဋ္ဌကြီး ဆာ–ဦးသွင်ကပင် သိမ်ဒါယကာ ပြုလုပ်ရန် နှစ်သက်စွာ တာဝန်ယူ၍=

နိုင်ငံတော်သမ္မတကြီးထံသို့
၁၉၄၉–ခု၊ ဖေဖော်ဝါရီလ ၂၄–ရက်
ဗဒ္ဓသိမ်သမုတ်ရန် လျှောက်လွှာ

ထံသို့....

မြေအရေးပိုင်မင်း
စည်ပင်သာယာရုံးတော်

ဗဒ္ဓသိမ်သမုတ်ရန် ပူးတွဲပါ မြေပုံအရ ရန်ကုန်မြို့၊ တာမွေတိုက်နယ်၊ ရပ်ကွက် ၃၅ အီး ၁ မြေနေရာ အလျား ပေ–၆၀၊ အနံ ပေ–၅၀ ရှိ ပိုင်းခြားသတ်မှတ်ပြီး အပ်သောအရပ်ကို ပကတိဂါမ မူလ ရွာမှထုတ်၍ ဝိသုံဂါမဘောဇက အသီးအခြား ရွာစားခန့်အပ် ပေးသနားရန် လျှောက်လွှာ တင်သွင်းပါသည်။

| | |
|---|---|
| ခွင့်ပြုသူလက်မှတ် | လျှောက်လွှာတင်သူလက်မှတ် |
| (ပုံ) ဦးတင် | (ပုံ) ဆာ–ဦးသွင် |
| ဘဏ္ဍာရေးဝန်ကြီး | အမှတ်–၂၆၊ ဝင်ဒါမီယာရကရိဆင့် |
| ဒုတိယဥက္ကဋ္ဌ | ရန်ကုန်မြို့။ |

ဤမိဘ္ဘုလ္လာ စာပါအတိုင်း ဂိုဏ်းပေါင်းစုံ မဟာနာယက ဆရာတော်ကြီးတို့ ဝိနည်းတော်နှင့်အညီ စီမံရေးဆွဲအပ်သော လျှောက်လွှာပုံစံအရ ဝိသုံဂါမ ဘောဇကခံယူသောအခါ သာသနာတော်အရေး ဖင့်မနှေးပဲအားပေးပြုစုတော်မူလေ့ရှိသော နိုင်ငံတော်၏ အစစ္စာသမ္မတကြီး စဝ်ရွှေသိုက်ကလည်း—

### ဗဒ္ဓသီမ်သမုတ်ရန် မြေပေးအမိန့်တော်

မြန်မာနိုင်ငံတော်အထက်ပိုင်း မြေခွန်တော် နည်းဥပဒေ ၅၃ (က)

မြန်မာနိုင်ငံတော်အောက်ပိုင်း နည်းဥပဒေ ၃၄(က)

မြန်မာနိုင်ငံတော် အောက်ပိုင်း မြို့ရွာရှိ မြေရာနည်းဥပဒေ-၅၂။

ရန်ကုန်မြို့၊ ဝင်ဒါမီယာ ၈ရိဆင့် အမှတ် ၂၆-နေ လျှောက်ထားသူ ဆရာ-ဦးသွင် နာခံရမည်မှာ ရန်ကုန်မြို့ တာမွေတိုက်နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၅ အီး-၁ မြေကွက်အမှတ် ၅၅-အေ တွင် တည်ရှိ၍ ပူးတွဲပါ မြေပုံအရ အောက်ပါ နယ်နိမိတ်များအတွင်း ပိုင်းခြားသတ်မှတ်ထားသော ဧက ၀.၆၉ ရှိ မြေသည် ပကတိဂါမ မူလရွာမှ ဝိသုံဂါမ အသီးအခြား ရွာတစ်ခုဖြစ်စေ၊ ပိုင်းခြားသတ်မှတ်ပြီးသော အသီးအခြားအရပ်ကို လျှောက်ထားသူ ဆရာ-ဦးသွင်အား ဝိသုံဂါမ ဘောဇက အသီးအခြား ရွာစားအဖြစ်ဖြင့် ခန့်အပ်ပေး သနားတော်မူသည်။

လျှောက်ထားသူ ဆရာ-ဦးသွင်က ဝိသုံဂါမဘောဇက
**အသီးအခြား အသနားတော်ခံစေ။**

## နယ်နိမိတ်များ

**မြောက်အလား** ......................

**တောင်အလား**......................

**အနောက်အလား** ....................

**အရှေ့အလား** ..........................

အသနားခံသည့်မြေကို ဗုဒ္ဓသိမ်သမုတ်ရန် အသုံးမပြုလျှင် အသနားတော် မူရင်းအတိုင်း အမိန့်တော်များ ပျက်စေ။

**စစ်ရွှေသိုက်**
**နိုင်ငံတော် ယာယီသမ္မတ**
ပြည်ထောင်စု မြန်မာနိုင်ငံတော်
ရက်စွဲ၊ ၁၃၁၀-ခုနှစ်၊
(၁၉၄၉-ခုနှစ်၊ မတ်လ ၁၆-ရက်နေ့။)

ဤမိတ္တူလွှာ စာပါအတိုင်း မဆိုင်းပြည့်စုံ အချိန်မကုန်စေဘဲ ဝိသုံဂါမဘောဇက သီးခြားရွာစားစင်စစ်ဖြစ်ပစေတည့် စိတ်တော်ရှိ၍။

'အယမ္ပိ ဝိသုံဂါမော ဟောတူတိ ရာဇာ ကာဿစိ ဒေတိ' ပါဠိဝဏ္ဏနာ အဋ္ဌကထာပါဠ်ကျမ်းဂန်မြွတ်နှင့် ညီညွတ်အောင် ခန့်အပ်ပေးသနားတော်မူပါသတည်း။

အင်္ဂါစုံညီ ဂုဏ်ပြည့်ညီ၍ ပြည်ထောင်တည် လစ်ဤသည့်ခေတ်ဝယ် စနစ်ပုံမှီး ခုံကြီးတည်လောက်အောင်

ပီပြင်နက်လေး ဝိသုံဂါမ အမိန့်တော်ပေးသဖြင့် ရှေးမဆွကပင် သိမာယ သိမ် သမ္မိန္ဒြန၊ သိမာယ သိမ် အဇ္ဈောတ္တရဏ ဒေါသမထင် ပြစ် ကင်းစင်အောင် အရှင်ကောဏ္ဍညာဘိဝံသ အမည်တော်ရဘော သံဃနာယက သံဃဥက္ကဋ္ဌ ရန်ကုန်နေပြည်တော် ဘုရားကြီးကျောင်းတိုက် မထေရ်မြတ် စောင့်ကြပ်မ၍ ခရုပတ်ပျားကြီး တစ်နည်း ခြသေ့ထိုင် ခရိုင်နယ်ပြတ် ထောင့်တန်းဖြတ် ရက်ကန်းခတ် မှတ်ဖွယ်အသီးသီး သိမ်နှုတ်နည်းတို့ဖြင့် နုတ်ပြီးနှင့်သော မြေ အရပ် ဝယ် ထပ်လျောက်ဆင့်ကာ ဝိနယာလက်ာရဋီကာအထုက် ချောင်စောင်းကွက်တို့ဖြင့် လက်ယာခွေပတ် သုံးကြိမ်စပ်အောင် ရွတ်ဖတ်ညီညာ ကမ္မဝါဖြင့် သိမာသမ္မုဟနနပုဗ္ဗဘာဂ ပရိကံ စီမံပြီးပြေလက်သည် ရှိသော်....

နေပြည်တော်အရပ်ရပ် ကိန်းပျော်လတ်သား တိုက်ကြပ် တိုက်အုပ် ဂိုဏ်းချုပ်စာချ နာယကဟု သာသနဘာရဝါဟီ အာဇာနည်ဇာတ် ၁၂၀-ပါးသော မထေရ်မြတ်တို့ကို ရှိညွတ်ချောင် လျှောက်တောင်းပန်၍ သိမဏ္ဍလင် မြေအပြန်၌ စုံလင်တပြေး စည်းဝေးတော်မူကြသောအခါ ဦးစွာမဆွ ပထမ၌ သံဃပုဂ်ဝေါ် ကျေးဇူးကျော်သော....

၁။ နော်မံကျောင်းကြီးတိုက် ဆရာတော် ဦးဉာဏမထေရ်မြတ်သည် အရှေ့အရပ်မှ လက်မွန်စ၍ ပါသာဏနိမိတ္တ ပုဗ္ဗကိတ္တက ဌာနတိုင်လတ်လက်ယာပတ်၍ လေးရပ် နယ်ဘောင် စပ်အောင်နိမိတ်ကြားခြင်း၊ ထို့အတူ-

၂။ တောင်အရပ်မှ စ၍ တာမွေ သိမ်ကုန်းဆရာတော် ဦးရေဝတ

၃။ အနောက်အရပ်မှ စ၍ ဥယျာဉ်တိုက် လေသာဆရာတော် ဦးဓမ္မိက

၄။ မြောက်အရပ်မှ စ၍ သရက်တောတိုက် သာသနာလင်္ကာရ ဆရာတော်

၅။ အလယ်အရပ်မှ စ၍ အလုံ ဇောတနာရာမ ဆရာတော်

နိမိတ်စောင့်....

၁။ အရှေ့အရပ်မှ ဘုရားကြီးတိုက် ဦးကုသလ
၂။ တောင်အရပ်မှ ဘုရားကြီးတိုက် ဦးအာဒိစ္စ
၃။ အနောက်အရပ်မှ ဘုရားကြီးတိုက် ဦးသာဂရ
၄။ မြောက်အရပ်မှ ဘုရားကြီးတိုက် ဦးကောသလ္လ

ဤ မထေရ်မြတ်တို့လည်း စပ်အောင်နိမိတ်ကြားခြင်းတို့ဖြင့် သနင်းဘုန်းလျှံဟောမိန့်ညွှန်သော 'ပဌမံ နိမိတ္တာ ကိတ္တေတဗ္ဗာ' ဒေသနာတော်အရ နိမိတ္တကိတ္တန အမှုကို ပြုလုပ်ပြီးမြေ အောင်မြင်စေ၍ 'နိမိတ္တေ ကိတ္တေတွာ ဗျတ္တေန ဘိက္ခုနာ ပဋိဗလေန သံဃော ဉာပေတဗ္ဗော' ခန္ဓကအလာ ဒေသနာတော်မြတ် ပါဠိရပ်နှင့် တသမတ် ညီလျော်အောင်....

၁။ နော်မံကျောင်းကြီး ဆရာတော် ဦးဉာဏ
၂။ ဥယျာဉ်တိုက် လေသာဆရာတော် ဦးဓမ္မိက
၃။ တာမွေ သိမ်ကုန်းဆရာတော်။

ဤဆရာတော်မထေရ်မြတ်တို့သည် ဆယ်ရစ်သော ဗျဉ္ဇနဗုဒ္ဓိ အက္ခရာတိုင်း မိစေလျက် ဉတ္တိဒုတိယကမ္မဝါစာဖြင့် ဦးစွာအစ သမာနသံဝါသက သိမ်သမုတ်ခြင်း။

ထို့အတူ....

ဒုတိယအကြိမ်....

၁။ ကြည့်မြင်တိုင် ပြည်လုံးချမ်းသာ ဆရာတော်
၂။ ကြည့်မြင်တိုင် ဝေဠုဝန် ဆရာတော်
၃။ ဗဟန်း ဝေဠုဝန် ဆရာတော်

တတိယအကြိမ်....

၁။ သပြေတောရ ဆရာတော်
၂။ မြန်အောင် ဆရာတော်
၃။ ကျားကူး ဆရာတော်

စတုတ္ထအကြိမ်....

၁။ ပါဠိဆရာတော်
၂။ ဓနုဒရဲ ဦးသိဟ ဆရာတော်
၃။ ရွှေဘုန်းပွင့် ဆရာတော်

ပဉ္စမအကြိမ်....

၁။ အလယ်တောရ ဆရာတော်
၂။ သရက်တောတိုက် ပိဋကတိုက်သစ် ဆရာတော်
၃။ ကြည့်မြင်တိုင် ဇေယျဝတီ ဆရာတော်

ဆဋ္ဌမအကြိမ်....

၁။ အောင်မြေဘုံစံ ဆရာတော်

၂။ ဗားကရာတောရ ဆရာတော်

၂။ ဗဟန်း မစိုးရိမ်ကျောင်း ဦးမေဓာဝီ

သတ္တမအကြိမ်....

၁။ သရက်တောတိုက် တောင်ဘီလူး ဆရာတော်

၂။ မလွှကုန်း မင်္ဂလာသုခ ဆရာတော်

၃။ ပုဇွန်တောင် မြသိန်းတန် ဆရာတော်

အဋ္ဌမအကြိမ်....

၁။ အရှင်အာဒိစ္စဝံသ ကျောင်းတိုက် ဆရာတော်

၂။ သရက်တောတိုက် မမ္မလင်္ကာရ ဆရာတော်

၃။ ဘောက်ထော် ဦးဝဏ္ဏ ဆရာတော်

နဝမအကြိမ်....

၁။ စလင်း ဆရာတော်

၂။ ဘုရားကြီးတိုက် ဦးအာစိဏ္ဏ ဆရာတော်

၃။ ပဋ္ဌာန်းဆရာတော် ဦးနာရဒ

ဤသို့လျှင် ၉-ကြိမ် ၉-ထပ် ခိုင်မြဲလတ်အောင် စောင့်ကြပ်သတိ လုံးတိုင်းမိစေလျက် အာဒိကမ္မ သမာနသံဝါသ သိမ်သမုတ်ခြင်း ကိစ္စကို ၈-နာရီ၊ ၃၅-မိနစ် အချိန် ထမြောက်ပြီးမြေ အောင်မြင်စေ၍ အဝိပ္ပဝါသသီမ သမ္မုတိကံ ဆောင်တော်မူသော အခါ၌လည်း....

ပထမအကြိမ်....

၁။ သရက်တောတိုက်သာသနာ့လင်္ကာရဆရာတော်
၂။ သရက်တောတိုက် နှစ်ကျိပ်ရှစ်ဆူ ဆရာတော်
၃။ သရက်တောတိုက် နှစ်ကျိပ်ရှစ်ဆူ ဦးသြဘာသ

ဒုတိယအကြိမ်....

၁။ ဦးအရိယတိုက် ဦးပညာဝံသ ဆရာတော်
၂။ ကန်ဦးကျောင်း ဆရာတော်
၃။ သရက်တောတိုက် နှစ်ကျိပ်ရှစ်ဆူ ဦးသောဘဏ

တတိယအကြိမ်....

၁။ နေ့ာ်မံကျောင်းကြီး ဆရာတော်
၂။ လေသာ ဆရာတော်
၃။ တာမွေ သိမ်ကုန်းဆရာတော်

ဤသို့လျှင် သုံးထပ်သုံးကြိမ် ၉-နာရီ ၅-မိနစ်အချိန်ထမြောက်ပြီးပြေ အောင်မြင်စေ၍ အဝိပ္ပဝါသ သိမ်သမုတ်ခြင်းတို့ဖြင့် လူမင်းမြတ်စွာ သာသနာ့ဓယ် မဟာရဋ္ဌ ဒုတိယ ကလျာဏီ ခေါ်တွင်ညီလောက်သော ဤ 'သာသနမလ ဝိသောဓနီ' ဘွဲ့မည်ထိန်လျှပ် သိမ်တော်မြတ်သည် သက္ကရာဇ် ၁၃၁၁-ခုနှစ်၊ ဦးတန်ခူးလဆုတ် ၅-ရက်၊ တနင်္ဂနွေနေ့ နံနက် စက် ၉-နာရီ ၅-မိနစ်အချိန်ဝယ် ဒါယကာတို့ပကွ လှူဘက်ကလည်း....

၁။ မူလသိမ်ဒါယကာ သေဌေးကြီး အာ ဦးသွင်၊ သေဌေးကတော် ဒေါ်ဒေါ်သိန်း သားသမီး တစ်စုတို့ကလည်း နိဗ္ဗာနဓမာ ဆုချွေကာဖြင့်

ပူဇာဝိသေသ ဒါနမင်္ဂလာ ဖြစ်စိမ့်ငှာ ဟူ ပင့်
သံဃာ ၁၂၀-တို့အား နိကာယ်မဈို့မ မူလ
ပဏ္ဏာသဋီကာ ကျမ်းရွှေစာနှင့် နာရီခါးပိုက်
ဆောင် သံဃာစေ့အောင် လှူဒါန်းခြင်း

၂။ ဆွမ်း ခဲဖွယ်ဘောဇဉ် ချိုချဉ်ရသာ အဖြာဖြာ
တို့ဖြင့် သဒ္ဓါလုလု ဆွမ်းပြုစုခြင်း

၃။ သိမ်တော်မြတ်၏ မြောက်အရပ်, အရှေ့အရပ်
တို့၌ အမှတ်အသားနယ်အလားကို နယ်ခြား
ပိုင်ပိုင် သိစေနိုင်အောင် ကျောက်တိုင် မော်
ကွန်း စိုက်ထူခြင်း

၄။ ဗုဒ္ဓသာသနာနုဂ္ဂဟ အသင်းကြီး ကလည်း
တောင်အရပ်၌ အမျိုးသားတို့၏ ကောင်းမှု၊
အနောက်အရပ်၌ အမျိုးသမီးတို့၏ ကောင်းမှု
မော်ကွန်းကျောက်စာ တိုင် စိုက်ထူခြင်း

တို့ဖြင့် လင်းလင်းသမ္ပဇဉ် ကိုယ်စီယှဉ်၍ ခေမင်ကြငှန်း
နိရော်နန်းဆီ့ စောင်းတန်းလျှောကား သွယ်ကြသတည်း။

## ဆုတောင်းနှင့် အမျှဝေ

စေတနာစဉ်စီ သမင်္ဂီတည့် ပါရမီစိတ်သန် တိဟိတ်
ဉာဏ်ဖြင့် နိဗ္ဗာန်လျှောကား ပွင့်စေသားဟု ပွားများလေ့
လာ ပြုခဲ့ပါသော သာသနာနုဂ္ဂဟ မြတ်ပုညကြောင့်
ဆန္ဒရှိရှိ အားသစ်ဘိသား ဗောဓိဆုကြီး ရွယ်တိုင်းပြီး၍
ရှစ်ထီးမင်္ဂလိ ပွင့်ရလို၏။ ထိုကုသလ ဖို့ဘာဂကို သမ္မတ
ရာဇာ ဗောဓိလျှာလျှင် ပဌမာဒိက လက်မွန်စ၍ မြန်မာ့

ပြည်ဒဂုံ ပင်ငင် တိုင် ရင်းဘောင်၌ တောင်ပေါ်တစ်ခွင် မြေပြန့်လွင်ဝယ် လူရှင်အပေါင်း ရစေကြောင်းဖြင့် နှစ်ထောင်းကြည်အေး အမျှပေး၏။ တေးဘုံရပ်သူ နတ်နှင့်လူလည်း ထပ်တူကြည်ဖြူ ရစေဟူ၍ နိဗ္ဗူဗီဇ မျိုးစေ့ငှသည်၊ ၊ အမျှ-အမျှ-အမျှ-ရကြသည် ဖြစ်စေသော်။

## သိမ်တိုက်ကြီး တည်ဆောက်ခြင်း

သိမ်ဒါယကာ သိမ်ဒါယိကာမ ဖြစ်ကြကုန်သည့် သေဌေးကြီး ဆရာ-ဦးသွင် အိမ်သားတစ်စုတို့က ၁၃၁၂-ခုနှစ် တပေါင်းလမှစ၍ သိမ်တော် အုတ်တိုက်ကြီး ကို စတင် တည်ဆောက်ခဲ့လေသည်။

ဤသိမ်တော်အုတ်တိုက်ကြီးမှာ သိမ်ဘုရားနှင့် တံကဲ အပါအဝင် ကျပ်ပေါင်း ခြောက်သောင်းခန့် ကုန်ကျခဲ့လေသည်။

## အံ့ဖွယ်ငါးဖြာ ဤသိမာ

၁။ ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးရပြီးစ ခေတ်သစ်တွင် နိုင်ငံတော်၏ ဒု.စ ဥက္ကာ သမ္မတကြီးက အစဉ္စာ ဂါမဘောဇက သိမ်မြန်ပေး၍ ဝိသုံဂါမသိမ် အစစ္စာ ပေါ်ပေါက်လာခြင်း။

၂။ ပိဋကတ္တယ ကောဝိဒ ဝိနယဆောက ဝိနယဗျတ္တဂိုဏ်းချုပ် ဂိုဏ်းအုပ် မဟာထေရ်ပေါင်း၁၂၀ ကျော် ကြီးမှူးခေါင်းဆောင်၍ အရန်ဆရာတော် ထောင်ပေါင်းများစွာတို့ဖြင့် သမုတ်ခြင်း။

၃။ သိမသမ္မုတိကံ အောင်မြင်ပြီးသည်နှင့် တပြိုင်နက် ထိုသိမ်တော်အသစ်စက်စက်တွင် အာသံ ချင်း၊ ကချင်၊ မြန်မာ စသော လူမျိုးပေါင်း ၃၃-ပါး ပါဝင်သော နာနာကုလ ပဗ္ဗဇ္ဇမင်္ဂလာ ရှင်ပြုပွဲကြီး ကျင်းပခြင်း။

၄။ ၎င်းလူမျိုးပေါင်းစုံ ငါးယောက်ပါဝင်သော နာနာကုလ ဥပသမ္ပဒကံ ရဟန်းခံပွဲကြီး ကျင်းပခြင်း။

၅။ အထက်ပါ မင်္ဂလာသုံးရပ် အပြီး သတ်တွင် အာကာသ၌ မေဃ အခါမဲ့မိုး သည် ထန်စွာ ရွာသွန်းချ၍ ခဏနှင့် ရပ်စဲခြင်း

စသော သာသနစိရဋ္ဌိတိ သာသနဝုဒ္ဓိ သာသနဝိရုဠ္ဟိ သာသနဝေပုလ္လ ပုဗ္ဗနိမိတ် ဝိသိဋ္ဌငါးဖြာ အံ့ဖွယ်ရာတို့ဖြင့် မဖြစ်ဖူးမြဲ ထူးကဲဆန်းကြယ်စွာ ပေါ်ပေါက်လာကြပါသတည်း။

❀

၁၃၄၄-ခုနှစ်၊ တပေါင်း လပြည့်ကျော် ၂-ရက်၊
၁၉၈၄-ခုနှစ်၊ မတ်လ ၃၀-ရက်၊ ၄-ဟူး နေ့
မန္တလေးမြို့
နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ် ကျောင်းတိုက်
မမ္မရသာသန သောဘိတ

# သိမ်အောင် ကျောက်စာ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

။သိဒ္ဓမ်။

ကရောန္တိ ဇိနစက္ကဿ၊
သောဘဏံ သာဓု နန္ဒိဘာ။
သီမာ အနာကုလာ ဌာတု၊
စိရံ ထေရေဟိ သမ္မတာ။

ထေရေဟိ = ချိမ်းမွမ်း ဒံ့ပ်တုံ သီလ သမာဓိ ပညာ ဂုဏ်ဘို့နှင့် ပြည့်စုံဘိတောင်း မထေရ်မြတ်အပေါင်းတို့ သည်။ သမ္မတာ=ဆယ်ဖြာသော ဗျဉ္ဇနဒုဒ္ဓိ ဓောင်းကြိုး ကို ညှိသကဲ့သို့ ထိမိမှန်ကန် ကရိုဏ်းနှင့် ပယတ်+ဌာန် တို့ကို မလွန်မယုတ် ငင်တံသုတ်သို့ နှုတ်တော်ရွှတ်ဖတ် သမုတ်အပ်သော။ သာဓုနန္ဒိတာ = နှလုံး ပျော့ ပျောင်း သူတော်ကောင်းတို့ ကောင်း၏နှုတ်နက် ခြွေညွှန်းပြွက်

မှတ် သိမ်တော်မြတ်သည်။ ဇိနစက္ကဿ=ဒေဝပုတ္တ စသည် ငါးတန် မာရ်ကိုပယ်ရှား ဘုရားမြတ်စွာ သာသာနာ သုံးရပ် စကာ်တော်မြတ်၏။ သောဘဏံ=သိက္ခာသုံးချက် တရားနက်ကို ဆင့်လျက်ဆင့်လျက် မြင့်သည်ထက် မြင့် ထယ် အဘင့်တယ်ခြင်းကြီး တင့်တယ်မှုကို။ ကရောန္တိ= ဉပနိဿရည်း ပစ္စည်းအဖြစ် စင်စစ်ရောက်ကာကောင်း စွာ ကျေ ဇူး ပြုလျက်။ အနာကုသာ=နှောင့်ယှက်ပိတ်ပင် ရန်မထင်သည်ဖြစ်၍။ စိရံ=သာသနာ့တော် အနှစ်ငါး ထောင် မြားမြောင်ရှည်ကြာ အခါကာလ ပတ်လုံး။ ဌာတု=ဘက်သစ်စနေဝန်း ထွန်းသစ်သောလ ပွင့်စပဒို ပုံဘန္နုန်းနှန်း ဂုဏ်ရည်လျှမ်း၍ တည်ထွန်း တောက်ပ ပါစေသတည်း။

အောင်သူတကာတို့၏မဟာ မဟန္တာဓိပတိ သိရိမကုဋ္ဌ အတုလဘုံသာ အဒုတိယာဒိစ္စ အတုလိယ မှန်ကင်း သုံး လောကတိုက်အတွင်းဝယ် မင်းဆုံးဓမ္မရာဇ် ဘုန်းလျှံသစ် ဓသာ ရှင်ချစ်ဦးသျှောင် မြတ်ဘုရား ငါးမာရ်အောင် သည့် ရွှေဖောင်ဌာ်မာ ယာဉ်နာဝါဖြင့် သယ်ရာကြော မြစ်အပြာဝယ် နစ်မျောကုန်သူ ဝေနေယျတို့ကို သယ်ယူ ကယ်မ မြိုက်ဆုငှ လျက် ရာဇ ဂြိုဟ်ပြည် မှန် ဂိဇ္ဈကုဋ္ဌ် ဘောင်ယံဝယ် သေးတန်ယာပထ ညီမျှရွှင်ပြုံး သ်တင်း သုံးနေတော်မူသော အခါ 'တွောဝတာ သာမဂ္ဂီ၊ ယာဝ တာ ကောဝါသော' ရှင်စောမိန့်ဖော် တရားတော်၌ အာဘော်ခဲကျိတ် ဉာဏ်မစိတ် နိုင်ကြသဖြင့် 'ကိတ္တာ- ဝဘာ နု ခေါ ကောဝါသော ဟောတိ' အဘယ်မျှ အပိုင်းအခြားရှိမှ သာမဂ္ဂီအရာ ကောဝါသ အမည်ရ သနည်းဟု တည်းလည်းပုစ္ဆာ ဤအရာဝယ် ပြဿနာ

စကားရဟန်းများတို့ လျှောက်ထားသမှုကြောင့်ထွက်ရှိ 'အနုဇာနာမိ ဘိက္ခဝေ သိမံ သမ္မန္နိတုံ' ရွေခွန်းငုံ၍ လေးပုံသော သံဃာကို စိမ်ပြုစု ရဟန်းတို့ လွယ်ကူမှုအတွက် ကရုဏာဆောင်သွေး သိမ်သမုတ်ရန် အရေးကို ခွင့်ပေးပညတ်တော်မူခဲ့ပါသတည်း။

မဟာကာရုဏိက မြတ်ဗုဒ္ဓသည် သိမသမ္မုတိကံ ရွက်ဆောင်ရန်အရေး အခွင့်တော်ပေးလတ်သော် ရှေးရှေးသာသနာဝင် သူတော်စင်မြောက်မြား ဗုဒ္ဓဝါဒီ အမျိုးသမီး+အမျိုးသား တို့သည်....

ဘုရားမြတ်စွာ သာသနာကား သံဃာတော် အရှင်မြတ်တို့လျှင် မချွတ်မူလ အရင်းခံမူလ ဖြစ်ချေ၏။ သံဃာဂိုဏ်ဝင် ထေရ်အရှင်တို့သည်လည်း ရှင်ပင်ဆုံးမ ဟောညွှန်ပြသည့် သံဃကံလေးပါးတို့လျှင် ထင်ရှားမူလ ဘေဝ အရင်းခံရှိကုန်၏။ သံဃကံလေးပါးတို့သည်လည်း ပိုင်းခြားညွှန်ပြ ခဏ္ဍ+မဟာ သိမ်နှစ်ဖြာလျှင် ပဌမာဒိက မူလ အမွန်ရှိကုန်၏။

ထို့ကြောင့်ပင်လျှင် မြတ်ရှင်သြဝါ သာသနာသည် မဟာ+ခဏ္ဍာ သိမ်နှစ်ဝလျှင် မူလပဒဋ္ဌာန် အခြေခံပဘာဝ အကြောင်းရင်း ရှိကုန်ရကား သိမသမ္မုတိကံ ဒါယကာ ခံချမှု ဘုန်းလျှံမြတ်စွာ သာသနာကို ပဌမာဒိက အရင်းမူသမှု အနုဂ္ဂဟပြုရာ ရောက်ခြိမ့်မည်ဟု=

အေးကြည်ရှင်မော ကုသိုလ်ဇောတို့ ဖြောဖြာထက်သန် သိမ့်ဒါယကာ ခံကြရကား နိုင်ငံတော် အရင်ရပ်ဝယ် ပြာသာဒ်ရောင်မောင်း သိမ်တန်ဆောင်း တို့ဖြင့် မစည်ာင်းရှုဖွယ်ဖြင့် ကောင်းမှုခေတ်နယ်ကျယ်၍ ဘုန်း

ကြွယ်ဖြတ်စွာ သာသနာလည်း အခါမျက်မှောက် ယနေ့ ရောက်အောင် ထွန်းတောက်ထိန်လင်းခဲ့ပါသတည်း။

မဟာမုနိ တုမရှိ၏ ဗြိဝိဓာ သာသနာလျှင် ရောင်ဝါရှိန်ငွေ့ ထွန်းထိန်လေ့ဖြင့် ယနေ့ မျက်မှောက် အချိန်ရောက်၍ မြားမြောက်လှစွာ မဟာကုသလ မြိုက်ဗီဇကို ပျိုးချနိုင်ရန် အခွင့်ကောင်းဖန်၁ ဖြင့်=

'ပဥ္စန္နံ ဝေရာနံ သာမာရေကာဘာဝေန အသာရေသ မနဿ ဒါနံ သာရော' လောကီဥစ္စာ ရတနာကား ငါးဖြာရန်စု ဆက်ဆံမှုကြောင့် သူ့သဘာဝ အကာမျှ တည့် ဒါနဆယ်ဖြာ ကောင်းမှုသာလျှင် သပြာနေ အဝဝ ၏ သာရအနှစ် ကေန်ဖြစ်၏ဟု-

ရှင်ချစ်အလျှာ မဟာကကျာ့သင်္ဘေး၏ လေးနက်သော ဆင်ခြင်ပုံကို အာရုံယူထင်ထင် ကုသိုလ်ဇောအစဉ်ဖြင့် ဆင်ခြင်နက်ခလေး မြော်ထောက်တွေးကြ၍ မန္တလေး ရန်ကုန် မြို့နယ်ပေါင်းစုံတို့မှ သုံးပုံရတနာ သဒ္ဓါဇော ထက်သန်စွာဖြင့် ပါကုပေတ သက်ဆုံတိုင် ဆည်းကပ်ကြသည့် အတ္တသန္နိယျာတန ဥပါသက+ဥပါသိကာ သမ်မှ ဒါယကာတို့သည် ဝိနယာနုလောမ ဝိသုံဂါမ ဘောဇက= သီးခြားရွာစားအဖြစ် ရရှိရေး တိုင်ပင်ဆွေးနွေးကြ၍ မန္တလေးမြို့ ၂၆=ဘီလမ်း၊ ဆိုင်းတန်းရပ်နေ တိပိဋက= နိကာယ သာသနာပြုအဖွဲ့ အတွင်းရေးမှူး မန်းခေတ် ဦးလှရွှေကို ဒေသနာဓမ္မစက် မိန့်မှာတော် မူချက်နှင့် အဘက်ဘက်မှ ကိုက်ညီ ပညာဝန် သံဃာ့မဟာနာယက ထိုသိုခထေရ်တို့ ရှင်ကြည်နှစ်သိမ့် ကောင်း၏ ကောင်း၏ ဟု ဦးခေါင်းတော်ညိတ်ရသည့် သိမ်အမိန့်မျိုး ရရှိရေ

ဆောင်ရွက်ပေးရန် တိုက်တွန်း တောင်းပန်ကြသဖြင့် အမိန့်ခံခဲ့ရာ သာသနာတော်အရေး ဖြင့်မနေ့ပဲ အားပေး ထောက်ခံ ကြည်ညိုဇော ထက်သန်သည့် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်အစိုးရ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီး၊ သာသနာ့ အကျိုး စီးပွား လိုလားစိတ် ခိုင်မြဲကြည်ညို သဒ္ဓါယိုစီးသည့် ဒုတိယဝန်ကြီးချုပ် သူရဦးထွန်းတင်၏ အလျင် မနေး ဝိသုံဂါ မဖြစ်ရန်အရေး ညွှန်ကြား အမိန့်ပေးချက် အရ 'သာသနာ့ကိစ္စ တို့ကိစ္စ' ဟု ကုသလအခြေခံကြည်ညိုဇော ထက်သန်သည့် နိုင်ငံတော်အစိုးရကိုယ်စား ရွက်ဆောင် ခွင့် ရရှိသားသဖြင့် အားရရွှင်မြူး မန္တလေး အနောက် မြေ ာက်မြို့န ယ် အခွန်ဦးစီးဌာနမှူး ဒါယကာကလည်း-

(မိတ္တူမှန်)

ဝိသုံဂါမသိမ်အဖြစ် အသုံးပြုရန် မြေပေးအမိန့်

မြန်မာနိုင်ငံတော် အထက်ပိုင်း
မြေခွန် နည်းဥပဒေ ၅၃-က၊

မြန်မာနိုင်ငံတော် အောက်ပိုင်း
မြေခွန်တော် နည်းဥပဒေ ၃၄၊

မြန်မာနိုင်ငံတော် အောက်ပိုင်း မြို့ရွာရှိ
မြေယာနည်းဥပဒေ ၅၂။

မန္တလေးခရိုင် အနောက်မြောက်မြို့နယ် သီရိမာလာ အရှေ့ရပ်နေ လျှောက်ထားသူ မန်းခေတ် ဦးလှရွှေ သိ ပ ာချန်မှာ မန္တလေးခရိုင် အနောက်မြောက် မြို့နယ်

ဒေါနဘွားရပ်ကွက်၊ ကွင်းအမှတ် ၃၁၇ ဦးပိုင် မြေကွက်အမှတ် ၂၉၈ တွင် တည်ရှိ၍ ပူးတွဲပါ မြေပုံအရ အောက်ပါနယ်နိမိတ်များအတွင်း ပိုင်းခြားသတ်မှတ်ထားသော ဧက ၀.၀၈ ရှိ မြေကို ပကတိဂါမ မူလရွာမှ ဝိသုံဂါမ အသီးအခြား ရွာတစ်ခု ဖြစ်စေရန် သတ်မှတ်ပေးလိုက်သည်။

ဤ ပိုင်းခြားသတ်မှတ်ပြီးသော အသီးအခြားအရပ်ကို လျှောက်ထားသူ မန်းခေတ် ဦးလှရွှေ (အမျိုးသားမှတ်ပုံတင်အမှတ်၊ အေအီး ၂၀၆၁၂၈) အား ဗဒ္ဓသိမ်အဖြစ် အသုံးပြုရန် ဝိသုံဂါမဘောဇက အသီးအခြား ရွာစားအဖြစ် ခန့်အပ်ပေးပါသည်။

နယ်နိမိတ်များ

| | |
|---|---|
| မြောက်အလား | ဦးပိုင် ၁၀၇<br>မြို့နယ်သမဝါယမ အသင်း |
| အရှေ့အလား | အကွက် ၄၁၇ ဦးပိုင် ၁၀/က<br>မြို့နယ်သမဝါယမအသင်း မြေအစပ် |
| တောင်အလား | သာသနာမြေ |
| အနောက်အလား | သာသနာမြေ |

ခင်မောင်သန်း

ကိုယ်ပိုင်အမှတ်-၇၈၃၁၅၉
မြို့နယ် အခွန်ဦးစီးဌာနမှူး
မန္တလေး အနောက်မြောက်မြို့နယ်

ရက်စွဲ၊ ၁၉၈၃-ခုနှစ်၊ မတ်လ ၇-ရက်

ဤ မိတ္တူလွှာ စာပေါအတိုင်း မဆိုင်းပြည့်စုံ အချိန်ကို မကုန်စေဘဲ ဝိသုံဂါမှ ဘောဇကာ=သီးခြားရွာစားစင်စစ် ဖြစ်ပစေဘည့်၊ သဒ္ဓါစိတ်အရင်းရှိ၍ 'အယမ္ပိ ဝိသုံဂါမေဝ ဟောတူတိ ရာဇာ ကဿစိ ဒေတိ' ပါဠိ ဝဏ္ဏနာ ပကိဏ္ဏကဒေသနာ အဋ္ဌကထာပါဠိ ကျမ်း ဂန် နှင့် ညီလတ်အောင် ခန့်ထား ပေးအပ်ပါသတည်း။

မဟာအာသန်တာ နိဗ္ဗာနှ၏ ဥပနိဿရည်း ပစ္စည်း ကုသိုလ် ကြီးရန်အရေး ဝိသုံဂါမ အမိန့်တော်ပေးလတ် သော် ရှေးမဆွကပင် 'သီမာယ သီမံ သမ္ဘိန္ဒနံ၊ သီမာယ သီမံ အဇ္ဈောတ္ထရဏ' ဒေါသမထင် အပြစ် ကင်း စင် အောင်-

၁။ အရှင်ဥက္ကံသာဘိဝံသ၊ ဓမ္မနာဒ တိုက်အုပ်ဆရာ တော်၊ မင်းကွန်း။

၂။ အရှင်စန္ဒိမာ၊ ရွားပင်တိုက်သစ် ဆရာတော်၊ မင်းကွန်း။

၃။ အရှင်ဇောတိက၊ ဝေယန်ဘုံမြင့်ချောင် ဆရာ တော်၊ မင်းကွန်း။

ဤဆရာတော် ထေရ်အရှင်တို့ ပုဗ္ဗင်္ဂမ ရှေ့ဆောင် ဦးစီးကြ၍ တိပိဋကာ=နိကာယနှင့် ဓမ္မနာဒကျောင်းတိုက် ကြီး နှစ်တိုက်တို့မှ အရေအတွက် သင်္ချာ (၁၀၀) တစ်ရာ ကျော် သံဃာတော်အရှင်မြတ်တို့သည် ခရုပတ်၊ ပျားကြီး၊ တစ်နည်း ခြသေ့ထိုင်၊ ခရိုင်နယ်ဖြတ်၊ ထောင့်တန်းဖြတ်၊ ရင်ပေါင်တန်း၊ ရက်ကန်းခတ်၊ ကြက်ခြေ အထွေထွေ အသီးသီး သိမ်နုတ်နည်းတို့ဖြင့် သိမ်နုတ်ပြီး အသင့် ရှိနေ

လင့်သော မန္တလေးမြို့ နိုင်ငံတော် ပရိယတ္တိသာသနာ့ တက္ကသိုလ် ကျောင်းတိုက်ကြီးအတွင်း အရှေ့မြောက် ထောင့်အရပ်၌ စတုရန်း ၅၉ ပေ ရှိသော မြေအရပ်ဝယ် ဆပ်၍ဆင့်ကာ ဝိနယာလင်္ကာရ ဋီကာအထွက် ညောင် ဆောင်းကွက်တို့ဖြင့် လက်ယာခွေပတ် သုံးကြိမ်စပ်အောင် ရွှတ်ဖတ်ညီညာ ကမ္မဝါစာဖြင့် သိမာသမူဟနန ပုဗ္ဗ ဘာဂပရိကံ စီမံပြီးပြေလတ်သည်ရှိသော်ဿ

၁။ နိုင်ငံတော် ဩဝါဒါစရိယ အဂ္ဂမဟာ ပဏ္ဍိတ သက်တော် ၉၃-နှစ်၊ သိက္ခာတော် ၇၃-ရှိ မင်းကွန်း အရိယမဂ္ဂင် ဆရာတော်ဘုရားကြီး နှင့်

၂။ နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဘိဓဇ မဟာ ရဋ္ဌ ဂုရု ပဲခူးမြို့ မြို့မစာသင်တိုက် ဆရာတော်ဘုရား ကြီး

၃။ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုး တော်ဆောင် အဂ္ဂမဟာပဏ္ဍိတ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက မင်းကွန်းဓမ္မနန္ဒ ဆရာ တော် ဘုရားကြီး အစရှိသော-

နိုင်ငံတော်သံဃမဟာနာယက သုံးဖွဲ့စုံညီ နာယက ဆရာတော်များ၊မန္တလေးမြို့ တိုင်း သံဃနာယကအဖွဲ့နှင့် မြို့နယ် သံဃနာယကအဖွဲ့ဝင် ဆရာတော်များ၊ မင်းကွန်း တိပိဋက=နိကာယ သာသနာပြု အဖွဲ့၏ ဩဝါဒါ စရိယ နာယက ဆရာတော်များ၊ မင်းကွန်း တိပိဋက

နိကာယကျောင်းတိုက်မှ နိကာယ်ဆောင် သံဃာတော်များ၊ ဤဆရာတော် သံဃာတော် အရှင်မြတ်များကို ဝပ်တွားချေငံ လျှောက်ထားတောင်းပန်၍ သိမ်ဂူလင်မြေအပြင်ဝယ် စုံလင်တပြေး စည်းဝေးညီမူတော် မူမိကြသောအခါ ပါသာကာ နိမိတ္တရက္ခက အဖြစ်ဖြင့်-

၁။ အနေ့အရပ်မှ (ဒီဃနိကာယ ကောဝိဇ) အရှင်ကောဝိဒ

၂။ အရှေ့တောင်အရပ်မှ (ဝိနယရေ) ဦးဥယျာနန္ဒ

၃။ တောင်အရပ်မှ (ဥဘတောဝိဘင်္ဂရေ) အရှင်ဝိနယ

၄။ အနောက်တောင်ထောင့် အရပ်မှ (ဒီဃဘာဏက) အရှင်နေမိန္ဒ

၅။ အနောက်အရပ်မှ (ဒီဃဘာဏက) အရှင် ပညာဇောတ

၆။ အနောက်မြောက်ထောင့် အရပ်မှ (ဒီဃဘာဏက) အရှင် ဝိမလသာရ

၇။ မြောက်အရပ်မှ (ဒီဃဘာဏက) အရှင် သောဘဏ

၈။ အရှေ့မြောက်ထောင့် အရပ်မှ (ဒီဃဘာဏက) အရှင် ကုလနန္ဒဝံသ

ဤအရှင်မြတ်တို့ကို လျှောက်ပတ်နံသင့်စွာ နိမိတ်စောင့်ထားပြီးသောအခါဝယ် ဦးစွာမဆွပထမဦး သံဃ ပုဂ်ဝေါ ကျေးဇူးကျော်သော-

၁။ နိုင်ငံတော် ဩဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ မင်းကွန်း အရိယမဂ္ဂင်ကျောင်း ဆရာတော်ဘုရားကြီးက အရှေ့အရပ်မှ လက်မွန်စ၍ ပါသာဏနိမိတ္တ ပုဗ္ဗကိတ္တိတ ဌာနတိုင်လတ် လက်ယာပတ်၍ ရှစ်ရပ်နှယ်ဘောင် စပ်မိအောင် နိမိတ်ကြားခြင်း၊ ထို့အတူ

၂။ ဘောင်အရပ်မှ လက်မွန်စ၍ နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု ပဲခူးမြို့မ ဆရာတော်ဘုရားကြီး

၃။ အနောက် အရပ်မှ လက်မွန်စ၍ ဖျာပုံမြို့ တိုက်သစ်ကျောင်း အဂ္ဂမဟာပဏ္ဍိတ သံဃမဟာနာယက ဘဒ္ဒန္တစမ္မစက္က ဆရာတော်ဘုရားကြီး

၄။ မြောက် အရပ်မှ လက်မွန်စ၍ မြင်းခြံမြို့ ကိုးဆောင်တိုက် နိုင်ငံတော် သံဃမဟာနာယက ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သောဘိတ ဆရာတော်

ဤဆရာတော် မထေရ်မြတ်တို့က နိမိတ်စောင့်များရှိရာအရပ်သို့ အနီးကပ်ကြွရောက်ကြကာ ပါသာဏနိမိတ္တကျောက်နိမိတ်စပ်အောင် ကြားတော်မူကြခြင်း။

၅။ ထိုမှနောက်ဝယ် သံဃာတော်တို့ အလယ်၌ စံပယ်ရှင်ပျော် သိဘင်း သုံးနေတော်မူလျက် နိုင်ငံတော်သံဃမဟာနာယက ပထမ အဖွဲ့ခွဲ

ဝင် အရှင်ဝေပုလ္လသာမိ (ပခုက္ကူ မြို့ ရွှေပေါက်ပင် စာသင်တိုက် ဆရာတော်) က အစရှိ အရပ်မှ အစပြုကာ ပါသာဏနိမိတ္တ ဒူရကိတ္တန နည်းသဘောဖြင့် 'ဒေသာ ပါသာဏော နိမိတ္တံ' အောင်သံသပ်ရပ် ရှစ်နယ်လုံး စပ်အောင် ပြွတ်ပြွတ်သားသား အဝေးမှ နိမိတ်ကြားခြင်းတို့ဖြင့်—

သနင်းဘုန်းလျှံ ဟောမိန့်ညွှန်သော 'ပဌမံ နိမိတ္တာကိတ္တဘဗ္ဗာ' ဒေသနာတော်အရ နိမိတ္တကိတ္တန ပထမအမှုကို ပြုလုပ်ပြီးပြေ အောင်မြင်စေတော်မူကြပါသတည်း။

နိမိတ္တကိတ္တန ပထမအမှုကို ပြုလုပ်ပြီးပြေ အောင်မြင်စေ၍ 'နိမိတ္တေ ကိတ္တေတွာ ဗျတ္တေန ဘိက္ခုနာ ပဋိဗလေန သံဃော ဉာပေတဗ္ဗော' မိန့်ဟောဒေသနာ မဟာဝဂ္ဂ ဥပေါသထ ခန္ဓက ဒေသနာတော် မြွတ်နှင့်သမသတ် ညီလျော်အောင်=

၁။ နိုင်ငံတော် သံဃမဟာနာယကဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု ငဲခူးမြို့မ ဆရာတော်ဘုရားကြီး

၂။ နိုင်ငံတော် သံဃမဟာနာယက ဒုတိယအဖွဲ့ခွဲ ဒုတိယဥက္ကဋ္ဌ ပြည်မြို့ အဂ္ဂမဟာပဏ္ဍိတ ဗာရာဏသီ ဆရာတော်ဘုရားကြီး

၃။ နိုင်ငံတော် သံဃမဟာနာယက ပထမအဖွဲ့ခွဲ ဒုတိယဥက္ကဋ္ဌ မြင်းခြံမြို့ ကိုးဆောင်ကျောင်းတိုက်၊ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သောဘိတ မထေရ်

ဤမထေရ်မြတ်သုံးပါးတို့က 'ဝိနယရေပဥ္စမေနႏ တိ အနုဿာဝန အာစရိယပဉ္စမေန' ဟူသော ဝိနည်းမဟာ ဝါ အဌကထာနှင့်အညီ တစ်ပါးစီတစ်ပါးစီ မြင်းမိုရ်တောင်ကို မြှောက်ချီသော အာဇာနည် ယောကျ်ားကဲ့အလားလျှင်ဆယ်ပါးသောဗျဉ္ဇနဗုဒ္ဓိအက္ခရာတိုင်း မိစေကြလျက် သမာနသံဝါသ သိမ်ကိုအောင်မြင်စွာ သမုတ်တော်မူကြပါသည်။

ထို့နောက် 'ပေါရာဏ ဝိနယဓရထေရာ ကမ္မဝိပတ္တိ သင်္ကာပရိဟာရတ္ထံ ဒွိဟိ ဝါ တီဟိ ဝါ ကေတော ကမ္မဝါစံ သာဝယန္တိ' ဟူသော ဝိနယဝိနိစ္ဆယဋီကာ မိန့်မှာတော်မူချက်နှင့် လိုက်ဖက်သင့်တော့ သမသတ် ညီစေလျက်-

(၁) နိုင်ငံတော် သံဃမဟာနာယက ပထမ အဖွဲ့ခွဲဝင် စစ်တွေမြို့၊ ဘုရားကြီးကျောင်း မူလ ဓမ္မာစရိယ ဘဒ္ဒန္တ နရသီဟ ဆရာတော် မထေရ်

(၂) နိုင်ငံတော် သံဃမဟာနာယက ပထမအဖွဲ့ခွဲဝင် စလင်းမြို့၊ မဟာဝိသုတာရာမတိုက် မူလဓမ္မာစရိယ ဘဒ္ဒန္တကိတ္တိ ဆရာတော်မထေရ်

(၃) နိုင်ငံတော် ဩဝါဒါစရိယ မန္တလေးမြို့၊ မဟာနန္ဒိသေနာရာမတိုက် နာယကချုပ် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ နန္ဒိသေန ဆရာတော်မထေရ်

(၃) နိုင်ငံတော် သံဃမဟာနာယက ပထမအဖွဲ့ခွဲဝင် မိုးမိတ်မြို့၊ ရွှေကျောင်း နာယကချုပ် ဘဒ္ဒန္တ ဓမ္မာနန္ဒ ဆရာတော်မထေရ်

(၃) နိုင်ငံတော်သံဃမဟာနာယက ဒုတိယ အဖွဲ့ခွဲဝင် ညောင်ရွှေမြို့၊ ကန်ကြီး ပရိယတ္တိကျောင်း သကျသီဟနှင့် အစိုးရ ဓမ္မာစရိယ ဘဒ္ဒန္တ ဝိမလာဘိဝံသ ဆရာတော်မထေရ်

(၃) မန္တလေးမြို့ ဝိသုဒ္ဓါရုံတိုက် ရွှေကျင် သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဝါဆိုကျောင်း ဘဒ္ဒန္တ အဂ္ဂိယ မထေရ်

ဤမထေရ်မြတ်တို့က ယထာက္ကမ နည်းနာကျအောင် ဗျဉ္ဇနဗုဒ္ဓိ အက္ခရာတိုင်း မိစေလျက် နှစ်ပါးတစ်တွဲ နှစ်ပါးတစ်တွဲ သုံးတွဲသုံးကြိမ် သမာန သံဝါသသိမ်ကို သမုတ်တော် မူကြပါသည်။

ထို့နောက် ဖော်ပြပါ ဝိနယ ဝိနိစ္ဆယဋ္ဌကာ။ 'တီဟိ ဝါ ကေတော ကမ္မဝါစံ သာဝေယန္တိ' ပါဌ်အထွက်နှင့် လိုက်ဖက်သင့်တွေ သမသတ် ညီစေလျက်။

(၃) နိုင်ငံတော် သံဃမဟာ နာယက ပထမ အဖွဲ့ခွဲဝင် ရန်ကုန်မြို့၊ ဗဟန်းမြို့နယ် ခြောက်ထပ်ကြီး ဘုရားကြီးတိုက် မူလ ဓမ္မာစရိယ ဘဒ္ဒန္တ အာဒိစ္စ ဆရာတော်မထေရ်

(၃) နိုင်ငံတော် သံဃမဟာနာယက ပထမ အဖွဲ့ခွဲ ဝင် မကွေးမြို့၊ ဓမ္မိကာရာမတိုက် သကျသီဟ နှင့် အစိုးရ ဓမ္မာစရိယ ဘဒ္ဒန္တ ကုမာရာဘိဝံသ ဆရာတော် မထေရ်

(၃) နိုင်ငံတော် သံဃမဟာနာယက ပထမ အဖွဲ့ခွဲ ဝင် တိုက်ကြီးမြို့ ပြည်ဇေတဝန်ကာရုံကျောင်း တိုက် နာယကချုပ် အစိုးရ ဓမ္မာစရိယ ဘဒ္ဒန္တ ဉာဏဝံသ ဆရာတော် မထေရ်

(၄) နိုင်ငံတော် သံဃမဟာနာယက ပထမ အဖွဲ့ခွဲ ဝင် မိတ္ထီလာမြို့၊ မြတောင် ကျောင်းတိုက် နာယကချုပ် သကျသီဟနှင့် အစိုးရ ဓမ္မာ စရိယ ဘဒ္ဒန္တ ကေလာသာဘိဝံသ ဆရာတော် မထေရ်

(၄) နိုင်ငံတော် သံဃမဟာနာယက ပထမ အဖွဲ့ခွဲ ဝင် လားရှိုးမြို့၊ မြို့လယ်ကျောင်း နာယက ချုပ် အစိုးရ ဓမ္မာစရိယ ဘဒ္ဒန္တ ကဝိန္ဒာစာရ ဆရာတော်မထေရ်

(၄) နိုင်ငံတော် သံဃမဟာနာယက ပထမ အဖွဲ့ခွဲ ဝင် တောင်ငူမြို့၊ မြစည်းခုံ စာသင်တိုက် နာ ယကချုပ် အစိုးရ ဓမ္မာစရိယ ဘဒ္ဒန္တ တိက္ခ သာရ ဆရာတော် မထေရ်

(၅) နိုင်ငံတော် သံဃမဟာနာယက ဒုတိယ အဖွဲ့ခွဲ ၏ ဥက္ကဋ္ဌ မန္တလေးမြို့၊ တောင်သမန်တိုက်

ပုသိမ်ကျောင်း နာယကချုပ် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ရေဝတာဘိဝံသ ဆရာတော်မထေရ်

(၅) နိုင်ငံတော် သံဃမဟာနာယက တတိယ အဖွဲ့ခွဲ၏ အကျိုးတော်ဆောင် သန်လျင်မြို့၊ မင်းကျောင်း ပထမပြန် စာသင်တိုက် နာယကချုပ် အဂ္ဂမဟာ အကျော် ဘဒ္ဒန္တ ဝဏ္ဏသိရိ ဆရာတော် မထေရ်

(၆) နိုင်ငံတော် သံဃမဟာနာယက တတိယ အဖွဲ့ခွဲ၏ တွဲဖက် အကျိုးဆောင် မန္တလေးမြို့၊ မိုးကောင်းတိုက် စာချကျောင်း နာယက 'သ+စ+အ၊ ဓမ္မာစရိယ' ဒီဃနိကာယ ကောဝိဒ ဘဒ္ဒန္တဉာဏာဘိဝံသ ဆရာတော်မထေရ်

ဤဆရာတော်မထေရ်မြတ်တို့က ယထာက္ကမ နည်းနာကျအောင် ဗျဉ္ဇနဗုဒ္ဓိ အက္ခရာတိုင်းမိစေလျက် သုံးပါးတစ်တွဲ သုံးပါးတစ်တွဲ သုံးကြိမ် သမာန သံဝါသသိမ်ကို သမုတ်တော် မူကြပါသည်။

ဤသို့လျှင် စာရေးဖော်ပြရာပါ သံဃနာယက ဆရာတော်မထေရ်မြတ်တို့က တစ်ပါးစီ သုံးကြိမ်၊ နှစ်ပါးစီ သုံးကြိမ်၊ ဤသို့အားဖြင့် ၉-ကြိမ်တိုင်တိုင် အခိုင်အမာ သမာနသံဝါသသိမ်ကို သမုတ်တော်မူကြရာ၊ သာသနာတော်နှစ် ၂၅၂၆၊ ကောဇာသက္ကရာဇ် ၁၃၄၄-ခုနှစ် ဥတုဂိမှာန ဝသန္တရတုသို့ ရောက်သစ်စ တပေါင်းလပြည့်ကျော် ၂-ရက်၊ ခရစ်နှစ် ၁၉၈၃-ခုနှစ် မတ်လ ၃၀-ရက် ဗုဒ္ဓဟူးနေ့ နံနက် ၈-နာရီ အချိန်တွင် အောင်မြင် ထမြောက် အပြီးသို့ ရောက်ပါသတည်း။

ဤသို့လျှင် ၉-ကြိမ် တိုင်တိုင် အခိုင်အမာ သမာန်သံဝါသသိမ်ကို သမုတ်တော် မူကြပြီးနောက် 'ပစ္ဆာ တိစီဝရေန အဝိပ္ပဝါသော သမ္မန္နိတဗ္ဗော' ဟူသော ပါဠိ ဘာသာ၊ 'တဿာ ဒဠှီကမ္မတ္ထံ အဝိပ္ပဝါသကမ္မဝါစာပိ ကာတဗ္ဗာ' ဟူသော အဋ္ဌကထာတို့နှင့်အညီ ထို သမာန်သံဝါသသိမ်ကို ခိုင်မြဲစေခြင်းငှာ အဝိပ္ပဝါသ သိမ်ကို သမုတ်တော် မူကြရာ၌လည်း-

## ပထမအကြိမ်

(၁) နိုင်ငံတော် သံဃမဟာနာယက တတိယ အဖွဲ့ခွဲဝင် မန္တလေးမြို့၊ မစိုးရိမ်တိုက်ကြီး နာယက သ+စ+အား ဓမ္မာစရိယ ဘဒ္ဒန္တ သီရိန္ဒာဘိဝံသ ဆရာတော်မထေရ်

(၂) နိုင်ငံတော် သံဃမဟာနာယက တတိယအဖွဲ့ခွဲဝင် ထားဝယ်မြို့၊ မြောင်ပုလဲရပ် ရွှေဂူ ကျောင်း နာယက၊ သက္ကျသီဟနှင့် အစိုးရ ဓမ္မာစရိယ ဘဒ္ဒန္တ အာစိဏ္ဏာဘိဝံသ ဆရာတော်မထေရ်

(၃) နိုင်ငံတော်သံဃမဟာနာယက တတိယ အဖွဲ့ခွဲဝင် ညောင် တုန်း မြို့၊ ပုဏ္ဏာမာ ရာမ ဈေးကျောင်း၊ နာယက အစိုးရနှင့် သုဓမ္မာပရိယတ္တိ ဓမ္မာစရိယ ဘဒ္ဒန္တ ဩဘာသာဘိဝံသ ဆရာတော် မထေရ်

## ဒုတိယ အကြိမ်

(ဒု) နိုင်ငံတော် သံဃမဟာနာယက တတိယအဖွဲ့ခွဲဝင် ပုသိမ်မြို့၊ ရေကြည် မင်္ဂလာကျောင်း နာယက၊ မူလ ဓမ္မာစရိယ ဘဒ္ဒန္တ ဣန္ဒောဘာသ ဆရာတော်မထေရ်

(ဒု) နိုင်ငံတော် သံဃမဟာနာယက တတိယအဖွဲ့ခွဲဝင် ဟင်္သာတမြို့၊ ရတနာဗိမာန် ကျောင်း နာယက အစိုးရဓမ္မာစရိယ ဘဒ္ဒန္တ လာဘသာမိ ဆရာတော်မထေရ်

(ဒု) နိုင်ငံတော် သံဃမဟာနာယက တတိယ အဖွဲ့ခွဲဝင် စစ်ကိုင်းမြို့၊ လေးကျွန်းမြေ အုတ်ကျောင်း နာယက အစိုးရဓမ္မာစရိယ ဘဒ္ဒန္တ သာဂရ ဆရာတော်မထေရ်

## တတိယ အကြိမ်

(တ) နိုင်ငံတော် သံဃမဟာနာယက တတိယအဖွဲ့ခွဲဝင် ရန်ကုန်တိုင်း၊ တွံ့တေးမြို့၊ ညောင်ခင်ဝိုင်း ကျောင်း နာယက အစိုးရ ဓမ္မာစရိယ၊ ဘိဓဇ ဘဒ္ဒန္တ နန္ဒဝံသ ဆရာတော်မထေရ်

(တ) နိုင်ငံတော် သံဃမဟာနာယက ဒုတိယအဖွဲ့ခွဲ တွဲဖက် အကျိုးတော်ဆောင် မုံရွာမြို့၊ သထုံဝံသကျောင်း နာယက အစိုးရ ဓမ္မာစရိယ ဘဒ္ဒန္တ ပညာဝံသ ဆရာတော်မထေရ်

(ဏ) နိုင်ငံတော် သံဃမဟာနာယက ပထမ အဖွဲ့ခွဲဝင် ပခုက္ကူမြို့၊ ရွှေပေါက်ပင် စာသင်တိုက်နာယက အစိုးရဓမ္မာစရိယ ဘဒ္ဒန္တ ဝေပုလ္လသာမိ ဆရာတော်မထေရ်

## စတုတ္ထအကြိမ်

(စ) နိုင်ငံတော် သံဃမဟာနာယက ဒုတိယအဖွဲ့ခွဲဝင် ကော့ကရိတ်မြို့၊ ဖားကျကျောင်း နာယက အစိုးရ ဓမ္မာစရိယ ဘဒ္ဒန္တ စန္ဒောဘာသ ဆရာတော် မထေရ်

(စ) နိုင်ငံတော် သံဃမဟာနာယက ဒုတိယအဖွဲ့ခွဲဝင် ညောင်ရွှေမြို့၊ သာသနဝိပုလရွှေဂူ စာသင်တိုက်နာယက သကျသီဟနှင့် အစိုးရ ဓမ္မာစရိယ ဘဒ္ဒန္တ ဝိလာသာဘိဝံသ ဆရာတော် မထေရ်

(စ) နိုင်ငံတော် သံဃမဟာနာယက ဒုတိယအဖွဲ့ခွဲဝင် သရက်မြို့၊ အောင်မင်္ဂလာတိုက် အစိုးရ ဓမ္မာစရိယ ဘဒ္ဒန္တကေသရ ဆရာတော်မထေရ်

## ပဉ္စမအကြိမ်

(မြ) နိုင်ငံတော် သံဃမဟာနာယက ပထမအဖွဲ့ခွဲ အကျိုးတော်ဆောင်၊ မင်းကွန်း ဓမ္မနာဒတိုက် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ ဆရာတော် မထေရ်

(မ) နိုင်ငံတော် သံဃမဟာနာယက ပထမအဖွဲ့ခွဲ တွဲဖက် အကျိုးတော်ဆောင် ပေါင်းတည်မြို့၊ ရွှေကျောင်းတိုက် နာယက စေတိယင်္ဂဏ+ အစိုးရဓမ္မာစရိယ၊ ဒီဃနိကာယ ကောဝိဒ၊ ဘဒ္ဒန္တ တေဇောဘာသာဘိဝံသ ဆရာတော် မထေရ်

(မ) နိုင်ငံတော် သံဃမဟာနာယက ဒုတိယ အဖွဲ့ခွဲဝင် ပေါင်မြို့နယ်၊ ကဒုံစီးကျောင်း နာယက မူလဓမ္မာစရိယ ဘဒ္ဒန္တရဝိန္ဒ ဆရာတော် မထေရ်

ဤဆရာတော်မထေရ်မြတ်များက သုံးပါးစီ သုံးပါးစီ ၄ာန်ကရိဏ်းပီပီဖြင့် အင်ညီမယုတ် အဝိပ္ပဝါသ သိမ်ကို သမုတ်တော်မူကြသဖြင့် သမာန သံဝါသသိမ် ၉-ကြိမ်၊ အဝိပ္ပဝါသသိမ် ၅-ကြိမ်၊ ပေါင်းသော် ၁၄= ကြိမ်ပိုင်းဖြတ် အထပ်ထပ်လျှင် သမုတ်တော်မူအပ်သော ကြောင့် ဓမ္မရေသာသနသောဘိဏီ ဖွဲ့မည်ထိန်လျှပ်ဤ သိမ်မြတ်သည် သာသနာတော်နှစ် ၂၅၂၆-ခု၊ ကောဇာ သက္ကရာဇ် ၁၃၄၄-ခု၊ ဝသန္တရတု ဂိမှာနဥတုဆန်းစ တခေါင်းလပြည့်ကျော် ၂ ရက်၊ (၃၀=၃-၈၃) ဗုဒ္ဓဟူးနေ့ နံနက် စက် ၈-နာရီ ၂၃-မိနစ်အချိန် အရိပ်ဖဝါး အလို အားဖြင့် ၁၁-ဖဝါး ၁ ဗီလာ အချိန်၌ ဓေဝိန္ဒရာဇ် ကောင်းချီးဟစ်လျက် နှစ်သိမ်းလေးသောင်း ယူဇနာ

ပေါင်းများစွာ သိလာ+ပံသု နှစ်ခုညီညာ မဟာပထဝီ၊ ဤမြေကို ထွင်းဖောက် အောက်ရေအပြင်သို့ သက်ရောက်တည့်ဝင် ပြီးမြောက် အောင်မြင်လတ်ပါသတည်း။

ဤသို့လျှင် သမာဝါသံဝါသသိမ် အကြိမ် ၉-ကြိမ် အဝိပ္ပဝါသသိမ် အကြိမ်၅-ကြိမ် သမုတ်တော်မူကြသဖြင့် ဓမ္မဓရ သာသနသောဘိကာ ဘွဲ့မည်ထိန်လျှပ် သိမ်တော် မြတ်လျှင် လူနတ်နူမော် ကောင်းချီးခေါ်၍ ဇေယျော် သဘင်အောင်ပွဲယင်လတ်သောအခါ သာသနာပြုအဖွဲ့ဝင် သူတော်စင် ဒါယကာ+ဒါယိကာမတို့ကလည်း သီမ သမ္မုတိကံ စီမံဆောင်ရွက်တော်မူကြသည့် နိုင်ငံတော်သံဃမဟာနာယက ဆရာတော်များ အမှူးထား၍ များပြားစုံညီ ၂၀၀-နှစ်ရာကျော်သော သံဃာမထေရ်တို့အား လေးလီယာပထ မျှတစေ‌ော်မူကြရန် အလို့ငှာ လေးဖြာသောပစ္စည်းတို့ကို အနည်းငယ်မျှ လိုလေသေးမရှိရအောင် အစစ လှူဒါန်းကြခြင်းဖြင့် လင်းလင်းသမွဇဉ် ကိုယ်စီယှဉ်ကြ၍ ခေမင်ကြင့်နှုန်း နိဗ္ဗာန်နန်းကို စောင်းတန်းလှေကား သွယ်ကြသတည်း။

## ဆုတောင်းနှင့် အမျှဝေ မော်ကွန်းတင်လင်္ကာ

စေကနာသမင်္ဂီ၊ စဉ် အညီတည်း၊ ပါရမီ စိတ်သန်၊ တိဟိတ်ဉာဏ်ဖြင့်၊ နိဗ္ဗာန်တံခါး၊ ပွင့်စေသားဟု၊ ပွားများလေ့လာ၊ ပြုကြပါသား၊ မဟာကုသလ၊ မြိုက်မိဇကြောင့်

ဆန္ဒရှိရှိ၊ အားသစ်ဘိလျက်၊ ဗောဓိဉာဏ်ကြီး၊ ရွှယ်တိုင်း ပြီး၍၊ ရှစ်ထီး မင်္ဂ+ဖိုလ်၊ ဖွင့်ရလို၏။ ထိုကုသလ၊ ဖို့ဘာဂကို၊ မိ+ဘ+ဆရာ၊ ဉာတကာက၊ ပဋ္ဌမာဒိက၊ လက်မွန်စ၍၊ နရမရူ၊ ဗိုလ်+ဗိုလ်လူအား၊ ကိုယ်တူရရေး၊ မျှဝေပေး၏၊ ချမ်းသာကြည်ညို၊ ရှင်+လူ ဗိုလ်တို့၊ ကုသိုလ်ပွားစည်၊ ဖြစ်စိမ့်ရည်၍၊ ဤသိမ်တော်မြတ်၊ အဋ္ဌာပွတ်ကို၊ ဖတ်ရှု+နာအိ၊ စာဖွဲ့စီလျက်၊ ထေရ်ဉက္ကံသ ဘိဝံသလျှင် အာစေရဘုန်းမို၊ ဉာဏ်ရိပ်ခို၍၊ မပို+မယွင်း၊ မော်ကွန်းထွင်းသည်၊ ၊သလင်းရွှေစာ သံပိုင်းတည်း။

❀

၁၃၅၁-ခု၊ နယုန်လပြည့်ကျော် ၁-ရက်၊ တနင်္လာနေ့
ရန်ကုန်တိုင်း၊ ဒဂုန်မြို့နယ် စကား၀ါလမ်း
အမှတ်-၁၂ တိပိဋကကျောင်း

# တိပိဋက ဓမ္မဝိလာသိနီ သိမ်အောင်စာ

**နမော တဿ ဘဂဝတော အရဟတော**
**သမ္မာသမ္ဗုဒ္ဓဿ**

**။သိဒ္ဓမ်။**

**တိပေဋက နိကာယေဟိ၊**
**ဓမ္မနာဒေဟိ သမ္ဘတာ။**
**သီမာ အနာကုလာ ဧသာ၊**
**စိရံ ဓမ္မဝိလာသိနီ။ ။**

**တိပေဋက နိကာယေဟိ** = ပိဋကသုံးသွယ် နိကာယ်ငါးရပ် **တရား**မြတ်ကို မပြတ်ဖန်ဖန် သင်+အံ+ပို့ချ **လေ့လာတော်မူကြကုန်သော**။ ဓမ္မနာဒေဟိ = ပိဋက**နက်**စံ **တရား**သံကို ဖန်ဖန်ရဲတင့် ညက်ဟုန်ဖွင့်၍ ကျူးရင့်**တော်**မူကြသည့် သံဃပုဂ္ဂိုလ် မထေရ်ကျော်တို့သည်။**သမ္ဘတာ** = ၂ါဠိ,အဋ္ဌကထာ,ဋီကာ,နိဿယရည်း, အစုံမှိုး၍ ဆရာ

နည်းမချွတ် သခုတ်အပ်သော။ သီမာ='တိပိဋက ဓမ္မဝိသာသိနီ' ဘွဲ့မည်ထိန်လျှပ် သိမ်တော်မြတ်သည်။ ဓမ္မဝိလာသိနီ=ဘုရားမြတ်စွာ သာသနာဝယ် ရောင်ဝါထွန်းပွင့် လျှမ်းလျှမ်းတင့်လျက်။ အနာကုလာ=နှောင့်ယှက် ပိတ်ပင်ရန်မထင်ဘဲ။ စိရံ=သာသနာခေတ် အနှစ်ငါးထောင် ရှည်မြဲ့ကြာအောင်။ ဌာတု=တကာသစ်နေဝန်း ထွန်းသစ်သောလ ပွင့်စေပဒုံ ပုံတန္ထန်းနှန်း ဂုဏ်ရည်လျှမ်းလျက် တည်ဘွန်း တောက်ပပါစေသတည်း။ (ဝါ)စိရံ ဌာတု= သာသနာခေတ် အနှစ်ငါးထောင် မြားမြောင်ရှည်ကြာ အခါပတ်လုံး မပျက်ပြုန်းဘဲ အဆုံးခိုင်ကျည် တည်ပါစေသတည်း။ ။

အောင်သူတကာတို့၏ မဟာ - မဟန္တာဓိပတိ သီရိမကုဋ္ဌ အတုလ-တုလာ အ-ဒုတိယာဒိစ္စ အ-တုလိယမှန်ကင်း သုံးလောကတိုက်အတွင်းဝယ် မင်းဆုံးဓမ္မရာဇ်ဘုန်းလျှံသစ်သော ရှင်ချစ်ဦးသျှောင် မြတ်ဘုရား—ငါးမာရ်အောင်သည်.... ရွှေဖောင်ဌဂ်မာ ယာဉ်နာဝါဖြင့် သံသရာကြော မြစ်အပြောဝယ် နစ်မျောကုန်သူ ဝေနေလူတို့ကို ဆယ်ယူကယ်မ မြိုက်ဆုငှလျက် ရာဇဂြိုဟ်ပြည် မွန် ဂိဇ္ဈကုဋ်မှ တောင်ယံဝယ် လေးတန်ယာပထ ညီမျှရှင်ပြုံး သီတင်း သုံးနေတော်မူသောအခါ.... 'တွောဝတာ သာမဂ္ဂီ ယာဝတာ ကောဝါသော' (ဝိ-၃၊ ၁၄၄) ရှင်စောမိန့်ဖော် တရားတော်၌ အာဘော်ခဲကြိတ် ဉာဏ် မစိပ်နိုင်ကြသဖြင့် 'ကိတ္တာဝတာ နု ခေါ ကောဝါသော ဟောတိ (ဝိ-၃၊၁၄၄)= အဘယ်မျှ အပိုင်း အခြားရှိမှ သာမဂ္ဂီအရာ ကောဝါသ အမည်ရသနည်း' ဟု ဘည်းလည်းပုစ္ဆာ ဤအရာဝယ် ပြဿနာစကား

ရဟန်းများတို့ လျှောက်ထားသမှုကြောင်း(ထူး)၌ 'အနုဇာနာမိ ဘိက္ခဝေ သီမံ သမ္မန္နိတုံ' (ဝိ-၃၊၁၄၄)ရွေခွန်းငုံ၍ လေးပုံသော သံဃကံကို စိမံပြုစု ရဟန်းတို့ လွယ်ကူမှုအတွက် ကရုဏာ ဆော်သွေး သိမ် သမုတ်ရန် အရေးကို ခွင့်ပေးပညတ်တော်မူခဲ့ပါသတည်း။ ။

မဟာကာရုဏိက မြတ်ဗုဒ္ဓသည် သိမသမ္မုတိကံ ရွက်ဆောင်ရန်အရေး အခွင့်တော်ပေးလတ်သော်.... ရှေးရှေးသာသနာဝင် သူတော်စင်မြောက်မြား ဗုဒ္ဓဝါဒီ အချို့သမီး+အမျိုးသားတို့သည်....

'ဘုရားမြတ်စွာ သာသနာကား သံဃာတော်အရှင်မြတ်တို့လျှင် မချွတ်မူလ အရင်းခံ= ပဘဝ ဖြစ်ချေ၏။ သံဃာဂိုဏ်းဝင် ထေရ်အရှင်တို့သည်လည်း ရှင်ပင်ဆုံးမ ဟောညွှန်ပြသည့် သံဃကံလေးပါးတို့လျှင် ထင်ရှားမူလ ပဘဝ=အရင်းခံ ရှိကုန်၏။ သံဃကံ လေးပါးတို့သည်လည်း ပိုင်းခြားညွှန်ပြ ခဏ္ဍ+မဟာ=သိမ်နှစ်ဖြာလျှင် ပဋ္ဌမာဒိက မူလအမွန် ရှိကုန်၏။ ထို့ကြောင့်ပင်လျှင် မြတ်ရှင်ဩဝါ သာသနာသည် မဟာ+ခဏ္ဍ= သိမ်နှစ်ဝလျှင် မူလပဒဋ္ဌာန် အခြေခံ မဘဝ အကြောင်းရင်း ရှိကုန်ရကား သီမသမ္မုတိကံဒါယကာခံရမူ ဘုန်းလျှံမြတ်စွာ သာသနာကို ပဋ္ဌာမာဒိက အရင်းမူလမှ အနုဂ္ဂဟပြုရာ ရောက်ချိမ့်မည်'ဟု....

အေးကြည်ရွှင်မော ကုသိုလ်စေဇာတို့ ဖြော ဖြော ထက်သန် သိမ့်ဒါယကာ ခံကုန်ကြရကား နိုင်ငံတော်အရပ်ရပ်

ဝယ် ပြာသာဒ်ရောင်မောင်း သိမ်တန်ဆောင်း တို့ဖြင့် မနည်းရှုဖွယ် ကောင်းမှုခေတ်နယ်ကျယ်၍ ဘုန်းကြွယ် ဖြိုးစွာ သာသနာသည်း အခါမျက်မှောက် ယနေ့ ရောက်အောင် ထွန်းတောက် ထိန်လင်းခဲ့ပါသတည်း။ ။

မဟာမုနိ တုရှိ၏ တြိပိဋ သာသနာလျှင် ရောင်ဝါရှိန်ငွေ့ ထွန်းထိန်လေ့ဖြင့် ယနေ့မျက်မှောက် အချိန်ရောက်၍ မြားမြောက်လှစွာ မဟာကုသလ မြိုက်ဗီဇကို ပျိုးချနိုင်ရန် အခွင့်ကောင်း ဖန်သဖြင့်....

'ပဉ္စန္နံ ဝေရာနံ သာခာရဏာဘာဝေန ဟိ အသာရဿ မနုဿ ဒါနံ သာရော (ဇာ-ဋ္ဌ၊၄၊၇)=လောကီဥစ္စာ ရတနာကား ငါးဖြာရန်စု ဆက်ဆံမှုကြောင့် သူ့သဘာဝ အကာမျှတည့်၊ ဒါနဆယ်ဖြာ ကောင်းမှုသာလျှင် **သ**ပြာမနှ အဝဝ၏ သာရ=အနှစ် ဧကန်ဖြစ်၏'ဟု

ရှင်ချစ်အလျာ မဟာကဏှ သေဋ္ဌေး၏ လေးနက်သော ဆင်ခြင်ပုံကို အာရုံယူထင်ထင် ကုသိုလ်ဇော အစဉ်ဖြင့် ဆင်ခြင်စဉ်းစား နှလုံးထား၍ ဘုရားသာသနာ ရောင်ဝါထွန်းတောက် ထက်အောက်မြန်ပြည် ငုံညီမချို့ မြို့+ ရွာအဖုံဖုံ နယ်ပေါင်းစုံတို့မှ သုံးပုံရတနာ သဒ္ဓါဇော ထက်သန်စွာဖြင့် ပါဏုပေတ သက်ဆုံးတိုင် ဆည်းကပ်ကြသည့် = အတ္တသန္နိယျာတန ဥပါသက + ဥပါသိကာ သိမ်ဒါယကာတို့ကိုယ်စား ရန်ကုန်မြို့ 'တီ=နီ-ဥပဋ္ဌာက အမှုဆောင်လူကြီးများ'က ဘုရားရှင့်အာဏာ ဝိနယာနုဒေလာမ ဝိသုံဂါမ ဘောဇက=သီးခြား ရွာစားအဖြစ် ရရှိစေရေး တိုင်ပင်ဆွေးနွေးကြ၍ ရေးခွင့်အစုံ မှုကုံလုံ

သည့် ရန်ကုန်မြို့ စကားဝါလမ်း အမှတ် ၁၂၊ တိပိဋက= နိကာယ ဥပဋ္ဌာကအဖွဲ့ ရန်ကုန်ဌာနခွဲ ဥက္ကဋ္ဌ ဦးစောလှိုင် ကို ဂါမဘောဇကအဖြစ် ပြုလုပ်လျှောက်ထားရန် တိုက်တွန်းတောင်းပန် အမိန့်ခံစေပြီးလျှင်....ဒေသနာဓမ္မစက် မိန့်မှာတော်မူချက်နှင့် အဘက်ဘက်ကိုက်ညီ ပညဝန် မဟာထေရ်တို့ ရှင်ကြည်နှစ်သိမ့် 'ကောင်း၏+ကောင်း၏'ဟု ဦးခေါင်းညိတ်ရသည့် သိမ်အမိန့်မျိုး ရရှိဖို့ရန် ထက်သန်သောဆန္ဒ လွန်ကဲသော ဝီရိယနှင့် ကာယ+ ဉာဏ ဗလနှစ်ပုံ စွမ်းအဟုန်ဖြင့် ဘက်စုံကြိုးစား အလေးထား ဆောင်ရွက်ကြသဖြင့် ဗုဒ္ဓမြတ်စွာ သာသနာတော် အရေး အားပေးယောက်ခံ ကြည်ညိုစိတ် ထက်သန်သည့် နိုင်ငံတော် အစိုးရ၏ ပြည်ထဲရေးနှင့် သာသနာရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဘုန်းမြင့်၏ မဖင့်မနွှေး ဝိသုံဂါမဖြစ်ရန်အရေး ညွှန်ကြား အမိန့်ပေးချက်အရ 'သာသနာကိစ္စ-တို့ကိစ္စ'ဟု ကုသလအခြေခံ ကြည်ညိုဖော ထက်သန်သည့် နိုင်ငံတော်အစိုးရ အိုးအိမ်ဦးစီးဌာနနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန တာဝန်ကျ အထူးညွှန်ကြားရေးမှူးချုပ် ဒကာတော်ကလည်း....

(က) မိတ္တူမှန်

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ

ပြည်ထဲရေးနှင့် သာသနာရေး ဝန်ကြီးဌာန

**အမိန့်ကြော်ငြာစာ**

၁၃၅၁ ခုနှစ်၊ နယုန်လဆန်း ၁၁-ရက်

(၁၉၈၉-ခုနှစ်၊ ဇွန်လ ၁၄-ရက်နေ့)

အမှတ်။ ။ရန်ကုန်တိုင်း ဒဂုန်မြို့နယ် အမှတ် ၁၂၊ စဘားဝါလမ်း မြေတိုင်းရပ်ကွက်အမှတ် ၄၆ ဘီ မြေကွက်အမှတ် ၁၅၃ ဘီ-၂ မြေဧရိယာ ဝ.၂၃၅ ဧက ရှိသော သာသနာ့မြေအနက်မှ ဧရိယာ ၅၄×၄၄ ပေရှိမြေကို ဗဒ္ဓသိမ်အဖြစ် အသုံးပြုရန် အောက်မြန်မာပြည် မြို့နှင့် ကျေးရွာမြေများ နည်းဥပဒေ ၅၂-အရ သိမ်ဒါယကာ ဦးစောလှိုင်အား အခွန်လွတ် မြေဂရန်ထုတ်ပေးခွင့် ပြုလိုက်သည်။

ဗိုလ်ချုပ်ဘုန်းမြင့်
ဝန်ကြီး

စာအမှတ် ၅/၆/အခ(၂)
ရက်စွဲ၊ ၁၉၈၉-ခုနှစ်၊ ဇွန်လ ၁၅-ရက်

မိတ္တူကို-

(၁) တိုင်းငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ရန်ကုန်တိုင်း
(၂) မြို့နယ်စု ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့၊ ရန်ကုန်မြို့
(၃) မြို့နယ် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့၊ ဒဂုန်မြို့နယ်
(၄) အိုးအိမ်ဦးစီးဌာန၊ ပူးတွဲပါ မြေခွန်-၂ပုံစံ အပိုင်ပတ္တာ ၁-၁ ဖြင့် ထုတ်ပြန်ရမည်ဖြစ်သည့် ဗဒ္ဓသိမ်သမုတ်ရန် ခွင့်ပြုမိန့်ကို အိုးအိမ်ဦးစီးဌာနက လက်

မှတ်ရေးထိုးပြီး သိမ်ဒါယကာ ဦးစောလှိုင်အား ထုတ်ပေးရန် မေတ္တာရပ်ခံချက်ဖြင့် ပေးပို့ပါသည်။

(၅) ဦးစောလှိုင်၊ အမှတ်-၁၂၊ စကားဝါလမ်း ရန်ကုန်မြို့ထံ သိသာရန် ပေးပို့ပါသည်။

(၆) ပုံနှိပ်ရေးနှင့် စာအုပ် ထုတ်ဝေရေးလုပ်ငန်း (ပြန်တမ်းတွင်ထည့်သွင်း ကြေညာပေးပါရန်မေတ္တာရပ်ခံချက်ဖြင့် ပေးပို့ပါသည်။)

အမိန့်အရ

(ပုံ) မြသွင်

ဒုတိယ ညွှန်ကြားရေးမှူး

ရုံးတံဆိပ်

(ခ) မိတ္တူ။

မြေခွန် ၂ ———— ၁၉၈၉/၁၉၉၀-ခုနှစ် အခွန်တော်မှု အပိုင်ပတ္တာ ၁-ခ နံပါတ် အ လ-၅/၈၉။

ဝိသုံဂါမသိမ်အဖြစ် အသုံးပြုရန် အသီးအခြား မြေပေးအမိန့်။

မြန်မာနိုင်ငံတော် အထက်ပိုင်း မြေခွန်တော် နည်းဥပဒေ ၅၃-က။

မြန်မာနိုင်ငံတော် အောက်ပိုင်း မြေခွန် နည်းဥပဒေ ၃၄။

## မြန်မာနိုင်ငံတော် အောက်ပိုင်း မြို့ရွာရှိ မြေရာ နည်းဥပဒေ ၅၂။

ရန်ကုန်တိုင်း ဒဂုန်မြို့နယ် အမှတ် ၁၂၊ စကားဝါ လမ်းနေ လျှောက်ထားသူ ဦးစောလှိုင် သိသာရန်မှာ.... ရန်ကုန်တိုင်း ဒဂုန်မြို့နယ် မြေတိုင်း ရပ်ကွက်အမှတ် ၄၆ (ဘီ)၊ မြေကွက်အမှတ် ၁၅၃(ဘီ-၂)၏ မြောက်ဘက် မြေဧရိယာ ၅၂x၄၂ ပေတွင် တည်ရှိ၍ ပူးတွဲပါ မြေပုံ အရ အောက်ပါ နယ်နိမိတ်အတွင်း ပိုင်းခြား သတ်မှတ် ထားသော ဧက ၀.၀၅၂ ရှိမြေကို ပဏာတိဂါမ မူလရွာမှ ဝိသုံဂါမ အသီးအခြား ရွာတစ်ခုဖြစ်စေရန် သတ်မှတ် ပေးလိုက်သည်။

ဤပိုင်းခြားသတ်မှတ်ပြီးသော အသီးအခြားအရပ်ကို လျှောက်ထားသူ ဦးစောလှိုင်အား ဗဒ္ဓသိမ်အဖြစ် အသုံး ပြုရန် ဝိသုံဂါမ ဘောဇက အသီးအခြားရွာစားအဖြစ် ဖြင့် ခန့်ထားပေးအပ်သည်။

### နယ်နိမိတ်များ

| | | |
|---|---|---|
| မြောက် အလား | ။ | မြေပုံတွင် သိမ်မြေ အပိုင်းအခြား |
| အရှေ့ အလား | ။ | အတွင်း ပါရှိသည့် နယ်နိမိတ် |
| တောင် အလား | ။ | သတ်မှတ်ထားသည့် အလား |
| အနောက်အလား | ။ | အလာအတိုင်း။ |

[illegible] [illegible]

မြေကို ဗဒ္ဓသိမ် သမုတ်ရန် အသုံးမပြုလျှင် အမိန့်မှာ ပျက်ပြယ်စေရမည်။

ပုံ/တင်အောင်စိန်

၁၅/၆/၈၉

ရုံးတံဆိပ်ပုံစံ

ဒုတိယညွှန်ကြားရေးမှူး
မြေအရေးပိုင်ဌာနစု
အိုးအိမ်ဦးစီးဌာန
ဆောက်လုပ်ရေးဝန်ကြီးဌာန

ရက်စွဲ၊ ၁၉၈၉ ခု-နှစ် ဇွန်လ၊ ၁၅-ရက်။

ဤမိတ္တူလွှာ စာပါအတိုင်း မဆိုင်းပြည့်စုံ အချိန်ကို မကုန်စေဘဲ ဝိသုံဂါမ ဘောဇကာ=သီးခြား ရွာစားစင် စစ် ဖြစ်ပစေတည့် သဒ္ဓါစိတ်ရင်းရှိ၍ 'အယမ္ပိ ဝိသုံ ဂါမော ဟောတူတိ ရာဇာ ကာဿစိ ဒေတိ' (ဝိ-ဋ္ဌ-၃၊ ၃၃၃-ပါဠိ၊ ဝိ-သင်္ဂဟ၊ ၁၉၄) ပကိဏ္ဏက ဒေသနာ အဋ္ဌကထာပါဠိ ကျမ်းဂန်နှင့် ညီလတ်အောင် ပေးအပ် ခန့်ထားပါသတည်း။ ။

မဟာအသင်္ခတာ နိဗ္ဗာန၏ ဥပနိဿရည်း ပစ္စည်း ကုသိုလ် ကြိုရန်အရေး ဝိသုံဂါမ အမိန့်တော် ပေးလတ် သော် .... ရွေးမဆွဲကပင် 'သီမာယ သိမ် သမ္မုဒ္ဒန' 'သီမာယ သိမ် အဗ္ဗောတ္တရကာ' ဒေါ်သမဆင် အဖြစ် ကင်းစင်အောင် ကျေးဇူးရှင် တိပိဋကရေ ဓမ္မဘဏ္ဍာ ဂါရိက အဘိဓဇ မဟာရဋ္ဌဂုရု မင်းကွန်း ဓမ္မနာဒ ဆရာတော်ဘုရား၏ ညွှန်ကြားချက် ဥပဒေသ နည်းလမ်း ကိုခံယူကြကာ....

(၁) မင်းကွန်း ဝေယန်တုံမြင့်ချောင် ဆရာတော် အရှင်ဇောတိက

(၂) မင်းကွန်း ဓမ္မနာဒ တိုက်အုပ် ဆရာတော် အရှင် သုစိတ္တ

(၃) မန္တလေး ဗန်းမော်တိုက် ဆရာတော် အရှင် ကုမာရာဘိဝံသ

(၄) မမြို့ ရတနာမာရ်အောင် ဆရာတော် အရှင် ပညာသီဟ

ဤဆရာတော်အရှင်မြတ်တို့ ပုဗ္ဗင်္ဂမ ရှေ့ဆောင် ဦးစီးကြ၍....

(၁) ကံကြီးကုန်း ကန္တာရာ ရာမတောကျောင်း ဘုန်းတော်ကြီး ဦးကဝိန္ဒာစာရ

(၂) မင်းကွန်း ဓမ္မနာဒတိုက် ဓမ္မာစရိယ ဦးဝေပုလ္လာစာရ

(၃) ၎င်း ဦးစန္ဒိမာ

(၄) မင်းကွန်း တိ=နိ=ကျောင်းတိုက်ဓမ္မာစရိယ ဦးဉာဏိန္ဒ

(၅) ၎င်း ဓမ္မာစရိယ + ဥဘတောဝိဘင်္ဂရ ဦးသုန္ဒရ

(၆) ၎င်း ဦးအဂ္ဂါစာရ

(၇) ၎င်း ဓမ္မာစရိယ + ဒီဃဘာဏက ဦးဝါယာမသာရ

(၈) ၎င်း ဓမ္မာစရိယ + ဝိနယဓရ ဦးဥဇ္ဈာနန္ဒ

(၉) ၎င်း ဓမ္မာစရိယ + ဥဘတောဝိဘင်္ဂဓရ ဦးဝိနယ

(၁၀) ၎င်း ဒီဃဘာဏက+ဒီဃနိကာယ ကောဝိဒ ဦးကောဝိဒ

(၁၁) ၎င်း ဓမ္မာစရိယ ဦးအာစိဏ္ဏာလင်္ကာရ

(၁၂) ၎င်း ဓမ္မာစရိယ+ဒီဃဘာဏက ဦးပညာဇောတ

(၁၃) ၎င်း ဒီဃဘာဏက ဦးသောဘဏ

(၁၄) ၎င်း ဓမ္မာစရိယ + ဥဘတောဝိဘင်္ဂဓရ ဦးတိလောက

(၁၅) ၎င်း ဝိနယဓရ + ဝိနယကောဝိဒ ဦးဝံသပါလ

(၁၆) ၎င်း ဓမ္မာစရိယ + ဥဘတော ဝိဘင်္ဂဓရ ဦးနန္ဒောဘာသ

(၁၇) ၎င်း ဓမ္မာစရိယ + ဥဘတော ဝိဘင်္ဂဓရ ဦးယုဇန

(၁၈) ၎င်း ဒီဃဘာဏက + ဒီဃနိကာယ ကောဝိဒ+ဓမ္မာစရိယ ဦးသောမ

(၁၉) ၎င်း ဒီဃဘာဏက+ဒီဃနိကာယ ကောဝိဒ+ဝိနယဓရ+ဓမ္မာစရိယ ဦးခေမာစာရ

(၂၀) ၎င်း ဝိနယဓရ+ဓမ္မာစရိယ ဦးကုဏ္ဍလ

(၂၁) ၎င်း ဝိနယဓရ + ဝိနယကောဝိဒ + ဓမ္မာစရိယ ပါဠိပါရဂူ ဦးသီလက္ခန္ဓာဘိဝံသ

(၂၂) ၎င်း ဒီဃဘာဏက+ဒီဃနိကာယ ကောဝိဒ+ဓမ္မာစရိယ ဦးဇာနေယျ

(၂၃) ၎င်း ဥဘတောဝိဘင်္ဂရေ + ဓမ္မာစရိယ ဦးဥာဏသာမိ
(၂၄) ရန်ကုန်မြို့ တိပိဋက ကျောင်းတော်မှ ဒီဃဘာဏက+ဓမ္မာစရိယ ဦးခေမာနန္ဒ
(၂၅) ၎င်း ဒီဃဘာဏက+ဒီဃနိယာယကောဝိဒ +ဝိနယဓရ+ဓမ္မာစရိယ ဦးကောဝိဒ
(၂၆) ၎င်း ဒီဃဘာဏက + ဓမ္မာစရိယ ဦးကေသဝ
(၂၇) ၎င်း ဒီဃဘာဏက+ဒီဃနိကာယကောဝိဒ+ဓမ္မာစရိယ ဦးပညာသာမိ
(၂၈) ၎င်း ဒီဃဘာဏက + ဒီဃနိကာယကောဝိဒ+ဓမ္မာစရိယ ဦးပဏ္ဍိတ
(၂၉) ၎င်း ဒီဃဘာဏက + ဓမ္မာစရိယ ဦးကောဏ္ဍည
(၃၀) ၎င်း ဓမ္မာစရိယ ဦးစန္ဒာသီရိ
(၃၁) ၎င်း ဒွိပိဋကဓရ+ဒွိပိဋကကောဝိဒ+ဓမ္မာစရိယ ဦးဝါယာမိန္ဒ

**အစရှိသော** မင်းကွန်းနှင့် ရန်ကုန် **တိပိဋက=နိကာယ** နှင့် ဓမ္မနာဒကျောင်းတိုက် နှစ်တိုက်တို့မှ သိုက်မြိုက်ဆော ညီညွတ်စွာလျှင် သင်္ချာတွက်ဖော် သုံးကျိပ်ကျော်သော နိကာယ်ဆောင် သံဃာတော်အရှင်မြတ်တို့သည် ပိဋကတ် ဝိနယ ကျမ်းစာအပြနှင့် ရှေးကထေရ်မွန် ပညာဝန်တို့ ပြဿန်ခတော်မူအပ် သိမ်နှုတ်နည်းအရပ်ရပ်ဖြစ်သည့် ခရုပတ်+ကိုးဌာန၊ တစ်ဝကြက်ခြေ+တစ်ထွေထောင့်တန်း+ ရင်ပေါင်တန်းနှင့်+ပတ်ဝန်းလူးလာ+လက်ျာရစ်+ပုဆစ် အိမ်+တစ်ကြိမ်ရက်ကန်းခတ်+ထောင့်ပတ်နှင့် လေးပွင့်

ဆိုင်+လေးပင်တိုင်+ပျားကြီးစွဲ ဤ အနဲနဲသော သီမာ သမူဟာနန် မှုကိစ္စဖြင့် ကျန်မယုတ် နုတ်၍ပြီးပြေ အသင့် ရှိနေသော ရန်ကုန်တိုင်း ဒဂုန်မြို့နယ် စကားဝါလမ်း၊ အမှတ် ၁၂ တိပိဋက ကျောင်းတော် အာရာမ်အတွင်းရှိ ဝိသုံဂါမမြေအရပ်ဝယ် ထပ်၍ဆင့်ကာ ဝိနယဂလက်ာရ ဌီကာအတွက် ညောင်စောင်းကုက်တို့ဖြင့် လကျ်ာခွေပတ် သုံးကြိမ်စပ်အောင် ရွတ်ဖတ်ညီညာ ကမ္မဝါစာဖြင့် သီမာ သမူဟာနန် ပုဗ္ဗဘာဂပရိကံ စီမံပြီးမြောက်လတ်သည် ရှိသော်....

(၁) နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ အဘိဓဇ မဟာရဋ္ဌဂုရု ပဲခူးမြို့မ စာသင်တိုက် ဆရာတော်ဘုရားကြီး

(၂) နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဘိဓဇ မဟာရဋ္ဌဂုရု မင်းကွန်း ဓမ္မနာဒ ဆရာတော်ဘုရား—

အစရှိသော နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ သုံးဖွဲ့ စုံညီ မဟာနာယက မထေရ်ကြီးများ ၊ ရန်ကုန်မြို့ တိုင်း သံဃနာယကအဖွဲ့နှင့် မြို့နယ်စု+မြို့နယ် သံဃနာယက အဖွဲ့ဝင် ဆရာတော်များ၊ မင်းကွန်းဓမ္မနာဒနှင့် မင်းကွန်း ရန်ကုန် တိပိဋက=နိကာယကျောင်းတိုက်များမှ နိကာယ် ဆောင် သံဃာတော်များ– ဤဖော်ပြရာပါ ဆရာတော် သံဃာတော်အရှင်မြတ်များကို ဝပ်တွားချင်ချေ လျှောက် ထားတောင်းပန်၍ သီလက္ခဏ် မြေအပြင်ဝယ် စုံလင် တပြုစည်းဝေးညီမှုတော် ပူမိကြသောအခါ ပါသော နိမိတ္တရက္ခကအဖြစ်—

၁။ အရှေ့အရပ်မှ-ဦးကောလ္လာည
(ဒီဃဘာဏက)

၂။ အရှေ့တောင်ထောင့်အရပ်မှ-ဦးဥယျာနန္ဒ
(ဓမ္မာစရိယ+ဝိနယဓရ)

၃။ တောင်အရပ်မှ- ဦးဝံသပါလ (ဓမ္မာစရိယ+ ဝိနယဓရ ဝိနယကောဝိဒ)

၄။ အနောက်တောင်ထောင့် အရပ်မှ- ဦးနန္ဒာဘာသ(ဥဘတောဝိဘင်္ဂဓရ)

၅။ အနောက်အရပ်မှ-ဦးပညာသာမိ(ဓမ္မာစရိယ +ဒီဃဘာဏက ဒီဃနိကာယ ကောဝိဒ)

၆။ အနောက် မြောက်ထောင့် အရပ်မှ-ဦးဝိနယ (ဓမ္မာစရိယ+ဥဘတောဝိဘင်္ဂဓရ)

၇။ မြောက်အရပ်မှ-ဦးသောမ (ဓမ္မာစရိယ+ဒီဃ ဘာဏက ဒီဃနိကာယ ကောဝိဒ)

၈။ အရှေ့မြောက်ထောင့်အရပ်မှ- ဦးအဂ္ဂါစာရ (ဓမ္မာစရိယ+ဥဘတောဝိဘင်္ဂဓရ)

ဤအရှင်မြတ်တို့ကို လျှောက်ပတ်နံ့သင့်စွာ နိမိတ်စောင့်ထားပြီးသောအခါဝယ် ဦးစွာမဆွ ပထမဦး သံဃပုဂ်ဂေါ ကျေးဇူးကျော်သော....

၁။ ပဲခူးမြို့ရွှေတောင်ကျောင်းတိုက် ဦးစီးနာယက ဘဒ္ဒန္တစန္ဒာဘာသ ဆရာတော်ဘုရားကြီးက အရှေ့အရပ်မှ လက်မှန်စ၍ ပါသာဏနိမိတ္တ ပုဗ္ဗကိတ္တိတ ဌာနတိုင်လတ် လက်ယာပတ်၍ ရစ်ရပ်နယ်ဘောင် စပ်မိအောင် နိမိတ်ကြားခြင်း၊ ထို့အတူ....

၂။ သန်လျင်မြို့ မင်းကျောင်း ပရိယတ္တိ စာသင်တိုက် ဘဒ္ဒန္တဝဏ္ဏသိရီ(အဂ္ဂမဟာပဏ္ဍိတ)ဆရာတော်ဘုရားက တောင်အရပ်မှ လက်မွန်စ၍....

၃။ မကွေးမြို့ မဟာဝိသုတာရာမတိုက် ဘဒ္ဒန္တကုမာရ(အဂ္ဂမဟာပဏ္ဍိတ) ဆရာတော်ဘုရားက အနောက်အရပ်မှ လက်မွန်စ၍....

၄။ မန္တလေးမြို့ မစိုးရိမ်တိုက်သစ်ဘဒ္ဒန္တသီရိန္ဒာဘိဝံသ(အဂ္ဂမဟာပဏ္ဍိတ) ဆရာတော်ဘုရားက မြောက်အရပ်မှ လက်မွန်စ၍....

ဤဆရာတော် မထေရ်မြတ်တို့က နိမိတ်စောင့် အရှင်မြတ်များ ရှိရာအရပ်သို့ အနီးကပ် ကြွရောက်တော်မူကြကာ ပါသာဏမိတ္တ ကျောက်နိမိတ် စပ်အောင် ကြားတော်မူကြခြင်း....

၅။ ထိုမှနောက်ဝယ် သံဃာတော်တို့ အလယ်၌စံပယ်ရှင်ပျော် သီတင်းသုံးနေတော်မူလျက် သန်လျင်မြို့ စကြံကျောင်း မဟာနာယကဘဒ္ဒန္တနာဂမထေရ် ဆရာတော်က အရှေ့အရပ်မှ အစပြုကာ ပါသာဏနိမိတ္တ ဒူရကိတ္တနသဘောဖြင့် 'ဧသော ပါသာဏော နိမိတ္တံ' အောင်သံထပ်ထပ် ရှစ်နယ်လုံး စပ်အောင် ပြတ်ပြတ်သားသား အဝေးမှ နိမိတ်ကြားခြင်း....

၆။ ယင်းမှနောက်ဝယ် သံဃာ့အလယ်၌ပင် စံပယ်ရှင်ပျော် သီတင်းသုံးနေတော်မူလျက် နိုင်ငံ

တော် သံဃမဟာနာယကအဖွဲ့ ဒုဥက္ကဋ္ဌ အဘိဓဇ မဟာရဋ္ဌဂုရု မြင်းခြံမြို့ ကိုးဆောင်တိုက် ဆရာတော် ဘဒ္ဒန္တ သောဘိတမဟာထေရ်က ညီမူရာအနီးရှိ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက် ဆရာတော် ဦးကုမာရာဘိဝံသမဟာထေရ်အား မေး၍ အရှေ့အရပ်မှ အစပြုကာ ပါသာဏနိမိတ္တ 'သံဃမဇ္ဈကိတ္တန' နည်းဖြင့် ကျောက်နိမိတ်ကို စပ်အောင်ကြားခြင်းတို့ဖြင့် သနင်းဘုန်းလျှံ ဟောမိန့်သွန် သော 'ပဌမံ နိမိတ္တာ ကိတ္တေတဗ္ဗာ' (ဝိ၊ ၃၊ ၁၀၄) ဒေသနာတော်အရ နိမိတ္တကိတ္တန ပထမအမှုကို ပြုလုပ်ပြီးပြေ အောင်မြင်စေတော် မူကြပါသတည်း။ ။

နိမိတ္တကိတ္တန ပထမအမှုကို ပြုလုပ်ပြီးပြေ အောင်မြင်စေပြီးနောက် 'နိမိတ္တေ ကိတ္တေတွာ ဗျတ္တေန ဘိက္ခုနာ ပဋိဗလေန သံဃော ဉာပေတဗ္ဗော'(ဝိ၊ ၃၊ ၁၄၄) မိန့်ဟောဒေသနာ မဟာဝဂ္ဂ ဥပေါသထက္ခန္ဓက ဒေသနာတော်မြတ်နှင့် သမသတ် ညီလျော်အောင်....

(၁) မြင်းခြံမြို့ ကိုးဆောင်တိုက် ဘဒ္ဒန္တသောဘိတ (အဘိဓဇမဟာရဋ္ဌဂုရု)ဆရာတော်ဘုရားကြီးက လည်းကောင်း

(၂) မန္တလေးမြို့ မိုးကောင်းတိုက်ဒေးဝန်း အုတ်ကျောင်း ဘဒ္ဒန္တဇောတိက(အဂ္ဂမဟာပဏ္ဍိတ) ဆရာတော်ဘုရားကြီးက လည်းကောင်း

ဤမယေရ်မြွတ် နှစ်ပါးတို့က 'ဝိနယဓရေပဥ္စမေနာတိ အနုသာဝနအာစရိယပဥ္စမေန' (ဝိ၊ ၄၊ ၃၊ ၃၇၁) ဟူသော ဝိနည်း မဟာဝါအဋ္ဌကထာနှင့်အညီ တစ်ပါးစီ တစ်ပါးစီ မြင်းမိုရ်တောင်ကို မြှောက်ချီသော အာဇာနည်ယောက်ျား ကဲ့အလားလျှင် ဆယ်ပါးသော ဗျဥ္ဇန ဗုဒ္ဓိ အက္ခရာတိုင်း မိစေလျက် သမာနသံဝါသသိမ်ကို နှစ်ကြိမ်တိုင်တိုင် အောင်မြင်စွာ သမုတ်တော် မူကြပါ သတည်း။

ထို့နောက် 'ပေါရာဏဝိနယဓရထေရာ ကမ္မဝိပတ္တိ သင်္ကာပရိဟာရတ္ထံ ဒွိဟိ ဝါ တီဟိ ဝါ ဧကတော ကမ္မ ဝါစံ သာဝယန္တိ' ဟူသော ဝိနယဝိနိစ္ဆယဋီကာ (၂၊ ၃၅၀-နှာ) မိန့်မှာတော်မူချက်နှင့် လိုက်ဖက်သင့်ထွေ သမတ်ညီစေလျက်–

(၂) မြင်းခြံမြို့ မင်းကျောင်းတိုက် ဓမ္မပါလအုတ်ကျောင်း နိုင်ငံတော် ဩဝါဒါစရိယ ဘဒ္ဒန္တ သူရိယ ဆရာတော်

(၂) စလင်းမြို့ မဟာဝိသုတာရာမတိုက် အဂ္ဂမဟာ ပဏ္ဍိတ ဘဒ္ဒန္တကိတ္တိသာရ ဆရာတော်တို့က လည်းကောင်း

(၃) ညောင်ရွှေမြို့ ကန်ကြီး ပရိယတ္တိစာသင်တိုက် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိမလာဘိဝံသ ဆရာ တော်

(၃) မန္တလေးမြို့ မိုးကောင်းတိုက် ဝါးတန်းစာချ ကျောင်း အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဉာဏာဘိ ဝံသ ဆရာတော်တို့က လည်းကောင်း

ဤ မထေရ်မြတ်တို့က ယထာက္ကမ နည်းနာကျအောင် ဗျဥ္စနဗုဒ္ဓိ အက္ခရာတိုင်း မိစေလျက် နှစ်ပါးတစ်တွဲ နှစ်ပါးတစ်တွဲ=နှစ်တွဲနှစ်ကြိမ် သမာနသံဝါသသိမ်ကို သမုတ်တော်မူကြပါသတည်း။

ထို့နောက် ဖော်ပြရာပါ ဝိနိစ္ဆယဋီကာ 'တီဟိ ဝါ ကေတော့ ကမ္မဝါစံ သာဝေယန္တိ' (ဝိနိစ္ဆယဋီ၊ ၂၊ ၁၅၀) ပါဠိအထွက်နှင့် လိုက်ဖက်သင့်ထွေ သမသတ် ညီစေလျက်

(၃) ရန်ကုန်မြို့ ပုဇွန်တောင် ရွှေကျင်ကျောင်းတိုက်(အဂ္ဂမဟာပဏ္ဍိတ) ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသ ဆရာတော် မထေရ်

(၃) ရန်ကုန်မြို့ ဗဟန်း မဟာဝိသုဒ္ဓါရုံတိုက် (တိပိဋကဓရ) ဘဒ္ဒန္တသိရိန္ဒာဘိဝံသ ဆရာတော် မထေရ်

(၃) ရန်ကုန်မြို့ ပါရမီ ရိပ်သာ မဟာဂန္ဓာရုံကျောင်းတိုက် (တိပိဋကဓရ)ဘဒ္ဒန္တသုမင်္ဂလာလင်္ကာရ ဆရာတော် မထေရ်တို့က လည်းကောင်း

(၈) သန်လျင်မြို့ မင်းကျောင်း ပရိယတ္တိ စာသင်တိုက် (အဂ္ဂမဟာပဏ္ဍိတ) ဘဒ္ဒန္တ ဝဏ္ဏသိရီ ဆရာတော် မထေရ်တို့ကလည်းကောင်း

(၈) မကွေးမြို့ မဟာဝိသုတာရာမတိုက်(အဂ္ဂမဟာပဏ္ဍိတ) ဘဒ္ဒန္တ ကုမာရာဘိဝံသ ဆရာတော် မထေရ်

## (၈) မန္တလေးမြို့ မစိုးရိမ်တိုက်သစ် (အဂ္ဂမဟာပဏ္ဍိတ) ဘဒ္ဒန္တ သီရိန္ဒာဘိဝံသ ဆရာတော် မထေရ်တို့က လည်းကောင်း

ဤ ဆရာတော် မထေရ်မြတ်တို့က ယထာက္ကမ နည်းနာကျအောင် ဗျဉ္ဇနဗုဒ္ဓိ အက္ခရာတိုင်း မိစေလျက် သုံးပါးတစ်တွဲ သုံးပါးတစ်တွဲ=နှစ်တွဲနှစ်ကြိမ် သမာန သံဝါသ သိမ်ကို သမုတ်တော် မူကြပါသည်။

ဤသို့လျှင် စာရင်းဖော်ပြရာပါ နိုင်ငံတော် ဩဝါဒါစရိယနှင့် နိုင်ငံတော် သံဃမဟာနာယက ဆရာတော် မထေရ်မြတ်တို့က တစ်ပါးစီနှစ်ကြိမ်-နှစ်ပါးစီ နှစ်ကြိမ်-သုံးပါးစီ နှစ်ကြိမ်=ဤသို့အားဖြင့် ၆-ကြိမ် တိုင်တိုင် အခိုင်အမာ သမာနသံဝါသသိမ်ကို သမုတ်တော်မူကြရာ၌ သာသနာတော်နှစ် ၂၅၃၃-ခုနှစ်, ကောဇာသက္ကရာဇ် ၁၃၅၁-ခု ဥတုဂ်မှာန ဂ်မှရတုနယုန်လပြည့်ကျော် ၁၃-ရက်၊ (ခရစ်နှစ် ၁၉၈၉-ခု၊ ဇွန်လ ၁၉-ရက်) တနင်းလာ နေ့နံနက် ၉-နာရီ ၁၀ မိနစ် အချိန်တွင် အောင်မြင်ထမြောက် အပြီး ရောက်ပါသတည်း။

ဤသို့လျှင် ၆-ကြိမ်တိုင်တိုင် အခိုင်အမာ သမာနသံဝါသသိမ်ကို သမုတ်တော် မူကြပြီးနောက် 'ပဗ္ဗာဇတိစိဝရေန အဝိပ္ပဝါသော သမ္မန္နိတဗ္ဗော' (ဝိ၊ ၃၊ ၁၄၉) ဟူသော ပါဠိတော်၊ 'သမာနသံဝါသသိမံ သမ္မန္နိတွာ တသ္မာ ဒင္ဒြကမ္မတ္ထံ အဝိပ္ပဝါသကမ္မဝါစာပိ ကာတဗ္ဗာ' (ဝိ၊ ဋ္ဌ၊ ၃၊ ၃၂၃။ ဝိ-သင်္ဂဟ ၁၈၇) ဟူသော အဋ္ဌကထာတို့နှင့် ညီ ထို သမာနသံဝါသသိမ်ကို ခိုင်မြဲစေခြင်းငှာ အဝိပ္ပဝါသသိမ်ကို သမုတ်တော် မူကြရာ၌-

## ပထမအကြိမ်

(ပ) ရန်ကုန်မြို့ ခြောက်ထပ်ကြီး ဘုရားကြီးတိုက် (အဂ္ဂမဟာပဏ္ဍိတ) ဘဒ္ဒန္တ အာဒိစ္စရံသီ ဆရာတော်မထေရ်

(ပ) ကြို့ပင်ကောက်မြို့ တိုက်ကျောင်း ပါဠိတက္ကသိုလ် (အဂ္ဂမဟာပဏ္ဍိတ)ဘဒ္ဒန္တ ဥတ္တရာဘိဝံသ ဆရာတော် မထေရ်

(ပ) ရန်ကုန်မြို့ ဗဟန်း ကျိုက်သီမွန် ကျောင်းတိုက် (အဂ္ဂမဟာပဏ္ဍိတ) ဘဒ္ဒန္တတိဿ ဆရာတော် မထေရ် တို့ကလည်းကောင်း၊

## ဒုတိယအကြိမ်

(ဒု) ရန်ကုန်မြို့ ဒေဝသာဂရ သိမ်ကုန်းကျောင်း တိုက်(အဂ္ဂမဟာပဏ္ဍိတ) ဘဒ္ဒန္တ ပဏ္ဍိစ္စ ဆရာတော်မထေရ်

(ဒု) မင်းကွန်း ဓမ္မနာဒတိုက် တိုက်အုပ် ဓမ္မာစရိယ ဘဒ္ဒန္တ သုစိတ္တဆရာတော် မထေရ်

(ဒု) ညောင်ရွှေမြို့ ရွှေဂူပရိယတ္တိစာသင်တိုက်(အဂ္ဂမဟာပဏ္ဍိတ) ဘဒ္ဒန္တ ဝိလာသာဘိဝံသဆရာတော်မထေရ် တို့ကလည်းကောင်း၊

## တတိယအကြိမ်

(တ) ရန်ကုန်မြို့ အောင်မြေဘုံစံကျောင်း တိုက် (အဂ္ဂမဟာပဏ္ဍိတ) ဘဒ္ဒန္တ ပညိန္ဒာဘိဝံသ ဆရာတော် မထေရ်

(တ) မင်းကွန်းတောင်ရိုး ယေန်ဘုံမြင့်တိုက်(ဓမ္မာစရိယ) ဘဒ္ဒန္တ ဇောတိက ဆရာတော် မထေရ်

(တ) မန္တလေးမြို့ ဗန်းမော်တိုက် ( ဓမ္မာစရိယ ဝဋံသကာ) ဘဒ္ဒန္တ ကုမာရာဘိဝံသ ဆရာတော် မထေရ် တို့ကလည်းကောင်း

ဤဆရာတော် မထေရ်မြတ်များက သုံးပါး+သုံးပါး စီ ဌာန်ကရိုဏ်းပိုပိုဖြင့် အင်ညီမယုတ် 'အဝိပ္ပဝါသသိမ်' ကို သမုတ်တော်မူကြသဖြင့် 'သမာနသံဝါသသိမ်' ၆-ကြိမ် + 'အဝိပ္ပဝါသိမ်' ၃-ကြိမ် = ပေါင်းသော် ၉-ကြိမ် ပိုင်းဖြတ် အထပ်ထပ်လျှင် သမုတ်တော်မူအပ်ကြသော ကြောင့် 'တိပိဋက မမ္မဝိသာသိနိ' ဘွဲ့မည်ထိန်လျှပ် ဤ သိမ်မြတ်သည် သာသနာတော်နှစ် ၂၅၃၃-ခု၊ ကောဇာ သက္ကရာဇ် ၁၃၅၁-ခု၊ ဂိမှာနဥတု ဂိမှရတုဆုံးစ နယုန်လ ပြည့်ကျော် ၁-ရက်၊ (ခရစ်နှစ် ၁၉၈၉-ခုနှစ် ဇွန်လ ၁၉-ရက်) တနင်းလာ နေ့နံနက် စက်နာရီ ၉-နာရီ ၁၀ မိနစ်အချိန် ဒေဝိန္ဒရာဇ် ကောင်းချီးဟစ်လျက် နှစ်သိန်း လေးသောင်း ယုဇနာပေါင်းများစွာ သီလာ+ပံသု နှစ်ခု ညီညာ မဟာပထဝီ ဤမြေကိုထွင်းဖောက် အောက်ရေ အပြင်သို့ သက်ရောက်တည်ဝင် ပြီးအောင်မြင်လတ်ပါ သတည်း။ ။

ဤသို့လျှင် 'တိပိဋက ဓမ္မဝိလာသိနိ' ဘွဲ့မည်ထိန်လျှပ် သိမ်တော်မြတ်လျှင် လူနတ်နှမော် ကောင်းချီးခေါ်၍ ဇေယျော်သဘင် အောင်ပွဲယင်လတ်သောအခါ သာသနာပြုအဖွဲ့ဝင် သူတော်စင် ဒါယကာ + ဒါယိကာမ တို့ကသည်း သီမသမ္မုတိကံ စီမံဆောင်ရွက်တော်မူကြ

သည့် နိုင်ငံတော်သြဝါဒါစရိယ နှင့် နိုင်ငံတော် သံဃ မဟာနာယက ဆရာတော်ဘုရားကြီးများ အမှူးထား၍ များပြားစုံညီ တစ်ရာ့ရှစ်(၁၀၈) ပါးသော သံဃာတော် မထေရ်တို့အား လေးလီယာပထ မျှတစေတော်မူကြရန် အလို့ငှာ လေးဖြာသော ပစ္စည်းတို့ကို အနည်းငယ်မျှ လိုလေသေးမရှိရအောင် အစစ လှူဒါန်း ကြခြင်းဖြင့် လင်းလင်းသမ္ဗုဒ္ဓ ကိုယ်စီယှဉ်ကြ၍ ခေမင်ကြွင့်နိုးနိဗ္ဗာန်ကို စောင်းတန်းလှေကား သွယ်ကြပါသတည်း။

## ဆုတောင်းနှင့် အမျှဝေ မော်ကွန်းတင်လင်္ကာ

အောင်ကြောင်းမင်္ဂလာ၊ မော်ကွန်းသာပိမ့်....
မဟာတိပိဋကာ၊အာစရိ၏၊ ဌာနသမိုက်၊ကျောင်း
တော်တိုက်ဝယ်၊ အမြိုက်ဗီဇ၊ မြတ်ပုညကို၊ ပြုကြ
လေ့လာ၊ ဝါသနာကြောင့်၊ သမ္မာဆန္ဒ၊ လွန်ပြင်း
ပြသည့်၊ ဥပဋ္ဌာက၊ သမဂ္ဂတို့၊ လမ်းပြရှေ့ဆောင်
သိမ်ဘောင်အောင်ဖို့၊ မရှောင် နေ့+ည၊ ကြိုးလုံ့လ
၏-။ နှုရဿနင်း၊ ပြည်ထောင်မင်းလည်း၊ ထွန်း
လင်းသာသနာ၊ စည်ပင်ဖြာဖို့၊ သဒ္ဓါဖြူဖွေး၊
ကူညီပေး၏....။ လေးမြတ်သိက္ခာ၊ များသံဃာ
လည်း၊ စဉ်လာရှေးရှူ၊ သိမ်အောင်မှုကို၊ ဂရုဏာတ
ကြီးလုံ့လ၏။ သံဃ+ရာဇာ၊ ဒါယကာတို့၊ညီညာ
ပြုကြ၊ ကျိုးဖလ ကား၊ 'တိပိဋက-ဓမ္မဝိလာသိန်'၊
ဘွဲ့သညီဖြင့်၊ စံမှီရှေ့ဆောင်၊ သိမ်တော်အောင်ခဲ့
ဘုန်းခေါင်မြတ်စွာ၊သာသနာ၏ လွန်စွာတိုးတည်
ပွင့်လည်းစည်ဖို့၊ ဦးတည်ပြုရ၊ မြတ်ပုညကြောင့်၊

ဆန္ဒရှိရှိ၊ **အစ**းသစ်ဘိလျက်၊ **ဗော**ဓိဉာဏ်ကြီး၊ ရွှယ် တိုင်းပြီးသား၊ ရှစ်ထီး မဂ်,ဖိုလ်၊ ဖွင့်ရလို၏....။ ထိုထိုကုသလ၊ ဖို့ဘာဂကို၊ မိ,ဖ,ဆရာ၊ ဉာတကာ က၊ ပဌမာဒိက၊ လက်မွန်စ၍၊ **နု**ရ,မရူ၊ ဗိုလ်+ ဗိုလ်လူ**အား**၊ **ကို**ယ်တူရ**ရေ**း၊ အမျှ**ပေး**၏။ **လေး** မြှာ်ကြည်ဖြူ၊ **နော**က်နှောင်းလူတို့၊ တုယူကုသိုလ် ပွားစေလို၍၊ သိပ်သို ရှင်းလင်း၊ ဆိုမိုင်းကွင်း သည် **သ**လင်းရွှေစာ သံပိုင်းတည်း။ ။

( ပြီး၏။ )

ပုံ/ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ
အာဒိ တိပိဋကဓရ

၁၃၅၁-ခု၊ သီတင်းကျွတ်လဆန်း ၁၂-ရက်
၁၉၈၉-ခုနှစ် အောက်တိုဘာလ ၁၁-ရက်

ဂုဂင ❀ တိ ၏ ကာ ဗျ မာ လာ

ရန်ကုန်မြို့
နိကာယ်သာသနာတော် ထွန်းကားရေးအသင်း
နိကာယ်ငါးရပ် စာချောက်မေးပွဲ
ဒုတိယအကြိမ် ဆုနှင်းသဘင်တွင်
တိပိဋကဓရဆရာတော် အရှင်ဝိစိတ္တသာရာဘိဝံသ
ဟောကြားတော်မူသည့်

# အနုပလပ္ပဒါန ဩဝါဒကထာ

## နိကာယ်ငါးရပ် သိမှတ်စရာများ

၁၃၃၇ ခု၊ တပေါင်းလပြည့် (၁၄-၃-၇၆) နေ့ ရန်ကုန်မြို့ ခြောက်ထပ်ကြီး ဘုရားကြီးကျောင်းတိုက်၊ သာသနဝိပုလ မဟာသိမ်တိုက်ကျောင်းကြီး၌ ပူဇော်ကျင်းပအပ်သော နိကာယ်ငါးရပ် စာချောက်မေးပွဲ ဆုနှင်းသဘင်တွင် မင်းကွန်း ဓမ္မနာဒတိုက် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဦးဝိစိတ္တသာရာဘိဝံသ ဆရာတော် မိန့်ဖော် ဟောကြားအပ်သော....

# အနုပလပ္ပဒါန သြဝါဒကထာ

## နမော တေ ဗုဒ္ဓ ဝီရတ္ထု။

နိကာယ်စာလျှောက်မေးပွဲ စာအောင် အရှင်သူမြတ်များနှင့်တကွ ဒကာ ဒကာမအပေါင်း သူတော်ကောင်းတို့....

ဤနိကာယ်ဘွဲ့နှင်းသဘင်အခမ်းအနား၌ စာအောင် အရှင်မြတ်တို့နှင့်တကွ ဒကာ ဒကာမအပေါင်း သူတော်ကောင်းတို့အား နိကာယ်ဟူသော မြန်မာဝေါဟာရစကား၏ အနက်အဓိပ္ပာယ်ကို ရှေးဦးစွာ ဖော်ပြ အသိပေးလိုပါသည်။ နိကာယ် ဟူသည်မှာ နိကာယ ဟူသော ပါဠိမှ ဆင်းသက်လာသော မြန်မာစကား ဖြစ်ပါသည်။ မြတ်စွာဘုရား ဟောကြားအပ်သည့် တရားစကားတော်အပေါင်းကို စုရုံး၍ ပါဠိလို နိကာယ၊ မြန်မာလို နိကာယ်ဟူ၍ ခေါ်ဆိုခြင်း ဖြစ်ပါသည်။ မြတ်စွာဘုရား၏ တရားစကားတော် အပေါင်းဟု ဆိုလိုပါသည်။

ထို မြတ်စွာဘုရားသည် တရားစကားတော်အပေါင်း တည်းဟူသော နိကာယ်ကို သဘောတူရာ သူ့အစုနှင့်သူ ခွဲဝေလိုက်သောအခါ....

(က) ဒီဃနိကာယ်
(ခ) မဇ္ဈိမ နိကာယ်
(ဂ) သံယုတ္တ နိကာယ်
(ဃ) အင်္ဂုတ္တရ နိကာယ်
(င) ခုဒ္ဒက နိကာယ်

ဟူ၍ ၅-ခု ဖြစ်လာပါသည်။

၅ စုဘား၍ သံဂါယနာတင် အရှင်မြတ်တို့ သံဂါယနာ တင်တော်မူ စုပေါင်း ရွတ်ဆိုတော်မူခဲ့ကြပါသည်။

## (က) ဒီဃ နိကာယ်

ရှည်လျားသော ဘုရားစကားတော် (သုတ္တန်) အပေါင်းကို ဒီဃနိကာယ်ဟူ၍ ခေါ်ဆိုပါသည်။ ထိုဒီဃနိကာယ်၌ သုတ္တန်ပေါင်း ၃၄-သုတ်၊ စာအုပ်အရေအတွက် ၃-ရုပ် ရှိပါသည်။

## (ခ) မဇ္ဈိမ နိကာယ်

မရှည်မတို အလယ်အလတ်ဖြစ်သော ဘုရားစကားတော် သုတ္တန်အပေါင်းကို မဇ္ဈိမနိကာယ်ဟု ခေါ်ဆိုပါသည်။ ထို မဇ္ဈိမနိကာယ်၌ သုတ္တန်ပေါင်း ၁၅၂-သုတ်၊ စာအုပ်အရေအတွက် ၃-အုပ်ပင် ရှိပါသည်။

## (ဂ) သံယုတ္တ နိကာယ်

နတ်ဗြဟ္မာ(ဒေဝတာ)အား ဟောသော သုတ္တန်၊ နတ်သား (ဒေဝပုတ္တ)တို့အား ဟောသော သုတ္တန်၊ ကောသလမင်းအားဟောသော သုတ္တန်အစုစသည်ဖြင့် တရားနာခံဖြစ်ကြသည့် ပုဂ္ဂိုလ်များ တူရာ တူရာ၊ တရားသဘောတူရာ တူရာ ဟောကြားအပ်သည့် သုတ္တန်အပေါင်း ဝဂ်အပေါင်း စသည်တို့ကို စုပေါင်းယှဉ်တွဲ၍ သံဂါယနာတင်အပ်သော ဘုရားစကားတော် သုတ္တန်အပေါင်းကို သံယုတ္တနိကာယ် ဟူ၍ ခေါ်ဆိုပါသည်။ ထို သံယုတ္တ

နိကာယ်၌ သုတ္တန်ပေါင်း ၇၇၆၂-သုတ်၊ စာအုပ်ရေ ၃-အုပ်ပင် ရှိပါသည်။

## (ဃ) အင်္ဂုတ္တရနိကာယ်

မြတ်စွာဘုရား ဟောတော်မူတဲ့တရားတော်ဟာ ဝေနေယျအလိုက် တရားတစ်မျိုးတစ်မျိုး ဟောတဲ့ သုတ္တန်တွေလဲ ရှိပါတယ်။ တရားနှစ်မျိုးနှစ်မျိုး စသည် ဟောအပ်တဲ့ သုတ္တန်တွေလဲ ရှိပါတယ်၊ ထိုသို့ရှိခဲ့ရာ တရားတစ်မျိုး တစ်မျိုးတို့ကို ဟောအပ်တဲ့သုတ္တန်ပေါင်း ဘုရားစကားတော်အပေါင်းကို ဧကင်္ဂုတ္တရ နာမည်နဲ့ သံဂါယနာစုပေါင်းတင်ခဲ့ပါတယ်။တရားနှစ်မျိုးနှစ်မျိုးတို့ကို ဟောအပ်တဲ့ သုတ္တန်အပေါင်း ဘုရားစကားတော် အပေါင်းကို ဒုကင်္ဂုတ္တရ နာမည်နဲ့၊ တရား သုံးမျိုးသုံးမျိုးတို့ ကို ဟောအပ်တဲ့သုတ္တန်အပေါင်း ဘုရားစကားတော်အပေါင်းကို တိကင်္ဂုတ္တရ နာမည်နဲ့၊ တရား လေးမျိုးလေးမျိုး ဟောအပ်တဲ့ သုတ္တန်အပေါင်း ဘုရားစကားတော် အပေါင်းကိုတော့ စတုက္ကင်္ဂုတ္တရ နာမည်နဲ့ သံဂါယနာ စုပေါင်း တင်ခဲ့ပါတယ်၊ အဲဒီနည်းအတိုင်းပင် တရားငါးမျိုး၊ ခြောက်မျိုး၊ ခုနစ်မျိုး၊ ရှစ်မျိုး၊ ကိုးမျိုး၊ ဆယ်မျိုး၊ ဆယ့်တစ်မျိုး ဟောအပ်တဲ့ သုတ္တန်အပေါင်း ဘုရားစကားတော်အပေါင်းကို ပဉ္စကင်္ဂုတ္တရ စသည်ဖြင့် သံဂါယနာစုပေါင်းတင်ခဲ့ပါတယ်၊ ၎င်းတို့ကို စာပေနယ်၌ အင်္ဂုတ္တိုရ် ဆယ့်တစ်ကျမ်းလို့ ခေါ်တယ်၊ အင်္ဂုတ္တရနိကာယ် ဆယ့်တစ်ကျမ်း လို့လဲ ခေါ်တယ်၊ သုတ္တန်ပေါင်းက ၉၅၅၇ သုတ်ရှိ၍ စာအုပ်ရေ ဧတူကြီး ၃ အုပ်ပင် ရှိပါတယ်။

## (င) ခုဒ္ဒကနိကာယ်

ဆိုခဲ့ပြီးတဲ့ နိကာယ်ကြီး ၄-ရပ်မှ ကြွင်းကျန်တဲ့ ဘုရားစကားတော်(သုတ္တန်)အပေါင်းကိုတော့ ခုဒ္ဒကနိကာယ်ဟူ၍ ခေါ်ဆိုပါတယ်၊ ဒီဃနိကာယ်လိုလဲ မရှည်လျား၊ မဇ္ဈိမနိကာယ်လိုလဲ အလယ် အလတ် မဟုတ်၊ တိုတိုတုတ်တုတ် ဘုရားစကားတော် သုတ္တန်အပေါင်းဟု ဆိုလိုပါတယ်။

အဲဒီ ခုဒ္ဒကနိကာယ်စာရင်းဝင် ဘုရားစကားတော် သုတ္တန်အပေါင်းထဲကမှ ရဟန်းတို့၏ ကျင့်ရမည့် ဝိနည်းသိက္ခာကို ဟောပြတဲ့ စာအုပ်ကြီး ၅-အုပ်ကိုတော့ ဝိနည်း ၅-ကျမ်းလို့လဲ ခေါ်တယ်။ ဝိနယပိဋကလို့လဲခေါ်တယ်၊ ရဟန်းတို့ ကျင့်ရမယ့် ဝိနည်း တရား သိက္ခာ တွေကို စုပေါင်း ထည့်ထားတဲ့ တရားရတနာ တောင်းကြီးလို့လဲ အဓိပ္ပာယ် ရှိပါတယ်။

အဲဒီ ခုဒ္ဒကနိကာယ် စာရင်းဝင် ဘုရားစကားတော် သုတ္တန်အပေါင်းထဲက သဘာဝဓမ္မရှိတဲ့ ဒေတိုင်း သဘာဝဓမ္မတစ်ခုထဲကိုပဲ ဦးတည်ပြီး ဟောကြားခဲ့တဲ့ ဘုရားစကားတော်တွေဟာ စာအုပ်ရေ ၁၂-အုပ် ရှိပါတယ်၊ ကျမ်းအနေနဲ့ အဘိဓမ္မာ ခုနစ်ကျမ်း လို့လဲ ခေါ်ပါတယ်၊ ထို ခုနစ်ကျမ်း အုပ်ရေ ၁၂-အုပ် ရှိတဲ့ ဘုရားစကားတော်တွေကိုတော့ အဘိဓမ္မလို့ ခေါ်တဲ့ အလွန်နက်နဲသော တရားတွေကို စုပြီး ပေါင်းပြီး ဟောထားခဲ့တဲ့ တရားရတနာ တောင်ကြီးသဖွယ်ဖြစ်လို့ အဘိဓမ္မပိဋကလို့ ခေါ်ပါတယ်။

အခုပြောခဲ့တဲ့ ဝိနည်း ၅-ကျမ်း စာအုပ်ရေ ၅-အုပ်၊ အဘိဓမ္မာခုနစ်ကျမ်း စာအုပ်ရေ ၁၂-အုပ်က ကျန်တဲ့ ကျမ်းအနေအားဖြင့် ၁၅-ကျမ်း၊ စာအုပ် အနေအားဖြင့် ၁၁-အုပ်ရှိတဲ့ ဘုရားစကားတော်၊ သုတ္တန်အပေါင်းကိုသာ ပရိယတ္တိစာပေနယ်ပယ်၌ ခုဒ္ဒကနိကာယ် ၁၁-အုပ်ဟူ၍ ခေါ်ဆိုကြပါတယ်။

ဝိနည်း ၅-ကျမ်းနဲ့ အဘိဓမ္မာ ခုနစ်ကျမ်းကို ခုဒ္ဒကနိကာယ်ပါလို့ မနဲပြောယူရပါတယ်၊ စာအုပ် နယ်ပယ်ထဲမှာလဲ ဒီ ဝိနည်း ၅-ကျမ်း၊ အဘိဓမ္မာ ခုနစ်ကျမ်းတို့ကို ခုဒ္ဒကနိကာယ်လို့ သိပ်ပြီး အသုံးအနှုန်း ဝေါဟာရမပြုကြဘူး၊ ထားပါတော့ ကျန်တဲ့ ၁၁-အုပ်ကိုသာ ခုဒ္ဒကနိကာယ်လို့ သာသနာတော်မှာ အသုံးအနှုန်း ဝေါဟာရများပါတယ်။

စာအောင် အရှင်မြတ်တို့နှင့်တကွ ဒကာ ဒကာမ အပေါင်း သူတော်ကောင်းတို့။ အဲဒီ ခုဒ္ဒကနိကာယ် ၁၁-အုပ်၊ ဝိနည်း ၅-ကျမ်း ၅ အုပ်၊ အဘိဓမ္မာ ခုနစ်ကျမ်း ၁၂-အုပ်ဆိုတဲ့ ခုဒ္ဒကနိကာယ်စာအုပ်ပေါင်း(၂၈-အုပ်) နှင့်ဆယ့်ရှစ် နိကာယ် - ဒီဃနိကာယ် မဇ္ဈိမနိကာယ်၊ သံယုတ္တနိကာယ်၊ အင်္ဂုတ္တရနိကာယ်ခေါ်တဲ့ နိကာယ်လေးရပ်မှာလဲပဲ တစ်ရပ် တစ်ရပ်လျှင် စာအုပ်ပေါင်း ၃အုပ်စီ ၃ အုပ်စီ ရှိကြတဲ့အတွက် အဲဒီ နိကာယ်လေးရပ်က စာအုပ်ပေါင်း ၁၂-အုပ်=အားလုံးပေါင်း မြတ်စွာဘုရားရဲ့ စာအုပ်ပေါင်း ၄၀ ကို နိကာယ်ငါးရပ် ခေါ်တယ်လို့ အိပ်ရာထဲအိပ်နေတုန်းကောင်မှတင်ပါးပုတ်ပြီး နိကာယ် ဆိုတာ ဘာခေါ်သလဲလို့မေးလျှင် ဘုရားစကားတော်

အပေါင်း စာအုပ်ရေ ၄၀ ကို ခေါ်တယ်လို့ မိမိတို့လဲ ပြောတတ်ကြပါစေ၊ မိမိတို့နဲ့ နီးစပ်ရာ ပုဂ္ဂိုလ်တွေလဲပဲ လက်တို့ပြီးတော့ ပြောထားကြပါ။ နိကာယ် ဆိုတာ ဘုရားစကားတွေကို သဘောတူရာ စုပေါင်းပြီး သံဂါယနာ ၆-ကြိမ်တိုင်တိုင် တင်ထားခဲ့တဲ့ ဘုရားစကားတော် အပေါင်းကို နိကာယ် ခေါ်တယ်လို့ ပြောတတ်ကြပါစေ။

အဲဒီ နိကာယ်ခေါ်တဲ့ တရားရတနာတွေသည် ယနေ့ ဗုဒ္ဓဘာသာဝင်ဖြစ်ကြတဲ့ ရဟန်းတော်တွေရော ရှင်တွေရော လူဒကာ့ရာ အားလုံး၏ဆရာဘုရားတွေ ဖြစ်ကြပါတယ်။ဟိုတစ်ဘက် ဘာသာဝင်များက မင်းတို့ဘုရားရှင် ရှိရဲ့လားလို့ မေးလျှင် ရှိတယ်လို့ ဖြေရပါမယ်။ မင်းတို့ ဘုရား ဘယ်မှာလဲလို့မေးလျှင် အဲဒီ နိကာယ်တွေကို လက်ညှိုးထိုးပြရပါမယ်။ နိကာယ်ငါးရပ် ဆိုတဲ့ ပိဋကတ် ဓမ္မက္ခန္ဓာတွေဟာ ကျွန်ုပ်တို့ရဲ့ ဘုရားတွေ၊ ကျွန်ုပ်တို့ကို အမြဲဘမ်း ဩဝါဒပေးနေတဲ့ ဘုရားပေါင်း ရှစ်သောင်း လေးထောင်လို့သာ လက်ညှိုး ထိုးပြကြပါ။ အဲဒါ နံပါတ်၁ ဘုန်းကြီး ပြောချင်တာ ပြီးသွားပါပြီ။

ဒကာ ဒကာမတွေ နိကာယ် နိကာယ်နဲ့ မြို့ထဲမှာလဲ ပြောကြမယ်လေ၊ အခု ပြန်သွားရင်လဲပဲ နိကာယ်တွဲနှင်း သဘင်က ပြန်လာတယ်၊ နိကာယ် ဆုနှင်းသဘင်က ပြန်လာတယ်လို့ ပြောကြစေမယ်၊ အေး နိကာယ်ဆိုတာ ကာကို ခေါ်သလဲလို့ ဆိုရင် မေးရင်ပြောတတ်အောင် ပြောတတ်အောင် ဘုန်းကြီး ပြောပြီးသွားပါပြီ၊

အဲဒီ နိကာယ်ဆိုတဲ့ စာအုပ်တိုင်း စာအုပ်တိုင်းမှာ မြတ်စွာဘုရား ဟောကြားတဲ့ သီလကျင့်ပုံ၊ သမာဓိကျင့်ပုံ၊

ပညာကျင့်ပုံ၊ သိက္ခာသုံးပါး ကျင့်ပုံတွေ အပြည့်အစုံ ပါရှိပါတယ်။ အဲဒီသိက္ခာသုံးပါးကျင့်ပုံ အပြည့်အစုံ ပါရှိတဲ့ နိကာယ် စာအုပ်ကြီးတွေ၊ ဟောဒီ သဒ္ဓါပဗ္ဗဇိတ ဖြစ်တဲ့ သာသနာ့ဝန်ထမ်း စာအောင် ရဟန်းတော် အရှင်သူမြတ်များရဲ့ နှုတ်ဖျားမှာ ရောက်ရှိလာမှ ဟောဒီ သဒ္ဓါပဗ္ဗဇိတ အမျိုးကောင်းသားများ ဖြစ်ကြတဲ့ စာအောင် ရဟန်းတော် အရှင်သူမြတ်တွေသည် မိမိတို့ ရည်သန်ရင်းဖြစ်တဲ့ သီလ သမာဓိ ပညာ သိက္ခာကို မိမိတို့၏ နှုတ်ထဲမှ ရောက်ရှိနေသော တရားထဲမှ ထုတ်၍ ထုတ်၍ ကျင့်သုံးတော်မူကြကာ သံသရာဝဋ်က ကျွတ်လွတ်ခြင်း တည်းဟူသော နိဗ္ဗာန်ကအကျိုးရကြပါစေလို့ ဘုန်းကြီး က ထပ်မံ တိုက်တွန်းပါရစေ။ ဦးပဉ္ဇင်းတို့ ဘုန်းကြီး တို့ရဲ့ ကျေးဇူးရှင် မစိုးရိမ် ဆရာတော်ဘုရားကြီးသည် 'ဖြစ်နိုင်မှာ မဟုတ်ပါဘူးကွယ်'လို့ ဘေးက ပြောကြပေမယ်လို့ ဖြစ်အောင်ပဲ မန္တလေးမြို့မှာရော ပခုက္ကူမြို့မှာရော နိကာယ်သာသနာ ထွန်းကားဖို့ မျိုးစေ့ ချပေးသွားပြီ။ တစ်နည်းပြောရလျှင် မစိုးရိမ် ဆရာတော်ဘုရားဟာ ငါ့ကိစ္စတော့ ပြီးပြီ-ဆိုပြီးတော့ ဘဝနတ် ထံဝင်စံ ရှပ်သိမ်းသွားပြီ။ အေး ဦးပဉ္ဇင်းတို့ ဦးပဉ္ဇင်းတို့ တာဝန်ပဲရှိတော့ တယ်လို့ ဆိုဘိအလား၊ မန္တလေးမြို့မှာလဲပဲ နိကာယ် စာမေးပွဲ အောင်အောင်မြင်မြင် အခြေခိုင်ခိုင် ဆရာတော်ကြီးက စိုက်ထူခဲ့ပြီးတော့ 'ငါ့ကိစ္စ ငါ့တာဝန်တော့ ပြီးပြီ၊ ဦးပဉ္ဇင်းတို့တာဝန် ဦးပဉ္ဇင်းတို့ဆက်ပြီး ထမ်းကြတော့ဟ' ဆိုသည့်အလား ဘဝနတ်ထံ ဝင်စံတော်မူသွားပါပြီ။

(၂) အရှင်တို့ စာအောင်အရှင်တို့။အရှင်တို့အတွက် နိကာယ်အားပေးတဲ့ သိဒ္ဓိသျှ ဂါထာ တစ်ခု လျှောက်ထားစမ်းပါရစေ၊အရှင်ဥပါလိသည် မိမိက ဝိနည်းမိုရ်+ ဝိနည်းကို ထုံးလိုချေ ရေလိုနှောက်တဲ့ မထေရ်ဖြစ်တော့ သူရဲ့ဝိနယဓရလုပ်ငန်းကို သူ့ကိုယ်သူ အားပေးပြီးတော့

ဝိနယေ အာသယေ မယှံ၊
ဝိနယော ဌာနစက်မံ။
ကပ္ပေမိ ဝိနယော ဝါသံ၊
ဝိနယော မမ ဂေါစရော။

ဒိဂါထာကို ဥဒါန်းတစ်ကျူးကျူးနဲ့....

ဝိနယော=ဝိနည်းတွင်ခေါ် တရားတော်သည်။ မယှံ= ဥပါလိမည် ငါမထေရ်၏။ အာသယော = အမြဲတစေ ကိန်းအောင်းရာ ကျောင်းဗိမာန်လည်း မှန်ပေ၏။(အမြဲတမ်း စံကျောင်းဗိမာန်ကား ဝိနည်းပိဋကပဲ၊ ဝိနည်းပိဋကသည် ငါ့ရဲ့ အမြဲကိန်းအောင်းစံရာ ကျောင်းဗိမာန်ဖြစ်ပေတော့ယ်လို့ ဆိုလိုပါတယ်။) ဝိနယော=ဝိနည်းတွင်ခေါ် တရားတော်သည်။ မယှံ = ဥပါလိမည် ငါမထေရ်၏။ ဌာနစင်္ကမံ = ရပ်ရာ+စင်္ကြံသွားရာလည်း မှန်ပေ၏။ (ရပ်လဲပဲ ဝိနည်းစိတ်၊ စင်္ကြံသွားလဲပဲ ဝိနည်းစိတ်နှင့်ပင် အချိန်ကုန်စေတယ်လို့ ဆိုလိုပါတယ်။) အဟံ=ဥပါလိမည် ငါမထေရ်သည်။ ဝိနယေ = ဝိနည်းတွင်မှတ် တရားတော်မြတ်၌။ ဝါသံ=နေထိုင်ခြင်းကို။ ကပ္ပေမိ=ပြုပေ၏။ ဝိနယော= ဝိနည်းတွင်မှတ် တရားတော်မြတ်သည်။ မမ = ဥပါလိမည် ငါမထေရ်၏။ ဂေါစရော=နွေ့နွေ့ညည စိတ်ရဲ့ကျက်စားရာ စားကျက်ကြီးပါပေတည်း။

သူ့စိတ်ဟာ ဝိနည်းထဲမှာပဲ အမြဲပျော်တယ်၊ အိပ်လဲ ဝိနည်းစိတ်၊ စားလဲ ဝိနည်းစိတ်ပဲတဲ့။ အဲဒီလို ဒီဂါထာဖြင့် အရှင်ဥပါလိသည် မိမိကိုယ်ကို မိမိအားပေး သိဒ္ဓိနှိုးနှိုးပြီးသော့ ဝိနည်းအရာမှာ မြတ်စွာဘုရား ကိုယ်တော်တိုင်က ဧတဒဂ်ဘွဲ့ထူး ချီးကျူးယူရလောက်အောင် ဝိနည်းကို လေ့လာတော်မူခဲ့တဲ့အတိုင်းလဲပဲ မြတ်စွာဘုရား၏ 'ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ ဝိနယဓရာနံ ယဒိဒံ ဥပါလိ' လို့ ဧတဒဂ်ဘွဲ့ထူးဖြင့် အချီးကျူးခံခဲ့ရပါတယ်။ ထို့အတူ အရှင်မြတ်တို့ကလဲဘဲ နိကာယ သာသနာထဲ ဝင်လာကြပါပြီ။

ဒကာ ဒကာမအပေါင်း သူတော်ကောင်းတို့။ စောစောကပြောခဲ့တဲ့အတိုင်း နိကာယ်စာအုပ် တစ်အုပ် တစ်အုပ်ထဲမှာ မြတ်စွာဘုရားရဲ့ သာမုက္ကံသိက၊ သီလဟောတဲ့နေရာ၊ သမာဓိ ဟောတဲ့နေရာ၊ ပညာဟောတဲ့နေရာ၊ သီလကျင့်ပုံ၊ သမာဓိကျင့်ပုံ၊ ပညာကျင့်ပုံတွေဟာ ထိုထိုသုတ္တန်အားလျော်စွာ အပြည့်ရှိနေပါတယ်။ ယခု ဒကာဒကာမတို့ရဲ့ မျက်မှောက်မှာ ဖူးတွေ့နေရသော အရှင်မြတ်များသည် ဓမ္မခန္ဓာ ဓမ္မစေတီပေါင်း မြောက်မြားစွာကို လျှာပေါ်မှာ ပင့်တင်ထားတဲ့ စေတီတိုက်တွေလို့ စိတ်ထဲမှာ အာရုံယူပြီးတော့ သဒ္ဓါတရား ဖြစ်ပွားကြစေချင်ပါတယ်။

(၂၃) စာစအောင် သံဃာတော် သီတင်းသုံးဖော်အရှင်မြတ်တို့။ အရှင်မြတ်တို့ ပရိယတ္တိနယ်ပယ်မှာ အတိုင်းအတာ ပမာဏအနေနဲ့ ချီဟက်ခဲ့ရတဲ့ စာမေးပွဲ အဆင့်ဆင့်ကို ပြောလိုပါတယ်။ အစိုးရမှာ ငယ်၊ လတ်၊ ကြီး၊

၅ စုအားဖြင့် သံဂါယနာတင် အရှင်မြတ်တို့ သံဂါယနာ တင်တော်မူ စုပေါင်း ရွတ်ဆိုတော်မူခဲ့ကြပါသည်။

## (က) ဒီဃ နိကာယ်

ရှည်လျားသော ဘုရားစကားတော် (သုတ္တန်အပေါင်းကို ဒီဃနိကာယ်ဟူ၍ ခေါ်ဆိုပါသည်။ ထိုဒီဃ နိကာယ်၌ သုတ္တန်ပေါင်း ၃၄-သုတ်၊ စာအုပ်အရေအတွက် ၃-ရစ်ရှိပါသည်။

## (ခ) မဇ္ဈိမ နိကာယ်

မရှည်မတို အလယ်အလတ်ဖြစ်သော ဘုရားစကားတော် သုတ္တန်အပေါင်းကို မဇ္ဈိမနိကာယ်ဟု ခေါ်ဆိုပါသည်။ ထို မဇ္ဈိမနိကာယ်၌ သုတ္တန်ပေါင်း ၁၅၂-သုတ်၊ စာအုပ်အရေအတွက် ၃-အုပ်ပင် ရှိပါသည်။

## (ဂ) သံယုတ္တ နိကာယ်

နတ်ဗြဟ္မာ(ဒေဝတာ)အားဟောသော သုတ္တန်၊နတ်သား (ဒေဝပုတ္တ)တို့အား ဟောသော သုတ္တန်၊ ကောသလမင်းအားဟောသော သုတ္တန်အစုစသည်ဖြင့် တရားနာခံဖြစ်ကြသည့် ပုဂ္ဂိုလ်များ တူရာ တူရာ၊တရားသဘော တူရာ တူရာ ဟောကြားအပ်သည့် သုတ္တန်အပေါင်း ဝဂ်အပေါင်း စသည်တို့ကို စုပေါင်းယှဉ်တွဲ၍ သံဂါယနာ တင်အပ်သော ဘုရားစကားတော် သုတ္တန်အပေါင်းကို သံယုတ္တနိကာယ် ဟူ၍ ခေါ်ဆိုပါသည်။ ထို သံယုတ္တ

နိကာယ်၌ သုတ္တန်ပေါင်း ၇၇၆၂-သုတ်၊ စာအုပ်ရေ ၃ အုပ်ပင် ရှိပါသည်။

## (ဃ) အင်္ဂုတ္တရနိကာယ်

မြတ်စွာဘုရား ဟောတော်မူတဲ့ တရားတော်ဟာ ဝေနေယျအလိုက် တရား တစ်မျိုးတစ်မျိုး ဟောတဲ့ သုတ္တန်တွေလဲ ရှိပါတယ်။ တရား နှစ်မျိုးနှစ်မျိုး စသည် ဟောအပ်တဲ့ သုတ္တန်တွေလဲ ရှိပါတယ်၊ ထိုသို့ရှိခဲ့ရာ တရား တစ်မျိုး တစ်မျိုးတို့ကို ဟောအပ်တဲ့သုတ္တန်ပေါင်း ဘုရားစကားတော် အပေါင်းကို ဧကင်္ဂုတ္တရ နာမည်နဲ့ သံဂါယနာ စုပေါင်းတင်ခဲ့ပါတယ်။တရားနှစ်မျိုး နှစ်မျိုးတို့ကို ဟောအပ်တဲ့ သုတ္တန် အပေါင်း ဘုရားစကားတော် အပေါင်းကို ဒုကင်္ဂုတ္တရ နာမည်နဲ့၊ တရား သုံးမျိုးသုံးမျိုးတို့ကို ဟောအပ်တဲ့သုတ္တန်အပေါင်း ဘုရားစကားတော် အပေါင်းကို တိကင်္ဂုတ္တရ နာမည်နဲ့၊ တရား လေးမျိုး လေးမျိုး ဟောအပ်တဲ့ သုတ္တန်အပေါင်း ဘုရားစကားတော် အပေါင်းကိုတော့ စတုကင်္ဂုတ္တရ နာမည်နဲ့ သံဂါယနာ စုပေါင်း တင်ခဲ့ပါတယ်၊ အဲဒီနည်းအတိုင်းပင် တရားငါးမျိုး၊ ခြောက်မျိုး၊ ခုနစ်မျိုး၊ ရှစ်မျိုး၊ ကိုးမျိုး၊ ဆယ်မျိုး၊ ဆယ့်တစ်မျိုး ဟောအပ်တဲ့ သုတ္တန်အပေါင်း ဘုရားစကားတော်အပေါင်းကို ပဉ္စကင်္ဂုတ္တရ စသည်ဖြင့် သံဂါယနာ စုပေါင်းတင်ခဲ့ပါတယ်၊ ၎င်းတို့ကို စာပေနယ်၌ အင်္ဂုတ္တိုရ်ဆယ့်တစ်ကျမ်းလို့ ခေါ်တယ်၊ အင်္ဂုတ္တရနိကာယ် ဆယ့်တစ်ကျမ်း လို့လဲ ခေါ်တယ်၊ သုတ္တန်ပေါင်းက ၉၅၅၇ သုတ်ရှိ၍ စာအုပ်ရေ အထူကြီး ၃ အုပ်ပင် ရှိပါတယ်။

# (င) ခုဒ္ဒကနိကာယ်

ဆိုခဲ့ပြီးတဲ့ နိကာယ်ကြီး ၄-ရပ်မှ ကြွင်းကျန်တဲ့ ဘုရားစကားတော်(သုတ္တန်)အပေါင်းကိုတော့ ခုဒ္ဒကနိကာယ် ဟူ၍ ခေါ်ဆိုပါတယ်၊ ဒီဃနိကာယ်လိုလဲ မရှည်လျား၊ မဇ္ဈိမနိကာယ်လိုလဲ အလယ် အလတ် မဟုတ်၊ တိုတို တုတ်တုတ် ဘုရားစကားတော် သုတ္တန်အပေါင်းဟု ဆိုလိုပါတယ်။

အဲဒီ ခုဒ္ဒက နိကာယ်စာရင်းဝင် ဘုရားစကားတော် သုတ္တန်အပေါင်းထဲကမှ ရဟန်းတို့၏ ကျင့်ရမည့် ဝိနည်း သိက္ခာကို ဟောပြတဲ့ စာအုပ်ကြီး ၅-အုပ်ကိုတော့ ဝိနည်း ၅-ကျမ်းလို့လဲ ခေါ်တယ်။ ဝိနယပိဋကလို့လဲခေါ်တယ်၊ ရဟန်းတို့ ကျင့်ရမယ့် ဝိနည်း တရား သိက္ခာ တွေကို စုပေါင်း ထည့်ထားတဲ့ တရားရတနာ တောင်းကြီးလို့လဲ အဓိပ္ပာယ် ရှိပါတယ်။

အဲဒီ ခုဒ္ဒကနိကာယ် စာရင်းဝင် ဘုရားစကားတော် သုတ္တန်အပေါင် ထဲက သဘာဝဓမ္မရှိတဲ့ ဒ တိုင်း သဘာဝ ဓမ္မတစ်ခုထဲကိုပဲ ဦးတည်ပြီး ဟောကြားခဲ့တဲ့ ဘုရားစကားတော်တွေဟာ စာအုပ်ရေ ၁၂-အုပ် ရှိပါတယ်၊ ကျမ်းအနေနဲ့ အဘိဓမ္မာ ခုနစ်ကျမ်း လို့လဲ ခေါ်ပါတယ်၊ ထို ခုနစ်ကျမ်း အုပ်ရေ ၁၂ အုပ် ရှိတဲ့ ဘုရားစကားတော် တွေကိုတော့ အဘိဓမ္မလို့ ခေါ်တဲ့ အလွန်နက်နဲသော တရားတွေကို စုပြီး ပေါင်းပြီး ဟောထားခဲ့တဲ့ တရားရတနာ တောင်ကြီး သဖွယ်ဖြစ်လို့ အဘိဓမ္မပိဋကလို့ ခေါ်ပါတယ်။

အခုပြောခဲ့တဲ့ ဝိနည်း ၅ ကျမ်း စာအုပ်ရေ ၅-အုပ်၊ အဘိဓမ္မာခုနစ်ကျမ်း စာအုပ်ရေ ၁၂-အုပ်က ကျန်တဲ့ ကျမ်းအနေအားဖြင့် ၁၅-ကျမ်း၊ စာအုပ် အနေအား ဖြင့် ၁၁-အုပ်ရှိတဲ့ ဘုရားစကားတော်၊ သုတ္တန်အပေါင်း ကိုသာ ပရိယတ္တိစာပေနယ်ပယ်၌ ခုဒ္ဒကနိကာယ် ၁၁-အုပ်ဟူ၍ ခေါ်ဆိုကြပါတယ်။

ဝိနည်း ၅-ကျမ်းနဲ့ အဘိဓမ္မာ ခုနစ်ကျမ်းကို ခုဒ္ဒက နိကာယ်ပါလို့ မနဲပြောယူရပါတယ်၊ စာအုပ် နယ်ပယ် ထဲမှာလဲ ဒီ ဝိနည်း ၅-ကျမ်း၊ အဘိဓမ္မာ ခုနစ်ကျမ်းတို့ကို ခုဒ္ဒကနိကာယ်လို့ သိပ်ပြီး အသုံးအနှုန်း ဝေါဟာရမပြု ကြဘူး၊ ထားပါတော့ ကျန်တဲ့ ၁၁ အုပ်ကိုသာ ခုဒ္ဒက နိကာယ်လို့ သာသနာတော်မှာ အသုံးအနှုန်း ဝေါဟာရ များပါတယ်။

စာအောင် အရှင်မြတ်တို့နှင့်တကွ ဒကာ ဒကာမ အပေါင်း သူတော်ကောင်းတို့။ အဲဒီ ခုဒ္ဒကနိကာယ် ၁၁-အုပ်၊ ဝိနည်း ၅-ကျမ်း ၅ အုပ်၊ အဘိဓမ္မာ ခုနစ်ကျမ်း ၁၂-အုပ်ဆိုတဲ့ ခုဒ္ဒကနိကာယ်စာအုပ်ပေါင်း(၂၈-အုပ်) နှင့်ဆယ့်ရှစ် နိကာယ် - ဒီဃနိကာယ် မဇ္ဈိမနိကာယ်၊ သံယုတ္တနိကာယ်၊ အင်္ဂုတ္တရနိကာယ်ခေါ်တဲ့ နိကာယ်လေး ရပ်မှာလဲပဲ တစ်ရပ် တစ်ရပ်လျှင် စာအုပ်ပေါင်း ၃အုပ်စီ ၃ အုပ်စီရှိကြတဲ့အတွက် အဲဒီ နိကာယ်လေးရပ်က စာ အုပ်ပေါင်း ၁၂-အုပ်=အားလုံးပေါင်း မြတ်စွာဘုရားရဲ့ စာအုပ်ပေါင်း ၄၀ ကို နိကာယ်ငါးရပ် ခေါ်တယ်လို့ အိပ်ရာထဲအိပ်နေတုန်းတောင်မှ တင်ပါးပုတ်ပြီး နိကာယ် ဆိုတာ ဘာခေါ်သလဲလို့မေးလျှင် ဘုရားစကားတော်

အပေါင်း စာအုပ်ရေ ၄၀ ကို ခေါ်တယ်လို့ မိမိတို့လဲ ပြောဘတ်ကြပါစေ၊ မိမိတို့နဲ့ နီးစပ်ရာ ပုဂ္ဂိုလ်တွေလဲပဲ လက်တို့ပြီးတော့ ပြောထားကြပါ။ နိကာယ်ဆိုတာ ဘုရားစကားတွေကို သဘောတူရာ စုပေါင်းပြီး သံဂါယနာ ၆-ကြိမ်တိုင်တိုင် တင်ထားခဲ့တဲ့ ဘုရားစကားတော် အပေါင်းကို နိကာယ် ခေါ်တယ်လို့ ပြောတတ်ကြပါစေ။

အဲဒီ နိကာယ်ခေါ်တဲ့ တရားရတနာတွေသည် ယနေ့ ဗုဒ္ဓဘာသာဝင်ဖြစ်ကြတဲ့ ရဟန်းတော်တွေရော ရှင်တွေရော လူဒကွ ရာ အားလုံး၏ဆရာဘုရားတွေ ဖြစ်ကြပါတယ်။ ဟိုတစ်ဘက် ဘာသာဝင်များက မင်းတို့ ဘုရားရှင် ရှိရဲ့လားလို့ မေးလျှင် ရှိတယ်လို့ ဖြေရပါမယ်။ မင်းတို့ ဘုရား ဘယ်မှာလဲလို့ မေးလျှင် အဲဒီ နိကာယ်တွေကို လက်ညှိုးထိုးပြရပါမယ်။ နိကာယ်ငါးရပ် ဆိုတဲ့ ပိဋကတ် ဓမ္မက္ခန္ဓာတွေဟာ ကျွန်ုပ်တို့ရဲ့ ဘုရားတွေ၊ ကျွန်ုပ်တို့ကို အမြဲဘမ်း ဩဝါဒပေးနေတဲ့ ဘုရားပေါင်း ရှစ်သောင်း လေးထောင်လို့သာ လက်ညှိုး ထိုးပြကြပါ။ အဲဒါ နံပါတ်၁ ဘုန်းကြီး ပြောချင်တာ ပြီးသွားပါပြီ။

ဒကာ ဒကာမတွေ နိကာယ် နိကာယ်နဲ့ မြို့ထဲမှာလဲ ပြောကြမယ်လေ၊ အခု ပြန်သွားရင်လဲပဲ နိကာယ်ဘွဲ့နှင်း သဘင်က ပြန်လာတယ်၊ နိကာယ် ဆုနှင်းသဘင်က ပြန်လာတယ်လို့ ပြောကြစေမယ်၊ အေး နိကာယ်ဆိုတာ ဘာကို ခေါ်သလဲလို့ ဆိုရင် မေးရင်ပြောတတ်အောင် ဖြေတတ်အောင် ဘုန်းကြီး ပြောပြီးသွားပါပြီ။

အဲဒီ နိကာယ်ဆိုတဲ့ စာအုပ်တိုင်း စာအုပ်တိုင်းမှာ မြတ်စွာဘုရား ဟောကြားတဲ့ သီလကျင့်ပုံ၊ သမာဓိကျင့်ပုံ၊

ပညာကျင့်ပုံ၊ သိက္ခာသုံးပါး ကျင့်ပုံတွေ အပြည့်အစုံ ပါရှိပါတယ်။ အဲဒီသိက္ခာသုံးပါးကျင့်ပုံ အပြည့်အစုံ ပါရှိတဲ့ နိကာယ် စာအုပ်ကြီးတွေ၊ ဟောဒီ သဒ္ဓါပဗ္ဗဇိတ ဖြစ်တဲ့ သာသနာ့ဝန်ထမ်း စာအောင် ရဟန်းတော် အရှင်သူမြတ်များရဲ့ နှုတ်ဖျားမှာ ရောက်ရှိလာမှ ဟောဒီ သဒ္ဓါ ပဗ္ဗဇိတ အမျိုးကောင်းသားများ ဖြစ်ကြတဲ့ စာအောင် ရဟန်းတော် အရှင်သူမြတ်တွေသည် မိမိတို့ ရည်သန်ရင်းဖြစ်တဲ့ သီလ သမာဓိ ပညာ သိက္ခာကို မိမိတို့၏ နှုတ်ထဲမှ ရောက်ရှိနေသော တရား ထဲမှ ထုတ်၍ ထုတ်၍ ကျင့်သုံးတော်မူကြကာ သံသရာဝဋ်က ကျွတ်လွတ်ခြင်း တည်းဟူသော နိဗ္ဗာန်ကအကျိုးရကြပါစေလို့ ဘုန်းကြီးက ထပ်မံ တိုက်တွန်းပါရစေ။ ဦးပဉ္ဇင်းတို့ ဘုန်းကြီးတို့ရဲ့ ကျေးဇူးရှင် မစိုးရိမ် ဆရာတော်ဘုရားကြီးသည် 'ဖြစ်နိုင်မှာ မဟုတ်ပါဘူးကွယ်' လို့ ဘေးက ပြောကြပေမယ့်လို့ ဖြစ်အောင်ပဲ မန္တလေးမြို့မှာရော ပခုက္ကူမြို့မှာရော နိကာယ်သာသနာ ထွန်းကားဖို့ မျိုးစေ့ ချပေးသွားပြီ။ တစ်နည်းပြောရလျှင် မစိုးရိမ်ဆရာတော်ဘုရားဟာ ငါ့ကိစ္စတော့ ပြီးပြီ–ဆိုပြီးတော့ ဘဝနတ်ထံဝင်စံရပ်သိမ်းသွားပြီ။ အေး ဦးပဉ္ဇင်းတို့ ဦးပဉ္ဇင်းတို့ တာဝန်ပဲရှိတော့တယ်လို့ ဆိုဘိအလား၊ မန္တလေးမြို့မှာလဲပဲ နိကာယ်စာမေးပွဲ အောင်အောင်မြင်မြင် အခြေခိုင်ခိုင် ဆရာတော်ကြီးက စိုက်ထူခဲ့ပြီးတော့ 'ငါ့ကိစ္စ ငါ့တာဝန်တော့ ပြီးပြီ၊ ဦးပဉ္ဇင်းတို့တာဝန် ဦးပဉ္ဇင်းတို့ဆက်ပြီး ထမ်းကြတော့ဟ' ဆိုသည့်အလား ဘဝနတ်ထံဝင်စံတော်မူသွားပါပြီ။

(၂) အရှင်တို့ စာအောင်အရှင်တို့။ အရှင်တို့အတွက် နိုကာယ်အားပေးတဲ့ သိဒ္ဓိသျှံ့ ဂါထာ တစ်ခု လျှောက် ထားစမ်းပါရစေ၊ အရှင်ဥပါလိသည် မိမိက ဝိနည်းမိုရ်+ ဝိနည်းကို ထုံးလိုချေ ရေလိုနှောက်တဲ့ မထေရ်ဖြစ်တော့ သူရဲ့ဝိနယဓရလုဝ်ငန်းကို သူ့ကိုယ်သူ အားပေးပြီးတော့

ဝိနယေ အာသယေ ယံ့၊
ဝိနယေ ဌာနစင်္ကမံ။
ကပ္ပေမိ ဝိနယေ ဝါသံ၊
ဝိနယေ မမ ဂေါစရော။

ဒီဂါထာကို ဥဒါန်းတစ်ကျူးကျူးနဲ့....

ဝိနယေ=ဝိနည်းတွင်ခေါ် တရားတော်သည်။ မယှံ= ဥပါလိမည် ငါမထေရ်၏။ အာသယော = အမြဲတစေ ကိန်းပျော်ရာ ကျောင်းဗိမာန်လည်း မှန်ပေ၏။(အမြဲတမ်း စံကျောင်းဗိမာန်ကား ဝိနည်းပိဋကပဲ၊ ဝိနည်းပိဋကသည် ငါရဲ့ အမြဲကိန်းပျော်စံရာ ကျောင်းဗိမာန်ဖြစ်ပေတယ်လို့ ဆိုလိုပါတယ်။) ဝိနယေ=ဝိနည်းတွင်ခေါ် တရားတော် သည်။ မယှံ = ဥပါလိမည် ငါမထေရ်၏။ ဌာနစင်္ကမံ = ရပ်ရာ+စင်္ကြံသွားရာလည်း မှန်ပေ၏။ (ရပ်လဲပဲ ဝိနည်း စိတ်၊ စင်္ကြံသွားလဲပဲ ဝိနည်းစိတ်နှင့်ပင် အချိန်ကုန်စေ တယ်လို့ ဆိုလိုပါတယ်။)အဟံ=ဥပါလိမည် ငါမထေရ် သည်။ ဝိနယေ = ဝိနည်းတွင်မှတ် တရားတော်မြတ်၌။ ဝါသံ=နေထိုင်ခြင်းကို။ ကပ္ပေမိ=ပြုပေ၏။ ဝိနယော= ဝိနည်းတွင်မှတ် တရားတော်မြတ်သည်။ မမ = ဥပါလိ မည် ငါမထေရ်၏။ ဂေါစရော=နေ့နေ့ညည စိတ်ရဲ့ကျက် စားရာ စားကျက်ကြီးပါပေတည်း။

သူ့စိတ်ဟာ ဝိနည်းထဲမှာပဲ အမြဲပျော်တယ်၊ အိပ်လဲ ဝိနည်းစိတ်၊ စားလဲ ဝိနည်းစိတ်ပဲတဲ့။ အဲဒီလို ဒီဂါထာဖြင့် အရှင်ဥပါလိသည် မိမိကိုယ်ကို မိမိအားပေး သိဒ္ဓိနှိုးနှိုးပြီးတော့ ဝိနည်းအရာမှာ မြတ်စွာဘုရား ကိုယ်တော်တိုင်က ဧတဒဂ်ဘွဲ့ထူး ချီးကျူးယူရလောက်အောင် ဝိနည်းကို လေ့လာတော်မူခဲ့တဲ့အတိုင်းလဲပဲ မြတ်စွာဘုရား၏ 'ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ ဝိနယဓရာနံ ယဒိဒံ ဥပါလိ'လို့ ဧတဒဂ်ဘွဲ့ထူးဖြင့် အချီးကျူးခံခဲ့ရပါတယ်။ ထို့အတူ အရှင်မြတ်တို့ကလဲဘဲ နိကာယသာသနာထဲ ဝင်လာကြပါပြီ။

ဒကာ ဒကာမအပေါင်း သူတော်ကောင်းတို့။ စောစောကပြောခဲ့တဲ့အတိုင်း နိကာယ်စာအုပ် တစ်အုပ် တစ်အုပ်ထဲမှာ မြတ်စွာဘုရားရဲ့ သာမုက္ကံသိကာ၊ သီလဒေဟာတဲ့နေရာ၊ သမာဓိ ဟောတဲ့နေရာ၊ ပညာဟောတဲ့နေရာ၊ သီလကျင့်ပုံ၊ သမာဓိကျင့်ပုံ၊ ပညာကျင့်ပုံတွေဟာ ထိုထိုသုတ္တန်အားလျော်စွာ အပြည့်ရှိနေပါတယ်။ ယခုဒကာ ဒကာမတို့ရဲ့ မျက်မှောက်မှာ ဖူးတွေ့နေရသော အရှင်မြတ်များသည် ဓမ္မခန္ဓာ ဓမ္မစေတီပေါင်း မြောက်မြားစွာကို လျှာပေါ်မှာ ပင့်တင်ထားတဲ့ စေတီတိုက်တွေလို့ စိတ်ထဲမှာ အာရုံယူပြီးတော့ သဒ္ဓါတရား ဖြစ်ပွားကြစေချင်ပါတယ်။

(၂၃) စာမေးအောင် သံဃာတော် သီတင်းသုံးဖော်အရှင်မြတ်တို့။ အရှင်မြတ်တို့ ပရိယတ္တိနယ်ပယ်မှာ အတိုင်းအဘာ ပမာဏအနေနဲ့ ချီတက်ခဲ့ရတဲ့ စာမေးပွဲ အဆင့်ဆင့်ကို ပြောလိုပါတယ်။ အစိုးရမှာ ငယ်၊ လတ်၊ ကြီး၊

ကျေပွန်အောင် ဆရာဒကာ ထမ်းဆောင်တော်မူကြတဲ့ အတွက် မြတ်စွာဘုရားက သဒ္ဓမ္မ သုံးဖြာ သာသနာ သုံးရပ်ကို အရဟတ္တဖိုလ်ပေါက် ပြီးမြောက်စေနိုင်တယ် လို့ ဟောတော်မူခဲ့တဲ့အတိုင်း အဲဒီ ဂါထာကိုပင်လျှင် ကိုရိယာပုဒ်ကို အာသီသ ကိရိယာပုဒ် ပြောင်းပြီး ဆုတောင်း၍ ဟပည့်တော်ရဲ့ ဩဝါဒကထာလို့ ဆိုချင် လဲဆို၊ အနုဗလပ္ပဒါနကထာ အားအဆင့်ပေးတဲ့စကား လို့လဲ ဆိုချင်ဆိုနိုင်ပါတယ်၊ ယင်းသည့် ဩဝါဒ အနု ဗလပ္ပဒါနကထာကို ပတ္ထနာ ကိရိယာ ပြောင်းပြီး ဆုတောင်း၍ နိဂုံး ချုပ်ပါတော့မည်။

သာဂါရာ အနဂါရာ စ၊
ဥဘော အညာညနိဿိတာ။
အာရာဓယန္တု သဒ္ဓမ္မံ၊
ယောဂက္ခေမ မနုတ္တရံ။

သာဂါရာ စ=အိမ်ရာတည်ထောင် လူ့ဘောင်နေသူ ဒါယကာဟူသမျှတို့သည် လည်းကောင်း။ (သာဂါရာ စ = နိကာယ်သာသနာ ယွန်းကားရေး အားပေးတို တောင်း ဒကာ ဒကာမ အပေါင်း တို့သည် လည်း ကောင်း)။ အနဂါရာ စ = အိမ်ရာမထောင် ရဟန်း ဘောင်နေသူ ဆရာတော်ဟူသမျှတို့သည် လည်းကောင်း။ (အနဂါရာ စ=နာယက မဟာ ဩဝါဒါစရိယ နိကာယ နှတ်ငုံဆောင် စာအောင်များရှင် အရှင်သူမြတ်တို့ သည် လည်းကောင်း)။ ဥဘော=ဆရာ ဒကာ နှစ်ဦးသားတို့ သည်။ အညောညနိဿိတာ=ကိုင်းကို ကျွန်းမှီ၊ ကျွန်းကို ကိုင်းမှီသလို အချင်းချင်းမှီ ပစ္စယအမှီ ဓမ္မအမှီ အချင်း

ချင်း အမှိုရကြကုန်လျက်။ ယောဂကျွမ်=ပရိယတ္တိသဒ္ဓမ္မ ပဋိပတ္တိသဒ္ဓမ္မ ပဋိဝေဓသဒ္ဓမ္မ တည်းဟူသော သဒ္ဓမ္မ သုံးဖြာ သာသနာတော်သုံးရပ်ကို(အရှင်တို့ တပည့်တော်တို့ရဲ့ ပရိယတ္တိသည် နိဿရဏ ပရိယတ္တိ ဖြစ်ပါတယ်)။ သဒ္ဓမ္မံ=နိဿရဏ ပရိယတ္တိ၊ထိုမှ တစ်ဆင့်တက်၍ ပဋိပတ္တိ ထိုမှတစ်ဆင့်တက်၍ရအပ်သော ပဋိဝေဓဆိုတဲ့ အစွန်းအမြွတ် သဒ္ဓမ္မသုံးဖြာ သာသနာတော် သုံးရပ်ကို။ အာရာမသန္တု=အရဟတ္တဖိုလ်တိုင်ရောက် ပြီးမြောက်မအောင်တစေ ချီးမြှောက်ပြုစုနိုင်ကြပါစေကုန် သတည်း။ အာရာခယန္တု=ဝိသုဒ္ဓိခုနစ်ပါး ရထားယာဉ်ကြီး ကိုယ်စီစီး၍ မဂ်ထီးရှစ်ဆူ စွင့်စွင့်ထူလျက် ပြည်နိဗ္ဗူဘုံတိုင် ရောက်အောင် သဒ္ဓမ္မသုံးဖြာ သာသနာတော် သုံးထောက်ကို ပြီးမြောက်အောင် ပုံသေ ချီးမြှောက်ပြုစုတော် မူနိုင်ကြပါစေကုန်သတည်း။

(ပုံ) ဦး၊ ဝိစိတ္တသာရာဘိဝံသ

❀

၁၃၃၈-ခုနှစ် တန်ဆောင်မုန်းလဆန်း ၈-ရက်
မင်းကွန်း ဓမ္မနာဒတိုက်
တိပိဋကဓရဆရာတော် ထံမှောက်ဝယ်
ကျောင်းပရ္ဂ မင်းကွန်းတောင်ရိုး
ဦးပုကြီး ကျောင်းတိုက်နှင့် သီရိဓဇ ကျောင်းတိုက်
သံဃာတို့အား လှူဒါန်းအပ်သော ဓမ္မနာဒ ဦးပဉ္စင်းကြီး
ဦးဇဝနနှင့် ရန်ကုန်မြို့ တိုက်အမှတ်-၂၃
သုံးမြောင့်လမ်းနေ ဦးအေးမောင်တို့၏
ဥတ်ကထိန် အလှူပွဲ၌ ချီးကျူးဖတ်ကြားအပ်သော
ကထိနာနုမောဒနာ ဂါထာပါဠိအနက်

၁။ တိံသ ပါရမိယော ပူရေတွာ ဝိဇ္ဇာဂမ္မ၊
ကထိနံ လောကနာယကော။
အနုဇာနိ ဝဿံဝုဋ္ဌ-
ဘိက္ခူနံ ဖာသုကာယ ဘော။

ဘော=မြတ်အင်္ဂါ ကျင့်သီလကို နိစ္စကျင့်သုံး လူ့
ဘောင်မှ အလွတ်ရုံးကြ၍ အမြတ်ဆုံးနိဗ္ဗာန် ရဖို့ရန်ဟု
ရည်သန်ရွယ်ချောင်း တောတောင်ဝယ် ခိုအောင်းသည့်
အို-သူတော်ကောင်းတို့။ လောကနာယကော=လောက
သုံးပါး ဝေနေယျ သတ္တဝါအများကို သနားကြင်နာ
မဟာကရုဏာဖြင့် ခေမာနိဗ္ဗူ ပို့ဆောင်တော်မူသည့်

နတ်လူတို့ ရှေ့သွား ရှင်တော်မြတ်ဘုရားသည်။ တိံသ ပါဝေယျကေ = ဓုတင်တေရသ် ပဋိပတ်ကျင့်စဉ် အမြဲ ယှဉ်သည့် ပုထုဇဉ်လဲ မပါ ရဟန္တာလဲ မနှော သောတာ ပန် သကဒါဂါမ် အနာဂါမ်ချည်းသာ ဖြစ်တော်မူကြ သည့် ပါဝေယျကတိုင်းဖွား ကောသလ မင်းကြီးနှင့် တဝတည်းသား သုံးကျိပ်သော နောင်ညီမထေရ်များကို။ အာဂမ္မ=ဘသိနသမုဋ္ဌာန် ခွင့်ပြုရန်အကြောင်း အခြေခံ အထောက်အပံ့ကောင်း ပြု၍။ ဝဿံဝုဋ္ဌာဘိက္ခူနံ = ဝါပြတ် ဝါကျိုးခြင်း မရှိလျှင်းဘဲ သန့်ရှင်းစွာနေထိုင် သိက္ခာမြဲသုံးဆိုင်ကို ပိုင်ပိုင်ကြီးကျင့်သုံး ပုရိမဝါ ကုန် ဆုံးအောင် သုံးလပတ်လုံး နေတော်မူပြီးသော ရဟန်း တော်တို့အား။ ဖာသုကာယ=အာနိသင်ငါးပုံ အကျိုး ဂုဏ်ဘို့ ပြည့်စုံဘင်းတင်း ချမ်းသာတော်မူကြခြင်းငှာ။ ကထိနံ=ကထိန်ကို။ အနုဇာနိ=ပုရိမဝါဖတ်လုံး တည် ငြိမ်စွာ သီတင်းသုံးလျက် အဆုံးအမ လိုက်နာ သား ကောင်းရဟန်းတို့ ချမ်းသာစေရည်စူး ကထိန်တော် ဆုအာသူးကို ချီးကျူးသောအနေ အပ်နှင်း ခွင့်ပြုတော် မူခဲ့ပါပေသတည်း။

၂။ ဂမနေ ဂသနေ သံယော၊
ဘောဇနေ ကထိနတ္ထတော။
ပဥ္စမာသေ အာနိသံသေ၊
သုခါ လဒ္ဓါန သဗ္ဗဒါ။

ကထိနတ္ထတော = ကထိန်သက်နိုး နိဗ္ဗာန်ငြိမ်းကို လှူ ဒါန်းသက်ခံ ဝိနည်းကံနှင့် လျော်ကန်သင့်မြတ် ခင်းအပ် ပြီးသော ကထိန်ရှိသော။ သံယော=သံဃာတော်သည်။

ပဉ္စမာသေ = ခင်းသည့်နေ့မှ တပေါင်းလ၏ ပက္ခဆန်း တက် တစ်ဆယ့်ငါးရက်တိုင် ရေတွက်ပိုင်းခြား ဥက္ကဋ္ဌ ပရိစ္ဆေဒအားဖြင့် ငါးလတို့ပတ်လုံး။ ပဉ္စ အာနိသံသေ =

(က) ဆွမ်းဖြင့် ဖိတ်ကြား ပင့်လျှောက်ထားလျက် ထင် ရှား ရှိ သော ရဟန်းထံ မပန်မကြား အခြား ဒါယကာအိမ်သို့ သွားလာနိုင်ခြင်း ဟူသော အနာမန္တစာရ အာနိသင်။

(ခ) တိစီဝရိတ် အဓိဋ္ဌာန်တင်အပ် သုံးရပ်သော သင်္ကန်းကို မဆောင်မယူ ညဉ့်ကင်း၍ နေနိုင် ခြင်းဟူသော အသမာဒါန စာရ အာနိသင်။

(ဂ) ရဟန်းတော်တို့အား မအပ်စပ်သောစကား ဖြင့် လျှောက်ကြားနိမန္တ အလှူခံ၍ ရသော ဘောဇဉ်ကို ကြည်ရွှင်နှလုံး သုံးဆောင်နိုင် ခြင်းဟူသော ဂဏ ဘောဇန အာနိသင်။

(ဃ) အဓိဋ္ဌာန်မတင် ဝိကပ္ပနာ အစီအရင်မရှိ မိမိ ရသော သင်္ကန်းကို အလိုရှိသလောက် ကထိန် နုတ်သည့်နေ့တိုင် ရောက်အောင် သုံးဆောင် နိုင်ခြင်းတည်းဟူသော ယာဝဒတ္ထစီဝရ အာ နိသင်။

(င) ကထိန်ခင်းရာ မိမိတို့ တိုက်တာငယ် ဖြစ်လာ သမျှ သံဃိကသင်္ကန်းကို ထိုအာနိသင်ရ ရဟန်း တော်တို့ကသာ ငါးလတိုင်တိုင် ပိုင်ဆိုင်ခြင်း ဟူသော ယောစ တတ္ထစီဝရုပ္ပါဒ အာနိသင်။

ဤငါးအင်သော အကျိုးဂုဏ်တို့ကို။ လဒ္ဓါန=ရရှိတော်မူ၍။ ဂမနေ စ=ကိစ္စအားလျော်စွာ သွားလာရာ၌လည်းကောင်း။ ဝသနေ စ=နေထိုင်ရာ၌ လည်းကောင်း။ ဘောဇနေ စ=ဘောဇဉ်ငါးဖြာ သုံးဆောင်ရာ၌ လည်းကောင်း။ သဗ္ဗဒါ=အခါခပ်သိမ်း။ သုခေ=ချမ်းသာလှပါပေ၏။ သုခေါ=အပြစ်အသွယ်သွယ် ဗျာန်မဂ်ဖိုလ်အန္တရာယ်ကို ဖျောက်ပယ်ရှင်းလင်း နိဗ္ဗာန်တိုင်ဆိုက်ရောက်ခြင်းငှာ မယွင်းပုံသေ ချမ်းသာလှပါပေသတည်း။

၃။ ကထိနံ ဒေတိ သံဃဿ၊
ရာဇာဂါရေ သိရိမဧ။
ဇဝနေန ပဓာနေန၊
ဦးအေးမောင် ဣတိနာမကော။

ဣမသ္မိံ ဝမေဿ=တစ်ထောင့်သုံးရာ ကောဇာစွန်းလစ်ဤ သုံးဆယ့်ရှစ်ခုနှစ်၌။ ဝေရိကူယနိဝါသိကော= နဂရက္ခမှ အယုဇ္ဈတွင်ခေါ် နတ်မြို့တော်သို့ ပျော်ဖွယ်တော့ကအဖုံဖုံ ရှုဖွယ်တွေက အစုံစုံ သာမျိုးငယ်ကုံလုံသည့် မြို့ရန်ကုန် နဂရ မင်းနေပြည်ဌာန သုံးမြောင့်လမ်း ရပ်ဒေသလျှင် နေရာရှိသော။ ဦးအေးမောင် ဣတိ နာမကော=သဒ္ဓါသီလ သုတစသည် လွန်ပွားစည်ညည့် ခုနစ်မည်သော သူတော်ကောင်းဥစ္စာ ရတနာတို့ကောင်းစွာလောက်လုံ ပြည့်စုံအောင်ရွက်ဆောင် ဦးအေးမောင်အမည်ရှိသော ဒါယကာသည်။ ဇဝနေန် ပဓာနေန=လောကီဘုံသား လူအများတို့ ခံစားကြိမ်ကြိမ် မတင်း

တိမ်သည့် စည်းစိမ်သည်ကား မိုးရှိန်ကြီးမား ရန်သူများ၏ဟု တရားသံဝေ အရကြီးရသည့် ပဓာန အမှူးတင်ဦးဇဝန အရှင်နှင့်တကွ။ ရာဇာဂါရေ=နိမ့်မြင့်ဆိုင်းဆိုင်း အပြိုင်းပြိုင်းနှင့် မှိုင်းတညို့ညို့ ရှုကြည့်မှုနူသည့် သူ ဘဝင်ဆို့လောက်သည့် မို့မောက်သော တောင်ထွတ်တောင်တန်း တောင်အဝှမ်းတို့၌ ပန်းရနံ့တကြူကြူ နေကွမ္ဗုဇ္ဇာသယ ရှိသူတို့ နိဗ္ဗူသို့ တက်လှမ်းရာ မင်းကွန်းတောင်စခန်းသာ၌။ သိရီခဓဇ=သိရီဓဇ နာမသမိုက် ကျောင်းဘော်တိုက်၌ လည်းကောင်း။ ဇောတိကာရာမေ=ရွှေပြည်အင်းဝ မင်းတို့စံရာ ဌာန၌ ဇောတိကသေဌေး သံသာဘေးကို မျှော်တွေးဆင်ခြင် အမှန်အတိုင်း မြင်သဖြင့် အလျင်တခဆာ လွတ်လိုသောဟု မနောရည်သန် ဆုထူးပန်လျက် တည်ဖန်သိုက်မြိုက် ဦးပုကြီးမဟာရဟု ကမ္ပည်းစိုက် သည့် ကျောင်းတော်တိုက်၌ လည်းကောင်း။ သံဃဿ=ပုဒ္ဓိမ ၁ ါပတ်လုံး သိဘင်းသုံးပြီးသော သံဃတော်အား။ သာရိဝါရံ= ဥတ်ရံသီးသီး ပစ္စည်းကုံလုံ စာရေးတံမဲ အဖုံဖုံတို့နှင့် တကွသော။ ကထိနံ=၁-နှစ်တွင် တစ်လ၊ တန်သာ့ှင် အစ်ကြီမ် လှူဒါန်းရသည့် ဥတ်ကထိန်ကို။ ဒေဒတိ = သဒ္ဓါကြည်နူး စေတနာထူးဖြင့် ရွှင်မြူးဝမ်းသာ လှူဒါန်းပူဇော်ပါ၏။ ကထိနံ ဒေဒတိ= သံသရာနက်ဝှမ်း ကြောက်ဖွယ်လန့်ဖွယ် ဘေးအသွယ်သွယ် ထူပြောသည့် ရေပြင်ကြမ်းမှ ဘက်ဘမ်းနိဗ္ဗာန် ပြည်ခမ်းသို့ ရောက်ရန်ရည်မျှော် ဤကထိန်ဥတ်အလှူတော်ကို နောင်ညီနှစ်ဖော် စေတနာထူးတို့ဖြင့် ကြည်နူးဝမ်းသာ ပီတိတွေတဝဝေဖြာလျက် လှူဒါန်းပူဇော်ပါသတည်း။

၄။ အနုမောဒါမ တုမှေဟိ၊
သမ္ဘတံ ပုညသမ္ပဒံ။
သမ္ပာပကံ နိဗ္ဗာနဿ၊
ဗောဓိဉာဏဿ ပစ္စယံ။

ဘောန္တာ=ပီတိစွမ်းဟုန် ဆီထိသည့်ဂွမ်းပုံသို့ လွှမ်းခြုံကိုယ်လုံး ရှေးသူတော်စင်ထုံးကိုကျင့်သုံးလိုက်နာကြသည့် ဦးဇဝန ဦးအေးမောင် အို…ကထိန်ဒါယကာညီနောင်တို့။ တုမှေဟိ=ဘုရားအလျာ ပစ္စေကာနှင့် အရိယာနွယ်လောင်း ရှေးရှေးက သူတော်ကောင်းတို့ ထုံးဟောင်းလိုက်နာ သင် ကထိန်ဒါယကာတို့သည်။ ဗောဓိဉာဏဿ ပစ္စယံ = အရိယာမဂ်လေးတန် ဗောဓိဉာဏ်ကို ရရန်အကြောင်း အထောက်အပံ့ကောင်းဖြစ်၍။ နိဗ္ဗာနဿ သမ္ပာပကံ = ဒုက္ခခပ်သိမ်း အေးငြိမ်းရာမှန် ပြည်နိဗ္ဗာန်သို့ အမြန်မခဲသွ ရောက်စေနိုင်ပေသော။ ယံ ပုညသမ္ပဒံ= အကြင်ကောင်းမှု၏ ပြည့်စုံခြင်းကို။ သမ္ဘတံ = သမ္ဘာရဉ် ရှေ့သွား အစလ သဒ္ဓါတရားဖြင့် အားထုတ်ဆည်းပူး ခပ်ခဲလေပြီ။ တံ ပုညသမ္ပဒံ=ထိုကောင်းမှု၏ ပြည့်စုံခြင်းကို။ မယံ=တစ်ဦးတစ်ဦး မေတ္တာကူး၍ ပြည်နှူးရွှင်ပြုံး ညီညွတ်သော စိတ်နှလုံးဖြင့် သီတင်းသုံးတူပျော် တပည့်တော်တို့သည်။ အနုမောဒါမ=အနုမောဒနာ ပြုကြပါကုန်၏၊ အနုမောဒါမ = ယခုဆင်နွဲ ဥတ်ကထိန် ဤအောင်ပွဲကို ဝှဲချီးကာ တငြိမ့်ငြိမ့် မိုးဘဝဂ်တုန်စိမ့်အောင် တသိမ့်သိမ့် ပဗ္ဗနာပြုလျက် သာဓုသံ အောင်နိမိတ်တို့ဖြင့် အောင်ဘိသိက် သွန်းကြပါကုန်သတည်း။

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်
ပြည်ထဲရေးနှင့် သာသနာရေး ဝန်ကြီးဌာန
သာသနာရေးဦးစီးဌာန

၁၃၄၂-ခု၊ (၁၉၈၀-ပြည့်)နှစ်၊ ၄၄-ကြိမ်မြောက်
ကျင်းပအပ်သော တိပိဋကဓရ ရွေးချယ်ပွဲ၌
နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်
တိပိဋကဓရ ဦးဝိစိတ္တသာရာဘိဝံသ က
တိပိဋကဓရအလျာ သာသနာ့အာဇာနည်
အရှင်မြတ်တို့အား
အားပေးစကား လျှောက်ထား ပြောကြား အပ်သော

# အနုဗလပ္ပဒါန သာရဏီယကထာ

၄၄-ကြိမ်မြောက် ကျင်းပအပ်သည့် တိပိဋကဓရ ရွေးချယ်ပွဲသို့ ကြိုးကဲသော ဆန္ဒ၊ ဝီရိယ၊ စိတ္တ၊ ပညာ လေးဖြာသော အဓိပတိ ဖွဲ့လုံ့လရှိရှိဖြင့် ဝိဇယအောင်ပန်းကို ဆွတ်လှမ်းရန် သမ္မာဆန္ဒဖြင့် ဝင်ရောက်ပြန်ဖြေကြမည့် သာသနာ့အာဇာနည်အလျာ သိက္ခာသုံးပါး လိုသားဘိတောင်း အရှင်ကောင်း အရှင်မြတ်တို့ဘုရား။

ကာဗျမာသာ ဆီးနှိုက် ဂ၁၇

အရှင်မြတ်တို့သည် သဗ္ဗညုမြတ်စွာ သာသနာတော် သုံးရပ်တို့တွင် ရေကန်ကြီး၌ ကန်ဘောင်ကန်ရိုးနှင့် ဥပမာတူသော၊ သစ်ပင်ကြီး၌ ရေသောက်မြစ်နှင့်ဥပမာ တူသော ပရိယတ္တိသာသနာကို အခါလေးမြင့် ရှည်ကြာ တင့်အောင် မြှောက်ပင့်အားပေးမည်ဟူသော မွန်မြတ် သော ရည်သန်ချက်ဖြင့် ဤတိပိဋကဓရ ရွေးချယ်ရေး စာမေးပွဲကြီးသို့ ဝင်ရောက်ပြန်ဆို+ဖြေဆို တော်မူကြရန် နှစ်တန်သော အင်္ဂါ+သဘော ပရိယတ္တိသာသနာတော် ၏ အဆီအနှစ်များကို အားထုတ်ဆည်းပူးပြီး အသင့်ရှိ နေကြပြီ ဖြစ်ပါသည်ဘုရား။

ဆန္ဒဝတော မေ ကိုန္နာမ ကမ္မံ န သိဇ္ဈတိ။

ဆန္ဒကဲမို့၊ ငါသို့သသူ၊ ပြုမှုဆောင်ရာ၊ အဖြာဖြာ သည်၊ ဘယ်မှာမပြီး၊ ရှိအံ့နည်း။

ဝီရိယဝတော မေ ကိုန္နာမ ကမ္မံ န သိဇ္ဈတိ။

ဝီရိယကဲမို့၊ ငါသို့သသူ၊ ပြုမှုဆောင်ရာ၊ အဖြာဖြာ သည်၊ ဘယ်မှာမပြီး ရှိအံ့နည်း။

စိတ္တဝတော မေ ကိန္နာမ ကမ္မံ န သိဇ္ဈတိ၊

စိတ်ဓာတ်ကဲမို့၊ ငါသို့သသူ၊ ပြုမှုဆောင်ရာ၊ အဖြာ ဖြာသည်၊ ဘယ်မှာမပြီး ရှိအံ့နည်း။

ဝီမံသဝတော မေ ကိန္နာမ ကမ္မံ န သိဇ္ဈတိ။

ပညာကဲမို့၊ ငါသို့သသူ၊ ပြုမှုဆောင်ရာ၊ အဖြာဖြာ သည်၊ ဘယ်မှာမပြီး ရှိအံ့နည်း။

ဟူသော အာဓိပတိလေးပါး အရှင်ဘုရားတို့မှာ အထင် အရှားရှိပြီးသား ဖြစ်ကြသဖြင့် ယခု တိပိဋက စာပြန်+

ဖြေ ကိစ္စမှာ မုချကေန်ပင် အောင်မြင် ပြီးမြောက်လိမ့်မည်ဟု ယုံကြည်ချက် သဒ္ဓါတရား ထက်သန်စွာထားကြဖို့ အားပေးစကား တပည့်တော် ပြောကြားအပ်ပါသည်။

တိပိဋကဓရအလျာ စာတော်ပြန် ဝင် အရှင်မွန် အပေါင်းတို့....။ ၎င်းအမြင် အရှင်တို့အား သတိပေးစကား တပည့်တော် ပြောကြားလိုပါသည်။ အရှင်တို့မှာ လေးဖြာအဓိပတိ ဇွဲသတ္တိရှိကြ၍ ဝိဇယ အောင်ပန်းကို ဆွတ်လှမ်းနိုင်ကြမည်ကေန် မှန်ကြပါလျက် အချည်းနှီး နိရတ္ထက အကျိုးမရဖြစ်တတ်သည်ကို သတိချပ်ကြစေချင်ပါသည်။ စာပြန်လျှင် မျက်စိကိုမှိတ် ဗတိဒ္ဓအာရုံသဘော တဆိတ်မျှ စိတ်မစောကြပဲ

'အဘရမာနောဝ ဘာသေယျ၊ နော တရမာနော'

ရှင်စောမိန့်ပြန် အရဏဝိဘင်္ဂသုတ္တန်ကို အဖန်ဖန် သတိရှေး၍ မနှေးလွန်း၊ မမြန်လွန်း၊ မတိုးလွန်း၊ မကျယ်လွန်း၊ အလယ်အလတ် ရည်မှန်း၍ မပန်းအောင်+မနွမ်းအောင် သတိဆောင်၍ ပြန်ဆိုကြပါ။ ဖြေဆိုသော အခါ၌လည်း ဗျာပါရအားသည်း အရေးတကြီး မဖြေဆိုကြပဲ ပုစ္ဆကထေရ်ကျော် ဆရာတော်တို့၏ အာဘော်ကို မိမိ ပါ+ဠိ+ဋီ စောင်းကြိုးညှိ၍ သဒ္ဓါကြီးစွာထား ဖြေကြားတော်မူကြပါရန် အဟိတာပနယန+ဟိတူပသံဟာရ နှစ်ဝသော မေတ္တာတရား ထက်သန်စွာထား၍ သတိပေးစကား ပြောကြား ညွှန်ပြအပ်ပါသည်။

ဝိနည်းဓိုရ်တဝ အာဘိဓမ္မိကတစ်ခန်း နိကာယ်ဆောင် အောင်ပန်းကို ဆင်မြန်းတော်မူကြမည့် သာသနာ့

အာဇာနည်အလျှာ သဒ္ဓါကြီးတောင်းအရှင်ကောင်းတို့။ ၎င်းတို့အပြင် အရှင်တို့ကို သတိထင်အောင် ကြိုတင်ရှေ့မပြေး အချိန်မီ သတိပေးလိုပါသည်။ မြန်မာနိုင်ငံတော် အစိုးရ သာသနာရေးဌာနက ငစ္စကူအလေးထား သာသနာတော် တည်တံ့ + သန့်ရှင်း + ပြန့်ပွားအောင် ဆရာတော်အများနှင့် မပြားစိတ်ညီ ဆောင်ရွက်လျက်ရှိသည်ကို အရှင်တို့သိပြီးဟု ယုံကြည်ပါသည်။ ငါးမည်နိကာယ် သုံးသွယ် ပိဋကာ ဓမ္မနှင့် ဝိနယတို့၌ အာဂမ + သဘာဝ နှစ်ဌာနအဓိပ္ပာယ် အသိဉာဏ် မကွယ်ပါက အဘယ်မှာ လျှင် သာသနာတော် သန့်ရှင်း+တည်တံ့+ပြန့်ပွားလေ အောင် ရွက်ဆောင်နိုင်ချိမ့်မည်နည်း၊ မရွက်ဆောင်နိုင်သည်ကေန် မှန်လှပါသည်။

အရှင်တို့မှာ ငါးဖြာနိကာယ် သုံးသွယ်ပိဋက ဓမ္မနှင့် ဝိနယဘို့ကို နေ့ညမဆိတ်ညံ့ ကျက်+အံ+ကြံ+ကြည့် အချိန်ပြည့်+နာရီပြည့် ပရိယတ္တိလုပ်ငန်းကို စွမ်းစွမ်းတမံ သူမတန်အောင် တက်သန်သော ဇွဲလုံ့လဖြင့် နေ့ + ည မစဲ ထမ်းဆောင်နေဆဲ ဖြစ်ရှိကြ၍ မိမိတို့၏ ပရိယတ္တိလုပ်ငန်းကိစ္စကို အလဂဒ္ဒူပမ ပရိယတ္တိမျိုး မဖြစ်အောင် သတိဆောင် သတိချပ်ကြလျက် နိတ္ထရဏတ္ထ ပရိယတ္တိမျိုးဖြစ်အောင် ရွက်ဆောင်တော်မူကြပါ။ ထိုသို့ ရွက်ဆောင်တော်မူကြလျှင် သာသနာ့တံခွန် အောင်လံပမာ သာသနာတော် သန့်ရှင်းအောင်၊ သာသနာတော် တည်တံ့အောင်၊ သာသနာတော် ပြန့်ပွားအောင် ရွက်ဆောင်သည့် ထိုကိစ္စမှာ သာသနာ့စံတင် သာသနာ့ချိန်ခွင်ပုဂ္ဂိုလ်များ မမှားကေန် ဖြစ်ကြမည်မှန်သောကြောင့်—

တုမှ ပရိယတ္တိ ဟောတု၊
ဘဝနိတ္ထရဏတ္ထိကာ။

ယာယ ဝေါ ဇိနစက္ကဿ၊
ဟောထ တုလာဓဇူပမာ။

ဘဒ္ဒန္တာ=သာကီယဇာတ် အရှင်မြတ်တို့ဘုရား....။ ဘဒ္ဒန္တာ = သိက္ခာသုံးပုံ ကောင်းသိရ်ဂုဏ်တို့ ပြည့်စုံထင်ရှား စာတော်ဝင် အရှင်မြတ်တို့ဘုရား။ တုမှံ = အရှင်ဘုရားတို့၏။ ပရိယတ္တိ = နေ့နေ့ညည ပိဋကကို လုံ့လမြဲမြံ ဇွဲသန်သန်ဖြင့် ကျက်+အံ+ကြံ+ကြည့် အားတိုင်းသိသည့် ပရိယတ္တိခေါ်ညွှန် လုပ်ငန်းမွန်သည်။ ဘဝနိတ္ထရဏတ္ထိကာ = ဘဝသုံးထောက် ဒုက္ခအောက်မှ လွတ်မြောက်ရခြင်း ကျိုးရှိလျှင်းသား သနင်းမာရဘင် ဖြစ်စေချင်သည့် သန့်စင်ဘိလျှင်း နိတ္ထရဏတ္ထ စာသင်ခြင်းသည်။ ဟောတု=စင်စစ်မသွေ ဖြစ်ပါစေသတည်း။

ယာယ = သနင်းမာရဘင် ဖြစ်စေချင်သည့် သန့်စင်ဘိလျှင်း ယင်းနိတ္ထရဏတ္ထ စာသင်ခြင်းဖြင့်။ ဝေါ တုမှေ =သာသနာသုံးခန်း တာဝန်ငန်းကို ရှေ့တန်းဦးတည် တို့ဆောင်မည်ဟု ရွယ်ရည်မှန်းထား စာတော်ဝင်အရှင်ဘုရားတို့သည်။ ဇိနစက္ကဿ=ငါးမာရ်အောင်မြင် ရှင်ပင်ဘုရား ထားခဲ့မှန်စွာ သာသနာတော်၏။ တုလာ + ဓဇူပမာ=ရှေ့တန်းကစံတင် ချိန်ခွင်နှင့် မအောင်လံအတူ အတုယူလောက်သော ပုဂ္ဂိုလ်တို့သည်။ ဟောထ=ဧကန် စင်စစ် ဖြစ်ကြပါစေကုန်သတည်း။

(၀၁)ဇိနစက္ကသ တုလာ+ဓဇူပမာ ဟောထ=ပြည်ထောင်စုမြန်မာ ဤယနေ့ခေတ်အခါဝယ် သာသနာတော်သန့်ရှင်းအောင် သာသနာတော် တည်တံ့အောင် သာသနာတော်ပြန့်ပွားအောင် ရွက်ဆောင်သည့် ထိုကိစ္စဝယ် သာသနာ့ချိန်ခွင် ပုံသွင်မခြား သာသနာ့ အောင်လံတံခွန် ဂုဏ်ရည်ချွန် ပုဂ္ဂိုလ်များ လျှင် ထူးခြားသည့် စံနမူ ဖြစ်ခမြောက်တော် မူကြပါစေကုန် သတည်း ဟုဝိဇ္ဇည်းမင်္ဂလာ ပတ္ထနာ လေးနက် ဘောင်းဆို မြွက်၍ အထက်ဖော်ပြရာပါ တိပိဋကဓရအလျာ စာတော်ပြန်ဝင် အရှင်မြတ်တို့အား အနုဗလပ္ပဒါန သာရဏီယကထာ ခေါ်တွင် အားပေး+သတိပေး+အသိပေးအပ်သော စကားအစဉ်ကို ဤတွင်ပင် ကမ္ပတ်ဖုံး၍ နိဂုံးချုပ်အပ်ပါသည် ဘုရား။

❀

## အသီတိ နိပါတ်=မဟာသုတ သောမဇာတ်

### သတာရဟ - သဟဿာရဟာ နှစ်မည်ရ
### လေးဂါထာ

**သကိဒေဝ သုတသောမ၊**
**သဗ္ဘိ ဟောတိ သမာဂမော။**
**သာ နံ သင်္ဂတိ ပါလေတိ၊**
**နာသဗ္ဘိ ဗဟုသင်္ဂမော။**

သုတသောမ = သမုဒ်ပြင်နှယ် ကြားမြင် ကျယ်၍ သပ္ပာယ်ရုပ်ဆင်း တင့်တယ်လျှင်းသည့် လောင်းမင်းသုတ အိုသောမ။ သဗ္ဘိ = ကိုယ်နှုတ် နှလုံး သုံးပါးဖြူလွင် သူတော်စင်တို့နှင့်။ သကိဒေဝ=တစ်ကြိမ်တစ်ဖန် တစ်ရံ တစ်ခါမျှပင်လျှင်။ ယော သမာဂမော=အကြင် မေတ္တာ နှီးရင်း ပေါင်းသင်းရခြင်းသည်။ ဟောတိ=သပ္ပုရိသူပ နိဿယကို အရတော်စွာ ဖြစ်ရှိပါ၏။ သာ သင်္ဂတိ= ကိုယ်နှုတ်နှလုံး သုံးပါးဖြူစင် သူတော်စင်တို့နှင့် ထိုတစ် ကြိမ်မျှ ပေါင်းသင်းရခြင်းသည်။ နံ=ထိုသူတော်ကောင်း နှင့် ပေါင်းသင်း ဆက်ဆံသော သူကို။ ပါလေတိ = ခု ဝတ္တမာန် ပစ္စုပ္ပန်နှင့် တမလွန်နောင်ဖရေး ရောက်မည့်

ဘေးမှ ဝေးအောင်ပယ်ရှား ဟန့်တား စောင့်ရှောက်နိုင် ပေ၏။ အသတ္တိ=ကိုယ်နှုယ်နှလုံး သုံးပါးရုန့်ကြမ်း လူ သော့သွမ်းတို့နှင့်။ ယော ဗဟုသင်္ဂမော=ကြိမ်ဖန်များစွာ ကာလကြာအောင် မေတ္တာနှီးရင်း အကြင် ပေါင်းသင်းရ ခြင်းသည်။ ဟောတိ=ဖြစ်၏။ သာ သင်္ဂတိ=ထိုပေါင်း သင်းရခြင်းသည်။ နံ=ထို သူယုတ်မာနှင့် ပေါင်းသင်း သောသူကို။ န ပါလေတိ = ခုဝဋ္ဋမာန် ငစ္စုပြုန်နှင့် တမလွန်နေခင်ရေး ရောက်မည့်ဘေးမှ ဝေးအောင် ပယ် ရှား မြူဆံအားမျှ မဟန့်တား မစောင့်ရှောက်နိုင်သည် သာတည်း။

သတ္တိရေဝ သမာဂစ္ဆေ၊
သဗ္ဘိ ကုဗ္ဗေထ သန္ထဝံ။
သတံ သဒ္ဓမ္မမညာယ၊
သေယျော ဟောတိ န ပါပိယော။

တသ္မာ=ထိုသို့ သူတော်မြတ်လောင်း တစ်ကြိမ်ပေါင်း က ကောင်းကျိုးများတွေ့ စောင့်ရှောက်နိုင် လေသော ကြောင့်။ သတ္တိရေဝ = ကိုယ်နှုတ်နှလုံး သုံးပါးဖြူလွှင် သူတော်စင်တို့နှင့်သာလျှင်။ သမာဂစ္ဆေထ=လျောင်းထိုင် ရပ်သွား လေးပါးယာပထ ရှိသမျှဝယ် တကွယှဉ်တွဲ မှိဝဲ ပေါင်းသင်းရာ၏။ သဗ္ဘိ=ကိုယ်နှုတ်နှလုံး သုံးပါးဖြူလွှင် သူတော်စင်တို့နှင့်။ သန္ထဝံ=မေတ္တာနှီးရင်း မိတ်ဖွဲ့ခြင်းကို။ ကုဗ္ဗေထ=ပြုရာ၏။ သတံ=ကိုယ်နှုတ်နှလုံး သုံးပါးဖြူလွှင် သူတော်စင်တို့၏။ သဒ္ဓမ္မံ=ဗောဓိပက္ခိယ မဂ္ဂအပြား သုံး ဆယ့်ခုနှစ်ပါးကို။ အညာယ=သူတော်ကောင်းထံ နာခံ မှတ်သား ပိုင်းခြားထင်ထင် သိမြင်ရသည်ရှိသော်။ သေ

ယျော=အရိယာစခန်း တိုင်ရောက်လှမ်းသည့် ချီးမွမ်းပါ အပ် မြတ်သောသူသည်။ ဟောတိ=ကောန်စင်စစ် ဖြစ် လေတော့၏။ ပါပိယော=အကုသိုလ်ထု မကောင်းမှုတို့ ပေါင်းစုတည်ရာ ယုတ်မာသောသူသည်။ န ဟောတိ= သပ္ပုရိသူ ပနိုဿယစက်ကြီး ဖားဟန့်ဆီး၍ အပြီးလွတ် ကွာ သံသရာဝယ် ဘယ်ခါကာလမျှ မဖြစ်နိုင်တော့သည် သာတည်း။

ဇီရန္တိ ဝေ ရာဇရထာ သုစိတ္တာ၊
အထော သရီရမ္ပိ ဇရံ ဥပေတိ။
သတဉ္စ ဓမ္မော န ဇရံ ဥပေတိ၊
သန္တော ဟဝေ သဗ္ဘိ ပဝေဒယန္တိ။

သုစိတ္တာ=အလွန်ဆန်းကြယ် အံ့ဖွယ် ကောင်းကုန် သော။ ရာဇရထာ ပိ=မင်းထိုက်စိုးတန် အမျိုးမှန်သည့် ရောင်လျှံထိန်ညီး မင်းစီး ရထားတို့သည်လည်း။ ဝေ ကေန္တန=မြေလက်ခတ်နဲ့ မလွဲကောန် အမှန်စင်စစ်အား ဖြင့်။ ဇီရန္တိ=တစ်နေ့တစ်နေ့ တရွေ့ရွေ့လျှင် ဆွေး မြေ့ယိုယွင်း အိုမင်းပျက်စီးကြကုန်၏။ အထော=သက်မဲ့ ခေါ်ဆို ထိုမှတစ်ပါး။ သရီရံ ပိ=အကြောင်းလေးရပ် ပေါင်းထွေးစပ်၍ ပြုအပ်ရွှန်းစို ဤအသက်ရှိ ခန္ဓာကိုယ် သည်လည်း။ ဇရံ=တစ်နေ့တစ်နေ့ တရွေ့ရွေ့လျှင် ဆွေး မြေ့ယိုယွင်း အိုမင်းပျက်စီးခြင်းသို့။ ဥပေတိ=ဖြစ်လျှင် ပျက်ရ သင်္ခါရတို့၏ ဓမ္မတာထုံ မဆန်သာပဲ သူငါ မျက် မှောက် ဆိုက်ရောက်ရပေ၏။ သန္တော=ကိုယ်နှုတ်နှလုံး သုံးပါးဖြူလွင် သူတော်စင်တို့သည်။ ယံ သဗ္ဘိ=သဗ္ဘိ တွက်မှတ် လွန်စွာမြတ်သား ခွာတ်အသင်္ခတံ အကြင်

နိဗ္ဗာန်တရားကို။ ပဝေဒယန္တိ=ဂါထာသံခြေ စကားပြေဖြင့် ထွေထွေထူးထူး ချီးကျူးစကား ပြောကြားတော်မူ ဘုကုန်၏။ သတံ=ကိုယ်နှုတ်နှလုံး သုံးပါးဖြူလွင် သူတော်စင်တို့၏။ သော ဓမ္မော စ=သော ဓမ္မော ဧဝ= သဗ္ဗိဘွင်မှတ် လွန်စွာမြတ်သား ဓာတ်အားခံတံ ထိုနိဗ္ဗာန်တရားသည်သာလျှင်။ ဇရံ=ဆွေးမြေ့ယိုယွင်း အိုမင်းခြင်းသို့။ န ဥပေတိ=မရောက်နိုင်ပဲ အစဉ်မြဲ၍ မကွဲမပြိုသန္တိဓာတ် သူ့နဂိုရ်ဖြင့် အဟိုမြင့်သွန်းကမ္ဘာကြွမ်းလည်း တည်ထွန်းကြံ့ခိုင်၍ ဓနပါဓပ၏။

**နဘာဠ ဒူရေ ပထဝီ စ ဒူရေ၊**
**ပါရံ သမုဒ္ဒဿ တဒါဟု ဒူရေ။**
တတော ဟဝေ ဒူရတရံ ဝဒန္တိ၊
သတဉ္စ ဓမ္မော အသတဉ္စ ရာဇ။

ရာဇ=ဗောဓိဆုကြီး ပွင့်လုနီးသည့် ဘုန်းမီး ဥက္ကင်္ဒ အိုအလောင်းတော် သုတသောမ မင်းမြတ်။ နဘာဍ=အဇဋာ ဋ္ဌာပြင် မိုးကောင်းကင်သည်လည်း။ ဒူရေ=သူငါအများ မျက်မြင်အားဖြင့် အခြားမရှိ ထင်ရဘိလည်း တွေ့ထိ၍ မရစကောင်းသော ပကတိမူလ သူ့သဘာဝအားဖြင့် မြေနှုခြားကွာ ဝေးလှစွာ၏။ ပထဝီ စ=ဤမဟာပထဝီ မြေကြီးသည်လည်း။ ဒူနေရ=သူငါအများ မျက်မြင်အားဖြင့် အခြားမရှိ ထင်ရဘိလည်း တွေ့ထိ၍ ရစကောင်းသော ပကတိမူလသူ့ သဘာဝအားဖြင့် ကောင်းကင်မှ ခြားကွာ ဝေးလှစွာ၏။ သမုဒ္ဒဿ = အပြောကျယ်စွာ မဟာသမုဒ္ဒရာ၏။ ယံ ပါရံ=အကြင် ဤမှာဘက်ကမ်း ထိုဘက်ကမ်းသည်။ အတ္ထိ=ရှိ၏၊ တံ=ထို အပြောကျယ်

စွာ မဟာသမုဒ္ဒရာ၏ ဤမှာဘက်ကမ်းကို။ ဒူရေ=ခရီး ယူဇနာ သင်္ချာဆပွား မျက်မြင်အားဖြင့် ဝေးခြားလှ၏ ဟူ၍။ အာဟု=ဆိုကုန်ပြီ။ သတံ=ကိုယ်နှုတ်နှလုံး သုံးပါး ဖြူလွင် သူတော်စင်တို့၏။ ယော ဓမ္မော စ = အကြင် သုစရိုက်ဆယ်ပါး ကုသိုလ်တရားသည် လည်းကောင်း။ အသတံ=ကိုယ်နှုတ်နှလုံး သုံးပါးရုန့်ကြမ်း လူသော့သွမ်း တို့၏။ ယော ဓမ္မောစ = အကြင် ဒုစရိုက်ဆယ်ပါး အကုသိုလ်တရားသည် လည်းကောင်း။ အတ္ထိ = ရှိ၏။ တဒုဘယံ=သူတော် မသူတော် လူနှစ်ဖော်တို့ ရှင်ပျော် လုလု နေ့ရှိပြုသား သုစရိုတ ဒုစရိုတ ဓမ္မအပြား ထိုနှစ်ပါးကို။ ဟဓဝ ဧကေန္တန=ဧင်စစ်ဧကန် အမှန်အားဖြင့်။ တဉတာ=ထိုမြေနှင့် ကောင်းကင် သမုဒ်ပြင်၏ မမြင် မျက်မှန်း နှစ်ဘက်ကမ်းတို့ အလှမ်းဝေးကွာကြသည် ယာက်။ ဒူရတရံ=အပြစ်မရှိ ပြစ်ရှိ၏ ဟု ဖြစ်ဘိခြင်းရာ ကူဋ္ဌာနိဋ္ဌ ကျိုးဖလကို မမျှထူးဟန် မိုးစွန်ဘဝဂ် အောက် နရက်ဟု ရောက်ချက်မှန်လု သုံးဌာနဖြင့် လွန်စွာလွန်စွာ ဝေးကွာလှ၏ ဟူ၍။ ဝဒန္တိ=ဘုရားအစ များလှအရိယာ သူတော်စွာတိ မှန်ရာရှေ့ခွန်း ဗျာအိန့်ရှန်း၍ ဆိုညွှန်း မိန့်ဟတော်မူကြလေကုန်၏။

တိပိဋကဓရ ဆရာတော်

❀

၁၃၄၇-ခုနှစ်၊ ဦးတန်ခူးလပြည့်ကျော် ၁၃-ရက်မှ
ကဆုန်လဆန်း ၂-ရက်နေ့အထိ
နှစ်ဆန်း ၁၊ ၂၊ ၃၊ ၄-ရက်တို့၌ မတ္တရာမြို့နယ်+
ပုသိမ်ကြီးမြို့နယ် ကျွန်းရွာများမှ
ဆရာတော် သံဃာတော်များ၊ ပါတီ၊ ကောင်စီ၊
ဂေါပကလူကြီးများ ဦးစီးရှေ့ဆောင်ပြီးလျှင်
အာဒိသမ္မိက (ဝိသိဋ္ဌ+မဟာ) တိပိဋက + အဂ္ဂမဟာ
ပဏ္ဍိတ+အဘိဓဇမဟာရဋ္ဌဂုရု
ဓမ္မနာဒ ဆရာတော်ဘုရား အမှူးရှိသော ဓမ္မနာဒနှင့်
တိပိဋက=နိကာယကျောင်းတိုက်ကြီး နှစ်တိုက် အတွင်း၌
သီတင်းသုံးနေထိုင်ကြသော သံဃာတော်
အရှင်မြတ်များအား နှစ်စဉ်မပြတ် နိဗဒ္ဓဝတ်တည်၍
လှူဒါန်းပူဇော်ကြသည့် စုပေါင်းအလှူပွဲကြီးတွင်
၅-ကြိမ်မြောက်ပူဇာသဘင်၌ ဖတ်ကြားပူဇော်အပ်သော

**အနုမောဒနာ ဂါထာဂီတိ ပါဠိ+နိဿယများ**

(၁) နေ ကာယိကပရိဝါရော၊
နိ ကာယဓရပုဂ်ဝေါ။
ဓမ္မ+သုနာ ပဟံသေသိ၊
မာ+ဝ ထေရော မဟာဇနေ။

မာ=နက္ခတ်တာရာ ဝန်းရံကာလျှင် အဇ္ဈာဝေဟင်
ကောင်းကင်မှာ သွား လရထား သည်။ မဟာဇနေ=
ဧမှာင်ခိုပိတ်ကာ ပူအိုက်ရှာသည့် ကမ္ဘာသူ ကမ္ဘာသား

သတ္တဝါအများတို့ကို။ သီတလံ+သုနာ=အေး မြထိန်ကြည်
စန်းရောင်ခြည်ဖြင့်။ ပဟံသောသိ ဣဝ = ကြည် အေး ရွှင်
လန်း ပီတိလွှမ်းအောင် ဝမ်းမြောက်စေဘိသကဲ့သို့။ ဇဝံ
ကထာ = ထိုနည်းထားယူ အလားတူသဖွယ်လျှင်။ နေကာ
ယိက ပရိဗ္ဗဇကာ = ရှင်စောမြတ်စွာ ကရုဏာရှေ့ထား
ဟောမြွက်ကြားသည့် တရားနိကာယ် နက်နဲကျယ်ကို နှုတ်
ဝယ်ဆောင်မှတ်နိကာယ်ဆောင်မထေရ်မြတ်တို့ဖြင့်ဝန်း
ပတ်ကာရံ ခြံရံအပ်ပေထသော။ နိကာယရေပုဂ်ဂေဝါ=
ယခုခေတ်သာသနာ ပြည်မြန်မာဝယ် ငါးဖြာနိကာယ်
သုံးသွယ် ပိဋက မြတ်ဓမ္မကို နှုတ်ရဆောင်ထား ဟော
ကြားရွတ်အံ ဖြေဆိုပြန်သည့် ပုဂ္ဂိုလ်မွန် အပါးပါး
ထေရ်ဘုရားတို့၏ ရှေ့သွားဦးစီး ဂုဏ်ရောင်ညီးသည့်
အကြီးအမှူးကြီးလည်း ဖြစ်တော်မူပေထသော။ ယော
ထေရော = ပဌမကျော် ဓမ္မာစရိယ အာဒိကမ္မိကငြိမ်
သကာ အဋ္ဌကထာပြန်ကျော် ဘွဲ့ထူးတော်ရွှေတံဆိပ်ရ
ဝိသိဋ္ဌနှင့် မဟာဂုဏ်ထူးနှစ်ဖြာပါရှိ အာဒိတပိဋကရေ
ဆဋ္ဌသံဂါယနာ အဖြေရှင် မဟာဗုဒ္ဓဝင် ကျမ်းပြုသည့်
ဓမ္မကထိက သံဃမဟာနာယက ပထမ အကျိုးတော်
ဆောင် ဂုဏ်တော်ရောင်တို့ တပြောင်ပြောင် ထွန်းပ
များပြည်သူ ပူဇော်ရသည့် အဂ္ဂမဟာပဏ္ဍိတ အဘိဓဇ
မဟာရဋ္ဌဂုရု သာသနာပြုအကျော် အကြွင်ကျေးဇူးရှင်
ဓမ္မနာဒဆရာတော်ဘုရားသည်။ မဟာဇနေ = မှောင်ထု
အဝိဇ္ဇာ ပိတ်ဆည်းကာ၍ ကိလေသာဟူ အပူထန်ပြင်း
သတ္တဝါခပင်းတို့ကို။ ဓမ္မသုနာ = နှုတ်ဝယ်ဆောင်မှတ်၊
ပိဋကတ်သုံးသွယ် နိကာယ်ငါးဖြာ ဒေသနာအေးကြည်
တရားဓာည်းဟူသော လင်းရောင်ခြည်ဖြင့်။ ပဟံသောသိ=

သမ္မာဒိဋ္ဌိ ဉာဏ်ရောင်ပြည့်၍ ပီတိ + သောမနဿ သဒ္ဓါ ဓာတ်တို့ မပြတ်သက်ဝင် ကြည်လင်ရွှင်ပျို့ နှစ်မြို့စေ တော်မူခဲ့လေပြီ။ (၀၁) ပဟံသေသိ = သူတော် ဥစ္စာ ရတနာအေးကြည် ဓာတ်ရောင်ခြည်တို့ ကိန်းတည်စိတ် တွင် မပြတ်ယှဉ်ကာ ကြည်လင်ရွှင်လန်း ပီတိလွှမ်းအောင် ဝမ်းမြောက်စေတော်မူခဲ့လေပြီ တကား။

(၂) တမ္ဗမုခဿ သံဃဿ၊
ပသန္နာ ဒီပဂါမိကာ။
ပူဇယိံသု မာသာဒီဟိ၊
စောဒိတာ သုမနေဟိ ယေ။

တမ္ဗမုခဿ=နိကာယ်ဆောင် ထိုထို ပုဂ္ဂိုလ်တို့ ရှေ့ သွား၊ သိက္ခာတော်ဂုဏ် အလွန်ကြီးမားသည့် တိပိဋက ဓရ ဆရာတော်ဘုရား အမှူးရှိသော။ သံဃဿ=ဓမ္မနာဒ တိုက်မှူးသနှင့် တိပိဋက=နိကာယမြတ်ဌာနဝယ် သာသနာ့ လုပ်ငန်း ပရိယတ္တိအတက်တာန်းကို ကြီးပမ်းမွေ့လျော် သံဃာတော်' အရှင်မြတ်များအား။ ပသန္နာ=ပရိယတ် ပဋိပတ် ဂုဏ်အမြတ်ကို သိမှတ်ကောင်းစွာ စေတနာနှင့် သဒ္ဓါပိုမို အလွန်ကြည်ညိုကြကုန်သော။ ယေ=ဒီပဂါမိ ကာ=ပုသိမ်ကြီးနှင့် မတ္တရာနှစ်ဖြာမြို့နယ် မှီကာကူယ်၍ စင်ကြယ်စွာလှ မိမိတို့ကာယဗလဖြင့် အာဇီဝမွေးမြူ စေတနာ ဖွေးဖြူသည့် ကျွန်းသူ ကျွန်းသား အကြင် ဒါယကာ ဒါယိကာမများတို့သည်။ သုမနေဟိ=အသိဉာဏ်ပညာ သဒ္ဓါကိန်းအောင်း စိတ်ကောင်းရှိသူ ပညာရှိ ရှင်လူ တို့သာ။ စောဒိတာ=ကျိုးကြောင်းပြည့်ကွန်း မေတ္တာရေ သွန်းလျက် တိုက်တွန်းနှိုးဆော်အပ်ကုန်သည် ဖြစ်၍။ တမ္ဗ

မုခဿ သံဃဿ=ထို ဓမ္မနာဒ တိပိဋကဓရ ဆရာတော်ဘုရား ကြီးမှူးပြောသည့် ထင်ရှားဂုဏ်ဝါ မျှားသံဃာအား။ မာသာဒိဟိ=ကျွန်ုပ်တို့ ယှဉ်က ချွေးယိုကျအောင် နေ့ညခနားလွန်ကြိုးစား၍ လုပ်အားဖြင့်ရ စင်ကြယ်လှသည့် ဓမ္မိယသဒ္ဓ ပစ္စယအစုစု ပဲစသော ဒါန ဝတ္ထုတို့ဖြင့်။ ပူဇယိံသု၊=မထေရ်မြတ်ဂုဏ်+သံဃဂုဏ်ကို အာရုံမှန်းမျှော် လှူဒါန်းပူဇော်ကြလေကုန်ပြီ။ (ဝါ) ပူဇယိံသု=မဂ်ဖိုလ်နိဗ္ဗာန် စိတ်သန်မျှော်မှန်း သဒ္ဓါလျှမ်း၍ လှူဒါန်းတူပျော် စုပေါင်းပူဇော်ကြလေကုန်ပြီတကား။

(၃) တဿ ဂုဏေ ပသီဒိတွာ၊
တေသံ ဒါနိ ယထာဗလံ။
အနုဝံသံ ပူဇယတံ၊
သာ ပူဇာ ပဉ္စမိံ ဂတာ။

တဿ သံဃဿ=နိကာယ်ဆောင် ထိုထို ပုဂ္ဂိုလ်တို့ရှေ့သွား တိပိဋကဓရ ဆရာတော်ဘုရား ကြီးမှူးပြောသည့် ထင်ရှားဂုဏ်ဝါ ထိုဓမ္မနာဒနှင့် တိပိဋက=နိကာယသံဃာတော် အရှင်မြတ်အပေါင်း၏။ ဂုဏေ=ပရိယတ် ပဋိပတ် နှစ်ရပ်ကုံလုံ အမြတ်ဂုဏ်တို့ကို။ ပသီဒိတွာ=အာရုံယူမှတ် သဒ္ဓါဓာတ်ဖြင့် လေးမြတ်ပိုမို ကြည်ညိုကြကုန်သည် ဖြစ်၍၊ ယထာဗလံ=အသိဉာဏ် သဒ္ဓါ စေတနာနှင့် ဥစ္စာအင်အား မိမိတို့ စွမ်းပကားရှိသလောက်။ အနုဝံသံ=ပုညနိဗဒ္ဓ ဒါနဝတ်ဖြင့် မပြတ်အလျဉ် အမြဲယှဉ်လျက် နှစ်စဉ်နှစ်တိုင်း။ ပူဇယတံ-ပူဇယန္တာနံ=မထေရ်မြတ်ဂုဏ် သံဃဂုဏ်ကို အာရုံမျှော်မှန်း သဒ္ဓါလျှမ်း၍ လှူဒါန်းပူဇော်ကြကုန်သော။ တေသံ=စေတနာသဒ္ဓါ ထက်စွာ

ဖွေးဖြူ ဆန္ဒတူသည့် ထိုကျွန်းသူ ကျွန်းသား ဒါယကာ ဒါယိကာမ အများတို့၏။ ပူဇာ=စုပေါင်းညီမူ ကျွန်းရွာ သူဘို့ ပဲလှူပွဲကြီး ဝှဲချီးခေါ်ဝေါ် ထိုပူဇော်မူသည်၊ ကာဒါ နို ၁၃၄၇-ခု ဥတုဂိမှန် နေလှုံခြည်မြူး အတာကျူးသည့် တန်ခူးစိတြ နှစ်ဦး လ၏ ကဏှာဆုတ်ပက် ၁၃-ရက် ခေါ် မှန်း နှစ်ဆန်း ၁-ရက် လျှမ်းတက်မင်္ဂလာ ယခုအခါ၌။ ပဋ္ဌာ ဂတာ = ဒါနဝတ်တွေ မပြတ်စေဘဲ ရက်တွေ, လတွေ, နှစ်တွေလွန်တောက် ငါးကြိမ်မြောက်သို့ ရောက် ခဲ့လေပြီ။ (ဝါ) ပဋ္ဌမိ ဂတာ = လှူမည်-လှူမည်။ ထို လှူမည်ဟု ရည်ရွယ်မှန်းဆ စိတ်ဇောကြွသည့် ပုဗ္ဗစေတနာ ဆက်ကာ အသစ်အသစ် များစွာဖြစ်လျက် နှစ်လရက် ကြိမ် ပြက္ခဒိန်ဖြင့် အချိန်လွန်မြောက် ငါးကြိမ်တိုင် ရောက် ခဲ့လေပြီ တကား။

(၄) နိဗဒ္ဓပုညံ သုဖလံ၊
ဒါနဒ္ဒယေ ပတိဋ္ဌိတံ။
ထေရပုဗ္ဗမုခသံဃေ+ဒံ၊
သုလဒ္ဓံ တောဟိ မာနုသံ။

တေဟိ=ပုသိမ်ကြီးနှင့် မဏ္ဍလာ မြို့နယ် နှစ်ဖြာဝယ် သမ္မာအာဇီဝ မှုကိစ္စဖြင့် ဇီဝိတာမွေးမြူ စေတနာ ဖွေးဖြူ သည့် ကျွန်းရွာသူ ကျွန်းရွာသား ထိုဒါယကာ ဒါယိ ကာမ အပေါင်းတို့သည်။ ဌာနဒ္ဒယေ=မင်းကွန်း ဓမ္မနာဒ တိုက်မူလနှင့် တိပိဋကာ=နိကာယ ဓမ္မတိုက်ကျောင်း ဌာန နှစ်ခုအပေါင်း၌။ ဝသန္တေ=သိက္ခာသုံးခန်း ကျင့်လမ်း မလပ် အထက်တန်း ပရိယတ်ဖြင့် မပြတ်ရွှင်ပျော် သီတင်း သုံးတော်မူသော။ ထေရပုဗ္ဗမုခသံဃေ=ဘွဲ့ထူးတော်အဖုံဖုံ

သိက္ခာဂုဏ်တို့ ကုံလုံစုံပြည့် တိပိဋကဓရ ဆရာတော် အမှူး
ရှိသည့် ကြီးဘိဂုဏ်ဝါ၊ များသံဃာ၌။ ပတိဋ္ဌိတံ = ရှင်လူ
များစွာ ပေါင်းစုကာလျှင် ဓမ္မာနိဗ္ဗူ ဆုယူစိတ်မှန်း
လှူဒါန်းမပြတ် တည်ထားအပ်သော။ ဣဒံ နိဗန္ဓပုညံ=
နှစ်စဉ်မလပ် ဝတ်ဟည်မှတ်၍ ပြုအပ်ကုန်ကြ နိဗဒ္ဓခေါ်ဆို
ထိုပုည ကုသိုလ်သည်။သုဖလံ=ဩဇာဖွံ့ဖြိုး လယ်မြေမျိုး၌
စိုက်ပျိုးအပ်ကြသော မျိုးစေ့ အလားလျှင် များပြားဖလ
ဝိပါကနှင့် အာနိသံသမဟေ (ဩဇာ) ကောင်းမြတ်
သော အကျိုးရှိလှပါပေသည် တကား။ တေဟိ=နှစ်စဉ်
မပြတ် စုပေါင်းလတ်၍ နိဗဒ္ဓပုည ဒါနကျင့်ဝတ် ယွင်း
မချွတ်အောင် စိတ်ညွတ်လေးမူ ဆောင်ကြသူ ထိုကျွန်း
သူကျွန်းသား ဒါက ဒါကာမ အများတို့သည်။ မာနုသံ=
ဒုလ္လဘ ခေါ်လစ် လူ့အဖြစ်ကို။ သုလဒ္ဓံ=ကောင်းစွာ
မသွေ ရရှိအပ်ခဲ့လေပြီ။ (ဝါ)မာနုသံ သုလဒ္ဓံ=ရောဂါ
မကွယ်၊ လှူဖွယ်ရှိလတ်၊ မြတ်သည့်အလှူခံ၊ လှူရန်မခန်း၊
ရွှင်လန်းစေတနာ ပြည့်စုံရာဟု ကျမ်းလာဖော်ပြ ဒါန
သမ္ပဒါ အင်္ဂါးဖြာနှင့် ကောင်းစွာလောက် ပြည့်စုံကြ
သဖြင့် ဗုဒ္ဓမြတ်စွာ သာသနာ ကြုံခေတ် လူ့အဖြစ်ကို
စင်စစ်မသွေ (ဩဇာ) ကောင်းစွာ ရရှိအပ်ခဲ့ပါပေပြီ
တကား။

## ၁၃၂၀-ခုနှစ်၊ တပေါင်းလဆန်း ၉-ရက်နေ့
## စစ်ကိုင်းခရိုင် ကျောင်းရင်းရွာ
## ပုံတောင်း ဆရာတော်ဘုရား၏

# ဥတုဇ ရုပ်ကလာပ်တော်ချ သံဝေဂ ၄-ဂါထာ

၁။ သီလံ ယဿ မဟီတုလျံ၊
ဓိတိ မေရုသမာ မတိ။
ဝဇီရံဝ ပုံတောင်း ဒါနိ၊
ထေရော မစ္စုဝသံ ဂတော။

ဘော=ပုံယင်မျှားတောင်း အို-ရှင်လူအပေါင်းတို့။ ယဿ ပုံတောင်း ထေရဿ=စကြာပမောင်း မြပဒေါင်း (ပုံတောင်း)သို့-မြေကောင်းကြန်အင်ပြည့်စုံလင်၍ ခေါ် တွင်သမိုက် ပုံတောင်း တိုက် ဝယ် ယာပိုထ်လေးဖော် သိက္ခာတော်ဖြင့် ရှင်ပျော်သာမှီး အကြင် ဆရာတော် ဘုရားကြီး၏။ သီလံ=ပွတ်သစ်ရောင်ဝင်း ခရုသင်း၊ သို့ သန့်ရှင်းစင်ကြယ် ပြစ်မတွယ် သား လေးသွယ်သော ပါရိဒ္ဓိတွင်ခေါ် သီလဘည်းဟူသော ကျေးဇူးတော်မြတ် သည်။ မဟီတုလျံ=ယူဇနာကိန်း နှစ်သိန်းလေးသောင်း ထုခေါင်းသချာ မဟာပထဝီ ဤမြေနှုန်းဆွယ် ပြန့်ကျယ် တော်မူလှပါပေ၏။ ဓိတိ=မလဖြိုင်မ်ရာဝယ် ကောင်းစွာ

ညှိသီး ဆီမီးပုံချိန် တည့်ငြိမ်သော သမာဓိတော်မြတ်သည်။ မေရုသမာ=မဟ္လာဂိုင်ဗဟို တောင်မြင်းမိုရ်နှင့် နှိုင်းဆိုဟူတောင်း ပုံတူညောင်းရအောင် မကောင်းလေးရပ် ကောင်းလေးရပ်ဟု ပေါင်းစပ်ရောပြွံ သော့သော ညံမျှ လောကဝံလေ့ မုန်တိုင်းတွေ့လည်း မယွေ့မယိုင် ကြံ့ခိုင်တော်မူလှုပါပေ၏။ မတိ=လောကဓမ္မ နှစ်ဌာနဝယ် လောက်ငကုံလုံ ချက်ဟိုင်းငုံမိသည့် စွယ်စုံပင်ထွက်ဉာဏ်ရည်စက်သည်။ ဝဇိရံဝ =သိကြားလက်ချိန် စက်ဝရဇိန်သို့ အရှိန်ထန်ပြင်း အ ခင်းခင်းဝယ် ထိုးထွင်းသက်ဝင် သိမြင်လေ့ ရှိပါပေ၏။သော ပုံတောင်းထေရာ=စကြာပမောင်း မြပဒေါင်းသို့ မြေကောင်းကျန်အင်ပြည့်စုံသင်၍ ခေါ်တွင်သမိုက်ပုံတောင်းတိုက်ဝယ် ယာပိုယ်လေးခေါ် သိက္ခာတော်ဖြင့် ရှင်ပျော်သာမှီး ထိုဆရာတော်ဘုရားကြီးသည်။ ဒါနိ ဣဒါနိ=ဂြိုဟ်ကြီးရှစ်လုံးကောဇာသုံး၍ ညှိုးချုံးပူပင် ဇဗ္ဗူခွင်ဝယ် လူရှင်တိုင်းစိ ကိ ညစ် ၁၃ ၂၀ ပြည့်နှစ်၌။မစ္ဆုဝသံ=သေမင်းအ ယုတ်ဂိုလ် သူ အ သို့ သို့။ဂတော=နိုင်ငံတော်အရေး အေးအေးကုန်မှ ပူဆွေးဖို့မကောင်းကံ အကုသိုလ်အကြောင်း ဖန်သဖြင့် ပဒေါင်းစံ မဟာထေ ရ်ဘုရားသည် တပည့်တော်လျစ်လျူထားခဲ့၍ သြ....ကြွသွားလိုက်ပါတော်မူခဲ့လေပြီတကား။

၂။ ယံထာ သံဝဋ္ဋဝါတာသာ၊
မေရု ဝိစုဏ္ဏတံ ဂတော။
ဇေ ထေရော မဟာမေရု၊
မစ္စုဝါတာသ သမ္မုခေ။

သံဝဋ္ဋဝါတဿ=သုဘကိဏှ ဗြဟ္မာသို့ကျအောင် စက္က
ဝါဠေ သိန်းကုဋေကို ကြိတ်ချေတိုက်လှည်း ကမ္ဘာဖျက်
လေကြီး၏။ သမ္မုခေ = မျက်နှာရှေးရှု မူရာအရပ်၌။
ဌိတာ=မတ်မတ်ခိုင်ကျည် တည်လျက်နေသော။ မေရု=
ယုဂန္ဓရာဒိပေါင်း ရှစ်သောင်းလေးထောင် နှစ်ပြန်ဆောင်
သား မြင့်ခေါင်ဇဟို တောင်မြင့်မိုရ်သည်။ ဝိစုဏ္ဏိတံ
ဂစ္ဆတော ယထာ=မှုန့်မှုန့်ညက်ကျေ ပျက်ရလေသကဲ့သို့။
ဧဝံ=ဤမှာမှီးယူ အလားတူသာလျှင်။ မစ္စုဝါတဿ=
ဘုရား ပစ္စေကဗုဒ္ဓါ အရိယာသာဝက သူတို့ကျအောင်
သဗ္ဗာဒါပနေ ဗိုလ်ဗိုလ်ခြေကို ကြိတ်ချေ တိုက် လှည်း
သေမင်းတည်းဟူသော ကမ္ဘာဖျက်လေကြီး၏။ သမ္မုခေ
=မျက်နှာရှေးရှု မူရာအရပ်၌။ ဌိတာ=တပည့်ငန်း
လျား ဒါဘာများ၏ ကိုးစားရာပီ ငါမှန်သည်ဟု နှုတ်ရည်
ဖောက်မြောက် မိန့်ဆိုလတ်သို့ မတ်မတ်ခိုင်ကျည် ကြံ့ကြံ့ တည်
တော်မူသော။ ထေရော = မဟာမေရု မြင့်မိုရ်နှိုင်းဆ
တဂိုဏ်းပြအပ်သည့် သီလ သမာဓိ ပညာ သိက္ခာဂုဏ်
တောင်း စုဆုံပေါင်းသည့် ပုံတောင်းထေရ်မော် တိုင်း
လုံးကျော်သည်။ ဝိစုဏ္ဏိတံ ဂစ္ဆတော = မှုန့်မှုန့်ညက်ကျေ
ပျက်ကြွေတော်မူခဲ့လေပြီတကား။(ဝါ)ဝိစုဏ္ဏိတံ ဂစ္ဆတော
='သဉ္ဆိန္နော ဘဝတိ ကာယော ဒဏ္ဍော သတ္တမုခေန
ဝါ' ဒေသနာအရ သတ္တမုခ ဖြေမင်း နှိပ်စက်လျှင်း
အဖြင့်ဖြင်းခွင့်မလျော် ခါတန်သော်ကြောင့် မျက်နှာ
တော် တမင်တိမ်းပြီးလျှင် တပည့်ရှင် လူခပ်သိမ်းတို့ကို
သြ...အပိမ်းကြီး ဖိမ်းတော်မူလေပြီတကား။

၃။ သက္ကော ဟိ ပုညဝါ ဘန္တေ၊
သသိဿ အဇ္ဈုပေက္ခိယ။

## ဒယိတဗ္ဗဟျ+နုယာသိ၊
## ယံ တွံ သက္ကနိမန္တနံ။

ဘန္တေ=သိကြားနှလုံး ရှင်ကြည်စွာသုံးရာမှ ဖြိုးကနဲ ပျောက်ကွယ် ထေရ်ဘုန်းကြွယ် ဆရာတော်မြတ်ဘုရား။ ဟိ ကာရဏံ အာရောစေမိ=အကြောင်းစေ့ငုံ မှန်ရငုံ၍ ပဒုံစကာ်ခအာက် ကောဝုစ် လျှောက်ပါမည်ဘုရား။ တွံ= ကျေးဇူးတော်သခင် အရှင်ဘုရားသည်။ ဒယိတဗ္ဗဟိ= အနဘောင့်မကြီး အသီးမမာနုသေးစွာသို့ ပညာအားငယ် သနားဖွယ်ဖြစ်ကုန်သော။ သသိခဿ=မိဘနှစ်ဖြာ ဆွေမျိုးစုံ ပစ်ခွာ၍ သာသနာစက် ဤတစ်သက်တွင်ဖြင့် မစွန့်ရက်ပြီနော် ဆရာနှင့်သာ ပျော်မည်ဟု ထံတော်ခိုမှီး ကိုယ်တော်၏ တပည့်အသီးသီးတို့ကို။ အဇ္ဈုပေက္ခိယ=ဖြစ်လိုရာဖြစ် နစ်လိုရာနစ်တော့ဟု လျစ်လျူတော်ရှု ဥပေက္ခာပြုခဲ့၍။ ယံ ယသ္မာ=အကြင့်ကြောင့်။ သက္ကနိမန္တနံ= သုမေ္မာခွင် ဘုံပလ္လင်၌ ပုံယင်များစွာ နတ်ဗြဟ္မာအား ဒေသနာတရား ဟောလှည့်ဘုရားဟု သိကြားမင်းပင့်ရာ နဘ်တို့ရွာသို့။ အနုယာသိ=အရှင်ဘုရား ကြွသွားလိုက်ခဲ့လေပြီဘုရား။ တသ္မာ=ထို့ကြောင့်။ သက္ကော=နတ်တို့သခင်း သိကြားမင်းသည်။ ပုညဝါ= ဘုန်းရှင် ကံရှင် သမ္မာရှင် ပီသပါပေစွ ဘုရား။ (ဝါ) ပုညဝါ=သိကြားနှင့်လူ အားချင်းပြုကြ၍ ပြိုင်တူယှဉ်နွဲ ဤယခု တေရ်လုပ္ပယ် လွဲထွက်မျက်နှာ နတ်တို့ ဘက်သို့ ကိုယ်တော်ပါသဖြင့် ဒေဝိန္ဒာ ကိုဝါသတို့မှာ ထေရိန္ဒာ ထိုဆရာကို ရသော်ကြောင့် သြ...ဘုန်းစကံဗ ကြီးမားကြပါပေကုန်သည် ဘုရား။

၄။ ဝိနောဒယာမ ဘော သောကံ၊
ဓမ္မေန ကိံ ဟိ သောစနံ။
သင်္ခါရာ သဿတာ နတ္ထိ၊
အာကာသမှိ ပဒံ ယထာ။

ဘော=နတ်ရွာဘုံပြောင်း ထေရ်ပုံတောင်း၏ တပည့်ကောင်းဂုဏ်အင် ပြည့်စုံလင်ကြသည့် လူရှင်အမပေါင်း အို-သူတော်ကောင်းတို့။ သောကံ = ဆရာတော့်အရေး အတွင်းကြိတ်ဆွေးရသည့် စိတ်မအေးခြင်းသောကအာဝဝကို။ ဓမ္မေန=ရှင်တော်ဘုရား ဟောဖော်ကြားသည့် တရားမဂ္ဂင် မြိုက်ရေစင်ဖြင့်။ ဝိနောဒယာမ = ဆရာကောင်းတပည့်ပီပီ ယောနိသော မနသိဖြင့် ပြိုင်ညီသံထောက် သံဝေဂလင်္ကာ လျှောက်၍ ပယ်ဖျောက်ကြပါကုန်စို့။ သောစနံ = သုသာန်တစ စွန့်ပစ်ချရမည့် ဥတုဇပေါင်း ဤရုပ်အလောင်းကို စောင်းတစ်လှည့် ငဲ့တစ်ခါ တကယ့်မှာလို တဘာစာငိုကြွေး ပူဆွေးနေရခြင်းသည်။ ကိံ ဟိ=အဘယ်အကျိုး တစ်စိုးမျှ မရှိရိုးကြောင်း မှန်လှပါပေ၏။ အာကာသမှိ=အဇဋ္ဌာပြင် မိုးကောင်းကင်၌။ ပဒံ =လူနတ်ဗြဟ္မာ သုံးဘုံရွာဝယ် သတ္တဝါ တစ်ယောက်ယောက် ချရောက်သွားပါစက်ခြေရာသည်။ နတ္ထိ ယထာ= မရှိကြောင်း စင်စစ်မှန်သကဲ့သို့။ သဿတာ=အခါခပ်သိမ်း မယိမ်းမယိုင် ကြံ့ခိုင်ပကတိ တည်နိုင်စွမ်း ရှိကြသော။ သင်္ခါရာ=ရုပ်နာမ်ဓမ္မ သင်္ခါရဆို၍။ နတ္ထိ=တစ်စိုးတစ်စိ မရှိကြောင်း မှန်လှပါပေကုန်၏။ (ဝါ) သင်္ခါရာ သဿတာ နတ္ထိ=

(အားလုံးလိုက်ဆိုကြရန်ပြေ ကြား၍ရှေ့ ကချပေးပါ၊)

ရုပ်နာမ်နှစ်ဖြာ၊ ငါးခန္ဓာတို့၊
ဖြစ်လာတိုင်းပင်၊ ကွယ်ချုပ်စင်သည့်၊
ဤသင်္ခါရ၊ သဘာဝကား၊
ဌာနနယ်ချုံး၊ တစ်နိဂုံးနှင့်၊
ခေါ်ထုံးဝေါဟာ၊ တစ်မြို့ရွာဝယ်၊
မျက်နှာမဲ့လျှင်း၊ တစ်အိမ်တွင်း၌၊
သင်းသီးသန့်ခြား၊ တစ်ကန့်သားရှ၊
ဖြစ်ပွားလေ့လာ၊ မဟုတ်ပါဘူး၊
ပြဟ္မာလူနတ်၊ ထုတ်ချင်းခပ်အောင်၊
ဥပါဒ်စလျှင်၊ ဌီသို့ဝင်၍၊
ဘင်္ဂက္ခဏာ၊ မရဏာဖြင့်၊
ရွရွလှုပ်လှုပ်၊ တချုပ်ချုပ်လျှင်၊
နာမ်ရုပ် နှစ်မျိုး၊ ဖြစ်တိုင်းညှိုးသည်.......

လမ်းအရိုး အနိစ္စပါတကား၊
လမ်းအရိုး ဒုက္ခပါတကား၊
လမ်းအရိုး အနတ္တပါတကား။

(မရ) ၉-၁၂-၃၂၀။

❀

ကိသာဂေါတမီ သံဝေဂဂါထာ

န ဂါမဓမ္မော နိဂမဿ ဓမ္မော၊
န စာပိယံ ဧကကုလဿ ဓမ္မော။
သဗ္ဗဿ လောကဿ သဒေဝကဿ၊
ဧသေဝ ဓမ္မော ယဒိဒံ အနိစ္စတာ။

ယဒိဒံ ယာ အယံ အနိစ္စတာ=အကြင် ရုပ်,နာမ်, ဓမ္မ,သင်္ခါရတို့၏ တခဏနှင့် ဖြစ်စဲ မမြဲခြင်း သဘော သည်။ အတ္ထိ=ရှိ၏။ အယံ=ဤရုပ်နာမ်ဓမ္မ သင်္ခါရတို့၏ တခဏနှင့် ဖြစ်စဲ မမြဲခြင်း သဘောတရားသည်။ န ဂါမဓမ္မော =တံတိုင်းမရှိ စျေးမရှိ၍ သမုတ်ဝေ ဟာ ရွာဟုပညတ် တစ်ခုသော အရပ်ဝယ် သတ်မှတ်ပိုင်းခြား တစ်ကန့်သား၍ ဖြစ်ပွားသော သဘောမျိုး မဟုတ်ပေ။ န နိဂမဿ ဓမ္မော=တံတိုင်းမစုံ စျေးသာစုံ၍ နိဂုံပညတ် တစ်ခုသော အရပ်ဝယ် သတ်မှတ်ပိုင်းခြား တစ်ကန့်သား ၍ ဖြစ်ပွားသော သဘောမျိုးလည်း မဟုတ်ပေ။ န စာပိ ဧကကုလဿ ဓမ္မော=နိဂုံမြို့ရွာ နေနေရာဝယ် မျက်နှာမဲ့ လျှင်း၊ တစ်အိမ်တွင်းအား၊ ယင်းသီးသန့်ခြား တစ်ကန့် သား၍ ဖြစ်ပွားသော သဘောမျိုးလည်း မဟုတ်ပေ။ (အသ ခေါ=စင်စစ်သော်ကား)။ ဧသော=ဤရုပ်နာမ် ဓမ္မ သင်္ခါရတို့၏ တခဏနှင့် ဖြစ်စဲ မမြဲခြင်း သဘော သည်။ သဒေဝကဿ = နတ်ပြည်ခြောက်ရွာ ဗြဟ္မာ နှစ်ဆယ်ဘုံသား နတ်ဗြဟ္မာများနှင့် တကွသော။ သဗ္ဗဿ =ကြွင်းမဲ့ဥဿုံ အလုံးစုံသော သတ္တလောကကြီး၏။ဧသဓမ္မော =မဆန်ပြင်းသော မကင်းသာသည့် ဓမ္မတာမျိုး တရား လမ်းရိုးကြီးပါပေတည်း။

## အထက်ပါ ဂါထာ၏ ဆောင်ပုဒ်လင်္ကာ

ရုပ်နာမ်နှစ်ဖြာ၊ ငါးခန္ဓာတို့၊ ဖြစ်လာတိုင်းပင်၊ ကွယ်ချုပ်ဝင်သည့်၊ ဤသင်္ခါရ၊ သဘာဝကား၊ ဌာနနယ်ချုံး၊ တစ်နိဂုံးနှင့်၊ ခေါ်ထုံးဝေါဟာ၊ တစ် မြို့ရွာဝယ်၊ မျက်နှာမဲ့လျှင်း၊ တစ်အိမ်တွင်း၌၊ သန်း

သိီးသန့်ခြား၊ တစ်ကန့်သား၍၊ ဖြစ်ပွားလေ့လာ၊ မဟုတ်ပါဘူး၊ ပြဟ္မာလူနတ်၊ ထုတ်ချင်းခတ်အောင်၊ ဥပါဒ်စလျှင်၊ ဌီသို့ ဝင်၍၊ ဘင်္ဂကြာ၊ မရလာဖြင့်၊ ရှရှလှုပ်လှုပ်၊ တချုပ်ချုပ်လျှင်၊ နာမ်ရုပ်နှစ်မျိုး၊ ဖြစ်တိုင်းညှိုးသည်၊........

အရိုး အနိစ္စပါတကား၊
အရိုး ဒုက္ခပါတကား၊
အရိုး အနတ္တပါတကား။

ဟောတိ စေဆွ၊ ရှင်းတေးထပ်

ရုပ်နှင့် နာမ် မြင်သမျှ၊ သင်္ခါတဟူသည်၊
ဘင်ခလာသူမှီလျှင်၊ မြူနည်ပင် မငဲ့။
ရေမြှုပ်နှင့် ရေပွက်ပမာလို၊
ကျေပျက်ကာ ပြန်းလို့စင်ပဲ့။
သို့သဘော သူ့အနေမှာ၊ ဥပဒေဇာခဲ့။
လူ့မြေမှာ အာလာခဲ့မဟဲ့လို့၊ တစ်ရွာတဲ့ပျက်စေ။
တစ်မြို့သာ တစ်သိရ်နဲ့သေဘ်ကြောင့်၊
တစ်အိမ်ထဲ ပြုန်းရမလေ။
ဤကဲ့သို့ မမှတ်ချေတယ်၊
နတ်တွေပါ ပြဟ္မာကျအောင်ပ၊
သဘာဝ အနိစ္စတာ၊ စိတ်ချမကွာ။
ဘိဇ္ဇန ဓမ္မတာကို၊
မဆန်သာ ပြီဘူးပလေး။ ။

(၁၃၂၁-ခု)

၁၃၂၇-ခုနှစ်၊ သီတင်းကျွတ် လဆုတ် ၈-ရက်နေ့
ပုံနှိပ်တော်မူသော မန္တလေးမြို့ တောင်ပြင်
ဒက္ခိဏာရာမဘုရားကြီးတိုက်
အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ စာချအကျော်
သာသနဇောတိကာရုံကျောင်း ဆရာတော်
အရှင်နာဒရမထေရ်၏ ရပ်ကလာဒ်ပ်
ထိန်းဖြူတော်ဖွင့် အခမ်းအနားထွင်
ဆရာတော် အရှင် ဝိစိတ္တသာရာဘိဝံသ သည်
ဓရေးနည်းရေးဟန်တဖြာဖြင့် ရေးသားတော်မူသော
သံခေပဝဏ္ဏနာ မဟာထေရုပတ္တိကထာ
ထောမနာ စာတမ်း

။သိဒ္ဓိမ်။

ရာဇိန္ဒ်တကာတို့၏ မဟာစက္ကဝတ္တာဓိပတိ တြိဘဝန တုလဓမ္မရာဇာ သမ္ဘာရဂုဏ် ထွန်းလျှံညီသော မုနိသင်း ကျွစ် ဘုရားသဗ္ဗညု ဓမ္မရာဇ်သည် သက္ကရာဇ်မဟာ တစ်ရာ သုံးခု ရတုဗသန္တ ပဌမအကြို ကဆုန်လပြည့် နေ့ဝယ် မြေမင်္ဂလာ ဓသဉ်အပရာဇ္ဈ ငါးဖြာသောမာရ် တွင်းပရန် ကို တွန်းလှန်ဖြိုခွင်း ဗောဓိပလ္လင်္ကယ ဓမ္မခုနစ်ရပ် အောင် တပ်မတော်ဖြန့်ခင်း၍ ခုနစ်သင်းသော ဗောဇ္ဈင် ခေါ်

မှတ်ဘွင်သား မယှဉ်နှုန်းသာ အမြတ်ရတနာတို့နှင့်တကွ သဗ္ဗညုတ ဉာဏဥက္ကဋ္ဌ အထွတ်တပ်သော အရဟတ္တဖိုလ် ထီးဖြူကို သူမတူနိုင် စိုးပိုင်ရွှန်းတင့် သွန်းသွန်းဖွင့်လျက် ဘုံသုံးဆင့်ခရိုင်အလုံးပယ် မင်းဆုံးတမွတ် မဟာစက္ကဝတ် အဘွတ်တိုင်မြောက် ရောက်တော်မူခဲ့၍ လေးဆယ့်ငါး ဝါ ကာလကြာအောင် သတ္တဝါပိုလ်ခြေ များဝေနေကို အောင်မြေသာခေါင် နိရော်သောင်သို့ ပို့ဆောင်ကယ်မ ကျွတ်ဆုငှ၍ အဝသိဋ္ဌ နှောင်းကျန်ဝေနေ-ယျတတွေတို့ မျက်ခြေမပျောက် ကိုယ်တော့်နေ့ဇက်မှ ကောက်ကောက် လိုက်ပါ စိမ့်သောငှာလျှင် ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်း လေးထောင် မြားမြောင်ကိုယ်စား ဖြစ်စေသား ဟု တရားအစု ထားခဲ့ပြုမှ အနုပါဒိသေသ အမတပိမာန် ဝေဇယန်ဟု နေရဗာန်ကွန်းပြောက် ဆောက်တော်မူ လတ်သတည်း။

တြိလောက အတုလဓမ္မရာဇာ မဟာစက္ကဝတ် လောက နတ်လျှင် ပြည်မြတ်ခေမင် အနုပါဒိသေသ အဇေတရိပ် ခွင် စိုးစံဝင်က အရှင်မဟာကဿပ သံဃိန္ဒလျှင် ပထမ သံဂါယနာတင် ပွဲကြီးယင်တော်မူသည်မှ အာဒိစ၍ မဇ္ဈိမတိုင် သီဟိုဠ်မြန်မာ သာသနာဝံသ ထွန်းထိန်ပလျက် ပဉ္စမသံဂါယနာတင် ဘဝရှင် မင်းတုန်းမင်းတရားနှင့် သားတော် မာရ်အောင်ရတနာ စေတီတော်ဒါယကာ သီပေါမင်းတရားလက်ထက်တိုင် အပြိုင်နေလ ထွန်းထိန် ပ၍သို့ ဓမ္မဝိနယာ သာသနာနေဝန်း သရေရွှန်း၍ ဝဝထွန်းတောက်ပြောင်ဆဲ အခါ....

မဟာမောဂ္ဂလိပုတ္တတိဿအလျှာ မိုးဗြဟ္မာကဲ့သို့ မိစ္ဆာ ရန်ဒလှုံး သာသနာ့အညစ်အကြေးကို ဆေးကြောသုတ်

သင် မြူမထင် မှောင်စင်စေလိုသော ဟေဗ္ဗာသယဖြင့် သာသနဝုဒ္ဓိကာရ ပဌမ သံဂါယနာတင် သဘင်ဦးစီး အမှူးကြီး ဥက္ကဋ္ဌ ဒက္ခိဏာရာမ အဓိဝါသီ မဟာဂဏိ ထေရ်သံဃိန္ဒ ဇာဂရာဘိဝံသ တိပိဋကဓရ+မဟာရာဇာဓိ ရာဇဂုရု သွန်းထုခပ်နှိပ် မင်းလူ့ကြိပ်ဟု တံဆိပ်တော်မြတ် ပေါင်းရိပ်ဖြင့် မှတ်အပ်သော မြတ်မဟာထေရ် သဟဿ ရံသီ ဖန်ခြည်နေဝန်း မစ္ဆေတာင်သို့ ယွန်းပြီးနောက် ငွေဝန်းဖြူလွ ဟိမရံသီ စန်းရောင်ခြည်ဖြင့် သသိဘုံမြတ် ယုန်ပြာသာဒ်သည် ဧသာကာဓာတ်စက္ကာ ရှေ့မျက် နှာမှ ခါမလင့်မီ တင့်တင့်စီလျက် ဥဒည်ထွက်ပြူလာ သည့်အခါ ဘုရားမြတ်စွာ သာသနာနှစ် ၂၄၃၂၊ ကောဇာ သက္ကရာဇ် ၁၂၅၀-ပြည့်နှစ်၊ ဝါဆိုလပြည့်ကျော် ၁-ရက် စနေနေ့တွင် လောကလွှဲ့သနင်ဂုံ ကိုယ်လုံး ထုံသျှက်ငါးပုံသီသ နိစ္စမချုတ် သူတော်ဝတ်ဖြင့် ဖြူဆွတ် ကျင့်ဂုဏ်ထက်သန်းကျင် ပြည့်စုံသော ရဟန္တာပုံမန္တလေး ရွှေမြို့တော် အရှေ့ပြင် မင်္ဂလာဥယျာဉ်တော် ရပ်ကွက် ဘိသက္ကဝိဇ္ဇာ မြန်မာသမားတော်ကြီး အဘ ဦးအောင် သာ၊ အမိ ဒေါ်ပုံတို့မှ မကြုံဥပါဒ် မကပ်အန္တရာယ် ရန် မျိုးပယ်လျက် သပ္ပာယ်လှစွာ ကျင့်သိက္ခာဖြင့် ဓမ္မာသန ပလ္လင်မှ လှမ်းကြွသည် ဓမ္မကထိက အရှင်ကဲ့သို့ သန့် စင် ဖွားမြောက်မှု တည်းဟူသော ဥဘတော သုဇာတ အာဘိဇ ကျေးဇူးဂုဏ်နှင့် ပြည့်စုံစွာ ထသော....။

ဗောဓိဖူးညှောက် ရွယ်တော် မရောက်သော် ထွန်း တောက်ကမ္ဘာ ဤနေရာ၌ သာသနာပြု ဗဟုပကာရ ပုဂ္ဂလဝိသိဋ္ဌ ဖြစ်မည်တိတ်ကို နိမိတ်ပြသွယ် သိစိမ့်ရွယ် သကဲ့သို့ သူငယ်ဘာဝ ဆိုကာလ၌ ဒက္ခိဏာရာမ ကျောင်း

တိုက်တော်အနီး ဖြင်ပည်းများကြွယ် ထက်အောက်နယ်မှ ရောင်းဝယ်ဖောက်ကား ကုန်သည်များ တို့ အသွား အလာ စည်ကားစွာလျက် မဟာပဒေ္ဒလိပုတ် ပြည်ပုရုတ်ကဲ့သို့ ကုန်ထုတ်ဖြေရာ ဤနေရာဟု ကြေငြာခြိမ့်သံ ရောင်းသူဝယ်သူ ထိုထိုလူတို့ ပေးယူသံ ညံ့မစဲသော ရှမ်းပွဲခေါ်မှတ် ရွှေဘုန်းရှိန် ထိုအရပ်၌ စန်းနှစ်ကွန့်ကြွယ် အနပေါင်းဝိုင်းရံသကဲ့သို့ ဆွေပုံမျိုးလယ် မညီ့းငယ်ဘဲ သုံးဖွယ်ပြည့်နှက် ပြုစုသူ ကျူနှယ်ယှက်ကြ၍ တစ်လက်မှ တစ်လက်ဝင် တစ်ရပ်ခွင်မှ တစ်ရပ်ခွင်သို့ ပြောင်းရွှင်ကူးသွား ထူးတခြားပင် ကြီးပွားလာရခြင်း တည်းဟူသော သုခေခိတ-သုခပရိဘတဂုဏ်နှင့်လည်း ပြည့်စုံစွာထသော....။

ကျောင်းသားသူငယ် အရွယ်တော်မြောက် ရောက်သောအခါ ဒက္ခိဏာရာမ ဘုရားကြီးကျောင်းတိုက်အတွင်း ပင်းသာကျောင်းနေ အရှင်တေဇောဘိဝံသ ရာဇအပူဇော်ခံ မထေရ်မြတ်အထံ၌ အခြေခံမူလ ကဏ္ဍမာလာ +သိက္ခာမည္ဒရိ ခေါ်တွင်ညီသည့် ထို့ ကြ အသီးသီး သင်ပုန်းကြီးအစ မင်္ဂလသုတ်မြတ် အဇ္ဈတ္တဗဟိရ တွင်းပအောင်ခြင်း ရွှေချိုင့်စာရင်း ရတနာ မဟာနမက္ကာရ ဤသို့စသည့် ပါဒကျမ်းဂန် အတန်တန်တို့ကို မြန်မြန်လည်း သင်ကြား များများလည်း သင်ယူ သူမတူသော လုံ့လဖြင့် သင်ယူပြီးသမျှလည်း မမေ့ပျောက် ပညာပုံ့ပျူး သူငယ်ထူးဟု အံ့စမူးဂုဏ်ရည်မြောက်ခဲ့၍ နောက်အချိန်ခါ ဒက္ခိဏာရာမာဓိပတိ ပဏ္ဍိတမဟာ ထိုပင်းသာကျောင်း ဆရာတော် အရှင်ခန္တိဝရ မဟာထေရ်မြတ် စက်ရိပ်ဝယ် သာဝိတ္တိအဖွဲ့ နှစ်ဆယ့်လေးသွယ် စလှူယ်

တော် သိုင်းခြုံ မဟာသရဏဂုံနှင့်တကွ ဆယ်ပုံသီလ နိစ္စ မြဲထွေ သာမဏေကဘုံရောက် ချီးမြှောက်တော်မူချက်အရ ရှင်နာရဒ သာမဏေဟူ၍ ဂဟိတနာမဓေယျ ဘွဲ့မည်ကို လက်ခံ ထိုဥပဇ္ဈာယ် မထေရ်မြတ် အထံ၌ နိဿယမပြတ် တပည့်ဝတ်ဖြင့် ပိဋကတ်အခြေခံ ကျမ်းဂန်အထူးထူးတို့ ကို ဆည်းပူးလေ့လာ ရိုသေစွာ သင်ကြားခြင်း တည်း ဟူသော သက္ကစ္စသိပ္ပုဂ္ဂဟဏ ဂုဏ်နှင့်လည်း ပြည့်စုံစွာ **ထသော**....။

ပုဏ္ဏဝီသတိဝဿ အသက်အရွယ် နှစ်ဆယ်သို့ ရောက် ကာလဝယ် မူလ ဥပဇ္ဈာယ်ဆရာ သာသနာ့တန်ဆောင် ထေရ်ဘုန်းတောက်တို့ ချီးမြှောက်သမှု ကျေးဇူးပြုသဖြင့် ဥပသမ္ပဒဇာတ် မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိ၍ တိပိဋက သာဋ္ဌကထာ သဋီကာကို ရတနာပုံမန္တလေး ရွှေမြို့တော် တောင်ပြင်ဝယ် ပဘက်ရ နေအဆောင် ဆောင် ထွန်းပသကဲ့သို့ သာသနာ့ ကျက်သရေဆောင် ထိပ်ခေါင်တင်ချည်း ဖြစ်တော်မူကြသည့်

(က) ဒက္ခိဏာရာမ ဘုရားကြီးတိုက်၊ စတုတ္ထ နာယက ဆရာတော် ဘဒ္ဒန္တ အာစာရထေရ်

(ခ) ဘဒ္ဒန္တသုဇာတာဘိဝံသ ဘွဲ့ရအကျော် ဆရာ တော် ဦးရန်ကုန်မထေရ်

(ဂ) ညောင်ကန် တိုက်အုပ် ဆရာတော် ဘဒ္ဒန္တ ကုန္ဒာဘိဝံသထေရ်

(ဃ) သံဃသမ္မတ မိုးထား သာသနာ့ပိုင် ဆရာ တော်

## (င) ရွှေကျောင်းတိုက် နာယက အရှင်အာဒိစ္စရံသီ ဘွဲ့ထူးခံရသော ဆရာတော် ဦးကြည်

ဆရာတော်မထေရ်မြတ်တို့ထံ နိယံကပ်ဆည်း ကျင့်သိပ်သည်းလျက် ညှို့ဖွဲ့ညည်းမွေ့မွေ့ တရွေ့ရွေ့လျှင် တစ်နေ့တသူး ကျေးဇူးခဲ့တွင် သင်သင်အံ့အံ့ ကြံကြံကြည့်ကြည့် ပညာကိုဖြည့်သဖြင့် ရေပြည့်သည့်အိုး ပုံတစ်မျိုးမူ အိပ်နိုးတင်ခတ် တုံ့ဆပ်မေးဖြေ ခွန်းတိုင်း ချေနိုင်သည့် အခြေမြင့်ကြွယ် သမုဒ်ပြင်နှယ် အသိဉာဏ်ကြွယ်ရကား ဆယ်ဝါအရ ထေရစာရင်း ဝင်စကပင် စာချသဘင် ပွဲကြီး ယင်ခဲ့သဖြင့် လေးပြင်ဌာန စာတော်ပို့ချသော သံဃာ့ထေရ်+ များကြွယ်တို့အလယ်၌ သောကြာကြယ် အသား သာသနာဝယ် ကျေးဇူးများ၍ ထင်ရှားကျော်စောခြင်း တည်းဟူသော ဒဟာရကာလဇတာ ပဘုတိ ကိတ္တိဃသ ပတ္တဋ္ဌ ကျေးဇူးဂုဏ်နှင့်လည်း ပြည့်စုံစွာ ထသော။

ရဟန်းသိက္ခာ ဆယ်ဝါအရ ထိုမှစ၍ ဇီဝပိုင်းခြား ခုနစ်ဆယ့်ငါး သိက္ခာအားဖြင့် ငါးပါးစွန်းထယ် ဝါငါးဆယ်တိုင် နေ့ဝယ်နေ့လျောက် ညဥ့်ရောက်ညဥ့်တာ မလင့်ပါအောင် စာတော်ပို့ချ တည့်မတ်သော ဝိနိစ္ဆယနှင့်တကွ ကာလချိန်မှန် ပရိယတ္တိတာဝန်ကိုအားသွန်ကြိုးပမ်း ထမ်းဆောင်တော်မူခြင်း၊ စာပေမှတပါး အခြားသော လောကီမှုတို့ကို ဂရုမမူ လျစ်လျူတော်ရှု စတုပစ္စယ အာမိသဥ္စလည်း ရသမျှနှင့်သာ မျှတတော်မူ တကျော်ပူပင် မြူမတင်ဟု လူရှင်တို့မှတ်ယူကြလျက် အေးသည်ပူသည် လေးသည် ပေါ့သည် ပျော့သည် မာသည်

ထိုဤစကားမပြောကြားမရှိ အရိယိဒ္ဓိပဋေ အဆာမကျွယ် မွေးမြူလွယ်၍ ငယ်စဉ်ကာလ ထိုခါကပင် အစပြုကာ သောမှဟာဒယာကြည်သာသော စိတ်နှလုံးရှိသည်ဖြစ်၍ မိမိကိုသူတစ်ပါး အပြစ်တင် ပြောကြားသည်ကိုလည်း လားလားမျှ အမျက်မမူ၊ သူ၏အပြစ်ကိုလည်း မမျှော်ငံ့၊ နူးညံ့သိမ်မွေ့သော စကားကိုသာ ပြောကြားတော်မူလေ့ရှိခြင်းတည်းဟူသော ပရိယတ္တိဓုရန္တရလောကာ- မိသာနုပေက္ခ စတုပစ္စယသန္တောသ သုဘရတာအဓိဝါ သနခန္တိ ပရဝဏ္ဏာ နာနုပယိဂုဏ်တို့နှင့် တကွ သဏှ သခိလသမ္မာသဂုဏ်နှင့်လည်း ပြည့်စုံစွာထသော-

ဖော်ပြရာပါ ဟေတုသမ္ပဒါ များစွာသော ဂုဏ်ကျေးဇူးတို့နှင့်တကွ၊ သီလမြေထု မေရုသမာဓိန် ဝရဇိန်ပညာ လင်းလင်းဖြာသောကြောင့် ၁၃၁၃ ခုနှစ်တွင် ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ၏ 'အဂ္ဂမဟာပဏ္ဍိတ' ဘွဲ့တံဆိပ်တော်၊ နိုင်ငံတော် ဝိနည်းဓိုရ် ဘွဲ့ပုံတော်၊ ဆဋ္ဌသံဂါယနာ ဩဝါဒ သောဓက ဘွဲ့ပုံတော် တို့နှင့်တကွ ဝိုင်အမ်ဘီအေ အသင်းမှတစ်ဆင့် ဘီအိုစီ ဒါယကာ ဦးမောင်ကြီးက သာသနုပကာရ သံဃာ့ကျေးဇူးရှင် ထေရ်သခင်တို့အား တမင်ဝိသေသ ရွေးချယ်၍ လှူအပ်သော အလှူဒါနနှင့်တကွ ပရိယတ္တိ သာသနဟိတ မည်လျှင်း ထိုအသင်း၏ လေးသင်းပစ္စယ လှူဒါနကို နိဗဒ္ဓခံယူရခြင်း တည်းဟူသော ပူညမဟတ္တတာ ဖလ သမ္ပဒါ ကျေးဇူးဂုဏ်နှင့်လည်း ပြည့်စုံစွာထသော-။

သက်တော် ခုနှစ်ဆယ့်ငါး တိုင်လတ်ငြားသော် ရှည်လျားကာလ ပရိယတ္တိ သာသနာ့ဝန်ကို အားသွန်ထမ်း

တော်မူခဲ့ရသဖြင့် ကရဇကာယပင်ပန်း အားတော်နွမ်း၍ မကျန်းမမာ ဖြစ်လတ်ခါ၌ ဆရာဝန်နှင့်တပည့်များက စာပေကို ရပ်နားရန် တောင်းပန်လျှောက်ထားကြ၍ တရားနှလုံး ကျင့်သုံးတော်မူကာ သုံးနှစ်ကြာ ကာလ ဝါသဓုရတာဝန်ကို အားသွန် ကျင့်ဆောင်တော်မူခြင်း တည်းဟူသော အတ္တဟိတ ပဋိပတ္တိ ဂတိဝိသောဓက အပ္ပမာဒ ကျေးဇူးတော် ဂုဏ်နှင့်လည်း ပြည့်စုံစွာ ထသော....

သံခေပေန အကျဉ်းချုပ် ဖော်ပြသည့် ဂုဏ်များဖြင့် ကျေးဇူးရှင် ဖြစ်တော်မူသော မန္တလေးမြို့ တောင်ပြင် ဒက္ခိဏာရာမ ဘုရားကြီးတိုက် သာသန ဇောတိကာရုံ အုတ်ကျောင်း၌ ကိန်းအောင်း မွေ့လျော် နေစံပျော် သော ဆရာတော်ဦးနာရဒ 'အဂ္ဂမဟာပဏ္ဍိတ' သံဃ ပိတာ ထေရ်မဟာသည်

ဒဟရာစ စ မဟန္တာ စ၊
ယေ ဗာလာ ယေ စ ပဏ္ဍိတာ။
သဗ္ဗေ မစ္စုဝသံ ယန္တိ၊
သဗ္ဗေ မစ္စုပရာယနာ။

ပညာရှိသူ မရှိသူဟု ကြီးသူငယ်သူ ဘယ်မဟူဘဲ ဝိုလ်လူခပင်း ထိုတသင်းကား သေမင်းနိုင်ငံ လိုက်ရမှန်ဟု-

မမွကြွန်ကသိုဏ်း လာရှိတိုင်းပင်သက်ပိုင်း ခုနစ်ဆယ့် ရှစ် ရောက်လစ်သောခါ ကောဇာသက္ကရာဇ် ၁၃၂၇-ခု၊

သီတင်းကျွတ်လပြည့်ကျော် ၈-ရက်နေ့ မွန်းလွဲ ၂-နာရီ ၁၅-မိနစ် အချိန်တွင် ခန္ဓာအိမ် ကရဇ ကိုယ်ကာယကို ကမ္မဇဥသ္မာ တစ်ဖြာဝိညာဏ ဇီဝိတဟု ဓမ္မသုံးပါး စွန့်တန့်နှားသဖြင့် များစွာသော တပည့်သံဃာ ဒါယကာတို့ကို ဥပေက္ခာပြု လျစ်လျူရှုဘိသို့ ကိတ္တိယသသ ဂုဏ်တော်သတင်း ကျော်စောခြင်းမျှ အကြွင်းရသည်၏ အဖြစ်သို့ စင်စစ် ရောက်တော်မူလတ်သတည်း။

မဟာပုဏ္ဏမိ ယုန်စန္ဒီသို့ ဂုဏ်ရည်လျှံပြည့် စံကဝိဟု ပဏ္ဍိဘသခင် ဘွဲ့ထူးနှင်အပ်သော အရှင်နာရဒ မြတ်ထေရ၏ ဥတုဇသမုတ် ကြွင်းကျန်သော ရုပ်ကလာပ်ကို 'ပုထုဇ္ဇနသီလဝန္တော ပန ပရိနိဗ္ဗုတဘိက္ခုနော ဝိဿ မဟန္တမ္ပိ သက္ကာရံ ကာတုံ ဝဋ္ဋတိယေဝ' အံ၊ ၄၊ ၂၊ ၁၉၅-လာ ပကိဏ္ဏကဒေသနာ အဋ္ဌကထာ မိန့်မှာချက်နှင့် လိုက်ဖက်ညီထွေ သမသတ် ညီစေလျက် ပဝေဏီ ဖန်ပျိုး ပူဇော်ရိုးအစဉ်အလာ စကြာမန္ဓာတ်မင်းတို့၏ ပူဇော်ခြင်း အနှုန်းကဲ့သို့ ဘုန်းကံသခင် အရှင်တို့သာ ကျင်းပမြဲဓမ္မတာဖြင့် ဗြဟ္မာသိကြား နတ်လေးပါး တို့ ခမ်းနားစုံလင် ခြိမ့်ခြိမ့်ယင်လျက် ကျည်း ရှင်သွန်းမြင့် ဖြူဝန်း တင့်အောင် ထွန်းပွင့်ပူဇော်ရာ ကောဇာ သက္ကရာဇ် ၁၃၂၇-ခုနှစ် နတ်တော်လဆန်း ၅-ရက်နေ့ ထီးဖြူတော်ဖွင့် အခမ်းအနားသဘင်ခါ၀ယ် ပူဇာရဟ မြတ်ထေရ၏ အဏ္ဏဝနှုန်းတု ဂုဏ်တော်စုမှ ဥပလက္ခဏ နည်းညွှန်ပြလျက် သံခေပကထာ ထေရုပ္ပတ္တိ ဝဏ္ဏနာ ဘွဲ့ညွှန်း ဤစာပန်းဖြင့် တိပိဋကဓိုရ် ထေရ်ပုဂ္ဂိုလ်ကျော် ကြည်သို့ခေါင်းမြတ် ပူဇော်အပ်သည်ကို နတ်နတ်တကာ

ဗြဟ္မာဟ္မာနှင့် ကြွလာညီမူ ရှင်ရှင်လူတို့ ကြည်ဖြူနှုတ်ခွန်း ဗြဟ္မာမဟာဂ္ဂုတ် ဘဝဂ်လှူပ်အောင် လက်ခုပ်သံအောင် ပတ္ထနာဆုဖြင့် အောင်သာစု ညွှန်းတော်မူကြပါစေသတည်း။

**တိပိဋကဓရ အရှင်ဝိစိတ္တသာရာဘိဝံသမထေရ်**
**ရေးသားဖွဲ့ဆိုပူဇော်ပါသည်။**

❀

ဘဝနတ်ထံ ပြန်လွန်တော်မူသော
မန္တလေးမြို့ ဒက္ခိဏာရာမတိုက်
သာသန ဇောတိကာရုံ အုတ်ကျောင်း
အဂ္ဂမဟာပဏ္ဍိတဆရာတော် ဦးနာရဒအတွက်

# ဂုဏာနုဿရဏ ညည်းချင်းဂါထာပါဠိ အနက်

နာရဒေါ ဒက္ခိဏာရာမ-
ဓဇဘူတော ဒယာပရော။
ထေရော ဒိဝံဂတော ဟိတွာ၊
ဟာ ဟာ နော အပ္ပပုညတာ။

ကာ ဖျ မာ လာ　　　　ဆီ=နိ❀၇၅၁

ဒယာပရော=ဒိဋ္ဌာ.ဒိဋ္ဌ အနန္တမျာ:စွာ သတ္တဝါအား ဒယာပြဋ္ဌာန်းက ရုဏာ ရေအလျဉ်စမ်းကို သွန်းဖြန်းတော်မူလေ ့ ရှိထသော။ ဒက္ခိဏာဇရာမဇေဘူတော=ဒက္ခိဏာရုံ ရွှေဘုံသမိုက် မြတ်ကျောင်းတိုက်၏ ထူစိုက်ရောင်လျှံ စာ သဘင်အောင်ပွဲခံသည့် အောင်လံတံခွန်ကြီးသဖွယ်လည်း ဖြစ်တော်မူထသော။ နာရဒေဝါ ထေရော=‘အဂ္ဂပဏ္ဍိတ’ ဒေါင်းပုံနှိပ်သား ဂုဏ်သိဿရ သဟာဿရုံသီ ဖန်ခြည်ဝေ ရှန်း နေစက်ဝန်းသဖွယ် ဖြစ်တော်မူသော အရှင် နာရဒ မဟာထေရ်မြတ်သည်၊ နော=ကြွန္ဒုရိပ်ပျံ့ လဝိမာန်ကို ဝန်းရံပတ်လှည့် ကြယ်တာရီလျှင် တပည့်များစွာ တို့သူငါ ကို။ ဟိတ္တာ=‘အပ္ပမာဒေန ဓနေရစ်ကြ’ဟု မိန့်ဟ ညွှန်း ဆွယ် ခွန်းမချယ်ဘဲ စွန့်ပယ်လျစ်လျူ ရှုတော်မူ၍။ ဒိဝံ ဂတော = သိကြားပင်ချက် တားသင့်လျက်နှင့် မမြွက် သံခြေ ဆိတ်ထိုတ်နေ၍ ဝေဟင်စခန်းနတ်ဘုံနန်းသို့ ကုန်ဝ မြန်းစာရီ ကြွချီတော်မူခဲ့လေပြီ-။ နော=တပည့် များ စွာ တို့သူငါ၏ ။ အပ္ပပုညတာ=ကိုးကွယ်ရာမဲ့ ဘုန်းကံ နွံ့သူ၏ အဖြစ်သည်။ ဟာ ဟာ=တွေးလေ တွေးလေ ဆွေးမပြေဘဲ ဝေးမြေကွဲရောက် ထေရ်ဘုန်းတော်ကြောင့် ညှိုးခြောက်စိတ်ငယ် ဟင်း-ဟင်း- ပင်ပန်း နွမ်း နယ်လှ၏ တကား-။

အရှင်ဝိစိတ္တသာရာဘိဝံသ၏
ပဋိဘာနကဂါထာပိုဒ် ဖြစ်သည်။

✿

၁၃၃၅-ခုနှစ်
ဘဝနတ်ထံ ပြန်လွန်တော်မူသော
မန္တလေးခရိုင် မတ္တရာမြို့နယ်၊ သုံးဆယ်ပေးရွာ
ရွာလယ်ကျောင်းကြီး၏ နာယက
သာသနဓဇ သိရိပဝရ ဓမ္မာစရိယ
အရှင်ကုဉ္စနာမထေရ်၏ အန္တိမဈာပနသာဓုကီဠန
ပူဇာသဘင်၌ ရွတ်ဆိုပူဇော်အပ်သော

**အဋ္ဌုပ္ပတ္တိသံကိဏ္ဏသံဝေဂ ဂါထာများ**

**နမော တဿ ဘဂဝတော အရဟတော**
**သမ္မာသမ္ဗုဒ္ဓဿ**

**သာဓုကီဠန အခမ်းအနားဖွင့်**

## ဓမ္မဂီတိ ဂါထာ

ကီဠိတုံ သာဓုကီဠာယ၊
ဂုဏသံဝေဂ ဂီတိယာ။
သမဂ္ဂါ သန္နိသိန္နာမှ၊
တံ သုဏာထ သမာဂတာ။

သာဓေဝါ=သာဓုကီဠနသံဝေဂဟု ဓမ္မသဘင် တရား
ဝင်ကို ယှင်မည်နှလုံး စိတ်ဝယ်သုံး၍ စုရုံးညီညာ ရောက်
ဆိုက်လာသား သမ္မာဝါဒ ကလျာဏ တည့် မိတ္တ
အနုပါင်း အို-သူတော်ကောင်းတို့။ မယံ = ဗြဟ္မစာရိ
အဌင်္ဂီဖြင့် ယှဉ်မှီမမွေ့ လျော် နေ့နေ့ပျော်သား သူတော်
စင်သမုတ် အကျွန်ုပ်တို့သည်။ ဂုဏသံဝေဂကိတိယာ =
အရှင်ကြွန္ဒက ဘွဲ့ရကျော်ထင် နတ်ရွာပျော် မထေရ်အရှင်၏
ဂုဏ်အင်ကျေးဇူး အထူးထူးနှင့် ပုံ့ပျူးဉာဏ သံဝေဂကို
ဓမ္မဂီတာ ဂါဂါထာဖြင့် သာယာနှုတ်ချို ဖွင့်ဆိုကျူးရင့်
ခြင်းတည်းဟူသော။ သာဓုကီဠာယ=ဘုရားဇိနော် လက်
ထက်တော်က သူတော်စင်များ ကဲ့အလားလျှင် တရား
ရှုမြော် သံဝေဂအပူဇော်ဖြင့်။ ကီဠိတုံ=ကစားသီ တီးမှု
ပိဘ်(ဗိဘ်)မပြုဘဲ သာဓုကီဠန ဈာပနကိုသဘာဝပေါ်
လွင် ဆင်ယင်ကြခြင်းငှာ။ သမဂ္ဂါ=ကိုယ်စိတ်နှစ်လီ သွေ
မဖိဘဲ သမဂ္ဂီဒွေး ညီညွတ်စွာပေးကြလျက်။ သန္နိသိန္နာ မှ=
မောက်သာကုန်သူ ရှင်ရှင်လူတို့ ဖြောင့်ဖြူသဒ္ဓါ စေ
တနာနှင့် ပညာသံဝေဂ ဩတ္တပ္ပကို ရစေရွယ်ချောင်း
ဆန္ဒကောင်းဖြင့် စုပေါင်းညီမူမိကြပါကုန်ပြီ။သာဝေဝါ
=နှလုံးပျော့ပျောင်း အို-သူတော်ကောင်းတို့။ သမာ
ဂတာ = စုဝေးရောက်လာ စေတနာနှင့် သဒ္ဓါကိန်း
အောင်း သင်သူတော်ကောင်းတို့သည်။ တံ=ထိုသာဓု
ကီဠန သံဝေဂဟု ဓမ္မသဘင် ကျင်းပပုံ အစီအရင်ကို။
သုဏာထ=သဒ္ဓါရေ့သွား ပညာနားဖြင့် နာကြား ကြပါ
ကုန်လော့။ (၀၁)သုဏာထ=ဘုရားဇိနော် လက်ထက်
တော်က သူတော်များထု ရှင်လူစုတို့ သာဓုကီဠနသဘင်
ကျုံ့ဆင်ဟု မျက်မြင်ထောက်ဆ အတိတ်ကို သဘောကျ

အောင် သံဝေဂ ရှေ့ဆောင်ကာ နိဗ္ဗာန ဖြစ်စိမ့်ငှာဟု သဒ္ဓါရှေ့သွား ပညာနားဖြင့် မှတ်သားနာယူကြပါကုန်လော့။

(၁) ဃရန္တရာရာမဝါသီ၊
ထေရော ယော လဒ္ဓလဍ္ဍနော။
ဓမ္မာစရိယောတိ သာသန-
ဓဇော ဃ သီရိဥတ္တမော။

ဃရန္တရာရာမဝါသီ=စိမ်းစိမ်းစိုစို မအူပျို့တို့ အမှုကို ဟန့်ထား သုံးဆယ်ပေးဟု ထင်ရှားသည့် ဓားမြသာ ယာသော ရွာကြီး၏အလယ် အဆောင်ပေါင်း ငါးသွယ် သွယ်ဘို့ဖြင့် ဟင့်တယ်ဝင့်ကြွား တံခွန်အလားလျှင် ထင်ရှားတော်မူပေထသော။ ယော ထေရော=အရှင် ကူန္ဒကနာမဘွဲ့ချီ အကြင်မထေရ်သည်။ သာသနဓဇော=သာသနာဝယ် ဂုဏ်အသွယ်ဖြင့် တင့်တယ်ဝင့်ကြွား တံခွန်အလားလျှင် ထင်ရှားတော်မူပေထသော။ သီရိဥတ္တမော =တက်သစ်နေဝန်း ထွန်းသစ်စ လကဲ့သို့ ပပလက်ဝေ မြတ်သော ကျက်သရေနှင့် ပြည့်စုံတော်မူပေထသော ဓမ္မာစရိယ မထေရ်ဟူ၍။ (ဝါ) သာသနဓဇော သီရိ ဥတ္တမော ဓမ္မာစရိယောတိ=သာသနဓဇသီရိပဝရ ဓမ္မာစရိယမထေရ်ဟူ၍။ လဒ္ဓလဍ္ဍနော=မင်းလှူဘွဲ့လိပ် ရအပ် သော တံဆိပ်ရှိတော်မူပါပေ၏။ (ဝါ) လဒ္ဓလဍ္ဍနော= မဟာအကျော် စာတော်ချ အတန်း အထက်စခန်း၌ ပြဋ္ဌာန်းသည့် ကျမ်းအဆူဆူ ဂုဏ်ထူးနှင့်တကွ အောင် တော်မူသဖြင့် ကြည်ဖြူမလေးမြတ် ဘွဲ့တံဆိပ်တော် ဆက် ကပ်ပြီးလျှင် ဦးညွတ်ကော်ရော် မင်းမြတ်ပူဇော် အရေး

ရပ်ထောင်ပေါ် ခြေတော်စင်တော်ကောက်သည့်ဆရာတော် ပါပေဘုရား။

(၂) ဥဇုဘူတော စ သော ထေရော၊
ဘူတဝါဒီ သုဇေတသကော။
သန္တိန္ဒြိယော ဝိဟတော စ၊
သံဝိဘာဂီ ပရက္ကမီ။

**သော ထေရော**=သုံးဆယ်ပေး ရွာလယ်ကျောင်းကြီး၏ **နာယက** ဓမ္မာစရိယဘွဲ့တော်ချီ ထိုအရှင် ကူကြ မထေရ်သည်။ **ဥဇုဘူတော စ**=ကွေ့ကောက် လှည့်ပတ် ရဟန်းတော်မြတ်တို့နှင့် မထိုက်တန် နှစ်ရပ်သော ကာယကံ၊ ဝစီကံဘို့ တစ်ဆံခြည်မျှပင်မပေါ်ထင်သဖြင့် ဖြူစင် သန့်ရှင်း ဖြောင့်စင်းသော ဥဇုဘူတ ပုဂ္ဂိုလ်မြတ်လည်း ဖြစ်တော်မူပါပေ၏။ **ဘူတဝါဒီ** စ=ပျားသကာလို **နား** မှာချိုသည့် အပိုစကား မလိုလားဘဲ ပြတ်သားရှင်းရှင်း **ဟုတ်မှန်ရာ** ပွင့်လင်းစွာ ဘွင်းဘွင်းကြီး မိန့်ဆိုတော် မူတတ်သည့် ဘူတဝါဒီပုဂ္ဂိုလ်မြတ်လည်း ဖြစ်တော်မူပါ ပေ၏။ **သုဇေတသကော** စ=အရပ်ဒေသတွေ **အစုံလှည့်** ကျန်းဂန်တွေ အဖုံဖုံကြည့်လျက် သတိရှေ့သွား အချိန်ပို **ကိုယ်တော်မထား**ဘဲ အအားမနေ ဒေသန္တရ ဂန္ထန္တရ **ဗဟုသုတ** အထွေထွေကိုလည်း ရှာဖွေ ဆည်းပူးတော် မူတတ်ပါပေ၏။ သန္တိန္ဒြိယော စ=ယာပိုထ်လေးဖြာ မူ **အရာနှင့်** မျက်နှာတော်ထား ထိုထို သူတို့ **လေးစား** လောက်အောင် ခန့်ညားကည်ငြိမ် သိရ်သရေပြည့် ...ခြေသည်း ရှိတော်မူပါပေ၏။ ဝိဟတော စ=မယိမ်း ...သိုင်း တုရိုက်တိုင်သို့ မြဲခိုင်...ည့်မဟ် ကြည်ညိုဖွယ်ရာ

လွန်မြင့်မြတ်သည့် စိတ်ဓာတ်လည်း ရှိတော်မူပါပေ၏။ သံဝဘာဂီ စ=ပစ္စည်းလေးတွေ ရရှိပေက မစွဲအညစ်မျှေးမရစ်ဘဲ နှစ်သက်ကြည်ဖြူ ရက်ရက်ရောရော ခွဲဝေလှူဒါန်းလေ့လည်း ရှိတော်မူပေ၏။ ပရက္ကမီ စ=တစ်ဆင့်ထက်တစ်ဆင့် မြင့်ထက်မြင့်ဖို့ သင့်တင့်လျော်ကန် အဖိုးတန်သည့် လုံ့လဝီရိယလည်း ရှိတော်မူပါပေ၏။ (ဝါ) ပရက္ကမီ စ=ယောကျ်ားတခွန် လူရည်ချွန်တို့ ရည်သန်မျှော်မှန်း ဆိုက်ရောက်ကြသည့် အထက်စခန်းသို့ တက်လှမ်းတော်မူ အောင်ပန်းကို ကိုယ်တော်ယူလျက် ဤဇမ္ဗူခေါင် နတ်ဘုံအမြင့်တွင် တလူလူ အောင်လံလွင့်ရအောင် တစ်ဆင့်ကစ်ဆင့် အဆင့်ဆင့် တက်ချီ မြင့်မြင့်မြင့်သထက်မြင့်ပြီး အောင်လံကို ကိုယ်တော်ချီ၊ သြော်.... ဇွဲကောင်းလှသည့်မဟာအကျော် မထေရ်ပါဘုရား။

(၃) ဂရုဂါရဝယုတ္တော သော၊
မာနီတဗ္ဗော စ မာမကော။
ဝတ္တာညူ ကာလဝိညူ စ၊
သီလဋ္ဌ ပရိပူရကော။

သော ထေရော=ဖြောင့်ဖြောင့်ကြီးပြုလုပ်ဟုတ်သည့် အတိုင်းမိန့်ဆို ဒကာဒကာမတို့ လွန်ကြည်ညိုသည့် ထိုဥဇုဘူတ ဘူတဝါဒီ အရှင်ကုဏ္ဍက မထေရ်သည်။ ဂရုဂါရဝယုတ္တော စ=ကျေးဇူးတော်အစု တောင်မြင်းမိုရ်မရပင် မတုသာ မယှဉ်နိုင် မပြိုင်သာ မနှိုင်းအပ် ကျေးဇူးတော်ရှင် ဆရာမြတ်တို့နှင့်တကွ ရိုသေအပ် ရိုသေထိုက်ခသော ပုဂ္ဂိုလ် များထိုထိုတို့ကို ရိုသေလေးစားခြင်းတည်းဟူသော ဂရုဂါရဝဂုဏ်နှင့်လည်း ပြည့်စုံတော်

မှုပါပေ၏။ မာနိတာ‌ဧဝ စ မာမကော = မြတ်နိုးသင့် မြတ်နိုးအပ် ကျေးဇူးရှင် ဆရာမြတ်တို့နှင့်တကွ ဂုဏ်သကတ်အားလျော်လွန် သီလဝန္တစသော ပုဂ္ဂိုလ်မွန်တို့ကို လွန်စွာလည်း မြတ်နိုးတော်မူပါပေ၏။ ဝတ္တညူ စ=ဤကား ဆရာ ဤကား ဖ-မိ အစရှိသဖြင့် မာနိတဗ္ဗပုဂ္ဂိုလ်များထိုထို၌ ပုဂ္ဂိုလ်အလိုက် ပြုရန်ထိုက်သော ဝတ်ကိုလည်း မချွတ်ပုံသေ သိတော်မူပါပေ၏။ ကာလညူ စ= ကာလအလိုက် ပြုရန်ထိုက်သည့်လိုက်ဖက်ညီညာ အမှုကိစ္စအဖြာဖြာကိုလည်း ကောင်းစွာ ခွဲဝေ သိရှိတော်မူပါပေ၏။ သီလဉ္စ=ရဟန်းတော်ဆိုခင် လဇ္ဇီသူမွန် ထေရ်အရှင်တို့ ထာဝစဉ်ဖြည့်ရ စတုပါရိသုဒ္ဓိသီလကိုလည်း။ ပရိပူရကော=ဖြည့်ကျင့်တော်မူပါပေ၏။ (၁၁)သီလဉ္စ ပရိပူရကော=ပါတိမောက္ခသံဝရ ဣန္ဒြိယသံဝရ ပစ္စယသန္နိဿိတ အာဇီဝတွင်မည်သည့် လေးလီသောသီလ ပြည်နိဗ္ဗာန် လမ်းမကိုလည်း သုတ်သင်တစေ ဖြည့်ကျင့်တော်မူပါမေ သည်ဘုရား။

(၄) သိဿာနံ ဟိတကာမော စ၊
ကိစ္စာနိ စ ဝိဓာယကော။
အာမိပဓေ္မန ပဂ္ဂဏှာ သော၊
ဒွိသု ဌာနေသု ကောဝိဒေါ။

သော ထေရော=သာသနဓဇ သိရိပဝရ ဓမ္မာစရိယ ဘွဲ့ရကျော်ထင် အရှင်ဣန္ဒကမည်သော ထို အကျွန်ုပ်တို့၏ အရှင်သည်။ သိဿာနံ = ကျောင်းသား ကျောင်းသူ ရဟန်း သာမဏေဟူသော တပည့်သားမြေးတို့၏။ ဟိတကာမော စ = ပညာတတ်မြောက် အထက်တန်းရောက်

ဆောင် ချီးမြှောက်လိုသောဆန္ဒ လွန်ပြင်းပြသည့် ဟိတ ကာမပုဂ္ဂိုလ်သည်း ဖြစ်တော်မူပါပေ၏။ (ဝါ) ဟိတ-ကာမ ပုဂ္ဂိုလ်ဖြစ်တော်မူသောကြောင့် လည်းကောင်း။ ကိစ္စာနိ=ပေါလာ မျှ ကိစ္စကြီးငယ် အသွယ်သွယ်တို့ကို။ ဝိမာယကော စ=အရာဌာန ခါသမယနှင့် ကိစ္စအလိုက် ထိုက်ရာဝေဖန် ပြီးပြေအောင်လည်း စီမံတော်မူတတ်ပါ ပေ၏။ (ဝါ) ပြီးပြေအောင် စီမံတော်မူတတ်သော ကြောင့် လည်းကောင်း။ ဒွိသု ဌာနေသု=လောကနှင့် သာသနာ ဤနှစ်ဖြာဒွန်ဒွေး ပညာရေးနှင့် စပ်သော အရာဌာနတို့၌။ ကောဝိဒေါ စ=လိမ္မာကျွမ်းကျင် စွယ်စုံ မြင်သည့် ထေရ်အရှင်လည်း ဖြစ်တော်မူပ ပေ၏။ (ဝါ) စွယ်စုံမြင်သည့် ထေရ်အရှင် ဖြစ်တော်မူသောကြောင့် လည်းကောင်း။ အာဓိပစ္စေန=သုံးဆယ်ပေး ရွာအလယ် ကျောင်းကြီး၏ နာယက ပဓာန ဦးသျှောင် တာဝန် ဆောင် ဆရာတော်အဖြစ်နှင့်။ ပတ္တော=သင့်မြတ်လျော် ကန့်ထိုက်တန်တော် မူလှပါပေ၏။ (ဝါ) အာဓိပစ္စေန ပတ္တော=ဒကာဒကာမ ရွာဌာနတို့ ပပကျက်သရေ တက် သစ်နေသို့ လက်ဝေစုံဟင့် တာဂုဏ်မြင့်အောင် မြှင့်နိုင် တင်နိုင် ရှေ့ဆောင်နိုင်သဖြင့် ဦးသျှောင်ကိုင် ပဓာန နာယက ဆရာတော်တစ်ဆူ ဧသြော်...ဖြစ်ထိုက်တော်မူလှ ပါပေသည် ဘုရား။

(၅) မည လက္ခဏာ သမ္ပန္နော၊
ကောဟိ ဇာတော သုဓေမိတော။
သက္ကာရာဇေ ကာလေ ကမ္ပို၊
သုနက္ခတ္တေ သုမင်္ဂလေ။

ဧရည လက္ခဏာသမ္ပန္နေ=ဘုန်းရောင်ကာံရောင် သမ္ဘာရောင်တို့ ထွန်းပြောင်ကွန့်မြူး ကောင်းမြတ်သော လက္ခဏာထူးတို့နှင့် ပြည့်စုံတော်မူသော။ သော ဧယရော=သမ၁ဓိဂုဏ်ရည် ထုံဝသီကြောင့် တန့်တည်မက်မတ်စိတ်ဓာတ်တော်ခိုင်ကျည် ထိုအရှင် ဣန္ဒကမဧယရ်သည်။ ကေဟိ မာဘာရေဟိ=ဘယ်ရပ်ဌာနီ ဘယ်အမည် ရှိကြသည့် အဓိအဖဘိုမှ။ သုနက္ခတ္တေ=အာကာသနန်းခွင် ဂြိုဟ်ဝမ်းပြင်ဝယ် သန့်စင်သောနက္ခတ် ကောင်းမြတ်သော ဂြိုဟ်မင်းတို့ ဘဝင်းဝင်းကထိန်ထိန် ထွန်းပစံပယ်ချိန်ဖြစ်သော။ သုမင်္ဂလေ=အောင်းကျိုးအရိပ် နိမိတ်မှန်စွာ အောင် မြက်သော မင်္ဂလာရှိသော။ ကမှိ ဿက္ကရာဇေ=လူဘို့ဝေါ်ဟာ ကောဇာသက္ကရာဇ် အဘယ်မှနစ်၌။ ကမှိ ကာလေ=ဘယ်ရက်ဘယ်လ ဘယ်အချိန် ခါသမယ၌။ ဇာတော=မိ ရှုးသန့်စင် ဖွားမြင်တော်မူခဲ့ပါသနည်း။ ကေဟိ=အသက်ဘမျှ ချစ်ခင်ကြလျက် ယုယကြည်ဖြူ အဘယ်သူတို့သည်။ သုခေဓိတော=ချမ်းချမ်းသာသာ ကြီးပွားစေအပ်ခဲ့ပါသနည်း။ (ဝါ)သုခေဓိတော=တယုတယ ခါးမခအောင် ဖေးမဝိုင်းကူ သူသူငါ ချော့မြူချီပွေ့လို့ အရေးယူ အအေးအပူ မြူမှုမတွေ့အောင် ချမ်းမြေ့သာယာ စောင့်ရှောက် ကြီးပွားစေအပ်ခဲ့ပါသနည်း။

(၆) ပဒုဂါမေ အာဝသန္တိ၊
ဦးခိုင်-မဒေါ်ပုတိနာမကာ။
သဒ္ဓါ ဧယမ္ပတိ သန္တာ၊
သမ္မာဇီဝေန ဇီဝိကာ။

သဒ္ဒါ=ရတနာသုံးစုံ ကျေးဇူးဂုဏ်ကို ကြည်ညိုလေး စား သဒ္ဒါတရား ရှိကြကုန်သော။ သန္တာ=ဆယ်ဒုစရိုက် အမှုမိုက်ကို မလိုက်မစား ရှောင်ရှားဖယ်ကြဉ် သူတော် စင် ဖြစ်ကြကုန်သော။ သမ္မာဇီဝေန ဇီဝိကာ=စိုက်ပျိုး ရောင်း၀ယ် သူတော်နွယ်တို့ ပြုဖွယ်စဉ်ရိုး ကောင်းမြတ် သော အသက်မွေး ခြင်း မျိုး ဖြင့် ဘေးတိုးသက်ဆင်း အသက်မွေးခြင်း ရှိကြကုန်သော။ ဦး ခိုင်-ဒေါ်ပုတိ နာမကာ=ဦးကြီးခိုင်-ဒေါ်ဒေါ်ပုဟု မျှားလူထုကြည်ညို ခေါ်ဆိုအပ်သောအမည် ရှိကြကုန်သော။ ဇယမ္ပတီ=ပါ ရမီရှင့် စာဂီတင့်သည့် ကျင့်ဝတ်လောကင် ဇနီးမောင်နှံ တို့သည်။ ပဒုဂါမေ=ဘိုးတော်စံခန်း အဝန်းမှ ကြမြန်း ရွှေဘိုနေညိုညိုတွင် ဗိုလ်ခြေဝန်းပတ် စခန်းရပ် ကန်း ယောက်ရာပဒုရွာကြီး၌။ အာဝသန္တိ=နေထိုင်ကြကုန်၏။ (ဝါ)အာဝသန္တိ=ပဉ္စသီ ဝတ်ထည်လှကို ဆင်သကာ ဒါန ပန်းမတွန့်နှင့် တင့်ဆန်းဝေ ဘာယာ ဖကုန်လှုက် ဘာဝနာ နံ့သာသပြီးလျှင် ယာပထမျှခိုင် အမြဲပင် နေ ထိုင်ကြလေကုန်သတည်း။

(၄) တေဟိ ဇာတော သုခေဓိတော၊
ဒွိသတေက သဟာဿကေ။
ဒွါသီတိယာ မိဂေ ဝဇ္ဈေ၊
ဆဋ္ဌမေ ကာဠတဒ္ဒကေ။

သော ယောရော=သုံးဆယ်ဖေးရွာလယ်ကျောင်းကြီး ၏ နာယက သာသနဓဇ သိရိပဝရ ဓမ္မာစရိယဘွဲ့တော်ချီ လို အရှင်ကုန္ဒကမထေရ်သည်။ တေဟိ ဇယမ္ပတီဟိ=ဦး ကြီးခိုင်-ဒေါ်ဒေါ်ပုဟု မျှားလူထုခေါ်ဆို အကြည်ညိုခံ

ထိုသူတော်စင်ဇနီးမောင်နှံတို့မှ။ ဒွိသတေက သဟာယ
ဓုက ဒွါသီတိယာ ဓိကေ ဝဿေ=လူတို့ဝေါဟာ ကော
ဇာ သက္ကရာဇ် တစ်ထောင့်နှစ်ရာရှစ်ဆယ့်နှစ်ခုနှစ်၌။ ဆဋ္ဌ
မေ ကာဠဋ္ဌဘဒ္ဒကေ = ကောင်းမြတ်သောမင်္ဂလာ အခါ
ကြုံမတွေ့ ထော်သလင်းလပြည့်ကျော် ၆-ရက် တနင်္ဂနွေနေ့
၌။ ဇာတော=သုံးယောက်မြောက် ထွန်းပေါ် အတိ
ဇာတ သားတော်ဖြစ်ပါပေ၏။ တေဟိ ဇယမ္ပတီဟိ=
ဦးကြီးခိုင်-ဒေါ်ဒေါ်ပုဟူ များလူထုခေါ်ဆို အကြည်
ညိုခံ သူတော်စင် ဇနီးမောင်နှံတို့သည်။ သုခေဓိ
တော=ချမ်းချမ်းသာသာ ကြီးပွားစေအပ်ခဲ့ပါ၏။(ဝါ)
တေဟိ သုခေဓိတော=ဦးကြီးခိုင်ဒေါ်ဒေါ်ပု ပတ်ဝန်း
ကျင် ဆွေညာစုတို့ တယုတယ ဘေးမခအောင် ဖေးမ
ဝိုင်းကူ သူသူငါ ချော့မြှူချီကာပွေ့လို့ အရေးယူ
အငအားအုပ္ပူ မြူမှုမတွေ့အောင် ချမ်းမြေ့သာယာ
ဖောင့်ရှောက် ကြီးပွားစေအပ်ခဲ့ပါသတည်း။

(ဂ) ကတမေ တဿ အာစေရာ၊
ကုမ္ဘကာရသရိက္ခကာ။
သဒါ နုကမ္ပကာ ထေရာ၊
မေတ္တာယ ကရုဏာယ စ။

တဿ ထေရဿ=တစ်ဆင့်ထက်တစ်ဆင့် မြင့်ထက်မြင့်
ဖို့ သင့်တင့်မလျော်ကန် ထက်သန်သော လုံ့လဝီရိယ ခိုင်
ကျည် ထိုအရှင် ကျွန္တကမထေရ်၏။ ကုမ္ဘကာရ သရိက္ခ
ကာ=ချော့တစ်ခါချောက်တစ်လှည့် အခြေအနေကြည့်၍
တပည့်ကို ပြုပြင် တတ်မြောက်အောင် သွန်သင်လျက်
ထားဝစဉ် အရေးယူ- အိုးထိန်းသည်နှင့် တူတော်မူကုန်

သော။ မေတ္တာယ စ၊ အကျိုးစီးပွား လိုလားသော မေတ္တာဖြင့် လည်းကောင်း။ ကရုဏာယ စ=သနားကြင်နာ ကရုဏာဖြင့် လည်းကောင်း။ သဒ္ဒါနုကမ္ပကာ=ခပ်သိမ်းကာလ မြဲနိစ္စလျှင် စောင့်မကြည့်ရှုဂရုပြုတော်မူကုန်သော။ အာစေရာ=ကျေးဇူးတော်ရှင် ဆရာသခင်တို့သည်။ ကတမေ ထေရာ=အဘယ်မထေရ်တို့ပါပေနည်း။ (ဝါ) ကတမေ ထေရာ=ဘယ်စရိုက် ဘယ်အစို့ ဘယ်မြို့နယ်ဝင်ပါ ဘယ်ရပ်ရွာဒေသ အဘယ်မည်သော ဝိဟာရဌ် ယာပထ လေးဘော်.... သာ မျှ ကာ စံပျော် အဘယ်မထေရ်ကျော်တို့ပါပေနည်း။

(၉) အသုခကာ စ မဟာထေရော၊
သိက္ခာကာမေသု ပေသလော။
ဇေဠ္ဌသိယော အပ္ပိစ္ဆော စ၊
မဟာဠှာသယဝဏ္ဏာဝါ။
သုံးဆယ်ပေးတီ သမညမှိ၊
ဝိဟာမရေ ဝိဟာရန္တိ ယော။

သိက္ခာကာမော=အဓိသီလ အဓိစိတ္တ အဓိပညာ သုံးသိက္ခာကို လွန်စွာတောင့်တ ဆန္ဒထက်သန် ကျင့်ကြံတော်မူခပထသော။ သုပေသလော=စမရိသား မြီးဖျားခုံမင်ပုံအသွင်သို့ ချစ်ခင်လေးမြတ် နှစ်သက်အပ်သော သီလလည်း ရှိတော်မူပေထသော။ အယျကော မဟာထေရာ စ=အရှင်ကဿပမထေရ်၏ အဖိုးတော်စပ် မထေရ်မြတ် သည် လည်းကောင်း။ ဇေဌသိယော= ထိုအဖိုးထေရ်မဟာ၏ ယာလက်ရုံးစံမှီး အပည့်ကြီး ဖြစ်တော်မူသော။ အပ္ပိစ္ဆော စ=ပစ္စည်းကိုလည်း မခုံမင် ဂုဏ်ထင်

အောင်လည်း မဝင့်ကြွား၊ အပ္ပိစ္ဆတာ ကျေးဇူးတရားနှင့် ထူးခြားလောက်လုံ ပြည့်လည်း ပြည့်စုံတော် မူပေထသော။ မဟာဗုဒ္ဓါသယဝဏ္ဏာဝါ စ=ဘုရားအကြိုက် တရားအမြိုက်ကိုသာ အားစိုက်ကာ ဓမ္မပီတိ အရသာဖြင့် အခါခပ်သိမ်း ချမ်းငြိမ်းမွေ့လျော် မနှစ်ပျော်လိုသည့် ကုသိုလ်တော်ဆန္ဒ မဟာဗုဒ္ဓါသယ ကျေးဇူးဂုဏ်နှင့်လည်း ပြည့်စုံတော်မူပေထသော။ မဟာထေရော စ = အရှင်အာစိဏ္ဏာဘိ ဘွဲ့တော်ညီသား လက်ရှိထင်ပေါ် သုံးဆယ်ပေး ကျောင်းကြီးဆရာတော်သည် လည်းကောင်း။ ယေ ထေရော=အဖိုးနှင့် အဖအရာ၊ နေနှင့်လ ပုံပမာ သိက္ခာကြီးမား အကြင်ဆရာတော်မထေရ် နှစ်ပါးတို့သည်။ သုံးဆယ်ပေးတိုက်သမည်မှ ဝိဟာရေ=တိုင်ပေါင်းအရာ ဓဆောင်များစွာဖြင့် မဟာဝိဟာရ နာမတွဲချီး သုံးဆယ်ပေးရွာရှေ့ ကျောင်းကြီး၌။ ဝိဟရန္တိ=ယာပထရွှင်ပြုံး သီတင်းသုံး နေထိုင်တော်မူကြပေကုန်၏။ (၀၇) ဝိဟရန္တိ=သိက္ခာသုံးခန်း ကိုယ်တိုင်လည်း ဖြည့်စွမ်းကြသည့်ပြင် တပည့်တပန်း ရဟန်းသံဃာ ဒါယကာတို့ကို သာသနာ အသိမနှေးစေဖို့ အခါခါသတိပေးလျက် ဣရိလေးယာပထတို့ဖြင့် သာမျှကာရွှင်ပျော် သီတင်းသုံး နေထိုင်တော်မူကြလေကုန်သတည်း။

(၁၀) ဒီဃဒဿီဟိ ထေရေဟိ၊
ဒွိဟိတေဟျ နုကမ္ပိတော။
ဇာတိယာ သတ္တဝဿမှာ၊
အာဂဉ္ဆိ သော ပရံပရံ။

ဒီဃဒဿိဟိ = ဇာတ်သူတော်ရှယ် ဤသူငယ်ကား ဘုန်းကြွယ်မြွက်ဟ စက်ခမ္မနှင့် မိဖဆရာ တို့များစွာ၏ မင်္ဂလာကျက်သရေ ထွန်းပဝေအောင် ဆောင်ပေလိမ့် မဝေး မှန်ဘိသေးဟု ရှေ့ရေးကို အရှည်မြင် လူကဲခတ် ကျွမ်း ကျင်တော်မူကြကုန်သော ။ ဧတဟိ ဒွိဟိ ထေရေဟိ= နေ့လနှုန်းလျှော် ထိုအာရာဟော်မထေရ်နှစ်ပါးတို့သည်။ ဇာတိယာ=မီးရှူးသန့်စင် ဖွားမြင်ရာအချိန်ကာလအား ဖြင့်။ သတ္တဝဿမှာ = ခုနစ်နှစ်သားအရွယ် လူမမယ် ကလေးဘဝမှ။ (ပဘုတိ=အစပြု၍)။ အနုကမ္ပိတော= စားဝတ်နေရေး ပညာရေးတို့အတွက် အားပေးချီး မြှောက် မေတ္တာနှင့် ကရုဏာ စုံနှစ်ဖြာပံ့ဖထောက် စောင့် ရှောက်အပ်သည်ဖြစ်၍။ သော ထေရော=အရှင်ကုန္ဒက ဘွဲ့ရကျော်ထင် ထို အကျွန်ုပ်တို့၏ ထေရ်အရှင်သည်။ ပရံ ပရံ=လောကီမှာလည်း တစ်ဆင့်ထက်တစ်ဆင့်၊ သာသနာမှာလည်း တင့်ထက်တင့်လျက် မြင့်မြတ်သည့်စခန်း အထက်နန်းသို့။ အဂ္ဂံ=ဆိုက်ရောက်တော် မူခဲ့လေပြီ။ (၀၁)ပရံ ပရံ အဂ္ဂံ=လောက ဓမ္မ နှစ်ဌာနဝယ် ပပဂုဏ် မြင့်စွယ်စုံတင့်အောင် အဆင့်ဆင့်လှမ်း၍ ဓမ္မာစရိယာ အထက်တန်းတိုင် တက်လှမ်းတော် မူနိုင် ခဲ့ ပါ ပေ သတည်း။

(၁၁) ဣတိမေ တဿ ထေရဿ၊
စတုပစ္စယဒါယကာ။
သဒ္ဓါသီလေန သမ္ပန္နာ၊
သုမနာ ကုသလာရတာ။

သဒ္ဓါ=ရတနာသုံးစုံ ကျေးဇူးဂုဏ်ကို ကြည်ယုံလေးစား သဒ္ဓါတရား ရှိကြကုန်သော။ သီလေန သမ္ပန္နာ=သီလရတနာ ဆင်တန်ဆာနှင့် ကောင်းစွာပြည့်စုံ လုံလောက်ကြကုန်သော။ သုမနာ=နှုးညွှံ့ပျော့ပျောင်း စိတ်နှလုံးကောင်း ရှိကြကုန်သော။ ကုသလာရတာ=ကုသိုလ်မှု၌ နှစ်ခြိုက်ခမွေ့ လျော်ပျော်ပိုက်ကြကုန်သော။ ကတမေဒါယကာ=ဘယ်ရပ်ဒေသ ဘယ်ဌာနဝယ် ဒါနကို အခြေပြု သီလမှုလည်းမကွေကွာ ဘာဝနာကိုလည်း နေ့စဉ်ရှုကြသည့် ဥပါသက ဥပါသိကာ အဘယ်ဒါယကာတို့သည်။ တယ ထေရဿ=သုံးဆယ်ပေး ရွာလယ်ကျောင်းကြီး၏ နာယက သာသနဓဇ သိရိပဝရ ဓမ္မာစရိယဘွဲ့တော်ချီ ထိုအရှင်ကြွန္ဒာ မထေရ်၏။ စတုပစ္စယ ဒါယကာ = ပစ္စည်းလေးခန်း ဒကာတို့ ဖြစ်ပါသနည်း။ (၁၁) စတုပစ္စယဒါယကာ=ပစ္စည်းလေးခန်းတို့အရှင်မပမ်းအောင် ဝမ်းမြောက်ဝမ်းသာ သဒ္ဓါဇော ထက်သန်စွာဖြင့် စေတနာ ဖေဖြာလန်းပြီးလျှင် တရွှန်းရွှန်းစိုပြေ လှူဒါန်းကြသည့် ဒကာ ဒကာမတို့ပါပေနည်း။

(၁၂) သုံးဆယ်ပေးတိ သမညမို၊
ဦးပွဲ-ဒေါ်သင့်တိ နာမကာ။
ဒမ္ပတိ ဦးဖိန့်-ဒေါ်သန်းတိ၊
ဒွေ ကုလေ တယ ဒါယကာ။

သုံးဆယ်ပေးတိ သမညမို=လောကအရေး ဓမ္မရေးဝယ် ရှေ့ပြေးစံပြ သုံးဆယ်ပေး ရွာဒေသ၌။ သဒ္ဓါ သီလေန သမ္ပန္နာ=သဒ္ဓါပြည့်စုံ သီလဂုဏ်လည်း ကုံလုံကြွယ်ဝကြကုန်သော။ သုမနာ ကုသလာရတာ=နှုးညွှံ့

ပျော့ပျောင်း မေတ္တာ စသည်နှင့် ယှဉ်သော စိတ်ကောင်းတို့ ကိန်းအောင်းမှီခို ကုသိုလ်အမှု၌ နှစ်ခြိုက် လွန်ပျော်ပိုက်ကြကုန်သော။ ဦးပွဲ - ဒေါ်သင့်တိနာမကာ = ဦးပွဲ-ဒေါ်သင့်ဟု သတင်းလျှံ ပထမ ပဋ္ဌင်းခံကြသည့် ရဟန်းဒကာ ရဟန်းအမတို့သည် လည်းကောင်း။ ဦးဖိန့်+ဒေါ်သန်းတို ဒမ္ပတိ = ဒုတိယမြောက်ပဋ္ဌင်းခံ ဦးဖိန့်-ဒေါ်သန်းဟု သတင်းလျှံ ဟိုရှေးကံ တူဆုံကြသည့် ရဟန်းဒကာ ရဟန်းအမတို့သည် လည်းကောင်း။ ဤမေ ဒွေ=ဒါနကို အခြေပြု သံလမှုလည်း မကွေ့ကွာ ဘာဝနာလည်း နေ့စဉ်ရှုကြသည့် ဥပါသကာ ဥပါသိကာ ဤနှစ်ဦးသော ရဟန်းဒကာတို့သည်။ တဿ ထေရဿ=သုံးဆယ်ပေး ရွာလယ်ကျောင်းကြီး၏ နာယက သာသနဓဇ သိရိပဝရ မဟာဓရိကဘွဲ့တော်ခံ ထို အရှင်ကောဏ္ဍကမထေရ်၏။ ဒါယကာ=ပစ္စည်းလေးပါး ဒကာတို့ပါပေတည်း။ (ဝါ) ဒါယကာ=လေးဖြာပစ္စယ မနွမ်းရအောင် ကာလမျှော်လင့် လှူချိန်သင့်က တွေးချင့်ကာမနေ လေးမဖင့်ပါပေ မွေ့းဖခင့်အရာနေ ဩော်-ရက်ရက်ရောရောကြီး လှူဒါန်းကြသည့် ဒကာဒကာမတို့ပါပေတည်း။

(၁၃) ဝေမာဒိဂုဏ္ဏပေတော၊
ဝံ ထေရာနုကမ္ပိတော။
ကိတ္တိသေဿ၀ သော ဒါနို၊
အဟော သဒ္ဓါရမ္မတော။

ဝေမာဒိဂုဏ္ဏပေတော=ဤသို့စဉ်မျှ ဘုတ္တဝါဒီ အစရှိသော ဂုဏ်ရည်တို့နှင့် စုံညီပြည့်ဝ သတင်းလှတော်မူပေသော။ ဝံ ထေရာနုကမ္ပိတော=သို့စဉ်ကလောက် လိုသည်

ထက်ပိုမောက်အောင် မုန်သောက်မာဝင် ဆရာသခင်တို့ ထာဝစဉ်စောင့်ရှောက် ချီးမြှောက်တော် မူအပ်သော။ သော ထေရော=ဆရာကလည်းဖေးကူ ဗကာ ဇကာမတို့ ကလည်း၊ အနေရးယူ တွေးပူစရာ ဘာကမျှမရှိအောင် သာယာသည့် ဘာသာအနေခြ အချမ်းသာကြီး ချမ်းသာလှပေ သောထိုအရှင်ကျွန္တာမထေရ်သည်ပင်လျှင်။ ဒါနိ = တစ်ထောင့်သုံးရာ ကျော်သာသက္ကရာဇ် သုံးဆယ့်ငါးခုနှစ် ရောက်ရာ ယခုအခါ၌။ ကိတ္တိသေသော = သာသနဓဇ သီရိပဝရ ဓမ္မာစရိယထေရ် အရှင်ဟု ဝန်းကျင်ပျံ့သင်း ဂုဏ်သတင်းမျှပေ ကြွင်းကျန်တော့လေသည် တကား။ အနဟာ သင်္ခါရဓမ္မတာ။ ဩော်....ရုပ်နာမ်မှ သင်္ခါရ တို့၏ သဘာဝတံထွာ ဖြစ်ပျက်ရိုးအစဉ်အလာ တစ်မြို့ ရွာဝယ် မျက်နှာမဲ့လျှင်း တစ်အိမ်တွင်း၌ သင်းသီးသန့် ခြား တစ်ကန့်သား၍ ဖြစ်ပွားလေ့လာ မဟုတ်ပါဘူး၊ ဗြဟ္မာလူနတ် ထုဘ်ချင်းခတ်အောင် ဥပါဒ်စလျင် ဌီသို့ ဝင်၍ ဘင်္ဂကြာ မရကာဖြင့် ရွရွလှုပ်လှုပ် တချုပ်ချုပ်လျှင် နာမ်ရုပ်နှစ်မျိုးဖြစ်တိုင်းညှိုးသည် အရိုးအနိစ္စပါတကား။ အရိုးဒုက္ခပါတကား။ အရိုးအနတ္တပါတကား။

(၁၄) အပ္ပမတ္တာ သဒါ ဟောထ၊
ဥတ္တာ သင်္ခါရဓမ္မတံ။
သကိစ္စမနုယုဥ္ဇေထ၊
နတ္ထိ နော မစ္စုသင်္ဂရံ။

ဘောဓန္တော=နှလုံးပျော့ပျောင်း အိုသူတော်ကောင်းတို့၊ သင်္ခါရဓမ္မတံ=ကိုယ်ကကြုံ ဖြစ်လိုတံလည်း တဖုံဆင်ကွဲ သူတစ်နဲ့ဖြင့် မဖောက်လွဲစာတ်စွာ ရုပ်နာမ်မှ သင်္ခါ

ရတို့၏ မေမွတာကို။ ဉတ္တ ဇာနာထ=ကိုယ်စိကိုယ်၄ အဇ္ဈတ္တဝယ် ဉာဏစက္ခု မျှော်ထောက်ရှု၍ ယခုပင်လျှင် သိမြင်အောင် ကြိုးကုတ် အားထုတ်ကြပါကုန်လော့။ ဉတ္တ=ကိုယ်စိကိုယ်၄ အဇ္ဈတ္တဝယ် ဉာဏစက္ခု မျှော် ထောက်ရှု၍ ယခုပင်လျှင် သိမြင်အောင်ကြိုးကုတ် အား ထုတ်ကြပြီးလျှင်။ သဒါ = နေ့ စဉ်ဆက်ကာ ခပ်သိမ်း သော အခါကာလ၌။ အပ္ပမတ္တာ=အပ္ပမာဒတရား လက် ကိုင်ထားကြကုန်သည်။ အပ္ပမတ္တာ=ကုသိုလ်ဆယ်ခု မြတ် ကောင်းမှု၌ ဂရုကတ ကြိုးလုံ့လသည့် အပ္ပမာဒတရား လက်ကိုင်ထားကြကုန်သည်။

အပ္ပမတ္တာ=

မခမျှော်လင့်ဘဲ၊ ဖြုန်းကနဲ၊ ရောက်စွဲနာဗျာဓိ။

မမျှော်လင့်ဘဲ၊ သူ၏နဲ့၊ အိုလဲ အိုနိုင်၏။

မမျှော်လင့်ဘဲ၊ သူ၏နဲ့၊ ဖောက်လွဲမသေနိုင်၏-ဟု

သတိလိုက်လို့ စိတ်ဝယ် စွဲကြကုန်သည်။ ဟောထ=ကေန် စင်စစ် ဖြစ်ကြပါကုန်လော့။ နော = တဏှာမာရ်ညွတ် ခန္ဓာဝဋ်မှ ကျွတ်ရန်ရည်မျှော် တို့တတွေအား။ နော= တဏှာတည်းဟူသော မာရ်မင်း၏ညွတ်တွင်း ခန္ဓာတည်း ဟူသော သံသရာဝဋ်အတွင်းမှ လွတ်ကင်းရန် ရည်မျှော် တို့တတွေအား။ မစ္စုသင်္ဂရံ=ပစ္စုမည်လျှင်း ရှင်သေ မင်းနှင့် အတွင်းကြိတ်ပူး မိတ်ရည်လူ၍ နှစ်ဦးနှစ်ဘက် ချိုဘ် အဆက်ဖြင့် ဤရက်ခါမှု သေအံ့ဟူ၍၊ ဤလခါမှု မသေအံ့ဟူ၍၊ ဤနှစ်ခါမှု သေအံ့ဟူ၍ သဘောတူ ချိန်း

အချက်စာချုပ်စာတမ်းစာရွက်တို့နှင့်တကွ လက်ဆောင် တံဆိုးထိုး၍ထားခြင်းသည်။ နတ္ထိ=မရှိကောန် လူတိုင်းမှန် ပေ၏၊ တသ္မာ=ထို့ကြောင့်၊ သကိစ္စံ=ခုဝတ္တမာန် ပစ္စုပ္ပန် နှင့် ကမလွန်နောက်နှောင်း တောက်လျှောက်ကောင်း အောင် ရွယ်ခချောင်းဆုပန် စိတ်ရည်သန်သည့် နှစ်တန် သော လောကဓမ္မစီးပွား ကိုယ့်ကိစ္စများကို။ အနုယုဉ္ဇေဝ္ါ=လုံ့လကြိုးကုတ် အားထုတ်ကြပါကုန်လော့။ အနုယုဉ္ဇေဝ္ါ=ရုပ်နာမ်နှစ်ပြင် ကိုယ် ဖြစ်ချင် သလို မဖြစ်ဘဲ သူ၌ ဖြစ်ချင်သလိုသာ ဖြစ်ကြသည့် သဘာဝသူ့ဉာဉ်ကို သခ္ဗာဇဉ်နိုင်းညှိ အမှန်အတိုင်းသိကြ၍ မိမိတို့ဆိုင်ရာ နှစ်ဖြာသော လောကဓမ္မစီးပွား ကိုယ့်ကိစ္စများကို ရှည်လျားကာလ အချိန်ကိုမဆွဲကြဘဲ ယခုကပင် အရေးတွင်အောင် ကြိုးတင်ကာ ကြိုးကုတ် အားထုတ်တော်မူကြပါကုန်လော့။

## နိဂုံးကမ္မတ် ဂါထာ

> သော ဟိ နော သတ္ထာဝါသော၊
> ရာဇာဂါရေ ပြဟာဝနေ။
>
> ဝသန္တီနံ သဗ္ဗါ ပြဟ္မ-
> စာရီနံ သာဓုကိဋ္ဌနာ။

သာဓဝေါ=အရှင်ကုလ္လနက၏ အန္တိမ ဂျာပန သဘင် အပြီးတိုင်ယင်မည်ဟု ဖြူစင်နှလုံး ကိုယ်စီသုံး၍ စုရုံးညီညာ ဤနေရာ၌ ရောက်လာဘိတောင်း အိုသူတော်ကောင်းတို့။ ဟိ-အပေ့ပ္မိ=ဂုဏာဘိတ္ထဝ သံဝေဂကထာ ကြောင်းအရာကို ဂါထာနိဂုံး ကမ္ဗတ်ဖုံးကြစို့။ သော=

၁။ ဂုဏ်သံခေပ၊
၂။ မိဖုရပ်ရွာ၊
၃။ ဆရာချီးမြှောက်၊
၄။ အောင်မြောက်စာပွဲ၊
၅။ ဘာဝစဲနှင့်၊
၆။ စိတ်စွဲရှင်လူ သံဝေယူ ဟု

မှတည်ခြောက်ခန်း စာတော်ပန်းတို့ဖြင့် ဉဒ္ဒါန်းရှည်ထွေ တည်ရစ်စေဟု သံခြေသာညွှင်း ဤယခုပူဇော်မလျှောက်ဆိုခြင်းသည်။ သန္တာဝါသေ=နိဗ္ဗုရွှယ်ချောင်း သူတော်ကောင်းတို့ ကိန်းအောင်းမွေ့လျော် နေစံပျော်ရာဖြစ်သော။ ရာဇာဂါရေ ပြဟာဝနေ=မင်းကွန်းသာခေါင် ဘေးမဲ့တောင်၌။ ဝသန္တီနံ=မြတ်ဝိပေကာ အရသာဖြင့် ကြည်သာချမ်းမြေ့ နေထိုင်လေ့ ရှိကုန်သော။ သဒ္ဒါ=နေ့ညဉ့်ဆက်ကာ ခပ်သိမ်းသောအခါ၌။ ပြဟ္မစာရီနံ=ပြဟ္မစရိယ အငှာ်ကို ရွှင်ပြန့်လုံး ကျင့်သုံးလေ့ရှိကုန်သော။ နော အမှာကံ=မဟာပဇာပတိ သီရိဂေါတမီ ရာဂါးလီဟု သာကီဝင် မင်းသမီး ဘိက္ခုနီပြုံ ဓါနီးတို့ ကျင့်မှီးပုံသွင်ဆောက်တည်လျှင်သား သီလရှင်သမုတ် အကျွန်ုပ်တို့၏။ သာဓုကီဋ္ဌနာ=သာဓုကီဋ္ဌနသဘင် ဆင်ယင်ကျင်းပခြင်းပါတည်း။ (ဝါ) သာဓုကီဋ္ဌနာ=ရှေးသူတော်ကောင်း သူမြတ်လောင်းတို့ ထုံးဟောင်းဖွေမှီ ပဝေဏီဖြင့် နှစ်လီနာမ်ရပ် ဖြစ်ရှိချုပ်ကို ဖော်ထုတ်မျှော်ရှု သံဝေဂအဦးပြုလျက် သာဓုကီဋ္ဌန ဗျာပနသဘင်ဆင်ယင်သန့်ရှင်း အပြီးတိုင် ပူဇော်ကြခြင်းပါတည်း။

❀

ဘဝနတ်ထံ ပြန်လွန်တော်မူသော
စစ်ကိုင်းတောင်ရိုး တောတောင်ဘီလူးချောင်
ဆရာတော်ဘုရား၏

# ဂုဏသံကိဏ္ဏ သံဝေဂ ဂါထာများ

(၁) ဘူတံ ယုတ္တံ စ သီလေန၊
မုတ္တော ဝဒတိ စေတသာ။
ဟိတကာမေန နော ထေရော၊
အဟော ပသာဒနိယကော။

ဘောန္တော=ဌာနအမည် ဌာနီတင်စား တောတောင် ဘီလူး ဆရာတော်ဘုရား၏ များလှသော ဂုဏ်တော်ကို ပူဇော်မည် နှလုံးပိုက်လျက် ဆိုက်ရောက်စုဝေး ကိုယ်စိတ် နှစ်လီ သာမဂ္ဂီ ကိုယ်စီပေးကြသည့် ကလျာဏနွယ်ဝင် အိုသူတော်စင်အပေါင်းတို့။ နော ထေရော = တော တောင်ဘီလူး ကျောင်းတော်ဦးဝယ် ကြည်နူးမွေ့လျော် ထေရ်ကျော်တစ်ပါး အကျွန်ုပ်တို့၏ ကျေးဇူးရှင် ဆရာ တော်ဘုရားသည်။ သီလေန=ဘဝသံသရာ ကမ္ဘာ့ကမ္ဘာက ရှိပါခဲ့ပြီး အလေ့အားဖြင့်။ ဟိတကာမေန စေတသာ=

ဝန်းကျင်ရှေ့နောက် အစဉ်လျှောက်၍ ထောက်ထား ရှုမြှော် အကျိုးစီးပွားကို လိုလားသော စိတ်တော်ဖြင့်။ ဘူဘံ ယုတ္တံ=ဟုတ်လည်း ဟုတ်မှန် ကောင်းကျိုးအတန် တန်တို့ ဖြစ်ပေါ်ရန် များပြား လျော်ကန်လည်း လျော်ကန်သင့်မြတ်သော စကားကို။ မုတ္တော=ဘယ်သို့ဘယ်ညာ အကြောင်းရှာ၍မျက်နှာထောက်ခြင်း အားနည်းခြင်းတို့ ကင်းရှင်းသန့်စင် လွတ်လွတ်ကျွတ်ကျွတ်ကြီးသောလျှင်။ ဝဒတိ = မိန့်ဆိုတော်မူတတ်ပါပေ၏။ အဟော ပသာဒနီယကော=အဂတိလေးတန် လူသာမန်တို့ ရှောင်ရန် ခဲခက် ဝဲဂယက်မှ ဖဲထွက်တော်မူ ဝေးကွာတော်မူ သန့်စင်တော်မူလတ်သဖြင့် အမြတ်တနိုး မှီခိုသြ-အားကြည်ညိုကြီး ကြည်ညိုထိုက်သည့် မထေရ်မြတ်ပါပေတည်း။

(၂) ပိဋကေသု ဝ ထေရော နော၊
ဆောကော ဟိ လောကိယေသု ဝ။
သီလဝါ ဓိတိမာ စေဝ၊
အဟော ထေရပသတ္တကော။

ဓဘာခန္တော = ကလျာဏနွယ်ဝင် အို-သူတော်စင် အပေါင်းတို့။ သီလဝါ=သန့်ရှင်းဖြူစင် ဝန်းကျင် ထွန်းတောက် ပါဘိမောက္ခသံဝရစသော သီလလေးပါးတို့နှင့်လည်း ပြည့်စုံတော်မူပါထသော။ ဓိတိမာ စေဝ= လောကဓံအရပ်ရပ် မှန်တိုင်းခတ်လည်း မတ်မတ်ခိုင်ကျည် တံ့ဘည်သော သမာဓိနှင့်လည်း ပြည့်စုံတော်မူပါထသော။ နော ထေရော=တောတောင်ဘီလူး တောင်တော်ဦးဝယ် ကြည်နူးမွေ့လျော် ထေကျော်တစ်ပါး ကျွန်ုပ်တို့၏ ကျေးဇူးရှင် ဆရာတော်ဘုရားသည်။ ဟိ=

စင်ဗစ်ကြောန် အမှန်ပင်လျှင်။ ပိဋကေသု စ = သုတ္တန်ဘိဓမ္မာ ဝိနယာဟု လွန်စွာနက်ကျယ် ပိဋကတ် ကျမ်းဂန်အသွယ်သွယ်တို့၌ လည်းကောင်း။ လောကိယေသု စ= ဤကပ်ကမ္ဘာ ဤချိန်ခါဝယ် ထယ်ဝါထွန်းပ စိဇ္ဇာဟု ဆိုကြသည့် လောကဆိုင်ရာ အတန်းပညာတို့၌ လည်းကောင်း။ ဆေကော = ကျွမ်းကျင်လိမ္မာ တတ်မြောက်တော်မူပါပေ၏။ အဟော ထေရပသတ္တကော = ဩ....ချီးကျူးဖွယ်ရာ မထေရ်တစ်ပါးပါပေ။ အဟော ထေရပသတ္တကော=လောကုတ်လောကီ ပညာတော်စုံ အညီ၌ ဂုဏ်နှစ်လီ သီလ သမာဓိဆင့်သဖြင့် တင့်သည့် ထက်တင့်ပေ ဩ....ချီးကျူးထိုက်သော မထေရ်မြတ်ပါပေတကား။

(၃) ဝေမာဒိဂုဏူပေတော၊
မထေရော ဒါနိ ဒိဝံဂတော။
အဟော အာသိ မဟာဇာနိ၊
အမှ သဗြဟ္မစာရိနံ။

ဘန္တေ = သဗြဟ္မစာရီ အင်္ဂါညီသည့် သယ်ာထေရ်အရှင်မြတ်တို့ဘုရား။ ဝေမာဒိဂုဏူပေတော = ဤသို့ သီလစသော ဂုဏ်ကျေးဇူးတို့နှင့် ပွားလူးကုံလုံ ပြည့်စုံတော်မူပါသော။ ထေရော=တော တောင်ဘီလူး တောင်တော်ဦးဝယ် ကြည်နူးမွေ့လျော် တပည့်တော်တို့၏ သီတင်းသုံးဘော် သာသနာဝယ် ရှေ့သွား ဆရာတော်ထေရ်ဘုရားသည်။ ဒါနိ=သက္ကရာဇ်ကောဇာ ၁၃၄၂-ခုနှစ်တုရောက်တုံ လကဆုန်၌။ ဒိဝံဂတော=တုသိတာနန်းနတ်ကြငှန်းသို့ စခန်းတစ်ထောက်ကွန်းချိ သီတင်းသုံး

စံမြန်းတော် မူလေပြီ။ အမှံ = သပြဟ္မစာရိန် = သီတင်း သုံးတော် တပည့်တော်တို့၏။ အဟော မဟာဇာနိ= သြ...ကြီးစွာသော ဆုံးရှုံးခြင်းသည်။ အာသိ=ဖြစ်ခဲ့လေ ပြီ ဘ ဘား။ အဟော အာသိ မဟာဇာနိ= လေ့ပြေးတုန်း တကကျိုး ရှေးဆိုရိုးအတိုင်းပင် သာသနာတော် သန့်စင် ၍ ကမ္ဘာတွင်တည်တံ့ အရှည်ခံ လျက် ပြန့်ပွားရန်ကြိုး ကုတ် ရှေ့တန်းမှအားထုတ်စဉ် တို့မထေရ် နတ်ပွဲဝင် သဖြင့် များလူရှင် တို့တတွေအားလုံးမှာ သြ... အဆုံး ရှုံးကြီး ဆုံးရှုံးခဲ့ပေပြီ ဘုရား။

(၄) အနိစ္စာ ဝတ သင်္ခါရာ၊
ဥပ္ပါဒဝယဓမ္မိနော။
ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိ၊
တေသံ ဝူပသမော သုခေါ။

ဘောန္တော=အရိယနွယ်ဝင် သံဃာတော်ထေရ်အရှင် တို့နှင့်တကွ အန္တိမ ဒဿန ဖူးမြင်ပူဇော်ရန် ရောက်လာ ကြသည့် ဒကာ ဒကာမ ကလျာဏနွယ်ဝင် အိုးသူတော် စ ၁ အပေါင်းတို့။ သင်္ခါရာ = သညာ+စိတ္တ ဒိဋ္ဌိပြသား သုံးဝိပလ်လှည့်ပတ်မှု သူ့ ဒဏ်ကြောင့် အမှန်ကို မမြင် သူငါထင်ရသည့် နှစ်ပြင်သော ရုပ်နာမ်ဓမ္မ သင်္ခါရတို့ သည်။ အနိစ္စာ ဝတ = တစ်ဘဝတာအနေအား မဆို ထားဘိ လျှင်လျှားကာလ တမုဟုတ်မျှကိုပင် မူလအနေ မတည်ပေနိုင် မမြဲခိုင်ကုန်စွတကား။ ဥပ္ပါဒဝယဓမ္မိ- နော=ဖြစ်ပျက်ဖြစ်ပျက် အနှစ်မဖက်သည့် ရေပွက်နှင့် တူသော သဘောရှိပေကုန်စွ တကား။ ဥပ္ပဇ္ဇိတွာ = ဥပတ္တိမ္ဘက ဇနကဟု ကြောင်းနှစ်ခုတို့ ပေါင်းစုဖန်တီး

ဖြစ်ကုန်ကြပြီးလျှင်။ နိရုဇ္ဈန္တိ=မုဟုတ်ခန့်ပင် တည်တံ့ကာ မနေ ချုပ်ပျောက်ကြလေကုန်သည်တကား။ စေတသံ= ဖြစ်ပျက်နှစ်တန် နှိပ်စက်ဒဏ်နှင့် တရံမကင်း ဒုက္ခသင်း၊ ဒုက္ခစုဖြစ်ကြသည့် ထိုရုပ်နာမ်ဓမ္မသင်္ခါရတို့၏။ ဝူပသ-မော=ငြိမ်းရာကေန် မြတ်နိဗ္ဗာန်သည်။ သုခေါ=ချမ်းသာ ကောန် စင်စစ်မှန်ပေစွတကား။ သုခေါ = သန္တိလက္ခဏာ သူ့သဘာဝဖြင့် ဒုက္ခဟူ၍ မြူမငွေ့ဘဲ ပြကတေ့သန့်စင် အေးကြည်လင်လျက် အမြဲပင်တစေ နိစ္စဿဘာဝရ ချမ်းသာ စစ်မှန်လှပါပေတကား။

(၅) အပ္ပမတ္တာ သဒါ ဟောထ၊
ဥတ္တာ သင်္ခါရဓမ္မတံ။
သကိစ္စ မနုယုဉ္စဝှေါ၊
နတ္ထိ နေဒ မစ္စုသင်္ဂရံ။

ဘောန္တော=နှလုံးပျော့ပျောင်း အိုသူတော်ကောင်း တို့။ သင်္ခါရဓမ္မတံ=ကိုယ်ကဉ္စုံပုံ ဖြစ်လိုတုံလည်း တဖုံ ဆင့်ကွဲ သူတစ်နဲ့ဖြင့် ဖြစ်မြဲထွာ ရုပ်နာမ်ဓမ္မသင်္ခါရတို့ ၏ခမ္မတာကို။ ဥတ္တာ ဇာနာထ=ကိုယ်စီကိုယ်င အဇ္ဈတ္တ ဝယ် ဉာဏစက္ခု မြော်ထောက်ရှု၍ ယခုပင်လျှင် သိမြင် အောင် ကြိုးစား အားထုတ်ကြပါကုန်လော့။ ဥတ္တာ= ကိုယ်စီကိုယ်င အဇ္ဈတ္တဝယ် ဉာဏစက္ခု မြော်ထောက်ရှု၍ ယခုပင်လျှင် သိမြင်အောင် ကြိုးကုတ်အားထုတ်ပြီးလျှင်။ သဒါ=နေ့ညဉ့်ဆက်ကာ ခပ်သိမ်းသော အခါကာလ၌။ အပ္ပမတ္တာ=အပ္ပမာဒတရား လက်ကိုင်ထားကြကုန်သည်။ အပ္ပမတ္တာ = ကုသိုလ်ဆယ်ခု မြတ်ကောင်းမှု၌ ဂရုကတာ

ကြိုးလုံ့လသည့် အပ္ပမာဒဟာရား လက်ကိုင် ထားကြကုန်သည်။ အပ္ပမတ္တာ=

မမျှော်လင့်ဘဲ၊ ဖြုန်းကနဲ၊ ရောက်စွဲနာဗျာဓိ။

မမျှော်လင့်ဘဲ၊ သူ၏နဲ၊ အိုလဲ အိုနိုင်၏။

မမျှော်လင့်ဘဲ၊ သူ၏နဲ၊ ဖောက်လွဲသေနိုင်၏-ဟု

သတိလိုက်လို့ စိတ်ဝယ်စွဲကြကုန်သည်။ ဟောထ=ကေန်စင်စစ် ဖြစ်ကြပါကုန်လော့။ နော=တကျာမရှ်ရည့်ညွတ် ခန္ဓာဝဋ်မှ ကျွတ်ရန်ရည်ချွ တို့တတွေအား။ နော=တကျာတည်းဟူသော မာရ်မင်း၏ညွတ်ကွင်း ခန္ဓာတည်းဟူသော သံသရာဝဋ်အတွင်း၊မှ လွတ်ကင်းရန်ရည်ချွ တို့တတွေအား။ မစ္ဆုသင်္ဂံ=မစ္ဆုမည်လျှင်း ရှင်သေမင်းနှင့် အတွင်းကြိတ်ပူး မိတ်ရည်လူး၍ နှစ်ဦးနှစ်ဘက် ချိတ်အဆက်ဖြင့် ဤရက်ခါမူ သေအံ့ဟူ၍ ဤလခါမူ သေအံ့ဟူ၍ ဤနှစ်ခါမူ သေအံ့ဟူ၍ သဘောတူ ချိန်းအချက်စာချုပ်စာတမ်း စာရွက်တို့နှင့်တကွ လက်ဆောင်တံစိုးထိုး၍ထားခြင်းသည်။နတ္ထိ=မရှိကေန် လူတိုင်း မှန်ပေ၏။ တသ္မာ=ထို့ကြောင့်။ သက္ကိစ္စံ=ခု ဝတ္တမာန် ပစ္စုပ္ပန်နှင့်တမလွန် နောက်နှောင်း တောက်လျှောက်ကောင်းအောင် ရှယ်ချောင်းဆုပန် စိတ်ရည်သန်သည့် နှစ်တန်သော လောက+ဓမ္မစီးပွား ကိုယ့်ကိစ္စများကို။ အနုယုဉ္ဇေါ=လုံ့လကြိုးကုတ် အားထုတ်ကြပါကုန်လော့။

အနုယုဉ္ဇေ၀ှါ=ရုပ်နာမ်နှစ်ပြင် ကိုယ် ဖြစ်ချင်သလို မဖြစ်ဘဲ သူရို့ ဖြစ်ချင်သလိုသာ ဖြစ်ကြသည့် သဘာဝ

သူ့ညာဉ်ကို သမ္ပဇဉ်နှိုင်းညှိ အမှန်းအတိုင်း သိကြ၍ မိမိတို့ ဆိုင်ရာ နှစ်ဖြာသော လေး:က+ဓမ္မစီးပွား ကိုယ့်ကိစ္စ များကို ရှည်လျားကာလ အချိန်ကို မဆွဲကြဘဲ ယခုကပင် လျှင် ကြိုတင်ကာ ကြိုးကုတ် အားထုတ်ဆောင်မှုကြပါ ကုန်လော့။

တိပိဋကဓရ ဆရာတော်
၁၃၄၂ ခု၊ ကဆုန်လ

ဘုရားရှင် ပရိနိဗ္ဗာန် ဝင်စံတော်မူစဉ်အခါက
ညီတော်အာနန္ဒာ ပူဆွေးတမ်းတ ငိုကြွေးသည့်အလား
ရဟန်းတော် အရှင်ဗိစိတ္တသာရာဘိဝံသ သည် ၇-ဝါအရ
၁၂၉၉-ခု၊ တော်သလင်းလဆုတ် ၉-ရက်နေ့တွင်
ကျေးဇူးတော်ရှင် ဥပဇ္ဈာယ် ဆရာတော်ဘုရား
ဘဝနတ်ထံ စံလွန်တော်မူရာ မိမိ၏ခံစားချက်တို့ကို
အသည်းနှလုံးမှ စီးယိုစိမ့်ထွက်လာသည့်
ပုဒ်တိုင်းပုဒ်တိုင်း၌ အလင်္ကာဂုဏ် ရသတို့နှင့်
ပြည့်ဝစုံလင်စွာ ရေးဖွဲ့သည့်

## သံဝေဂတမ်းချင်း သုံးဂါထာ

ပိဋကာရညသဥ္ဇာရီ၊
ခမ္ဘနာဒဂုဏာသယီ။

မစ္စုဝိဒ္ဓသလ္လာပ ါတီ၊
ဟာ ပတီ ထေရကေသရီ။

ပိဋကာရညသဥ္ဇာရီ= ပိဋကတ်ဂနိုင် မဟာမြိုင်ဝယ်
ပိုင်ပိုင်လူးလွန့် ဉာဏ်ထူး ညွန့် ဖြင့် မြူးကွန့်ကျက်စား
ပျော်ပါးတော်မူလေ့ရှိထသော။ ခမ္ဘနာဒဂုဏာသယီ =

ဓမ္မနာဝဇ အာရာမမဟူ သောဏ္ဏာရောင်လူ စံရွှေဂူ၌ လေးဆူ ယာပိုထ် နှစ်ခြိုက်ရွှင်ပြုံး သီတင်းသုံးတော်မူလေ ရှိထ သော။ ထေရကေသရီ=သီလသမာ+ဓိပညာဟု သိက္ခာ သုံးပါး စွမ်းပကားဖြင့် မားမားမတ်မတ် ခိုင်တည်လတ် သား ထေရ်မြတ်သနင်း ကေသရာဇာ ခြင်္သေ့မင်းကြီး သည်။မစ္စုဝိဒ္ဓလလ္လာပါတီ=သေမင်းမုဆိုး အယုတ်မျိုး၏ အုပ်စိုးပိုင်နက် သူ့စားကျက်ဝယ် ဆင်းသက်မိငြား ဂတိ လား၍ တအားပစ်ချိန် ဗျာဓိတည်းဟူသော မြားဒဏ် ရှိန်၏ ဇီဝိန် ထွင်းဖောက် အသည်းရောက်အောင် ကျရောက်စူးဝင်ခြင်း ရှိသည်ဖြစ်၍။ ဟာ ပတီ=တပည့် အများကြည့်စဉ်အားပင် ဘားခွင့်မပိုင် စစ်လုံးယိုင်သို့ မခိုင်တော့ဘဲ ထူမ ဆဲတွင် ဩော်....အလဲကြီး လဲတော် မူခဲ့ရလေပြီတကား။

တောသနံ မောဓနံ ထေရ;
သံယောဂါ အာသိ ယတ္တကံ။
သောစနံ ရောဒနံ စေဝ၊
ဝိယောဂါ ဒါနိ တတ္တကံ။

ထေရ=တပည့်အများ ကြည့်စဉ်အားပင် သနားမဲ့ ဟန် ထားခဲ့ချန်၍ နတ်ဌာန်မြန်းပျော် အို....ဆရာတော် ဘုရား။ပုဗ္ဗ=အရှင်ဘုရား အမြင်အားဖြင့် ထင်ရှားရှိစဉ် ဟို ယခင် ရှေးအခါကာလက။ သံယောဂါ=ကာယ သာမဂ္ဂီ စိတ်ချင်းညီလျက် နှစ်လိမပြား အရှင်ဘုရားနှင့် တသားတည်းကြုံ ပေါင်းဆုံရခြင်းကြောင့်။ ယတ္တကံ =ဤရွှေ့ဤမျှ ဂဏန်းချလျက် မှန်းဆခြင်းငှာ မတတ် သာအောင် လွန်စွာမြားမြောက် အကြင်မျှလောက်

သော။ တောသနံ=ပီတိအစွမ်း ဆီထိဂွမ်းသို့ ရွှင်လန်းနှစ်သက် ရခြင်းသည် လည်းကောင်း။ မောဒနံ=သော မနသ ဇောခေတ်ကြွလျက် စိတ်ကလျှမ်းတောက် ဝမ်းမြောက်ရခြင်းသည် လည်းကောင်း။ အာသိ = အရှင်ဆရာတော်ဘုရားအတွက် ရွှင်အားတက်၍ နှစ်သက်ကြည်နူး ဘာဝင်မြူးလျက် ဖြစ်ဖူးခဲ့ကြပါပြီ ဘုရား။ ဒါနိ=ဆိုးသထက် ဆိုး ကိုးဆယ့်ကိုးဟု ခေါ်ရိုးသက္ကရာဇ် ယခုနှစ်ဝ၌။ ဝိနယာဂါ=တပည့်အားလုံး ပြုစုတုန်းပင် ဘုန်းဘုရားက ဖဲကာ အသည်းနာအောင် ခွဲခွာ ရကွကွင်းရခြင်းကြောင့်။ သောစနံ=သိကြားပင့်ချက် တားသင့်လျက်နှင့် မငဲ့ကွက်သာ တို့သူငါကို ဆရာတော်ဘုရားလျစ်လျူထား၍ ကြွသွားလေခြင်း ပေ့အခင်းဖြင့် အတွင်းကြိတ်ဆွေး စိတ်မအေး ရခြင်းသည် လည်းကောင်း။ ရောဒနံ စေဝ=ဝိပလ္လာသ စိတ္တဇဖောက်ပြန် ယောက်ယက်ဆန်မှု နှုတ်သံမြွက်ချီ တို့တတွေ ခက်ကြပြီဟု မျက်ရည်စီးယို ဟီးချကာ ငိုရခြင်းသည် လည်းကောင်း။ တတ္တကံ=သက်တော်ရှိစဉ် ဟိုယခင်က ကြည်လင် ဝမ်းမြောက် ရွှင်လန်းကြရသလောက်ပင်။ အာသိ = တုန်းဘုရားတွက်တာ မသက်သာဘဲ မျက်နှာမကြည် ဖြေဆည်မရ ငိုသူငို တ,သူတ,နှင့် ဖြစ်ရပါတော့ပြီ ဆရာတော်ဘုရား။

ကာလော ခေါ+ယံ ဒယာဝန္တ၊
သမ္ဗုဒ္ဓံ ထေရ ဝန္ဒိတုံ။
ထူပံ ပူဇံ ကာတုဥ္စာပိ၊
ဒကံ ဗောဓိမှိ သိဥ္စိတုံ။

ဒယာဝန္တ=လူရှင်နှစ်သွယ် ဒုက္ခသည်တို့ ကိုးကွယ်ရာ
အစစ် ငါပင် ဖြစ်မဟုတ်လို့ မစွန့်ပစ်အား နှလုံးထားဖြင့်
သနားတော်မူလေ ရှိပါသော။ ဝါ-ရှိပါလျက်နှင့်။
ထေရ=အများတာပဲ့(ပည့်)တအားနွဲ့အောင် ထားခဲ့ရက်
ပလေ အို...ဘုန်းမြတ်ထေရ်။ အယံ=ညဥ့်မူခုနစ်ချက်
နံနက်ဃဍီ စက်နာရီမှ နှက်ချီလေးကြိမ် ယခုအချိန်သည်
ကား။ သမ္ဗုဒ္ဓံ=သမ္ဗုဒ္ဓဟိတ် ဂုဏ်တံဆိပ်ဖြင့် နှစ်ကျိပ်
ရှစ်ဖော် စောဘုန်းမော်နှင့် ထေရ်ကျော်ရှစ်ကျိပ် ရန်
မာရ်နိုပ်ကို။ ဝန္ဒိတုံ=တစ်ပါးတစ်ကန့် ဇယားကန့်၍
ခြားသန့်ဝေဖန် ဂုဏ်နေကန်ကို ရွှေညဏ်ပထျာ ဖြန့်ချီ
ကာဖြင့် ဂါထာသွဲ့ရှုံး ဖွဲ့စီကုံးလျက် မဆုံးသေး ဆရာ
မထမူ၍ ပဏာမညွှတ်လျှိုး ရှိခိုးပါအံ့သောငှာ။ ကာ
လော=အနှိုးတော်ထား ရှင့်ထံပါးမှ ဝပ်တွားလျှောက်ချီ
အချိန်တန်ပါပြီ ဘုရား။

အယံ=ဖြူပြာဝါမှုန် မာလာရုံတို့ ထုံတာသင်းသင်း
ရဂုံဘွင်းဝယ် အငုံချင်းယှက် ညှာချင်းဆက်၍ သူ့ထက်
ငါဦး အလှသူ့အောင် ဖူးပွင့်နုရှိန် ယခုအချိန်သည်
ကား။ ထူပံ=နှစ်ကျိပ်ရှစ်ဆူ စောမှန်ကူနှင့် လျှံလူကွဒ္ဓိ ဖိတ်
ဖိတ်ညိုသား အသီတိထေရ် ထုတ်ဘုန်းစည်တို့ သုံးလီ
ပစ္စယံ ဝန်းပတ်ရံလျက် နိဗ္ဗာန်ဆိပ်ဦး တည်ပုံထူးသား
ဖူးတိုင်းရွှင်မော အံ့ဘသြလျှင် မမနောမယ ဘွဲ့မည်သသည့်
ထူပအားမော် စိန္တေယျော်ကို။ ပူဇံ ကာတုံ=ပန်းကုံးတဖုံ
ပန်းအုံဘသီး ပန်းထီးတရပ် ပန်းကလာပ်တလီ ပန်းစေ
တီ ဂြဖြာ ပန်းမွှေ့ယာတဆိုင် ပန်းခိုင်အထူး အထွတ်
အဖူးဖြင့် ညွှတ်နူးကော်ရော် ပူဇော်ခြင်းငှာ။ ကာလော

=အနိုးတော်ထား ရှင့်ထံပါးမှ ဝပ် တွား လျှောက် ချီ အချိန်တိုင်ပါပြီ ဘုရား။

အယံ=နေ့ထွက်ဝန်တာ ကျမ်းရွှေစာကို ရွှေဗျာရွှန်း အိန့် ခွန်းတော်ငြိမ့်၍ နှစ်သိမ့်ပြီးခါ နေစကြာလျှင် ဂေါ ယာနန်းခွင် စခန်းနှင်၍ မြန်းဝင်ခါစ ဤအချိန် ကာလ သည်ကား။ ဗောဓိမို=မဟာဗောဓိရာဇ် မျိုးတော်စစ်မှ ပေါက်သစ်ရွယ်လူး နွယ်တော်ကူး၍ အထူးပျိုးစိုက် ရှိဦး တိုက်သား မကိုင့်သျှောင်ဝင် မဟာဗောဓိပင်၌။ ဒကံ သိဉ္စတုံ=နိဗဒ္ဓဝတ် မချွတ်ဖန်တည် ပြုတော့မည်ဟု ရွယ် ရည်တော်ရင်း နှလုံးသွင်းဖြင့် သန့်ရှင်းဖြူစင် ရေကြည် လင်ကို ဝန်းကျင်လှည့်စောင်း အပြည့်လောင်းအံ့သော ငှာ။ ကာလော=အချိန်တိုင်ပါပြီဘုရား။ ဝါ-ကာလော ဘယ်အတွက်တာ မသက်သာအောင် မျက်နှာတော်တင်း ဖြူလျော်ဆင်းဖြင့် မညင်းမဆန့် ဝန်မခံပဲ သူင်ဟန် ထူး ခြား မပြုထားပါနဲ့ သနားငဲ့ငြော် ထော်ရဲဘုန်းမော် ဘုရား့-ကိုယ်တော်တိုင်သာ ကြွရောက်လာ၍ လျှောက် လှာအတိုင်း မဆုတ်ဆိုင်းဘဲ ဟုတ်တိုင်းပြုရန် အချိန်တန် တော့ပြီဘုရား။

❀

ဘဝနတ်ထံ ပြန်လွှန်တော်မူသော
စစ်ကိုင်းတောင်ရိုး-ရေဦးတိုက်သစ်
ဇေယျသိန်ဆရာတော် ၏

# ဂုဏသံကိတ္တာ သံဝေဂ ဂါထာများ

## နမောဗုဒ္ဓါယ

။သိဒ္ဓမ်။

၁။ ဇေယျသေနာဓိဝါသီ ယော၊
ပိဋကေသု ဝိသာရဒေါ။
လဒ္ဓေါပဒေသဂမ္ဘီရ ဧ
ဉာဏိကော နယ ကောဝိဒေါ။

ဇေယျသေနာဓိဝါသီ=စစ်ကိုင်းတောင် ဇေယျသိန် အမည်ရသည့် ပိဋကတက္ကသိုလ် စာတတ်လိုငြား ထိုထို စာသင်သားတို့ အားထားမှီခိုရာ စာသင်တိုက်ကြီး၏ ဦးစီးနာယက ပဓာနဖြစ်တော်မူသော။ ယော ထေရော=ပိယ ဂရုံ အာဒိဂုံသား ခုနစ်ပုံ ဂုဏ်တော်ခ တို့ သူငါ ဆည်းကပ်ရသည့် နာယကထေရ်ဘုန်းမော်ဟော ပညိန် ကျေးဇူးရှင်ဆရာတော်သည်။

လနေ့ဒွါပဒေသ ဂမ္ဘီရဉာဏ်ကောဇ=သာသနာ ဝေ ဟင်ဝယ် နေ အသွင် လ အလား 'အဘိဓဇ မဟာရဋ္ဌဂုရု' ညောင်ရမ်း ဆရာတော်ဘုရား စသည့် များပြားလှစွာ သော ပိဋကတ္တယဆောက နိကာယဏ္ဍဝပါရဂူ ဝိဒူပါ မောက် အဋ္ဌကထာ ဋီကာအမျိုးမျိုး ဒိုးလိုမွှေ ရေလို နှောက်နိုင်သည့် မုံသောက်မာတင် စာပွဲကြီးယင်တော်မူ ကြသော ဆရာသခင်တို့ထံမှ ကျိုးနွံတုံ့ဝပ် မြဲဆည်း ကပ်သဖြင့် ရအပ်သော ဥပဒေသ ရှိသည့်ပြင် မိမိကိုယ် တိုင်လည်း ဂမ္ဘီရဉာဏ်တော်ရှင် နက်နဲရာ သိမြင်သည့် ထေရ်သခင်လည်း ဖြစ်တော်မူပါပေ၏။

(ဝ၊) နက်နဲရာသိမြင်သည့် ထေရ်သခင် ဖြစ်တော်မူ သောကြောင့် လည်းကောင်း။ (၁)

နယကောဝိဒေါစ = ပိဋကသမုဒ်ပြင်ဝယ် မပင် မပန်း လိုရာရာစခန်းသို့ ကူးသန်းထုတ်ချောက် ဖြောင့် ဖြောင့်ကြီး ဆိုက်ရောက်စေနိုင်သည့် များမြောက်လှ သော နည်းအထူးတို့၌ ဆည်းပူးကျွမ်းကျင် မာလိန်မှူး ထေရ်အရှင်လည်း ဖြစ်တော်မူပါပေ၏။

(ဝ၊) မာလိန်မှူး ထေရ်အရှင် ဖြစ်တော်မူသော ကြောင့် လည်းကောင်း။ (၂)

ပိဋကေသု = သာဋ္ဌကထာ ဋီကာ အနု ယောဇနာ မခုတို့နှင့်တကွ မုနိမုခပါဌ် ဓမ္မက္ခန္ဓာ အင်္ဂါကိုးရပ် သုံး တန်သော ပိဋကတ်တို့၌။ဝိသာရဒေါ=ရဲရင့်တော်မူလှ ပါပေ၏။ (၃)

(ဝ၇) ဝိသာရဒေါ=သုတ္တန်နှင့် ဝိနယာ အဘိဓမ္မာ ဘက်စုံစခန်းတို့၌ စမ်းလိုရာက စမ်းတုံလျှင် မဝံ့တဝံ့ ဟန်မထင် ခြသေ့်မင်း ဟောက်သည့်ပုံ အသွင် ဖြေဆို ဘော်မူပုံက တမုဟုတ် ချင်းပင် လမ်းစဉ် ကျွမ်းကျင် မဟုန်းမပင် အပွဲပွဲတင့်လောက်အောင် ဩ-အရဲရင့်ကြီး ရဲရင့်တော်မူပါပေသည် ဘုရား။

၂။ ပရိသာသု စ သောဘ ထေရော၊
ဝိသာရဒေါ ဗဟုဿုတော။
အာစေရော သုတဓမ္မဿ၊
ဓာတဓမ္မော စ သဗ္ဗဒါ။

စ=ပရိယတ္တိဝိသာရဒဂုဏ် အာရုံကြည်ညို များလူပိုလ်တို့ ကုသိုလ်တခန်း ဖြစ်ပေါ်ထွန်းရအောင် ဂုဏ်ပန်းတော်တခက် ကျေးဇူးတော်ရတနာအမျက်ကို ဆက်၍ ပြသွန်ပါဦးအံ့။ သောဘ ထေရော=စစ်ကိုင်းတောင် ရွှေဝဘိန်ငယ် ဇေယျသိန်ထေရ်ဘုရားဟု အများကကြည်ညို မှီခိုကိုးစား ထိုကျေးဇူးရှင် မထေရ်မြတ်ဘုရားသည်။

ဗဟုဿုတော စ=ဗိနေရိတ ပိဋကနှင့် လောကီယအနုံနုံ များစွာသော အကြားအမြင်တို့နှင့်လည်း ပြည့်စုံတော်မူပါပေ၏။ (၄)

(ဝ၇) များစွာသော အကြားအမြင်တို့နှင့် ပြည့်စုံတော်မူသောကြောင့် လည်းကောင်း။

သုတဓမ္မဿ=နာပြီး, သင်ပြီး, ကြည့်ရှုပြီးသည့် အသီးသီးသော ပိဋကတ်တရားတော်မြတ်၏။ အာစာရော စ =ရွှေစင်ခွက်၌ ခြသေ့်ဆီ ဥပမာ စံတင်မှီ ဟဒယ အကြည်

၌ မြတ်တရား မပျောက်မပျက်-ကျောက်ထက်၌ အက္ခရာ အလားလျှင် တန့်နားတည်နေရာလည်း ဖြစ်တော်မူပါ ပေ၏။ (၅)

(ဝါ) တန့်နားတည်နေရာ ဖြစ်တော်မူသောကြောင့် လည်းကောင်း။

သဗ္ဗဒါ=နေ့ညမကွာ မပျောက်မပျက် ခပ်သိမ်းသော အခါ၌။ ဓာတုမမ္မော=လုံ့လထောက်ဟူ အချိန်ယူ လေ့ကျက် မယိမ်းမယိုင် ကျောက်စာတိုင်သို့ မြဲခိုင်အောင် ပြုအပ်သည့် တရားတော်မြတ်လည်း ရှိတော်မူပါ ပေ၏။ (၆)

(ဝါ) မြဲခိုင်အောင် ပြုအပ်သည့် တရားတော်မြတ် ရှိတော်မူသောကြောင့် လည်းကောင်း။

ပရိသာသု=ရှင်လူပရိသတ် အရပ်ရပ်တို့၌။ ဝိသာရ ဒေါ=ဟောခန်းပြောခန်း မမောပန်းဘဲ ကြောချမ်း၍ မခနေ အလွန်ပင် ရဲရင့်တော်မူလှပါပေ၏။ (၇)

(ဝါ) ပရိသာသု ဝိသာရဒေါ=ပရိသတ် ဗိုလ်ပုံ အလယ်ပညာကြွယ် ထေရ်ဘုရားပေမို့ များရှင်လူ သဒ္ဒါ ပွားလောက်အောင် တရားမိုး ရွာသွန်းစေ ခြသေ့်မင်း ဟောက်သည့်ပုံအနေ ဩ-ရဲရဲရင့်ရင့် ပွဲအတင့်ကြီး တင့် လှပါပေသည် ဘုရား။

၃။ သဏ္ဍဝါစံ မန္တဘာသံ၊
မုဒုံ စ အတ္ထသံဟိတံ။
ဘာသိတာ နိစေတဗ္ဗံ စ၊
ဝိသဒံ စ မဓုဿရော။

မဓုသဓရော=နားဝ-ပျားတမျှကဲ့သို့ ကြားရပုံ အလွန် ချို ကြည်ညိုဖွယ်တောင်း ကောင်းမြတ်သည့် အသံတော် နှင့် ပြည့်စုံတော်မူသော။ ဓေသာ ထေရော = သီလဂုဏ် မြေအထု မေရုသို့သမာဓိန် ဝရဇိန် ပညာတရားတို့ ကြောင့် အများကမှီခို ကြည်ညိုလေးစား ထိုကျေးဇူးရှင် ဇေယျသိန် မထေရ်ဘုရားသည်။ သဏ္ဍဝါစံ စ = မြို့မှာ ဖွားမြင် မြို့တွင်ကြီးလတ် အမျိုးမြတ်သော ပုဂ္ဂိုလ်ကဲ့သို့ အပိုမဆင် နဂိုရ်ယဉ်သိမ်မွေ့ နားချမ်းမြေ့သော စကား ကို လည်းကောင်း။ (က)

မန္တဘာသံ စ=ပညာသမ္ဘဇဉ် မြော်အမြင်ဖြင့် ဆင် ခြင်ပိုင်းခြား မိန့်ကြားတော်မူအပ်သည့် အဖိုးမပြတ်နိုင် သော စကားကို လည်းကောင်း။ (ခ)

မုဒုံ စ = မေတ္တာဓာတ် ရေသီဒါ စဉ်မကွာ သွန်း လောင်း နာရဏီ ရွှေစင်ကောင်းကဲ့သို့ ပျော့ပျောင်း နူးညံ့သော စကားကို လည်းကောင်း။ (ဂ)

အဘူတသံဟိတံ စ=ပစ္စုပ္ပန် တမလွန် ဤနှစ်တန်ဝယ် ခံစံထိုက်သား အကျိုးစီးပွားတို့နှင့် စပ်သော စကားကို လည်းကောင်း။ (ဃ)

နိဓေတဗ္ဗံ စ = အသက်ထက်ဆုံး စိတ်နှလုံးဝယ် မပျောက်ဆုံးအောင် သိမ်းဆည်းသိုမှီး၍ ဆောင်ထိုက် သော စကားကိုလည်းကောင်း။ (င)

ဝိသဒံ စ=အက္ခရာပုဒ်ပေါင်း ရောစပ်ရှုပ်ထွေးခြင်း အညစ်အကြေးပင်မရှိ ကြားနာသူတို့ အဓိပ္ပာယ်ကို ရုတ်ခြည်း

သိနိုင်သည့် တိကျပြတ်သား ထင်ရှားပြီပြင်သော စကား ကိုလည်းကောင်း။ (၈)

ဘာသိတာ=ကရုဏာရှေးရှု ပြောဆိုတော် မူတတ် ပါပေ၏။ (၈)

(ဝါ) ဘာသိတာ=အနုဒယာ ကရုဏာနှင့် မေတ္တာ ရှေ့ထား 'ဆည်းကပ်ကြသူတို့' အကျိုး များ အောင် စကားကောင်းအထွေထွေ မိန့်ကြားတော်မူပါပေ သြ- အနီးမပြတ် ဆည်းကပ်ထိုက်သည့် မထေရ်ပါပေဘုရား။

၄။ ဂန္ထကာရော စ သော ထေရော၊
သာသနုပကာရကော။
ဇနကော လဒ္ဓလဥ္ဆန-
သိဿကော စ ဓုရန္ဓရေ။

သော ထေရော=ပရိယတ်-ပဋိပတ် နှစ်ရပ်စွယ်စုံ ခုံကြီးတည်လောက် တံခွန်ဆောက်သား များမြောက် သော ဂုဏ်တော်သခင် ထိုကျေးဇူးရှင် ဇေယျသိန် ဆရာ တော်ဘုရားသည်။ ဂန္ထကာရော စ = 'နေတ္တိဟာရတ္ထ ဒီပနီ' 'ပဋ္ဌာနသာရဒီပနီ' စသည့် အလီလီသော ကျမ်း ဂန် သာသနာ့အခြေခံတို့ကိုလည်း ဝေဖန်ရေးသားတော် မူပါပေ၏။ (၉)

(ဝါ) သာသနာ့အခြေခံတို့ကိုဝေဖန်ရေးသားတော် မူသောကြောင့် လည်းကောင်း။

ဓုရန္ဓရေ=ဂန္ထဓုရ ဝါသဓုရ နှစ်ဌာနသော သာသနာ့ တာဝန်တို့ကို အားသွန်ကြိုးပမ်း ထမ်းဆောင်နိုင်စွမ်း ကုန်သော။ လဒ္ဓလဥ္ဆနသိဿကော = 'ဝဏ္ဏသာဂရ' 'သီရိ ပဝရ'နှင့် 'ပါရဂူ' 'ပဋ္ဌမကျော်' ဟူသော ဘွဲ့တော်ရ

သာသနာ့လုပ်သား တပည့်ကျောင်း အများတို့ကို။ ဇနကော စ = ဖြစ်စေ ထွန်းစေ ပေါ်ပေါက်လည်း ပေါ်ပေါက်စေတော်မူပါပေ၏။ (၁၀)

(ဝါ)ပေါ်ပေါက်စေတော် မူသောကြောင့် လည်းကောင်း။

သာသနဿ = ကြွင်းကျန်ဓဝနေ မျှား ဗိုလ်ခြေတို့ အောင်မြေနိဗ္ဗူ ဤလမ်းက လိုက်ခဲ့ဟူ၍ သုံးလူရှင်မြတ်ဘုရား ထားတော်မူအပ်သော သာသနာတော်အား။ ဥပကာရကော=ဥပကာရကျေးဇူး အထူး များလှပါပေ၏။ (၁၁)

(ဝါ) သာသနဿုပကာရကော = ကျမ်းဂန်တွေက အစောင်စောင် တပည့်ကျောင်းတွေက လွန်မြားမြောင် သာသနာ့တာဝန်ဆောင်တို့ဖြင့် ဘုန်းခေါင် ဥက္ကဋ္ဌ သုံးလူ့နတ်သာသနာ ခွန့်ရှည်ကြာ တည်အောင်ပြုသဖြင့် ဗဟုပကာရမှန်မသွေ ဩ-ကျေးဇူးများလှသော မထေရ်ပါပေ ဘုရား။

၅။ စတုသင်္ဂဟဝတ္ထူဟိ၊
ပဏ္ဍိတာပေက္ခိတေဟိ စ။
သင်္ဂါဟကော ယထာရူပံ၊
ပရိသာနံ ဒယာလု သော။

ဒယာလု=ဒုက္ခိတသတ္တဝါ မြင်မြင်ရာကို အကြင်နာ ပွားသနားတော်မူတတ်သော။ သော ထေရော='ပရိယတ္တိဝိသာရဒ' 'နာနာနယ ကောဝိဒ' စသည် များ ကြွယ် ဂုဏ်အသွယ်သွယ်တို့ကြောင့် ဗိုလ်ပုံလယ် ထင်ရှား ထိုကျေးဇူးရှင် ဇေယျသိန်မထေရ်ဘုရားသည်။ ပဏ္ဍိတာ

ဝပက္ခိတေဟိ=လောကတစ်ခွင် ပညာရှင်တို့ ဆင်ခြင် သုံးသပ် မလစ်လပ်အောင် စောင့်ကြပ်ကြည့်ရှု သတ်ပြု အပ်ကုန်သော။ စတုသင်္ဂဟဝတ္ထူဟိ=ဒါန ပိယဝါစာ အတ္ထစရိယာ သမာနတ္တတာ ဤလေးဖြာသော သင်္ဂဟ-ဝတ္ထုတို့ဖြင့်။ ပရိသာနံ=အားထားမှီခို ကြည်ညိုလေးမြတ် 'မိမိထံ' ဆည်းကပ်ကြသည့် ပရိသတ်များ ပြားတသည့်သားတို့အား။ ယထာရူပံ=ကြီး-ငယ်-လယ်-လတ် သူ့အရွယ်နှင့်သူ ဟပ်အောင်။ သင်္ဂါဟကော = ပညာရည် တောက်အောင် ချီးမြှောက်တော် မူတတ်ပါပေ၏။

(၁၂)

(ဝါ) သင်္ဂဟကော=အနုဒယာ ကရုဏာနှင့် မေတ္တာ ရှေးပြု သင်္ဂဟလေးဝတ္ထုတို့ဖြင့် အားပြုမှီခို ကြည်ညို လေးစား 'ကြီးကြီး-ငယ်ငယ်' တပည့်သားတို့အား ကြီးပွားအောင်တစေ ချီးမြှောက် စောင့်ရှောက်တော် မူတတ်ပါပေသည် ဘုရား။

၆။ ဇာနာပေတု မနိစ္ဆန္တော၊
အပ္ပိစ္ဆော ပရိယတ္တိယာ။
ထေရော နိဂူဟမာနော သော၊
အပ္ပိစ္ဆော ပဋိပတ္တိယာ။

သော ထေရော=သင်္ဂဟဝတ္ထု ထိုလေးခုကို ကြည့်ရှု ဆင်ခြင် တာစဉ်လေးစား ထိုကျေးဇူးရှင် ဇေယျသိန် ဆရာတော်ဘုရားသည်။ ဇာနာပေတု မနိစ္ဆန္တော=ဘုရား မုခပါဠ်ပရိယတ်ဝယ် တတ်သိကျွမ်းကျင် ကိုယ်တော်၏ ဂုဏ်အင်ကို များလူရှင်သိအောင်မပြု ဝင့်ဝါ ပြောဆိုမှု တို့ကို ဂရုပြု ရှောင်ကြဉ်တော်မူသည်ဖြစ်၍။ ပရိယတ္တိ-

ယာ စ=သုံးဖြာပိဋကတ် ပရိယတ်ဥ္စလည်း။ အပ္ပိစ္ဆော= သာကေတ မထေရ်မြတ်အသွင် အပ္ပိစ္ဆဂုဏ်ရှင်လည်း ဖြစ်တော်မူပါပေ၏။ (၁၃)

သော ထေရော= သီလ သမာ+ဓိပညာဟု သိက္ခာ လိုလား ထိုကျေးဇူးရှင် ဇေယျသိန် ဆရာတော်ဘုရား သည်။ နိဂ္ဂဟာမာနော=ကိုယ်တိုင်ကြီးစား ကိုယ်တိုင်ပွား၊ ပါလျက် သူတပါးကို မသိစေ အလွန်ပင် လျှို့ဝှက် တော်မူပေသည်ဖြစ်၍။ ပဋိပတ္တိယာ စ=ဓုတင်တော်ရသ် နှစ်ရပ်သီလ၊ သမာဓိပညာဟူသော ပဋိပတ်ဥ္စလည်း။ အပ္ပိစ္ဆော= မဟာကုမာရမထေရ် ဒေ္ဘာတိကနောင်ညီ မထေရ်တို့အသွင် အပ္ပိစ္ဆဂုဏ်ရှင်လည်း ဖြစ်တော်မူပါ ပေ၏။ (၁၄)

(ဝါ)ပဋိပတ္တိယာ အပ္ပိစ္ဆော=အရိယာမထေရ်လော ဟုတွေ၊တောရအောင်လည်း ဟန်မဆောင် လူသိ အောင်လည်း မပြုလုပ် လျှို့ဝှက်စွာ အားထုတ်သဖြင့် ဥက္ကဋ္ဌဂိုဏ်းဝင် ပဋိပတ္တိအပ္ပိစ္ဆဂုဏ်ရှင် သြ...ကြည်ညို ထိုက်သည့် မထေရ်ပင်ဖြစ်ပါပေသည် ဘုရား။

၇။ ဇဝံ နေကဂုဏ္ဏူပေတော၊
ဒါနိ မစ္ဆုဝသံ ဂတော။
အဟော အာသိ မဟာဇာနိ၊
သမ္ပတိ ဘော အနာထကာ။

ဇဝံ နေကဂုဏူပေတော=သို့ကလောက်များဖြင့် ဂုဏ် ကျေးဇူးစုံအလင်တို့ ခိုဝင်တန်နား ကျေးဇူးရှင် ဇေယျ သိန် ဆရာတော်ဘုရားသည်။ ဒါနိ-ဤဒါနိ=လူတို့ ဝေါ ဟာ ကောဇာအဖြောင့် ဂဏန်းစောင့်ဖော် တစ် ထောင့်သုံးရာ သုံးဆယ်သာ၍ ငါးဖြာကျော်နင်း တော်

သလင်းဟု သစ်ဆင်းမခသ ဆန်းပကွခဝယ် ဆဋ္ဌတိထိ ညနေချမ်း ၆ နာရီ၌။ မစ္ဆုဝသံ ဂတော = သုံးဘုံခရိုင် အကုန်ပိုင် သူနိမ်နင်း သေမင်းခေါ်ဆို မရဏတရား သူ့ အလိုသို့ တပည့်တပည့်တွေကို စွန့်ခွာ ဒကာ-ဒကာမတွေ ကိုမငဲ့သာ လိုက်ပါကြွသွားတော်မူရလေပြီ။ ဘော= စည်းဝေးညီမူ ရှင်လူအပေါင်း အို-သူတော်ကောင်းတို့။ သမ္ပတိ=ယခု။ နော=အကျွန်ုပ်တို့၏။ မဟာဇာနိ=အစား ထိုး၍ မရသာ ကြီးစွာသော ဆုံးရှုံးခြင်းသည်။ အဟော အာသိ=ဩ ဖြစ်ခဲ့လေပြီတကား။ဘော=သိတင်းသုံးဖော် ထေရ်တစ်စု သောတုဇနများစွာ ဒါယကာ ဒါယိကာမ အပေါင်း အို-သူတော်ကောင်းတို့။ သမ္ပတိ=ယခု။ ယံ =အကျွန်ုပ်တို့သည်။ အဟော အနာထကာ တဝိမှ=ကိုး ကွယ်အားထားရာ ဩ-မဲ့ကြရပြီတကား။

(ဝါ) အဟော အနာထကာ=သော်တုန္နယ် ဉာဏ် အားဏအလွန် မကွယ် မထေရ်မြတ် အရိပ်ကွယ်သဖြင့် တို့အားငယ်ကြရပေါ့ တို့ဘဝအခြေသည် နွေရသီ ရေ ကုန်သည့် ငါးတစ်စုကဲ့သို့ အားပြုဖို့ မမြင်ပေ။ ယခုဖြင့် တို့တတွေ ဩ....ကိုးကွယ်ရာဖြင့် မဲ့ကြလေပြီတကား။

ဂ။ မဟာဗ္ဗလာ မဟာပညာ၊
မဟိဒ္ဓိကာ မဟာဒ္ဒနာ။
န မုတ္တာ သမ္မာသမ္ဗုဒ္ဓေါ၊
သဗ္ဗဓလာကာဝိဓပေါ အပိ။

ဘောန္တော =ဓမ္မမိတ်ပေါင်း အို-သူတော်ကောင်း တို့။ မဟာဗ္ဗလာ=ဝါသုဒေဝ ဗလဒေဝ စရှိသီးသီး အား ကြီးသောသူတို့သည် လည်းကောင်း။မဟာပညာ=အရှင် သာရိပုတြာ အစဖြာသား ရောင်ဝါလျှံညီး ပညာကြီး

သော သူတို့သည် လည်းကောင်း။ မဟိဒ္ဓိကာ = အရှင်မဟာမောဂ္ဂလာန် အစဖန်သည့် မိုးပျံမြေလျှိုး တန်ခိုးကြဒ္ဓိပါဒ် ကြီးမြတ်သောသူတို့သည် လည်း ကောင်း။ မဟာဒ္ဓနာ=ဇောတိက ဇဋိလ စရိုများစွာ ဥစ္စာကြွယ်ဝသူတို့သည်လည်းကောင်း။ (အာဝုဓာ=အဟုန်ထက်မြက်သေမင်း၏လက်နက်မှ)။န မုတ္တာ=တစ်ဦးတစ်ယောက်မျှမလွတ်မြောက်နိုင်ကြကုန်။ သဗ္ဗလောကာဝိပေါ = ခပ်သိမ်းသောလောကကို အစိုးရ၍ စောင့်ရှောက်တော်မူတတ်သော။ သမ္မာသမ္ဗုဒ္ဓေါ အပိ = သုံးလူ့ထိပ်တင်ဘုရားရှင်သော်မှလည်း။ (အာဝုဓာ=အဟုန်ထက်မြက်သေမင်း၏လက်နက်မှ)။ န မုတ္တော=လွတ်တော် မမူနိုင်ပါချေ။

(ဝါ) အာဝုဓာ န မုတ္တော=လူတိုင်းစက်ဆုပ် သေမင်းယုတ် သူ ပစ်ဖောက်သည့် ကိုးဆယ့်ခြောက် ထေားရောဂါ ဝေဒနာ လက်နက်တို့ကဖြင့် ဘယ်သူ့ကိုမှမငဲ့ညှာ ဘယ်မျက်နှာကိုမှ မထောက်ထား သုံးလူ့ရှင် မြတ်ဘုရားသော်မှ အစွမ်းကုန် သူ ထိပါးသဖြင့် မတားသာမဆီးသာ ရောဂါဗျာဓိ သူ့လက်နက် ထိရကား ပရိနိဗ္ဗာန် ဩ-ဝင်စံတော် မူရသေးသည်သာတည်း။

၉။ မစ္ဆုနော ဝသ နာတိတာ၊
မစ္ဆုနာဝ ဥပဒ္ဒုတာ။
အဇဟာ မယမ္ပိ ဇဟာသာမ၊
သင်္ခါရာ နူန ဘေရဝါ။

ဘောန္တော=ခမ္မမိတ်ပေါင်း အို- သူတော်ကောင်းတို့။ မယမ္ပိ=ရုပ်နာမ်နှစ်ဖြာ တိသူငါလဲပဲ။ ရှေ့နော

ဝသံ=သုံးဘုံခရိုင် ရှင်သေမင်းသူပိုင်သည့် နိုင်ငံဒေသ သားသတ်ဘုံ ဌာနကွဲ။ အနတီတဂ=သဒ္ဓါ သတိ သမာဓိ နှင့် ဝီရိယပညာ၊ အားငါးဖြာဖြင့် 'ငါးပဲ့' ဟစ်ကြုံး အလွတ်ပင် ရုန်းကြသော်လည်း အဆုံးတိုင် မပေါက် မလွန်မြောက်နိုင်ကြသေးသောကြောင့်။ မစ္ဆုနာဝ ဥပဒ္ဒု တာ=တစ်မျိုးနှင့်မတည့် တစ်မျိုးနှင့် စာဉ့်ရေ၌ဟု ကိုး ဆယ့်ခြောက်စင်း အဆိပ်ပြင်းလှသည့် သေမင်းပစ်လှင့် မြှားဖလှာသင့်ကြကုန်သည်သာလျှင်။ အဟော ဟောဿာမ =အောင်း....အင်းဒုက္ခ မှန်မုချလျှင် (တစ်နေ့မမှန် တစ်နေ့ မှန်) ကေန်ဖြစ်ကြကုန်လိမ့်တကား။ သခ်ါရာ =ဖြစ်ပြီး လျှင်ပျောက် နေ့ရှိန်ကြောက်သည့် နှင်းပေါက် ပုံဟန် အရှည်မခံ မခိုင်မြဲ အစိုင်အခဲ မဟုတ်သည့် နာမ်-ရုပ် နှစ်ပါး သခ်ါရတရားတို့သည်။ နုန=စင်စစ်ကေန် အမှန် တကယ်ဆိုတော့။ ဘေရဝါ=ကြောက်ဖွယ် ကောင်းလှ ပါကုန်တကား။

(ဝ၊) ဘေရဝါ=သစ်ကျားတွေ ခိုအောင်း ဘုတ် တစ္ဆေ ပြိတ္တာအပေါင်းတို့ သောင်းကျန်းသည့် တော တောင်လို ရှင်သေမင်း သူစံခိုသည့် ပြည်နဂိုရ် သူ့ ကြင့်နှင်းပေမို့ တဖျန်းဖျန်းသွေးလုံ့ဆော် ကြက်သီးများ ထပေါ်လျက် မရွှင်ပျော်နိုင်ဘိတောင်း ညြ....အလွန် လျှင်ကြောက်ဖွယ်ကောင်းစွာပါ တကား။

၁၀။ မောက္ခဒါတာနိ ပုညာနိ၊
အဿာသဇနကာနိ ဘော။
ဘာဝနာ ဒါနသီလာနိ၊
ကရိဿာမ ပုရေတရံ။

ဘော = ဓမ္မမိတ်ပေါင်း အို- သူတော်ကောင်းတို့။ ပုရေတရံ=မအိုမီ၊ မနာမီ၊ မသေမီမဆွ ရှေးဦးစွာစွာ

စီးစီးကပင်။ (ဝါ)ပုရေတရုံ=သေမင်း၏ စက်လက်နက်သူ့လက်ချက် မဦးမီကပင်။ (မယံ=အကျွန်ုပ်တို့သည်)။ ဒမာကခဒါတာနီ=သေခြင်းမှ လွတ်ကင်းရာ နိဗ္ဗာန် ချမ်းသာကို ပေးတတ်ကုန်သော။ အသာသဇနကာနိ=ဝိနိပါတ ဘေးဒုက္ခတို့မှ မုချလွတ်ကင်း သက်သာရခြင်းကို ဖြစ်စေတတ်ကုန်သော။ ဘာဝနာ ဒါနသီလာနိ=ဘာဝနာ ဒါန သီလ ဟူကုန်သော။ ပုညာနိ = ဖြူစင်သည့် ပုညကြီးယဝတ္တု ကုသိုလ်ကောင်းမှုတို့ကို။ ကရိဿာမ= ပြုကြပါကုန်စို့။ (ဝါ)ကရိဿာမ=သေဇကကိုဖြေသိမ်းဒေါသကို ထိန်းပြီးလျှင် ငြိမ်းသည်ထက် ငြိမ်းစေကြ၍ ပုဆိုးစမိးဆောင် ဦးသျှောင်ကိုမီးစွဲ ထိုသူတို့ ဇာပဲလျှင် အားခဲအန်ထောင် သေခြင်းလွတ်သည့် နိဗ္ဗူသောင်သို့ ရောက်တဲ့အောင် ရည်စူးလျက် ဆည်းပူးအားထုတ်ကြပါစို့ ရှင်လူအပေါင်း သူတော်ကောင်းတို့။

မင်းကွန်း ဓမ္မနာဒတိုက် နာယက

တိပိဋကဓရ ဆရာတော်

အရှင်ဝိစိတ္တ သာရာဘိဝံသမထေရ်

ဖတ်လျှောက်ဂုဏ်ပြုသည်

၁၃၃၅-ခု၊ တော်သလင်းလပြည့်ကျော် ၆-ရက်

မန္တလေးမြို့၊ မိုးကောင်းတိုက်
ညောင်ရမ်း ပါဠိတတ္တသိုလ်
တိုက်အုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ
ဘဒ္ဒန္တ လက္ခဏာဘိဝံသ မဟာထေရ်မြတ်၏
'သာမုက္ကံသနီ ဗျာပန် အခမ်းအနားဖွင့်'

# ဂုဏဝဏ္ဏနာ သံဝေဂ ဓမ္မဂီတိ ဂါထာများ

(၁) ရံသိမာ ဆဋ္ဌသံဂီတိ-
သံဃိန္ဒော ထေရဘာကရော။
ဝါရိဇံ ယံ ပဗောဓေသိ၊
လက္ခဏံ ဂုဏသံယုတံ။

ရံသိမာ=နေအထောင်-လအထောင် တစ်ပြိုင်တည်း ချင်းစုပေါင်း၍ လင်းကြသည့် ထိုအရောင်ထက် ဆထမ်း ပိုးရာခဆောင်ဘက်၍ ဝင်းလက်ထွန်းပြောင် ပညာရောင်ကို ဆောင် တော်မူ တတ်ပါ ထ သော။ ဆဋ္ဌသံဂီတိ သံဃိန္ဒော = ဆဋ္ဌယင်ရာ သဘင်သာဝယ် သဃ်ာမိမိုင်း အဘိုင်းတိုင်းတို့က ညွှတ်ကိုင်း လေးစားရာ မဟာနာယက သံဃာ့ဦးကိုင်ဖြစ်တော် မူသသော။ ထေရ

ဘာကဓရော=ပိဋ္ဋကသုံးသွယ် သုံးကျွန်းနယ်၌ မှောင်ပယ် ထွန်းပ အဘိဓဇမဟာရဋ္ဌဂုရုပြည့်သူ့ဆရာ တောင်လျှံ လင်း အရှင်ညောင်ရမ်းဆရာတော် ဘုရားကြီးတည်း ဟူ သော နေမင်းသည်။ ဂုဏ်သံယုတ်=

(က) 'လက္ခဏာဘိဝံသ ပရိယတ္တိ သာသနဟိတ ဓမ္မာစရိယ'တည်းဟူသော ဘွဲ့တော်ထူး

(ခ) 'လက္ခဏာဘိ သိရိဓဇ သာသနကရ'ဟူသော ဘွဲ့တော်ထူး

(ဂ) 'ဘဒ္ဒန္တလက္ခဏ အဂ္ဂမဟာပဏ္ဍိတ' ဟူသော ဘွဲ့တော်ထူး

သီလ၊သမာဓိ=ပညာ ဂုဏ်ကျေးဇူး ရနံ့ထူးတို့ဖြင့် ဖူးမြင်သူ စိတ်နှလုံးကို သိမ်းကြုံးယူငင် ကဲ့အသွင်သို့ ယှဉ် ဖော်ဆောင်မှုပါ ပေထခဲ့သော။ ယံ လက္ခဏာ ဝါရိဇ=တိုက်အုပ် စာချ သာသနာ့ညွန့်လန်း အရှင် လက္ခဏာ မထေရ်မြတ် တည်းဟူသော အကြင်ကြာပန်းကို။ ပဗောဓေသိ=ဆီလ အဆင်း သမာဓိ ရနံ့သင်းလျက် အလင်းတော်ပညာ သိက္ခာသုံးပါး အံ့ဘွယ်ပါးလျှင် ကားကားစွင့်စွင့် ပွင့်စေ တော်မူခဲ့လေပြီ။

(ဝါ) ပဗောဓေသိ = သာသနာ့မြိုင်ခန်းဝါ မိုး ကောင်းတိုက် ကန်တော်သာဝယ် ဓမ္မက္ခန္ဓာ ဝတ်ရည် သုံးကြ၍ ရှင်ရှင်လူလူ ပျားပိတုန်းတို့ အောင်ကုန်းမြေ နိဗ္ဗူစခန်းသို့ ပျံသန်းကာ ရောက်သွားရအောင် ကား ကားစွင့်စွင့် မားမားမြင့်လျက် ရင့်စေ=တင့်စေ ပွင့် ထွန်းတော် မူခဲ့လေပြီ။

(၂) သံစုမ္ဗိတ္တ၁ သဒါ တသာ၊
ဿာတာရော ဘမရာ ဗဟူ။
နာနာ ဒေသေသု ပုမ္ဘန္တိ၊
မဓုရံ မမ္မသညိတံ။

ဗဟူ=အရေအတွက်အား များပြားလှကုန်သော။ ဿာတာရော ဘမရာ = နီးမဝးဝန်းပတ် ရှစ်မျက်နှာ ထိုထိုအရပ်မှ တဖျပ်ဖျပ် တဒီဒီ ညောင်ရမ်း-ညောင်ရမ်း-ဟု အခေါင်လွှမ်းအောင် အောင်ခွန်းသံညံစီလျက် ကြွချီစုရုံး စာသင်သား ပျားပိတုန်းတို့သည်။ သဒါ= ဆောင်း-နွေ-မိုး=ဟု သုံးဥတုနှင့် ရတုခြောက်ထွေ မကွေ နေ့-ည ခပ်သိမ်းသော အခါကာလ၌။ တသာ ဝါရိ-ဇသာ=

(က) 'လက္ခဏာဘိဝံသ ပရိယတ္တိ သာသနဟိတ မမ္မာစရိယ'ဟူသော ဘွဲ့တော်ထူး
(ခ) 'လက္ခဏာဘိသီရိမဇ သာသနကရ' ဟူသော ဘွဲ့တော်ထူး
(ဂ) 'ဘဒ္ဒန္တလက္ခဏ အဂ္ဂမဟာပဏ္ဍိတ' ဟူသော ဘွဲ့တော်ထူး

သီလ-သမာဓိ-ပညာဂုဏ်ကျေးဇူး ရနံ့ထူးတို့ဖြင့် ဖူးမြင်သူ စိတ်နှလုံးကို သိမ်းကြုံးယူငင် ကဲ့အသွင်သို့ အသွန်ပင်တင့်ဆန်း အချင်လက္ခဏာ မထေရ်မြတ်တည်း ဟူသော ထိုကြာပန်း၏။ မမ္မသညိတံ မဓုရံ=မမ္မခေါ်မှတ် ချိုမြိန်သောဝတ်ရည်မြတ်ကို။ သံစုမ္ဗိတ္တ၁ = အာသာရှိရှိ

သဟိထောက်ကူ သမ္မဇဉ်-ဝီရိယ အဦးမူလျက် စုပ်ယူ သောက်သုံးကြကုန်၍။နာ ဂနာဒေသသု = မော်လမြိုင်သထုံ ရန်ကုန်မှအစ အထူးထူးသော မြို့-ရွာ ဒေသတို့၌။ ဝုမုန္တိ = တိုးတက်စည်ကား ကြီးပွား၍ နေကြကုန်၏။

(၀၊) ဝုမုန္တိ=ဘစ်တိုက်တစ်တာ တစ်ဆရာ ဦးစီး စာသင်သား တပည့်အသီးသီးတို့ကို နည်းနယပြည့်စွန် သာသနာ့ဘာဝန်ကို အားသွန်ကြိုးပမ်း ရှေ့ကထမ်း ကြလျက် လျှမ်းလျှမ်းတောက် ဂုဏ်သရေ ကြီးပွား တိုးတက်၍ နေကြကုန်ပေ၏။

(၃) ဒေဝါလိနော အဟာသုံ တံ၊
မဝုရံ ဓမ္မသညိတံ။
သံစုမ္ဘိတုံ ဝိလုမ္ပိတွာ၊
အဟော နော ဇာနိ သမ္ပတိ။

သမ္ဘဳ=ဘစ်ထောင့်သုံးရာ ဂေါဇဂနွန်းဝစ် သုံး ဆယ့်ချစ်အတွင်း ယင်းမာခိုင် ကြိုင်ကြိုင်သင်းသည့် တော်သင်းလဆုတ် ပက္ခ ၅-ရက်အရ ဖြစ်သော ယခုအခါ၌၊ ဒေဝါလိ ;နာ=နတ်နတ်တကာ ဗြဟ္မာအားလုံး ပျားပိဘုန်းတို့ သည်။ မဝုရံ ဓမ္မသညိတံ=ဓမ္မခေါ်မှတ် ချိုမြိန်သော ဝတ်ချည်မြဘ်ကို။ သံစုမ္ဘိတုံ=အာသာရှိရှိ ဥတိထောက်ကူ သမ္မဇဉ် ဝီရိယ အဦးမူလျက် စုပ်ယူ သောက်သုံးကြခြင်းငှာ။ တံ ဝါရိဇံ=

(က) 'လက္ခဏာဘိဝံသ ပရိယတ္တိ သာသနဟိတ ဓမ္မာစရိယ' ဟူသော ဘွဲ့တော်ထူး

(ခ) 'လက္ခဏာဘိသီရိမဇ သာသနကရ' ဟူသော ဘွဲ့တော်ထူး

(ဂ) 'ဘဒ္ဒန္တလက္ခဏ အဂ္ဂမဟာပဏ္ဍိတ' ဟူသော ဘွဲ့တော်ထူး

သီလ-သမာဓိ-ပညာ ဂုဏ်ကျေးဇူး ရနံ့ထူးတို့ဖြင့် ဖူးမြင်သူ စိတ်နှလုံးကို သိမ်းကြုံးယူငင် ကဲ့အသွင်သို့ အလွန်ပင်တင့်ဆန်း အရှင် လက္ခဏ မထေရ်မြတ်တည်း ဟူ၍ သာ ထိုကြာပန်းကို။ ဝိလုမ္ပိတွာ=နိုင်ထက်ကလူ ပြုမူ နှိပ်စက် ငါတို့လက်မှ လုယက်ကြကုန်၍။ အဟာသုံ= နတ်မဇောင်း နတ်စည် တီးမှုတ်သီလျက် ညီညာ ကခုန် နတ်ထီးဖြူ အစုံစုံတို့ ဝန်းရံယှက်ဝဲ သူတို့၏ အောင်ပွဲကို ဆင်နွဲကျင်းပ တနေ့ပျော်တပါး ပင့်ဆောင်ကြလေပြီ။ နေ ာ =လူ့ပြည်လူသားငါတို့များ၏။ အဟော ဇာနိ=ဘယ် နည်းဖြင့်မှ ရင်းစားထိုး၍ မရအောင် သေဒဏ်လိုက်ဖြာ သြ....နစ်နာဆုံးရှုံးချက်ကြီးပါပေ။

(ဝါ) အဟော ဇာနိ=နတ်ပြဟ္မာတွေ လုယူသွား ကြသဖြင့် တို့တတွေ ခုအပူ ပွားကြပေါ့ တရားမြတ် မွေးထုံကြည် မြိုက်ဝတ်ရည် တို့ မသုံးရဇတော့ဘူး။ သြ....တို့တတွေ အဆုံးရှုံးကြီး ဆုံးရှုံ နစ်နာခဲ့ရလေပြီ တကား။

(၄) ဓိရတ္ထု ဇမ္မ တံ မစ္စုံ၊
မစ္စုံ နိဋ္ဌာထဏာရကာ။
တဿ-ဘီမဒ္ဒိတော သဲ လော၊
သောတုသံဃနိသေဝိတော။

ဇမ္မ မစ္စု=ယုဟ်မာဘိလျှင်း ဟယ် သေမင်း-။ နိန္နာထ ကာရကမစ္စု = ဗိုလ်လူများစွာ သတ္တဝါကို ကိုးရာမဲ့ အောင် ပြုဆောင်ဘိလျှင်း ဟယ် သေမင်း....။ ဝယာ =သူငါအများ ကိုးစားရာပျောက် ပူမီးတောက်အောင် မထောက်မညှာ ပြုရက်စွာသား ယုတ်မာဘိလျှင်း နင် ဇသမင်းသည်။ သောတုသံဃနိသေဝိတော = များလှ သောင်းသောင်း စာသင်သား အပေါင်းတို့ ကိန်း အောင်းမွေ့ပျော် အားထားရာဖြစ်တော်မူသော။ သေ လော=အဂ္ဂမဟာပဏ္ဍိ ဘွဲ့ပုံရှိ သည့် ကဝိထွတ်ထိး အရှင် ယက္ခာ မထေရ်မြတ်တည်းဟူသော ရွှေတောင်ကြီးကို။ အဘိဇ္ဈိတာ = တပည့်သံဃာတွေကိုလည်း မငဲ့ညှာ၊ ဒကာ ဒကာမတွေကိုလည်း နင်မထောက် ဤဘဝ အဆုံး ရောက်အောင် နှောင့်ယှက် ကြိတ်ချေ အပူဇာတ် နင် ပျိုးခဲ့လေပြီ။ တံ-တသ္မာ=ထို့ကြောင့်။ တံ=တို့သူငါ= ဒကာ ဒကာမတို့ကို သောကမီး တောက်အောင် ပြုဆောင်ဘိလျှင်း နင် သေမင်း၏။ မီ=ထွီဖွယ်- ရွံဖွယ်- အော့နှလုံး နာဖွယ်သည်။ အတ္ထု=မုချမသွေ ဖြစ်ခဲ့လေပြီ တကား။

(၁၅) မီ အတ္ထု = တို့သူငါ ဒကာ-ဒကာမတို့ကို စိတ်သောကလှိုက်ဆူ နှလုံးခေတ် မြိုက်မြိုက် ပူအောင် ပြုလုပ်သူစစ်စစ် နင်သည်ပင် လက်သည်ဖြစ်ရကား အ သက်အသစ် ယခုဝယ် သံဝေဇာဏ်ပျံ့ကြွယ်၍ ထွီ-ရွံဘွယ် နင့်သဘောသည် သြ.... ပေါ်ပေါ်ကြီး ပေါ်ခဲ့လေပြီ တကား။

(၅) အနိစ္စာ ဝတ သင်္ခါရာ၊
ဥပ္ပါဒ - ဝယ ဓမ္မိနော။

## ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိ၊
## တေသံ ဝူပသမော သုခေါ။

(ဘောန္တော = အရိယာနွယ်ဝင် သံဃာတော်ထေရ် အရှင်တို့နှင့်တကွ ဖူးမြင်ပူဇော်အံ့ငှါ ရောက်ရှိလာကြသည့် ဒကာ၊ ဒကာမ ကလျာဏနွယ်ဝင် အို...သူတော်စင် အပေါင်းတို့....)။ သင်္ခါရာ = သညာ-စိတ္တ ဒိဋ္ဌိပြသား သုံးဝိပလ် လှည့်ပတ်မှု သူ့ဒဏ်ကြောင့် အမှန်ကိုမမြင် သူ-ငါဟူ ထင်ရသည့် နှစ်ပြင်သော နာမ်ရုပ်ဓမ္မ သင်္ခါရတို့သည်။ အနိစ္စာ ဝတ=တစ်ဘဝတာ အနေအထား ဆိုထားဘိ လျင်လျားကာလ တမုဟုတ်မျှပင် မူလအနေ မတည်ပေနိုင် မမြဲခိုင်ကုန်စွ တကား....။ ဥပ္ပါဒ-ဝယဓမ္မိနော=ဖြစ်ပျက်-ဖြစ်ပျက် အနှစ်မဖက်သည့် ရေပွက်နှင့်တူမော သဘောရှိကုန်စွ တကား....။ ဥပ္ပဇ္ဇိတွာ = ဥပတ္ထမ္ဘက ဇနက-ဟု နှစ်ဝအကြောင်း စုပေါင်းဖန်တီး ဖြစ်ပေါ်ကြကုန်ပြီးလျှင်။ နိရုဇ္ဈန္တိ=မုဟုတ်ခန့်ပင် မ ည်တုံ ကာမနေ ချုပ်ပျောက်ကြလေကုန်သည့် တကား....။ တေသံ=ဖြစ်=ပျက်နှစ်တန် နှိပ်စက်ဒဏ်နှင့် တရံမဂင်း ဒုက္ခသင်း-ဒုက္ခအဖွဲ့ ဖြစ်ကြသည့် ရုပ်ဓမ္မ - နာမ်ဓမ္မ ထိုသင်္ခါရတို့၏။ ဝူပသမော = ငြိမ်းရာကောန် မြတ်နိဗ္ဗာန်သည်။ သုခေါ=ချမ်းသာကောန် စစ်စစ်မှန်စွတကား။

(၀၁) သုခေါ=သန္တိလက္ခဏာ သူ့သဘောဝဖြင့် ဒုက္ခဟူ၍ မြူမနှင့်ပဲ ပြကတော့ သန့်စင် အေးကြည်လင်လျက် အမြဲပင်ဘခေ နိစ္စ-ထာဝရ ချမ်းသာစစ် မှန်လှပါပေတကား....။

(၆) အပ္ပမတ္တာ သဒါ ဟောထ၊
ဉတွာ သင်္ခါရဓမ္မတံ။
သကိစ္စ-မနုယုဉ္ဇေထ၊
နတ္ထိ နော မစ္စုသင်္ဂရံ။

(ဘောန္တော = သပြဟ္မစာရီ အင်္ဂါညီညွတ်သည့် သံဃာတော်ရဲ့ အရှင်မြတ်တို့နှင့်တကွ ပစ္ဆိမဒိသာ နောက်ဆုံးပူဇော်ရန် ရောက်လာကြသည့် ဒကာ-ဒကာမ ဂဏ လျှကော နွယ်ဝင် အို- သူတော်စင် အပေါင်းတို့....) သင်္ခါရဓမ္မတံ=ကိုယ်ကဲ့ပုံ ဖြစ်လိုတုံလည်း တဖုံဆင်ကဲ့ သူတစ်နဲ့ဖြင့် ဖြစ်မြဲတံသွာ ရုပ်-နာမ်ဓမ္မ-သင်္ခါရတို့၏ ဓမ္မတာကို။ ဉတွာ - ဇာနာထ = ကိုယ်စီ ကိုယ်င အဇ္ဈတ္တဝယ် ဉာဏစက်၌ မြော်ထောယ်ရှု၍ ယခုပင်လျှင် သိမြင်အောင် ကြိုးကုတ် အားထုတ်ကြပါကုန်လော။ ဉတွာ=သိမြင်အောင်ကြိုးကုတ် အားထုတ်ကြပြီးလျှင်။ အပ္ပမတ္တာ = ကုသိုလ်သယ်ခု မြတ်ကောင်းမှု၌ ဂရုကတ ကြိုးလုံ့လသည့် အပ္ပမာဒတရား လက်ကိုင်ထားကြကုန်သည်။

(၀၇) အပ္ပမတ္တာ—

မမေ့လျော့သင့်ဘဲ၊ ပြန်းကနဲ၊ ရောက်စွဲ နာဗျာမိ။
မမေ့လျော့လင့်ဘဲ၊ သူ၏နဲ့၊ အိုလဲ အိုနိုင်၏။
မမေ့လျော့လင့်ဘဲ၊ ပြန်းကနဲ၊ ဖေါက်လွဲ ဖေနိုင်၏ ဟု

သတိလိုက်လှဲ စိတ်ဝယ်စွဲကြကုန်သည်။ ဟောထ-ဇေန် ဖြစ်ကြပါကုန်လော။ နော=တကျော်မ ရှိညွတ်ခန္ဓာဝဋ်မှ ကျွတ်ဆုရည်ရွယ် တို့တတွေအား။ နော=ဘကျော်တည်း ဟူသော မာရ်မင်း၏ညွှတ်ကွင်း ခန္ဓာဝည်း ဟူသော သံသရာဝဋ်အတွင်းမှ လွတ်ကင်းရန်ရည်ရွယ် တို့တတွေ

အား။ မစ္ဆသဂ်ရုံ = မစ္ဆမည်လျှင်း ရှင်သေမင်းနှင့် အတွင်းကြွတ်ပူး မိတ်ရည်လူး၍ နှစ်ဦးနှစ်ဖက် ချိတ်အဆက်ဖြင့်—

ဤရက်ခါမူ = သေအံ့ဟူ၍ငင်း
ဤလခါမူ = သေအံ့ဟူ၍ငင်း
ဤနှစ်ခါမူ = သေအံ့ဟူ၍ငင်း

သဘောတူချိန်းအချက် စာချုပ်-စာတမ်း-စာရွက်တို့နှင့်တကွ လက်ဆောင်တံစိုး ထိုး၍ထားခြင်းသည်။ နတ္ထိ= မရှိကေန် လူတိုင်းမှန်၏။ တသ္မာ=ထို့ကြောင့်။ သကိစ္စံ= ခုဝတ္တမာန် ပစ္စုပ္ပန်နှင့် အခလွန်နောက်နှောင်း တောက်လျှောက်ကောင်းအောင် ရှယ်ချောင်းဆုပန် ရည်စိတ်သန်သည့် နှစ်ဟန်သော လောက-မွေစီးပွား ကိုယ့်ကိစ္စများကို။ အနုယုဉ်ဝေ့ါ=လုံ့လကြိုးကုတ် အားထုတ်ကြပါကုန်လော။

(၀၁) သကိစ္စ-မနုယုဉ္စဝေ့ါ = (ဖရှင်လက္ခဏာ မြပ်ထေရ၏ အန္တိမခေါ်တွင် သာဓုကိဋ္ဌနသဘင်ကို ဓမ္မဋ္ဌရှ သံဝေဂဂီတာ ဂါဂါယာဖြင့် သာယာစွာရွတ်ဖတ် ဖွင့်လှစ်အပ်လေပြီ....) ရပ်ဓာတ်-နာမ်ဓာတ် ပရမတ်နှစ်ပြင် ဖြစ်ပြီးလျှင် ချုပ်ကြသည့် သဘာဝ သူ့ဉာဉ်ကို သမ္ပဇဉ်နိုင်းညှိ အမှန်တိုင်း သိကြ၍ မိမိတို့ ဆိုင်ရာ နှစ်ဖြာသော လောက-ဓမ္မစီးပွား ကိုယ့်ကိစ္စ

များကို တရားမြော်ရှု ဉာဏ်ပညာ စက္ခုဖြင့် ယခုကပင် အရေးတွင်ႏ အောင် ကြိုတင်ကာ ကြိုးကုတ် အားထုတ် ဆည်းပူးတော်မူကြပါကုန်လော....။

နာယက

တိပိဋကဓရ အရှင်ဝိစိတ္တသာရာဘိဝံသမထေရ်နှင့်

အနုနာယက

အရှင်ဥက္ကံသာဘိဝံသ မထေရ်တို့

ဖွဲ့သီရေးစပ်ပူဇော်ကြသည်။

အဂ္ဂမဟာပဏ္ဍိတ + အဘိဓဇမဟာရဋ္ဌဂုရု
သံဃမဟာနာယက
ကျေးဇူးရှင် မစိုးရိမ်ဆရာတော်ဘုရားကြီး၏
နိဗ္ဗာန်ကျောင်းချ အန္တိမဈာပနပွဲ၌
ချီးမွမ်းဖတ်လျှောက်အပ်သော

## ဂုဏဝဏ္ဏနာ သံဝေဂ ဓမ္မဂီတိ ဂါထာများ

### (၁) ရွှေတောင်ကြီးပြို

သောကဏ္ဍာစလော ပပတိတော၊
နိဿောကာရာမ-မာပဇ္ဇေ။
ဓဇူပမော သာသနဿ၊
မစ္စုဝါတေန မဒ္ဒိတော။

(သာခါဝါ)=အန္တိမပူဇာသဘင်ပွဲ တစ်ဆူ ဆရာသခင် ကို အဆုံးသတ်ကန်တော့မည် ဟု နှလုံးမြတ်ပျော့ လိုက်ပါ ကြ၍ရှာနသို့ ညီညာဖျဖျ စုဝေးရောက်လာကြသည့် သံဃဂဏဘဏ်တံချူ လက်ကိုင်မှုကြသော ရှင် + လူ အပေါင်း အို...သူတော်ကောင်းတို့။ သာသနဿ = ယခုနေ့ရောက်ရှိ မုနိဗြဝါ သာသနာတော်သုံးရပ်၏။ ဓဇူပမော=ထေရဝါဒ ငါးနိုင်ငံမှ အောင်လံတံခွန်ပမာ

အာရမ္မဏာဓိပတိ အလေးအမြတ်ပြု၍ သိရသော ဇာတိ
ဓဇ+အဂ္ဂမဟာဓမ္မပဏ္ဍိတ+စ ရှိပုံယင် ဂုဏ်တော်ရှင် ဖြစ်တော်မူပေထသော။ နိဿယာကာရာမဒ=မာပကော = သောင်းကြောတုမန်းဂိရိန်ဝယ် 'မစိုးရိမ်' ဘွဲ့ပုံ ယ-ဂိုဏ်းငုံသည့် ရွှေဘုံသမိုက် ကျောင်းတော်နှစ်တိုက်တို့ကို မကိုဋ္ဌပုံဟန် စ-တည်ဖန်တော်မူခဲ့ပေထသော။ သောဏ္ဏာစလော=ဗုဒ္ဓဘာသာ ကမ္ဘာမှာမှ မြော်ကာကြည့်လျှင် လင်းလင်းမြင်ရသည့် ရွှေစင်ဖြင့် ပြီး ရွှေတောင်ကြီး အသွင်ကျေးဇူးရှင် မစိုးရိမ်ဆရာတော်ကြီးဘုရားသည်။ မစ္ဆုဝါတောန=လူနတ်ပြဟ္မာ သတ္တဝါကို မျက်နှာရှိ+မဲ့ ဂုဏ်ရှိ+မဲ့ဟု မငဲ့တုံဘဲ သူ၏နှဲဖြင့် အမြဲသတ်ညှဉ်း တိုက်ခတ်လျှင်းသည့် သေမင်းရန့်ရိုင်း လေပြင်းမုန်တိုင်းသည်။ မဒ္ဒိတော=သိက္ခာဂုဏ်ရှင်ဟူ၍လည်း မငဲ့ညှာ ပြည်သူ့ဆရာဟူ၍လည်း သူမထောက် များရှင်လူ အူသည်းခြောက်၍ ပူမီးတောက် ဖိတ်ဖိတ်ဝေအောင် ကြိတ်ချေသတ်ဖြတ် အပြီးတိုင် တိုက်ခတ်အပ်လေရကား။ ပပတိတော=ကြယ်နှယ်ဝန်းရံ တပည့်ပေါင်းရှင်လူပုံတို့ သူတာဖုံငါတနဲ့ အဘတ်နိုင်ဆုံး ပြုစုကြဆဲမှာပင် ဗုံ ဗုံးလဲယွင်းယိုအပျက်ကြီး ပျက်ပြိုခဲ့လေပြီတကား....။

(၂) မနုလိုဂုဏ်လင်း-

အာဒိစ္စော ရံသိယာ လောကံ၊
ဝရေတွာ ဓာရယံ ဂုဏံ။
ကာလစ္စယေန+တ္ထင်္ဂတော၊
အဒဟော သင်္ခါရဓမ္မတာ။

ဂုဏံ ခါရယံ=ဂုဏံ ခါရယန္တော=သတရံသိ ဒိစါ ကရ စရိုမျှားတောင်း အနွတ္တဂုဏ်အပေါင်းကို ကောင်း စွာဆောင်တတ်ပေထသော။ အာဒိစ္စော=ဂ မ္ဘာလွှမ်းမိုး လင်းရောင်ခြည် သူ့တန်ခိုး ဖြင့် အုပ်စိုးပြုပြင် ထက် ကောင်းကင်၌ နေ့စဉ်ထွန်းလင်း ရှင်နေမင်းသည်။ ရံသိယာ = ယူဇနာခြပါင်း သောင်းသောင်းပုံ့ကျယ် သူ၏ နယ်၌ သွယ်သွယ်ကွန့်လည် အလင်းခတ် သူ့ရောင် ခြည်ဖြင့်။ လောကံ=သက်ရှိ+သက်မဲ့ ပြ့ပြ့ကုန်စင် လူ့ လောကဘုံတစ်ခွင်ကို။ ဝဓေတွာ=ဖြစ်စေ တည်စေ တိုး တက်စေ၍။ ကာလစ္စယေန=တစ်နေ့တွက် သူ့တာဝန် အချိန်စေ့ ကုန်လွန်သဖြင့်။ အတ္ထံဂတော = အနောက် တောင်စွယ် ဝင်ကွယ်တောက်လျှောက် ချုပ်ပျောက်ခဲ့လေ ပြီ။

ဂုဏံ ခါရယံ=ဂုဏံ ခါရယန္တော=ဂဏ္ဍကာရက အဂ္ဂ မဟာပဏ္ဍိတ ပေသလလဇ္ဇီ, ပဌမပြန် ကော်မတီဥက္ကဋ္ဌ, အဘိဓဇမဟာရဋ္ဌဂုရု, သာသနာပြုအသင်းတို့၏ သြ ဝါဒါစရိယ, ဆဋ္ဌသံဂါယနာမဟာနာယက ဝန်ဆောင် သံသာ့အဖွဲ့ဥက္ကဋ္ဌ, စရိုမျှားတောင်း အနွတ္တ ဂုဏ်တော် အပေါင်းကို ကောင်းစွာ ဆောင်တော်မူပါထသော။ အာဒိစ္စော=သာသနာ့ဥဩျှောင် နေတန်ဆောင်သို့ ဘုန်း ရောင်ကွန့်လည် နေမင်း၏ ဘွဲ့တော်ချီရသည့် အပြည် ပြည်ဘကိုးစား အကျွန်ုပ်တို့၏ ထိပ်ခေါင်တင် အရှင် မစိုးရိမ်ဆရာတော်ကြီးဘုရားသည်၊ (ဝါ)အာဒိစ္စော= သာသနာသုံးမျိုး သိက္ခာတော်ဂုဏ်တန်ခိုးဖြင့် အုပ်စိုး ပြုပြင် ဗုဒ္ဓါဒီနယ်တစ်ခွင်ဝယ် ငယ်စဉ်ကစ ခုတိုင်ကျ

အောင် ဘောက်မထွန်းလင်း ကျေးဇူးရှင် မစိုးရိမ်ဆရာတော်ဘုရားကြီး ဟူသော ရှင်နေမင်းသည်။ ရုံသိယ = ဘုန်းရောင် ကံရောင် ဉာဏ်တော်ရောင်ဟု ထွန်းပြောင်ကွန့်လည် ကိုယ်တော်မြတ်၏ လင်းရောင်ခြည်ဖြင့်။ (သာသနံ)=ပရိယတ်နှင့်ပဋိပတ် တရပ်ငွေ သုံးထွေ သာသနာတော်မြတ်ကို။ ဝဍ္ဎေတွာ=ဤကမ္ဘာဝယ် ရှည်စွာတည်ရေး နည်းမျိုးစုံ အထောက်အပံ့ပေးလျက် ဖေးမထောက်ကူ ဘိုးတက်အောင်ပြုတော်မူ၍။ ကာလစ္စယေန =ဘဝ်ဘာတာဝန် အချိန်စေ့ ကုန်လွန်သဖြင့်။ အတ္တံဂတော=မရဏတောင်စွယ် ဝင်ကွယ်တောက်လျှောက် ချုပ်ပျောက်တော်မူခဲ့လေပြီ။ သင်္ခါရဓမ္မတာ = ဖြစ်လာသရွေ့ အချိန်စေ့က ငါဟေ့-လို့ မတားသာ+မဆီး သာ ချုပ်ပျောက်ရမြဲတံဘွာ သင်္ခါရတို့၏ ဓမ္မတာသည်။ အဟော =သြ...ကြောက်လန့်ဖွယ်ကောင်းလှပေတကား။

အဟော=ထိတ်ဖွယ်, လန့်ဖွယ်, ရွံ့စဖွယ်သူ့ဉာဉ် ဉာဏ်ရှိသူ-ရှုတိုင်း မြင်သဖြင့် ရင်တမမ မွေးညင်းတွေ ရှင်ရှင်ပျလျက် ကြက်သီးထ ဖြန်းဖြန်းဝေ သြ.... အသွန်ပင် ကြောက်ဖွယ်ကောင်းလှပေတကား....။

(၃) သေမင်းနှောင့်ယှက်-

မိရတ္တု ဇမ္မ တံ မစ္စု၊
မစ္စု အနာထက ရက။

အဘိဘူတော တယာ ထေရော၊
သာသနဿ ဒိဝါကရော။

ဇမ္ဗု မစ္စု=ယုတ်မာဘိလျှင်း ဟယ်သေမင်း။ အနာထ ကာရက မစ္စု=ဗိုလ်လူများစွာ သတ္တဝါကို ကိုးရာမဲ့ အောင် ပြုဆောင်ဘိလျှင်း ဟယ်သေမင်း....။ တယာ= ဗိုလ်လူအများ ကိုးစားရာပျောက် ပူမီးတောက်အောင် မထောက်မညှာ ပြုရက်စွာသား ယုတ်မာဘိလျှင်း နင် သေမင်းသည်။ သာသနဿ ဒီဝါကရော=ဘုရားမြတ်စွာ သာသနာ၏ ပညာတန်ဆောင် အလင်းရောင်ကို ထွန်း ပြောင်ထိန်လင်း ရှက်ဆောင်လျှင်း၍ နေမင်းကျက်မည် ဘွဲ့ဘူးချီပေထသော။ မထေရော=မြတ်မစိုးရိမ် တန်ခိုး ထိန်သည့် ဂဏိန္ဒာဘိ မိ တိလျှင်သတိဉာဏ်ယှဉ် တို့ထေရ် သခင်ကိုမှ။ အဘိဘူတော=ကပည့် သံဃာတွေကိုလည်း မငဲ့ညှာ ဒကာ ဒကာမတွေကိုလည်း နင်မထောက် ဤ ဘာ အဆုံးရောက်အောင် နှောင့်ယှက်လွှမ်းမိုး အပူ ဇာတ် နင်ပျိုးခဲ့လေပြီ...။ တံ=တသ္မာ=ထို့ကြောင့်။ တံ= တို့သူငါဒကာ+ဒကာမတို့ကို သောကမီးတောက်အောင် ပြုဆောင်ဘိလျှင်း နင်သေမင်း၏။ မိ=ထွီဖွယ် ရှုံ့ဖွယ် အော့နှလုံးနာဖွယ်သည်။ အတ္တု=မုချမသွေ ဖြစ်ခဲ့လေပြီ တကား....။

မိ အတ္တု = တို့သူငါဒကာ+ဒကာမတို့ကို စိတ် သောကလှိုက်ဆူ နှလုံးမာတ်မြိုက်မြိုက်ပူအောင် ပြု လုပ်သူစင်စစ် နင်သည်ပင်လက်သယ် (ဘည်) ဖြစ်ရ ကား အသစ်အသစ်ယခုဝယ် သံဝေဉာဏ်ပုံ့ကျယ်၍ ယွီရှုံ့ဖွယ်နင့်သဘောသည့် ပေါပေါကြီး ပေါ်ခဲ့လေ ပြီတကား....။

## (၄) လက်တွေ့ဟောဖော်

သယံ သိက္ခိတသိက္ခာယ၊
ဩဝဒိ သာဝကေ မုနိ။

ဇာတာ ဗဟူ ဇနာ ယာယ၊
ကက္ခဋ္ဌာ မုဒုဇာတိယာ။

မုနိ=အသိဉာဏ်ပိုင် ဂုဏ်စိုင်သခင် ကျေးဇူးရှင်ဘုရား။ (တွံ=ဘပည့်တော်များ၏ ရှေ့သွားပုဗ္ဗင် အရှင်ဘုရားသည်)။ သယံ သိက္ခိတသိက္ခာယ=အနုဿုတ သူတစ်ပါးထံပါး တစ်ဆင့်ကြားမဟုတ် ကိုယ်တော်တိုင် ကျင့်အပ်သည့် အကျင့်မြတ်သိက္ခာဖြင့်။ သာဝကေ=ကိုယ်တော့်ထံပါးတရားတော်နာ ရောက်လာဘိတောင်း တပည့်အပေါင်းတို့ကို။ ဩဝဒိ=ချိုမြိန်သံသာ နူးညံ့စွာဖြင့် ဩဝါနက်လေး ဟောရင့်ကြွေးခဲ့ပါပြီ....။ ယာယ=အရှင်ဟောကြား ယင်းဩဝါဒတရားကြောင့်။ ဗဟူဇနာ=ဘပည့်တော်အား အစထားလျက် များလှဘိတောင်း တပည့်အပေါင်းတို့သည်။ ကက္ခဋ္ဌာ = ပင်ကိုယ်အခြေ စိတ်နေဆိုးသွမ်း ရုန့်ကြမ်းသူ များ ဖြစ်ကြငြားသော်လည်း။ မုဒုဇာတိယာ=မီးတွေ့ယော ဖော့ဖယောင်းကဲ့သို့ ပျော့ပျောင်းနူးညံ့သော သဘောရှိကြကုန်သည်၊ ဇာတာ=ဖြစ်ကြရပါကုန်သည်ဘုရား။

ဇာတာ=ပုဗ္ဗကတ ပုညထိုထို စက်ရိပ်ကို ခိုရသဖြင့် ဗဟိုဘွန်းထောက် နိဗ္ဗူတိုင် ကျေးဇူးဆောက် အောင်ဖြစ်မြောက်ကြရပါကုန်သည် အရှင်ဘုရား-။

## (၅) နှိုးပင့်ဆော်-

ဥပနိယတိ ဇီဝိတ+မပ္ပ+မာယု၊
ဇရူပနီတဿ န သန္တိ တာဏာ။
ဧတံ ဘယံ မရဏေ ပေက္ခမာနော၊
ပုညာနိ ကယိရာထ သုခါဝဟာနိ။

(ဘာဝနွာ=သပြဟ္မစာရီ အင်္ဂါညီသည့် သဃ်ာထေရ်အရှင်မြတ်တို့နှင့်တကွ အန္တိမဒဿန နောက်ဆုံးအဖူးအမြော်လာကြသည့် ဒကာ+ဒကာမ ဂ. လျ. ဏန္ဒယ်ဝင် အို သူတော်စင်တို့....)။ဇီဝိတံ=ရုပ်နာမ်နှစ်ထွေ တည်တံ့နေဖို့ ကြာရေပုံသွင် ထာဝစဉ်ထောက်ကူ အသက်ဟူ၍ခေါ်ငြား ဇီဝိတိန္ဒြေနှစ်ပါးကို။ဥပနိယတိ=နွားကျောင်းယောက်ျား နွားအများကို တစ်ပါးရပ်ဘောင် အရောက်ဆောင်သို့ လောင်တညီးညီး ဇရာမီးသည် အနီးထံမှောက်မရဏာရောက်အောင်ပို့ဆောင်၍နေအပ်ပေ၏။အာယု=အသက်ခေါ်ငြား အကျွန်ုပ် တို့ ၏ ဇီဝိတိန္ဒြေနှစ်ပါးသည်။အပ္ပံ=ရထားလှည်းဘီး လိမ့်လည်း+ရပ်နေ ဤနှစ်ထွေဝယ် တစိတ်တဒေသ တစ်လက်မခန့်ဌာနဖြင့် တည်ရဘိအလား သူ့ခဏမျှသာ နေရငြား၍ လျင်လျားကာလတည့်နေချိန်တိုတောင်းလှပေ၏။ ဇရူပနီတဿ=လောင်တညီးညီး ဇရာမီးသည် အနီးထံမှောက် မရဏာ ရောက်အောင်ပို့ဆောင်အပ်သူ သတ္တဝါဟူဟူသ မျှ၏။တာဏာ= ကယ်တင်နိုင်ငြား အား သား ရာ စင် စစ် ကိုးကွယ်မှီခိုရာဖြစ်သောသူတို့သည်။ န သန္တိ=တစ်ဦးတစ်ယောက်မျှ ဤလောကဝယ် မရှိကြပါပေကုန်....။ မရဏေ = ဥစ္စာပစ္စည်း သားသမီးနှင့် ဇနီးမိတ်ဆွေ ခွဲရံသင်းပင်း

မည်သူမျှမကာယ်ဘင်နိုင်သည့် သေရခြင်း၌။ တော်ဘယ်=

(၁) အသက်ခေါ်ထွေ ဇီဝိတိန္ဒြေ၏ သေဝသို့ ဆိုက်ရောက်ရခြင်း

(၂) အသက်၏ တည်နေချိန်ကာလ တိုတောင်း လှခြင်း

(၃) ကိုးကွယ်ရာမဲ့ခြင်း

တည်းဟူသော ကြောက်လန့်ဖွယ်တောင်း ထိုသုံးပါး သောအကြောင်းကို။ပေက္ခမာနော=အလေးဂရုအရေး ပြု၍ တွေးရှုမြော်မြင် ပညာရှင်ဖြစ်သောသူသည်။သုခါ ဝဟာနိ=လူ့နတ်,နိဗ္ဗာန်-ချမ်းသာမြတ်သုံးတန်ကို ကောင်း ရွက်ဆောင်နိုင်ကုန်သော။ ပုညာနိ = ဒါန,သီလ,ဘာ ဝနာ သုံးဖြာပေါင်းစု မြတ်ကောင်းမှုတို့ကို။ ကယိရထ =လုံ့လကြိုးကုတ် ပြုလုပ်ပေရာ၏။

ကယိရာထ= သံသရာနောက်နှောင်း ဆက်တိုင်း ကောင်းလျက် ရောက်ကြောင်းနိဗ္ဗာန် အဓိဋ္ဌာန်၍ စိတ်သန်ရည်စူး နေ့နေ့ဘိုင်း လုံ့လ အထူးဖြင့် ဆည်း ပူးမသွေ .... အားထုတ်ပြုလုပ်သင့်လှပါပေသတည်း။

(၆) ပူဇော်အန္တိမ-

မင်းဂိရိန် သောင်း ကေတုဆီက၊
ပြောင်း ဟေတု ဟေတူ။
ဒေါင်းရွှေဥ နေတင်ဆူငယ်၊
ဇေယျတူ သံရှင့်။ ။
ကျောင်းဆောင်မြင့် ဝေဇယန်ဝယ်၊
နေရဗာန် လမ်းဖြောင့်ကိုဖွင့်။ ။

ပစ္စည်း နှင့် ပစ္စယုပ္ပန်၊
နှစ်-ရုပ်နာမ် ဖွန်ပွင့်။

ဖြစ်ချုပ်ဟန် ညွှန်သဖြင့်သာပ၊
ခုနစ်ဆင့် ပေါ်လွင်။

စက်ဘုန်းရောင်သာ ရွှင်မြူးသော်ကြောင့်၊
ကြာခင်ဘူး ပွင့်မည့်ပြင်ဆင်။ ။

မစိုးရိမ် ဘုန်းတောက်သခင်ကို၊
ဆုံးနောက်ခွင် ပူဇော်သဘင့်တွင်မှ၊
သူတော်စင့် နည်းထောက်စံမို့၊
ချီးလျှောက်ပြန်ချီ။ ။

ကျေးဇူးမြတ် ဂုဏ်စိုင်မဟီငယ်၊
ကုန်နိုင်မည် ထင်ဘူးဘုရားလေး။ ။

ကျေးဇူးရှင် မစိုးရိမ်ဆရာတော်ဘုရားကြီး၏
ပဋ္ဌာန်းစာသင်သားဟောင်း
တိပိဋကဝရ ဝိဇ္ဇာသာရာဘိဝံသ ထေရ်
ရေးဖွဲ့ပူဇော်သည်။
၁၃၃၇-ခု၊ နတ်တော်လဆန်း ၁၃-ရက်နေ့

❀

# မလှိုင်ခေါ် ပန်းလှိုင်မြို့၏ ပန်းတစ်ပွင့် ကြွေလွင့်ခဲ့လေပြီ

‘ပန်းရွှေလှိုင်’ စခန်းမြင့်ဆီက၊
ပန်းတစ်ပွင့် မလွှာ။
မန်းပလ္လင့် စံသာသနာမှာ၊
ဂန်+ဂန္ဓာ ကြိုင်သင်း။ ။
‘မစိုးရိမ်’ သီဝတုံဝယ်၊
သီသဂုဏ် မွှေးရန့်ညှင်း။ ။
သမာဓိ မြင့်မိုရ်တောင်လို၊
ဖွင့်ဆိုအောင် ခိုင်တင်း။
ပညာရောင် လျှံခြည်လင်းပါတိ၊
‘ရံသီ’ စာရင်း ကျမ်းစုံ။ ။
‘ပဋ္ဌာန်းစာ’ အခက်ကျမ်းကိုမှ၊
တစ်ဖက်ကမ်း တတ်မြောက်စွယ်စုံ။ ။
မထေရ်မြတ် ဤ+ထိုဂုဏ်ကို၊
ကြည်ညိုပုံ အပြည့်အဝသာပ၊
‘အဘိဓဇ’ မင်းမှတ်ဖြူလွှာ၊
နှင်းအပ် ပူဇာ။ ။
‘ရဋ္ဌဂု’ ထေရ်မှန်မဟာကို၊
ဒေဝိန္ဒြာ ပင်ခန်းဘုရာ့လေး....။
(နတ်ဘုံမြင့် စခန်းသာမှာ၊
ပဋ္ဌာန်းဝါ သင်ဘန်းအပြလေး....)။ ။

မေဓာ့ယာဉ်ပျံ
ရေးဖွဲ့ပူဇော်သည်

## တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်
## ငယ်စဉ်က ရေးသားတော်မူသော
## အရှင်ကောဏ္ဍည- အရှင်သုရိယ
## ရဟန်းတော်နှစ်ပါးတို့၏

# ရက်ချုပ်စာတမ်း

ဇယတု။ ။မဟာသုဂတ အတုလဟု သုံးလောက ဥသျှောင် ဘုန်းခေါင်မိပတိ မုနိမှန်ကင်း တရားမင်း၏ ထားရင်းသြဝါ သာသနာကို အရှင်မဟာကဿပ လက်မွန်စ၍ အာသဘမြွက်ပြီး သဃ်ာ့ထီးဟု ပြောင်ကြီး ပုံညွှန် ဂုဏ်ရည်ချွန်သော ထေရ်မွန် အဆက်ဆက်တို့သည် စဉ်လျက်ရှေ့နောက် မရွေ့ ပျောက်အောင် စောင့် ရှောက်ပြုစုတော်မူကြသဖြင့် သာသနာ့နေဇန်း သရေ ရွှန်း၍ ထွန်းဆဲ ထိန်ဆဲ တောက်ပဆဲအခါ၌

ကောဇာသက္ကရာဇ် ၁၃၀၆-ခု၊ အတိတ် သာသနာ ဘော်နှစ် ၂၄၈၈-ခု၊ ဥတုဟေမန္တ ပြာသိုလပြည့်နံနက် ၈-နာရီ ( ၊)မိနစ် အရိုပ်ဖဝါး အလိုအားဖြင့် ၁၅-ဖဝါး ၁-ဖိလာ အချိန်တွင် ဂုဏ်နွရဇ် သုံးတိုက် ခေတ်ဝယ် သင်းကျစ်မှန်ကူ ဘုန်းလျှံလူသော သယမ္ဘူ ဝိဇ္ဇည်း ငါးမာန်လှည်း၏ သားကြီး ဥပရာ ကျေးဇူးဖြာ သော မဟာကဿပ ထေရိန္ဒမှ ဝံသစီစဉ် ဆက်ခဲ့လျှင် သော အရှင်ဇာဂရာဘိဝံသဟူ၍ ဂရုဟိဂဟိတ မူလ အမည် အရှင်တိဿဟူ၍ ကမ္မဝါစာသုခ တာဝကာလိက

နာမအမည် နှစ်မည်ထင်ပေါ် တောင်ရင်းရွာ တောင်ပေါ်ဆယ်ကြီးကျောင်း ဆရာတော်ဘုရားကို ရွေးဖျားပုဗ္ဗင် ဥပဇ္ဈာယ်ထားတင်၍ သုံးအင်သမ္ပတ္တိ ထက်ဝန်းပြည့်သော သိမ မဏ္ဍလင် တောင်ရင်းရွာ တောင်ပေါ်ကျောင်း ခဏ္ဍသိမ်အပြင်ဝယ် သင်္ဃာတော်အရှင်မြတ်တို့အား တွာ-လေးရပ် အင်ညီမှန်လျက် 'သံဃံ ဘန္တေ ဥပသမ္ပဒံ ယာစာမိ' အစရှိသော ပါဠိမာလာ တောင်းပန်စာဖြင့် ဝန္ဒနာ ဦးနှိမ်လျက် သုံးကြိမ်တိုင် မလမ်းဟာစ်သကဲ့သို့ ရဟန်းအဖြစ်ကို ရလိုပါကြောင်း ခွင့်တောင်းလျှောက်ထားကုန်ရကား....။

ရှင်နာဂ ရှင်နာဂ ဟူသော ကမ္မဝါစာသုခ တာဝကာလိကအမည် ရှင်ကောဏ္ဍည - ရှင်သူရိယ ဟူသော ဂရုဟိ ဂဟိတ မူလအမည် နှစ်မည်ဆင့်လောင်း သဒ္ဓါကောင်းသော ရဟန်းလောင်း နှစ်ပါးတို့သည် အများညီညာ စည်းဝေးလာသော သံဃာတော်တို့ သမ္မုတိရ အန္တရာယိက ဓမ္မရန်လျှေး ရှိ-မဲ့ရေးကို စစ်ဆေးသမှု မေးမြန်းပြုသော အနုသာသက အန္တရဘွဲ့တွင် ကျော်စောထင်သည့် အရှင်ဝိစိတ္တသာရာဘိဝံသသည် သံဃာ့ဘောင်မှ နှစ်တောင့်ထွာဟတ္ထပါသ်လွတ်၍ လျှောက်ပတ်ရာဌာနဝယ် အဘနှင့် သား ကဲ့အလားသို့ ဝန်းလျားစေ့စုံ သင်ကြား၍ ကုံလုံမှ ဂုဏ်လျှံပြည့်ကြွယ် သံဃာတော်တို့အလယ်၌ အန္တရာယ် ရှိ-မရှိ ရဟန်းလောင်းတို့၏ အင်္ဂါပြည့်-မပြည့်ကို ဝိနယဒေသနာ အာဏာတော်ထားရှိတိုင်း မလိုင်း မပို မလို မယုတ်ရအောင် ပုစ္ဆာနက်ခလေး မေးမြန်းသော ကာလဝယ် အာမဘန္တေ၊ နတ္ထိဘန္တေ မှန်တိုင်းဖြေသဖြင့် ကုဋ္ဌေ ၅-ထောင်ကျော် သိက္ခာ

ပုဒ်တော်အပေါင်းကို အားကောင်းကြံ့ခိုင် ဆောင်စွမ်းနိုင်ကြသော အပြိုင်စေတနာ သဒ္ဓါပဗ္ဗဇိတ ကုလပုတ္တအစစ် ဖြစ်ကြကုန်ရကား....။

(ပထမကမ္မဝါ) တောင်ရင်းရွာ တောင်ပေါ်ဆည်ကြီးကျောင်း ဆရာတော်

ပန်းတောင်းကျောင်း ဆရာတော်

ထုံးဖို သိမ်ကျောင်း ဆရာတော်

(ဒုတိယကမ္မဝါ) မင်းကွန်း ဓမ္မနာဒ အရှင်ဝိစိတ္တသာရာဘိဝံသ ဆရာတော်

(တတိယကမ္မဝါ) မယ်ဇလီကျောင်း ဆရာတော် ဦးဇာဂရ

ပင် ကုက္ကိုကျောင်းဆရာတော် ဦးပဏ္ဍဝံသ

တောင်ရင်းကျောင်းသစ်ဆရာတော်

ရွှေဘုံသာဆရာတော် ဦးဂုဏဝါ

ဤ ဆရာတော်တို့သည် ဆယ်ပါန်သော ဗျဥ္ဇနဗုဒ္ဓိစောင်းကြိုးကိုညှိသကဲ့သို့ ထင်မိမှန်ကန် ကရိုဏ်းနှင့်ပယ်ဟ်ဌာန်တို့ကို မလွန်မယုတ်စေရဘဲ ဗုဒ္ဓမတ္တညူ အဋ္ဌကထာဆရာတော်၏အလိုကို ရှုလျက် ကေ့ပဇ္ဈာယ၊ ကောစရိယအရာပယ် ဘေဒါနုဝတ္တကပါဠိအနုလောမ ဖွန်ကမ္မဝါစာတို့ကို စုံညီစွာ ရွတ်ဖတ်ကြ၍ ကာရကသံဃာတော် ၁၈-ပါးတို့နှင့် တကွ ဥပသမ္ပဒကံ မြောက်အောင်ချီးမြှောက်တော်မူကြသဖြင့် အဘိယာစက မူလကြည်ညိုဘောင်းပန်ဆိုကြသော ထိုသူဌေးလောင်း သဒ္ဓါကောင်းရှင်သူရိယ-ရှင်ကောဏ္ဍညတွင်မည် သာမဏေနောင်ညီတို့သည် ဂုဏ်ရည်နှိုင်းသွေး ဆယ်မြင်းမိုရ်ယှဉ်ပြိုင်းမရသောမကျဖူးသခင်မိခင်အရင်း သဒ္ဓါချင်း တူညီမျှပည့်

ပဥ္စင်း အမ ဒေါ်ပြန့်-ဒေါ်ရွှေတို့က သမဏပရိက္ခာရ စုံလင်စွာဖြင့် ကြည်သာဝမ်းမြောက် ချီးပင့်ထောက် ကြရကား ပရိသသမ္ပတ္တိ၊ ဥတ္တိသမ္ပတ္တိ၊ ကမ္မဝါစာ သမ္ပတ္တိ၊ ဝတ္ထုသမ္ပတ္တိ၊ သီမာသမ္ပတ္တိ- ဟူသော သမ္ပတ္တိ ငါးဖြာ အင်္ဂါလက္ခဏာအင်ပြည့်စုံလင်သဖြင့် ပဉ္စင်္ဂဟူသော မူလမာဂမိ ထိုအမည်မှ သဒ္ဓါနုသာရီသတ်ထုံး မြန်မာတို့ ခေါ်နှုန်းဖြင့် စွဲသုံးချုံ့ချဉ်း သဒ္ဓါနေ ကျဉ်းစေလျက် ပဥ္စင်းဟူ၍ ပညတ်အပ်သော ပုဂ္ဂိုလ်မြတ်အဖြစ်သို့ စင်စစ် ဆိုက် မြောက် ရ ရောက် သည် ဖြစ် ပါ ကြောင်း ကို အပေါင်းများစွာ စည်းဝေးလာသော သံဃာတော် အရှင်မြတ်တို့နှင့် တကွ ပဥ္စင်းသစ် ရှင်သူရိယ = ရှင် ကောဏ္ဍညတို့သည် သဗြဟ္မစာရီ အညီမယွင်း သိတင်း သုံးဘော် သံဃာတော်တို့နှင့် အလျော်ကြိုက်ကြုံ တွေ့ဆုံ ဆက်ဆံမိချေက အရိုအသေပြု အရိုအသေခံ ဤနှစ်တန် ကို နည်းမှန်သမ်းသင့် ပြုနိုင်လင့်အောင် နှိုးပင့်နူဒယာ ကရုဏာဖြင့် မဟာပုရိသုတ္တမ စောဗုဒ္ဓသည် 'တာဝဒေဝ ဆာယာ မေတဗ္ဗာ' အစဖြာသော အာဏာ တော်စက် ပညတ်တော်မူချက်ကို ထိပ်ထက်သံမှို မြနှက်သိုသကဲ့သို့ ရိုသေရှင်လန်း ဆင်ရွက်မြန်း၍ ရဟန်းဖြစ်ချိန် ဤရက် ချုပ် ပြက္ခဒိန်ကို ဤသိမ်အပြင် သံဃာ တော် တို့ မျက် မှောက် စက်တော်အောက်ဝယ် ကြားလျှောက် သိစေ အပ်ပါသည် သံဃာတော်သခင် အရှင်သူမြတ်တို့ဘုရား။

တိပိဋကဓရဆရာတော်
ရေးသားချီးမြှင့်သည်။
၁၃၀၆-ခု ပြာသိုလပြည့်၊ ကြာသပတေးနေ့

## လေးဆစ်

ကွန့်ကွန့်ဖြိုး-ညွန့်-ဟိုး တို့စေတနာ။

မိုးရထားငယ်နှင့်-ခရီးသွား ထိုအခိုက်သော်မှ
တသိုက်ကယ် ဆွေညာအစုံနှင့်၊
ဘူတာရုံမှာ နိဗ္ဗာန်ဈေးပေထင့်၊
ခမာဘုံစိတ်သန့် ရှေးလို့ရယ်ကွယ်၊
ကျွေးတိုက် ကြရှာ။ ။

စုသဒ္ဒါ ကြည်ကြည် ပ ပါဘိ၊
သုဘဒ္ဒါ ညီညီ မထွေထင့်၊
ပီပီယငယ်တည့် နှုတ်ဝါစာ၊
ထုတ်ခါခါငယ်ပ လှစ်ခါညှင်း၊
(အိုကွယ်) ဥက္ကာကြယ်လိုပ ပြစ်ဆာကင်း။ ။

တွေးရှုခါတုံ-
ကျေးဇူးဂုဏ် တဖန်သိမယ်လို့၊
ကြံမိသူ ရှင်တစ်ဆူက-
ကတည်း။ မင်္ဂလာစကားတွေနဲ့၊
အလွမ်းပြေ လမ်းမြေက ပါးရတယ်ကွယ်....
နားစိုက်ထောင်သွင်း။ ။

တိပိဋကဓရ ဆရာတော်

# ဤလေးဆစ်-ကဗျာလေး၏ အကြောင်းအရာ

ပဲခူးမြို့မှ ဒေါ်ကြည်ညွန့်၊ ဒေါ်ကြည်ဟိုးတို့ကား မဟာစည်ရိပ်သာ ယောဂီအမျိုးသမီးများ ဖြစ်ပါသည်။ ဆရာတော် တိပိဋကဓရ ဖြစ်စကပင်လျှင် ရန်ကုန် မဟာစည်သာသနာ့ရိပ်သာမှာ တရားဝင်၍ နေစဉ်က ပင်လျှင် ဆရာတော် ထံ ချဉ်းကပ်ကြပါသည်။ ဆရာတော် အပေါ်မှာ မောင်ကြီး ဘစ်ယောက်လောက်ပင် ကြင်နာကြသည်။ ဆရာတော် မွေးနေ့ ရောက်တိုင်း သူတို့၏ လက်မှုပညာ သိုးမွေးထည်နှင့် အဝတ်အထည်အမျိုးမျိုးကို ဇာထိုးပန်းထိုး လက်ရာအမျိုးမျိုးဖြင့်ပြုလုပ်၍ လှူဒါန်းကြပါသည်။ မင်းကွန်းသို့လည်း လာ၍ ဖူးမြော် ဝင်ထွက်ကြပါသည်။

သံဃာယနာခေတ် ရောက်သောအခါ တစ်ချိန်သော တတိယ သန္နိပါတပြီး၍ မန္တလေးသို့ ပြန်သောအခါ ပဲခူးဘူတာ ရောက်လျှင် အထက်ပါ လေးချိုး အတိုင်း ကျွေးမွေးကြ အဖျော်ယမကာ တိုက်ကြသောအခါ၌ ဆရာတော်၏စိတ်သန္တာန်မှာ အနာထပိဏ်သေဌေးသမီး သုဘဒ္ဒါညီအစ်မကို ဥပမာအလား တင်စားပြီး ရထားထွက်သောအခါ လျင်မြန်ထက်မြက်လှသော ဇဝနဉာဏ်ဖြင့် ရေးသား၍ တောင်ငူဘူတာ ရောက်လျှင် တောင်ငူဘူတာမှ ခေါင်းကပ်၍ ဒေါ်ကြည်ညွန့်နှင့် ဒေါ်ကြည်ဟိုးတို့ထံ ဤ လေးဆစ် ကို ရေးထည့်ခြင်း ဖြစ်ပါသတည်း။ ။

ရွှေဘိုသာ

# တရားတောင်း

[ဤတရားတောင်းကို ပဲခူးမြို့၊ ဟသ်ာတလမ်း ဒေါ်ကြည်ညွန့် ဒေါ်ကြည်ဟိုး–သာသနာ့အကျိုး ဆောင်အမျိုးသမီးများထံ ဆရာတော် ချီးမြှင့် သဖြင့် သူတို့ထံမှ ကူးယူ၍ မူတင်ထားပါသည်။]

ရွှေဘိုသာ

ပူဇေတုံ သန္နိသိဒါမ၊
ဂုဏော ဝေါ ဂုဏသာဂရာ။
ဓမ္မံ ဒေသေထ အသှာကံ၊
ဒယံ ပဋိစ္စ မုတ္တိယာ။

ဂုဏသာဂရာ=မြင့်မိုရ်ဆယ်ဆ နှိုင်းမမျှသား သီလ သမာ-ဓိပညာဟု သိက္ခာသုံးသွယ် သမုဒ်နှယ်လျှင် ပြန့် ကျယ်ကျေးဇူး ဂုဏ်အထူးနှင့် ချီးကျူးလောက်လုံ ပြည့်စုံ ဘော်မူပါသော ဆရာတော်သခင် အရှင်သူမြတ်တို့ ဘုရား။ ဝေါ=တုမှာကံ=ဂုဏ်တော်သခင် အရှင်ဆရာ တော်ဘုရားတို့၏။ ဂုဏော=သီလမြေထု မရေသမာဓိန်

ဝရဇိန်ညာ လင်းလင်းဖြာသည့် သချာများတောင်း ဂုဏ်တော်မြတ်အပေါင်းတို့ကို။ ပူဇော်တုံ = ဝိနယာဓိက ဓမ္မပူဇာ မဟာဇယသုဏ္ဍ ပွဲကျင်းပ၍ အသင်္ခါရိက် သဒ္ဓါဖိဘ်သား တိဟိဘ်ဥက္ကဋ္ဌ စိတ္တုပ္ပါဒ်ဖြင့် တုပ်ပျပ် ကော်ရော် ပူဇော်ကြခြင်းငှာ။ မယံ=သာသနာတော် ရေး တို့အရေးဟု မျှော်တွေးရည်ညောင်း တပည့် အပေါင်းတို့သည်။ သန္နိသိဒါမ=ရှင်စောမြတ်စွာ သာ သနာကို သဒ္ဓါလုလု ပြုလိုမှုကြောင့် သူ့ထက်ငါလျှင် ရှေးဦးတင်ဟု မြင်းဆင်ရထား ကညာအားမြင့် လေး ပါးပြိုင်ညီ သိန်းလေးလီတို့ မမှီနိုင်စွမ်း ဇောခြေလှမ်း ဖြင့် သာမြန်းရှေးရှု စက်ရိပ်ငှုဝယ် ညီမှုစည်းဝေး မိကြပါကုန်ပြီဘုရား။

ဝေါ-တုမှ = ဂုဏ်တော်သခင် အရှင်ဆရာတော် ဘုရားတို့သည်။ အသ္မာကံ = ခုဝတ္တမာန် ပစ္စုပ္ပန်နှင့် တမလွန်နောင်ရေး ရောက်ရှိမည့် ခန္ဓာဘေးကို ထောက် တွေးကြည့်မျှော် တပည့်တော်တို့အား။ ဒယံ ပဋိစ္စ=သာ သနဉပဋ္ဌာကာ တပည့်ရင်းများစွာကို ပညာနက်လေး အသိမှန် ငါတို့ပေးမည်ဟု ဆော်သွေးနှုဒယာ ယခုခါ ဝယ် ပညာပုံထောက် အကြင်နာရောက်တော်မူကြကုန်၍။ မုတ္တိသာ=ကံကိုလေသဝိပါကဟု ဝဋ္ဋသုံးဖြာစက်သံသာမှ ထွက်ခါပယ်သတ် သေခန်းဖြတ်၍နတ္ထိဒါနိ ပုနဗ္ဘဝေါ= နောက်ဘစ်ဖန်ဘဝသစ်ဝယ် ငါမဖြစ်တော့ပြီဟု ပြော

ပြီးလျှင် နိရောဓါရုံ ဒုက္ခကုန်သည့် ရွှေဘုံအရောက် လွတ်မြောက်ကြခြင်းငှာ၊ ဓမ္မ ဒေသေထ=အမြိုက်တရား ဟောကြားတော်မူကြပါကုန် ဘုရား။ ဝါ ဓမ္မ ဒေသေထ= သစ္စာလေးဝ မှန်ချက်ပြ၍ အဋ္ဌမဂ်ါ စက်ယာဉ်သာဖြင့် သံသရာပင်လယ်ကို နင်းပြီးလျှင် အသခ်တာ မြေသို့ချဉ်း ရအောင် ဩ...ဆောင်ကြဉ်း ပို့သတော် မူကြပါကုန် ဘုရား။ ။

**ပဲခူးမြို့ ဝိနယာဓိက အမျိုးသမီးခေါင်းဆောင်**

ဒေါ်ကြည်ညွန့် ဒေါ်ကြည်ဟိုးတို့

တောင်းပန်သဖြင့်

တိပိဋကဓရဆရာတော် ချီးမြှင့်တော်မူသည်။

❀

## တိပိဋကဓရမည်တွင်
## သာသနာ့ နတ်သစ်ပင်

ရှေးရှေးကာလ ဖြစ်ပေါ်ကြကုန်သော သာသနာ့အာဇာနည် မဟာထေရ်မြတ်ကြီးများ ဖြစ်တော်မူကြသည့် မန်လည်ဆရာတော်နှင့် လယ်တီဆရာတော်ဘုရားကြီးများ၏ ကိုယ်ရည်သွေးများကိုလည်း စိတ်အာရုံမှာ အထင်းသား ပေါ်လာပါသည်။

(၁) မန်လည်ဆရာတော်ဘုရားကြီးကတော့-
‘မာန်မလုပ်ချင်ဘု၊
မာန်လုပ်လျှင် လွယ်သည်သာပ၊
ငယ်မည်မှာ န ငယ်သတ်ရုံဘဲ၊’
စသည်ဖြင့်လည်းကောင်း။

(၂) လယ်တီဆရာတော်ဘုရားကြီးကတော့-
ဘယ်လိုလဲ ဆိုတော့၊
‘သာ သ နာ နောက် ဖျား က၊
ပေါက်ဖွားကြ အဆူဆူ၊
ယောကျ်ားပ ငါလိုလူ၊
ဇမ္ဗူမှာ ရှာစမ်း။

အားလုံးတကာ့ အလံထူ၊
စံမတူ ထိုးတော့ဥဒါန်း။’
စသည်ဖြင့် လည်းကောင်း။

သည့်ပြင်မှာလည်း သာသနာ့အာဇာနည် ပုဂ္ဂိုလ် ကျော်ကြီးတွေမှာ ဤကဲ့သို့ အသီးသီး ဥဒါန်း ကျူးရင့် သောအနေအားဖြင့် (မိမိမတွေ့ဘူးပြောသော်လည်း) ရေးသားခဲ့ကြလိမ့်မည်ဟု ထင်ပါသည်။

ယခု ကျွန်ုပ်တို့ မျက်မှောက်ခေတ်မှာလည်း တိပိဋက မရမည်တွင် သာသနာ့နတ်သစ်ပင်ဟူသော အမည်ဖြင့် ကျေးဇူးတော်ရှင် ‘တိပိဋကဓရဆရာတော်’ အရှင်မြတ် ကလည်း ဥဒါန်းခေါ်ခေါ် ကိုယ်ရည်သွေး ခေါ်ခေါ် ဂါထာဘော် ငါးဂါထာတို့ဖြင့် သာသနာ့တံခွန် လွှင့် ထူ၍ တင်ခဲ့သည်ကို အများကြည်ညိုနိုင်ရန် ဖော်ပြလိုက် ပါကြောင်း။

ရွှေဘုံသာ

၁။ အာရာမေ ဇိနစက္ကမှိ၊
နရာမရ နိသေဝိတေ။
ဝိဝိတ္တော သိ မဟာသာခီ၊
နိစ္စံ သာဓု မနောဟရီ။

၂။ ဝါယတိ ဂုဏပုပ္ဖါနံ၊
ယဿ ဂန္ဓော ဒိသောဒိသံ၊
မဓုရာနိ စ မမ္မောဇ-
ဖလာနိ ယတ္ထ သောဘရေ။

၃။ ဃာယရေ ဂုဏာပုပ္ဖါနိ၊
ဘမရာ သာခေဝါ ဗဟူ။
သကိံ ပိ ဃာယိတေ ယေသံ၊
စိရံ ဂန္ဓော ပဝါယတေ။

၄။ ပရိဘုဥ္ဇန္တိ သဒ္ဓမ္မ-
ဖလံ သာခု ဝိဟင်္ဂမာ၊
မနေနာ ပီဏာတိ အဒ္ဓါနံ၊
ယဿံ ဘုတွော သကိံ ရသော။

၅။ ကဒါပိ ဥပသေဝါမိ၊
ဝိစိတ္တံ ဓမ္မသာခိနံ။
သောဘန္တံ ဂုဏာ ပုပ္ဖေဟိ၊
တံ ကုဒါသု ဘဝိဿတိ။

နရာမရ နိသေဝိတေ=လူနတ်ပြဟ္မာ သတ္တဝါတို့ ဧခါ မစဲ မှီဝဲအပ်သသော။ ဇိနစက္ကမှိ အာရာမေ = အံ့ဘွယ်ရှစ်ပါး ပရိက်ားသားသည့် ဘုရားမြတ်စွာ စိန္တေယျာ၏ သာသနာမြိုက်ခင်း ဥယျာဉ်အတွင်း၌။ နိစ္စံ=နေ့ရောညဉ့်ပါ အခါမစဲ အမြဲဘဧဧသာလျှင်။ သာဓုမနောဟရိ=ဝန်တို စိတ်မသမာ အဘိဇ္ဈာနှင့် ကြသာမအောင်းသူတော်ကောင်းတို့၏ ပျော့ပျောင်းသည့် စိတ်နှလုံးကို ယူကျုံးပါအောင် ဆွဲဆောင်နိုင်ပါထသော။ ဝိစိတ္တော= ညာဏ်ရှည်ညွန့်ဖူး ဥယျာဉ်မှူးတို့ အထူးစိုက်ဆောက် မြေတောင်မြှောက်၍ ပေါက်ပုံဆန်းကြယ် အံ့စဘွယ်လည်း ဖြစ်ပါထသော။ မဟာသဒ္ဓိ=တိပိဋက ဓရတွင်မည် မြတ်ပင်စည်ဝယ် သီရိပဝရ ဓမ္မာစရိယ ဝင့်သကာ ခက်မ ဖြာ၍ ဘဏ္ဍာဂါရိက အပွင့်အသီးတို့ဖြင့် ခိုင်ပြီးတင့်

လွင် သာသနာ့နတ်သစ်ပင်ကြီးသည်။ အာသိ=ဘုန်းရှစ်ကံရှင် သမ္ဘာရှင်တို့ အစဉ်နိစ္စ သုံးကုန်ကြဲဟု ဒေဝ သနင်း နတ်ဖန်ဆင်းသကဲ့သို့ ကောင်းတင်းလှိုင်ကာ ပြည်ထောင့်စု ဤမြန်မာဝယ် ကံဇာတာ တဖြစ်ထူးပြီမို့.... ဩြ်....မဖြစ်စဖူး ဖြစ်ပေါ်ခဲ့လေပြီတကား။

၂။ ။ယဿ=အကြင်တိပိဋကဓရေ နာမမည်တွင် သာသနာ့နတ်သစ်ပင်ကြီး၏။ ဂုဏပုပ္ဖါနံ=အစိုးရပဋ္ဌမကျော် နိုင်ငံတော်တိပိဋကဓရ ဓမ္မာစရိယ ဝင်္ခနသကာ ဘဏ္ဍာဂါရိက် တံဆိပ်တော်စုံ ကျေးဇူးဂုဏ် တည်းဟူသော ပန်းပွင့်တို့၏။ဂန္ဓော=ဆရာကောင်းတပည့် အမိကောင်း သား ရှာမှရှားသည့် ယောက်ျားဇာနည် ဤသူသည်ကား 'ပီပါဘိသော' အံ့တသြလျှင် ရှင်ရောလူပါ နှုတ်လျှာမြိန်ရွှန်း ချီးမွမ်းအပ်တဲ့ ကောင်းသတင်း ဂန္ဓာရုံသည်၊ ဒိသောဒိသံ=အောက်ထက်ကြေညာ အရပ်မျက်နှာတိုင်း၌။ ဝါယတိ=မွှေးတကြိုင်ကြိုင် ပြန့်လှိုင်လှပါပေ၏။ ယတ္ထ=အကြင်တိပိဋကဓရေ သာသနာ့ညွှန့်ရှင် နတ်သစ်ပင်ကြီး၌။ မဓုရာနိ=ဘုရားဟော သက်သက်ကိုသာ ဟောမြွက်ချေငံ ဓမ္မစစ်မှန်သဖြင့် အနှစ်အဆံ အပြည့်ပစ်ရန်မရှိအောင် ဝိမုတ္တိအရသာ ချိုမြိန်လှစွာကုန်သော။ ဓမ္မောဇဖလာနိ စ=သြဇာပွားစီး တရားတည်းဟူသော အသီးတို့သည်လည်း။ သောဘာရေ=သောဘန္တိ=အပြိုင်းအပြိုင်း အကိုင်းကိုင်းမှ နာတိုင်းကြည်ဘွယ် ဩြ်....တင့်တယ်လှပါပေကုန်စွ တရား။

၃။ ။ဒေယသံ=အကြင်တိပိဋကဓရေ သာသနာ့ နတ်သစ်ပင်ဝယ် အစဉ်လန်းတင့် ဂုဏ်ပန်းပွင့်တို့၏။ ဂန္ဓော=မွှေး

ပုံ့ပုံ့ထုံ ဂန္ဓာရုံသည်။ သကိုံ ပိ= တစ်ကြိမ်တစ်ဖန် တစ်ရံ တစ်ခါမျှလောက်လည်း။ ဃာယိတေ=သဒ္ဒါလက်ဖြင့်ကိုင် လျက် ပညာတည်းဟူသော နှာခေါင်းဖြင့် နမ်းရှုလိုက် ရသည်ရှိသော်။ စိရံ=နေ့ရက်ရှည်ကြာ အခါကာလပတ် လုံး။ ပဝါယတေ=မွှေးတကြိုင်ကြိုင် ပြန့်လှိုင်၍ နေပါ ပေ၏။ ဗဟူ=အရပ်ဒိသာ ရှစ်မျက်နှာမှ ဝင်လာခိုဓအောင်း ဦးဓပေါင်းများစွာကုန်သော။ သာဓဝေါ ဘမရာ=နှလုံး ပျော့ပျောင်း သူတော်စင် ပိတုံးအပေါင်းတို့သည်။ တာနိ ပုပ္ဖါနိ=အစဉ်လန်းတင့် ထိုဂုဏ်ပန်းပွင့်တို့ကို။ ဃာယရေ ဃာယန္တိ=သဒ္ဒါတက်ကြွား ယာလက်ဝါး၌ တင်ထားကြ ပြီး စဉ်းစားဝေဖန် အသိဉာဏ်နှာဝဖြင့် အားရအင်ပြည့် ဟန့်တားသူ မရှိကြဘဲ ပီတိရွှန်းကာ လွတ်လပ်စွာ နမ်းရှုပ် ကြရပေကုန်စွ တကား။

၄။ ။ယဿ=အကြင်တိပိဋကရေ သာသနာ့နတ်သစ်ပင် ဝယ် အစဉ်ပွားစီး တရားတည်းဟူ သော အသီး၏။ ရသော=ဓမ္မသြဇာ မြိုက်ရသာသည်။ သကိံ ဘုဋ္ဌော= သဒ္ဒါထွန်းထိန် ရှုဦးနှိမ်၍ တစ်ကြိမ်ခါမျှ သုံးလိုက်ရ သည်ရှိသော်။ သာဓူ=နှစ်လုံး ပျော့ပျောင်း သူတော်စင် အပေါင်းတို့ကို။ စိရံ သန္တပ္ပယီ=လောဘကိလေသာ ဒေါ သကိလေသာ မောဟကိလေသာ အဆာပျောက်ပြေကြာ မြင့်စွာနှစ်သိမ့်စေနိုင်ပေ၏။ တံ သဒ္ဒမ္မဖလံ=ထိုတိပိဋက ရေ သာသနာ့ နတ်သစ်ပင်ဝယ် အစဉ်ပွားစီး တရား တည်းဟူသော အသီးကို။ သာဓုဝိဟင်္ဂမာ=အရပ်ဒိသာ ရှစ်မျက်နှာမှ ကပ်လာခိုဝင် တရားကိုခံမင်သည့် သူတော် စင် ငှက်အပေါင်းတို့သည်။ ပရိဘုဥ္ဇန္တိ= သဒ္ဒါတောင်ပံ

လူးလာပုံ၍ သာခုသံကိုယ်စီ ပေးကြပြီးလျှင် ပြော်.... အေးမြရွှင်ပျော် သုံးဆောင်တော် မူကြလေကုန်၏။

၅။ ။(ဘော = မိတ်သစ် မိတ်ဟောင်း အို.... အဆွေအပေါင်းတို့) အာဟံ=သာသနာ့နတ်သစ်ပင်ကို အစဉ်နိစ္စ သဘိ ၍ နေ့ညမှန်းမျှော် 'မောင်' ဆိုတဲ့ ကျွန်တော်သည်။ ကဒါ=ဘယ်လဘယ်ရက် ဘယ်စက်နာရီ ဘယ်အခါဆီ၌။ ဝိစိတ္တံ=ညာဏ်ရည်ညွှန့်ဖူး ဥယျာဉ်မှူးတို့အထူးစိုက်ဆောက် မြေသောင်မြောက်၍ ပေါက်ပုံ ဆန်းကြယ် သာသနာ့ဥယျာဉ်အလယ်၌ အံ့စဖွယ်လည်း ရှိပါထသော။ ဂုဏာပုပ္ဖ ဟိ = အစိုးရပဌမကျော် နိုင်ငံတော် တိပိဋကဓရ ဓမ္မာစရိယ ဝဋံသကာ ဘဏ္ဍာဂါရိက် တံဆိပ်တော် အခန်းခန်း ဂုဏ်ရည်ပန်းတို့ဖြင့်။ သောဘန္တံ=ရွှေ နောက်ဝဲယာ လေးမျက်နှာမှ သဒ္ဓါသစ်လှိုင်း ရှင်လူဂိုဏ်းတို့ ရှုတိုင်း ဆန်းကြယ်တင့်တယ်လှပါထသော။ ဓမ္မသာခိနံ=ဓမ္မခေတ်သွေး မပြတ်ဖွေးသည့် နတ်ဆေးချယ်တင် သာသနာ့သစ်ပင်ကြီးကို။ ကဒါ=ဘယ်ရက် ဘယ်လ သယ်ခါကျမှ။ ဥပဒေသ ဂါမိ = ထံပါးတော်မြတ် အနီးရပ်ဝယ် ဆည်းကပ်မှီခို ကြည်ညိုနိုင်ရပါမည်နည်း။ တံ = ထိုသို့ ထံပါးတော်မြတ် အနီးရပ်ဝယ် ဆည်းကပ်မှီခို ကြည်ညိုရခြင်းသည်။ ကုဒါ သုဘဝိဿတိ=ဘယ်ရက် ဘယ်လ ဘယ်ခါကျမှ ဓမ္မမြိုက်ဆီ ပန်းဝတ်ရည်ကို သာတကြည် သုံးဆောင်လျှင်းရအောင် နတ်သစ်ပင် ထံတော်ရင်းဆီသို့ ပြော် .... ကပ်ချဉ်းဖို့ရည်ရော် အခါတော်ဆိုက်ရောက် ပါလိမ့်မည်နည်း။

၁-၆-၁၇၊ နေ့ကူးသည်

၁၃၁၅-ခုနှစ်၊

နိုင်ငံတော် ဗုဒ္ဓသာသနာနုဂ္ဂဟ အဖွဲ့ချုပ်မှ

ကျင်းပအပ်သော

ဆဋ္ဌမအကြိမ်မြောက် တိပိဋကဓရ ရွေးချယ်ပွဲတွင်

**ဗုဒ္ဓသာသန ဝိသိဋ္ဌ တိပိဋကဓရ**

**မဟာတိပိဋကကောဝိဒ ဘွဲ့တံဆိပ်တော်**

နှင့်

ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရ၏

**တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘွဲ့တံဆိပ်တော်**

များကို ခံယူရရှိတော်မူသော

အဘိဓမ္မာ ပြန့်ပွားရေး အသင်းကြီး၏

ဩဝါဒါစရိယ ဆရာတော်

အရှင် ဝိစိတ္တသာရာဘိဝံသ

သာသနာ့ အာဇာနည် အရှင်မြတ်အား

ရန်ကုန်မြို့

# အဘိဓမ္မာ ပြန့်ပွားရေးအသင်း

မှ

**အဘိဓ္ဓဝ မင်္ဂလာ ဓမ္မပူဇော**

ခြိမ့်မြွမ်းလှာ

၁၃၁၅–ခုနှစ် တပို့တွဲလဆုတ် ၁၀–ရက်

**။ သိဒ္ဓမ် ။**

**ရွှေနားတော်ဖွင့်–**

ပူဇေတုံ သန္နိသိဒါမ
ဘဒ္ဒန္တာ ဂုဏသဥ္စယံ။
ယထာဘူတံ ပဂေက္ခာမ၊
တံ သုဏာထ ဂုဏာကရာ။

ဘဒ္ဒန္တာ=သာကီယဇာတ် အရှင်မြတ်တို့ဘုရား။ ဝါ–ဘဒ္ဒန္တာ=ဝိနယာ ဘိဓမ္မ သုတ္တန္တ ကျမ်းအစုံ ပိဋကသုံးပုံကို နှုတ်အာဂုံ သဘောပါမိသဖြင့် စောသာကို သာသနာဝယ် မဟာ နှင့် ဝိသိဋ္ဌ တိပိဋကဝိဝိုရ် တစ်ဆိုစလောက်ဂုဏ်ရည်မြောက်သား ဘုန်းတောက်ထင်ရှား အရှင်သူမြတ်တို့ဘုရား။ မယံ=အဘိဓမ္မာ မြိုက်ရသာကို

ကမ္ဘာပြန့်ရေး သဒ္ဓါရှေး၍ အားပေးဘိတောင်း တပည့်အပေါင်းတို့သည်။ ဝေါ=သဘောအာဂုံ ဉာဏ်စွယ်စုံတို့ ကုံလုံထင်ရှား အရှင်ဘုရားတို့၏။ ဂုဏသဗ္ဗယံ = သင်္ချာများတောင်း ဂုဏ်တော်မြတ်အပေါင်းကို။ ပူဇေတုံ= သဒ္ဓါရည်ထူး သာကြည်မြူး၍ ချီးကျူးကော်ရော် ပူဇော်ပါအံ့သောငှာ။ သန္နိသိဒါမ=ဆင့်မြင့်ရထား ကညာအားဖြင့် လေးပါးပြိုင်ညီ သိန်းလေးလီတို့ ပမှိုနိုင်စွမ်း ဓဇာခြေလှမ်းဖြင့် သာမြန်းရှေးရှု ညီမူစည်းဝေးကြပါကုန်၏ဘုရား။ ဝေါ=ပညာလျှင်လျှား အရှင်ဘုရားတို့၏။ ဂုဏသဗ္ဗယံ=သင်္ချာများတောင်း ဂုဏ်တော်မြတ်အပေါင်းကို။ ယထာဘူတံ=လျှော့၍လဲ မလျှော့က်ဆိုပို၍လဲ မထုတ်ပြမှန်သမျှ ဟုတ်သမျှကိုသာလျှင်။ ပဝက္ခာမ=သမုဒ်ခွဲလည် ငွေနဒီမှ ရေကြည်တစ်ပေါက် သုံးယူသောက်သို့ နှုတ်ထောက်သံချော မေးပြေကျူးလျှောက်ပါကုန်အံ့ဘုရား။ ဂုဏာကရာ=မဟာန္တ ရုံ ကျေးဇူးဂုဏ်တို့ပေါင်းစုံကိန်းပျော် ဆရာတော် အရှင်သူမြတ်တို့ဘုရား။ ဝေါ=ဂုဏ်တော်ထင်ရှား အရှင်ဘုရားတို့သည်။ တံ= ထို လျှောက်ဆိုအံ့ငြား ပူဇော်စကားကို။ သုဏာထ=ရွှေနားဆင်ပါကုန် ဘုရား။ ဝါ-သုဏာထ=ရှင်တို့တဖော်ဘုန်းကြောင့်ပေါ်သား ဂုဏ်တော်လုံ့ညီ ကုံးဖွဲ့သီသည့်ရတီချယ်သန်း နားသွယ်ပန်းကို ဆင်မြန်းပန်တော်မူကုန်ဘုရား။

## လျှောက်ရတု

ဘုန်းပန်းပရမေ။ ။ထိန်ထိန်ဝေတည့် စိန္တေဥက္ကဋ္ဌ
ဝိသုဒ္ဓိနတ်၏ အမြတ်သြဝါ သာသနာလျှင် ငါးရာ

ဆယ်ခင်း နှစ်တိုင်ချဉ်းအောင် လင်းပ စေသော ထွန်း စေဩဟု မနောစိတ်သန် အဓိဋ္ဌာန်ဖြင့် နိဗ္ဗာန်ကွန်း ပြောက် ငြိမ်းကြီးဆောက်သား ခြောက်ဆင့်သံဂါ ယနာ တင်ခုခ၊ဝယ် မဟာတိပိဋကာ=ကောဝိဒတည့် ရဲညာဏ်ကဲ ရွေးချယ်ပွဲတွင် နက်နဲဘိဓမ္မာ ဝိနယာနှင့် ဒီဃာဂမ သုတ္တန္တဥ္ဆ ဇေယျညွန့်လူ နှစ်ဆက်ယူသား ဝိဒူနွယ်ဖွား အရှင်အားလျှင် ပြန့်ပွားဘိဓမ္မာ သင်း မဟာမှ သဒ္ဒါထန်ပြင်း ဒကာရင်းတို့ ကောင်းတင်း ဗျာဂိ ကြားလျှောက်သီမည်၊ ၊သာကီညွှန့်နွယ်ဖွား ပန်ဆင်တော်မူဘုရား။

၆ နှင့်ဘမည်။

မေး။ ။ကိံ နာမာ စရိယာ တဿ၊
ကိံ နာမာ တဿ မာတရော။
ကိံ နာမာ ဒါယကာ တဿ၊
လဒ္ဓေါ ယေန ယေဟိ ဝိဿုတော။

ယေဟိ အာစရိယေဟိ=မြင့်မိုရ်တောင်ဦး ခေါင်ကကြူးသား ကျေးဇူးများဖြင့် အကြင်ဆရာတော်ဘုရားတို့သည် လည်းကောင်း။ ယာဟိ မာတူဟိ=အကြင်လောကဓမ္မ သာသနာ့မိခင် ဖခင်အပေါင်း သူမြတ်လောင်းတို့သည် လည်းကောင်း။ ယေဟိ ဒါယကေဟိ=လေးဖြာပစ္စယ ထောက်ပံ့ကြ၍ ဓမ္မဓာတ်ဟူ ဩဝါဒ သီတဂူကို ခံယူဘိတောင်း အကြင်ဒါယကာ အပေါင်းတို့ သည် လည်းကောင်း။ ဝိဿုတော=ဝဋ္ဋံသကာ ဓမ္မာစရိယ သိရီပဝရနှင့် အစိုးရ ပဋ္ဌမကျော် နိုင်ငံတော် တိပိဋကရေဟု

အထိကရထင်ရှား ကျော်ကြား စွာ ထသော။ ယော
သုတော=ပြည်ထောင်စုခေါ်သောသာသနာ၀ယ် ရောင်ဝါ
ထယ်တင့် ကြွယ်တစ်ပွင့်ဟု ဆိုသင့်အောင် ဂုဏ်ရည်မြူး
သည့် အကြင် အရှင်ဝိစိတ္တသာရ တည်းဟူသော တပည့်
ထူး သားထူး ဆရာထူးကို။ လဒ္ဓေါ=ရေးကုသိုလ် သမ္ဘာ
ဟောင်းတို့ ကြောင့် ခါကောင်းကြိုက်ကြုံ ဒွါဒသံမှ
ဇာတာမြုံ၀ယ် ရတနာပုံ ပပမြူးကြ၍ အရထူး ရအပ်
ပါပေ၏။ တဿ=ထိုသာသနာ့ နဘံစွန် တိပိဋကကြွယ်
တံခွန်ကို ဉာဏ်ရည်ချွန် လက်ရခူး အရှင်ဝိစိတ္တသာရ
တပည့်ထူး၏။ တေ အာစရိယာ=အာစာရသိက္ခာ ပညာ
တော် အခန်းခန်း သင်တန်းပြ ကျေးဇူးရှင် ထိုဆရာသခင်
တို့သည်။ ကိံ နာမာ=ဘယ်သို့ချီးကျူး အမည်ထူး ရှိကြပါ
ကုန်သနည်း။ တဿ=ထိုသာသနာ့ ထက်မိုးစွန် တိပိဋက
ကြွယ်တံခွန်ကို ဉာဏ်ရည်ချွန် လက်ရခူး အရှင်ဝိစိတ္တသာရ
သားတော်ထူး၏။ မာတရော = ယုယပိုက်ထွေး မေတ္တာ
ရေး၍ လေးထောက်ပစ္စည်း ကျင့်ဆောက်နည်းတို့ဖြင့်
မြှောက်ချီးနိစ္စ ပံ့ထောက်ကြသား လောကမေ့ သာသနာ့
မိခင် ဖခင်အပေါင်းသူမြတ်လောင်းတို့သည်။ ကိံ နာမာ=
ဘယ်သို့ချီးကျူး အမည်ထူး ရှိကြပါကုန်သနည်း။ တဿ=
ထိုသာသနာ့ ထက်မိုးစွန် တိပိဋက ကြွယ်တံခွန်ကို ဉာဏ်
ရည်ချွန် လက်ရခူး အရှင်ဝိစိတ္တသာရ ဆရာထူး၏။ ဒါ
ယကာ=လေးဖြာပစ္စယ ထောက်ပံ့ကြ၍ ဓမ္မဓာတ်ဟူ
ဩဝါဒ သီတဂူကို ခံယူဘိတောင်း ဒကာ အပေါင်းတို့
သည်။ ကိံ နာမာ=ဘယ်သို့ချီးကျူးအမည်ထူးရှိကြပါကုန်
သနည်း။ ၀ါ-ကိံ နာမာ=ဘယ်ဆရာ့ တပည့် ဘယ်အမိ၏
သား ဘယ်ဒကာများ၏ အကိုးကွယ်ခံ အဖြေခွန်း သော

ချာပြန်၍ ဝေကာဖန် ဉာဏ်ကသိုဏ်းတို့ဖြင့် ထေရာပ ဒါန် စံသမိုင်းကို အမှန်အတိုင်း မိန့်ဟတော်မူပါလော့။

ဖြေ။ ။အာစေရာ ဗုဒ္ဓိစက္ကာသ၊
မ္မစာရိသ မာတာရော။
ဦးသွင်+ဒေါ်သိန်း ဦးဆုံ+ဒေါ်ဆင်၊
ဒါယကာ စာဘိမ္မိကာ။

သမ္မ=အသက်နှင့် စည်းစိမ်ကို တည်ငြိမ်အောင်လည်း စောင့်ရှောက် ဘေးရောက်လျှင်လည်း ကိုးရာရ ကိစ္စတိုင်း မှာလဲ ကူညီ အင်လေးလီ စုကာပယသည့် ဥပကာရမည်သီး မိတ်ဆွေကြီး။ ဗုဒ္ဓိစက္ကာ=ပညာတော်စက် မြမြထက်၍ အနက်သင့်ခေါ်တွင် သာသနာ၀င်ဝယ် အရှင်ပညာ စက္က ဓမ္မနာဒထေရ်ကျော် ဆရာတော်တို့သည်။ အသ= ထို တိပိဋကဓရ သာသနာ့ အာဇာနည် ဂုဏ်ရည်ထိန်လျှပ် အရှင်သူမြတ်၏။ အာစေရာ=မြင့်မိုရ်တောင်ဦး ခေါင် ထက်ကြူးသား ကျေးဇူးများဖြင့် ဆရာတော်သခင်တို့ ဖြစ်ပါကုန်၏။ ဓမ္မစာရီ=ပိဋကသုံးခွင် ကျမ်းဝေဟင်ဝယ် ပြဘင်နေနတ် လှည့်ခွေပတ်သို့ မပြတ်နေ့စဉ် လှေလာအင် ကြောင့် ခေါ်တွင်နွတ္ထ မည်နာမဖြင့် ဒေါ်ဓမ္မစာရီ သည် ဝှါချိုး မင်းကွန်း ဂူကလေးချောင် ဆရာကြီးသည်။ အသ= ထို တိပိဋကဓရ သာသနာ့အာဇာနည် မထေရ်သူမြတ်၏။ မာတာ=အာမိသ ဓမ္မ ဉှနှစ်ဝဖြင့် နိစ္စပြင်ဆင် သာသနာ့ မိခင်လည်း ဖြစ်ပါပေ၏။ ဦးသွင်+ဒေါ်သိန်း စ = သတိုး သီရိ သုဓမ္မ ဘွဲ့ရကျော်ထင် ဆာဦးသွင်၊ ဒေါ်ဒေါ်သိန်း တို့သည်ကား။ အသ=ဆဋ္ဌမ သံဂါယနာမှီအောင် မြန် မာပြည် အရထူးသည့် ပဌမဦး စံပြ ထိုတိပိဋက အရှင်

သူမြတ်၏။ မာတရော= ပစ္စည်းလေးခန်း မပင်ပန်းရ အောင် လှူဒါန်းပူဇော် လောကုတ္တရာ ခမည်းတော် မယ် ဘော်တို့ ဖြစ်ကြပါကုန်၏။ ဦးဆံ+ဒေါ်ဆင် စ=ဦးဆံ+ ဒေါ်ဆင်ခေါ်တွင်မည်ထူး ပုဂ္ဂိုလ်နှစ်ဦး တို့သည်ကား။ အသ=ဆွဲဝန်းမျိုးလယ် တန်ခိုးကြွယ်အောင် ကိုးကွယ် စလောက် ထွန်းပေါ်ပေါက်သား ဘုန်းတောက်ကျော် ထင် ထို တိပိဋကဓရ အရှင်၏။ မာတရော=ယုယပိုက်ထွေး မေတ္တာရှေးသည့် မွေးသည့်မိခင် ဖခင်တို့ ဖြစ်ကြပါကုန် ၏။ အာဘိဓမ္မိကာ စ=ဓမ္မကို လွန်ခုံမင် ဦးမြို့ နှင့် ဒေါ် ဆင်ဆင်တို့သည်ကား။ ဒါယကာ=ကျောင်းတော် တည် ဆောက် နိဗ္ဗူ ပေါက် အောင် ချီး မြှောက် ရှည် ကြာ ကျောင်းဒကာ ကျောင်းအစ်မတို့ ဖြစ်ကြပါပေကုန်၏။ အာဘိဓမ္မိကာ စ=အဘိဓမ္မာ ဒေသနာမြိုက်ဆေးပွားပြန့် ရေးကို အလေးပြု၍စီရင် အဘိဓမ္မာအသင်းဝင် ဖြစ်ကြ သည့် သူတော်စင်ပေါင်း သူမြတ်လောင်းတို့သည်ကား။ အသ= ထိုသာသနာ့ အာဇာနည် ဂုဏ်ရည်ထိန်လျှပ် တိပိဋကဓရ အရှင်မြတ်၏။ ဒါယကာ=သြဝါဒ လိုက်နာ ဒါယကာတို့လည်း ဖြစ်ကြပါကုန်၏။ ဝါ-ဒါယကာ = စတုပါရိ မြတ်သုဒ္ဓိနှင့် သမာဓိပညာ ကိုးလောက်စွာဟု သြဝါဒါစရိယ မြှောတ်တင်ကြ၍ ဓမ္မသြဝါ ဆုံးမရာကို သဒ္ဓါသန့်ရှင်း နာယူလျှင်းကြသည့် ဒကာရင်းကေန် မှန် လှကုန်သည် သာတည်း။

ကျူးရင့်သံ

ဝိ-ဝိစိတ္တာ။ ။ဆန်းကြွယ်စွာသား မုတ္တာရွှဲပြုံး မှုလဲကုံးသို့ မင်းဆုံးသာကိ မာရဇိ၏ တိပိဋကာ မြိုက်

ရွှေစာကို ကေ သ ရာ မင်း ဟိန်းဟောက် လျှင်း သို့ ကြောက်ခြင်းဟူ၍ဘိ မြူမရှိဘဲ ဖရိသတ်လယ် စံစံပယ်၍ နာဖွယ်ချိုမြ ပြန်ဆိုဟာသည့် သိဿညွှန့်ဖူး တပည့်ထူး တည့် သားထူးဝိမိုရ် ဆရာကိုလျှင် အဟိုမြင့်ဝေး အတိတ်ရေးက ကံပေးသဖြင့် ရတော်လင့်ဟု ရှင့်ဆရာတော် မြတ်မယ်တော်နှင့် ဒကာတော်ပေါင်း သုံး မြတ်လောင်းတို့ သားကောင်းတစ်ယောက် ကျောက်ကောင်းတစ်စေ့ ကြိုက်ကြုံ၍လျှင် လွှေ့လွှေ့ အားရမ်း ပီတိလျှမ်းသည်၊ ၊ဝမ်း ပမ်း သာလိမ့်မည် ဘုရား။

နှလုံးရည်-

မေး။ ။ကိန္နု ခေါ သမ္မ သော ထေရော၊
ဝိစာရိတော ဟိ သောဂတော။
အသန္တသံ မိဂိန္ဒော၀၊
ဝိသာရဒေါ ဖြဟာ၀နေ။

သမ္မ=ဆင်းရဲလျှင်လည်း တူမကွာ ချမ်းသာလျှင်လည်း တူဘကွ သမာနသုခဒုက္ခာ အင်လေးဖြာတို့ စုံစွာလျှံညီး မိုက်ဆွေကြီး။ ဟိ=ဂါထာယဉ်ကျေး တဆင်သွေးဖြင့် အဒရေးပြောင်းကာ မေးဦးပါအံ့။ ကိန္နုခေါ=ဘယ့်နှယ် ကုန်းဓနဉ် အဆွေတော်။ သော ထေရော=ပြည်ထောင်စု သာသနာတစ်ခွင်ဝယ် ကမ္ဘာတွင် စံတင်ပြလောက်သည့် ပ သာမလက်ဦး ထို တိပိဋကရေ ပုဂ္ဂိုလ်ထူးသည်။ သော ဂဌတ=ဘုရားရှင့်ဥစ္စာ ပရိယတ္တိ သာသနာ တော်ကြီး၌။ ဝိစာရိတော=ဓမ္မနှင့် ၀ပ်လျှဉ်း၍ အရည်အချင်း စံမှီ မမှီ ခံနိုင်ရည် ရှိ မရှိ ပဏ္ဍိတမုံသောက် ခုံကြီးမြောက်တို့ တိ ခေါက်သောက်သှမ်း စုံစမ်းအပ်သည်ရှိသော်။အသန္တ

သံ = မလျှောက်ဝံ့ ဖလျှောက်ဝံ့ နောက်တွန့်တွန့်ပြီး ကြောက်ရွံ့စိုးငြင် မြူမထင်သည်ဖြစ်၍။ ဗြဟာဝနေ=လူသူ မနီး တောကြီးနက်ဓါင် မြိုင်ညိုချောင်၌။ မိဂိန္ဒောဝ = သားတို့သနင်း ကေသရာ ခြင်္သေ့မင်းကဲ့သို့။ ဝိသာ ရဒေါ=ပညာရဲရင့် ပွဲသယ်တင့်သူ မှန်ပါ၏လော။ ဝါ- ဝိသာရဒေါ=ခဲရာခဲဆစ် အရစ်ရစ်ဝယ် မထစ်မငြိ ချက် တိုင်းထိ၍ အတိအကျ ဖြေဆိုကာ ဉာဏ်ပညာ ဝံ့ဝံ့စား နိုင်၍ မရွံ့ရှားသူကောန် မတုန်လှုပ်သူ မှန်ပါ၏လော။

ဖြေ။ ။တိပေဋကော အသန္တာသီ၊
ဝိစာရိတော ဟိ သောဂတေ။
သတ္တေ စာပိ မိဂိန္ဒောဝ၊
ဝိသာရဒေါ ဗြဟာဝနေ။

သမ္မ=မေတ္တာ ကရုဏာ မုဒိတာဟု မဟာဗြဟ္မစိုရ်မိုး ရွာသွန်းဖြိုးသည့် ချစ်မျိုးမှန်ထွေ ချစ်နောင်ဆွေ။ ဟိ= အဖြေစကား မှန်ရာကိုကြားပါအံ့။ သော ထေရော = ပြည်သောင်စုမြန်မာတစ်ခွင်ဝယ် ကမ္ဘာတွင် စံတင် ပြ လောက်သည့် ပထမလက်ဦး ဆိုတိပိဋကဓရပုဂ္ဂိုလ်ထူး သည်။ ဝိစာရိတော=ဓမ္မနှင့် စပ်လျဉ်း၍ အရည်အချင်း စံမှီမမှီ ခံနိုင်ရည် ရှိမရှိ ပဏ္ဍိမုံသောက် ခုံကြီးမြောက် တို့ တီးခေါက်သောက်လှမ်း စုံစမ်းအပ်သည် ရှိသော်။ သောဂတေစ=ဘုရားဟောဖော် ပိဋကတ်တော်၌ လည်း ကောင်း။ သတ္တေ စာပိ=ပိဋကတ်ဉာဏ် ရင့်သန်စေငြား ကျမ်းတစ်ပါး၌လည်းကောင်း။ တိပေဋကော=တိပိဋက ဓရ သာသနာ့အာဇာနည် ပိသတော်မူသည် ဖြစ်၍လည်း ကောင်း။ အသန္တာသီ=မဖြေဝံ့ဖြေဂံ့ အခြေတွန့်၍ ရွံ့

ကြောက်စိုးငြင် မြူမထင်သည်ဖြစ်၍ လည်းကောင်း။ ဗြဟာဝနေ=လူသူမနီး တောကြီးနက်ခေါင် မြိုင်ညို ချောင်၌။ မိဂိန္ဒောဝ=သားတို့သနင်း ကေသရာ ခြင်္သေ့ မင်းကဲ့သို့။ ဝိသာရဒေါ=ပညာရဲရင့် ပွဲလယ်တင့်ခဲ့ပါပေ ၏။ ဝါ ဝိသာရဒေါ=ခဲရာခဲဆစ် အရစ်ရစ်ငယ် မထစ် မငြိစမ်းတိုင်းမိ၍ အတိအကျ ဖြေဆိုကာ ဉာဏ်ပညာ ဝံ့ဝံ့စားသော်ကြောင့် မရှိရှားသူ ကေန် မတုန်လှုပ်သူ မှန်လှပါပေသတည်း။

## ကျူးရင့်သံ

ဝိ-ဝိမိဿာ။ ။ရောယှက်စွာတည့် နည်းနာငုံပြွမ်း သုံးပုံကျမ်းဝယ် ဉာဏ်စွမ်းသတ္တိ မည်သို့ရှိဟု ကဝိထေရ် မွန် ဉာဏ်ရည်ချွန်တို့ စံညွှန်စလောက် ကျမ်းတိုင်း လျှောက်၍ စောဆောက်ပြဿနာ ခဲခက်ရာကို ပုစ္ဆာ နက်ဝှမ်း လက်တွေ့စမ်းက ကျမ်းတိုင်းပြည့်စုံ အောင် စွမ်းပုံကြောင့် အာရုံ အာရမ္မဏိက် ကုသိုလ်စိတ်တို့ ယိုဖိတ်ရွှင်အား ရှင့်ဖြစ်လားကို ဘုရားဇိနေဘ် နိဗ္ဗူ ပျော်၍ ခုသော်ကာလ ပစ္စက္ခဝယ် ဓမ္မသေနာပတိ ထေရ်သာရိ၏ ဒုတိယညီ ပေါ်ခဲ့ပြီဟု ထိုဤတွေးတော ထင်မှတ်စေသည်၊ ။အံ့ဩရှင်လူ လွှမ်းလိမ့်ဘုရား။

မေး။ ။ကိံ နွသာ ပာဒယံ သမ္မ၊
ဓမ္မဘဏ္ဍာဟိ သောဘဏေ။
ဟေဋ္ဌုပရိယ ဒေသေသု၊
ဝိဿုတံ ယဿ သာသနံ။

ဘမ္မ=မကောင်းမြစ်တား ကောင်းရာထား၍ မကြား ဘူးရာ ကြားစေပါလျက် နတ်ရွာလမ်းစဉ် ပြသွန်သင်

သည့် ဂုဏ်အင် လေးချက် စုံပြည့်နက်၍ အတ္တက္ခာယီ မိတ် စစ်ပီသား အကြည်မှန်လျှင်း ချစ်နှောင်မင်း။ ယဿ = အကြင် တိပိဋကဓရ နာမခေါ်တွင် အရှင်သူမြတ်၏။ သာသနံ = စိတ်နေကုံကောင်း အကြံကောင်း နှင့် ဉာဏ်ကောင်းပြည့်စုံ ကောင်းသတင်း ဂုဏ်သည်။ ဟေဋ္ဌုပရိယဒေသေသု = အောက်ထက်ညာကြေ ဗမာမြေ အနှံ့အစပ်တိုင်း ခရိုင် အရပ်ရပ်တို့၌။ ဝိဿုတံ = ဤပုဂ္ဂိုလ်နှဲ့ ပေါ်ရန်ခဲ့ဟု အံ့အဲ့သူငါ ပြောရပါအောင် လွန်စွာထင်ရှား ကျော်ကြား လှပါပေ၏။ အဿ = ထို တိပိဋကဓရ နာမ ပေါ်ထင် အရှင်သူမြတ်၏။ ဟဒယံ = ပတ္တမြားအသွေး ရောင်လျှံတွေးမည့် သွေးခတ်ကိန်းပျော် နှလုံးအိမ်တော် သည်။ ဓမ္မဘဏ္ဍေဟိ = ဘုရားဒေသနာ ရောင်ဝါလျှပ်ဖြိုး နဝရတ်မျိုးဟု ကိုးချက်အင်္ဂါ တရားဘဏ္ဍာတို့ဖြင့်။ သောဘတေ ကိံ နု = ဖူးတိုင်းကြည်ဖွယ် တင့်တယ်တော်မူပါ၏ လော။ ဝါ - သောဘတေ ကိံ နု = ပြည့်ထောင်စု တို့ သာသနာ့ဝယ် အာနန္ဒာ ထေရ်ပဒေး၏ ညီထွေးထွန်းပေါ် ထွက်ခဲ့သော်ဟု သမ္မာတော် ဓမ္မဋ္ဌရတို့ဖြင့် ကမ္ဘာပေါ် စံတင် ပြဆိုက်သည့် သြော်....ဓမ္မဘဏ်တိုက်ကြီးသဖွယ် ဖြစ်ခဲ့ဘော်မူပါ၏လော အဆွေတော်။

ဖြေ။ ။သောဘတေ ဓမ္မဘဏ္ဍေဟိ၊
ဟဒယံ ဉာဏဒိတ္တိဘိ။
တေနဿ မာနသံ နိစ္စံ၊
သောဂတေဝ သမောနတံ။

သမ္မ = အကျိုးလိုလား ကျိုးမဲ့ရှားဟု နှစ်ပါးမေတ္တာ သင်းကြိုင်သည့် ရေနံ့သာတို့ဖြင့် အခါခပ်သိမ်း စိုစွတ်

ရှိမ်းအောင် သပ်လိမ်းခဲ့ပေ ချစ်မိတ်ဆွေ။ အသာ = ထိုဘိပိဋကခရ သာသနာ့အာဇာနည် မဟာထေရ် အရှင်သူမြတ်၏။ ဟဒယံ=ပတ္တမြားအသွေး ရောင်လျှံတွေးမည့် သွေးခေတ်ကိန်းပျော် နှလုံးခေတ် ဘဝင်အိမ်တော်သည်။ ဓမ္မဘဏ္ဍာဟိ=ဘုရား့ဒေသနာ ရောင်ဝါလျှပ်ဖြိုး နဝရတ်မျိုးဟု ကိုးချက်အင်္ဂါ တရားမြတ် ဘဏ္ဍာတို့ဖြင့် လည်းကောင်း။ ဉာဏာဒိတ္တိဘိ=သဘာဝ ဝဝတ္ထာန် ပညာဉာဏ်ထွန်းပြောင် အလင်းရောင်တို့ဖြင့် လည်းကောင်း။ သောဘာဘာ=ဖူးတိုင်းကြည်ဖွယ် တင့်တယ်တော် မူလှပါပေ၏။ ဘေန=ထိုသို့ဓမ္မဘဏ္ဍာ ရတနာတို့ ရောင်ဝါထိန်လျှပ်ကိန်းဝပ် စံပျော်ရာဖြစ်သောကြောင့်။ အသ=ထိုတိပိဋကခရ သာသနာ့ အာဇာနည် မဟာထေရ် အရှင်သူမြတ်၏။ မာနသံ=အတွင်းပိတ်ဖုံး စိတ်နှလုံးသည်။ သောဂတေ=ဘုရားဟောဖော် ပိဋကတ်တော်၌သာ လျှင်။ နိစ္စံ သမော နဘံ=အမြဲကာစေ ညွတ်ကိုင်း၍ နေပါပေ၏။ ဝါ-နိစ္စံ သမောနတံ = လျှောင်းထိုင်ရပ်သွား လေပါးယာပထ ဖြစ်သမျှဝယ် ဓမ္မဗျာသယ မြဲမကွာ ပြည်ထောင်စု တို့ သာသနာဝယ် အာနန္ဒာ ထေရ်ပဂေး၏ ညီထွေးထွန်းပေါ် ထွက်ခဲ့သော်ဟု သမ္မာတော် ဓမ္မဋ္ဌရတို့ဖြင့် ကမ္ဘာပေါ်စံဘင်ပြထိုက်သည့် သြော်-ဓမ္မဘဏ်တိုက်ကြီးသဖွယ် ဖြစ်တော်မူပါပေ၏။

## ကျူးရင့်သံ

၀ိ-ဝိသိဋ္ဌာ။ ။ထူးချွန်စွာတည် လေးဖြာယာပိုက် ဝမ္မနိုက်လျှင် စရိုက်ခမွှ လျော် အရှင်ပေါ်၍ ဇိနေန္ဒ် မုနိ တုမရှိ၏ တြိပိဋကာ မြိုက်ရွှေစာတို့ ကိန်-ရ-မှန်လှ

သာသနာ ၀ကြောင့် မမ္မာဏ်တိုက် သိမ်းစိုးပိုက်သား သမိုက်ဝေါဟာ သာသနာ ဝယ် ဘဏ္ဍာဂါရိက ရာဇ တံဆိပ် မင်းစံလိပ်ဖြင့် ရဋ္ဌသာရ ပြည်မဿနင်း စိုးရမင်း တို့ကောင်းတင်းထွေငေါ် ပူပူဇော်က ရှင်တော်မိန့် ချက် သာသနာ စက်လျှင် တ ဝက် နှောင်း ကျန် တို့ တိုင်းမြန်၌ အာနန်ညီထွေး ပေါ်ပြီပေးဟု ဟစ်ကြွေး လူရှင် ပွဲကြီးယင်သည်။ ။ သံထင် လွှမ်းလိမ့် မည် ဘုရား။

ဆုတောင်းမင်္ဂလာ

ဓာရေန္တု ထေရာ ဇိနစက္ကဝက်၊
ပါလေန္တု ဒေဝါပိ ပဇံ သ သာသနံ။
မာနေန္တု မမ္မံ သနရာမရူ ပဇာ၊
ဟာသေန္တု ပုညဥ္စ သကံဝ ဝိန္ဒယုံ။

ဘော=အို ရှင်လူအပေါင်း သူတော်ကောင်းတို့ ဆုနာဘောင်းနိဂုံး ကမ္ဗာဘ်ဖုံးပါတော့အံ့။ ထေရာ=သာသနာ့ အာဇာနည် မထေရ်တော်များ အဦးထား၍ ဝန်းလျား စုံညီ ကြွရောက်ချိသည့် မထေရ်များတောင်း ဆရာတော် အပေါင်းတို့သည်။ ဇိနစက္ကဝက်=ဘုရားဇိနော် စိန္တေ ယျော်လျှင် မိန့်ဖော်မြွက်ဟ စက်ဓမ္မ၏ ထွန်းပနိုင်ကြောင်း အစီးအပွားကောင်း ဟူသမျှကို။ ဓာရေန္တု = ရှေးက ထက်ဘို၊ ဆထမ်းပိုးလျှင် အားကြိုးအန်ထော်ရွက် ဆောင်တော်မူနိုင်ကြပါစေကုန်သတည်း။ ဒေဝါပိ = သက္က ဣန္ဒာ ပဇာ ပရဏ ဤသာနက စရှိဒေဝါ နတ် ဘာဘာကို့သည်သည်း။ သာသာသနံ=ဘုရားဥစ္စာ သာသနာ

တော်နှင့် တကွသော။ ပဇံ=ကျွန်ုပ်တို့အား အစထား၍ များပြားဗိုလ်လူ ကမ္ဘာ့သူ ကမ္ဘာသား အပေါင်းကို။ ပါလေန္တု = မြတ်မွေးမယ်ဘွား တစ်ယောက်သားကို သနားကြင်နာ ကဲ့ပမာသို့ မကွာနိဗဒ် ဘေးရန် လွတ်အောင် စောင့်ကြပ်ကြည်ဖြူ မ တော်မူ ပါစေ ကုန်သတည်း။ သနရာ မရူပဇာ=ဗြဟ္မာနတ်လူ သတ္တဂါဟူဟူ သမျှတို့သည်။ ဓမ္မံ=ကမ္ဘာ့ငြိမ်းချမ်းရေး အစစ်အမှန်ပေးနိုင်သည့် မဂ်လေးဆင့် ဖိုလ်လေးတန် နိဗ္ဗာန် ပရိယတ်၊ တရားတော်မြတ်ကို။ မာနေန္တု=ကြည်ပွနဖြူစင် သဒ္ဓါဇော သက်ဝင်၍ ခုံမင်မြတ်နိုးနိုင်ကြပါစေကုန်သတည်း။ ပုညဥ္စ = ကျွန်ုပ်တို့ယခု ပူဇော်ပြုသည့် ကောင်းမှုထိုထိုကုသိုလ်ကို လည်း။ ဝိန္ဒယံ-ဝိန္ဒယန္တာ = ထပ်မျှရည်တူ ရတော်မူကြကုန်သည်ဖြစ်၍။ သကံဝ=ကိုယ်တိုင်ဆည်းစု ကိုယ့်ကောင်းမှုကဲ့သို့။ ဟာသေန္တု=နှစ်သက် ရွှင်လန်း ဝမ်းမြောက်ကြပါစေကုန်သတည်း။ ဝါ-ဟာသေန္တု = ကောင်းတင်းဟစ်ချီ နစ္စဂီ ဖြင့် ရှစ်ဒိသိုး ငြိမ့် မိုးကြိုးခြိမ့်သို့ သိမ့်သိမ့်သွက်ခါ စက္ကဝါဠာ ဘဝဂ်ရွာ ဘုံတိုင်လှုမ်းလောက်အောင် သာဓုစည် ကိုယ်စီရွှမ်းကြ၍ ကြော်.... ရွှင်လန်း ဝမ်းမြောက်တော် မူကြပါစေကုန်သတည်း။

❀

၁၃၄၅-ခုနှစ်၊ နယုန်လပြည့်ကျော် ၁၁-ရက်
(၁၉၈၃-ခု၊ ဇွန်လ ၂၆-ရက်) တနင်္ဂနွေနေ့
ရန်ကုန်မြို့ မြို့တော်ခန်းမ၌
ရန်ကုန်မြို့၊ ဆူးလေဘုရားလမ်း၊ အမှတ် ၁၉၉၊
ပဲခူးအသင်းမှ ကြီးမှူးကျင်းပအပ်သော
နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ
အဂ္ဂမဟာပဏ္ဍိတ ပဲခူးမြို့မ သက်တော်ရှည်
ဆရာတော်ဘုရားကြီးအား
အဘိဓဇမဟာရဋ္ဌဂုရု ပြည်သူ့ဆရာ
ပူဇာသဘင် ပွဲကြီးယင်၌
စီစဉ်ရေးသား ဖတ်ကြားပူဇော်အပ်သော

## အဘိဓဇမဟာရဋ္ဌဂုရု ဂုဏပူဇာ

### ၅-ဂါထာ ပါဠ် အနက်

နမော ဗုဒ္ဓါယ

။ သိဒ္ဓမ် ။

၁။ သမာဓိပစ္စယော ယဿ၊
ပရိသုဒ္ဓံ သုသောဓိတံ။
သီလံ ပသတ္ထံ ဝိညူဟိ၊
ထေရော ပါသာဒိကော အဟော။

ယသ ထေရသ=မင်းနှင့်ပြည်သူ ရှင်ရှင်လူတို့ ကြည်ဖြူလေးမြတ်ပူဇော်အပ်သား ရဋ္ဌဂုရု ကျောက်ထီးနှယ် အလေးပြုအပ်သည့် ပြည်သူ့ဆရာ သံဃာတော်တို့ဥက္ကဋ္ဌ အကြင် ပဲခူးမြို့မ အဘိဓဇ မဟာထေရ်မြတ်၏။ သုဓောဓိတံ=ကိုယ်နှင့်အသက် မငဲ့ကွက်ဘဲ စွန်းလျက်ညစ်ပေ ဖြစ်ပစေမည့် အနေသန+မိစ္ဆာဇီဝ စသော အပြစ်အလေးတို့ ယှက်မြွေးမထင် အသန့်ကြီး သန့်စင်အောင် ကောင်းစွာ သုတ်သင်အပ်သည်ဖြစ်၍။ ပရိသုဒ္ဓ=ပွတ်သစ်စ ခရသင်း ကဲ့သို့ ဖြူဝင်းကြည်လင် ထက်ဝန်းကျင်မှ အလွန်ပင် စင်ကြယ်လှပေသော။ ဝိညူဟိ=ပရိယတ်နှင့် ပဋိပတ် ကျင့်စဉ် လွန်ကျွမ်းကျင်သည့် သူတော်စင်ဖြစ်ကြသော ပညာရှိအများတို့သည်။ ပသတ္ထံ=ကြည်ညိုလေးမြတ် ချီးမွမ်းအပ်ပါထသော။ သီလံ=စတုပါရိ သုဒ္ဓိခေါ်မှတ် သီလတော်မြတ်သည်။ သမာဓိပစ္စယော=ဥပစာရ+အပ္ပနာ နှစ်ဖြာသော သမာဓိတို့ အားရှိတိုးပွားကြောင်း ကောင်းမြတ်သော ဥပနိဿယရည်း ပစ္စည်းစင်စစ် ဖြစ်ပါပေ၏။ သောသောဒရော=ဒုက္ခခပ်သိမ်း အေးငြိမ်းရာမှန် ပြည်နိဗ္ဗာန်သို့ ဝင်ရန်အသင့် သီလတည်းဟူသော တံခါးပွင့်ပြီးသောယို ပဲခူးမြို့မ အဘိဓဇ မဟာထေရ်မြတ်သည်။ အဟောပါသာဒိကော=သြ-ကြည်ညိုဖွယ် ကောင်းလှပါပေ၏။

အဟော ပါသာဒိကော=ကိုယ်တော့် အတွက်လဲ စိတ်ကြည်လင်+ကိုးကွယ်သူ ဒကာ+ဒကာမတို့မှာလဲ ကြီးမြတ်တဲ့ အကျိုးထင် နှစ်မျိုးပင် ကျေးဇူးကြီးလှ သဖြင့် မုချမသွေ သြ...ကြည်ညိုဖွယ် ကောင်းလှပါပေသည် တကား....။

၂။ **ဝိသေသဘာဂိယော** ယဿ၊
**သမာဓိ** ပရိ**ဘာဝိ**တော။
ပညာယ ပစ္စယော **ဟော**တိ၊
ထေရော ပါသာဒိကော **အဟော**။

ယဿ ထေရဿ=ဒုက္ခခပ်သိမ်း အေးငြိမ်းရာမှန် ပြည်နိဗ္ဗာန်သို့ ဝင်ရန်အသင့် သီလတံခါး ပွင့်ပြီးသော **အကြင်** ပဲခူးမြို့မ **အဘိဓဇ**မဟာထေရ်မြတ်၏။ ပရိဘာဝိတော=**တ**ရားအခရုံ စိတ်ဝယ်ထုံလျက် **တ**လုံလဲလဲ စဉ်အမြဲလျှင် အားခဲဘုံလတ် ပွားများအပ်**သ**ည်ဖြစ်၍။ ဝိသေသ ဘာဂိ**ယော**=မရစဖူး **တ**ရားထူးသို့ ကြည်နူးဝမ်းမြောက် အလွယ်တကူ **သ**က်ဝင်ဆိုက်ရောက်နိုင်**သော**။ သမာဓိ=တစ်ဆင့်ထက်တစ်ဆင့် ရင့်ထက်ရင့်လျက် မြင့်တက်စွမ်းအင် ထာဝစဉ် လေ့ကျက်အပ်သော သမာဓိတော်သည်။ ပညာယ=သဘောနက်နဲ ခက်**အ**ခဲ**ကို** ဖျက်ခွဲထင်ထင် သိမြင်နိုင်သော ပညာတော်၏။ ပစ္စယော=ဥပနိဿယရည်း လွန်ခိုင်ဖြိုးသည့် အားကြီးသောအကြောင်း **အထောက်**အပံ့ သည်။ ဟောတိ=မုချမသွေ ဖြစ်ပါပေ၏။ **သော** ထေရော=သမာဓိဟုန် တန်ခိုးဂုဏ်ကို လောက်လုံအောင် ဖြည့်ဆည်း သံဃာ့ထီး ဖြစ်တော်မူသော ထို ပဲခူးမြို့မ အဘိဓဇ မဟာထေရ်မြတ်သည်။ အဟော ပါသာဒိကော =သြ....ကြည်ညိုဖွယ် ကောင်းလှပါပေ၏။

အဟော ပါသာဒိကော=သမာဓိဟုန် တန်ခိုးဂုဏ်တို့ လွှမ်းခြုံသပ္ပါယ်+အတင့်တယ်ကြီး တင့်တယ် သြ-ကြည်ညိုဖွယ် ကောင်းလှပါပေသည် တကား....။

၃။ ပညာ ဘူရိသမာ ယဿ၊
သမာဓိနာ+နုဂ္ဂဟိတာ။
သုဝိသဒါ+တိတိက္ခာ စ၊
နာထဿာ+ရာဓေတာ ဟိ သော။

ယဿ ထေရဿ= သမာဓိဟုန် တန်ခိုးဂုဏ်ကိုလုံ လောက်အောင် ဖြည့်ဆည်း သံဃာ့ထီး ဖြစ်တော်မူသော အကြင် ပဲခူးမြို့မ အဘိဓဇဆရာတော် မထေရ်မြတ်၏ အဖို့ရာ။ သမာဓိနာ=ဝိသေသဘာဂိ ဂုဏ်ထူးရှိသည့် သမာဓိ ဘရားသည်။ အနုဂ္ဂဟိတာ=မိးကိုလေပင့် အရှိန် မြှင့်သို့ ရင့်ကျက်ကြီးမား အစွမ်းကုန် တိုးပွားအောင် အားပေ ပံ့ထောက် ကောင်းစွာ ချီးမြှောက်အပ်သည် ဖြစ်၍။ သုဝိသဒါ စ = ညစ်ညူးရန်အကြောင်း တရား ပေါင်းမှ ကောင်းစွာလွတ်ကင်း အလွန်ပင် သန့်ရှင်းသည် လည်းဖြစ်သော။ အတိတိက္ခာ စ=သဘောနက်နဲ ခက် အခဲကို ဖျက်ခွဲထင်ထင် အမှန်အတိုင်းသိမြင် အလွန်ပင် ထက်မြက်သည်လည်း ဖြစ်သော။ ဘူရိသမာ=သိလာ+ ပံသု မြေအထုနှင့် တူသော။ ပညာ=ပြန့်ကျယ်ကြီးမား အားထားလောက်သော ပညာတော်သည်။ အတ္ထိ=ထင် ရှားမသွေ ရှိပါပေ၏။ သော ထေရော= သိလာ+ပံသု မြေအထုနှင့် ဥပမာစံတင် ကြီးမားပြန့်ကျယ်သည့် ဉာဏ် တော်ရှင် ဖြစ်တော်မူသော ထိုပဲခူးမြို့မ အဘိဓဇ ဆရာ တော် မထေရ်မြတ်သည်။ ဟိ=စင်စစ်ကေန် အမှန်ပင် လျှင်။ နာထဿ=သုံးလောကမကိုး၍ သုံးတိုက်လုံးမှန်ကူ သယမ္ဘူထွတ်ထား တို့ဘုရားကို။ အာရာဓေတာ=နှစ်သိမ့် စေနိုင်တော် မူပါပေ၏။

အာရာမကော = 'ဒါမှစင်စစ် ငါ့သားချစ်' ဟု နှစ်သိမ့်အားရမ်း ဉဒါန်းတော် ခြွေညွှန်းမအောင် ဝမ်းမြောက်တော်မူစေ နှစ်သက်တော်မူစေ အားရကျေနပ်တော်မူစေနိုင်ပါပေသတည်း....။

၄။ ဝေမာဒိဂုဏူပေတော၊
ထေရော သော ဇိနသာသနေ။
စန္ဒော ပဘာယ သမ္ပန္နော၊
ဂဂနေ ဝိယ သောဘတေ။

ပဘာယ=ကမ္ဘာ့နေသူ ဟူဟူသမျှ ရှုမြင်ရက ချမ်းမြအေးကြည် ဝင်းပပလင်းရောင်ခြည်နှင့်။ သမ္ပန္နော = ပြည့်စုံသော။ စန္ဒော-နက္ခတ်တာရာ ကြယ်တကာ တို့ ရံကာဝန်းဖက် လေးကျွန်းရပ်သို့ မပြတ်လှည့်လည် ရောင်ခြည်ဖြန့်လွှမ်း စန်းယုန်နန်းသည်။ ဂဂနေ=ဆီးနှင်း+မြူ+တိမ်+သူရိန်+မီးခိုး ညစ်မျိုးသန့်စင် ထက်ကောင်းကင်၌။ သောဘတေ ဝိယ=မိုက်မှောင်ပယ်ရှင်း ရောင်အလင်းဖြင့် တဝင်းဝင်းခန့်ထယ် ရှုလိုက်တိုင်း တင့်တယ်သကဲ့သို့။ ဝေ=ထက် ရပေဘုံရပ်ဝယ် ကျက်သရေစုံလတ်သည့် စန်းယုန်နတ်ပမာ အတူသာလျှင်။ ဝေမာဒိဂုဏူပေတော=သီလ + သမာဓိ + ပညာက စသောများတောင်း ဂုဏ်အပေါင်းတို့နှင့် ကောင်းမြတ်ကုံလုံ ပြည့်စုံတော်မူပေသော။ သော ထေရော=တိုင်းသားပြည်သူ ရှင်ရှင်လူတို့ ကြည်ဖြူသေးမြတ်ပူဇော်အပ်သည့် ရဋ္ဌဂုရု ပြည်သူ့ဆရာ သံဃာတို့ရေ့သွား ထိုပဲခူးမြို့မ အဘိဓဇဆရာတော်မြတ်ဘုရားသည်။ ဇိနသာသနေ=နိဗ္ဗာန်လမ်းရှုပ် ခလုတ်တံသင်း မာရ်ခပင်းကို နှိပ်နင်းအောင်မြင် ဘုရားရှင်၏

သုံးအင်သိက္ခာ ဤယနေ့ သာသနာ၌။ သောဘတေ= ကြည်ညိုဖွယ် တင့်တယ်အောင်မူပါပေ၏။

သောဘတေ = သီလဂုဏ်ရောင်, သမာဓိဂုဏ်ရောင်, ပညာဂုဏ်ရောင် ကိုလေမှောင်နှိမ်နင်း တရားတော် ရောင်အလင်းတို့ဖြင့် တဝင်းဝင်း ခန့်ထယ်ဩ-အတင့်တယ်ကြီး တင့်တယ်တော် မူပါပေသတည်း....။

၅။ ထေရာသဘော သာခဝေါ ဝေါ၊
ကတာကာရော မဟပ္ဖလာ။
သုလဒ္ဓံ ဝတ တုမှေဟိ၊
မနုဿတ္တံ+တိဒုလ္လဘံ။

သာခဝေါ=နှလုံးပျော့ပျောင်း အို-သူတော်ကောင်းတို့....။ ဝေါ=သရဏဂုံသုံးရပ် မြဲဆည်းကပ်လျက် ခါးဝတ်ပဉ္စသီ အဋ္ဌင်္ဂီလည်း ယှဉ်မှီကျင့်သုံး သီလဘုန်းကြောင့် နှလုံးပျော့ပျောင်း သင် သူတော်ကောင်းတို့၏။ ထေရာသဘော = သီလ+သမာဓိ+ပညာ သိက္ခာတော် သုံးရပ် ပညာရှိတို့ ချီးမွမ်းအပ်သည့် အကျင့်မြတ် ကျေးဇူးဂုဏ်တို့နှင့် ပြည့်စုံတော်မူလတ် ပဲခူးမြို့မ အဘိဓဇမထေရ်မြတ်၌။ ကတာကာရာ=သဒ္ဓါကြည်နူး နိဗ္ဗာန်ကိုရည်စူး၍ ဆည်းပူးအားထုတ် ပြုလုပ်အပ်သမျှ ကောင်းမှုကုသိုလ် အဝဝတို့သည်။ မဟပ္ဖလာ = ထက်သန်ဖွံ့ဖြိုး ကြီးမားသော အကျိုး ရှိကုန်၏။ သာခဝေါ=ဗြဟ္မစိုရ်လေးပါး နေ့စဉ်ပွားလျက် တရားနှင့်မွေ့လျော် ရွှင်ပျော်ဘိတောင်း အို-သူတော်ကောင်းတို့-။ တုမှေဟိ=အသင်သူတော်ကောင်းတို့သည်။ အတိဒုလ္လဘံ=အောက်မြေပထဗျာက အပ်တစ်

စင်း+အသက်ပြုဟ္မာက **အပ်**တစ်စင်း အပ်သွားချင်းထိရန် **ထက်** ဆ**ဆ**တက်လွန်သာ တစ်ကြိမ်တစ်ခါမျှ ရဖို့ရန် အလွ**န်** ခက်ခဲလှပေသော။မနုဿတ္တံ=ပညာ+သတိ စွယ်စုံ ပြည့်သည့် လူ၏အဖြစ်ကို။ သုလဒ္ဓံ ဝတ = ကောင်းစွာ ရအပ်ပါပေစွ....။

**မ**နုဿတ္တံ သုလဒ္ဓံ ဝတ = သံသရာနောက်**ရေး** မြော်ထောက်တွေးက စိတ်ခအေးရသည့်အပြင် ပြည် **နို**ဗ္ဗာန်ဝင်ဖို့အကြောင်း ကောင်းမှုအသီးသီး ဆည်းပူး စုဆောင်းပြီးဖြစ်ကြ**သ**ဖြင့် မုချမ**ခ**သွ လူဖြစ်ကျိုး နပ် လှပါပေသည် **အ**ကား....။

| | |
|---|---|
| တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက | ချီးကျူးပွဲ ကြွသာ |
| အဂ္ဂမဟာပဏ္ဍိတ | သံဃာတော်တို့၏ကိုယ်စား |
| မ+ဟာ+နှ၊ အကျိုးတော်ဆောင် | နိုင်ငံတော် ဗဟို သံဃာ့ဝန်ဆောင် |
| ဦးဝိစိတ္တသာရာဘိဝံသ | ပဲခူး ရွှေတောင် ဆရာတော်ဘုရား |
| ရေးစပ်ပူဇော်သည်။ | ဖတ်ကြားပူဇော်သည်။ |

၁၃၄၅=ခုနှစ်၊ နယုန်လပြည့်ကျော် ၁-ရက်
၁၉၈၃-ခုနှစ်၊ ဇွန်လ ၂၆-ရက်၊ တနင်္လာနေ့

တိပိဋကနိကာယ သာသနာပြုအဖွဲ့ ကောင်းမှု။

❀

## စစ်ကိုင်းခရိုင် မင်းကွန်းတိုက်နယ်
## ထန်းမြင့်ရွာဦးရှိ
## မိုးမိတ်စက်တော်ရာ စေတီတော်
## ရွှေထီးအထွတ်တော်တင်
# မင်္ဂလာ ရတုပိုဒ်စုံ

(သုံးပိုဒ်လုံး ၅၃-ပဒစီ၊ သတ်စေ့နှက်)

၂။ **မြတ်တေဇသီ**။ ။ဆွေသာကီတည့်၊ ကိုးလီဂုဏ်ပုဒ်၊ စိုးပိုင်ချုပ်သား၊ ဇိနိုက္ကဋ္ဌာ၊ တို့မြတ်စွာ၏၊ သာသနာစီးပွား၊ ဒကာများတို့၊ ရွှင်အားကြည်လင်၊ ဆည်းစုအင်ကို၊ သံလွင်ကျူးရင့်၊ မော်ကွန်းဖွင့်ပိမ့်၊ မိုးမင့်မိဇေဆွေ၊ ဤကုန်းမြေ၌၊ ဘေဇာလျှံကဲ၊ နက်စက်နဲ့လျှင်၊ 'မင်းရဲရွှေတောင်'၊ ဘွဲ့ရည်ပြောင်သား၊ ဘုန်းရောင်ဝိသိဋ္ဌ၊ ဉာဏ်ဘိဟိတ်ဖြင့်၊ 'မိုးမိတ်'ခေါ်ငြား၊ ဘိုးတော်သားသည်၊ 'ဘွာ'နတ်ကျော်၊ ခမည်းတော်အား၊ သမွှော်ဝိဆု၊ ပြည့်စေမှုဖြင့်၊ ဗိုလ်ထုပတ်ခြုံ၊ ဤတောင်ယံမှ၊ မြူဆံခြည်ခ ပါက်၊ ရန်မနှောက်အောင်၊ စောင့်ရှောက်နေဖူး၊ ဤမြေဘူးဟု၊ မြင့်ဖြူးဝေယန်၊ မိုးရပ်ဌာန်၌၊ နေ တန်

ဆောင်လော၊ ရွှေတောင်လော-ဟု၊ တွေးတောလူရှင်၊ စွဲမှတ်ဘင်သား၊ရှင်ပင်စောမီး၊ စေတီကြီးနှင့်၊ထိန်ညီးရွှေလျှံ၊ ဆင်းမြတ်မကျွံတည့်၊ ခေတ်တော်ဆယ့်လေး၊ နတ်ဆောင်ပေးဖြင့်၊ ဇိနေးမြတ်စွာ၊ စက်တော်ရာ-ဟု၊ ပူဇော်ရဟာ၊ စေတီယကို၊ နေ့လနူန်းမှီး၊ ဘုန်းစက်မီးဖြင့်၊ ဖန်တီးတည်ကာ၊ ရှိပူဇော်သည်၊ ၊စေနာဖြိုး ပွင့် လန်း သော်ကြောင့်....။

၂။ ခေတ်မွေသရိ။ ။ကိုန်းစံမှီသား၊ နှင်လီမြတ်ဖျား၊စေတီများတို့၊ရှည်လျှ းမြင့်ဖန် လျှင့်ထော်ကြောင့်၊ မဖောက်ပြန့်ပျက်စီး၊ဆောတိုပြီ ၍၊ပိဝ်ဆီးချုံနွယ်၊မဝင့် တယ်ခဲ့၊ ဤနွယ်ဖြစ်ချက်၊ မကြည့်ရက်၍၊ ဘိသက္ကဝိဇ္ဇာ၊ ဥဏ်ကျယ်စွာတည့်၊ ဒေါက်တာသာလှ၊ ဦးတည်မ,၍၊ တိပိဋကမိုရ်၊ထေရ်ပုဂ္ဂိုလ်တို့၊ထိုစေတီစု၊ပျက်စီးမှုကို၊လူထု ဒါယကာ၊ နှိုးဆော်ကာဖြင့်၊ မကြွာနေ့ည၊ ပြုပြင်ကြသော်၊ ဆွဆွငွေတောင်၊ ပေါက်သော့ယောင်သို့၊ မြန်ဘောင်ဝန်းကျင်၊ လူလူရှင်လည်း၊ ဤတွင်ဒေသ၊ ရောက်သမျှလျှင်၊ အားရတင်းတိမ်၊ ဂွမ်းဆီစိမ်သို့၊ 'ဝတ်'သာလော၊ နိမ္မာလော'ဟု၊ စိတ်နောထင်မှား၊ ကုသိုလ်ပွားအောင်၊ မားမားမြင့်သီ၊ စေ-စေတီနှင့်၊ နဒီရော၊ ရှေ့မျက်နှာမှ၊ ရှုသာတင့်ဆန်း၊ မုခ်စောင်းတန်းက၊ ဘုံနန်းရိပ်ပျံ၊အာရုံခံတည့်၊ ကိုန်းစံရာကျောင်း၊ ဇရပ်ကျောင်းတို့၊ နတ်ကောင်းစီသကြုံ၊ စီရင်ပုံသို့၊ မယုံနိုင်လောက်၊ အောင်ပြီးမြောက်ခဲ့၊ ဘုန်းတောက်မြတ်စွာ၊ စိန္တေယျာသည်၊ ၊တေဇော တိုးတင့် ဆန်းသော်ကြောင့်...။

၃။ နတ်ဒေဝရီ။ ။သာဓုဂီဖြင့်၊ ဟစ်ချီနက်လေး၊ အောင်သံကြွေးစံမွံ၊ ဇိနေးမြတ်စွာ၊ စက်တော်ရာဟု၊ မဟာရဟ၊ စေတီယကို၊ ရှေးကထက်တိုး၊ ဆထမ်းပိုးလျှင်၊ မှုရှိုးမပျောက်၊ သွန်းသွန်းမောက်အောင်၊ တည်ဆောက် ရန်လျှင်၊ ဝိုင်းတိုင်ပင်က၊ မြတ်ရှင်ဘုန်းစက်၊ ကျေးဇူးနက် ကြောင့်၊ သူထက်ငါပင်၊ သဒ္ဓါရှင်၍၊ ဒီ ဝင်မုခ်ကြီး၊ အသီးသီးနှင့်၊ ဘုံထီးပြာသာဒ်၊ အထပ်ထပ်၏၊ မဟာပွလာ၊ ဒါယကာတို့၊ သူသာခံပိမ့်၊ ငါခံပိမ့်ဟု၊ နှစ်သိမ့်ကိုယ်စီ၊ တာဝန်ချီကာ၊ ထေရ်သံဃာဇာ၊ ဦးဆောင်လစ်၍၊ ရာဇရှစ် ဘုန်းမော်၊ ဆရာတော်တို့၊ အဟော်ဝတ၊ အုဘ်မြစ်ချခဲ့....၊ ဒေဝမှူးခေါင်၊ ပူးရွက်ဆောင်သို့၊ ညာဏ်ရောင်ကြီးမား၊ ဆ ဂ ျား လည်း၊ ခြားနေ့ညှ၊ တည်ဆောက်ကြရ၊ က လ ခုခါ၊ ထုပိ ကာနှင့်၊ ဘုံသ ပြာသာဒ်၊ ပြီးပြေလတ်၍၊ ဂန်း ပဟ်သီညာ၊ ဒါယကာတို့၊ သောဏာရောင်ညီး၊ ဖိတ်လျှံ စီးသည့်၊ ရွှေထီးစွင့်စွင့်၊ မြှောက်လှူမြင့်သား၊ သသင့်ပွဲ ခါ၊ ဖြိမ့်ဖြိမ့်ညာသည်၊ ၊ခေမာစိုး ခွင့် မှန်းသော်ကြောင်း။

| | |
|---|---|
| သ ဒိဘဂ္ဂဘ ဝုံ သကာ ထေရ် | နန်းတော်ရှေ့ ဆရာဘင်၏သား |
| စီကုံးရေးသား၍ | ရွှေနန်းဘင် ဝဿဆိုကျူးရှင်သည်။ |

ခြင်း၊ ပါရိသုဒ္ဓိကို ဆောင်ခြင်း၊ ဆောင်အပ်သောဆန္ဒ ပါရိသုဒ္ဓိတို့ကို သံဃာတော်အား ဖျောက်ထားဖွယ်မရှိ၊ ပြီးပါပြီ အရှင်ဘုရားတို့။ (၁။ ၂)

၃။ ဥတုသည် ဆောင်း၊ နွေ၊ မိုးမှာ ဥတုသုံးပါး ရှိခဲ့ရာ (ဆောင်းဥတု) ဖြစ်ပါသည် အရှင်ဘုရားတို့။

တစ်ဥတု တစ်ဥတု၌ ရှစ်ပက္ခစီရှိရာ ယခု ရောက်ဆဲပက္ခကား (ပထမ ပက္ခ)၊ ကြွင်းသော ပက္ခကား (၇) ပက္ခ ဖြစ်ပါသည် အရှင်ဘုရားတို့။

၄။ ဤ သိမ်အပြင် နှစ်တောင့်ထွာ ဟတ္ထပါသ် အတွင်း၌ စည်းဝေးမိကြသော သံဃာတော်တို့၏ အရေအတွက်ကား (၁၁)ပါး ရှိပါသည် အရှင်ဘုရားတို့။

၅။ ခေတ်ရှိသေးသော်လည်း အဆက်ပြတ်သဖြင့် ဘိက္ခုနီမတို့က 'တမည့်တော်တို့သည် အဘယ်မည်သော မထေရ်၏အထံ၌ အဆုံးအမကို ခံရပါအံ့နည်း' ဟု တောင်းပန်အပ်သော ဩဝါဒကို သံဃာတော်တို့အား ဖျောက်ထားဖွယ်ကိစ္စ မရှိ၊ ပြီးပါပြီ အရှင်ဘုရားတို့။

ဤ ငါးပါးသော ပြုဖွယ်ကိစ္စတို့ကို သံဃာ စည်းဝေးပြီးနောက် ပါတိမောက်မပြမီ ရှေးအဖို့၌ ပြုအပ်သောကြောင့် ပုဗ္ဗကိစ္စတို့ဟူ၍ ခေါ်ဆိုအပ်ပါကုန်သည် အရှင်ဘုရားတို့။

## ပတ္တကလ္လ အင်္ဂါလေးပါး

ဥပေါသထော ယာဝတိကာ စ ဘိက္ခူ ကမ္မပ္ပတ္တာ၊
သဘာဂါပတ္တိယော စ န ဝိဇ္ဇန္တိ၊
ဝဇ္ဇနီယာ စ ပုဂ္ဂလာ တသ္မိံ န ဟောန္တိ၊
ပတ္တကလ္လန္တိ ဝုစ္စတိ-ဟူ၍

အဋ္ဌကထာဆရာမထေရ်မြတ်တို့ မိန့်ဆိုအပ်သည်နှင့်အညီ

၁။ ဥပုသ်သည် နေ့၏ အစွမ်းအားဖြင့် စာတုဒ္ဒသီ ဥပုသ်၊ ပန္နရသီ ဥပုသ်၊ သာမဂ္ဂီဥပုသ် ဟူ၍ ဥပုသ်သုံးပါးရှိရာ (ပန္နရသီ) ဥပုသ်နေ့ ဖြစ်ပါသည် အရှင်ဘုရားတို့။

ပြုတတ်သော ပုဂ္ဂိုလ်၏ အစွမ်းအားဖြင့် သံဃဥပုသ်၊ ဂဏဥပုသ်၊ ပုဂ္ဂလဥပုသ်ဟူ၍ ဥပုသ် သုံးပါးရှိရာ (သံဃ)ဥပုသ် ဖြစ်ပါသည် အရှင်ဘုရားတို့။

ပြုအပ်သော ကတ္တဗ္ဗာကာရ၏ အစွမ်းအားဖြင့် သုတ္တုဒ္ဒေသ ဥပုသ်၊ ပါရိသုဒ္ဓိဥပုသ်၊ အဓိဋ္ဌာန် ဥပုသ်ဟူ၍ သုံးပါးရှိရာ (သုတ္တုဒ္ဒေသ)ဥပုသ် ဖြစ်ပါသည် အရှင်ဘုရားတို့။

၂။ ထိုသုတ္တုဒ္ဒေသ သံဃဥပုသ် ၌ အယုတ်ဆုံး သံဃာလေးပါး ရှိမှ ဥပုသ်ကံအား လျော်ကပ်ရာ လေးပါးမျှမက လေးပါးထက် ပိုလျှံသော သံဃာတော်တို့ စည်းဝေးမိကြပါသည် အရှင်ဘုရားတို့။

၃။ အချင်းချင်း ဒေသနာဂါမ်ပြုပြီးဖြစ်ကြသဖြင့် သဘောတူဝတ္ထုကြောင့် သင့်သောအာပတ်မှ ကင်းစင်ကြပါသည် အရှင်ဘုရားတို့။

၄။ လူ အစရှိသော နှစ် ကျိပ် တစ် ယောက်သော ဝဇ္ဇနီယပုဂ္ဂိုလ်တို့ နှစ်တောင့်ထွာ ဟတ္ထပါသ်မှ အပပြုပြီး ဖြစ်ပါသည် အရှင်ဘုရားတို့။

ဤလေးပါးတို့ကို ဥပုသ်ကံအား လျော်ပတ်သော အင်္ဂါဖြစ်သောကြောင့် ပတ္တကလ္လ အင်္ဂါတို့ ဟူ၍ ခေါ်ဆိုအပ်ပါကုန်သည် အရှင်ဘုရားတို့။

ပုဗ္ဗကရဏ ပုဗ္ဗကိစ္စာနိ သမာပေတွာ ဒေသိတာပတ္တိကဿ သမဂ္ဂဿ ဘိက္ခုသံဃဿ အနုမတိယာ ပါတိမောက္ခံ ဥဒ္ဒိသိတုံ အာရာဓနံ ကရောမ။

(သံဃာအားလုံး သာဓုသုံးကြိမ်ခေါ်၍ ဥတ်ထားပြီး ပါတိမောက်ပြရန် ဖြစ်ပါသည်။ ပါတိမောက် စွမ်းနိုင်သမျှ ပြမြီးလျှင်-)

ဥဒ္ဒိဋ္ဌံ ခေါ အာယသ္မန္တော နိဒါနံ၊ ဥဒ္ဒိဋ္ဌာ စတ္တာရော ပါရာဇိကာ ဓမ္မာ၊ သုတာ ခေါ ပနာယသ္မန္တေဟိ တေရသ သံဃာဒိသေသာ ဓမ္မာ။သုတာ ဒွေ အနိယတာ ဓမ္မာ၊ သုတာ တိံသ နိဿဂ္ဂိယာ ပါစိတ္တိယာ ဓမ္မာ၊ သုတာ ဒွေနဝုတိ ပါစိတ္တိယာ ဓမ္မာ၊ သုတာ စတ္တာရော ပါဋိ ဒေသနီယာ ဓမ္မာ၊သုတာ သေခိယာ ဓမ္မာ၊ သုတာ သတ္တ အဓိကရဏသမထာ ဓမ္မာ၊ ဧတ္တကံ တဿ ဘဂဝတော သုတ္တာဂတံ သုတ္တပရိယာပန္နံ အန္ဝဍ္ဎမာသံ ဥဒ္ဒေသံ အာ-

ဂစ္ဆတိ၊ တတ္ထ သမ္ဗေဟော သမဂ္ဂေဟိ သမ္မောဒမာနေဟိ အဝိဝဒမာနေဟိ သိက္ခိတဗ္ဗန္တိ။ ။ပါရာဇိကုဒ္ဒေသော ဒုတိယော။

(ဤကား အမေးအဖြေ မပြုတော့ဘဲ တပါတည်း ဆောင်ရွက်ပုံ ဖြစ်သည်။ အမေးအဖြေ ပြု၍ ဆောင်ရွက် လိုလျှင် အမေးကိုယ်တော်က ဦးနန္ဒိယ၊ အဖြေ ကိုယ် တော်က ဦးရာဇိန္ဒ ဆိုပါစို့။ ဤ ဆိုလတ္တံ့သော အတိုင်း ဆောင်ရွက်ရပါမည်။)

## ပုစ္ဆနည်း

သုဏာတု မေ ဘန္တေ သံဃော၊ ယဒိ သံဃဿ ပတ္တ ကလ္လံ၊ အဟံ အာယသ္မန္တံ ရာဇိန္ဒံ ဘိက္ခုံ ဝိနယံ ပုစ္ဆေယျံ။

## ဝိဿဇ္ဇနနည်း

သုဏာတု မေ ဘန္တေ သံဃော၊ ယဒိ သံဃဿ ပတ္တ ကလ္လံ၊ အဟံ အာယသ္မတာ နန္ဒိယေန ဘိက္ခုနာ ဝိနယံ ပုဋ္ဌော ဝိဿဇ္ဇေယျံ။

မေး။ ။သမ္မဇ္ဇနီ ပဒီပေါ စ၊ (ပ)၊ ပုဗ္ဗကရဏန္တိ ဝုစ္စတိ ဟု အဋ္ဌကထာ ဆရာမထေရ်မြတ်တို့ မိန့်ဆိုအပ် သည်နှင့်အညီ သံဃာ မစည်းဝေးမီ ရှေးအဖို့ ဝယ် ပြုအပ်သော ပုဗ္ဗကရဏ လေးပါးတို့ တွင် တံမြက်လှည်းခြင်းကိစ္စ ပြီးပြီလော။

ဖြေ။ ။ပြီးပါပြီ အရှင်ဘုရား။

မေး။ ။ဆီမီး ထွန်းညှိခြင်းကိစ္စ ပြီးပြီလော။

ဖြေ။ ။ နေတည်းဟူသော အရောင်အလင်းကို ရသဖြင့် ဆီမီး ထွန်းညှိဖွယ်ကိစ္စ မရှိ၊ ပြီးပါပြီ အရှင်ဘုရား။

မေး။ ။ သောက်ရေ သုံးဆောင်ရေ တည်ထားခြင်းကိစ္စ ပြီးပြီလော။

ဖြေ။ ။ အာဂန္တုက ရဟန်းတို့ မရှိကြ၍ သောက်ရေ+သုံးဆောင်ရေ တည်ထားဖွယ်ကိစ္စ မရှိ၊ ပြီးပါပြီ အရှင်ဘုရား။

မေး။ ။ နေရာခင်းခြင်းကိစ္စ ပြီးပြီလော။

ဖြေ။ ။ ပြီးပါပြီ အရှင်ဘုရား။

ဤဆိုအပ်ပြီးသော ကိစ္စလေးပါးတို့ကို သံဃာ မစည်းဝေးမီ ရှေးအဖို့ဝယ် ပြုအပ်သောကြောင့် ပုဗ္ဗကရဏတို့ဟူ၍ ခေါ်ဆိုအပ်ကုန်၏။

မေး။ ။ ဆန္ဒပါရိသုဒ္ဓိ ဥတုက္ခာနံ၊ (ပ)ပုဗ္ဗကိစ္စန္တိ ဝုစ္စတိ ဟု အဋ္ဌကထာဆရာ မထေရ်မြတ်တို့ မိန့်ဆိုအပ်သည်နှင့်အညီ သံဃာ စည်းဝေးပြီးနောက် ပါတိမောက် မပြမီ ရှေးအဖို့ဝယ် ပြုအပ်သော ပုဗ္ဗကိစ္စ ငါးပါးတို့တွင် ဆောင်အပ်သော ဆန္ဒကို ကြားခြင်းကိစ္စ ပြီးပြီလော။

ဖြေ။ ။ မဟာသိမ် ဂါမသိမ် မဟုတ်၊ ခဏ္ဍသိမ် ဖြစ်သောကြောင့် ဆန္ဒကို ဆောင်ဖွယ်+ကြားဖွယ် မရှိ၊ ပြီးပါပြီ အရှင်ဘုရား။

မေး။ ။ ဆောင်အပ်သော ပါရိသုဒ္ဓိကို ကြားခြင်းကိစ္စ ပြီးပြီလော။

ဖြေ။ ။ မဟာသိမ်+ဂါမသိမ် မဟုတ်၊ ခဏ္ဍသိမ် ဖြစ်သောကြောင့် ပါရိသုဒ္ဓိကို ဆောင်ဖွယ်+ကြားဖွယ် မရှိ၊ ပြီးပါပြီ အရှင်ဘုရား။

မေး။ ။ အဘယ်နှစ် အဘယ်ဥတု အဘယ်လ အဘယ်ပက္ခ ဖြစ်ပါသနည်း။

ဖြေ။ ။ ၁၃၄၄-ခုနှစ်၊ မိုးဥတု၊ သီတင်းကျွတ်လ၊ ဆန်းပက္ခ ဖြစ်ပါသည် အရှင်ဘုရား။

မေး။ ။ သိမ်အပြင်၌ စည်းဝေးမိသော ရဟန်း အရေအတွက် အဘယ်မျှ ရှိသနည်း။

ဖြေ။ ။ တစ်ကျိပ်တစ်ပါး ရှိပါသည် အရှင်ဘုရား။

မေး။ ။ ရဟန်းမိန်းမတို့က 'အဘယ်ရဟန်းထံ၌ အဆုံးအမကို ခံယူပါမည်နည်း' ဟု တောင်းပန်အပ်သော ဩဝါဒကို သံဃာတော်အား လျှောက်ထားခြင်းကိစ္စ ပြီးပြီလော။

ဖြေ။ ။ ခေတ် ရှိသေးသော်လည်း အဆက်ပြတ်သဖြင့် ရဟန်းမိန်းမတို့က တောင်း ပန် အပ် သော ဩဝါဒကို သံဃာတော်အား လျှောက်ထားဖွယ်မရှိ၊ ပြီးပါပြီ အရှင်ဘုရား။

ဤ ဆိုအပ်ပြီးသော ကိစ္စငါးပါးတို့ကို သံဃာ စည်းဝေးပြီးနောက် ပါတိမောက် မပြမီ ရှေးအဖို့ဝယ် ပြုအပ်သောကြောင့် ပုဗ္ဗကိစ္စတို့ဟူ၍ ခေါ်ဆိုအပ်ကုန်၏။

မေး။ ။ ဥဒပါသထော ယာဝတိကာ စ ဘိက္ခူ ကမ္မပတ္တာ၊ (ပ) ပတ္တကလ္လန္တိ ဝုစ္စတိ ဟု အဋ္ဌကထာဆရာ မဟာထေရ်မြတ်တို့ မိန့်ဆိုအပ်သည်နှင့်

အညီ၊ဥပုသ်သည်နေ့၏အစွမ်း၊ဥပုသ်၏အစွမ်း၊ ပြုအပ်သော ကာလတဗ္ဗာကာလ၏ အစွမ်းအား ဖြင့် အဘယ်မျှ အပြားရှိ၍ ယခု ပြုအပ်သော ဥပုသ်သည် အဘယ်ဥပုသ်နေ့ ဖြစ်ပါသနည်း။

ဖြေ။ ။ ဥပုသ်သည် နေ့၏ အစွမ်းအားဖြင့် စာတုဒ္ဒသီ ဥပုသ်+ပန္နရသီဥပုသ်+သာမဂ္ဂိဥပုသ် ဟူ၍ သုံး မျိုးရှိရာ ယခု ပြုအံ့သော ဥပုသ်သည် (ပန္န ရသီ)ဥပုသ် ဖြစ်ပါသည် အရှင်ဘုရား။ပြုတတ် သောပုဂ္ဂိုလ်၏ အစွမ်းအားဖြင့် သုတ္တုဒ္ဒေသ ဥပုသ်+ပါရိသုဒ္ဓိဥပုသ်+ အဓိဋ္ဌာန်ဥပုသ် ဟူ၍ သုံးမျိုးရှိရာ ယခု ပြုအံ့သော ဥပုသ်သည် သုတ္တု ဒ္ဒေသဥပုသ် ဖြစ်ပါသည် အရှင်ဘုရား။

မေး။ ။ သုတ္တုဒ္ဒေသ သံဃဥပုသ်၌ လေးယောက်+လေး ယောက်ထက် ပိုလွန်သော ရဟန်းတို့ ရှိမှ ကမ္မပ္ပတ္တဖြစ်ရာ လေးယောက် + လေးယောက် ထက်ပိုလွန်သော ရဟန်းတို့ နှစ်တောင့်ထွာ ဟတ္ထပါသ် စပ် လျက် တည်ရှိကြပါကုန်၏ လော။

ဖြေ။ ။ လေးယောက်မျှမက လေးယောက်ထက် ပိုလွန် သော ရဟန်းတို့ နှစ်တောင့်ထွာ ဟတ္ထပါသ် စပ်လျက် တည်ရှိကြပါကုန်၏ အရှင်ဘုရား။

မေး။ ။ သဘောတူဝတ္ထုကြောင့် သင့်သောအာပတ်မှ ကင်းစင်ကြပါကုန်၏လော။

ဖြေ။ ။ အချင်းချင်း ဒေသနာဂါမ် ပြုပြီးဖြစ်ကြသဖြင့် သဘောတူဝတ္ထုကြောင့် သင့်သောအာပတ်မှ ကင်းစင်ပါကုန်၏ အရှင်ဘုရား။

မေး။ ။ကြဉ်အပ်သော လူစသော နှစ်ကျိပ်တစ်ယောက်
သော ဝဇ္ဇနီယ ပုဂ္ဂိုလ်တို့ နှစ်တောင့်ထွာ ဟတ္ထ
ပါသ်မှ အပပြု၍ ကင်းစင်ကြပါကုန်၏လော။

ဖြေ။ ။ ကင်းစင်ကြပါကုန်၏ အရှင်ဘုရား။

ဤဆိုအပ်ပြီးသော လေးပါးတို့ကို ဥပုသ်ကံအား လျော်ကုန်သော အင်္ဂါလေးပါးတို့ဟူ၍ ခေါ်ဆိုအပ်ပါကုန်သည် အရှင်ဘုရားတို့။

ပါတိမောက္ခုဒ္ဒေသက ရဟန်း ဆိုရန်။

ပုဗ္ဗကရဏ ပုဗ္ဗကိစ္စာနိ သမာပေတွာ ဒေသိတာပတ္တိကဿ သမဂ္ဂဿ ဘိက္ခုသံဃဿ အနုမတိယာ ပါတိမောက္ခံ ဥဒ္ဒိသိတုံ အာရာဓနံ ကရောမ။

(သံဃာအများက) သာဓု၊ သာဓု၊ သာဓု။

ထို့နောက်မှ ပါတိမောက္ခုဒ္ဒေသက ရဟန်းက ဥတ်ထား၍ စွမ်းအားရှိသမျှ ပါတိမောက်ပြ၍ နိဂုံးသိမ်းရန် ဖြစ်ပါသည်။

ဥပုသ် အမေးအဖြေ ပြီး၏။

❀

# ဂဏဥပုသ် ၃-ပါး ပြုပုံ

(တံမြက်လှည်းခြင်း စသော ပုဗ္ဗကရဏတို့ကို ပြုပြီးသောအခါ) တစ်ပါးသော ရဟန်းက

သုဏန္တု မေ အာယသ္မန္တော၊ အဇ္ဇုပေါသထော ပန္နရသော (စာတုဒ္ဒသော)၊ ယဒါယသ္မန္တာနံ ပတ္တကလ္လံ၊

မယံ အညှမည့် ပါရိသုဒ္ဓိဥပေါသထံ ကရေယျာမ။
ဥတ်ထားပြီးနောက်

(သီတင်းကြီး ရဟန်းက)....

ပရိသုဒ္ဓေါ အဟံ အာဝုသော၊ ပရိသုဒ္ဓေါတိ မံ ဓာရေထ။

ဒုတိယမ္ပိ ပရိသုဒ္ဓေါ အဟံ အာဝုသော၊ ပရိသုဒ္ဓေါတိ မံ ဓာရေထ။

တတိယမ္ပိ ပရိသုဒ္ဓေါ အဟံ အာဝုသော၊ ပရိသုဒ္ဓေါတိ မံ ဓာရေထ။

ဟု ဆို၍ ပါရိသုဒ္ဓိကို ကြားပါလေ။

(သီတင်းငယ် ရဟန်းများက တစ်ပါးစီ)....

ပရိသုဒ္ဓေါ အဟံ ဘန္တေ၊ ပရိသုဒ္ဓေါတိ မံ ဓာရေထ။

ဒုတိယမ္ပိ ပရိသုဒ္ဓေါ အဟံ ဘန္တေ၊ ပရိသုဒ္ဓေါတိ မံ ဓာရေထ။

တတိယမ္ပိ ပရိသုဒ္ဓေါ အဟံ ဘန္တေ၊ ပရိသုဒ္ဓေါတိ မံ ဓာရေထ။

ဟု ဆို၍ ပါရိသုဒ္ဓိကို ကြားကြပါလေ။

ရဟန်းနှစ်ပါး ပါရိသုဒ္ဓိ ဥပုသ်ပြုသောအခါ ဥတ်ထားရန်မလို။

(သီတင်းကြီးရဟန်းက)။

ပရိသုဒ္ဓေါ အဟံ အာဝုသော ပရိသုဒ္ဓေါတိ မံ ဓာရေဟိ။

ဟု သုံးခေါက်ဆိုပြီးသော အခါ....

(သီတင်းငယ် ရဟန်းက)

ပရိသုဒ္ဓေါ အဟံ ဘန္တေ ပရိသုဒ္ဓေါတိ မံ ဓာရေထ။ ဟု သုံးခေါက်ဆို၍ ပါရိသုဒ္ဓိကို ကြားလေ။

ဥပုသ်ပြုပုံ ပြီး၏။

❀

## ပဝါရဏာ

(က) တစ်ပါးတည်းဖြေ၍ သံဃပဝါရဏာပြုပုံ၊

(တံမြက်လှည်းခြင်း စသော ပုဗ္ဗကရဏတို့ကို ပြုပြီးနောက်)

### ပုဗ္ဗကိစ္စဥတ်

သုဏာတု မေ ဘန္တေ သံဃော၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ အဟံ ပဝါရဏာယ ပုဗ္ဗကရဏ ပုဗ္ဗကိစ္စာနိ စေဝ ပတ္တကလ္လအင်္ဂါနိ စ သဇ္ဇေမိ ဝိသဇ္ဇေမိ။

ကိံ သံဃဿ ပုဗ္ဗကိစ္စံ ဟူသော နိဒါန်းပါဠိတော်၊ ယဒိ သံဃဿ ပတ္တကလ္လံ ဟူသော ဉတ်ပါဠိတော်တို့အရ ပုဗ္ဗကရဏလေးပါး ပုဗ္ဗကိစ္စငါးပါး ပတ္တကလ္လအင်္ဂါလေးပါး တို့ကို အစဉ်အတိုင်း လျှောက်ထားပါမည် အရှင်ဘုရားတို့။

**ပုဗ္ဗကရဏ လေးပါး**

သမ္မဇ္ဇနီ ပဒီပေါ စ၊

ဥဒကံ အာသနေန စ၊

ပဝါရဏာယ တောနိ၊
ပုဗ္ဗကာရဏာန္တိ ဝုစ္စတိ။

ဟူ၍ အဋ္ဌကထာဆရာ မဟာထေရ်မြတ် မိန့်ဆိုအပ်သည်နှင့်အညီ သံဃာ မစည်းဝေးမီ ရှေးအဖို့ဝယ် ပြုအပ်သော ပုဗ္ဗကိစ္စ လေးပါးတို့တွင်....

၁။ တံမြက်လှည်းခြင်းကိစ္စ ပြီးပါပြီ အရှင်ဘုရားတို့။

၂။ နေ့တည်းဟူသော အရောင်အလင်းကို ရသဖြင့် ဆီမီး ညှိထွန်းဖွယ်ကိစ္စ မရှိ၊ ပြီးပါပြီ အရှင်ဘုရားတို့။

၃။ အာဂန္တုကရဟန်းတို့ မရှိကြသဖြင့် သောက်ရေ သုံးဆောင်ရေ တည်ထားဖွယ်ကိစ္စ မရှိ။ ပြီးပါပြီ အရှင်ဘုရားတို့။

၄။ နေရာခင်းခြင်းကိစ္စ ပြီးပါပြီ အရှင်ဘုရားတို့။

ဤလေးပါးသော ပြုဖွယ်ကိစ္စတို့ကို သံဃာ မစည်းဝေးမီ ရှေးဦးစွာ မချွတ်ပြုအပ်သောကြောင့် ပုဗ္ဗကရဏ လေးပါးတို့ ဟူ၍ ခေါ်ဆိုအပ်ပါသည် ဘုရား။

ပုဗ္ဗကိစ္စ ငါးပါး

ဆန္ဒပဝါရဏာ ဥတုက္ခာနံ၊
ဘိက္ခုဂဏနာ စ သြဝါဒေါ။
ပဝါရဏာယ တေခနိ၊
ပုဗ္ဗကိစ္စန္တိ ဝုစ္စတိ။

ဟူ၍ အဋ္ဌကထာဆရာ မဟာထေရ်မြတ်တို့ မိန့်ဆိုတော်မူအပ်သည်နှင့်အညီ သံဃာ စည်းဝေးပြီးနောက် ပဝါ

ရဏာမပြုမီ ရှေးအဖို့ဝယ် ပြုအပ်သော ပုဗ္ဗကိစ္စ ငါးပါး တို့တွင်....

၁+၂။ ယခု ပဝါရဏာပြုမည့်သိမ်သည် မဟာသိမ်, ဂါမသိမ် မဟုတ်၊ ခဏ္ဍသိမ် ဖြစ်သောကြောင့် ဆန္ဒကိုဆောင်ခြင်း + ပဝါရဏာကို ဆောင်ခြင်း၊ ဆောင်အပ်သောဆန္ဒ ပဝါရဏာတို့ကို သံဃာတော်အား လျှောက်ထားဖွယ်မရှိ၊ ပြီးပါပြီ အရှင်ဘုရားတို့။ (၁+၂)

၃။ ဥတုသည် ဆောင်း, နွေ, မိုး ဟု သုံးဥတုရှိခဲ့ရာ (ဆောင်းဥတု) ဖြစ်ပါသည် အရှင်ဘုရားတို့။
တစ်ဥတု တစ်ဥတု၌ ရှစ်ပက္ခ ရှစ်ပက္ခစီ ရှိခဲ့ရာ ယခု ရောက်ဆဲပက္ခကား (ပထမပက္ခ)၊ ကြွင်းသောပက္ခကား (၇) ပက္ခတို့ ဖြစ်ပါသည် အရှင်ဘုရားတို့။

၄။ ဤသိမ်အပြင် နှစ် တောင့် ထွာ ဟတ္ထပါသ် အတွင်း၌ စည်းဝေးမိကြသော သံဃာတော်တို့၏ အရေအတွက်ကား (၁၁) ပါး ရှိပါသည် အရှင်ဘုရားတို့။

၅။ ခေတ် ရှိသေးသော်လည်း အဆက်ပြတ်သဖြင့် ဘိက္ခုနီမတို့က 'တပည့်တော်မ တို့သည် အဘယ်မည်သောမထေရ်၏ အထံ၌ အဆုံးအမကို ရပါအံ့နည်း' ဟု တောင်းပန်အပ်သော ဩဝါဒကိုသံဃာတော်တို့အား လျှောက်ထားဖွယ်ကိစ္စမရှိ၊ ပြီးပါပြီ အရှင်ဘုရားတို့။

ဤငါးပါးသော ပြုဖွယ်ကိစ္စတို့ကို သံဃာ စည်းဝေး ပြီးနောက် ပဝါရဏာ မပြုမီ ရှေးအဖို့ဝယ် ပြုအပ် သောကြောင့် ပုဗ္ဗကိစ္စတို့ဟူ၍ ခေါ်ဆိုအပ်ပါကုန်သည် အရှင်ဘုရားတို့။

ပတ္တကလ္လ အင်္ဂါလေးပါး

**ပဝါရဏာ ယာဝတိကာ စ ဘိက္ခူ။**
**ကမ္မပတ္တာ သဘာဂါ ပတ္တိယော စ န ဝိဇ္ဇန္တိ။**
**ဝဇ္ဇနီယာ စ ပုဂ္ဂလာ တသ္မိံ န ဟောန္တိ၊**
**ပတ္တကလ္လန္တိ ဝုစ္စတိ**

ဟူ၍ အဋ္ဌကထာဆရာ မဟာထေရ်မြတ်တို့ မိန့်ဆိုတော်မူအပ်သည်နှင့် အညီ-

၁။ ပဝါရဏာသည်....

(က) နေ့၏အစွမ်းအားဖြင့် စာတုဒ္ဒသီပဝါရဏာ+ပန္နရသီ ပဝါရဏာ+သာမဂ္ဂီပဝါရဏာဟူ၍ သုံးပါးရှိရာ(ပန္နရသီ) ပဝါရဏာနေ့ ဖြစ်ပါသည် အရှင်ဘုရားတို့။

(ခ) ပြုတတ်သော ပုဂ္ဂိုလ်၏ အစွမ်းအားဖြင့် သံဃပဝါရဏာ+ဂဏပဝါရဏာ +ပုဂ္ဂလပဝါရဏာ ဟူ၍ သုံးပါးရှိရာ သံဃပဝါရဏာ ဖြစ်ပါသည် အရှင်ဘုရားတို့။

(ဂ) ပြုအပ်သော အခြင်းအရာ ကာတဗ္ဗာကာရ အားဖြင့် တေဝါစိက ပဝါ

ရတနာဟူ၍ သုံးပါးရှိရာ တောဝါစိက (သမာနဝါသိက) ပဝါရဏာ ဖြစ်ပါသည် အရှင်ဘုရားတို့။

၂။ ထို တော့ဝါစိက သမာနဝါသိက သံဃပဝါရဏာ၌ အယုတ်ဆုံး သံဃာငါးပါးရှိမှ ပဝါရဏာကံအား လျှောက်ပတ်ရာ ငါးပါးမျှမက ငါးပါးထက် ပိုလွန်သော သံဃာတော်တို့ စုဝေးမိကြပါသည် အရှင်ဘုရားတို့။

၃။ အချင်းချင်း ဒေသနာ ဂါမ်ပြုပြီး ဖြစ်ကြသဖြင့် သဘောစတူဝတ္ထုကြောင့် သင့်သောအာပတ်မှ ကင်းစင်ကြပါသည် အရှင်ဘုရားတို့။

၄။ လူ အစရှိသော နှစ်ကျိပ် တစ်ယောက်သော ဝဇ္ဇနီယပုဂ္ဂိုလ်တို့ နှစ်တောင့်ထွာဟတ္ထပါသ်မှ အပ ပြုပြီးဖြစ်ပါသည် အရှင်ဘုရားတို့။

ဤလေးပါးတို့ကို ပဝါရဏာကံအား လျှောက်ပတ်သော အင်္ဂါဖြစ်သောကြောင့် ပတ္တကလ္လအင်္ဂါဟူ၍ ခေါ်ဆိုအပ်ပါကုန်သည် အရှင်ဘုရားတို့။

ပုဗ္ဗကရဏ ပုဗ္ဗကိစ္စာနိ သမာပေတွာ ဒေသိတာပတ္တိကဿ သမဂ္ဂဿ ဘိက္ခုသံဃဿ အနုမတိယာ ပဝါရဏံ ကာတုံ ပဝါရေယျာမ။

## ပဝါရဏာဉတ်

သုဏာတု မေ ဘန္တေ သံဃော၊ အဇ္ဇ ပဝါရဏာ (ပန္နရသီ)၊ ယဒိ သံဃဿ ပတ္တကလ္လံ သံဃော ပဝါရေယျ။

(သဗ္ဗ သံဂါဟကဥတ်ဖြစ်သည်။ ကေဝါစိက+ဒွေဝါစိက+တေဝါစိက+သမာနဝဿိက ပဝါရဏာအား လုံးပြုနိုင်သော ဥတ်ဖြစ်သည်။ အန္တရာယ်မရှိသော် တေဝါစိက ပဝါရဏာ၊ အန္တရာယ်ရှိခဲ့သော် ဒွေဝါစိက ပဝါရဏာ + ကေဝါစိက ပဝါရဏာကို ပြုရာ၏။ အန္တရာယ်ရှိ၍ ဒွေဝါစိက + ကေဝါစိက ပဝါရဏာ ပြုလိုလျှင် ဥတ်၌ ပတ္တကလ္လ၏နောက်ဝါကျကို 'သံဃော ဒွေဝါစိကံ၊ သို့မဟုတ် ကေဝါစိကံ ပဝါရေယျ' ဟူ၍ ဥတ်ထားနိုင်၏။)

ထိုသို့ ဥတ်ထားပြီးနောက် ထေရ်စဉ်ဝါလိုက် သမာန ဝဿိက ပဝါရဏာကို ပြုကြကုန်ရာ၏။

ဤတွင်

တစ်ပါးတည်းဖြေ၍ သံဃပဝါရဏာပြုပုံ ပြီး၏။

❀

## နှစ်ပါးမေး+ဖြေ၍ သံဃပဝါရဏာပြုပုံ

အမေးကိုယ်တော်က ဦးနန္ဒိယ၊ အဖြေကိုယ်တော်က ဦးရာဇိန္ဒ ဆိုပါစို့၊ ဆိုသတ္တံ့သောအတိုင်း ဥတ်ထား၍ မေး+ဖြေ ရပါမည်။

ပုစ္ဆာနဥတ်၊ ။သုဏာတု မေ ဘန္တေ သံဃော၊ ယဒိ
သံဃဿ ပတ္တကလ္လံ၊ အဟံ အာယသ္မန္တံ
ရာဇိန္ဒံ ဘိက္ခုံ ပဝါရဏံ ပုစ္ဆေယျံ။

ဝိဿဇ္ဇနဥတ်၊ ။သုဏာတု မေ ဘန္တေ သံဃော၊ ယဒိ
သံဃဿ ပတ္တကလ္လံ၊ အဟံ အာယသ္မတာ

နန္ဒိယေန ဘိက္ခုနာ ပဝါရဏံ ပုစ္ဆာ ဝိဿဇ္ဇေယျံ။

ပုဗ္ဗကရဏ လေးပါး

မေး။ ။သမ္မဇ္ဇနီ ပဒီပေါ စ၊
ဥဒကံ အာသနေန စ၊
ပဝါရဏာယ ဧတာနိ၊
ပုဗ္ဗကရဏန္တိ ဝုစ္စတိ
ဟူ၍ အဋ္ဌကထာ ဆရာ မဟာထေရ်မြတ်တို့ မိန့်ဆိုအပ်သည်နှင့်အညီ သံဃာမစည်းဝေးမီ ရှေးအဖို့ဝယ် ပြုအပ်သော ပုဗ္ဗကရဏ လေးပါးတို့တွင် တံမြက်လှည်းခြင်းကိုစ္စ ပြီးပြီလော။

ဖြေ။ ။ပြီးပါပြီ အရှင်ဘုရား။

မေး။ ။ဆီမီး ညှိထွန်းခြင်းကိစ္စ ပြီးပြီလော။

ဖြေ။ ။နေတည်းဟူသော အလင်းရောင်ကို ရသဖြင့် ဆီမီးထွန်းဖွယ်ကိစ္စ မရှိ၊ ပြီးပါပြီ အရှင်ဘုရား။

မေး။ ။သောက်ရေ သုံးဆောင်ရေ တည်ထားခြင်း ကိစ္စ ပြီးပြီလော။

ဖြေ။ ။အာဂန္တုရဟန်းတို့ မရှိကြ၍ သောက်ရေ သုံးဆောင်ရေ တည်ထားဖွယ် ကိစ္စ မရှိ၊ ပြီးပါပြီ အရှင်ဘုရား။

မေး။ ။နေရာခင်းခြင်းကိစ္စ ပြီးပြီလော။

ဖြေ။ ။ပြီးပါပြီ အရှင်ဘုရား။

## ပုဗ္ဗကိစ္စ ငါးပါး

ဤ ဆိုအပ်ပြီးသော ကိစ္စလေးပါးတို့ကို သံဃာမစည်းဝေးမီ ရှေးအဖို့ဝယ် မချွတ်ပြုအပ်သောကြောင့် ပုဗ္ဗကိစ္စလေးပါးတို့ဟူ၍ ခေါ်ဆိုအပ်ကုန်၏။

မေး။ ။ ဆန္ဒပဝါရဏာ ဥတုက္ခာနံ၊
ဘိက္ခုဂဏနာ စ ဩဝါဒေါ။
ပဝါရဏာယ တော‌ာနိ၊
ပုဗ္ဗကိစ္စန္တိ ဝုစ္စတိ

ဟူ၍ အဋ္ဌကထာ ဆရာ မဟာထေရ်မြတ်တို့ မိန့်ဆိုအပ်သည်နှင့်အညီ သံဃာစည်းဝေးပြီးနောက် ပဝါရဏာ မပြုမီ ရှေးအဖို့ဝယ် ပြုအပ်သော ပုဗ္ဗကိစ္စငါးပါးတို့တွင် ဆောင်အပ်သောဆန္ဒကို ကြားခြင်းကိစ္စ ပြီးပြီလော။

ဖြေ။ ။ မဟာသိမ်+ဂါမသိမ် မဟုတ်၊ ခဏ္ဍသိမ် ဖြစ်သောကြောင့် ဆန္ဒကို ဆောင်ဖွယ် ကြားဖွယ် မရှိ၊ ပြီးပါပြီ အရှင်ဘုရား။

မေး။ ။ ဆောင်အပ်သော ပဝါရဏာကို ကြားခြင်းကိစ္စ ပြီးပြီလော။

ဖြေ။ ။ မဟာသိမ်+ဂါမသိမ် မဟုတ်၊ ခဏ္ဍသိမ် ဖြစ်သောကြောင့် ပဝါရဏာကို ဆောင်ဖွယ် + ကြားဖွယ် မရှိ၊ ပြီးပါပြီ အရှင်ဘုရား။

မေး။ ။ အဘယ်နှစ် အဘယ်ဥတု အဘယ်လ အဘယ်ပက္ခ ဖြစ်ပါသနည်း။

ဖြေ။ ။ ၁၃၄၄-ခုနှစ်၊ မိုးဥတု၊ သီတင်းကျွတ်လ၊ ဆန်းပက္ခ ဖြစ်ပါသည် အရှင်ဘုရား။

မေး။ ။ သိမ်အပြင်၌ စည်းဝေးမိသော ရဟန်းအရေ အတွက် အဘယ်မျှ ရှိသနည်း။

ဖြေ။ ။ တစ်ကျိပ်ငါးပါး ရှိပါသည် အရှင်ဘုရား။

မေး။ ။ ရဟန်းမိန်းမတို့က 'အဘယ် ရဟန်းအထံ၌ အဆုံးအမကို ခံယူရပါမည်နည်း' ဟု တောင်း ပန်အပ်သော ဩဝါဒကို သံဃာတော်အား မလျှောက်ထားခြင်းကိစ္စ ပြီးပြီလော။

ဖြေ။ ။ ခေတ်ရှိသေးသော်လည်း အဆက်ပြတ်သဖြင့် ရဟန်းမိန်းမတို့က တောင်း ပန် အပ် သော ဩဝါဒကို သံဃာတော်အား လျှောက်ထား ဖွယ်မရှိ၊ ပြီးပါပြီ အရှင်ဘုရား။

ဤဆိုအပ်ပြီးသောကိစ္စ ငါးပါးတို့ကို သံဃာ စည်း ဝေးပြီးနောက် ပဝါရဏာမပြုမီ ရှေးအဖို့ဝယ် ပြုအပ် သောကြောင့် ပုဗ္ဗကိစ္စဟု ခေါ်ဆိုအပ်ကုန်၏။

ပတ္တကလ္လအင်္ဂါ လေးပါး

မေး။ ။ ပဝါရဏာ ယာဝတိကာ စ ဘိက္ခူ ကမ္မ ပတ္တာ၊ သဘာဂါပတ္တိယော စ န ဝိဇ္ဇန္တိ၊ ဝဇ္ဇနီယာ စ ပုဂ္ဂလာ တသ္မိံ န ဟောန္တိ၊ ပတ္တကလ္လန္တိ ဝုစ္စတိ ဟူ၍ အဋ္ဌကထာ ဆရာ မဟာထေရ်မြတ်တို့ မိန့်ဆိုအပ်သည်နှင့် အညီ ပဝါရဏာသည် နေ့၏အစွမ်း + ပုဂ္ဂိုလ်၏ အစွမ်း+ပြုအပ်သော အခြင်းအရာ ကာတဗ္ဗာ ကာရ၏အစွမ်းအားဖြင့် အဘယ်မျှ အပြား ရှိ၍ ယခု ပြုအံ့သော ပဝါရဏာသည် အဘယ် ပဝါရဏာ ဖြစ်ပါသနည်း။

ဖြေ။ ။ ပစ္စဝေက္ခဏာသည်....

(က) နေ့၏အစွမ်းအားဖြင့် စာတုဒ္ဒသီပဝါရဏာ+သာမဂ္ဂီ ပဝါရဏာဟူ၍ သုံးပါး အပြားရှိရာ ယခုပြုအံ့သော ပဝါရဏာသည် ပန္နရသီပဝါရဏာ ဖြစ်ပါသည်အရှင်ဘုရား။

(ခ) ပြုတတ်သော ကာရကပုဂ္ဂိုလ်၏အစွမ်းအားဖြင့် သံဃပဝါရဏာ+ဂဏပဝါရဏာ+ပုဂ္ဂလပဝါရဏာ ဟူ၍ သုံးပါး အပြားရှိရာ ယခုပြုအပ်သော ပဝါရဏာသည် သံဃပဝါရဏာ ဖြစ်ပါသည် အရှင်ဘုရား။

(ဂ) ပြုအပ်သော အခြင်းအရာ ကာတဗ္ဗာကာရ၏ အစွမ်းအားဖြင့် တေဝါစိကပဝါရဏာ + ဒွေဝါစိကပဝါရဏာ ဟူ၍ သုံးပါးအပြားရှိရာ ယခု ပြုအံ့သော ပဝါရဏာသည် တေဝါစိက (သမာနဝဿိက) ပဝါရဏာ ဖြစ်ပါသည် အရှင်ဘုရား။

မေး။ ။ထို တေဝါစိက (သမာနဝဿိက) သံဃပဝါရဏာ၌ အယုတ်ဆုံး သံဃာ (အနည်းဆုံး သံဃာ) ငါးပါး ရှိမှ ပဝါရဏာကံ အား ချောက်ပတ်ရာ ငါးပါးထက် ပိုလွန်သော ရဟန်းတို့ စည်းဝေးမိကြပါ၏လော။

ဖြေ။ ။ငါးပါးမျှမက ငါးပါးထက် ပိုလွန်သော ရဟန်းတို့ စည်းဝေးမိကြပါသည် အရှင်ဘုရား။

မေး။ ။**သဘောတူ ဝတ္ထုကြောင့် သင့်သောအာပတ်မှ ကင်းစင်ကြပါ၏လော။**

ဖြေ။ ။**အချင်းချင်း ဒေသနာဂါမ် ပြုပြီးဖြစ်ကြသဖြင့်** သဘောတူ ဝတ္ထုကြောင့် သင့်သောအာပတ် မရှိ၊ ကင်းစင်ကြပါ၏ အရှင်ဘုရား။

**မေး။ ။ကြဉ်အပ်သော လူ အစရှိသော နှစ်ကျိပ် တစ်ယောက်သော ဝဇ္ဇနီယ ပုဂ္ဂိုလ်တို့ နှစ်တောင့်ထွာ ဟတ္ထပါသ်မှ အပ ပြု၍ ကင်းပါ၏လော။**

ဖြေ။ ။ကင်းပါ၏ အရှင်ဘုရား

(အမေး+အဖြေ ပြီး၏)

ထိုနောက် ဉတ်ထားမည့် ကိုယ်တော်က ဆိုရန်မှာ-

ဤလေးပါးတို့ကို ပဝါရဏာကံအား လျော်ကုန်သော အင်္ဂါဖြစ်သောကြောင့် ပတ္တကလ္လ အင်္ဂါလေးပါးတို့ဟူ၍ ခေါ်ဆိုအပ်ပါကုန်၏၊ (ဟု ဆိုပြီးလျှင် ထို ဉတ်ထားမည့် ကိုယ်တော်ကပင်-)

ပုဗ္ဗကရဏ ပုဗ္ဗကိစ္စာနိ သမာပေတွာ ဒေသိတာပတ္တိကဿ သမဂ္ဂဿ ဘိက္ခုသံဃဿ အနုမတိယာ တေဝါစိကံ ပဝါရေယျာမ။ (သံဃာတော်များ အားလုံး သာဓုသုံးကြိမ်ခေါ်ရန်။)

## ပဝါရဏာညွှတ်

သုဏာတု **မေ** ဘန္တေ သံဃော၊ **အဇ္ဇ** ပဝါရဏာ (ပန္နရသီ)၊ **ယဒိ** သံဃဿ ပတ္တကလ္လံ၊ သံဃော **ပဝါ ရေယျ**။

ထိုသို့ညွှတ်ထားပြီးနောက် ထေရ်စဉ်ဝါလိုက် တေဝါ **စိကာ-သမာနဝဿိကာ** ပဝါရဏာကို ပြုကြကုန်ရာ၏။

### ဤတွင်

နှစ်ပါးမေး+ဖြေ၍ သံဃပဝါရဏာပြုပုံ ပြီး၏။

✿

## တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆဋ္ဌသံဂီတိ ဝိသဇ္ဇက
## အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု
## ကျေးဇူးတော်ရှင်မင်းကွန်း ဓမ္မနာဒ
## ဆရာတော်ဘုရားကြီး၏
# ဂုဏာဘိတ္ထဝ သံခေပ ထေရုပ္ပတ္တိလင်္ကာ
# မော်ကွန်း

၁။ မျိုးမြင့်သာကီ။ ။သမ္ဘာညီ သား၊ဂမ္ဘီဉာဏ်အား၊ စိန့်အပ်သွားသို့၊ စားစားစုံညီ၊ ပါရမီနှင့်၊ စာဂီတင့်စွာ၊ ထေရ်မဟာ၏၊ ဖွားရာနဂရ၊ ရပ်ဌာနကား၊ သာစွံ့မချို၊ 'မြင်းခြံ'မြို့ဘူ၊ မျို့ဒက်လာ၊'ကျည်းပင်'ရွာ၌၊ပညာသဒ္ဓါ၊ ကာရုဏာနှင့်၊ မေတ္တာပွားစီး၊ များခိုမှီးသည်၊ 'သူကြီး ဦးဆံ'၊ ဂုဏ်ရိပ်လှုံ၍၊ တူစုံပျော်ရွှင်၊ 'ဒေါ်ဒေါ်ဆင်'၏၊ဝမ်းတွင်ကိန်းအောင်း၊ ထေရ်ကျော်လောင်းကို၊ နှစ်ထောင်းဝမ်းသာ၊ ယုယကာဖြင့်၊ ကော်+ဒွါ+သတ်+တြို၊လုကြွတ္တိဟု ထွန်းညှိတန်ဆောင်၊ အေးမြရောင်ဖြင့်၊ ဝင်းပြောင်ငွေစန်း၊ တူယှဉ်မြန်းသည့်၊ လဆန်း ဆယ့်တစ်ရက်၊ ဗုဒ္ဓစက်ဟု၊ သုံးချက်ကျော်ပြီ၊ နေနာရီ၌၊ ရာသီ

မိဿ၊ ဟိုင်းနှာဂနှင့်၊ ပြိဿဘုံတွင်း၊ ခြသေ့်မင်းလျှင်၊ ကန်တွင်းမှာ ပူး၊ ရွှင်မြူးတောင်ဟုန်၊ သိမ့်သိမ့်တုန်မျှ၊ ဂဠုန်ဆင်မင်း၊ တူမှာချဉ်းလျက်၊ ပျော်ခင်းစံရာ၊ ပြိဿာနန်းတွင်း၊ ဂုဏ်ရှိန်လင်းသည့်၊ ကြွက်မင်းစံရှင်၊ ကိုတွင်ငွေစန်း၊ ငွေယုန်နန်းနှင့်၊ စံမြန်း လင်္ဂမြတ်၊ စဉ်နက္ခတ်ကား၊ မှတ်သားတဝ၊ တေဝိသဦ၊ သားလှမျက်ရှင်၊ မိဿနှင့်စင်လျက်၊ ဖွားမြင်ပြီးခါ၊ ထေရ်ဓလောင်းလျာအား၊ ငယ်စွာနှုန်းသွား၊ ငါးနှစ်သားက၊ ဘိုးဘွားမိဘ၊ တိုင်ပင်ကြ၍၊ ဆရာ့ထံချဉ်း၊ ဆက်အပ်နှင်းခဲ့၊ ထန်ပြင်းလုံ့လ၊ တတ်သိပ္ပကို၊ ငယ်ဘပင်လျှင်၊ ဉာဏ်ရည်ရွှင်လျက်၊ ကြားမြင်ခဏ၊ တတ်ဒမြောက်ရ၍၊ တောက်ပပညာ၊ ခြောက်နှစ်မှာလျှင်၊ နှစ်ဖြာဘိုးဘွား၊ သဒ္ဓါပွားလျက်၊ ဘုရားသာသနာ၊ မြေးညွှန့်လျာကို၊ ဓမ္မာပစ္စယ၊ နုဂ္ဂဟာဖြင့်၊ ဗုဒ္ဓသာသနာ၊ ချီးမြှင့်ပါခဲ့။ ပညာဆက်ပွား၊ ခုနစ်နှစ်သားတွင်၊ သင်ကြားသိပ္ပံ၊ သင့်စီမံ၍၊ မြင်းခြံ'မင်းကျောင်း'၊ တစ်ဖန်ပြောင်းလျက်၊ အကြောင်းသင့်စွာ၊ အခွင့်သာ၍၊ ဆရာတော်ထံ၊ အပ်နှံသင်ကြား၊ ဆယ်နှစ်သားတွင်၊ ထပ်ပွားသဒ္ဓါ၊ မိဘာတာက၊ သာသနာ့အမွေ၊ ခံယူပေ၍၊ ထွေထွေဆန်းကြယ်၊ ပညာကြွယ်သည့်၊ သက်ရွယ်နုစွာ၊ ထေရ်လောင်းလျာကို၊ ကောင်းစွာချီးပ၊ 'ဝိစိတ္တ'ဟု+သာရသညီ၊ ဘွဲ့ထူးချီ၍။ တလီရှင်ချစ်၊ မြေးတော်ဖြစ်ဖို့၊ ထူ်နန်းသစ်ရောင်ဖြာ၊ သာသနာ၌၊ ဝင်းဝါထိန်ပြောင်၊ သင်္ကန်းရောင်ဖြင့်၊ ဘုန်းခေါင်မြတ်ဖျား၊ ထံတော်ပါးဝယ်၊ ထူးခြားထွေထွေ၊ သာမဏေသုခ၊ ပဏ္ဍိဘသို့၊ တူမျှပမာ၊ သက်မှာဘက်စစ်၊ ဆယ့်သုံးနှစ်တွင်၊ ထွန်းသစ်ရောင်ဝါ၊ တက်ခနေဖြာသို့၊ ပညာအရောင်၊ ထွန်းလင်းပြောင်လျက်၊

ရှစ်စောင်သဒ္ဒါ၊ သင်္ဂဟာ၁က်၊ ပင်ကာ၁ဆင်နွဲ၊ စာပြန်ပွဲ၌၊ တစ်စွဲ၍သာ၊ အောင်မြင်ပါခဲ့၊ ပညာပါရမီ၊ ဂုဏ်ထူးချီသည်၊ ၊စာရိတိုးလို့ တင့်သည်ဘုရား။

၂။ တိုးတင့်စာရိ။ ။အလီလီဖြင့်၊ သာကီယဇာတ်၊ နွယ်ခတ်မြတ်မို့၊ လျှောက်ပတ်တင့်တယ်၊ သံယာ့လယ်၌၊ သက်ရွယ်ဆယ့်ငါး၊ ဉာဏ်မြင်ထွား၍၊ ထူးခြားအံ့ဖွယ်၊ 'ပထငယ်'အောင်ပန်း၊ ဆွတ်ချူမြန်းလျက်၊ ဆင့်တန်း 'အလတ်'၊ နှစ်သောင်ဌသိ၌၊ မပြတ်အောင်မြင်၊ အောင်ပန်းဆင်ခဲ့၊ ပျော်ရွှင်လှေလာ၊ ဝါသနာဖြင့်၊ ပညာကြိုး ကုတ်၊ နောက်မဆုတ်ဘဲ၊ အားထုတ်ထွေထွေ၊ သာမဏေ အဖြစ်၊ ဆယ့်ကိုးနှစ်မှ၊ စွန်းလစ်ဖာသ၊ ငါးလချိန်ခါ၊ နှစ်ဒကာဇာကား၊ ကော်+ဒွါ+နော+ဒွေး၊ ခေါ်ရေး တလီ၊ ရာသီမိဿ၊ ဝသန္တတည့်၊ စိတ်ကြယ်၊ ကောင်းကင် လယ်၌၊ တင့်တယ်ရောင်ဝါ၊ ယုန်စန္ဒာနှင့်၊ ယှဉ်ကာ ထွန်းပ၊ သာယာလှသား၊ ဆန်းစတန်ခူး၊ တာ မကူးခင်၊ နေ့ထူးခြောက်ရက်၊ ကျားမင်းစက်တွင်၊ မပျက်စဉ်လာ၊ သာသနာ၌၊ ဝင်းဝါထိန်ပြောင်၊ နေတန်ဆောင်သို့၊ 'မင္ဂ+တာင်တောရ၊ သိမ်ခဏ္ဍာ'၌၊ မမ္မနာဗ၊ အာစေရကို၊ သံယာ့အလယ်၊ ဥပဇ္ဈာယ် ဟု၊ ကြီးကျယ်ကံဆောင်၊ ဂူကလေးချောင်မှ၊ တောက်ပြောင်ဉာဏ၊ ကျင့်သီလနှင့်၊ 'သဒ္ဓဝါဒိ'၊ ဂုဏ်ထူးချီသား၊ ဋီကာကာရ၊ အာစေရ တည့်၊ 'ဒေါ်မမ္မစာရီ'၊ ဘွဲ့ပုံမှီသည့်၊ ပါရမီဂိုင်ဖြိုး၊ ခရာ ကြီးနှင့်၊ မငြိုးဂုဏ်သိန်၊ မင်းစည်းစိမ်သို့၊ ငိုပ်ငြိမ်ချမ်း အေး၊ စက်ဒသဋွေးဘု၊ နီးဝေးနိုင်ငံ၊ သတင်လှံ့၍၊ ဂုဏ် သံပေါ်လွင်၊ 'ဆာ ဦးသွင်'နှင့်၊ ကြည်လင်သဒ္ဒါ၊ တူညီ

ပါ၍၊ များတွာဒါန၊ စုံပြည့်ဝ၍၊ ပဥ္စ+၄ဂီ၊ လီလီစောင့်
ထိန်း၊ 'ဒေါ်ဒေါ်သိန်း' တို့၊ အောင်ကိန်းနေရဗာန်၊ ဆု
ရည်သန်လျက်၊ လေးတန်ပစ္စယ၊ ချီးမြှောက်ကြ၍၊ ဥပ
သမ္ပဒါ၊ ပြုပြီးခါ၌၊ သုံးဖြာတင့်ဆန်း၊ အကြီးတန်းကို၊
အောင်ပန်းဆွတ်ကာ၊ နှစ်မကြာဘဲ၊ တစ်ဝါအရ၊ မန္တလေး၌၊
ကျောင်းပဆင်နွဲ၊ စာပြန်ပွဲ၌၊ တစ်စွဲအောင်မြင်၊ ဘွဲ့ထူးဆင်ခဲ့၊
နှစ်စဥ်မကွာ၊ ဆက်လျှောက်ကာဖြင့်၊ သာသနဟိတ၊
အမည်ရသည့်၊ သကျသီဟ၊ ဓမ္မာစရိယဝယ်၊ အဋ္ဌကထာ
သုံးဆောင်၊ အောင် အောင် အောင်ဟု၊ ဂုဏ်ရောင်လျှံ
ညီး၊ နှစ်ချင်းပြီး၍၊ ဘွဲ့သီးနာမံ၊ သစ်စီမံ၍၊ 'ဝဋ္ဋံသကာ'၊
ဆက်ကပ်ကာလျှင်၊ လွန်စွာအံ့ချီး၊ လက်ဖျစ်တီးကြ၊ ဉာဏ်
မီးတောက်ပ၊ အစိုးရဝယ်၊ 'ပဌမကျော်'၊ ရပြီးသော်လျက်
နှစ်ဖော်ဓုရ၊ နေ့နှင့်ညဝယ်၊ ပို့ချသင်ယူ၊ သူမတူတည့်၊
ကြည့်ဖြူမြဘ်နိုး၊ အားအန်ကြိုးလျက်၊ သင်ရိုးဌာကထာ၊
ဋီဋီကာကို၊ ဘောင်းစွာမွှေနှောက်၊ ဉာဏ်ရောက်တောက်
၍၊ မြင့်မောက်စုံညီ၊ ပါရမီသည်၊ ညွှာစိဖြိုးလို့ ပွင့်
သည်ဘုရား။

၃။ ဖြိုးပွင့်ညွှာစိ၊ ။ခိုင်စုံညီသား၊ လီလီဂုဏ်ပန်း၊ လွန်
တင့်ဆန်းလျက်၊ ပွင့်လန်းချပ်လှာ၊ ခုနစ်ဝါ၌၊ ဆရာထေရ်
ကောင်း၊ နဘ်ရွှာပြောင်းသော်၊ မြတ်ကျောင်းတိုက်မွန်၊
ဂဏဝန်ကို၊ ကျေပွန်တန်တန်၊ ထမ်းရွက်ရန်ဟု၊ ညောင်
ကန်ဘုန်းခေါင်၊ ရန်အောင်ဖေဂ်လာ၊ သမ္မာသတိ၊ ထေရ်
ဘုန်းရှိတို့။ မိန့်ဘိမြွက်ဟ၊ ဩဝါဒဖြင့်၊ သာသနာ့ဝန်
ဆောင်၊ ပွဲဘိုင်းအောင်လျက်၊ တောက်ပြောင်ညော၊
သယ်နှစ်ဝါ၌၊ ဦးစွာပထမ၊ အစိုးရ၏၊ စာချဂုဏ်ထူး၊
အောင်ပန်းခူးခဲ့၊ ဘုန်းထူးပွင့်သစ်၊ ပြည်ထောင်ခေတ်

ဝယ်၊ သုဉ်+ကော်+တိ+ကော်၊ သက္ကရာဇ်၌၊ ပွင့်သစ်ပေါက်
လဲ၊ တပို့တွဲဟု၊ စိုရွဲနှင်းပေါက်၊ လဆန်းခြောက်ဝယ်၊
'ပင့်ထောက်သာသနာ့+နုဂ္ဂဟာမှု၊' တိပိဋကမိုရ်၊ ထေရ်
ပုဂ္ဂိုလ်ကို၊ထုတ်ဆိုရွေးစစ်၊အစဖြစ်၍၊သုံးနှစ်တိုင်မြောက်၊
သုံးကြိမ်ရောက်ဝယ်၊ အံ့လောက်ထင်ရှား၊ ဇာနည်ဖွား
ဟု၊ ထူးခြားညာဏ်ကြွယ်၊ ဗိုလ်ပုံလယ်၌၊ ငါးသွယ်ဝိနယ၊
ပါဠိစနကို၊ အာဂမင့်ကာ၊သံစုံဖြာလျက်၊ သာယာချိုမြ၊
နာ မဝအောင်၊ စာမေးစာထောက်၊ များမျက်မှောက်
ဝယ်၊ အံ့လောက်ထေရ်မွန်၊ ရေတံခွန်နှင့်၊ ရေသွန်ကရား၊
ပမာလားသို့၊ အများဝမ်းမြောက်၊ လက်ပန်းပေါက်
အောင်၊ တောက်လျှောက်ပြန်ကာ၊ ရေးဖြေရာလည်း၊
ပုစ္ဆာများတွေ၊ ရာလုံးပြေလျက်၊ ဝိသေပုဂ္ဂလ၊ မြတ်ထေရ
ကို၊ 'ဗုဒ္ဓသာသနာနုဂ္ဂဟ၊ ဝိသိဋ္ဌ ဝိနယဓရ၊ မဟာ ဝိနယ
ကောဝိဒ'ဟု၊ ပထမဦးစွာ၊ ထွက်ပေါ်လာ၍၊ သာသနာ့
ဂုဏ်ထူး၊ ကြည်ကြည်နူးလျက်၊ အံ့ကျူးစတုဋ္ဌ+ပဉ္စမ၌၊
ကဏ္ဍနှစ်ဖြာ၊ ဘိဓမ္မာတည့်၊ ကြိမ်မှာခြောက်ဝ၊ ရောက်တုံ
ထသော်၊ ဒီဃနိကာ၊ ရှေ့နည်းသာရှင့်၊ သုံးဖြာပိဋက၊
လေးနှစ်မျှဖြင့်၊ 'ဗုဒ္ဓသာသနဝိသိဋ္ဌ တိပိဋကဓရ မဟာ
တိပိဋကကောဝိဒ'ဟု၊ နှစ်ဝဂုဏ်ပန်း၊ ပွင့်စုံလန်းလျက်၊
ဆင်မြန်းသပ္ပာယ်၊ လွှန်တင့်တယ်၏၊ ဆန်းကြွယ်ညာဏ၊
'ဘဒ္ဒန္တ ဝိစိတ္တသာရ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက'ဟု၊
ရာဇာဘွဲ့ထပ်၊ 'ဆင်စွယ်ယပ်'နှင့်၊ နှင်းအပ်တတွေ၊ ကုန်း
ရေလေ၌၊ ကိုယ်နေမပန်း၊ အထက်တန်းမှ၊ ကြွမြန်းပါ
ရန်၊ ရာသက်ပန်လျှင်၊ လှူပြန်တဝ၊ အားမရခဲ့၊ ဆင့်ဌသင်္ဂါ၊
ယင်သဘာဝယ်၊ ထင်စွာဝိသဇ္ဇက၊ မြတ်ထေရ၊ အဂ္ဂ
အဘိဓဇ၊ လှူပြန်ရသော၊ သာသနာ့အဇ္ဈာနည်၊ ဂုဏ်ရည်

ထူးချွန်၊ ပညာဝန်ပုဂ္ဂိုလ်၊ တိပိဋကမိုရ်အား၊ ကြည်ညို အံ့ချီး၊ မင်းလျှထီးနှင့်၊ သီးသီးစုံညီ၊ မော်ကွန်းချီသည်၊ ၊ **သာကီမျိုးမို့ မြင့်သည် ဘုရား။**

သာသနာ့အလင်းရောင်

❀

**တိပိဋကဓရ**

# ဓမ္မစေတီ ဂုဏ်ရည်လျှံဖြာ ပတ္ထနာသီသ

မြန်မာ့ဂုဏ်ရည်၊ တင့်ထူးလည်သား၊ ရွှင်ကြည်သာ စွာ၊ ပစ္စက္ခဟု၊ ဗုဒ္ဓသာသနာ၊ ချိန်အခါ၌၊ အံ့ရာတာဝ၊ တိ- ပိဋကဓရ၊ ဓမ္မဘဏ္ဍာ၊ ဂါရိကာဟု၊ မဟာထေရ်ရှင်၊ဘဏ် တိုက်သွင်သို့၊ ဉာဏ်တွင်ကိန်းလတ်၊ နှလုံးခွတ်၌၊ မပြတ် တည်ရာ၊ ဝိနယာဟု၊ ငါးဖြာတန်ဆောင်၊ နေလရောင်သို့၊ နှစ်ဆောင်နှစ်ရာ၊ ခြောက်ဆယ်သာ၏၊ တဖြာဘိဓမ္မ၊ ပထမလျှင်၊ ငါးကျမ်းမှာ၊ ထောင့်သုံးရာနှင့်၊ စွန်းလာ ကိုးဆယ်၊ ဂဏန်းချယ်၍၊တသွယ်ဘိဓမ္မ၊ဒုတိယမူ၊ထွန်းပ ဂုဏ်ရောင်၊ အုပ်ရှစ်ဆောင်ကား၊ သုံးထောင်ငါးရာ၊ ကိုး ဆယ်မှာလျှင်၊ ရှစ်ဖြာစွန်းထ၊ သုတ္တန္တဟု၊ ဒီဃနိကာ၊ သုံး အုပ်မှာကား၊ ခုနစ်ရာ့ခုနစ်ဆယ်၊ ကိုးခုကယ်၍၊ ဉာဏ် ဝယ်ကိန်းလတ်၊ပိဋကတ်၏၊ ရည်မှတ်မျက်နှာ၊ ရှစ်ထောင် မှာလျှင်၊ စွန်းကာနှစ်ဆယ်၊ ခုနစ်ကယ်တည့်၊ သုံးသွယ် ပိဋကတ်၊ မုခပါဠ်ဟု၊ ထွတ်မြတ်ရှစ်သောင်း၊လေးထောင် ဆောင်းသား၊ အပေါင်းဓမ္မ+ဝိနယကို၊ ရွှရွှထင်ထင်၊အာ

ဂုံနှင့်ရှဲ၊ စုံလင်မိပ္ပာယ်၊ အသွယ်သွယ်ကို၊ မိုးကြယ်လ,သွင်၊ လင်းလင်းမြင်လျက်၊ လက်တွင်တင်ထား၊ ပတ္တမြားသို့၊ ခွဲခြားစိတ်ဖြာ၊ စုံလင်စွာဖြင့်၊ ခဲရာခက်ဆစ်၊ ဉာဏ်ဆီနှစ်ဖြင့်၊ဖြန့်လစ်ပထျာ၊နည်းစုံဖြာသား၊မဟာဝိသိဋ္ဌ၊ကောဒိဒနှင့်၊ ဓရနှစ်ဖြာ၊ စုံလင်စွာလျှင်၊ ဂုဏ်ဝါချီးပ၊ ဝိဓေသသဖြင့်၊ ဓမ္မာဘဏ္ဍာ-ဂါရိကာဟု၊ သင်္ဂါဆဋ္ဌ၊ ဝိဿဇ္ဇကတည့်၊ အစ္ဆရိယ၊ အဗ္ဘုတလျှင်၊ အဂ္ဂမဟာပဏ္ဍိတ+ဘိဓေဇဟု၊ ထေရမဟာ၊ မြတ်ဆရာကို၊ ဤခါကာလ၊ သမယဥ္ဇ၊ကြုံရခဲစွာ၊ ကြုံရပါ၍၊ သဒ္ဓါမနသိ၊ အလီလီဖြင့်၊ စေတီမမ္မ၊ ရည်မျှော်ဆလျက်၊ ဗုဒ္ဓညီခင်၊ အာနန်ရှင်သို့၊ စိတ်တွင်ရည်စူး၊ ကြည်ကြည်နူးလျက်၊ ရှိဦးပန်ဆင်၊ မြတ်ထေရ်ရှင်ကား၊ လေးအင်မဟာဘုတ်၊ မယုတ်မလို၊ မပိုညီမျှ၊ ချမ်းကြည့်မြ၍၊ သုခဖြာဖြာ၊ စုံလင်စွာဖြင့်၊ဘာသာအမျိုး+သာသနာကျိုးကို၊ သည်ပိုးရွက်ဆောင်၊ မဆောင်တိုင်းအောင်လျက်၊ ဂုဏ်ရောင် ထွန်း တင့်၊ ဘုန်းပန်းပွင့်၍၊ အရှင့်သက်တော်၊ ရာတမ်းကျော်အောင်၊ မှန်းမျှော်ခါခါ၊ ပတ္ထနာသည်၊ ၊စုံစွာပြည့်ဝ၊ ဖူးရပါစေသောဝ်။ ။

(မဏိဆံကျင်ချ)

သာသနာ့အလင်းရောင်

❀

ဝိဇာယန မင်္ဂလာ=ဇာတာတော် တေးထပ်

တိ သဏ္ဍာ ဒွေးက၊ ရှေးဘဝ ပါရမီ၊
မွေး မာသ လကြွတ္တိ၊ စန်းရောင်ခြည် ကွန့်မြူး။
ဆန်း ဆယ့်တစ် ဆဒ္ဒန်ညီတယ်၊ နေ့ဿဋ္ဌိ သုံးချက် ကျော်ကျူး။

ဟိုင်း နာဂ မိဿခွင်မှာ၊ အတူပင်ယှဉ်ပူး။
ပြိဿဘွင် ခြသေ့်မြူးပါလို့၊ ငွေပူးမင်း ကန်ဘုံ။
တူနန်းမှာ ဓောင်ဟုန်ပြင်း၊ ဂဠုန်မင်း ဆဒ္ဒန်နှင့် ဆုံ။
ကြွက်မင်းမြတ် ဗြိစ္ဆာလှုံတယ်၊ ငွေစန်းယုန် ကုံရွှေနန်း မှာပေါ့။
လဂ်စံမြန်း ခါတော်ချိန်၊ ထွန်းတောက်ဂုဏ်သိန်။
တေဝီသ စင်မှာကြိမ်တယ်၊ မင်္ဂလာအချိန် ဥဒါန်း ကွယ့်လေး။
အဂ္ဂါ+ဘိဓဇဆရာတော်မှာ၊ ရာကျော်ဓောင် သက်တမ်းကွယ့်လေး။

## ဝိဇာယနမင်္ဂလာ ပတ္ထနာ လင်္ကာစာတမ်း

မြင့်မြတ်ဂုဏ်ရည်၊ မြတ်ဇာနည်မှာ၊ ရွှင်ကြည်သာယာ၊ လောင်းညွန့်လျာ၏၊ ဇာတာတော်မြတ်၊ ဂြိုဟ်နက္ခတ်တို့၊ လှည့်ပတ်စုံညီ၊ အလီလီလျှင်၊ ရာသီစက်ပန်း၊ ဆယ့်နှစ်ခန်း၌၊ စံမြန်းတည်ပုံ၊ သံခိုပ်ငုံဘိ၊ အကျဉ်းသိလော့၊ တြိသတ္တ၊ ဒွေးကေလျှင်၊ ကေ၁ဇချိန်ခါ၊ ကြွတ္တိကာဟု၊ ရောင်ဝါယှက်သန်း၊ ခဝဲပန်းနှင့်၊ မိုးဆန်းကင်းစေ၊ မိုးလခါနှောင်း၊ ဟေမန်ပြောင်းလု၊ ဥတုဝဿာန၊ လမြတ်တန်ဆောင်၊ ငွေစန်းရောင်လည်း၊ ထိန်ပြောင်ယှက်သန်း၊ နက္ခတ်ပန်းတို့၊ ဆန်းဆန်းကြွက်ကြွယ်၊ ကောင်းကင်လယ်၌၊ တင့်တယ်တက်သစ်၊ ဆန်းဆယ့်တစ်တွင်၊ မှတ်လစ်စုံ၍၊ ခုနစ်နေ့ဝယ်၊ ပျော်မွေ့ဆဒ္ဒန်၊ အလယ်မှန်၏၊ ရှစ်တန်ဂြိုဟ်သက်၊ ဝဲရှစ်မျက်နှာ၊ လှည့်လည်ပါလျှင်၊ ဆဒ္ဒန်ဆင်၏၊ ဌာန်တွင်အားလုံး၊ ဗောသက်ဆုံး၏၊ တစ်ထုံးမှတ်

လဝ်၊ တစ်နှစ်ခွန်သုံး၊ နဝင်းချုံးက၊ အဆုံးဆဒ္ဒန်၊ မွေး
နွေ့မှန်၏၊ မလျှိုင်ပေဝမိ၊ သီရိခန်းဝါ၊ ငါးဖြာမာရ်
အောင်၊ ဘုန်းရောင်ဘင့်ကြွား၊ မြတ်ဘုရားဟု၊ ထင်ရှား
ပွင့်ရာ၊ ဇေယျာထွတ်မူး၊ ဗုဒ္ဓဟူးဝယ်၊ ကျော်ကျူ ချိန်ညီ၊
နာရီစက်ပြန်၊ ခေါ်ရန်တလီ၊ သုံးနာရီကျော်၊ အခါတော်
ကား၊ မြင်မြော်စက်ပန်း၊ ဆယ့်နှစ်ခန်းဟု၊ ဘုံနန်းလီလီ၊
ဒွါဒသီဂယ်၊ စုံညီမိဿ ဟိုင်းနာဂတည့်၊ ဝေဒခေါ်ပြု၊
ရာဟုထီးမဆောင်း၊ အလောင်းအလျာ၊ မှတ်ရာဘာဝ၊ ဘုံ
ပြိဿဉ္ဇ၊ ဘေဇထန်ပြင်း၊ ခြင်္သေ့မင်းလည်း၊ ဂူတွင်းမှ
ထောက်၊ သံကုန်ဟောက်၍၊ စောင့်ရှောက်ခပင်း၊ ရှင်မျိုး
ရှင်း၏၊ ကန်တွင်းငွေပူး၊ ရွှင်ရွှင်မြူးလျက်၊ အံ့ကျူ လိုက်
ခုန်၊ အူသည်းတုန်မျှ၊ တောင်ဟုန်ထန်ပြင်း၊ ဂဠုန်မင်း
နှင့်၊ အဆင်းရူပ၊ ဖြူဆွဘျက်သရေ၊ ရောင်ထွေခြောက်ဝ၊
စွယ်ရောင်ပြလျက်၊ ဟောက်ပဖြူဝင်း၊ ဆဒ္ဒန်မင်းတို့၊ မာန်
တင်းရန်မူ၊ ဆံခပြုဘဲ၊ စင်ဖြူမေတ္တာ၊ ချစ်ကြင်နာလျက်၊
စံရာဘုံခန်း၊ တူရွှေနန်း၌၊ စံမြန်းမကွာ၊ ဗြိစ္ဆာဘုံတွင်း၊
ကြက်မင်းစံမြန်း၊ ငွေယုန်စန်းလည်း၊ ကုံနန်းမှာလျှင်၊
ပြိုင်ယှဉ်သဂ်မြတ်၊ လျောက်ပတ်ခါညီ၊ စင်တေဇီတည့်၊
ရာသီဆယ့်နှစ်ခန်း၊ နက္ခတ်ပန်းတို့၊ တင့်ဆန်းရောင်ဝါ၊
မင်္ဂလာဆင့်ဆင့်၊ မြင့်မြတ်ပြက္ခဒိန်၊ စံတော်ချိန်ဝယ်၊ ဂုဏ်
သိန်သမ္ဘာ၊ စုံစွာအညီ၊ ပါရမီကံထူး၊ ဉာဏ်ရောင်မြူးသည့်
ဦးဝိစိတ္တသာရာဘိဝံသ ဟု၊ သကျသီဟ၊ ဓမ္မာစရိယနှင့်၊
ပသာဒဝဍ္ဎကာ၊ သာသနာ၌၊ ဂုဏ်ဝါထူးစွာ၊ အဋ္ဌ
ကထာပြန်အကျော်၊ ပဌမကျော်နှင့်၊ အကျော်သုံးဝ၊
ဝိသိဋ္ဌလျှင်၊ တိပိဋကဓရ ကောဝိဒမဟာ ဘဏ္ဍာဂါရိက၊
လင်္ကာနက်ကို၊ ပထမစိုးပိုင်၊ ရွှေသော့ကိုင်လျက်၊ ကြံ့ခိုင်ဉာဏ၊

စိတြနှင့်၊ ဆဋ္ဌသံဂါ၊ ဝိသုဇ္ဈာတည့်၊ မဟာအဂ္ဂ၊ ပဏ္ဍိတနှင့်၊ ရဋ္ဌဂုရု၊ ပြည်သူ့ဆရာ၊ ဂုဏ်ရည်ဖြာသည့်၊ သာသနာ့သားကောင်း၊ ထေရ်ကျော်လောင်းကို၊ နှစ်ထောင်းဝမ်းသာ၊ ချမ်းမြေ့စွာဖြင့်၊ မာတာမိခင်၊ ဒေါ်ဒေါ်ဆင်က၊ သန့်စင်မီးရှူး၊ ရှင်ကြည်နူးသည်၊ ၊ ဘုန်းထူးသမ္ဘာ တေဇာသိရိ ကဝိအမော် ရာကျော်သက်တမ်း ရှည်စေသောဝ်။ ။

(၂ဇော်တစ်ခိုင်လုံးချ)

သာသနာ့အလင်းရောင်

## ဖူးပွင့်ဝေဆာ ပန်းအာသာ တေဇာတင့်ထူး ဇေယျာကျူး

၁။ ဖူးပွင့်ဝေဆာ။ ။ ခိုင်ညွှန့်ဖြာသား၊ အာသာဝတီ၊ ပန်းနွယ်နီကား၊ ထောင်ချီနှစ်ပေါင်း၊ ချိန်ခါညှောင်းမှ၊ အကြောင်းသင့်စွာ၊ ဖူးပွင့်လာသော်၊ ဇေဝါနတ်များ၊ ဝမ်းမြောက်ငြားသို့၊ မြင့်မားသာသနာ၊ ပြည်မြန်မာဝယ်၊ ရှေးခါမင်းများ၊ သဒ္ဓါပွားရှဲ၊ သုံးပါးပိဋကာ၊ အာဂမလျှင်၊ သာသနာ့ဂုဏ်အင်၊ မြတ်ထေရ်ရှင်ကို၊ ဖူးမြင်ရငှာ၊ အားထုတ်ပါလည်း၊ ချိန်ခါမသင့်၊ မပေါ်လင့်၍၊ ဖူးခွင့်မကြုံ၊ ဖြစ်ခဲ့တုံ၏၊ ဖူးငုံဆင့်ဆင့်၊ နွယ်နီပွင့်သို့၊ ချိန်သင့်ရောက်လာ၊ ပြည်မြန်မာဝယ်၊ သဒ္ဓါကြည်ရှင်၊ ဆာဦးသွင်က၊ ကြံဆင်ဉာဏ၊ ထုတ်ဖော်ပြ၍၊ ဗုဒ္ဓသာသနာနုဂ္ဂဟ-ဖွဲ့ချုပ်ကလျှင်၊ အစတီထွင်၊ စာပွဲယင်၍၊ သုံးအင်ပိဋကာ၊ ပါဠိစနကို၊ ရေရွေးချယ်၊ သုံးသာ

လယ်၌၊ ဖွံ့ဖွယ်ဉာဏ်၊ သမ္ဘာညီလျက်၊ ဂမ္ဘီ+တိက္ခ၊ ဇဝန နှင့်၊ စိတြစုံလင်၊ ဇာနည်ရှင်တည့်၊ မည်တွင်ဘဒ္ဒန္တ၊ ဝိစိတ္တ ဟု၊ သာရသညီ၊ ဘွဲ့ပုံချီသား၊ နွယ်နီပန်းသွင်၊ မြတ်ထေရ် ရှင်ဘား၊ ကြည်လင်သာယာ၊ သံစုံဖြာလျက်၊ အံ့ရာဉာဏ၊ သဘာဝနှင့်၊ အာဂမစုံလင်၊ မြင်းကောင်းနှင်သို့၊ ရေ လျှင်ကရား၊ ပမာထားလျှင်၊ ထူးခြားပါလှ၊ လေးနှစ်မျှ ဖြင့်၊ လေး၀ မဟာ-ဝိသိဋ္ဌာ ဟု၊ လေးဖြာလေးထပ်၊ ဆင် စွယ်ယပ်နှင့်၊ ပွင့်ချပ်စုံစွာ၊ ထီးစုံဖြာလျက်၊ ဘဏ္ဍာဓမ္မ၊ ဂါရိကဟု၊ ထေရဂုဏ်ဝါ၊ ပန်းအာသာသည်၊ ၊ ဝေ ဆာဖူးလို့ ပွင့်ပြီဘုရား။ ။

၂။ ထူးတင့်တေဇာ။ ။ဘုန်းရောင်ဖြာသား၊ အာ ဇာနေယျ၊ ပုဂ္ဂလဟု၊ ထေရမြုတေ၊ ဂုဏ်စိသေဖြင့်၊ ထူး ထွေဉာဏ၊ မြတ်ထေရသည်၊ ဆဋ္ဌသင်္ဂါ၊ ယင်သဘာဟု၊ တင်ငှာကာလ၊ သမယ၌၊ ဘာဏရနိဋ္ဌာ၊ အဖြာဖြာတွင်၊ ဘာရာဝဟ၊ သြသာနတည့်၊ သာသနာ့တာဝန်၊ ကြိုးအား သွန်လျက်၊ ကြွားညွှန်ဆင့်ဆင့်၊ အသင့်ပြင်ဆင်၊ ပွဲကြီး ယင်သော်၊ ပလ္လင်ထက်ဝယ်၊ ဂုဏ်ရောင်ကြွယ်လျက်၊ ဆန်း ကြယ်ထပ်ထပ်၊ ဆင်စွယ်ယပ်ကို၊ ကိုင်အပ်ချိန်သင့်၊ ဘုန်း ပန်းပွင့်၍၊ သုံးဆင့်ပိဋကာ၊ ဝိနယနှင့်၊ ဓမ္မဖြာဖြာ၊ အရာ ရာဝယ်၊ မဟာစည်တွင်၊ ဇာနည်ရှင်၏၊ ကြည်လင်ပုစ္ဆန၊ အာဝကို၊ ပထမသင်္ဂါ၊ ယင်သဘာ၌၊ ဥပါလိသွင်၊ အာ နန်ရှင်သို့၊ ဝန်းကျင်လျောက်ပတ်၊ တာဝန်မြတ်ကို၊ မပြတ်အားသည်း၊ တစ်ပါးတည်းလျှင်၊ နည်းနည်းစုံစွာ၊ ဉာဏ်ပဋ္ဌာဖြင့်၊ ဘဏ္ဍာဓမ္မ+ဂါရိက ဟု၊ ဘွဲ့ရညီစွာ၊ သံစုံဖြာလျက်၊ သာယာချိုမြ၊ နာမဝခဲ့၊ အစ္ဆရိယ၊ အာ့ဘု

တစာည့်၊ ထူးစွာပါရမီ၊ စုံပြည့်ညီလျက်၊ ဂမ္ဘီဉာဏ၊ မဟာဂ္ဃ လျှင်၊ အဂ္ဂမဟာပဏ္ဍိတ+ဘိဓဇအား၊ သံဃာ့ဥသျှံ၊ ဂိုဏ်း ပေါင်းစုံဟု၊ ကြည်ယုံမြတ်လေး၊ စည်းအဝေးမှ၊ စိတ်ဖေး ဖန်ဖန်၊ အာတန်တန်လျှင်၊ တာဝန်အထူး၊ 'တွင်းရေး မှူး'ဟု၊ ချီးကျူးရွေးချယ်၊ ဂိုဏ်ပေါင်းကြွယ်လျက်၊ အံ့ဖွယ်ဖြာဖြာ၊ ထေရ်မဟာသည်၊ ၊တေဇာထူးလို့ တင့်ပြီဘုရား။ ။

၃။ ကျူးရင့်ဇေယျာ။ ။အောင်သံဖြာသား၊ အာ ဇာနေယျ၊ မြတ်ထေရ်သည်၊ တမျှကိုယ်စား၊ ကိုယ်တူပွား တို့၊ စဉ်အားပေါ်မူ၊ထောက်မျှော်ရှုလျက်၊ 'အနုတိပိဋက ဓရ'၊ ဇာနေယျဟု၊ ထေရလောင်းလျာ၊ မြောက်မြား စွာကို၊ ရောကမ်းစ၊ သာယာလှသ၊ ရာဇနတ်ကျော်၊ မြတ်ဘိုးတော်၏၊ ကုသိုလ်ပျော်မှီး၊ ကြီးလေးကြီးဖြင့်၊ သီးသီးထင်စွာ၊ မင်းကွန်းရွာနှင့်၊ မက္ကာယျဉ်စပ်၊ ကုန်း မြေရပ်ဝယ်၊ ထပ်ထပ်ဂုဏ်ဟိတ်၊ ပုညဗိဒ်ဖြင့်၊မိုးမိတ်မင်း သား၊တည်ဖန်ငြားသည်၊ မြတ်ဘုရားမွေသရီ၊ စေ စေတီ ဖြင့်၊ သညီမညီး၊ မော်ကွန်းထိုးလျက်၊ တန်ခိုးရောင်ဖြာ၊ စက်တော်ရာဌ၊ မြတ်စွာလက်ထက်၊ တောဒဂ်ဟု၊ ခြေမြွက် ထုတ်ဖော်၊ များပုံတော်နှင့်၊ မြင်မြော်အံ့ချီး၊ သိမ်တော် ကြီးဝယ်၊ ဉာဏ်မှီးပူဇာ၊ မုဒြာဟု၊ မြတ်စွာခုနစ်ဆူ၊ စံတု ယူလျက်၊ ပုံတူသွယ်သွယ်၊ ကြည်ညိုဖွယ်တည့်၊ မှန်းရွယ် မျှော်ဆ၊ 'မင်းတေဇ'နှင့်၊ တာဝမျှော်ချင့်၊ ရွှေဘုန်းပွင့် လျှင်၊ မြင့်မြင့်မားမား၊ စေတီများတို့၊ရုပ်ပွားစုံလင်၊ပဟိုရ် စင်နှင့်၊ ကန်လျှင်ကြီးမား၊ကျောင်းတော်များလည်း၊ထင် ရှားပြည့်ကြွယ်၊ ခုနစ်ဆယ်မှ၊ စွန်းကယ်မြားမြောက်၊

ဆောက်ဆဲဆောက်လျက်၊ အံ့လောက်စွာဘိ၊ စုံညီညွှိလျက် တိပိဋကဓနိကာယဟု၊ သာသနာပြု၊ ရည်မျှော်ရှုလျက်၊ ပေါင်းစုဝဲချီး၊ အဖွဲ့ကြီးမှ၊ ထန်သည်းအားသစ်၊ မျက်မှောက်ခေတ်၌၊ သုံးနှစ်အတွင်း၊ ဆောင်ရွက်ခြင်းဖြင့်၊ မြေထွင်းကာဖောက်၊ ဘုံနန်းပေါက်သို့၊ ဝမ်းမြောက်ဖွယ်ပင်၊ ကုသိုလ်ရှင်တို့၊ ငွေပင်စိုက်ကာ၊ သိန်းများစွာဖြင့်၊ အာဇာနည်လောင်း၊ ထေရ်အပေါင်းကို၊ ဆွမ်း+ကျောင်း+သင်္ကန်း+ဆေး လှူဒါန်းလျက်၊ မပန်းစေဌာ၊ စောင့်ရှောက်ပါသည်၊ ဇေယျာကျူးလို့ ရင့်ပြီဘုရား။

(သတ်စေ့နှက်-သုံးချက်ညီ+စပယ်ချီချ ဖမ္ဗုတန်ဆောင်)

သာသနာ့အလင်းရောင်

❀

ကောဇာသက္ကရာဇ် ၁၃၄၆-ခု၊
တန်ဆောင်မုန်းလဆန်း ၁၂-ရက်၊ တနင်္ဂနွေနေ့
တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆဋ္ဌသံဂီတိပိဿဇ္ဇက
**အဂ္ဂမဟာပဏ္ဍိတ** အဘိဓဇမဟာ**ရဋ္ဌ**ဂုရု ဘွဲ့တံဆိပ်တော်ရ
မင်းကွန်း **ဓမ္မနာဒ** ဆရာတော်ဘုရားကြီး၏
သက်တော် ၇၃-နှစ် ပြည့်**တင်း၍**
၇၄-နှစ် **အတွင်းသို့ အဝင်**
**မင်္ဂလာ**ဝိဇာယန ဆင်သပူဇော် ကထိန်အလှူ**တော်**ပွဲကြီး၌
**ဖတ်ကြားပူဇော်အပ်သော**

ဂုဏာဘိတ္ထဝပူဇာ
ထောမနာသီသပတ္ထနာ ဂါထာ

မြင့်မြတ်**တေဇာ**၊ ဘုန်းရောင်ဖြာ**သား**၊မင်္ဂလာ
သီရိ၊ အော**င်သီ**ဒ္ဓိနှင့်၊ ကိတ္တိဇေယျ၊ တိပိဋကဓရ၊
ဓမ္မဘဏ္ဍာ+ဂါရိကာနှင့်၊ မဟာအဂ္ဂ+**ပဏ္ဍိတ**မှ၊
**အ**ဘိဓဇ+ရဋ္ဌဂုရု၊ ပြည်သူ့ဆရာ၊ ဂုဏ်ရည်ဖြာ
သား၊ **တေဇာ**ထွန်းပ၊ ထေရမဟာ၊ မြတ်**ဆရာ၏**၊

ဇာတာစစ်ဆေး၊ ခုနစ်ဆယ့်လေးတွင်၊ ကြည်အေး သာယာ၊ ချမ်းမြေ့စွာဖြင့်၊ ဝိဇာယန၊ မင်္ဂလဟု၊ ဆင်သရည်ရော်၊ အလှူတော်ကို၊ တူပျော်ယှဉ်နွဲ၊ ပူဇော်ပွဲ၌၊ ထူးကဲပါလှ၊ အဘိတ္ထဝဟု၊ ထေရပူဇာ၊ ပတ္တနာကို၊ ဂါထာသီကုံး၊ အကျဉ်းချုံးလျက်၊ ရွှင်ပြုံးအဥ္စလိ၊ လျှောက်ပန်ချီသည်၊ ၊သာကီညွှန့်နွယ်ဖွား (ရွှေနား)ပန်ဆင်တော်မူ ဘုရား။ ။

ပညဝန္တော မဟာပုညော၊
ပါသာဒိကော စ ဝဏ္ဏိဘော။
သုပါကဋ္ဌော ဂုဏာဓာရော၊
သာသနဿ ဓဇူပမော။
သိရိန္ဒရော မဟာစေရော၊
သုခံ သော ဇီဝ နာယကော။

နာယကော=တိပိဋက နိကာယ စာသဘင်၌ ပါဝင်ဆင်နွဲ ရဲရဲတောက်ပါရမီ အာဇာနည်အရှင်တို့၏ ပုံသွင် ရှေ့သွား+စံထားစရာ မျက်မှောက်ခေတ် သာသနာ စာမေးပွဲ အဖြာဖြာတို့၌ တစ်ကြိမ်တစ်ခါလေးမျှ ကျရှုံး ခြင်း မရှိစဘူး ထူးထူးကဲကဲ စာမေးပွဲအစဉ်အလာတွင် စံချိန်သစ်တင်ကာ တိပိဋကရေလောင်းလျာ များစွာရှိကြ သောတုဇနတို့၏ ရှေ့ဆောင်ညွှန်ပြ နိကာယပုဂ္ဂ မဟာ ထေရဟု နိကာယဇ္ဈောတက နိကာယ် သာသနာပြု အဖွဲ့ ကြီး၏ မဟာနာယက ဖြစ်တော်မူပါပေသော။ ဝါ နာယ ကော=မဟာဓမ္မနာဒတိုက်ပေါ်ကြီးနှင့် တကွ+တိပိဋက =နိကာယ ကျောင်းတိုက်တော်ကြီးတို့၏ ဦးစီးပဓာန+ မဟာနာယက အဖြာဖြာ သာသနာပြုစခန်း ထိပ်တန်းက

ပါဝင်၍ အရာရာတွင် အောင်ပွဲဆင်သရေသည့် ဝဏ္ဏကျော်
ထင် ဂုဏ်အင်ထွန်းပ အထူးကုဆရာဝန်ကြီး ပါမောက္ခ
ဦးသာလှ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သည့် တိပိဋက=
နိကာယ သာသနာပြု အဖွဲ့ကြီး၏ ဦးစီးညွှန်ပြ ပဓာန
မဟာနာယက ဖြစ်တော်မူပါသော။ ယော မဟာစေ
ရော=ထေရဝါဒ သာသနာ ကမ္ဘာက သိရှိကြသည့် တိ-
ပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာ ပဏ္ဍိတ အဘိဓဇ
မဟာရဋ္ဌဂုရု သွင်းထုံခတ်နိုင် ဂုဏ်ဟိတ်ရုံလင် ကျေးဇူး
တော်ရှင် အကြင် မဟာဓမ္မနာဒ ဆရာတော်ဘုရားကြီး
သည်။ ပညာဝန္တော စ=ထူးခြားပါလှ ဝိသိဋ္ဌဟု + ဓရ
တဖြာ မဟာနှင့် ကောဝိဒ တိပိဋကဓရအောင်ပန်း
အခန်းခန်းတို့ကို ထိပ်တန်းက ပန်ဆင်တော် မူပါသည့်
ပြင် သာဘင်ဆဋ္ဌ သံဂါယဉ်၌ ဝိသဇ္ဇနာရာဝယ် ထေရ
ဂုဏ်ဖြာ ပညာဝါတို့ အကြိမ်ကြိမ်အခါခါ လွန်စွာအံ့ချီး
သီးသီး ဖုံဖုံ တိက္ခဇဝန+ဂမ္ဘီရဟု စွယ်စုံဉာဏ 'နိုင်ငံတော်
ဗုဒ္ဓသာသန မဟာဗုဒ္ဓဝင်ကျမ်းပြု' စသော အလွန် ထူး
ခြားလှသည့် ပညာတော် ဂုဏ် အပေါင်းတို့နှင့်လည်း
ပြည့်စုံတော်မူပါပေ၏။ မဟာ ပုညော စ=ဘုန်းနှင့်
သမ္ဘာ ထက်ကြပ်ပါ၍ ဆရာတော်ဆန္ဒ ရည်မှန်းဆက
လိုသမျှ ရ တ, သမျှ ပြည့်စုံ ဆောင်ရွက်တော် မူမူသမျှ
အောင်မြင်ကုန်သည့် လွန်စွာကြီးမားတော် မူလှပါသော
ဘုန်းသမ္ဘာဂုဏ်တို့နှင့်လည်း ပြည့်စုံတော်မူပါပေ၏။
ပါသာဒိကော စ=ကုန္ဒြေသိက္ခာ တည်ငြိမ်စွာဖြင့် သံဝါ
ချီမြနာမဝဲအောင် 'သရဘည ဂုဏထာ' သာဓုယာလှဘိ
'အရဏဝိဘင်္ဂသုတ်' ဗုဒ္ဓမိန့်မှာ စုံစွာနည်းကျ ဟောဖော်
ပြသည့် ဓမ္မကထိကအရာ မျက်မှောက်ခေတ် သာသနာ

ဝယ် ပါဠိတော် အဋ္ဌကထာ ဋီကာဉာဏ် အာဂမစုံညီ အလီလီရွေ့သွား စံထားနမူ ဟောကြားတော် မူပါသဖြင့် ဒဘာ+ဒဘာမတို့၏ သောတအာရုံ မွှမ်းထုံသဒ္ဒါ ရောင်ယှက်ဖြာ၍ ဇေတနာတင့်ထူး ရွှင်ရွှင်မြူးလျက် ကြည်နူးဝမ်းသာ လျှမ်းလျှမ်းဖြာအောင် သဒ္ဒါရွှန်းစို ကြည်ညိုဖွယ်လည်း ဖြစ်တော်မူပါပေ၏။ ငါ့ကိုးတော စ=သုံးကျိုးတော စ=ဂုဏ်နှင့်ဒြပ် မျိုးဥက္ကဋ္ဌလျှင် မြင့်မြတ် ပါရမီ အလီလီဖြင့် စုံညီမပျက် ဆောင်ရွက်တန်တန် ခြံရံ ကျော်စော အံ့ဩဖွယ်အဝဝ ထေရမဟာ မြတ်ဆရာသည် ရှစ်ဖြာဝိုင်းရံ လွန်ပြင်းထန်သည့် လောကဓံမုန်တိုင်းတို့ ဒဏ် လှိုင်းအတန်တန်တို့ကို ကြံ့ကြံ့မြဲမြဲ ဗိုလ်ငါးပါး တပ်တော်ရံလျက် ခံနိုင်အောင် ခံပြီးလျှင် မုန်တိုင်းကို လည်း အပြစ်မမြင် လှိုင်းဒဏ်ကိုလည်း ပြစ်မတင်ပါပဲ ချမ်းရှင်သာသနာ ရောင်ဝါတင့်တိုး ဆောင်ရွက်ဖွယ် အမျိုးမျိုးတို့ကိုသာလျှင် စိတ်ပါကိုယ်ရော ပညာဉာဏ် နှောလျက် မိန့်ဟောတန်တန် ဖန်ဖန်အားခဲ တိပိဋက= နိကာယ သာသနာပြု အဖွဲ့ကြီးနှင့် လက်တွဲကာ ဆောင် ရွက် အဘက်ဘက်အားသွန်လျက် သာသနာတော်မြတ် ကြီး၏ဝန်ကိုသာ ရွပ်ရွပ်ချွံချွံ ဆောင်ရွက် အားထုတ် တော်မူခြင်းမှ စ၍ ဖော်ပြ၍မကုန်နိုင်အောင် အထူးထူး သော ချီးမွမ်းဖွယ် ဂုဏ်အပေါင်းတို့နှင့်လည်း ပြည့်စုံ တော်မူပါပေ၏။

သုပါကဋ္ဌော စ=အာစာသီလ ညီမျှသမာဓိ ကြီးဘိ ပညာ သာသနာပြု ထိပ်ဘန်း ရဟန်းမြတ်သားကို ပါရမီ စခန်း ဆင့်အတန်းတွင် တင့်ဆန်းဂုဏ်ရည် ထုံဝသီဖြင့် စုံညီဖြာဖြာ တာရာနက္ခတ် ဝန်းရံပတ်လျက် တင့်အပ်

ကျက်သရေ အာကာဗွေစယ် ယှက်ဝေလျှံထွန်း လ ပြည့်ဝန်းကဲ့သို့ တင့်ရွှန်းထပ်ထပ် တပည့်ပရိသတ်တည်း ဟူသော နက္ခတ်တာရာတွေ ခြံရံဖတ်လျက် မြင့်မြတ် ကျက်သရေ ယုန်စက်ငွေအလား ထေရဝါဒ သာသနာ ကမ္ဘာတလွှားမှာ အလွန်လျှင်ကျော်ကြား ထင်ရှားတော်မူလှပါပေ၏၊ ဂုဏ်ဘာဓာရော စ=သီရိပညာ ဂုဏ်သမ္ဘာတို့စုံစွာထပ်ထပ် မြင့်မြတ်ဝေဖြာ ပါရမီတင့်ထူး ဉာဏ်ကွန့်မြူးလျက် ယှက်ကူးတေဇ ဝိသေသလျှင် နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ကြီး၏ အသီးသီးဂုဏ်ကြွယ် ဆရာတော် သံဃာတော် မဟာထေရ်မြတ်တို့ အလယ်တွင်ရွေးချယ်ခန့်အပ် ထူးမြတ်ဂုဏ်ရောင် 'ပဓာနအကျိုးတော်ဆောင်'ဟု တောက်ပြောင်ဆင့်ထပ် သာသနာ့ ဂုဏ်ထူးဆောင် မဟာထေရ်မြတ်ကြီးလည်း ဖြစ်တော်မူပါပေ၏။ သာသနဿ ဓဇူပမော စ=ရှင်ဇတော်မြတ်ဖျားတည်ထားမိန့်မှာ သုံးရပ်သော သာသနာတော်မြတ်ကြီး၏ ရောင်ဝါတင့်လျှံ နန်းဘုံမြင့် ဆောင်ရံဝယ် ရောင်လျှံတော်အသွယ်သွယ်တို့ဖြင့် တံခွန်အောင်လံတော် သဖွယ်လည်းဖြစ်တော်မူပါပေ၏။

မဟာဝီရော စ='ဝီရိယဝတော ကိံ နာမ ကမ္မံ န သိဇ္ဈတိ' ဟုဲ့သတ္တိဖြင့် နိကာယဏ္ဏဝပါရဂူ နိကာယ် ပင်လယ် တစ်ဘက်ကမ်းသို့ အရောက်ကူးမြောက်တော်မူပြီးခါ အချို့နှင့်ဘာသာ သာသနာ့အကျိုးတော်ကို သယ်ပိုးရွက်ဆောင် ဆောင်တိုင်းအောင်လျက် ယခေါင်ရေးဖြစ် ခေတ်အဆက်ဆက် မင်းအဆက်ဆက် ရည်ရွယ်ချက်ဝိသေသ စိတ်မျှပင်မကူး တစ်ခါတစ်ရံမျှ မကြားဘူးကြသည့် ထူးခြားဉာဏ်ရောင် တောက်ပြောင်ပါလှ နိုင်ငံ

တော် သံဃာမဟာနာယက ထေရမဟာ များသံဃာတို့ ရည်မျှော်နောင်ရေး တာဝန်တော် ပေးကြသဖြင့် မန္တလေးနှင့် ရန်ကုန်နှစ်ဌာန သာစွရှန်းစို 'နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်ကြီး'တို့ကို ထိုထိုစုဆောင်း သန်းပေါင်းများစွာ ဘုန်းရောင်ဝါဖြင့် ကောင်းစွာ တည်ထောင် တိပိဋက=နိကာယ သာသနာ ပြုအဖွဲ့ကြီးက ကပ္ပိယ ကာရက သာသနာပြု ဖွားဖက်တော် တူပျော်ဂုဏ် ရောင် အကျိုးတော်ဆောင်အဖြစ် နောင်တစ်ခေတ် သာသနာ+အလင်းရောင်ယှက်ဖြာအောင် ကောင်းစွာ အား ထုတ် နေ့ညဉ့်မယုတ် ကြိုးကုတ်ဆောင်ရွက်တော်မူခြင်း စသော ထက်သန်မြင့်မြတ် ရဲရင့်လှသည့် ဝီရိယဓာတ် လည်း ကြီးမြတ်တော်မူလှပါပေ၏။

သိရိန္ဒရော စ=မြဲပေါ်စိန်ဆင့် ထိန်ထိန်ဝင့်လျက် ထွန်း တင့်ယှက်ဝေ သာသနာတော်မြတ်ကြီး၏ ကျက်သရေ+ ဆရာတော်မြတ်၏ ကျက်သရေ နှစ်ထွေဂုဏ်ရောင် ကျက် သရေကိုလည်း ဆောင်တော်မူပါပေ၏။ ဝါ-သိရိန္ဒရော စ=စကြာမင်းမြတ် လေးကျွန်းနတ်သည် ငါးရပ်မှန်စွာ မင်းမြောက်တန်ဆာကို စုံစွာတင့်ဆန်း ဆင်မြန်းတော် မူပြီးခါ သဘင်မင်္ဂလာ သိရိပဝေသန ဘိသိက်တော်ခံ စံဘော်မူရာ စကြာမင်းတို့၏ တင့်တယ်ရောင်ဝါကြီးမြတ် လှသည့် ကျက်သရေအဖြာဖြာတို့ကိုပင်လျှင် ပြက်ရယ် ပြုရာ ကဲ့ပမာသို့ ဝိဇ္ဇာယနမင်္ဂလာ မွေးနေ့တော်အထိမ်း အမှတ် ကျင်းပအပ်သော ဤအလှူတော်မင်္ဂလာ ဆင်နွဲရာ ယခုအခါတွင် 'သဒ္ဓါလီ'ခေါ် ဓမ္မာသန ပလ္လင်တော် ပေါ်၌ ရွှင်ပျော်စံပယ် ကျေးဇူးရှင် မဟာဓမ္မနာဒ ဆရာ တော်ဘုရားကြီး၏ ကျက်သရေတော် ဒွေးသွယ်သွယ်တို့ကို

သဘာဝနှင့် ဝက်ဝုတ္တိ ရှုပကဥပမာ=အလင်္ကာအရ အာရုံ ဝယ် ရည်ဆ၍ ညီမျှစွာ လျှောက်ထားရပါသော်....

ဆရာတော်ဘုရား၏ ကြည်လင်သန့်စင် လှစွာသော ရူပကာယခန္ဓာတော် ကိုယ်ဝယ် အစိုးရပထမငယ်+ပထမ လတ်+ပထမကြီး တည်းဟူသော ဝတ်ရုံတော်တန်ဆာ အဖြာဖြာတို့ကို လှပတင့်တယ်စွာ ဝတ်ရုံဆင်မြန်းတော် မူပြီးကာ အမျိုးသား ပရိယတ္တိသာသန အနုရက္ခကာ ဘွဲ့ တံဆိပ်တော်တည်းဟူသော 'သုဝဏ္ဏပါဒုက' ခေါ် ရွှေ ခြေနင်းတန်ဆာတော်၊ အာဂုံဆောင်စွမ်း ကျမ်းပေါင်း များစွာ တည်းဟူသော ကျောက်မျက်စုံရတနာ စီခြယ် သည့် သိခြားစာသင်တန်းဟူသော အရိုးတော်တပ်ကာ အဋ္ဌကထာကြီး သုံးကျမ်းကို စာသင်တန်းနှင့် နှစ်မခြား ပါဘဲ တဆက်တည်း ထူးကဲစွာ အောင်မြင်တော်မူသည့် 'ပရိယတ္တိသာသနဟိတ သကျသီဟ ဓမ္မာစရိယ အာဒိ ကမ္မိက ဝဋ္ဋံသကာ' ဘွဲ့တံဆိပ်တော် တည်းဟူသော 'ဝါဠဗီဇနီ' မည်ရှိတဖြာ သားမြီးယပ်တန်ဆာ အစိုးရ ပါဠိပသမပြန် စာသဘင်ဝယ် စာဖြေဝင်ပေါင်း ထောင် သောင်းမက များလှစွာသော စာဖြေဝင် သံဃာတော် အရှင်မြတ် အပေါင်းတို့တွင် အကြောင်းစုံလင် ဂုဏ်အင် ညီမျှ ထိပ်တန်းက အောင်ပွဲရသည့် အစိုးရပဌမကျော် တည်းဟူသော ရတနာ လက်ဝတ်တန်ဆာ၊ ဘိသိက် တော်ခံ ဘုရင်မင်းမြတ်တို့သာလျှင် ထိုက်တန်စွာ ဆင် မြန်းတော်မူရပါသော ၂၄-သွယ် ဖြိုးကြွယ်ထိန်ကြည် သိင်္ဂီဇမ္ဗူရာဇ် ရွှေအနှစ်တို့ဖြင့် ပြုလုပ်အပ်သော စိန် ကြောင်နီသာ သန္တာမြသား ပတ္တမြားပုလဲ ထူးကဲဂေါ် မုဒ် ဥဿဖယား ကိုးပါးနဝရတ် ရောင်မျိုးစုံဟပ်လက်

ထူးမြတ်လှပါသော ဘယက်တော်ကြီးနှင့်တကွ မင်းထိုက်
တန်ဆာ စလွယ်တော်ရတနာကြီးကဲ့သို့ ကျမ်းရင်း သုံး
ကျမ်းနှင့်တကွ ဂုဏ်ထူးဆောင်ကျမ်းတို့ကိုပါ နှစ်ချင်းစွဲ
ပင် ဆောင်ပန်းကို ဆင်မြန်းတော်မူသည့် 'သာသနာ့ဓဇ
သိရိပဝရဓမ္မာစရိယ' ဘွဲ့တံဆိပ်တော် တည်းဟူသော
ရတနာဘယက်တော်နှင့်တကွ စလွယ်တော် တန်ဆာ၊
သုတ် ဝိနည်း အဘိဓမ္မာ သုံးပုံပါပိဋကတ် စာမျက်နှာ
နံပါတ် ၁၈၀၂၇-မျက်နှာ ရှစ်သောင်း လေးထောင်
သော ဓမ္မက္ခန္ဓာ အရောင်ချင်း ယှက်ဖြာသည့် ဗုဒ္ဓသာ
သန ဝိသိဋ္ဌ တိပိဋကဓရ + မဟာတိပိဋကကောဝိဒ ဟူ
သော ဝိသိဋ္ဌနှင့် မဟာဂုဏ်နှစ်ဖြာ စုံစွာဆင့်ထပ် မြင့်မြတ်
ဂုဏ်ဟိတ် ဂုဏ်ထူးဆောင် ဘွဲ့တံဆိပ်တော်တည်းဟူသော
ရောင်လျှံထွန်းသစ် 'ဥဏှီသ' ခေါ် ရတနာ သင်းကျစ်
တော်တန်ဆာ အရိုးတော်တွင် ရတနာကျောက်မျက်စုံ
ခြယ်စီသည့် ဘဒ္ဒန္တဝိစိတ္တသာရ တိပိဋကဓရ ဓမ္မဘဏ္ဍာ
ဂါရိက ဘွဲ့တံဆိပ်တော်တည်းဟူသော ရောင်လျှံပြိုးပြက်
အလွန်လျှင် အသွားထက်လှသည့် 'ခဂ္ဂ' မည်ခေါ် သန်
လျက်တော်တဖြာ၊ မြင့်မြတ်ပညာ ဂုဏ်အင်္ဂါနှင့် စုံညီ
အမျှ နိုင်ငံတော်ကောင်စီက ဆက်ကပ်သည့် အဂ္ဂမဟာ
ပဏ္ဍိတ ဘွဲ့တံဆိပ်တော် တည်းဟူသော 'သေတစ္ဆတ္တ'
ခေါ် နက္ကဒဏ် ထီးဖြူတော်ရတနာ၊ အဘိဓဇမဟာ
ရဋ္ဌဂုရု ပြည်သူ့ဆရာ မျက်မှောက်မှခေတ် အချိန်အခါတွင်
အမြင့်ဆုံး ဘွဲ့တံဆိပ်တော်ထည်း ဟူသော ရတနာကေတုဓ
အတုလဓကိုဋ်တော်ရတနာ....၊

ဤအရာဝယ် မကိုဋ်မှ မကိုဋ်ဟူရာ၌လည်း စကြာမင်း
[illegible]

သိဝိတ ဟာရိတ စသော ဗြဟ္မာမင်းတို့၏ မကိုဋ်အပေါင်း ညွတ်ခပြောင်း ဦးခိုက်ရသည့်ပြင်မျက်မှောက်ခေတ် သာသနာတော်တွင် လောကီနယ်အတွင်းကမည်သည့်မကိုဋ်တို့မျှ မတုနိုင်ပြား အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်တည်း ဟူသော အတုလမကိုဋ် ထွတ်အဖျားဌ် တစ်ယူဇနာအတွင်း အရောင်ချင်းယှက်ဖြာသည့် စကြာမင်း၏ ပတ္တမြား ရတနာကြီးကိုပင်လျှင် ရောင်ရှင်မှေးမှိန် သေးသိမ်စေသည့် အပြည့်ပြည့်တန်မက အနဂ္ဃရတနာ+ မဟဂ္ဃ ·အရောင် အဝါတို့ဖြင့် နှစ်ခထောင်ကျော်ငါးရာ သာသနာတော် တစ်စက်အခါမှ ထွက်ပေါ်တော်မူလာသည့် ခြောက်ကြိမ်မြောက် သံဂါယနာဓမ္မသဘင်တော်မဟာတွင် ကြည်လင်ချိုမြ နာမဝအောင် ဝိဿဇ္ဇ(က)အဖြေတော်တည်းဟူသော အနဂ္ဃရတနာ ပါရမီပညာ တယူဇနာအတွင်း အရောင်ချင်းယှက်ဖြာသည့် စကြာမင်း၏ ပတ္တမြား ရတနာနှင့်မနှိုင်းသာ မယှဉ်သာ ကြိုးမျက်စုံ ယှက်ဖြာသည့် လောကုတ္တရာ ပတ္တမြားရတနာကြီး တပ်ဆင်ထားပါသဖြင့် တောက်ကြွားဂုဏ်ပါ မကိုဋ် အပေါင်း တို့၏ ဦးခိုက်ရာ အရောင်ချင်း ယှက်ဖြာသည့် လောကုတ္တရာ စကြာရတနာ မကိုဋ်တော်မဟာနှင့် အနဂ္ဃတန်ဆာတော် အဖြာဖြာတို့ကို ဆရာတော်ဘုရားကြီး၏ ရူပကာယခန္ဓာတော်ကိုယ်ဝယ် တင့်တယ်ရောင်ဝါ စုံလင်စွာ ဆင်မြန်းတော်မူသော စကြာမင်းမြတ် သိကြားနတ်မင်း ဗြဟ္မာမင်းတို့၏ ထွန်းလင်းယှက်ဝေ ကျက်သရေတို့နှင့် မယှဉ်သာ မစပ်သာ အလွန်လျှင် မြင့်မြတ်လှစွာသော ဓမ္မစေတီတော်တည်းဟူသော ဂုဏ်ရည်ထွန်းပြောင် သာသနာ့

ကျက်သရေတော်နှင့်တကွ ဆရာတော်ဘုရားကြီး၏ကျက်
သရေတော်ကိုလည်း ဆောင်တော်မူပါပေ၏။

သော မဟာစေရော = ဆိုအပ်ခဲ့ပြီး ဂုဏ်ရည်တော် အသီးသီးတို့မျှမက များလှသွယ်သွယ် ဂုဏ်ပေါင်းကြွယ်လျက် တင့်တယ်ထူးခြား တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆဋ္ဌသံဂီတိဝိသဇ္ဇ အဂ္ဂမဟာပဏ္ဍိတ အဘိဓဇ မဟာရဋ္ဌဂုရု ပြည်သူ့ဆရာ ဂုဏ်ရောင်ဖြာသည့် ထိုမဟာ ဓမ္မနာဒ ဆရာတော် ဘုရားကြီးသည်။

သုခံ=ပြုပြုသမျှ ဥပထမ္ဘက ကုသလကံ အတန်တန် ကံအားကောင်းအောင် အဖန်ဖန် ကံအားဖြည့်ကာ ကံအသစ် လောင်းကြသဖြင့် ကမ္မဗလဝ ကမ္မငမုန ကံအား စုံ၍ပေါင်း ကံအရှိန်အလွန်ကောင်းသဖြင့် ဂြိုဟ်ပြောင်း ဒသာ ယတြာကိန်းခန်း ငြိမ်းချမ်းသာယာ ဘေးရန်ကွာလျက် မဟာသုခ သမ္ပန္နလျှင် ဇေယျမင်္ဂလာ ချမ်းသာစွာ-

ဇီဝ=ဇီဝတု=သက်တော်ရာကျော် ရှည်တော်မူပါစေသတည်း ဘုရား၊

ဝါ-ဇီဝ= ဇီဝတု = ပါရမီဆင့်ဆင့် စာရိတင့်လှက် အရှင့်ကိုယ်တွင် လေးအင်မဟာဘုတ် မယုတ်မလို မပိုညီမျှ ချမ်းကြည်မြလျက် ဗာကုလထေရ်မဟာ ရဟန္တာအရှင် ပမာအသွင်သို့ ကြည်လင်ချမ်းမြ ဇီဝသက်တော် ရာတမ်းကသော် ခြောက်ဆယ်ကျော်လျက် ရွှင်ပျော်ရိပ်ငြိမ် ညှိုးမမှိန်ဘဲ ဂုဏ်သိန်သတင်း ကျော်စောခြင်းနှင့် ထင်လင်းသုခ လိုပြည့်ဝ၍ တွင်းပရန်ဘေး ကင်းစင်ဝေးလျက် ကြည်အေးသာယာ မဟာထေရ အာစေရအား ထွန်းပ ကျက်သရေ တက်သစ်နေသို့ ဖြိုးဝေတင့်ကြွား ရှိစေသား

ဟု အများသိသာ စုံညီစွာဖြင့် ဝိဇာယနမင်္ဂလဟု ဆင်လ သဘင် အောင်ပွဲယင်လျက် အောင်ပါစေကြောင်း အာ ယုဒိဿသီရိပဝေသန ဘိသေကမင်္ဂလာ အဖြာဖြာ သွန်း လောင်းလျက် ဦးညြွတ်ကြောင်းအလီလီ သျှန္တိမန္တန် အဖန်ဖန် ဖြင့် အောင်ရန်စုပေါင်း အောင်ဆုတောင်းသည်၊ အောင်ကြောင်း မင်္ဂလာပါ ဘုရား။

သာသနာ့အလင်းရောင်

အရှင်ပညာဒီပ

ကိုယ်တိုင်ရေးသား ဖတ်ကြားပူဇော်ပါသည်။

တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ

အဘိဓဇ မဟာရဋ္ဌဂုရု

မင်းကွန်းတောင်ရိုးမဟာဓမ္မနာဒ ဆရာတော်ဘုရားကြီး

ဦးဆောင်စီမံ ဆောင်ရွက်တော်မူ၍

မိုးမိတ်စေတီတော် ပြုပြင်စောင့်ရှောက်ရေးနှင့်

တိပိဋက=နိကာယ သာသနာပြုအဖွဲ့ကြီး၏

## ဆောင်ရွက်အောင်မြင် အောင်သဘင်ဘွဲ့ ရတုပုဒ်စုံ

၁။ စက်ပန်းတေဇာ။ ။ဘုန်းရောင်ဖြာသား၊ကမ္ဘာ အံ့ချီး၊ ကြီးလေးကြီးကို၊ ထံနီးမျက်မှောက်၊ အာရုံရောက် ၍၊ တည်ဆောက်ခါကြုံ၊ ပဒုံမင်းမြတ်၊ ဘိုးတော်နတ်၏၊ ရည်မှတ်ရာဇဝင်၊ ဥဒါန်းတွင်သည့် အရှင်စံမြန်း၊ ဿယီ နန်းဟု၊ မင်းကွန်းမည်တွင်၊ ကုန်းဇော်ပြင်ငယ်၊ ဝန်း

ကျင်သာယာ၊ ထိုအခါက၊ ရာဇာမင်းမြတ်၊ သမုဒ္ဒကို၊
လျှောက်၂တ်ရုံရွှေ၊ ရုပ်ဌာနေမှ၊ မျှားထွေဗိုလ်ပါ၊ တပ်
ပေါင်းကာလျက်၊ စောင့်ရာဌာန၊ တ၀၀င်ပါ၊ ထိုစဉ်ခါ
က၊ သမ္ဘာထူးကဲ၊ ဘမျက်ရွှဲလျှင်၊ မင်းရဲရွှေတောင်၊ ဘွဲ့
ဂုဏ်ရောင်ဖြင့်၊ နန်းဆောင်မလေ့၊ ဒိမ်ရှေ့နန်းလျှာ၊
ဥပရာဟု၊ ဘုန်းအာဏာစက်၊ လွန်ထက်မြက်လျက်၊လွတ်
တက်မဟာ+ဓမ္မရာဇာဟု၊ ဂုဏ်ဝါကျော်ဟိတ်၊ ခြသေ့်စိတ်
ဖြင့်၊ မိုးမိဘ်ခင်းသား၊ ရဲမာန်ကြွားလျှက်၊ ရဲအားခက်
ထန်၊ ရဲစိတ်သန်လျက်၊ တန်တန်ရဲတပ်၊ အထပ်ဆပ်လျှင်၊
စောင့်ကြပ်စီမံ၊ ဗိုလ်ထုရံလျက်၊ သက်နှံ့တဖြာ၊ ကြင်ယာ
မည့်ရှိ၊ သီရိသုမလ္လာ+နန္ဒာဒေဝီ၊ မဟေသီဟု၊ သညီဂုဏ်
ဟိဘ်၊ မိုးမိတ်တွင်သြီး၊ မင်းသမီးတို့၊ မငြိုးစံရာ၊ စောင့်
ရှောက်ကာလျှင်၊ ဘယာကင်းပ၊ ချမ်းကြည်မြလျက်၊ သုခ
သာယာ၊ ဘရာဇာသည်၊ ဖြာဖြာကုသလ၊ ပြီးမြောက်
ကဓသော်၊ နေပြည်တော်သို့၊ စံပျော်မြန်းကြွ၊ ထိုကာလဦ
ဌာနစံရာ၊ ကုန်းတော်သာဝယ်၊ မဟာပုညဇိဒ်၊ ဂုဏ်
ဝိသိဋ္ဌဖြင့်၊ မိုးမိတ်တွင်ပြီး၊ စေတီကြီးကို၊ ထင်ညီးသပွာယ်၊
မိုးထိနှယ်သို့၊ တင့်တယ်လှစွာ၊ တည်ပြီးခါသော်၊ တဖြာ
ဒွံ့ရာ၊ ပွားသဒ္ဓါဖြင့်၊ နန္ဒာဒေဝီ၊ မဟေသီက၊ သညီတဖုံ၊
ယာဉ်တော်ပုံဟု၊ ဆောင်ဘုံအမြင့်၊ ခုနစ်ဆင့်ဖြင့်၊ ရွှန်း
တင့်အာရုံ၊ ဝိဇ္ဇုံမာလာ၊ ရောင်ယှက်ဖြာသို့၊ တစ်ရာရှစ်
ကွက်၊ ပါဒနက်ကို၊ မြမျက်နှာပြင်၊ စက်စုံတင်လျက်၊ကြည်
လင်သဒ္ဓါ၊ လှူဒါန်းပါသော်၊ မကွာဝင်းမှူး၊ တပ်တော်မှူး
နှင့်၊ ဂိတ်မှူးတာဝ၊ မင်းတေဇနှင့်၊ မင်းဗလသုံးဦး၊ မှူးသုံးမှူး
တို့၊ ကြည်နူးစုံညီ၊ အလီလီလျှင်၊ စေတီတော်များ၊ ကမ္ပည်း
သားလျက်၊ တည်ထားဆင့်ဆင့်၊ တင့်ထက်တင့်လျက်၊

လွှန်းမြင့်သာယာ၊ ကုန်းသေလာသည်၊ ၊ တေဇာစက်ပန်း မဂ်နန်းခေမာ ဇေယျာတည်း။ ။

၂။ မဂ်နန်းခေမာ။ ။ရည်ညွှန်းကာဖြင့်၊ ရေးင်ဝါ ထိန်ညီး၊ စေတီကြီးနှင့်၊ ယှဉ်မှီးလျောက်ပတ်၊ အုတ်ပြာသာဒ်ဖြင့်၊ နဝရတ်ရောင်၊ ထိန်ဝေပြောင်လျက်၊ဘုန်းခေါင်ရွှေစက်၊ ရာ့ရှစ်ကွက်နှင့်၊ မပျက်ရာဇဝင်၊ ကမ္ဗည်းတင်လျက်၊ အရှစ်နှစ်ပါး၊ ခဲဘားတူပျော်၊ မင်းသုံးဖော်တို့၊ ကုန်းတော်မိုးမိတ်၊ မြန့်ဂုဏ်ဟိတ်ကို၊ အုတိတ်မြင်မြော်၊ ကုသိုလ်တော်တို့၊ ခုံသော်လီလီ၊ ရာသီချိန်ငြောင်း၊ ခေတ်ခေါ်ပြောင်းလျက်၊ ခေတ်ကောင်း ဆက်ဆက်၊ ခေါ်ပျက်ကြိမ်လာ၊ သင်္ခါရစက်၊ သူ့စနက်ကြောင့်၊ ပြိုပျက်လီသီ၊ စေတီအားလုံး၊ ချုံနွယ်ဖုံးလျက်၊ ယူကြုံးမရ၊ လ္ဘနှစ် ရှည်ကြာ၊ နှစ်တစ်ရာပေါ်၊ လေးဆယ်ကျော်ခဲ့၊ နတ်ဆော်ညွှန်ပြ၊ ပမာဏသို့၊ ဓမ္မနာဒ၊ တိုက်တော်မှလျှင် အရှင်ဝိစိတ္တ သာရ+ဘိဂံသနှင့်၊ သစ္စဝါဒီ၊ဂုဏ်ထူးချီသည့် ဋ္ဌကာဘာရီ၊ ဒေါ်ဓမ္မစာရီ၊ စုံညီသီလ၊ ပြည့်ဝခိုင်ဖြိုး၊ ဆရာကြီးဘို့၊ ထံနီးရပ်ရွာ၊ စေတနာနှင့်၊ သဒ္ဓါပွားပြည့်၊ များ တပည့်ကြီးငယ်၊ အသွယ်သွယ်ဖြင့်၊ ချုံနွယ်ပိတ်ပေါင်း၊ ကျားသစ်အောင်းမျှ၊ တောင်စောင်းတစ်ခွင်၊ ထက်ဘန်းကျင်ကို၊ ခုတ်ထွင်သန့်ရှင်း၊ ပွဲတော်ကျင်းလျက်၊ ခပင်းသာယာ၊ စောင့်ရှောက်လာခဲ့၊ သာသနာ့အလင်းရောင်၊ ထွန်းပြောင်တက်သစ်၊ လွှတ်လပ်ခေတ်တွင်၊ စနစ်တကျ၊ တိပိဋကကို၊ ရွရွအာဂုံ၊ မိပ္ပာယ်စုံအောင်၊ ကုံလုံတတ်သိ၊ စက်စုံမိသည့်၊ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာ၊ဂါရိကာဟု၊ ဇေယျာထုဂိ၊ ဘွဲ့ဘူ ချီသား၊ဝိစိတ္တသာရ+ဘိဝံသဟု၊ သေရမ္မာဘာ၊ မြတ်ဆရာသည်၊ သဒ္ဓါကြောင်းဟိတ်၊ မြော်

မြင်စိတ်ဖြင့်၊ မိုးမိတ်စေတီ၊ အလီလီကို၊ တူညီကုသိုလ်၊ ယှူစေလို၍၊ ထိုထိုရပ်ရွာ၊ မန္တလာမှ၊ ဥပါသကာ၊ စုံညီစွာလျှင်၊ ညီညာစည်းဝေး၊ ပြုပြင်ရေးနှင့်၊ မြော်တွေးရည်ဆ 'ဓဂါပဘ' ကို၊ ဝဏ္ဏကျော်ထင်၊ ဂုဏ်အင်ဘွဲ့ရ၊ ဦးသာလှအား၊ ဥက္ကဋ္ဌအရာ၊ တင်ခမြှောက်ကာလျှင်၊ များစွာပျက်စီး စေတီကြီးကို၊ အပြီးတိုင်ပ၊ ဦးသာလှက၊ အစမ,တည်ဆောင်ရွက်သည့်ကြောင့်၊ ထိန်ကြည်သပ္ပာယ်၊ ခုနစ်ဆယ်သုံးတောင်၊ အမြင့်ဆောင်လျက်၊ စိန်ရောင်ကွန့်မြူး၊ စိန်ဖူးငှက်မြတ်နား၊ တောက်ကြွားရောင်ဝါ၊ ရောင်ယှက်ဖြာသည်၊ ၊ခေမာမင်္ဂနန်း ယှက်သန်းဇေယျာ တေဇာတည်း။ ။

၃။ ယှက်သန်းဇေယျာ။ ။ဆင့်ဆင့်ဖြာသား၊ ဝေဆာဘုံမြင့်၊ ခုနစ်ဆင့်လျှင်၊ ဆန်းတင့်လျှောက်ပတ်၊ အုတ်ပြာသာဒ်နှင့်၊ နဝရတ်ရောင်ဖြာ၊ စက်တော်ရာဌ်၊ မြတ်စွာလက်ထက်၊ တေဒင်္ဂဟု၊ ချွေမြွက်ထုတ်ဖော်၊ များပုံတော်နှင့်၊ မြင်မြော်အံ့ချီး၊ သိမ်တော်ကြီး၌၊ ညဏ်မှီးပူဇာ၊ မုဒြာဟူ၊ ခုနစ်ဆူကား၊ သွင်မူသွယ်သွယ်၊ ကြည်ညိုဖွယ်တည့်၊ ဆန်းကြယ်လှစွာ၊ ညဏ်ရောင်ဖြာလျက်၊ သာသနာ့ချိန်ခွင်၊ ခံတင်စံပြ၊ လေးဝနှစ်စုံ၊ ပုံတော်လီလီ၊ စေစေတီနှင့်၊ စုံညီထပ်ထပ်၊ အစဉ်စပ်လျက်၊ ဇရပ်တန်ဆောင်း၊၊ တိုက်ကျောင်းများပြား၊ မီးတားပတ်ဝိုင်း၊ ရှုတိုင်းသာယာ၊ ထောင့်သုံးရာဝယ်၊ လေးဆယ်ပြည့်ဝ၊ ဝါဆိုလ၏၊ ဆန်းစငါးရက်၊ ဗုဒ္ဓစက်တွင်၊ အရှင်ဝိစိတ္တသာရ+ဘိဝံသ၏၊ တိပိဋကဓရ၊ ဓမ္မပူဇော်၊ဆွမ်းဆန်တော်ကို၊ ရည်မျှော်မှန်းဆ၊ တိပိဋကဓရ၊ နိကာယကို၊ တမျှကိုယ်စား၊ ကဲ့အလားသို့၊ ကြိုးစာ လိုငြား၊ စာသင်သားတို့၊ လေးပါး

ပစ္စသ၊ ဝိဝေကနှင့်၊ ပြည့်ဝစေငှာ၊ သာသနာကို၊ သဒ္ဓါ
ပွားစီး၊ လှူဒါန်းပြီးလျှင်၊ သီးသီးစုံစွာ၊ ကြေညာလေဘိ၊
တိပိဋက=နိကာယဟု၊ သာသနာပြုအဖွဲ့၊ တိုးချဲ့သိုက်
မြိုက်၊ ကုန်းတော်၌လျှင်၊ ကျောင်းတိုက်တော်ကြီး၊ စတင်
ပြီးလျှင်၊ အံ့ချီးစုံစွာ၊ ဖွင့်လှစ်ကာဖြင့်၊ သာသနာပြု၊ မြတ်
ကောင်းမှုကို၊ ပေါင်းစုညီညာ၊ ပြုလုပ်ပါသော်၊ သံဃာ
တော်များ၊ ဇာနည်ဖွားတို့၊ အားရရွှင်လန်း၊ မပင်ပန်းပဲ
လေးခန်းပစ္စယာ၊ ချမ်းမြေ့စွာဖြင့်၊ ဘုံဖြာ ပိဋက၊ နိကာ
ယကို၊ နှေးညှ ကျက် အံ၊ တဖြာ ကြံကြည့်၊ အချိန်ပြည့်လျှင်
အားဖြည့်ကြိုးစား၊ ဇာနည်ဖွားတို့၊ အင်အားပြည့်ဝ၊
နိကာယနှင့်၊ တိပိဋက၊ မမွှဆင်နွဲ၊ စာတော်ပွဲသို့၊ ဝင်နွှဲ
အားသစ်၊ ခြောက်နှစ်ကျော်ကာ၊ ယခုခါ၌၊ အာဇာနေ
ယျ၊ များသံဃမှ၊ ဘွဲ့ရ+ကျမ်းစွဲ၊ ထပ်တလဲလဲလျှင်၊ ထူးကဲ
ထင်ရှား၊ ရဟန်းပါးတွင်၊ ဉာဏ်သွားတုန်းပြောင်၊ တစ်ပုံ
အောင်ပွဲ၊ တစ်ပုံခွဲနှင့်၊ နက်နဲဉာဏ်ရောင်၊ နှစ်ပုံဆောင်
လျှင်၊ အောင်မြင်ဆင့်ဆင့်၊ အောင်ပွဲဖွင့်လှက်၊ ကုန်းမြင့်
သာယာ၊ မြတ်ဆရာ၏၊ ဉာဏ်ဝါမြော်ချင့်၊ တင့်ထက်တင့်
လျက်၊ မဖင့်အောင်မြင်၊ အောင်ပွဲဆင်ခဲ့၊ ယခင်+ယခု၊
ငွေရတုနှင့်၊ အောင်ဆုဆင်နွှဲ၊ ဘုရားပွဲကို၊ ယှဉ်တွဲပူဇော၊
ခြိမ့်ခြိမ့်ညာသည်၊ ။ဇေယျာယှက်သန်း စက်ပန်းတေဇာ
ခေမာတည်း။ ။

နဝင်းကျော ၁၀၈-၄၁စီ အာသာဝတီ ၁၀ ဆံ၊ ၄ ငုယ် ချိ
စမ္ဗယ်ချ၊ သော်တာရောင်။

သာသနာ့အလင်းရောင်
အရှင်ပညာဒီပ

❀

## တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂါဘိဓဇ
## ထေရဂုဏ်ရည် ကမ္ဗာတည့်
# လူးတားညှပ် ရှစ်ဆယ်ပေါ် တေးထပ်

ပိဋကသုံးဖြာ ပါဠိစန်၊
အာဂမ သဘာဝ နှစ်ဖြာပင်၊
မြန်မာ့ သာသနာ့ စံပြုစရာပ ကမ္ဘာတစ်ခွင်မှာ၊
ဆရာ အရှင်ကိုပင် ဂုဏ်ယူဝင့်။ ။

ရာဇဝင် အဆက်ဆက် မြန်မာဘုရင် လက်ထက်
နန်းကနက် ပြည်ခွင်နဂရာမှာ၊
ဤ ထေရ်ရှင်မဟာလို ပေါ်ထွန်းစေဖို့ ချင့်။

**လူးတားညှပ်** –

ရှင်ပင့်သာသနာ စဉ်အလာကား သင်္ဂါလေးဖြာ တင်ပြီးပါသည့် ငါးရာကျော်လာ အတိတ်ခါကို စိတ်မှာ မြှော်တွေး တရေးရေးသည် ကြည်အေးသာစွာ့ အံ့ဖွယ်လေ။ သခရခေတ္တရာ ဘုန်းရောင်ဖြာလျက် သတ္တာဒွယ ပြိုပျက်ကလျှင် ပဥ္စမညာ ပြည့်မေါက္ကာနှင့် တဖြာပင်းယ မင်းနေခြာက်ဝတည့် ဇေယျသတ္တ အစဉ်ချ၍ ောင်းသုံး

ဆယ် မင်းဆက်ကွယ်သော် အံ့ဖွယ်ကုန်းဘောင် လက်ရုံး ထောင်လျက် ဘုန်းရောင်နွယ်ဆက် ဆယ်ဆက်တိုင်အောင် စွမ်းဆောင်ရွှေဘုန်း နေတန္တုန်းသို့ မင်းတုန်း+သီပေါ သဒ္ဒါဇောဖြင့် အဟောဝတ သာသနာ့ဒါယကာ ခံယူ ပါ၍ သုံးဖြာပိဋက ရေဂုဏ်အင်မြတ်ထေရ်ရှင်ကို ဖူးမြင် ရပို လျှောက်ပန်ဆိုလည်း အလိုဆန္ဒ မပြည့်ဝခဲ့၊ ထူးစွာ ချိန်ခါ သာသနာစက် ငါးထောင်ဝက်တွင် ပေါ်ထွက် ဆန်းကြယ် ဘုန်းရောင်ကြွယ်လျက် သုံးသွယ် ပိဋက ဝိသိဋ္ဌ ဟု ခရ+မဟာ ကောဝိဒါနှင့်ဘဏ္ဍာဂါရိက ဆင့်သံဂါ ဝိသဇ္ဇာတည့် သာသနာပြုဖွယ် အသွယ်သွယ်ကို မှန်းရွယ် ပြည့်ဝွန် တာဝန်သိသိ တာဝန်ရှိဟု ဝီရိယသတိ+သမာဓိ နှင့် စရို ငါးဖြာ ပိုလ်ထုကာသည့် အင်္ဂါဘိဓဇ+ပဏ္ဍိတ ဟု သာသနာ့တာဝန် ကြီးအားသွန်သည့် ထေရ်မွန် ပုဂ္ဂိုလ် တိပိဋကဓိုရ်ကို အဟိုနှစ်လ တိပိဋကရေအောင် ပန်းရသည့် ဇေယျအောင်ခန်း ရည်မှန်းခါချိန် ဂုဏ် သိန်မြှော်ရှု ပူဇော်ပြုသည် ရတုငွေ ရွှေစိန် တည့်လေ။ များတွေတည့် စုဝေး ကြည်ကြည်အေး။ ရင့်ကြွေး တူပျော်ပျော် ပူဇော်ကြထံရင်း ခဝပ်စင်း။

တေးထပ် ပြန်ကောက်

သမ္မုတ မြန်မာ့ စံပြသာသနာ လျှံပကာလ + ခါခွင့် အကြုံမှာ၊

ပမာအသင့် အရဏာလာ+ပဒုံကြာပွင့်။
ဆရာအရှင့် ဂုဏ်ဝါသမ္ဘာ အဆင့်ဆင့်မို့၊
မဟာသဘင့် သဘင့် မောင်ဖြိုးဝေ။

အခေါ်ဆွေ ငွေရွှေစိန် ရတနာငယ်ဟု၊
ပူဇော်ဂုဏ်ပြု ပြည်လုံးလျှံလို့ပေ။ ။

တိ=နိ သာသနာ့ သိရှိပါကြ မိမိဒါန မိုးမိတ် မဟီ
မြေမှာ၊
ဖြိုးစိတ်ကြည်တွေ သဒ္ဓါနော်ဆင့်လို့၊
ဆရာတော်အားရှင့် မြင့်မြတ် ဂုဏ်ကိုရည်၊
ကြည်မြတည်ကြ ပိဋကတ် မြတ်စေတီ။ ။
ပေါ်ထွန်းပုံနှင့် မြော်ညွှန်းဂုဏ်ဆင့်
မော်ကွန်း အစုံဖွင့်လို့ ကမ္ဘာတည်မည်၊
မဟာထေရ် ဇာနည် သမိုင်းတွင်လို့လေး။ ။
တိဟိတ်မဟာ ဉာဏ အဘိသိက္ခာမောန
ဝိစိတ္တသာရ မြတ်ဘုန်း မဟာထေရ်မှာ၊
ကပ်လုံး ကမ္ဘာတည်အောင် ဂုဏ်ဖြိုး ဝေလိမ့်လေး။

သာသနာ့အလင်းရောင်

❀

## တိပိဋက=နိကာယ သာသနာပြုအဖွဲ့ကြီး၏
## အာဒိကမ္မိက ဒွိပိဋကဓရ ဒွိပိဋက
## ကောဝိဒ=ပိဋကတ် ၂-ပုံဆောင်

## အရှင်ဝါယာမိန္ဒ၏

# သခ်ေပ ထေရုပ္ပတ္တိ ထောမနာ ပတ္ထနာ
# ကေပိုဒ် ရတု

မြင့်မြတ်ဂုဏ်သိန်၊ သမ္ဘာရှိန်တည်း၊ 'ဝါယာမိန္ဒ-ဘဒ္ဒန္တ' ဟု၊ ထေရလောင်းလျာ၊ သားပုတ္တာကို၊ မြန်မာထက်ပိုင်း၊ မန္တလေးတိုင်းတွင်၊ ပြန့်လှိုင်းထိုထို၊ ရေစကြိုဟု ရွှန်း စိုသာယာ၊ 'ရွှေကျောင်းရွာ' ၌ ဆယ်ပြာစုံညီ၊ 'ဦး သာရီ' နှင့်၊ ဝသီဖြောင့်သုံး၊ 'ဒေါ်ဒေါ်အုံး'၏၊ ရှင်ပြုံ ့နှစ်ခြိုက်၊ ဝမ်းကြာတိုက်မှ၊ မှတ်ပိုက်ကောဇာ၊ ထောင့် သုံးရာနှင့်၊ စွန်းလာ ဆယ့် ခြောက်၊ ဂိမှန် ရောက် ၍၊ ပိဋကာက်သရဖိ၊ ဖူးပွင့်စီသား၊ ရာသီမိန်ပြောင်း၊ အခါကောင်းသည့်၊ တပေါင်းပုဏ္ဏမီ၊ တိထိကျော်ဇာက်၊ ရှစ်ရက်အကူး၊ ဆဒ္ဒန်မြူးသား၊ နေ့ထူးချိန်တွင်၊ ဖွားသန့်စင်၍၊ ကျက်ရှင်သားလှ၊ ရှုမဝကို၊ မိဘတို့ထုံ ၊ နှလုံးအေးမြ၊

ချမ်းကြည်ကြလျက်၊ ရွှယ်လှပျိုမျစ်၊ ရှင်အဖြစ်နှင့်၊ ကျစ်
လျစ်ပညာ၊ သင်ကြားကာလျှင်၊ သက်မှာနှစ်ဆယ်၊ ပြည့်
ဖြိုးကြွယ်သော်၊ ရွာလယ်'ဆားမလောက်'၊ မုန်သောက်
မာဘင်၊ ဆရာရှင်ကို၊ မည့်တွင်ဥပဇ္ဈာ၊ ပြုပြီးကာတည့်၊
လေးဖြာပစ္စယ၊ 'ဦးဖိုးဝ'နှင့်၊ ကုသလတူရှင်၊ 'ဒေါ်စိန်
တင်'ဟု၊ ထိုပြင်ဘဖြာ၊ ရွှေနကျောင်းရွာမှ၊ 'ဦးဘာဘာ'
တို့၊ နှစ်မြို့တူပြိုင်၊ 'ဒေါ်တင်မြိုင်'နှင့်၊ ပြန့်လှိုင်မချို့
ရန်ကုန်မြို့မှ၊ နှစ်လို့စေတနာ၊ ဝေဝေဖြာလျက်၊ သဒ္ဓါ
စင်ဖြူ၊ 'ဦးကြူ+ဒေါ်ခင်မြင့်'၊ အဆင့်ဆင့်လျှင်၊ချီးမြှင့်
ပစ္စယ၊ လေးဝဒ္ဓါယကာ၊ အဖြာဖြာဖြင့်၊ ဆရာဆူဆူ၊
'ခန့်ဖြူ+ညောင်တုန်း' ချိန်မဖြုန်းဘဲ၊ ဘုန်းနှင့်သမ္ဘာ၊
ထက်ကြပ်ပါလျက်၊ တဖြာရန်ကုန်၊ ပညာဟုန်သို့၊ လိုက်
ခုန်နွဲ့ယှဉ်၊ စာသင်ဝယ်၊ အစဉ်ခိုင်ဖြိုး၊ ငယ်+လတ်+
ကြီးနှင့်၊ အံ့ချီးမဝ၊ ဓမ္မာစရိယဥ္စ၊ 'အဂ္ဂမဟာအကျော်'၊
ဘွဲ့တော်တဝ၊ မပာဝဂ္ဂ၊ မြန်မာ့ဂုဏ်ထူး၊ ချီးကျူးပါဠိ၊
'ဝိနယပါရဂူ'၊ တံခွန်ထူခဲ့၊ တမူထူးစွာ၊ တိပိဋကာ=နိကာ
ယဟု၊ သာသနာ့အကျိုး၊ သည်ပိုးရွက်ဆောင်၊ ပွဲပွဲအောင်
သည့်၊ ဂုဏ်ရောင်ဝဲ့ချီး၊ အဖွဲ့ကြီး၏၊ ဦးစီးနာယက၊ တိပိ
ဋကဓရ၊ အဂ္ဂါဘိဓဇ၊ ထေရမဟာ၊ မြတ်ဆရာ၏၊ မေတ္တာ
ပြဟ္မစိုရ်၊ အေးရိပ်ခိုလျက်၊ အလိုတော်ကျ၊ ပိဋကကို၊ ရှုရှု
တွဘ်တွတ်၊ မပြတ်ရွတ်လျက်၊ မချွတ်စေဘိ၊ သု+စိ+ပု+
ဘာ၊ ဝိ+လိ+သိ+ဓာ၊ နေ့မကွာဘဲ၊ ညဉ့်မှာတစ်မျိုး၊ ဉာဏ်
ဆော်နှိုးလျက်၊ ကြိုးကြိုးစားစား၊ နေ့မနားလျှင်၊ ဉာဏ်
အားထက်စွာ၊ တိပိဋက-ဓရရွေးချယ်၊ သဘင်လယ်တွင်၊
ငါးသွယ်ဝိနယ၊ အာဂမနှင့်၊ သဘာဝစုံစွာ၊ အောင်မြင်
ပါ၍၊ ရိုးဝါတစ်ထွေ၊ သေတစ္ဆတ္တာ၊ အောင်လံရလျက်၊

'ဝိနယမရ+ကောဝိဒ'ဟု၊ ချီးပတံဆိပ်၊ ဘွဲ့ပုံလိပ်ဖြင့်၊ ခပ်နှိပ်ပူဇော်၊ အလှူတော်ကို၊ ခံတော်မူရ၊ အစ္ဆရိယတည့်၊ ကြီးစွာလုံ့လ၊ ထက်သန်လှ၍၊ ဒီဃနိကာယ်၊ ကျမ်းသုံးသွယ်ကို၊ နှုတ်ဝယ်ဓဆောင်ထ၊ သဘာဝလျှင်၊ စာသဘင်ဝယ်၊ ပါဝင်ဆင်နွှဲ၊ အောင်အောင်ပွဲရ၊ ဇာနေယျကို၊ 'ဒီဃဘာဏက - ကောဝိဒ'ဟု၊ ပိဋကတ်နှစ်ပုံ၊ နှုတ်ငုံသဘာဝ၊ ဒွိပိဋကဓရ ကောဝိဒဟု၊ သာသနာ့ဇာနည်၊ ဂုဏ်ရည်လျှံဖြာ၊ အရိုးဝါကနက်၊ ယီးနှစ်လက်ဖြင့်၊ တိုးတက်ကော်ဓရာ်၊ အောင်လံတော်ဖြင့်၊ ပူဇော်ခံရ၊ ပစ္စယလေးဖြာ၊ ဒကာ+ဒကာမ၊ များစွာ့ထိုထို၊ လူဗိုလ်ဗိုလ်တို့၊ ကြည်ညိုဆင့်ကဲ၊ ပူဇော်ပွဲဖြင့်၊ ဆင်နွှဲပူဇာ၊ ယခုခါတွင်၊ ရှင်စွာကြည်ဘိ၊ ပဏ္ဍိမိဖြင့်၊ တိပိဋကဓရ၊ကောဝိဒဘွဲ့ထူးဆွဲ့ဘ်ချူခူးလျက်၊ ကြည်နူးသာယာ၊သာသနာနှင့်၊ဆရာ+ဖ+မိ၊ တိ=နိတဖြာ၊ ဉာတကာကို၊ ဂုဏ်ဝါချီးမြှင့်၊ တင့်ထက်တင့်၍၊ ထေရ်ရှင့်သမ္ဘာ၊ ဘုန်းပညာတို့၊ ဆင့်ကာဆင့်ကာ၊ တိုးတက်ငှာဟု၊ ပတ္ထနာစုပေါင်း၊ အောင်ဆုတောင်းသည်၊ ။ဥုံဩြောင်းဇေယျာ မင်္ဂလာဘုရား။

(မဏ္ဍိဆံကျင်)

သာသနာ့အလင်းရောင်

※

## ငွေ ရွှေ စိန် ရတု မင်္ဂလာ ဖြာဖြာဆင်နွှဲ ပူဇော်ပွဲနှင့် ပိဋကစေတီတော် ရွှေထီးတော်တင်ပွဲ မော်ကွန်းတင်

# မင်္ဂလာ ရတုပိုဒ်စုံ

၁။ ထူးခြားရာဝင်။ ။ရှေးယခင်က၊ သုံးအင်ပိဋက ပါဠိစနကို၊ အာဂမစုံလင်၊ မြတ်ထေရ်ရှင်တို့၊ စွမ်းအင်ထူးခြား၊ ဇာနည်ဖွားဟု၊ ထင်ရှားမုန်သောက်၊ မပေါ်ပေါက်ခဲ့၊ ထွန်းတောက်သာသနာ၊ ပြည်မြန်မာ၏၊ ဂုဏ်ဝါတက်သစ်၊ လွတ်လပ်ခေတ်တွင်၊ အရှင်.ဝိစိတ္တသာရ၊ ဘိဝံသဟု၊ ထေရမဟာ၊ အဂ္ဂါ+ဘိဓဇ၊ မြတ်ထေရကား၊ သုံးပပိဋက၊ ပါဠိစနကို၊ အာဂမနှင့်၊ သဘာဝစုံစွာ၊ ယင်သဘာတွင်၊ ဉာဏ်ဝါထွန်းတောက်၊ ခြသေ့်ဟောက်သို့၊ ရှုံ့ကြောက်ဘင်းကွာ၊ အံ့ဖွယ်ရာတည့်၊ တဖြာဆဋ္ဌ၊ သံဂါယဍ်၊ ချိုမြသံသာ၊ ဝိသဇ္ဇာဟု၊ ခက်ရာခဲဆစ်၊ ဉာဏ်ဆိနှစ်ဖြင့်၊ ညီချစ်အာနန်၊ ကဲ့သဏ္ဍာန်သို့၊ သုံးတန်ပိဋက၊ ပါဠိစနကို၊ သာဋ္ဌကထာ၊ ဋီဋီကာနှင့်၊ ညီညာနှောက်မွှေကောင်ကျေရသို့၊ ပုဒ်နေပါဠ်သား၊ ကံကတ္တားနှင့်၊ သိုယားဝါကျ၊ လိင်ဝုစ်စသာ၊ ဇဝနတိက္ခ၊ ဂမ္ဘီရလျှင်၊ မြူးကြွဘုန်တန်၊ လက်စွမ်းဉာဏ်ဖြင့်၊ ဖန်ဖန်ဖြေကြား၊ စွမ်းအင်အားလျှင်၊ ထူးခြားဂုဏ်အင်၊ ရာဇဝင်၌၊ ပေါ်ထင်ပေါက်ပြ၊ ဇာနေယျဟု၊ ထေရဝါဒ၊ ကမ္ဘာတလျှင်၊ ချီးပဂုဏ်အင်၊ မော်ကွန်းတင်သည့်၊ အရှင်ဝိစိတ္တသာရ၊ ဘိဝံသ၏၊ တိပိဋကဓရ၊ ဘွဲ့တော်ရသည့်၊ ကာလချိန်ညီ၊ ပဥ္စဝိဉ္စ၊ သညီခေါ်ပြု၊ ငွေရတုမှ၊ ယခုခါချိန်၊ ရတုစိန်ဟု၊ ဂုဏ်

ရှိန်ထွတ်ဖြား၊ ရည်မှတ်သားသည်၊ ၊ထူးခြားရာဇဝင် ပြည်ခွင်ဦးစွာပေါ်ထွန်းတည်း။ ။

၂။ ဖူးထားကာလျှင်။ ၊မြတ်ထေရ်ရှင်၏၊ ဂုဏ်အင်ဆင့်ဆင့်၊ တင့်ထက်တင့်လျက်၊ ယခင့်ခေါ်ပြု၊ ငွေရေတုမှ၊ ပေါင်းစုမာသ၊ တွက်ဆမှတ်သား၊ နှစ်ဆယ့်ငါးနှင့်၊ ဆင့်ပွားငါးဆယ်၊ ဖြိုးကြွယ်တင့်ကြွား၊ ခုနစ်ဆယ့်ငါး၌၊ ထူးခြားဂုဏ်သိန်၊ ငွေ+ရွှေ+စိန်ဟု၊ ခါချိန်ရတု၊ ပူဇော်မှုကို၊ အားပြုညီမျှ၊ ဝဏ္ဏကျော်ထင်၊ ဂုဏ်အင်ထူးစွာ၊ဦးသာလှအား၊ ဥက္ကဋ္ဌလျှင်၊ အမှူးတင်၍၊ မည်တွင်ပိဋကတ+နိကာယဟု၊ သာသနာပြု၊ ပေါင်းစုဝွဲချီး၊ အဖွဲ့ကြီးက၊ ယှဉ်မှီးဉာဏ၊ ဥသာဟဖြင့်၊ နာယကမှု၊ ရှေ့ဆောင်ပြုလျက်၊ ယခုခါချိန်၊ ရတုစိန်ကို၊ ဂုဏ်သိန်လျှမ်းတင့်၊ ရတုဆင့်လျက်၊ ထွန်းပွင့်မွေသရီ၊ စေစေတီတို့၊ လီလီပူဇော်၊ ကျောက်စာတော်ကို၊ ရည်ရော်အောင်ဟိတ်၊ အောင်တိသိက်နှင့်၊ မိုးကုတ်ကုန်းမြေ၊ ထိန်ထိန်ပေလျက်၊ သရေလျှံဖြာ၊ မင့်သံယာတော်၊ငါးရာကသော်၊ ငါးဆယ်ကျော်အား၊ တူပျော်ရည်မှန်း၊ နိဗ္ဗူနန်းတည့်၊ သက်န်းဒွိစုံ၊ ပူဇော်တုံလျက်၊ ဝတ်ရုံကိုယ်စီ၊ သီလရှင်များ၊ နှစ်ထောင့်ငါးရာ၊ သုံးဆယ်သာ၍၊ သာသနာရည်မှန်း၊ လှူဒါန်းကာလျှင်၊ ရှင်သာမဏေ၊ ရာလေးထွေကို၊ စေ့ရေမှတ်သား၊ မဲလိပ်များဖြင့်၊ ရှင်အားသဒ္ဓါ၊လှူဒါန်းပါ၍၊ အံ့ရာမခန်း၊ဆန်းဆန်းကြွယ်ကြွယ်၊သွယ်သွယ်စုံစွာ၊ ယင်သဘာတွင်၊ သာသနာ့ဂုဏ်ရောင်၊ နှစ်ပုံအောင်နှင့်၊ တစ်ပုံအောင်ပွဲ၊ တစ်ပုံခွဲလျှင်၊ ထူးကဲအောင်မြင်၊ ထေရ်ရှင်ဆယ်ပါး၊ ပူဇော်ပွားသည့်၊ ၊ဖူးထားကာလျှင် ကြည်လင်မြူးကြွမြော်ညွှန်းတည်း။ ။

[ဤပထမပိုဒ်နှင့် ဒုတိယပိုဒ်ကို ကျေးဇူးတော်ရှင် တိပိဋကဓရ ဆရာတော် ဘုရားကြီး၏ သက်တော် ၇၄-နှစ်ကို ရည်မှတ်၍ သက်တော်စေ့-၇၄ ပဒတို့ဖြင့် သီကုံးထုံးဖွဲ့ ပူဇော်ပါသည်။]

၃။ ဦးဖြားစွာပင်။ ။ခေတ်ညာဏ်ထွန်းလျက်၊ ပါဝင်ရှေးခေတ်၊ ပုံတော်သစ်ဖြင့်၊ စနစ်တကျ၊ စီစဉ်ကြလျက်၊ တိပိဋကဓရ၊ သာသနာ့ဂုဏ်ရောင်၊ ဂုဏ်ထူးဆောင်သည့်၊ တောက်ပြောင်ညာဏ်၊ ဝိသေသလျှင်၊ ထေရမဟာ၊ မြတ်ဆရာ၏၊ ဂုဏ်ဝါထွန်းပြောင်၊ သမိုင်းဆောင်သို့၊ မြင့်ခေါင်သေလာ၊ မိုးမိတ်မှာလျှင်၊ သာယာထိန်ညီး၊ စေတီကြီးကို၊ ယှဉ်မှီးညာဏ၊ သဘာဝဖြင့်၊ နဝဂုဏ်ဆင့်၊ လေးဆမြှင့်၍၊ အမြင့်ညာဏ်ဝယ်၊ ဖြိုးဖြိုးကြွယ်လျက်၊ သုံးဆယ်ခြောက်ပေ၊ နှောင်းကျေသား၊ ရောင်ထွေယှက်ဖြာ၊ ရှင်ပြင်မှာလျှင်၊ ပစ္စယာသုံးဆင့်၊ စိန်ရောင်တင့်လျက်၊ ငွဲ့ဝင့်ထိန်ပြောင်၊ ကွမ်းတောင်ခေါ်ရေး မုခ်ထွတ်လေးတွင်၊ ဟိုရှေးခေတ္တရာ၊ ပုဂံရာမ၊ အင်းဝကုန်းဘောင်၊ ဂုဏ်ရောင်ထွေပြား၊ သဏ္ဌာန်အားဖြင့်၊ ရုပ်ပွားလေးဆူ၊ သွင်မူထူးခြား၊ ခေါင်းလောင်းနားရောက်၊ ဆပိတ်မှောက်ဖောင်းရစ်၊ ဖူးသစ်ကြာနု၊ မှော်ရှုကြာမှောက်၊ ရွှဲနှောက်ကြာလှန်၊ တဖန်ကြာနု၊ ပေါင်းစုထွတ်မူး၊ ငှက်ပျောဖူးဟု၊ ကြည်နူးဖွယ်ရာ၊ ပစ္စယာသုံးဆင့်၊ ကားကားစွင့်တွင် ထေရ်ရှင့်ကျက်စား၊ ပွားများအာရုံ၊ ငါးစုံနိကာယ၊ သာဌကထာ၊ ဋီဋီကာနှင့်၊ နာနာဂန္ထ၊ အဝဝတို့၊ ညွှန်ပြပူဇော်၊ ငါးရာကျော်ကို၊ ကျောက်တော်ကျင်၊ စာအုပ်သွင်ဖြင့်၊ ထပ်ဆင့်ပူဇာ၊ ပစ္စယာ၏၊ ခါးမှာလှည့်ပတ်၊ ဆရာမြတ်၏၊ စွဲမှတ်သိန့်ဂုဏ်၊ ငွေစန်းယုန်ရိပ်၊ ဘွဲ့တံဆိပ်

တို့၊ ခတ်နှိပ်ပုံသွင်၊ မြကျောက်ပြင်၌၊ ကြည်လင်ထွင်းထု၊ ပူဇော်ပြုလျက်၊ မြော်ရှုရည်ညွှန်း၊ အရှည်ထွန်းရန်၊ မော်ကွန်းမင်္ဂလာ၊ မြတ်ကျောက်စာများ၊ တည်ထားဆယ်ချပ် ကိုးရပ်လှေကား၊ အယက်များတွင်၊ နဂါးဂဠုန်၊ ကုမ္ဘဏ် ယက္ခ၊ ဂန္ဓဗ္ဗနှင့်၊ သက္ကပြဟ္မာ၊ နှစ်ဖြာစီပြု၊ စတုမဟာ၊ လေးဖြာရုပ်ပွား၊ အစောင့်ထားသို့၊ ထူးခြားရင်ပြင်၊ အမွမ်းတင်လျက်၊ ရောင်ရှင်တောက်ထိန်၊ ခြောက်ရောင် ရှိန်တို့၊ စိန့်အောင်နေမင့်၊ ပဏ္ဏာဟင့်သို့၊ ဂုဏ်နှင့်သကတ် ရွှေမျဉ်းသတ်ဆည့်၊ 'ပိဋကတ်စေတီ'၊ မွေသရီကို၊ လီလီ မြော်ရှု၊ 'စိန်ရတု'ဟု၊ ပေါင်းစုသဘင်၊ ရွှေထီးတင်လျက် ပျော်ရွှင်ကြည်နူး၊ ခြောက်ရောင်မြူးလျက်၊ စိန်ဖူး ငှက် မြတ်နဘ်း၊ ရောင်တောက်ကြွားသည်၊ ။ဦးဖြားစွာပင် တီထွင်ထူးစွာ မော်ကွန်းတည်း။ ။

ဤ တဘိယပိုဒ်ကို ဂြိုဟ်သက် ၁၀၈-နဝင်း ကုန်ဆုံးသည်တိုင်အောင် ကျေးဇူးတော်ရှင် တိပိဋကဓရ ဆရာတော်ဘုရားကြီး သက်တော်ရှည် တော်မူပါစေရန် ရည်မှန်းလျက် နဝင်းကျေ ၁၀၈-ပဒ တို့ဖြင့် သီကုံးထုံးဖွဲ့ ပူဇော်ပါသည်။

အချိ+အချ+သုံးပိုဒ်လုံး ထူးဆန်းထွေလာ၊ အာဃာ ဝတီဝတ်ဆံ၊ စမ္မာယ်ချိ စမ္မာယ်ချ၊ သော်တာရောင်တို့ဖြင့် ချိ+ချ၌ ပူဇော်ပါသည်။

နိကာယမဥ္စရိကျမ်းပြု

သာသနာ့အလင်းရောင်

အရှင်ပညာဒီပ

၁၁၁၆ ဆိ=နှိ ကာ မာ လာ [ဒုတိယအကြိမ်]

## အဘိယာစနကထာ ပန်ကြားလွှာ ကေပိုဒ်ရတု

မျိုးမြတ်မြန်မာ၊ မြင့်ရှည်စွာလျှင်၊ သာသနာစက်၊ ငါးထောင်ဝက်၌၊ ခဲခက်လှစွာ၊ ပေါ်ထွန်းပါသည့်၊ မဟာ ၂ ထေရ်ရှင်၊ ဇာနည်ရှင်ဟု၊ လူရှင်အံ့ချီး၊ လက်ဖျစ်တီး၍၊ ပြည်ကြီးမြန်မာ့၊ သာသနာ့ဝယ်၊ ထွန်းပေါက်ရောင်၊ မ, တစ်ထောင်ဝယ်၊ စွမ်းဆောင်ပေါက်ဖွား၊ တစ်ယောက်သားလျှင်၊ သုံးပါးပိဋက၊ ပါဠိစနကို၊ အာဂမ+သဘာဝ၊ ဝိသိဋ္ဌ+မဟာ၊ တစ်ဖြာကောဝိဒ၊ တိပိဋကရေဓမ္မဘဏ္ဍာ၊ ဂါရ်ကာနှင့်၊ သံဂါဆဋ္ဌ၊ ဝိသဇ္ဇတည့်၊ ထေရမဟာ၊ မြတ်ဆရာ၏၊ လောင်းလျှာပျို့မျစ်၊ ဆယ့်လေးနှစ်က၊ ပွင့်သစ်ဉာဏ၊ ငယ်စဉ်မှလျှင်၊ အစပြုကာ၊ ရေးစီပါသည့်၊ ကဗျာလင်္ကာ၊ ဂါဂါထာနှင့်၊ ဩဘာ ရတု၊ အခြေပြုလျက်၊ ကာဗျုပဒေ၊ အထွေထွေလျှင်၊ ဂိုဏ်းနေဆင့်တန်း၊ အခန်းခန်းနှင့်၊ ဆန်း+အလင်္ကာ၊ အဖြာဖြာလျှင်၊ စုံစွာညီမျှ၊ သဒ္ဒတ္ထတို့၊ ရသ+ဂုဏ်အင်၊ ဉာဏ်ကြည်ရွှင်လျက်၊ ခံ့တင်ပြည့်ကြွယ်၊ နည်းစုံခြယ်လျက်၊ အံ့ဖွယ်ထူးစွာ၊ ရွယ်မမျှအောင်၊ သုတ+ရသ၊ စုံလင်လှ

သည့်၊ ကဗျာ့ညာဏ်ချွန်၊ လက်ရာမွန်တို့၊ အလွန်များပြား၊ ရှိခဲ့ပြားလည်း၊ သိထားတန်တန်၊ 'ကဗျာ့ဘာဏ်'ကို၊ 'ခြံ' ရန်သူများ၊ ဖျက်စီးငြား၍၊ ပျက်ပြားကုန်ကြ၊ ဆုံးရှုံးရခဲ့၊ ရသမျှရှာမှီး၊ ထပည့်ကြီးတို့၊ ထံနီးကပ်ကာ၊ လျှောက်ပန်ထွာ၍၊ ကဗျာရတု၊ အစပြု၍၊ အနုစာပေ၊ စာညွန့်တွေကို၊ လွှာငွေဘော်ရွက်၊ ပုလဲမျက်သို့၊ ကျောက်ထက္ခရာ တင်အံ့ငှာလျှင်၊ သဒ္ဒါကြည်မြ၊ စုပေါင်းရသည့်၊ 'ကာဗျ မာလာ'၊ ကျမ်းသိင်္ဂါတွင်၊ တစ်ဖြာချွတ်ယွင်း၊ ရေးကူးခြင်း၌၊ မကင်းအညစ်၊ တွေ့သည်ဖြစ်က၊ အပြစ်ကင်းလွတ်၊ အခွင့်လွှတ်ရန်၊ ခွင့်တောင်းပန်သည်၊ ၊ရည်သန်ဂါရဝ ယာစနကထာတည်း။ (အာသဒဝတီဧတ်ဆံ)

သာသနာ့အလင်းရောင်

❀

## တိပိဋကဓရ ကာဗျမာလာ

# မော်ကွန်း သံပိုင်း

မဟာထေရ၊ ဇာနေယျဟု၊ သာသနာ့အမွန်၊ အောင်တံခွန်ကို၊ မိုးစွန်စွင့်စွင့်၊ဆင့်ထက်ဆင့်လျက်၊လွင့်လွင့်လူလူ ထူခေတ်မူသည့်၊ သုံးဆူပိဋက၊ ဝိသိဋ္ဌ+မဟာ၊ ဉာဏ်ရောင်ဝါဖြင့်၊ ဘဏ္ဍာဂါရိက၊ ဓမ္မစိုးမှူး၊ ဂုဏ်ရောင်မြူးသည့်၊ တင့်ထူးထေရ၊ ဝိစိတ္တသာရ၊ ဘိဝံသ၏၊ တိက္ခ+ဇဝန၊ ဂမ္ဘီရနှင့်၊ ဟာသတလီ၊ ပါရမီတို့၊ စုံညီသမ္ဘာ၊ သာမဏေဘဝ၊ ငယ်စဉ်စ၍၊ ထေရလောင်းရှင်၊ ဗိုလ်ငါးအင်နှင့်၊ စုံလင်လက်နက်၊ လွန်ထက်မြက်သည့်၊ စိန်စက်ဉာဏ်ရောင် ဝင်းဝင်းပြောင်လျက်၊ စွမ်းဆောင်ပညာ၊ သင်အံ့စာနှင့်၊ ဖြာဖြာရေးစပ်၊ စားထပ်သွယ်သွယ်၊ ရှစ်ဆယ်ပေါ်ထွန်း မော်ကွန်းကျောက်စာ၊ လင်္ကာသံပိုင်း၊ သမိုင်းဘွဲ့ကြူး၊ ဒွေးချိုးလေးချိုး၊ ရှေးရိုး+ဆန်းကြယ်၊ဘောလယ်သဖြန်၊ ကာရန်ဆင့်ဆင့်၊ အခွင့်လျော်စွာ၊ ဂါထာဗန္ဓ၊ စုဏ္ဏိယကို လှုပဆန်းကြယ်၊ နည်းစုံခြယ်လျက်၊ နာဖွယ်ငြိမ့်ညောင်း၊ ဉာဏ်သစ်လောင်း၍၊အကြောင်းသင့်စွာ၊ အခွင့်သာသည့် မြန်မာဆဋ္ဌ၊ သံဂါယနာ၌၊ ပိဋကသုံးဖြာ၊ ဋ္ဌကထာကို၊ဋီကာ ဉာဏာ၊ လိုတော်ကျအောင်၊ သောဓကအစားစား၊ များ အပြားဝယ်၊ အသွားထက်မြက်၊ ဉာဏ်စိန်စက်ဖြင့်၊ [illegible]က်

နက်နဲနဲ၊မတွန့်ဘဲလျှင်၊ ဝံ့ရဲသတ္တိ၊ လက်လက်ညိုလျက်၊ တိတိမှန်ကန်၊ အတန်တန်လျှင်၊ ဖန်ဖန်ညှိဆ၊ မှားက ပြင်ဆင်၊ ပိုလျှင်နုတ်ပယ်၊ အံ့ဖယ်ထူးစွဲ၊ ဩသာနဟု၊ သောဓကတာဝန်၊ အားသွန်ကြိုးပမ်း၊ နည်းစုံပြွမ်းလျက်၊ ခန်းခန်းစုံသင်၊ ယခင်+ယခု၊ ပေါင်းစုရသမျှ၊ အဝဝကို၊ ဓလ္လာကျော်ထင်၊ ဂုဏ်အင်ပေါက်ပြ၊ ပါမောက္ခဟု၊ ဂုဏသိရိ တိ=နိဥက္ကဋ္ဌ၊ ဦးသာလှ၏၊ ဉာဏမြော်မြင်၊ ဆရာရှင်၏၊ ယခင်+ယခု၊ ရေးစီပြုသည့်၊ အနုစာပေ၊ ထွေထွေကဗျာ၊ ဂါထာဗန္ဓ၊အဝဝကို၊ရသမျှစုကာ၊မြန်ကျေးဇာက်လွှာဉ္ဇ၊ ရွှေစာပေါ်ထွန်း၊ မေဘ်ကွန်းတင်လို၊ လျှောက်ပန်ဆို၍၊ထိုထိုဌာန၊ မြတ်ခထေရတို့၊ ထာမကူပင့်၊ အဆင့်ဆင့်ဖြင့်၊ မလင့်ချိန်ခါ၊ ညှိဆကာလျှင်၊ 'နိကာယမဥ္စရီ'၊ သညီမှတ်ဖွယ်၊ နိကာယ်ပန်းကုံး၊ပေါင်းရုံးပြည့်လျှမ်း၊နိကာယ်ကျမ်းနှင့်၊ ကြိုးပမ်းခါခါ၊စီရင်ပါသည့်၊'သာသနာ့အလင်းရောင်'၊ ထွန်းပြောင်ဒေသနာ၊ ရွှေစာကျမ်းပြု၊ မှတ်ရှုထင်စွာ၊ စဉ်မက္ခာအောင်၊ ပညာဒီပ၊ ထေရအရှင်၊ သံပိုင်းတင်သည့်၊ ဂုဏ်အင်ထွန်းပ၊ 'တိပိဋကဓရ+ကာဗျမာလာ'၊ သညာရည်ညွှန်း၊ ဤမေဘ်ကွန်းသည်၊ ၊တည်ထွန်းဇမ္ဗာ၊ ရှည်ကြာကာလတိုင်အောင်တည်း။

အချီ-ပေါက်ပြ၊ အချ-အာသာဝတိဝတ်ဆံ

သာသနာ့အလင်းရောင်

၁၃၄၇-ခု၊ သီတင်းကျွတ် လပြည့်နေ့

# တိပိဋကဓရ ကာဗျမာလာ

နှစ်ပေါင်း"၂၅"နှစ်စန့်အတွင်း ရေးသားချီးမြှင့်တော်မူခဲ့သော

● မင်းကွန်း တိပိဋကဓရ ဆရာတော်ဘုရားကြီး၏
ဩဝါဒကထာများ၊ ဗုဒ္ဓ ဓမ္မ ပူဇာဂါထာများ၊
ဘုရားပင့်၊ ဘုရားရှိခိုး၊ ဝိပဿနာရှုနည်းလင်္ကာ၊
သိမ်အောင်စာ၊ ဂုဏာဝဇ္ဇန္တာနာဂါထာများမှ အစ
ရေစက်ချစာတမ်းများ၊ သိမှတ်စရာများ အပါအဝင်
"စာပေါင်းစု" ပင်ဖြစ်ပါသည် ။

● ပုဂ္ဂိုလ်ထူး အရှင်မြတ်တို့အား ဖူးမြော်ရခြင်းသည်
ကြုံတောင့်ကြုံခဲဖြစ်၍ မွန်မြတ်လှပါ၏ ။

● ထို့အတူ- ထိုပုဂ္ဂိုလ်ထူး အရှင်မြတ်တို့၏
စာတိုစာရှည် "စာပေါင်းစု" သည်လည်း
ကြုံတောင့်ကြုံခဲဖြစ်၍ အကျိုးထူးရကာ
မွန်မြတ်လှချေ၏ ။

တိပိဋက-နိကာယ ဥပဋ္ဌာက အဖွဲ့ကထုတ်ဝေသည် ။